အဂ္ဂမဟာပဏ္ဍိတ

အဖျောက်ဆရာတော်ဘုရား

ပြန်ဆိုတော်မူအပ်သော

ဟိတောပဒေသဘာသာပြန်

ဒုတိယတွဲ

ဝိဂ္ဂဟကထာ နှင့် သန္ဓိကထာ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ ခရစ် ၁၉၆၅

၂၁၄၈၁

အဂ္ဂမဟာပဏ္ဍိတ

အဖျောက်ဆရာတော်ဘုရား

ပြန်ဆိုတော်မူအပ်သော

ဟိတောပဒေသဘာသာပြန်

ဒုတိယတွဲ

ဝိဂ္ဂဟကထာ နှင့် သန္ဓိကထာ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ ခရစ် ၁၉၆၅

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီ‌ကုန်း ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်တွင် (ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့က တည်းဖြတ်ပြီး)
အုပ်ချုပ်ရေးအရာရှိချုပ် ဝဏ္ဏကျော်ထင် ဦးချစ်တင် (မှတ်ပုံတင်အမှတ်-၀၁၂၂/
၀၁၀၆)က ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

ဟိတောပဒေသကျမ်းသည် ပဉ္စတန္တြကျမ်းကို အများဆုံးအမှီပြုရေးသားသည့်ကျမ်းဖြစ်သော်လည်း ပဉ္စတန္တြထက်ပင် လူကြိုက်များလျက် ထင်ရှားကျော်စောမှုရှိခဲ့လေသည်။ ထိုသို့ဖြစ်ရခြင်းမှာ (၁) မကျဉ်းလွန်းမကျယ်လွန်းခြင်း (၂) အစီအစဉ်ကောင်းမွန်ခြင်း (၃) အဆိုအမိန့်သာယာနာပျော်ဖွယ်ရှိခြင်း (၄) ကြီးပွါးချမ်းသာရေး, ပေါင်းသင်းဆက်ဆံရေး, လူကဲခတ်ရေး, အောင်မြင်ရေး, ကုသိုလ်ပြုရေး, သံဝေဂပွါးများရေးမှစ၍ အရေးအရာများစွာတို့၌ အကျိုးရှိအောင် ဖော်ပြခြင်း....စသော ဂုဏ်တို့ကြောင့် ဖြစ်ကြောင်းကို ပဌမတွဲ၏နိဒါန်း၌ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီ။

ဟိတောပဒေသ၌ အခြေခံနိဒါန်းနှင့်တကွ (၁) မိတြလာဘ=မိတ္တလာဘ (၂) သုဟြိဒ်ဘေဒ=မိတ္တဘေဒ (၃) ဝိဂြဟ=ဝိဂ္ဂဟ (၄) သန္ဓိဟူ၍ အခဏ်းကြီးလေးခဏ်းဖွဲ့ကာ ရေးသားထားလေသည်။

မိတ္တလာဘကို မပြမီ အခြေခံနိဒါန်း၌ ဤဟိတောပဒေသကို လေ့လာခြင်းအားဖြင့် (၁) သက္ကတဘာသာပြောဆိုရေးသားရေးအတွက် လိမ္မာထက်မြက်ခြင်း (၂) စကားအရာ ဆန်းကြယ်စွာ ပြောဆိုနိုင်ခြင်း (၃) နီတိကျမ်းအတတ်ကို တတ်မြောက်ခြင်းဟူသော အကျိုးများကို ဖြစ်စေနိုင်သည်ဟု ကျမ်းပြုဆရာကြီးက ဖော်ပြထားလေသည်။

ထိုသို့အကျိုးသုံးပါးတို့ကို ပြဆိုထားသည့်အတိုင်း ရရှိနိုင်လေသဖြင့် ထိုကျမ်းကို ဣန္ဒိယနိုင်ငံရှိ သက္ကတဘာသာသင်ကျောင်းများနှင့်တကွ အခြားကျောင်းများစွာတို့၌ အခြေခံသက္ကတဘာသာ သင်စာအဖြစ် အသုံးပြုလေ့ ရှိကြသည်ကို တွေ့ရလေသည်။

ထို့ပြင် သက္ကတဘာသာသင်ကြားရေးမှတပါး ကျန်အကျိုးနှစ်ပါးအတွက်လည်း ကျေးဇူးများလှသဖြင့် ကမ္ဘာပေါ်ရှိ ဘာသာအမျိုးပေါင်းတရာကျော်တို့ဖြင့် ပြန်ဆိုကာ ဖတ်ရှုလေ့လာကြသည်ကို၎င်း, များစွာသောကျမ်းပြုဆရာတို့ကလည်း ကြီးပွါးချမ်းသာရေးစသည်တို့နှင့် စပ်လျဉ်းသည့် ကျမ်းဂန်များ၌ ကိုးကားရေးသားသည်များကို၎င်း တွေ့ရလေသည်။

ထိုနိဒါန်း၌ပင် ပညာရှိသူသည် အတတ်ပညာနှင့် ပစ္စည်းဥစ္စာရှာဖွေရေးတို့၌ (အိုမျိုး, သေမျိုးဖြစ်၍ အိုရ,သေရမည်အမှန်ဖြစ်သော်လည်း) မအိုရ, မသေရမည့်ကဲ့သို့ သဘောထားကာ ရှာဖွေသင့်ကြောင်းကို၎င်း, တရားကျင့်ရာ၌ကား

သေမင်းက ဆံပင်ကိုဆွဲကိုင်နေသကဲ့သို့ သဘောထားကာ ရှာဖွေကြိုးကုတ်အားထုတ်သင့်ကြောင်းကိုရင်း ခွဲခြားဖော်ပြထားလေသည်။

ဤသို့ပြဆိုခြင်းကား လောကတွင် အရေးကြီးသော အပိုင်းကြီးနှစ်ပိုင်း၌ မျက်စိမလည်ကြစေရန် လောကီရေးနှင့် လောကုတ္တရာရေးကို ခွဲခြားပြဆိုသည့် သဘောပင် ဖြစ်ပေ၏။

ထို့ပြင် ပညာဟူသည် ပြင်ပရန်သူ မဆောင်ယူနိုင်သည့် အဖြစ်ကြောင့်ရင်း, တန်ဖိုးမဖြတ်နိုင်သည့်အဖြစ်ကြောင့်ရင်း, မကုန်ခန်းနိုင်သည့် အဖြစ်ကြောင့်ရင်း အချင်းခပ်သိမ်း အမြတ်ဆုံးဥစ္စာဖြစ်ကြောင်းကို လုံလောက်စွာ အကြောင်းပြထားလေသည်။

ထို့ပြင် အတတ်ပညာသည် သာမညပုဂ္ဂိုလ်ကိုပင် အမြင့်ဆုံးသို့ ရောက်စေနိုင်သည့်ပြင် အဆုံးအမ (ဝိနယ)ကို ပေးကြောင်း, အဆုံးအမကို သိသောဉာဏ်ကြောင့် ကောင်းမြတ်တင့်တယ်ဖွယ်ရာသည့်အဖြစ်သို့ ရောက်ကြောင်း, ကောင်းမြတ်တင့်တယ်ဖွယ်ရာသည့်အဖြစ်ကြောင့် စည်းစိမ်ဥစ္စာကို ရရှိကြောင်း, စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကြောင့် သုစရိုက်တရားနှင့် ပြည့်စုံသည့်အဖြစ်သို့ ရောက်ရကြောင်း, သုစရိုက်တရားနှင့်ပြည့်စုံသည့်အဖြစ်ကြောင့် ချမ်းသာသို့ ရောက်ရကြောင်းတို့ကို ဖော်ပြထားလေသည်။ ဤပြဆိုချက်ကား ချမ်းသာရေးသို့ ရောက်ရန် အကြောင်းအကျိုး အဆင့်ဆင့်ဖြစ်ပုံကို မှန်ကန်စွာ ပြဆိုရာဖြစ်သောကြောင့် လေးနက်လှပေသည်။ (ကျွန်ုပ်တို့မြန်မာနိုင်ငံ ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီးသည် မိမိ၏လောကနီတိကျမ်းအစ၌ "ပျင်းရိသူအား အတတ်ပညာ အဘယ်မှာရအံ့နည်း, အတတ်ပညာမရှိသူအား ဥစ္စာအဘယ်မှာ ရရှိတော့အံ့နည်း" စသည်ဖြင့် အကြောင်းအကျိုးအဆင့်ဆင့် ဖြစ်ပုံတို့ကို ဤကျမ်းကို နည်းမှီကာ ပြဆိုခဲ့ခြင်း ဖြစ်ဟန်တူလေသည်။)

ထိုသို့ ပညာမသင်ချင် သင်ချင်အောင် (ပညာသင်ကြားရေးအတွက် စိတ်မပါ- ပါအောင်) ထိမိ-မှန်ကန်လှသော စကားများကို ဦးစွာပြဆိုပြီးမှ ပါဠိလိပုတ်ပြည် သုဒဿနမင်းကြီးအကြောင်းကို အခြေခံကာ ကံကိုသာ မယုံသင့်ပုံကိုရင်း, မိဘတာဝန်နှင့် ပညာမတတ်သူ၏ အပြစ်များကိုရင်း, ပညာရှိအား မှီဝဲဆည်းကပ်သင့်ပုံကိုရင်း, လူတို့၌ အပေါင်းအသင်း အရေးကြီးပုံကိုရင်း အကျယ်တဝင့် ပြဆိုထားလေသည်။

ထို့နောက် အဦးဆုံးမိတ္တလာဘအခဏ်း၌ ကျီး, လိပ်, သမင်နှင့် ကြွက်တို့ ဝတ္ထုကို ဝတ္ထုပင်မကြီးအဖြစ်ထားကာ စိတြဂီဝါခိုမင်းဝတ္ထု, ကျားအိုကြီးနှင့် ခရီးသွားယောကျ်ားဝတ္ထု စသော ဝတ္ထုငယ်ကလေးများနှင့် တဆင့်ပွါး ဝတ္ထုငယ်ကလေးများကို ကြားညှပ်လျက် အမျိုးမျိုးသော နည်းညွှန်လမ်းပြ အဆုံး

အမစကားတို့ကို ပြဆိုထားလေသည်။ ဤသို့ ဝတ္ထုကြီးအတွင်း၌ ဝတ္ထုငယ်ကလေးများကို အတွင်းသွင်းကာ ရေးသားပုံမျိုးသည် ထိုခေတ် ထိုအခါက အလွန်ခေတ်စားဟန် တူလေသည်။

၎င်းအခဏ်း၌ ကိုယ်ချင်းစာတရား ထားသင့်ပုံ၊ အမြဲဆင်းရဲ၍ နေရသူ ခြောက်ဦး၊ ဒုက္ခရောက်သူကို ကယ်ယူသင့်ပုံ၊ ကြီးပွါးလိုသူတို့ ပယ်စွန့်ရမည့် အပြစ်ခြောက်ပါး၊ ညီညာစုပေါင်း အောင်မြင်ကြောင်းဖြစ်ပုံ၊ ကိုယ်ပြုသည့်ကံ ကိုယ်သာခံရပုံ၊ ကုသိုလ်ကံသာလျှင် သေရွာသို့ပါပုံ၊ သတ္တဝါများကို အဆင့်အတန်းမခွဲခြားသင့်ပုံ၊ မိတ်ဆွေအစစ်နှင့် အတုခွဲခြား၍သိနိုင်ပုံ၊ သူတော်ကောင်းတို့၏ သဘောရင်းသည် ဖောက်ပြန်ခြင်းမရှိပုံ၊ မိန်းမငယ်ကလေးကိုယူမိသည့် အဘိုးကြီးများ ပျက်ပြားတတ်ပုံ၊ ရောင့်ရဲလွယ်ခြင်း၏ အကျိုးရှိပုံ စသည်ဖြင့် လောကီ လောကုတ္တရာနှစ်ဖြာအတွက် အကျိုးထွက်စေမည့် မှတ်သားဖွယ်၊ လိုက်နာဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ သတိပြုဖွယ် နီတိကထာများဖြင့် တန်းဆာဆင်ထားပုံတို့ကို တွေ့ရပေသည်။

မိတ္တဘေဒကထာ၌လည်း (သံဇီဝကနွားလား၊ နာမည်ကျော် ကရဋကနှင့် ဒမနကမြေခွေးများအကြောင်း အပါအဝင်) ဝဒ္ဓမာနကုန်သည်ဝတ္ထုကို ပင်မဝတ္ထုကြီးအဖြစ်ထားကာ မျောက်မိုက်ဝတ္ထု၊ မြည်းနှင့်မြေခွေးဝတ္ထု စသောဝတ္ထုငယ်ကလေးများ ကြားညှပ်၍ နီတိပညာကို ဝတ္ထုခင်းလျက် ရေးသားဖော်ပြထားလေသည်။

၎င်း၌လည်း ပျင်းရိသောသူကို နတ်ကမကူပုံ၊ ကြီးမြင့်ရေးကို ဖျက်ဆီးတတ်သော အပြစ်ခြောက်ပါး၊ အသက်ရှင်သော်လည်း သေသူနှင့် မခြားပုံ၊ ကိုယ်ပြုသည့်ကံ ကိုယ်သာခံရပုံ၊ ပညာရှိလက္ခဏာ ၃-မျိုး၊ မင်းခစား (ရာထမ်းမှုထမ်း)တို့ လိုက်နာဖွယ်များ၊ ပစ္စည်းဥစ္စာ ပျက်ပြားတတ်သည့် အကြောင်းတရားများ၊ ရာထူးကြီးဖြင့် မခွီးမြှောက်ထိုက်သူများ၊ တင်းတိမ်ရောင့်ရဲမှုမရှိသော အရာလေးမျိုး၊ ပညာရှိနှင့် လူမိုက် ဒေါသဖြစ်ရာ၌ ထူးခြားပုံ၊ သေကြေပျက်စီးတတ်သော ပြုမှားချက်လေးမျိုး၊ အရာရာ၌ သည်းမခံသင့်ပုံ....မှစ၍ လောကီ လောကုတ္တရာ မှတ်သားဖွယ်၊ လိုက်နာဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ သတိပြုဖွယ် နီတိကထာများဖြင့် တန်းဆာဆင်ထားပုံတို့ကို တွေ့ရပေသည်။

ဤသို့ဆိုခဲ့သောအခဏ်းကြီးနှစ်ခဏ်းတို့တွင် မိတ္တလာဘအခဏ်း၌ အမည်နှင့်လျော်စွာ မိတ်ဆွေကောင်း မိတ်ဆွေစစ် ရရှိပေါင်းသင်းရေးကို အများဆုံး ဦးတည်ရေးသားထားလေသည်။

လောက၌ မိတ်ကောင်း ဆွေစစ်ကို ရရှိပေါင်းသင်းရန် နည်းလမ်းများကို သိထားရုံမျှဖြင့် လောကီ လောကုတ္တရာ ကြီးပွါးချမ်းသာရေးကို ပြည့်စုံ

စေနိုင်ပြီ-ဟု မဆိုသာသေးချေ။ အဘယ်ကြောင့်ဆိုသော် မိတ်ကောင်း ဆွေစစ်ကို ရရှိပေါင်းသင်းရသော်လည်း မိတ်ပျက်ရေးကို နားလည်တတ်မြောက်မှု မရှိပါက ရရှိပြီးဥစ္စာကို ကောင်းစွာထိန်းသိမ်းရန် မတတ်နိုင်သကဲ့သို့ ဖြစ်ဖွယ်ရှိပေသည်။ မိတ်ဆွေပျက်ရေးကိုသာ နားလည်ထားပြီးလျှင် မိတ်ဆွေရရေးကို နားမလည်ပြန်ပါကလည်း ပစ္စည်းဥစ္စာကို ရလာက ထိန်းသိမ်းရေးကိုသာ နားလည်ပြီးလျှင် ရအောင်ကား မရှာတတ်သူကဲ့သို့ ရှိပေရာသည်။ ထို့ကြောင့် မိတ်ဆွေရရေး (မိတ္တလာဘ)အခဏ်းကို ရေးသားပြီးနောက် မိတ်ဆွေပျက်ရေး (မိတ္တဘေဒ)အခဏ်းကို ရေးသားဖော်ပြသည်မှာ သဘာဝကျလှပေသည်။ မူရင်း၌ 'သုဟြိဒ်ဘေဒ'-ဟုရှိသည်၊ ယင်းကို ဆရာတော်ဘုရားကြီးက 'မိတ္တဘေဒ'-ဟု ပရိယာယ်တူအဖြစ် လွှဲပြောင်းပြန်ဆိုထားသည်။ မိတ်ဆွေကွဲပြားရေးဟု ဆိုလိုသည်။ (ထိုနှစ်ခဏ်းဘာသာပြန်တို့ကို ပဌမအုပ်အဖြစ် ကျွန်ုပ်တို့ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။)

ဤ ယခု ဒုတိယအုပ်၌ကား **ဝိဂ္ဂဟနှင့် သန္ဓိဟူသော** အခဏ်းကြီးနှစ်ခဏ်းပါသည်။ ရှေးအခါကဖြစ်စေ, ယခုခေတ်၌ဖြစ်စေ တိုင်းပြည်တပြည်အတွက် ကာကွယ်ရေးသည် မစီမံလျှင် မပြီးသောအရေးဖြစ်လေသည်။ ထိုကာကွယ်ရေး၌ စစ်တိုက်မှုလည်း ပါဝင်၍နေပေသည်။

ထို့ကြောင့် မိတ္တလာဘအခဏ်း, မိတ္တဘေဒအခဏ်းများအပြီးတွင် ဝိဂ္ဂဟအခဏ်းကို ပြဆိုထားလေသည်။ ထိုအခဏ်းကို စစ်ပညာပေးအခဏ်းဟုလည်း ဆိုနိုင်ပေသည်။

ဝိဂ္ဂဟ (ဝိဂြဟ)သဒ္ဒါသည် (၁) ချဲ့ခြင်း, ဖြန့်ခြင်း (၂) ပုံပန်းသဏ္ဍာန် (၃) ကိုယ်ခန္ဓာ (၄) ပြဋ္ဌာန်း(ဆုံးဖြတ်)ခြင်း (၅) ခိုက်ရန်ဖြစ်ခြင်း (၆) စစ်တိုက်ခြင်း (၇) နာမည်ပျက် (ဂုဏ်ယုတ်)ခြင်း (၈) အပိုင်းစသောအနက်တို့ကိုဟောလေရာ ဤ၌ **စစ်တိုက်**ခြင်းဟူသော အနက်နှင့် ဆိုင်လေသည်။ (ထို့ကြောင့် အင်္ဂလိပ်ဘာသာအားဖြင့် WAR ဟု ပြန်ကြသည်။)

'စစ်တိုက်ခြင်း'ဟုသာဆိုသော်လည်း ထိုစကား၏အတွင်း၌ တိုင်းပြည်လူထုအတွက် ကာကွယ်ရေး, စောင့်ရှောက်ရေးစသော ရည်ရွယ်ချက်များ ပါဝင်နေပေသည်။ ထို့ကြောင့် ထိုအခဏ်း၏ အစနားမှာပင်—

> ဘုရင် (အစိုးရသူ)သည် ပြည်သူအပေါင်းကို ကောင်းစွာစောင့်ရှောက်ပါက ဘုရင် (အစိုးရသူ)ကို (အခွန်ဘဏ္ဍာ ပေးဆက်ခြင်းစသောအားဖြင့်) တိုးပွါးစေ၏၊ စင်စစ်ကား (အခွန်ဘဏ္ဍာပေးဆက်) တိုးပွါးစေခြင်းထက် စောင့်ရှောက်(ကာကွယ်)ခြင်းက ပို၍မြတ်သည်၊ အဘယ်

ကြောင့်ဆိုသော် စောင့်ရှောက်(ကာကွယ်)ခြင်းမရှိပါက ထင်ရှားရှိသမျှ
တစမကျန် ရှိနိုင်တော့မည်မဟုတ်၊ (ပျက်စီးကုန်ကြမည်သာ)—

ဟု ပြဆိုထားလေသည်။

ဤအခဏ်း၌လည်း အခြားအခဏ်းများနည်းတူ ပင်မဝတ္ထုကြီးအတွင်း၌ ဝတ္ထုငယ်များထည့်သွင်းကာ ရေးသားထားလေသည်။ ဟိရညဂဗ္ဘဟသ်ာမင်းနှင့် စိတြဝဏ္ဏဥဒေါင်းမင်းဝတ္ထုကို ဝတ္ထုပင်မအဖြစ်ထား၍ ငှက်များနှင့် မျောက်များဝတ္ထု, မြည်းမိုက်ဝတ္ထု စသည်တို့ကို ကြားညှပ်ကာ နီတိပညာကို ဝတ္ထုခင်းလျက် ရေးသားဖော်ပြထားလေသည်။

၎င်း၌ စစ်နိုင်သည့်အောင်ပွဲသည် ထာဝစဉ် မမြဲပုံ, ရန်ကို အောင်မြင်ရေးအကြောင်းသုံးပါး, ဘေးရန်ရောက်က မကြောက်မရွံ့ တိုက်ခိုက်သင့်ပုံ, အခွင့်မသာက ခပ်ကုပ်ကုပ်နေသင့်ပုံ, နည်းလမ်းသိလျှင် ရန်သူကို ဖြိုခွင်းနိုင်ပုံ, ခံတပ်အရေးကြီးပုံ, အတွင်းမီးထလျှင် လက်စသတ်ပျက်စီးတတ်ပုံ, ရန်သူ၏ စွမ်းအင်ကို သိမြင်ပြီးမှ တိုက်ခိုက်သင့်ပုံ, အကြံပေးသော်လည်း အလေးမမူက အရာမထင်ပုံ, စစ်ဆင်ပုံအမျိုးမျိုး, ဒေသအလိုက်-ရာသီအလိုက် တိုက်ခိုက်သင့်သောတပ်ဖွဲ့များ, အရေအတွက်ထက် အရည်အချင်းအရေးကြီးပုံ, အကောင်းဆုံးစစ်တပ်ဖြစ်ပုံ, ပရိယာယ်အမျိုးမျိုး, ရန်သူ၏ခံတပ်ကို လက်ရသိမ်းပိုက်နည်းလေးမျိုးမှစ၍ နောက်ဆုံး ရဲရင့်စွာသေလျှင် နတ်ပြည်ရောက်ပုံဖြင့်ချုပ်ကာ စစ်ရေးစစ်ရာတို့ကို စုံလင်စွာ ဖော်ပြထားလေသည်။

စစ်ရေး စစ်ရာအခဏ်းကို ဆိုပြီးနောက် 'သန္ဓိ' (စေ့စပ်ရေး=ငြိမ်းချမ်းရေး) အခဏ်းကို ပြဆိုထားသည်မှာ တဆက်တည်း တစပ်တည်း (အပြန်,အလှန်) သဘောမျိုးကို ပြည့်စုံအောင် ပြဆိုခြင်းဖြစ်သောကြောင့် သဘာဝကျလှပေသည်။

တိုက်ခိုက်ရေးကိုသာပြ၍ စေ့စပ်ရေးကိုမပြပါက ပြည့်စုံလိမ့်မည်မဟုတ်ချေ။ လောက၌ 'အပူရှိသည်ဆိုလျှင် အအေးလည်းရှိသည်' ဆိုသကဲ့သို့ အစုန်, အဆန် အဖြူ,အမဲ ဒွန်တွဲလျက်ရှိတတ်သည့်အတိုင်း ပြည့်စုံအောင် ပြဆိုထားခြင်းဖြစ်ပေသည်။

ဤအခဏ်း၌လည်း ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထုကို ပင်မဝတ္ထုကြီးအဖြစ်ထားကာ လိပ်နှင့်ဟသ်ာတို့ဝတ္ထု, ငါးသုံးကောင်တို့ဝတ္ထု စသောဝတ္ထုငယ်များ ကြားညှပ်လျက် နီတိပညာကို ပြသထားလေသည်။

အကြမ်းမှု အနုနှင့်သာ အောင်စေသင့်ပုံ, လူယုတ်မာကို ကိုယ်ချင်းစာပါက ကိုယ်သာနာပုံ, ကိုယ့်အကျိုးအောင်ရေးအတွက် သူ့အကျိုးဆောင်

သင့်ပုံ၊ သတ္တဝါသခ်ါရတို့ မမြဲကြပုံ၊ စစ်ပြေငြိမ်းနည်း၁၆-မျိုးနှင့် ၎င်းအနက် အကောင်းစား ၄-မျိုး စသည်ဖြင့် ငြိမ်းချမ်းရေးအတွက် ပြသထားပုံများမှာ စုံလင်လှပေသည်။

ထိုကဲ့သို့ အဆီအနှစ်အတိပြီးသော ဤ**ဟိတောပဒေသ**ကျမ်း၌ လောကီ (လူမှု)ရေးလောက်သာမက လောကုတ္တရာရေးအတွက် ရည်ညွှန်းအားပေးချက်များလည်း ပါလေရကား အများပြည်သူတို့ လိမ္မာရေးခြား အကျိုးပွါးစေရန်ဟူသော မူလပြန်ဆိုရင်း ဆရာတော်ဘုရားကြီး၏ အလိုတော်ကို ကူညီကာ သရုပ်ဖော်သည့်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ **ဗုဒ္ဓသာသနာအဖွဲ့**မှ အနေအထား ပါဌ်သားမှန်စွာ မာတိကာအသေးစိတ်မှစ၍ လိုလေသေးမရှိရအောင် စီမံ၍ ပုံနှိပ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပေသတည်း။ (ထို့ပြင် အဖျောက်ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားစီရင်တော်မူခဲ့သော **ကောဋ္ဌာသဝေဘန်ခဏ်း**ကိုလည်း နောက်ဆက်တွဲအဖြစ် ထည့်သွင်းရိုက်နှိပ်ထားပါသည်။)

ဟိတောပဒေသ ဘာသာပြန်

မာတိကာ

အကြောင်းအရာ	မျက်နှာအမှတ်
၁-ဝိဂ္ဂဟကထာ	**၁—၁၇၃**
စကားအချီး	၁
ဟံသာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု	၂-၇
မင်းကောင်းမရှိသော နိုင်ငံသည် ပဲ့ကိုင်မရှိသောလှေနှင့်တူပုံ....	၂
လူထုအပေါ်၌ မင်း၏စောင့်ရှောက်မှု အရေးကြီးပုံ....	၃
လူမိုက်ကို နည်းပေးညွှန်ပြက ဒေါသပို၍ ကြီးစေကြောင်းဖြစ်ခြင်း	၆
ငှက်တို့နှင့်မျောက်တို့ဝတ္ထု	၇-၉
သည်းခံသင့်သောအခါနှင့် ရဲစွမ်းပြသင့်သောအခါ	၉
မိမိနှင့် သူတပါးတို့၏ စွမ်းအားကိုသိသင့်ပုံ	၁၁
မြည်းမိုက်၏ဝတ္ထု	၁၂-၁၃
ဘုန်းရှိသူကိုသာ မှီခိုနေသင့်ပုံ	၁၄
ယုတ်သူကိုကြဉ် မြတ်သူကိုယှဉ်	၁၄
ယုတ်နိမ့်သူမှီတွယ်က မြင့်မြတ်သူသိမ်ငယ်တတ်ပုံ	၁၅
ဘုန်းရှင်ကို ညွှန်ပြရုံဖြင့် အကျိုးကိစ္စပြီးနိုင်ပုံ	၁၆
ဆင်နှင့်ယုန်ဝတ္ထု	၁၇-၂၁
ညှဉ်းဆဲတတ်သောသတ္တဝါ ၄-မျိုး	၁၈
ဟံသာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု(အဆက်)	၂၁-၃၄
အမတ်ချုပ်များ၏ လက္ခဏာဆယ့်တပါး	၂၁
ပစ္စည်းဥစ္စာကို လွန်စွာမက်မောသူ ငါးဦး	၂၄
သံအမတ်ဖြစ်ထိုက်သူများ၏ လက္ခဏာကိုးပါး	၂၅
ပုဏ္ဏားမျိုးဇာတ်ကို သံအမတ်ခန့်သင့်ပုံ	၂၇
လူဆိုးတို့၏ မကောင်းမှုဒဏ် လူကောင်းခံရတတ်ပုံ....	၂၈
လူမိုက်ကိုမပေါင်းသင်းဘဲ ရှောင်ကွင်းသင့်ပုံ	၃၀

အကြောင်းအရာ	မျက်နှာအမှတ်
ဟသ်ာနှင့် ကျီးမိုက်ဝတ္ထု	၃၁–၃၂
ငုံးနှင့် ကျီးမိုက်ဝတ္ထု	၃၂
လူယုတ်မာ၏ ချီသာစကား ဘေးဖြစ်ပွါးစေတတ်ကြောင်း	၃၃
ရထားလုပ်သမားမယားနှင့် ကြာသမားဝတ္ထု	၃၄–၄၂
ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု(အဆက်)	၄၂–၆၉
ပညာရှိနှင့် လူမိုက်နှစ်ဦးသားတို့၏ ထူးခြားသည့်လက္ခဏာ	၄၃
လျှို့ဝှက်ဖွယ်ရာတို့ကို ဆိတ်ကွယ်ရာ၌သာ တိုင်ပင်သင့်ကြောင်း	၄၃
ပုဂ္ဂိုလ်အလိုက် အကြိုက်တွေ့ပုံအမျိုးမျိုး	၄၄
တိုင်ပင်ပုံမဟန်လျှင် အကြံပျက်တတ်ကြောင်း	၄၈
လျှို့ဝှက်အပ်သည့်အကြံပျက်က အပြင်ခက်ပုံ	၅၀
မင်းမှုထမ်းအမတ်မင်းတို့၏ ညွှံ့ဖျင်းသောလက္ခဏာ	၅၁
စစ်နိုင်သည့်အောင်ပွဲသည် ထာဝစဉ်မမြဲပုံ	၅၂
ရန်ကိုအောင်ရန် ကြောင်းသုံးတန်	၅၃
ဆွေးနွေးတိုင်ပင်မှ ပြီးစီးအောင်မြင်နိုင်ပုံ	၅၅
အချိန်ရှိခိုက်လှုံ့လစိုက် ထိုက်သင့်ချိန်ကျအကျိုးရ	၅၆
ဘေးရန်ရောက်က မကြောက်မရွံ့ ရဲဝံ့စွာတိုက်ခိုက်သင့်ပုံ	၅၇
ကြောင့်ကြပူဆွေးလျက် အရေးတကြီး မပြုလုပ်သင့်ပုံ	၅၇
အားကြီးသည့်ရန်သူနှင့် မာန်မူတိုက်ခိုက် မပြုထိုက်ပုံ	၅၈
အခွင့်မသာ အခါမဟုတ်က ခပ်ကုပ်ကုပ်နေသင့်ပုံ	၆၀
နည်းလမ်းသိပါမူ ရန်သူကိုဖြိုခွင်းနိုင်ပုံ	၆၁
တိုင်းပြည်ကာကွယ်ရန် ခံတပ်အရေးကြီးပုံများ	၆၂
ခံတပ်၏ပြည့်စုံခြင်းခုနစ်ပါး	၆၄
ဌာနအားလျော်စွာ ကျွမ်းကျင်သူကိုသာ ခန့်အပ်သင့်ပုံ	၆၅
ရွှေငွေရတနာတို့ထက် စားရေရိက္ခာကို စုဆောင်းသင့်ပုံ	၆၆
အရသာ ခြောက်ပါးအနက် ဆားအရေးကြီးပုံ	၆၇
မြေခွေးညိုဝတ္ထု....	၆၉–၇၃
အတွင်းမီးထကြွလျှင် လက်စသတ်ပျက်စီးတတ်ပုံ	၇၀
အထုံဝါသနာ ဝမ်းတွင်းပါကို ပယ်ခွါရန်ခက်ပုံ	၇၁

အကြောင်းအရာ	မျက်နှာအမှတ်
ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	**၇၃ – ၁၀၉**
သံတမန်ဟူက ညွှန်ကြားချက်အတိုင်းသာ ပြောဆိုရာ၏	၇၆
ရှောင်ရှားသင့် မရှောင်ရှားသင့် ရှက်သင့် မရှက်သင့်	၇၉
စစ်ထိုးတိုက်ခိုက်သင့်သောအခါ	၈၀
ရန်သူ၏ စွမ်းအင်ကို သိမြင်ပြီးမှ တိုက်ခိုက်သင့်ပုံ....	၈၁
အကြံဉာဏ်ပေးသော်လည်း အလေးမမူလျှင် အရာမထင်ပုံ	၈၂
စစ်ဆင်ခင်းကျင်းလျက် ချီတက်ပုံတို့ကို ပြဆိုချက်များ	၈၄
အရပ်ဒေသလိုက် ချီတက်ထိုက်သော တပ်ဖွဲ့များ	၈၆
ရာသီအလိုက် ချီတက်ထိုက်သော တပ်ဖွဲ့များ	၈၇
စစ်စခန်းချရာအရပ်၌ ပြုအပ်သော အစီအရင်များ	၈၈
ရန်သူကို ဖြိုခွင်း၍ နှိပ်နင်းတိုက်ခိုက်နည်း	၈၉
စစ်တိုက်ရာ၌ ဥစ္စာနှင့်ပတ်သက်၍ ပြဆိုချက်များ....	၈၉
ချီတက်တိုက်ခိုက်ရာ၌ လိုက်နာရန် အစီအရင်များ	၉၁
အရပ်ဒေသအလိုက် တိုက်ခိုက်သင့်သောတပ်ဖွဲ့များ	၉၂
ရန်သူ၏ ရိက္ခာစားရေများကို ဖျက်ဆီးထားသင့်ပုံ....	၉၃
စစ်ဆင်တို့၏ စွမ်းအင်ကို ပြဆိုချက်	၉၄
စစ်မြင်းနှင့် မြင်းစီးသူရဲတို့၏ ထူးကဲသော အစွမ်းကို ပြဆိုချက်များ	၉၄
တပ်မတော်သားတို့၏ အရေးကြီးသည့်တာဝန်များ	၉၆
အကောင်းဆုံးစစ်တပ်ကို သတ်မှတ်၍ ပြဆိုခြင်း	၉၆
စစ်သည်ရဲမက်တို့ကို အားတက်တိုက်ခိုက်အောင် ချီးမြှောက်နည်း	၉၇
အရေးအတွက်ထက် အရည်အချင်းအရေးကြီးပုံ	၉၈
ရဲမက်တို့တော်လှန်ပုန်ကန်တတ်သော အကြောင်းများ	၉၉
စစ်သည်တော်တို့ မပင်ပန်းမဆင်းရဲမှ အောင်ပွဲခံနိုင်ပုံ	၁၀၀
အတွင်းမီးရှို့မြှိုက်၍ ရန်သူကို တိုက်သင့်ပုံ	၁၀၁
ပရိယာယ်ဖြင့် တပတ်ရိုက်၍ တိုက်ခိုက်သင့်ပုံ	၁၀၂
နိုင်ငံခြားသားများကို ပြည်တွင်း၌ထားသင့်ပုံ	၁၀၃
စကားကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းကိုသာပြောသင့်ပုံ	၁၀၄
စည်းကမ်းရှိမရှိ အစွမ်းသတ္တိနှစ်မျိုး	၁၀၅
သူစိမ်းနှင့်ဆွေမျိုး အကျိုးရှိမရှိဖြင့်ခွဲပြခြင်း	၁၀၇
ဝိဓုရမင်းသားဝတ္ထု	**၁၀၉ – ၁၁၆**
သူတပါးအတွက် အသက်ဥစ္စာတို့ကို စွန့်လွှတ်ပူဇော်သင့်ပုံ	၁၁၂

အကြောင်းအရာ	မျက်နှာအမှတ်
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၁၁၇–၁၆၉
အလိုတော်ရိအမတ်များသည် အောက်တန်းစားဖြစ်ပုံ	၁၁၇
ရှင်ဘုရင်ကို ပျက်စီးအောင် လျှောက်တင်နိုင်သည့် အလိုတော်ရိသုံးမျိုး	၁၁၈
စူဠာမဏိလုလင်နှင့် ရဟန်းတော်ကိုသတ်သောဆေတ္တာသည်ဝတ္ထု	၁၂၀
ဓာတ်မသိသူအား ကောင်းဆိုးခွဲခြားရန်ခက်ပုံ	၁၂၁
နှိပ်နင်းရန်လွယ်ကူသည့် ရန်သူ၏လက္ခဏာ	၁၂၂
ရန်သူကိုအပြင်းလိုက်၍ တိုက်သင့်သောအခါ	၁၂၄
အဆုံးမခက်၍ စည်းစိမ်အသရေပျက်တတ်ပုံ	၁၂၇
ကျွမ်းကျင်လိမ္မာခြင်းစသည်၏ အကျိုးများ	၁၂၈
ပညာရှိကို မှီခိုဆည်းကပ်ခြင်းအကျိုး	၁၂၉
ဘုရင်တို့၏ ပျက်စီးခြင်းအကြောင်းခြောက်ပါး	၁၃၀
စည်းကမ်းထား၍ စွန့်စားရဲရင့်မှ တိုးတက်ကြီးမြင့်နိုင်ပုံ	၁၃၁
ဥပဒေချွတ်ယွင်းခြင်းစသည်၏ အပြစ်များ	၁၃၂
ဖျက်ဆီးတတ်သောတရားခုနစ်ပါး	၁၃၄
ကိုယ်ပိုင်ဉာဏ်ကင်းပလျှင် ကျမ်းဂန်များ အချည်းနှီးဖြစ်ရပုံ	၁၃၆
မျက်မာန်မပြု စိတ်မခုသင့်သူ ရှစ်ယောက်	၁၃၇
အမတ်နှင့်ဆေးဆရာတို့၏ ပညာစွမ်းပြအပ်သည့်အခါ	၁၃၈
ပညာနည်းသူနှင့် ပညာကြီးသူတို့၏ခြားနားချက်	၁၃၉
ပစ္စည်းဥစ္စာတို့ကို အရာဌာနလိုက်၍ သုံးစွဲထိုက်ပုံ	၁၄၁
ဥစ္စာသုံးစွဲရာ၌ လွန်ကဲသည်မရှိသော အရာရှစ်ပါး	၁၄၂
အများကိုမြှော်ဆ၍ အနည်းကိုစွန့်ရပုံ	၁၄၃
ရာထူးဥစ္စာတို့ဖြင့် ရဲမက်ဗိုလ်ပါတို့ကို မြှောက်စားသင့်ပုံ	၁၄၆
လက်ရွေးစင် စစ်သည်တော်ငါးရာဖြင့် ရန်သူများစွာကို အောင်နိုင်ပုံ	၁၄၇
တကိုယ်ကောင်းသမားကို ပယ်ရှားစွန့်ပစ်သင့်ပုံ	၁၄၈
ဘုရင်တို့ဂုဏ် မပြည့်စုံက ရှုတ်ချကြလိမ့်မည်	၁၄၉
ကိစ္စတိုင်းတွင် အမတ်ကြီးကို တိုင်ပင်သင့်ပုံ	၁၅၀
မင်းကျင့်တရားညီလျှင် ပထဝီမြေကြီး ပစ္စည်းဆက်တတ်ပုံ	၁၅၂
ဆိုးတူကောင်းဘက်အမတ်များကို မလေးမစားမပြုသင့်ကြောင်း	၁၅၃
ညှံ့ဖျင်းသော ဗိုလ်ပါရဲမက်ကြောင့် ခံတပ်ပျက်တတ်ပုံ	၁၅၇

အကြောင်းအရာ	မျက်နှာ အမှတ်
ရန်သူ၏ခံတပ်ကို လက်ရသိမ်းပိုက်နည်း လေးမျိုး	၁၅၈
အချိန်မဖင့်ဘဲ ပြုလုပ်သင့်သည့်အရာလေးမျိုး	၁၆၀
ကံကောင်း၍ တွေ့ကြုံရသည့် အရှင်သခင်မျိုး	၁၆၁
ရခဲသော အမှုထမ်းကျေးကျွန်မျိုး	၁၆၂
သေဘေးကို မကြောက်ရွံ့ဘဲ ရဲဝံ့စွာရင်ဆိုင်သင့်ပုံ	၁၆၃
သူတပါးအတွက် အသက်ကိုစွန့်သင့်ပုံ	၁၆၄
အရှင်သခင်စွန့်လွှတ်ပါမူ သေသူနှင့်မခြားပုံ	၁၆၅
တိုင်းပြည်၏ အင်္ဂါရှစ်ပါး	၁၆၆
ဘုရင်နှင့်ပြည်သူသည် နေနှင့်ကြာသို့တူပုံ	၁၆၇
ကောက်နုတ်ချက်များ	၁၆၉
ရဲရင့်စွာသေသူသည် နတ်ပြည်သို့ရောက်ရပုံ	၁၇၀
ဝိဂ္ဂဟကထာပတ္ထနာနိဂုံး	၁၇၂
နိဂုံး	၁၇၃
၄-သန္ဓိကထာ	၁၇၄ – ၃၂၈
စကားအချီး	၁၇၄
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု	၁၇၅ – ၁၇၈
ကံမရှိက ဉာဏ်ရှိတိုင်းလွဲတတ်ပုံ	၁၇၅
လူမတန် ကံချ ပြောတတ်ကြပုံ	၁၇၆
လိပ်နှင့် ဟင်္သာတို့ဝတ္ထု	၁၇၈ – ၁၇၉
ငါးသုံးကောင်တို့ဝတ္ထု	၁၇၉ – ၁၈၀
ကုန်သည်မယားနှင့် လင်ငယ်တို့ဝတ္ထု	၁၈၀ – ၁၈၂
မိန်းမတို့စွဲ၍ အမြဲချစ်မှန်းသောယောကျ်ား မရှိပုံ	၁၈၀
မိန်းမများက ယောကျ်ားတို့ထက် သာလွန်ချက်များ	၁၈၁
ငါးသုံးကောင်တို့ဝတ္ထု (အဆက်)	၁၈၂ – ၃
စိုးရိမ်ပူဆွေးမှုကင်းပျောက်ရန်ဆေး	၁၈၂
လိပ်နှင့် ဟင်္သာတို့ဝတ္ထု (အဆက်)	၁၈၃ – ၄
အဖြစ်ကိုကြံလျှင် အပျက်ကိုမချန်သင့်ပုံ	၁၈၄

အကြောင်းအရာ	မျက်နှာအမှတ်
ဥဗျိုင်းတို့နှင့် မြေပါ၏ဝတ္ထု	၁၇၅
လိပ်နှင့် ဟင်္သာတို့ဝတ္ထု (အဆက်)	၁၇၅–၆
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၁၇၇–၁၉၂
ရန်သူကိုအကျွမ်းဝင်က ပူပင်ရတတ်ပုံ	၁၇၇
တာဝန်ကျေပြွန်သူကို ကောင်းမွန်စွာ ရှင်ပျစေသင့်ပုံ	၁၇၈
အကျိုးမပြီး အချည်းနှီးဖြစ်တတ်သော အရာနှစ်ပါး	၁၇၉
အောက်တန်းစား အထက်ရောက်–ချီးမြှောက်သူကို ရန်လုပ်တတ်ပုံ	၁၉၀
ရသေ့နှင့် ကြွက်ငယ်ဝတ္ထု	၁၉၁
ဥဗျိုင်းနှင့် လယ်ပုဇွန်တို့ဝတ္ထု	၁၉၂–၁၉၇
မိတ်ရန်ဖြစ်မှုကို အကျိုးပြု,မပြုဖြင့် ခွဲခြားရပုံ	၁၉၃
ဘေးမရောက်မီကြောက်, ဘေးရောက်သော်ရဲ	၁၉၅
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၁၉၇–၈
နှောင်ရေးကို စိတ်ကူးယဉ်၍ အကယ်မထင်သင့်ပုံ	၁၉၈
ပုဏ္ဏားမိုက်ဝတ္ထု	၁၉၈–၂၀၀
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၂၀၀–၅
ဘုရင်မကောင်း မှူးမတ်ခေါင်း	၂၀၀
မင်းကြိုက်မလိုက်လျောဘဲ အမှန်ကိုပြောရမည်	၂၀၁
အကြမ်းမှုကို အနုဖြင့်သာ ပြီးစေရာ	၂၀၃
တိုက်ခိုက်ရန်ဖက်က နှစ်ဦးပျက်တတ်ပုံ	၂၀၅
သုန္ဒအသူရာနှင့် ဥပသုန္ဒအသူရာဝတ္ထု	၂၀၅–၈
အမျိုးလေးပါး၌ ပူဇော်ထိုက်သူများ	၂၀၇
ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၂၀၈–၂၃၃
ပေါင်းသင်းဆက်စပ် မိတ်ဖွဲ့အပ်သော မင်းခုနစ်မျိုး	၂၀၈
မင်းခုနစ်မျိုးတို့နှင့် ပေါင်းသင်းသင့်ပုံ အကျယ်	၂၀၉

အကြောင်းအရာ	မျက်နှာအမှတ်
မိတ်မဖွဲ့အပ်သော မင်းအမျိုးအစား နှစ်ဆယ်	၂၁၅
နှစ်ဆယ်သောမင်းတို့ကို မပေါင်းသင်းထိုက်ကြောင်း အကျယ်....	၂၁၇
မင်းတို့၏ ဂုဏ်ခြောက်ပါး	၂၂၆
တိုင်ပင်ခြင်း၏အကျိုးငါးပါး	၂၂၆
မင်းတို့၏ ဥပါယ်လေးပါး	၂၂၇
မင်းတို့၏ သတ္တိသုံးပါး	၂၂၇
ကြက်သရေဘုန်းဂုဏ်နှင့် ပြည့်စုံရန် နီတိ	၂၂၇
ရန်သူကို ပူပန်စေရန် စီမံသင့်ပုံ	၂၂၈
ယုံကြည်သူကိုလိမ်ညာရန် ပညာဉာဏ်မလို	၂၃၂
လူယုတ်မာကို ကိုယ်ချင်းစာက ကိုယ်သာနာတတ်ပုံ	၂၃၃
တေလေလူဆိုးတို့နှင့် ပုဏ္ဏားဝတ္ထု	၂၃၄-၅
သူယုတ်မာစကားဝင်လျှင် သူတော်စင် ယောင်မှားတတ်ပုံ	၂၃၄
စိတြကဏ္ဏကုလားအုပ်ဝတ္ထု	၂၃၅-၂၄၄
ငတ်ပြတ်သောအခါ ဘာမဆိုလုပ်တတ်ကြပုံ	၂၃၆
တရားမယှဉ် ထင်ရာကိုလုပ်တတ်သူ ဆယ်ဦး	၂၃၇
ဒါနဟူသမျှတွင် အဘယဒါန အမြတ်ဆုံးဖြစ်ပုံ	၂၄၀
ကျေးကျွန်များထက် အရှင်သခင်က အရေးကြီးပုံ....	၂၄၂
တေလေလူဆိုးတို့နှင့် ပုဏ္ဏားဝတ္ထု (အဆက်)	၂၄၄
ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၂၄၅-၇
ကိုယ့်အကျိုးအောင်ရေး သူ့အကျိုးဆောင်ပေး	၂၄၅
မြွေအိုကြီးနှင့် ဖားတို့ဝတ္ထု	၂၄၇-၂၈၈
ဆွေမျိုးအစစ်အမှန်ကို သိရန်နည်း	၂၄၈
သတ္တဝါသခ်ါရတို့ မမြဲကြပုံ	၂၅၀
သေရသည့်အဖြစ်သည် အသစ်အဆန်းမဟုတ်ပုံ	၂၅၁
သတ္တဝါသခ်ါရတို့ အမှန်ဖြစ်ရမည့်သဘော	၂၅၃
ခန္ဓာကိုယ်ကြီး အစဉ်ပျက်စီးနေပုံ	၂၅၄
သတ္တဝါတွေမှာ သေရမည့်ဘေး တဖြေးဖြေးနီးကပ်နေပုံ	၂၅၅
မမြဲသည့်တရားများကို အစွဲမထားသင့်ပုံ	၂၅၇
ပေါင်းဖက်တွေ့ကြုံ ကွဲကွာပုံ	၂၅၈

အကြောင်းအရာ	မျက်နှာအမှတ်
ခေတ်ကြီးငါးတန် ဖြစ်ပျက်ဟန် ပူရန်မသင့်ပုံ	၂၆၀
ခံမင်စွဲလမ်းသည်နှင့်အမျှ ဆင်းရဲကြရပုံ	၂၆၃
မိမိကိုယ်နှင့်သော်မှ အမြဲအတူမနေရပုံ	၂၆၄
တွေ့ဆုံခြင်းသည် ကွဲကြဘို့အကြောင်းရင်း	၂၆၅
တွေ့ဆုံတုန်း ချမ်းသာသမျှ ကွေကွင်းတော့ ဆင်းရဲကြပုံ	၂၆၆
နေ့စဉ်ရက်ဆက် သေဘက်သို့သွားနေပုံ	၂၆၇
သူတော်ချင်းချင်းပင် ပေါင်းသင်းရန် မလိုလားပုံ	၂၆၈
ဘုန်းတန်ခိုးရှင် ဘုရင်များပင် ပျက်ပြားခဲ့ကြပုံ	၂၇၀
သေခြင်းကိုသတိရလျှင် ကာမစိတ်ကင်းပပုံ	၂၇၁
စိုးရိမ်ပူဆွေးသမျှ မသိခြင်းကအစ	၂၇၄
သောကအေးကြောင်း ဆေးစွမ်းကောင်း	၂၇၆
တရားကိုဖွေရှာသော် နေရာမရွေးသင့်ပုံ	၂၇၇
တရားကျင့်ရာ၌ ထည်လွှာသည် ပဓာနမဟုတ်ပုံ	၂၇၉
ဝတ်ကြောင်ဖြင့် ဝဋ်နှောင်မှ လွတ်အောင်ကျင့်ပုံ	၂၈၀
တရားရှာလျှင် ကိုယ်မှာတွေ့နိုင်ပုံ	၂၈၁
သံသရာကင်းပြတ်မှ ချမ်းသာရပုံ	၂၈၂
သံသရာ၌ ချမ်းသာမရှိ ဆင်းရဲအတိဖြစ်ပုံ	၂၈၃
သူတော်ကောင်းနှင့်သာ ပေါင်းသင်းသင့်ပုံ	၂၈၅
မိမိမယားနှင့်သာ ပျော်ပါးသင့်ပုံ	၂၈၆
ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၂၈၉–၂၉၂
အချည်းနှီး ကြုံးဝါးမှုကို မပြုသင့်ပုံ	၂၉၀
များစွာသော ရန်သူကို ပြိုင်တူမတိုက်သင့်ပုံ	၂၉၀
ဒေါသနောက်လိုက်၍ မမိုက်သင့်ပုံ	၂၉၂
ပုဏ္ဏားနှင့် မြွေပါဝတ္ထု	၂၉၂–၄
ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)	၂၉၄–၃၂၈
ချမ်းသာလိုသူများ ရှောင်ရှားရမည့် အရာခြောက်မျိုး	၂၉၄
မှူးမတ်တို့၏ မြင့်မြတ်သောဂုဏ်ငါးရပ်	၂၉၅
မဆင်ခြင်ဘဲ အလျင်တဆော မပြုသင့်ပုံ	၂၉၇
အကျိုးပြီးမြောက် ခရီးရောက်သည့် ဥပါယ်တပါး	၂၉၈
လူမိုက်နှင့် လူလိမ္မာ သဘောချင်းကွာကြပုံ	၂၉၉

အကြောင်းအရာ	မျက်နှာအမှတ်
စိတ်ကြီးဝင် မာနသမားကို ပြောကြားဘို့ခဲယဉ်းပုံ	၃၀၀
အကျိုးကိုထောက်ဆ၍ အကြောင်းကို သိရပုံ	၃၀၁
လူဆိုးနှင့် ယှဉ်တွဲ၍ လူကောင်းကို အထင်လွဲတတ်ပုံ	၃၀၂
လူ့စရိုက် သူ့အကြိုက်ကို အလိုက်သင့်ဆွဲရန်နည်း	၃၀၆
လူအမျိုးအစားခွဲ၍ ဆွဲဆောင်နည်း	၃၀၇
စစ်ပြေငြိမ်းမှုကို ပြုရမည့်အခါ	၃၀၈
ရန်စဖြေသိမ်း စစ်ပြေငြိမ်းနည်း ၁၆-မျိုး	၃၀၉
ပြေငြိမ်းနည်း ၁၆-ပါးမှ အကောင်းစား ၄-မျိုး	၃၁၀
ကျောသား ရင်သား မခွဲခြားသင့်ပုံ	၃၂၁
ပညာရှင်တို့၏ အမြင်သုံးမျိုး	၃၂၁
ခန္ဓာကိုယ်အတွက် တရားမပျက်သင့်ပုံ	၃၂၂
အသက်ကို ပမာမထားဘဲ တရားကျင့်သင့်ပုံ	၃၂၃
ကုသိုလ်တရားအပေါင်းသာ တမလွန်မိတ်ဆွေကောင်း ဖြစ်ပုံ....	၃၂၄
သူတော်ကောင်းတို့နှင့် ပေါင်းသင်းသင့်ပုံ	၃၂၅
ဒါနထက် သစ္စာက သာလွန်ပုံ	၃၂၆
သန္ဓိကထာ ပတ္ထနာနိဂုံး	၃၂၈
နိဂုံး	၃၃၀
ကျမ်းပြီးနိဂုံး	၃၃၂

နောက်ဆက်တွဲ

စကားအချီး	၃၃၃
ကောဋ္ဌာသဝေဘန်ခဏ်း	၃၃၄
ပထဝီကောဋ္ဌာသ – ၂၀	၃၃၅
အာပေါကောဋ္ဌာသ ၁၂–ပါး	၃၃၅
တေဇောကောဋ္ဌာသ ၄–ပါး	၃၃၆
ဝါယောကောဋ္ဌာသ ၆–ပါး	၃၃၇
သမုဋ္ဌာန်အားဖြင့်ဝေဘန်ခဏ်း	၃၃၉
ကလာပ်အားဖြင့် ဝေဘန်ခဏ်း	၃၄၀

အကြောင်းအရာ	မျက်နှာအမှတ်
ကလာပ်နှင့်ရုပ်အရေအတွက်ကို ပြဆိုခဏ်း	၃၄၂
သက္ကာယဒိဋ္ဌိ ၂၀-အကျယ်ဝေဘန်ခဏ်း	၃၄၆
ဘာဝနာ ၄၀-ဝေဘန်ခဏ်း	၃၅၃
အနိစ္စလက္ခဏာ ၁၀-ပါး	၃၅၃
ဒုက္ခလက္ခဏာ ၂၅-ပါး	၃၅၄
အနတ္တလက္ခဏာ ၅-ပါး	၃၅၆
နိဂုံး	၃၅၇

မာတိကာ ပြီး၏။

ဟိတောပဒေသဘာသာပြန်

(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၃-ဝိဂ္ဂဟ ကထာ

စကားအချီး

ထိုသို့ မိတ်ဖျက်ခြင်းကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော မိတ္တဘေဒအခန်းကို သင်ကြားညွှန်ပြ ဩဝါဒပေးပြီးသည်၏အခြားမဲ့၌ **ဝိဏှုသမ္မ**ဆရာကြီးသည် တဖန် ဆက်လက်၍သွန်သင်ဆုံးမ ဩဝါဒစကား ပြောကြားမည်ရှိရာ မင်းသားတို့က အလျင်တင်ကူး၍ တိုက်တွန်း တောင်းပန်ကြသည်မှာ "အို အရှင်ဆရာ.... ကျွန်ုပ်တို့သည် မင်းသားများဖြစ်ကြပါ၍ မင်းသားတို့ တတ်အပ်တတ်ရာဖြစ်သော စစ်တိုက် စစ်ခင်း စစ်ထိုးခြင်း ခိုက်ရန်ပြုမှုခြင်းနှင့် စပ်သောအကြောင်းအရာတို့ကို နာခံမှတ်သားခြင်းငှါ အာသာဆန္ဒ လွန်စွာ ရှိကြပါသည်၊ ထိုအကြောင်းကိုပြောဆိုသင်ကြားစေလိုပါသည်"ဟု တောင်းပန်စကား ပြောကြားကြလေ၏။

ထိုသို့ တောင်းပန်စကား ပြောကြားကြလေရာ **ဝိဏှုသမ္မ** ဆရာကြီးသည် ဤသို့ မိန့်ဆိုလေ၏—"အရှင်မင်းသားတို့....အကယ်၍ အရှင်တို့သည် ယင်းသို့ စစ်တိုက် စစ်ခင်း စစ်ထိုးခြင်း ခိုက်ရန်ပြုမှုခြင်းနှင့် စပ်သော အကြောင်းအရာတို့ကို ကြားနာလိုကြပါလျှင် ပြောဆိုပါအံ့၊ နာခံမှတ်သားကြပါလော့၊ ဤဆိုလတ္တံ့သည်ကား စစ်တိုက် စစ်ခင်း စစ်ထိုးခြင်း ခိုက်ရန်ဖြစ်ခြင်းနှင့် စပ်သော အကြောင်းအရာတို့၏ အစစွာ သင်ကြားအပ်သော ဂါထာတည်း"ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို သင်ကြားလေ၏။

၁။ ဟံသေဟိ သဟ မောရာနံ၊ ဝိဂ္ဂဟေ တုလျဝိက္ကမေ။
ဝိသာသျ ဝဉ္စိတာ ဟံသာ၊ ကာကေဟိ အရိမန္ဒိရေ။

ဟိ-ပြန် ၂-၁ — ပ-မ-ဗ-သ-စ

ဟံသေဟိ၊ ရေ၌ကျက်စား၊ ငှက်များသေဌ်နင်း၊ ဟသံ္ာမင်းတို့နှင့်။ သဟ၊ တကွ။ မောရာနံ၊ ကုန်း ကြည်း ပျော်ပါး၊ ငှက်များသေဌ်နင်း၊ ဥဒေါင်းမင်း တို့၏။ တုလျဝိက္ကမေ၊ စစ်သည်အင်အား၊ လက်နက်အားနှင့်၊ စွမ်းပကားသတ္တိ၊ တူမျှခြင်းရှိကြသော။ ဝိဂ္ဂဟေ၊ အန်တုဖက်ပြိုင်၊ ရင်ဆိုင် တိုက်ခိုက်ကြရာ၌။ ကာကေဟိ၊ မာယာဉာဏ်ကောင်း၊ ကျီးအပေါင်းတို့သည်။ အရိမန္ဒိရေ၊ ရန်သူ တို့၏နေရာ၊ ဂေဟာစခန်း၌။ ဌတွာ၊ တည်၍။ ဝိသာသျ၊ မိတ်ရင်းပမာ၊သေချာ ပေါင်းသင်း၊ အယုံသွင်းပြီး၍။ ဟံသာ၊အကဲမသိ၊မရိပ်မိသဖြင့်၊ သတိကင်းကွာ၊ ရွှေဟသံ္ာတို့ကို။ ဝဉ္စိတာ၊ညစ်ဉာဏ်စုပေါင်း၊မာယာလောင်းလျက်၊ဖြားယောင်း လှည့်ပတ်ခဲ့ဘူးလေပြီ။

ထိုသို့ ရွတ်ဆိုပြောကြားလေရာ မင်းသားတို့က "ဆရာ.... ထိုစစ်သည်အင်အား လက်နက်အားနှင့် စွမ်းပကားသတ္တိ တူမျှခြင်းရှိကြသော ဟသံ္ာမင်းနှင့် ဥဒေါင်း မင်းတို့ ဆိုင်ပြိုင် တိုက်ခိုက်ကြရာ၌ ကျီးအပေါင်းတို့သည် မာယာဉာဏ်လောင်း လျက် ဟသံ္ာတို့ကို ဖြားယောင်းလှည့်ပတ်ပုံ အကျယ်ကို အဘယ်သို့ မှတ်ရပါ မည်နည်း" ဟု မေးမြန်းကြလေရာ ဝိဏှုသမ္မ ဆရာကြီးသည် အောက်ပါ ပုံဝတ္ထုကို ပြောကြားလေ၏။

ဟသံ္ာမင်းနှင့် ဥဒေါင်းမင်းတို့ ဝတ္ထု

တရံရောအခါ **ကပ္ပူရကျွန်း**၌ **ပဒုမကေလိ** မည်သော ရေအိုင်တခု ရှိလေ၏၊ ထိုရေအိုင်၌ **ဟိရညဂဗ္ဘ** မည်သော ဟသံ္ာမင်းသည် မှီတင်း နေထိုင်လေ့ ရှိ၏၊ ထိုဟသံ္ာမင်းကိုလည်း အလုံးစုံ ရေ၌ကျက်စားကြသော ငှက်အများတို့သည် စည်းဝေးတိုင်ပင် ငှက်သဘင် ခင်းကျင်းလျက် ငှက်မင်းပြုလုပ်ရန် တောင်းပန် ကြပြီးလျှင် သဘောတူ မင်းမြှောက်ကြလေ၏။

ဤအရာ၌ ဝိဏှုသမ္မ ဆရာကြီးသည် ဤကပ္ပါလောကအတွင်း၌ ရှိသမျှ သတ္တဝါခပင်းတို့ မင်းမြှောက်ကြရခြင်း၏ အကြောင်းရင်းကို သွတ်သွင်း၍ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆို သင်ကြားလေ၏။

မင်းကောင်းမရှိသောနိုင်ငံသည် ပဲ့ကိုင်သူမရှိသော လှေနှင့်တူပုံ

၂။ ယဒိ နတ္ထိ နရပတိ၊ သမ္မာနေတာ တတော ပဇာ။
အကဏ္ဏဓာရာ သာဂရေ၊ ဝိပ္လဝတေဟ နာဝိဝ။

ဣဟ၊ ဤစကြဝဠာ၊ ကပ္ပါလောကကြီး၌။ သမ္မာနေတာ၊ ဥပဒေကောင်း၊ နည်းလမ်းပေါင်းဖြင့်၊ ဖျောင်းဖျပဲ့ပြင်၊ စီရင်အုပ်ချုပ်တတ်သော။ နရပတိ၊ လူတို့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ယဒိ နတ္ထိ၊ အကယ်၍သာ၊ မရှိ ပါအံ့။ ဧဝံ သတိ၊ ဤသို့ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်၊ မရှိလတ်မူ။ တတော၊ ထိုသို့ နိုင်ငံအရှင်၊ ဘုရင်မရှိခြင်းကြောင့်။ ပဇာ၊ ပြည်သူများစွာ၊ သတ္တဝါ

အပေါင်းသည်။ သာဂရေ၊ ဝဇလုတ်နှင့်၊ သမုဒ်ပြင်ကျယ်၊ ပင်လယ်စခန်း၌။ အကဏ္ဍမာရာ၊ ပဲ့ကိုင်တက်မ၊ ရေကြောင်းပြ မရှိသော။ နာဝါလွှ၊ စက်ရှက် စုံလင်၊ သင်္ဘောယာဉ်ကဲ့သို့။ ဝိပ္ပဝတေ၊ နှစ်မြုပ်စုံးစုံး၊ ဆုံးရှုံးပျက်စီးရာ၏။

အဓိပ္ပါယ်။ ။ဤကပ္ပါလောက၏ အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော သတ္တဝါခပင်းတို့သည် အသင်းအအုပ် ပြုလုပ်ကာ မိမိတို့ဘာသာအလျောက် အကြီးအကဲ တင်မြှောက်၍ စောင့်ရှောက် အုပ်ချုပ်စေမြဲတံထွာ ဓမ္မတာ သဘော ဖြစ်ပေသည်၊ အထူးအားဖြင့် လူတို့မှာ ထိုသို့ ဘုရင်တင်မြှောက်၍ စောင့်ရှောက်အုပ်ချုပ်စေခြင်းသည် သာ၍ပင် လိုရင်းဖြစ်ပေသည်၊ အကြောင်း ကိုဆိုသော် ဤမနုဿဌာန လူ့လောက၌ အဓမ္မလွှမ်း လူသရမ်းတို့ မသောင်း ကျန်းစေရန် အတန်တန်သော ဥပဒေစည်းကမ်း နည်းလမ်းအပေါင်းတို့ဖြင့် ကောင်းစွာပဲ့ပြင် စီရင်အုပ်ချုပ်တတ်သော လူတို့အဓိပတိ လောကသမ္မုတိနတ် ဘုရင်မင်းမြတ် မရှိခဲ့ပါမူ သမုဒ်ပြင်ကျယ် ပင်လယ်စခန်း၌ ကျွမ်းကျင်ပိုင်ပိုင် စွမ်းဆောင်နိုင်သော ပဲ့ကိုင်တက်မ ရေကြောင်းပြမပါသော လှေနာဝါသင်္ဘော သည် ရေကြောတွင် တချာချာ လိုရာသို့မရောက် ကျောက်ဆောင်တိုက် ကျွန်း စွယ်တင် သမုဒ်ပြင်ဗွက်ကြမ်း ဂယက်ဖမ်းသဖြင့် ဘရမ်းဘတာ ကျွမ်းသဒါလိမ့် ဦးငြိမ့်ပဲ့ထောင် ရေဘောင်ဗင်လှုပ် ဝဇလုတ်မှာ နှစ်မြုပ်စုံးစုံး လုံးလုံးကြီးပျက် စီးရာသကဲ့သို့ ထိုအတူ များစွာဗိုလ်လူ ပြည်သူခပင်း အချင်းချင်းတို့ စီးနင်းနိုင် ထက် ဗလက္ကာရ အမှုဆိုးတို့ အမျိုးမျိုး ပေါ်ထွက်လျက် သူ့ထက်ငါ သောင်း ကျန်း၍ အရမ်းမဲ့ ပျက်စီးကုန်ရာသည်။ ထို့ကြောင့်ပင်လျှင် ထုံးတမ်းစဉ်လာ ဓမ္မတာသဘောအားဖြင့် လောကသမ္မုတိ မိပတိအရှင် ဘုရင်တင်မြှောက်ရမြဲ ဖြစ် ပေသည် ဟူလို။

လူထုအပေါ်၌ မင်း၏စောင့်ရှောက်မှု အရေးကြီးပုံ

ထို့ပြင် ပြည်သူနှင့်မင်း အချင်းချင်းတို့ ယိုင်းပင်းတန်တန် မေတ္တာဓာတ် အရင်းခံလျက် ပြန်အလှန် စောင့်ရှောက်၍ ထောက်မကြည့်ရှုကျေးဇူးပြုတရား ထိုနှစ်ပါးတို့တွင် ဘုရင်၏စောင့်ရှောက်ခြင်းက ဆထက်လွန်ကြူး အထူးသဖြင့် မြင့်မြတ်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ပဇံ သံရက္ခတိအစ** ရှိသော ဂါထာကို ရွတ်ဆို သင်ကြားပြန်လေ၏။

၃။ ပဇံ သံရက္ခတိ ရာဇာ၊ သာ ဝဍ္ဎယတိ ပတ္ထဝံ။
　　ဝဍ္ဎနာ ရက္ခဏံ သေယျော၊ တဒဘာဝေ သဒပျသံ။

ရာဇာ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ပဇံ၊ ပြည်သူများစွာ၊ သတ္တဝါ အပေါင်းကို။ သံရက္ခတိ၊ ပမာရင်သွေး၊ ငြိမ်းအေးသာယာ၊ ချမ်းသာစေ ကြောင်း၊ မေတ္တာလောင်း၍၊ ကောင်းစွာစောင့်ရှောက်တော်မူ၏။ သာပဇာ၊

ထိုပြည်သူများစွာ၊ သတ္တဝါ အပေါင်းသည်။ ပတ္ထဝံ၊ ရေမြေပိုင်နင်း၊ ပြည့်ရှင်မင်းကို။ ဝဒ္ဓယတိ၊ အခွန်ဘဏ္ဍာ၊ ဆက်သကာဖြင့်၊ ကောင်းစွာတိုးပွါးစေ၏။ ဝဒ္ဓနာ၊ နိုင်ငံတလွှား၊ အများကျေးကျွန်၊ အခွန်ပေးသွင်း၊ ပွါးစေခြင်းထက်။ ရက္ခဏံ၊ ဘုရင်မင်းကောင်း၊ မေတ္တာလောင်း၍၊ ကောင်းစွာ စောင့်ရှောက်ခြင်းသည်။ သေယျော၊ ဆထက်လွန်စွာ၊ အရာမက၊ မြင့်မြတ်လှ၏။ ကသ္မာ၊ အရာမက၊ ဆထက်မြတ်ဖွယ်၊ အဘယ်ကြောင့်နည်းဟူမူကား။ တဒဘာဝေ၊ ထိုသို့စိုးမင်း၊ စောင့်ရှောက်ခြင်းသည်၊ အလျှင်းမရှိသည့်ရှိသော်။ (သဒပျသံ–သံ အပိ အသံ) သံ အပိ – သံဝိဇ္ဇမာနံ အပိ၊ ဤလောကတွင်၊ တွေ့မြင် အများ၊ ထင်ရှားရှိသမျှသည်လည်း။ အသံ – အသံဝိဇ္ဇမာနံ၊ ထင်ရှားတစိ၊ ကေန်ရှိနိုင်တော့မည် မဟုတ်ပေ။ တသ္မာ၊ ထိုသို့ဖြစ်လျှဉ်း၊ အကြောင်းရင်းကြောင့်။ သေယျော၊ ဆထက်လွန်စွာ၊ အရာမက၊ မုချဆတ်ဆတ်၊ အမှန်မြတ်ပေ၏။

အဓိပ္ပါယ်။ ။ဘူမိပါလ ရဋ္ဌဦးကိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ်သည် ပြည်သူပြည်သား သတ္တဝါအများတို့ကို မိမိ၏ရင်နှစ် သားတော် သမီးတော်စစ်အလား ပမာထား၍ တရားနှင့်လျော်စွာ အရာရာသော အမှုကိစ္စ ဟူသမျှတို့၌ အဓမ္မ မပေါ်ထွက်စေဘဲ ငြိမ်သက်သာယာ ဘေးဘျမ်းကွာသဖြင့် အေးချမ်းစွာရှိကြ၍ သုခပွါးတိုး အကျိုးများရာများကြောင်းဖြစ်သော ဥပဒေစည်းကမ်း နည်းလမ်းအပေါင်းတို့ဖြင့် ကောင်းစွာ အုပ်ချုပ် စောင့်ရှောက်တော်မူပေ၏။ နိုင်ငံသူနိုင်ငံသား ပြည်သူအများတို့သည်လည်း ငါတို့၏အရှင် ဘုရင်မင်းမြတ်သည် ငါတို့အား သနားကရုဏာ ငဲ့ညှာထောက်ထား မေတ္တာပွါးလျက် ရင်သား ရင်နှစ် သားချစ်ပမာ ချမ်းသာရာ ချမ်းသာကြောင်း နည်းလမ်းကောင်းတို့ဖြင့် ကောင်းစွာ တီထွင်၍ စီရင်အုပ်ချုပ် စောင့်ရှောက်ခြင်းအမှုကို ပြုလုပ်တော်မူပေသည်ဟု ကတညုတရားကို ရှေ့သွားပြု၍ သမ္မုတိအရှင် ဘုရင်မင်းမြတ်အားလည်း များစွာသော စည်းစိမ်နှင့် ရိပ်ငြိမ်တန်ခိုး အမျိုးမျိုးတို့ တိုးတက်စေရန် အခွန်ဘဏ္ဍာတော်ကို လျော်စွာ ဆက်သွင်းလျက် မင်းအားတဖန် အတုံ့ပြန်၍ မှန်ကန်စွာ စောင့်ရှောက်ကြပေသည်။ ယင်းသို့ ပြည်သူနှင့် မင်း အချင်းချင်းတို့ ယိုင်းပင်းတန်တန် ပြန်အလှန် စောင့်ရှောက်ကြခြင်းတို့တွင် မင်း၏စောင့်ရှောက်ခြင်းသည် ပြည်သူတို့၏စောင့်ရှောက်ခြင်းထက် ဆထက်ကဲချွန်၍ အလွန်မြင့်မြတ်လှပေသည်။ အဘယ်ကြောင့်နည်းဟူမူ ထိုသို့ ဘုရင်မင်းကောင်း မေတ္တာလောင်း၍ အကြောင်းအားလျော်စွာ စောင့်ရှောက်ခြင်း မရှိခဲ့ပါမူ ပြည်သူများစွာ သတ္တဝါခပင်းတို့သည် နိုင်ထက်စီးနင်း အချင်းချင်းတို့ အတင်းဗလက္ကာရ အဓမ္မ အမှုဆိုးတို့ အမျိုးမျိုးပေါ်ထွက်လျက် သူ့ထက်ငါ သောင်းကျန်း၍ ဘရမ်းဘတာ ပြုကြလျှင် ဤလောကလူ့တခွင်မှာ မြင်သမျှ ပျက်စီး၍ အချည်းနှီး ဖြစ်ကုန်ရာပေသည်။ ထို့ကြောင့် ဘုရင်၏ စောင့်ရှောက်ခြင်းသည်

ပြည်သူတို့၏ စောင့်ရှောက်ခြင်းထက် ဆထက်ကဲချန်၍ အလွန် မြင့်မြတ်လှပါပေသည် ဟူလို။

တရံရောအခါ ထိုဟင်္သာမင်းသည် တင့်တယ်ဖွယ်ရာ ကောင်းစွာ ကျယ်ပြန့်သော ကြာအခင်းထက်၌ ချမ်းသာစွာ စမွယ်၍ ခြွေရံပရိသတ်တို့ဖြင့် ဝန်းပတ်ခြံရံလျက် တည်နေလေ၏၊ ထိုသို့နေစဉ် **ဒိသာမုခ** အမည်ရှိသော ဥဇျိုင်းသည် ဒေသတပါး နိုင်ငံခြားသို့ သွားရောက်ကျက်စားရာမှပြန်လည်လာလတ်၍ ဟင်္သာမင်းအား ဦးခေါင်း ညွတ်လျှိုး ရှိခိုးဦးခိုက်လျက် ဟင်္သာမင်း၏ အပါးတော်သို့ တိုးဝင် ခစားလေလျှင် ဟင်္သာမင်းက "အို ဒိသာမုခ.... သင်သည် ဒေသတပါး အခြားသော အရပ်မှ လာခဲ့ပေ၏၊ ထူးခြားသော သတင်းစကားကို ပြောကြားပါလော့"ဟု ဆိုလေသော် ဥဇျိုင်းသည် "အရှင်ဟင်္သာမင်း.... ကြီးမြတ်သော သတင်းထူး ရှိပါသည်၊ ထိုသတင်း စကားကို အရှင်မင်းကြီးအား ကြားလျှောက်လိုသောကြောင့်သာလျှင် အကျွန်ုပ်သည် လျင်မြန်စွာ ရှေတော်သို့ လာရောက်ခစားရခြင်းဖြစ်ပါသည်၊ နာတော်မူပါလော့" ဟု ဆို၍ အောက်ပါ အကြောင်းအရာတို့ကို တင်လျှောက်လေ၏။

ဇမ္ဗူဒိပါကျွန်း၌ **ဝိဥ္ဇ** အမည်ရှိသော တောင်ကြီးတခုရှိပါသည်၊ ထိုတောင်ဝယ် ကုန်းကြည်းအရပ်၌ ပျော်ပိုက် ကျက်စားကြကုန်သော ငှက်အများတို့၏ အရှင်သခင်ဖြစ်သော **စိတြဝဏ္ဏ** အမည်ရှိသော ဥဒေါင်းမင်းသည် ဘုရင်အချုပ်မင်းလုပ် စံစားလျက် ခံ့ညားစွာနေပါသည်။ ထိုဥဒေါင်းမင်း၏ နောက်ပါအခြွေအရံ ဖြစ်ကုန်သော တောတောင်အရပ်၌ လှည့်ပတ်ကျက်စား သွားလာကြကုန်သော ငှက်တို့သည် ဒဒ္ဓ မည်သော တော၏ အလယ်၌ လှည့်လည် ကျက်စား၍နေသော ကျွန်တော်မျိုးကို တွေ့မြင်ကြရာ "သင်သည် မည်သူ ဖြစ်ပါသနည်း၊ အဘယ်မည်သော အရပ်က လာခဲ့ပါသနည်း"ဟု မေးမြန်းကြပါသည်၊ ထိုအခါ ကျွန်တော်မျိုးက "ငါသည် **ကပ္ပူရ**ကျွန်း၌ စကြဝတေးမင်းဖြစ်သော **ဟိရညဂဗ္ဘ** မည်သော ဟင်္သာမင်း၏ ကျေးကျွန်ရင်းတည်း၊ ထူးဆန်းသောအရပ်ဒေသတို့ကို ကြည့်ရှုရန် လာခဲ့ပေသည်"ဟု ပြောကြားလိုက်ရာ ထိုစကားကို ကြားလျှင် ငှက်အပေါင်းတို့က "ထို ကပ္ပူရကျွန်းနှင့် ဝိဥ္ဇဂိရိ အရပ်နှစ်ခုတို့တွင်လည်းကောင်း, မင်းနှစ်ပါးတို့တွင်လည်းကောင်း မည်သည့်အရပ် မည်သည့်မင်းက သာလွန် တင့်တယ်၍ ဖွယ်ရာ ကောင်းမြတ်လျောက်ပတ်ပါသနည်း"ဟု မေးမြန်းကြရာ ကျွန်တော်မျိုးက "အို.... အသို့ဆိုကြပါသနည်း၊ ကပ္ပူရကျွန်းသည် ဤအရပ်ထက် အလွန်လျှင် ကောင်းမြတ်တင့်တယ်၍ သိကြားမင်း၏စံရာ ဝတိံသာ နတ်နန်းတမျှ ခမ်းနား ကြီးကျယ်ရှုချင်ဖွယ် ရှိလှပါသည်၊ ငှက်တို့၏ အရှင်သခင် ဟင်္သာမင်းမှာလည်း နတ်တို့၏ ဘုရင်အလား သိကြားမင်းကဲ့သို့ တင့်တယ် မြင့်မြတ်ပါသည်၊ သင်တို့သည်

သဲသောင်ပြင်ပမာ ခြောက်ကပ်စွာသော ဤကျတ်တီးကုန်းအရပ်၌ နေသဖြင့် အဘယ်မှု စအံ့နည်း၊ ကျွန်ုပ်တို့ အရပ်ဒေသသို့ သွားကြပါအံ့၊ လိုက်ခဲ့ကြပါလော့” ဟု ပြောဆိုလိုက်ပါကြောင်း။

ရှုမိုက်ကို နည်းပေးညွှန်ပြက ဒေါသမို့၍ ကြီးစေကြောင်းဖြစ်ခြင်း

ယင်းသို့ ကရဏ္ဍာတရား ရှေ့ထားလျက် သနားသည့်အတွက် နှုတ်မြွက် ပြောဆိုလိုက်သောအခါ ထိုစကားကို ကြားကြသည် ရှိသော် အလုံးစုံသော ငှက်အပေါင်းတို့သည် ဒေါသအမျက် လွန်စွာထွက်ကြပါသည်။ ထို့ကြောင့်ပင်လျှင်—

၄။ ပယောပါနံ ဘုဇင်္ဂါနံ၊ ကေဝလံ ဝိသဝဍ္ဎနံ။
ဥပဒေသော ဟိ မူဠ္ဟာနံ၊ ပကောပါယ န သန္တိယာ—

ဟု နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာတော်မူအပ်ပေသည်ဟု တင်လျှောက်လေ၏။

ဘုဇင်္ဂါနံ၊ ကိုယ်အင်္ဂါ ဖွံ့ဖြိုးသမျှ၊ အဆိပ်လည်း တိုးပွါးသော၊ မြွေဆိုး မြွေဟောက်တို့အား။ ပယောပါနံ၊ နို့ချိုတိုက်ပေး၊ ကျွေးမွေးပြုစုခြင်းသည်။ ကေဝလံ၊ သက်သက်။ ဝိသဝဍ္ဎနံ၊ အဆိပ်အင်အား၊ ပွါးများခြင်း၏အကြောင်း၊ ကောင်းစွာဖြစ်ပေ၏။ ဟိ – တထာဧဝ၊ ထိုနည်းအလား၊ မခြားပမာ၊ အတူသာလျှင်။ မူဠ္ဟာနံ၊ ထုံ-အ-ထိုင်းထူ၊ မိုက်သောသူတို့အား။ ဥပဒေသော၊ နည်းလမ်းညွှန်ပြ၊ ဥပဒေသ ပေးခြင်းသည်။ ပကောပါယ၊ ဒေါသအမျက်၊ အလွန်ထွက်ခြင်း၏။ ဝါ၊ အလွန်ထွက်ဖို့ရန်။ ဟောတု၊ အမှန်စင်စစ်၊ အကြောင်းဖြစ်၏။ သန္တိယာ၊ နှလုံးမဆွေး၊ ချမ်းအေးငြိမ်သက်ခြင်း၏။ န ဟောတု၊ အမှန်စင်စစ်၊ ကြောင်းမဖြစ်ပေ။

အဓိပ္ပါယ်။ ။ကိုယ်အင်္ဂါကြီးမား၍ ထွားကျိုင်းဖွံ့ဖြိုးသမျှ အဆိပ်လည်း တိုး၍ တန်ခိုးထက်မြက်ခြင်းသို့ ရောက်တတ်ကုန်သော မြွေဆိုး မြွေဟောက်တို့ကို နို့ချိုတိုက်ကျွေး မွေးမြူပြုစုခြင်းသည် အလျှင်းအကျိုးမဖြစ်ချေ၊ စင်စစ်သော် တမူကား တပါးသော သတ္တဝါတို့၏ အသက်ကို ရက်ရက်စက်စက် လတ်တလော ခြင်း နှိပ်စက်ဖျက်ဆီးခြင်းငှါ တတ်နိုင်သော ကိုယ်ပိုင်လက်နက်တမျိုး အဆိပ်ဆိုး၏သာလျှင် သက်သက်တိုးပွါးခြင်းအကြောင်း ဖြစ်ပေသည်။ ထို့အတူ အသိအလိမ္မာ ဉာဏ်ပညာနဲ့ အမြင်မဲ့လျက် မိုက်မဲကုန်သော သူတို့အား သနားငဲ့ညှာ ကရုဏာပေါင်း မေတ္တာလောင်း၍ မကောင်းမြစ်တာ ကောင်းရာပဲ့ပြင် သွန်သင်ညွှန်ပြ ဩဝါဒပေးခြင်းသည် ထိုသို့ပေးသည့်အတွက် ဒေါသအမျက် ပြင်းစွာထွက်ခြင်း၏ အကြောင်းသာ ဖြစ်ချေသည်။ ငါ့အား အကျိုးစီးပွါးများရာများကြောင်း ကောင်းသောနည်းလမ်း ဥပဒေသတို့ကို ညွှန်ပြပြောဆို

ပေသည်ဟု ကျေးဇူးတင်လျက် နှစ်သက်ဝမ်းမြောက်စွာ စိတ်နှလုံးသာယာငြိမ်း အေးခြင်း၏ အကြောင်းမဖြစ်ပေရာ ဟူလို။

ထို့နောက် အသိအလိမ္မာ ဉာဏ်ပညာရှိသော သူကိုသာလျှင် သွန်သင်ဆုံးမ ဩဝါဒပေးသင့်ကြောင်း, အသိအလိမ္မာ ပညာဉာဏ်ကင်း မိုက်-အ-ဖျင်းသော သူကိုကား သွန်သင်ဆုံးမ ဩဝါဒ မပေးသင့်ကြောင်း, ထိုသို့ အသိအလိမ္မာ ဉာဏ်ပညာကင်းသောသူကို ဆုံးမဩဝါဒ ပေးမိ၍ ဘေးထိခဲ့ဘူးကြောင်းကို ထုံး ဟောင်းနှင့်တကွ ထုတ်ဆောင်၍ ပြပြန်လိုသည်ဖြစ်၍ **ဝိဒူမေဝေါပဒေသယေ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၅။ ဝိဒူမေဝေါပဒေသယေ၊ နာဝိဒုံ တု ကုဒါစနံ။
ဌာနဘဋ္ဌာ ခဂါ ယန္တိ၊ ဥပဒိဿာထ ဝါနရေ။

ဝိဒုံ ဧဝ၊ ကျိုးကြောင်းဆင်ခြင်၊ **သိမြင်လိမ္မာ**၊ ဉာဏ်ပညာရှိသောသူကိုသာ လျှင်။ ဥပဒေသယေ၊ **ကောင်းဆိုးညွှန်ပြ**၊ ဥပဒေသ ပေးရာ၏။ အဝိဒုံ တု၊ ပညာ ဉာဏ်ကင်း၊ မိုက်-အ-ဖျင်း၍၊ အလျှင်းမလိမ္မာသော သူကိုကား။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ဥပဒေသယေ၊ ကောင်းဆိုးညွှန်ပြ၊ ဥပဒေသ မပေးရာ။ အထ၊ ထိုသို့မဟုတ်မူ၍။ ဝါနရေ၊ ဆင်ခြင်ဉာဏ်နဲ၊ အမြင်မဲ့သဖြင့်၊ အလွဲမှတ်ပိုက်၊ တောမျောက်မိုက်တို့ကို။ ခဂါ၊ သနားကရုဏာ၊ အကြင်နာမှား၊ ငှက်အများ တို့သည်။ ဥပဒိဿ၊ သွန်သင်ဆုံးမ၊ နည်းညွှန်ပြမိ၍။ ဝါ၊ ပြမိခြင်းကြောင့်။ တေ၊ ထိုဆရာလုပ်မှား၊ ငှက်အများတို့သည်။ ဌာနဘဋ္ဌာ၊ မိမိတို့၏ နေရာဌာနမှ၊ ခဏခြင်းပျက်၊ ရှောင်လွှဲထွက်ကြရကုန်သည်ဖြစ်၍။ ယန္တိ၊ အရပ်တပါး၊ ပြေး ရှောင်ရှား၍၊ ထွက်သွားကြရကုန်၏။

ဤဆင်ခြင်ဉာဏ်နဲ အမြင်မဲ့သဖြင့် အလွဲမှတ်ပိုက်သည့် မျောက်မိုက်တို့ကို သွန်သင်ဆုံးမ နည်းညွှန်ပြမိခြင်းကြောင့် မိမိတို့၏ နေရာဌာနမှ အရပ်တပါး ပြေးသွားရသော ငှက်တို့၏အကြောင်းကား အဘယ်ကဲ့သို့ပါနည်းဟု ဟံသာ မင်းက မေးအပ်သည်ရှိသော် ဒီဃမုခမည်သော ဥဗျိုင်းသည် အောက်ပါ ပုံဝတ္ထုကို တင်လျှောက်ပြန်လေသည်။

ငှက်တို့နှင့် မျောက်တို့ဝတ္ထု

တရံရောအခါ **နမ္မဒါ** မြစ်ကမ်း၏ တောင်ဝှမ်း တောင်ခြေဖြစ်သော မြေအရပ်၌ အကိုင်းအခက်တို့ဖြင့် စည်ပင်ပြန့်ပြောသော **သာလမလီ**မည်သော သစ်ပင်ကြီးတပင် ရှိလေ၏၊ ထိုသစ်ပင်ကြီး၌ ထက်သောနှုတ်သီးဖြင့် ပြုလုပ် ဖန်ဆင်းအပ်သော ငှက်သိုက်၏ အတွင်း၌ ငှက်တို့သည် ချမ်းသာစွာ နေကြ ကုန်၏၊ ထိုသို့နေကြရာ တပါးသော မိုးလအခါ၌ တခဲနက် မဲမှောင်သော

တိမ်တိုက်တို့ဖြင့် ကောင်းကင်အလုံးကို ဖုံးလွှမ်းလျက် မိုဃ်းရည် မိုဃ်းပေါက် မစဲ တသဲသဲဖြင့် မိုဃ်းကြီး သည်းထန်စွာ ရွာသွန်းလေ၏၊ ထိုသို့ မိုဃ်းကြီး သည်းထန်စွာ ရွာသွန်းခြင်းကြောင့် ချမ်းအေးခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ခိုက်ခိုက်တုန်လျက် သစ်ပင်ရင်း၌ နေကြသော မျောက်တို့ကိုမြင်ကြရာ သနား ကြင်နာလှသဖြင့် ငှက်တို့သည် ဤသို့ ဆိုလေ၏ – "အိုမျောက်အပေါင်းတို့.... ကျွန်ုပ်တို့ ပြောဆိုသော စကားကို နာကြားကြပါဦးလေ့"ဟု ဆို၍ အောက်ပါ ဂါထာဖြင့် ရွတ်ဆိုမြွက်ဟ နည်းလမ်းပြကြကုန်၏။

၆။ အမှေဟိ နိမ္မိတာ နီဍ္ဍာ၊ စဉ္စုမတ္တာ တိဏေဟိ၀။
ဟတ္ထပါဒါဒိသံယုတ္တာ၊ တုမှေ ကိမဝသီဒထ။

အမှေဟိ၊ ခြေလက်အင်္ဂါ၊ ဗလာနတ္ထိ၊ နှုတ်သီးငယ်မျှသာ ရှိကြပါကုန် သော၊ ငါတို့ယခု၊ ငှက်အစုတို့သည်။ စဉ္စုမတ္တာ၊ သေးငယ်ဗလ၊ နှုတ်သီးမျှဖြင့်။ ဟရိတေဟိ၊ ခဏ-ခဏ၊ဆောင်ယူကြရကုန်သော။ တိဏေဟိ ၀၊ ကြိမ်ကြိမ်ခါခါ၊ မျှားစွာစုဆောင်း၊ မြက်ပင်ငယ်အပေါင်းတို့ဖြင့် သာလျှင်။ နီဍ္ဍာ၊ လေပြင်း မိုဃ်းကြမ်း၊ ဘေးဘျမ်းမဆိုက်၊ အလိုက်နေရန်၊ ဗိမာန်ဆိုထိုက်၊ ငှက်အသိုက် တို့ကို။ နိမ္မိတာ၊ အားထုတ်စီမံ၊ အတန်တန်ဖြင့်၊ ကြံဖန်မယွင်း၊ ဖန်ဆင်း ပြုလုပ် အပ်ကုန်၏။ ဟတ္ထပါဒါဒိ သံယုတ္တာ၊ ဆောက်လုပ်ရန်တွက်၊ စွမ်းအားထက်သည့်၊ လက်ခြေစတုံ၊အင်္ဂါစုံကြကုန်သော။ တုမှေ၊ သင်တို့စုရုံး၊ မျောက်အလုံးတို့သည်။ ကိံ ကာရဏာ၊ ဘယ်သို့ဖြစ်လား၊ အကြောင်းအားကြောင့်။ အဝသီဒထ၊ ငုတ်တုပ်ထိုင်ကာ၊ ငေးမှိုင်ပါလျက်၊ အိမ်ရာမဆောက်ဘဲ နေကြပါသနည်း။ ဝါ၊ ငုတ်တုပ်ထိုင်ကာ၊ ငေးမှိုင်ပါလျက်၊ ဝေဒနာခံစား၍ နေကြပါဘိသနည်း။

အဓိပ္ပါယ်။ ။ငုတ်တုပ် တွေးထိုင်လျက် ငေးမှိုင်ကာ နေကြသော အို မျောက်အပေါင်းတို့... ကျိုးကြောင်းစာနာ ငါတို့ကို စံတင်ပြီးလျှင် ဆင်ခြင် စဉ်းစားကြပါဦးလေ့၊ ငါတို့မှာ အင်္ဂါခြေလက် သက်သက် အလျှင်းမပါမရှိပါဘဲ လျက် ငှက်တို့၏သဘာဝ နှုတ်သီးငယ်ကလေး တခုမျှဖြင့် ခဏခဏ ဆောင် ကြဉ်း၍ အပြင်းစုဆောင်း ဆည်းပူးအပ်သော မြက်ပင် အပေါင်းတို့ဖြင့် အကြောင်းနှင့်တိုက်ဆိုင်က အလိုက်သင့် နေကြရန် ဗိမာန်သဖွယ် အသိုက်ငယ်တို့ ကို ကိုယ်စီ ကိုယ်ငှ ခဲယဉ်းစွာ ဖန်ဆင်းပြုလုပ်ပြီး ရှိကြပါသဖြင့် ယခုလို မိုဃ်းရွာ သောအခါ၌ အသိုက်၏အတွင်းမှာ ဆင်းရဲခြင်းမရှိ မိုဃ်းမထိ လေမခဘဲ ချမ်းသာစွာ နေကြရပေသေးသည်။ ထိုကဲ့သို့ အိမ်ရာဆောက်လုပ်ရန် မခဲခက် စွမ်းပကား ထက်မြက်သည့် ခြေလက်အင်္ဂါ အပြည့်အစုံပါကြသော သင်တို့မှာ ကား ပမာဏမလောက် အလွယ်ဖြင့် ဆောက်လုပ်၍ ဖြစ်မြောက်နိုင်ရန် ရှိပေ သည်။ သို့ဖြစ်ပါလျက် ဘယ်အတွက် အိမ်ရာမဆောက်လုပ်ဘဲ ငုတ်တုပ်ကြီး

တွေးထိုင်လျက် ငေးမှိုင်ကာ ဝေဒနာခံစား၍ နေကြကုန်ဘိသနည်း။ မိမိတို့ ချမ်းသာစွာ နေထိုင်ကြဘို့ ကိုယ်ပိုင် အဆောက်အဦ တခုစီ အသီးသီး စီမံပြုလုပ် ရန် သင့်လျော်ကြသည် မဟုတ်ပါလောဟု ဆိုလိုသည်။

ထိုစကားကို ကြားကြရာ မျောက်အပေါင်းတို့သည် ဒေါသခက်ထန်လျက် မျက်မာန်ပွါးတိုး ရန်ငြိုးဖွဲ့ကြကုန်သည်ဖြစ်၍" အလို....မိုးသည်းလေမတိုက် အသိုက် မြုံနန်း တိုက်ခန်း၏အတွင်း၌ ချမ်းသာစွာ နေရခြင်းကြောင့် မာန်တင်းတက်ကြွ သော အထက်က ငှက်အများသည် ငါတို့အား စကားတင်းဆို၍ ထင်သလို ရှုတ်ချကဲ့ရဲ့ခြင်းပြုကြသည် "ဟု ဆင်ခြင်ဉာဏ်နဲ ထင်အမြင်လွဲကြ၍ မိုးသဲစဲ အခါမှာပင် ချမ်းသာစွာ နေနှင့်ကြရော့ မိုးစဲမှ ဒို့အကြောင်းကို ကောင်း ကောင်းကြီး သိရမည်ဟု ကြိမ်းမောင်း၍ နေကြလေသည်။

ထို့နောက် များမကြာမီ မိုးရည်မိုးပေါက်တို့ ပပျောက်အလျှင်း မိုးစဲ ခြင်းသို့ ရောက်လတ်သော် မျောက်အများတို့သည် သစ်ပင်ဖျားသို့ တက်ကြ၍ ငှက်သိုက်တို့ကို ချိုးဖဲ့ ဖျက်ဆီးပြီးလျှင် ထိုငှက်တို့၏ အဥတို့ကိုလည်း မြေသို့ပစ်ချ ပေါက်ခွဲကြရာ ထိုဆရာလုပ်မှား ငှက်အများတို့သည် အရပ်တပါးသို့ ထွက်သွား တိမ်းရှောင်ကြရလေကုန်၏။

ထို့ကြောင့် ကျိုးကြောင်းဆင်ခြင် သိမြင်လိမ္မာသော သူကိုသာလျှင် ကောင်း ဆိုးညွှန်ပြ ဥပဒေသ ပေးရာ၏။ ပညာဉာဏ်ကင်း မိုက်-အ-ဖျင်း၍ အလျှင်း မလိမ္မာ သောသူကိုကား မည်သည့်အခါ၌မျှ ကောင်းဆိုးညွှန်ပြ ဥပဒေသ မပေးရာဟု ကျွန်တော်မျိုး တင်လျှောက်ပါသည်ဟု ဆိုလေ၏။

ဟသ်ာမင်း။ ။ထိုဥဒေါင်းမင်း၏ ခြွေရံ အစေခံ ငှက်အပေါင်းတို့သည် ဒေါသအမျက် ချောင်းချောင်းထွက်ကြသောအခါ သင်အား မည်သို့တဖန် အတုံ့အပြန် ပြောဆိုကြပါသနည်း။

ဒီဃမုခဥဗျိုင်း။ ။ထိုဥဒေါင်းမင်း၏ ခြွေရံ အစေခံ ငှက်အပေါင်းတို့သည် ကောင်းစွာ အမျက်ထွက်ကြသဖြင့် အဘယ်သူသည် ထိုဟသ်ာမင်းကို မင်း မြှောက်ပါသနည်း ဟု မေးမြန်း ပြောဆိုကြပါသည်။

ထိုသို့ ပြောဆိုရာ ကျွန်တော်မျိုးသည် ဒေါသပြင်းထန် သည်းမခံနိုင်လှ သဖြင့် "ဤသင်တို့၏ ဥဒေါင်းမင်းကိုလည်း အဘယ်သူသည် မင်းမြှောက်ပါ သနည်း" ဟု ပြန်လှန်မေးမြန်း၍ ပြောဆိုလိုက်ပါသည်။

သည်းခံသင့်သောအခါနှင့် ရဲစွမ်းပြသင့်သောအခါ

ထိုသို့ ပြောဆိုသော စကားကို ကြားကြသဖြင့် များစွာသော ငှက်တို့သည် ကျွန်တော်မျိုးကို သတ်ပုတ်ညှဉ်းဆဲအံ့သောငှါ လှုပ်လှုပ်ရွရွပြု၍ ထကြွ ပြင်ဆင် ကြပါသည်။ ထိုသို့ ပြင်ဆင်ကြသောအခါ ကျွန်တော်မျိုးသည်လည်း—

၇။ အညဒါ ဘူသနံ ပုံသံ၊ ခမာ လဇ္ဇေဝ ယောသာနံ။
ပရက္ကမော ပရိဘဝေ၊ ဝေယျတ္တံ သုရတေသွေဝ---

ဟု နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့် အညီ မိမိ၏ စွမ်းအားဗလ သတ္တိကို ပြရပါသည်။

ယောသာနံ၊ မိန်းမတို့အား။ အညဒါ၊ လင်ယောကျ်ားနှင့်၊ ပျော်ပါးမြူးတူး၊ အချစ်ကြူးသည်မှတပါး၊ အခြားသောကာလ၌။ လဇ္ဇာ၊ နူးညံ့မွေ့သိမ်၊ ဣန္ဒြေစောင့်ရှောက်၊ ရှက်ကြောက်ခြင်း အမူအရာသည်။ ဘူသနံ ဣဝ၊ တင့်တယ်လျောက်ပတ်၊ ကောင်းမြတ်သော တန်ဆာ ဖြစ်သကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ပုံသံ–ပုမာနံ၊ ယောကျ်ားတို့အား။ အညဒါ၊ မထိမဲ့လျှင်၊ ထင်အမြင်သေး၊ ဂုဏ်သိရ်မှေး၍၊ အရေးနိမ့်ကျသော၊ အခါမှတပါး၊ အခြားသူတို့၊ လေးမူခံ့ညား၊ ပမာဏထားကြသောကာလ၊ ခါသမယ၌။ ခမာ၊ တက်ကြွမထောင်၊ မာန်စောင်ပယ်ရှင်း၊ သည်းခံခြင်းသည်။ ဘူသနံ၊ လျောက်ပတ်တင့်တယ်၊ ဖွယ်ရာသော တန်ဆာပေတည်း။ ပရိဘဝေ တု၊ မထိမဲ့လျှင်၊ ထင်အမြင်သေး၊ ဂုဏ်သိရ်မှေး၍၊ အရေးနိမ့်ကျသောကာလ၊ ခါသမယ၌ကား။ ယောသာနံ၊ မိန်းမတို့အား။ သုရတေသု၊ လင်ယောကျ်ားနှင့်၊ ပျော်ပါးမြူးတူး၊ အချစ်ကြူးသောအခါ၌။ ဝေယျတ္တံ–နိလဇ္ဇံ၊ အလိုစရိုက်၊ လင့်အကြိုက်ကို၊ အလိုက်သင့်မြူ၊ အမူထင်လင်း၊ ရှက်အကြောက် လွတ်ကင်းလျက်၊ဘွင်းဘွင်းကြီး ပြုရခြင်းသည်။ ဘူသနံ ဣဝ၊ တင့်တယ်လျောက်ပတ်၊ ကောင်းမြတ်သော တန်ဆာဖြစ်သကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ပုမာနံ၊ ယောကျ်ားတို့အား။ ပရက္ကမော၊ မျက်နှာထားကောင်း၊ ရဲကြောင်းထင်လျား၊ ယောကျ်ားပြီသ၊ စွမ်းပကားပြခြင်းသည်။ ဘူသနံ၊ တင့်တယ်လျောက်ပတ်၊ ကောင်းမြတ်သော တန်ဆာပေတည်း။

အဓိပ္ပါယ်။ ။မိန်းမတို့အား မိမိ၏ လင်ယောကျ်ားနှင့် ပျော်ပါးမြူးတူး အချစ်ကြူးသည်မှတပါး အခြားသော အခါကာလတို့၌ နူးညံ့ သိမ်မွေ့စွာ ကာယိန္ဒြေကို စောင့်ရှောက်လျက် ရှက်ကြောက်ခြင်း အမူအရာနှင့် ငြိမ်သက်စွာ နေခြင်းသည် အလွန်လျှင် တင့်တယ်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော တန်ဆာကြီး ဖြစ်သကဲ့သို့ ထို့အတူ ယောကျ်ားတို့အားလည်း သူတပါးတို့သည် မိမိအား ရေးယူခံ့ညား အထက်တန်းထားကြ၍ လေးစားခြင်း ရှိကြသော ကာလ ခါသမယ၌ မိမိကိုယ်ကို ကောင်းစွာနှိမ့်ချလျက် မာန်မာနပယ်ရှင်း၍ သည်းခံခြင်း အမူအရာသည် လွန်စွာမှ လျောက်ပတ်၍ ကောင်းမြတ်တင့်တယ် ဖွယ်ရာသော တန်ဆာကြီး ဖြစ်ပေသည်။ ထိုသို့ မဟုတ်မူ၍ တပါးသူတို့သည် မိမိအား အထင်အမြင်သေးသဖြင့် အလေးမပြု ဂရုမထား အောက်တန်းစား အနေနှင့် မထီလေးစား နှိမ့်ချ၍ ထားကြသော အခါကာလ၌မူကား ဥပမာ

အားဖြင့် မိန်းမတို့အား လောကတံထွာ ဓမ္မတာအနှုန်း ကပ္ပါသူတို့ မမုန်း နိုင်သည့် လက်သုံးဓလေ့ မိမိ၏ လင်ယောကျ်ားနှင့် ပျော်မွေ့မြူးတူး အချစ်ကြူးကြသည်ကာလ ခါသမယ၌ လင်ယောကျ်ား၏ • အလိုအကြိုက်ကိုသာ အလိုက်သင့် မြှူပြီးလျှင် အမူထင်လင်း ရှက်အကြောက် လွတ်ကင်းလျက် လိုရာကိုအပ်နှင်း၍ ဘွင်းဘွင်းကြီး ပြုစုခြင်းသည် လွန်မင်းစွာ လျောက်ပတ်၍ ကောင်းမြတ် တင့်တယ်ဖွယ်ရာသော တန်ဆာကြီး ဖြစ်သကဲ့သို့ ထို့အတူ တပါးသူတို့၏ မျက်မှောက်၌ မကြောက်မရှ နောက်မတွန့်ဘဲ ရဲဝံ့စွာ ဟန်ခင်းလျက် မာန်တင်း တက်ကြွ စွမ်းပကား ပြခြင်းသည် ယောကျ်ားတို့ အား တင့်တယ်လျောက်ပတ် ကောင်းမြတ်ဖွယ်ရာသော တန်ဆာကြီးဖြစ် ပေသည် ဟူလို။

မိမိနှင့်သူတပါးတို့၏ စွမ်းအားကို သိသင့်ပုံ

ထိုသို့ တင်လျှောက် ပြောဆိုရာ ဟံသာမင်းသည် ပြုံးရယ်လျက် အောက်ပါ ဂါထာကို မိန့်ဆို ပြောပြလေ၏။

ဂ။ အတ္တနော စ ပရေသဥ္စ၊ ယော သမိက္ခ ဗလာဗလံ။
အန္တရံ နေဝ ဇာနာတိ၊ သ တိရက္ကာယတေရိဘိ။

ယော၊ အကြင် မြော်မြင်ဉာဏ်ကင်း၊ စဉ်းစားခြင်း မရှိသော သူသည်။ အတ္တနော စ၊ မိမိ၏လည်းကောင်း။ ပရေသဥ္စ၊ ကိုယ့်ကိုရန်မူ၊ တပါးသူတို့၏ လည်းကောင်း။ ဗလာဗလံ၊ စွမ်းအားသတ္တိ၊ ရှိ,မရှိကို။ သမိက္ခ၊ ကောင်းစွာ အထူး၊ စူးစမ်းမြော်မြင်၊ ရှုဆင်ခြင်၍။ အန္တရံ၊ ကိုယ်နှင့်သူတပါး၊ နှစ်ဦးသား တို့၏၊ ထူးခြားသောသတ္တိကို။ နေဝ ဇာနာတိ၊ ကျနကေန်၊ အမှန်ကိုမသိတတ်။ တတော၊ ထိုသို့ ဆင်ခြင်၊ မသိမြင်သောကြောင့်။ သ—သော၊ ထိုကိုယ်နှင့်သူ အား၊ နှစ်ပါးချိန်ဟပ်၊ မသိတတ်သောသူကို။ အရိဘိ၊ ကိုယ်ထက်ပိုလွန်၊ သတ္တိ ချွန်၍၊ အားခွန်ပြောထူ၊ ကိုယ့်ရန်သူတို့သည်။ တိရက္ကာယတေ၊ လွှမ်းမိုးနှိပ်စက်၊ ဖျက်ဆီးအပ်၏။

အဓိပ္ပါယ်။ ။အမြော်အမြင် ဆင်ခြင်ဉာဏ်ကင်း စဉ်းစားခြင်း မရှိသော သူသည် မိမိနှင့် သူတပါးတို့၏ အချင်းချင်း ထူးခြားသည့် စွမ်းပကား သတ္တိကို မည်သူက လျော့သည်သာသည်ဟူ၍ နေရာကျ မသိပါဘဲလျက် မိုက်ရူးရဲ အရမ်း ကြံခဲ့ပါလျှင် စွမ်းအင်ပိုလွန် သတ္တိချွန်သည့် အားခွန်ပြောထူ ကိုယ့်ရန်သူတို့က မလူနိုင်အောင် ဖိစီးနှိပ်စက်၍ အချည်းနှီး ဖျက်ဆီးခြင်းကို ခံရတတ်ချေသည် ဟူလို။

ထိုမှ တပါးလည်း မိမိအခြေအနေဖြင့် ဣန္ဒြေမပျက် ငြိမ်သက်စွာ မနေဘဲ လျက် နှုတ်မြွက်မိမှားသဖြင့် တဖက်သား ကိုယ့်အဌာကို သေချာစွာ သိသည့်

အတွက် အသက်သေဆုံးဘူးသော ထုံးဟောင်းကို ထပ်လောင်း၍ ပြပြန်လိုသည် ဖြစ်၍ **သုစိရံ ဟိ** အစရှိသော ဂါထာကို ရွတ်ဆို ပြောပြပြန်လေ၏။

၉။ သုစိရံ ဟိ စရံ နိစ္စံ၊ ခေတ္တေ သဿမဗုဒ္ဓိမာ။
ဒီပိစမ္မပရိစ္ဆန္နော၊ ဂိရာယ ဂဒြဘော ဟတော။

ဒီပိစမ္မပရိစ္ဆန္နော၊ သစ်ရေလွှမ်းရုံ၊ ကိုယ်လုံးခြုံလျက်။ သုစိရံ ဟိ—သုစိရံဝေ၊ ကာလနေ့ရက်၊ ဆက်ကာ ဆက်ကာ၊ ရှည်မြင့်စွာသာလျှင်။ နိစ္စံ၊ အမြဲ။ ခေတ္တေ၊ လုပ်ဆောင်စိုက်ခင်း၊ လယ်မြေတွင်း၌။ သဿံ၊ သီးနှံအမျှား၊ ကောက်စပါးကို။ ခါဒိတွာ၊ မဖမသွား၊ အမြဲစား၍။ စရံ—စရန္တော၊ အစဉ်မပြတ်၊ လှည့်ပတ်သွား လာလျက်နေသော။ အဗုဒ္ဓိမာ၊ ဆင်ခြင်ဉာဏ်ယွင်း၊ အသိကင်းသော။ ဂဒြဘော၊ ကျားသစ်အယောင်၊ ဟန်ဆောင်ပြုလိုက်၊ မြည်းအမိုက်ကို။ ဂိရာယ၊ အသံပြု ငြား၊ အမြည်မှားသောကြောင့်။ သဿရက္ခကေန၊ ပျိုးပင်ကောက်ပင်၊ အစဉ် စောင့်ငြား၊ လယ်သမားသည်။ ဟတော၊ ဇီဝိန်အသက်၊ ခန္ဓာပျက်အောင်၊ ရိုက်နှက်ပုတ်ခတ်၊ သတ်ဖြတ်အပ်လေပြီ။

ထိုသို့ ပြောဆိုရာ"အသံပြုမှားသောကြောင့် လယ်သမား ရိုက်နှက်၍ မြည်း မိုက်သေရပုံ အကြောင်း အတ္ထုပ္ပတ် အကျယ်ကား အဘယ်ကဲ့သို့ပါနည်း"ဟု ဥဗျိုင်းက မေးလေသော် ဟသ်ာမင်းသည် အောက်ပါ ပုံဝတ္ထုကို ပြောကြား လေ၏။

မြည်းမိုက်၏ ဝတ္ထု

ရှေးလွန်လေပြီးသောအခါ **ဟတ္ထိနာ**မည်သော မြို့၌ **ဝိလာသ**မည်သော ခဝါ သည် တယောက် ရှိလေ၏။ ထိုခဝါသည်၏ မြည်းသည် အလွန်လေးလံသော ဝန်တို့ကို သည်ပိုး ဆောင်ရွက်၍သာ နေရရှာသဖြင့် သေလုနီးပါး အင်အား ဆုတ်ယုတ်လှသောကြောင့် ခဝါသည်သည် ထိုမြည်းကို ကျားသစ်ရေဖြင့် တကိုယ်လုံး ဖုံးအုပ်လျက် တော၏အနီးရှိ တခုသော လယ်ခင်း၌ လွှတ်လိုက် လေ၏။ ထိုသို့ ကျားသစ်ရေဖြင့် ဖုံးအုပ်၍ ထားသောကြောင့် အဝေးမှမြင်ကြ လျှင် လယ်ရှင်ယောကျ်ား အခင်းစောင့်သမားတို့သည် ကျားဟု ထင်မှတ်ကြ၍ လျင်မြန်စွာ ထွက်ပြေး တိမ်းရှောင်ကြလေကုန်၏။

ထို့နောက် တနေ့သ၌ တယောက်သော အခင်းစောင့်ယောကျ်ား လယ်သ မားသည် မြေမှုန့်၏အရောင်ကဲ့သို့ ဖြော့တော့သော အဆင်းရှိသော ကမ္ဗလာဖြင့် ပြုလုပ်အပ်သော အခြုံနှင့်တကွ လေးမြှားတို့ကို အသင့်စီမံ ပြင်ဆင်၍ ကိုယ်ကို အနည်းငယ် ကုန်းကွလျက် တခုသော အထောင့်၌ မြည်းမ၏ အယောင် ဟန် ဆောင်၍ နေလေ၏။

ထိုနောက် မြည်းသည် ထိုကမ္ဗလာအခြုံကို ခြုံလျက် ကုန်းကွ၍နေသော ယောကျ်ားကို အဝေးမှ မြင်လေလျှင် ဤ အဝေးမှ မြင်ရသော အရာသည်ကား အခြားမဟုတ် မိမိကိုယ်ကို အရေးယူ၍ မွေးမြူအပ်သဖြင့် သပ်ရပ်ပြေပြစ်သော ခြေလက်အင်္ဂါလည်းရှိ အလိုအတိုင်း ကောက်တို့ကို စားရသဖြင့် ခွန်အားဗလ နှင့်လည်း ပြည့်ဝသော မြည်းမပါတကားဟု အောက်မေ့မှတ်ထင် နှလုံးရှင်လှ သဖြင့် ဘဝင်မြူးကာ ကျယ်စွာသောအသံဖြင့် မြည်ဟီးလျက် ထိုအရပ်သို့ ရှေးရှု ပြေးသွားလေ၏။ ထိုသို့ ပြေးသွားသောအခါ ပျိုးစောင့်ယောကျ်ား လယ် သမားသည် "ကျီ" ဟု အော်မြည်သံဖြင့် ဤ တိရစ္ဆာန်သည်ကား ဧကန် ကျား မဟုတ် မြည်းသာတည်းဟု ဆုံးဖြတ်၍ ရှင်မြူးအားရလျက် ချုံကြားမှ ထွက်ပြီး လျှင် အသက်ကို စီရင်လေ၏။ ထို့ကြောင့် **သုစိရံ ဟိ စရံ နိစ္စံ** အစရှိသော စကား ကို ငါဆိုခဲ့ပေသည်ဟု ပြောဆိုလေ၏။

ထိုသို့ ဟံသာမင်း၏ ပြောဆိုသည်၏ အဆုံး၌ ဥဗျိုင်းက ဆက်၍ တင် လျှောက်ပြောဆိုပြန်သည်မှာ ထိုသို့ ကျွန်တော်မျိုးသည် သတ္တိအင်အား စွမ်း ပကားကို ပြသောအခါ ငှက်အပေါင်းတို့သည် ကျွန်တော်မျိုးအား "ဟယ် မိုက်မဲယုတ်မာသော ဥဗျိုင်း....သင်သည် ငါတို့၏နိုင်ငံနယ်ပယ်၌ လှည့်လည် စားသောက်လျက် ငါတို့၏ အရှင်သခင်ကို ကဲ့ရဲ့ရှုတ်ချဘိ၏။ ထို ယုတ်မာသော အမူအရာကို ယခုအခါ ငါတို့သည် မခံအပ် မခံနိုင်"ဟု ဆို၍ ငှက်အားလုံးတို့ သည် စုရုံး၍ ထက်စွာသော နှုတ်သီးတို့ဖြင့် ထိုးဆိတ်ကြပြီးလျှင် ပြင်းထန်သော ဒေါသဖြင့် ပြောဆိုကြပြန်သည်မှာ "ဟယ် မိုက်မဲယုတ်မာသော ဥဗျိုင်း....ကြည့် ရှုဆင်ခြင်ဦးလော့၊ သင်၏ အရှင်ဖြစ်သော ထို ဟံသာမင်းသည် အရာခပ်သိမ်း၌ သိမ်ငယ်နုန့်နှေး အရှိန်သေးခဲ့၏။ ထိုဟံသာမင်းအား တိုင်းပြည်ရပ်ဌာန် နိုင်ငံ အလုံးကိုသိမ်းကျုံးလွှမ်းမိုး၍အုပ်စိုးနိုင်သောအဓိပတိသဘောမရှိ။အမှန်တကယ် သိမ်ငယ်နုန့်နှေး အရှိန်သေးခြင်းကြောင့် မကြီးမကျယ် အနည်းငယ်လောက် လက်ဝယ်ရောက်ပြီးသော စည်းစိမ်ဥစ္စာကိုမျှ စောင့်ရှောက် ထိန်းသိမ်းခြင်းငှါ တတ်နိုင်မည်မဟုတ်ပါဘဲလျက် အဘယ်မှာလျှင် ထိုနိုင်ငံမြေ အားလုံးကို သိမ်း ကျုံးအုပ်ချုပ် မင်းလုပ်၍ ဆုံးမသြဝါဒ ပေးနိုင်ပါမည်နည်း၊ ထို ဟံသာ၏ နိုင်ငံ သည်လည်း အဘယ်သို့သော နိုင်ငံမျိုးပါနည်း၊ စင်စစ်မှာမူကား နိုင်ငံမဟုတ်၊ သေးငယ်သော အရပ်ဒေသကလေးမျှသာဖြစ်သည်၊ သင်သည်လည်း ရေတွင်း ၌သာ နေထိုင်ကြီးပွါးရသော ဘားနှင့်တူ၏။ ထို့ကြောင့်ပင်လျှင် သင်သည် မိမိ၏ သေးငယ်သော အရပ်ဒေသကိုပင် အကြီးအကျယ်ပြုလုပ်၍ ညွှန်ပြပြော ဆိုဘိ၏၊ ထို့ထက်တဖန် နာခံမှတ်သား၍ ဥပဒေသ စကားများကို ကြားနာ ဦးလော့" ဟု ဆိုပြီးလျှင် အောက်ပါဂါထာကို ရွတ်ဆိုကြပြန်လေ၏။

ဘုန်းရှိသူကိုသာ မှီခိုနေသင့်ပုံ

၁၀။ သေဝိတဗ္ဗော မဟာရုက္ခော၊ ဖလစ္ဆာယာသမန္ဒိတော။
ယဒိ ကမ္မဖလံ နတ္ထိ၊ ဆာယာ ကေန နိသေဝိတာ[၁]။

ဖလစ္ဆာယာသမန္ဒိတော၊ သီးရိပ်ဆာယာတို့နှင့်၊ ကောင်းစွာ ပြည့်စုံသော။ မဟာရုက္ခော၊ စည်ပင်ပေါကြွယ်၊ တင့်တယ်ခိုင်ဖြိုး၊ သစ်ပင်ကြီးကို။ သေဝိ-တဗ္ဗော၊ ခိုလှုံဆည်းကပ်၊မှီဝဲအပ်၏။ကမ္မဖလဥ္စ၊ ရှေးအကြောင်းကံ၊ ပြုစီမံသည့်၊ ကံ၏အကျိုး၊ ဘုန်းတန်ခိုးဟု၊ အသီးစုသည်။ ယဒိ နတ္ထိ၊ အကယ်၍ကား၊ မရှိငြားအံ့။ ဧဝံ သတိ၊ ဤသို့ ကံ၏အကျိုး၊ တန်ခိုးချတ်ယွင်း၊ အသီးကင်းခဲ့ပါမူ။ ကေန၊ အဘယ်သူသည်။ ဆာယာ၊ အသီးမဖက်၊ရိပ်သက်သက်ကို။ နိသေဝိတာ၊ လာရောက်တစေ၊ခိုလှုံနေပါအံ့နည်း။

အဓိပ္ပါယ်။ ။အကိုင်းအခက် အရွက် အရိပ်တို့နှင့်လည်းကောင်း, အသီး အပွင့်တို့နှင့်လည်းကောင်း ပြည့်စုံဝေဆာ၍ ကောင်းစွာ တင့်တယ်ဖွယ်ရာသော သစ်ပင်ကြီးကိုသာ စောင့်ရှောက်သိမ်းဆည်း၍ ခိုမှီးကာ နေထိုင်အပ် နေထိုင်ထိုက်၏။ အသီးအပွင့်မဖက် အရိပ်သက်သက်သာရှိသော သစ်ပင်ကိုမူကား အပွင့် အသီး တည်းဟူသော အကျိုးကို မမှီခို မသုံးစွဲရသည့်အတွက် အဘယ်သူသည် ၎င်းသစ်ပင်ကို ပိတ်ပင်တားဆီး သိမ်းဆည်း စောင့်ရှောက်လျက် လာရောက်တစေ အမြဲနေပါတော့အံ့နည်း၊ မည်သူမှ မနေပေရာ။ ထို့အတူ ရှေးရှေးသော ဘဝအစုတို့က ပြုခဲ့ဘူးသော ကောင်းမှု၏အကျိုးတည်းဟူသော ဘုန်းတန်ခိုးရှိန်စော် အာနုဘော်နှင့် ပြည့်စုံသော သူကိုသာလျှင် ထိုသူ၏ ဘုန်းတန်ခိုးကို ဆည်းကပ် ခိုကိုးရသဖြင့် မှီဝဲကျိုးနပ်သောကြောင့် ထိုကဲ့သို့ သော သူကိုသာလျှင် ဆည်းကပ်မှီဝဲ၍ အမြဲနေထိုက်ပေသည်၊ ကံ၏အကျိုး တည်းဟူသော ဘုန်းတန်ခိုးရှိန်စော် အာနုဘော် ကင်းမဲ့သော သူကိုမူကား အလျှင်းမမှီခိုထိုက် မမှီခိုသင့်ပေ ဟူလို။

ယုတ်သူကိုကြဉ် မြတ်သူကိုယှဉ်

ထို့ပြင် တည်မှီရာ အသရေမရှိက တည်နေသည့် ဝတ္ထုမှာ မျှားသူငါ ထင် အမြင်နုပ်ပြီးလျှင် ယုတ်ညံ့သည်၏အဖြစ်သို့ ရောက်ရပုံကို ထုံးပုံနှင့်တကွ ညွှန်ပြ ပြောဆိုလိုသည်ဖြစ်၍ **ဟီနသေဝါ န ကာတဗ္ဗာ** အစရှိသော ဂါထာကို ရွတ်ဆို ပြောကြားကြပြန်လေ၏။

၁။ နိဝါရယျတေ-ဟု ရှိကြပြီးလျှင် (ကံကြောင့် အသီးမရှိနှင့်ဦးတော့ အရိပ်ကိုကား အဘယ်သူ တားမြစ်နိုင်အံ့နည်း)ဟူသော အနက်ကိုလည်း ပေးကြသေး၏။

၁၁။ ဟီနသေဝါ န ကာတဗ္ဗာ၊ ကာတဗ္ဗော မဟန္တာသယော။
ပယောပိ သောဏ္ဍိကီဟတ္ထေ၊ ဝါရုဏီတျဘိဓိယတေ။

ဟီနသေဝါ၊ စည်းစိမ်တန်ခိုး၊ အမျိုးဂုဏ်သိရ်၊ အရှိန်သေးနုပ်၊ မှိန်မေး ယုတ်သောသူကို၊ မှီခိုမလပ်၊ ဆည်းကပ်ခြင်းအမှုကို။ န ကာတဗ္ဗာ၊ ပြုရန်မဖွယ်၊ မတင့်တယ်ပေ။ မဟန္တာသယော၊ မြင့်မြတ်ကြက်သရေ၊ အထွေထွေနှင့်၊ အခြေ အနေရှိသော သူကို၊ မှီခိုမလပ်၊ ဆည်းကပ်ခြင်းအမှုကို။ ကာတဗ္ဗော၊ ပြုရန် လျောက်ပတ်၊ လွန်သင့်မြတ်၏။ သောဏ္ဍိကီဟတ္ထေ၊ အရက်ကဇော်၊ လှော်ဇာ ဖောက်ပျိုး၊ ယစ်မျိုးရောင်းချသော မိန်းမ၏လက်၌။ ပယောပိ၊ နွားမမှုညှစ်၊ နွားနို့စစ်ကိုသော်လည်း။ ဝါရုဏီတိ၊ ကေန်မုဘျ၊ သံသယမဖက်၊ အရက်ပင် တည်းဟူ၍။ အဘိဓိယတေ၊ ရှေးရှေးအစဉ်၊ ယခင်ကာလ၊ မြင်နေကျသဘော ကြောင့်၊ ပြောဆိုပေရာ၏။

အဓိပ္ပါယ်။　။လောက၌ စည်းစိမ်တန်ခိုး အမျိုးဂုဏ်သိရ်အားဖြင့် အောက် ကျနောက်ကျ ယုတ်နိမ့်လှသောသူအား အမှီတကဲ သဟဲပြုလုပ်ခြင်းအမှုကို အလျှင်းမပြုသင့်ပေ၊ စည်းစိမ်တန်ခိုး အမျိုးဂုဏ်သိရ်တို့ဖြင့် အရှိန်မြင့်မြတ် လျက် တင့်အပ်သောကြက်သရေ အထွေထွေတို့နှင့် အခြေအနေရှိသောသူကိုသာ လျှင် အမှီတကဲ သဟဲပြုလုပ်ခြင်းအမှုကို ပြုသင့်ပေသည်။ အဘယ်ကြောင့်နည်း ဟူမူ စည်းစိမ်တန်ခိုး အမျိုးဂုဏ်သိရ်တို့ဖြင့် အောက်ကျနောက်ကျလှသောသူကို ခိုကိုးမလပ် ဆည်းကပ်မှီဝဲ၍ သဟဲပြုလုပ်ကာ နေထိုင်ခဲ့ပါလျှင် ဂုဏ်သိရ်တန်ခိုး မတိုးတက်သည့်ပြင် မိမိ၌ ရှိရင်းဖြစ်သော တန်ခိုးဂုဏ်သိရ်တို့သော်မှ ညှိုးမှိန် ပပျောက်၍ အောက်တန်းစားအခြေသို့ ကျရောက်ရပေသည်။ ဥပမာအားဖြင့် နွားမမှုညှစ်သော နွားနို့အစစ် အမှန်ပင်ဖြစ်သော်လည်း အရက်ကဇော် လှော် ဇာဖောက်ပျိုး၍ ယစ်မျိုး ရောင်းနေကျဖြစ်သော ဘုံဆိုင့်ရှင်မိန်းမ၏ လက်၌ တည်ပါမူ ရှုမြင်သူအပေါင်းက ရောင်းသမျှအစဉ်စဉ်မှ မြင်နေကျအတွက်ကြောင့် အိုးခွက်နှင့် ပုလင်းကိုပြကာမျှဖြင့် အတွင်းက ပါသမျှမှာ ကေန္တ ကဇော်အရက် ပင်တည်း ၊ မည်သည့်နည်းနှင့်မျှ နွားနို့ ဟု မထင်မှတ်ဘဲ အတပ်စွဲ၍ ပြောဆို အပ်သကဲ့သို့ ဖြစ်ပေသည်ဟူလို။

ယုတ်နိမ့်သူမှီတွယ်က မြင့်မြတ်သူသိမ်ငယ်တတ်ပုံ

ထို့ပြင် တည်မှီရာသေးသိမ်၍ ဂုဏ်အရှိန်နည်းပါးမှု တည်တတ်သူ ဂုဏ်မထင် ဘဲ ရှိရင်းစွဲပပျောက်၍ သေးသိမ်ခြင်းသို့ ရောက်ရပုံကို ဥဒါဟရုဏ်နှင့် တကွ ပြပြန်လိုသည်ဖြစ်၍ မဟာဥ္မောပျပ္ပတ် ယာတိ အစရှိသော ဂါထာကို ရွတ်ဆိုပြော ကြားကြပြန်သတည်း။

အပရဥ္စ—

၁၂။ မဟာန္တောပျပ္ပတံ ယာတိ၊ နိဂုဏော ဂုဏဝိတ္ထာရော။
အာဓာရာဓေယဘာဝေန၊ ဂဇေန္ဒြော ဣဝ ဒပ္ပဏော။

အပရဥ္စ၊ ထိုမှတပါး၊ အခြားမှတ်ဖွယ်၊ ဥပါယ်တပါးတို့လည်း။ နိဂုဏော၊ ဂုဏ်သိရ်အသရေ၊ အခြေကင်းလတ်သော၊ ဆည်းကပ်မှီဝဲ၊ တည်မြဲရာဌာနဉ္စ။ မဟန္တော၊ ကြီးမားပေါယယ်၊ အပြောကျယ်သော။ ဂုဏဝိတ္ထာရောပိ၊ မူလကိုယ်မှာ၊ များစွာရှိဟောင်း၊ ဂုဏ်သရေအပေါင်းသည်လည်း။ အပ္ပတံ၊ သေးသိမ်ရှိရှား၊ နည်းပါးသည်၏ အဖြစ်သို့။ ယာတိ၊ စင်စစ်မသွေ၊ ရောက်တတ်ချေ၏။ ကိမိဝ၊ နှိုင်းဆသိဖွယ်၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ အာဓာရာဓေယဘာဝေန၊ တည်ရာတည်တတ်၊ နှစ်ပါးဟပ်သည်၏ အဖြစ်ကြောင့်။ ဒပ္ပဏော၊ တည်ရာရိပ်ထင်၊ ကြေးမုံပြင်၌။ ဂဇေန္ဒြော၊ မြင့်မြတ်ကိုယ်ကောင်၊ အသွင်ဆောင်သည့်၊ ဆင်ပြောင်ရာဇာ၊ ကြီးကျယ်စွာသည်။ အပ္ပတံ၊ သေးငယ်အမြင်၊ အရိပ်ထင်သည်၏ အဖြစ်သို့။ ယာတိ ဣဝ၊ အခြေခံပျောက်၊ သေွလှန်ဖောက်သဖြင့်၊ ကေန်ရောက်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။ဂုဏ်ဒြပ် သေးသိမ်၍ အရှိန်အစော် လွတ်ကင်းလျက် ညံ့ဖျင်း ယုတ်နိမ့်သော ပုဂ္ဂိုလ်နှင့် ညံ့ဖျင်း ယုတ်နိမ့်သော ဌာနအရပ်တို့၌ ဆည်းကပ်အမြဲ မှီဝဲ၍နေပါမူ ဂုဏ်သိရ်တန်ခိုး ကြက်သရေတိုးမည်ကို မဆိုထားဘိ မိမိ၌ ရှိရင်းစွဲအရှိန် ကြီးကျယ်စွာသော ဂုဏ်သိရ်တို့သည် တိမ်ကောပပျောက် သေးသိမ်ခြင်းသို့ ရောက်တတ်ပေရာသည်၊ ဥပမာအားဖြင့်ဆိုသော် ကြီးကျယ်လှစွာသော ဒြပ်ကိုယ်ကောင်ရှိသော ဆင်ပြောင်ကြီးသော်မှလည်း တည်မှီရာဖြစ်သော သေးငယ်လှစွာသော ဖိုတိုခွက်ပုံနှင့် ကြေးမုံပြင်တို့၏ အတွင်း၌ သေးငယ်သော အရိပ်ထင်ခြင်းသို့ ရောက်ရာသကဲ့သို့ ဖြစ်ပေသည်။ ထို့ကြောင့် ယုတ်နိမ့် ညံ့ဖျင်းသော ပုဂ္ဂိုလ်နှင့် ယုတ်နိမ့် ညံ့ဖျင်းသော နေရပ်တို့ကို မှီခိုဆည်းကပ်၍ အမြဲ မနေအပ်ပေ ဟူလို။

ဘုန်းရှင်ကိုညွှန်ပြရုံဖြင့် အကျိုးကိစ္စပြီးနိုင်ပုံ

ထို့ပြင် ဘုန်းတန်ခိုးရှိန်စော် အာနုဘော် ကြီးမားသော ဘုရင်မင်းမြတ်၏ အကြောင်းကို ကောင်းစွာ ညွှန်ပြ ပြောဆိုကာမတ္တဖြင့် လိုသမျှ ပြီးမြောက်၍ အထူးသဖြင့် ခရီးရောက်ပုံကို ဥဒါဟရုဏ် ပုံပြင်ဝတ္ထုနှင့်တကွ ကျနစွာ ပြောဆိုလိုသည်ဖြစ်၍ ဤဆိုလတ့်သော ဂါထာကို ဆိုကြပြန်လေ၏။

၁၃။ ဗျပဒေသေပိ သိဒ္ဓိ ဟော-တီတိသက္တေ နရာဓိပေ။
သသိနော ဗျပဒေသေန၊ ဝသန္တိ သသကာ သုခံ။

နရာဓိပေ၊ လူတို့ဓိပတိ၊ သမ္ဘုတိနတ်၊ မင်းမြတ်ဘုရင်၊ ပြည့်အရှင်သည်။ အတိသက္ကော၊ ဘုန်းရှိန်မောက်ဖွိုး၊ ကဲလွှမ်းမိုးလျက်၊ တန်ခိုးတေဇာ၊ အာဏာသတ္တိ၊ ရဲရဲငြိသည်။ သတိ၊ ရှိသော်။ ဗျပဒေသေပိ၊ ထိုမင်းနှင့်စပ်၍၊ လှည့်ပတ်စကား၊ ညွှန်ကြားပြောဆိုကာမျှ၌လည်း။ သိဒ္ဓိ၊ အကျိုးပြီးမြောက်၊ လိုတိုင်းပေါက်သည်။ ဟောတိ၊ မချွတ်မလွဲ၊ အမြဲမသွေ၊ ဖြစ်တတ်ပေ၏။ သသိနော၊ ယုန်တံဆိပ်ခတ်၊ မိုဃ်းရပ်အာကာ၊ အဇဋ္ဌာမှ၊ ကပ္ပါကြက်သရေ၊ တောက်ထွန်းပေသော၊ ရွှေလမင်းကြီး၏။ ဗျပဒေသေန၊ အမည်နာမ၊ ညွှန်ပြလှည့်စား၊ လုံးလုံးကြွားသဖြင့်။ သသကာ၊ ရှိုမြောင်အကြား၊ တောဖျားခိုအောင်း၊ ယုန်ငယ်အပေါင်းတို့သည်။ သုခံ၊ ကိုယ်စိတ် ချမ်းသာ၊ နှစ်ဖြာသုခ၊ ခံစံကြလျက်။ ဝသန္တိ၊ ပျော်ပျော် ရွှင်ရွှင်၊ မြိုင်တခွင်မှာ၊ အစဉ်ထာဝရ၊ နေထိုင်ကြရကုန်၏။

ထိုသို့ ပြောဆိုကြသောအခါ ဤယုန်ငယ်တို့ လမင်း၏ အမည်နာမကို ညွှန်ကြား ပြောဆိုကာမျှဖြင့် အကျိုးပြီးမြောက် လိုတိုင်းပေါက်ကြပုံ အကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု ကျွန်တော်မျိုးက မေးမြန်းသောအခါ ငှက်အပေါင်းတို့က ဤဆိုလတံ့သော ဝတ္ထုကို ပြောဆိုကြပါသည်။

ဆင်နှင့် ယုန်ဝတ္ထု

တရံရောအခါ မိုဃ်းဥတုပင် ဖြစ်သော်လည်း မိုဃ်းခေါင်းပါးသောကြောင့် အလွန်တရာ ရေမွတ်သိပ်သော ဆင်အပေါင်းတို့သည် ရွှေဆောင်အုပ်စီး ဖြစ်သော ဆင်ပြောင်ကြီးကို ဤသို့ ပြောဆိုကြလေ၏ - "ဆင်အပေါင်းတို့၏ မှီခိုအားထားရာဖြစ်သော အရှင်ဆင်မင်း....ကျွန်ုပ်တို့ အသက်ရှင်ခြင်း၏ အကြောင်းကား အသို့ပါနည်း၊ အသို့လျှင် ကျွန်ုပ်တို့ အသက်ရှင်ကြရပါအံ့နည်း၊ ဤအရပ်၌ ငယ်သောသတ္တဝါတို့အား ရေချိုးသောက်ရန် ဌာနရှိပေ၏၊ အကျွန်ုပ်တို့မှာမူကား ရေချိုးသောက်ရန် ဌာနမရှိခြင်းကြောင့် သူကန်းကဲ့သို့ ဖြစ်ကြရချေပြီ၊ မည်သည့်အရပ်သို့ သွားကြရပါမည်နည်း၊ မည်သို့ ပြုလုပ်ကြရပါမည်နည်း"ဟု ပြောဆိုကြလေ၏။

ထိုသို့ ပြောဆိုကြရာ ဆင်မင်းသည် ဆင်အပေါင်းနှင့်တကွ မနီးမဝေးသော အရပ်သို့ သွား၍ ကြည့်ရှုရှာဖွေလေသော် ညစ်ကြေးမရှိ ပကတိ သန့်ရှင်း ကြည်လင်သော ရေအိုင်တခုကို တွေ့မြင်လေ၏။ ထိုသို့ တွေ့မြင်သဖြင့် ထိုရေအိုင်ကိုပင်လျှင် အမှီပြု၍ နေထိုင်ကြရာ နောက် ရက်အနည်းငယ် လွန်လေသော် ထိုရေအိုင်ကမ်းရံ၌ နေထိုင်ကြသော ယုန်ငယ်တို့သည် ဆင်တို့၏ ခြေလက်တို့ဖြင့် နင်းနယ်ထိပါးသဖြင့် မှုန့်မှုန့်ညက်ညက် ကြေပျက်၍ များစွာ အသက်ဆုံးရှုံးကြလေ၏။ ထို့နောက် သိလိမုခ မည်သော ယုန်တကောင်သည် ယုန်အပေါင်းတို့

အား ဤသို့ ပြောကြားလေ၏၊ ဤဆင်အပေါင်းသည် ရေမွတ်သိပ်ခြင်းဖြင့် ချောက်ချား အပ်သည်ဖြစ်၍ နေ့စဉ်ရက်တိုင်း ဤရေကန်သို့ မချွတ်လာရာ၏၊ ထိုသို့လာကြရာ၌ ငါတို့အမျိုးသား ယုန်သူငယ်အများတို့သည် ပျက်စီးဆုံးရှုံး ကြကုန်လတံ့၊ ဤသို့ ဆိုလေသော် ဝိဇယ မည်သော အသက်အရွယ် ကြီးရင့်သော ယုန်တကောင်သည် မစိုးရိမ် မပူပန်ကြကုန်လင့်၊ ဤဘေးရန်ကို ပပျောက်ပြေငြိမ်းရန် ငါအားထုတ်ပြုလုပ်မည်ဟု ဝန်ခံ၍ သွားလေ၏။

ညှဉ်းဆဲတတ်သော သတ္တဝါ ၄-မျိုး

ထိုသို့သွားစဉ် ကြံစည်ပြန်သည်မှာ အဘယ်သို့သော အစီအရင်ဖြင့် ငါသည် ဆင်အုပ်၏အနီး၌ တည်၍ ပြောဆိုရအံ့နည်း၊ အကြောင်းမူကား—

၁၄။ ဂဇော ဟနတိ သမ္ဖဿံ၊ ဃာယမာနော ဘုဇင်္ဂမော။
ပါလယံ အပိ ဘူပါလော၊ ပဟာသံ အပိ ဒုဇ္ဇနော။

ဂဇော၊ ဆင်သည်။ သမ္ဖဿံ–သမ္ဖဿန္တောပိ၊ အနီးယှဉ်စပ်၊ တွေ့ထိကပ်သည်ဖြစ်၍လည်း။ ပါဏိနံ၊ မလိုရာရာ၊ သတ္တဝါကို။ ဟနတိ၊ ညှဉ်းဆဲပုတ်ခတ်၊ သတ်ဖြတ်တတ်၏။ ဘုဇင်္ဂမော၊ နဂါးနွယ်ရိုး၊ အဆိပ်ဆိုးသည့်၊ ကြမ်းတန်းသော မြွေအမျိုးသည်။ ဃာယမာနောပိ၊ နမ်းရှုပ်ရှိုက်ရှူ၊ အနံ့ယူသည်ဖြစ်၍လည်း။ ပါဏိနံ၊ မလိုရာရာ၊ သတ္တဝါကို။ ဟနတိ၊ ညှဉ်းဆဲပုတ်ခတ်၊ သတ်ဖြတ်တတ်၏။ ဘူပါလော၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်သည်။ ပါလယံ–ပါလယန္တောပိ၊ ယုယမတိမ်း၊ ထိန်းသိမ်းစောင့်ရှောက်သည်ဖြစ်၍လည်း။ ပါဏိနံ၊ မလိုရာရာ၊ သတ္တဝါကို။ ဟနတိ၊ ညှဉ်းဆဲပုတ်ခတ်၊ သတ်ဖြတ်တတ်၏။ ဒုဇ္ဇနော၊ ယုတ်မာပျက်ချော်၊ မသူတော်စရိုက်၊ အစဉ်မိုက်သောသူသည်။ ပဟာသံ အပိ၊ မျက်နှာကြည်လင်၊ ပြုံးရယ်ရွှင်သည်ဖြစ်၍လည်း။ ပါဏိနံ၊ မလိုရာရာ၊ သတ္တဝါကို။ ဟနတိ၊ ညှဉ်းဆဲပုတ်ခတ်၊ သတ်ဖြတ်တတ်၏။

အဓိပ္ပါယ်။ ။ဆင်တို့မည်သည် အနီးအနား အပါးသို့ ယှဉ်စပ်၍ ချဉ်းကပ်တွေ့ထိသည်ဖြစ်၍ မလိုမုန်းထား တပါးသောသတ္တဝါကို သတ်ပုတ်ညှဉ်းဆဲခြင်းကို ပြုတတ်ပေသည်၊ နဂါးနွယ်မျိုး ကြမ်းတန်းသော မြွေဆိုးအပေါင်းတို့သည် နှာခေါင်းဖြင့် ရှိုက်ရှူ အနံ့ကို ခံယူလျက် လိုက်လံရှာဖွေသည်ဖြစ်၍ မလိုရာရာ သတ္တဝါကို ညှဉ်းဆဲသတ်ဖြတ် ပြုလုပ်တတ်ကြပေသည်၊ ရေမြေအရှင် ဘုရင်မင်းမြတ်တို့သည် စောင့်ရှောက်အုပ်ချုပ် ထိန်းသိမ်းခြင်းပြုလုပ်၍ မလိုရာရာ သတ္တဝါကို ကြင်နာခြင်းမရှိဘဲ သတ်ပုတ်ညှဉ်းဆဲခြင်းကို ပြုတတ်ကြပေသည်၊ ယုတ်မာပျက်ချော်၍ မသူတော်စရိုက်ဖြင့် အစဉ်မိုက်သော သူတို့သည် ပြုံးရယ် ကြည်လင်လျက် ရွှင်ပျသော မျက်နှာဖြင့်လည်း တပါးသော သတ္တဝါကို ရက်စက်စွာ

သတ်ပုတ်ညှဉ်းဆဲတတ်ကြပေသည်။ ထို့ကြောင့် ကိုယ်ချင်းယှဉ်စပ် ထိကပ်ခြင်း မဖြစ်ရလေအောင် ဤဆင်အုပ်၏ အနီးသို့ မည်သည့်နည်းဖြင့် ကြံဆောင်၍ ချဉ်းကပ်ရပါမည်နည်းဟု ဆိုလိုသည်။

ထို့ကြောင့် ငါ၏အပါးသို့ ယှဉ်စပ်၍ မချဉ်းကပ် မတွေ့ထိနိုင်စေခြင်းငှါ ငါသည် တောင်ထွဋ်သို့ တက်၍ ဆင်မင်းကို ပြောကြားအံ့ဟု ကြံစည်၍ တောင်ထွဋ်သို့ တက်ပြီးလျှင် ဆင်မင်းကို သိစေ၏။ ထိုသို့ သိစေသောအခါ ဆင်မင်းက "သင်သည် အဘယ်သူပါနည်း၊ အဘယ်အရပ်မှ လာခဲ့ပါသနည်း"ဟု မေးလေ၏။ ထိုသို့မေးလေရာ ဝိဇယမည်သော ယုန်အိုက "ကျွန်ုပ်သည် အခြား မဟုတ်ပါ၊ ဘုန်းတန်ခိုး အာဏာနှင့် လွန်စွာပြည့်စုံသော လမင်းသည် အရှင် ဆင်မင်း၏ အထံသို့ စေလွှတ်အပ်သဖြင့် လာခဲ့ရသော တမန်ဖြစ်ပါသည်"ဟု ပြောကြားလေသော် ဆင်မင်းက "ထိုသို့ဖြစ်ခဲ့ပါလျှင် အရှင်လမင်းသည် စေလွှတ် အပ်သော အကြောင်းကို မိန့်ဆိုပြောကြားပါ"ဟု ဆိုလေသော် ဝိဇယမည်သော ယုန်အိုက ပြောဆိုသည်မှာ—

၁၅။ ဥဒ္ဒိတေသွပိ သတ္ထေသု၊ ဒူတော ဝဒတိ နာညထာ။
သဒေဝါဝဇ္ဈဘာဝေန၊ ယထာတ္ထဿ ဟိ ဝါစကော။

သတ္ထေသု၊ သန်လျက်, ဓားလှံ၊ အတန်တန်သော လက်နက် တို့ကို။ ဥဒ္ဒိ-တေသုပိ၊ ထိုးခုတ်မည်နှယ်၊ ချိန်ရွယ်မလွှတ်၊ မိုးကွပ်တစေ၊ မြှောက်ချီ၍ နေပါသော်လည်း။ ဒူတော၊ ကျမ်းဂန်အလာ၊ လက္ခဏာနှင့်၊ အင်္ဂါစုံညီ၊ တမန် သည်သည်။ အညထာ၊ အရှင်မှာကြား၊ ရင်းစကားမှ၊ တပါးသောအခြင်းအရာ အားဖြင့်။ န ဝဒတိ၊ လွှဲဖယ်ပိုမို၊ မပြောဆိုပေ။ အဝဇ္ဈဘာဝေန၊ အရှင်မှာထား၊ ဆိုသူအားမူ၊ တရားဖြောင့်မတ်၊ မသတ်အပ် မသတ်ထိုက်သည်၏အဖြစ်ကြောင့်။ သဒေဝ – သဒါဧဝ၊ ခပ်သိမ်းအခါ၊ အမြဲသာလျှင်။ ယထာတ္ထဿ၊ မဖောက်မပြန်၊ ဟုတ်မှန်ဆိုးကောင်း၊ ကျိုးအကြောင်းကို။ ဝါစကော ဟိ – ဝါစကောဧဝ၊ လွှဲဖယ်မလုပ်၊ ကေန်ထုတ်၍၊ မုချပြောဆိုသည်သာလျှင်တည်း။

တမန်၏ အင်္ဂါလက္ခဏာနှင့် ပြည့်စုံ ညီညွတ်သော တမန်သည် ယောကျ်ား သည် တုတ်, ဓား, လှံကန်စသော အတန်တန်သော လက်နက်တို့ဖြင့် အထက်က ရွယ်မိုးလျက် ထိုးခုတ်မည် အခြေဖြင့် ဝိုင်းဝန်း၍ပင် နေပါသော်လည်း မိမိ၏ အရှင်သခင်မှာကြားသော အကြောင်းစကားမှ အခြား ကြောက်အားပိုမို၍ တပါးသောစကားကို မပြောမဆိုပေ၊ ပြောဆိုလိမ့်မည် မဟုတ်ပေ၊ ထိုတမန်သည် ပြောသောစကားသည် ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ မိမိ၏စကား မဟုတ်၊ စင်စစ်မှာမူကား အရှင်သခင်၏ မှာကြား ပြောဆိုသောစကားသာ ဖြစ်သောကြောင့် စကားရှင်ဖြစ်သော အရှင်ကိုသာလျှင် အပြစ်ပြုသင့်ပေသည်၊

တမန်သည်မှာမူကား အရှင်၏အမိန့်အာဏာဖြင့် သိစေရန် ပြောဆိုကာမျှသာ ဖြစ်သဖြင့် မိမိ၏ဆိုလိုရင်းစကား မဟုတ်သည်ဖြစ်၍ အပြစ်မပြုသင့်သောကြောင့် မည်သည့်အခါမဆို အရှင်မှာကြားသည့်အတိုင်း တွန့်တိုဆုတ်ဆိုင်းခြင်းမရှိဘဲ ပကတိ ရဲဝံ့စွာ ဟောဟောတိုင်းတိုင်းအားဖြင့် မှန်ရာကို ပြောဆိုမည်သာ ဖြစ်ပေသည် ဟူလို။

သို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်သည် ထိုလမင်း၏ အမိန့်အာဏာတော်အတိုင်းသာ ထုတ်ဖော်ပြန်ကြားပါအံ့ဟု ဆို၍ ဤဆိုလတ့်သော လမင်း၏အမိန့်တော်ကို ထုတ်ဖော် ပြန်ကြားလေ၏။

အမိန့်တော်....

> "ဆင်အပေါင်းတို့၏အကြီး ဦးစီးဖြစ်သော ဆင်မင်း.... နာခံမှတ်သား ကြားနာရမည်၊ စန္ဒရဟု နာမပြန့်သင်း ကပ္ပါကို ထွန်းလင်းသော ငါအရှင်လမင်း၏ ရေကန်ကို စောင့်ရှောက်ရန်တစေ အမြဲနေကြကုန်သော ဤယုန်ငယ်အပေါင်းတို့ကို အကြောင်းမဲ့ မောင်မင်း နှင်ထုတ်ခြင်းသည် အလျှင်းပင် မသင့်လျော်ချေ၊ ရေကန်စောင့်သမား ဤယုန်ငယ်အများတို့သည် တခြားမဟုတ်၊ စင်စစ်မှာမူကား ငါနှင့်စပ်ဆိုင်သည့် ငါပိုင်သတ္တဝါတို့ ဖြစ်ပေသည်။ ထိုကြောင့်ပင်လျှင် သသက်ဟူ၍ ဝါ-ယုန်ရေးတံဆိပ်ရှိသည် ဟူ၍ ငါ့အား ကပ္ပါချင်းအောင်ပင် ထင်ရှားကျော်ကြားခြင်းဖြစ်ခဲ့ပေသည်"—

ဟု တမန်အယောင် ဟန်ပန်ဆောင်သော ဝိဇယယုန်အိုသည် ဤသို့ဆိုလတ်သော် ဆင်အုပ်ကြီး၏သခင် အရှင်ဆင်မင်းသည် ကြောက်ရွံ့တုန်လှုပ်လျက် "ဤအမှုကို မသိသည့်အတွက် ချွတ်ချော်တိမ်းပါး မှားယွင်း၍ ပြုမိပါသည်၊ သည်းခံတော်မူပါ၊ နောင် ဤရေအိုင်သို့ မလာပါ"ဟု မှားကြောင်းကို ဝန်ချ၍ ခယ တောင်းပန်ရှာလေ၏။

တဖန် ယုန်အိုက "အကယ်စင်စစ် ယင်းသို့ဖြစ်ခဲ့ပါလျှင် ဤရေအိုင်၌ ပြင်းစွာအမျက်ထွက်သဖြင့် ဆတ်ဆတ်တုန်မျှ ခုန်ကြွ လှုပ်ရှားလျက် နေသော ဘုန်းတန်ခိုး အရှင်သခင် ယုန်ရေးတံဆိပ် ရှိတော်မူသော အရှင်လမင်းအား ရှိခိုးဝန်ချ၍ ဟဒယရွှင်စေပြီးမှ အလိုရှိရာဌာနသို့ မြန်းကြွပါလော့"ဟု ပြောဆိုလေ၏။

ထိုနောင် ညအခါ၌ ဆင်မင်းကို ရေကန်သို့ ခေါ်ဆောင်၍ ရေ၌ရှိသော လ,ရိပ်ကို ပြလျက် ဆင်မင်းကို ရှိခိုးစေပြီးလျှင် ထိုယုန်အိုသည် ဤသို့ ဆို၏—"အရှင်လမင်း....ဤဆင်သည် မသိသည့်အတွက် ချွတ်ချော် တိမ်းပါး၍ ပြစ်မှားကျူးလွန်မိပါသည်၊ ထို့ကြောင့် သည်းခံ၍ အပြစ်မှ ချမ်းသာပေးတော်မူပါ၊

နောင်တဖန် ဤကဲ့သို့ မပြုကျင့်ဝံ့ပါ” ဟုဆို၍ လွှတ်လိုက်လေ၏။ ထို့ကြောင့် ဗျပဒေသေပိ သိဒ္ဓိ ဟောတိ အစရှိသောစကားကို ငါတို့ဆိုခဲ့၏ဟု ပြောဆိုကြပါသည်။

...ဘော်တွန်းကားပြန့်ပွားရေးဦး... ယုန်ဝတ္ထု ပြီး၏။

...ကြည့် ထိုင်

ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထိုသို့ ငှက်အပေါင်းတို့ ပြောဆိုကြသောအခါ ကျွန်တော်မျိုးက တဖန်ပြန်၍ ပြောဆိုပြန်သည်မှာ “ထိုငါတို့၏ အရှင်သခင်ဖြစ်သော ဟင်္သာမင်းသည်ပင်လျှင် ကြီးမား မြင့်မြတ်သော အစွမ်းသတ္တိ ရှိ၏။ ထို့ကြောင့် လောကသုံးပါးလုံးကို ပင်လည်းအစိုးရသော အရှင်သခင်ဖြစ်သင့် ဖြစ်ထိုက်ပါသေး၏၊ ကေရာဇ်မင်း၏ အဖြစ်ကိုမူကား အဘယ်မှာ တဖန်လော၍ ပြောဆိုဖွယ်ရာ ရှိပါတော့အံ့နည်း” ဟု ပြန်ကြား ပြောဆိုလိုက်ပါသည်။

ထိုသို့ ပြောဆိုလိုက်သောအခါ ထိုငှက်အပေါင်းတို့သည် ကျွန်တော်မျိုးအား ပြင်းစွာအမျက်ထွက်ကြသဖြင့် “ဟယ် ယုတ်မာပျက်ချော်သော ဗျိုင်းမိုက်.... အဘယ့်ကြောင့် သင်သည် ငါတို့နိုင်ငံ နေရပ်ဌာနသို့ လာရောက် ကျက်စားဘိသနည်း” ဟု ဆို၍ စိတ္တဝဏ္ဏမည်သော ဥဒေါင်းမင်း၏ အထံသို့ ခေါ်ဆောင်၍ ကျွန်တော်မျိုးကို ပြကြပြီးလျှင် ထိုငှက်တို့သည် ဥဒေါင်းမင်းအား ရှိခိုးလျက် သံတော်ဦးတင်ကြသည်မှာ “ အရှင်ဥဒေါင်းမင်း....ဤယုတ်မာသော ဥဗျိုင်းသည် ကျွန်ုပ်တို့နိုင်ငံ နေရပ်ဌာနသို့ လာရောက်ကျက်စားလျက် အရှင်မင်းမြတ်အား ကဲ့ရဲ့ရှုတ်ချ အမနာပ စကားတို့ဖြင့် များစွာ ပြောကြား ပါသည်။ သို့အတွက် ညှဉ်းဆဲ နှိပ်စက်၍ အသက် ဆုံးရှုံးသည်တိုင်အောင် စီရင်လိုပါသည်” ဟု တင်လျှောက်ကြလေ၏။

ထိုသို့ တင်လျှောက်ကြသောအခါ “ဥဒေါင်းမင်းက ဤသူသည် အဘယ်သူပါနည်း၊ အဘယ်အရပ်မှ လာခဲ့ပါသနည်း” ဟု မေးလေရာ “ဟိရညဂဗ္ဘမည်သော ဟင်္သာမင်း၏ ကျေးကျွန် ခြွေရံ အစေခံ ဖြစ်ပါသည်၊ ကပ္ပူရကျွန်းမှ လာခဲ့ပါသည်”ဟု ထိုငှက်တို့က တင်လျှောက်ကြလေ၏။

၈ အမတ်ချုပ်များ၏ လက္ခဏာ ဆဲ့တစ်ပါး

ထိုအခါ အပါးတော်မှ မင်းတိုင်ပင် အမတ်ကြီးဖြစ်သော လင်းတငှက်က ကျွန်တော်မျိုးအား “ထိုကပ္ပူရကျွန်း၌ ပဓာန အမတ်ချုပ်ကြီးကား မည်သူဖြစ်ပါသနည်း”ဟု မေးမြန်းရာ ကျွန်တော်မျိုးက ကျမ်းဂန်အရပ်ရပ်တို့၌ နှံ့စပ်

ကျေပြွန်သော သဗ္ဗညုမည်သော စက္ကဝက်ငှက်သည် ပဓာန အမတ်ချုပ်ကြီး ဖြစ်ကြောင်းကို ပြောပြရာ လင်းတငှက် အမတ်ကြီးက တိုင်းရင်းသားဖြစ်သော ဤစက္ကဝက်ငှက်သည် ပဓာန အမတ်ချုပ်ကြီး ဖြစ်ခြင်းငှါ သင့်လျော်လျောက် ပတ်ပါပေသည်၊ အဘယ့်ကြောင့်နည်းဟူမူ—

၁၆။ သဒေသဇံ ကုလာစာရ—ဝိသုဒ္ဓမထဝါ သုစိံ။
သတ္တညုမဗျသနိနံ၊ ဗျဘိစာရဝိဝဇ္ဇိတံ။

၁၇။ အဓိတဗျဝဟာရဂ်ံ၊ ချာတံ မောလံ ဝိပဿိတံ။
အတ္ထသောပ္ပါဒကံ သမ္မာ၊ နိဒဇ္ဈံ မန္တိနံ ဘုပေါ။

သဒေသဇံ၊ ကိုယ့်နိုင်ငံဖွား၊ တိုင်းရင်းသားဖြစ်သော။ ကုလာစာရဝိသုဒ္ဓိ၊ အစဉ်အရိုး၊ မျိုးနွယ်အကျင့်၊ သန့်ရှင်းတင့်တယ်၊ လွန်စင်ကြယ်သော။ အထဝါ၊ ထိုမှတပါးလည်း။ သုစိံ၊ ရိုးသားဖြောင့်မှန်၊ တော်လှန်မရှိ၊ ပကတိသဘော၊ မနောကြည်လင်၊ သန့်ရှင်းစင်သော။ သတ္တညုံ၊ ကျမ်းဂန်အရပ်ရပ်၊ နှံ့စပ် သိမြင်၊ တတ်ကျွမ်းကျင်သော။ ဗျဘိစာရဝိဝဇ္ဇိတံ၊ မမှန်စည်းကမ်း၊ နည်းလမ်း ယွင်းချွတ်၊ အမှားလွတ်သော။ အဗျသနိနံ၊ ပျက်ရာပျက်ကြောင်း၊ အလောင်း အစား၊ ကစားမျိုးအပေါင်းမှ ကင်းသော။ အဓိတဗျဝဟာရဂ်ံ၊ တရားဥပဒေ၊ အထွေထွေကို၊ ကျေပြွန်လေ့လာ၊ ပွန်းတီးစွာ သင်ကြားအပ်ပြီးသည် ဖြစ်၍၊ အချည်းနှီး ငြင်းခုံခြင်းမှ၊ အလျှင်း လွန်မြောက်အောင်၊ ပေါက်ရောက်စွာ တတ်ကျွမ်း နားလည်သော။ ချာတံ၊ ထိုထိုရပ်ဌာန်၊ နိုင်ငံတလွှား၊ ထင်ရှားကျော် စောသော။ မောလံ၊ မူးမတ်အမျိုး၊ ရိုးရာနွယ်ဆက်၊ စဉ်မပျက်သော။ ဝိပဿိတံ၊ ဖုံးကွယ်ကျစ်လစ်၊ ရှိအပြစ်ကို၊ စိစစ်ဖွေရှာ၍၊ သေချာစွာ သိမြင်တတ်သော။ အတ္ထသောပ္ပါဒကံ၊ ရွှေငွေဥစ္စာ၊ ရတနာနှင့်၊ ဘဏ္ဍာတော် အရပ်ရပ်ကို၊ ထပ်ကာ ဖွံ့ဖြိုး၍၊ တိုးပွါး ဖြစ်ထွန်းစေတတ်သော သူကို။ ဘူပေါ၊ ရေ မြေ စိုးပိုင်၊ နိုင်ငံ အရှင်၊ ဘုရင်မင်းမြတ်သည်။ သမ္မာ၊ ကောင်းစွာ။ မန္တိနံ နိဒဇ္ဈံ၊ ပြည်ထဲအရေး၊ ဘဏ္ဍာရေးနှင့်၊ ရေးထွေးသက်ဆိုင်၊ အုပ်ချုပ်ပိုင်သည့်၊ မင်းတိုင်ပင် ရာထူးကို၊ ချီးကျူးမြှောက်စားသဖြင့်၊ ခန့်ထားခြင်း အမှုကို ပြုသင့် ပြုထိုက်လှပေ၏။

အဓိပ္ပါယ်—

၁။ အကြင်သူသည် မိမိ၏ တိုင်းပြည်နိုင်ငံ၌ မွေးဖွားသော တိုင်းရင်းသား လည်း ဖြစ်၏၊

၂။ အစဉ်အရိုးအားဖြင့် မိမိ၏ အမျိုးအနွယ်၌ဖြစ်သော ကျင့်ဝတ်တရား တို့ကိုလည်း မမှားအောင် ကျင့်ကြံလေ့ရှိ၏၊

၃။ ရိုးသားဖြောင့်မှန်၍ အရှင်၏အပေါ်၌ တော်လှန်ဖောက်ပြားလျက် မတရားကြံစည်ခြင်း မရှိသဖြင့် ပကတိကြည်လင်၍ ဖြူစင်သော စိတ်သဘောလည်း ရှိ၏၊

၄။ ကျမ်းဂန် အရပ်ရပ်ကိုလည်း နှံ့စပ်သိမြင်၍ ကျွမ်းကျင်စွာ တတ်မြောက်၏၊

၅။ စည်းကမ်း နည်းလမ်းနှင့် မကိုက် မတိုက်ဆိုက်သည့် အရာကိုလည်း မည်သည့်အခါ၌မျှ လိုက်၍ မပြုလုပ်တတ်၊

၆။ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ကြွေအန် ပဆစ် စစ်ဒရင်တချက် ဗိလိယက်ထိုး တမျိုးဇယ်တောက် ထိုနောက်တဖြာ ဂျိကာ ကက်ဆွဲ တနဲဖဲရိုက် ကြက်တိုက် မြင်းလောင်း ကစားမျိုး အပေါင်းမှလည်း ကောင်းစွာ လွတ်ကင်းအောင် ရှောင်ကြဉ်ခြင်းရှိ၏၊

၇။ တရားဥပဒေ အထွေထွေကိုလည်း သေချာဂန ကျနစွာ သင်ကြားအပ်ပြီးသည်ဖြစ်၍ သို့လော, သို့လောဟု တွေးတော ဒွိဟ သံသယ မကင်းသည်ဖြစ်၍ အချည်းနှီး ငြင်းခုံခြင်းကို လွန်မြောက်၍ ပေါက်ပေါက် ရောက်ရောက် တတ်ကျွမ်းနားလည်၏၊

၈။ ထိုထိုသို့သော မြို့ရွာနိုင်ငံ အများတို့၌လည်း အနှံ့အပြား ထင်ရှားကျော်စော၏၊

၉။ မှူးမတ် အနွယ်အမျိုး၌ ရိုးရာမပျက် အစဉ်အဆက်လည်း ဖြစ်၏၊

၁၀။ အပြစ်ရှိ, မရှိကိုလည်း စိစစ်ဖွေရှာ၍ သေချာစွာ သိမြင်တတ်၏၊

၁၁။ ရွှေ ငွေ ဥစ္စာ ရတနာနှင့် ဘဏ္ဍာတော် အရပ်ရပ်ကိုလည်း လျောက်ပတ်တင့်တယ်ဖွယ်ရာသော နည်းလမ်းအမျိုးမျိုးတို့ဖြင့် တိုးပွါးလေအောင် စီမံဆောင်ရွက်တတ်၏။

ထိုကဲ့သို့သော အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောသူကို တိုင်းပြည်အရှင် ဘုရင်မင်းမြတ်သည် ပြည်တွင်းအရေး ဘဏ္ဍာရေးကို ရောထွေး အုပ်ချုပ်ပိုင်သည့် မင်းတိုင်ပင်အမှူး အမတ်ချုပ်ကြီး၏ ရာထူးဖြင့် ချီးကျူးမြှောက်စား၍ ခန့်ထား ပေးအပ်သင့်ပေသည်။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်အင်္ဂါ အရည်အချင်းတို့နှင့် ပြည့်စုံခြင်းရှိသည့်အတွက် စက္ကဝက်ငှက်သည် သင်တို့၏နိုင်ငံ၌ ပဓာနအမတ်ချုပ်ကြီး ဖြစ်ခြင်းငှါ သင့်လျော် လျောက်ပတ်ပါပေသည်ဟု ဆိုလိုသည်။

ဤစကား၏ အကြား၌ ကျေးသားက ကြားဖောက်၍ တင်လျှောက် ပြောဆိုပြန်သည်မှာ "အရှင်ဥဒေါင်းမင်း.... ကပ္ပုရက္ခန်း အစရှိသော ကျွန်းငယ်

အပေါင်းတို့သည် ဇမ္ဗူဒိပ်ကျွန်း၏ အတွင်း ဝင်သည်သာတည်း၊ ထို့ကြောင့် ထိုကပ္ပူရကျွန်း၌လည်း အရှင်ဥဒေါင်းမင်းသည်သာ ကြီးကဲအုပ်စိုးသင့်ပါသည်" ဟု လျှောက်ကြား ပြောဆိုလေ၏။

ပစ္စည်းဥစ္စာကို လွန်စွာမက်မောသူ ငါးဦး

ထိုအခါ ဥဒေါင်းမင်းက တဖန် မိန့်ဆိုသည်မှာ ဤအရာသည် ကျေးသား ပြောဆိုသည့်အတိုင်းပင် ဟုတ်မှန်ပါပေသည်၊ အဘယ့်ကြောင့်နည်းဟူမူ—

၁၀။ ရာဇာ မတ္တော သုသုစ္စေဝ၊ ပမဒါ ဓနဂဗ္ဗိတော။
အလဒ္ဓမပိ ဣစ္ဆန္တိ၊ ယံ လဒ္ဓမေဝ ကိံ ပုန။

ရာဇာ စ၊ လူတို့ဓိပတိ၊ သမ္မုတိအရှင်၊ ဘုရင်မင်းမြတ်၊ လောကနတ်လည်း ကောင်း။ မတ္တော စ၊ သည်းခြေယွင်းချတ်၊ သတိလွတ်လျက်၊ ရူးသွပ်သောသူ လည်းကောင်း။ သုသု စေဝ၊ ပျိုမျစ်နုနယ်၊ သက်ရွယ်ငယ်သေး၊ လူကလေး လည်းကောင်း။ ပမဒါ စ၊ ကြီးငယ်မိန်းမ၊ ဟူသမျှလည်းကောင်း။ ဓနဂဗ္ဗိတော စ၊ စည်းစိမ်ဥစ္စာ၊ ရတနာအတွက်၊ မာနတက်သောသူလည်းကောင်း။ ဣတိ – ဣမေ၊ ဤသို့ညွှန်ကြား၊ ငါးဦးသားတို့သည်။ အလဒ္ဓမ္ပိ၊ ကိုယ်နှင့်မဆိုင်၊ မရနိုင်ရာ၊ ဥစ္စာဝတ္ထု၊ ပစ္စည်းစုကိုသော်လည်း။ ဣစ္ဆန္တိ၊ အာသာတန်းမှန်း၊ စိတ်စွဲလမ်း လျက်၊ ငမ်းငမ်းတက်စော၊ မက်မော လိုချင်ကြကုန်သေး၏။ ယံ၊ အကြင်ဝတ္ထု၊ ပစ္စည်းစုကို။ လဒ္ဓံ၊ ကိုယ်နှင့်တိုက်ဆိုက်၊ ရထိုက် ရဘွယ်၊ ရရန်လွယ်၏။ တံ၊ ထိုကိုယ်နှင့် တိုက်ဆိုက်သဖြင့်၊ ရထိုက်ရရန်၊ ရဘို့မှန်ပြီး၊ ပစ္စည်းအစုကိုကား။ ကိံ ပုန၊ အဘယ်မှာ တဖန်လော၍၊ ပြောဆိုဘွယ် ရှိပါတော့အံ့နည်း။ ဣစ္ဆန္တိ ဧဝ၊ အာသာခင်မင်၍၊ လိုချင်တောင့်တ၊ နှစ်သက်ကြသည်သာလျှင်တည်း။

ထို့ကြောင့် ကျေးသား ပြောဆိုသည့်အတိုင်းပင် ဟုတ်မှန်ပါပေသည်ဟု မိန့်ဆိုပါသည်။

အဓိပ္ပါယ်—

၁။ ပြည်သူတို့၏အရှင် ဘုရင်မင်းမြတ် လောကနတ်လည်း တမျိုး၊

၂။ သတိကင်းလျက် သည်းခြေပျက်သဖြင့် သွက်သွက်နောက်မူး ရူးသွပ် သောသူလည်း တမျိုး၊

၃။ ပျိုမျစ်နုနယ်၍ အသက်အရွယ် ငယ်သေးသော ကလေးသူငယ်လည်း တမျိုး၊

၄။ ကြီးငယ်မကျန် ခပ်သိမ်းသော မိန်းမမှန်သမျှလည်း တမျိုး၊

၅။ စည်းစိမ်ဥစ္စာ ရတနာတို့ များစွာစုပုံ၍ ကိုလို့ ကြွယ်ဝသည့်အတွက် မာန်မာန တက်ကြွသောသူလည်း တမျိုး။

ဤသို့ ပြဆိုညွှန်ကြားအပ်သော ငါးမျိုး ငါးစား ငါးဦးသားတို့သည် မိမိနှင့် မသက်မဆိုင် မရနိုင် မရတန်ရာသော ပစ္စည်းဥစ္စာ အရာရာတို့ကိုသော်လည်း မြှော်ခေါ်တန်းမှန်း ရမ္မက်ဖမ်းလျက် ငမ်းငမ်းတက် လိုချင်ကြကုန်သေး၏၊ မိမိနှင့်သက်ဆိုင်၍ ရနိုင် ရတန်သည့်အလိုက် ရထိုက်သော ပစ္စည်းအစုနှင့် ဝတ္ထု အရာရာတို့ကိုမူကား အဘယ်မှာ တဖန်လော၍ ပြောဆိုဘွယ်ရာ ရှိပါတော့အံ့ နည်း၊ မည်သည့်နည်းနှင့်မဆို ရသမျှ အပိုမတွက်ဘဲ လိုလျက်သာ ရှိကြပေသည်။ ထိုကြောင့်ပင်လျှင် ငါအရှင်သည်လည်း ဘုရင်မင်း အများတို့တွင် တပါး အပါ အဝင် ဖြစ်လင့်ကစား ယခုကျေးသား ပြောဆိုသည့်အတိုင်း သင်တို့၏ ကပ္ပရ တိုင်းနိုင်ငံဖြစ်သော ကျွန်းရပ်ပါလွှမ်းမိုး၍ ကြီးစိုးအုပ်ချုပ်ရသော အရှင် ဘုရင် ကြီး ဖြစ်ပေသည်ဟု ဆိုလိုသည်။

ထိုသို့မိန့်ဆိုရာ ကျွန်တော်မျိုးက တဖန် ထပ်မံ၍ တင်လျှောက်ပြန်သည်မှာ "အရှင်ဥဒေါင်းမင်း....အကယ်၍သာ ငါအကြီးအကဲ ငါအစိုးရသည်ဟု နှုတ်မြွက် ပြောဆိုကာမျှဖြင့် ကြီးကဲခြင်း အစိုးရခြင်း အဖြစ်သို့ရောက်၍ ကိစ္စပြီးမြောက် ခဲ့ပါမူ ကျွန်ုပ်တို့၏ အရှင်သခင် ဟိရညဝဏ္ဏမည်သော ဟသ်ာမင်းအား ဤ ဇမ္ဗူဒိပ်ကျွန်း၌လည်း သိမ်းဆည်း လွှမ်းမိုး၍ ကြီးစိုးရသော အရှင်၏အဖြစ် ရှိပါ၏"ဟု မခံချင်သည့် သဘောနှင့် လျှောက်တင် ပြောဆိုလိုက်ပါသည်။

ထိုသို့ ပြောဆို တင်လျှောက်လိုက်ရာ ကျေးသားက "ယင်းသို့ ဖြစ်ခဲ့ပါလျှင် ဤအကြီးအကဲ ဖြစ်ထိုက်၊ မဖြစ်ထိုက် အကြောင်းကို အဘယ်သို့ ဆုံးဖြတ်ရပါ မည်နည်း"ဟု အကျွန်ုပ်အား မေးမြန်း ပြောဆိုပြန်ပါသည်။

ထိုသို့ မေးမြန်းပြောဆိုရာ ကျွန်တော်မျိုးက "ဤအကြီးအကဲ ဖြစ်ထိုက်၊ မဖြစ်ထိုက် အကြောင်းကိုမူကား စင်စစ်အားဖြင့် စစ်ထိုးခြင်းဖြင့်သာလျှင် ဆုံးဖြတ်သင့်ပါသည် ဆုံးဖြတ်ရပါမည်"ဟု တဖန်ပြန်၍ ပြောဆိုလိုက်ရာ ဥဒေါင်း မင်းက ပြုံးရယ်တော်မူလျက် "သင်၏အရှင် ဟသ်ာမင်း၏ အထံသို့ သွား၍ စစ်ထိုးဘို့ရန် အသင့်စီမံ ပြင်ဆင်ပါဟု ပြောဆိုတင်လျှောက်ချေလော့"ဟု မိန့်တော်မူပြန်ပါသည်။

သံအမတ်ဖြစ်ထိုက်သူများ၏ လက္ခဏာကိုးပါး

ထိုအခါ ကျွန်တော်မျိုးက "အရှင်ဥဒေါင်းမင်း....အရှင်၏ သံတမန်ကိုလည်း စေလွှတ်ရန် သင့်ပါသည်"ဟု တင်လျှောက်ရာ ဥဒေါင်းမင်းက မိမိ၏ကျေးကျွန် ခြွေရံ ပရိသတ်တို့အား ပြောဆို မိန့်ကြားတော်မူသည်မှာ——အဘယ်သူသည်

သံတမန်၏အဖြစ်ဖြင့် သွားမည်နည်း၊ ဤဆိုလတ္တံ့သော သဘောလက္ခဏာတို့နှင့် ပြည့်စုံသောသူကို သံတမန်အဖြစ်ဖြင့် ခန့်ထားစေလွှတ်ထိုက်၏၊ အဘယ်တို့နည်းဟူမူကား—

၁၉။ ဘတ္တော ဂုဏီ သုစီ ဒက္ခော၊ ပဂဗ္ဘော ဗျသနီ ခမီ။
ဗြာဟ္မဏော ပရမမ္မညူ၊ ဒူတော စ ပဋိဘာဏဝါ။

ဘတ္တော စ၊ ကိုယ့်အရှင်ကို၊ ကြည်ညိုကိုးစား၊ အားထား မှီဝဲသည်လည်း ဖြစ်သော။ ဂုဏီ စ၊ ရိုးသားတည်ကြည်၊ စသည်မြားမြောင်၊ ဂုဏ်ထူးဆောင် သည်လည်းဖြစ်သော။ သုစီ စ၊ အကျင့်ကိုယ်နှုတ်၊ မယုတ်ကြည်လင်၊ သန့်ရှင်း စင်သည်လည်းဖြစ်သော။ ဒက္ခော စ၊ မှုခင်းဆောင်ရန်၊ အတန်တန်၌၊ ထက်သန် သေချာ၊ သိလိမ္မာသည်လည်း ဖြစ်သော။ ပဂဗ္ဘော စ၊ စည်းဝေးပြုအပ်၊ ပရိသတ်၌၊ လျောက်ပတ်တင့်တယ်၊ ဖွယ်ရာသော စကားကို၊ ဆိုတတ်သည် လည်းဖြစ်သော။ အဗျသနီ စ၊ စီးပွါးပျက်ကြောင်း၊ လူကောင်းမကြိုက်၊ ဖဲရိုက် မြင်းလောင်း၊ ကစားပေါင်းမှ၊ ကောင်းစွာ လွတ်ကင်းသည်လည်းဖြစ်သော။ ခမီ စ၊ တပါးသူအား၊ ထောက်ထားငဲ့ကွက်၊ အမျက်ကောဓ၊ မာနမထန်၊ သည်းခံလေ့ရှိသည်လည်းဖြစ်သော။ ပဋိဘာဏဝါ၊ တခဏခြင်း၊ ထိုးထွင်း သိမြင်၊ လျင်မြန်မှုဟုတ်၊ တခ်ဏုပ္ပတ္တိ၊ ဉာဏ်အမြင်ရှိသည်ဖြစ်၍။ ပရမမ္မညူ စ၊ တပါးသူတို့၊ လျှို့ဝှက်သိပ်သို၊ အလိုအကြံ၊ အာဘော်မှန်ကို၊ လျော်ကန်စွာ သိတတ်သည်လည်း ဖြစ်သော။ ဗြာဟ္မဏော၊ ဗြာဟ္မဏနွယ်ရိုး၊ ပုဏ္ဏားမျိုးသည်။ ဒူတော၊ သံတမန်ရာထူးဖြင့်၊ ချီးကျူးမြှောက်အပ်၊ ခန့်ထားအပ်သည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပါပေ၏။

အဓိပ္ပါယ်—

၁။ မိမိ၏ အရှင်သခင်ကို ကြည်ညိုကိုးစား အားထားမှီဝဲလျက် အမြဲ ဆည်းကပ်ခြင်း၊

၂။ တည်ကြည်ရိုးသားခြင်း အစရှိသော ဂုဏ်ဝသီတို့ဖြင့် စုံညီပြည့်ဝခြင်း၊

၃။ သန့်ရှင်း စင်ကြယ်သော ကိုယ်နှုတ် အမူအရာ သိက္ခာ အကျင့်နှင့် ပြည့် စုံခြင်း၊

၄။ ပြုလုပ်ဆောင်ရွက်ရန်ရှိသော အမှုကိစ္စ အတန်တန်တို့၌ ထက်သန်သော ဉာဏ်အမြင်ဖြင့် စီရင်ပြုလုပ်နိုင်ခြင်း၊

၅။ တိုင်ပင်ဆွေးနွေး အစည်းအဝေး ပြုအပ်သော ပရိသတ်၏ အပေါ်၌ ထိုအစည်းအဝေးနှင့် သင့်လျော် လျောက်ပတ်၍ ကောင်းမြတ်သော စကားကို ဆိုတတ်ခြင်း၊

၆။ စည်းစိမ်ဥစ္စာ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်၍ လူကြီးလူကောင်းတို့ မကြိုက် လူမိုက်လူဆိုး တေလေလူမျိုးတို့၏ အလေ့ အကျင့်သာဖြစ်သော ဂျီကာဆဲ့ ဖဲရိုက် ကြက်တိုက် မြင်းလောင်း ကစားမျိုးအပေါင်းတို့မှ ကောင်းစွာ ကင်းလွတ်ခြင်း၊

၇။ ဆဲရေးကြိမ်းမောင်း၍ စောင်းမြောင်း၌ ငြူစူ တဖက်သား ရန်မူလျက် ကျူးလွန်သည့် ပြစ်ချက်ကို မနှစ်သက် မခံသာသော်လည်း ပြန်လှန်ကာ ရန်မဖက်ဘဲ ဟန်မပျက် မူမှန်မှန်ဖြင့် သည်းခံကာ နေလေ့ရှိခြင်း၊

၈။ ထိုခဏခြင်း ထိုးထွင်းသိမြင်သည့် တခ်ဏပ္ပတ္တိဉာဏ် အမြင်သန်သဖြင့် ကိုယ့်ရန်သူ တဖက်သား၏ အတွင်းသားဓာတ်ခံ လျှို့ဝှက်သိုသိပ်သည့် အကြံကို မှန်ကန်စွာ သိတတ်ခြင်း၊

၉။ ဇာတိလျှောက်ပတ် မြင့်မြတ်နွယ်ရိုး ပုဏ္ဏားမျိုးဖြစ်ခြင်း။

ဤဆိုအပ်ခဲ့ပြီးသော ဂုဏ်အင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံသော သူသည် သံတမန်ဖြစ်ထိုက်ပေသည်၊ သံတမန်ရာထူးဖြင့် ချီးကျူးခန့်ထား၍ တိုင်းတပါးသို့ စေလွှတ်ထိုက်ပေသည်ဟူလို။

ပုဏ္ဏားမျိုးဇာတ်ကို သံအမတ်ခန့်သင့်ပုံ

ထိုစကား၏အတွင်း၌ လင်းတငှက်က ဖြည့်စွက်၍ တင်လျှောက်ပြန်သည်မှာ အရှင်ဥဒေါင်းမင်း....သံတမန်ပြုထိုက်သော အရည်အချင်းနှင့် ပြည့်စုံသောသူတို့ များစွာပင် ရှိကြပါသည်။ သို့ပင် ရှိကြပါသော်လည်း ဤအရာ၌ ပုဏ္ဏားမျိုးကိုသာလျှင် သံတမန်ရာထူးဖြင့် ချီးကျူးမြှောက်စား၍ တိုင်းတပါးသို့ စေလွှတ်ထိုက်ပါသည်၊ အကြောင်းကိုဆိုသော်—

၂၀။ ပသာဒံ ကုရုတေ ဘတ္တု၊ သမ္ပတ္တိံ နာဘိဂ္ဂစ္ဆတိ။
ကာလိမာ ကာလကူဋဿ၊ နာပေတိဿရသင်္ဂမာ။

ဗြာဟ္မဏော၊ သံတမန်အမှုကို ပြုလုပ်ဆောင်တတ်၊ ပုဏ္ဏားမြတ်သည်။ ဘတ္တု၊ အရှင်သခင်၊ ဘုရင်မင်းမြတ်၏။ ပသာဒံ၊ မြတ်နိုးစုံမက်၊ နှစ်သက်သည့်အရာကို။ ကုရုတေ—ကရောတိ၊ မဖဲမရှောင်၊ အမြဲဆောင်လျက်၊ မလွဲအောင်ပြုတတ်ပေ၏။ သမ္ပတ္တိံ၊ စည်းစိမ်ဥစ္စာ၊ ရတနာကို။ နာဘိဂ္ဂစ္ဆတိ၊ ချိန်ရွယ်မြှော်မှန်း၊ စိတ်စွဲလမ်းလျက်၊ ဝမ်းထည်းမသို၊ အလိုမရှိပေ။ ကိမိဝ၊ ပမာပုံကပ်၊ ဟပ်၍ သိဘွယ်၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ကာလကူဋဿ၊ ကာလကူဋ၊ အမည်ရသည့်၊ ဝိသအမျိုး၊ အဆိပ်ဆိုး၏။ ကာလိမာ၊ အဆင်းညိုရောင်၊ မည်းနက်မှောင်ခြင်းသည်။ ဣဿရသင်္ဂမာပိ၊ မဟေသရ၊တေဇထန်ပြင်း၊ သိဝအမည်

ရှိသော နတ်မင်းကြီးနှင့်၊ ထင်လင်းတွေ့ကြုံ၊ ပေါင်းဆုံမိခြင်းကြောင့်လည်း။ နာပေတိ ဣဝ၊ အရောင်ကပ်စွဲ၊ မရှောင်လွဲဘဲ၊ မှောင်မြဲ မှောင်သကဲ့သို့တည်း— ဟုတင်လျှောက်လေ၏။

အဓိပ္ပါယ်။ ။**မဟေသရ** အမည်ရသော သိဝနတ်မင်းကြီးသည် သောက်မျိုးအပ်သော မဟာသမုဒ္ဒရာမှ ဖြစ်သော **ကာလကူဋ** မည်သော အဆိပ်သည် ထိုမဟေသရ နတ်မင်းကြီးနှင့် တွေ့ကြုံခြင်းကြောင့် တွေ့ကြုံပါသော်လည်း ဤနတ်မင်းကြီးသည် အလွန်တရာ အာဏာတန်ခိုး အမျိုးမျိုးတို့နှင့် ပြည့်စုံပါပေသည်တကားဟု ရှောင်ရှားခြင်း မပြုဘဲလျက် မိမိ၏ ပကတိဖြစ်သော မည်းနက်ခြင်းသဘောကိုမစွန့်ဘဲ ထိုမဟေသရ သိဝနတ်မင်းကြီး၏ လည်ပင်း၌လည်း အဆင်းညိုမှောင် အမည်းရောင် ကပ်စွဲလျက် မည်းနက်မြဲ မည်းနက်စေသည် သာလျှင် ဖြစ်သကဲ့သို့ ထိုအတူ သံတမန်ယောကျ်ား ထိုပုဏ္ဏားသည်လည်း တိုင်းတပါးအတွင်း၌ ရန်သူမင်းတို့နှင့် တွေ့ဆုံရာ ထိုရန်သူမင်းတို့က ကိုယ့်လူ သူ့ ဘက်သား ငို့ ဘသမား ဖြစ်စေခြင်းငှါ ပစ္စည်းဥစ္စာ ပဏ္ဏာအမျိုးမျိုး တို့ဖြင့် လက်ဆောင်ပင် ထိုးပါသော်လည်း ကိုယ်ကျိုးအတွက် စည်းစိမ်ကို ငဲ့ကွက်၍ မက်မောခြင်းမရှိဘဲ မိမိ၏ ပကတိသဘောဖြင့်ပင်လျှင် အရှင်၏ အကျိုးကို သည်ပိုးရွက်ဆောင်မြဲ ရွက်ဆောင်မည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ပြာဟ္မဏနွယ်ရိုး ပုဏ္ဏားမျိုးကိုသာလျှင် သံအမတ်၏ရာထူးဖြင့် ချီးမြှင့်မြှောက်စား၍ တိုင်းတပါးသို့ စေလွှတ်သင့်ပါသည် ဟူလို။

ထိုသို့ တင်လျှောက်ရာ ဥဒေါင်းမင်းက မိန့်တော်မူသည်မှာ—ယင်းသို့ဖြစ်ခြင်းကြောင့် ကျေးသားကိုပင် စေလွှတ်ရန် သင့်လျော်ပေသည် စေလွှတ်ရမည်။

"အမောင်ကျေးသား....သင်သည်သာလျှင် ဤဥဗျိုင်းနှင့်အတူတကွ ထိုကပ္ပူရ ကျွန်းသို့သွား၍ ငါတို့၏အလိုကို ပြောကြားချေလော့" ဟု မိန့်တော်မူလေ၏၊ ထိုသို့မိန့်တော်မူလေလျှင် ကျေးသားက "အရှင်မင်းကြီး....အရှင်၏ အာဏာတော် အတိုင်း ကျွန်တော်မျိုး လိုက်နာဆောင်ရွက်ပါမည်၊ သို့ပင်ဖြစ်ပါသော်လည်း ဤ ဥဗျိုင်းသည် ယုတ်မာညစ်ညမ်း၍ ဆိုးသွမ်းသောသူ ဖြစ်ပါသည်၊ သို့အတွက် ဤ ဥ ျိုင်းနှင့်အတူတကွ မသွားလိုပါ။ ထို့ကြောင့်ပင်လျှင် ကြောင်းကျိုးသိမြင် ပညာရှင်အများတို့သည် **ခလော ကရောတိအစရှိသော** စကားကို မိန့်ဆိုမှာကြားတော်မူခဲ့ကြပါသည်"ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

လူဆိုးတို့၏ မကောင်းမှုဒဏ် လူကောင်းခံရတတ်ပုံ

၂၁။ ခလော ကရောတိ ဒုဝတ္တံ၊ နူနံ ဖလတိ သာဓုသု။
ဒသာနနော ဟရ သီတံ၊ ဗန္ဓနံ ပန သိန္ဓုနော။

ခလော၊ ရက်စက်ကြမ်းကြုတ်၊ ဆိုးယုတ်သောသူသည်။ ဒုဝတ္တံ၊ ညစ်ညမ်းအကြောင်း၊ မကောင်းသောအကျင့်ကို။ ကရောတိ၊ မရှောင်မရှား၊ ပြုကျင့်မှားတတ်၏။ တံ၊ ထိုသူယုတ်မာပြု၊ မကောင်းမှုသည်။ နူနံ – ဧကန္တေန၊ အကယ်မလွဲ၊ အမြဲကေန်၊ အမှန်စင်စစ်အားဖြင့်။ သာဓုသု၊ ဆက်ဆံမကင်း၊ ရှိရင်းတူနေ၊ မိတ်ဆွေအပေါင်း၊ သူတော်ကောင်းတို့၌။ ဖလတိ၊ အပြစ်ဒဏ်ကို၊ ခံစံဘို့ရေး၊ အကျိုးပေး၏။ ကိမိဝ၊ မှတ်သားစံယူ၊ ထုံးနမူဝယ်၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဒသာနနော၊ ဦးခေါင်းမျက်နှာ၊ ဆယ်ခုပါသော၊ ရာဝဏနှင့်၊ ဒသဂိရိ၊ နှစ်မည်ရှိသည့်၊ ဇာတိအထူး၊ နတ်ဘီလူးသည်။ သီတံ၊ မှော်ရုံမြိုင်တွင်း၊ ရာမမင်း၏၊ ချစ်ရင်းကြင်ယာ၊ မယ်သီတာကို။ အာဟရ၊ ကောင်းကင်တိမ်ယံ၊ ရထားပုံ့ဖြင့်၊ အမြန်လျင်လျား၊ ခိုးဆောင်၍ သွားခဲ့လေပြီ။ ပန – တထာပိ၊ ထိုသို့ မယားခိုးမှု၊ ရာဝဏပြုသော်လည်း။ တဿ၊ ထိုဒသဂိရိ၊ မည်ရှိရုပ်ဆိုး၊ မယားခိုး၏။ တံ၊ ထိုလင်ရှိမယား၊ ရထားတင်ပြု၊ ခိုးဆောင်မှုသည်။ သိန္ဓုနော၊ များစွာအစု၊ ရေထုနက်ကျယ်၊ ကြားပင်လယ်အား။ ဝါ၊ မဆိုင်လားလား၊ ကြားဝင်မစွက်၊ သက်သက်လွတ်ရှင်း၊ အပြစ်ကင်းသည့်၊ မြစ်မင်းပြင်ကျယ်၊ ကြားပင်လယ်မှာ။ ဗန္ဓနံ ဣဝ၊ တံတားသဖွယ်၊ အများသယ်၍၊ သိန်းဆိုင်ဌနယ်အရောက်စခန်းမှာ၊ ကျောက်တန်းအဖွဲ့ခံရသကဲ့သို့တည်း။ ဝါ၊ မင်းရာမမျောက်တသိုက်တို့၊ကတိုက်ကရိုက် တံတားထိုး၍၊ မယားခိုးအလိုက်တွင်၊ သိန်းဆိုင်ဌဆိုက်အရောက်မြန်းကြဘို့၊ ကျောက်တန်းအဖွဲ့ခံရသကဲ့သို့တည်း။

အဓိပ္ပါယ်။ ။အတွင်းဓာတ်မနော သဘောညစ်ညမ်း၍ ကြမ်းတန်းဆိုးယုတ်သောသူတို့သည် မကောင်းသော အလေ့အကျင့်အားဖြင့် မသင့်သောအမှုကိုသာ များစွာ ပြုလုပ်တတ်ကြပေသည်။ယင်းသို့ ပြုလုပ်ရာ၌ ထိုသူယုတ်မာတို့၏ မှားယွင်းသောအမှု အပြစ်ငှုဟူသမျှသည် အတူတကွ ပေါင်းသင်းနေထိုင်ကြသော မိတ်ဆွေ သူတော်ကောင်းတို့၏ အပေါ်၌သာ ကျရောက်တတ်ပေသည်။ ထိုသို့ ကျရောက်တတ်ရာ ဥပမာတခု နှိုင်းစာ၍ရှုဘို့ရန် မှတ်ပုံစံဝယ် အဘယ်ကဲ့သို့ နည်းဟူမူ ဦးခေါင်းမျက်နှာ ဆယ်ခုပါသည့် ရာဝဏနှင့် ဒသဂိရိ နှစ်မည်ရှိသည့် ဇာတိအထူး နတ်ဘီလူးမှန် သိန်းဆိုင်ဌစံသည့် စုံမြိုင်ယံ မှော်ရုံ၏အတွင်းမှ ရာမမင်း မဟေသီ မယ်သီတာ ဒေဝီကို ပွေ့လီဉာဏ်ထုတ် အပါသုတ်လျက် ရုတ်တရက် ဝေဟင်နဘံမှ လေယာဉ်ပုံ့ ရထားတမျိုးဖြင့် မယားခိုးခြင်းအမှုကို ရက်စက်စွာ ပြုလုပ်ခဲ့လေပြီ။ ယင်းသို့ ပြုလုပ်ရာ ထိုဒသဂိရိ မည်ရှိ ရုပ်ဆိုး မယားခိုး၏ လင်ရှိမယားကို ရထားတင်ခိုးမှုသည် ၎င်းအမှုနှင့် မစပ်ယှက် လားလားမျှ ကြားမစွက်သဖြင့် သက်သက်လွတ်ရှင်း အပြစ်ကင်းသည့် မြစ်မင်းပြင်ကျယ် စပ်ကြားနေ ပင်လယ်မှာ ဆက်သွယ်ယှက်စပ် နီးကပ်စွာ တည်နေသည့်အတွက်ကြောင့် စစ်တက်စစ်ခင်း အဟုန်ပြင်းသည့် ရာမမင်းမျောက်တသိုက်တို့ ကတိုက်

ကရိုက်တံတားထိုး၍ မယားခိုးအလိုက်တွင် သိန်းသိုင်္ဃဆိုက် အရောက်မြန်းကြ ရန် ကျောက်တန်းဖွဲ့ခံရရှာသကဲ့သို့ ဖြစ်ပေသည် ဟူလို။

လူမိုက်ကို မပေါင်းသင်းဘဲ ရှောင်ကွင်းသင့်ပုံ

ထိုပြင်လည်း ပညာရှင်အများတို့ မှာကြားခဲ့သော ဩဝါဒစကားတရပ်ကို ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတ့်သော ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

ကိဥ္စ—

၂၂။ စဇ ဒုဇ္ဇနသံသဂ္ဂံ၊ ဘဇ သာဓုသမာဂမံ။
ကရ ပုညမဟောရတ္တိံ၊ သရ နိစ္စမနိစ္စတံ။

ကိဥ္စ၊ ထိုပြင် တတန်၊ မှတ်သားရန်အတွက်၊ နည်းတချက်မှာလည်း။ ဒုဇ္ဇနသံသဂ္ဂံ၊ ယုတ်မာပျက်ချော်၊ မသူတော်တို့နှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ မှီဝဲ ဆည်းကပ်ခြင်းကို။ စဇ၊ လွတ်လွတ်ကင်းကင်း၊ အလျှင်းပြတ်အောင်၊ စွန့်ခွါ ရှောင်လေလော့။ သာဓုသမာဂမံ၊ စရိုက်ချင့်မြော်၊ ထိုက်သင့်လျော်သည့်၊ သူတော်စင်ကောင်း၊ သူမြတ်လောင်းတို့နှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ မှီဝဲဆည်းကပ် ခြင်းကို။ ဘဇ၊ မပြတ်ယှဉ်တွဲ၊ မှီဝဲဆည်းကပ်လေလော့။ အဟောရတ္တိံ၊ နေ့ရောညဥ့်ပါ၊ အခါမလင့်၊ မဖင့်မထိန်၊ အချိန်ရှိသမျှ၊ ကာလပတ်လုံး။ ပုညံ၊ ဒါန သီလာ၊ ဘာဝနာအစု၊ ကောင်းမှုအမျိုးမျိုးကို။ ကရ၊ အမှုမသွေ၊ ပြုပါ လေလော့။ အနိစ္စတံ၊ အလိုမပါ၊ ကိုယ်ခန္ဓာ၏၊ မြန်စွာပျက်ပြုန်း၊ တဖြုန်းဖြုန်း ဖြင့်၊ လုံးလုံးမတည်၊ မမြဲသည်၏ အဖြစ်ကို။ နိစ္စံ၊ နေ့ညဥ့်မလပ်၊ မပြတ်မစဲ၊ တသဲသဲဖြင့်၊ မြဲမြဲစွဲစွဲကြီး။ သရ၊ ဝိပဿနာဉာဏ်၊ အမြင်သန်လျက်၊ အမှန်သိ မြောက်၊ မဂ်လမ်းပေါက်အောင်၊ အောက်မေ့ဆင်ခြင်ပါလေလော့။

အဓိပ္ပါယ်။ ။ထို့ပြင်တတန် မှတ်သားရန်အတွက် ပညာရှင်အပေါင်းတို့ မိန့်ဆိုတော်မူကြသည့် အချက်ကိုလည်း ဆက်လက်၍ နာတော်မူပါဦးလော့၊ မည်သည့်အခါမဆို ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောကာလတို့၌ အဓမ္မအပြစ် အကျိုးတို့ကို အမျိုးမျိုးဖြစ်ပေါ်အောင် ရွက်ဆောင်ပြုလုပ်တတ်သော ယုတ်မာ ပျက်ချော်သည့် မသူတော်တို့နှင့် ပေါင်းဖော်ယှဉ်တွဲ၍ မှီဝဲဆည်းကပ်ခြင်းကို လွတ်လွတ်ကင်းကင်း အလျှင်း စွန့်လွှတ်ကြရမည်၊ မည်သည့်အခါ၌မျှ မပေါင်း သင်း မဆက်ဆံလေလင့်၊ လောကုတ် လောကီ နှစ်လီသော အကျိုးတို့ကို ပွါးတိုး ဖြစ်ထွန်းစေရန် စီမံဆောင်ရွက်လေ့ရှိသော သူတော်ကောင်း သူမြတ် လောင်းတို့နှင့်သာလျှင် အခါခပ်သိမ်း ပေါင်းဖက်ယှဉ်တွဲ၍ မှီဝဲဆည်းကပ်လေ

လော့၊ မှီဝဲဆည်းကပ်ရမည်၊ နေ့ရောညဥ့်ပါ အခါမလင့် မဖင့်နွဲ့စေမူ၍ ဒါနသီလ အစရှိသော ကုသိုလ်အစု ကောင်းမှု အမျိုးမျိုးတို့ကို ကြိုးစား အားထုတ်၍ အမြဲပြုလုပ်လေလော့၊ အမြဲပြုလုပ်ရမည်၊ အစိုးမရ အလိုမပါသည့် ဤကိုယ်ခန္ဓာ နာမ်ရုပ်အစုကိုလည်း ဖြစ်မှုနှင့် ပျက်မှု ဤနှစ်ခုသရုပ်ထင်လျက် အဟုတ်မြင်၍ မဂ်စခန်း ဆိုက်စေရန် ကြံဖန်အောက်မေ့သဖြင့် တစေ့စေ့ ရှုဆင်ခြင်ရမည်။ ထိုသို့ ပညာရှင်အများတို့ မိန့်ဆို မှာကြားခဲ့သော သြဝါဒ စကားကြောင့် ဤဆိုးဝါး ယုတ်မာသော ဗျိုင်းမိုက်နှင့် အတူတကွ လိုက်ပါ သွားရောက်ရန် **မသင့်ပါဟု** ဆိုလိုသည်။

ထို့နောက် ယုတ်မာသော သူမိုက်နှင့် အတူတကွ မနေထိုက် မသွားထိုက် ကြောင်းကို ဥပမာ ထုံးဟောင်းနှင့်တကွ ရှုံးပေါင်း၍ ပြပြန်လိုသည်ဖြစ်၍ **အပရဉ္စ** အစရှိသော စကားရပ်ကို ထပ်မံ၍ တင်လျှောက်ပြန်လေ၏။

အပရဉ္စ—

၂၃။ န ဌာတဗ္ဗံ န ဂန္တဗ္ဗံ၊ ဒုဇ္ဇနေန သမံ ကွစိ။
ကာကသင်္ဂါ ဟတော ဟံသော၊ တိဋ္ဌံ ဂစ္ဆဉ္စ ဝဋ္ဋကော။

အပရဉ္စ၊ အခြားဆိုဘွယ်၊ ထုံးတသွယ်ကား။ ဒုဇ္ဇနေန၊ အတွင်းခေါတ်ခံ၊ မဟန်သိုးပုပ်၊ ဆိုးယုတ်သော သူမိုက်နှင့်။ ကွစိ၊ မည်သည့်ဒေသ၊ ရပ်ဌာနဉ္စမျှ။ သမံ၊ သဟာယမူ၊ အတူနွဲ့လျက်၊ ယှဉ်တွဲဖက်၍။ န စ ဌာတဗ္ဗံ၊ တကွမကွေ၊ နေလည်းမနေအပ်။ န စ ဂန္တဗ္ဗံ၊ တိုင်ပင်နှီးနှော၊ ပေါင်းရောယှဉ်ငြား၊ စပ်သောအားဖြင့်၊ သွားလည်းမသွားအပ်။ ကာကသင်္ဂါ၊ ဆိုးယုတ်စရိုက်၊ ကျီးအမိုက်နှင့်၊ အခိုက်တွေ့ကြုံ၊ ပေါင်းဆုံမိလေသောကြောင့်။ တိဋ္ဌံ—တိဋ္ဌန္တော၊ ပေါင်းသင်းတစေ၊ အတူနေမိသော။ ဟံသော စ၊ ကရုဏာနှင့်၊ မေတ္တာတရား၊ ပွါးများကြင်နာ၊ ငှက်ဟသ်ာသည်လည်းကောင်း။ ဂစ္ဆံ—ဂစ္ဆန္တော၊ ဖက်တွဲရင်းနှီး၊ ခရီးမခြား၊ အတူသွားသော။ ဝဋ္ဋကော စ၊ ကိုယ်ဝယ်စင်စစ်၊ အပြစ်စင်ကြယ်၊ ငုံးငှက်ငယ်သည်လည်းကောင်း။ ဟတော၊ အတူပေါင်းဖက်၊ ကျီးအတွက်ကြောင့်၊ ကိုယ့်သက်အမှန်၊ အသတ်ခံရဘူးလေပြီ—ဟု တင်လျှောက်လေ၏။

ထိုအခါ ဥဒေါင်းမင်းက "ဤဟသ်ာနှင့်ငုံး အသက်ဆုံးခြင်း၏ အကြောင်း အတ္ထုပ္ပတ္တိ အကျယ်ကား အဘယ်သို့ပါနည်း"ဟု မေးမြန်းရာ ကျေးသားက အောက်ပါ ပုံဝတ္ထုကို တင်လျှောက်လေ၏။

ဟသ်ာနှင့် ကျီးမိုက်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ **ဥဇ္ဇေနီ** ပြည်သို့ သွားရာ ခြောက်တပ်သော လမ်းခရီး၏အနီး၌ တည်ပင်ကြီး တပင်ရှိလေ၏။ ထိုတည်ပင်ကြီး၌ ကျီးနှင့် ဟသ်ာ

တို့သည် အတူတကွ နေထိုင်ကြလေ၏။ တရံရောအခါ ပူအိုက်သော ကာလ၌ ခရီးသည် တယောက်သည် မောပန်းလှသဖြင့် ထိုသစ်ပင်၏ အရင်း၌ လေး မြှား တို့ကို ထားလျက် အိပ်လေသော် နောက်အတန်ကြာကာလ၌ သစ်ပင်ရိပ် သည် ထိုခရီးသည်၏ မျက်နှာမှ လွန်၍ သွားလေ၏၊ ထိုအခါ နေပူနေပြောက် ဖြင့် ထိုသူ၏မျက်နှာကို ထိုးကျောက်လျက်နေသည်ကို မြင်လေလျှင် ထိုသစ်ပင် ထက်၌ တည်နေသော ဟင်္သာသည် သနားကြင်နာလှသည့်အတွက် မိမိ၏ အတောင်နှစ်ဖက်တို့ကို ဖြန့်ကာရှက်မိုးလျက် ထိုသူ၏ မျက်နှာ၌ တဖန် အရိပ် ဖြင့် ဖုံးလွှမ်းပြန်စေ၏။ ထို့နောက် အလွန်အိပ်ချင်သော ခရီးပန်းသော ခရီး သည် ယောကျ်ားသည် ခံတွင်းကို ဟ လျက် ပြင်းစွာ အိပ်ပျော်လေ၏။

ထိုအခြားမဲ့၌ ပကတိအားဖြင့် ယုတ်မာသော သဘောရှိခြင်းကြောင့် သူတ ပါးတို့၏ ချမ်းသာခြင်းကို မရှုစိမ့် သည်းမခံနိုင်သော ကျီးမိုက်သည် ထိုအိပ် ပျော်သော ယောကျ်ား၏ ခံတွင်း၌ ကျင်ကြီးကိုစွန့်ချ၍ ပြေးလေ၏။ ထို့နောက် ခရီးသွားယောကျ်ားသည် အိပ်ရာမှထပြီးလျှင် သစ်ပင်ထက်သို့ မော်၍ ကြည့်ရှု လိုက်သောအခါ ဟင်္သာကို တွေ့မြင်ရ၍ ထိုဟင်္သာကိုပင် အထင်မှားလျက် မြှား ဖြင့် ပစ်သတ်လေ၏။ ထို့ကြောင့် ကျွန်တော်မျိုးသည် "ယုတ်မာစရိုက် လူမိုက် နှင့်မူ အတူမနေရာ" အစရှိသော စကားကို ဆိုခဲ့ပေသည်ဟု တင်လျှောက် လေ၏။

ထို့နောက် "အရှင် ဥဒေါင်းမင်း.... ငုံး၏အကြောင်းကိုလည်း ပြောဆို လျှောက်ထားပါဦးအံ့၊ နာကြားတော်မူပါဦးလော့" ဟု ဆို၍ အောက်ပါဝတ္ထုကို တင်လျှောက်ပြန်လေ၏။

ငုံးနှင့် ကျီးမိုက် ဝတ္ထု

တရံရောအခါ အလုံးစုံသော ငှက်အပေါင်းတို့သည် ဘုန်းတန်ခိုး အာနုဘော် နှင့် ပြည့်စုံသော ဂဠုန်မင်းအား ဖူးမျှော် ပူဇော်ပွဲ အခါကျရောက်သဖြင့် သမုဒ္ဒရာကမ်းခြေသို့ ထက်ဝန်းကျင် သွားကြရကုန်၏။ ထိုသို့သွားကြသောအခါ ငုံးငယ်တကောင်သည် ကျီးနှင့် အတူတကွ သွားလေရာ လမ်းခရီး အကြားဝယ် ခရီးသွားစဉ် ဖြစ်သော နွားကျောင်းသား၏ ဦးခေါင်းထက်၌ တင်ရွက်လျက် ထားသော နို့ဓမ်းအိုးမှ နို့ဓမ်းကို ကျီးသည် မကြာမကြာ ထိုးသုတ်၍ စားလေ၏။ ထိုသို့ မကြာမကြာ စားဖန်များသဖြင့် နွားကျောင်းသားသည် ဦးခေါင်းမှ နို့ဓမ်းအိုးကို မြေ၌ ချပြီးလျှင် မော့်၍ ကြည့်ရှုသောအခါ ကျီးနှင့် ငုံးတို့ကို မြင်လေ၏။ ထိုသို့မြင်ရာ နွားကျောင်းသားသည် ကြိမ်းမောင်း ခြောက်လှန့်သဖြင့် ကျီးသည် လျင်မြန်စွာ ရှောင်လွှဲ၍ အရပ်တပါးသို့ ဖဲသွား လေ၏။ ပကတိ သဘောအားဖြင့် မိမိ၌ အပြစ်မရှိသော ဖြေးနှေး လေးကန်

သော ငုံးငှက်ငယ်ကို နွားကျောင်းသားမိ၍ ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်ဖျက်ဆီး လေ၏။ ထို့ကြောင့် "ယုတ်မာစရိုက် လူမိုက်နှင့်မူ အတူမသွားထိုက်" အစရှိ သော စကားကို ကျွန်တော်မျိုး ဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

လူယုတ်မာ၏ ချိုသာစကား ဘေးဖြစ်ပွါးစေတတ်ကြောင်း

ဥဗျိုင်း။ ။ထိုစကား၏ အဆုံး၌ ကျွန်တော်မျိုးက "နောင်တော် ကျေး သား.... အဘယ့်ကြောင့် ဤကဲ့သို့ ပြောဆိုပါသနည်း၊ ကျွန်ုပ်၏ အရှင်သခင်နှင့် မခြား အလားတူစွာ သင်ကျေးသားကိုလည်း မှတ်ယူသဘောထားပါသည်"ဟု ပြောဆိုလိုက်ရာ ကျေးသားက ဤအတိုင်း ဟုတ်တန်ရာပါ၏၊ ရှိပါစေဦးတော့၊ သို့သော်လည်း—

၂၄။ ဒုဋ္ဌနေဟု္စမာနာနိ၊ သသိတာနိ ပိယာနျပိ။
အကာလကုသုမမိဝ၊ ဘယံ သဥ္စနယန္တိ ဟိ။

ဒုဋ္ဌနေဟိ၊ စရိုက် ကြမ်းတန်း၊ သရမ်း ပျက်ချော်၊ မသူတော်တို့သည်။ သသိတာနိ၊ မြင်သူအလုံး၊ ဘဝင်နှုံးဘွယ်၊ ပြုံးရယ်ခြင်းနှင့်တကွဖြစ်ကုန်သော။ ဥစ္စမာနာနိ၊ နှုတ်ချိုအပြား၊ ထုတ်ဆိုကြားအပ်ကုန်သော။ ပိယာနိပိ၊ နာသူ ကြည်ရွှင်၊ နားဝင်ပျားနှယ်၊ ချစ်ဖွယ်သော စကားတို့သည်လည်း။ အကာလ-ကုသုမံ ဣဝ၊ မကောင်းနိမိတ်၊ အရိပ်ပြရာ၊ အခါမဲ့ဆန်း၊ ပွင့်သောပန်းကဲ့သို့။ ဘယံ၊ အနိဋ္ဌဖလ၊ ဒုက္ခသောင်းပြောင်း၊ ဘေးအပေါင်းကို။ သဥ္စနယန္တိ ဟိ-သဥ္စနယန္တိဧဝ၊ မုချ ဆတ်ဆတ်၊ ဖြစ်စေတတ်ကုန်သည် သာလျှင်တည်း။

အဓိပ္ပါယ်။ ။စရိုက်ကြမ်းလျက် ရမ်းကားပျက်ချော်သော သဘောရှိကုန် သော သူတော်မဟုတ် ယုတ်မာညစ်ညမ်း ဆိုးသွမ်းသော သူတို့သည် တွေ့မြင်သူ အများတို့ အားရရွှင်မြူး ဘဝင်နှုံးဘွယ် ပြုံးရယ်သည့်မျက်နှာဖြင့် ချိုသာအေးမြ လျက် ကြားရသူ မထနိုင်အောင် ထုတ်ဟပြောဆိုအပ်သော ပိယဝါစာ သာယာ ပြေပြစ်၍ ချစ်ဖွယ်သောစကားတို့သည် ဥပမာအားဖြင့် လောက၌ မကောင်း သော ဘေးဥပဒ်တို့ ဖြစ်ပေါ်ဘို့ရန် အရိပ်နိမိတ် ပြတတ်သော အချိန်အခါမဲ့ ပွင့် သော ပန်းသည် ထိုပန်းပွင့်သဖြင့် ကောင်းကျိုးအနည်းငယ်မျှမပေး ဘေးဒုက္ခ တို့ကိုသာလျှင် များစွာဖြစ်စေတတ်ကုန်သကဲ့သို့ ထိုအတူ ဒုက္ခသောင်းပြောင်း များစွာသော ဘေးအပေါင်းကိုသာ ဖြစ်စေတတ်ကုန်သည်သာလျှင် ဖြစ်ပေ သည်။ ထို့ကြောင့် သင်သည် မည်ကဲ့သို့ပင် ပြောဆိုပါသော်လည်း ယခုအခါ ငါသည် သင်နှင့်အတူ လိုက်ဖို့ရန် မသင့်လျော်သဖြင့် အတူမလိုက်လိုပါဟု ဆို လိုသည်။

ဟိ-ဖြန့် ၂-၃—ပ-မ-ဗ-သ-စ

သင်သည် သူယုံတ်မာအစစ် ဖြစ်သည်၏အဖြစ်ကို မင်းနှစ်ပါးတို့အချင်းချင်း ခိုက်ရန်ဖြစ်၍ စစ်တိုက်အောင် အားထုတ်ပြောဆိုသော သင်၏စကားဖြင့် ပင်လျှင် ထင်ရှားစွာ သိနိုင်ပါ၏၊ အကယ်၍ ဤမင်းနှစ်ပါးတို့ စစ်ဖြစ်ကြသည်ရှိသော် ထိုသို့ဖြစ်ကြရာ၌ သင်၏စကားသည်ပင် မူလအကြောင်းရင်း ဖြစ်ပေသည်၊ သင်၏စကားကြောင့်ပင်လျှင် စစ်ဖြစ်ကြရသည်၊ ဆင်ခြင်စဉ်းစားပါဦးလော့ဟုဆို၍ အောက်ပါဂါထာကို ရွတ်ဆိုပြောကြားလေ၏။

၂၅။ ပစ္စက္ခေပိ ကတေ ဒေါသေ၊ မူဠှော သန္တွေန တုဿတိ။
ရထကာရော နိဇံ ဒါရံ၊ သဇာရံ သိရသာ ကရိ။

ဒေါသေ၊ ကိုယ်ပိုင်မယား၊ မျောက်မထား၍၊ ပျော်ပါးသောအပြစ်ကို။ ပစ္စက္ခေ ကတေပိ၊ မျက်မှောက်ရှေ့တွင်၊ ကြောင်တောင်မြင်ရာ၌၊ထင်ထင်ရှားရှား၊ ပြုကျင့်ငြားပါသော်လည်း။ မူဠှော၊ မိုက်ရူး အ-နှ၊ လူ့ဗာလသည်။ သန္တွေန၊ မယားညာဏ်ကြွယ် ၊ မူရာချယ်သည့်၊ ကြည်ဘွယ်သောစကားဖြင့်။ တုဿတိ၊ ရွှေးကထက်တိုး၊ အချစ်ဖိုးလျက်၊ မြတ်နိုးစုံမက်၊ လွန်နှစ်သက်၏။ ရထကာရော၊ လှည်းမျိုးရထား၊ လုပ်ကိုင်စားသောသူသည်။ သဇာရံ၊ သယောက်အမြှောင်၊ လင်စောင်အငယ်နှင့်တကွ။ နိဇံ ဒါရံ၊ ကိုယ်ပိုင်ထင်ရှား၊ ကိုယ့်မယားကို။ သိရ-သာ ကရိ၊ ဦးခေါင်းထက်တွင်၊ ရွက်ဆောင်တင်ဘူးခဲ့လေပြီ။

ထိုသို့ ရွတ်ဆိုတင်လျှောက်သောအခါ ဥဒေါင်းမင်းက “ဤသယောက် လင်ငယ်နှင့်တကွ မိမိ၏မယားကို ဦးခေါင်းထက်၌ ရွက်ဆောင်သော ရထား လုပ်သမား၏အကြောင်းကား အသို့ပါနည်း”ဟု မေးမြန်းလေသော် ကျေးသား က အောက်ပါဝတ္ထုကို ပြောကြားလေ၏။

ရထားလုပ်သမားမယားနှင့် ကြာသမားဝတ္ထု

ရှေးလွန်လေပြီးသောအခါ **သိရိမြို့၌ မန္ဒမတိမည်သော** ရထားလုပ်သမား တယောက်ရှိလေ၏၊ ထိုရထားလုပ်သမားသည်လည်း မိမိ၏မယား လျှပ်ပေါ်လော်လည်ကြောင်းကို ရိပ်မိ၏၊သို့သော်လည်း သယောက်လင်ငယ်နှင့် တနေရာထည်း၌ အတူတကွ နှစ်ယောက်ချင်း နေထိုင်သည်ကို မိမိကိုယ်တိုင် ကိုယ်ကြုပ်တပ်အပ် မတွေ့မြင်ရပေ။ သို့ဖြစ်၍ တနေ့သ၌ ထိုရထားလုပ်သမားသည် မိမိမယားအား ငါအရပ်တပါးသို့ သွားဦးမည်ဟု မာယာညာဏ်နှော၍ လျက် ယုံကြည်လောက်အောင် ပြောကြားပြီးလျှင် ခရီးသွားမည့်အမူအရာဖြင့် ဟန်ပါပါပြင်ဆင် လျက် နေအိမ်မှထွက်ခဲ့၍ အနည်းငယ် စခန်းရောက်အောင် လမ်းလျှောက်၍ အတော်ဝေးစွာ သွားပြီးနောက် တုံ့ခေါက်၍ တဖန် မိမိအိမ်သို့ တိတ်တဆိတ်

ပြန်လည်ခဲ့ပြီးလျှင် ခုတင်၏ အောက်အရပ်၌ ပြားပြားဝပ် ပုန်းအောင်းလျက် ချောင်းမြောင်းကာ နေလေ၏။

ယို့နောက် ငါ၏လင်ယောကျ်ားသည် အရပ်တပါးသို့ သွားပြီဟု ယုံကြည် ထင်မှတ်သဖြင့် ထိုမိန်းမသည် သယောက်လင်ငယ်ကို ညချမ်းဆည်းဆည်းဆည်းဆည်းဆည်းဆည်း နေဝင်စ အခါ၌ပင်လျှင် လင်ငယ်ကို ခေါ်ပြီးလျှင် ရောက်လာသော ထိုသယောက် လင်ငယ်နှင့်အတူ ထိုခုတင်ထက်၌ ရှင်တက်ဇောကြွလျက် သဘောကျအလွန် အမွန်ကြီးမွန်ကြ၍ ဟဒယကြည်နူး လင်မယားနှစ်ဦးတို့ ပလူးလျက်နေကြစဉ် ခုတင်၏အောက်နားတွင် ခပ်ပြားပြား ဝပ်အောင်းလျက် ချောင်းမြောင်းကာ နေနှင့်သော လင်ကြီးယောကျ်ား ရထားလုပ်သမား၏ ကိုယ်အင်္ဂါကို အနည်း ငယ်ထိခိုက်မိသဖြင့် ထိုမိန်းမသည် မိမိ၏လင်ကြီး ယောကျ်ား၏ အရပ်တပါးသို့ မသွားဘဲ လှည့်ဖြားသော မာယာဉာဏ်ကို ကေန္တရိပ်မိ အတပ်ပင်သိသောကြောင့် မချိတရိ စိတ်မသန့်ဘဲ ထိတ်လန့် ပူဆွေးလျက် နှလုံးမအေးခြင်း ဖြစ်ရရှာ လေ၏။ ထိုသို့ နှလုံးမသာ မျက်နှာမလှ မရွှင်ပျသောအခါ အမြောင်လိုက်စား သည့် ကြာသွား သယောက်လင်က "ရှင်မ....သင်သည် ယနေ့ အဘယ့်ကြောင့် ဤသို့ ငါနှင့်အတူ ကြည်ဖြူပျော်ပျော် မမွေ့လျော်ပါသနည်း၊ သင်သည် ငါ၏ အပေါ်၌ စိတ်ဇနောင့်ဇနင်းဖြစ်ပြီးလျှင် နှလုံးဆင်းရဲပုံ ပေါ်သည်ဟု ငါထင် ပါသည်"ဟု ပြောဆိုလေ၏။

ယင်းသို့ ပြောဆိုလိုက်ရာ ထိုမိန်းမက ရုတ်တရက် မာယာဉာဏ်ဆင်ပြီးလျှင် လင်ကြီးမှာ နားဝင်ဆိမ့်၍ အိမ့်လှအောင် ပြောဆိုလိုက်သည်မှာ "အမောင်.... ငါ၏ အကြင်ခင်ပွန်းသည်သည် ငါ၏အသက်ကိုလည်း ပိုင်၏၊ အကြင်ခင်ပွန်း သည်နှင့် ငါတို့မှာ သက်ရှယ်နုနယ် ငယ်စဉ်အခါကစ၍ အကြင်လင်မယား လည်း ဖြစ်ခဲ့ကြ၏။ ထိုငါ၏ ငယ်ကကြင်သည့် ငယ်လင် ယောကျ်ားသည် ယနေ့ ဒေသရပ်ခြား ရွာတပါးသို့ သွားခဲ့ပြီ၊ သင်မသိပါသလော။ ထို့ကြောင့် ထိုလင်နှင့် ကင်း၍ ထိုလင်မရှိခဲ့သော် ဤရွာ၌ အလုံးစုံသော လူတို့ဖြင့် ပြည့်နှက် စည်ကားလျက် များစွာပင် ရှိကြပါသော်လည်း ဤရွာသည် ဆိတ်ငြိမ်သော တောအတိ ဖြစ်သကဲ့သို့ ငါမှတ်ထင်ပါသည်။ ထိုသူတပါးတို့၏ ရပ်ရွာမှာ ငါ၏ ငယ်လင်ယောကျ်ားသည် ဘယ်လိုများဖြစ်၍ နေပါလိမ့်မည်နည်း၊ ဘယ်ကဲ့သို့ စားသောက်၍ နေရပါလိမ့်မည်နည်း၊ ဘယ်ကဲ့သို့ အိပ်ရပါလိမ့်မည်နည်းဟု ဤကဲ့သို့သော အကြောင်းအရာတွေကို တွေးတောပူပန်သဖြင့် အိမ်မှ ထွက် ကတည်းကစ၍ တခဏမျှမအေး ဟဒယပူဆွေးလျက် တွေးမိတိုင်း နှလုံးမသာ ဖြစ်ရပါသည်"ဟု ပြောဆိုလေ၏။

ထိုသို့ ပြောဆိုရာ လင်ငယ်ယောကျ်ား အမြောင်သွားက နားခါးသည့် အတွက် အကြားရခက်သောကြောင့် ဆက်လက်၍ ပြောပြန်သည်မှာ "သင်၏

ယောကျ်ား ထိုခိုက်ရန်များသော ရထားလုပ်သွားကြီး၌ အဘယ်မှာလျှင် ထိုမျှလောက် ချစ်ခင်စုံမက်၍ နှစ်သက်ဖွယ်ရာ အကြောင်း ရှိပါအံ့နည်း”ဟု ပြောဆိုရာ လော်လည်သော မိန်းမက “ဟယ်လူမိုက်....အဘယ့်ကြောင့် ဤသို့ ဆိုဘိသနည်း၊ နားထောင်ဦးလော့”ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို ပြောကြားလေ၏။

၂၆။ ဖရုသေနာပိ ယာ ဝုတ္တာ၊ ဒဋ္ဌာ ဝါ ကောဓစက္ခုနာ။
သုပသန္နမုခီ ဘတ္တု၊ သာ နာရီ ဓမ္မဘာဂိနီ။

ယာ နာရီ၊ လင်ကိုကြည်ညို၊ ရိုသေချစ်ခင်၊ တရားယှဉ်သော၊ အကြင်မိန်းမ သည်။ ဘတ္တုနာ၊ မိမိအရှင်၊ သခင်လင်သည်။ ဖရုသေန၊ အယုတ္တ အနုတ္တ၊ နှုတ်ဟ သရမ်း၊ ကြမ်းတန်းသောစကားဖြင့်။ ဝုတ္တာပိ၊ ဆဲရေးကြိမ်းမောင်း၊ မကောင်း ပြောဆိုအပ်သော်လည်းကောင်း။ ကောဓစက္ခုနာ၊ ဒေါသမျက်မာန်၊ အထွက် သန်လျက်၊ ခက်ထန်သော မျက်စိဖြင့်။ ဒဋ္ဌာ ဝါ၊ စောင်းငဲ့တမျိုး၊ မျက်မုန်း ကျိုးလျက်၊ အငြိုးနှင့် ကြည့်အပ်သော်လည်းကောင်း။ ဘတ္တု၊ အရှင်သခင်၊ လင်ယောကျ်ားအား။ သုပသန္နမုခီ၊ စိတ်စက်မငယ်၊ စဉ်ပြုံးရယ်လျက်၊ မပျက် ကြည်လင်၊ ရွှင်ပျသောမျက်နှာရှိ၏။ သာ နာရီ၊ ထိုလင်၌ကြည်ညို၊ ရိုသေချစ်ခင်၊ တရားယှဉ်သော မိန်းမသည်။ ဓမ္မဘာဂိနီ၊ တရားကိုလျှင်၊ အစဉ်သုံးစွဲ၊ မြဲ ဆည်းကပ်လေ့ရှိ၏။ ဝါ၊ မြဲဆည်းကပ်လေ့ရှိသော မိန်းမည်၏။

အဓိပ္ပါယ်။ ။အကြင်မိန်းမသည် မိမိ၏ အရှင်သခင်ဖြစ်သော လင် ယောကျ်ားသည် မိမိအား နှုတ်ထွက်သရမ်းသဖြင့် ကြမ်းတန်း ယုတ်မာသော ဖရုသဝါစာ စကားတို့ဖြင့် များစွာ ဆဲရေးကြိမ်းမောင်း၍ ထောင်းထုရိုက်နှက် မည့်အဟန် မခံသာအောင် ငေါက်ငမ်း ပြောဆိုသည်မူလည်းဖြစ်စေ, ကောဓ မျက်မာန် အထွက်သန်လျက် ခက်ထန်သော မျက်နှာထားဖြင့် တဖက်သား ခံပြင်းအောင် မာန်သွင်း၍ ကြည့်သည်မူလည်း ဖြစ်စေ နဂိုရ်နေမပျက် လင်ယောကျ်ားအပေါ်၌ အမုန်းမဖက်ဘဲ ပြုံးလျက်သာ နေတတ်၏။ ထိုသို့ နေတတ်သော မိန်းမသည် တရားနှင့် ညီလျော်သောကြောင့် တရားကို သုံးစွဲ၍ အမြဲဆည်းကပ်သော မိန်းမမည်ပေသည် ဟူလို။

ထို့ပြင် လင်ကိုစုံမက် နှစ်သက်မြတ်နိုးကုန်သော မိန်းမတို့၏ အကျိုး ကြီးမြတ်ဟန်ကို ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ နောက်တရစ် စကားတရပ်ကို မှတ်သားနာယူပါဦးလော့ဟု ဆိုပြီးလျှင် **နဂရဋ္ဌော ဝနဋ္ဌော ဝါ** အစရှိသော ဂါထာကို ရွတ်ဆိုပြန်လေ၏။

၂၇။ နဂရဋ္ဌော ဝနဋ္ဌော ဝါ၊ ပါပေါ ဝါ ယဒိ ဝါ သုစိ။
ယာသံ ထီနံ ပိယော ဘတ္တာ၊ တာသံ လောကာ မဟောဒယာ။

ဘတ္တာ၊ အရှင်သခင်၊ မိမိ၏လင်သည်။ နဂရဋ္ဌော ဝါ၊ ပြည်ရွာမြို့ပြ၊ အိမ်ဌာနဌ်၊ ကိစ္စအလိုက်၊ ပျော်ပိုက် နေထိုင်သည်လည်း ဖြစ်စေ။ ဝနဋ္ဌော ဝါ၊ လုပ်ခင်းအလျောက်၊ တောမြိုင်အောက်၌၊ သွားရောက် နေထိုင်သည်လည်း ဖြစ်စေ။ ပါပေါ ဝါ၊ ယုတ်မာညစ်ညမ်း၊ ဆိုးသွမ်းသည်လည်း ဖြစ်စေ။ ယဒိ၊ ထိုမှို့။ သုစိ ဝါ၊ အပြစ်မတွယ်၊ စင်ကြယ်သန့်ရှင်း၊ ဒုစရိုက် ကင်းသည်လည်း ဖြစ်စေ။ ယာသံ ထီနံ၊ အကြင် သန့်ရှင်းမနော၊ စင်းသဘောနှင့်၊ အတွင်းချော မိန်းမတို့အား။ ပိယော၊ လင်ကိုစုံမက်၊ နှစ်သက်အရိုး၊ ချစ်မြတ်နိုးအပ်၏။ တာသံ ထီနံ၊ ထိုမိန်းမတို့အား။ လောကာ၊ ဖြစ်လေရာရာ၊ နတ်ရွာလောက၊ ဟူသမျှတို့သည်။ မဟောဒယာ၊ မြင့်မြတ်ဖွံ့ဖြိုး၊ စည်းစိမ်တိုးလျက်၊ ကြီးမား သော အကျိုးရှိကုန်၏။

အဓိပ္ပါယ်။ ။အရှင်သခင် မိမိ၏ လင်ယောကျ်ားသည် မြို့ပြပြည်ရွာ အိမ်ဂေဟာ၌ ကိစ္စအလိုက် ပျော်ပိုက် နေထိုင်သည်လည်း ဖြစ်စေ, လယ်ယာ လုပ်ခင်းသို့ အလုပ်ဆင်းသွားသည့် အခိုက်နှင့် တစုံတခု ကိစ္စကြုံကြိုက်၍ တော စခန်း၌ နေထိုင်သည်လည်း ဖြစ်စေ, ယုတ်မာကြမ်းတန်း သရမ်းပျက်ချော်၍ မသင့်သျော်သော အမှုတို့ကို များစွာပြုလုပ်လျက် ယုတ်မာသော အကျင့် ရှိသည်လည်း ဖြစ်စေ, မကောင်းသော ဒုစရိုက်အကျင့်မှ စင်ကြယ်သန့်ရှင်း၍ အပြစ်ကင်းသည်လည်း ဖြစ်စေ အကြင်မိန်းမသည် မိမိ၏အရှင် လင်ယောကျ်ား ကို ရှိသေစုံမက် နှစ်သက်မြတ်နိုး၏၊ ထိုသို့ မိမိအရှင် လင်ယောကျ်ားကို ရှိသေ စုံမက် နှစ်သက်မြတ်နိုးသော မိန်းမသည် တမလွန်လောက ဖြစ်လေရာရာသော နတ်ရွာသုဂတိဘဝတို့၌ အစစဖွံ့ဖြိုး၍ မြင့်မြတ်သော အကျိုးထူးတရားတို့ကို ကေန္တ ခံစား စံစားရမည် ဟူလို။

ထို့ပြင် မိန်းမတို့မည်သည်မှာ ယောကျ်ားရှိမှသာလျှင် တင့်တယ်ဖွယ်ရာ သော အကြောင်းကို ထပ်လောင်း၍ ပြောဆိုလိုပြန်သည်ဖြစ်၍ ထိုမှတပါး မှတ်သားရန်စကားကို ကြားနာပါဦးလေ့ဟု ဆိုပြီးလျှင် **ဘတ္တာဟိ ပရမံ ထီယာ** အစရှိသောဂါထာကို ရွတ်ဆိုပြန်လေ၏။

၂၈။ ဘတ္တာဟိ ပရမံ ထီယာ၊ ဘူသနံ ဘူသနာ ဝိနာ။
သော ဝိရဟိတာ တေန၊ သောဘဏာပိ န သောဘဏာ။

ထီယာ၊ လောကခပ်သိမ်း၊ မိန်းမဟူသမျှအား။ ဘူသနာ ဝိနာ၊ ပုတီး နားဒေါင်း၊ သွယ်ပျောင်းဆင်ရာ၊ ဝတ်တန်ဆာများ၊ အပထား၍။ ပရမံ၊

မြတ်သည်ထက်မြတ်၊ ကဲလွန်ထပ်သော။ ဘူသန်၊ ဆင်တိုင်းသပ်ရပ်၊ တန်ခိုး လျှပ်သည့်၊ အဖိုးမပြတ်နိုင်သော တန်ဆာသည်။ ဘတ္တာဟိ–ဘတ္တာဝေ၊ ချစ်ခင် ကြည်နူး၊ အိမ်ဦးနတ်ရှင်၊ အသွင်မခြား၊ လင်ယောကျ်ားသည်သာလျှင်တည်း။ တေန၊ ထိုဆင်တိုင်း သိုက်မြိုက်၊ တန်ခိုးလိုက်သည့်၊ ဖိုးထိုက်ရတနာ၊ မြတ် တန်ဆာ အလား၊ လင်ယောကျ်ားနှင့်။ ဝိရတာ၊ မရှိယှဉ်းချွတ်၊ ကင်းလွတ် ဝေးကွာသော။ ဝါ—တေနဝိရဟိတာ၊ ထိုဖိုးထိုက်ရတနာ၊ မြတ်တန်ဆာ အလား၊ လင်ယောကျ်ား မရှိသော။ သော၊ ဤလင်သားယှင်းချွတ်၊ မိန်းမ လွတ်သည်။ သောဘဏာပိ၊ နဂိုရ်အသွေး၊ ယဉ်ကျေးရှုဘွယ်၊ တင့်တယ်သော မိန်းမပင်ဖြစ်သော်လည်း။ န သောဘဏာ ဟိ–န သောဘဏာဝေ၊ ဂုဏ်သိရ် ညိုးပုပ်၊ တန်ခိုးနုပ်လျက်၊ ဆိုးယုတ်မဖွယ်၊ မတင့်တယ်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။လောက၌ မိန်းမတို့မှာ ပကတိအားဖြင့် မိန်းမဟူသမျှတို့ အရိုးခံ ဆင်မြန်းနေကျဖြစ်သော ပုတီး နားဒေါင်း သွယ်ပျောင်းအင်္ကျီ ထဘီ တဘက် အစရှိသော ဝတ်စားတန်ဆာတို့ကို အပထား၍ ၎င်းတို့မှတပါး အဖိုး မပြတ်နိုင်သည့် အမြတ်ဆုံး အတင့်တယ် အဖွယ်ရာဆုံး ဖြစ်သော တန်ဆာကြီး သည်ကား အိမ်ဦးနတ်ရှင် အသွင်မခြား လင်ယောကျ်ားသာလျှင် ဖြစ်ပေသည်။ ထိုလင်ယောကျ်ား တည်းဟူသော အဖိုး မပြတ်နိုင်သည့် အမြတ်ဆုံး တန်ဆာ ကြီးနှင့် ကင်း၍ ဝါ-အမြတ်ဆုံး တန်ဆာဖြစ်သော လင်ယောကျ်ား မရှိသော မိန်းမသည် နဂိုရ်အသွေး မြင်သူတိုင်းငေးလောက်အောင် ယဉ်ကျေးလှပ၍ ဓန လည်းကြွယ်ဝ မိဘဆွေမျိုး အစရှိသော ဂုဏ်တို့ဖြင့် ပြည့်စုံလှပါသော်လည်း ရှိသမျှဂုဏ် အလုံးစုံညှိုးယုတ် တန်ခိုးနုပ်လျက် သက်သက်မဲ့ အချည်းနှီး အထီးကျန် မိန်းမ၏သဖွယ် မတင့်တယ်သည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငါ၏ ငယ်ကကြင်သည့် ငယ်လင်အစစ် လင်အချစ်ကို မပစ်နိုင် မမုန်းနိုင်ဘဲ သက်ဆုံး တိုင်ပြာကျအောင် ဂါရဝ တမျိုးထားပြီးလျှင် ကြိုးစား၍ နှစ်သက် ရပေမည်ဟု ဆိုလိုသည်။

သင်မူကား ယုတ်မာသော သဘောရှိသော လင်စောင် လင်ပြောင်ဖြစ်၏။ လျှပ်ပေါ်လှုပ်ရှားသော စိတ်ရှိခြင်းကြောင့် ခေတ္တခဏမျှသာလျှင် အရောင် အဆင်း အနံ့ အရသာတို့ဖြင့် လှပတင့်တယ်စွာ တည်၍ မကြာမီ အရောင် အဆင်း ပျောက်လတ်၍ ခြောက်ကပ်ညှိုးနွမ်းသော ပန်းဆိုင်း ကွမ်းယာတို့နှင့် ပမာမခြား အလားတူပါသဖြင့် တရံတခါသာလျှင် ပေါင်းဖော် မှီဝဲရာ၏၊ တခါတရံ၌ မပေါင်းဖော် မမှီဝဲရာ။ ထိုငါ၏ အရှင်သခင် လင်ယောကျ်ား ရထားလုပ်သမားမှာမူကား ငါ့ကိုယ်ကို ရှောင်းမူလည်း ရှောင်းပိုင်၏၊ ပုဏ္ဏား အားသော်လည်းကောင်း၊ နတ်အားသော်လည်းကောင်း ပေးလှူ ပူဇော်မူ လည်း ပူဇော်ပိုင်၏၊ ထွေရာလေးပါး စကားတို့ကို အကျယ်ချဲ့၍ များစွာပြောဆို

ဘိုမလိုပါ၊ ဤငါ၏ အသက်အသွင် ယယ်ကကြင်သည့် ယယ်လင်ယောကျ်ား ရထားလုပ်သမားကြီးသည် ဇီဝိန်မကြွေ အသက်မသေသမျှသာ ငါလည်းတစေ အသက်ရှည်၍နေမည်၊ အကယ်၍ ငါ၏လင်ကြီး စုတေမနေ သေလွန်ခဲ့ပါမူ ငါလည်းမနေ အတူသေ၍ လိုက်မည်ဟု ငါ့စိတ်၌ ကြံဆလျက် သန္နိဋ္ဌာန်ချပြီး လျှင် ကေန္တ ဆုံးဖြတ်ပြီးဖြစ်သည်။ အကြောင်းကို နာဦးလော့ဟု ဆို၍အောက် ပါဂါထာကို ရွတ်ဆိုပြန်လေ၏။

၂၉။ တိယော ကောဋ္ဌျစုကောဋ္ဌိ စ၊ ယာနိ လောမာနိ မာနဝေ။
တာဝ ကာလံ ဝသေ သဂ္ဂေ၊ ဘတ္တာရံ ယာနုဂစ္ဆတိ။

ယာ ဣတ္ထီ၊ လင်၌ချစ်ခင်၊ တရားမင်သော၊ အကြင်မိန်းမသည်။ ဘတ္တာရံ၊ သေသူသခင်၊ မိမိလင်သို့။ အနုဂစ္ဆတိ၊ အစဉ်တစိုက်၊ သေ၍လိုက်၏။ သာဣတ္ထီ၊ ထိုသေသူသခင်၊ မိမိလင်သို့၊ အစဉ်တစိုက်၊ သေ၍လိုက်သော မိန်းမသည်။ မာနဝေ၊ ယောကျ်ားပြိုပြင်၊ လူလုလင်၌။ တိယောကောဋ္ဌိ စ၊ သန်းချာတွက်ရေ၊ သုံးကုဋေတို့လည်းကောင်း။ အစုကောဋ္ဌိ စ၊ မှန်းဆရေတွက်၊ ကုဋေဝက်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ ယာနိလောမာနိ၊ အကြင်သုံးကုဋေခွဲ ပေါက်မြဲ စင်းစင်း၊ ပင်မွေးညှင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝကာလံ၊ ထိုမွေးညှင်း ရှိသမျှ၊ တွက်ဆနှစ်ရေ၊ သုံးကုဋေခွဲကာလပတ်လုံး။ သဂ္ဂေ၊ နတ်ဘုံနတ်နန်း၊ နတ်ကြငှန်း၌။ ဝသေ၊ စံမြန်းမွေ့လျော်၊ ရွှင်ပျော်မသွေ၊ အတူနေရပေရာ၏။

အဓိပ္ပါယ်။ ။အကြင်မိမိ၏ အရှင်သခင် လင်၌ ကြည်ညိုချစ်ခင်၍ တရားကိုမင်သော မိန်းမသည် မိမိအရှင်သခင် လင်ယောကျ်ားသည် ဘဝ တပါးသို့ ပြောင်းသွား သေလွန်သည်ရှိသော် သေလွန်ရာ၌ မိမိလည်း ဤဘဝ၌ မနေရစ်ခဲ့မူ၍ လင်ယောကျ်ားနှင့် အတူတကွ လင်ယောကျ်ားသို့ အစဉ် တစိုက် သေ၍လိုက်၏၊ ထိုသို့ လင်ယောကျ်ားနှင့် အစဉ်တစိုက် သေ၍ လိုက်သော မိန်းမသည် ယောကျ်ားပြိုပြင်သော လုလင်ယောကျ်ားတို့၌ များ သောအားဖြင့် ပေါက်ရောက်မြဲ ဓမ္မတာဖြစ်သော မွေးညှင်းတို့သည် သုံးကုဋေခွဲ အတိုင်းအရှည် ရှိကုန်၏။ ထိုလုလင်ယောကျ်ား၏ သုံးကုဋေခွဲ အတိုင်းအရှည် ရှိသောမွေးညှင်းတို့နှင့် အမျှ နတ်ရွာလောက၌ နတ်တို့၏ နှစ်အရေအတွက် အားဖြင့် နှစ်ပေါင်း သုံးကုဋေခွဲ ကာလပတ်လုံး နတ်၏စည်းစိမ်ချမ်းသာတို့ကို မိမိ၏ လင်ယောကျ်ားနှင့် ယှဉ်တွဲလျက် အမြဲခံစား၍ နေရ၏။ ထို့ကြောင့် အကယ်၍ ငါ၏ ယယ်ကကြင်သည့် ယယ်လင်ယောကျ်ား ရထားလုပ်သမားကြီး သည် ဘဝတပါး ပြောင်းသွားသေလွန်ခဲ့ပါမူ ငါလည်းမနေ လင်ကြီးနှင့်အတူ သေ၍ လိုက်မည်ဟု ငါ့စိတ်၌ အစဉ်စွဲလျက် အမြဲဆုံးဖြတ်ပြီးဖြစ်ပေသည်ဟုဆို လိုသည်။

ငှင်းပြင် မိန်းမတို့တရားနှင့် ယှဉ်ပါမူ မိမိ၏ လင်ယောကျ်ားကိုပင်လျှင် နတ်ရွာသို့ ကယ်တင်ဆောင်ယူနိုင်ပုံကို ဥဒါဟရဏ်နှင့်တကွ ပြပြန်လိုသည်ဖြစ်၍ ထို့ပြင်တဖန် ထပ်မံ၍ နာခံပါဦးလော့ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆိုပြန်လေ၏။

၃၀။ ဝါဠဂ္ဂါဟီ ယထာ ဝါဠံ၊ ဗလေနုဒ္ဓရတေ ဗိလာ။
တထာ ဘတ္တာရမာဒါယ၊ တေနေဝ သဟ မောဒတေ။

ဝါဠဂ္ဂါဟီ၊ မြွေဖမ်းယောကျ်ား၊ အလမ္ပယ်သမားသည်။ ဝါဠံ၊ ငန်းပြောက် ငန်းကျား၊ နဂါးနွယ်မျိုး၊ ဆိပ်တောက်ဖြိုးသည့်၊ မြွေဆိုး မြွေဟောက်ကို။ဗိလာ၊ ဘေးရန်ရှောင်လွှဲ၊ နေမြဲပုန်းအောင်း၊ တွင်းအခေါင်းမှ။ ဗလေန၊ ဂါထာမန္တရား၊ ဆေးစွမ်းအားဖြင့်။ ဥဒ္ဓရတေ ယထာ၊ အလျှင်မဟုတ်၊ အပြင်သို့ ထုတ်သကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ နာရီ၊ လင့်ဝတ်တရား၊ အများကျေပြွန်၊ မိန်းမမွန်သည်။ ဘတ္တာရံ၊ တရားမရှိ၊ ဂတိမှောက်မှား၊ လင်ယောကျ်ားကို။ အာဒါယ၊ မိမိကျင့်အပ်၊ တရားမြတ်ဖြင့်၊ ထက်ရပ်နတ်ဘောင်၊ ယူထုတ်ဆောင် ၍။ တေနေဝ၊ ထိုချစ်သူယောကျ်ား၊ လင် နတ်သားနှင့်သာလျှင်။ သဟ၊ နတ်ဘောင်တလျှောက်၊ နှစ်ယောက်အမြဲ၊ တူမခွဲဘဲ။ မောဒတေ၊ မွေ့လျော် ပျော်ပါး၊ တူစံစားရရာ၏။

အဓိပ္ပါယ်။ ။မြွေဖမ်းယောကျ်ား အလမ္ပယ်သမားတို့သည် တည်မှီရာ တွင်းလိုဏ်ဗ အခေါင်း၌ ပုန်းအောင်း၍နေသော မြွေဆိုး မြွေဟောက်တို့ကို မိမိ တို့၏ ဂါထာမန္တရား ဆေးစွမ်းအားတို့ဖြင့် ထိုတွင်းလိုဏ်အခေါင်း ပုန်းအောင်းရာ ဌာနမှ တခဏ တမဟုတ်ဖြင့် အပြင်သို့ ထုတ်ဆောင်သကဲ့သို့ ထို့အတူ အရှင် သခင် မိမိ၏ လင်ယောကျ်ားကို ချစ်ခင်ကြည်ညို ရိုသေခံညားသဖြင့် လင်၌ ပြုကျင့်အပ်သော ဝတ်တရားတို့ကို များစွာကျေပြွန်၍ မိန်းမမွန် မိန်းမမြတ်ဟု ဆိုထိုက်သော အကြင်မိန်းမသည် မိမိ၏ ကျင့်ဝတ်ဖြင့် ချွတ်ချော် တိမ်းပါး၍ တရားမရှိ ဂတိမှောက်မှားလျက် အပါယ်လားမည့် မိမိ၏ လင်ယောကျ်ားကို လားရမည့် အပါယ်ဘေးမှ ကင်းဝေးစွာ ထုတ်ဆောင်၍ နတ်ဘောင်၌အတူ ထိုချစ်သူ ယောကျ်ား လင်နတ်သားနှင့် ပျော်ပါး မွေ့လျော်ရပေသည်။ ထို့ကြောင့်လည်း ငါ့လင်ယောကျ်ား ရထားလုပ်သမားကြီးကို ကြည်ညိုသော စိတ်ထားဖြင့် အများကြီး ချစ်ရပေသည်ဟု ဆိုလိုသည်။

ထို့ပြင် မိန်းမမြတ်၏အကျိုးကို တမျိုးပြပြန်လိုသည်ဖြစ်၍ နောက်တရစ် စကားကို မှတ်သားနာယူပါဦးလော့ဟု ဆိုပြီးလျှင် အောက်ပါဂါထာကို ရွတ်ဆို ပြန်လေ၏။

၃၁။ စိတေ ပရိသာဇ္ဇ ဝိစေတနံ ပတိံ၊
ပိယာ ဟိ သာ မုဉ္စတိ ဒေဟမတ္တနော။
ကတာပိ ပါပံ သတလက္ခမပ္ပသာ၊
ပတိံ ဂဟေတွာ သုရလောကမာဂတာ။

(ဝံသဋ္ဌဂါထာ)

ယာ ပိယာ၊ အကြင်လင်၌ကြည်ညို၊ လင်ကိုချစ်ခင်၊ တရားမင်သော မိန်းမသည်။ ဝိစေတနံ၊ ဝိညာဉ်အသက်၊ ယွင်း-ပျက်-ကွင်းကွေ၊ သေလေပြီးသော။ ပတိံ၊ အရှင်သခင်၊ ငယ်ချစ်လင်ကို။ စိတေ၊ မီးသင်္ဂြိုဟ်ရန်၊ စီမံဆောင်ရွက်၊ ထင်းပုံထက်၌။ ပရိသဇ္ဇ – အာလိင်္ဂိယ၊ ပိုက်ပွေ့တွဲလျက်၊ လည်နွှဲဖက်၍။ အတ္တနော၊ မိမိ၏။ ဒေဟံ၊ ရုပ်နာမ်နှစ်ဖြာ၊ ကိုယ်ခန္ဓာကို။ မုဉ္စတိ၊ ရက်ရက်စက်စက်၊ ငဲ့ကွက်မတွန့်၊ လွတ်လွတ်စွန့်၏။ သောဇ္ဇတ္တိ၊ ဤအမြဲချစ်ခင်၊ မိမိလင်နှင့်၊ အစဉ်တစိုက်၊ သေ၍လိုက်သော မိန်းမသည်။ သတလက္ခံ၊ မှန်းဆတွက်ကိန်း၊ သိန်းပေါင်းများစွာ၊ အရာမကသော။ ပါပံ၊ ယုတ်မာညစ်ကျူ၊ မကောင်းမှုကို။ ကတာပိ၊ လွန်ကျူးခါခါ၊ ပြုခဲ့ပါသော်လည်း။ ပတိံ၊ အရှင်သခင်၊ မိမိလင်ကို။ ဂဟေတွာ၊ အတူမလင့်၊ ယူဆောင်ပင့်၍။ သုရလောကံ၊ ဘုန်းကံအရှင်၊ ပျော်ရွှင်ခိုလှုံ၊ နတ်တို့ဘုံသို့။ အာဂတာဟိ – အာဂတာ ဧဝ၊ မလွဲမဖောက်၊ အမြဲရောက်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။မိမိ၏ အရှင်သခင်ဖြစ်သော လင်ယောကျ်ား၌ ကြည်ညိုချစ်ခင်၍ တမလွန်ဘဝ၏ အကျိုးကို မြော်ကိုးသိမြင်လျက် တရားနှင့်ယှဉ်သော အကြင်မိန်းမသည် ဝိညာဉ်ယွင်းကွက် အသက်သေလေပြီးသော လင်ယောကျ်ားကို မီးသင်္ဂြိုဟ်ရာ ထိုထင်းပုံ အထက်၌ အလောင်းကိုပိုက်ဖက်၍ မိမိ၏ အသက်ကိုလည်း ရက်ရက်စက်စက် ငဲ့ကွက်မတွန့် လွတ်လွတ်စွန့်ပြီးလျှင် မီးပုံ၏အတွင်း၌ လင်ရင်းနှင့်အတူ သေ၍ လိုက်၏။ ထိုသို့အစဉ်တစိုက် လင်ရင်းနှင့်အတူ သေ၍ လိုက်သော မိန်းမသည် နောက်နောက်က သိန်းပေါင်းများစွာ အရာမကသော အကုသိုလ် ဒုစရိုက်အမှုတို့ကို ပြုကျင့်ခဲ့မိပါသော်လည်း ထိုလင်ကြီးနှင့်အတူ သေ၍လိုက်ရသော ကောင်းမှု၏အဟုန်ကြောင့် လင်ရင်းနှင့်မခွဲရဘဲ စုံတွဲလျက် အတူဆောင်ပြီးလျှင် နတ်ဘောင်သို့ ရောက်ရပေသည်။ ထို့ကြောင့် ငါ့လင် အစစ် ငယ်ကချစ်သည့် အနှစ်ပြည့် အဖိုးတန်၍ အရိုးခံသဘောထားတတ်သည့် လက်သမားလူကြီးနှင့် ဘယ်နည်းနှင့်မှ မခွဲမသွေဘဲ အတူသေ၍ လိုက်ရပေမည်ဟု ဆိုလိုသည်။

(ဤ၌ မိန်းမတို့၏ အကျိုးကိုပြဆိုသော အရာတို့ကား ဟိန္ဒူတို့၏ ဝါဒသာဖြစ်ပေသည်။)

ဤသို့ လေ်လည်သော မယားက ခုတင်၏အောက်အပါးမှ လင်ကြားလျှင် အားရလျက် နှစ်သက်စေရန် မာယာဉာဏ် ပရိယာယ်ဖြင့် အသွယ်သွယ် ပြောသော စကားတို့ကို ကြားရသောအခါ ဤမန္ဒမတိမည်သော ရထားလုပ်သမားသည် "ဩော်....ငါ့အား ဤသို့သဘောရှိသော နှစ်သက်ဖွယ်သော စကားကို ဆိုတတ်၍ မိမိ၏လင်ကို ချစ်ခင်မြတ်နိုးသော မယားကို ရပေသည်၊ ငါသည် ဘုန်းကံကြီးပေစွ တကား"ဟု စိတ်၌ ကြံစည်အောက်မေ့၍ အလွန်ဝမ်းမြောက်လှသဖြင့် မယားနှင့် သယောက်လင်ပါ ခုတင်ကို ဦးခေါင်းဖြင့် ရွက်ပြီးလျှင် နှစ်သက်ပျော်မြူးလျက် အထူးပင် က-ရှာလေ၏။

(စဉ်းစားကြဘော့၊ မိန်းမတို့ပရိယာယ်ဖြင့် လင်သယ်ကို နှူးလိုက်ပုံ)

ထို့ကြောင့် **ပစ္စက္ခေပိ ကတေ ဒေါသေ** အစရှိသော စကားကို ကျွန်တော်မျိုး ဆိုပါသည်ဟု ကျေးသားက လျှောက်တင်လေ၏။

ရထားလုပ်သမားမယားနှင့် ကြာသမားဝတ္ထု ပြီး၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ဥဗျိုင်း။ ။ထိုကျေးသား၏ စကားအဆုံး၌ ထိုဥဒေါင်းမင်းက ကျွန်တော်မျိုးအား သံတမန်တို့ကို ပြုစုရသောထုံးစံ ဝတ်တရားရှိသည့်အတိုင်း ကျေပြွန်စွာ ပြုစုပြီးလျှင် မိမိနိုင်ငံသို့ ပြန်ရန် အခွင့်ပြုလိုက်သဖြင့် ထွက်ခွါ လာခဲ့ရပါသည်။ ကျေးသားသည်လည်း ကျွန်တော်မျိုး၏ နောက်မှ လိုက်လာပါလိမ့်မည်။ ဤ အကြောင်းအရာ အလုံးစုံကို ဆင်ခြင် စဉ်းစားတော်မူပြီးလျှင် ပြုသင့် ပြုထိုက်သည့် အရာဌာနတို့ကို စီမံဆောင်ရွက်၍ အသင့် ပြင်ဆင်ဘို့ရန် သင့်လျော်ပါသည်ဟု တင်လျှောက်လေ၏။

ထိုအခါ မင်းတိုင်ပင်အမတ်ကြီးဖြစ်သော စက္ကဝက်ငှက်က ပြုံးရယ်လျက် တင်လျှောက်သည်မှာ "အရှင်ဟသ်ာမင်း....ဤဥဗျိုင်းသည် ထိုမျှလောက်ဝေးကွာသော အရပ်တပါးသို့ သွား၍ စွမ်းအားရှိသလောက် အရှင်မင်းကြီး၏ အကျိုး, အရှင်၏ အမှုကိစ္စကို အားထုတ် ဆောင်ရွက်ပါပေသည်။ သို့သော်လည်း အရှင်မင်းကြီး ဤသို့ အကျိုးဆောင်လျက် အကျိုးပျက်ခြင်းသည် လူမိုက်တို့၏ သဘာဝမွပင် ဖြစ်ပါသည်။ အကြောင်းကို နာတော်မူပါဦး"ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

ပညာရှိနှင့်လူမိုက် နှစ်ဦးသားတို့၏ ထူးခြားသည့်လက္ခဏာ

၃၂။ သတံ ဒဒေ န ဝိဝဒေ၊ ဉတွာ ဝိညူဿ သံမတံ။
ဝိနာ ဟေတုမပိ ဒ္ဒုဒ္ဒ-မေတံ မူဠှဿ လက္ခဏံ။

သတံ၊ အရာမက၊ များပြားလှစွာ၊ ဥစ္စာ အသပြာကို။ ဒဒေ၊ နှမြောမဖက်၊ မစုံမက်ဘဲ၊ ရက်ရက်ရောရော၊ လိုက်လျော ပေးကမ်းရာ၏။ န ဝိဝဒေ၊ အခြားရန်သူ၊ တဖက်လူနှင့်၊ မာန်မူတိုက်ခံ၍၊ ခိုက်ရန်မဖြစ်ရာ။ ဉတွာ၊ ဤသို့ခိုက်ရန်မများ၊ မပွါးစည်းမှု၊ စီမံပြုခြင်းသည်။ ဝိညူဿ၊ တတ်သိမြော်မြင်၊ ပညာရှင်၏။ သံမတံ၊ အကြံစိတ်ထား၊ သဘောသွားရင်း၊ နှလုံးသွင်းပေတည်း။ ဟေတုံ ဝိနာ အပိ၊ ခိုက်ရန်ဖြစ်ခြင်း၊ အကြောင်းကင်းလျက်လည်း။ ဒ္ဒုဒ္ဒ–ဘဏ္ဍနံ၊ ငြင်းခုံခိုက်ရန်၊ အတန်တန်ကို၊ ကြံဖန်၍ ဖြစ်စေတတ်၏။ ဧတံ၊ ဤသို့ အကြောင်းကင်းလျက်၊ ရန်ဘက်ကိုရှာခြင်းသည်။ မူဠှဿ၊ အသိချွတ်ယွင်း၊ ပညာကင်းသော၊ လူဖျင်းလူမိုက်၏။ လက္ခဏံ၊ မိုက်ကြောင်းသိရာ၊ လူမိုက်၏လက္ခဏာပေတည်း။

အဓိပ္ပါယ်။ ။ ငြင်းခုံခိုက်ရန် ဖြစ်ဖို့ရန် အကြောင်းနိမိတ် အရိပ်လက္ခဏာ ဖြစ်ပေါ်၍ လာခဲ့ပါမူ ထိုခိုက်ရန်ကို မဖြစ်စေခြင်းငှါ အရာမက များစွာသော ပစ္စည်းဥစ္စာ အသပြာတို့ကို ပေးကမ်း၍ ခိုက်ရန်ဖြစ်ခြင်းမှ ကင်းလွတ်သည် ဖြစ်အံ့၊ ထိုသို့ ကင်းလွတ်ခဲ့သည်ရှိသော် များစွာသော ပစ္စည်းဥစ္စာတို့ကို အကုန်အကျခံ၍ ပေးကမ်းစွန့်ကြဲပြီးလျှင် ခိုက်ရန်မှ လွတ်ကင်းအောင် ရှောင်ကွင်းပေရာသည်၊ ဤသို့ ပြုလုပ်ခြင်းသည် ပညာရှိပုဂ္ဂိုလ်တို့၏ သဘောလက္ခဏာပေတည်း။ ပညာမဲ့သူ လူဖျင်းလူမိုက်တို့၏ သဘောလက္ခဏာသည်ကား ခိုက်ရန်ဖြစ်ဖို့ရန် အကြောင်းမရှိဘဲလျက် သက်သက်မဲ့ အကြောင်းရှာ၍ ခိုက်ရန် ဖြစ်ခြင်းကိုသာ ပြုလုပ်တတ်ကြပေသည်။ ထို့ကြောင့် ဤဥဗျိုင်းသည် အရှင်၏ အကျိုးကို သည်ပိုးဆောင်ရွက်ရန် သဘောထားနှင့် ထိုမျှလောက် ဝေးကွာသောအရပ်သို့ သွားရောက်၍ ဆောင်ရွက်ပါသော်လည်း အကျိုးမပြီးမူ၍ အချည်းနှီး သက်သက် ရန်ဘက်သာ ပေါ်လာရခြင်းသည် လူဖျင်းလူမိုက်တို့၏ သဘောလက္ခဏာသာ ဖြစ်ပေသည်ဟု ဆိုလိုသည်။

ထိုသို့ တင်လျှောက်လေရာ ဟင်္သာမင်းက "လွန်ပြီးသောအပြစ်ကို စိစစ်ကြံစည်သဖြင့် မသင့်လျော်ချေ၊ ယခု ဖြစ်ပျက်သော အကြောင်းကိုသာ ကောင်းအောင်စီမံရန် သင့်လျော်ပေသည်"ဟု မိန့်တော်မူလေ၏။

လျှို့ဝှက်ဖွယ်ရာတို့ကို ဆိတ်ကွယ်ရာ၌သာ တိုင်ပင်သင့်ကြောင်း

ထိုအခါစက္ကဝက် အမတ်ကြီးက "အရှင်ဟင်္သာမင်း....လူသူမရှိသော အရပ်၌ လျှို့ဝှက်စွာ တိုင်ပင်ပြောဆိုမှ သင့်လျော်ပါမည်၊ အကြောင်းကို နာတော်မူပါ

ဦးလေ့”ဟု ဆိုပြီးလျှင် ဤဆိုလတံ့သော ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

၃၃။ ဝဏ္ဏာကာရနိမိတ္တေဟိ၊ နေတ္တဝတ္တဝိကာရတော။
အပ္ပုဟန္တိ မနော ဓီရာ၊ တသ္မာ ရဟသိ မန္တယေ။

ဓီရာ၊ အရိပ်ပြက၊ အကောင်ထင်၍၊ အရောင်မြင်လျှင်၊ အမှန်သိကုန်သော၊ ပဏ္ဍိတ်အမော်၊ ပုဂ္ဂိုလ်ကျော်တို့သည်။ ဝဏ္ဏာကာရနိမိတ္တေဟိ စ၊ မျက်နှာအဆင်း၊ အခြင်းအရာ၊ ညွှဘာနိမိတ်၊ အရိပ်လက္ခဏာတို့ဖြင့်လည်းကောင်း။ နေတ္တဝတ္တဝိကာရတော စ၊ မျက်စိမျက်နှာ၊ မူရာဟန်ပန်၊ ဖောက်ပြန်သော အားဖြင့်လည်းကောင်း။ မနော အပိ၊ ကြံစည်ပြုအပ်၊ တွင်းခေါ်တ်မနော၊ စိတ်သဘောကိုလည်း။ ဥပဟန္တိ၊ ထောက်ရှုဝေဘန်၍၊ အမှန်ကို သိတတ်ကြကုန်၏။ တသ္မာ၊ ထိုသို့တပ်အပ်၊ ဆတ်ဆတ်ကေန်၊ အမှန်ကိုသိတတ်ကုန်သောကြောင့်။ ရဟသိ၊ လူသူဝေးကွာ၊ ဆိတ်ကွယ်ရာအရပ်၌။ မန္တယေ၊ တိုးတိုးတိတ်တိတ်၊ နှစ်ယောက်ကျိတ်၍၊ ဆိတ်ဆိတ်သာလျှင်၊ တိုင်ပင်ပြောဆိုရာ၏။

အဓိပ္ပါယ်။ ။လောက၌ လူတို့၏ အရေးအရာတို့ကို ကောင်းစွာ ပါးနပ်သော အရည်အချင်းနှင့် ပြည့်စုံကုန်သော ပညာရှိတို့သည် အချင်းချင်းတိုင်ပင်နှီးနှော ပြောဆိုကြသော သူတို့၏ မျက်နှာအနေအထား ပြောဆိုပုံ အခြင်းအရာ စကားအသွားအလာ ညွှဘာနိမိတ် အရိပ်လက္ခဏာတို့ကို တွေ့မြင်ကာမျှဖြင့်လည်းကောင်း မျက်ရိပ်မျက်ခြေ ဖောက်ပြန်၍ ပြသည်ကို တွေ့မြင်ကာမျှဖြင့်လည်းကောင်း ထိုတိုင်ပင် ပြောဆိုကြသော သူတပါးတို့၏ အတွင်းသားစိတ်ခေါ်တ်အကြံကို ဆတ်ဆတ်အမှန် ကေန် သိတတ်ကြကုန်သည်။ ထိုသို့သိတတ်ကြကုန်သောကြောင့် လျှို့ဝှက်အပ်သော အရာဟူသမျှတို့ကို မည်သူမျှမရှိ ဆိတ်ကွယ်သည့်အရပ်၌ အချင်းချင်း အပါးကပ်လျက် အခြားသူ မရိပ်မိစေရန် တိုးတိုးတိတ်တိတ် နှစ်ယောက်ကျိတ်၍ ဆိတ်ဆိတ်သာလျှင် တိုင်ပင် ပြောဆိုသင့်ပါသည် ဟူလို။

ထိုစကားကို ပြောကြားသည်၏အဆုံး၌ ဟင်္သာမင်းနှင့် စက္ကဝက်အမတ်ကြီးတို့သည် ထိုအရပ်၌ နေရစ်ခဲ့ကြ၍ ကြွင်းသမျှ အားလုံးသော ငှက်တို့သည် အရပ်တပါးသို့ ထွက်ခွါ၍ သွားကြလေ၏။

ပုဂ္ဂိုလ်အလိုက် အကြိုက်တွေ့ပုံ အမျိုးမျိုး

ထိုအခါ စက္ကဝက် အမတ်ကြီးက အရှင်မင်းကြီး....ဤအကြောင်းကို ကျွန်ုပ်တို့၏ အမတ်ထည်းမှ တစုံတယောက်သော အမတ်သည် စေခိုင်း တိုက်တွန်း

သဖြင့် ဥဗျိုင်းသည် ပြုလုပ်သည်ဟု အောက်မေ့မှတ်ထင် ဆင်ခြင်မိပါသည်၊ အကြောင်းမူကား—

၃၄။ ဝေဇ္ဇာနမာတုရော သေယျော၊ ဗျသနီ ယော နိယောဂိနံ။
ဝိဒူနံ ဇီဝနံ မူဠှော၊ သဝဏ္ဏော ဇီဝနံ သတံ။

အာတုရော၊ သည်းထန်ဝေဒနာ၊ ရောဂါနှိပ်စက်၊ အခံခက်သောသူသည်။ ဝေဇ္ဇာနံ၊ ဆေးဝါးကုလျက်၊ အသက်မွေးရာ၊ ကြေးငွေရှာကုန်သော၊ ဆေးဆရာတို့အား။ သေယျော၊ ငွေဝင်စခန်း၊ ငွေရလမ်းတော်၊ အကွက်ပေါ်သဖြင့်၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သောအရာပေတည်း။ ယော၊ အကြင်သူသည်။ ဗျသနီ၊ မှုခင်းခိုက်ရန်၊ တန်တန်တွေ့ဆုံ၊ ကြေးငွေကုန်လျက်၊ ဒုက္ခနှင့်ကြုံရ၏။ သော၊ ထိုမှုခင်းဖြစ်ပွါး၊ ဒုက္ခများသောသူသည်။ နိယောဂီနံ၊ အစိုးရဘက်၊ ဆောင်ရွက်ကြိုးပမ်း၊ အမှုထမ်းကြီးငယ်၊ အသွယ်သွယ်တို့အား။ သေယျော၊ ငွေဝင်စခန်း၊ ငွေရလမ်းတော်၊ အကွက်ပေါ်သဖြင့်၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သော အရာပေတည်း။ မူဠှော၊ ပညာအတတ်၊ မမှတ် မသင်၊ မကျွမ်းကျင် မလိမ္မာ၊ ဖျင်းအရှာသော သူသည်။ ဝိဒူနံ၊ တတ်အပ်သိအပ်၊ ဆောင်ရွက်အပ်သည့်၊ အတတ်မျိုးကြွယ်၊ ပညာသယ်တို့အား။ ဇီဝနံ၊ အသက်မွေးကြောင်း၊ ကောင်းမြတ်သော အရာပေတည်း။ သဝဏ္ဏော၊ သီလသမာဓိ၊ စဘိထွေထွေ၊ ဂုဏ်သရေနှင့်၊ ပြည့်စုံခြင်းသည်။ သတံ၊ တရားမြှော်မြင်၊ သူတော်စင်တို့အား။ ဇီဝနံ၊ အသက်မွေးကြောင်း၊ ကောင်းမြတ်သော အရာပေတည်း။

အဓိပ္ပါယ်။ ။ဆေးဆရာတို့မှာ ရောဂါသည်တို့ကို ဆေးဝါး ကုသလျက် ဆေးဘိုးဝါးခဖြင့် အသက်မွေးမှုပြုကြရသောကြောင့် ရောဂါ ဝေဒနာသည်တို့ကို တွေ့ရ၍ ဆေးဝါး ကုသရလေလေ ပိုက်ဆံကြေးငွေရ၍ အသက်မွေးကြောင်း ဖြောင့်လေလေ ဖြစ်သောကြောင့် လူမမာ ရောဂါသည်သည် ဆေးဆရာတို့အား ကောင်းမြတ်သောအရာ ဖြစ်ပေသည်။

အစိုးရ အရာရှိ အမှုထမ်းတို့မှာ ဆင်းရဲသားတို့ အမှုအခင်းများလျက် တရားတဘောင်တွေ့ကြုံ၍ ငွေကုန်ကြေးကျ ဖြစ်ရမည့် တရားလို တရားခံ အမှုသည်တို့ကို တွေ့ရှိမှသာလျှင် မိမိတို့၏ ရာထူးအားလျော်စွာ တရားနှင့်အညီ ပြုလုပ်ဆောင်ရွက်ရပေသည်။ သူဆင်းရဲတို့သာ မဟုတ်သေး နိုင်ငံအရှင် ဘုရင် အစိုးရမှာလည်း မိမိ၏ နိုင်ငံအတွင်း၌ မငြိမ်မသက်ဖြစ်ခြင်း၊ သူခိုးဓားပြ ပေါ်ပေါက်ခြင်း၊ သူပုန်ရန် ပေါ်ပေါက်ခြင်း၊ တိုင်းတပါးတို့နှင့် စစ်မက်အရေးအရာပေါ်ပေါက်

ခြင်း အစရှိသော မှုခင်းကိစ္စ ဒုက္ခတို့နှင့် တွေ့ကြုံသည့်အခါ ဆိုင်ရာ ဆိုင်ရာ အရာရှိ အမှုထမ်းတို့သည် မိမိတို့၏ ရာထူးအားလျော်စွာ ပေါ်ပေါက်၍လာသော အမှုကိစ္စတို့ကို ပပျောက်ပြေငြိမ်းအောင် ဆောင်ရွက်ကြရပေသည်။ ထိုသို့ ဆောင်ရွက်ကြရမှသာလျှင် လခကြေးငွေ ဆုတော်ငွေနှင့် အထွေထွေစရိတ် ရသဖြင့် ပရိယေသနအခန်း ငွေရလမ်းတော် အကွက်ပေါ်ကြပေသည်။ သို့ဖြစ်၍ မှုခင်းခိုက်ရန် အတန်တန် တွေ့ကြုံ၍ ငွေကြေးကုန်ကျလျက် အခက်နှင့်တွေ့ကြုံသော ဒုက္ခသည် ဟူသမျှတို့သည် အစိုးရ အရာရှိ အမှုထမ်းကြီးငယ် အသွယ်သွယ် တို့မှာ အလွန်တရာမှ သင့်လျော် ကောင်းမြတ်၍ လိုအပ်သော အရာကြီး ဖြစ်ပေသည်။

လက်မှုပညာ နှုတ်မှုပညာမှစ၍ မည်သည့် အတတ်ပညာမျိုးကိုမဆို မတတ်သိ မကျွမ်းကျင် မလိမ္မာသောသူသည် ကိစ္စတစုံ ကိုယ်ရေးကြုံခဲ့သည်ရှိသော် မိမိမတတ်သိ မလိမ္မာသည့်အတွက် ထိုကိစ္စနှင့်ပတ်သက်၍ မိမိလိုအပ်သော အချက်ကို ဆောင်ရွက် ပြုလုပ်စေခြင်းငှါ ဆိုင်ရာဆိုင်ရာ တတ်ကျွမ်းနားလည် သည့် ပညာသည်တို့ကို ရှာကြံပြီးလျှင် ထိုက်တန်သည့်အလျောက် ချီးမြှောက် ပေးကမ်း၍ စခန်းသင့်အောင် ပြုလုပ်ရပေသည်။ သို့ဖြစ်၍ လက်မှုပညာ စက်မှု ပညာမှစ၍ အရပ်ရပ်သော အတတ်ပညာတို့ကို မတတ်သိ မလိမ္မာ ပညာမရှိ သော သူတို့သည် ထိုထိုသို့သော အတတ်ပညာကို တတ်သိကျွမ်းကျင်ကုန်သော သူတို့၏ အသက်မွေးကြောင်း ကောင်းမြတ်သော အရာဌာနတို့ ဖြစ်ပေသည်။

သီလ, သမာဓိ အစရှိသောဂုဏ်တို့နှင့် ပြည့်စုံသော သူတော်ကောင်းတို့သည် ခပ်သိမ်းသောသူတို့၏ ကြည်ညိုအားထားရာ မိုဝဲဆည်းကပ်ရာ ပူဇော်ကိုးကွယ်ရာ ဌာနကြီး ဖြစ်ပေသည်။ သို့ဖြစ်၍ သူတော်ကောင်းတို့မှာ သီလ, သမာဓိ အစ ရှိသော ဂုဏ်သည် သင့်လျော် လျောက်ပတ် မြင့်မြတ်သော အရာဌာန ဖြစ်ပေသည်။

ထိုကြောင့် ဤယခု ဥဒေါင်းမင်းနှင့် အရှင်ဟင်္သာမင်းတို့ အချင်းချင်း စစ်ဖြစ်ကြအောင် ပြောဆို ပြုလုပ်ခြင်းကိုလည်း ကျွန်တော်မျိုးများ၏ အထံမှ တယောက်ယောက်သော အမတ်သည် တိတ်တဆိတ် တိုက်တွန်းစေခိုင်းသဖြင့် ဤဥဇျိုင်းသည် ပြောဆိုပြုလုပ်သည်ဟု အောက်မေ့ မှတ်ထင်ပါသည်ဟု ဆိုလိုသည်။

ထိုနောက် ဟင်္သာမင်းက မိန့်တော်မူသည်မှာ ဤအရာကား အမတ်ကြီး တွေးထင်သည့်အတိုင်း ကေန္တ ဟုတ်မှန်တန်ရာပါပေသည်။ သို့သော်လည်း နောင်ဖြစ်လတ္တံ့သော အကြောင်းကိုသာ ကောင်းစွာ ဆင်ခြင် စဉ်းစားဘို့ရာ သင့်လျော်ပါသည်။ ယခု မည်ကဲ့သို့ ပြုလုပ်စီမံထိုက်သည်ဟု အကောင်းဆုံး နည်းလမ်းကိုသာ ပြောဆိုလိုက်ပါလော့ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူရာ စက္ကဝက်အမတ်ကြီးက အရှင်မင်းကြီး ထိုအရပ်သို့ စုံလောက်သူလျှိုကိုသာ ရှေးဦးစွာ စေလွှတ်ရန် သင့်လျော်ပါသည်။ ထိုသို့စေလွှတ်သည့်အခါ ထိုသူတို့၏ကြံစည်ပုံကိုလည်းကောင်း, အင်အားရှိကြသည် မရှိကြသည်ကိုလည်းကောင်း ကျွန်တော်မျိုးတို့ သိကြရပါလိမ့်မည်။ ထို့ကြောင့် ပင်လျှင် နီတိဓမ္မသတ် ကျမ်းဂန်တတ်သည့် ဆရာတို့သည် **ဘဝေ သပရရဋ္ဌာနံ** အစရှိသော ဂါထာကို မိန့်တော်မူခဲ့ကြပေသည်။

၃၅။ ဘဝေ သပရရဋ္ဌာနံ၊ ကြိယာကြိယာဝလောကနေ။
စာရော စက္ခု မဟိဘတ္တု၊ ယဿ နတ္ထိ သ အန္ဓကော။

မဟိဘတ္တု၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်၏။ သပရရဋ္ဌာနံ၊ မိမိစိုးစံ၊ ကိုယ့်နိုင်ငံနှင့်၊ ဒေသံ ရပ်ခြား၊ တိုင်းတပါးတို့၏။ ကြိယာကြိယာဝလောကနေ၊ ပြုအပ်ပြုသင့်၊ မပြုသင့်ဟု၊ ကြည့်ရှုဆင်ခြင်ရာ၌။ စာရော၊ နိုင်ငံတလျှောက်၊ စုံထောက်မည်ဆို၊ သူလျှိုအရာရှိသည်။ စက္ခု၊ ရှုရန်အညီ၊ မျက်စိမည်သည်။ ဘဝေ၊ ဖြစ်၏။ ယဿ ရညော၊ နိုင်ငံအရှင်၊ အကြင်မင်းအား။ နတ္ထိ–ယဒိ စာရော နတ္ထိ၊ အကယ်၍တုံ၊ တစုံတယောက်၊ စုံထောက်မည်ဆို သူလျှိုမျက်စိ၊ လျှင်းမရှိအံ့။ သ–သော ရာဇာ၊ ထိုနိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ အန္ဓကော ဝေ၊ ပြည်မှုကိစ္စ၊ ဟူသမျှ၌၊ ယူဆမျက်ယမ်း၊ မတွက်မှန်းနိုင်သဖြင့်၊ နှစ်ဖက်ကန်းမည်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။မိမိစိုးစံသော နိုင်ငံ၏ အတွင်း၌ လည်းကောင်း, တပါးသော နိုင်ငံတို့၌ လည်းကောင်း အရပ်ရပ်သော အမှုကိစ္စတို့၌ ပြုသင့် မပြုသင့်ကို ကြည့်ရှုဆင်ခြင်ရာ၌ ပကတိမျက်စိသည် မျက်စိမမည်။ စင်စစ်မှာမူ အတွင်း အပြင် အကြောင်းအရပ်ရပ်ကို တပ်အပ် သိမြင်နိုင်ရန် နိုင်ငံတလျှောက်၌ ရပ်ဖျောက်သွားလာပြီးလျှင် အရာရာတို့ကို သေချာစွာ စုံစမ်းစစ်ဆေး၍ အရေးကုန် သိနိုင်သည့် သူလျှိုအဖြစ်ဖြင့် ခန့်ထား ချီးမြှောက်အပ်သော စုံထောက်အရာရှိသည် အစိုးရအရှင် ဘုရင်၏မျက်စိ မည်ပေသည်။ ထို့ကြောင့် အကြင်အစိုးရသည် စုံထောက်အရာရှိဟု ဆိုအပ်သော သူလျှိုမရှိ၊ ထိုသို့ စုံထောက်သူလျှိုမရှိသော အစိုးရသည် ဆောင်ရွက်ရန် အမှုကိစ္စ ဟူသမျှတို့၌ နေရာကျမမှန်းဆနိုင်သဖြင့် အန္ဓသဖွယ်သာ ဖြစ်ပေသည်။ ထို့ကြောင့် စုံထောက်အရာရှိကို ရှေးဦးစွာ စေလွှတ်ရန် သင့်လျော်ပါသည်ဟု ဆိုလိုသည်။

ထိုသူလျှိုယောကျ်ား စုံထောက်သမားသည်လည်း မိမိနှင့် အတူတကွ ယုံကြည်စိတ်ချရလောက်သော အဖော်တယောက်ကို ခေါ်ဆောင်၍ သွားစေရပါမည်။

ဤသို့ အဖော်ကို ခေါ်ဆောင်၍ သွားသဖြင့် ထိုသူလျှိုစုံထောက်သည် မိမိကိုယ်တိုင် ထိုအရပ်တပါး နိုင်ငံခြား၌နေ၍ အဖော်ဖြစ်သောသူကို ထိုနိုင်ငံခြား၌ ဖြစ်ပျက်သော လျှို့ဝှက်လုံခြုံစေအပ်သော အရာဌာန အမှုကိစ္စ ဟူသမျှတို့ကို အလွန်လျှို့ဝှက်စွာ ရှာဖွေစုဆောင်း သတင်းပေါင်းလျက် အကြောင်းစုံ မှာကြား ပြောဆိုပြီးလျှင် ဤနိုင်ငံသို့ ပြန်၍ လွှတ်စေရပါမည်။ ထို့ကြောင့်ပင်လျှင် ကျမ်းဂန်ကျေပြွန် ပညဝန်ပုဂ္ဂိုလ်တို့သည် **တိတ္ထာသမသုရဋ္ဌာနေ** အစရှိသော ဂါထာကို မိန့်ဆိုတော်မူခဲ့ကြပေသည်။

၃၆။ တိတ္ထာသမသုရဋ္ဌာနေ၊ သတ္တဝိညာတပဟေတုနာ။
တပသီဝဏ္ဏုပေတေဟိ၊ သစရေဟိ သ သံဝဒေ။

သ–သော သဟာယော၊ ထိုစုံထောက်အဖော်၊ နောက်လိုက်ခေါ်သော။ ဝါ–သ–သော ရာဇာ၊ ထိုတိုင်းပြည်အရှင်၊ ဘုရင်မင်းမြတ်သည်။ တပသီဝဏ္ဏုပေတေဟိ၊ ဝတ်စုံဆင်မြန်း၊ ဖန်သက်န်းဖြင့်၊ ရသေ့ရဟန်း၏ အသွင်ကို ဆောင်ကုန်သော။ သစရေဟိ၊ လျှို့ဝှက်အကြောင်း၊ စုပေါင်းသိပ်သို၊ မိမိ၏သူလျှိုတို့နှင့်။ သဟ၊ တကွ။ တိတ္ထာသမသုရဋ္ဌာနေ၊ ဘုရားတန်ဆောင်း၊ ဝတ်ကျောင်းအစု၊ ကောင်းမှုပူဇော်ရာ၊ ဝိဟာသိမ်၊ နတ်ကွန်းနန်း၌။ သတ္တဝိညာတပဟေတုနာ၊ ကျမ်းဂန်အတွက်၊ ဆိုးကောင်းမြွက်နှင့်၊ ပြုချက်ထောက်ချင့်၊ သင့်မသင့်ကို၊ သိလိုသည့် အဟန်ဖြင့်။ သံဝဒေ၊ တိုင်ပင်နှီးနှော ပြောဆိုရာ၏။

အဓိပ္ပါယ်။ ။ဖန်ရည်စွန်းသော အဝတ်သက်န်းကို ဆင်မြန်းလျက် ရသေ့ရဟန်း၏ အသွင်စသည်ဖြင့် တိုင်းပြည်နိုင်ငံ၏ အတွင်းတလျှောက်၌ ရှပ်ဖျောက်လှည့်ပတ်၍ အရပ်ရပ် သတင်းအကြောင်းတို့ကို စုံစမ်းစုပေါင်း၍နေသော မိမိ၏ စုံထောက်အရာရှိနှင့် ထိုနိုင်ငံအတွင်းမှ စုံထောက်၍ ရသည့်အကြောင်း သတင်းတို့ကို အချင်းချင်း တိုင်ပင်ပြောဆိုရန် ထိုသူလျှိုစုံထောက်အရာရှိ၏ နောက်လိုက်တပည့်သည် သို့မဟုတ် မိမိနိုင်ငံအတွင်း၌ ဖြစ်ခဲ့လျှင် ဘုရင်မင်းမြတ်သည် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရာဖြစ်သော ဘုရားတန်ဆောင်း ဝတ်ကျောင်း သိမ်နှင့် နတ်ကွန်း နတ်နန်း အရပ်တို့၌ စာပေ ကျမ်းဂန်တို့ကို ဆွေးနွေးမေးမြန်းပုံ၊ ဗေဒင် မေးမြန်းပုံ ဟန်ခင်း၍ လိုရင်းအချက်တို့ကို ပြောဆိုတိုင်ပင်ရမည် ဟူလို။

တိုင်ပင်ပုံမဟန်လျှင် အကြံပျက်တတ်ကြောင်း

အရှင်မင်းကြီး....သူလျှိုတို့မည်သည် ရေ၌လည်းကောင်း၊ ကုန်း၌လည်းကောင်း ကျက်စားသွားလာရ၏၊ ထို့ကြောင့် ဤဗျိုင်းကိုပင်လျှင် စုံထောက်

သူလျှို၏ ရာထူးကို ခန့်အပ်သင့်ပါသည်။ ဤကဲ့သို့ ကုန်း, ရေ အရပ်နှစ်ပါးတို့၌ ကျင်လည်ကျက်စား သွားလာနိုင်သော တကောင်သော ဥဗျိုင်းကို အဖော်၏ အဖြစ်ဖြင့် အတူတကွ စေလွှတ်တော်မူပါ။ ထိုဥဗျိုင်း၏ အပေါင်းအသင်း ဖြစ်ကုန်သော ဥဗျိုင်းတို့ကိုလည်း မင်းအိမ်တံခါး၌ တည်ကြပါစေ။ သို့သော် လည်း အရှင်မင်းကြီး ဤအမှုကို အလွန်လျှို့ဝှက် လုံခြုံစွာ ပြုသင့်ပါသည်၊ အဘယ့်ကြောင့်နည်းဟူမူ—

၃၇။ ဆကဏ္ဏော ဘိဇ္ဇတေ မန္တော၊ တထာ ပတ္တော စ ဝတ္တာယ။
ဣတျတ္တနာ ဒုတိယေန၊ မန္တော ကတော နရိန္ဒေန။

ဆကဏ္ဏော၊ အနည်းဆုံးအောက်၊ သုံးယောက် ခြောက်နား၊ ကြားသိအပ်သော။ မန္တော၊ သတင်းမထွက်၊ အတွင်းစက်ဖြင့်၊ ချဉ်းလျက်ဆွေးနွေး၊ တိုင်ပင်သည့်အရေးသည်။ ဘိဇ္ဇတေ၊ လိုရာမရောက်၊ ထမမြောက်ဘဲ၊ ပပျောက်ပျက်စီး တတ်၏။ တထာ၊ ထိုမှတပါး။ ဝတ္တာယ စ၊ အဆင့်စကား၊ ပြောကြားသည်၏ အစွမ်းဖြင့်လည်း။ ပတ္တော၊ ပြန့်နှံ့ ကျော်ကြား၊ လူအများတို့၊ ထင်ရှားပွင့်လင်း ၍၊ သိခြင်းသို့ ရောက်၏။ဣတိ တသ္မာ၊ ဤသို့ လျှို့ဝှက်ပြုရန်၊ အကြံမလုံ၊ မဟန်ပုံ ကြောင့်။ နရိန္ဒေန၊ ပြည်သူ့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ အတ္တနာ ဒုတိယေန၊ မိမိသည်သာ၊ တိုင်ပင်ရာလှော်ကာ၊ နှစ်ယောက်မြောက် ပြုသဖြင့်။ မန္တော၊ လျှို့ဝှက်ဆွေးနွေး၊ တိုင်ပင်ရေးကို။ ကတော၊ အမှုမဖင့်၊ ပြုဘိုသင့်၏။

အဓိပ္ပါယ်။ ။အချင်းချင်း သတင်းမထွက်စေရန် လျှို့ဝှက်၍ လုံခြုံစွာ တိုင်ပင်အပ်သော အရာသည် အနည်းဆုံးအားဖြင့် နားခြောက်ပေါက် သုံး ယောက်သောသူတို့ ဆွေးနွေး တိုင်ပင်ခြင်းကြောင့်လည်း တိုင်ပင်အပ်သော အကျိုး မပြီးမြောက်ဘဲ ပပျောက်ပျက်စီးတတ်ပါသည်။ ထို့ပြင် လျှို့ဝှက် တိုင်ပင်အပ်သော စကားကို အခြားသူတို့အား ပြောကြားသဖြင့် အဆင့်အဆင့် သတင်းလွှင့်၍ ပွင့်လင်း ပေါက်ကြားပြီးလျှင် အများသိခြင်းကြောင့်လည်း အကျိုးမပြီးမြောက်ဘဲ ပပျောက်ပျက်စီးတတ်ပါသည်။ ထိုသို့ ဖြစ်တတ်သော ကြောင့် ဘုရင်မင်းမြတ်သည် ထိုသို့ တိုင်ပင်ဆွေးနွေးရာ၌ မိမိကို နှစ်ယောက် မြောက်ပြု၍ အခြားယုံကြည်လောက်သောသူ တယောက်နှင့် တိုးတိုးတိတ်တိတ် နှစ်ယောက်ကျိတ်ပြီးလျှင် ဆွေးနွေးတိုင်ပင်ခြင်းကို ပြုသင့် ပြုထိုက်ပါသည်။ သို့ဖြစ်၍ ယခု နှစ်ယောက်အချင်းချင်း လျှို့ဝှက်လုံခြုံစွာ တိုင်ပင်သည့်အချက်ကို အပသို့ မပေါ်ထွက် မပျက်စီးစေရန် ကောင်းကောင်းကြီး စောင့်ရှောက်တော် မူစေချင်ပါသည်ဟု ဆိုလိုသည်။

လျှိုဝှက်အပ်သည့်အကြံပျက်က အပြင်ခက်ပုံ

အကယ်၍ လျှို့ဝှက်တိုင်ပင်အပ်သော အကြံအစည် ပျက်ကွက်ခြင်းကြောင့် ဘုရင်၏အပေါ်၌ အပြစ်ကျရောက်ခဲ့သည်ရှိသော် ထိုကျရောက်သော အပြစ်ကို ပပျောက်ပြေငြိမ်းစေရန် နောက်တဖန် ထပ်မံ၍ မပြုလုပ် မစီမံနိုင်ပေဟု အထွေထွေသော နီတိဓမ္မသတ် ကျမ်းဂန်တတ် ဆရာတို့၏ အာဘော် နှလုံးသွင်းကို ထင်လင်းစွာ ပြလိုသည်ဖြစ်၍ ဤဆိုလတံ့သော အကြောင်းကို ကောင်းစွာ ဆင်ခြင်တော်မူပါဦးလော့ဟု ဆိုပြီးလျှင် မန္တဘေဒေ ဟိ အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၃၇။ မန္တဘေဒေ ဟိ ယေ ဒေါသာ၊ ဘဝန္တိ ရာဇိနော ပုန။
န သက္ကာ တေ သမာဓာတုံ-မိတိ နီတိဝိဒူမတံ။

ရာဇိနော၊ ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်အား။ မန္တဘေဒေ၊ ပြုရန်အချက်၊ လျှို့ဝှက်အကြံ၊ ပေါ်ထွက်ဟန်ကြောင့်။ ယေ ဒေါသာ၊ အကြင်အမှုအလိုက်၊ ထိုက်သင့်လျော်ကန်၊ တော်တန်ကုန်သော အပြစ်တို့သည်။ ဘဝန္တိ၊ ကိုယ်ဝယ်ပေါ်ပေါက်၊ ကျရောက် ဖြစ်ပွါးကြကုန်၏။ တေ ဒေါသေ၊ ကျရောက်အများ၊ ဖြစ်ပွါးကုန်လစ်၊ ထိုအပြစ်တို့ကို။ ပုန သမာဓာတုံမှိ၊ ကောင်းစွာ တဖန်၊ နောက်ထပ်မံ၍၊ ပြကတေ့တည်စေခြင်းငှါလည်း။ န သက္ကာ၊ မုချကေန်၊ အမှန်မတတ်နိုင်ကုန်။ ဣတိ၊ ဤသို့ပြဆို၊ မိန့်အလိုသည်ကား။ နီတိဝိဒူမတံ၊ နီတိကျမ်းတတ်၊ ဆရာမြတ်တို့၏၊ မိန့်အပ်သော အလိုပေတည်း။

ဤသို့ တင်လျှောက်လေရာ ဟံသာမင်းသည် တခဏမျှ ကြံစည် တွေးတောပြီးလျှင် "ငါ့မှာ သင့်လျော် လျှောက်ပတ် ကောင်းမြတ်သော စုံထောက်သူလျှိုကို ရရှိပါပြီ"ဟု ပြောဆိုလေ၏။ ထိုသို့ပြောဆိုရာ စက္ကဝက် အမတ်ကြီးက "ယင်းသို့သူလျှိုစုံထောက်ကောင်းကို ရရှိခဲ့ပါမူ ခုခံတိုက်ခိုက်ခြင်း၌လည်း ကောင်းစွာ အောင်မြင်ခြင်းကို ရနိုင်ပါသည်"ဟု လျှောက်တင်လေ၏။

ထိုသို့ တိုင်ပင်စကား ဆွေးနွေး ပြောကြားကြစဉ် အတွင်း၌ တံခါးစောင့်သည် ရုတ်တရက် အတွင်းသို့ဝင်၍ ဦးတင်လျှောက်ထားလိုက်သည်မှာ "အရှင်မင်းကြီး.... ဇမ္ဗူဒိပ်ကျွန်းမှ သံတမန်အဖြစ်ဖြင့် ရောက်လာသော ကျေးသားသည် တံခါး၌ တည်ရှိပါပြီ"ဟု အမိန့်တော်ကို နာခံလိုကြောင်းနှင့် တင်လျှောက်လေသည်။

ထိုသို့ တင်လျှောက်ရာ ဟံသာမင်းသည် ထိုကျေးသားကို နေရာချထားရန် ညွှန်ပြ ပြောဆိုစေလိုသည့် အနေဖြင့် စက္ကဝက် အမတ်ကြီးအား စောင်းငဲ့၍ ကြည့်ရှုလေ၏။

စက္ကဝက် အမတ်ကြီးသည်လည်း ဟသ်ာမင်း၏ အလိုတော်ကို သိသဖြင့် "သီးသန့်ပြုလုပ်၍ ထားအပ်သော သံတဲသို့ သွား၍ ခေတ္တမျှ တည်နေပါစေဦးလော့၊ နောက်မှ ခေါ်ဆောင်၍ တွေ့ဆုံပြောဆိုသင့်ပါသည်"ဟု တင်လျှောက်လေ၏။

ထိုအခါ တံခါးစောင့်က "ကောင်းပါပြီ၊ အမိန့်အတိုင်း စီမံဆောင်ရွက်ပါမည်"ဟု ဝန်ခံပြီးလျှင် ကျေးသားကို သံတဲသို့ ခေါ်ဆောင်၍ သွားလေ၏။

ထို့နောက် ဟသ်ာမင်းက "စစ်တိုက်ခိုက်ဖို့ရန်မှာ အမှန်နီးကပ်လျက် နေပေပြီ"ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူရာ စက္ကဝက် အမတ်ကြီးက "တိုက်ခိုက်ဖို့ရန် နီးကပ်သည်မှာ ပြောဆိုဘွယ်မရှိ ကေန်အမှန် ဖြစ်ပါသည်၊ သို့သော်လည်း တိုက်ခိုက်ဖို့ကို မူကား မဆိုထားဘိဦး၊ မတိုက်မီ ကြိုတင်၍ ပြုသင့်ပြုထိုက်သော အစီအရင်တို့ ပင်လျှင် တစုံတခုမျှ မပြည့်စုံသေးပါ"ဟု လျှောက်ထားပြီးလျှင် အကြောင်းနှင့်တကွ ပြလိုသည်ဖြစ်၍ **သကိံ ဘဒ္ဒော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

မင်းမှူထမ်းအမတ်မင်းတို့၏ ညွှံဖျင်းသောလက္ခဏာ

၃၉။ သကိံ ဘဒ္ဒော သကိံ မန္တီ၊ ယော အာဒေါယေဝ ဘူပတိံ။
ယုဒ္ဓေါယျောဂံ သဘူစာဂံ၊ နိဒ္ဒိသတျဝိစာရိတံ။

ယော ဘဒ္ဒော၊ အကြင်မင်းထံ ခယမ်း၊ မင်းမှုထမ်းနှင့်၊ စုံစမ်းမြော်မြင်၊ မင်းတိုင်ပင်သည်။ အဝိစာရိတံ၊ ကြည့်ရှုထောက်လှမ်း၊ စုံစမ်းမြော်မြင်၊ မဆင်ခြင်ဘဲ။ အာဒေါယေဝ၊ အမှုတွေ့ကြုံ၊ ဆုံရာအစ၊ ထိုခဏ္ဍ သာလျှင်။ ယုဒ္ဓေါ-ယျောဂဉ္စ၊ စစ်တက်ပြင်ဆင်၊ အလျင်စလို၊ တိုက်ခိုက်ရန်ကိုလည်းကောင်း။ သဘူစာဂဉ္စ၊ မိမိနိုင်ငံ၊ တိုင်းရပ်ဌာန်ကို၊ အပ်နှံပေးစွန့်ခြင်းကို လည်းကောင်း။ ဘူပတိံ၊ ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်ကို။ နိဒ္ဒိသတိ၊ ညွှန်ပြ စကား၊ တင်လျှောက်ကြား၏။ သ–သော ဘဒ္ဒော၊ ထိုအမှုထမ်းယောကျ်ား၊ မင်းခစားသည်။ ကိံဘဒ္ဒော၊ အဘယ်မည်မှန်း၊ အမှုထမ်းပါနည်း။ ဝါ၊ မြော်မြင်ဉာဏ်ကင်း၊ အလွန်ဖျင်းသော၊ အမှုထမ်းပေတည်း။ သ–သော မန္တီ၊ မင်းထံ ပါးတွင်၊ မင်းတိုင်ပင်အပ်၊ ထိုအမတ်သည်။ ကိံမန္တီ၊ အဘယ်မည်အပ်၊ မင်းတိုင်ပင်အမတ်ပါနည်း။ ဝါ၊ မြော်မြင်ဉာဏ်ကင်း၊ အလွန်ဖျင်းသော မင်းတိုင်ပင် အမတ်ပေတည်း။

အဓိပ္ပါယ်။　။အကြင် မင်းထံခယမ်း မင်းမှုထမ်းနှင့် မင်းတိုင်ပင်အမတ်တို့သည် ငြင်းခုံဖြစ်ပွါး တပါးသော တိုင်းနိုင်ငံတို့နှင့် ဆိုင်ပြိုင်တိုက်ခိုက်ရန်

အမှုအခင်းပေါ်ပေါက်သည့်အခါ မိမိတို့နိုင်ငံ၌ မဆိုင်ပြိုင် မတိုက်ခိုက်မီ စီမံဆောင်ရွက်သင့်သော အရာဌာနတို့ကို နေရာတကျ စီမံပြီး အသင့်ရှိသည်, မရှိသည်ကို ကြည့်ရှုဆင်ခြင်ခြင်း မပြုမူ၍ အမှုနှင့်တွေ့ကြုံကာမျှ အစအဦး ပကတူး ကပင်လျှင် အရှင်သဘောကျလေအောင် သူရသတ္တိ ရဲစွမ်းရှိလှသည့် အနေအစားဖြင့် ခပ်ကြွားကြွား ဟန်ခင်းလျက် ချက်ခြင်းပင် စစ်ပြင်ဆင်၍ အဆောတလျင် တိုက်ခိုက်မှ သင့်လျော်ပါမည်ဘုရား ဟူ၍လည်းကောင်း, အကယ်၍ ဆိုင်ပြိုင် တိုက်ခိုက်ခဲ့ပါလျှင် တဖက်ရန်သူနှင့် မိမိတို့၏ စစ်သည်အင်အား လက်နက်အားတို့ကို ထောက်ထားနှိုင်းချိန်လျက် ထိုတဖက်ရန်ကို တွန်းလှန်ဖြိုဖျက်နိုင်ပုံ ပေါ်သည် မပေါ်သည်ကို မြော်ခေါ်စဉ်းစားခြင်း မပြုမူ၍ အမှုကို မကျယ်ပွါးစေရန် ခုခံ၍ မတိုက်ခိုက်ဘဲ သင့်လျော်ထိုက်တန်သည့် နိုင်ငံအရပ်ကို ခပ်မြန်မြန် အပ်နှင်းမှ အခင်းသွားလှပါမည်ဘုရား ဟူ၍လည်းကောင်း ဘုရင်အား ခွန်းဟ၍ ညွှန်းပြ တင်လျှောက်တတ်၏။ ထိုသို့ တင်လျှောက်တတ်သော အမှုထမ်း မင်းတိုင်ပင် အမတ်တို့သည် မြော်မြင်ဉာဏ် လွတ်ကင်း၍ အလွန်ညံ့ဖျင်းသော အမှုထမ်း မင်းတိုင်ပင် အမတ်တို့သာ ဖြစ်ပေသည်။ ထို့ကြောင့် ယခုအခါ ကျွန်တော်မျိုးသည် စစ်တိုက်ခိုက်ဖို့ရန် အကြောင်းကို ကောင်းစွာ မလျှောက်ထားနိုင်သေးပါဟု ဆိုလိုသည်။

စစ်နိုင်သည့်အောင်ပွဲသည် ထာဝစဉ်မမြဲပုံ

ရန်သူကို စစ်ထိုးခြင်းဖြင့် ဧကန်မလွဲ အမြဲအောင်မြင်လိမ့်မည်ဟု နှလုံးပိုက်ပြီးလျှင် မည်သည့်အခါမှ မတိုက်ခိုက်သင့်၊ တိုက်ခိုက်ရန် အားမထုတ်သင့်ကြောင်း, စစ်တိုက်ခိုက်ကုန်သော သူတို့သည် ရံခါ အောင်မြင်၍ ရံခါ မအောင်မြင်ပေဟု နှလုံး ပိုက်သင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည် ဖြစ်၍ ထိုမှတပါး စဉ်းစားရန် စကားတရပ်ကို ထပ်မံ၍ နာတော်မူပါဦးလော့ဟု လျှောက်ထားပြီးလျှင် **ဝိဇေတုံ ပယတေယျာရိံ** စသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၄၀။ ဝိဇေတုံ ပယတေယျာရိံ၊ န ယုဒ္ဓေန ကုဒါစနံ။
အနိစ္စော ဝိဇယော ယသ္မာ၊ ဒိဿတေ ယုဇ္ဈမာနာနံ။

အရိံ၊ မုန်းထားမျက်မာန်၊ တဖက်ရန်ကို။ ယုဒ္ဓေန၊ သေနာကာယ၊ ဗလအားကိုး၊ စစ်ပြိုင်ထိုးခြင်းဖြင့်။ ဇေတုံ၊ မုချမလွဲ၊ အမြဲပိုင်ပိုင်၊ အောင်နိုင်စေခြင်းငှါ။ ကုဒါစနံ၊ တစုံတရာ၊ ဘယ်ခါသမယ၊ ဘယ်ကာလ၌မျှ။ န ပယတေယျ၊ ကြောင့်ကြမလုပ်၊ အားမထုတ်ရာ။ ယသ္မာ၊ အကြင့်ကြောင့်။ ယုဇ္ဈမာနာနံ၊ သူ့ထက်ငါနိုင်၊ နှစ်ဖက်ပြိုင်၍၊ ရင်ဆိုင်တိုက်ခိုက်ကြကုန်သော သူတို့အား။

ဝိဇယော၊ တဖက်ရန်ကို၊ တွန်းလှန်ပယ်ခွင်း၊ အောင်နိုင်ခြင်းကို။ အနိစ္စော၊ ကောန်မလွဲ၊ မှန်မခြဲပေ ဟူ၍။ ဒိဿတေ၊ ချင့်ထောက် ဖွေကြံ၊ ကောန် သိမှု၊ ဝေဘန်၍ ရှုအပ်၏။

ရန်ကိုအောင်ရန် ကြောင်းသုံးတန်

ထို့ပြင် ရန်သူအောင်ကြောင်း နည်းလမ်းကောင်းကို ထပ်လောင်း၍တဖန် ညွှန်ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတ့ံသော ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

အညဥ္စ —

၄၁။ သာမာ ဒါနေန ဘေဒေန၊ သမတ္တေဟိထဝါ ပုထု။
သာဓိတုံ ပယတေယျာရိံ၊ န ယုဒ္ဓေန ကုဒါစနံ။

အညဥ္စ၊ ထိုမှတခြား၊ နည်းတပါးကိုလည်း။ သုဏောဟိ၊ မနော်မှာဝှေ့၊ သဘောတွေ့အောင်၊ စေ့စေ့မှတ်ပိုက်၊ ထောင်နားစိုက်ပါဦးလော့။ သာမာ– သာမေန စ၊ ပြေငြိမ်းစေမှု၊ ပြုရန်သွယ်သွယ်၊ နည်းဥပါယ်ဖြင့် လည်းကောင်း။ ဒါနေန စ၊ ဥစ္စာပစ္စည်း၊ ပေးကမ်းနည်းဖြင့် လည်းကောင်း။ ဘေဒေန စ၊ ချင်းချင်းမလို၊ ဖရိုဖရဲ၊ ကွဲပြားစေသောနည်းဖြင့် လည်းကောင်း။ သမတ္တေဟိ၊ ကျေနပ်အောင်ပြု၊ ပေးမှုပျက်စေ၊ သုံးထွေပေါင်းရုံး၊ နည်းအလုံးတို့ဖြင့် လည်းကောင်း။ အထဝါ၊ ထိုမှတခြား၊ နည်းတပါးသော်ကား။ ပုထု စ၊ သာမ, ဒါန, ဘေဒ ခြားပြီး၊ နည်းသီးသီးဖြင့်လည်းကောင်း။ အရိံ၊ မျက်မာန်ကြီးထူ၊ ကိုယ့်ရန်သူကို။ သာဓိတုံ၊ ခရီးပေါက်ရောက်၊ ပြီးမြောက်အောင်မြင်စေခြင်းငှါ။ ပယတေယျ၊ ကြိုးပမ်းပြုလုပ်၊ အားထုတ် ရွက်ဆောင်ရာ၏။ ယုဒ္ဓေန၊ သေနာကာယ၊ ဗလအားကိုး၊ စစ်ပြိုင်ထိုးသဖြင့်။ သာဓိတုံ၊ခရီးပေါက်ရောက်၊ပြီးမြောက် အောင်မြင်စေခြင်းငှါ။ ကုဒါစနံ၊ တစုံတရာ၊ ဘယ်ခါကာလ၊ ဘယ်သမယ၌မျှ။ န ပယတေယျ၊ ကြိုးပမ်းပြုလုပ်၊ အားမထုတ်ရာ။

အဓိပ္ပါယ်။ ။အရှင် ဟသ်ာမင်း.... ဤဆိုလတ့ံသော စကားကိုလည်း ကြားနာတော်မူပါဦးလော့၊ ရန်သူကို အောင်ကြောင်းဖြစ်သော နည်းလမ်း ကောင်းတို့သည် အေးအေးသာသာဖြင့် ကျေအေးပြေငြိမ်းစေရန် နူးညွှံသိမ် မွေ့သော အမူအရာဖြင့် ပြောဆိုပြုလုပ်အပ်သော သာမဥပါယ်နည်း, ဥစ္စာ ပစ္စည်းတို့ဖြင့် ချီးမြှင့်ပေးကမ်း၍ ပြုလုပ်အပ်သော ဒါနဥပါယ်နည်း, အချင်း ချင်း မညီမညွတ်ဘဲ ဖရိုဖရဲ ကွဲပြားစေခြင်း ခြိမ်းချောက်ခြင်း စသည်တို့ဖြင့် ပြောဆိုပြုလုပ်အပ်သော ဘေဒဥပါယ်နည်းဟူ၍ သုံးမျိုး သုံးစား ရှိပါသည်။

ထိုနည်းသုံးမျိုးလုံးဖြင့်သော်လည်းကောင်း, အသီးသီး တနည်းစီအားဖြင့်သော်လည်းကောင်း ရန်သူကို အောင်မြင်နိုင်ရန် စီမံပြုလုပ်ဖို့ အသင့်လျော်ဆုံးဖြစ်ပါသည်။ စစ်သည်အင်အား လက်နက်အားကို ကိုးစားလျက် တဖက်ရန်ကို ခုခံစစ်ပြိုင်ခြင်းဖြင့် အောင်နိုင်စေခြင်းငှါ မည်သည့်အခါ၌မျှ စီမံအားထုတ် ပြုလုပ်ရန် မသင့်လျော်ပါ ဟူလို။

(ဤ၌ ပြဆိုအပ်သော ရန်သူအောင်ကြောင်းတို့ကား လောကီကျမ်းအလိုဖြစ်သည်။ ''သစ္စာ, ဓမ္မ၊ ဝီရိယနှင့်၊ စာဂ ဟူသည်၊ ရန်သူအောင်မှု၊ ကြောင်းလေးခုဖြင့်''ဟု ရှေးဆရာတို့ စပ်ဆိုတော်မူကြသည်ကား သာသနာတော်ကျမ်း အလိုဖြစ်သည်။)

ထို့ပြင် ရန်သူကို အောင်မြင်ရန် ပြဆိုခဲ့ပြီးသော ဥပါယ နည်းတို့ဖြင့်သာ အားထုတ် ပြုလုပ်သင့်ကြောင်း, သေနာ ကာယ ဗလကို အားကိုးလျက် စစ်ထိုးခြင်းဖြင့် မပြုလုပ်သင့်ကြောင်းကို ထပ်လောင်း၍ စဉ်းစားရန် တင်လျှောက်လိုပြန်သည်ဖြစ်၍ ထိုမှတပါး ကြားနာတော်မူပါ ဦးလော့ဟု ဆိုပြီးလျှင် **သဗ္ဗော ဝေ ဇနော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၂။ သဗ္ဗော ဝေ ဇနော သူရော၊ ဟျနာသာဒိတဝိဂ္ဂဟော။
အဒိဋ္ဌပရထာမော တု၊ သဒပ္ပေါ ကော န ဟောတိ ဟိ။

အနာသာဒိတဝိဂ္ဂဟော၊ ရန်သူနှင့် တွေ့ဆိုင်လျက်၊ မယှဉ်ပြိုင် မတိုက်ခိုက်ရသေးသော၊ ခိုက်ရန်ရှိသော။ ဝါ၊ ရန်သူနှင့် တွေ့ဆိုင်၍၊ ယှဉ်ပြိုင် မတိုက်ခိုက်ရသေးမီ။ သဗ္ဗော ဝေ ဇနော၊ ကြွင်းမဲ့သိမ်းကျုံး၊ လူအလုံးသည်သာလျှင်။ သူရောဟိ—သူရော ဝေ၊ စိတ်မာန်မတွန့်၊ မကြောက်ရွံ့ဘဲ၊ ရဲတင်းသည်သာလျှင်တည်း။ တု၊ ထိုမှတပါး။ အဒိဋ္ဌပရထာမော၊ ကိုယ်တိုင်ဒိဋ္ဌ၊ မတွေ့ရသေးသည့်၊ အာဃာတမူ၊ ကိုယ့်ရန်သူ၏ စွမ်းရည်သတ္တိရှိသော။ ဝါ၊ အာဃာတမူ၊ ကိုယ့်ရန်သူ၏၊ စွမ်းသတ္တိကို၊ မိမိကိုယ်တိုင်၊ ပိုင်ပိုင်ဒိဋ္ဌ၊ မတွေ့မြင်ရမီ။ ကော၊ အဘယ်သည်၊ အဘယ်မည်သောသူသည်။ သဒပ္ပေါ၊ ငါ တကားဟု၊ ကြုံးဝါးသံပ၊ မာန်မာနရှိခြင်းသည်။ န ဟောတိ၊ အကယ်စင်စစ်၊ မဖြစ်ဘဲရှိပါအံ့နည်း။ ဟောတိဟိ ဟောတိ ဝေ၊ ဧကန်စင်စစ်၊ အမှန်ဖြစ်မည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....စစ်မြေပြင် အရပ်၌ ရန်သူနှင့် တွေ့ဆိုင် ယှဉ်ပြိုင်၍ မတိုက်ခိုက်ရသေးမီ ပကတိအခါမှာမူကား မည်သူမဆို သူရသတ္တိရဲစွမ်းရှိကြမည်ချည်းပင် ဖြစ်ပေသည်၊ ၎င်းပြင် တဖက်ရန်သူ၏ အားအန် သတ္တိစွမ်းရည်ရှိသည်ကို ကိုယ်တိုင်ဒိဋ္ဌ မတွေ့မြင်ရသေးမီ အဘယ်သူသည် ငါတကားဟု ကြုံးဝါးသံပလျက် မာန်မာန မထောင်လွှားဘဲ ရှိပါအံ့နည်း၊ မည်သူမဆို

ထောင်လွှားမည်သာဖြစ်ပေသည်။ တဖက်ရန်၏ အားအန်သတ္တိ စွမ်းပကား ရှိကြောင်းကို ကိုယ်တိုင် သိရပါမူကား ဒို့များတော့ အားမထားကြနဲ့ ဟု မကြားတကြားနှင့် စကားမှကျယ်ကျယ်မပြောဝံ့ဘဲ ရှိတွန့်တွန့် ကြောက်ရှပ်ကို ပြလျက် နောက်ဆုတ်ကြမည့်သူသာ များတတ်ပေသည်။ သို့ဖြစ်၍ သေနာ ကာယ ဗလအားကိုးလျက် စစ်ထိုးခြင်းမပြုမူ၍ ရန်သူအောင်ကြောင်းဖြစ်သော ကောင်းမြတ်သော ဥပါယ နည်းမျိုးတို့ဖြင့်သာလျှင် ကြိုးစားအားထုတ် ပြုလုပ်ရန် သင့်ပါသည်ဟူလို။

ဆွေးနွေးတိုင်ပင်မှု ပြီးစီးအောင်မြင်နိုင်ပုံ

ထို့ပြင် တိုင်ပင်ခြင်း၏ အကျိုးကို ဥပမာတမျိုးဖြင့် တိုး၍ ပြပြန်လိုသည် ဖြစ်၍ ထိုမှတပါး ဤဆိုလတ္တံ့သော စကားကိုလည်း နာကြားတော်မူပါဦးဟု လျှောက်ထားပြီးလျှင် **န တထောဠာပျတေ သေလော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

ကိဥ္စ—

၄၃။ န တထောဠာပျတေ သေလော၊ ပါဏိနာ ဒါရုနာ ယထာ။
အပ္ပေါပါယာ မဟာသိဒ္ဓိ၊ ဧတံ မန္တမဟပ္ဖလံ။

ကိဥ္စ၊ ထိုမှတပန်၊ နည်းတတန်ကား။ ယထာ၊ အကြင်သို့သော အခြင်း အရာအားဖြင့်။ ဒါရုနာ၊ တန်ဆာလက်နက်၊ မောင်းသစ်စက်ဖြင့်။ သေလော– မဟာပါသာဏော၊ ကျောက်တုံးရော၊ ကြီးကျယ်စွာကို။ ဥဠာပျတေ၊ လွယ်စွာ ကြွပင့်၊ မြှောက်ချီ မြှင့်နိုင်၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ ပါဏိနာ၊ ယန္တရားမဖက်၊ လက်သက်သက်ဖြင့်။ န ဥဠာပျတေ၊ လုံးလုံးမပင့်၊ မမြှောက်မြှင့်နိုင်ရာ။ အပ္ပေါပါယေန၊ စိုးစဉ်းနည်းငယ်၊ ကြောင်းဥပါယ်ဖြင့်။ **မ**ဟာသိဒ္ဓိ၊ ကြီးမားဖွံ့ဖြိုး၊ အကျိုးပြီးမြောက်၊ ခရီးရောက်၏။ ဧတံ၊ ဤသို့ အကြောင်းအနည်း၊ အကျိုးကြီးခြင်းသည်။ မန္တမဟပ္ဖလံ၊ ကြီးမား မြင့်မြတ် သော တိုင်ပင်နှီးနှော၊ ပြောဆိုခြင်း၏ အကျိုးပေတည်း။

အဓိပ္ပါယ်။ ။ကြီးကျယ်စွာသော ကျောက်တုံးကျောက်ခဲကြီးကို အထက် သို့ ချီကြွမြှောက်ပင့်ရာ၌ များစွာသောသူတို့သည် လက်သက်သက်ဖြင့်သာ မချီ ကြွဘဲ အချင်းချင်း အကြံဉာဏ်ပေး၍ ဆွေးနွေးတိုင်ပင်လျက် သစ်စက်ယန္တရား သစ်သားမောင်း တပ်ဆင်၍ မြှောက်တင်ခြင်းပြုပါမူ လွယ်ကူသက်သာစွာ ဖြင့် လိုရာသို့ရောက်အောင် ယူဆောင် မြှောက်တင်နိုင်ရပါသည်။ ထိုသို့

သစ်သားစက် မောင်းမနင်းဘဲ ခပင်းဗိုလ်ပါ လူများစွာတို့သည် လက်သက်သက်ဖြင့်သာ ချီကြွမြှောက်တင်ခဲ့ပါမူ လိုရာသို့ ယူဆောင် တင်မြှောက်ခြင်းကိုအပထား၍ ထိုကြီးမားသော ကျောက်တုံးသည် လုံးလုံးမှ မတုန်လှုပ်ပေရာ။ ဤသို့လျှင် စိုးစဉ်းသော ဥပါယ အကြောင်းငယ်မျှဖြင့် ကြီးကျယ် ဖွံ့ဖြိုးသော အကျိုးပြီးမြောက်၏။ ထိုသို့ အကြောင်းကား နည်းလျက် အကျိုးကြီးမားခြင်းသည် တိုင်ပင်နှီးနှော ပြောဆိုခြင်း၏အကျိုးဖြစ်ပေသည် ဟူလို။

အချိန်ရှိခိုက် လုံ့လစိုက် ထိုက်သင့်ချိန်ကျ အကျိုးရ

သို့သော်လည်း စစ်ဖြစ်ဖို့ရန် အလွန်နီးကပ်၍ နေလေပြီ၊ သို့ဖြစ်၍ အချိန်ရှိသည့်အခိုက် အထူးဂရုစိုက်ပြီးလျှင် လိုရင်းအချက်တို့ကို ခပ်သွက်သွက် အားထုတ်ပြုလုပ်သင့်ပါသည်။ အကြောင်းကို နာတော်မူပါဦးလော့ဟု ဆို၍ ဤဆိုလတံ့သော ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၄၄။ ယထာ ကာလကတုယျောဂါ၊ ကသီ ဖလဝတီ ဘဝေ။
တထာ နီတိ အယံ ဒေဝ၊ စိရာ ဖလတိ န ခဏာ။

ယထာ–ယေန ပကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ကာလကတုယျောဂါ၊ သင့်တင့်လျော်ကန်၊ အချိန်တန်တွင်၊ မှန်မှန်ပြုလုပ်၊ လုံ့လထုတ်သဖြင့်။ ကသီ၊ ထွန်ယက်စိုက်ပျိုး၊ မျိုးစေ့ချခြင်းသည်။ ဖလဝတီ၊ သီးနှံဖွံ့ဖြိုး၊ အကျိုးဖြစ်ထွန်းခြင်းသည်။ ဘဝေ၊ ကေန်မလွဲ၊ အမြဲဖြစ်ပေရာ၏။ ဒေဝ၊ အရှင်မင်းကြီး။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ အယံ နီတိ၊ ဤယခုစီမံ၊ ပြုလုပ်ကြံသော အစီအရင်သည်။ စိရာ၊ အကျိုးပေးခွင့်၊ အချိန်သင့်စွာ၊ ကြာမြင့်သော အခါကာလ၌။ ဖလတိ၊ ကောင်းစွာ ဖွံ့ဖြိုး၊ အကျိုးပေး၏။ ခဏာ၊ လောလောထင်လင်း၊ ခဏခြင်းဖြင့်။ န ဖလတိ၊ ကေန်စင်းစင်း၊ အလျှင်းမပေးနိုင်ရာ။

အဓိပ္ပါယ်။ ။ အချိန်ရှိခိုက်၌ ထွန်ယက်စိုက်ပျိုး မျိုးစေ့ချခြင်းသည် နောင်အချိန် သင့်တန်သော အခါကာလ၌ အသီးအနှံ ဖွံ့ဖြိုး၍ ကေန္တ အကျိုးဖြစ်ထွန်းရာသကဲ့သို့ ထို့အတူ ဤယခု အကျွန်ုပ်တို့ ကြံစည်အားထုတ် ပြုလုပ်ကြသော အစီအရင်သည်လည်း နောင်အကျိုးပေးခွင့် အချိန်သင့်သဖြင့် ကာလမြင့်ကြာသောအခါ၌ ကေန္တအကျိုးပေးမည် မလွဲဖြစ်ပါသည်၊ သို့သော်လည်း ယခုလက်ငင်း လောလောဆယ် ခဏခြင်းဖြင့် အလျှင်း အကျိုးမပေးနိုင်သေးပါ ဟူလို။

ဘေးရန်ရောက်က မကြောက်မရွံ့ ရဲဝံ့စွာတိုက်ခိုက်သင့်ပုံ

ဘေးရန်ကိုဖြစ်စေတတ်သောအကြောင်းတို့ ဝေးသောအခါ၌သာ ကြောက်ရွံ့ တွန့်ဆုတ်၍ နီးကပ်စွာ တည်သောအခါ၌မူကား မကြောက်မရွံ့ ရဲဝံ့စွန့်စားခြင်းသည် မြင့်မြတ်သောသူတို့၏ လျော်ကပ်တင့်တယ် ဖွယ်ရာသော ဂုဏ်အသရေ ဖြစ်ပေသည်။ ထို့ကြောင့် ဤကမ္ဘာလောက၌ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံမြင့်မြတ်သောသူသည် ဘေးဘယနှင့် ဒုက္ခတွေ့ဆုံလျက် တစုံတခုသော ပျက်စီးခြင်းနှင့် ကြုံကြိုက်သည့်အခါ တုန်လှုပ်ချောက်ချားခြင်းမရှိ ပကတိအနေဖြင့် အခြေမပျက်စေဘဲ မြဲမြံခိုင်ခံ့စွာသာလျှင် တည်နေတတ်ကြောင်း, ထိုသို့ တည်နေမှ သင့်လျော်မည့်အကြောင်းကို ထပ်လောင်း၍ လျှောက်ထားလိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတံ့သော စကားကိုလည်း မှတ်သားနာယူပါဦးလော့ဟု ဆိုပြီးလျှင် **ဒူရေ ဘီရုတ္တမာသန္နေ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၅။ ဒူရေ ဘီရုတ္တမာသန္နေ၊ မဟတော သူရတာ ဂုဏော။
ဝိပ္ပတ္တော ဟိ မဟံ လောကော၊ ဓိရတံ အနုဂစ္ဆတိ။

ဘယဟေတဝေါ၊ ဘေးရန်ဖြစ်မှု၊ အကြောင်းစုသည်။ ဒူရေ၊ ဖြစ်ရန်ကာလ၊ ဌာနဝေးစွာ၊ တည်သည့်ခါ၌။ ဘီရုတ္တံ၊ တင်ကူးမဆု၊ ဝေးမှရှောင်ကွင်း၊ ကြောက်ရွံ့ခြင်း၏ အဖြစ်သည်လည်းကောင်း။ အာသန္နေ၊ ချဉ်းကပ်နီးစွာ၊ တည်သည့်ခါ၌။ သူရတာ၊ မကြောက်မရွံ့၊ ရဲဝံ့စွန့်စားခြင်း၏အဖြစ်သည် လည်းကောင်း။ မဟတော – မဟန္တဿ၊ ရည်ချင်းကိုလုံ၊ တန်ခိုးဂုဏ်နှင့်၊ ပြည့်စုံမြင့်မြတ်သူ၏။ ဂုဏော၊ လျော်ကပ်တင့်တယ်၊ ဖွယ်ရာသော ဂုဏ်သရေသည်။ ဟိ – ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ တသ္မာ၊ ထိုသို့စင်စစ်ကေန်၊ အမှန်ဖြစ်သောကြောင့်။ လောကော၊ ပြန့်ပြောကျယ်စွာ၊ ဤကမ္ဘာလောကကြီး၌။ မဟံ – မဟန္တော၊ ရည်ချင်းကိုလုံ၊ တန်ခိုးဂုဏ်နှင့်၊ ပြည့်စုံမြင့်မြတ်သောသူသည်။ ဝိပ္ပတ္တော၊ ဘေးဘယနှင့်၊ ဒုက္ခတွေ့ဆုံ၊ အပျက်ကြုံရာ၌။ ဓိရတံ၊ မြဲမြံခိုင်ခံ့၊ တည်တံ့သည်၏ အဖြစ်သို့။ အနုဂစ္ဆတိ၊ မလွဲမဖောက်၊ အမြဲရောက်တတ်၏။

ကြောင့်ကြပူဆွေးလျက် အရေးတကြီးမပြုလုပ်သင့်ပုံ

ဤဘေးရန်၏ အရေးကြောင့် စိတ်နှလုံးပူဆွေးလျက် မအေးမသာ ဖြစ်ခြင်း၏ အလျှင်းမပြုသင့်ကြောင်းကို ဥပမာ လောင်းစွက်၍ အကွက်သင့် ပြပြန်လိုသည်ဖြစ်၍ ထို့ပြင် ဤလျှောက်တင်လတံ့သော အချက်ကို ဆက်လက်၍

ကြားနာတော်မူပါဦးဟု ဆိုပြီးလျှင် **ပစ္စူပေ သမ္ဗိဿိန္ဒိနအစရှိသော** ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၄၆။ ပစ္စူပေ သမ္ဗိဿိန္ဒိန-မုတ္တာပေါ ပဌမော ကိလ။
အတိသိတလမပျမ္ဘာ၊ ကိံ ဘိန္ဒတိ န ဘူတလံ။

ဥတ္တာပေါ၊ သောက ရှုပ်ထွေး၊ စိတ် ပူဆွေးခြင်းသည်။ သမ္ဗိဿိန္ဒိနံ၊ ဆောင် ရွက်သမျှ၊ ကိစ္စအလုံး၊ ပြီးဆုံးပေါက်ရောက်၊ ထမြောက် အောင်မြင်ခြင်းတို့၏။ ပဌမော၊ ဦးစွာမဆွ၊ အစ စခန်း၊ ပဌမတန်းဖြစ်သော။ ပစ္စူပေ ကိလ၊ ဆီးတားကန့်ကွက်၊ နှောက်ယှက်ရန်စွယ်၊ အန္တရာယ်စစ်၊ ဘေးကြီးဖြစ်သတတ်။ အတိသီတလံ အပိ၊ အလွန်ချမ်းကြည်၊ အေးမြသည်လည်း ဖြစ်သော။ *အမ္ဘာ၊ အမ္ဘုဒက၊ မည်ရထွေထွေ၊ သီတရေသည်။ ဘူတလံ၊ ခက်ထန်မာတင်၊ မြေအပြင်ကို။ န ဘိန္ဒတိ ကိံ၊ စွန့်လွှတ်ပယ်ကွင်း၊ ရှောင်ဖယ်ငြင်း၍၊ မထွင်းဖောက် နိုင်ပါသလော။

အဓိပ္ပါယ်။ ။သောက ဗျာပါဒ ရှုပ်ထွေးလျက် စိတ်နှလုံး ပူဆွေးခြင်း သည် ပြုလုပ် ဆောင်ရွက်ရန် ရှိသမျှ အလုံးစုံသော ကိစ္စတို့ ပြီးစီးထမြောက်၍ ပေါက်ရောက် အောင်မြင်ခြင်းတို့၏ ပဌမတန်းဖြစ်သော ဆီးတား နှောက်ယှက် ကန့်ကွက် ဖျက်ဆီးတတ်သော ဘေးအန္တရာယ်ကြီး ဖြစ်ပေသည်။ သို့ဖြစ်၍ စိတ်နှလုံး ပူပူဆွေးဆွေး မအေးမသာဖြစ်လျက် ကတိုက်ကရိုက် ကဗျာကရာ ပြုပြီးလျှင် မည်သည့်အမှုကိစ္စမျိုးကိုမှ ဆောဆောလျင်လျင် မပြုလုပ် မဆောင် ရွက်သင့်၊ စိတ်နှလုံး ကြည်ကြည်အေးအေးဖြင့် တဖြေးဖြေး ကြည့်ရှုစဉ်းစား၍ အမှုအားလျော်စွာသာလျှင် စီမံဆောင်ရွက်သင့်ပါသည်၊ ဥပမာအားဖြင့် အေး မြလှစွာသော ရေသည် အလွန်တရာ ခက်ထန်မာသော မြေအပြင်ကိုပင်လျှင် ဖောက်ထွင်းနိုင်သေးသည် မဟုတ်ပါလော။ ရေသည် အေးစက် နူးညံ့သည့် အတွက် အလွန်တရာ ခက်မာသော မြေအတွင်းသို့ စွန့်လွှတ်ပယ်ကွင်း ရှောင် ဖယ်ငြင်း၍ မထွင်းမဖောက်နိုင်ဘဲရှိပါသလော။ ထို့ကြောင့် စိတ်သောက မရှုပ် ထွေးစေမူ၍ အေးအေးဖြင့်သာ စီမံပြုလုပ်သင့်ပါသည်ဟု ဆိုလိုသည်။

အားကြီးသည့်ရန်သူနှင့် မာန်ထိုက်ခိုက် မပြုထိုက်ပုံ

အရှင် ဟသ်ာမင်း.... အထူးပင် အလေးဂရုပြု၍ စီမံ အားထုတ်သင့်ပါသည်၊ ဤ စိတ္တဝဏ္ဏ ဥဒေါင်းမင်းသည် ကြီးမားသော ခွန်အားနှင့် ပြည့်စုံပါသည်။ အကြောင်းကို နာတော်မူပါဦးလော့ ဟု ဆိုပြီးလျှင် ဤဆိုလတံ့သော ဂါထာ ကို ရွတ်ဆိုတင်လျှောက်လေ၏။

---

* ဤ၌ အမ္ဘသဒ္ဒါ ရေဟော။

၄၇။ ဗလိနာ သဟ ယောဒ္ဓဗ္ဗ-မိတိ နတ္ထိ နိဒဿနံ။
တံ ယုဒ္ဓံ ဟတ္ထိနာ သဒ္ဓိံ၊ နရာနံ မစ္စုမာဝဟေ။

ဗလိနာ၊ ကိုယ်ထက်သာလွန်၊ အားခွန် ဗလ၊ ကြီးမားလှသော သူနှင့်။ ယောဒ္ဓဗ္ဗံ ဣတိ၊ ခုခံ ရန်ပြုလျက်၊ အန်တုတိုက်ခိုက်ရမည်ဟူ၍။ နိဒဿနံ၊ နီတိကျမ်းတတ်၊ ဆရာမြတ်တို့၊ မိန့်အပ်စကား၊ နည်းညွှန်ကြားခြင်းသည်။ နတ္ထိ၊ ကေန်တိတိ၊ မှန်မရှိခဲ့။ ဟတ္ထိနာ၊ လူ့ထက်ဗလ၊ အဆအရာ၊ မကသာသည့်၊ နာဂပြောင်တင်၊ မုန်သောက်ဆင်နှင့်။ သဒ္ဓိံ၊ တကွ။ တံ ယုဒ္ဓံ၊ ထိုခုခံရန်ပြုလျက်၊ အန်တု တိုက်ခိုက်ခြင်းသည်။ နရာနံ၊ ဆင်အောက် ဗလ၊ သေးငယ်လှသော၊ လူသား-လူတို့အား။ မစ္စုံ၊ မှုန့်မှုန့်ကြေညက်၊ ဇီဝိန်ပျက်လျက်၊ အသက်သေခြင်းသို့။ အာဝဟေ၊ မသွေမလှန်၊ ဧကန်ဖြင့်၊ အမှန်ဆောင်ပေရာ၏။

အဓိပ္ပါယ်။　။မိမိထက် အလွန် ခွန်အားဗလ ကြီးမားလှသော သူနှင့် ခုခံ ရန်ပြုလျက် အန်တု တိုက်ခိုက်ရမည် တိုက်ခိုက်သင့်သည် ဟူ၍ နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာအပ်သော စကား နည်းညွှန်ကြားခဲ့ခြင်းသည် အလျှင်း မရှိပါ။ ယင်းသို့ ကိုယ့်ထက် ဗလခွန်အား အလွန်ကြီးမားသောသူနှင့် ခုခံတိုက်ခိုက်ခြင်းသည် လူတို့ထက် ခွန်အားဗလ အဆအရာ မကသာသည့် ဆင်ပြောင်ကြီးနှင့် ခုခံတိုက်ခိုက်ရသည်နှင့် အလားပမာ တူပေသည်။ ထို့ပြင် ဆင်ပြောင်ကြီးနှင့် တိုက်ခိုက်ရခြင်းသည် လူသား-လူတို့မှာ မှုန့်မှုန့်ညက်ညက် ကြေပျက်၍ အသက်သေဆုံးရန်သာရှိပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ မိမိထက် ကဲလွန်၍ ခွန်အားကြီးမားလှသောသူနှင့် ခုခံတိုက်ခိုက်ရမည်ဖြစ်ပါ၍ အထူးပင် ဂရုပြု၍ စီမံအားထုတ်သင့်ပါသည် ဟု ဆိုလိုသည်။

ထို့ပြင် သင့်မြတ်လျော်ကန်သဖြင့် မိမိက နိုင်တန်လောက်သော အချိန်ကာလသို့ မရောက်မူ၍ ရန်သူနှင့် တွေ့ဆိုင်လျက် ယှဉ်ပြိုင် တိုက်ခိုက်ရခြင်းသည်လည်း အလျှင်း မသင့်လျော်ပုံ အချက်ကို ဆက်လက်၍ ပြပြန်လိုသည်ဖြစ်၍ ထို့ပြင် တတန် ဆင်ခြင်ရန် အကြောင်းတမျိုးကို တိုးဆင့်၍ နာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **သ မူဠှော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၈။ သ မူဠှော ကာလမပတွာ၊ ယောပကတ္တရိ ဝတ္တတေ။
ကလိ သဒ္ဓိံ ဗလဝတာ၊ ကီဋပက္ခောဂ္ဂမော ယထာ။

ယော၊ အကြင်သူသည်။ ကာလံ၊သင့်မြတ်လျော်ကန်၊တိုက်ခိုက်ရန်ကာလသို့။ အပတွာ၊ မရောက်မူ၍။ အပကတ္တရိ၊ မျက်မာန်ငြူစူ၊ ကိုယ့်ရန်သူ၌။ ဝတ္တတေ၊

အန်တုတိုက်ခံလျက်၊ ခိုက်ရန်ကိုဖြစ်စေ၏။ သ—သော၊ ထိုအချိန်မတန်၊ ခိုက်ရန်ကို ဖြစ်စေသောသူသည်။ မူဠှော၊ မြော်မြင်ဉာဏ်ကင်း၊ မိုက်အဖျင်း သည်သာလျှင်တည်း။ ကီဋပက္ခောဂ္ဂမော၊ ပရွှက်ခြပုန်း၊ ပိုးတုံးလုံးတို့၏၊အသုံး မတန်၊ တောင်ပံနှစ်ဖက်၊ ပေါ်ပေါက်ချက်သည်။ တေသံ၊ ထိုပရွှက်ခြပုန်း၊ ပိုးတုံးလုံးတို့၏။ ဝိနာသကာရဏော ယထာ၊ ခန္ဓာအသက်၊ ပျက်စီးခြင်း၏ အကြောင်းဖြစ်သကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ဗလဝတာ၊ ခွန်အားဗလ၊ ကြီးမားလှသောသူနှင့်။ သဒ္ဒိံ၊ အတူတကွ။ ကလိ၊ ခုခံအပြိုင်၊ ရင်ဆိုင်တိုက်ခိုက်ခြင်းသည်။ **အတ္တနော**၊ မိမိ၏။ ဝိနာသကာရဏော၊ ခန္ဓာ အသက်၊ ပျက်စီးခြင်း၏ အကြောင်းပင်တည်း။

အဓိပ္ပါယ်။ ။အကြင်သူသည် မိမိက အောင်မြင်နိုင်လောက်သောအချိန် အခါ မရှိပါဘဲလျက် ငြိမ်သက်စွာမနေမူ၍ ရန်သူတဖက်ကို သက်သက်မဲ့အန်တု၍ ခုခံတိုက်ခိုက်၏၊ ထိုကဲ့သို့ တိုက်ခိုက်သောသူသည် စင်စစ်အားဖြင့် အဖျင်းအမိုက် သာ ဖြစ်ပေသည်၊ ထိုသို့တိုက်ခိုက်ရခြင်းသည် ဥပမာအားဖြင့်ဆိုသော် ခြေတို့ ဖြင့် တွားလျက် မြေ၌သာ ကျက်စားသွားလာနေကျဖြစ်သော ပရွှက်ခြပုန်း ပိုးတုံးလုံးတို့၌ မိမိတို့နှင့် အသုံးမတန်သည့် အတောင်ပံနှစ်ဖက်တို့ ပေါ်ထွက် ပေါက်ရောက်၍လာရာ ထိုသေးငယ်စွာသောအတောင်ကို အားကိုး၍ စိတ်တမျိုး တက်ကြွလျက် အထက်ကျောင်ကာလက တခါမျှ မရောက်ဘူးသဖြင့် ထူးလှသည့် ကောင်းကင်ယံသို့ ထွက်ပျံရန် အလိုကြီးကြသဖြင့် လေဟုန်စီးတက်ကြရာ ဗလ သာသည့် ငှက်တသင်းတို့က ချက်ခြင်းလက်ငင်း အတင်းထိုးသုတ်သဖြင့် ရုတ် တရက် ဇီဝိန်ကြွေ၍ သေဆုံးခြင်းသို့ ရောက်ကြရပေသည်။ ယင်းသို့ဖြစ်ရာ၌ ထိုပရွှက်ခြပုန်း ပိုးတုံးလုံးတို့ အတောင်နှစ်ဖက် ပေါက်ပေါ်ချက်သည် မိမိတို့၏ အသက်ကို ရန်ရှာသကဲ့သို့ ထို့အတူ ခွန်အားဗလ ကြီးမားလှသောသူနှင့် ရန်မူ အန်တုလျက် ခုခံတိုက်ခိုက်ရခြင်းသည် စင်စစ်အားဖြင့် မိမိ၏အသက်ကို ရန်ရှာ၍ ခန္ဓာပျက်ခြင်း၏ အကြောင်းဖြစ်ပါသည်။ ထို့ကြောင့် အထူးဂရုစိုက်ပြီးလျှင် စီရင် ဆောင်ရွက်ထိုက်ပါသည်ဟု ဆိုလိုသည်။

အခွင့်မသာ အခါမဟုတ်က ခပ်ကုပ်ကုပ်နေသင့်ပုံ

အခွင့်မသာ၍ အခါမဟုတ်ပါမူ ခပ်ကုပ်ကုပ် သည်းခံ၍ မာန်စွယ်ကိုချ သင့်ကြောင်း, အခါကောင်း၍ အခွင့်သာခါမှ မာန်မာန ထောင်လွှားလျက် ငါတကားပြုသင့်ကြောင်းကို ဥပမာဆပ်လောင်း၍ ကောင်းစွာ ပြပြန်လိုသည် ဖြစ်၍ ထိုမှတပါး ကြားနာတော်မူပါဦးလေ့ဟု ဆိုပြီးလျှင် **ကုမ္မော သံကောစ- မတ္တာယ** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၉။ ကုမ္မော သံကောစမတ္တာယ၊ ပဟာရမပိ ခမ္မေယျ။
ပတ္တကာလေ တု နီတိညူ၊ ဥတ္တိဋ္ဌေ ကုဒ္ဓသပ္ပေါဝ။

နီတိညူ၊ နီတိကျမ်းဆို၊ မိန့်အလိုကို၊ ထိုထိုနှံ့သိ၊ ပညာရှိသည်။ အပတ္တ-ကာလေ၊ ခိုက်ရန်ဖြစ်မှု၊ ကြည့်ရှုချင့်ထောက်၊ ချိန်မရောက်သော အခါ၌။ အတ္တာယ၊ မိမိ၏အကျိုး၊ ပွါးစီးတိုးစေခြင်းငှါ။ ကုမ္မော ဝိယ၊ လိပ်၏ပြုဟန်၊ ပုံစံနှုပမာတူသာလျှင်။ သံကောစံ – သံကောစန္တော၊ ကြောက်ဆုတ်ရှုံ့ရှုံ့၊ ငြိမ်စွာတွန့်လျက်။ ပဟာရံ အပိ၊ ရန်သူရိုက်နှက်၊ ပုတ်ခတ်ချက်ကိုမူလည်း။ ခမ္မေယျ၊ ဒေါမာန်မလှို့၊ ရန်မတုံ့ဘဲ၊ ခေါင်းငုံ့၍ ခံရာ၏။ ပတ္တကာလေတု၊ ခိုက်ရန်ဖြစ်မှု၊ ကြည့်ရှုချင့်ထောက်၊ အချိန်ရောက်သော အခါ၌မူကား။ ကုဒ္ဓသပ္ပေါဝ၊ ဒေါမာန်ဖီသွင်း၊ ပါးပျဉ်းမြှောက်မိုး၊ မြွေဟောက်မျိုးကဲ့သို့။ ဥတ္တိဋ္ဌေ၊ ငါတကားဟု၊ ကြုံးဝါးသံပ၊ ဟုန်းဟုန်းထရာ၏။

အဓိပ္ပါယ်။ ။နီတိဓမ္မသတ် အရပ်ရပ်ကို နှံ့စပ်ကျေပြွန်သော ပညာဝန်သုခမိန်သည် မိမိ၏ရန်သူကို ခုခံအန်တုလျက် ရန်ပြုဘို့ရန် အချိန်မတန် အခါမရောက်သည်ရှိသော် မိမိ၏အကျိုးကို မြှော်ကိုးကြံဖန်၍ လိပ်တို့၏ပြုမူဟန်ကို စံနမူ လုပ်ပြီးလျှင် ကြောက်ရွံ့ တွန့်ဆုတ်လျက် ရန်သူရိုက်နှက် နှိပ်စက်သည့်အချက်ကိုပင် အမျက်မထန် ဒေါမာန်မလှို့ ရန်မတုံ့ဘဲ ခေါင်းငုံ့၍ ခံပေ၏။ ခုခံအန်တုလျက် ရန်ပြုဘို့ရန် ချိန်အခါတန်ပါမူ ဒေါမာန်ဖီသွင်း ပါးပျဉ်းမြှောက်မိုးလျက် စိတ်ဆိုးသော မြွေဟောက်သည် ပေါက်တော့မည် ဟန်ခင်းသကဲ့သို့ ထန်ပြင်းသည့်အနေအထားဖြင့် ငါတကားဟု ကြုံးဝါးသံပ ဟုန်းဟုန်းထလျက် မာန်စွယ်ကို ပြပေရာသည် ဟူလို။

နည်းလမ်းသိပါမူ ရန်သူကိုဖြိုခွင်းနိုင်ပုံ

ထိုသို့ပင် မိမိက ဗလခွန်အား သေးငယ်ပင်သေးငယ်ငြားသော်လည်း အမှုသွားကို ထောက်စာ၍ သင့်လျော်စွာ စီရင်တတ်ပါမူ မည်သည့် ရန်သူကိုမှ မကြောက်ရွံ့ထိုက်ကြောင်းကို ထပ်လောင်း၍ လျှောက်ကြားလိုသည် ဖြစ်၍ အရှင်ဟံသာမင်း....နာတော်မူပါဦးလေ့ဟု ဆိုပြီးလျှင် **မဟတျပေ့ပျုပါယည္** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၅၀။ မဟတျပေ့ပျုပါယညူ၊ သမမေဝ ဘဝေ ခမော။
သမုမ္မူလယိတုံ ရုက္ခေ၊ တိဏာနီဝ နဒီရယော။

ဥပါယညူ၊ ဥပါယ်အကြောင်း၊ နည်းအပေါင်းကို၊ ကောင်းစွာ သိသော သူသည်။ မဟတိ၊ ကိုယ့်ထက်ခွန်အား၊ ကြီးမားသောသူ၌ လည်းကောင်း။ အပိ၊

ထိုမှတပါး။ အပ္ပေ၊ ဗလသေးနုပ်၊ ခွန်အားယုတ်သော သူ၌ လည်းကောင်း။ သမမေဝ၊ နှစ်မူမခွ၊ တူအမျှသာလျှင်။ ခမော၊ နှိပ်နင်းလွယ်အောင်၊ ခံ့စွမ်းဆောင်သည်။ ဘဝေ၊ စင်စစ်မသွေ၊ ဖြစ်ပေရာ၏။ ကိမိဝ၊ တန္တုမှတ်ရာ၊ ဥပမာဝယ်၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ရုက္ခေ စ၊ ပင်စည်ခိုင်ဖြိုး၊ သစ်ပင်ကြီးတို့ကို လည်းကောင်း။ တိဏာနိ စ၊ ပင်စည်သေးသွယ်၊ သစ်ပင်ငယ်တို့ကို လည်းကောင်း။ သမမေဝ၊ နှစ်မူမခွ၊ တူအမျှသာလျှင်။ သမုမ္ဗုလယိတုံ၊ အမြစ်မှထုတ်၊ တိုက်ခိုက်နုတ်ခြင်းငှါ။ ခမော၊ ကြီးငယ်မရှောင်၊ ခံ့စွမ်းဆောင်သော။ နဒီရယော ဣဝ၊ မြစ်လုံးပြည့်လျှမ်း၊ ကမ်းကိုလွှမ်း၍၊ အကြမ်းအပြင်း၊ စီးဆင်းသွင်သွင်၊ ရေအယဉ်သို့၊ မချွိပမာ၊ အတူသာတည်း။

အဒိပ္ပါယ်။ ။ရန်သူနှင့်တွေ့ဆုံ ကြုံကြိုက်ရာ၌ ရန်သူအောင်ကြောင်း ဖြစ်သော နည်းကောင်းဥပါယ်တို့ကို လယ်လယ်ကြီး မှတ်မိ၍ တတ်သိသော သူသည် မိမိထက် သေနာကာယ ဗလခွန်အား ကြီးမားသောသူ၊ တူမျှသောသူ၊ ယုတ်သောသူတို့ကို ခုခံ၍ အနိုင်ကြံရာ၏။ မည်သူ့ကို စွမ်းနိုင်၍ မည်သူ့ကို မစွမ်းနိုင်ဟူ၍ နှစ်မူ နှစ်ခွမရှိဘဲ အတူအမျှသာလျှင် အောင်မြင် နှိပ်နင်းနိုင်ပါသည်။ ဥပမာအားဖြင့်ဆိုသော် ကမ်းလုံးပြည့်လျှမ်း၍ အလွန်တရာ ရေစီးကြမ်းသော မြစ်ရေ၏ အဟုန်အယဉ်သည် ရေဦးတွင် တည်ရှိသရွေ့ သစ်ပင်ကြီးငယ် ဟူသမျှတို့ကို နှစ်မူမခွဘဲ တခဏခြင်း တိုက်လှဲ၍ ပစ်နိုင်သကဲ့သို့ ဖြစ်ပါသည် ဟူလို။

တိုင်းပြည်ကာကွယ်ရန် ခံတပ်အရေးကြီးပုံများ

ထို့ကြောင့် ဤရန်သူမင်း၏ တမန်ဖြစ်သော ကျေးသားကို ယုံကြည်နှစ်သိမ့်အောင် ပြောဆိုပြုလုပ်ပြီးလျှင် ကြီးကျယ်ခိုင်ခံ့သော ခံတပ်ကို ဆောက်လုပ်စီမံ၍ မပြီးသေးသမျှကာလပတ်လုံး ဤအရပ်၌ပင် ဆိုင်းငံ့၍ နေစေရန် သင့်လျော်ပါသည်။ အကြောင်းကို နာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၅၁။ ဧကော သတံ ယောဓယတိ၊ ပါကာရဋ္ဌော ဓနုဒ္ဓရော။
သတံ သတသဟဿာနိ၊ တသ္မာ ဒုဂ္ဂံ ဝိဓိယတေ။

ပါကာရဋ္ဌော၊ ဆီးတားမြို့ရိုး၊ ခိုကိုးရစ်ဆိုင်း၊ တံတိုင်းတွင်း၌ တည်သော။ ဧကော၊ ကူဖော်မလျော်ကဲ၊ တယောက်ထည်းသာဖြစ်သော။ ဓနုဒ္ဓရော၊ လေးမြှားအတတ်၊ ကမ်းခတ်ယောကျ်ား၊ လေးသမားသည်။ သတံ၊ စစ်ဆင်ချီတက်၊ ရဲမက်ဗိုလ်ပါ၊ လူတရာကို။ ယောဓယတိ၊ ခုခံပိုင်ပိုင်၊ တိုက်ခိုက်နိုင်၏။ သတံ၊ တွက်ရေတရာ၊ သချ်ာမြှောက်ပွါး၊ လေးသမားသည်။ သတသဟဿာနိ၊ စစ်ဆင်

ချိတက်၊ ရဲမက်သချ်ာ၊ ဗိုလ်ပါတသိန်းကို။ ယောဓယေတိ၊ ခုခံပိုင်ပိုင်၊ တိုက်ခိုက်နိုင်၏။ တသ္မာ၊ ထိုသို့ တယောက်ဖြင့် တရာ၊ တရာဖြင့် တသိန်း၊ အောင်နိုင်ကိန်းကြောင့်။ ဒုဂ္ဂံ၊ ရဲမက်ဗိုလ်ပါ၊ ခိုကာပိတ်ဆီး၊ ခံတပ်ကြီးကို။ ဝိဓိယတေ၊ ယနေ့တိထွင်၊ ပြုစီရင်လျက်၊ အလျင်ဆောက်လုပ်ရာ၏။

အဓိပ္ပါယ်။ ။ရန်သူတို့ကို ခုခံတိုက်ခိုက်ရာ၌ ကာကွယ် ရစ်ဝိုင်းအပ်သော တံတိုင်း၏ အတွင်း၌ တည်၍ ခုခံတိုက်ခိုက်ရပါမူ လေးမြှား အတတ်ကို ကမ်းတဖက်ရောက် တတ်မြောက်ပြီးသော တယောက်ထည်းသောသူသည်လည်း ရဲမက်ဗိုလ်ပါ လူတရာကို အသာဖြင့် ခုခံတိုက်ခိုက်နိုင်ပါသည်။ လေးသမားတရာသည်ကား ဗိုလ်ပါတသိန်းကိုပင်လျှင် အောင်မြင်အောင် ခုခံတိုက်ခိုက်နိုင်ပါသည်။ ထိုသို့ တယောက်ဖြင့် တရာ, တရာဖြင့် တသိန်းကို အောင်မြင်နိုင်သော အကျိုးရှိသောကြောင့် ဗိုလ်ပါတို့ ခိုအောင်း၍ ခုခံရာဖြစ်သော ခံတပ်ကြီးကို ပြီးစီးအောင် တင်ကူး၍ အထူး ဆောက်လုပ်သင့်ပါသည် ဟူလို။

ခံတပ်မရှိသော အပြစ်ကို သနစ်ကျမှတ်ဖို့ရန် ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး မှတ်သားရန် အချက်ကို ဆက်လက်၍ နာပါဦးလော့ ဟု ဆိုပြီးလျှင် **နာဒုဂ္ဂေါ ဝိသယော** အစရှိသော ဂါထာတို့ကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၅၂။ နာဒုဂ္ဂေါ ဝိသယော ကဿာ-ရိနော ပရိဘဝပ္ပဒံ။
　　အဒုဂ္ဂေါ နာသယော ရာဇာ၊ ပေါတစ္စုတမနုရိဝ။

၅၃။ ဒုဂ္ဂံ ကာရိယံ မဟာခါတ-မုစ္စပါကာရသံယုတံ။
　　သယန္တံ့ သဇလံ သေလ-သရိမ္မရုဝနာသယံ။

ဝိသယော၊ ပြည်မရပ်ဌာန်၊ တိုင်းနိုင်ငံသည်။ အဒုဂ္ဂေါ၊ ရဲမက်ဗိုလ်ပါ၊ ခိုရာအရပ်၊ ခံတပ်မရှိခဲ့ပါမူ။ ကဿ အရိနော၊ ကြီးငယ်မဟူ၊ ဘယ်ရန်သူ၏။ န ပရိဘဝပ္ပဒံ၊ လွှမ်းမိုးဖိစီး၊ ဖျက်ဆီးခြင်း၏ အကြောင်း၊ မဖြစ်ကောင်းပါအံ့နည်း။ ပရိဘဝပ္ပဒံ ဧဝ၊ လွှမ်းမိုးဖိစီး၊ ဖျက်ဆီးခြင်း၏အကြောင်း၊ ဖြစ်ကောင်းသည်သာလျှင်တည်း။ ရာဇာ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်သည်။ အဒုဂ္ဂေါ၊ ရဲမက်ဗိုလ်ပါ၊ ခိုရာအရပ်၊ ခံတပ်မရှိပါမူ။ပေါတစ္စုတမနုရိဝ၊ မြစ်ပင်လယ်ရေကြော၌၊ သင်္ဘောမှ ကျသောသူကဲ့သို့။ န အာသယော၊ ကြံ့ကြံ့ဆောက်တည်၍၊ ထောက်မှီခိုကိုးရန်၊ ဧကန်မရှိပေ။ တသ္မာ၊ ထိုသို့ခံတပ် တည်ဆောက်ခြင်းသည်၊ လိုရင်းပဓာန ဖြစ်လေသောကြောင့်။ မဟာခါတံ၊ ရစ်ဝိုင်းပတ်ကုန်း၊ ကျုံးကြီးလည်းရှိသော။ ဥစ္စပါကာရသံယုတံ၊ မြင့်မောက်တံတိုင်း၊ ကာဝိုင်းပြုလုပ်၊ မြေကတုပ်လည်းရှိသော။ သ ယန္တံ၊ ယန္တရားစက်၊ လက်နက်ဆင်ခြင်းလည်း ရှိသော။

သ ဇလံ၊ ဗိုလ်ပါအလုံး၊ ချိုးသုံးတစေ၊ သောက်ရန်ရေလည်း ရှိသော။ သေလ-သရိမရုဝနာသယံ၊ ကျောက်တောင်မြစ်စဉ်၊ သဲပြင်ကန္တာ၊ မြိုင်ဝနာကိုလည်း မှီသော။ ဒုဂ္ဂံ၊ စစ်သည်ဗိုလ်ပါ၊ ခိုရာအသီး၊ ခံတပ်ကြီးကို။ ကာရိယံ၊ ဆော လျင်အမြန်၊ စီမံမယုတ်၊ ဆောက်လုပ်ဖို့သင့်ပေ၏။

အဓိပ္ပါယ်။ ။တိုင်းပြည် အချင်းချင်းတို့ စစ်ခင်း တိုက်ခိုက်ကြရာ ရဲမက် ဗိုလ်ပါတို့ ခိုကိုးတိုက်ခိုက်ရာ ဖြစ်သော တံတိုင်းခံတပ်သည် ထိုစစ်ဖြစ်ရာအရပ် တွင်း၌ လိုရင်းကြီးတခု ဖြစ်ပေသည်၊ ထိုသို့ လိုရင်းဖြစ်သော ခံတပ်မရှိသော တိုင်းပြည်နိုင်ငံကို မည်သည့်ရန်သူကမဆို လွှမ်းမိုးဖိစီး၍ ဖျက်ဆီးနှိပ်စက်မည် သာ ဖြစ်ပေသည်။ ဥပမာအားဖြင့် ထိုသို့ ရဲမက်ဗိုလ်ပါတို့ ခိုကိုးရာခံတပ်မရှိခဲ့ပါမူ နိုင်ငံကို အုပ်စိုးသည့် အစိုးရ ဘုရင်မှာ သမုဒ္ဒရာပင်လယ်ကြော၌ သင်္ဘောမှ ကျသောသူကဲ့သို့ ကြွံကြွံဆောက်တည်၍ ထောက်မှီခိုကိုးရန် ဧကန်မရှိရာပေ။ ထို့ကြောင့် စစ်သည် ဗိုလ်ပါတို့ ခိုမှီးတိုက်ခိုက်ရာ ဖြစ်သော ခံတပ်ကြီးကို အဆောတလျင် စီရင်ဆောက်လုပ်ရန် သင့်ပါသည်၊ ထိုခံတပ်ကြီး၌ လှည့်လည် ရစ်ပတ်လျက် တူးအပ်သော ကျုံးကြီးလည်း ရှိစေရပါမည်၊ မြင့်မောက်စွာ ကာဝိုင်းလျက် ရစ်သိုင်းပြုလုပ်အပ်သော တံတိုင်းမြေကတုပ်လည်း ရှိစေရပါမည်၊ စစ်နှင့်ဆိုင်သော ယန္တရား စက်လက်နက်ကိုလည်း အသင့်ပြင်ဆင်ပြီး ရှိစေရပါ မည်၊ ဗိုလ်ပါအလုံးတို့ ချိုးလောက် သုံးလောက်သော ရေနှင့်လည်း ပြည့်စုံစေရ ပါမည်၊ ကျောက်တောင်မြစ်စဉ် သဲပြင်စခန်းနှင့် တောတန်းကိုလည်း မှီစေရပါ မည်။ ထိုကဲ့သို့ အမှီရသော အရပ်၌ ခံတပ်ကို ဆောက်လုပ်ရပါမည် ဟူလို။

ခံတပ်၏ပြည့်စုံခြင်း ခုနစ်ပါး

ထို့နောက် ခံတပ်၏ပြည့်စုံခြင်း ခုနစ်ပါးတို့ကို ပြပြန်လိုသည်ဖြစ်၍ **ဝိတိဏ္ဏတာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၅၄။ ဝိတိဏ္ဏတာတိဝေသမ္ပံ၊ ရသဓညေဓသင်္ဂဟော။
ပဝေသဋ္ဌာပသာရဋ္ဌ၊ သတ္တေတာ ဒုဂ္ဂသမ္ပဒါ။

ဝိတိဏ္ဏတာ စ၊ ပြန့်ပြောတင့်တယ်၊ ကြီးကျယ်သည်၏အဖြစ်လည်းကောင်း။ အတိဝေသမ္ပံ၊ နီးနားအပြင်၊ ပတ်ဝန်းကျင်ဝယ်၊ မလွယ်လွန်ကြမ်း၊ လမ်းပန်း မသာ၊ မညီညာသည်၏အဖြစ်လည်းကောင်း။ ရသဓညေဓသင်္ဂဟော စ၊ သုံးရေ စပါး၊ ထင်းများသိုမှီး၊ လုံလောက်ပြီးသည်၏အဖြစ်လည်းကောင်း။ ပဝေသဋ္ဌ၊ ခံတပ်အတွင်း၊ သွင်းရန်ထုတ်ချောက်၊ အဝင်ပေါက်လည်းကောင်း။ အပသာ-ရဋ္ဌ၊ အပထုတ်မူ၊ လွယ်ကူအရောက်၊ အထွက်ပေါက်လည်းကောင်း။ ဣတိ၊ ဤသို့။

ဧတာ သတ္တ၊ ဤအကြောင်းစု၊ ခုနစ်ခုတို့သည်။ ဒုဂ္ဂသမ္ပဒါ၊ ခံတပ်၏ လျော်ကပ်ကိုလုံ၊ ပြည့်စုံခြင်းတို့ပေတည်း။

အစီပွါယ်——

၁။ ခံတပ်၏အတွင်း၌ စစ်သည်ဗိုလ်ပါတို့ ချောင်ချိစွာ သွားလာနေထိုင်လောက်အောင် ကျယ်ဝန်းပြန့်ပြောခြင်း၊

၂။ ခံတပ်၏အနီးဖြစ်သော ပတ်လည်ဝန်းကျင် အရပ်တို့၌ ခလုတ်ကန်သင်းကုန်းကျင်းထူထပ်လျက် လမ်းပန်းမသာ မညီညာခြင်း၊

၃။ စစ်သည်ဗိုလ်ပါတို့ ကာလကြာမြင့်စွာ လုံလောက်အောင် သောက်ရေသုံးဆောင်ရေ ပြည့်စုံခြင်း၊

၄။ ဆန် ပြောင်း စပါး အစားအစာ ပြည့်စုံလုံလောက်ခြင်း၊

၅။ ထင်း မီး ပြည့်စုံလုံလောက်ခြင်း၊

၆။ အပ၌ရှိသောပစ္စည်းကို ခံတပ်၏အတွင်းသို့ သွင်းရန် သွင်းပေါက် ဝင်ပေါက် ရှိခြင်း၊

၇။ အတွင်းရှိ ပစ္စည်းကို ခံတပ်၏အပသို့ ထုတ်ရန် ထွက်ပေါက် ထုတ်ပေါက်ရှိခြင်း—ဤခုနစ်ပါးတို့သည် ခံတပ်၏ပြည့်စုံခြင်းတို့ မည်ကုန်၏။

ဌာနအားလျော်စွာ ကျွမ်းကျင်သူကိုသာ ခန့်အပ်သင့်ပုံ

ထိုသို့ တင်လျှောက်လေရာ ဟသ်ာမင်းက ဤခံတပ်ကို တည်ဆောက်ရန် မည်သူအား ခန့်ထားရန် သင့်လျော်ပါမည်နည်းဟု မိန့်တော်မူရာ အောက်ပါဂါထာဖြင့် ရွတ်ဆိုတင်လျှောက်လေ၏။

၅၅။ ယော ယတ္ထ ကုသလော ကမ္မေ၊ တံ တတ္ထ ဝိနိယောဇယေ။
ကမ္မေသွဒိဋ္ဌကမ္မော ယော၊ သတ္တညောပိ ဝိမုယှတိ။

ယော၊ အကြင်သူသည်။ ယတ္ထကမ္မေ၊ကိုယ်နှုတ်နှစ်ဖြာ၊ ပြုလိုရာစု၊ အကြင်အမှု၌။ ကုသလော၊ လိမ္မာဉာဏ်မြင်၊ တတ်ကျွမ်းကျင်၏။ တံ၊ ထိုလိမ္မာဉာဏ်မြင်၊ တတ်ကျွမ်းကျင်သော သူကို။ တတ္ထ၊ ထိုပြုလိုသမျှ၊ မှုကိစ္စတို့၌။ ဝိနိယောဇယေ၊ ရှောင်လျက်မနေ၊ ဆောင်ရွက်စေရာ၏။ ယော၊ အကြင်သူသည်။ ကမ္မေသု၊ ကိုယ်နှုတ်နှစ်ဖြာ၊ ပြုလိုရာစု၊ ဆောင်ရန်မှုတို့၌။ အဒိဋ္ဌကမ္မော၊ မတွေ့မမြင်၊ မကျွမ်းကျင်သော အမှုရှိ၏။ သော၊ ထိုသူသည်။ သတ္တညောပိ၊ ပိဋကကျမ်းဂန်၊ ပြန်လှန်မွေ့နှော်၊ တတ်သိမြောက်သော်လည်း။ ဝိမုယှတိ၊ သင့်လျော်လိမ့်မလော၊ မသင့်လျော်လောဟု၊ တွေးတောစိတ်ကူး၍၊ အထူး တွေဝေတတ်၏။

ဟိ-ပြန် ၂-၅——ပ-မ-ဗ-သ-စ

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....အကြင်သူသည် အကြင်အမှု၌ ကျွမ်းကျင်လိမ္မာ၍ ကောင်းစွာနပ်နေ၏၊ ထိုအမှု၌ ထိုကျေပြွန်လိမ္မာ၍ ကောင်းစွာ တတ်မြောက်သော သူကိုသာလျှင် ဆောင်ရွက်စေရန် သင့်လျော်ပါသည်။ အဘယ့်ကြောင့်နည်းဟူမူ အလုပ်ကို မကျွမ်းကျင် မမြင်သောသူသည် အရပ်ရပ် ကျမ်းဂန်ကို ပြောင်းဆန်အောင် မွှေနှောက်၍ တတ်မြောက်ခြင်းရှိပါသော်လည်း အဘယ်နည်းနှင့် ဘယ်လို စ-ရမည်နည်း၊ ဘယ်နေရာမှာ ဘယ်လိုလုပ်ခဲ့လျှင် ဟုတ်မှဟုတ်ပါမည်လော၊ သို့လော အသို့လော ဤကဲ့သို့လော ထိုကဲ့သို့လော စသည်ဖြင့် အနည်းနည်း တွေးတောလျက် လောမျိုးစုံ ရှုပ်ထွေး၍ အများကြီး တွေဝေတတ်ပါသည်။ ထို့ကြောင့် သူ့ နေရာနှင့်သူ ကျွမ်းကျင် လိမ္မာသူကိုသာ လျှင် စီရင်ဆောင်ရွက်စေရန် သင့်လျော်ပါသည်ဟု ဆိုလိုသည်။

ထို့ကြောင့် စစ်သူကြီးဖြစ်သော ခေါက်ရှာငှက်ကို ရွှေတော်သို့ ဆင့်ခေါ်ရန် သင့်ပါသည်ဟု တင်လျှောက်သည့်အတိုင်း ဆင့်ခေါ်စေ၍ ရွှေတော်သို့ ရောက်လေရာ ဟင်္သာမင်းက ခေါက်ရှာငှက်ကို စောင်းငဲ့၍ ကြည့်ပြီးလျှင် "အို အချင်း စစ်သူကြီး ခေါက်ရှာငှက်....သင်သည် ခံတပ်အလို့ငှါ သင့်လျော်သော နေရာကို ရှာကြံ၍ လျင်မြန်စွာ စီမံဆောက်လုပ်"ဟု မိန့်တော်မူလေ၏။

ရွှေငွေရတနာတို့ထက် စားရေရိက္ခာကို စုဆောင်းသင့်ပုံ

ထိုအခါ ခေါက်ရှာငှက်က ရှိခိုးလျက် "အရှင် ဟင်္သာမင်း... ရှေးရှေးမဆွ ရှည်မြင့်စွာသော ကာလကပင်လျှင် ခံတပ်ကို ရှာကြံ၍ ထားအပ်ပါပြီ၊ ဤခံတပ်ကား အခြားမဟုတ် ဤရေအိုင်ကြီးပင် ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ဤရေအိုင်ကြီး၏ အလယ်ကျွန်းပေါ်၌ စားရေရိက္ခာတို့ကို ရှာမှီး စုဆောင်း၍ ထားနိုင်ပါသည်"ဟု လျှောက်ထားပြီးလျှင် အကြောင်းကို ပြလို၍ **ဓညာနံ သင်္ဂဟော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၅၆။ ဓညာနံ သင်္ဂဟော ရာဇ၊ ဥတ္တမော သဗ္ဗသင်္ဂဟာ။
နိက္ခိတ္တံ ဟိ မုခေ ရတ္နံ၊ န ကရေ ပါဏဓာရဏံ။

ဘော ရာဇ၊ အို ရေ၌ကျက်စား၊ ငှက်များသေဌ်နင်း၊ အရှင်ဟင်္သာမင်း။ ဓညာနံ၊ စားရေရိက္ခာ၊ အစာ စပါးတို့ကို။ သင်္ဂဟော၊ များစွာရုံးပေါင်း၊ စုဆောင်း သိုမှီးခြင်းသည်။ သဗ္ဗသင်္ဂဟာ၊ လုံးစုံထွေထွေ၊ ရွှေ ငွေ ရတနာတို့ကို၊ များစွာရုံးပေါင်း၊ စုဆောင်းသိုမှီးခြင်းထက်။ ဥတ္တမော၊ သင့်လျော် လျောက်ပတ်၊ လွန်မြင့်မြတ်၏။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ရတနံ၊ စိန်ကျောက် ရွှေငွေ၊ အထွေထွေသော ရတနာကို။ မုခေ၊ ခံတွင်း၌။ နိက္ခိတ္တမ္ပိ၊ အစာအလို့ငှါ၊ များစွာမှီတင်းလျက်၊ ထည့်သွင်းသုံးဆောင် အပ်ပါသော်လည်း။

ပါဏာဓာရဏံ၊ အသက်တည်အောင်၊ အရှည်ဆောင်ခြင်းကို။ န ကရေ၊ အမှု မဆိုင်သဖြင့်၊ မပြုနိုင်ပေရာ။ တသ္မာ၊ ထို့ကြောင့်။ ဧညာနံ၊ စားရေရိက္ခာ၊ အစာစပါးတို့ကို။ သင်္ဂဟော၊ များစွာရုံးပေါင်း၊ စုဆောင်းသိုမှီးခြင်းသည်။ ဥတ္တမော၊ လုံးစုံရွှေငွေ၊ အထွေထွေသော ရတနာတို့ကို၊ များစွာရုံးပေါင်း၍၊ စုဆောင်းသည်ထက် မြတ်ပေ၏။

အဓိပ္ပါယ်။ ။ရေ၌ကျက်စား ငှက်များ အပေါင်းတို့၏ သခင် ဘုရင်ဖြစ်တော်မူသော အိုအရှင်ဟင်္သာမင်း....အစားအစာ ရိက္ခာဖြစ်သော ကောက်ပဲသီးနှံ ဆန်ရေစပါးတို့ကို များစွာရုံးပေါင်း၍ စုဆောင်းသိုမှီးခြင်းသည် အခြားအလုံး စုံသော ရွှေငွေရတနာ စသည်တို့ကို များစွာရုံးပေါင်း၍ စုဆောင်းသိုမှီးသည် ထက် သင့်လျော်လျောက်ပတ် မြင့်မြတ်ပါပေသည်။ အဘယ့်ကြောင့် မြတ်ပေသနည်းဟူမူ ရွှေငွေရတနာတို့ကို အစာ၏အဖြစ်ဖြင့် ခံတွင်း၌ ထည့်သွင်းလျက် များစွာပင် မှီတင်းသုံးဆောင်အပ်ပါသော်လည်း ထိုရွှေငွေ ရတနာတို့သည် အာဟာရဖြစ်လျက် အသက်ကို အရှည်ဆောင်ခြင်းငှါ အလျင်းပင် မစွမ်းနိုင်ပေရာ။ ထို့ကြောင့် ကောက်ပဲစပါး သီးနှံများနှင့် အစားအစာတို့ကို များစွာစုဆောင်းခြင်းသည် သာလွန်၍ မြင့်မြတ်ပေသည်။ ယင်းသို့ ဖြစ်ပါ၍ ဤရေအိုင်ကြီး၏ အလယ်ကျွန်းပေါ်၌ စားရေရိက္ခာတို့ကို များစွာစုဆောင်းသိုမှီး၍ထားနိုင်သောကြောင့် ဤရေအိုင်ကြီးသည် ခံတပ်ပြုလုပ်ရန် သင့်လျော်ပါသည်ဟု ဆိုလိုသည်။

အရသာ ခြောက်ပါးအနက် ဆား အရေးကြီးပုံ

ထို့ပြင် ကောက်ပဲသီးနှံနှင့် ပြောင်းဆန်စပါး စားရေရိက္ခာတို့ များစွာပင်ရှိပါသော်လည်း မည်သည့်စားရေရိက္ခာ ဟင်းလျာမျိုးမဆို ဆားငန်၏ အရသာ လွတ်ကင်း၍ ဆားအငန်းလျှင်း မထည့်စွက်ပါမူ သက်သက် နွားချေးနှင့် အရသာ မခြားဘဲ တသားတည်း တူသည့်အတွက် ဆားစွက် အာဟာရအလုံးတို့မှာ အသုံးတဲ့မည် ဖြစ်သောကြောင့် တယောင့်က သိုမှီးလျက် ဆားကိုလည်း သိမ်းဆည်းသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ကိဉ္စ ချာတော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

ကိဉ္စ—

၅၇။ ချာတော သဗ္ဗရသာနံ ဟိ၊ လဝဏော ရသဥတ္တမော။
ဂဟိတံ တု ဝိနာ တေန၊ ဗျဉ္ဇနံ ဂေါမယာယတေ။

ကိဉ္စ၊ ထိုမှတပါး၊ အခြားပိုမို၊ လျောက်ဆိုရန်မှာလည်း။ သဗ္ဗရသာနံ၊ လုံးစုံများစွာ၊ အရသာ ဟူသမျှတို့တွင်။ လဝဏော၊ လောကအလုံး၊ အမြဲသုံးမှန်၊

ဆားငန် အရသာသည်။ ရသဥတ္တမော၊ အထက်တန်းကျ၊ မြင့်မြတ်လှသော အရသာဟူ၍။ ချာတော၊ ကေန်ဆတ်ဆတ်၊ ပြောဆိုအပ် ပြောဆိုထိုက်၏။ တု မချွတ်အမှန်၊ ကေန်စင်စစ်အားဖြင့်။ တေန ဝိနာ၊ ထိုလောကအလုံး၊ အမြဲသုံးမှန်၊ ဆားငန် အရသာနှင့်၊ မပါအလျှင်း၊ ဗလာကင်း၍။ ဂဟိတံ၊ ကောင်းစွာပြုမူ၊ ချက်ပြုတ်ယူအပ်သော။ ဗျဥ္ဇနမ္ပိ၊ ဟင်းသီးဟင်းရွက်၊ ဘဲကြက်သားငါး၊ ဟင်း လျာများသည်လည်း။ ဂေါမယာယတေ၊ နွားချေးနှင့်မကွာ၊ အရသာ မခြား ဘဲ၊ တသားတည်းတူသည်သာလျှင်တည်း။

ထိုသို့လျှောက်ထားသောအခါ ဟင်္သာမင်းက "အချင်းစစ်သူကြီး ခေါက်ရှာ ငှက်....လျင်စွာ သွား၍ အလုံးစုံသော ပြုဘွယ်ကိစ္စတို့ကို စီမံပြုလုပ်ပါလော့"ဟု မိန့်တော်မူလေ၏။

ထိုသို့ ပြောဆိုသည်၏ အခြားမဲ့၌ တဖန် တံခါးစောင့်သည် အတွင်းသို့ဝင် ရောက်၍ "အရှင်ဟင်္သာမင်း....သီဟိုဠ်ကျွန်းမှလာသော **မေဃဝဏ္ဏ**မည်သောကျီး သည် အခြံအရံ ပရိသတ်နှင့်တကွ တံခါး၌ တည်ရှိပါ၏၊ ထိုကျီးသည်လည်း အရှင်မင်းမြတ်အား ခစားဖူးမျှော်ခြင်းငှါ အလိုရှိပါသည်"ဟု လျှောက်တင် လေ၏။

ထိုသို့ တင်လျှောက်ရာ ဟင်္သာမင်းက "ကျီးသည် အရာရာ၌ သိကြား လိမ္မာ၏၊ များသော အမြော်အမြင်လည်း ရှိ၏၊ ထို့ကြောင့် ထိုကျီးကို ကိုယ့်ဘက်သို့ ရောက်လေအောင် သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ထိုက်ပေသည်"ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူရာ စက္ကဝက် အမတ်ကြီးက အရှင်ဟင်္သာမင်း....ဤသို့ အရှင် မိန့်တော်မူသည့်အတိုင်း အမှန်ပင် ဖြစ်ပါပေသည်၊ သို့ပင်မှန်ပါသော်လည်း ကျီးတို့မည်သည်မှာ ကုန်းကြည်းဖြစ်သော မြေအရပ်၌ ကျက်စားသော တိရစ္ဆာန်မျိုး ဖြစ်သဖြင့် ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူ၏ဘက်၌ တည်ပါသည်၊ အသို့ ချီးမြှောက်ထိုက်ပါအံ့နည်း၊ ထို့ကြောင့်ပင်လျှင် လိမ္မာ ဉာဏ်ရှိ တတ်သိမြော်မြင် ပညာရှင်တို့သည်—

၁၀။ အတ္တပက္ခံ ပရိစ္စဇ္ဇ၊ ပရပက္ခေသု ယော ရတော။
ပရေဟိ ဟညတေ မူဠှော၊ နီလဝဏ္ဏသိင်္ဂါလောဝ—

ဟူ၍ ပြောဆိုရိုး ရှိပါသည်။

ယော၊ အကြင်သူသည်။ အတ္တပက္ခံ၊ ကိုယ်ကျိုးငဲ့ကွက်၊ ကိုယ့်ဘက်အမှန်၊ ဆက်ဆံနှီးရင်း၊ ကိုယ့်အသင်းကို။ ပရိစ္စဇ္ဇ၊ ပယ်ခွါရှောင်ရှား၊ စွန့်ပစ်ထား၍။

ပရပက္ခေသု၊ တဖက်ရန်မူ၊ ငြိုးသူဘက်တွင်း၊ ပင်းအသင်းတို့၌။ ရတော၊ မွေလျော်ပျော်ပါး၊ ကျက်စား၍နေတတ်၏။ မူဋ္ဌော၊ အစဉ်တစိုက်၊ ဝမ်းတွင်းမိုက်ဖြစ်သော။ သော၊ ထိုကိုယ့်ဘက်မကြိုက်၊ သူ့ဘက်လိုက်သည့်၊ မိုက်-အ-သော သူကို။ နီလဝဏ္ဏသိင်္ဂါလော၀၊ အဆင်းမှောင်ခို၊ မြေခွေးညိုကဲ့သို့။ ပရေဟိ၊ ရန်သူအများ၊ တဖက်သားတို့သည်။ ဟညတေ၊ ခန္ဓာအသက်၊ ဝိညာဉ် ပျက်အောင်၊ ညှဉ်းဆဲနှိပ်စက်ရာ၏။

ထိုသို့ ပြောဆိုသောအခါ ဟံသာမင်းက "ဤကိုယ့်ဘက်မကြိုက် သူ့ဘက် လိုက်သော မြေခွေးမိုက်၏ အကြောင်း အကျယ်ကား အဘယ်သို့ပါနည်း"ဟု မေးလေရာ စက္ကဝက် အမတ်ကြီးက အောက်ပါ ပုံဝတ္ထုကို ပြောဆို တင်လျှောက် လေ၏။

မြေခွေးညိုဝတ္ထု

ရှေးလွန်လေပြီးသောအခါ တခုသော တောအုပ်၌ နေသော မြေခွေး တကောင်သည် ညဥ့်အခါ မိမိအလိုအားဖြင့်သော မြို့၏အနီး၌ လှည့်လည်သွား လာစဉ် မဲနယ်အိုးကြီး၏ အတွင်းသို့ မတော်တဆ ကျရောက်၍ နေလေ၏။ ထို့နောက် ထိုအိုးမှတက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ထိုမြေခွေးသည် နံနက် မိုးလင်းသောအခါ မိမိ၏ကိုယ်ကို အသေကောင်ကဲ့သို့ ဟန်ဆောင်၍ နေလေ၏။ ထိုသို့နေလေရာ မဲနယ်အိုး၏ အရှင်သည် လာလတ်၍ မြေခွေးကို မြင်လေသော် ဤမြေခွေးသည် သေလေပြီတကားဟု မှတ်ထင်၍ အိုးမှ ဆွဲငင် တင်ထုတ်လျက် အဝေးသို့ ယူဆောင်ပြီးလျှင် စွန့်ပစ်ခဲ့လေ၏။ ထို့နောက် ထိုမြေခွေးသည် တောသို့သွား၍ မိမိ၏ မဲနယ်လိမ်းကျံသဖြင့် ညိုသောအဆင်းကို ကြည့်ရှုလျက် "ယခုအခါ ငါသည် တင့်တယ်သပ်ရပ် မြတ်သော အဆင်းရှိ၏၊ ထိုသို့ အဆင်း မြင့်မြတ်ခြင်းကြောင့် မိမိသည်လည်း အဘယ်မှာ မမြင့်မြတ်ဘဲ ရှိပါအံ့နည်း၊ မြင့်မြတ်သည်သာတည်း"ဟု ကြံစည်လေ၏။ ဤသို့ မိမိကြံစည်သည့်အတိုင်း မိမိကိုယ်ကို မြတ်သည်ဟု မှတ်ထင်၍ ကြွင်းသော မြေခွေးတို့ကို ဆင့်ခေါ် ပြီးလျှင် ထိုမြေခွေးက ပရိသတ်အလယ်၌ ဤသို့ ပြောဆိုလေ၏—"အို အချင်း မြေခွေးတို့....ငါသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံခြင်းကြောင့် တောစောင့်နတ်မင်း သည် မိမိ၏လက်ဖြင့် တောအလုံးကို သိမ်းကျုံး အုပ်စိုးပိုင်သော မင်း၏အဖြစ်၌ **သဗ္ဗောသဓ**မည်သော နတ်ရေစင်ဖြင့် သွန်းလောင်း၍ ဘိသိက်မြှောက်ခဲ့လေပြီ၊ ငါ၏ အဆင်းကို ကြည့်ရှုကြလော့၊ ထို့ကြောင့် ယနေ့ကို အစပြု၍ ငါ၏ အာဏာဖြင့် ဤတော၌ နေထိုင်ခြင်းကို ပြုကြရမည်"ဟု ဆိုလေ၏။

မြေခွေးတို့သည်လည်း ထိုဆန်းကြယ်သော အဆင်းကို ကြည့်ရှုကြ၍ ခြေလေးဘက်၊ ပဆစ်နှစ်ဘက်၊ ဦးခေါင်း၊ ရင်ပတ်ဟု ဆိုအပ်သော အင်္ဂါရှစ်ပါးနှင့်

ပြည့်စုံသော ဝပ်ခြင်းဖြင့် ဝပ်လျက် ရှိခိုးကြပြီးလျှင် "အရှင်မင်းကြီး....အရှင်၏ အမိန့်အာဏာအတိုင်း လိုက်နာပြုကျင့်ပါမည်"ဟု ဝန်ခံ ပြောဆိုကြလေ၏။ ဤနည်းအားဖြင့် ထိုမြေခွေးသည်သာလျှင် အလုံးစုံ တော၌နေကြကုန်သော တိရစ္ဆာန်တို့၏ ကြီးကဲသော ဘုရင်အဖြစ်သို့ ရောက်လေ၏။

ထိုမြေခွေးသည် မိမိ၏ ဆွေမျိုးဉာတိဖြစ်သော မြေခွေး အပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အလွန်ကြီးကျယ်၍ တင့်တယ် မြင့်မြတ်ခြင်းသို့ ရောက်ရလေ၏။

ထိုသို့ ကြီးကျယ်မြင့်မြတ်ခြင်းသို့ ရောက်သောကြောင့်ပင်လျှင် ထိုမြေခွေးမှာ အခြား ခြင်္သေ့, သစ်ကျား အစရှိသော မြတ်သော ပရိသတ်အပေါင်းတို့ဖြင့် ခြံရံခြင်းကို ရပြန်လေ၏၊ ထိုသို့ မြတ်သည်ထက် မြတ်သော အခြံအရံတို့ကို ရပြန်လေသောကြောင့် ထိုမြေခွေးသည် စိတ်နေစိတ်ထား ဖောက်ပြားတက်ကြွပြီးလျှင် ထိုမျှလောက် မြင့်မြတ် ကြီးကျယ်၍ တင့်တယ်ခမ်းနားသော ပရိသတ်ကြီး၏ အလယ်၌ မိမိ၏ ယုတ်ညံ့သော အမျိုးသား မြေခွေးအများတို့ကို ကြည့်ရှုတွေ့မြင်ရရာ ရှက်နိုးသဖြင့် မထီမဲ့မြင်ပြုလျက် အလုံးစုံသော မိမိ၏ အမျိုးသား မြေခွေးအများတို့ကို အဝေးမှရှောင်ရှား၍ မျက်နှာထားမှုန်မှုန်နှင့် ခပ်သုန်သုန် နေလေ၏။

အတွင်းမီးထကြွလျှင် လက်စသတ်ပျက်စီးတတ်ပုံ

ထိုသို့ မျက်နှာထား မှုန်ကုတ်လျက် ဟန်လုပ်သော အမူအရာကို အခါခါ တွေ့မြင်ရခြင်းကြောင့် စိတ်နှလုံး ပူဆွေး၍ ငေးမှိုင်လျက် နေကြသော မြေခွေးတို့ကို ကြည့်ရှုတွေ့မြင်လေရာ မြေခွေးအိုတကောင်သည် "အိုအချင်းတို့....မပူပန်ကြကုန်လင့်၊ ဤအကြောင်းကို လွန်မြောက်အောင်မြင်ရန် ငါကြံစည်မည်"ဟု ဝန်ခံလေ၏။ ဥပဒေစည်းကမ်းနှင့် နည်းလမ်းကို နားမလည်သော ထိုမြေခွေးသည် စည်းကမ်းနည်းလမ်းနှင့် လျှို့ဝှက်သော အတွင်းအကြောင်းကို သိသော ငါတို့ကို မိမိ၏အနီးအပါးမှ ဝေးစွာရှောင်ရှား၍ ပယ်ထားဘိ၏။ ထို့ကြောင့် ဤမြေခွေး၏ ပျက်စီးကြောင်းဖြစ်သော အစီအရင်ကို ငါတို့ ပြုသင့် ပြုနိုင်ရမည်၊ အဘယ့်ကြောင့်နည်းဟူမူ—

၃၉။ ဆိဒ္ဒံ မမ္မဥ္စ သတ္တိဥ္စ၊ သဗ္ဗံ ဝေတ္တိ နိဇောရိပု။
ဒဟတျန္တဂ္ဂတော စေဝ၊ သုက္ခံ ရုက္ခမိဝါနလော။

နိဇောရိပု၊ ကိုယ့်မျိုးနွယ်ဆက်၊ ကိုယ်၏ဘက်မှ၊ ပေါ်ထွက်စောင်းညာ၊ မကောင်းကြံမူ၊ တွင်းရန်သူသည်။ ဆိဒ္ဒံ၊ အတွင်း အူကြောင်း၊ အခေါင်း

အပေါက်ဟု ဆိုအပ်သော။ မမ္မဋ္ဌ၊ လျှို့ဝှက်ကောင်းကောင်း၊ အတွင်းကြောင်းကို လည်းကောင်း။ သတ္တိဥ္ဌ၊ ရှိသမျှအင်အား၊ စွမ်းပကားကို လည်းကောင်း။ သဗ္ဗံ၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကို။ ဝေတ္တိ၊ ဧဝံသေချာ၊ နေရာတကျ၊ အစစကို၊ လှုလှုကြီး သိတတ်၏။ သော၊ ထိုအကြောင်းမျိုးစုံ၊ အကုန်သိသော သူသည်။ တံ၊ ထိုတွင်းပြင်အကြောင်း၊ ရှုံးပေါင်းအမှန်၊ အသိခံရသောသူကို။ အန္တဂ္ဂတော စေဝ၊ အုခေါင်း တွင်းလျှောက်၊ တောက်လောင်သည်သာဖြစ်သော။ အနလော၊ ပြောင်ပြောင်ညီးညီး၊ အတွင်းမီးသည်။ သုက္ခံ၊ ပင်လုံးဖျားရောက်၊ အကုန် ခြောက်သော။ ရုက္ခံ၊ ခေါင်းပေါက် အိုပြီး၊ သစ်ပင်ကြီးကို။ ဒဟတိ ဣဝ၊ အတွင်းမှလျှောက်၊ ဟုန်းဟုန်းတောက်သကဲ့သို့။ ဒဟတိ၊ အတွင်းမှကြွ၊ မီးစက် ထ၍၊ လက်စသတ် လောင်တတ်ပေ၏။

အဓိပ္ပါယ်။ ။ကိုယ့်အမျိုးသား ကိုယ့်ဘက်သားက တဖန် ကိုယ့်ကိုပြန်၍ ရန်မူ စောင်းဘဏ် မကောင်းကြံသောသူသည် စင်စစ်အားဖြင့် အတွင်းရန်သူ မည်၏။ ထိုအတွင်းရန်သူသည် လျှို့ဝှက်အပ်သော အတွင်းအကြောင်းကို လည်းကောင်း, သတ္တိ ဗျတ္တိ ရှိ,မရှိကိုလည်းကောင်း စေ့ငုသေချာ နေရာတကျ လှုလှုကြီး သိတတ်၏။ ထိုသို့ သတ္တိနှင့် အတွင်းအကြောင်းကို ရှုံးပေါင်းလျက် ကောင်းစွာသိသော အတွင်းရန် ဖြစ်သောသူသည် တဖန်ပြန်လှန်၍ တကယ်တမ်း ရန်မူခဲ့ပါမူ အသိခံရသော သူကို အခေါင်းပေါက်ပြီး သစ်ပင်ကြီးကို အတွင်းမီး လောင်တောက်ရာ အဖျားရောက် တပင်လုံး တက်တက်စင် ပြုန်းသကဲ့သို့ ထိုအတူ အတွင်းမှလောင်ကြွ မီးစက်ကြီး ဟုန်းဟုန်းထလျက် လက်စသတ်အပြီး ပျက်စီးအောင် လောင်တတ်ပေသည်။ ထို့ကြောင့် ထိုမြေခွေး၏ ပျက်စီးရာ ပျက်စီးကြောင်းကို ကောင်းစွာ ပြုလုပ်နိုင်ရမည်ဟု ဆိုလိုသည်။

အထုံဝါသနာ ဝမ်းတွင်းပါကို ပယ်ခွါ၍ရန်ခက်ပုံ

ဤသစ်,ကျား,ခြင်္သေ့ စသည်တို့သည် အဆင်းဖြင့် လိမ်လည် ဖြားယောင်း၍ ထားခြင်းကြောင့် မြေခွေးဖြစ်ကြောင်းကို မသိကြမူ၍သာလျှင် ထိုမြေခွေးကို မင်းဟု ထင်မှတ်မြတ်နိုးကြကုန်၏။ ထို့ကြောင့် ဤမြေခွေးကို မိမိ၏ အလေ့ အကျင့်ဖြစ်သော မြေခွေး၏ ပကတိအမူအရာ ဖြစ်ပေါ်၍လာအောင် ပြုလုပ် ရမည်၊ ထိုသို့ပြုရာ၌ ဤယခု ငါဆိုလက့်သော အစီအရင်အတိုင်း စီမံပြုလုပ် သင့်သည်၊ အဘယ်သို့ ပြုရမည်နည်းဟူမူ အားလုံးသော မြေခွေးတို့ စည်းဝေး စုရုံးကြပြီးလျှင် ညချမ်းဆည်းစျာအခါ၌ ထိုမြေခွေး၏ အနီးအပါးသို့ သွား၍ ကျယ်လောင်စွာ အသံကို တပြိုင်နက် ဟစ်အော် ကြွေးကြော်ကြရမည်။ ထိုအသံကို ကြားသောအခါ၊ ထိုမြေခွေးသည်လည်း မိမိ၏ ဇာတ်သဘာဝ ဖြစ်ခြင်းကြောင့် မိမိ၏ပင်ကိုယ် အလေ့အကျင့်ဖြစ်သော မြေခွေးသံ ဟစ်အော် ခြင်းကို ဧကန်ပြုလုပ်ရမည်။ အဘယ့်ကြောင့်နည်းဟူမူ——

၆၀။ ယော သဘာဝေါ ဟိ ယဿတ္ထိ၊ သ နိစ္စံ ဒုရတိက္ကမော။
သာ ယဒိ ကြိယတေ ရာဇာ၊ သကိံ နာသတျုပါဟနံ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ယော သဘာဝေါ၊ အကြင် အထုံဝါသနာ၊ ဝမ်းတွင်းပါ သဘောသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ သ–သော သဘာဝေါ၊ ထိုအထုံဝါသနာ၊ ဝမ်းတွင်းပါသဘောကို။ နိစ္စံ၊ ဘယ်ခါမကိန်း၊ လက်စသိမ်း၍၊ ပြီးငြိမ်းပြတ်စဲ၊ အမြဲအားဖြင့်။ ဒုရတိက္ကမော၊ မဖြစ်ရအောင်၊ သတိဆောင်လည်း၊ မရှောင်နိုင်ဘဲ၊ လွန်မြောက်ခဲ၏။ ဟိ၊ ထိုစကားမှန်၊ သင့်လျော်ကန်၏။ သာ၊ ခွေးသည်။ ယဒိ ရာဇာ ကြိယတေ၊ အကယ်၍ပင်၊ ဘုရင်တင်မြှောက်၊ မင်းအဖြစ်သို့ရောက်အံ့။ ဧဝံသတိ၊ ဤသို့ဘုရင်တင်မြှောက်၊ မင်းအဖြစ်သို့ရောက်စေကာမူ။ သ–သော၊ ထိုပြည်ကြီးအရှင်၊ ခွေးဘုရင်သည်။ ဥပါဟနံ၊ စီးစ ဟောင်းညစ်၊ တပတ်ရစ်နှင့်၊ စွန့်ပစ်ပြတ်တို၊ ဘိနပ်အိုကို။ ကိံ နအသတိ၊ အထုံဝါသနာ၊ ဝမ်းတွင်းပါကြောင့်၊ အဘယ်မှာလျှင်၊ မကြိုက် မဝါး၊ မကိုက်စားဘဲ ရှိပါအံ့နည်း။ အသတိ ဧဝ၊ အစက် အစက်၊ သွားရည်ထွက်အောင်၊ မြုံ့ချက်မနား၊ ငုံ့လျက်ဝါးမည် သာလျှင်တည်း။

အဓိပ္ပါယ်။ ။အကြင်ပုဂ္ဂိုလ်အား ဝမ်းတွင်းပါ သဘောဖြစ်သော အထုံဝါသနာ အလေ့အကျင့်မျိုး ရှိခဲ့၏၊ ထိုပုဂ္ဂိုလ်သည် ထိုဝမ်းတွင်းပါ ဖြစ်သော အထုံဝါသနာ အလေ့အကျင့်မျိုးကို ဘယ်ခါမကိန်း လက်စသိမ်းပြီးလျှင် ပြီးငြိမ်း ပြတ်စဲ၍ အမြဲအားဖြင့် မည်သည့်အခါ၌မျှ မဖြစ်ပေါ်ရလေအောင် သတိတရား ကောင်းစွာထားလျက် ရှောင်ရှား၍ နေပါသော်လည်း မရှောင်နိုင်ဘဲ လွန်နိုင်ခဲလှပေ၏။ ထိုအကြောင်းကို ဥပမာလောင်း၍ ကောင်းစွာ သိစေဦးအံ့၊ အထုံဝါသနာ ဝမ်းတွင်းပါအားဖြင့် ယုတ်ညံ့သောအမူအရာ သဘောလက္ခဏာ ရှိသောခွေးသည် အများက ဝိုင်းဝန်းမြှောက်တင်သဖြင့် မြင့်မောက်ကြက်သရေ အထွေထွေတို့ဖြင့် တက်နေတန္ခန်း ဇမ္ဗူလုံး ကျော်ကြား၍ ထင်ရှားသော မင်းအဖြစ်သို့ပင် ရောက်စေကာမူ လူသူတို့အလစ်၌ စီးစ ဟောင်းညစ် တပတ်ရစ်နှင့် စွန့်ပစ်ပြတ်တို ဘိနပ်အိုကို အကြိုအကြား၌ အခိုက်သင့် တွေ့ကြုံငြားခဲ့ပါလျှင် ပြည်ကြီးအရှင် ခွေးဘုရင်သည် ရှေးယခင်အစ ပဌမအရင်း ဝမ်းတွင်းက အမြစ်တွယ်ခဲ့သဖြင့် မပစ်မပယ်နိုင်သည့် ဝါသနာအလိုက် အကြိုက်ဆုံး ဘိနပ်စုတ်ကို တကြုတ်ကြုတ် တပြွတ်ပြွတ် သွားရည်တွေ တရွှတ်ရွှတ်နှင့် တကြွတ်ကြွတ် မြုံ့ချက်မနား ငုံ့လျက်ဝါးသကဲ့သို့ ဖြစ်ပေသည်။ ထို့ကြောင့် ထိုမြေခွေးသည်လည်း မိမိနဂိုရ်ပကတိ အထုံဝါသနာ ဝမ်းတွင်းပါဖြစ်သော မြေခွေးသံကို ကေန် ဟစ်အော်ရမည်ဟု ဆိုလိုသည်။

ထိုသို့ ဟစ်အော်သည်ရှိသော် ပကတိသဘောဖြစ်သော မြေခွေးသံကြောင့် ထိုသူသည် ဘုရင်ဖြစ်ထိုက်သောသူ မဟုတ်၊ စင်စစ်အားဖြင့် မြေခွေးပင်တည်း

ဟု သိကြလတံ့။ ထိုသို့ မြေခွေးဟု သိကြသောအခါ ထိုမြေခွေးကို ကျားသည် ညှဉ်းဆဲ ကိုက်သတ်လတံ့ဟု အကြံပေးလေ၏။

ထိုသို့ မြေခွေးအို အကြံပေးတိုင်း စီမံပြုလုပ်ကြလေသော် ထိုအမျိုးကို စွန့်ပစ်၍ ရန်သူကို ချစ်ခင်သည့် ဘုရင်တု မြေခွေးမိုက်သည် ကျားကိုက်၍ ဝိညာဉ်စဲသဖြင့် သေပွဲသို့ ဝင်ရလေ၏။ ထို့ကြောင့် **အတ္တပက္ခံ ပရိစ္စဇ္ဇ**အစရှိသော စကားကို ကျွန်တော်မျိုး ပြောဆိုခဲ့ပါ၏ဟု တင်လျှောက်လေ၏။

မြေခွေးညိုဝတ္ထု ပြီး၏။

ဟံသာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထိုသို့ တင်လျှောက်သောအခါ ဟံသာမင်းက သင် ပြောကြားသည့် အတိုင်း ပင် ဖြစ်စေကာမူ ထိုကျီးသည် အဝေးမှလာသောသူဖြစ်၍ ရှေးဦးစွာ သူ၏ ပြောဆိုသော အကြောင်းအရာတို့ကို ကောင်းစွာ ထောက်ချင့် ကြည့်ရှုသင့် ပါသေးသည်၊ ချီးမြှောက် ထောက်ပင့်ခြင်းကိုမူကား နောင်မှ စဉ်းစားဆင်ခြင် သင့်ပါသည်ဟု ပြောဆိုလေ၏။

ထို့နောက် စက္ကဝက်အမတ်ကြီးက ခံတပ်နှင့် တမန်ကျေးသား၏ အကြောင်းကို ဆက်၍ ပြောပြန်သည်မှာ "အရှင်မင်းကြီး....စုံထောက် သူလျှိုကိုလည်း စေလွှတ်၍ ပြီးပါပြီ၊ ခံတပ်ကိုလည်း ဆောက်လုပ်၍ အသင့် ပြီးစီးပါပြီ၊ ထို့ကြောင့် ကျေးသားကိုလည်း ရှေ့တော်သို့ ခေါ်ဆောင်၍ ပြန်ကြားပြောဆို သင့်သော အရာတို့ကို ပြောဆိုပြီးလျှင် ပြန်၍ လွှတ်သင့်ပါပြီ၊ သို့သော်လည်း ဤဆိုလတံ့သော အကြောင်းကိုလည်း သတိ ထားတော်မူသင့်ပါသေးသည်"ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆိုလျှောက်ကြားလေ၏။

၆၁။ နန္ဒံ ဇဃာတ စာဏကျော၊ တိက္ခဒူတပယောဂတော။
　　တံ ဒူရန္တရိတံ ဒူတံ၊ ပဿေ ဝီရသမန္ဒိတော။

စာဏကျော၊ စန္ဒဂုတ်မင်း၏၊ အတွင်းလူယုံ၊ ပုဏ္ဏားတော်မြတ်၊ စာဏက္က အမတ်ကြီးသည်။ တိက္ခဒူတပယောဂတော၊ ထက်မြက်လျင်မြန်၊ အမြင်သန် သော၊ တမန်၏ပယောဂဖြင့်။ နန္ဒံ၊ ပြည်ကြီးသေဌ်နင်း၊ နန္ဒမင်းကို။ ဇဃာတ၊ ညှဉ်းဆဲပုတ်ခတ်၊ အသေသတ်လေပြီ။ တံ တေန၊ ထိုသို့ တမန်ပုဂ္ဂိုလ်၊ သူလျှို အမတ်၊ အသေ သတ်တတ်သောကြောင့်။ ရာဇာ၊ ဟိရညဂဗ္ဘ၊ နာမပြန့်သီး၊ အရှင်မင်းကြီးသည်။ ဝီရသမန္ဒိတော၊ သူရဲကောင်းအမတ်တို့၊ အထပ်ထပ်ခြံရံ

အပ်သည်ဖြစ်၍။ ဒူရန္တရိတံ၊ ဝေးစွာအရပ်၊ ခြားကွာအပ်သဖြင့်။ ဒူတံ၊ တမန်ပုဂ္ဂိုလ်၊ သူလျှိုအမတ်ကို။ ပဿေ၊ သတိဘရား၊ အမြဲထားလျက်၊ ရှုစားတော်မူစေချင်ပါ၏။

အမိပ္ပါယ်။ ။အရှင်ဟင်္သာမင်း.... ရှေးအထက်ကျော်ကာလက **ပါဋလိပုတ်** ပြည်ကြီး၌ စန္ဒဂုတ်မင်း၏ အတွင်းလူယုံ ပုဏ္ဏားတော်မြတ် **စာဏက္က** အမတ်ကြီးသည် လိမ္မာထက်သန် မာယာဉာဏ် နပ်ပါးသည့် တမန်ယောကျ်ားသူလျှိုသမားတယောက်ကို စေလွှတ်၍ ထိုတမန်၏ လက်ချက်ဖြင့် နန္ဒမင်းကို နှိပ်စက်ဖျက်ဆီးခဲ့ဘူးပါပြီ။ ထို့ကြောင့် ယခုအခါ အရှင်ဟင်္သာမင်းသည်လည်း သူရဲကောင်းယောကျ်ားတို့ကို များစွာခြံရံစေလျက် ဤတမန် ကျေးသားကို ခပ်ဝေးဝေးခွါခြားလျက် ရှုစားတော်မူမှ သင့်လျော်မည်ဟု တင်လျှောက်လိုပါသည်ဟူလို။

ထို့နောက် မှူးကြီးမတ်ရာ သေနာပတိတို့နှင့် တကွ သူရဲကောင်းတို့ကို စည်းဝေးစေ၍ ကျေးသားနှင့် ကျီးတို့ကိုလည်း ရွှေတော်သို့ ခေါ်ဆောင်ခဲ့စေ၏။ ရွှေတော်သို့ရောက်သောအခါ ကျေးသားသည် အနည်းငယ် ပေါ်သောဦးခေါင်းရှိသည်ဖြစ်၍ မင်းပေးအပ်သော နေရာ၌ နေပြီးလျှင် ဤသို့လျှောက်တင်လေ၏။

အို ဟိရညဂဗ္ဘ နာမထင်လင်း အရှင် ဟင်္သာမင်း....အရှင်ဟင်္သာမင်းကို မင်းတကာတို့ထက် မင်းမြတ်ဖြစ်တော်မူသော အကျွန်ုပ်တို့၏ အရှင် စိတြဝဏ္ဏအမည်ရသော ဥဒေါင်းမင်း၏ အမိန့်တော်မြတ် မှတ်တော်မူလိုက်သည်မှာ—

အမိန့်တော်....

> ဇမ္ဗူဒိပ်ကျွန်းသား ငှက်အများတို့၏ သခင် ဘုရင်တကာတို့၏ ထိပ်ခေါင်တင် ဘုရင်ကြီးအစစ် ဖြစ်တော်မူသော စိတြဝဏ္ဏ ငါအရှင် ဥဒေါင်းမင်း ထင်လင်းစွာမြွက်ဖော်၍ အမိန့်တော်ပြန်တမ်းကို စံနန်းမှ ထုတ်လိုက်သည်၊ ကပ္ပူရကျွန်းငယ် ဂျင်ကလယ်၌ စမ္ပယ် နေထိုင်လေ့ရှိသော အမောင် ဟိရညဂဗ္ဘ....သင်သည် မိမိ၏ စည်းစိမ်နှင့်အသက် မပျက်စီးစေခြင်း အကျိုးကို အကယ်၍ အလိုရှိခဲ့အံ့၊ ထိုသို့ အလိုရှိခဲ့ပါမူ လျင်မြန်စွာ လာရောက်၍ ငါတို့၏ခြေတော်စုံကို ခိုလှုံဝပ်လျိုး ရှိခိုးဦးတိုက်လှည့်ရမည်၊ အကယ်၍ ထိုသို့ မလာရောက် ရှိမခိုး ဦးမတိုက်သည်ဖြစ်အံ့၊ မိမိတည်နေဘို့ရန် လျော်ကန်သည့် နေရာတပါးကို အခြားမှာ ကြံစည် စိတ်ကူးရမည်။ ရာဇာဓိရာဇာ ဖြစ်သော ဥဒေါင်းမင်းအမိန့်တော်—

ဟု အမိန့်တော်ကို ထုတ်ဖော်၍ ပြန်ဆိုလေ၏။

ထိုအမိန့်တော်ကိုကြားလျှင် ဟင်္သာမင်းသည် ပြင်းစွာ အမျက်ထွက်သဖြင့် "ဟာ....ငါ၏ ရွှေတော်၌တည်၍ ငါ့ကို နှိမ့်ချပြောဆိုသော ဤကျေးသားကို

လည်း၌ကိုင်၍ ဆွဲငင်ထုတ်ဆောင်မည့်သူ ဤငါတို့၏ ပရိသတ်၌ တစုံတယောက်မျှ မရှိပြီလော”ဟု မိန့်တော်မူလေ၏။ ထိုအခါ မေဃဏ္ဏမည်သော ကျီးသည် ထ၍ “အရှင်ဟသ်ာမင်း....အရှင်မင်းကြီး အမိန့်အာဏာတော် ပေးသနားတော်မူပါ၊ ဤယုတ်မာမိုက်မဲလှသော ကျေးသားကို ကျွန်တော်မျိုး ကွပ်မျက် ဖျက်ဆီးပါအံ့”ဟု တင်လျှောက်လေ၏။

(ဤအရာ၌ ကျီး၏ ပြောပုံဆိုပုံ ဟန့်ပန့်မူရာ လက္ခဏာနှင့် မာယာဉာဏ်ကောင်းပုံကိုသတိထားသင့်၏။)

ထိုအခါ စက္ကဝက် အမတ်ကြီးသည် ဟသ်ာမင်းကိုလည်းကောင်း, ကျီးကိုလည်းကောင်း နှစ်သိမ့်ငြိမ်းအေးစေ၍ “အရှင်ကောင်းတို့....ညွှတ်သည်ဖြစ်သော ကျေးသားကို ဤသို့ မနှိပ်စက် မညှဉ်းဆဲထိုက်ပါ၊ နာတော်မူကြပါဦးလော့”ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၆၂။ န သာ သဘာ ယတ္ထ န သန္တိ ဝုဒ္ဓါ၊
ဝုဒ္ဓါ န တေ ယေ န ဝဒန္တိ ဓမ္မံ။
ဓမ္မော သ နော ယတ္ထ န သစ္စမတ္ထိ၊
သစ္စံ န တံ ယံ ဘယမတျုပေတိ။

(ဥပဇာတိဂါထာ)

ယတ္ထ၊ အကြင် ပရိသတ်အစု၊ လူထု အစည်းအဝေး၌။ ဝုဒ္ဓါ၊ ဂုဏ, ဝယ၊ ဝုဍ္ဍသီးသီး၊ လူကြီးလူကောင်းတို့သည်။ န သန္တိ၊ တစုံတယောက်၊ ပေါ်ပေါက်မရှိကြကုန်။ သာ သဘာ၊ ထိုပရိသတ်အစု လူထုအစည်းအဝေးသည်။ န သဘာ၊ လူထုပင် ကြီးသော်လည်း၊ အစည်းအဝေး မမည်။ ယေ၊ အကြင်သူတို့သည်။ ဓမ္မံ၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သော တရားစကားကို။ န ဝဒန္တိ၊ မနောနှုတ်ချို၊ သဘောကိုယ်အားဖြင့်၊ မပြောမဆိုတတ်ကုန်။ တေ၊ ထိုလူသာကြီး၍၊ အချိန်မစီးကုန်သော သူတို့သည်။ န ဝုဒ္ဓါ၊ ပညာရင့်ပြီး၊ လူကြီးလူကောင်း မဟုတ်ကြကုန်။ ယတ္ထ၊ မနောနှုတ်ချို၊ ဟောထုတ်ဆိုငြား၊ အကြင်တရားစကား၌။ သစ္စံ၊ သင့်မြတ်လျော်ကန်၊ ဟုတ်မှန်ခြင်းသဘောသည်။ နတ္ထိ၊ မရှိ။ သ–သော ဓမ္မော၊ မဟုတ်မမှန်၊ ထုတ်ပြန်ဟောကြား၊ ထိုတရားသည်။ နော ဓမ္မော၊ စင်စစ်မုချ၊ ဓမ္မ မမည်ပေ။ ယံ၊ အကြင် သွန်သင်ဆုံးမ၊ ညွှန်ပြဟောကြား၊ တရားစကားသည်။ ဘယံ၊ ဘေးရန်ဒုက္ခ၊ ဘယအပေါင်းသို့။ အတျုပေတိ–အတိဥပေတိ၊ အလွန်အကြူး၊ အထူးသဖြင့် ကပ်ရောက်တတ်၏။ တံ၊ ထိုဘေးဒုက္ခ အတန်တန်သို့၊ လွန်စွာကပ်ရောက်တတ်သော တရားစကားသည်။ န သစ္စံ၊ သင့်မြတ်လျော်ကန်၊ ဟုတ်မှန်သော သဘောမမည်။

အဓိပ္ပါယ်။ ။အကြင် အစည်းအဝေး၌ ပရိသတ်အထု လူစုလူဝေး မည်မျှပင် ကြီးမား မြားမြောင်ပါသော်လည်း လူကြီး လူကောင်း တဦး တယောက်မျှ မပါရှိခဲ့ပါမူ ထိုပရိသတ်အထု လူစုလူဝေးသည် အစည်းအဝေး မမည်၊ စင်စစ်အားဖြင့် များစွာသော လူစုကြီးသာ မည်ပါသည်။

အကြင်သူတို့သည် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော တရား စကားကို မပြောဆိုတတ်ကုန်၊ ထိုသို့ မပြောတတ်ကုန်သောသူတို့သည် ပညာ ရှိသူ လူကြီးလူကောင်းတို့ မမည်ကြပါကုန်၊ အကြင်ဟောဖော်ညွှန်ပြ ဆိုးမအပ် သော တရားစကား၌လည်း သင့်မြတ်လျော်ကန် ဟုတ်မှန်သောသဘော မပါ မရှိ၊ ထိုသို့ မဟုတ်မမှန် ဖောက်ပြန်သော တရားစကားသည်လည်း တရား မမည်ပါ၊ အကြင်ထုတ်ဖော်ညွှန်ကြား ပြောဆိုအပ်သောစကားသည် ဘေးဒုက္ခ အတန်တန်သို့ အမှန်ကပ်ရောက်တတ်၏။ ထိုသို့ ဘေးဘျမ်းဒုက္ခသို့ မချကပ်ရောက် တတ်သော စကားသည်လည်း သင့်မြတ်လျော်ကန် ဟုတ်မှန်သောစကား မမည်ပါ။

ထို့ကြောင့် ယခု အရှင်တို့ မိန့်ကြားတော်မူအပ်သော စကားသည် စင်စစ် ဘေးဒုက္ခကို ဖြစ်စေတတ်သောကြောင့် သင့်မြတ်လျော်ကန် ဟုတ်မှန်သော စကား မဟုတ်ပါဟု ဆိုလိုသည်။

သံတမန်ဟူက ညွှန်ကြားချက်အတိုင်းသာ ပြောဆိုရာ၏

ဤယခု ဆိုလတ္တံ့သည်ကား မှန်ကန်သော သဘောတရားတည်း၊ ထို့ကြောင့် ဤဆိုလတ္တံ့သည်ကို လိုက်နာ ပြုကျင့်သင့်ပါ၏ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၆၃။ ဒူတော ပါပေါပျဝဇ္ဇော၀၊ ရာဇာ ဒူတမုခေါ ယတော။
ဉဒ္ဒိတေသွပိ သတ္ထေသု၊ ဒူတော ဝဒတိ နာညထာ။

ဘော ရာဇ၊ အို ကပ္ပုရကျွန်းသား၊ ငှက်များသေဌ်နင်း၊ ဟသ်ာမင်း။ ယတော၊ အကြင့်ကြောင့်။ ရာဇာ၊ တိုင်းတပါးရှင်၊ ဘုရင်မင်းမြတ်သည်။ ဒူတမုခေါ၊ ခိုင်းစေတမန်၊ အမတ်သံသာလျှင်၊ ဘုရင်အလို၊ ထုတ်ဆိုမခြွင်း၊ နှုတ်ခံတွင်းရှိ၏။ ဝါ၊ ခိုင်းစေတမန်၊ သံဟုဆိုအပ်သော၊ နှုတ်ခံတွင်းရှိ၏။ တတော၊ ထို့ကြောင့်။ ဒူတော၊ ရာဇတမန်၊ အမတ်သံကို။ ပါပေါပိ၊ ဖောက်ပြန် ကိုယ်နှုတ်၊ အလိုယုတ်သော်လည်း။ အဝဇ္ဇော၊ မချအမှန်၊ ကေန်ဆတ်ဆတ်၊ မသတ်အပ်၊ မသတ်ထိုက်။ ဒူတော၊ ခိုင်းစေတမန်၊ ရာဇသံသည်။ သတ္ထေသု ဉဒ္ဒိတေသုပိ၊ လက်နက်အမျိုးမျိုးတို့ကို၊ မြှောက်မိုး ချိန်ရွယ်လျက်၊ အထက်က မရှုံ မလွှတ်ဘဲ၊ အမြဲကွပ်ရှဲပင် နေသော်လည်း။ အညထာ၊ အရှင်ညွှန်ကြား၊

မိန့်စကားမှ၊ တပါးသော အခြင်းအရာအားဖြင့်။ န ဝဒတိ၊ မဟုတ်မမှန်၊ သရုပ်ဖန်သဖြင့်၊ လုပ်ကြံ၍ မဆိုတတ်ပေ။

အဓိပ္ပါယ်။ ။ကပ္ပုရကျွန်းသား ငှက်အများတို့၏ ဘုရင်ဖြစ်တော်မူသော အရှင်ဟံသာမင်း....တိုင်းပြည်အရှင် ဘုရင်မင်းတို့ အချင်းချင်းကမ်းလှမ်း၍ မေးမြန်း ပြောဆိုကြရာ ဝေးကွာသောနိုင်ငံမှ သံတမန် စေစား၍ မိန့်ကြားပြောဆိုကြရပါသည်၊ ထိုသို့ပြောဆိုရာ၌လည်း သံတမန်လုလင်သည် မိမိက အပိုအမိုမထည့်သွင်းမူ၍ အရှင်မှာကြားသော စကားကိုသာလျှင် မြွက်ကြားပြောဆိုရပေသည်။ ထို့ကြောင့် သံတမန် ယောကျ်ားသည် နိုင်ငံရပ်ခြား တိုင်းတပါးရှင် ဘုရင်မင်းမြတ်၏ နှုတ်ခံတွင်းသဘွယ်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုတမန်သည်ကို ဖောက်ပြန်သော ကိုယ်နှုတ်ဖြင့် အလိုပင်ယုတ်ပါသော်လည်း မုချအမှန်ဧကန်ဆတ်ဆတ်အားဖြင့် မသတ်အပ် မသတ်ထိုက်ပေ။ ယင်းသို့ မသတ်ထိုက်သော သဘောရှိခြင်းကြောင့်ပင်လျှင် ထိုသံတမန် အမတ်သည် လက်နက်အမျိုးမျိုးတို့ဖြင့် မြှောက်မိုးချိန်ရွယ်လျက် အထက်ကမရှုမလှတ်ဘဲ အမြဲကွပ်၍ပင်နေစေကာမူ မိမိအရှင်သည် ညွှန်ကြားပြောဆိုအပ်သော အကြောင်းစကားမှ တပါး အခြားမဟုတ်မမှန်သောစကားကို လုပ်ကြံ၍ မဆိုတတ်ပေ၊ ဆိုမည်မဟုတ်ပါ။ ထို့ကြောင့် သံတမန်ဖြစ်သော ဤကျေးသားကိုလည်း မိမိ၏စကားမဟုတ် အရှင်သခင်က ပြောဆိုရန် မှာကြားလိုက်သောစကားသာဖြစ်၍ မညှဉ်းဆဲမနှိပ်စက်ထိုက်ပါဟု ဆိုလိုသည်။

ထို့ပြင်တဖန် သံတမန်၏ ပြောစကားကို မှားသည် မှန်သည်ဟူ၍ သဘောမထားသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

အညဉ္စ—

၆၄။ သာပကံသံ ပရောက္ကံသံ၊ ဒူတောတွေဟဂ္ဂါက္ခတေ တု ကော။
သဒေဝါဝဇ္ဇဘာဝေန၊ ဒူတော သဗ္ဗံ ဟိ ဇပ္ပတိ။

အညဉ္စ၊ ထိုမှအခြား၊ ကြောင်းတပါးကိုလည်း။ ပဿ၊ ကြံစည်အောက်မေ့၊ သဘောတွေ့အောင်၊ စေ့စေ့ ဆင်ခြင်ပါဦးလော့။ ကော၊ နိတိကျမ်းကို၊ တတ်ကျွမ်းနားလည်၊ အဘယ်မည်သောသူသည်။ သာပကံသဉ္စ၊ ကိုယ့်ကိုပြစ်ပြ၊ ရှုတ်နှိမ့်ချသည်၏ အဖြစ်ကို လည်းကောင်း။ ပရောက္ကံသဉ္စ၊ တပါးသူအား၊ မြှောက်စားချီးပင့်၊ အထက်မြှင့်သည်၏အဖြစ်ကိုလည်းကောင်း။ ဒူတောတွေဟိ၊ တမန်ယောကျ်ား၊ ပြောဆိုသောစကားတို့ဖြင့်။ ဂုဏ္ဍတေ၊ သင့်မသင့်ဟု၊ ထောက်ချင့်ဆင်ခြင်၊ မှတ်ထင်ပါအံ့နည်း။ တု၊ စင်စစ်ဧကန်၊ အမှန်အားဖြင့် သော်ကား။ သဒေဝ—သဒါ ဧဝ၊ ရှောင်ခွါမယိမ်း၊ ခါခပ်သိမ်းသာလျှင်။ အဝဇ္ဇ-

ဘာဝေန၊ မုချကေန်၊ အမှန်ဆတ်ဆတ်၊ မသတ်အပ်သည်၏ အဖြစ်ကြောင့်။ ဒူတော၊ မင်းစေတမန်၊ ရာဇသံသည်။ သဗ္ဗံ၊ မချန်မခြွင်း၊ လိုရင်းဥဿုံ၊ အလုံးစုံကို။ ဇပ္ပတိ ဟိ—ဇပ္ပတိဧဝ၊ မကြောက်မရွံ၊ နောက်မတွန့်ဘဲ၊ ရဲဝံ့စွာ ပြောဆိုသည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။ထိုမှတပါး အခြားသောအကြောင်းတရပ်ကိုလည်း ထပ်မံ၍ စဉ်းစားတော်မူစေချင်ပါသည်။ လောကီအရေးအရာ နည်းနာနယတို့ကို ကျွန်သေချာ ထင်လင်းစွာပြဆိုအပ်သော နီတိဓမ္မသတ် ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်သိမြင် ကျွမ်းကျင် လိမ္မာပြီးဖြစ်ပါမူ အဘယ်သူသည် နိုင်ငံရပ်ခြား တိုင်းတပါးမင်းမြတ်သည် စေအပ်သောတမန် ရာဇသံ၏ ထုတ်ပြန်ညွှန်ကြား၍ ပြောဆိုအပ်သော စကားတို့ဖြင့် ဤသည်ကား ငါ့အား အပြစ်ပြ၍ရှုတ်ချသော စကားတည်း၊ ဤသည်ကား သူတပါးကို မြှောက်စားချီးပင့် အထက်သို့မြှင့်သောစကားတည်းဟူ၍ ထိုတမန်ယောကျ်ား တပြည်သား၏အပေါ်၌ မြှော်ခေါ် စိတ်ကူး၍ အထူးဆင်ခြင်ပါအံ့နည်း။ စင်စစ်အားဖြင့် မည်သည့်အခါ၌မျှ မုချအမှန် ကေန်မသတ်အပ်သည်၏ အဖြစ်ကြောင့် မင်းတပါး၏ တမန် ရာဇသံသည် မချန်မခြွင်း လိုရင်းအချက်တို့ကို သွက်လက်ပြတ်သားစွာ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ လျှောက်ကြားပြောဆိုမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း သံတမန်ဖြစ်သော ဤကျေးသားကို နှိပ်စက်ညှဉ်းဆဲဘို့ကို မဆိုထားဘိ လက်ဖျားနှင့်မျှ မတို့သင့်ပါဟု ဆိုလိုသည်။

ထိုသို့ စက္ကဝက် အမတ်ကြီး၏ ဆုံးမသြဝါဒစကားကို ကြားပြီးသည်နောက် ဟင်္သာမင်းနှင့် ကျီးတို့သည် စိတ်နှလုံး ကျေအေးကြသဖြင့် ဒေါသကင်းပျောက်လျက် မိမိတို့၏ ပြကတေ့သဘောသို့ ရောက်ကြလေ၏။

ကျေးသားသည်လည်း တိတ်ဆိတ်စွာ နေရာမှထ၍ သွားလေသော် စက္ကဝက်အမတ်ကြီးသည် နောက်မှလိုက်ပြီးလျှင် မိမိထံသို့ ခေါ်ဆောင်၍ စိတ်ကျေနပ်စေရန် တောင်းပန်ပြောဆိုလျက် ရွှေဖြင့်ပြီးသော တန်ဆာစသည်တို့ကို ပေး၍ မိမိနိုင်ငံ နေရပ်ဌာနီသို့ ပြန်လည်စေရန် လွှတ်လိုက်လေ၏။

ထိုကျေးသားသည်လည်း မိမိ၏ နေရပ်နိုင်ငံသို့ ပြန်၍ ဝိန္ဓျာတောင်သို့ သွားပြီးလျှင် မိမိ၏ အရှင်သခင်ဖြစ်သော စိတြဝဏ္ဏ ဥဒေါင်းမင်းကို ရှိခိုးဦးတိုက်လေ၏။ ဥဒေါင်းမင်းသည်လည်း ကျေးသားကို စောင်းငဲ့ ကြည့်ရှုပြီးလျှင် "အမောင်ကျေးသား....ဖြစ်ပျက်ပုံ အကြောင်းအရာကား အဘယ်သို့ရှိပါသနည်း၊ ထိုကပ္ပူရကျွန်းအရပ်သည် အဘယ်သို့ သဘောရှိပါသနည်း"ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ ကျေးသားသည် "အရှင်ဥဒေါင်းမင်း ...ဤအကြောင်းကား မပြောပလောက် မကြီးမကျယ် အနည်းငယ်မျှသာ ဖြစ်ပါသည်၊ စစ်သည် ရဲမက်နှင့်

လက်နက်ကို ပြင်ဆင်၍ ယခုပင် ချီတက်တိုက်ခိုက်ရန် သင့်ပါသည်၊ ထိုကပ္ပုရ ကျွန်းအရပ်သည် နတ်ပြည်၏ တစိတ်တဒေသနှင့် တူပါသည်၊ မင်းသည်လည်း ဒုတိယ သိကြားမင်းနှင့် တူပါသည်၊ ချီးမွမ်းအံ့ဩ ပြောပ၍ မကုန်နိုင်ပါ။ ထို့ကြောင့် ထိုနိုင်ငံကို လျင်အမြန် သိမ်းယူမှ သင့်လျော်ပါမည်" ဟု တင်လျှောက်လေ၏။

ရောင့်ရဲသင့်,မရောင့်ရဲသင့် ရှက်သင့်,မရှက်သင့်

ထို့နောက် အလုံးစုံသော အရာရှိ အရာခံ ဌာနန္တရသို့ ရောက်ကုန်သော အမတ်ကြီးတို့ကို ဆင့်ခေါ် စည်းဝေးစေပြီးလျှင် ဥဒေါင်းမင်းသည် အစည်းအဝေးသဘင်သို့ ဝင်၍ မိန့်တော်မူသည်မှာ "စစ်မှု အခမ်းအနားတို့၌ ပြုသင့် ပြုထိုက်သော အရာတို့ကို မည်သို့ စီမံ ပြုလုပ်သင့်သည်ဟု ယခုပင် တိုင်ပင် ပြောဆိုကြပါလော့၊ စစ်တိုက်ခြင်းကိုမူကား ဧကန်မုချ တိုက်ခိုက်ရတော့မည်" ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော ဂါထာကို မြွက်ဟမိန့်ကြားတော်မူလေ၏။

၆၅။ အသန္တုဋ္ဌာ ဒိဇာ နဋ္ဌာ၊ သန္တုဋ္ဌာ စ မဟီဘုဇာ။
သလဇ္ဇာ ဂဏိကာ နဋ္ဌာ၊ နိလဇ္ဇာ စ ကုလင်္ဂနာ။

ဒိဇာ၊ အမိဝမ်းထွက်၊ ဇာတ်သွင်းချက်နှင့်၊ တသက်တွင်းမှာ၊ နှစ်ခါတိတိ၊ ဖြစ်ရခြင်းရှိကုန်သော ပုဏ္ဏားတို့သည်။ အသန္တုဋ္ဌာ၊ ရတတ်သမျှ၊ လာဘ်လာဘဖြင့်၊ မျှတရောင့်ရဲခြင်း မရှိကုန်မူကား။ နဋ္ဌာ၊ ပျက်စီး ဆုတ်ယုတ်၊ ဒုက္ခရောက်တတ်ကုန်၏။ မဟီဘုဇာ၊ ရေမြေပိုင်နင်း၊ ဘုရင်မင်းတို့သည်။ သန္တုဋ္ဌာ၊ လက်ဝယ်ပိုင်သ၊ ရေမြေမျှဖြင့်၊ အားရတင်းတိမ်ကုန်မူကား။ နဋ္ဌာ၊ ပျက်စီး ဆုတ်ယုတ်၊ ဒုက္ခရောက်တတ်ကုန်၏။ ဂဏိကာ၊ အများပျော်ရာ၊ ပြည့်တန်ဆာမတို့သည်။ သလဇ္ဇာ၊ ဣန္ဒြေစောင့်စည်း၊ အရှက်ကြီးရှက်၍ နေကုန်မူကား။ နဋ္ဌာ၊ ပျက်စီးဆုတ်ယုတ် ဒုက္ခရောက်တတ်ကုန်၏။ ကုလင်္ဂနာ၊ အနွယ်အရိုး၊ အမျိုးကောင်းသမီးတို့သည်။ နိလဇ္ဇာ၊ ကာယိန္ဒြေ၊ အထွေထွေ ပျက်ပေါက်လျက်၊ ရှက်အကြောက် ကင်းကုန်မူကား။ နဋ္ဌာ၊ ပျက်စီးဆုတ်ယုတ်၊ ဒုက္ခရောက်တတ်ကုန်၏။

အဓိပ္ပါယ်။ ။ပုဏ္ဏားတို့သည် မိမိ၌ ရတတ်သမျှသော လာဘ်လာဘဖြင့် မျှတရောင့်ရဲခြင်း မရှိမူ၍ အလိုရမ္မက် လောဘတတ်ကုန်သည်ရှိသော် ပျက်စီး ဆုတ်ယုတ်လျက် ဒုက္ခရောက်တတ်ကြကုန်၏။ နိုင်ငံအရှင် ဘုရင်မင်းတို့သည်ကား ကိုယ်ဝယ်ပိုင်သ ရရှိပြီးသော နိုင်ငံ ရေမြေဖြင့် အားရတင်းတိမ်လျက် ရှေ့သို့ တိုးတက် ပွါးများအောင် မကြံဆောင် အားမထုတ်ခဲ့သည်ရှိသော် ပျက်စီး ဆုတ်ယုတ် ဒုက္ခရောက်တတ်ကြကုန်၏၊ ပြည့်တန်ဆာမတို့သည် ဣန္ဒြေစောင့်

စည်းလျက် အရှက်ကြီးကုန်သည်ရှိသော် ပျက်စီးဆုတ်ယုတ်လျက် ဒုက္ခရောက်တတ်ကြကုန်၏၊ အမျိုးကောင်းသမီးတို့သည် ဣန္ဒြေပျက်ပြားလျက် အရှက်နည်းပါးခဲ့သည်ရှိသော် ပျက်စီးဆုတ်ယုတ် ဒုက္ခရောက်တတ်ကြကုန်သည်။ ထို့ကြောင့် ယခုအခါ **လသာတုန်း ဗိုင်းငင်** ဆိုဘိသကဲ့သို့ အရတော်ခိုက် အချောင်နိုက်ဖို့ရန် လျင်မြန်စွာ စီမံလျက် ရဲမက်နှင့် သေနင်ကို မြေပြင်မှာ အပြည့်ခင်းပြီးလျှင် စစ်တလင်းသို့ အရောက်မြန်းကြမှ စခန်းလှချေမည်ဟု ဆိုလိုသည်။

စစ်ထိုးတိုက်ခိုက်သင့်သောအခါ

ထိုသို့ မိန့်တော်မူရာ ဒူရဒဿီမည်သော လင်းတအမတ်ကြီးသည် "အရှင်မင်းကြီး....ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၍ အချိန်ကာလမသင့်လျော်ခြင်းကြောင့် စစ်ထိုးတိုက်ခိုက်ခြင်းသည် နည်းလမ်း မသင့်ပါ၊ အကြောင်းကို နာတော်မူပါဦးလော့" ဟု ဆိုပြီးလျှင် ဤဆိုလတ့ံသော ဂါထာတို့ကို ရွတ်ဆိုတင်လျှောက်လေ၏။

၆၆။ မိတ္တာမစ္စသခါဝဂ္ဂါ၊ ယဒါသုံ ဒိဠ္ဍဘတ္တယော။
သတ္တူနံ ဝိပရိတာ စ၊ ကတ္တဗ္ဗော ဝိဂ္ဂဟော တဒါ။

ယဒါ၊ အကြင်အခါ၌။ အတ္တနော၊ မိမိ၏။ မိတ္တာမစ္စသခါ ဝဂ္ဂါ၊ ချစ်ကြည်မိတ်ဆွေ၊ ထွေထွေအမတ်၊ မပြတ်ပေါင်းသင်း၊ ရင်းနှီးကိုယ့်စိတ်၊ မဟာမိတ်အစုတို့သည်။ ဒိဠ္ဍဘတ္တယော စ၊ စွဲမြဲခိုင်ခံ့၊ တည်တံ့မပျက်၊ နှစ်သက်မြတ်နိုးခြင်းရှိကြကုန်သည်လည်း။ အဿု – ဘဝန္တိ၊ စင်စစ်မသွေ၊ ဖြစ်ကြလေကုန်၏။ သတ္တူနံ၊ တဖက်မာန်မူ၊ ကိုယ့်ရန်သူတို့၏။ မိတ္တာမစ္စသခါ ဝဂ္ဂါ၊ ချစ်ကြည်မိတ်ဆွေ၊ ထွေထွေအမတ်၊ မပြတ်ပေါင်းသင်း၊ ရင်းနှီးကိုယ့်စိတ်၊ မဟာမိတ်အစုတို့သည်။ ဝိပရိတာ စ၊ ပျက်စီးမမှန်၊ ဖောက်ပြန်သော ကိုယ်စိတ်ရှိကြကုန်သည်လည်း။ အဿု – ဘဝန္တိ၊ စင်စစ်မသွေ၊ ဖြစ်ကြလေကုန်၏။ တဒါ၊ ထိုအခါ၌။ ဝိဂ္ဂဟော၊ ဝင်ရောက်ပိုင်ပိုင်၊ ဆိုင်ပြိုင် တိုက်ခိုက်ခြင်းကို။ ကတ္တဗ္ဗော၊ ပြုရန်မသွေ၊ သင့်မြတ်ပေ၏။

အဓိပ္ပါယ်။ ။အကြင် အခါ၌ မိမိ၏ မိတ်ဆွေတို့သည်လည်းကောင်း, မှူးမတ် သေနာပတိတို့သည်လည်းကောင်း, မပြတ်မလပ် ဆက်ဆံ ပေါင်းသင်းလျက် ရင်းနှီးသော ကိုယ်စိတ်ရှိသော မဟာမိတ် အကြည်တော်တို့သည်လည်းကောင်း စွဲမြဲတည်ဘံ့လျက် မပျက်သော နှစ်သက်မြတ်နိုးခြင်း ရှိကြကုန်၏၊ ရန်သူ၏ မိတ်ဆွေအမတ် အစရှိသောသူတို့သည် ပျက်စီးမမှန် ဖောက်ပြန်သော မြတ်နိုးခြင်း ရှိကြကုန်၏။ ထိုအခါ၌ ရန်သူမင်းနှင့် ဆိုင်ပြိုင်တိုက်ခိုက်ဖို့ရန် သင့်လျော်ပါသည် ဟူလို။

အညွှ—

၆၇။ ဘူမိ မိတ္တံ ဟိရညွှ၊ ဝိဂ္ဂဟာဿ ဖလံ တယံ။
ယဒေတံ နိစ္ဆိတံ ဘာဝိ၊ ကတ္တဗ္ဗော ဝိဂ္ဂဟော တဒါ။

အညွှ၊ထိုမှတပါးလည်း။ ဘူမိ စ၊နယ်မြေပိုင်စိုး၊ တိုး၍ရခြင်းလည်းကောင်း။ မိတ္တညွှ၊ ချစ်ကြည်မြတ်နိုး၊ မိတ်ဆွေတိုးခြင်းလည်းကောင်း။ ဟိရညွှ၊ ရွှေ ငွေ ဖြာဖြာ၊ ရတနာမျိုး၊ တိုး၍ရခြင်းလည်းကောင်း။ ဣတိ–ဣမံ တယံ၊ ဤသို့ ပွါးတိုး၊ သုံးမျိုးအပေါင်းသည်။ ဝိဂ္ဂဟာဿ၊ ချီတက်ပိုင်ပိုင်၊ ဆိုင်ပြိုင်တိုက်ခိုက်ခြင်း၏။ ဖလံ၊ အစဉ်မှတ်ရိုး၊ စစ်အကျိုးတည်း။ ယဒါ၊ အကြင်အခါ၌။ ဧတံ တယံ၊ မြေနှင့်မိတ်ဆွေ၊ ရွှေငွေရမှု၊ ဤသုံးခု၏အပေါင်းသည်။ ဘာဝိ၊ ကေန်မလွတ်၊ မချွတ်အတည်၊ ဖြစ်လိမ့်မည်ဟူ၍။ နိစ္ဆိတံ၊ ပိုင်းခြားပြတ်ပြတ်၊ ဆုံးဖြတ်အပ်၏။ တဒါ၊ ထိုအခါ၌။ ဝိဂ္ဂဟော၊ လက်နက်ကိုင်စွဲ၊ ဗိုလ်သူရဲတို့နှင့်၊ စစ်ပွဲခင်းကျင်း၊ တိုက်ခိုက်ခြင်းကို။ ကတ္တဗ္ဗော၊ ပြုရန်မသွေ၊ သင့်မြတ်ပေ၏။

အဓိပ္ပါယ်။ ။ထို့ပြင် တိုင်းပြည်ရပ်ဌာန် နိုင်ငံနယ်မြေ တစိတ်ကို တိုး၍ ရခြင်းတမျိုး, ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးသော မိတ်ဆွေရခြင်းတမျိုး, ရွှေငွေ ဘဏ္ဍာ ဥစ္စာရတနာတို့ကို ရခြင်းတမျိုး ဤရခြင်းသုံးမျိုးသည် စစ်ထိုး တိုက်ခိုက်ရခြင်း၏ အကျိုးဖြစ်ပါသည်။ အကြင်အခါ၌ ထိုရခြင်းသုံးမျိုးတွင် တမျိုးမျိုး ရခြင်းသည် ကေန်မလွတ် မချွတ်ဖြစ်လိမ့်မည်ဟူ၍ ယုံကြည် စိတ်ချ ရ၏၊ ထိုသို့ စိတ်ချရသောအခါ စစ်ထိုး တိုက်ခိုက်ခြင်းကို ပြုသင့်ပါသည်။ ထို့ကြောင့် ယခုအခါ မည်သည့်အရာဌာနကိုမျှ နေရာတကျ မသိရသေးသည့် အတွက် သက်သက်မဲ့ ပျက်စီးဆုတ်ယုတ်ခြင်း၏ အကြောင်းသာ ဖြစ်ပါ၍ ချီတက် တိုက်ခိုက်ရန် မသင့်ပါဟု ဆိုလိုသည်။

ရန်သူ၏ ခွမ်းအင်ကို သိမြင်ပြီးမှ တိုက်ခိုက်သင့်ပုံ

ထိုသို့ တင်လျှောက်လေရာ ဥဒေါင်းမင်းသည် ဤသို့ မိန့်ဆိုတော်မူလေ၏။ "သေနာပတိ အမတ်ကြီး....ရှေးဦးစွာ ငါ၏စစ်သည် အင်အားကို စုံစမ်းကြည့်ရှု ဦးလော့၊ ထိုအခါ သင်အမတ်ကြီးသည် စစ်သည်တော်တို့၏ လုံ့လပယောဂနှင့် ခွန်အားဗလ ပြည့်ဝစုံလင်သည်ကို သိရလိမ့်မည်၊ ထိုသို့ သိသောအခါ ဗေဒင် နက္ခတ် ကျမ်းတို့ကို တတ်ကျွမ်းနားလည်သော ပုရောဟိတ်ကို ရှေ့တော်သို့ ခေါ်ဆောင်ခဲ့၍ စစ်သည် ရဲမက်တို့ဖြင့် ချီတက်ရန် အချိန် နာရီ ရာသီ စန်းလဂ် တို့ကို တွက်ချက်စစ်ဆေး ဆုံးဖြတ်၍ ပေးစေလော့"ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူရာ အမတ်ကြီးက "အရှင်မင်းကြီး....ထိုသို့ပင် ပုရောဟိတ် ဆရာတို့က ချီတက်ရန်အချိန်အခါ ဇာတာစန်းလဂ်ကို တွက်ချက်၍တင်လျှောက်

သော်လည်း ဆောလျင်စွာ ချီတက်ခြင်းငှါ မသင့်လျော်ပါ၊ အကြောင်းကို နာတော်မူပါဦးလော့”ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၆၀။ ဝိသန္တိ သဟသာ မူဠ္ဍာ၊ ယေဝိစာရိယ ဒိသဗ္ဗလံ။
ခဂ္ဂဓာရာပရိဿင်္ဂံ၊ လဘန္တေ တေ သုနိစ္ဆိတံ။

မူဠ္ဍာ၊ မြော်မြင် ဉာဏ်ကင်း၊ မိုက်-အ-ဖျင်းကုန်သော။ ယေ၊ အကြင်သူတို့သည်။ ဒိသဗ္ဗလံ၊ ရန်သူတဖက်၏၊ ရဲမက်အင်အား၊ စွမ်းပကားကို။ အဝိစာရိယ၊ စူးစမ်းဆင်ခြင်၊ မမြော်မြင်ဘဲ။ သဟသာ၊ ကဗျာသုတ်သက်၊ ရုတ်တရက် သာလျှင်။ ဝိသန္တိ၊ ရန်သူစစ်တွင်း၊ ဇွတ်အတင်းဖြင့်၊ ချဉ်းနင်း ဝင်ရောက်ကြကုန်၏။ တေ၊ ထိုမြော်မြင်ဉာဏ်ကင်း၊ မိုက်-အ-ဖျင်းကုန်သော သူတို့သည်။ သုနိစ္ဆိတံ၊ ကေန်မလွဲ၊ အမြဲအားဖြင့်။ ခဂ္ဂဓာရာပရိဿင်္ဂံ၊ သန်လျက်သွားဖြင့်၊ ထွားထွားညက်ညက်၊ ပိုက်ဖက်ခုတ်ဖြတ်ခြင်းကို။ လဘန္တေ – လဘန္တေဝ၊ မုချ ဆတ်ဆတ်၊ ရအပ်ကုန်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။ပညာ အမြော်အမြင် အဆင်ခြင်မရှိကုန်သော သူတို့သည် တဖက်ရန်သူ၏ စစ်သည်အင်အား လက်နက်အားနှင့် စွမ်းပကားသတ္တိကို မည်မျှလောက်ရှိသည်ဟူ၍ စူးစမ်းဆင်ခြင်ခြင်းမပြုမူ၍ ရုတ်တရက် ရှောင်တခင် ရန်သူ၏စစ်အတွင်းသို့ ဇွတ်အတင်းသာလျှင် ချဉ်းနင်း ဝင်ရောက်ကြကုန်၏။ ထိုမြော်မြင် ဉာဏ်ကင်း၍ ချဉ်းနင်း ဝင်ရောက်ကုန်သော သူတို့သည် ရန်သူ တဖက်သားတို့၏ သန်လျက်သွား ဓားသွားတို့ဖြင့် ထွားထွား ညက်ညက် ဖျက်ဆီးခြင်းကို ကေန်မလွဲ အမြဲခံကြရကုန်သည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ယခုအခါ စူးစမ်းဆင်ခြင်ခြင်းကို မပြုမူ၍ အဆောတလျင် ရှောင်တခင်အားဖြင့် စစ်ဆင်၍ ချီတက်ခြင်းငှါ မသင့်လျော်သေးပါဟု ဆိုလိုသည်။

အကြံဉာဏ်ပေးသော်လည်း အလေးမမူလျှင် အရာမထင်ပုံ

ထိုသို့ တင်လျှောက်ရာ ဥဒေါင်းမင်းသည် “အမတ်ကြီး....ငါ၏ စိတ်မာန် တက်ကြွ ထက်သန်လှသော လုံ့လပျက်ခြင်းကို အလျှင်းပင် မပြုလုပ်ပါလင့်၊ အောင်နိုင်လိုသောသူသည် ရန်သူ၏ နိုင်ငံသို့ မည်ကဲ့သို့ ဝင်ရောက်တိုက်ခိုက်လျှင် အောင်နိုင်လိမ့်မည်ဟူ၍ ထိုအောင်နိုင်ခြင်း၏ စည်းကမ်း နည်းလမ်းတို့ကိုသာ ညွှန်ပြ ပြောဆိုပါလော့”ဟု မိန့်တော်မူလေ၏။

သေနာပတိဖြစ်သော လင်းတငှက် အမတ်ကြီးသည် ဤသို့ တင်လျှောက် လေ၏ – “အရှင်မင်းကြီး.... ယင်းသို့ဖြစ်ခဲ့ပါလျှင် ထိုရန်သူ၏ နယ်တွင်းသို့

ချဉ်းနင်းဝင်ရောက်တိုက်ခိုက်၍ အောင်မြင်နိုင်ခြင်း၏ နည်းလမ်းကို တင်လျှောက် ပြောဆိုပါအံ့၊ သို့သော်လည်း ထိုသို့တင်လျှောက်သော စည်းကမ်း နည်းလမ်း အတိုင်း လိုက်နာဆောင်ရွက်မှသာလျှင် တင်လျှောက်ရခြင်း၏ အကျိုးရှိပါမည်၊ ထို့ကြောင့်ပင်လျှင်—

၆၉။ ကိံ မန္တေနာနနုဋ္ဌာနေ၊ သတိ သတ္တံဝ ရာဇိနော၊
န ဟျောသဓိပရိညာနာ၊ ဗျာဓိသန္တိ ကုဒါစနံ—

ဟူ၍ ပညာဉာဏ်ရှိ ကဝိအမော် ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူကြပါသည်။

သတ္တံဝ၊ ကျမ်း၏အဆို၊ အလိုအကြိုက်ကို၊ မလိုက်မမှီးသဖြင့်၊ အချည်းနှီးသာ ဖြစ်သော ကျမ်းလာစကားကဲ့သို့။ ရာဇိနော၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်၏။ အနနုဋ္ဌာနေ၊ တိုင်ပင်ညှိနှိုင်းပြ၊ ပြောသမျှကို၊ တစမချန်၊ အကြံမထုတ်၊ မပြုလုပ် သည်။ သတိ၊ ရှိသော်။ မန္တေန၊ တိုင်ပင်နှီးနှော၊ ပြောဆိုရခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုး၊ ရှိစနိုးအံ့နည်း။ ဩသဓိပရိညာနာ၊ ဆေးဝါး၏ တန်ခိုးကို၊ အကျိုးအညွှန်းအတိုင်း၊ ပိုင်းခြား၍ သိကာမျှဖြင့်။ အနနုဋ္ဌာနေ၊ ဆေးညွှန်း အတိုင်း လိုက်နာ၍၊ ရောဂါရှင် ဂရုထားသဖြင့်၊ မကုစား မသုံးဆောင်သည် ရှိသော်။ ကုဒါစနံ၊ တစုံတရာ၊ ဘယ်အခါ၌မျှ။ ဗျာဓိသန္တိ၊ ရောဂါလွတ်ကင်း၊ ငြိမ်းအေးခြင်းသည်။ န ဟိ ဘဝေ – န ဘဝေယျ ဧဝ၊ ဧကန်စင်စစ်၊ မှန်မဖြစ်သည် သာလျှင်တည်း။

အဓိပ္ပါယ်။ ။လူတို့၏ ကျင့်ကြံ နေထိုင်ရန် နည်းလမ်း အစီအရင်ကို သွန်သင်ညွှန်ပြလျက် ဩဝါဒတရားတို့ဖြင့် ရေးသားစီရင်အပ်သော ကျမ်းဂန်၌ ပါသော အရာတို့ကို မလိုက်နာ မကျင့်ကြံပါမူ ၎င်းကျမ်းသည် အကျိုးမရှိ အချည်းနှီးသာ ဖြစ်သကဲ့သို့ ထို့အတူ တိုင်ပင်ဆွေးနွေး အကြံပေး ဉာဏ်ပေး ပြောဆိုသည့် အရေး၌လည်း အကြံဉာဏ် ပေးသည့်အတိုင်း မဆိုင်းမဆုတ် ဥဿာဟစိုက်ထုတ်လျက် တကယ်တန်း မလုပ်ခဲ့သည်ရှိသော် ထိုတိုင်ပင်ပြောဆို ခြင်းဖြင့် အဘယ်မှာ အကျိုးရှိပါတော့အံ့နည်း၊ အကျိုးမဖက် သက်သက် အချည်းနှီးသာ ဖြစ်ပေသည်။ ဥပမာအားဖြင့်ဆိုသော် ဆေးဝါး၏ အစွမ်းသတ္တိ တန်ခိုးနှင့် အကျိုးကို ပိုင်းခြား၍ သိကာမျှဖြင့် နေရာကျ မသုံးဆောင် မစား သောက်ပါမူ မည်သည့်အခါ၌မျှ ရောဂါလွတ်ကင်း၍ ငြိမ်းအေးခြင်းမဖြစ်သကဲ့သို့ ဖြစ်ပေသည်။ ထို့ကြောင့် ယခုအခါမှာလည်း တိုင်ပင်ဆွေးနွေး အကြံဉာဏ် ပေးသည်ကို အလေးပြုတော်မူသဖြင့် တခုမကျန် မှန်မှန်ကြီး ပြုလုပ်စေလို ပါသည်ဟု ဆိုလိုသည်။

စစ်ဆင်ခင်းကျင်းလျက် ချီတက်ပုံတို့ကို ပြဆိုချက်များ

ရေမြေ့အရှင် ဘုရင်မင်းမြတ်၏ ဩဇာအာဏာတော်ကို မလွန်ကျူးထိုက် မလွန်ကျူးနိုင်ပါ၊ ထို့ကြောင့် ကျွန်တော်မျိုးသည် ဆရာသမားတို့ထံမှ သင်ကြား တတ်သိခဲ့ရသလောက် နည်းလမ်းအစဉ်ကို တင်လျှောက်ပါအံ့၊ အရှင်မင်းကြီး နာတော်မူပါလော့ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၇၀။ နဒျဒ္ဒိဝနဒုဂ္ဂေသု၊ ယတြ ယတြ ဘယံဓိပ။
တတြ တတြ စ သေနာနီ၊ ဂစ္ဆေ ဗျူဟီဗလေဟိဝ။

အဓိပ၊ အရှင်သခင်၊ ဘုရင်မင်းမြတ်။ နဒျဒ္ဒိဝနဒုဂ္ဂေသု၊ မြစ်, တောင်, တောကြီး၊ ခရီးအခက်၊ ထိုသုံးချက်တို့တွင်။ ယတြ ယတြ၊ အကြင် အကြင်သို့ သော စခန်း၊ သွားရာလမ်း၌။ ဘယံ၊ မငြိမ်းမအေး၊ ရန်သူဘေးသည်။ အတ္ထိ၊ ရှိ၏။ တတြ တတြ၊ ထိုထိုသို့သော စခန်း၊ ဘေးဘျမ်းထူထပ်၊ လမ်းအရပ်၌။ သေနာနီ၊ စစ်သည်အအုပ်၊ စစ်ဗိုလ်ချုပ်ကြီးသည်။ ဗျူဟီဗလေဟိဝ၊ ဗျူဟာ ကျင်းလျက်၊ ချီတက်သွားလာသော၊ ရဲမက်ဗိုလ်ပါတို့ဖြင့် သာလျှင်။ ဂစ္ဆေ၊ စဉ်စီမပျက်၊ အညီယှက်သဖြင့်၊ ချီတက်၍ သွားရာ၏။

အဓိပ္ပါယ်။ ။အရှင်သခင် ဘုရင်မင်းမြတ်....စစ်သည်ရဲမက်တို့ ချီတက် သွားလာရာ၌ မြစ်တည်းဟူသော ခရီးခဲ, တောင်တည်းဟူသော ခရီးခဲ, တော တည်းဟူသော ခရီးခဲတို့တွင် အကြင် အကြင်သို့သော ချီတက်သွားလာရာ လမ်းစခန်း၌ ရန်သူ၏ ဘေးဘျမ်းအတွက် အန္တရာယ်အယှက်ကို စိုးရိမ်ရ၏။ ထိုထိုသို့သော ဘေးရန်မကင်းသော လမ်းခရီးအတွင်း၌ စစ်မင်းအအုပ် စစ်ဗိုလ် ချုပ်ကြီးသည် သေနင်္ဂဗျူဟာကို နေရာကျ ခင်းကျင်းလျက် ချီတက်သော စစ်သည်ဗိုလ်ပါတို့ဖြင့် သာလျှင် စဉ်စီမပျက် အညီယှက်သဖြင့် ချီတက်၍ သွားရ ပါမည်၊ သွားလာသင့်ပါသည် ဟူလို။

ထို့နောက် စစ်သည်ဗိုလ်ပါ အလုံးအရင်းတို့ ချီတက်သွားလာရာ၌ အသီး အသီး နေရာချထား၍ ခင်းကျင်းစီစဉ်ပုံကို ပြပြန်လိုသည်ဖြစ်၍ **ဗလာဓျက္ခော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၁။ ဗလာဓျက္ခော ပုရေ ဂစ္ဆေ-တိဝီရပုရိသာန္ဒိတော။
မဇ္ဈေ ကလတ္တံ သာမိ စ၊ ကောသော ဖဂ္ဂု စ ယံ ဗလံ။

ဗလာဓျက္ခော၊ စစ်သည် အအုပ်၊ စစ်ဗိုလ်ချုပ်ကြီးသည်။ အတိဝီရ- ပုရိသာန္ဒိတော၊ အလွန်အကျွံ၊ အားခွန်ပြည့်ဝ၊ ဗလစုံညီသည့်၊ စစ်သည်ရဲမက် တို့ဖြင့်၊ တခဲနက်ခြံရံလျက်။ ပုရေ ဂစ္ဆေ၊ ရှေးဦး ရှေးဖျား၊ ရှေ့ဆုံးသွားရာ၏။

ကလတ္တဍ္ဍ၊ မောင်းမ မိဿံ၊ ခြေရှိ သောင်းပြောင်း၊ မိန်းမ အပေါင်းသည် လည်းကောင်း။ သာမိ စ၊ အရှင်သခင်၊ ဘုရင်မင်းမြတ်သည် လည်းကောင်း။ ကောသော စ၊ ရွှေငွေဥစ္စာ၊ ရတနာဆောင်သူ၊ အပေါင်းလူသည် လည်းကောင်း။ ယံ ဗလံ၊ အကြင် စစ်သည်အထု၊ ဗိုလ်ပါစုသည်။ ဖဂ္ဂု၊ အားအင်ဆုတ်ယုတ်၊ သေးသိမ်နုပ်၏။ တဍ္ဍ ဗလံ၊ ထိုစစ်သည်အထု၊ ဗိုလ်ပါစုသည် လည်းကောင်း။ မဇ္ဈေ၊ အလယ်၌။ ဂစ္ဆေ၊ နေရာမှတ်သား၊ အမြဲထားလျက်၊ ချီတက်၍ သွားရာ၏။

အဓိပ္ပါယ်။ ။စစ်သည်တို့၏ အအုပ် စစ်ဗိုလ်ချုပ်ကြီးသည် အလွန်အားခွန် ဗလနှင့် ပြည့်စုံသော ဗိုလ်ပါရဲမက်တို့ ခြံရံလျက် ရှေးဦး ရှေးဖျား ရှေ့ဆုံးမှ သွားရပါမည်၊ မိဿံ မောင်းမ မိန်းမအပေါင်းနှင့် မိဖုရားသည် လည်းကောင်း, ဘုရင်မင်းမြတ်သည် လည်းကောင်း, ရွှေ ငွေ ရတနာတို့ကို ဆောင်ယူသောသူ အပေါင်းသည်လည်းကောင်း အင်အားနည်းပါး၍ အညံ့စား ဖြစ်ကုန်သော စစ်သည် ရဲမက်တို့သည် လည်းကောင်း အလုံးစုံတို့၏အလယ်၌ သွားရပါမည်၊ သွားသင့်ပါသည်။

၇၂။ အဿာ ဥဘောသု ပဿေသု၊ အဿာနံ ပဿတော ရထာ။
ရထာနံ ပဿတော နာဂါ၊ နာဂါနံ စ ပဒါတယော။

ဥဘောသု ပဿေသု၊ အနီးအနား၊ နံပါးနှစ်ဖက်တို့၌။ အဿာ စ၊ ရဲမက် စီးအပ်၊ စစ်မြင်းတပ်တို့သည် လည်းကောင်း။ အဿာနံ၊ ရဲမက် စီးအပ်၊ စစ်မြင်းတပ်တို့၏။ ပဿတော၊ အနီးအနား၊ နံပါးတဖက်တချက်မှ။ ရထာစ၊ ဝန်တင်ဆောင်အပ်၊ ရထားတပ်တို့သည် လည်းကောင်း။ ရထာနံ၊ ဝန်ဆောင် တင်အပ်၊ ရထားတပ်တို့၏။ ပဿတော၊ အနီးအနား၊ နံပါးတဖက်တချက်မှ။ နာဂါစ၊ ဗိုလ်ပါခပင်း၊ စီးနင်းဆောင်အပ်၊ ဆင်ပြောင်တပ်တို့သည်လည်း ကောင်း။ နာဂါနံ၊ ဗိုလ်ပါခပင်း စီးနင်းဆောင်အပ် ဆင်ပြောင်တပ်တို့၏။ ပဿတော၊ အနီးအနား၊ နံပါးတဖက်တချက်မှ။ ပဒါတယော စ၊ ခြေလျင် သွားအပ်၊ ခြေသည်တပ်တို့သည်လည်းကောင်း။ ဂစ္ဆေယျုံ၊ အမြင်မမှား၊ အစဉ်ထားသဖြင့်၊ သွားလာ ချီတက်ကုန်ရာ၏။

အဓိပ္ပါယ်။ ။ထိုသို့ဆိုအပ်ခဲ့ပြီးသော သူတို့၏ အနီးအနား နံပါး တဖက်တချက်မှ မြင်းစီးတပ်တို့, ထိုမြင်းစီးတပ်တို့၏ အနီးအနား နံပါးတဖက်တချက်မှရထားတပ်တို့, ထိုရထားတပ်တို့၏ အနီးအနား နံပါးတဖက်တချက်မှ ဆင်တပ်တို့, ထိုဆင်တပ်တို့၏အနီးအနား နံပါးတဖက်တချက်မှ ခြေသည်တပ်တို့သည် ချီတက်၍ သွားရပါမည်၊ သွားသင့်ပါသည် ဟူလို။

ထို့ပြင် စစ်တပ် ချီတက် သွားလာစဉ် ဘုရင်မင်းနှင့် စစ်ဗိုလ်ချုပ်ကြီးတို့သည် မည်ကဲ့သို့သော အစီအရင်ဖြင့် သွားလာသင့်ကြောင်းကို ထပ်လောင်း၍ပြပြန်လို

သည်ဖြစ်၍ **ပစ္ဆာ သေနာပတိဂ္ဂစ္ဆေ** အစရှိသော ဂါထာကို ရှုတ်ဆိုတင်လျှောက် ပြန်လေ၏။

၇၃။ ပစ္ဆာ သေနာပတိဂ္ဂစ္ဆေ၊ ခိန္နေ အဿာသယံ သိနေ။
မန္တိသုဘင္ခယုတ္တော၀၊ ပတိဂ္ဂယှ ဗလံမိပေါ။

သေနာပတိ၊ ဗိုလ်ချုပ်ဦးစီး၊ စစ်သူကြီးသည်။ ခိန္နေ၊ အားအင်ကုန်ခန်း၊ မောပန်းကြကုန်သော စစ်သည်တော်တို့ကို။ အဿာသယံ – အဿာသယန္တော၊ စိတ်အားတက်ကြွ၊ သက်သာရာ ရစေလျက်။ ဝါ၊ သက်သာဘို့ရေး၊ အားပေး ပြောက်ပင့်လျက်။ ပစ္ဆာ၊ ထိုအားအင်ကုန်ခန်း၊ မောပန်းသောသူတို့၏နောက် မှ။ သိနေ၊ ဖြေးဖြေးသာသာ၊ နှေးလေးစွာသာလျှင်။ ဂစ္ဆေ၊ အစဉ်မပျက်၊ ချီတက်၍သွားရာ၏။ အဓိပေါ၊ အရှင်သခင်၊ ဘုရင်မင်းမြတ်သည်။ မန္တိသုဘင္ခ-ယုတ္တော၀၊ မှူးမတ်အပေါင်း၊ သူရဲကောင်းတို့ဖြင့်၊ ကောင်းစွာ ခြံရံအပ်သည်ဖြစ် ၍။ ဗလံပတိဂ္ဂယှ၊ ဗိုလ်ပါအများကို၊ အားပေးအားမြှောက်၊ စိတ်ဝမ်းမြောက် စေသည်ဖြစ်၍။ ဂစ္ဆေ၊ အစဉ်မပျက်၊ ချီတက်၍ သွားရာ၏။

အဓိပ္ပါယ်။ ။ဗိုလ်ချုပ်ဦးစီး စစ်သူကြီး ဖြစ်သောသူသည် အားအင်ကုန်ခန်း သဖြင့် မောပန်းကြသော စစ်သည်တော်တို့ကို စိတ်အားတက်ကြွလျက် သက် သာရာ ရစေပြီးလျှင် အားပေးအားမြှောက် ပြုသဖြင့် ထိုသူတို့၏နောက်မှ ဖြေး ဖြေးသာသာဖြင့်သာလျှင် နှေးလေးစွာသွားရပါမည်၊ အရှင်သခင်ဘုရင်မင်းမြတ် သည် မှူးမတ်အပေါင်းတို့ဖြင့် လည်းကောင်း, သူရဲကောင်း အပေါင်းတို့ဖြင့်လည်း ကောင်း ဝိုင်းဝန်းခြံရံအပ်သည်ဖြစ်၍ ဗိုလ်ပါအများကို အားပေးအားမြှောက် စိတ်ဝမ်းမြောက်စေသည်ဖြစ်၍ အစဉ်မပျက် ချီတက်၍ သွားရပါမည်၊ သွားသင့် ပါသည် ဟူလို။

အရပ်ဒေသလိုက် ချီတက်ထိုက်သောတပ်ဖွဲ့များ

ထို့ပြင် အရပ်ဒေသအားလျော်စွာ ချီတက်သွားလာသင့်သော စစ်တပ်တို့ကို အသီးအသီးဟပ်၍ ပြပြန်လိုသည်ဖြစ်၍ **နာဂေဟိ ဝိသမံ ဂစ္ဆေ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၄။ နာဂေဟိ ဝိသမံ ဂစ္ဆေ၊ ကဒ္ဒမဉ္စ မဟီဓရံ။
နာဝါဃောဟိ ဇလံ သမ္မံ၊ သဗ္ဗတြေ၀ ပဒါတိဘိ။

ဝိသမဉ္စ၊ ခလုတ်ကန်သင်း၊ ကုန်းကျင်းများစွာ၊ မညီညာသောအရပ်သို့ လည်းကောင်း။ ကဒ္ဒမဉ္စ၊ ရွှံ့ညွန်ထူထပ်၊ မြေအရပ်ကိုလည်းကောင်း။ မဟီဓရဉ္စ၊

တောင်စဉ် တောင်ဝှမ်း၊ တောင်တန်းထူထပ်၊ မြေအရပ်ကိုလည်းကောင်း။ နာဂေဟိ၊ ရဲမက်စီးအပ်၊ ဆင်ပြောင်တပ်တို့ဖြင့်။ ဂစ္ဆေ၊ အစဉ်မပျက်၊ ချီတက် သွားလာရာ၏။ ဇလဠ၊ ရေပြင်စခန်း၊ သွားရာလမ်းကိုလည်းကောင်း။ သမ္ဗဠ၊ မြေပြင်သာယာ၊ ညီညာသော အရပ်ကိုလည်းကောင်း။ ယထာက္ကမံ၊ အစဉ် အတိုင်း။ နာဝါဃေဟိ၊ စခန်းသင့်ဟပ်၊ လှေ့မြင်းတပ်တို့ဖြင့်။ ဂစ္ဆေ၊ အစဉ် မပျက်၊ ချီတက်သွားလာရာ၏။ သဗ္ဗတြေဝ၊ ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံသောအရပ် တို့၌သာလျှင်။ ပဒါတိဘိ၊ ခြေဖြင့်လျှောက်အပ်၊ ခြေသည်တပ်တို့ဖြင့်။ ဂစ္ဆေ၊ အစဉ်မပျက်၊ ချီတက် သွားလာရာ၏။

အဓိပ္ပါယ်။ ။ခလုတ်ကန်သင်း ကုန်းကျင်းထူထပ်သော မညီညွတ်သော အရပ်သို့လည်းကောင်း, ရွှံ့ ရေ ညွန်ပျောင်းတို့ဖြင့် ကောင်းစွာ ထူထပ်သော အရပ်သို့လည်းကောင်း, တောင်စဉ် တောင်တန်း တောင်စခန်းနှင့် တောင်ဝှမ်း ထူထပ်သော အရပ်သို့လည်းကောင်း ဆင်တပ်တို့ဖြင့် ချီတက် သွားလာရန် သင့်ပါသည်၊ ရေပြင်စခန်းသို့ လှေတပ်ဖြင့်, မြေပြင်စခန်းသို့ မြင်းစီးသူရဲတပ် တို့ဖြင့် ချီတက် သွားလာရန် သင့်လျော်ပါသည်၊ အလုံးစုံသော အရပ်တို့၌ ခြေသည်တပ်ဖြင့် ချီတက်ရန် သင့်လျော်ပါသည် ဟူလို။

ရာသီအလိုက် ချီတက်ထိုက်သော တပ်ဖွဲ့များ

ကို့ပြင် ဥတုရာသီအားလျော်စွာ ချီတက်သွားလာသင့်သော စစ်တပ်တို့ကို အသီးသီး ပြပြန်လိုသည်ဖြစ်၍ **ဟတ္ထိနံ ဂမနံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၅။ ဟတ္ထိနံ ဂမနံ ဝုတ္တံ၊ ပသင္ဃံ ဇလဒါဂမေ။
　　တဒညတြ တုရင်္ဂါနံ၊ ပတ္တီနံ သဗ္ဗဒေဝ ဟိ။

ဇလဒါဂမေ၊ မိုးဃီးလေပြင်းထန်၊ ဝဿံ သမယ၊ မိုးဃီးကာလ၌။ ဟတ္ထီနံ– ဟတ္ထီဟိ၊ ရဲမက်ကိုတင်၊ စီစဉ်ပြုအပ်၊ ဆင်ယာဉ်တပ်တို့ဖြင့်။ ဂမနံ၊ အစဉ်မပျက်၊ ချီတက် သွားလာခြင်းကို။ ပသင်္ဃံ၊ သင့်လျော်လျောက်ပတ်၊ ချီးမွမ်းအပ်၏။ တဒညတြ၊ ထိုမှတထွေ၊ ဆောင်း, နွေဥတု၊ နှစ်ခုသော ကာလ၌။ တုရင်္ဂါနံ– တုရင်္ဂေဟိ၊ သေနင်စီးအပ်၊ မြင်းယာဉ်တပ်တို့ဖြင့်။ ဂမနံ၊ အစဉ်မပျက်၊ ချီတက် သွားလာခြင်းကို။ ပသင်္ဃံ၊ သင့်လျော်လျောက်ပတ်၊ ချီးမွမ်းအပ်၏။ သဗ္ဗဒေဝ၊ ဆောင်း, နွေ, မိုးဃီးဟု၊ ဥတု သုံးလီ၊ သုံးရာသီ၌ သာလျှင်။ ပတ္တီနံ–ပတ္တီဟိ၊ မစီးမြင်းဆင်၊ မြေပြင်စခန်း၊ ခြေလျင်မြန်းကြသည့်၊ အမှုထမ်းပြီပြီ၊ ခြေသည် စစ်တပ်တို့ဖြင့်။ ဂမနံ၊ အစဉ်မပျက်၊ ချီတက်သွားလာခြင်းကို။ ပသင်္ဃံ၊ သင့်လျော်

လျှောက်ပတ်၊ ချီးမွမ်းအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ နီတိကျမ်းတတ်၊ ဆရာမြတ်တို့၊ မိန့်မှတ်စကား၊ မှာကြားတော်မူအပ်၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်.... မိုးဥတုအခါ၌ ဆင်တပ်ဖြင့် ချီတက်သွားလာခြင်း, ဆောင်းဥတု နွေဥတုအခါတို့၌ မြင်းတပ်ဖြင့် သွားလာခြင်း, ဆောင်း နွေ မိုးဟု ဆိုအပ်သော ဥတုသုံးပါးတို့၌ ခြေသည်တပ်ဖြင့် သွားလာခြင်းတို့ကို သင့်လျော်လျောက်ပတ် ချီးမွမ်းအပ်၏ဟု နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာတော်မူအပ်ပါသည် ဟူလို။

စစ်စခန်းချရာအရပ်၌ ပြုအပ်သောအစီအရင် များ

ဥတုအားလျော်စွာ ချီတက် သွားလာသင့်သော တပ်တို့ကို အသီးအသီး ပြဆိုပြီး၍ ယခုအခါ စစ်တပ်ချီတက်ရာ ထိုထိုသို့သော လမ်းခရီးတို့၌ တပ်စခန်းချရာ အရပ်ဝယ် စီမံအပ်သော အစီအရင်တို့ကို ပြပြန်လိုသည်ဖြစ်၍ **သေလေသု ဒုဂ္ဂမဂ္ဂေသု** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၆။ သေလေသု ဒုဂ္ဂမဂ္ဂေသု၊ ဝိဓေယျ ရာဇ ရက္ခဏံ။
ယောဓေဟိ ရက္ခိတဿာပိ၊ သုပ္ပနံ ယောဂနိဒ္ဒါယ။

ရာဇ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ သေလေသု စ၊ တောင်စဉ် တောင်တန်း၊ တောင်စခန်းတို့၌လည်းကောင်း။ ဒုဂ္ဂမဂ္ဂေသု စ၊ ဘေးရန် ရောယှက်၊ အသွား ခက်သည့်၊ တောနက် စခန်း၊ ချီတက်ရာ လမ်းတို့၌လည်းကောင်း။ ရက္ခဏံ၊ နေ့ညဉ့်လှည့်လည်၊ စန္ဒရီစစ်သား၊ အစောင့်ထားခြင်းကို။ ဝိဓေယျ၊ မလစ်မလပ်၊ စီရင်အပ်ပေ၏။ ယောဓေဟိ၊ စန္ဒရီစစ်သား၊ အိပ်ဖန်သွားတို့သည်။ ရက္ခိတဿာပိ၊ အစဉ်မပြတ်၊ စောင့်ရှောက်အပ် သော်လည်း။ ယောဂနိဒ္ဒါယ · နိုးကြားထကြွ၊ စိတ်မချသော အိပ်ခြင်းဖြင့်။ သုပ္ပနံ၊ မျောက်မျဉ်းပုံခင်း အိပ်စက်ခြင်းကို။ ဝိဓေယျ၊ အမှုမသွေ၊ ပြုသင့်ပေ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး.... တောင်စဉ် တောင်တန်း တောင်စခန်းတို့၌လည်းကောင်း, ရန်သူ၏ဘေး ခြသေ့ သစ်ကျားစသော သားရဲဘေးတို့ဖြင့် ထူထပ် ရောယှက်သဖြင့် အသွားခက်သော တောနက်စခန်း သွားရာလမ်းတို့၌လည်းကောင်း စန္ဒရီစစ်သား အစောင့်သွားတို့ကို အလှည့်ကျ ထားပြီးလျှင် စစ်တပ်အပါး၌ လှည့်ပတ်၍ မပြတ်အောင် စောင့်ရှောက်စေသင့်ပါ၏၊ ထိုသို့ပင် စန္ဒရီစစ်သား ကင်းဝတ်အိပ်ဖန်သွားတို့သည် အပါး၌ အစဉ်မပြတ် စောင့်ရှောက်အပ်ပါသော်လည်း ရဲမက်တပ်သား ဗိုလ်ပါ အများတို့သည် နိုးကြားထကြွ စိတ်မချသော အိပ်ခြင်းဖြင့် အိပ်နေကြရန် စီမံသင့်ပါသည် ဟူလို။

ရန်သူကို ဖြိုခွင်း၍ နှိပ်နင်းတိုက်ခိုက်နည်း

တပ်စခန်း ချရာ၌ ပြုအပ်သော အစီအရင်ကို ပြဆိုပြီး၍ ယခုအခါ တိုက်ခိုက်ပုံ အစီအရင်ကို ပြပြန်လိုသည်ဖြစ်၍ **နာသယေ ကသိရေ သတ္တုံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၇။ နာသယေ ကသိရေ သတ္တုံ၊ ဒုဂ္ဂကဏ္ဍကနာသေဟိ။
ပရဒေသပဝေသေ စ၊ ကရေ အာဠ္ဂဝိကေ ပုရေ။

ရာဇ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ဒုဂ္ဂကဏ္ဍကနာသေဟိ၊ ခံတပ်စစ်တန်း၊ တပ်စခန်းတို့ကို၊ အရမ်းနှိပ်နင်း၊ ဖျက်ဆီးခြင်းတို့ဖြင့်။ သတ္တုံ၊ တဖက်စစ်ဟူ၊ ကိုယ့်ရန်သူကို။ နာသယေ၊ နင်းနယ်နှိပ်စက်၊ ဖျက်ဆီးရာ၏။ ကသိရေ၊ အတင်းအကြမ်း၊ အပြင်းရမ်းလျက်၊ ညှဉ်းပန်းနှိပ်စက်ရာ၏။ ပရဒေသ ပဝေသေ စ၊ ရန်သူပိုင်လျှဉ်း၊ နိုင်ငံတွင်းသို့၊ ချဉ်းနင်း ဝင်ရောက်သော အခါ၌လည်း။ အာဠ္ဂဝိကေ၊ တောသူတောင်သား၊ လူကြမ်းစားတို့ကို။ ပုရေ ကရေ၊ ရှေ့ဆောင် ယောကျ်ား၊ အဦးထားလျက်၊ ရှေ့သွားပြုလုပ်ရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ရန်သူ၏ ခံတပ်စစ်တန်းနှင့် တပ်စခန်းတို့ကို အတင်းအကြမ်း လွှမ်းမိုးဖိစီးလျက် ရန်သူကို နှိပ်စက် ညှဉ်းပန်းသင့်ပါသည်။ ထို့ပြင် ရန်သူ၏ နိုင်ငံတွင်းသို့ ချဉ်းနင်း ဝင်ရောက် တိုက်ခိုက်သော အခါ တောသူ တောင်သားဖြစ်သော ခပ်ကြမ်းကြမ်း လူစားတို့ကို ရှေ့သွားအမှူး ဦးဆောင်ပြုပြီးလျှင် ဝင်ရောက်တိုက်ခိုက်ရန် သင့်လျော်ပါသည် ဟူလို။

စစ်တိုက်ရာ၌ ဥစ္စာနှင့်ပတ်သက်၍ ပြဆိုချက်များ

ဝင်ရောက် တိုက်ခိုက်ပုံကို ပြဆိုပြီး၍ ယခုအခါ ပစ္စည်းဥစ္စာ ရတနာတို့နှင့် စပ်သော အကြောင်းအရာတို့ကို ပြဆိုလိုပြန်သည်ဖြစ်၍ **ယတြ ရာဇာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၈။ ယတြ ရာဇာ တတြဲ ကောသော၊ ဝိနာ ကောသာ န ရာဇတာ။
သဘဋ္ဌာနံ တတော ဒဒေ၊ ကော ဒါနေန န ယုဇ္ဈတေ။

ယတြ၊ အကြင်အရပ်၌။ ရာဇာ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်သည်။ အတ္ထိ၊ နေထိုင်တစေ၊ ရှိ၍နေ၏။ တတြ၊ ထိုဘုရင်မင်းမြတ်၊ ရှိနေရာအရပ်၌။ ကောသော၊ ရွှေ ငွေ ဘဏ္ဍာ၊ ရတနာ အစုကို။ ဌပေယျ၊ မရွှေ့မရှား၊ အမြဲ ထားရာ၏။ ကောသာ၊ ရွှေ ငွေ ဘဏ္ဍာ၊ ရတနာအစုကို။ ဝိနာ၊ ကြဉ်၍။ ရာဇတာ၊ ဘုရင်ဆိုခြင်း၊ မင်း၏အဖြစ်သည်။ န အတ္ထိ၊ စင်စစ်တစ်၊ မှန်မရှိပေ။ တတော၊ ထို

ရွှေ ငွေ ဘဏ္ဍာ၊ ရတနာအစုမှ။ သဘင္ဍာနံ၊ မိမိ၏စစ်သည်အများ၊ သူခစား တို့အား။ ဒဒေ၊ လခရိက္ခာ၊ အသပြာကို၊ လိုရာမနှေး၊ ထုတ်ဆောင်ပေးရာ၏။ ဒါနေန၊ လိုရာမနှေး၊ ယုတ်ဆောင်ပေးခြင်းဖြင့်။ ကော၊ အဘယ်မည်သော သူသည်။ န ယုဇ္ဈတေ၊ မတိုက်မခိုက်၊ အားမစိုက်ဘဲ ရှိပါအံ့နည်း။ ယုဇ္ဈတေ ဧဝ၊ ဖာလိုက်အထိုက်၊ ကြောင့်ကြစိုက်၍၊ တိုက်ခိုက်မည်သာလျှင်တည်း။

အဝိပ္ပါယ်။ ။အရှင်မင်းမြတ်....ရွှေ ငွေ ဘဏ္ဍာ ဥစ္စာရတနာတို့ကို အထူး ကြောင့်ကြစိုက်ပြီးလျှင် အကြင်အရပ်၌ မင်းသည် နေထိုင်၏၊ ထိုမင်းနေသော နေရာ၌သာလျှင်ထားရပါမည်။ အဘယ့်ကြောင့်နည်းဟူမူ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာ ရတနာကို ကြည့်၍ ဝါ–ရွှေ ငွေ ဘဏ္ဍာ ဥစ္စာရတနာ မရှိသည်ရှိသော် မင်း၏ အဖြစ် မရှိပေ။ ဘုန်း တန်ခိုး အာနုဘော် ဩဇာ အာဏာ မှေးမှိန်၍ သေးသိမ် ညှိုးဖျင်းခြင်းသို့ ရောက်တတ်ပေသည်၊ထင်ရှားစေပါဦးအံ့....ထိုဥစ္စာရတနာ ဘဏ္ဍာ တော်တိုက်မှ မိမိ၏ အမှုထမ်းသား စစ်သည် ရဲမက် ဗိုလ်ပါအများတို့အား လခ ရိက္ခာတော်တို့ကို ထုတ်ဆောင်၍ ပေးရပါသည်၊ ထိုသို့ ပစ္စည်းဥစ္စာ ရတနာတို့ကို ပေးသည်ရှိသော် အဘယ်သူသည် အရှင်၏အတွက် မိမိအသက်ကို မငဲ့ကွက်ဘဲ တဖက်ရန်ကို ခုခံ၍ မတိုက်ခိုက်ဘဲ ရှိပါအံ့နည်း၊ မိမိ၏ စွမ်းပကားအလိုက် ကြောင့်ကြစိုက်၍ တိုက်ခိုက်မည် မလွဲဖြစ်ပါသည်ဟု ဆိုလိုသည်။

ထို့ပြင် ကျေးကျွန် အစေခံတို့သည် လူအချင်းချင်းတို့၏ အစေခံမဟုတ်၊ စင်စစ်မှာမူ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာရတနာတို့၏သာလျှင် ကျေးကျွန်ဖြစ်ကြောင်း ကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ န **နရဿ နရော ဒါသော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၉။ န နရဿ နရော ဒါသော၊ ဒါသော တွတ္ထဿ ဘူပတိ။
ဂါရဝံ လာဃဝံ ဝါပိ၊ ဓနာဓနနိဗန္ဓနံ။

ဘူပတိ၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်။ နရော၊ လူသားပြီမြောက်၊ လူသွေး ပေါက်သူ၊ တယောက်လူသည်။ နရဿ၊ လူသားပြီမြောက်၊ လူသွေးပေါက်သူ၊ တယောက်လူ၏။ ဒါသော၊ မသွေမလှန်၊ စေခံကျေပြွန်၊ ကိုယ်ပိုင် ကျွန်သည်။ န၊ စင်စစ်ကေန်၊ အမှန်မဟုတ်။ တု၊ အဟုတ်အမှန်၊ ကေန်စင်စစ်သော်ကား။ အတ္ထဿ၊ ရွှေငွေဘဏ္ဍာ၊ ဥစ္စာပစ္စည်း၏။ ဒါသော၊ မသွေမလှန်၊ အစေခံစစ်၊ ကျေးကျွန်ဖြစ်ပေ၏။ ဂါရဝံ ဝါပိ၊ လေးမြတ်ကြည်ညို၊ အရိုအသေပြုအပ်သည်၏ အဖြစ်သည်လည်းကောင်း။ လာဃဝံ ဝါပိ၊ အမှုဆောင်ရန်၊ လျင်မြန်ပေါ့ပါး သည်၏ အဖြစ်သည်လည်းကောင်း။ ဓနာဓနနိဗန္ဓနံ၊ ရွှေငွေရတနာ၊ ဥစ္စာ ရှိသည်၏အဖြစ်, မရှိသည်၏အဖြစ်သည်သာလျှင်၊ စင်စစ်ကေန်၊ အမှန်စင်းစင်း၊ အကြောင်းရင်းရှိပေ၏။

အဝိပ္ပါယ်။ ။အရှင်မင်းမြတ်....လူသားပြီမြောက် လူသွေးပေါက်သော တယောက်သောသူသည် တယောက်လူ၏ မသေမလှန် ခိုင်းစေရန် ကိုယ်ပိုင်ကျွန် မဟုတ်ပေ၊ အဟုတ်အမှန် ကေန် စင်စစ်အားဖြင့်သော်ကား ရွှေငွေ ဘဏ္ဍာ ဥစ္စာရတနာ၏သာလျှင် ကျွန်ရင်းအစစ်ဖြစ်ပေသည်။ အဘယ့်ကြောင့်နည်းဟူမူ လူတဦးသည် လူတဦးအား ကြည်ကြည်ညိုညို အရိုအသေ အလေးအမြတ် ပြုအပ်သည်၏ အဖြစ်သည်လည်းကောင်း, ပေါ်ပါးလျင်မြန်စွာ အမှုကိစ္စကို ဆောင်ရွက် ပြုလုပ် အားထုတ်သည်၏ အဖြစ်သည်လည်းကောင်း ပစ္စည်းဥစ္စာ ရှိသည် မရှိသည်၏အဖြစ် ပေးကမ်းသည် မပေးကမ်းသည်၏ အဖြစ်လျှင် အကြောင်းရင်း ရှိပေသည်၊ ပစ္စည်းဥစ္စာ ရတနာကို အာသာခင်မင် လိုချင်ကြသောကြောင့် သာလျှင် အရှင်၏ အမှုကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ကြပေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ရတနာ၏ ကျွန်ရင်းအစစ် ဖြစ်ပေသည်၊ လူသား လူ အချင်းချင်း၏ ကျွန်ရင်းမဟုတ်ပေ ဟူလို။

ချီတက်တိုက်ခိုက်ရာ၌ လိုက်နာရန် အစီအရင်များ၊

ပစ္စည်းဥစ္စာနှင့်စပ်သော အရာတို့ကို ပြဆိုပြီး၍ ယခုအခါ တိုက်ခိုက်ပုံ အစီအစဉ် အခြင်းအရာတို့ကို ပြဆိုလိုသည်ဖြစ်၍ အဘေဒေန စ ယုဒ္ဓေယျ အစ ရှိသော ဂါထာတို့ကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၀။ အဘေဒေန စ ယုဒ္ဓေယျ၊ ရက္ခေ စေဝ ပရောပရံ။
ဖဂ္ဂုသေနဉ္စ ယံကိဉ္စိ၊ မဇ္ဈေ ဗျူဟာသ ကာရယေ။

၇၁။ ပဒါတိဉ္စ မဟီပါလ၊ ပုရေနိကဿ ယောဇယေ။
နိသီဒေ ဥပရုဋ္ဌာရိံ၊ ရဋ္ဌာသောဘယိဋ္ဌယေ။

ဘူပတိ၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်။ အဘေဒေန စ၊ စစ်တပ်စုရုံး၊ အလုံးအရင်း၊ ကွဲပြားခြင်းမရှိသဖြင့်လည်း။ ယုဒ္ဓေယျ စ၊ အစဉ်တစိုက်၊ အတွင် လိုက်သဖြင့်၊ တိုက်လည်း တိုက်ခိုက်ရာ၏။ ပရောပရဉ္စ၊ တယောက်သည် တယောက်ကိုလည်း။ ဝါ၊ စစ်သည်တော်ရင်း၊ အချင်းချင်းလည်း။ ရက္ခေ စေဝ၊ စောင့်လည်း စောင့်ရှောက်ရာ၏။ ယံကိဉ္စိ၊ အလုံးစုံသော။ ဖဂ္ဂုသေနဉ္စ၊ အားအင် ကုန်ခန်း၊ မောပန်းသော စစ်သည်ကိုမူလည်း။ ဗျူဟာသ၊ စီစဉ်လုံးရင်း၊ ခင်း ကျင်းညွှန်ပြ၊ စစ်တပ်မ၏။ မဇ္ဈေ၊ ဗဟိုချက်မ၊ လယ်ဌာန၌။ ကာရယေ၊ မမှား မယွင်း၊ အကြားသွင်းလျက်၊ ထားခြင်းကို ပြုရာ၏။

မဟီပါလ၊ ရေမြေအရှင်၊ ဘုရင်မြင်းမြတ်။ အနီကဿ၊ စီစဉ်လုံးရင်း၊ ခင်းကျင်းညွှန်ပြ၊ စစ်တပ်မ၏။ ပုရေ၊ ရှေ့ပျားအားလုံး၊ ရှေ့အဆုံး၌။ ပဒါတိံ၊

ဆင်မြင်းမကပ်၊ ခြေသည်တပ်ကို။ ယောဇယေ၊ အစဉ်မကွာ၊ ယှဉ်စေရာ၏။ အရိဋ္ဌ၊ ခုခံတည်အပ်၊ ရန်သူတပ်ကိုလည်း။ ဥပရုဇ္ဈ၊ လှည့်ပတ်ရစ်သိုင်း၊ ဝန်းဝိုင်းပိတ်ဆို့၍။ နိသီဒေ၊ အစဉ်တစိုက်၊ အတွင်တိုက်သဖြင့်၊ အလိုက်သင့် နေရာ၏။ အဿ၊ ထိုအန်တုဖက်လျဉ်း၊ ရန်သူမင်း၏။ ရဋ္ဌ၊ တိုင်းပါသိမ်းကျုံး၊ နိုင်ငံလုံးကိုလည်း။ ဥပရုဇ္ဈ၊ လှည့်ပတ်ရစ်သိုင်း၊ ဝန်းဝိုင်းပိတ်ဆို့၍။ ဥပပီဠယေ၊ စားရေအလျှင်း၊ ပြတ်လပ်ကင်းအောင်၊ ညှဉ်းပန်းနှိပ်စက်ရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....စစ်ချီတက် တိုက်ခိုက်သည့်အခါ စစ်သည် အလုံးအရင်းတို့သည် ကစဉ့်ကရဲ မကွဲပြားသဖြင့် တိုက်ခိုက်သင့်ပါသည်၊ စစ် သည်တော်တို့သည် တယောက်သည် တယောက်အား အချင်းချင်း စောင့် ရှောက်ရပါမည်၊ အားအင်ကုန်ခန်း မောပန်းသော စစ်သည်တို့ကိုလည်း စစ်တပ် ၏ အလယ်၌ထား၍ တိုက်ခိုက်ရပါသည်။ အရှင်မင်းမြတ်....ထို့ပြင်လည်း ခြေသည် တပ်ကို တပ်မကြီး၏ ရှေ့ဦး ရှေ့ဖျားက ထား၍ တိုက်ခိုက်ရပါမည်၊ စစ် မြေပြင်အရပ်၌ ဖြစ်ခဲ့ပါလျှင် အကယ်၍ အခွင့်ရခဲ့ပါမူ ရန်သူတို့၏တပ်ကို မိမိ၏ တပ်ဖြင့် ဝန်းဝိုင်းပိတ်ဆို့၍ ထားရပါမည်၊ သို့မဟုတ် ရန်သူ၏နိုင်ငံအလုံး ကိုသော်လည်း ဝန်းဝိုင်းပိတ်ဆို့၍ အစာရေစာ ရိက္ခာအလျှင်း ပြတ်လပ် ကင်းအောင် ညှဉ်းပန်းနှိပ်စက်ရပါမည် ဟူလို။

အရပ်ဒေသအလိုက် တိုက်ခိုက်သင့်သော တပ်ဖွဲ့များ

ထို့ပြင် အရပ်ဒေသအလိုက် ချီတက်တိုက်ခိုက်သင့်သော တပ်တို့ကို အသီး အသီး ပြပြန်လိုသည်ဖြစ်၍ **ရထဿေဟိ သမေ ယုဇ္ဈေ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၂။ ရထဿေဟိ သမေ ယုဇ္ဈေ-နူပေ နာဝဒွိပေဟိ စ။
ရုက္ခဂုမ္ဗာဝုတေ စာပေ-ဟျသျာဒျာယုမေဟိတ္ထလေ။

ဘူပတိ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ သမေ၊ မြေပြင်သာယာ၊ ညီညာ စွာသော အရပ်၌။ ရထဿေဟိ၊ ရထား၊ မြင်းတပ်၊ ထို နှစ်ရပ်တို့ဖြင့်။ ယုဇ္ဈေ၊ ခုခံယှဉ်ပြိုင်လျက်၊ ရင်ဆိုင်တိုက်ခိုက်ရာ၏။စ၊ ထိုမှတပါး။အနူပေ – အမ္ဗုပါယေ၊ ရေပြင်စခန်း၊ ရေများရာလမ်း၌။ နာဝဒွိပေဟိ၊ လှေတပ်၊ ဆင်တပ်၊ ထိုနှစ်ရပ် တို့ဖြင့်။ ယုဇ္ဈေ၊ ခုခံယှဉ်ပြိုင်လျက်၊ ရင်ဆိုင်တိုက်ခိုက်ရာ၏။ ရုက္ခဂုမ္ဗာဝုတေ၊ သစ်ပင်စေးချုံ၊ စုရုံးထူထပ်၊ မြေအရပ်၌။ စာပေဟိ၊ မန္နေးအချက်၊ အပြေး သွက်သည့်၊ လေးလက်နက်တို့ဖြင့်။ ယုဇ္ဈေ၊ ခုခံယှဉ်ပြိုင်လျက်၊ ရင်ဆိုင်တိုက်ခိုက် ရာ၏။ ထလေ၊ ကုန်းကြည်းထူထပ်၊ မြေအရပ်၌။ အသျာဒျာယုမေဟိ – အသိ

အာဒိ အာယုမေဟိ၊ သန်လျက်ဓား၊ အစထားလျက်၊ စစ်လက်နက်တို့ဖြင့်။ ယုဇ္ဈေ၊ ခုခံယှဉ်ပြိုင်လျက်၊ ရင်ဆိုင်တိုက်ခိုက်ရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ညီညွတ်သော မြေပြင်အရပ်၌ ရထားတပ်, မြင်းတပ်တို့ဖြင့် ခုခံတိုက်ခိုက်ရန် သင့်လျော်ပါသည်၊ ထို့ပြင် ရေပြင်စခန်း ရေများရာ လမ်းပန်းအရပ်တို့၌ လှေတပ်, ဆင်တပ်တို့ဖြင့် ခုခံတိုက်ခိုက်ရန် သင့်လျော်ပါသည်၊ သစ်ပင်စေးချုံ ထူထပ်ပေါများသော အရပ်၌ လေး,မြား ကိုင်စွဲသော ရဲမက်တပ်တို့ဖြင့် ခုခံတိုက်ခိုက်သင့်ပါသည်၊ ကုန်းကြည်း အရပ်၌ မူကား သန်လျက်, ဓား, လှံ အစရှိသော တပ်တို့ဖြင့် ခုခံတိုက်ခိုက်သင့်ပါသည် ဟူလို။

ရန်သူ၏ ရိက္ခာစားရေများကို ဖျက်ဆီးထားသင့်ပုံ

ထို့ပြင် စစ်တပ်အချင်းချင်း တိုက်ခိုက်သည်မှတပါး ရန်သူ၏ အားထားရာ ဖြစ်သော အခြေအနေတို့ကိုလည်း ဖျက်ဆီးသဖြင့် တိုက်ခိုက်သင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ဒူသယေ စဿ သတတံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၃။ ဒူသယေ စဿ သတတံ၊ ယဝသန္နောဒကေန္ဓနံ။
ဘိန္ဒေ စေဝ တဠာကာနိ၊ ပါကာရာ ပရိက္ခာ တထာ။

မဟာရာဇ၊ ပြည်သူတို့၏ အရှင်၊ ဘုရင်မင်းမြတ်။ အဿ၊ ထိုရန်သူ၏။ ယဝသန္နောဒကေန္ဓနဥ္စ၊ ကျွဲ,နွား,ဆင်,မြင်းတို့၏၊ မြက်ခင်းအစာနှင့်၊ စစ်သည်တို့၏ အစားအစာ၊ ရိက္ခာ ရေထင်းတို့ကိုလည်း။ သတတံ၊ အလျင်မစဲ၊ စဉ်အမြဲ သာလျှင်။ ဒူသယေ၊ ကုန်အောင်သီးသီး၊ တနည်းနည်းဖြင့်၊ အချည်းနှီးဖျက်ဆီး ရာ၏။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ တဠာကာနိ စ၊ ရန်သူအလုံး၊ သုံးသောက်ရန်တွက်၊ တဖက်ဆည်းခံ၊ ရေလှောင်ကန်တို့ကို လည်းကောင်း။ ပါကာရာ စ၊ ကာကွယ်ရစ်ဝိုင်း၊ မြို့တံတိုင်းတို့ကို လည်းကောင်း။ ပရိက္ခာ စ၊ ရစ်ဝိုင်းပတ်ကုန်း၊ တူးမြောင်း ကျုံးတို့ကို လည်းကောင်း။ ဘိန္ဒေ၊ အလျှင်း တောက်လျှောက်၊ အတွင်းပေါက်အောင်၊ ထွင်းဖောက်ဖျက်ဆီးရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ရန်သူ၏စစ်တပ် ရဲမက်တို့ကိုသာ တိုက်ခိုက် ရသည် မဟုတ်သေးပါ၊ ထိုရန်သူတို့၏ အားထားရာဖြစ်သော ကျွဲ, နွား, ဆင်, မြင်းတို့၏ အစားအစာဖြစ်သော မြက်ခင်း၊ စစ်သည်ဗိုလ်ပါတို့၏ အစားအစာ ရိက္ခာ ရေနှင့် ထင်းတို့ကိုလည်း အမြဲအားဖြင့် မည်သည့်နည်းနှင့်မဆို တနည်း နည်းဖြင့် ဖျက်ဆီးသင့်ပါသည်။ ထို့ပြင် ရန်သူတို့၏ မှီရာဖြစ်သော ရေကန် တံတိုင်း မြို့ရိုးနှင့် ကျုံးမြောင်းတို့ကိုလည်း တနည်းနည်းဖြင့် ပျက်စီးအောင် ဖျက်ဆီးသင့်ပါသည် ဟူလို။

စစ်ဆင်တို့၏ ခွန်းအင်ကို ပြဆိုချက်

ထို့ပြင် စစ်သည် ဗိုလ်ပါတို့တွင် ဆင်သည် အထူးအမြတ်ဆုံး ဖြစ်သည်၏ အဖြစ်ကို ပြပြန်လိုသည်ဖြစ်၍ **ဗလေသု ပမုခေါ ဟတ္ထီ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၄။ ဗလေသု ပမုခေါ ဟတ္ထီ၊ န တထာညော နရိန္ဒဿ။
နိဇေဟ၊ဝယဝေဟော၊ မာတင်္ဂေါဋ္ဌာယုဓိရိတော။

နရိန္ဒဿ၊ ပြည်သူ့ အရှင်၊ ဘုရင်မင်းမြတ်၏။ ဗလေသု၊ ရဲမက်များစွာ၊ စစ်ဗိုလ်ပါတို့တွင်။ ဟတ္ထီ၊မာတင်ပြောင်မြောက်၊ စစ်ဆင်ပေါက်သည်။ ပမုခေါ ယထာ၊ ထူးချွန်အမြဲ၊ ကြီးလွန်ကဲ၏သို့။ တထာ၊ ထိုဆင်နှင့်ခြင်းရာ၊ ပမာအတူ။ အညော၊ ဆင်မှတပါး၊ အခြားအစု၊ ဗိုလ်ထုသောင်းပြောင်း၊ ရဲမက်ပေါင်းသည်။ န၊ အမှန်မုချ၊ မဟုတ်ကြပေ။ မာတင်္ဂေါ၊ မာတင် ပြောင်မြောက်၊ စစ်ဆင် ပေါက်သည်။ နိဇေဟိ၊ ကိုယ်ဝယ်လက်ကိုင်၊ ကိုယ်ပိုင်အစစ်၊ ကိုယ့်ဟာဖြစ် ကုန်သော။ အဝယဝေဟော၊ စိတ်ပိုင်းခွဲရာ၊ ကိုယ်အင်္ဂါတို့ဖြင့် သာလျှင်။ အဋ္ဌာယုဓော၊ ကိုယ်ပိုင်လက်နက်၊ ရှစ်ခုထွက်၏ ဟူ၍။ ဣရိတော၊ သဘော မှန်ချင့်၊ ပြောရန်သင့်ပေ၏။

အဓိပ္ပါယ်။ ။ပြည်သူတို့၏ အရှင် ဖြစ်တော်မူသော ဘုရင်မင်းမြတ်၏ စစ်သည်ဗိုလ်ပါတို့တွင် ဆင်သည် ကြီးကဲထူးချွန်၍ အလွန်ဆုံး အမြတ်ဆုံး ဖြစ်ပါသည်၊ ဆင်နှင့်တူစွာ အခြားမည်သည့် ဗိုလ်ပါမှ ထူးမြတ် လွန်ကဲခြင်း မဖြစ်ပါ၊ ဆင်မှာ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ဖြစ်သော ကိုယ်ပိုင်လက်နက် ရှစ်ခုရှိ၏ဟူ၍ ဆိုထိုက်ပါသည် ဟူလို။

(ဦးခေါင်း, နှာမောင်း၊ ခြေလေးချောင်းနှင့်၊ နှစ်ချောင်း အစွယ်၊ ဤရှစ်သွယ်၊ မှတ်ဖွယ် ဆင့်လက်နက်။)

စစ်မြင်းနှင့် မြင်းစီးသူရဲတို့၏ ထူးကဲသောအစွမ်းကို ပြဆိုချက်များ

ဆင်၏ ထူးမြတ်ကြောင်းကို ပြဆိုပြီး၍ မြင်း၏ ထူးမြတ်ကြောင်းကို ပြဆို လိုသည်ဖြစ်၍ **ဗလမဿော၀ သေနာနံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၇၅။ ဗလမဿော၀ သေနာနံ၊ ပါကာရော ဇင်္ဂမော ယတော။
တသ္မာ ဒဿာဓိကော ရာဇာ၊ ဝိဇယီ ထလဝိဂ္ဂဟေ။

မဟာရာဇ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယတော၊ အကြင့်ကြောင့်။ အဿော၊ ဗိုလ်ပါစီးနင်း၊ စစ်တပ်မြင်းသည်။ ဇင်္ဂမော၊ ထိုမှ ဤမှ၊ ခဏ

လျင်စွာ၊ နေရာထွေပြား၊ ရွေ့ရှားသွားလာနိုင်သော။ ပါကာရော၊ တံတိုင်းတန္တု၊ ပမာပြုလျက်၊ ခုခံကွယ်ကာခြင်းသည်။ ဟောတိ၊ မုချစင်စစ်၊ အမှန်ဖြစ်၏။ တတော၊ ထိုသို့ လိုရာကာဝိုင်း၊ မဆိုင်းအလျင်၊ တံတိုင်းရှင်နှင့်တူသောကြောင့်။ သေနာနံ၊ စစ်သည်အထု၊ ဗိုလ်ပါစုတို့၏။ ဗလံ၊ ထူးမြတ်ချွန်မား၊ အလွန်များသော၊ ခွန်အား ဗလပေတည်း။ တသ္မာ၊ ထိုသို့ရဲမက်စစ်သား၊ ဗိုလ်ထုများ၏၊ အားကြီးသော ဗလဖြစ်ခြင်းကြောင့်။ အဿာဓိကော၊ သတ်မှတ်ကိုယ်ပိုင်၊ မြင်းတပ်မိုင်သော။ ရာဇာ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ထလဝိဂ္ဂဟော၊ မြေပြင် ကုန်းကြည်း၊ စစ်ဖက်ခင်းရာ၌။ ဝိဇယီ၊ တဖက်ရန်ကို၊ ဖျက်လှန်မှိုင်မှိုင်၊ ခွင်လုံးပိုင်အောင်၊ အောင်နိုင်လေ့ရှိပေ၏။

အဓိပ္ပါယ်။ ။နိုင်ငံအရှင် ဘုရင်မင်းမြတ်.... စစ်သည် ဗိုလ်ပါတို့တွင် မြင်းသည် တခဏခြင်းဖြင့်ပင်လျင် ထိုထိုအရပ်တို့သို့ နံ့စပ်အောင် လျင်မြန်စွာ ရွေ့ရှားသွားလာနိုင်သော တံတိုင်းမြေကတုတ်ပမာ အကွယ်အကာ ဖြစ်ပေသည်၊ ထိုသို့လိုရာမဆိုင်း တံတိုင်းပမာ အကွယ်အကာဖြစ်လေသောကြောင့် မြင်းသည် စစ်သည် ဗိုလ်ပါတို့၏ လွန်ကဲကြီးမားသော အားခွန်ဗလဖြစ်ပေသည်၊ ထိုသို့ ရဲမက်စစ်သား ဗိုလ်ထုများ၏ ကြီးမားသော ဗလဖြစ်ခြင်းကြောင့် မြင်းတပ်များစွာရှိသော မင်းသည် ကုန်းကြည်းအရပ်ဝယ် ဆိုင်ပြိုင် တိုက်ခိုက်ကြရာ၌ ရန်သူတဖက်ကို ဖျက်လှန်မှိုင်မှိုင် ခွင်လုံးပိုင်အောင် အနိုင်များတတ်ပါသည် ဟူလို။

ထိုသို့ မြင်းတပ်သွားတို့ အနိုင်များသောကြောင့် ပင်လျင် **ယုဒ္ဓမာနာ** အစရှိသော ဂါထာကို စစ်ရေးစစ်ရာ၌ လိမ္မာကုန်သော ရှေးရှေးအစဉ် ပညာရှင် ပုဂ္ဂိုလ်တို့ ထုတ်ဆိုမိန့်ကြား၍ မှာထားတော်မူခဲ့ကြပေသည်ဟု တင်လျှောက်လေ၏။

၇၆။ ယုဒ္ဓမာနာ ဟယာရူဠှာ၊ ဒေဝတာမပိ ဒုဇ္ဇယာ။
အပိ ဒူရဋ္ဌိတာ တေသံ၊ ဝေရိနော ဟတ္ထဝတ္တိနော။

ဟယာရူဠှာ၊ မြင်းစီး ဗိုလ်ထု၊ ရဲမက်စုတို့သည်။ ယုဒ္ဓမာနာ၊ ယှဉ်ပြိုင်အားစိုက်၊ တကယ်တန်း တိုက်ကြကုန်သည်ရှိသော်။ ဒေဝတာအပိ၊ အယုဇ္ဈပုရိန်၊ ဝတိံကြွင့်နှန်း၊ နတ်နန်းပျော်ပါး၊ နတ်စစ်သား တို့သည်လည်း။ ဒုဇ္ဇယာ၊ မြင်းတပ်ကို ယှဉ်ပြိုင်လျက်၊ အောင်နိုင်ရန် ခဲယဉ်းလှကုန်၏။ ဒူရဋ္ဌိတာ အပိ၊ ဝေးကွာဌာန၊ တည်နေကြကုန်သော်လည်း။ ဝေရိနော၊ ရန်သူအများ၊ တဖက်သားတို့သည်။ တေသံ၊ ထိုမြင်းစီး ဗိုလ်ထု၊ ရဲမက်စုတို့၏။ ဟတ္ထဝတ္တိနော၊ လက်အတွင်းသို့၊ ချက်ခြင်းမသွေ၊ ကျရောက်တတ်ကြပေကုန်၏။

အဓိပ္ပါယ်။ ။မြင်းစီးဗိုလ်ထု ရဲမက်စုတို့သည် အမှုအလိုက် ဂရုစိုက်လျက် တကယ်တမ်း တိုက်ကြကုန်သည်ရှိသော် လူသားလူကို မဆိုထားဘိ အယုဇ္ဈပူရိန် တာဝတိံအဖျားက နတ်စစ်သားတို့သော်မှလည်း ရုတ်တရက် ရှောင်တခင် အောင်မြင်ရန်အတွက် အတော်ပင် ခက်ကြပေသည်။ အဘယ့်ကြောင့်နည်း ဟူမူ ခုခံပြုမူ ရန်သူ၏စစ်တပ်သည် ဝေးကွာသောအရပ်၌ တည်စေကာမူ ထိုသူ တို့၏လက်တွင်းသို့ ခဏခြင်း ကျရောက်တတ်ပေသည်။ ထို့ကြောင့် ထိုမြင်းစီး တပ်သားတို့ကို ရုတ်တရက် ရှောင်တခင် အောင်မြင်ရန် ခဲယဉ်းကြပေသည်ဟူလို။

တပ်မတော်သားတို့၏ အရေးကြီးသည့်တာဝန်များ

ထို့ပြင် စစ်သည်တပ်သားတို့ အရေးကြီးစွာ ပြုလုပ်အပ်သော ဝတ်တရားတို့ကို ပြဆိုလိုသည်ဖြစ်၍ **ပဌမံ ယုဒ္ဓကာရိတံ**အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက် ပြန်လေ၏။

၈၇။ ပဌမံ ယုဒ္ဓကာရိတံ၊ သမတ္တဗလပါလနံ။
ဒိသဥ္စသံ ဝိသောဓိတံ၊ ပတ္တိကမ္မံ ပဝက္ခတေ။

သမတ္တ ဗလပါလနံ၊ ဗိုလ်ပါ အလုံးကို၊ သိမ်းကျုံး လွှမ်းခြုံ၍၊ လုံ့စွာစောင့် ရှောက်ခြင်းကို။ ပဌမံ၊ ပြုရန်ကိစ္စ၊ အဝဝတို့၏၊ ပဌမ ပကတူး၊ အစဦးစွာ။ ယုဒ္ဓကာရိတန္တိ စ၊ စစ်သည် ရဲမက်တို့၊ မပျက်စတမ်း၊ အကွက်မှန်းလျက်၊ အထက်တန်းပြုလုပ်အပ်၏ဟူ၍လည်းကောင်း။ ဒိသဥ္စသံ – ဒိသာအဉ္စသံ၊ အရပ် မျက်နှာ၊ လိုရာစခန်း၊ ခရီးလမ်းကို။ ဝိသောဓိတံ၊ တမုဟုတ်ပင်၊ အရှုပ်ထွင်သဖြင့်၊ သုတ်သင်ရှင်းလင်းခြင်းကို။ ပတ္တိကမ္မန္တိ စ၊ ခြေသည်အမှု၊ လူတစုတို့၊ ပြုအပ် သော ကိစ္စဟူ၍လည်းကောင်း။ ပဝက္ခတေ၊ အပြားအားဖြင့်၊ အများချင့်လျက်၊ အသင့်ပြောဆိုအပ်၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....အလုံးစုံသော စစ်သည် ဗိုလ်ပါတို့သည် မိမိတို့၏ စစ်တပ်ဟူသမျှ အားလုံးကို သိမ်းကျုံး၍ လုံခြုံစွာ စောင့်ရှောက်ခြင်း အမှုကို ပဌမတန်း ပြုအပ် ပြုသင့်၏ ဟူ၍လည်းကောင်း၊ အရပ်မျက်နှာတို့၌ လိုရာစခန်းဖြစ်သော ခရီးလမ်းတို့ကို သုတ်သင် ရှင်းလင်းခြင်းအမှုကို ခြေသည် တပ်သားတို့၏ ပြုအပ်ပြုထိုက်သော အမှုဟူ၍လည်းကောင်း ပြောဆိုအပ် ပြောဆို သင့်ပါသည် ဟူလို။

အကောင်းဆုံးစစ်တပ်ကို သတ်မှတ်၍ပြဆိုခြင်း

ထို့ပြင် ရွေးချယ်သင့်သော အရည်အချင်းနှင့်ပြည့်စုံသော အကောင်းဆုံး စစ်သည် ဗိုလ်ပါတို့ကို ပြပြန်လိုသည်ဖြစ်၍ **သဘာဝသူရံ သတ္တညုံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ဂဂ။ သဘာဝသူရံ သတ္တစ္ဆဒ-မဝိရုတ္တံ ဇီဝကဿမံ။
ပသိဒ္ဓစက္ခုယပါယံ၊ သေဋ္ဌမာဟု ဗလံ ဝိဒူ။

မဟာရာဇ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ သဘာဝသူရံ၊ ပကတိပင်ကိုယ်၊ အလိုမဖဲ၊ နဂိုရ်ရဲသော။ သတ္တစ္ဆဒံ၊ ခေါ်ခုတ်လှံထိုး၊ အမျိုးမျိုးအချက်၊ လက်နက်အတတ်ကိုတတ်သော။ အဝိရုတ္တံ၊ အရှင်၏ သစ္စာတော်ကို၊ မဖောက်မပြန်၊ ဖြောင့်မှန်တည်ကြည်သော။ ဇီဝကဿမံ၊ အောင်အပ်သော ပင်ပန်းခြင်းရှိသော။ ဝါ၊အားအင်မခန်း၊ အပင်ပန်းခံနိုင်သော။ ပသိဒ္ဓစက္ခုယပါယံ၊ ကျော်စော ထင်ရှား၊ မင်းမျိုးများသော။ ဗလံ၊ ရဲမက်စစ်သား၊ ဗိုလ်ပါများကို။ သေဋ္ဌံ၊ အထူးသဖြင့်၊ ချီးကျူးသင့်အပ်၊ လွန်မြင့်မြတ်၏ဟူ၍။ ဝိဒူ၊ စစ်ဖက်ဆိုင်ရာ၊ ကောင်းစွာတတ်သိ၊ ပညာရှိတို့သည်။ အာဟု၊ သေသေချာချာ၊ နေရာတကျ၊ မိန့်ဟတော်မူကြကုန်ပြီ။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....မိမိ၏ပင်ကိုယ် နဂိုရ်ပကတိအားဖြင့် ရဲစွမ်းသတ္တိရှိသော ခေါ်ခုတ်လှံထိုး အစရှိသော အမျိုးမျိုးသော လက်နက်တို့ကို ကျွမ်းကျင် တတ်မြောက်သော အရှင်၏ သစ္စာတော်ကို မဖောက်မပြန်မူ၍ ဖြောင့်မှန် တည်ကြည်သော စိတ်သဘောရှိသော ချီတက်သွားလာရာ တိုက်ခိုက်ရာတို့၌ အားအင်မကုန်မခန်း အပင်ပန်းခံနိုင်သော ကျော်စော ထင်ရှားသော မင်းမျိုးများသော ဝါ- ချတ္တရိ လူမျိုးများသော စစ်သည်အထု ဗိုလ်ပါစုကို အချီးမွမ်းထိုက်ဆုံး အကောင်းဆုံး ပဌမတန်းဟူ၍ စစ်ဖက်ဆိုင်ရာ၌ ကောင်းစွာ တတ်သိလိမ္မာသော ပညာရှိအများတို့ မှာကြားတော်မူခဲ့ကြပါသည် ဟူလို။

စစ်သည်ရဲမက်တို့ကို အားတက်တိုက်ခိုက်အောင် ချီးမြှောက်နည်း

ထို့ပြင် အရှင်သခင် ဘုရင်မင်းမြတ်သည် စစ်သည်တော်တို့၏ အပေါ်၌ မပြတ်ပြုစုတော်မူအပ်သော မြတ်နိုးကြည်ဖြူ အလေးမူသဖြင့် အရေးယူတော်မူခြင်းကြောင့်သာလျှင် စစ်သည်တော်တို့သည် သက်စွန့်ကြိုးပမ်း အမှုတော်ကို ထမ်းလျက် တကယ်တမ်း တိုက်ခိုက်ကြကြောင်း, ပစ္စည်းဥစ္စာ ရတနာတို့ကို များစွာချီးမြှင့် ထောက်ပင့်ခြင်းကြောင့် ချီးမြှင့် ထောက်ပင့်သော်လည်း ထိုကဲ့သို့ သက်စွန့်ကြိုးပမ်းလျက် တကယ်တမ်းတိုက်ခိုက်ကြမည် မဟုတ်ကြောင်းကို ထပ်လောင်း၍ ပြဆိုလိုသည်ဖြစ်၍ **ယထာ ပဘူကတာ မာနာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ဂ၉။ ယထာ ပဘူကတာ မာနာ၊ ယုဇ္ဈန္တေ ဘုဝိ မာနဝေါ။
န တထာ ဗဟုဒတ္တေဟိ၊ ရတနေဟိပိ ဘူပတိ။

ဘူပတိ၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်။ ဘုဝိ—လောကေ၊ လောကတခွင်၊ မြေအပြင်၌။ မာနဝေါ၊ စွန့်စားရက်စက်၊ ရဲမက်ပါဝင်၊ စစ်လုလင်တို့သည်။

ပဘူကတာ၊ အရှင်သခင်၊ ဘုရင်မင်းမြတ်သည်၊ မပြုတ်ပြုစုတော်မူအပ်သော။ မာနာ၊ မြတ်နိုးကြည်ဖြူ၊ အလေးမူသဖြင့်၊ အရေးယူတော်မူခြင်းကြောင့်။ ယုဇ္ဈန္တေ ယထာ၊ သက်စွန့် ကြိုးပမ်း၊ အမှုတမ်းလျက်၊ တကယ်တမ်း တိုက်ခိုက်ကြကုန်သကဲ့သို့။ ဗဟုဒတ္တေဟိ၊ များစွာထောက်ပင့်၊ ချီးမြှင့်အပ်ကုန်သော။ ရတနေဟိ၊ ပစ္စည်းဥစ္စာ၊ ရတနာတို့ကြောင့်။ တထာ၊ ထိုနည်းတူစွာ၊ ခြင်းအရာအားဖြင့်။ န ယုဇ္ဈန္တေ၊ မဖွယ်စခန်း၊ အလွယ်မှန်းသဖြင့်၊ တကယ်တမ်းမတိုက်ခိုက်ကြကုန်။

ဤဂါထာဝယ် ဆိုလိုရင်း အဓိပ္ပါယ်ကား။ ။ဘုရင်မင်းမြတ်သည် မိမိ၏စစ်သည်တော်တို့ကို လခရိက္ခာ ပေးကမ်း ချီးမြှောက်ခြင်းမျှဖြင့်သာ မနေမူ၍ ထိုစစ်သည်တော်တို့ကို အခြားသူတို့ထက် ပိုမို၍ အခါခပ်သိမ်း အရေးအခွင့်ပေးလျက် စစ်ချီတက်မည်ရှိသော အခါ၌လည်း ထိုစစ်ဗိုလ်ချုပ်, စစ်ဗိုလ်မှူး စစ်သည်တော်တို့နှင့် အရာအားလျော်စွာ လက်ဆွဲ နှုတ်ဆက်ခြင်း စားပွဲအတူထိုင်ခြင်းစသည်တို့ဖြင့် (ဥပမာအားဖြင့်ဒုတိယကမ္ဘာစစ်ကို ကျော်ပြန်တော်မူကြသော ယခုကာလ တိုင်းကြီး နိုင်ငံကြီးအရှင် ဘုရင်မင်းမြတ်တို့ကဲ့သို့) မြတ်နိုးကြည်ဖြူ အလေးမူလျက် အရေးယူရမည်ဟု ဆိုလိုသည်။

အရေးအတွက်ထက် အရည်အချင်းအရေးကြီးပုံ

ထို့ပြင် စစ်သည်တော်တို့တွင်လည်း ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စစ်သည်တော်တို့သည် သာလျှင် အထူးသဖြင့် မြင့်မြတ်ကြောင်း စသည်ကို ပြဆိုလိုသည်ဖြစ်၍ **ဝရမပ္ပဗလံ သာရံ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၉၀။ ဝရမပ္ပဗလံ သာရံ၊ န ဗဟူ မုဏ္ဍမဏ္ဍလီ။
ကရေယျာသာရဘင်္ဂေါ ဟိ၊ သာရဘင်္ဂမပေကန္တံ။

ဘူပတိ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ သာရံ၊ ရဲစွမ်းသတ္တိ၊ ခွန်အားဘည်းဟူသော အနှစ်ရှိသော။ အပ္ပဗလံ၊ မကြီးမကျယ်၊ အနည်းငယ်သာ၊ စစ်ဗိုလ်ပါသည်။ ဝရံ၊ တင့်တယ်လျောက်ပတ်၊ ကဲလွန်မြတ်၏။ ဗဟူ၊ ဦးရေအပြား၊ သချာများကုန်သော။ မုဏ္ဍမဏ္ဍလီ၊ အစွမ်းတုံးသော၊ ခေါင်းတုံးဦးခေါင်းတို့ဖြင့်၊ သောင်းသောင်း ဝန်းရံလျက်၊ ပြည့်နှက်၍ နေခြင်းသည်။ န ဝရံ၊ အသင့်မမှတ်၊ မတင့်အပ်သဖြင့်၊ မမြင့်မြတ်လှပေ။ ဟိ—သစ္စံ၊ ထိုစကားရပ်၊ ဆတ်ဆတ်ကေန်၊ တကယ်မှန်၏။ အသာရဘင်္ဂေါ၊ ရဲစွမ်းသတ္တိ၊ ဗလမရှိသူ၊ အမူပျက်ကွက်၊ ပြေးရှောင်ထွက်ခြင်းသည်။ ကေန္တံ—ကေန္တေန၊ စင်စစ်မုချ၊ ဧကန္တအားဖြင့်။ သာရဘင်္ဂံ အပိ၊ ရဲစွမ်းသတ္တိ၊ ခွန်အားရှိသူ၊ စစ်ဗိုလ်လူတို့၏၊

အမူပျက်ကွက်၊ ပြေးရှောင်ထွက်ခြင်းကိုလည်း။ ကရေယျ၊ အစု အအုပ်၊ အမူ ယုတ်အောင်၊ ပြုလုပ်ပေရာ၏။

အဓိပ္ပါယ်။ ။ရေမြေ့အရှင် ဘုရင်မင်းမြတ်....ဘုရင်၏ စစ်သည်တော်တို့ တွင်လည်း ရဲစွမ်းသတ္တိ ခွန်အားဗလတည်းဟူသော အနှစ်သာရနှင့် ပြည့်စုံသော စစ်သည်ဗိုလ်ပါတို့သည် အရေအတွက်အားဖြင့် မကြီးမကျယ် အနည်းငယ် မျှပင် ဖြစ်သော်လည်း သင့်လျော်လျောက်ပတ် အလွန်မြင့်မြတ်လှပါပေသည်၊ ရဲစွမ်းသတ္တိတည်းဟူသော ဦးစွန်းတုံးသော ဦးခေါင်းတို့ဖြင့် သောင်းပြောင်း ပြည့်နှက်၍ ဝိုင်းအုံလျက်ပင်နေသော်လည်း အကျိုးမရှိ အချည်းနှီးပင်ဖြစ်သဖြင့် မမြင့်မြတ်ပေ။ အဘယ့်ကြောင့်နည်းဟူမူ ရဲစွမ်းသတ္တိ အနှစ်သာရ မရှိသော စစ်သည် ဗိုလ်ပါတို့၏ တပ်လန် ပြိုပျက်၍ ထွက်ပြေး တိမ်းရှောင်ခြင်းသည် ရဲစွမ်းသတ္တိ အနှစ်သာရရှိသော စစ်သည် ဗိုလ်ပါတို့၏ တပ်လန် ပြိုပျက်၍ ထွက်ပြေးတိမ်းရှောင်ခြင်းကိုလည်း ဖြစ်စေတတ်ပါသည်။ ထို့ကြောင့် ရဲစွမ်း သတ္တိ အနှစ်ရှိသော စစ်သည် ဗိုလ်ပါတို့ အနည်းငယ်ပင် ဖြစ်သော်လည်း သင့်တော်မြင့်မြတ်ပါသည်။ အနှစ်မရှိသော စစ်သည် ဗိုလ်ပါတို့ များစွာပြည့်နှက် ၍ပင် နေပါသော်လည်း မမြတ်ပါ ဟူလို။

ရဲမက်တို့ တော်လှန် ပုန်ကန်တတ်သော အကြောင်းများ

ထို့ပြင် စစ်သည်တော်တို့သည် အရှင်၏အပေါ်၌ မကြည်ညို မနှစ်သက်ခြင်း, တော်လှန် ပုန်ကန်ခြင်းကို ဖြစ်စေတတ်သော အကြောင်းတို့ကို ပြပြန်လိုသည် ဖြစ်၍ **အပသာဒေါနုဝိဋ္ဌာနံ** အစရှိသော အောက်ပါ ါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၁။ အပသာဒေါနုဝိဋ္ဌာနံ၊ ဒေယျံသဟရဏာံ စ ယံ။
ကာလယာပေါပတိကာရော၊ တံ ဝေရာဂျဿ ကာရဏံ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ ယော အပသာဒေါ စ၊ အကြင် ဘုရင်စိတ်ကွက်၊ အချစ်ပျက်၍၊ မနှစ်သက်ခြင်းသည်လည်းကောင်း။ ယံအနုဝိ-ဋ္ဌာနဉ္စ၊ အကြင်ရာထူးအဆင့်၊ တိုးတက်မြှင့်၍၊ မချီးပင့်ခြင်းသည်လည်းကောင်း။ ယံ ဒေယျံသဟရဏဉ္စ၊ အကြင် ပေးသင့်ထိုက်တန်၊ ပေးရန်ဘို့စု၊ မပေးပြုဘဲ၊ အမြဲယူဆောင်ခြင်းသည် လည်းကောင်း။ ယော ကာလယာပေါ စ၊ အကြင် လခရိက္ခာ၊ ပေးဘို့ရာကို၊ အခါဖင့်နွဲ့၊ နေ့ရက်ဆွဲခြင်းသည် လည်းကောင်း။ ယော အပတိကာရော စ၊ အကြင် အတုံ့ပြန်၍၊ တဖန်အထူး၊ ကျေးဇူးမပြုခြင်း သည်လည်းကောင်း။ ဝါ၊အကြင် မှားချက်တဖန်၊ အသစ်ပြန်၍၊ မှန်အောင်မပြု

ခြင်းသည်လည်းကောင်း။ အတ္ထ၊ရှိ၏။တံ သမ္ဘ၊ ထိုမိန့်ပြဆိုပြီး၊ ပေါင်းစည်းဉဿုံ၊ အလုံးစုံသည်။သေနိကာသ၊ စစ်ပွဲဝင်ငြား၊ ရဲမက်သား၏။ဝေရာဂျဿ၊ဖောက်ပြန်စိတ်ကွက်၊ မနှစ်သက်ခြင်း၏။ ဝါ၊အရှင့်အပေါ်၊ အငြိုးဖော်လျက်၊ တော်လှန်ပုန်ကန်ခြင်း၏။ကာရဏံ၊ ပြုရန်ထွေပြား၊ ကြောင်းတရားသည်။ ဟောတိ၊မသွေမလှန်၊ အခြေမှန်သဖြင့်၊ ဧကန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။ရေမြွေအရှင် ဘုရင်မင်းမြတ်....စစ်သည်တော်တို့သည် အရှင်သခင်၏ အပေါ်၌ မကြည်ညို မနှစ်သက်ခြင်း, တော်လှန်ပုန်ကန်ခြင်းကို ပြုတတ်သော အကြောင်းတရားတို့ ငါးပါး ရှိပါသည်။ ထိုအကြောင်းငါးပါးတို့သည် အဘယ်နည်းဟူမူ—

၁။ အရှင်သခင်သည် စစ်သည် ရဲမက်တို့၏အပေါ်၌ စိတ်တော်ကွက်ပြီးလျှင် အချစ်ပျက်၍ နှစ်သက်တော်မမူခြင်း၊

၂။ ရာထူး ဌာနန္တရတို့ကို တိုးတက်၍ ချီးမြှင့်သင့်သော အချိန်အခါ တန်ပါလျက် ရာထူးတိုးတက်၍ ချီးမြှင့်တော်မမူခြင်း၊

၃။ စစ်သည်တော်တို့နှင့် ဆိုင်ပိုင်၍ ပေးသင့် ပေးထိုက်သော အရာဝတ္ထုအဖိုးအစတို့ကို မပေးကမ်း မချီးမြှင့်မူ၍ သိမ်းဆည်း၍ ထားတော်မူခြင်း၊

၄။ လခ,ရိက္ခာတို့ကို ပေးရန်အချိန်အခါ ကာလသို့ ကျရောက်ပါလျက် မထုတ်ပေးတည့်ဘဲ ကာလဖင့်နွှဲ နေ့ရက်ဆွဲ၍ နေတော်မူခြင်း၊

၅။ တိုက်ခိုက် အောင်နိုင်ရာ၌ စစ်သည်တော်တို့ကို ထိုက်သည်အားလျော်စွာ ရာထူး တိုးမြှင့်ခြင်းအားဖြင့်သော် လည်းကောင်း၊ အစီးအနင်း အဆောင်အရွက်ဖြစ်သော ဝတ္ထုပစ္စည်း, ဘွဲ့ထူး, ဆုထူးစသည်တို့ဖြင့်သော် လည်းကောင်း ချီးမြှောက်ထောက်ပင့်ခြင်းတို့ဖြင့် အတုံ့တဖန်ပြန်၍ ကျေးဇူးမဆပ်ခြင်း —

ဤငါးပါးအပေါင်းသည် စစ်သည်တော်တို့သည် အရှင်သခင်၏အပေါ်၌ မကြည်ညို မနှစ်သက်ခြင်း, တော်လှန်ပုန်ကန်ခြင်းကို ပြုခြင်း၏ အကြောင်းတို့ ဖြစ်ပါသည် ဟူလို။

စစ်သည်တော်တို့ မပင်ပန်းမဆင်းရဲမှ အောင်ပွဲခံနိုင်ပုံ

ထို့ပြင် ချီတက် တိုက်ခိုက်ရာဝယ် စစ်သည်တော်တို့ အပေါ်၌ မည်ကဲ့သို့ ပြုစုလျက် ချီတက်တိုက်ခိုက်စေရမည့်အကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **အပီဠယံ ဗလံ** သတ္တုံအစရှိသော အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၉၂။ အပီဠယံ ဗလံ သတ္တုံ၊ ဇိဂိသာ အတိပေါသယေ။
တဿ သေနံ သုခဿာဝံ၊ ဒီဃယာနုပပီဠိတံ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ သတ္တုံ၊ ငြိုးထားမျက်မာန်၊ တဖက်ရန်ကို။ ဇိဂိသာ၊ တိုက်ခိုက်ယှဉ်ပြိုင်၊ အောင်နိုင်လိုသောသူသည်။ ဗလံ၊ မိမိဘက်ဘည်၊ စစ်သည် တပ်သား၊ ဗိုလ်ပါများကို။ အပီဠယံ–အပီဠယန္တော၊ မပင်ပန်း၊ မနွမ်းနယ်စေမူ၍။ အတိပေါသယေ၊ အလွန်ကြည်ဖြူ၊ အရေးယူလျက်၊ မွေးမြူ ပြုစုရာ၏။ ဒီဃယာနုပပီဠိတံ၊ အဓွန့် ရှည်လျား၊ ခရီးသွားခြင်းဖြင့်၊ ညှဉ်းပန်း နှိပ်စက်အပ်သော။ တဿ၊ ထိုငြိုးထားမျက်မာန်၊ တဖက်ရန်၏။ သေနံ၊ စစ်သည်အသု၊ ဗိုလ်ပါစုကို။ သုခဿာဝံ၊ အလွယ်ဖြင့် ခရီးရောက်လျက်၊ ပြီးမြောက် အောင်မြင်နိုင်၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ရန်သူတဖက်ကို အောင်နိုင်လိုသော မင်းသည် မိမိ၏ ရဲမက်ဗိုလ်ပါတို့ကို အလွန်အမင်း အပြင်းသွားလာ ချီတက် တိုက်ခိုက်စေခြင်းတို့ဖြင့် ပင်ပန်း နွမ်းနယ်ခြင်းတို့ကို အလျှင်း မပြုသင့်ပါ၊ အားခွန်ဗလ မဆုတ်ယုတ်ရလေအောင် အလွန်တရာ ကောင်းစွာ ကြည်ဖြူ အရေးယူလျက် မွေးမြူ ပြုစုရပါမည်။ ထိုသို့ မွေးမြူပြုစုအပ်သည်ရှိသော် ရှည်မြင့်စွာသော ကာလပတ်လုံး ချီတက် သွားလာခြင်း၊ တိုက်ခိုက်ခြင်းတို့ဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်ကုန်သော ရန်သူတို့၏ စစ်သည်တို့ကို လွယ်လွယ်ကူကူဖြင့်ပင်လျှင် အောင်မြင်အောင် တိုက်ခိုက်နိုင်ပါသည် ဟူလို။

အတွင်းဒိုးရှို့မြှိုက်၍ ရန်သူကိုတိုက်သင့်ပုံ

ထို့ပြင် ရန်သူတဖက်ကို ပျက်စီးအောင် ပြုလုပ်ရာ၌ ထိုရန်သူ၏ အနွယ် အရိုးဖြစ်သော ဆွေမျိုးဉာတိ အရင်းအချာတို့ထက် ကဲလွန်ထက်မြက်၍ ဖျက်ဆီးနိုင်သော ဂါထာမန္တရား အတတ်ဟူ၍ မရှိပါ။ ထို့ကြောင့် ထိုရန်သူ၏ အနွယ်အရိုး ဖြစ်သော ဆွေမျိုး ဉာတိ အရင်းအချာထည်းမှ ရှူးတူးတူး နောက်တောက်တောက် တယောက်ယောက်ကို စူးစမ်း စုံထောက်၍ မြှောက်ပင့် ကော်ထိုး ပြုသဖြင့် စိတ်ဆိုးအောင် ဆွပြီးလျှင် အတွင်းက ဆူပူ သောင်းကျန်းလျက် ဘရမ်းဘတာ ထကြွစေသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၃။ ဒါယာဒါ အပရော မန္တော၊ ဒိသဘေဒကရော န ဟိ။
ယတေနူဋ္ဌာပယေ တသ္မာ၊ ဒါယာဒံ တဿ ဝေရိနော။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ ဒါယာဒါ၊ အနွယ်အရိုး၊ ဆွေမျိုး ဉာတိထက်။ ဝိသေသော၊ ဆထက်ကဲချွန်၊ ထူးပိုလွန်သော။ ဒိသဘေဒကရော၊ ငြိုးထားမာန်မူ၊ ရန်သူတဖက်၏၊ ပျက်စီးခြင်းကိုပြုတတ်သော။ အပရေမန္တော၊ တပါးတခြား၊ မန္တရား အတတ်မည်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ န ဟိ အတ္ထိ–န အတ္ထိ ဧဝ၊ အကယ်တိတိ၊ မှန်မရှိသည်သာလျှင်တည်း။ တသ္မာ၊ ထိုသို့ ရန်သူတဖက်၏၊ ပျက်စီးခြင်းကို ပြုရာ၌၊ ထိုရန်သူ၏ အနွယ် အရိုး၊ ဆွေမျိုးဉာတိထက်၊ ဆထက်ကဲချွန်၊ ပိုလွန်ကြီးမားသည့်၊ တပါးသော မန္တရား အတတ် မရှိသည်၏ အဖြစ်ကြောင့်။ တဿ ဧဝရိနော၊ ထို ငြိုးထား မာန်မူ၊ ရန်သူတဖက်၏။ ဒါယာဒံ၊ အနွယ်အရိုး၊ ဆွေမျိုးတယောက်ကို။ ယတေန၊ ရှို့မီး တို့မီး၊ တနည်းနည်းလုပ်၊ အားအင်ထုတ်သဖြင့်။ ဥဋ္ဌာပယေ၊ ဆူပူ သောင်းကျန်းလျက်၊ ဘရမ်းဘတာ၊ အတွင်းစက် ထစေရာ၏။

ထို့ပြင်လည်း မြဲမြံခိုင်ခံ့ တည်တံ့သော စိတ်ဖြင့် ဝင်ရောက် တိုက်ခိုက်ရန် အကြံရှိသောသူသည် မတွန့်မဆုတ် မယုတ်မလျော့ဘဲ တဖြည်းဖြည်းအားထုတ် ၍ မဖြစ် ဖြစ်အောင် အနည်းနည်း ကြံဆောင်လျက် အသက်အရှယ် နုနယ် ပျို မျစ်သော အိမ်ရှေ့ ဥပရာဇာနှင့်သော်လည်းကောင်း, ပဓာနလိုရင်း ရန်သူမင်း ၏ နန်းရင်းဝန် လုပ်သော အမတ်ချုပ်ကြီးနှင့်သော်လည်းကောင်း ရင်းရင်း နှီးနှီး မိတ်ဖွဲ့ပေါင်းသင်းပြီးလျှင် အတွင်းမီးစနက်ကြွလျက် ဆူပွက်၍ထစေသင့် ကြောင်းကို ထပ်လောင်း၍ ပြဆိုလိုသည်ဖြစ်၍ အောက်ပါဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၄။ သန္ဓာယ ယုဝရာဇေန၊ ယဒိ ဝါ မုချမန္တိနာ။
ထိရေန အဘိယုတ္တေန၊ ကတမန္တောပကောပနံ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ ယုဝရာဇေန ဝါ၊ ရန်သူ့နိုင်ငံ၊ အိမ်ရှေ့စံနှင့်သော်လည်းကောင်း။ ယဒိ၊ ထိုသို့မဟုတ်၊ တနည်းထုတ်မူ။ မုချမန္တိ- နာ ဝါ၊ ရန်သူမင်း၏၊ နန်းရင်းဝန်လုပ်၊ အမတ်ချုပ်ကြီးနှင့်သော်လည်းကောင်း။ သန္ဓာယ၊ မိတ်ဖွဲ့ရင်းနှီး၊ ပေါင်းသင်းပြီး၍။ ထိရေန–ထိရစိတ္တေန၊ မြဲမြံခိုင်ခံ့၊ တည်တံ့စိတ်ရင်း၊ နှလုံးသွင်းရှိသော။ အဘိယုတ္တေန၊ သူ့နိုင်ငံတွင်း၊ ချဉ်းနင်း အပေါက်၊ ဝင်ရောက်တိုက်လို၊ သဘောသိုသောသူသည်။ အန္တောပကောပနံ၊ အတွင်းမီးကြွ၊ ပွက်၍ ထစေခြင်းကို။ ကတံ၊ အမှုမသေ့၊ ပြုသင့်ပေ၏။

ပရိယာယ်ဖြင့် တပတ်ရိုက်၍ တိုက်ခိုက်သင့်ပုံ

ထို့ပြင် ရန်သူ၏ စစ်သည်ရဲမက် အလုံးအရင်းများစွာတို့နှင့် ပြင်းထန်စွာ ဆိုင်ပြိုင်တိုက်ခိုက်ရာ၌ မာယာဉာဏ်တပတ်ရိုက်လျက် လှည့်ပတ်၍ တိုက်ရပုံကို

ပြဆိုလိုသည်ဖြစ်၍ **ကုဒ္ဓံ မိတ္တံ ရဇော စာပိ** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၅။ ကုဒ္ဓံ မိတ္တံ ရဇော စာပိ၊ ဘင်္ဂံ ဒတွာဘိဃာတယေ။
တဿ ဝါ ဂေါဂဟာကဿ၊ မုချာသယိတဗန္ဓနာ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ ရဇော စ၊ စစ်မြေပြင်ရပ်၊ ပစ်ခတ်ယှဉ်ပြိုင်၊ ရင်ဆိုင် တိုက်ခိုက်ရာ၌လည်း။ ဘင်္ဂံ ဒတွာပိ၊ သက်သက်လုံးလုံး၊ အရှုံးပေးခဲ့၍လည်း။ ဝါ၊ ရုတ်တရက်အမြန်၊ တပ်လှန်မနှေး၊ ထွက်ပြေးတိမ်းရှောင်ခဲ့၍လည်း။ ကုဒ္ဓံ၊ ရက်စက်ကြမ်းကြုတ်၊ အရမ်းလုပ်သော။ မိတ္တံ၊ ပရိယာယ်ဉာဏ်၊ လည်ဆယ်ဖန်၍၊ စီမံဖွဲ့လုပ်၊ မိတ်ဆွေယုတ်ကို။ အဘိဃာတယေ၊ တုံ့လှည့်တဖန်၊ အလျင်ပြန်၍၊ လုပ်ကြံသတ်ဖြတ်ရာ၏။ အထဝါ၊ ထိုသို့မဟုတ်၊ တနည်းထုတ်သော်ကား။ တဿ၊ ထို ရက်စက်ကြမ်းကြုတ်၊ ရန်သူယုတ်၏။ ဂေါဂဟာကဿ စ၊ နွား,ကျွဲ,ဆင်,မြင်း၊ တိရစ္ဆာန်ခပင်းကို၊ အတင်းယူဆောင်၍သော်လည်းကောင်း။ မုချာသယိတဗန္ဓနာ စ—မုချာသယိတဗန္ဓနေန စ၊ မုချမှီခိုရာ၊ ပဓာနအအုပ်၊ စစ်ဗိုလ်ချုပ်ကြီးတို့ကို၊ ဖမ်းဆီး ချုပ်နှောင်သဖြင့်လည်းကောင်း။ အဘိဃာတယေ၊ နိုင့်ထက်စီးနင်း၊ ဇွတ်အတင်းဖြင့်၊ ညှဉ်းဆဲ သတ်ဖြတ်ရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် အပြင်းအထန် ရက်စက် ကြမ်းကြုတ်စွာ တိုက်ခိုက်သော ရန်သူမင်းကို စစ်မြေပြင်အရပ်၌ ပရိယာယ်အားဖြင့် အရှုံးပေးခဲ့၍ သို့မဟုတ် အကယ်ပင် ရှုံးနိမ့်သည့်အဟန်ဖြင့် တပ်လှန်၍မနှေး ထွက်ပြေးတိမ်းရှောင်ခဲ့ပြီးမှ ရန်သူတို့ စိတ်ချလျက်ကေန္တ အရေးမသာသဖြင့် ပြေးရှာကြပေါ့ဟု စိတ်လျော့၍နေခိုက် အငိုက်တွင်တဖန် ရှောင်တခင်ပြန်ပြီးလျှင် လျင်မြန်စွာ ပုတ်ခတ်လျက် သတ်ဖြတ် ညှဉ်းဆဲသင့်ပါသည်၊ တနည်းအားဖြင့် ထိုရန်သူတို့၏ ဆင်,မြင်း,ကျွဲ,နွား အစရှိသောတိရစ္ဆာန်တို့ကို ယူငင်ထုတ်ဆောင်၍သော်လည်းကောင်း, ထိုသို့မဟုတ် မုချအားဖြင့် မှီခိုအားထားရာဖြစ်သော စစ်ဗိုလ်ချုပ်အကြီး ဦးစီးဖြစ်သောသူတို့ကို ဖမ်းဆီး ချုပ်နှောင်၍သော်လည်းကောင်း နိုင့်ထက်စီးနင်း ဇွတ်အတင်းဖြင့် ညှဉ်းဆဲ သတ်ဖြတ်သင့်ပါသည် ဟူလို။

နိုင်ငံခြားသားများကို ပြည်တွင်း၌ ထားသင့်ပုံ

ထို့ပြင် လူဦးရေ များပြားစည်ကားလျက် မိမိ၏ နိုင်ငံကို ကြီးပွါးအောင် အားထုတ်သင့်ကြောင်းကို ပြဆိုလိုသည်ဖြစ်၍ **သရဋ္ဌံ ဝါသယေ ရာဇာ** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၆။ သရဋ္ဌံ ဝါသယေ ရာဇာ၊ ပရဒေသာဝဟာရဏာ။
အထဝါ ဒါနမာနေဟိ၊ ဝါသိတံ ဓနဒံ ဟိ တံ။

ရာဇာ၊ လူတို့ဦးကိုင်၊ နိုင်ငံ့အရှင်၊ ဘုရင်မင်းမြတ်သည်။ ပရဒေသာ၊ ဒေသတပါး၊ သီးခြားစိုးပိုင်၊ နိုင်ငံအတွင်းမှ။ သရဋ္ဌံ၊ မိမိစိုးပိုင်၊ နိုင်ငံအတွင်းသို့။ အဝဟာရဏာ–အဝဟာရဏေန၊ ဥပါယ်ဉာဏ်လှောက်၊ မာယာနှောက်သဖြင့်၊ မရောက်ရောက်အောင်၊ အပါဆောင်၍။ ဝါသယေ၊ အတည်တကျ၊ လှလှပိုင်ပိုင်၊ နေထိုင်စေရာ၏။ အထ ဝါ၊ ထိုသို့မဟုတ်၊ တနည်းထုတ်သော်ကား။ ဒါနမာနေဟိ၊ ပေးကမ်း ချီးမြှောက်၊ ထောက်ပင့်တမျိုး၊ မြတ်နိုးလေးမူ၊ အရေးယူခြင်းတို့ဖြင့်။ ဝါသယေ၊ အတည်တကျ၊ လှလှပိုင်ပိုင်၊ ကိုယ့်နိုင်ငံအတွင်းသို့၊ သက်ဆင်း နေထိုင်စေရာ၏။ ဟိ–ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဝါသိတံ၊ လူထုစည်ကား၊ ဦးရေများစွာ၊ သွားလာနေထိုင်စေအပ်သော။ တံ ရဋ္ဌံ၊ ထိုသည့်နိုင်ငံ၊ ပြည်ရပ်ဌာနသည်။ ဓနဒံ၊ ဥစ္စာဓန၊ ကြွယ်ဝပေါများသည်။ ဝါ၊ အခွန်ဘဏ္ဍာ၊ ဥစ္စာတက်ပွါး၊ ငွေအထွက်များသည်။ ဟောတိ၊ အမှန်စင်စစ်၊ ဧကန်ဖြစ်၏။ တသ္မာ၊ ထိုသို့ အခွန်တိုးပွါး၊ ငွေထွက်များသောကြောင့် ပါပေတည်း။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....လူတို့ဦးကိုင် နိုင်ငံ့အရှင် ဘုရင်တို့မည်သည် မိမိ၏နိုင်ငံ၌ လူဦးရေ စည်ကားလျက် ပွါးများတိုးတက်စေရန် တပါးသောမင်းတို့၏ နိုင်ငံ မြို့ရွာဒေသတို့မှ တိုင်းသူ ပြည်သားတို့ကို ဥပါယ်တမျဉ်ဖြင့် ကြံစည်ပြုလုပ်၍ မိမိ၏ နိုင်ငံအတွင်းသို့ မရောက်ရောက်အောင် အပါဆောင်သဖြင့် အစဉ်တစိုက် ပျော်ပိုက်နေထိုင်စေသင့်ပါသည်။ တနည်းအားဖြင့်လည်း ပစ္စည်းဥစ္စာ မြေယာ စသည်တို့ဖြင့် ချီးမြှင့် ပေးကမ်း၍သော်လည်းကောင်း၊ အစဉ်မပြတ် လေးမြတ်ကြည်ဖြူ အရေးယူသဖြင့် ပျူငှါသော လောကဝတ် အပေါင်းတို့ဖြင့်လည်းကောင်း ဖြားယောင်း သွေးဆောင်လျက် အစဉ်မပျက် ဆက်လက်၍ နေထိုင်စေသင့်ပါသည်။ အဘယ့်ကြောင့် ထိုသို့ နိုင်ငံခြားသားသူတပါးတို့ များစွာလာရောက် နေထိုင်စေသင့်သနည်းဟူမူ လူထု လူဦးရေပေါများလျက် စည်ကားစွာ လာရောက် နေထိုင်စေအပ်သော တိုင်းပြည်နိုင်ငံသည် အခွန်ဘဏ္ဍာဘက်ဆိုင်ရာ ဌာနအမျိုးမျိုးတို့ တိုးတက် ပွါးများသဖြင့် ငွေအထွက် များပါသည်။ ထို့ကြောင့် လူထုစည်ကား၍ နိုင်ငံခြားသားတို့ များစွာလာရောက် နေထိုင်စေသင့်ပါသည်ဟု ဆိုလိုသည်။

စကားကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းကိုသာ ပြောသင့်ပုံ

ထိုအခါ ဥဒေါင်းမင်းက ထိုစကားကို ကြားပြီးလျှင် "အိုအမတ်ကြီး....စကားတို့ကို များစွာချဲ့တွင်၍ ပြောဆိုခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း" ဟု ဆိုပြီး

လျှင် တိုတိုတုတ်တုတ်ဖြင့် လိုရင်းအချုပ်ကို ပြောဆိုလိုသည်ဖြစ်၍ **အတ္တော-ဒယော** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆို မိန့်ကြားတော်မူလေ၏။

၉၇။ အတ္တောဒယော ပရဇာနိ၊ ဒွယံ နီတိရိတီယတိ။
တံ မူလံ ကာရိယ ကိတ္တိ-ဘိ ဝါစပ္ပဇံျ ပတီယတေ။

အတ္တောဒယော စ၊ မိမိမှာ အကျိုးများ၍၊ တိုးပွါးခြင်း လည်းကောင်း။ ပရဇာနိ စ၊ ရန်သူတဖက်၊ သက်သက် ဆုံးရှုံးလျက်၊ လုံးလုံးပျက်စီး၍၊ အချည်းနှီး ဆုတ်ယုတ်ခြင်း လည်းကောင်း။ *ဣတီယတိ၊ ဤရွှေ့ဤမျှ၊ ပမာဏရှိသော။ ဒွယံ၊ နည်းလမ်းအစု၊ ပေါင်းနှစ်ခုသည်။ နီတိ၊ ထုံးတမ်းစဉ်လာ၊ ဓမ္မတာ စည်းကမ်း၊ လိုက်နာရန် နည်းလမ်းပေတည်း။ တံ၊ ထိုထုံးတမ်းစဉ်လာ၊ ဓမ္မတာ စည်းကမ်း၊ နည်းလမ်းနှစ်ပါးကို။ မူလံ ကာရိယ၊ မယွင်းသေချာမှု၊ အရင်းအမြေ ပြု၍။ ကိတ္တိဘိ၊ ကျော်စောထင်ရှား၊ ပညာရှိ အများတို့သည်။ ဝါစပ္ပဇံျ၊ ကြီးကျယ်ခမ်းနား၊ ဆန်းပြားသော စကား၏ အဖြစ်ကို။ ပတီယတေ – ဝိတ္ထာရီ-ယတေ၊ ချဲ့ထွင်ပိုမို၍၊ ထင်သလို ပြောဆိုအပ်၏။

ဤဂါထာ၀ယ် ဆိုလိုရင်း အဓိပ္ပါယ်ကား။ ။တဖက်ရန်သူနှင့် အချင်းချင်း ဆိုင်ပြိုင် တိုက်ခိုက်ရာ၌ မိမိက အောင်နိုင်ပြီးလျှင် အကျိုးများ၍ တိုးပွါးဖြစ်ထွန်းအောင် အားထုတ်ပြုလုပ်ရခြင်း, ရန်သူတဖက်မှ သက်သက် ဆုံးရှုံးလျက် လုံးလုံးကြီး ပျက်စီးစေခြင်း ဤသို့ လိုက်နာပြုကျင့်ရန် နည်းလမ်းနှစ်ပါးသာ ရှိသည်။ ထိုနည်းလမ်းနှစ်ပါးကို ပဓာန အရင်းအမြေ ပြုပြီးလျှင် နှံ့သိကျော်ကြားသော ပညာရှင်အများတို့သည် ခမ်းနားကြီးကျယ်စွာ မိမိတို့ ဉာဏ်အမြင်အားဖြင့် ထင်သလိုချဲ့ထွင်၍ အစီအစဉ်ကြီးတခု ပြုလုပ်ပြောဆိုကြခြင်းမျှသာ ဖြစ်ပေသည်။ လိုရင်းအနှစ် သေတ္တုကိုစစ်လိုက်လျှင် ဤနည်းလမ်းနှစ်ပါးပင် ရှိသည်၊ ထိုနှစ်ပါးမှတပါး အခြားအပိုအမို မရှိပေ။ ထို့ကြောင့် ထိုမျှလောက် အကြောင်းနှစ်ပါးကို လေလုံးတွေ ခပ်ထွားထွားဖြင့် အများကြီး မပြောသင့်ပေဟု ဆိုလိုသည်။

စည်းကမ်းရှိမှ အစွမ်းသတ္တိနှစ်မျိုး

ထို့နောက် အမတ်ကြီးသည် ပြုံးရယ်လျက် "အရှင်မင်းကြီး....အရှင်မင်းကြီး ပြောကြားသောစကား အားလုံးပင် မှန်ပါပေသည်။ သို့ပင် မှန်ပါသော်လည်း အထူးအားဖြင့် ဤဆိုလတ္တံ့သော စကားကိုလည်း ဆိုအပ်ပါသေး၏"ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၉၈။ အညဒုစ္စခ်လံ သတ္တ- မညံ သတ္တနိယန္တိတံ။
သမာနာဓိကရဏံျဟိ၊ တေဇတ္တိမိရယော ကုတော။

ဣဒံ ပရိမာဏမဿာ ဣတိဣယတိ ဇွတ္တား ဟိ။ (ဋီကာ)၊

ဒုစ္စာဝ်လ်၊ စည်းကမ်းမလိုက်၊ စိတ်ကြိုက်လိုတိုင်း၊ မဆုတ်ဆိုင်းဘဲ၊ အရိုင်းပြုလုပ်သော။ သတ္တံ-ဗလံ၊ သတ္တိအင်အား၊ စွမ်းပကားသည်။ အညံ၊ တမျိုးတခြား၊တပါးသာတည်း။သတ္တနိယ ြန္တိတံ-သတ္တေနဥဒါဟရိတံ၊ကျမ်းဂန်ညွှန်ပြ၊ နယတီထွင်၊ ပြုစီရင်အပ်သော။ သတ္တံ-ဗလံ၊ သတ္တိအင်အား၊ စွမ်းပကားသည်။ အညံ၊ တမျိုးတခြား၊ တပါးသာတည်း။ ဟိ၊ ထင်လင်းသိရာ၊ ဥပမာကား။ တေဇတ္တိမိရယော၊ အလင်းရောင်နှင့်၊ မိုက်မှောင် နှစ်ပါး၊ ထိုတရားတို့သည်။ သမာနာခိကရဏံ၊ တည်ရာ တူမျှ၊ ရှိကြသည်၏ အဖြစ်သည်။ ကုတော အတ္ထိ၊ ချင်းချင်းကွယ်ကာ၊ မဖွယ်ပါသဖြင့်၊ အဘယ်မှာ ရှိပါအံ့နည်း။ နတ္ထိဧဝ၊ ကေန်တိတိ၊ မှန်မရှိသည် သာလျှင်တည်း။

အဓိပ္ပါယ်။ ။စည်းကမ်း နည်းလမ်းကို မလိုက်ဘဲ မိမိ၏ စိတ်ကြိုက် အလိုရှိသည်အတိုင်း အရိုင်းဗလက္ကာရအားဖြင့် ဗလအားကိုးပြုလုပ်၍ ဖြစ်ပေါ်လာသော အလွန်အကျွံ ကြီးကျယ် ခဲယဉ်းစွာ အားထုတ်ပြုလုပ်မှ အနည်းငယ် စိုးစဉ်းမျှသော အကျိုးကို ပြီးမြောက်စေနိုင်သော သတ္တိအင်အား စွမ်းပကားသည် တမျိုးတခြား တပါး ဖြစ်ပေသည်။ နီတိကျမ်းတို့၌ ညွှန်ပြအပ်သော စည်းကမ်း နည်းလမ်းဖြင့် ကျကျနန စီမံ ပြုလုပ်၍ ဖြစ်ပေါ်လာသော လွယ်လွယ်ကူကူ အေးအေးသာသာဖြင့် ကြီးကျယ်စွာသော အကျိုးကို ပြီးမြောက်စေနိုင်သော သတ္တိအင်အား စွမ်းပကားသည်ကား တမျိုးတခြား တပါးသာ ဖြစ်ပေသည်။ ထိုစွမ်းပကား နှစ်မျိုးတို့သည် မည်သည့်အခါ၌မျှ မတူမျှကြ၊ လွန်စွာ ခြားနားကြပေသည်။ ထိုနှစ်နည်းတို့တွင် တခုသော နည်းကိုအသုံးပြုသဖြင့် စီမံပြုလုပ်ရာ၌လည်း ထိုစွမ်းပကား နှစ်မျိုးတို့ တပြိုင်နက် မဖြစ်ထွန်း မပေါ် ထွက်နိုင်ပေ။ ဥပမာအားဖြင့်ဆိုသော် လောက၌ အလင်းရောင်နှင့်အမိုက်မှောင်နှစ်ပါးတို့သည် သဘာဝအားဖြင့် အချင်းချင်း ဆန့်ကျင်ကွာခြားကြလေသောကြောင့် ထိုသဘောတရား နှစ်ပါးတို့သည် မည်သည့်အခါ မည်သည့်နေရာ၌မျှ အတူတကွ တပြိုင်နက် ရောယှက်၍ မပေါ် ထွက်နိုင်သကဲ့သို့ ဖြစ်ပေသည် ဟူလို။

ထို့နောင် ဥဒေါင်းမင်းသည် ထ၍ ဗေဒင်နက္ခတ် ကျမ်းဂန်တတ် ဆရာတို့ ပေးသော အချိန်အခါ၌ပင်လျှင် စစ်တပ်ကို ပြင်ဆင်စေလျက် ချီတက်ရန် ဆုံးဖြတ်လေ၏။

ထိုသို့ ဆုံးဖြတ်လိုက်သောအခါ ဟိရညဂဗ္ဘ မည်သော ဟံသာမင်း၏ စုံထောက် သူလျှိုဖြစ်သော သံအမတ်သည် မိမိ၏ အဖော်ဖြစ်သော သူလျှိုကို မှာထားပြောကြားသင့်သော အရာတို့ကို ပြောဆို မှာကြားပြီးလျှင် ကပ္ပူရ ကျွန်းသို့ ပြန်၍စေလွှတ်လိုက်လေ၏။ ထိုသူလျှိုသည် ဟံသာမင်း၏ အထံသို့ ရောက်လေသော် ရှိခိုး၍ သံတော်ဦးတင်သည်မှာ "အရှင်မင်းကြီး....စိတြဝဏ္ဏ

မည်သော ဥဒေါင်းမင်းသည် ကျွန်တော်မျိုးတို့၏ အနီးအပါးသို့ ဆိုက်ရောက်၍ လာပါပြီ၊ ယခုအခါ မလယတောင်ခြေ၌ ကောင်းမွန်စွာ နေထိုင်အပ်သော တပ်စခန်းကို စီမံ ပြုလုပ်လျက် နေပါပြီ၊ ကျွန်တော်မျိုးတို့၏ ခံတပ်ကိုလည်း လူသူ အဝင်အထွက် အသွား အလာမှ စ၍ စုံစမ်း စစ်ဆေးပြီးလျှင် အရေးကြီးစွာ သုတ်သင်ရှင်းလင်းခြင်း အမှုကို မကြာ မကြာ သတိထား၍ အခါခါ ပြုလုပ်သင့်ပါသည်။

အဘယ့်ကြောင့်နည်းဟူမူ ပြည်မှုကိစ္စတို့၌ အလွန်တရာ ကျွမ်းကျင် လိမ္မာသော လင်းတ အမတ်ကြီးသည် တစုံတယောက်သော သူနှင့် အတူတကွ အကြောင်းတစုံတရာ တိုင်ပင်ပြောဆိုသောစကား အသွားအလာနှင့် ဟန်ပန် အရိပ်နိမိတ်ဖြင့်ပင်လျှင် ထိုအမတ်ကြီး၏ အကြံအစည်ကို ကျွန်တော်မျိုး သိခဲ့ရပါသည်။ သိခဲ့ရပုံမှာ "ထိုလင်းတ အမတ်ကြီးသည် ရှေးမဆွက ပင်လျှင် ကျွန်တော်မျိုးတို့၏ ခံတပ်၌ တစုံတယောက်သော စုံထောက် သူလျှိုကို စေလွှတ်ထားနှင့်ပါပြီ" ဟု တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်သောအခါ စက္ကဝက် အမတ်ကြီးက တင်လျှောက်လိုက်သည်မှာ "အရှင်မင်းကြီး....ဤစုံထောက် သူလျှိုသည် အခြားသူမဟုတ်၊ မေဃဝဏ္ဏ မည်သော ကျီးသည်ပင် ဖြစ်တန်ရာပါသည်" ဟု တင်လျှောက်လေ၏။

ထိုအခါ ဟသ်ာမင်းက "စက္ကဝက် အမတ်ကြီး....ဤသို့ သင်အမတ်ကြီး တင်လျှောက် ပြောဆိုသည့်အတိုင်း မည်သည့်အခါ၊ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ၊ အကယ်၍ ကေန် ဤအတိုင်း ဟုတ်ရိုးမှန်ခဲ့ပါလျှင် ထိုတမန် ကျေးသား လာရောက်စဉ်အခါ အဘယ့်ကြောင့် ထိုကျီးသည် ကျေးသားကို နှိပ်စက်ညှဉ်းဆဲခြင်းငှါ အားထုတ် ပြုလုပ်ပါသနည်း။

တကြောင်းမှာလည်း ထိုတမန်ကျေးသား လာရောက်၍ ပြန်လည်သည့်နောက်မှ ဤစစ်တိုက်ရန် အားထုတ်ခြင်းကို ပြုလုပ်စီမံသည်၊ ထိုအခါ ကျီးသည်လည်း ဤနိုင်ငံ၌ ရှည်မြင့်စွာ နေခဲ့လေပြီ။ ထို့ကြောင့်ပင်လျှင် ထိုကျီးသည် ကေန်စင်စစ် သူလျှိုမဖြစ်နိုင်ပေ" ဟု မိန့်ဆိုတော်မူလေ၏။

ယင်းသို့ မိန့်ဆိုလေရာ "အရှင်မင်းကြီး....ထိုသို့ပင်ဖြစ်သော်လည်း တကျွန်း တနိုင်ငံမှ လာရောက်သော ဧည့်သည် အာဂန္တုဖြစ်၍ ယုံမှားသံသယ ဖြစ်သင့်ပါသည်" ဟု တင်လျှောက်လေ၏။

သူစိမ်းနှင့်ဆွေမျိုး အကျိုးရှိမရှိဖြင့် ခွဲခြားခြင်း

ထိုအခါ ဟသ်ာမင်းက "အာဂန္တုဧည့်သည်ပင်ဖြစ်သော်လည်း တခါတရံ ကျေးဇူးဥပကာရ ပြုကတတ်ကြောင်းကို တွေ့မြင်ရပါသည်၊ ဟဥ်းစားပါဦးလေ" ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆို မိန့်ကြားတော်မူလေ၏။

၉၉။ ပရောပိ ဟိတဝါ ဗန္ဓု၊ ဗန္ဓုရပျဟိတော ပရော။
အဟိတော ဒေဟဇော ဗျာဓိ၊ ဟိတမာရညမောသဓံ။

ဟိတဝါ၊ ကိုယ်မှာပွါးစီး၊ အကျိုးကြီးသော။ ပရောပိ၊ သူစိမ်းသွင်သွင်၊ ပြင်ပတခြား၊ တပါးသောသူပင် ဖြစ်သော်လည်း။ ဗန္ဓု၊ ပေါက်ဖော်သားချင်း၊ ဆွေရင်းမျိုးချာ၊ ဉာတကာမည်၏။ အဟိတော၊ ကိုယ်မှာစီးပွါး၊ အကျိုး မများသော။ ဝါ၊ကိုယ့်ကိုကပ်ဖွဲ့၊ စောင်းရွဲ့တမျိုး၊ အကျိုးမဲ့ကိုပြုတတ်သော။ ဗန္ဓု အပိ၊ ပေါက်ဖော်သားချင်း၊ ဆွေရင်းမျိုးချာ၊ ဉာတကာပင် ဖြစ်သော် လည်း။ ပရော၊ သူစိမ်းသွင်သွင်၊ ပြင်ပတခြား၊ တပါးသောသူမည်၏။ ဝါ၊ ကိုယ့်ကိုကပ်ဖွဲ့၊ အရွဲ့ကြံမူ၊ ကိုယ့်ရန်သူမည်၏။ ကိမိဝ၊ စံယှူနိုင်းဘွယ်၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဒေဟဇော၊ ကိုယ်မှပေါ်ပေါက်၊ ကိုယ်တွင်ရောက် သော။ ဗျာဓိ၊ အနာရောဂါ၊ ဝေဒနာသည်။ အဟိတော၊ ပွါးစီးမဖက်၊ အကျိုးဖျက်သဖြင့်၊ သက်သက် နှိပ်စက်တတ်၏။ အရညံ၊ ကိုယ်နှင့်မဆိုင်၊ တောမြိုင်တလျှောက်၊ အလေ့ပေါက်သော။ ဩသဓံ၊ ပင်၊ မြစ်၊ ခေါက်၊ ဥ၊ ဆေးအစုသည်။ ဟိတံ ဣဝ၊ ကိုယ့်မှာစီးပွါး၊ အကျိုးများသကဲ့သို့တည်း။

အဓိပ္ပါယ်။ ။မိမိ၏အကျိုးကို လိုလားသဖြင့် ကြီးပွါးတိုးတက်အောင် ရှက်ဆောင် အားထုတ် ပြုလုပ်သောသူသည် သူစိမ်းသွင်သွင် ပြင်ပတခြား တပါးသူပင်ဖြစ်သော်လည်း ပေါက်ဖော်သားချင်း ဆွေရင်းမျိုးချာ ဉာတကာ မည်ပေ၏၊ ပေါက်ဖော်သားချင်း ဆွေရင်းမျိုးချာ ဉာတကာပင်ဖြစ်သော်လည်း မိမိ၏အကျိုးစီးပွါးကို မရှက်ဆောင် မိမိအား အကျိုးမများသောသူသည် သို့မဟုတ် ကိုယ့်ကိုကပ်ဖွဲ့ စောင်းရွဲ့တမျိုး အကျိုးမဲ့ကို ပြုသော သူသည် သူစိမ်း သွင်သွင် ပြင်ပတခြား တပါးသောသူ မည်သည်သာလျှင် ဖြစ်ပေသည်၊ သို့မဟုတ် ကိုယ့်ကိုကပ်ဖွဲ့ အရွဲ့ကြံမူတတ်သော ရန်သူသာလျှင် ဖြစ်ပေသည်။ ဥပမာအားဖြင့်ဆိုသော် ကိုယ်မှပေါ်ပေါက်ရောက် ဖြစ်ပေါ်လာသော အနာရောဂါ ဝေဒနာသည် ကိုယ်မှဖြစ်သဖြင့် ကိုယ်နှင့်သာ သက်ဆိုင်သည့် ကိုယ်ပိုင်အစစ်ပင် မှန်ပါသော်လည်း အချည်းနှီးသက်သက် အကျိုးမဖက်ဘဲ ဖျက်ဆီးနှိပ်စက်ခြင်း ကိုသာ များစွာ ပြုတတ်ပေသည်။ ကိုယ်နှင့်မကပ် မစပ်မဆိုင် တောမြိုင် တလျှောက်တို့၌ အလေ့ပေါက်ဖြစ်သော အပင်၊ အမြစ်၊ အခေါက်၊ အဥ၊ အဖု အစရှိသော ဆေးအပေါင်းတို့သည် မိမိနှင့် မဆိုင်မစပ်ပါဘဲလျက် ကြီးမြတ်သော အကျိုးကို ဖြစ်စေသကဲ့သို့ ဖြစ်ပေသည် ဟူလို။

ထို့ပြင် သူစိမ်းပင်ဖြစ်သော်လည်း ရံခါ ကျေးဇူးပြုတတ်ပုံကို ဝတ္ထုသက်သေ နှင့်တကွ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတ့်သော စကားကိုလည်း

ကြားနာပါဦးလော့ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆို တော်မူလေ၏။

၁၀၀။ အာသိ ဝီရဝရော နာမ၊ သုဒ္ဒကဿ ဘူပါလဿ။
သေဝကော အပ္ပကာလေန၊ သဒ္ဒီ သုတမတ္တနော။

သုဒ္ဒကဿ၊ သုဒ္ဒကဟု၊ နာမတံဆိပ်၊ ဘွဲ့ပုံနှိပ်သော။ ဘူပါလဿ၊ ရေမြေ့ အရှင်၊ ဘုရင်မင်းမြတ်၏။ ဝီရဝရော နာမ၊ ဝီရဝရဟု၊ ခေါ်ပြုနာမ၊ အမည် ရသောသူသည်။ သေဝကော၊ မင်းထံခယမ်း၊ အမှုထမ်း သူခစားသည်။ အာသိ၊ ဖြစ်ပြီ။ သ–သော သေဝကော၊ ထိုအစေအပါး၊ မင်းခယောကျ်ားသည်။ အပ္ပကာလေန၊ ကာလမကြာ၊ နည်းငယ်စွာဖြင့်။ အတ္တနော သုတံ၊ ကိုယ်၏ ရင်နှစ်၊ သားအချစ်ကို။ အဒဒီ၊ နတ်အားကြည်ဖြူ၊ အရေးယူလျက်၊ ပေးလှူ ပူဇော်ခဲ့ဘူးလေပြီ။

ဤဝီရဝရမည်သော မင်းခယောကျ်ားသည် ကာလမမြင့်ကြာသေးလျက် အသက်တမျှ ချစ်ခင်လှသော မိမိ၏ရင်နှစ် သားအစစ်ကို နတ်အား ပူဇော်ပုံ အကျယ်ကား အဘယ်ကဲ့သို့ပါနည်းဟု စက္ကဝက်အမတ်ကြီးက မေးလျှောက်ရာ ဟင်္သာမင်းက အောက်ပါ အကြောင်းအရာတို့ကို မိန့်ကြားတော်မူလေ၏။

ဝီရဝရမင်းသားဝတ္ထု

ရှေးအခါ ငါသည် **သုဒ္ဒကမင်း**၏ နှစ်သက်မွေ့လျော် ပျော်ဘွယ်ရာရှိသော ရေအိုင်ကြီး၌နေသော **ကပ္ပူရကေလီ**မည်သော ဟင်္သာမင်း၏သမီးတော် **ကပ္ပူရ မဥ္ဇရီ**နှင့် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း ဖြစ်ခဲ့၏။ ထိုအရပ်၌ **ဝီရဝရ**မည်သော မင်းသားတယောက်သည် တခုသောနိုင်ငံမှ လာရောက်ပြီးလျှင် မင်းအိမ် တံခါးသို့ကပ်၍ တံခါးစောင့်ယောကျ်ားကို ဤသို့သော စကားဖြင့် ပြောကြား လေ၏—"အဆွေတံခါးစောင့်....ကျွန်ုပ်သည် မင်း၏အထံ၌ လခရိက္ခာဖြင့် အမှု တော်ကို ထမ်းဆောင်လိုသော မင်းသားတယောက် ဖြစ်ပါသည်၊ ထို့ကြောင့် ကျေးဇူးပြု၍ ကျွန်ုပ်ကို ရှေ့တော်သို့ ခေါ်ဆောင်ပြီးလျှင် မင်းအား ပြစေလို ပါသည်"ဟု ပြောဆိုရာ ထိုတံခါးစောင့်သည် ထိုမင်းသားကို ခေါ်ဆောင်ခဲ့၍ ရှေ့တော်သို့ ရောက်သောအခါ "အရှင်မင်းကြီး....အကယ်၍ ကျွန်တော်မျိုး သည် အရှင်မင်းကြီး၏အထံ၌ အမှုတော်ကို ထမ်းရွက်သဖြင့် အကျိုးတော် ရှိပါမူ ကျွန်တော်မျိုးအား လခရိက္ခာတော် ချီးမြှင့် ပေးသနားတော်မူပါ"ဟု တင်လျှောက်လေ၏။

ယင်းသို့ တင်လျှောက်ရာ သုဒ္ဒကဘုရင်က "အသင်၏ လခကို မည်မျှချီးမြှင့် မ-စ,ရမည်နည်း"ဟု မေးလေသော် ဝီရဝရမင်းသားက "နေ့စဉ် ရွှေဒင်္ဂါး(၄၀၀) မ-စတော်မူပါ"ဟု တင်လျှောက်လေ၏။

သုဒ္ဒကမင်း။ ။သင့်မှာ မည်ကဲ့သို့သော အဆောင်အရွက် လက်နက်မျိုးတို့နှင့် ပြည့်စုံပါသနည်း။

ဝီရဝရမင်းသား။ ။ကျွန်တော်မျိုး၏ လက်နက်မှာ လက်ရုံးနှစ်ဖက်နှင့် သုံးခုမြောက် လက်နက်မှာ သန်လျက် ဖြစ်ပါသည်။

သုဒ္ဒကမင်း။ ။ဤမျှသာဖြစ်ခဲ့လျှင် သင်တောင်းခံသော လခသည် သင့်လျော် မှန်ကန် ထိုက်တန်မည် မဟုတ်ပေ။

ထိုသို့ မင်းကြီးမိန့်ဆိုသော စကားကို ကြားသဖြင့် ဝီရဝရမင်းသားသည် မင်းအား ရှိခိုး၍ အပါးတော်မှ ဖဲခွါထွက်သွားလေ၏။

ထိုသို့ သွားသောအခါ အပါးတွင်ရှိသော အမတ်တို့က "အရှင်မင်းကြီး.... လေးရက်ခန့်မျှ အခပေး၍ စမ်းသပ် ကြည့်ရှုတော်မူပါလျှင် အသို့နည်း ထိုမျှလောက် အခကို ထိုက်တန်လေသလော, မထိုက်တန်လေသလောဟု ထိုသူ၏ သဘောကို စောကြော၍ သိနိုင်ပါသည်"ဟု တင်လျှောက်ကြသည့်အခါ အမတ်ကြီးတို့ တင်လျှောက်သည့် စကားရပ်ကြောင့် နောက်ထပ်၍ ခေါ်စေပြီးလျှင် အရှင်သခင်တို့သည် သူခစား အစေခံတို့ကို လက်ခံ သိမ်းပိုက်သည့်အခါ ပြုမြဲဖြစ်သော ထုံးစံအတိုင်း ဝီရဝရမင်းသားအား ကွမ်းယာပေးတော်မူ၍ တရက်လျှင် ရွှေဒင်္ဂါး (၄၀၀)ကျစီ ချီးမြှင့် မ-စတော်မူလေ၏။

ထိုသို့ မ-စတော်မူပြီးလျှင် မင်းသည် ထိုမင်းသား၏ ဤပစ္စည်းများကို သုံးစွဲပုံကို လျှို့ဝှက်စွာ သတိနှင့် စုံစမ်းကြည့်ရှုလေ၏။

ဝီရဝရမင်းသားသည် ထိုပစ္စည်းတဝက်ကို နတ်နှင့်ပုဏ္ဏားတို့အား ပေးလှူပူဇော်၍ တဖန် ကျန်ပစ္စည်း၏ တဝက်ကို ဆင်းရဲနွမ်းပါးကုန်သောသူတို့အား ပေးကမ်း စွန့်ကြဲလေ၏၊ ထိုမှအကျန်ဖြစ်သော ပစ္စည်းတဝက်ကို ဘောဇဉ် ခဲဘွယ်နှင့် ပျော်ပါးရန်အတွက် သုံးစွဲလေ၏။ ဤအလုံးစုံကို နေ့စဉ် ကိစ္စပြုလုပ်၍ မင်းအိမ်တံခါး၌ နေ့ညဉ့်ပတ်လုံး သန်လျက် လက်စွဲလျက် ခစားအမှုထမ်းလေ၏၊ သုဒ္ဒကမင်းက အခွင့်ပေးသည့်အခါမှသာ မိမိအိမ်သို့ သွားလေ၏။

ထိုနောက် တပါးသောအခါ လဆုတ်ပက္ခ ၁၄-ရက်မြောက် အလွန်မှောင်မိုက်သော ညဉ့်၌ သည်းထန်လွန်မင်း ဝမ်းနည်းခြင်းဖြင့် ညည်းညူလျက် ပြင်းစွာသော ငိုသံကို မင်းကြီးကြားလေ၏၊ ထိုအသံကို ကြားလေသော် မင်းကြီးသည် ထိုတံခါး၌ "မည်သူနည်း၊ မည်သူရှိသနည်း"ဟု မေးတော်မူလေ၏။

ဝီရဝရမင်းသား။ ။အရှင်မင်းကြီး....ကျွန်တော်မျိုး ဝီရဝရ ဖြစ်ပါသည်၊ ဝီရဝရ ရှိပါသည်။

သုဒ္ဓကမင်း။ ။ငိုသံကို အစဉ်လိုက်၍ စုံထောက်စူးစမ်းခြင်းကို ပြုရမည်။

ထိုသို့ မိန့်တော်မူသောအခါ ဝီရဝရမင်းသားသည်လည်း အရှင်မင်းကြီး မိန့်တော်မူတိုင်း ဆောင်ရွက်ပါအံ့ဟု ဆိုပြီးလျှင် ထွက်၍ လာခဲ့၏။

ထိုနောက် သုဒ္ဓကမင်းသည် ကြံစည် အောက်မေ့တော်မူပြန်သည်မှာ ငါသည် ဤမင်းသားကို အဖော်မပါ တယောက်ထည်းသာလျှင် အလွန် သည်းထန်ထူထပ်စွာ တခဲနက် မှောင်မဲသော အမိုက်တိုက်၌ စေလွှတ်လိုက် မိပေပြီ၊ ဤသို့ စေလွှတ်ခြင်းသည် အလျှင်းမသင့်လျော်ချေ၊ ငါလည်း ထိုသူ၏ နောက်သို့ အစဉ်လိုက်၍ ဤအရာသည် မည်သည့်အရာဖြစ်သည်ဟု စုံစမ်းမှ သင့်လျော်မည်ဟု ကြံစည်တော်မူလေ၏။ ထိုသို့ကြံစည်ပြီးသည်နောက် မင်းကြီး သည်လည်း လက်သုံးတော် သန်လျက်ကို ကိုင်စွဲလျက် ထိုသူ၏ နောက်သို့ အစဉ်လျှောက်သဖြင့် မြို့ပြင်သို့ ထွက်တော်မူပြီးလျှင် မင်းသား၏ နောက်သို့ လိုက်တော်မူ၏။

ဝီရဝရ မင်းသားသည်လည်း ထိုအသံကို တန်းမှန်း၍ သွားလေသော် ငိုယို လျက် နေသော လှပတင့်တယ် အဆင်းအရွယ်နှင့် ပြည့်စုံသည့် အလုံးစုံသော ဝတ်စားတန်ဆာတို့ဖြင့် ဆင်ယင်အပ်သော တယောက်သော မိန်းမကို တွေ့၍ "သင်သည် အဘယ်သူ ဖြစ်ပါသနည်း၊ အဘယ့်ကြောင့် သည်းထန်စွာ ငိုကြွေး မြည်တမ်း၍ နေပါသနည်း"ဟု မေးလေ၏။

ထိုသို့မေးရာ ဤငိုယို၍နေသော မိန်းမက "ကျွန်ုပ်သည်ကား အခြားသူ မဟုတ်ပါ၊ ဤသုဒ္ဓကမင်း၏ အသရေကို စောင့်သော နတ်သမီးဖြစ်ပါသည်၊ ရှည်မြင့်စွာသော ကာလပတ်လုံး ထိုမင်း၏ ဘုန်းလက်ရုံးရိပ်ကို ခိုလှုံ၍ ကြီးစွာ သော ချမ်းသာခြင်းဖြင့် နေခဲ့ရပါပြီ၊ မိဖုရား၏ လွန်ကျူးသော အပြစ်ကြောင့် ယနေ့မှ နောက် သုံးရက်မြောက်သော နေ့၌ သုဒ္ဓကမင်းသည် သေခြင်းသို့ ရောက်လတ္တံ့၊ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုးကွယ်ရာမဲ့သည်ဖြစ်၍ ယခုအခါ ဤအရပ်၌ တည်နေနိုင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့် ငိုကြွေးရပါသည်"ဟု ပြောကြားလေ၏။

ထိုအခါ ဝီရဝရ မင်းသားက "အရှင်နတ်သမီး....ပျက်စီး ဆုတ်ယုတ်သော အရာ ရှိပါမူ ပြုပြင်နိုင်သော အကြောင်းလည်း ရှိသင့်ပါသည်၊ သို့ဖြစ်ပါ၍ အရှင် နတ်သမီးသည် အဘယ်သို့သော အကြောင်းဖြင့် ဤအရပ်၌ တဖန်ပြန်၍

တည်နေနိုင်ပါမည်နည်း၊ တည်နေနိုင်ခြင်း၏ အကြောင်းကို မိန့်တော်မူပါ”ဟု ဆိုလေ၏။

ထိုသို့ မေးမြန်းရာ နတ်သမီးက ပြောဆိုပြန်သည်မှာ “အကယ်၍ သင်သည် မိမိ၏ သားဖြစ်သော ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံသော **သတ္တိဓရမည်သော** သတို့သား၏ ဦးခေါင်းကို မိမိလက်ဖြင့် ဖြတ်၍ အလုံးစုံသော မင်္ဂလာတို့နှင့် ပြည့်စုံသည်ဖြစ်၍ **သဗ္ဗမင်္ဂလာ** အမည်ရှိသော နတ်သမီးအား ပူဇော် ပ,သသည်ဖြစ်အံ့၊ ဤသို့ ပူဇော် ပ,သသည်ရှိသော် သုဒ္ဒကမင်းသည် အသက်တရာ ရှည်လတံ့၊ ငါလည်း ဤအရပ်၌ ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာစွာ နေရလတံ့”ဟု ပြောဆို၍ ကွယ်ပျောက်လေ၏။

သူတပါးအတွက် အသက် ဥစ္စာတို့ကို စွန့်လွှတ်ပူဇော်သင့်ပုံ

ထို့နောက် ဝီရဝရမင်းသားသည် မိမိအိမ်သို့ပြန်၍ အလွန်အိပ်မောကျလျက် အိပ်ပျော်၍ နေကြသော မိမိ၏မယားနှင့် သားတို့ကို နှိုးလေ၏။ ထိုနှစ်ဦးသော မယားနှင့်သားတို့သည် အိပ်ပျော်ရာမှနိုး၍ အိပ်ရာမှ ထကြပြီးလျှင် အနီးသို့ လာကြသောအခါ ဝီရဝရ မင်းသားသည် နတ်သမီးပြောကြားသော အလုံးစုံသော စကားတို့ကို ပြောကြားလေ၏။ ထိုစကားကို ကြားလေသော် သတ္တိဓရ သတို့သားသည် နှစ်သက်ဝမ်းမြောက်စွာ ပြောဆိုသည်မှာ“အရှင်သခင်ဖြစ်သော မင်းကို စောင့်ရှောက်ခြင်း အကျိုးငှါ တင့်တယ် လျောက်ပတ်သော သုံးခြင်းဖြင့် ငါ၏ ခန္ဓာကိုယ်ကို အသုံးပြုရပေသည်၊ ထို့ကြောင့် ငါ့အား ဤသို့ ချီးမွမ်းထိုက်သော ဘုန်းရှိပေစွ၊ ဘခင်....ယခုအခါ အဘယ်မှာလျှင် ကာလကို အရှည်ဆွဲ၍ ဖင့်နွှဲရန် အကြောင်းရှိပါမည်နည်း၊ မည်သည့်အခါမဆို ဤသို့သော ကိစ္စမျိုး၌ ဤကိုယ်ခန္ဓာကို ပူဇော်ရခြင်းသည် တင့်တယ်ကောင်းမြတ် ချီးမွမ်းအပ်သည်သာ ဖြစ်ပါသည်၊ အကြောင်းကို နာတော်မူပါ ဦးလော့”ဟု ဆို၍ ဤဆိုလတံ့သော ဂါထာကို ရွတ်ဆို ပြောကြားလေ၏။

၁၀၁။ ဓနာနိ ဇီဝိတဉ္စေဝ၊ ပရတ္ထေ ပညော ဥသဇ္ဇေ။
သန္နိမိတ္တော ဝရံ စာဂေါ၊ ဝိနာသေ နိယတေ သတိ။

ပညော၊ မြော်မြင်သတိ၊ ပညာရှိသောသူသည်။ ဓနာနိ စ၊ စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေ၊ အထွေထွေတို့ကိုလည်းကောင်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေ၊ ခေါ်ထွေဆိုချက်၊ ကိုယ့်အသက်ကို လည်းကောင်း။ ပရတ္ထေ၊ တပါးသူ့ဝယ်၊ ကြီးကျယ်တိုးပွါး၊ အကျိုးများခြင်းကြောင့်။ ဥသဇ္ဇေ၊ လွှတ်လွှတ်ကျွတ်ကျွတ်၊ စွန့်လွှတ်ပူဇော်ရာ၏။ ကသ္မာ၊ ထိုသို့ပြုဘွယ်၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဝိနာသေ၊ ဥစ္စာအသက်၊ ထိုနှစ်ချက်တို့၏၊ ဆက်ဆက်အမှန်၊ ဖောက်ပြန် ပျက်စီးခြင်းသည်။

နိယတော၊ မုချမလွဲ၊ ကေန်မြဲသည်။ သတိ၊ ရှိသော်။ သန္နိမိတ္တော၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်အား၊ အကြောင်းပြု၍။ စာဂေါ၊ ရက်ရက်စက်စက်၊ ငဲ့ကွက်မတွန့်၊ လွတ်လွတ်စွန့်ရခြင်းသည်။ ဝရံ၊ တင့်တယ်လျောက်ပတ်၊ လွန်မြင့်မြတ်၏။ တသ္မာ၊ ထိုသို့တင့်တယ်၊ ဖွယ်ရာလျောက်ပတ်၊ လွန်မြင့်မြတ်သောကြောင့်တည်း။

အဓိပ္ပါယ်။ ။သတိသမ္ပဇဉ် ပညာ အမြော်အမြင်နှင့် ပြည့်စုံသောသူသည် မိမိ၏ စည်းစိမ် ဥစ္စာ ရတနာ ရွှေငွေ အထွေထွေတို့ကို ဖြစ်စေ, မိမိ၏ အသက်ကိုပင် ဖြစ်စေ သူတပါးတို့ အကျိုးစီးပွါး ကေန္တ များလိမ့်မည်ကို အကြောင်းပြု၍ လွတ်လွတ်ကျွတ်ကျွတ် ရက်ရောစွာ စွန့်လွှတ်ပေရာ၏။ အဘယ့်ကြောင့် ထိုသို့ ရက်ရက်စက်စက် စွန့်လွှတ်ပေရာသနည်းဟူမူ စည်းစိမ်ဥစ္စာတို့သည် လည်းကောင်း, မိမိ၏ အသက်သည်လည်းကောင်း ကေန်မလွဲ တနည်းနည်းဖြင့် ပျက်စီးရမြဲ ဖြစ်ပေသည်။ ထိုသို့ ဥစ္စာအသက်တို့ ပျက်စီးခြင်း မြဲခဲ့ပါမူ အချည်းနှီး မပျက်စီးစေမူ၍ သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်ကို အကြောင်းပြုလျက် ထိုဥစ္စာ အသက်တို့ကို ရက်ရောစွာ စွန့်လွှတ်၍ လှူဒါန်းပူဇော်ရခြင်းသည် အလွန်တရာမှ တင့်တယ်လျောက်ပတ်၍ မြင့်မြတ်လှသောကြောင့် ဖြစ်ပေသည် ဟူလို။

ထိုနောက် သတ္တိရေသတို့သား၏ မိခင်က ပြောဆိုပြန်သည်မှာ "ဤသို့ အသက်ကိုစွန့်၍ ပြုလုပ်အပ်သော ဇီဝိတဒါနသည် ငါတို့အမျိုးအား လျောက်ပတ်၏။ ယင်းသို့မှ မပြုလုပ်ခဲ့ပါမူ မင်းထံမှ တနေ့ တနေ့လျှင် ရွှေဒင်္ဂါး လေးရာ လေးရာ ယူ၍ ထားအပ်သော လခရိက္ခာကို ကျေလည်အောင် ပြန်၍ ကျေးဇူးဆပ်ရန် မည်သည့် အလုပ်မျိုးနှင့်မှ ပြုလုပ်နိုင်ရန် ရှိလိမ့်မည် မဟုတ်ပေ"ဟု ပြောဆိုလေ၏။

ဤသို့ ကြံစည် စဉ်းစားကြပြီးလျှင် အလုံးစုံသော သားအမိ သားအဘ သုံးယောက်တို့သည် **သဗ္ဗမင်္ဂလာ** အမည်ရှိသော နတ်သွိုး၏ နတ်စင်သို့ သွားကြလေ၏။ ထိုနတ်စင်၌ သဗ္ဗမင်္ဂလာ နတ်သွိုးကို ရှိခိုးပူဇော်ကြ၍ ဝီရဝရမင်းသားက ဤသို့ ဆိုလေ၏ "အရှင်နတ်သွိုး....သုဒ္ဒကမင်းကြီး၏ အောင်မြင်တော်မူခြင်းကို နှစ်သက်တော်မူပါလော့၊ ဤအကျွန်ုပ်တို့၏ ပူဇော်ပသခြင်းကိုလည်း ခံယူတော်မူပါလော့"ဟု ဆို၍ သတ္တိရေမည်သော သား၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ပိုင်းလိုက်လေ၏။

ထိုနောက် ဝီရဝရမင်းသားသည် ဤသို့ ကြံစည်ပြန်လေ၏— "မင်းထံမှ ယူအပ်သော လခရိက္ခာအတွက် အကျုံအလျဉ်ပြန်၍ ကျေးဇူးတော် ဆပ်ခြင်းကို ပြုလုပ်ခဲ့လေပြီ၊ ယခုအခါ သားမရှိသော ငါ့အား အသက်ရှင်ခြင်းသည်

အဘယ်မှာ အကျိုးရှိတော့မည်နည်း၊ အချည်းနှီးသာ ဖြစ်ချေပြီ”ဟု ကြံစည်၍ မိမိ၏ ဦးခေါင်းကို မိမိကိုယ်တိုင် ဖြတ်လိုက်လေ၏။

ထို့နောက် ဝီရဝရမင်းသား၏ ဇနီးမိန်းမသည်လည်း သားနှင့်လင်တို့၏ သောကဖြင့် ဖိစီးနှိပ်စက်အပ်သည်ဖြစ်၍ ထိုနည်းအတူပင်လျှင် မိမိကိုယ်ကို မိမိသတ်၍ သေလေ၏။

ထိုအလုံးစုံကို မင်းသည် ကြားသိ တွေ့မြင်ရသဖြင့် အလွန် အံ့ဩလျက် အောက်ပါ ဂါထာကို မိမိ၏စိတ်၌ ကြံစည်တော်မူမိလေ၏။

၁၀၂။ ဇီဝန္တိ စ မရန္တိ စ၊ မာဒိသာ ခုဒ္ဒဇန္တဝေါ။
အနေန သဒိသော လောကေ၊ န ဘူတော န ဘဝိဿတိ။

မာဒိသာ၊ ငါနှယ်အတူ၊ ငါလိုလူစား၊ ငါကဲ့သို့ သဘောသွားရှိကုန်သော။ ခုဒ္ဒဇန္တဝေါ၊ နုန့်နဲ့စိတ်ဇော၊ မနောမဖွယ်၊ သဘောငယ်ကုန်သော သတ္တဝါတို့သည်။ ဇီဝန္တိ စ၊ များစွာပြည့်နှက်၊ စဉ်မပျက်ဘဲ၊ အသက်လည်း ရှင်ကြကုန်၏။ မရန္တိ စ၊ များစွာပြည့်နှက်၊ ခန္ဓာပျက်၍၊ အသက်လည်း သေဆုံးကြကုန်၏။ အနေန၊ ဝီရဝရ၊ မနဖြောင့်စင်း၊ ရဲတင်းပြတ်သား၊ ဤမင်းသားနှင့်။ သဒိသော၊ အတွင်းစိတ်ဇော၊ မနောအမူ၊ သဘောတူသောသူသည်။ လောကေ၊ စကြဝဠာ၊ ဤကမ္ဘာ၊လောကကြီး၌။ န ဘူတော၊ ဖန်ဖန်သနစ်၊ ပြန်လှန်၍ စစ်သော်လည်း၊ တရံတဆစ်မျှ၊ အမှန်မဖြစ်ခဲ့ဘူးလေ။ န ဘဝိဿတိ စ၊ နောက်နောင်အနာ၊ ဘယ်နံရှေအခါ၌မျှ၊ ကေန္တ ဖြစ်လိမ့်မည်လည်း မဟုတ်ပေ။

အဓိပ္ပါယ်။ ။ဤကမ္ဘာလောကကြီး၌ ငါနှယ်အတူ ငါလိုလူစား ငါကဲ့သို့ စိတ်နေစိတ်ထား သဘောသွားယုတ် သိမ်နုပ် သေးငယ်ကုန်သော သတ္တဝါတို့သည် များစွာ အပြည့်အနှက်အားဖြင့် အသက်လည်း ရှင်၍ နေကြကုန်၏၊ ထို့အတူ သင်္ချာသင်္ချေ မရေမတွက်နိုင်လောက်အောင် မြားမြောင်စွာလည်း သေပျောက်ကြကုန်၏။ ယင်းသို့ ငါကဲ့သို့ သေးသိမ် နုပ်ဖွဲ့သော ပုဂ္ဂိုလ် သတ္တဝါတို့ များစွာပင် ရှိကြပါသော်လည်း ဤစိတ်သဘော ကြီးကျယ်မြင့်မြတ်၍ ဖြောင့်မတ် တည်ကြည်သော ဝီရဝရမင်းသားကဲ့သို့သော သူသည်ကား ဤစကြဝဠာ ကမ္ဘာလောကကြီး၌ ရှေးလွန်လေပြီးသောအခါကလည်း တရံတဆစ်မျှ အမှန် မဖြစ်ခဲ့ဘူးပေ၊ နောင် အနာဂတ်ကာလ အခါတို့၌လည်း မည်သည့်အခါ၌မျှ ကေန္တ ဖြစ်လိမ့်မည် မဟုတ်ပေ ဟူလို။

ထို့ကြောင့် ဝီရဝရမင်းသားနှင့် ကင်း၍ ငါ၏ မင်းပြုလုပ် စိုးစံရသော ဤနိုင်ငံဖြင့် အဘယ် အကျိုးရှိပါတော့အံ့နည်းဟု ကြံစည် တွေးတော၍ ထိုသုဒ္ဒကမင်းသည်လည်း မိမိ၏ဦးခေါင်းကို ဖြတ်အံ့သောငှါ သန်လျက်တော်ကို မြှောက်တော်မူလိုက်လေလျှင် ဘုန်းကြက်သရေနှင့် ပြည့်စုံသော သဗ္ဗမင်္ဂလာ

နတ်သမီးသည် ကိုယ်တိုင်မျက်မှောက် လာရောက်၍ လက်တို့ဖြင့် သုဒ္ဒကမင်းကို စွဲကိုင်လျက် "ချစ်သား....ငါသည် သင့်အား နှစ်သက် မြတ်နိုးပါသည်၊ ဤသို့ ရုတ်တရက် ရှောင်တခင် မဆင်ခြင်မူ၍ ဆောလျင်စွာ မပြုလုပ်သင့်ပါ၊ ယခုအခါ သင်၏ မင်းပြုလုပ် စိုးစံခြင်းနှင့် နိုင်ငံ၏ ပျက်စီးခြင်းသည် အလျှင်းမရှိတော့ပါ"ဟု ဆိုလေ၏။

သုဒ္ဒကမင်းသည်လည်း ပျပ်ဝပ်ရှိခိုးပြီးလျှင် "အရှင်နတ်သမီး....အကျွန်ုပ်အား တိုင်းပြည် နိုင်ငံဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း၊ အသက်ရှင်ခြင်းဖြင့်လည်း ကောင်း, ဘုန်းကြက်သရေ အထွေထွေတို့၏ ပြည့်စုံခြင်းဖြင့်လည်းကောင်း အဘယ်အကျိုး ရှိပါအံ့နည်း၊ အကယ်၍ အကျွန်ုပ်အား ငဲ့ညှာ ထောက်ထား၍ သနားကြင်နာခြင်း ရှိခဲ့ပါမူ အကျွန်ုပ် အသက် ကြွင်းကျန်သေးသဖြင့်လည်း ဤသားမယားနှင့် တကွသော ဝီရဝရမင်းသားကို တဖန်ပြန်၍ အသက်ရှင်စေပါလော့၊ ထိုသို့မရှင်စေပါမူ အကျွန်ုပ် ကြံရွယ်ခြင်းရှိသည်အတိုင်း မိမိဦးခေါင်းကို မိမိဖြတ်၍ လတ်တလော သေပါတော့အံ့"ဟု ဆိုလေ၏။

ထိုအခါ နတ်သမီးက "ဤသို့ သင်၏ စိတ်နှလုံး မြင့်မြတ်ခြင်းကြောင့်လည်းကောင်း, ကျေးကျွန်တို့၏ အပေါ်၌ ချစ်ခင် ကြင်နာခြင်းကြောင့်လည်းကောင်း အလုံးစုံသော အမှုအရာအားဖြင့်ပင်လျှင် သင့်အား နှစ်သက် မြတ်နိုးပါ၏၊ သွားလော့ သင်လည်း အသက်ရှင်စေ၊ ဤအခြံအရံနှင့်တကွသော ဝီရဝရမင်းသားသည်လည်း အသက်ရှင်စေ"ဟု ဆို၍ နတ်သမီး ကွယ်လေ၏။

ထို့နောက် ဝီရဝရမင်းသားသည် သားမယားနှင့်တကွ အသက်တဖန် ရှင်ကြပြန်၍ မိမိတို့၏ အိမ်သို့ ပြန်ကြလေ၏။ သုဒ္ဒကမင်းသည်လည်း ထိုအလုံးစုံတို့ကို အမှတ်မရဘဲ ပြာသာဒ်၏ အထက်ပြင်သို့ သွား၍ ရှေးအတိုင်းမပျက် အိပ်စက်တော်မူလေ၏။

ထို့နောက် နံနက်မိုးသောက် အလင်းသို့ ရောက်လတ်သော် တံခါး၌တည်သော ဝီရဝရမင်းသားကို တဖန် မင်းကြီးက ခေါ်တော်မူပြီးလျှင် ယမန်နေ့ညအခါက ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို မေးမြန်း စုံစမ်းတော်မူသောအခါ ဤသို့ တင်လျှောက်လေ၏—"အရှင်မင်းကြီး....ငိုကြွေးမြည်တမ်း၍ နေသော ထိုမိန်းမသည် အကျွန်ုပ်ကို မြင်သောအခါ အလိုအလျောက် ကွယ်ပျောက်၍ သွားပါသည်၊ ဤမျှသာ ဖြစ်ပါသည်၊ ထို့ပြင် ထူးခြားစွာ ဖြစ်ပျက်သော အကြောင်းမရှိပါ"ဟု တင်လျှောက်လေ၏။ ထိုစကားကို ကြားရသဖြင့် မင်းကြီးသည် အလွန်နှစ်သက်တော်မူ၍ အံ့ဩလျက် ကြံစည်တော်မူသည်မှာ—

၁၀၃။ ပိယံ ဘဏတျကပ္ပဏော၊ သူရော ဟောတျဝိကတ္ထနော။
ဒါတာ နာပတ္တဝသိ စ၊ ပဂဗ္ဘော ဟောတျနိဋ္ဌုရော။

ထို့ကြောင့် "ဤသူသည် အလွန် ချီးမွမ်း အံ့ဩဘွယ်ကောင်းသော ယောက်ျားမြတ် ဖြစ်ပါပေသည်"ဟု မိမိလျောက်လျှားဘာသာ ကြံစည်တော်မူလေ၏။

အကပ္ပဏော၊ သဘောအခြေ၊ အနေခိုင်ခံ့၊ မယုတ်ညံ့သောသူသည်။ ပိယံ၊ ပိယဝါစာ၊ ချိုသာပြေပြစ်၍၊ ချစ်ဖွယ်သောစကားကို။ ဘဏတိ၊ ကြားနာသူ ဘဝင်အေးလောက်အောင်၊ ယဉ်ကျေးစွာ ပြောဆိုတတ်၏။ သူရော၊ သူရသတ္တိ၊ အစွမ်းရှိသောသူသည်။ အဝိကတ္တနော၊ ကိုယ့်ဂုဏ်ကို ပလွားလျက်၊ ဝါကြွား ကြိမ်းဝါးခြင်းမရှိသည်။ ဟောတိ၊ ဧကန်စင်စစ်၊ အမှန်ဖြစ်၏။ ဒါတာ စ၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းတတ်သောသူသည်လည်း။ အပတ္တဝဿီ၊ မတင့်တယ် မလျောက်ပတ် မသင့်မြတ်သည့် အရာ၌ ဥစ္စာမိုးရွာတတ်သည်။ န ဟောတိ၊ မုချဧကန်၊ အမှန်မဖြစ်တတ်ပေ။ ပဂဗ္ဘော၊ မြော်မြင်ဝေဘန်၊ ပညာဉာဏ်ရှိသော သူသည်။ အနိဋ္ဌုရော၊ ရိုင်းပြမလုပ်၊ မကြမ်းကြုတ်သည်။ ဟောတိ၊ ဧကန်စင်စစ်၊ အမှန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။မူလဘူတ အခြေအနေ တည်တံ့ခိုင်ခံ့၍ မယုတ်ညံ့သော သဘောရှိသောသူသည် ပိယဝါစာ သာယာပြေပြစ်၍ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ပေသည်၊သူရသတ္တိစွမ်းရည်ရှိသောသူသည် မိမိ၏ဂုဏ်ကို ချီးမြှောက် ပလွားလျက် ဝါကြွား၍ ကြိမ်းဝါးခြင်းမရှိပေ။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း တို့ဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုလေ့ရှိသောသူသည်လည်း အလောင်းအစား အပျော်အပါးနှင့် အသောက်အစားတို့ကို ပြုခြင်း အစရှိသော မတင့်တယ် မလျောက်ပတ် မသင့်မြတ်သည့် နေရာဌာနတို့၌ ပစ္စည်းဥစ္စာ ရတနာတို့ကို သက်သက်မဲ့ဖြုန်းတီး၍ အချည်းနှီး မကုန်ခန်းစေတတ်ပေ။ မြော်မြင်ဝေဘန် တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် ရိုင်းပြ ကြမ်းကြုတ်သော အမှုကို မပြုလုပ်တတ်ပေ ဟူလို။

ဤအလုံးစုံသော ယောကျ်ားမြတ်တို့၏ လက္ခဏာသည် ထိုဝီရဝရမင်းသား၌ အကုန်ပင် ပြည့်စုံပေသည်ဟု ကြံစည်အောက်မေ့လေ၏။ ထိုသို့ ကြံစည်မိခြင်း ကြောင့် သုဒ္ဒကမင်းသည် နံနက်အခါ၌ ပညာရှိ မင်းတိုင်ပင် အမတ်တို့နှင့် မြင့်မြတ်ကုန်သော လူကြီးလူကောင်းတို့ကို အစည်းအဝေးပြုစေ၍ ထိုအလုံးစုံ သော အကြောင်းတို့ကို ချီးမွမ်းပြီးလျှင် အလွန်ကြည်ညို နှစ်သက်ခြင်းကြောင့် ထိုမင်းသားအား ကဏ္ဏာဋမြို့ကို မင်းပြုရန် အပိုင်စား ပေးသနားတော်မူလိုက် လေ၏။

ဝီရဝရမင်းသားဝတ္ထု ပြီး၏။

ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထို့ကြောင့် "အသို့ပါနည်း စက္ကဝက်အမတ်ကြီး....ညွှတ်သည် အာဂန္တုတိုင်း ပင်လျှင် ရန်သူ ဖြစ်ပါသလော၊ စင်စစ်အားဖြင့် မဖြစ်နိုင်ပါ၊ ထိုညွှတ်သည် အာဂန္တုတို့တွင်လည်း အယုတ်အမြတ်အားဖြင့် နှစ်မျိုးနှစ်စား ကွာခြားလျက် ရှိကြပါသေးသည်" ဟု မိန့်တော်မူလေ၏။

အလိုတော်ရိ အမတ်များသည် အောက်တန်းစားဖြစ်ပုံ

ထိုသို့ မိန့်တော်မူရာ စက္ကဝက်အမတ်ကြီးက ဤဆိုလတ့်သော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၄။ သကိံ မန္တီ နရိန္ဒိစ္ဆာ၊ ယော ယုတ္တံယုတ္တမောဝဒိ။
ဝရံ သာမိမနောဒုက္ခံ၊ တန္နာသော န တကာရိတော။

ယော မန္တီ၊ အကြင် စလွယ်သွယ်ပျောင်း၊ ပေါင်းနားဒွောင်းနှင့်၊ သူကောင်း ခန့်အပ်၊ မင်းတိုင်ပင် အမတ်သည်။ နရိန္ဒိစ္ဆာ–နရိန္ဒိစ္ဆာယ၊ မင်း၏စိတ်ကြိုက်၊ အလိုလိုက်သဖြင့်။ အယုတ္တံ၊ ပြုရန်မလျော်၊ မသင့်တော်သည်ကို။ ယုတ္တံ၊ ပြုရန်သင့်တော်၊ လျော်ကန်ပါ၏ဟူ၍။ ဩဝဒိ၊ ဆုံးမစကား၊ ပြောဆိုကြား၏။ သ–သော မန္တီ၊ ထို စလွယ်သွယ်ပျောင်း၊ ပေါင်းနားဒွောင်းနှင့်၊ သူကောင်း ခန့်အပ်၊ မင်းတိုင်ပင် အမတ်သည်။ ကိံ မန္တီ၊ ဘယ်ပုံဘယ်နည်း၊ ဘယ်သို့သော အမတ်ကြီးပါနည်း။ ဝါ၊ ယုတ်နိမ့်ဖောက်ပြား၊ အောက်တန်းစား အမတ် ပါတည်း။ သာမိ မနော ဒုက္ခံ၊ အရှင်သခင်၊ အထင်တော်လွဲလျက်၊ စိတ်ဆင်းရဲ ခြင်းသည်။ ဝရံ၊ သင့်လျော်လျောက်ပတ်၊ မြင့်မြတ်ပါသေး၏။ အကာရိတော၊ အကြောင်းမဟုတ်သည်ကို၊ အကောင်း သမုတ်သဖြင့်၊ အပြုလုပ် မှားခြင်း ကြောင့်။ တန္နာသော၊ ထိုအရှင်သခင်၊ ဘုရင်၏ ပျက်စီးခြင်းသည်။ န တု ဝရံ၊ မုချကေန်၊ အမှန် မမြတ်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။အကြင် မင်းတိုင်ပင် အမတ်သည် ဘုရင်၏ စိတ်ကြိုက် အလိုတော်သို့ လိုက်သဖြင့် စီမံပြုလုပ်ရန် ကေန် မတင့်မလျော် မသင့်တော် သည့် အရာဌာနတို့၌လည်း သင့်တော် လျော်ကန်ပါသည် ဟူ၍ အလိုတော်ရိ စကားဖြင့် လျှောက်ထား ပြောဆိုတတ်၏၊ ထိုသို့ အလိုတော်ရိ လျှောက်ထား တတ်သော အမတ်သည် ယုတ်ညံ့ ဖောက်ပြား၍ အောက်တန်းစား အမတ် မျိုးသာ ဖြစ်ချေသည်။ အကြောင်းသော်ကား ထိုသို့ စီမံပြုလုပ်ရန် မသင့် လျော်သည်ကို မသင့်လျော်ပါဟု တင်လျှောက်ခြင်းကြောင့် အလိုတော် မကျ

သဖြင့် အရှင်သခင်သည် အထင်တော်လွဲပြီးလျှင် စိတ်ဆင်းရဲ ပင်ပန်းတော်မူခြင်းသည် သင့်လျော် လျောက်ပတ် မြင့်မြတ်ပေသေး၏၊ မသင့်မလျော်သည်ကို သင့်လျော်ပါသည်ဟု တင်လျှောက်ရာ အကြောင်းမဟုတ်သည်ကို အကောင်း သမုတ်လျက် ပြုလုပ်မိမှားခြင်းကြောင့် ထိုအရှင်သခင် ဘုရင်၏ ပျက်စီးခြင်းသည် မုချကေန် အမှန်မမြတ်ပေဟု ဆိုလိုသည်။

ရှင်ဘုရင်ကို ပျက်စီးအောင်လျှောက်တင်နိုင်သည့် အလိုတော်ရိ သုံးမျိုး

ထို့ပြင် ဘုရင်၏ အလိုအကြိုက်ကိုသာ အလိုက်သင့် လျှောက်ထားတတ်သည့် အလိုတော်ရိသွား သုံးဦးသားတို့ကြောင့် ဘုရင်မှောက်မှားတတ်ပုံကို ပြဆိုလိုသည်ဖြစ်၍ **ဝေဇ္ဇော ဂုရု စ မန္တီ စ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၅။ ဝေဇ္ဇော ဂုရု စ မန္တီ စ၊ ယဿ ရညော ပိယံ သဒါ။
သရီရဓမ္မကောသေဟိ၊ ခိပ္ပံ သ ပရိဟီယတေ။

ဝေဇ္ဇော စ၊ ရောဂါဖြစ်ကြောင်း၊ လွတ်ကင်းကြောင်းကို၊ ကောင်းစွာ မြင်မြော်၊ သွားတော်သည်လည်းကောင်း။ ဂုရု စ၊ ကျိုးကြောင်းပြသ၊ အစစကို၊ ဆုံးမသွန်သင်သော၊ ဆရာအရှင်သည်လည်းကောင်း။ မန္တီ စ၊ တိုင်းရေးပြည်ရေး၊ ဘဏ္ဍာတော်ရေးတို့၌၊ ဆွေးနွေး မေးမြန်းအပ်သော မင်းတိုင်ပင်အမတ်သည်လည်းကောင်း။ ယဿ ရညော၊ အကြင် စိုးရသနင်း၊ ပြည့်ရှင်မင်းအား။ သဒါ၊ အမြဲမကွာ၊ အခါခပ်သိမ်း။ ပိယံဝဒါ၊ မင်း၏အလို၊ အကြိုက်ကိုသာ၊ အလိုက်သင့် ရှုမြော်၍၊ တော်လျော်စွာ ပြောဆို တင်လျှောက်ခြင်းကြောင့်။ သ–သော ရာဇာ၊ ထိုအလိုတော်ရိသွားတို့၏၊ အတင်အဆိုကို၊ နားဝင်အချိုကြိုက်သော မင်းသည်။ ခိပ္ပံ၊ လျင်မြန်ဆောစွာ၊ မျှားမကြာသာလျှင်။ သရီရ-ဓမ္မကောသေဟိ၊ ကိုယ်ခန္ဓာနှင့်၊ ကျင့်ရာတရား၊ စီးပွါးဥစ္စာ၊ ရတနာတို့မှ။ ပရိဟီယတေ၊ ပျက်စီးဆုတ်ယုတ်၊ လုံးလုံးကြီး ပြုတ်ပေရာ၏။

အဓိပ္ပါယ်။ ။ဘုရင်မင်းမြတ်၏ အပါးတော်၌ အစဉ်မပြတ် အားထားကိုးကွယ်ရာ တိုင်ပင်ရာဖြစ်သော ရောဂါဝေဒနာဖြစ်ခြင်း၏ အကြောင်းရင်းကိုလည်းကောင်း, ထိုရောဂါဝေဒနာ လွတ်ကင်း၍ ပျောက်ငြိမ်း ချမ်းသာခြင်း၏ အကြောင်းကိုလည်းကောင်း ကောင်းစွာ ကျွမ်းကျင်လိမ္မာသော သွားတော်ဆရာသည် ဘုရင်၌ ရောဂါဝေဒနာ စွဲကပ်သည်ရှိသော် ထိုရောဂါဝေဒနာ ပျောက်ကင်းရာ ပျောက်ကင်းကြောင်း ကောင်းမြတ် သင့်လျော် တော်တန်သော ဆေးဝါး ဓာတ်စာ စသည်တို့ကို မပေးမဆက်မူ၍ သက်သက် ဘုရင်၏

စိတ်ကြိုက် အလိုတော်လိုက်ပြီးလျှင် ဝေဒနာနှင့် မထိုက်မလျော် မသင့်တော်သည့် အစာအာဟာရတို့ကို သင့်မြတ်လှပါသည် လျော်ကန်လှပါသည် စသည်ဖြင့် အလိုတော်ရိ လျှောက်တင်ခြင်းကြောင့် ဘုရင်သုံးဆောင်တော်မူရာ ဆရာမှာကား မထောင့်တာ၊ ဘုရင်မှာသာ ခန္ဓာပျက်၍ အသက်ဆုံးတတ်ပေသည်။

ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်သိမြင်သဖြင့် ဘုရင်မင်းမြတ်အား ကျိုးကြောင်းနှစ်ပါး ကျင့်ဝတ်တရားတို့ကို မမှားအောင် သွန်သင်ဆုံးမ လမ်းညွှန်ပြတတ်သော ဆရာသည်လည်း ကျမ်းဂန်နှင့်အညီ ကျင့်ဝတ်တရားတို့ကို မမှားအောင် မသွန်သင်မူ၍ ဘုရင်၏ စိတ်ကြိုက် အလိုတော်လိုက်ပြီးလျှင် မထိုက်မတန် မလျော်ကန်သောအမှုကို ထိုက်တန်လျော်ကန်သော အမှုအရာ ဖြစ်ပါသည်ဟူ၍ အလိုတော်ရိ လျှောက်တင်ခြင်းကြောင့် ဘုရင်ပြုကျင့်ရာ ဆရာမှာကား အတွက်မရှိ၊ ဘုရင်မှာသာ ကျင့်ဝတ်တရားတို့ ဖောက်ပြား ပျက်စီးရပေသည်။

တိုင်းရေး ပြည်ရေး ဘဏ္ဍာတော်၏ အရေးတို့ကို ဆွေးနွေး မေးမြန်းအပ်သော မင်းတိုင်ပင် အမတ်သည်လည်း သင့်လျော် လျောက်ပတ်သည်ကို မလျှောက်တင်မူ၍ ဘုရင်၏စိတ်ကြိုက် အလိုတော်လိုက်ပြီးလျှင် မထိုက်တန် မသင့်လျော်သည်ကို ထိုက်တန်သင့်လျော်ပါသည်ဟု လျှောက်တင်ခြင်းကြောင့် ဘုရင်သည် အထင်တော်လွဲလျက် မပြုသင့်ဘဲ ပြုကျင့်ပါမူ လျှောက်တင်သူအမတ်မှာ ပါးစပ်စိုက်ရရုံမျှသာ ဖြစ်ပေသည်၊ စင်စစ်မှာမူ ဘုရင်မှာ အကျိုးယုတ်လျက် စည်းစိမ်ပါ ပြုတ်တတ်ပေသည်။ ထို့ကြောင့် ဘုရင်၏ အလိုအကြိုက်ကို လိုက်လျော-ညာ-ဝါးလျက် အလိုတော်ရိ လျှောက်ထားတတ်သော အမတ်စားမျိုး မလုပ်ဝံ့ပါဟု ဆိုလိုသည်။

ထို့ပြင် သုဒ္ဒကဘုရင်သည် ကုသိုလ်ကံ ထောက်မသဖြင့် အလွန်တရာ တည်ကြည်ဖြောင့်မတ်၍ ကောင်းမြတ်သော ဉာဏ်သည်ရောက်သစ်စ ဝိရဝရ မင်းသားနှင့် တွေ့ကြုံရဘိသကဲ့သို့ ငါလည်း ထိုနည်းတူစွာ ရတန်ရာ၏ဟု မအောက်မေ့သင့်ကြောင်း၊ ကံထူးသော သူတဦး၏ နမူနာကို အတုယူကာ အလုပ်လွဲသဖြင့် အကျိုးနဲ့တတ်ကြောင်းတို့ကို ထုံးဟောင်းနှင့်တကွ ပြဆိုလိုသည်ဖြစ်၍ **ပုညာ လဒ္ဓံ ယဒေကေန** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၆။ ပုညာ လဒ္ဓံ ယဒေကေန၊ တံ မမဉ္စ န စိန္တယေ။
ဟန္ဒာ ဘိက္ခုံ မဟာလောဘာ၊ နိရုတ္တိ နှာပိတော ဟတော။

ယံ၊ အကြင် ရွှေငွေ ဘဏ္ဍာ၊ အစဖြာလျက်၊ အရာရာသော ဝတ္ထုကို။ ဧကေန၊ တစုံတယောက်၊ ကုသိုလ်ထောက်သော သူသည်။ ပုညာ၊ ရှေးရှေး

အဟောင်း၊ ဘဝပေါင်းမှ၊ ကောင်းမှု၏အဟုန်ကြောင့်။ လဒ္ဓံ၊ အခွင့်ကြုံကြိုက်၊ တိုက်ဆိုက်မသေ့၊ ရအပ်ပေ၏။ တံ၊ ထိုအခြားသူတယောက်၊ ကံကောင်း ထောက်၍၊ ပေါ်ပေါက်ရလာ၊ ထိုအရာကို။ မမဥ္စ၊ ငါ့အားလည်း။ လဒ္ဓံ ဉာတိ၊ မှုချဆတ်ဆတ်၊ ကေန်ရအပ်၏ဟူ၍။ နစိန္တယေ၊ အတပ်မမှန်၊ မအပ်ပြန်သဖြင့်၊ မမှတ်မကြံသင့်ပေ။ ယသ္မာ၊ အကြင့်ကြောင့်။ မဟာလောဘာ၊ စွဲလမ်းပြင်းစွာ၊ အာသာခိုင်ဖြိုး၊ လောဘကြီးဖြင့်။ ဘိက္ခုံ၊ သံသရာစခန်းမှ၊ ထွက်လမ်းရှုမြော်၊ ရဟန်းတော် တပါးကို။ ဟန္တွာ၊ ရိုက်နှက်ပုတ်ခတ်၊ အသေသတ်မိလေသော ကြောင့်။ နိမျတ္တိ၊ ရတနာ ရွှေအိုးကို၊ မြော်ကိုးတမ်းတ၊ လိုချင်လှသော။ နှာပိတော၊ မှတ်ဆိတ်ဆံပြုပြင်သည့်၊ ဆေတ္တာသည် လုလင်ကို။ ဟတော၊ လူအများဝိုင်းဝန်းလျက်၊အသက်ကို စီရင်ခဲ့ဘူးလေပြီ။ တသ္မာ၊ ထိုသို့မှောက်မှား ချွတ်ယွင်း၊ ပျက်စီးခဲ့ဘူးခြင်းကြောင့်။ နစိန္တယေ၊ အတပ်မမှန်၊ မအပ်ပြန် သဖြင့်၊ မမှတ် မကြံသင့်ပေ။

ဤသို့ သူတပါးကို အတုယူပြီးလျှင် အပြုအမူမှားခြင်းကြောင့် လူအများ ဝိုင်းဝန်းလျက် အသက်ကို အစီရင်ခံရသော ဆေတ္တာသည်ယောကျ်ား၏ ဖြစ် ပွါးပုံ အတ္ထုပ္ပတ္တိ အကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု ဟင်္သာမင်းက မေးလေသော် စက္ကဝက် အမတ်ကြီးသည် အောက်ပါ ပုံဝတ္ထုကို လျှောက်တင် ပြောဆိုလေ၏။

စူဠာမဏိလုလင်နှင့် ရဟန်းတော်ကို သတ်သော ဆေတ္တာသည်ဝတ္ထု

တရံရောအခါ **အယုဇ္ဈယပြည်၌** **စူဠာမဏိ**မည်သော အမျိုးသားတယောက် ရှိလေ၏၊ ထိုသူသည် ရွှေ ငွေ ဥစ္စာတို့ကို ရလိုသဖြင့် များစွာ ဒုက္ခခံလျက် လ,ထက်ဝက် သဏ္ဌာန်နှင့်တူသော မကိုဋ်ကျောက်ရှိသော ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသော **ဣဿရ-မဟာသိဝ** နတ်မင်းကြီးအား ရှည်မြင့်စွာသော ကာလပတ်လုံး ပူဇော် ပ,သခြင်းကို ပြုလေ၏၊ ယင်းသို့ ပူဇော်ပ,သခြင်းဖြင့် ထိုစူဠာမဏိမည်သော သူသည် (**ဟိန္ဒူဘာသာ အယူဝါဒအားလျော်စွာ**) မကောင်းမှုမှ ကင်းစင်သည်ရှိသော် မဟာသိဝ နတ်မင်းကြီး၏ အမိန့်အာဏာ တော်ဖြင့် ဘီလူးတို့ကို အစိုးရသော **ကုဝေရ**နတ်မင်းကြီးသည် အိပ်မက်၌ ကိုယ်ထင်ပြ၍ ညွှန်ကြားပြောဆိုသည်မှာ 'အမောင်လုလင်....သင်သည် ယနေ့ နံနက်စောစောပင်လျှင် ဦးခေါင်းကို ရိတ်စေပြီး၍ တုတ်, လုံကန်ကို လက်၌ကိုင်စွဲ လျက် မိမိ၏အိမ်တံခါးဝ၌ ဆိတ်ငြိမ်စွာ ချောင်းမြောင်း၍ နေဘိလော့၊ထိုသို့နေ သောအခါ အိမ်၏ဝင်းခြံတွင်းသို့ ရဟန်းတော်တပါး ကြွလာသည်ကို တွေ့မြင်ရ လိမ့်မည်၊ ထိုအခါ ထိုရဟန်းတော်ကို မိမိ၏လက်၌ ကိုင်ဆောင်အပ်သော

တုတ်, လုံကန်ဖြင့် ရိုက်နှက်၍ သနား ညှာတာခြင်းကင်းလျက် ရက်စက်စွာ ညှဉ်းဆဲ သတ်ဖြတ်လေလော့၊ ယင်းသို့ သတ်ဖြတ်သောအခါ ထိုရဟန်းတော်သည် ရွှေအပြည့်ထည့်လျက်ရှိသော ဖျဉ်းအိုးကြီးဖြစ်လိမ့်မည်၊ ထိုရွှေအိုးဖြင့် သင်သည် အသက်ထက်ဆုံး ချမ်းသာသုခကို ခံစားလျက် နေလေလော့”ဟု အိပ်မက်ပေးလေ၏။

ထိုနောက် စူဠဒ္ဓါမဏိ လုလင်သည် မိမိအိပ်မက်မြင်သည့်အတိုင်း ပြုလုပ်ရာ အလုံးစုံ အောင်မြင် ပြီးမြောက်၍ ချမ်းသာကြွယ်ဝခြင်းသို့ ရောက်လေ၏။

ထိုသို့ စီမံပြုလုပ်ရာ၌ ဆံမုတ်ဆိတ် ရိတ်ဖြတ်ရန် ဤအိမ်သို့ ခေါ်ဆောင် အပ်သော ဆေတ္တာသည်သည် ဤစူဠဒ္ဓါမဏိ လုလင်၏ မျက်မြင်ဒိဋ္ဌ ရွှေအိုးကြီး ရပုံ အလုံးစုံကို တွေ့မြင် ကြည့်ရှုရ၍ စဉ်းစားဆင်ခြင်သည်မှာ “ဩော်.... အံ့ဩဘွယ်ရှိပေစွ၊ ဤသို့ပြုလုပ်အပ်သော နည်းလမ်းသည် ရွှေအိုးကို ရနိုင်ပေသည်၊ ထိုသို့ လွယ်လင့်တကူ ရွှေအိုးရနိုင်ခြင်း အကြောင်းရှိသောကြောင့် ငါသည်လည်း အဘယ့်ကြောင့် ဤနည်းအတိုင်း လိုက်နာ၍ မပြုကျင့်ဘဲ နေရမည်နည်း၊ စင်စစ် ပြုလုပ်မှ သင့်လျော်မည်”ဟု ကြံစည်အောက်မေ့လေ၏။ ယင်းသို့ ကြံစည်သည်မှစ၍ ထိုဆေတ္တာသည်သည် နေ့စဉ်ပင်လျှင် စူဠဒ္ဓါမဏိလုလင် ပြုလုပ်သကဲ့သို့ တုတ်,လုံကန်ကို ကိုင်စွဲလျက် ကောင်းစွာ ပုန်းအောင်း ချောင်း မြောင်း၍ ရဟန်းတော်၏ ကြွလာခြင်းကို မြှော်လင့်စောင့်စား၍ နေလေ၏။

တနေ့သ၌ ထိုသို့ မြှော်လင့် စောင့်စား၍နေစဉ် မိမိ၏ ပကတိသဘောအားဖြင့် ဆွမ်းခံကြွရောက်၍လာသော ရဟန်းတော်တပါးကို ထိုဆေတ္တာသည်သည် တုတ်, လုံကန်ဖြင့် ရက်စက်စွာ ရိုက်နှက်လေရာ ရဟန်းတော်မှာ ထိုဒဏ်ချက်ဖြင့်ပင်လျှင် ပျံလွန်တော်မူရှာလေ၏။

ထိုသို့ ရဟန်းတော်ကို သတ်ပုတ်ညှဉ်းဆဲခြင်းကြောင့် အမှုထမ်းသား ပုလိပ်ပျာဒါအများတို့သည် စုရုံးလာရောက်ကြပြီးလျှင် ဝိုင်းဝန်း၍ ရိုက်နှက်ကြရာ ထိုဆေတ္တာသည်လည်း မရှုမလှ သေဆုံးခြင်းသို့ ရောက်ရှာလေ၏။ ထို့ကြောင့် အကျွန်ုပ်သည် **ပုညာ လဒ္ဓံ ယဒေကေန** အစရှိသော စကားကို ဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

ခေတ်မသိသူအား ကောင်းဆိုးခွဲခြားရန် ခက်ပုံ

ထို့နောက် ဟသံမင်းသည် စက္ကဝက် အမတ်ကြီး၏ စကားကို နှစ်သက် ဝမ်းမြောက်တော်မူလှသဖြင့် ဟုတ်မှန်ကြောင်းကို ဝန်ခံလိုသည်ဖြစ်၍ ဤဆိုလတံ့ သောဂါထာကို ရွတ်ဆိုပြောကြားလေ၏။

၁၀၇။ ပုရာဝုတ္တကထောဂ္ဂါရော၊ ကထံ နိစ္ဆိယတေ ပရော။
ကိံ ဝါ နိက္ကာရဏော ဗန္ဓု၊ ကိံ ဝါ ဝိသာသဃာတကော။

ဧသော၊ ဤသူသည်။ နိက္ကာရဏော၊ မိမိ၏ ကိစ္စအမျိုးမျိုးကို၊ မသည်ပိုးတတ်၊ ကျိုးမနပ်သော။ ဗန္ဓုဝါ၊ သဟာအဆွေ၊ မိတ္တေခင်ပွန်း၊ ချစ်ကျွမ်းဝင်သောသူသည်မူလည်း။ ဟောတိ ကိံ၊ သနစ်မသွေ၊ ဖြစ်ပါလေသလော။ ဝိသာသဃာတကော၊ အကျွမ်းတဝင်၊ ယှက်တင်ပေါင်းဖက်၊ မိတ်ရင်းကိုဖျက်တတ်သော။ ဗန္ဓုဝါ၊ သဟာအဆွေ၊ မိတ္တေခင်ပွန်း၊ ချစ်ကျွမ်းဝင်သောသူသည်မူလည်း။ ဟောတိ ကိံ၊ သနစ်မသွေ၊ ဖြစ်ပါလေသလော။ ဣတိ၊ ဤသို့။ ပုဒ္ဓဝုတ္တကထောဂ္ဂါရာ၊ ရှေး၌ဖြစ်ဘူး၊ စကားထူးကို၊ စူးစမ်းပြန်လှန်၊ ဖန်ဖန်ပြောဆိုခြင်းဖြင့်။ ပရော၊ ခေါတ်ခံအရင်းကို၊ အလျှင်း မသိဘူးသည့်၊ မထူးမခြား၊ တပါးသောသူကို။ ကထံ၊ ဘယ်သို့ခြင်းရာ၊ ကြောင်းစာနာသဖြင့်။ နိစ္ဆိယတေ၊ အသွင် အပြင်၊ အပေါ်ရံ မြင်ကာမျှဖြင့်၊ ကေန္တ ဆုံးဖြတ်အပ်၊ ဆုံးဖြတ်နိုင်ပါအံ့နည်း။ အနိစ္ဆိယတေ ဝေ၊ မဆုံးဖြတ်အပ်၊ မဆုံးဖြတ်နိုင်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။ရှေးရှေးသော အတိတ်ခေတ်က ဖြစ်ခဲ့ဘူးသည့် အထူးထူးအထွေထွေသော ဝတ္ထုသက်သေစကား အတန်တန်တို့ကို ပြန်လှန်ပြောကြား၍စဉ်းစား ဆင်ခြင်ကာမျှဖြင့် ဤသူသည် မိမိ၏အကျိုးကို မရှက်ဆောင်တတ်အကျိုးမနပ် အချည်းနှီးဖြစ်သော အဆွေခင်ပွန်းပေတည်းဟူ၍ လည်းကောင်း, မိမိအကျိုးကို ရွက်ဆောင်အားထုတ်တတ်သော မြင့်မြတ်သော အဆွေခင်ပွန်းပေတည်းဟူ၍ လည်းကောင်း, အကျွမ်းတဝင် ယှက်တင်ပေါင်းသင်းအပ်သောမိတ်ရင်းကို ဖျက်တတ်သည့် ယုတ်မာသော မိတ်ဆွေ ဟူ၍ လည်းကောင်းခေါတ်ခံစိတ်ရင်းကို အလျှင်း မသိဘူးသေးသော တပါးသောသူကို သွင်ပြင်ဟန်ပန်နှင့် အပေါ်ရံက အမူအရာကို မြင်ကာမျှဖြင့် အဘယ်မှာ ကေန္တဆုံးဖြတ်နိုင်ပါအံ့နည်း၊ မဆုံးဖြတ်နိုင်သည်သာ ဖြစ်ပေသည် ဟူလို။

ဒိုဝ်နှင်းရန့်လွယ်ကူသည့် ရန်သူ၏လက္ခဏာ

ဤသို့ ရွတ်ဆိုပြောကြားပြီးလျှင် ဆက်လက်၍ ပြောပြန်သည်မှာ "ရှိပါစေလော့, ရှိပါစေလော့၊ အမတ်ကြီး....ဤအကြောင်းကို ဤမျှတွင် စခန်းသတ်၍ရပ်တန့်လိုက်ပါဦးလော့! ယခုချက်ခြင်း လက်ငင်းတွေ့ကြုံ၍နေသော အမှုကိုသာကြံစည်စိတ်ကူးရန် သင့်ပါသည်၊ အကယ်၍ စိတြဝဏ္ဏမည်သော ဥဒေါင်းမင်းသည်မလယတောင်ခြေ၌ ကောင်းစွာ နေအပ်သောခံတပ်ကို စီမံလျက် တပ်စခန်းချ၍နေသည်ဖြစ်အံ့၊ ထိုသို့ နေခဲ့သည်ရှိသော် ကျွန်ုပ်တို့သည် ယခုအခါ အဘယ်ကဲ့သို့စီမံပြုလုပ်ရပါမည်နည်း"ဟု မေးလေသော် စက္ကဝက် အမတ်ကြီးက "အရှင်မင်းကြီး....စိတြဝဏ္ဏမည်သော ဥဒေါင်းမင်းသည် အမြော်အမြင်နှင့် ပြည့်စုံသောလင်းတ အမတ်ကြီး၏ နည်းပေးညွှန်ပြ ဩဝါဒကို ကျနရိုသေစွာ လိုက်နာ၍

မပြုလုပ်ကြောင်းကို ယခု ရောက်လာသော သူလျှို၏အထံမှ ကြားသိရပါသည်၊ ထို့ကြောင့် ဤမိုက်မဲညံ့ဖျင်း ပညာကင်းသောသူကို အောင်နိုင်ရန် မခဲယဉ်းပါ စွမ်းနိုင်ပါ၏။ ထို့ကြောင့်ပင်လျှင်—

၁၀၈။ လုဒ္ဒေါ ကုဒ္ဒေါဝသောသစ္စော၊ ပမာဒီ ဘီရုရတ္ထိရော။
မူဠှော ယောဓာဝမန္တာ စ၊ သုခေါဒ္ဓေဇွောရိ သမ္မတော—

ဟူ၍ ရှေးရှေးအစဉ် ပညာရှင်အမော် ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူအပ် ပေသည်။

လုဒ္ဒေါ စ၊ မတန်အဆ၊ လောဘရမ္မက်၊ ငမ်းငမ်းတက်ပြီး၊ အလိုကြီးသည် လည်း ဖြစ်သော။ ကုဒ္ဒေါ စ၊ ရက်စက်ကြမ်းကြုတ်၊ အရမ်းလုပ်သဖြင့်၊ ဆိုးယုတ် သည်လည်းဖြစ်သော။ အဝသော စ၊ တပါးသူ၏ အလိုစရိုက်သို့၊ မကြိုက် မမျှော၊ မလိုက်လျောတတ်သည်လည်းဖြစ်သော။ အသစ္စော စ၊ သစ္စာဂတိ၊ မရှိအမှန်၊ ဖောက်ပြန်တတ်သည်လည်း ဖြစ်သော။ ပမာဒီ စ၊ မေ့မေ့လျော့လျော့၊ သတိပေါ့တတ်သည်လည်း ဖြစ်သော။ ဘီရု စ၊ သူရဲဘော ကင်းပျောက်လျက်၊ ကြောက်ရွံ့တတ်သည်လည်း ဖြစ်သော။ အထိရော စ၊ လှုပ်ရှားမခိုင်၊ ယိမ်းယိုင် လျော့ရဲ မမြဲသော စိတ်သဘောရှိသည်လည်း ဖြစ်သော။ မူဠှော စ၊ အသိ အလိမ္မာ၊ ဘလာ လွတ်ကင်း၊ မိုက်-အ-ဖျင်း သည်လည်းဖြစ်သော။ ယောဓာဝ- မန္တာ စ၊ ရဲမက် စစ်သည်တို့ကို မထီမဲ့ ပြုတတ်သည်လည်း ဖြစ်သော။ အရိ၊ အန်တု ပြန်လှန်၊ ခုခံပြုလုပ်၊ ရန်သူယုတ်ကို။ သုခေါဒ္ဓေဇွော၊ အကျယ်မလိုက်၊ မသွယ် ဝိုက်ဘဲ၊ အလွယ်ဖြင့်တိုက်ခိုက် ဖျက်ဆီးအပ်၊ ဖျက်ဆီးနိုင်၏ ဟူ၍။ သမ္မတော၊ ပညာရှင်ပုဂ္ဂိုလ်တို့၊ နှုတ်ချိုစကား၊ ထုတ်ဆိုကြားလျက်၊ မှာထားသမုတ်အပ်၏။

ဓာဝိပ္ပါယ်—

၁။ အကြင် ရန်သူသည် မတန်အဆ လောဘရမ္မက် ငမ်းငမ်းတက်ပြီးလျှင် အလွန်လည်း အလိုကြီးတတ်၏၊

၂။ ရက်စက် ကြမ်းကြုတ် အရမ်းလုပ်သဖြင့် ဆိုးယုတ်သော စိတ်သဘော လည်း ရှိ၏၊

၃။ သူတပါးတို့၏ အလိုအကြိုက်ကိုလည်း လိုက်လျောခြင်း မပြုတတ်၊

၄။ သစ္စာဂတိ မရှိမမှန် ဖောက်ပြန်တတ်သော သဘောလည်းရှိ၏၊

၅။ အရာရာတို့၌ မေ့မေ့လျော့လျော့ ပေါ့ဆလစ်ဟင်းလျက် သတိလည်း ယွင်းပျက်တတ်၏၊

၆။ စွန့်စားအားထုတ်လျက် ရဲရင့်စွာပြုလုပ်ရမည့် အရာဌာနတို့၌ သူရသတ္တိနည်းပါးလျက် အမျှားကြီး ကြောက်ရွံ့တတ်၏၊

၇။ မတည်ဘဲ့နိုင် ယိမ်းယိုင်လှုပ်ရှားလျက် မမြဲသော သဘောသွား စိတ်ဓာတ် ဖောက်ပြားခြင်းသည်လည်း အစဉ်မပြတ် ဖြစ်တတ်၏၊

၈။ အသိ အလိမ္မာ ပညာဉာဏ် လွတ်ကင်းသဖြင့် ဖျင်း-အ ထိုင်းထုံလျက် အနုံသက်သက်လည်း ဖြစ်၏၊

၉။ စစ်သည် ဗိုလ်ပါတို့ကို ကောင်းစွာ အလေးမူလျက် အရေးမယူ ဂရုမစိုက်ဘဲ အလိုက် အထိုက်သာ ထား၍ မထီလေးစားလည်း ပြုလုပ်တတ်၏။

ထိုကဲ့သို့သော ရန်သူမျိုးကို တခမ်းတနား အကျယ်မလိုက်ဘဲ မသွယ်မဝိုက်မူ၍ အလွယ်ဖြင့်သာလျှင် တိုက်ခိုက် ဖျက်ဆီးနိုင်ပေသည်ဟူ၍ ရှေးရှေးအစဉ် ပညာရှင် ပုဂ္ဂိုလ်တို့သည် ထုတ်ဆို မှာကြားတော်မူခဲ့ကြပေသည်။ ထို့ကြောင့် မိုက်မဲညံ့ဖျင်း ပညာကင်းသော ဤဥဒေါင်းမင်းကိုလည်း ခဲယဉ်းစွာ အကျယ်မဝင့်ဘဲ အလွယ်ဖြင့် အောင်နိုင်ပါသည်ဟု ဆိုလိုသည်။

ရန်သူကို အပြင်းလိုက်၍ တိုက်သင့်သောအခါ

ထို့ကြောင့် ထိုမိုက်မဲ ညံ့ဖျင်းသော ဥဒေါင်းမင်းသည် ကျွန်ုပ်တို့၏ ခံတပ်ကို မချုပ်မိသေးမီ မြစ်အရပ်၊ တောင်အရပ်၊ တောအရပ် ဖြစ်သော လမ်းခရီးတို့၌ ထိုသူ၏ စစ်သည်ဗိုလ်ပါတို့ကို တိုက်ခိုက် ဖျက်ဆီးရန် ခေါက်ရှာငှက် အစရှိသော စစ်ဗိုလ်ကြီးတို့ကို ခန့်အပ် စေလွှတ်သင့်ပါသည်။ ထို့ကြောင့်ပင်လျှင် ရှေးရှေးအစဉ် ပညာရှင် အမျှားတို့သည် ဤဆိုလတံ့သော စကားတို့ကို မှာကြားတော်မူခဲ့ကြပေသည်”ဟု ဆို၍ အောက်ပါဂါထာတို့ကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၀၉။ ဒီဃဉ္စသပရိဿန္တံ၊ နဒျာဒ္ဒိဝနသင်္ကုလံ။
ဃောရာဂ္ဂိဘယသန္တာသံ၊ ခုပ္ပိပါသာဒ္ဒိတံ တထာ။

၁၁၀။ ပမတ္တံ ဘောဇနဗျဂ္ဂံ၊ ဗျာဓိဒုဗ္ဘိက္ခပီဠိတံ။
အသံဌိတမဘူယိဋ္ဌံ၊ ဝုဋ္ဌိဝါတသမာကုလံ။

၁၁၁။ ပင်္ကပံသုဇလစ္ဆန္နံ၊ သုဗျတ္တံ စောရဝိဒ္ဒုတံ။
ဧဝံ ဘူတံ မဟီပါလော၊ ပရသေနံ ဝိဃာတယေ။

ဒီဃဉ္စသပရိဿန္တဉ္စ၊ ခရီးရှည်သွား၊ နေ့ရက်မျှားသဖြင့်၊ အားပါးကုန်ခန်း၊ ပင်ပန်း ဆင်းရဲသည်လည်းဖြစ်သော။ နဒျာဒ္ဒိဝနသင်္ကုလဉ္စ—နဒီ+အဒ္ဒိ+ဝန+

သက်ုလဥ္စ၊ မြစ်ရေ့တောင်ထပ်၊ တောအရပ်တို့ဖြင့်၊ ထူထပ်ရှုပ်ထွေးခြင်းရှိသည်လည်းဖြစ်သော။ ဃောရာဂိဘယသန္တာသဥ္စ၊ ပြင်းထန်လောင်ကျွမ်း၊ ကြမ်းတမ်းသော မီးဘေးဖြင့်၊ ပူဆွေးမခန့်၊ ကြောက်လန့်တုန်လှုပ်ခြင်းရှိသည်လည်းဖြစ်သော။ တထာ၊ ထို့အတူ။ ခုပ္ပိပါသာဒ္ဓိတဥ္စ၊ ဆာလောင်မွတ်သိပ်ခြင်းတို့ဖြင့်၊ ပြင်းစွာနှိပ်စက်အပ်သည်လည်းဖြစ်သော။ဝါ၊ပြင်းစွာနှိပ်စက်အပ်သောကြောင့်။ ပမတ္တဥ္စ၊ မေ့မေ့လျော့လျော့၊ ပေါ့ဆလစ်ဟင်း၊ သတိယွင်းသည်လည်းဖြစ်သော။ ဘောဇနဗျဂ္ဂဥ္စ၊ အစာအာဟာရအတွက်၊ သက်သက်ကျပ်တည်းခြင်းရှိသည်လည်းဖြစ်သော။ ဝါ၊ သက်သက်ကျပ်တည်းခြင်းကြောင့်။ ဗျာဓိဒုဗ္ဘိက္ခပီဠိတဥ္စ၊ ထူထပ်ရောဂါ၊ ဝေဒနာနှင့်၊ အစာပြတ်လပ်၊ ငတ်မွတ်ခေါင်းပါးခြင်းတို့ဖြင့်၊ ပြင်းစွာနှိပ်စက်အပ်သည်လည်း ဖြစ်သော။ ဝါ၊ ပြင်းစွာ နှိပ်စက်အပ်သောကြောင့်။ အသံဌိတဥ္စ၊ ကြံ့ကြံ့ခိုင်ခိုင်၊ မတည်နိုင်သည်လည်းဖြစ်သော။ အဘူယိဌဥ္စ–အဗဟုကဥ္စ၊ ရဲမက်ဗိုလ်ခြေ၊ တွက်ရေမများ၊ လွန်နည်းပါးသည်လည်းဖြစ်သော။ ဝုဋ္ဌိဝါတသမာကုလဥ္စ၊ မိုးသံ့လေ အကြမ်း၊ နှစ်ပါးပြွမ်းလျက်၊ နှောင့်ယှက်ဖျက်ဆီးခြင်း ရှိသည်လည်းဖြစ်သော။ ဝါ၊ နှောင့်ယှက် ဖျက်ဆီးခြင်းကြောင့်။ ပက်ံပံသုဇလစ္ဆန္နဥ္စ၊ ရွှံ့ညွန်မခန်း၊ မြေမှုန့်ပြွမ်းလျက်၊ ရေလွှမ်းဖုံးအုပ်အပ်သည်လည်း ဖြစ်သော။ သုဗျတ္တဥ္စ၊ ဖရိုဖရဲ၊ အနှံ့ကြဲသည်လည်းဖြစ်သော။ စောရဝိဒ္ဒုတဥ္စ၊ ဓားပြခိုးသူ၊ လုယူတိုက်ဖျက်၊ ရိုက်နှက် ညှဥ်းဆဲအပ်သည်လည်းဖြစ်သော။ ဧဝံဘူတံ၊ ဤသို့တန်တန်၊ ဒုက္ခခံလျက်၊ ဖြစ်ပျက်ခြင်းရှိသော။ ပရသေနံ၊ ချီတက်ဘုခံ၊ ရန်သူ၏ စစ်တပ်ကို။ ဘူပါလော၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်သည်။ ဝိဃာတယေ၊ အစဥ်တစိုက်၊ အတွင်လိုက်သဖြင့်၊ တိုက်ခိုက်ညှဥ်းဆဲရာ၏။

အဓိပ္ပါယ်။ ။ရန်သူ၏ဘက်သား ဖြစ်ကုန်သော စစ်သည်တို့သည် နေ့ရက်ရှည်ကြာစွာ ခရီးရှည်သွားရသဖြင့် အားပါးကုန်ခန်းလျက် ပင်ပန်းခြင်းရှိကြသောအခါ၌လည်းကောင်း, မြစ်ချောင်းအကန့်ကန့် တောတောင်အရပ်ရပ်တို့ဖြင့် ထူထပ် ရှုပ်ထွေးလျက် အသွားအလာ ခဲခက်ခြင်းရှိသောအခါ၌လည်းကောင်း, ပြင်းထန် ကြမ်းတမ်းစွာ လောင်ကျွမ်းအပ်သော မီးဘေးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ကြောက်လန့် တုန်လှုပ်ခြင်း ရှိကြသောအခါတို့၌လည်းကောင်း,

မွတ်သိပ် ဆာလောင်ခြင်းတို့ဖြင့် ပြင်းထန်စွာ နှိပ်စက်အပ်သောအခါ၌လည်းကောင်း, ဝါ-ပြင်းထန်စွာ နှိပ်စက်အပ်သောကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ရှိကြသည့်အခါ၌လည်းကောင်း, အစာအာဟာရ ပြတ်လပ်သဖြင့် ကျပ်တည်းသော အစားအသောက် ရှိကြသောအခါ၌လည်းကောင်း, ဝါ-ကျပ်တည်းသော အစားအသောက်ရှိခြင်းကြောင့် ရောဂါဝေဒနာ များစွာ ထူထပ်၍

ငတ်မွတ် ခေါင်းပါးခြင်းတို့ဖြင့် ပြင်းစွာ နှိပ်စက်အပ်သောအခါ၌လည်းကောင်း, ဝါ-ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍ ကြွံကြွံခိုင်ခိုင် ကောင်းစွာ မတည်နိုင်သော အခါတို့၌လည်းကောင်း,

ဗိုလ်ပါရဲမက်တို့ အရေးအတွက် နည်းပါးသော အခါ၌လည်းကောင်း, မိုးကြမ်း လေကြမ်းတို့ ရောပြွမ်းလျက် အနှောင့်အယှက်နှင့် တွေ့ကြုံသော အခါ၌လည်းကောင်း, ဝါ-အနှောင့်အယှက်နှင့် တွေ့ကြုံခြင်းကြောင့် မြေမှုန် လည်းထ မိုးကျရေလွှမ်း ရှုံ့ညှန်မခန်းဘဲ အရပ်ရပ် ဖုံးလွှမ်းသဖြင့် ပရမ်း ပတာ သွားလာအမြဲ ကစဉ့်ကရဲဖြစ်လျက် ဖရိုဖရဲ အနှံ့ကြဲသောအခါ၌ လည်းကောင်း, ခေါးပြခိုးသူတို့ လုယူတိုက်ဖျက် ရိုက်နှက် ညှဉ်းဆဲသောအခါ တို့၌လည်းကောင်း ဤကဲ့သို့သော ဘေးဒုက္ခအမျိုးတို့ကို ခံစား၍ နေကြရသည့် အတောအတွင်းဝယ် တဖက်သော ရန်သူ၏ စစ်တပ်ကို လတ်တလော ရှောင်တခင် အတင်းဝင်၍ တိုက်ခိုက်သင့်ပါသည် ဟူလို။

ထိုပြင်လည်း ဤယခုကဲ့သို့သောအခါ၌ ဝင်ရောက်တိုက်ခိုက်ဖို့ရန် အလွန် သင့်လျော်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ကြားနာ ပါဦးလော့ဟု ဆိုပြီးလျှင် ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

၁၁၂။ အဝက္ခန္ဒဘယာ ရာဇာ၊ ပဇာဂရကတဿမံ။
ဒိဝါသုတ္တံ သမာဟညေ၊ နိဒ္ဒါဗျာကုလသေနိကံ။

အဝက္ခန္ဒဘယာ၊ ရန်သူတဖက်တို့၊ ရုတ်တရက် ရှောင်တခင်၊ ဝင်ရောက် နှိပ်နင်း၊ တိုက်ခိုက်ခြင်းမှ၊ စိုးရိမ်မကင်း၊ ကြောက်ရွံ့ခြင်းကြောင့်။ ပဇာဂရ-ကတဿမဥ္စ၊ တကြောင့်ကြကြ၊စိတ်မချသော၊အိပ်ရခြင်းဖြင့်၊ဆင်းရဲပင်ပန်းသည် လည်းဖြစ်သော။ ဒိဝါသုတ္တဉ္စ၊ နေ့လယ်အခါ၊ ပြင်းစွာအိပ်ပျော်၍နေသည်လည်း ဖြစ်သော။ နိဒ္ဒါဗျာကုလသေနိကံ၊ ငိုက်မျဉ်းခြင်းဖြင့်၊ ပြင်းစွာနှောင့်ယှက်အပ် သော စစ်သည်ကို။ ရာဇာ၊ နိုင်ငံ့အရှင်၊ ဘုရင်မင်းမြတ်သည်။ သမာဟညေ၊ ကောင်းစွာတိုက်ခိုက်၊ ညှဉ်းဆဲထိုက်ပါ၏။

အဓိပ္ပါယ်။ ။တဖက်သော စစ်သည်တို့သည် ရုတ်တရက် ရှောင်တခင် ဝင်ရောက်တိုက်ခိုက်အံ့သည်မှ စိုးရိမ်မကင်း ကြောက်ရွံ့ခြင်းကြောင့် တကြောင့် ကြကြ စိတ်မချရသော အိပ်ခြင်းဖြင့်သာ အိပ်ရသည်ဖြစ်၍ ဆင်းရဲပင်ပန်းခြင်း ရှိသည်လည်းဖြစ်သော နေ့အခါ၌ ပြင်းစွာအိပ်ပျော်၍ နေသည်လည်းဖြစ်သော အအိပ်ပျက်ခြင်း ငိုက်မျဉ်းခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်လည်းဖြစ်သော

စစ်သည်ကို အရှင်မင်းမြတ်သည် ထိုကဲ့သို့သောအခါ ချီတက် တိုက်ခိုက်ရန် သင့်လျော် လျောက်ပတ်ပါသည်ဟူလို။

ထို့ကြောင့် ကျွန်တော်မျိုးတို့၏ စစ်ဗိုလ်တို့သည် လျင်စွာ သွားပြီးလျှင် မေ့လျော့ ပေါ့တန်စွာနေသော ထိုဥဒေါင်းမင်း၏ စစ်သည် ဗိုလ်ပါတို့ကို အကြောင်းအခွင့် သင့်သည်အားလျော်စွာ နေ့ညမစဲ အမြဲတိုက်ခိုက် ဖျက်ဆီး သင့်ပါသည်ဟု အကြံပေးလေ၏။

ထိုသို့ စက္ကဝက် အမတ်ကြီး အကြံပေးသည့်အတိုင်း သွားရောက် တိုက်ခိုက်ကြရာ ဥဒေါင်းမင်း၏ များစွာသော စစ်သည်ရဲမက်တို့သည် လည်းကောင်း, စစ်ဗိုလ်တို့သည် လည်းကောင်း သေကြေပျက်စီးကြလေကုန်၏။

အဆုံးမခက်၍ စည်းစိမ်အသရေပျက်တတ်ပုံ

ထိုအခါ ဥဒေါင်းမင်းသည် အလွန်စိတ်နှလုံး တုန်လှုပ်သည်ဖြစ်၍ မိမိ၏ ဒူရဒဿီမည်သော လင်းတ အမတ်ကြီးအား ဤသို့ဆိုလေ၏—"အိုပညာရှိ သုခမိန်အမတ်ကြီး....သင်သည် အဘယ့်ကြောင့် ကျွန်ုပ်တို့ကို ဤကဲ့သို့ လျစ်လျူရှုလျက် ဥပေက္ခာပြု၍ နေပါဘိသနည်း၊ မည်သည့်အရာဌာနဌ် ကျွန်ုပ်တို့သည် အဆုံးအမကို မလိုက်နာမှု၍ ဆန့်ကျင်ခြင်း ရှိပါသနည်း"ဟု မေးပြီးလျှင် ဤဆိုလတံ့သောဂါထာကိုလည်း ဆက်လက်၍ ရွတ်ဆို ပြောကြားတော်မူလေ၏။

၁၁၇။ န ရဇ္ဇံ ပတ္တမိတျေဝ၊ ဝတ္တိတဗ္ဗမသမ္ဗိတံ။
သိရိံ ဟျဝိနယော ဟနေ၊ ဇရာ ရူပမိဝေါတ္တမံ။

ရဇ္ဇံ၊ ဘုရင်သမုတ်၊ မင်းပြုလုပ်လျက်၊ အုပ်ချုပ်စိုးစံ၊ တိုင်းနိုင်ငံကို။ ပတ္တံ ဣတိ၊ ငါ့လက်တွင်းသို့၊ မယွင်းမဖောက်၊ အလျှင်းရောက်ပြီဟူ၍။ အသမ္ဗိတံ–အသမ္ဗိတေန၊ မသင့်မလျော်၊ မချင့်မြော်သဖြင့်။ န ဝတ္တိတဗ္ဗံ ဧဝ၊ စိတ်ချယုံကြည်၍၊ အတည်တစေ၊ မနေအပ်သည်သာလျှင်တည်း။ ဟိ–တဒေဝ သစ္စံ၊ ထိုစကားရပ်၊ လွန်သင့်မြတ်၏။ ဇရာ၊ ရင့်ရော် အိုမင်း၊ ယိုယွင်းခြင်းသဘော တရားသည်။ ဥတ္တမံ၊ ထိုထိုဂုဏ်အပေါင်းတို့ဖြင့်၊ ကောင်းစွာ မြင့်မြတ်သော။ ရူပံ၊ တင့်တယ်ကြည်လင်၊ရုပ်အသွင်ကို။ ဟနတိ ဣဝ၊ ကုန်စင်အဆုံး၊ ဖျောက်ပယ်မှုန်းလျက်၊ လုံးလုံးကြီး ဖျက်ဆီးသကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ အဝိနယော၊ မြင့်ယောက် မာန၊ လွန်တက်ကြွသဖြင့်၊ အဆုံးမခက်၊ ရိုင်းပြသော အချက်သည်။ သိရိံ၊ စည်းစိမ်အသရေ၊ အထွေထွေ၏ ပြည့်စုံခြင်းကို။ ဟနေ၊ ကုန်စင်အဆုံး၊ ဖျောက်ပယ်မှုန်းလျက်၊ လုံးလုံးကြီး ဖျက်ဆီးရာ၏။

အမိပွါယ်။ ။တိုင်းပြည်အရှင် ဘုရင်မင်းတို့သည် မိမိ မင်းပြုလုပ်လျက် အုပ်ချုပ် စိုးစံ၍နေသော တိုင်းပြည်နိုင်ငံကို ဤနိုင်ငံသည် ငါ၏လက်တွင်းသို့ စင်းစင်းမုချ ကေန္တကျရောက်ပြီးဖြစ်၍ မည်သည့်နည်းနှင့်မျှ မဆုံးရှုံး မပျက်စီးနိုင်ရာ၊ ငါ၏လက်မှ မလွတ်နိုင်ရာဟူ၍ မသင့်မလျော်သဖြင့် ချင့်မြှော်ကြံဆလျက် ယုံကြည်စိတ်ချ၍ အတည်တကျ မည်သည့်အခါ၌မျှ မနေသင့် မနေထိုက်ပေ၊ ထိုစကားသင့်မြတ်ပုံ ဥဒါဟရဏ်ကား....ရင့်ရော် အိုမင်း၍ ယိုယွင်းဖောက်ပြားတတ်သော ဇရာသဘောတရားသည် ထိုထိုသို့သော ဂုဏ်အပေါင်းတို့ဖြင့် ကောင်းစွာမြင့်မြတ်လျက် သပ်ရပ်တင့်တယ် ရှုချင်ဘွယ်ရှိသော ရုပ်ရည်ရူပကာယ လှပသောအသွင်အပြင်ကို အကုန်အစင် ဖျက်ဆီးလျက် လူအိုကြီးအဖြစ်သို့ ရောက်စေသကဲ့သို့၊ ထို့အတူပင်လျှင် မာန်မာန တက်ကြွသဖြင့် အဆုံးမခက် ရိုင်းပြသော အချက်သည် တိုးတက်သမျှ စည်းစိမ် အသရေနှင့် အထွေထွေ၏ ပြည့်စုံခြင်းကို ခဏခြင်း ဖျောက်ပယ်မှုန်းလျက် လုံးလုံးကြီးဖျက်ဆီးတတ်ပေသည်။ ထို့ကြောင့် အကျွန်ုပ်လည်း ကောင်းစွာ သတိတရားထားလျက် သင်အမတ်ကြီး၏ ဆုံးမဩဝါဒ စကားတို့ကို အများကြီး နာယူခဲ့ပါသည်၊ ထိုသို့ မနာယူဘဲလျက် အဆုံးမခက်သော အရာဟူ၍ မရှိခဲ့သေးပါ၊ အကျိုးအကြောင်းနှင့် အဆိုးအကောင်းကို ဆင်ခြင်၍ ဉာဏ်မြင်သမျှ ဆုံးမဩဝါဒ ပေးစေချင်ပါသည်၊ လိုက်နာ ပြုလုပ်ပါမည်ဟု ဆိုလိုသည်။

✓ကျွမ်းကျင်လိမ္မာခြင်းစသည်၏ အကျိုးများ

ထို့ပြင်လည်း ဆင်ခြင် တိုင်းထွာ၍ အရာရာသော အမှုကိစ္စတို့၌ နေရာတကျလှလှပိုင်ပိုင် သိစွမ်းနိုင်သော ဉာဏ်အမြင်ရှိသော သူသည် စည်းစိမ်ကြက်သရေ အထွေထွေတို့၏ ပြည့်စုံကုံလုံခြင်းသို့ မုချမလွဲ အမြဲ ရောက်တတ်ကြောင်း, သင့်လျော် လျောက်ပတ်သော အစာ အာဟာရတို့ကိုသာလျှင် အစဉ် သုံးစွဲစားသောက်လေ့ရှိသော သူသည် မုချမလွဲ အမြဲကျန်းမာလျက် ချမ်းသာသည်၏ အဖြစ်သို့ ရောက်တတ်ကြောင်း, မတွန့်မဆုတ် ကြိုးပမ်းကုတ်လျက် လွန်စွာအားထုတ် ပြုလုပ်လေ့ရှိသော သူသည် ကုန်စင်အောင် တတ်မြောက်လျက် အတတ်၏အဆုံးသို့ ရောက်တတ်ကြောင်း, စည်းကမ်း နည်းလမ်းနှင့်တကွ နေရာတကျ ဆုံးမပဲ့ပြင် သွန်သင်အပ်ပြီးသော သူသည်လည်း ကိုယ်ကျင့်တရား ကျမ်းဂန်အားဖြင့် လည်းကောင်း စည်းစိမ်ဥစ္စာ ရတနာအားဖြင့် လည်းကောင်း လွန်စွာထင်ရှားလျက် ကျော်ကြားသည်၏ အဖြစ်သို့ စင်စစ်မလွဲ အမြဲရောက်တတ်ကြောင်းတို့ကို ရုံးပေါင်း၍ ပြပြန်လိုသည် ဖြစ်၍ ထိုမှတပါး အခြားသော အကြောင်းကိုလည်း ထပ်လောင်း၍ နာပါဦးလော့ဟု ဆိုပြီးလျှင် ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆိုတော်မူပြန်လေ၏။

၁၁၄။ ဒက္ခော သိရိမဓိဂစ္ဆတိ၊ ပထျာသီ ကလ္လတံ သုခမရောဂိ။
ဥဋ္ဌာယီ ဝိတ္တမ္ဘိဂ်စ္ဆ၊ ဓမ္မတ္ထယသံသိ စ ဝိနိတော။

(အရိယာဂါထာ)

ဒက္ခော၊ အမှုကိစ္စ၊ အဝဝတို့၌၊ ကျနစ္စွာ သိမြင်၍၊ ကျွမ်းကျင် လိမ္မာသော သူသည်။ သိရိံ၊ စည်းစိမ်ကြက်သရေ၊ အထွေထွေ၏ ပြည့်စုံခြင်းသို့။ အဓိဂစ္ဆတိ၊ မလွဲမဖောက်၊ အမြဲရောက်၏။ ပထျာသီ၊ သင့်လျော် လျောက်ပတ်သည်ကိုသာ စားသောက် သုံးဆောင်လေ့ ရှိသောသူသည်။ ကလ္လတံ၊ အနာရောဂါ၊ ဝေဒနာ မရှိ၊ ပကတိကျန်းမာသည်၏ အဖြစ်သို့။အဓိဂစ္ဆတိ၊မလွဲမဖောက်၊အမြဲရောက်၏။ အရောဂီ၊ အနာရောဂါ၊ ဝေဒနာမရှိ၊ ပကတိ ကျန်းမာသော သူသည်။ သုခံ၊ ကိုယ်,စိတ်နှစ်ဖြာ၊ လွန်ချမ်းသာခြင်းသို့။ အဓိဂစ္ဆတိ၊ မလွဲမဖောက်၊ အမြဲ ရောက်၏။ ဥဋ္ဌာယီ၊ မတွန့်မဆုတ်၊ ကြိုးပမ်းကုတ်လျက်၊ အားထုတ်လေ့ရှိသော သူသည်။ ဝိတ္တမ္ဘိ၊ သင်ကြွားလေ့ကျက်အပ်သော အတတ်၏အဆုံးသို့။ အဓိဂစ္ဆတိ၊ မလွဲမဖောက်၊ အမြဲရောက်၏။ ဝိနိတော၊ နေရာတကျ၊ ဆုံးမပဲ့ပြင်၊ သွန်သင် အပ်ပြီးသော သူသည်။ ဓမ္မတ္ထ ယသံသိ စ၊ ကျမ်းဂန်,တရား၊ စီးပွါးဥစ္စာ၊ ရတနာ နှင့်၊ လွန်စွာ ကျော်စောခြင်းသို့လည်း။ အဓိဂစ္ဆတိ၊ မလွဲမဖောက်၊ အမြဲ ရောက်၏။

ပညာရှိကို မှီခိုဆည်းကပ်ခြင်းအကျိုး

ထိုသို့ ဥဒေါင်းမင်း မိန့်ဆိုပြောကြားပြီးသည်နောက် လင်းတ အမတ်ကြီးက ရေမြေ့အရှင် ဘုရင်မင်းမြတ်တို့သည် အသိအလိမ္မာ ပညာချွှယ်ွင်း ထိုးထွင်းဉာဏ် လွတ်ကင်းလျက် အလျှင်းပင် မရှိသော်လည်း တတ်သိလိမ္မာပြီးဖြစ်ကုန်သော ပညာရှိကြီးတို့ကို အမြဲမပြတ် မှီဝဲဆည်းကပ်ရခြင်းကြောင့်လည်း ရေ၏အနီး အနား၌ ပေါက်ရောက် ကြီးပွါးသော သစ်ပင်ကဲ့သို့ စည်းစိမ် ကြက်သရေ အထွေထွေ အမျိုးမျိုးတို့ တိုးတက် ပြည့်စုံသည်၏ အဖြစ်သို့ စင်စစ်မုချ ဧကန္တ ရောက်တတ်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ "အရှင်မင်းကြီး.... နာတော်မူပါဦးလော့"ဟု ဆို၍ **အဝိဒူ အပိ ဘူပါလော** အစရှိသော ဂါထာတို့ကို ရွတ်ဆို တင်လျှောက်လေ၏။

၁၁၅။ အဝိဒူ အပိ ဘူပါလော၊ ဝိဇ္ဇာဗုဒ္ဓေါပသေဝယာ။
ပရံ သိရိံ သမာပန္နော၊ ဇလာသန္နတရု ယထာ။

ဘူပါလော၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်သည်။ အဝိဒူအပိ၊ အသိအလိမ္မာ၊ ပညာချွှယ်ွင်း၊ အတတ်ကင်းသော်လည်း။ဝိဇ္ဇာဗုဒ္ဓေါပသေဝယာ၊တတ်သိလိမ္မာ၊ ကောင်းစွာမြင်ပြီး၊ ပညာရှိကြီးတို့ကို၊ မှီဝဲဆည်းကပ်ရခြင်းကြောင့်။ ဇလာသန္န-

တရှ ယထာ၊ ရေ၏ အနီးအပါး၌၊ ကြီးပွါးပေါက်ရောက်သော သစ်ပင်ကဲ့သို့။ ပရံ၊ လွန်စွာ။ သိရိံ၊ စည်းစိမ်ကြက်သရေ၊ အထွေထွေ၏ ပြည့်စုံခြင်းသို့။ သမာပန္နော၊ မယွင်းမဖောက်၊ ကောင်းစွာရောက်၏။

ဘုရင်တို့၏ ပျက်စီးခြင်းအကြောင်း ခြောက်ပါး

ထို့ပြင် ဘုရင်မင်းမြတ်တို့ ပျက်စီးတတ်သောအကြောင်း (ခြောက်ပါး)ကို စကားအလျဉ်းသင့်သည့်အလျောက် ထပ်မံ၍ တင်လျှောက်လိုပြန်သည်ဖြစ်၍ ထိုမှတပါးလည်း မှတ်သား နာယူတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **ပါနံ ထီ မိဂယာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၁၆။ ပါနံ ထီ မိဂယာ ဇူတ-မတ္ထဒူသနမေဝ စ။
ဖာရုသျံ ဝါကျဒဏ္ဍာနံ၊ ဗျသနာနိ နရိန္ဒာနံ။

မဟာရာဇ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ပါနဥ္စ၊ ဘိန်း, ဘင်း, ကဇော်၊ လျှော်ဇာ အရက်၊ မပျက်ယစ်မူး၊ သေသောက်ကြူးခြင်းလည်းကောင်း။ ထီ စ၊ ရာဂအဟုန်၊ ကာမဂုဏ်ကြူး၊ အကုန်မြူးလျက်၊ အထူးစွဲကြိုက်၊ တဏှာမိုက်ကို၊ အလိုလိုက်မှား၊ မ-လိုက်စားခြင်းလည်းကောင်း။ မိဂယာ စ၊ ဝနာမြိုင်ကြား၊ တောကစားကြိုက်၊ အမဲလိုက်ခြင်းလည်းကောင်း။ ဇူတဥ္စ၊ ကြွေအန် ပဆစ်၊ ဖဲ-စစ်တုရင်၊ပျော်ရွှင်မြူးတူး၊ ကစားကြူးခြင်းလည်းကောင်း။ အတ္ထဒူသနမေဝ စ၊ ရွှေ ငွေ ဘဏ္ဍာ၊ ဥစ္စာပစ္စည်းကို၊ အနည်းနည်း အလွဲသုံးလျက်၊ အမြဲမပျက်၊ ဖြုန်းတီးဖျက်ဆီးခြင်းလည်းကောင်း။ ဝါကျဒဏ္ဍာနံ၊ နှုတ်ထွက်စကားနှင့်၊ ဒဏ်ထားခြင်းအမှုတို့၏။ ဖာရုသျံ၊ ပြင်းထန်လွန်မင်း၊ ကြမ်းတမ်းခြင်း၏ အဖြစ်လည်းကောင်း။ ဣတိ – ဣမာနိ ဆ၊ ဤသို့ညွှန်ပြ၊ ခြောက်ဌာနတို့သည်။ နရိန္ဒာနံ၊ ဘုရင်မင်းမြတ်၊ လောကနတ်တို့၏။ ဗျသနာနိ၊ စည်းစိမ်ကြက်သရေ၊ အထွေထွေတို့၏၊ ပုံသေအပြီး၊ ပျက်စီးခြင်း၏ အကြောင်းတို့ပေတည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ဘုရင်မင်းမြတ်တို့ပျက်စီးခြင်း၏အကြောင်းတရား ၆-ပါးရှိပါသည်၊ ထို ၆-ပါးဟူသည် အဘယ်သည်တို့နည်းဟူမူ—

၁။ ဘိန်း, ဘင်း, ကဇော်, လျှော်ဇာ, စိမ်ရေ အစရှိသော မူးယစ်စေတတ်သော အရက်သေစာတို့ကို ဘယ်ခါမပျက် ရက်ဆက် သောက်စားလျက် ပျော်ပါးမြူးတူး သေသောက်ကြူးခြင်း၊

၂။ ရာဂအဟုန် ကာမဂုဏ်ကြိုက် တဏှာမိုက်ကို အလိုလိုက်မှား မ-လိုက်စားခြင်း၊

၃။ တောကြို တောင်ကြားသို့ မကြာမကြာ အခါခါ သွားပြီးလျှင် သားကောင်ကို ရှာကြံလျက် မြိုင်ယံတွင် ပျော်ပိုက်၍ အမဲလိုက်ဝါသနာပါခြင်း၊

၄။ ကြွေအန်, ပဆစ်, ဖဲ, စစ်တုရင် အစရှိသော ကစားမျိုး အပေါင်းတို့ဖြင့် လောင်းတမ်းပျော်မြူး ကစားကြူးခြင်း၊

၅။ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာပစ္စည်းတို့ကို အနည်းနည်း အလွဲသုံးလျက် အမြဲမပျက် ဖြုန်းတီးဖျက်ဆီးခြင်း၊

၆။ မိန့်မြွက် နှုတ်သံ ထုတ်ပြန် ပြောကြား ဆိုစကားနှင့် ဒဏ်ထားပုံအချက်တို့ တဖက်သား မခံနိုင်အောင် ပြင်းထန်ကြမ်းကြုတ်ခြင်း—

ဤသို့ ပြောဆိုညွှန်ကြားအပ်သော ၆-ဌာန အပေါင်းသည် ဘုရင်မင်းမြတ်တို့၏ ပျက်စီးခြင်းအကြောင်း ဖြစ်ပါသည် ဟူလို။

စည်းကမ်းထား၍ စွန့်စားရဲရင့်မှ တိုးတက်ကြီးမြင့်နိုင်ပုံ

ထို့ပြင် ဥပဒေ စည်းကမ်းနှင့် နည်းလမ်းကို မလိုက်ဘဲ အရမ်းမဲ့ စွန့်စားခြင်း တခုကိုသာ အားထားသဖြင့် စည်းစိမ်ချမ်းသာတို့၏ မတိုးတက်နိုင်ခြင်း၏ အကြောင်းတို့ကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတံ့သော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၁၇။ န သာဟသေကန္တရသာနုဝတ္တိနာ၊
န စာပျုပါယောပဟတာညမာနသာ။
ဝိဘူတယော သက္ကမတီဝ လစ္ဆိတုံ၊
နယေ စ သူရေ စ ဝသန္တိ သမ္ပဒါ။

(ဝံသဋ္ဌဂါထာ)

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ သာဟသေကန္တရသာနုဝတ္တိနာ၊ ရဲဝံ့စွန့်စား၊ အားထုတ်ခြင်းအမှု၊ တခုတည်းကိုသာ၊ အစဉ်အမြဲ၊ အာရုံစွဲလျက်၊ အားဆဲလေ့ရှိသောသူသည်လည်း။ ဝိဘူတယော၊ ကြီးကျယ်ခမ်းနား၊ ဆန်းပြားရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာတို့ကို။ အတီဝ၊ အလွန်လျှင်။ လစ္ဆိတုံ၊ ပေါများကြွယ်ဝ၊ ကိုယ်ဝယ်ရခြင်းငှါ။ န သက္ကံ၊ စင်စစ်မုချ၊ ကောင်းစွမတတ်နိုင်။ အပိ၊ ထိုမှတပါး။ ဥပါယောပဟတာညမာနသာ စ၊ ဟုတ်မှန်သည့် စည်းကမ်းနှင့်၊

နည်းလမ်းကိုဖယ်ရှား၍၊ နည်းလမ်းမှတပါး၊ အခြားကို နှလုံးသွင်းခြင်းရှိသော သူသည်လည်း။ ဝိဘူတယော၊ ကြီးကျယ်ခမ်းနား၊ ဆန်းပြားရိပ်ငြိမ်၊ စည်းစိမ် ချမ်းသာတို့ကို။ အတိဝ၊ အလွန်လျှင်။ လစ္ဆိတုံ၊ ပေါ်များ ကြွယ်ဝ၊ ကိုယ်ဝယ် ရခြင်းငှါ။ န သက္ကုံ၊ စင်စစ်မှချ၊ ကေန္တမတတ်နိုင်။ သမ္ပဒါ၊ စည်းစိမ်ရွှေငွေ၊ ခြေအနေနှင့်၊ အထွေထွေတို့၏၊ ပြည့်စုံခြင်းတို့သည်။ နယေ စ၊ ဥပဒေ စည်းကမ်း၊ ဖြောင့်မှန်သော နည်းလမ်း၌ လည်းကောင်း။ သူရေ စ၊ စွန့်စား အားထုတ်၊ ရဲရင့်စွာပြုလုပ်ခြင်း၌ လည်းကောင်း။ ဝသန္တိ၊ မလွဲမသွေ၊ အမြဲ နေကုန်၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ရဲဝံ့စွာ အားထုတ် စွန့်စားခြင်း တခုဖြင့် လိုရင်းအချက် အလုံးစုံတို့ အကုန်ပြီးမြောက် ခရီးရောက်၏ဟူ၍ စွဲလမ်းမှတ်ယူ ပြုမူလေ့ရှိသော သူသည်လည်း ကြီးကျယ် ခမ်းနား၍ များပြားစွာသော စည်းစိမ် ချမ်းသာတို့ကို အလွန်အကဲ့ ပေါ်များကြွယ်ဝ ကိုယ်ပိုင်ရခြင်းငှါ မည်သည့်အခါ၌မျှ မတတ်နိုင်ပေ။ ထို့ပြင် ဖြောင့်မှန်သော စည်းကမ်းနည်းလမ်း ကို မလိုက်မူ၍ နည်းလမ်းမှတပါး အခြားသော လမ်းလွဲကို အမြဲကြိုက်နှစ်သက် သဖြင့် ထိုလမ်းလွဲကိုသာ အစဥ်မပျက် ဆောင်ရွက်ပြုလုပ်သော သူသည်လည်း မည်သည့်နည်းနှင့်မျှ ကြွယ်ဝချမ်းသာသော စည်းစိမ် ချမ်းသာတို့ကို ရခြင်းငှါ မတတ်နိုင်ပေရာ။ အဘယ့်ကြောင့်နည်းဟူမူ စည်းစိမ်ချမ်းသာတို့၏ ပြည့်စုံ ကြွယ်ဝခြင်းတို့သည် ရှေးရှေးအစဥ်က စီစဥ်၍ ညွှန်ကြားပြသခဲ့သော ဥပဒေ စည်းကမ်းဟု ဆိုအပ်သော ဖြောင့်မှန်သော နည်းလမ်း၌ လည်းကောင်း,စွန့်စား အားထုတ်၍ ရဲရင့်စွာ ပြုလုပ်ဆောင်ရွက်ခြင်း၌ လည်းကောင်း အစဥ်မလွဲ အမြဲမှီ၍ နေကြကုန်သည်။ ထို့ကြောင့် ဥပဒေစည်းကမ်းဟု ဆိုအပ်သော နည်းလမ်းကို မလိုက်မူ၍ စိတ်ကြိုက်ရာ ရော်ရမ်းလျက် မိမိ၏ အစွမ်းကိုသာ အားထား၍ စွန့်စား အားထုတ်ခြင်းဖြင့် ရဲရင့်စွာ ပြုလုပ်ဆောင်ရွက်ပါသော် လည်း အချည်းနှီး အကျိုးမပြီးဘဲ အကျိုးနည်းရုံသာ ရှိချေမည် ဖြစ်ပါသည်ဟု ဆိုလိုသည်။

ရဲဝံ့စွာ စွန့်စား အားထုတ်ခြင်း ကိစ္စတခုတည်းကိုသာ စွဲလမ်းပြုလုပ်လေ့ ရှိသော အရှင်မင်းကြီးသည် မိမိ၏ စစ်သည် ဗိုလ်ပါတို့၏ အပေါ်၌ ရက်စက် ကြမ်းကြုတ် နှုတ်ထွက် ဆိုးဝါးခြင်းကိုလည်း ပြုလုပ်ခဲ့၏၊ ထို့ကြောင့် ဤသို့ မှားယွင်းခြင်း၏ အကျိုးကို ခံစားရပေသည်ဟု ပြောဆို တင်လျှောက်လေ၏။

ဥပဒေချတ်ယွင်းခြင်းစသည်၏ အပြစ်များ

ထိုမှတပါးလည်း မှတ်သားရန် စကားတရပ်ကို ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတံ့သောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၁၈။ ဒုမ္မတ္တိနံ ကမုပယန္တိ န နီတိဒေါသာ၊
သန္တာပယန္တိ ကမပထျဘုဇံ န ရောဂါ။
ကံ ဩ္ဃိ န ဒပ္ပယတိ ကံ န ဟနေယျ မစ္စု၊
ကံ ထိကတာ န ဝိသယာ ပရိတာပယန္တိ။

(ဝသန္တတိလကာဂါထာ)

မဟာရာဇ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ နီတိဒေါသာ၊ ဥပဒေစည်းကမ်း၊ နည်းလမ်း မဟုတ်သဖြင့်၊ အလုပ်လစ်ဟင်း၊ မှားယွင်းသော အပြစ်တို့သည်။ ဒုမ္မတ္တိနံ၊ သဘောမဟုတ်၊ ဆိုးယုတ်ညံ့ဖျင်းသော၊ မင်းတိုင်ပင် အမတ်ရှိသော ဘုရင်မင်းမြတ်တို့တွင်။ ဝါ၊ဖောက်ပြန် မှားယွင်း၊ တိုင်ပင်ခြင်း ရှိကုန်သော ပုဂ္ဂိုလ်တို့တွင်။ ကံ၊ အဘယ်မည်သောမင်း၊ အဘယ်မည်သောသူကို။ န ဥပယန္တိ၊ ကာယစိတ္တ၊ ဒုက္ခအတန်တန်သို့၊ ကျေနပ်မကျရောက်စေဘဲ ရှိပါအံ့နည်း။ ရောဂါ၊ နှိပ်စက် ကျင်နာ၊ ဝေဒနာဆိုး ရောဂါမျိုးတို့သည်။ အပထျဘုဇံ၊ မသင့်မလျော်၊ မတော်သော အစာကို၊ အာသာမပြတ်၊ သုံးဆောင်တတ်သော။ ကံ၊ အဘယ်သို့မည်၊ရောဂါသည်ကို။ န သန္တာပယန္တိ၊ ကိုက်ခဲကိုယ်လက်၊ အခံခက်၍၊ အသက်ထွက်အောင်၊ မနှိပ်စက် မပူလောင်စေဘဲ ရှိပါအံ့နည်း။ ဩ္ဃိ – သိရီ၊ စည်းစိမ် ကြက်သရေ၊ အထွေထွေနှင့်၊ အခြေအနေ၏ ပြည့်စုံခြင်းသည်။ ကံ၊ အဘယ်သူဟူ၊ မည်သည့်သူကို။ န ဒပ္ပယတိ၊ မာန်မာနမြောက်၊ စိတ်ကြီး ရောက်အောင်၊ မမြောက်ပင့်ဘဲ ရှိပါအံ့နည်း။ မစ္စု၊ သတ္တဝါ အနန္တ၊ လောက အလုံးကို၊ တပြုံးပြုံးမပြတ်၊ သတ်ဖြတ်တစေ၊ အမြဲနေသော၊ အရှင်သေမင်းသည်။ ကံ၊ အဘယ်မည်သူ၊ ဘယ်လိုလူကို။ န ဟနေယျ၊ မညှဉ်းဆဲ မနှိပ်စက်၊ မဖျက်ဆီးဘဲ ရှိပါအံ့နည်း။ ထိကတာ၊ မိန်းမတို့တံထွာ၊ မူအရာဖြင့်၊ မြူကာ ပြုလုပ်အပ်ကုန်သော။ ဝိသယာ၊ ရုပ်ဆင်းသဏ္ဌာန်၊ ဟန်ပန်ပြလာ၊ မာယာအစုံ၊ ညုတတ်သော အာရုံတို့သည်။ ကံ၊ အဘယ်မည်သော ကာမဂုဏ်ကြိုက်၊ ယောကျ်ားမိုက်ကို။ န ပရိတာပယန္တိ၊ ရာဂမီးတုံး၊ တဟုန်းဟုန်းဖြင့်၊ နှလုံးကို မပူလောင်စေဘဲ ရှိပါအံ့နည်း။

အဓိပ္ပါယ်။ ။ရေမြေ့ အရှင် ဘုရင်မင်းမြတ်.... ဥပဒေ စည်းကမ်းနှင့် နည်းလမ်းကို မလိုက်မူ၍ စိတ်ကြိုက်ရာ ရှေ့ရမ်းလျက် တော်မှန်း၍ ပြုခြင်းကြောင့် မှားယွင်းသော အပြစ်ဟု ဆိုအပ်သော နီတိ-ဒေါသသည် ဆိုးယုတ်ညံ့ဖျင်းသော မင်းတိုင်ပင် အမတ်ရှိသော ဘုရင်မင်းမြတ်တို့တွင် သို့မဟုတ် ဖောက်ပြန် မှားယွင်းသော တိုင်ပင်ခြင်းရှိသော ပုဂ္ဂိုလ်တို့တွင် အဘယ်ကဲ့သို့သော ဘုရင်, အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ကို ကိုယ်စိတ်နှစ်ဖြာတို့၏ လွန်စွာ

ဆင်းရဲခြင်း ဒုက္ခသို့ မုချကေန် အမှန်မကျရောက်စေဘဲ ရှိပါမည်နည်း၊ ကေန် ကျရောက်စေမည်သာ ဖြစ်ပေသည်။

နှိပ်စက် ကျင်နာစေတတ်သော ဝေဒနာ အမျိုးမျိုး ရောဂါဆိုးတို့သည် ထိုရောဂါဝေဒနာနှင့် မတင့်မလျော် မသင့်တော်သော အစာအာဟာရတို့ကို မကြာခဏ သုံးဆောင် မှီဝဲလေ့ရှိသော အဘယ်ကဲ့သို့သော မီးယပ်သည်များ ဒုလာသွား အစရှိသော ရောဂါသည် လူမမာကို အနာတကျကြွ င်နးမန်းထ လျက် ပြင်းပြဝေဒနာ မခံသာအောင် မပူလောင် မနှိပ်စက်ဘဲ ရှိပါမည်နည်း၊ ပူလောင် နှိပ်စက်မည်မလွဲ အမြဲသာ ဖြစ်ပေသည်။

စည်းစိမ်ကြက်သရေ အခြေအနေနှင့် အထွေထွေတို့၏ တိုးတက်ပြည့်စုံခြင်း သည် အဘယ်သို့သောသူ အဘယ်လို လူစားမျိုးကို မာနတက်မြောက် စိတ်ကြီး ရောက်အောင် မမြှောက်ပင့်ဘဲ ရှိပါအံ့နည်း၊ မြှောက်ပင့်မည်မလွဲ အမြဲပင် ဖြစ်ပေသည်။

သတ္တဝါ အနန္တ လောကအလုံးကို တဖြုန်းဖြုန်းမပြတ် သတ်ဖြတ်၍တစေ အမြဲနေသော အရှင်သေမင်းသည် မည်သူကို ချန်ခြွင်း၍ မညှဉ်းဆဲ မသတ်ဖြတ် ဘဲ နေပါအံ့နည်း၊ မည်သူကိုမျှ မခြွင်းချန်ဘဲ ကေန်သတ်ဖြတ် ညှဉ်းဆဲမည် မလွဲသာ ဖြစ်ပေသည်။

မိန်းမတို့၏ တံထွာ အမူအရာအားဖြင့် ချော့မြှူကာ ပြုလုပ်တတ်သော ရုပ်ဆင်းသဏ္ဌာန်နှင့် ဟန်ပန်ကိုပြကာဖြင့် မာယာအစုံ ညုတတ်သည့် အာရုံတို့ သည် အဘယ်မည်သော ကာမဂုဏ်ကြိုက် ယောကျ်ားမိုက်ကို ရာဂမီးတုံး တဟုန်းဟုန်းဖြင့် နှလုံးကို မပူလောင်စေဘဲ ရှိပါအံ့နည်း၊ အမှန်မုချ ကေန္တ ပူလောင်စေမည်မလွဲ အမြဲသာ ဖြစ်ပေသည် ဟူလို။

ဖျက်ဆီးတတ်သော တရားခုနစ်ပါး

ထို့ပြင် လောက၌ အချင်းချင်း ဖျက်ဆီးတတ်သော အခြင်းအရာတို့ကို ဆက်လက်ကာ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတ္တံ့သော စကားရပ် ကိုလည်း ကြားနာ မှတ်သားတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **မုဒံ ဝိသာဒေါ သရဒံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၁၉ ။ မုဒံ ဝိသာဒေါ သရဒံ ဟိမာဂမော၊
တမောပိ အက္ကော သုကတံ ကတဃာတာ။
ပိယောပပတ္တိ သုခမာပဒံ နယော၊
သိရိံ သမိဒ္ဓံ အပနေတိ ဒုန္နယော။
(ဝံသဋ္ဌဂါထာ)

ဘုပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ ဝိသာဒေါ၊ နှလုံးပူဆွေး၊ စိတ်မအေးခြင်းသည်။ မုဒံ၊ ပျော်ရွှင်မနှ၊ ဟဒယကြည်နူး၊ ဘဝင်မြူးလျက်၊ အထူးဝမ်းမြောက်ခြင်းကို။ အပနေတိ၊ ကြွင်းမဲ့လုံးလုံး၊ ဖျက်ပယ်မှုန်းတတ်၏။ ဟိမာ-ဂမော၊ ဆီးနှင်းရောက်လာ၊ ဆောင်းအခါသည်။ သရဒံ၊ ကြည်လင် ရွှင်ပျ၊ သရဒ ရတုကို။ အပနေတိ၊ ကြွင်းမဲ့လုံးလုံး၊ ဖျက်ပယ်မှုန်းတတ်၏။ အက္ကော၊ ရောင်ဆဲ့နှစ်ရှိန်၊ တောက်ထိန် ထွန်းလင်း၊ ရှင်နေမင်းသည်။ တမော၊ တခဲနက်ဆောင်၊ အမိုက်မှောင်ကို။ အပနေတိ၊ ကြွင်းမဲ့လုံးလုံး၊ ဖျက်ပယ်မှုန်းတတ်၏။ ကတဟတာ၊ ရှေးကပြုဘူး၊ သူ့ကျေးဇူးကို၊ အထူးမဆပ်၊ ဖျောက်ပယ်ဖြတ်ခြင်းသည်။ သုကတံ၊ ကောင်းစွာကြည့်ရှု၊ ဥပကာရပြုခြင်းကို။ အပနေတိ၊ ကြွင်းမဲ့လုံးလုံး၊ ဖျက်ပယ်မှုန်းတတ်၏။ ပိယောပပတ္တိ၊ နှစ်သက်ဖွယ်ရာ၊ ဥစ္စာဝတ္ထု၊ အစုစုကို ရခြင်းသည်။ သုခံ၊ စိုးရိမ်သောက၊ ဗျာပါဒကို။ အပနေတိ၊ ကြွင်းမဲ့ လုံးလုံး၊ ဖျက်ပယ် မှုန်းတတ်၏။ နယော၊ သနစ် နည်းလမ်း၊ စည်းကမ်းဥပဒေသည်။ အာပဒံ၊ စည်းစိမ် ချွတ်ယွင်း၊ ပျက်စီးခြင်းကို။ အပနေတိ၊ ကြွင်းမဲ့လုံးလုံး၊ ဖျက်ပယ်မှုန်းတတ်၏။ ဒုန္နယော၊ ဥပဒေ စည်းကမ်းနှင့်၊ နည်းလမ်းမကျခြင်းသည်။ သမိဒ္ဓံ၊ ပြည့်စုံကြွယ်ဝ၊ ကိုယ်ဝယ် ရပြီးသော။ သိရိံ၊ စည်းစိမ်ကြက်သရေ၊ အထွေထွေ၏ ပြည့်စုံခြင်းကို။ အပနေတိ၊ ကုန်စင်အလုံး၊ ဖျက်ပယ်မှုန်းတတ်၏။

အဓိပ္ပါယ်——

၁။ အရှင်မင်းကြီး....ဤလောက၌ စိတ်နှလုံး မငြိမ်းအေးဘဲ ပူဆွေးဒုက္ခဗျာပါဒ ဖြစ်ခြင်းသည် ပျော်ရွှင်မနှ ဟဒယကြည်နူး ဘဝင်မြူးလျက် အထူးနှစ်သက်ဝမ်းမြောက်ခြင်းကို ဖျောက်ပယ် ဖျက်ဆီးတတ်ပေသည်။

၂။ ဟေမန္တ ဥတုအတွင်း ဆီးနှင်းတို့ ပေါ်ပေါက် ကျရောက်၍ လာခြင်းသည် ကြည်လင် သန့်ရှင်းသော မိုးဥတု၏ အဆုံးလ သရဒ အခါကို ဖျောက်ပယ် ဖျက်ဆီးတတ်ပေသည်။

၃။ တဆဲ့နှစ်မျိုးသော ရောင်ခြည်တို့ဖြင့် တောက်ပ ထွန်းလင်းသော အရှင်နေမင်း၏ ထွက်ပေါ်၍ လာခြင်းသည် တခဲနက်သော အမိုက်မှောင်ကို ကုန်စင်အောင် လုံးလုံး ဖျက်ပယ်မှုန်းတတ်ပေသည်။

၄။ ရှေးက ပြုခဲ့ဘူးသော သူ၏ ကျေးဇူးကို အထူးမပြုတတ် ဖျောက်ပယ်ဖြတ်ခြင်းသည် စောင်မကြည့်ရှု ဥပကာရပြုခြင်းကို အလျှင်းပယ်ဖျက်တတ်ပေသည်။

၅။ မြတ်နိုး စုံမက် နှစ်သက်ဖွယ်ဖြစ်သော အရာဝတ္ထုတို့ကို ရခြင်း, အရာဝတ္ထုတို့ ဖြစ်ပေါ်၍လာခြင်းသည် စိုးရိမ် ပူဆွေး စိတ်မအေးခြင်း တည်းဟူသော သောက ဗျာပါဒကို မုချ ဖျောက်ပယ်တတ်ပေသည်။

၆။ ဥပဒေ စည်းကမ်းနှင့် နည်းလမ်းအစဉ်သည် စည်းစိမ် ကြွက်သရေ အထွေထွေ၏ ပျက်စီးခြင်းကို အလျှင်းပယ်ဖျောက် ဖျက်ဆီးတတ် ပေသည်။

၇။ ဥပဒေ စည်းကမ်း နည်းလမ်း မဟုတ်ဘဲ ချွတ်လွဲစွာ ပြုအပ်သော အမှုအရာသည် ကိုယ်မှာကဲ့လို ပြည့်စုံကြွယ်ဝပြီးဖြစ်သော စည်းစိမ် ကြွက်သရေ အထွေထွေတို့၏ ပြည့်စုံခြင်းကို ကုန်စင်လုံးလုံး တက်တက် ပြုန်းအောင် ဖြတ်မှုန်း ပယ်ဖျက်တတ်ပေသည်။

ကိုယ်ပိုင်ဉာဏ်ကင်းပလျှင် ကျမ်းဂန်များ အချည်းနှီးဖြစ်ရပုံ

ထို့ကြောင့် အကျွန်ုပ်လည်း ဤသို့ဆင်ခြင် စဉ်းစားမိပါ၏— "ဤရေမြေ့ အရှင် ဘုရင်မင်းမြတ်သည် စဉ်းစားဆင်ခြင် မြော်မြင်တတ်သော ဉာဏ်ပညာ ကင်းမဲ့ပေသည်၊ အကယ်၍ ထိုသို့ မကင်းခဲ့ပါလျှင် ငါသည် ညွှန်ကြားပြောဆို ခဲ့သည့် နီတိကျမ်းလာ စကားဟု ဆိုအပ်သော လရောင် မီးရှူးရောင်တို့ဖြင့် ထွန်းပကာ အသင့်ရှိပါလျက် အသို့လျှင် မသိမမြင်နိုင်အောင် အမိုက်မှောင် အတိ ဖြစ်ရလေဘိသနည်းဟူ၍ ဆင်ခြင်စဉ်းစားမိပါသည်"ဟု ဆို၍ ဤဆို လတ္တံ့သော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၂၀။ ယဿ နတ္ထိ သယံပညာ၊ သတ္ထံ တဿ ကရောတိ ကိံ။
လောစနေဟိ ဝိဟီနဿ၊ ဒပ္ပဏော ကိံ ကရိဿတိ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယဿ၊ အကြင် သူအား။ သယံပညာ၊ ထိုးထွင်း မြော်မြင်၊ ဆင်ခြင်သိရန်၊ ကိုယ်ပိုင်ဉာဏ်သည်။ နတ္ထိ၊ ကေန်စင်စစ်၊ မရှိဖြစ်၏။ တဿ၊ ထိုကိုယ်ပိုင်ပညာ၊ အလိမ္မာ မရှိသော သူအား။ သတ္ထံ၊ လောကဓမ္မ၊ ကြောင်းနှစ်ဝကို၊ ညွှန်ပြ တန်တန်၊ ကျမ်းဂန် အပေါင်းသည်။ ကိံ ကရောတိ၊ မဖွယ်အမှု၊ အကယ်ရှုသဖြင့်၊ အဘယ်ပြုပါအံ့ နည်း။ လောစနေဟိ ဝိဟီနဿ၊ မျက်စိနှစ်ဖက်၊ ချို့ပျက်ကုန်ခန်း၊ လုံးစုံ ကန်းသောသူအား။ ဒပ္ပဏော၊ ဦးခေါင်းမျက်နှာ၊ မူရာဟန်ပန်၊ ရှုရန်ပြုပြင်၊ ကြေးမုံပြင်သည်။ ကိံ ကရိဿတိ၊ မဖွယ်အမှု၊ အကယ်ရှုသဖြင့်၊ အဘယ်ပြုပါ အံ့နည်း။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....အကြင်သူအား ထိုထိုသို့သော အရာဌာနတို့၌ နေရာကျထိုးထွင်း၍ ထင်လင်းစွာ သိမြင်နိုင်သော ကိုယ်ပိုင်အသိဉာဏ်သည် မရှိခဲ့၊ ထိုအသိအလိမ္မာ ပညာဉာဏ်မရှိသောသူအား လောကဓမ္မ နှစ်ဌာနတို့၌ သဘာဝ အကြောင်းအကျိုးနှင့် အကောင်းအဆိုး နည်းလမ်း အရပ်ရပ်ကို တပ်အပ်ထင်ထင် သွန်သင်ညွှန်ပြသည့် အဝေဝေသော ကျမ်းဂန်အစုသည် အဘယ်ပြုပါတော့အံ့နည်း၊ အဘယ်မှာ အသုံးကျပါတော့အံ့နည်း၊ အချည်းနှီးသာ ဖြစ်ချေသည်၊ နှိုင်းစာဘွယ်ရာ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူ မျက်စိနှစ်ဖက် ချိုပျက်ကုန်ခန်း စုံလုံးကန်းသောသူအား ဦးခေါင်းမျက်နှာ ကိုယ်အင်္ဂါနှင့် မူရာဟန်ပန်တို့ကို ကြည့်ရှုပြုပြင်ရန်ဖြစ်သော မှန်ကြေးမုံပြင်သည် မဖွယ်အမှုအကယ်၍ပင် ရှုပါသော်လည်း စုံလုံးမမြင်သည့်အတွက် အဘယ် ပြုပါတော့အံ့နည်း၊ ထိုကြေးမုံပြင်သည် ထိုသူကန်းအား အကျိုးမရှိ အချည်းနှီးသာ ဖြစ်သကဲ့သို့ ဖြစ်ပေသည် ဟူလို။

ဤသို့ ကြံစည်တွေးတော၍ မည်သည့် အကြောင်းကိုမျှ မပြောဆိုဘဲ တုဏှိဘောသာ နေရပါသည်ဟု တင်လျှောက်လေ၏၊ ထိုအခါ ဥဒေါင်းမင်းသည် လက်အုပ်ချီမိုး ရှိခိုးဦးတင်လျက် "အို အမတ်ကြီး....ကျွန်ုပ်မှားပါပြီ၊ ဤအပြစ်သည်ကား အခြားသူ၏ အပြစ်မဟုတ်၊ ကျွန်ုပ်၏ အပြစ်ပင် ဖြစ်ပါသည်၊ သည်းခံတော်မူပါ၊ ယခုအခါ အကျွန်ုပ်သည် ကြွင်းကျန်သော စစ်သည် ဗိုလ်ပါတို့နှင့်တကွ ဝိဇ္ဇုတောင်သို့ ပြန်လည်ပါတော့မည်၊ ထိုသို့ ဝိဇ္ဇုတောင်သို့ ချောမောစွာ ပြန်လည်ဆိုက်ရောက်ရန်သာ နည်းလမ်းညွှန်ပြ ဩဝါဒပေးတော်မူပါ"ဟု တောင်းပန်ပြောဆိုလေ၏။

မျက်မာန်မပြု စိတ်မခုသင့်သူ ၅ စ်ယောက်

ထိုအခါ လင်းတ အမတ်ကြီးသည် ပြဆိုလတ္တံ့သော အကြောင်းတို့ကို တွေးတောပြီးလျှင် ဤအရာ၌ ငါသည် တဖန်ပြန်၍ အောင်မြင် ပြီးမြောက်ရန် စီမံထိုက်ပေသည်ဟု မိမိဘာသာ အောက်ပါ ဂါထာဖြင့် ဆင်ခြင်စဉ်းစားလေ၏။

၁၂၁။ ဒေဝတာဂုရုဂါဝေသု၊ ရာဇေသု ဗြာဟ္မဏေသု စ။
　　နိယန္တဗ္ဗော သဒါ ကောပေါ၊ ဗာလဝုဒ္ဓါတုရေသု စ။

ဒေဝတာဂုရု ဂါဝေသု စ၊ ရှင်ကြီး ရှင်ကောင်း၊ နတ်အပေါင်းနှင့်၊ ထပ်လောင်းဆရာ၊ နွားသတ္တဝါတို့၌လည်းကောင်း။ ရာဇေသု စ၊ တိုင်းပြည်စိုးစံ၊ နိုင်ငံအရှင်၊ ဘုရင်မင်းတို့၌လည်းကောင်း။ ဗြာဟ္မဏေသု စ၊ ဒုစရိုက်မှု၊ မပြုရှောင်ကြဉ်၊ သူတော်စင်တို့၌လည်းကောင်း။ ဗာလဝုဒ္ဓါတုရေသု စ၊ ကလေးသူငယ်နှင့်၊

သက်ရှယ်ကြီးသူ၊ ထိုတူတလီ၊ ရောဂါသည်တို့၌လည်းကောင်း။ သဒါ၊ ခပ်သိမ်း ကာလ၊ ခါသမယ၌။ ကောပေါ၊ ဒေါမာန်တက်ကြွ၊ အမျက်ထခြင်းကို။ နိယန္တဗ္ဗော၊ အမြဲမယျဉ်၊ အစဉ်တစိုက်၊ ရှောင်ကြဉ်ထိုက်၏။

ရက္ခစိုး, ဘုမ္မစိုး အစရှိသော အရှင်ကြီး အရှင်ကောင်း နတ်အပေါင်းတို့၌ လည်းကောင်း, ဆရာသခင် ကျေးဇူးရှင်တို့၌လည်းကောင်း, တိရစ္ဆာန်ပင် ဖြစ်ငြားသော်လည်း လူသားတို့၏အပေါ်၌ များစွာ ကျေးဇူးပြုတတ်ပေသော ကျွဲ, နွား သတ္တဝါတို့၌လည်းကောင်း လူတို့ဦးကိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ် တို့၌လည်းကောင်း, ဒုစရိုက်စု မကောင်းမှုမှ အပပြုကာ ရှောင်ကြဉ်ခွါလျက် မြတ်ရာလိုလား တရားနှင့်ပျော်မွေ့တော်မူကြသည့် ရသေ့ ရဟန်းအရှင် သူတော် စင် အပေါင်းတို့၌လည်းကောင်း, ကလေးသူငယ်နှင့် သက်ရှယ် ရင့်ပြီးသော လူကြီး သူကြီးတို့၌လည်းကောင်း, ဝေဒနာဖိ ရောဂါထိ၍ မချိကိုယ်စိတ် မျိုသိပ် ၍သာ နေရရှာသော လူမမာ ရောဂါသည်တို့၌လည်းကောင်း မည်သည့်အခါ၌ မဆို ဒေါသမာန်မာန တက်ကြွလျက် အမျက်ထွက်ခြင်းကို အလျှင်းရှောင်ကြဉ် ထိုက်ပေသည်၊ ထို့ကြောင့် ယခုအခါ ငါသည် ဤဘုရင်၏ အပေါ်၌ အမျက် မထားဘဲ တဖန်ပြန်၍ အောင်မြင် ပြီးမြောက်စေရန် စီမံထိုက်ပေသည်ဟု ဆိုလိုသည်။

အမတ်နှင့် ဆေးဆရာတို့၏ ပညာစွမ်းပြအပ်သည့်အခါ

ထိုသို့ ကြံစည် တွေးတောပြီးလျှင် ပြုံးရယ်လျက် "အရှင်မင်းကြီး.... ကြောက်ရွံ့တော်မမူပါလင့်၊ သောကကို ဖြေသိမ်း၍ အေးငြိမ်းတော်မူပါလော့၊ ဤဆိုလတ့်သော စကားတို့ကို နာတော်မူပါဦးလော့ အရှင်မင်းကြီး"ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၁၂၂။ မန္တီနံ ဘိန္နသံဓာနေ၊ ဝေဇ္ဇာနံ သန္နိပါတကေ။
ကမ္မနိ ဗျဉ္ဇတေ ပညာ၊ သောတ္ထေ ကော ဝါ န ပဏ္ဍိတော။

မဟာရာဇ၊ ပြည်ကြီးအရှင်၊ ဘုရင်မင်းမြတ်။ ဘိန္နသံဓာနေ၊ ဖောက်ပြန် မှားလျက်၊ ချွတ်ယွင်းချက်ကို၊ ဆက်စပ်တဖန်၊ အသစ်ပြန်၍၊ စီမံစေ့စပ်ခြင်း၌။ မန္တီနဉ္စ၊ မင်းတိုင်ပင်အပ်၊ သုခမိန်အမတ်တို့၏လည်းကောင်း။ သန္နိပါတကေ၊ သလိပ်, သည်းခြေ၊ လေပါရောယှက်၊ သုံးပါးပျက်၍၊ အသက်ကို ရန်ရှာတတ် သော၊ သန္နိပါတ်နာ၊ ကုစားရာဖြစ်သော။ ကမ္မနိ၊ ဆေးချက်ကြံဖန်၊ ကုစားရန် အမှု၌။ ဝေဇ္ဇာနဉ္စ၊ ဆေးကုကျော်ပြန်၊ ဆရာဝန်တို့၏ လည်းကောင်း။ ပညာ၊ ထိုးထွင်းသိမြင်၊ ဆင်ခြင် တတ်သော ပညာကို။ ဗျဉ္ဇတေ၊ သိသာပေါ်လွင်၊ ထင်စွာ ပြအပ်၏။ သောတ္ထေ–သောတ္ထိမှို၊ ဘေးဘျမ်းဥပဒ်၊ မကပ်မတွယ်၊

စင်ကြယ်သန့်ရှင်းရာ၊ ပကတိအခါ၌။ ကော ဝါ၊ အဘယ်မည်သော သူသည်လည်း။ န ပဏ္ဍိတော၊ မတတ်မသိ၊ ပညာရှိမဖြစ်ဘဲ ရှိပါအံ့နည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ဖောက်ပြန်မှားယွင်းသဖြင့် ပျက်စီးခြင်းသို့ ရောက်ပြီးသည်ကို ရှေးအတိုင်းပကတိ မပျက်စေရန် နောက်ထပ်တဖန် အသစ်ပြန်၍ စီမံစေစပ်ရာ၌ ပညာရှိ သုခမိန် မင်းတိုင်ပင် အမတ်တို့၏ ထက်မြက်လိမ္မာသော ပညာအရည်အချင်းကို ထင်လင်းစွာ ထုတ်ဖော်၍ ပေါ်ပေါ်လွင်လွင် ပြအပ်ပါသည်။သလိပ်, သည်းခြေ လေပါရောယှက် ၃-ပါးပျက်သဖြင့် အသက်ကို ရန်ရှာတတ်သည့် သန္နိပါတ်နာ ကြီးကျယ်သော ရောဂါကို ချမ်းသာ လွတ်ကင်းဘို့ရန်အတွက် ဆေးချက်ကို ကြံဖန်၍ အတန်တန် စိတ်ကူးလျက် အထူးကုစားရမည့်အရာ၌ သွားအရာ လိမ္မာကျေပြွန်သည့်ဆရာဝန် သွားတော် ဆရာကျော်တို့သည် မိမိတို့၏ ဆေးဘက်ဆိုင်ရာ ကုစားမှုပညာကို ထင်လင်းစွာ ပြထိုက်ပေသည်။ ထိုသို့ခက်ခဲသော အရာ၌ နေရာတကျ ဉာဏ်စွမ်းကို ပြနိုင်မှသာလျှင် တတ်သိ လိမ္မာသည့် ပညာရှင် ဖြစ်ထိုက်, ခေါ်ဝေါ်ထိုက်ပေသည်။ ဘေးဥပဒ်မရှိ မငြိမတွယ် ပကတိ စင်ကြယ်၍ လွယ်ကူသည့် အခါ၌ကား အဘယ်သူသည် ပညာရှိမဖြစ်ဘဲ ရှိပါအံ့နည်း၊ မည်သူမဆို ပညာရှိဖြစ်ကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်မျိုးသည်လည်း ယခုအခါ မိမိ၏ ပညာအရည်အချင်းကို ထင်လင်းစွာ ပြပါမည်ဟု ဆိုလိုသည်။

ပညာနည်းသူနှင့် ပညာကြီးသူတို့၏ ခြားနားချက်

ထို့ပြင် ပညာနည်းသော သူတို့သည် မကြီးမကျယ်သည့် အနည်းငယ်မျှသောကိစ္စကို အားထုတ်ဆောင်ရွက်ရာ၌လည်း မနိုင့်တနိုင်နှင့် စိတ်သောကဗျာပါလှိုင်လျက် ကိုင်ပါတွယ်ပါ ကူညီ ဝိုင်းဝန်းပါဟု ကဗျာ သုတ်သက်နှင့် ရှုပ်ရှက်ခတ် ဖြစ်၍ နေတတ်ကြကြောင်း, ပညာကြီးသော ပုဂ္ဂိုလ်တို့သည် ကြီးကျယ်သော အမှုကိစ္စတို့ကို အားထုတ် ဆောင်ရွက်ရပါသော်လည်း အနှောင့်အယှက်မရှိ ပကတိငြိမ်သက်သဖြင့် ဣန္ဒြေမပျက်စေဘဲ မြဲခိုင် ကြံ့ကြံ့ တည်တံ့စွာ နေထိုင်တတ်ကြောင်း၊ ထိုသို့ ပညာနည်းသောသူနှင့် ပညာကြီးသောသူ နှစ်မျိုးနှစ်စားတို့ တစုံတခုသော အမှုကိစ္စကို ရွက်ဆောင် ပြုလုပ်ကြရာ၌ အားထုတ်ပုံ ကွာခြားကြပုံကို ပြပြန်လိုသည်ဖြစ်၍ထိုမှတပါး ဤဆိုလတ္တံ့သော စကားကိုလည်း ဆင်ခြင်စဉ်းစား သဘောထားတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **အပ္ပါရမ္ဘေပျပ္ပမိယော**အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၂၃။ အပ္ပါရမ္ဘေပျပ္ပမိယော၊ ကာမံ ဗျဂ္ဂါ ဘဝန္တိ စ။
မဟာရမ္ဘာ ကတမိယော၊ တိဋ္ဌန္တိ စ နိရာကုလာ။

အပ္ပမိယော၊ အသိအလိမ္မာ၊ ပညာမြော်မြင်၊အဆင်ခြင်နည်းကုန်သော သူတို့သည်။ အပ္ပါရမ္ဘေပိ၊ အနည်းငယ်မျှ၊ ကိစ္စစုကို၊ ပြုလုပ်ဆောင်ရွက်ရာ၌လည်း။ ကာမံ၊ စင်စစ်။ *ဗျဂ္ဂါ၊ မနိုင့်တနိုင်၊ သောကလှိုင်၍၊ ကိုင်ပါ တွယ်ပါ၊ ကူညီပါဟု၊ ကဗျာသုတ်သက်၊ ရှုပ်ရှက်၍ နေတတ်ကုန်သည်။ ဘဝန္တိ၊ အမှန်မုချ၊ ဖြစ်တတ်ကြကုန်၏။ ကတမိယော၊ သိဉာဏ်ပွါးပြီး၊ ပညာကြီးကုန်သောပုဂ္ဂိုလ်တို့သည်။ မဟာရမ္ဘာ စ၊ ကြီးကျယ်အမှု၊ ကိစ္စစုကို၊ ပြုလုပ်ဆောင်ရွက်ရသော်လည်း။ နိရာကုလာ၊ ကာယိန္ဒြေ၊ ထွေထွေငြိမ်သက်၊ နှောင့်အယှက်မရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ မြဲခိုင်ကြံ့ကြံ့၊ တည်တံ့၍ နေတတ်ကြကုန်၏။

အရှင်မင်းကြီး....ထို့ကြောင့် ဤအရာ၌ အရှင်မင်းကြီး၏ တန်ခိုးတော်ဖြင့် ပင်လျှင် ရန်သူ၏ ခံတပ်ကို တိုက်ခိုက်ဖျက်ဆီး နှိမ်နင်းပြီးသည့်ကာလ မကြာမြင့်မီပင်လျှင် ဘုန်းတန်ခိုးအာနုဘော် ထင်ပေါ်ကျော်စောခြင်းနှင့်တကွ အရှင်မင်းကြီးကို ဝိဉ္စျတောင်သို့ ရောက်အောင် ပို့ဆောင်ပါမည်ဟု တင်လျှောက်လေ၏။

ထိုအခါ ဥဒေါင်းမင်းက "အမတ်ကြီး....ယခုအခါ ဤအနည်းငယ်မျှသော စစ်သည်ဗိုလ်ပါတို့ဖြင့် အသို့လျှင် ဤကဲ့သို့သော အမှုကိစ္စကို အောင်မြင် ပြီးစီးအောင် ရွက်ဆောင်နိုင်ပါမည်နည်း" ဟု မိန့်တော်မူလေ၏။

ထိုသို့ မိန့်တော်မူရာ လင်းတငှက်အမတ်ကြီးက "အရှင်မင်းကြီး....ဤအလုံးစုံသော အကြံအစည်သည် ဧကန် ဖြစ်မြောက်ပါလိမ့်မည်၊ အောင်နိုင်လိုသော သူသည် ကာလကို မနှောင့်နှေးစေမူ၍ အမှုကိစ္စကို လျင်မြန်စွာ ဆောင်ရွက်ခြင်းသည် အောင်မြင် ပြီးမြောက်ခြင်း၏ အကြောင်းဖြစ်ပါသည်။ ထို့ကြောင့် လျင်မြန် ဆောစွာသာလျှင် ရန်သူ၏ ခံတပ်ကို ဝိုင်းဝန်းပိတ်ဆို့ရန် စီမံသင့်ပါသည်" ဟု တင်လျှောက်လေ၏။

ထိုသို့ လင်းတငှက် အမတ်ကြီး တင်လျှောက်ပြီးသည့်နောက် ဟင်္သာမင်းထံမှ စေလွှတ်၍ ထားအပ်သော သူလျှိုဥဗျိုင်းသည် ဤလင်းတ အမတ်ကြီး၏ တင်လျှောက်သော စကားတို့ကို နာခံမှတ်သားပြီးလျှင် လျင်စွာကပ္ပူရကျွန်းသို့ ပြန်လာခဲ့၍ ဟင်္သာမင်းအား ထိုအကြောင်းအရာကို တင်လျှောက် ပြောကြားလေ၏။အဘယ်သို့ ပြောကြားသနည်းဟူမူ "အရှင်ဟင်္သာမင်း....အနည်းငယ်သော စစ်သည်ဗိုလ်ပါဖြင့်ပင်လျှင် ဤဥဒေါင်းမင်းသည် လင်းတငှက် အမတ်ကြီး၏ အထောက်အမဖြစ်သော ဆုံးမသြဝါဒကို လိုက်နာလျက် ဤအရပ်သို့ လာရောက်၍ ခံတပ်ကို ဝန်းဝိုင်း ပိတ်ဆို့ခြင်းကို ပြုလုပ်ပါလိမ့်မည်" ဟု တင်လျှောက် ပြောကြားလေ၏။

---

*ဗျဂ္ဂါ အာကုလစိတ္တာ တုရိတာ ဝါ (ဋီကာ)

ပစ္စည်းဥစ္စာတို့ကို အရာဌာနလိုက်၍ သုံးစွဲထိုက်ပုံ

ထိုအခါ ဟသ်ာမင်းက စက္ကဝက် အမတ်ကြီးအား "အို ပညာရှင်ဖြစ်သော အမတ်ကြီး....ယခုအခါ အဘယ်သို့ကြံဖန်၍ စီမံပြုလုပ်ပါမည်နည်း"ဟု မေးလေသော် စက္ကဝက် အမတ်ကြီးက "အရှင်မင်းကြီး....ကြောက်ရွံ့တော် မမူပါလင့်၊ မိမိ၏စစ်သည် ဗိုလ်ပါ၌ ခွန်အားဗလ အစွမ်းသတ္တိနှင့် ပြည့်စုံသောသူ, မပြည့်စုံသောသူတို့ကို စိစစ်ရွေးချယ်ရပါမည်၊ ထိုသို့ ရွေးချယ်ခွဲခြား၍ သိရှိသောအခါ ရွှေ, ငွေ, အဝတ် ပုဆိုး စသည်တို့ကို ထိုက်သည်အားလျော်စွာ ဆုတော် လာဘ်တော် အဖြစ်ဖြင့် ပေးသနားတော်မူရပါမည်။ ထို့ကြောင့်ပင်လျှင် ရှေးရှေးသော ပညာရှိ ကဝိပုဂ္ဂိုလ်တို့သည် ဤသို့ မိန့်ဆိုတော်မူကြပေသည်"ဟု ဆို၍ **ယော ကာကိဏိံမပျ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၁၂၄။ ယော ကာကိဏိံမပျပထဗျယဥ္စ၊
သမုဒ္ဓရေ နိက္ခသဟဿတုလျံ။
ကာလေသု ကောဋိသုပိ မုတ္တဟတ္ထော၊
တံ ရာဇသီဟံ န ဇဟာတိ လက္ခီ။

(ဉပဇာတိဂါထာ)

ယော ရာဇာ၊ အကြင် နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ အပထဗျယဥ္စ၊ ကုန်ဘို့ရာစခန်း၊ နည်းလမ်းမကျဘဲ၊ အလွဲသုံးဖြုန်းရသော။ ကာကိဏိံအပိ၊ တချင်ရွှေးခန့်သော၊ ဥစ္စာအသပြာကိုမျှလည်း။ နိက္ခသဟဿတုလျံ၊ ရွှေချိန် နိက္ခ၊ တထောင် မျှတူ၊ သဘောယူလျက်။ သမုဒ္ဓရေ၊ ကောင်းမွန်ချွေတာ၊ သုံးဆောင်ရာမှု၊ ထုတ်ယူပြုရာ၏။ ကာလေသု ပန၊ သုံးသင့်လျော်ကန်၊ သုံးရန် ကာလ၊ အချိန်ကျသော အခါတို့၌ကား။ ကောဋိသုပိ၊ များစွာရွှေငွေ၊ ကုဋေ ကုဋာ၊ အသပြာတို့၌လည်း။ မုတ္တဟတ္ထော၊ အနှမြောမဖက်၊ ရက်ရက်ရောရော၊ စွန့်လွှတ်အပ်သော လက်ရှိ၏။ တံ ရာဇသီဟံ၊ ထိုကျိုးကြောင်းမြော်မြင်၊ ရှုဆင်ခြင်တတ်သော၊ အရှင်သခင်၊ ဘုရင်မင်းမြတ်ကို။ လက္ခီ၊ စည်းစိမ်ဥစ္စာ၊ ရတနာ ရွှေငွေ၊ အထွေထွေနှင့်၊ အသရေကိုဆောင်သော သိရီနတ်သ္မီးသည်။ န ဇဟာတိ၊ တသက်လုံးမခွဲဘဲ၊ အမြဲစောင်မလျက်၊ ကေန္တ မစွန့်လွှတ်တတ်ပေ။

အဓိပ္ပါယ်။ ။အကြင် ရေမြေ့အရှင် ဘုရင်မင်းမြတ်သည် ကုန်ဘို့ရာစခန်း စည်းကမ်း နည်းလမ်းမကျဘဲ အလွဲသုံးဖြုန်းလျက် အချည်းနှီး ဆုံးရှုံးရမည် ဖြစ်သော အရာဌာန၌ တချင်ရွှေးတန် ပိုက်ဆံပိုင်စေမျှကိုသော်လည်း ရွှေဒင်္ဂါး

တထောင် ပေါင်တရာမျှကို ထုတ်ဆောင်သုံးစွဲရမည့် အရာကဲ့သို့မခြား အလား ထပ်တူ မှတ်ယူသဘောထားလျက် အလွန်တရာ ချွေတာနှမြော မရက်ရောမူ၍ ဘဏ္ဍာတော်တိုက်မှ ထုတ်ယူ သုံးစွဲတော်မူ၏၊ သင့်လျော် လျောက်ပတ်သဖြင့် သုံးအပ် သုံးထိုက်သည့်အရာ အခါကာလ၌မူကား ကုဋေ ကုဋာ များစွာသော ရွှေငွေ အသပြာတို့ကိုသော်လည်း အနှမြော မဖက်ဘဲ ရက်ရက်ရောရော စွန့်လွှတ် အပ်သော လက်ရှိသည်ဖြစ်၍ သုံးစွဲစွန့်ကြဲတတ်၏။ ထိုသို့ အရာဌာနအားလျော် စွာ ကျိုးကြောင်း မြော်မြင် ဆင်ခြင်တတ်သော သဘောရှိသော နိုင်ငံအရှင် ဘုရင်မင်းမြတ်ကို စည်းစိမ် ကြက်သရေ အထွေထွေနှင့် ရွှေငွေကိုစောင့်သော ကြက်သရေစောင့် နတ်သမီးသည် မည်သည့်နည်းနှင့်မျှ မခွဲမထွက်ဘဲ အမြဲမပျက် စောင်မလျက် ကေန္တ မစွန့်လွှတ်ပေ ဟူလို။

၇ ဥစ္စာသုံးစွဲရာ၌ လွန်ကဲသည်မရှိသော အရာရှစ်ပါး

ထို့ပြင် ပစ္စည်းဥစ္စာ ရတနာတို့ကို အနှမြောမဖက် ရက်ရက်ရောရော သုံးစွဲ သင့်သဖြင့် အသုံးလွန်သည်ဟူ၍ မရှိနိုင်သော အရာဌာနတို့ကို ပြပြန်လိုသည် ဖြစ်၍ ထိုမှတပါး ဤဆိုလတ့်သော စကားရပ်တို့ကိုလည်း မှတ်သားနာယူပါ ဦးလေ့ဟု ဆိုပြီးလျှင် **မဟေ ဝိဝါဟေ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၂၅။ မဟေ ဝိဝါဟေ ဗျသနေ ရိပုက္ခယေ၊
ယသက္ကရေ ကမ္မနိ မိတ္တသင်္ဂဟေ။
ပိယာသု နာရီသု ဓနေသု ဗန္ဓဝေ—
သွတိဗျယော နတ္ထိ နရာဓိပါဋ္ဌသု။

(ဝံသဋ္ဌဂါထာ)

နရာဓိပ၊ တိုင်းသားပြည်သူ၊ များဗိုလ်လူတို့၏အရှင်၊ ဘုရင်မင်းမြတ်။ မဟေ စ၊ ကောင်းမှုအကျိုး၊ မြတ်နိုးကော်ရော်၊ ပူဇော်သဘင်၊ စီရင်ကျင်းပရာ၌ လည်းကောင်း။ ဝိဝါဟေ စ၊ ထိမ်းမြားမင်္ဂလာ၊ လက်ထပ်ခြင်း ပြုလုပ်ရာ၊ အခါ ကာလ၌ လည်းကောင်း။ ဗျသနေ စ၊ ကြမ္မာဖိစီး၊ ပျက်စီး ဒုက္ခ၊ တွေ့ကြုံရသော အခါကာလ၌ လည်းကောင်း။ ရိပုက္ခယေ စ၊ တဖက်ရန်ကို၊ တွန်းလှန်ဖြိုဖျက်၊ နှိပ်စက်သော အခါကာလ၌ လည်းကောင်း။ ယသက္ကရေ ကမ္မနိ စ၊ တန်ခိုးရှိန်စော်၊ ထင်ပေါ်ကျော်ညာ၊ ပြုလုပ်ရာ၌ လည်းကောင်း။ မိတ္တသင်္ဂဟေ စ၊ ချစ်ခင် ပေါင်းသင်း၊ မိတ်ဆွေရင်းကို၊ သင်္ဂြိုဟ်ထောက်ပင့်၊ ချီးမြှင့်ရာ၌ လည်းကောင်း။

ပိယာသု၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးအပ်ကုန်သော။ နာရီသု စ၊ ကြင်ယာမြောက်သား၊ မယားတည်းဟူ၊ အိမ်ကြီးသူတို့၌ လည်းကောင်း။ အဝနေသု၊ ဥစ္စာစီးပွါး၊ ပါးရှားကြကုန်သော။ ဗန္ဓဝေသု စ၊ ဆွေမျိုး ပေါက်ဖော်၊ တော်စပ်ကုန်သော သူတို့၌ လည်းကောင်း။ ဣတိ–ဣမေသု အဋ္ဌသု၊ ဤသို့ညွှန်ပြ၊ ရှစ်ပါးသော ဌာနတို့၌။ အတိဗျယော၊ အလွန်အကျုံ၊ အသုံးလွန်ခြင်းသည်။ ဝါ–အတိဗျယောတိ၊ အလွန်အကျုံ၊ အသုံးလွန်သည်ဟူ၍။ နတ္ထိ၊ ဘယ်အခါ ကာလ၌မျှ၊ ဧကန္တ မရှိပေ။

အဓိပ္ပါယ်။ ။လူတို့ဦးကိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ်....ပစ္စည်းဥစ္စာရတနာတို့ကို များစွာသုံးစွဲ စွန့်ကြဲသင့်သော—

၁။ ကောင်းမှုကို ရည်မှန်း၍ လှူဒါန်းကော်ရော် ပူဇော်ပွဲပြုသောအခါကာလ၌ လည်းကောင်း,

၂။ ထိမ်းမြား မင်္ဂလာ လက်ထပ်ခြင်းကို ပြုလုပ်ရာ အခါကာလ၌ လည်းကောင်း,

၃။ ကံကြမ္မာ ဖိစီးသဖြင့် ပျက်စီးယုတ်ဆုတ် ဒုက္ခနှင့် တွေ့ကြုံသောအခါကာလ၌ လည်းကောင်း,

၄။ အရွဲ့တစောင်း မကောင်းကြံမှု ကိုယ့်ရန်သူကို မလူစေရန် တွန်းလှန်ဖြိုဖျက် နှိပ်စက်သော အခါကာလ၌ လည်းကောင်း,

၅။ တန်ခိုးရှိန်စော် ထင်ပေါ်ကျော်ကြားစေရန် စီမံပြုလုပ်ရာ အခါကာလ၌ လည်းကောင်း,

၆။ ချစ်ခင်ပေါင်းသင်း မိတ်ဆွေရင်းကို သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းပြုရာ၌ လည်းကောင်း,

၇။ မိမိ၏ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော ကြင်ယာမြောက်သား မယားအိမ်သူတို့၏ အပေါ်၌ လည်းကောင်း,

၈။ ဥစ္စာပစ္စည်း နည်းပါးလှသဖြင့် မရှိဆင်းရဲ မွဲကြကုန်သော ဆွေမျိုး ဉာတိနှင့် ရှိသမျှ သားချင်းတို့၏အပေါ်၌ လည်းကောင်း,

ဤရှစ်ပါးသော ဌာနတို့၌ အလွန်အကျုံ အသုံးလွန်သည်ဟူ၍ မည်သည့်အခါ၌မျှ မရှိပေ၊ ကုန်သင့် ကုန်ထိုက်သဖြင့် ကုန်နိုင်သမျှ သင့်လျော်သည် ချည်းပင် ဖြစ်ပေသည် ဟူလို။

အများကိုမြော်ဆ၍ အနည်းကို စွန့်ရပုံ

ထို့ပြင် ပစ္စည်းဥစ္စာတို့ကို ကုန်သင့်သော အရာ၌ ကုန်ကျသင့်ကြောင်းကို ထပ်လောင်း၍ တဖန် တင်လျှောက်လိုပြန်သည်ဖြစ်၍ ယတော ပုဋ္ဌော အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

ယတော—

၁၂၆။ မုဠ္ဟော အပ္ပဗျယုတြာသာ၊ သဗ္ဗနာသံ ကရောတိ ဟိ။
ကော သုဓီ သံစဇေ ဘဏ္ဍံ၊ သုက်ဿေဝါတိနိုတြာသာ။

ယတော၊ အကြင့်ကြောင့်။ မုဠ္ဟော၊ ပေးဆောင်ပြုရ၊ မှုကိစ္စမှ၊ ရအံ့အကျိုး၊ မြော်ကိုးမသိ၊ ဉာဏ်မရှိသောသူသည်။ အပ္ပဗျယုတြာသာ၊ ကောက်ခွန်နေ၊ နည်းငယ်မျှကို၊ ကုန်ကျမည်လောက်၊ စိုးရိမ်ကြောက်ခြင်းကြောင့်။ သဗ္ဗနာသံ၊ ပစ္စည်းဘဏ္ဍာ၊ ဥစ္စာအားလုံး၊ ဆုံးရှုံးပျက်စီးခြင်းကို။ ကရောတိ ဟိ–ကရောတိ ဧဝ၊ ပြုလုပ်သည်သာလျှင်တည်း။ ကော၊ အဘယ်မည်သော။ သုဓီ၊ တတ်သိမြော်မြင်၊ ပညာရှင်သည်။ သုက်ဿေဝ၊ ထုံးစံမလွန်၊ ကောက်အခွန်ကိုသာလျှင်။ အတိဥတြာသာ၊ ပေးရမည့်အရေးကို၊ တွေးဆလွန်မင်း၊ ကြောက်ရွံ့ခြင်းကြောင့်။ ဘဏ္ဍံ၊ ခပ်သိမ်းဘဏ္ဍာ၊ ဥစ္စာပစ္စည်းကို။ သံစဇေ၊ အလျှင်းလက်လွှတ်၊ လုံးလုံးကျွတ်အောင်၊ စွန့်လွှတ်လိုက်ပါအံ့နည်း။ န သံစဇေ ဧဝ၊ စင်းစင်းမရှိ၊ မပြင်းတွန့်ဘဲ၊ အလျှင်း မစွန့်မည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။အကောက်တော်, အခွန်တော်, စရိတ်စက ကုန်ကျရခြင်းကြောင့် မိမိ၏ ရအပ် ခံစားအပ်သော အကျိုးကို မသိမြင် မဆင်ခြင်တတ်သော ဉာဏ်ပညာမရှိသောသူသည် ထိုအနည်းငယ်မျှ ပေးဆောင် ကုန်ကျရမည်ဖြစ်သော အကောက်တော်, အခွန်တော်, စရိတ်စက ပေးဆောင်ကုန်ကျရမည်ကို တွေးဆ ကြောက်ရွံ့ခြင်းကြောင့် မဆောင် မပေး မရှေးယူမူ၍ မိမိ၏ ပစ္စည်းဘဏ္ဍာ ဥစ္စာအားလုံးတို့ကို အဆုံးခံသည်သာလျှင် ဖြစ်ပေသည်။ အကျိုးကို သိမြင်သော ပညာရှိဖြစ်ပါမူ အဘယ်သူသည် ထိုအနည်းငယ်မျှသာလျှင်ဖြစ်သော အကောက်တော်,အခွန်တော်,စရိတ်စက ပေးဆောင်ရမည်ကို အလွန်အမင်း ကြောက်ရွံ့ခြင်းကြောင့် အလုံးစုံသော မိမိ၏ ပစ္စည်းဘဏ္ဍာတို့ကို အလျှင်း လက်လွှတ်၍ လုံးလုံးကျွတ်အောင် စွန့်လွှတ်ပါအံ့နည်း၊ ဧကန္တ မစွန့်လွှတ်ပေရာ။ ထို့ကြောင့် ယခုအခါ အရှင်မင်းကြီးသည်လည်း မိမိ၏ ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သော ရဲမက်စစ်သည်တော်တို့၏ အပေါ်၌ အကျိုးကို မြော်ခေါ် ထောက်ဆလျက် အနည်းငယ်မျှသော ပစ္စည်းဥစ္စာတို့ကို ချီးမြှောက်သောအားဖြင့် ပေးသနားတော်မူရန် သင့်လျော်ပါသည်ဟု ဆိုလိုသည်။

ထိုသို့ တင်လျှောက်ပြောဆိုရာ ဟသ်ာမင်းက ဤယခုကဲ့သို့သော အခါကာလကြီး၌ ဥစ္စာရတနာတို့ကို များစွာဖြုန်းတီးသဖြင့် အဘယ်မှာ သင့်မြတ်နိုင်ပါမည်နည်း။

ထိုသို့ မိန့်တော်မူပြီးလျှင် ဟသ်ာမင်းနှင့် စက္ကဝက် အမတ်ကြီးတို့သည် အောက်ပါ ဂါထာကို တပိုဒ်စီ ရွတ်ဆိုလျက် အချေအတင် ပြောဆိုကြလေ၏။

၁၂၇။ အာပဒတ္တေ ဓနံ ရက္ခေ၊ သြီမတံ ကုတော အာပဒါ။
ကဒါစိ ကုပိတာ လက္ခီ၊ သဉ္စိတာပိ ဝိနဿတိ။

ပြောဆိုကြပုံ

ဟသ်ာမင်း။　။အာပဒတ္တေ ဓနံ ရက္ခေ

အာပဒတ္တေ၊ ပျက်စီးခြင်း ဘေးဒုက္ခမှ ရှောင်ကြဉ်ရခြင်း အကျိုးငှါ။ ဓနံ၊ ရွှေငွေဥစ္စာ၊ ရတနာကို။ ရက္ခေ၊ အစဉ်မကွာ၊ စောင့်ရှောက်ရာ၏။

ပျက်စီးခြင်း ဘေးဒုက္ခမှ ရှောင်ကြဉ်ရခြင်းအကျိုးငှါ ပစ္စည်းဥစ္စာ ရတနာတို့ကို အစဉ်မပြတ် စောင့်ရှောက်အပ်၏ဟု ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည် မဟုတ်ပါလော။

စက္ကဝက် အမတ်ကြီး။　။သြီမတံ ကုတော အာပဒါ

သြီမတံ – သိရီမန္တာနံ၊ စည်းစိမ်ဥစ္စာ၊ ရတနာနှင့်၊ အရာရာပြည့်စုံခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့အား။ အာပဒါ၊ ပျက်စီးခြင်းဘေးဒုက္ခနှင့်၊ တွေ့ကြုံရခြင်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

စည်းစိမ်ဥစ္စာ ရတနာနှင့် အရာရာပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့အား ပျက်စီးခြင်း ဘေးဒုက္ခနှင့် တွေ့ကြုံရခြင်းသည် အဘယ်မှာ ရှိပါတော့အံ့နည်း၊ မည်သည့် အခါ၌မျှ မတွေ့ကြုံနိုင်ပါ။

ဟသ်ာမင်း။　။ကဒါစိ ကုပိတာ[၁] လက္ခီ

လက္ခီ၊ ဥစ္စာရွှေငွေ၊ အထွေထွေနှင့်၊ အသရေကိုစောင့်သော နတ်သ္မီးသည်။ ကဒါစိ၊ တခါတရံ။ ကုပိတာ၊ ဒေါမာန်အမျက်၊ စိတ်တော်ကွက်သဖြင့်၊ စွန့်ထွက် ရှောင်ရှား၍ သွားတတ်ပါ၏။

စည်းစိမ်ဥစ္စာ ရတနာရွှေငွေနှင့် အထွေထွေကို စောင့်သော ကြက်သရေ စောင့် နတ်သ္မီးသည် တခါတရံ ဒေါသမာန်ထ အမျက်ရှသဖြင့် ထွက်ကြွ ရှောင် ရှားလျက် အခြားသို့ သွားတတ်ပါသေးသည်၊ ထို့ကြောင့် ပျက်စီးခြင်းဘေး ဒုက္ခနှင့် တွေ့ကြုံရတတ်ပါသေးသည်။

၁။ စလတေ-ဟုလည်း ရှိကြ၏။

စက္ကဝက်အမတ်ကြီး။ ။သဋ္ဌိတာပိ ဝိနဿတိ

တဒါ၊ ထိုအတိတ်ကာ နှောင့်ယှက်သဖြင့်၊ ပျက်စီးချိန်ကျသော အခါ၌။ သဋ္ဌိတာပိ၊ ရှာဖွေစုဆောင်း၍၊ ကောင်းစွာ သိုမှီးအပ်သော၊ ပစ္စည်းဥစ္စာ၊ ရတနာသည်လည်း။ ဝိနဿတိ၊ ပျက်ချိန်တန်က၊ သခ်ါရကြောင့်၊ မုချမလွဲ၊ ပျက်စီးမြဲသာ ဖြစ်ပါသည်။

ရှေးဘဝအကြောင်း မကောင်းမှု အကုသိုလ်ကံ စီမံဖိစီးသဖြင့် ပျက်စီးဘို့ အချိန် တိုက်ဆိုက်လျက် ကြုံကြိုက်သောအခါ ရှာဖွေစုဆောင်း၍ ကောင်းစွာ သိုမှီးအပ်သော ပစ္စည်းဥစ္စာ ရတနာသည်လည်း ပျက်ဖို့ ပျက်ရန် ပျက်ချိန်တန် က သခ်ါရကြောင့် ကေန္တမလွဲ ပျက်စီးရမြဲသာ ဖြစ်ပါသည်။

ရာထူးဥစ္စာတို့ဖြင့် ရဲမက်ဗိုလ်ပါတို့ကို မြှောက်စားသင့်ပုံ

အရှင်မင်းကြီး.... ထို့ကြောင့် ဥစ္စာပစ္စည်း၌ ခင်မင်တွယ်တာသော တဏှာ လောဘကို တတ်အားသမျှ နှိပ်ကွပ်၍ မိမိ၏ ကျေးကျွန် အခြွေအရံတို့အနက် ထက်မြက် လိမ္မာကုန်သော သူရဲကောင်းတို့အား ထိုက်သည်အားလျော်စွာ ပစ္စည်းဥစ္စာတို့ဖြင့် ချီးမြှောက်မ,စခြင်း အရိုအသေ အလေးအမြတ် ပြုခြင်း တို့ဖြင့် ဗိုလ်ချုပ် ဗိုလ်မှူး၏ ရာထူးဖြင့် ချီးကျူးမြှောက်စား၍ ရှေသွားပြုလုပ် စေသင့်ပါသည်။ ယ္ခုကြောင့်ပင်လျှင် စစ်မှုရေးရာ၌ ကျွမ်းကျင် လိမ္မာကုန်သော ရှေးရှေးအစဉ် ပညာရှင်တို့သည် ဤသို့ သွန်သင်ဆုံးမ ဩဝါဒပေးတော်မူခဲ့ကြ ပေသည်ဟု ဆိုပြီးလျှင် ဤဆိုလတံ့သော **ပရောပရညူ သမ္ဘဋ္ဌာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၁၂၀။ ပရောပရညူ သမ္ဘဋ္ဌာ၊ စတ္တုံ ပါဏံ သုနိစ္ဆိတာ။
ကုလီနာ ပူဇိတာ သမ္မာ၊ ဝိဇယန္တေ ဒိသာဗလံ။

ပရောပရညူ၊ တယောက်သည် တယောက်၏ သဘောကို၊ လိုက်လျော ကုန်ဘိ၊ အစုံသိကုန်သော။ ဝါ၊ အချင်းချင်း တယောက်သည် တယောက်အား၊ မေတ္တာထားလျက်၊ တရားသဖြင့်၊ ဖွဲ့နှောင်အပ်ကုန်သော။ သမ္ဘဋ္ဌာ၊ချီးမြှောက် ထောက်ပင့်ခြင်းဖြင့်၊ မင်းမြတ်သခင်၊ ကိုယ့်အရှင်၌၊ ချစ်ခင်မြတ်နိုးခြင်းရှိကုန် သော။ ပါဏံ စတ္တုံ၊ အရှင်၏ အတွက်၊ အသက်ကို စွန့်ခြင်းငှါ။သုနိစ္ဆိတာ၊ ကောင်းစွာနှလုံး၊ စိတ်ဆုံးဖြတ်အပ်ကုန်ပြီးသော။ ကုလီနာ၊ အနွယ်အရိုး၊ အမျိုးအားဖြင့် မြတ်ကုန်သော။ ပူဇိတာ၊ မြတ်နိုးကော်ရော်၊ ပူဇော်ကုန်အပ်၊ ရဲမက်တပ်တို့သည်။ ဒိသာဗလံ၊ ရန်သူဘက်တည်၊ စစ်သည်ရဲမက်၊ တခဲနက်စု၊

ဗိုလ်ခြေထုကို။ သမ္မာ၊ ကောင်းစွာ။ ဝိဇယန္တေ၊ နှိပ်နင်းပိုင်ပိုင်၊ အောင်မြင်နိုင်ကုန်၏။

အဓိပ္ပါယ်။ ။အစိုးရသခင် ဘုရင်မင်းမြတ်နှင့် စစ်သည်တော်တို့သည် အချင်းချင်း တဦးသည် တဦး၏ သဘောကို လိုက်လျောအညီ သိတတ်ကြကုန်သည်ဖြစ်၍ တဦး တဦး မေတ္တာဓာတ်ဖြင့် နှောင်ဖွဲ့ ရစ်ပတ်အပ်ကုန်သော, ဝါ–နှောင်ဖွဲ့ ရစ်ပတ်အပ်သောကြောင့် ရွှေငွေ ရတနာစသော ဘဏ္ဍာတော်တို့ဖြင့် ချီးမြှင့် မ,စတော်မူခြင်းဖြင့် မိမိတို့၏ အရှင်သခင် ဘုရင်မင်းမြတ်၌ ချစ်ခင်မြတ်နိုးခြင်း ရှိကြကုန်သော, ဝါ–ချစ်ခင်မြတ်နိုးခြင်း ရှိကြကုန်သောကြောင့် မိမိ၏ အသက်ကို မငဲ့ကွက်ဘဲ ရက်ရက်စွန့်ခြင်းငှါ ကောင်းစွာ ဆုံးဖြတ်အပ်သော စိတ်နှလုံးရှိကြကုန်သော, ဝါ–ဆုံးဖြတ်အပ်သော စိတ်နှလုံးရှိကြကုန်သောကြောင့် အနွယ်အရိုး အမျိုးအားဖြင့် မြတ်ကြကုန်သော, ဝါ–မြတ်ကြကုန်သောကြောင့် မြတ်နိုးကော်ရော် ပူဇော်အပ်ကုန်သော ရဲမက်တပ်သား စစ်သည်တော်အများတို့သည် ရန်သူ၏ စစ်သည်ရဲမက်တို့ တခဲနက်စုအပ်သော ဗိုလ်ခြေအထုကို ခုခံပိုင်ပိုင် အောင်နိုင်အောင် တိုက်ခိုက်ကြကုန်ရာပေသည်ဟူလို။

လက်ရွေးစင် စစ်သည်တော်ငါးရာဖြင့် ရန်သူများစွာကို အောင်နိုင်ပုံ

ထိုပြင် ထိုကဲ့သို့ မြင့်မြတ်သော စစ်သည်တော် အရေအတွက် (၅၀၀) မျှဖြင့် များစွာသော ရန်သူ၏ စစ်သည် ဗိုလ်ခြေအထုကို ခုခံတိုက်ခိုက်နိုင်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတ္တံ့သော စကားကိုလည်း ကြားနာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **သုဘဋ္ဌာ သီလသမ္ပန္နာ**အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၂၉။ သုဘဋ္ဌာ သီလသမ္ပန္နာ၊ သံဟတာ ကတနိစ္ဆယာ။
အပိ ပဉ္စသတံ သူရာ၊ နိဟန္တိ ရိပုဝါဟိနီ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ သီလသမ္ပန္နာ၊ ကောင်းသောအလေ့အကျင့်နှင့် ပြည့်စုံကုန်သော။ သံဟတာ၊ ကောင်းစွာစုဆောင်း၊ ပေါင်းစည်းအပ်ကုန်သော။ ကတနိစ္ဆယာ၊ အရှင်၏ အတွက်ဖြင့်၊ အသက်ကို စွန့်မည်ဟု၊ ပြုအပ်သော ဆုံးဖြတ်ခြင်းရှိကုန်သော။ သူရာ၊ ကြောက်ရွံ့မလုပ်၊ နောက်မဆုတ်ဘဲ၊ ရဲရင့်သော သတ္တိရှိကုန်သော။ ပဉ္စသတံ အပိ၊ ရေတွက်သချာ၊ ငါးရာမျှလောက်၊ စာရင်းပေါက် ဖြစ်ကုန်သော။ သုဘဋ္ဌာ၊ မသေ့တိမ်းစောင်း၊ မှုထမ်းကောင်းတို့သည်။ ရိပုဝါဟိနီ၊ ရန်သူဘက်တည်၊ စစ်သည်ရဲမက်၊ တခဲနက်စု၊ ဗိုလ်ခြေထုကို။ နိဟန္တိ၊ တိုက်ခိုက်ရဲရဲ၊ ညှဉ်းဆဲသတ်ဖြတ်တတ်ကုန်၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်.... ကောင်းသော အလေ့ အကျင့် ကောင်းသော သဘောရှိကုန်သော ကောင်းစွာ စည်းလုံးပေါင်းစည်းအပ်ကုန်သော အရှင်၏အတွက်ဖြင့် အသက်ကိုမငဲ့ကွက်ဘဲ ရက်ရက်စွန့်မည်ဟု မိမိတို့၏ စိတ်နှလုံး၌ပြုအပ်သော ဆုံးဖြတ်ခြင်း ရှိကုန်သော မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရင့်သော သတ္တိရှိကြကုန်သော အရေအတွက်အားဖြင့် ငါးရာမျှသာ ရှိကုန်သော သဘောမယိမ်း မတိမ်းမစောင်း အမှုထမ်းကောင်းဖြစ်ကုန်သော စစ်သည်တော်တို့သည် ရန်သူ၏ များစွာသော စစ်သည်ရဲမက် တခဲနက်ဗိုလ်ထုကို ခုခံတိုက်ခိုက်၍ ရဲရင့်စွာ ညှဉ်းဆဲသတ်ဖြတ်နိုင်ပါသည် ဟူလို။

တကိုယ်ကောင်းသမားကို ပယ်ရှားစွန့်ပစ်သင့်ပုံ

ထို့ပြင် တပါးသောသူတို့နှင့် ပေါင်းသင်းဆက်ဆံ၍ မဖြစ်၊ စွန့်ပစ်၍ထားအပ်သော ပုဂ္ဂိုလ်ကို ပြဆိုလိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတံ့သော စကားကိုလည်း ကြားနာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **သေဋ္ဌေဟျပျဝိသေသညူ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၀။ သေဋ္ဌေဟျပျဝိသေသညူ၊ ဥဂ္ဂေါ စ ကတနာသကော။
စဇ္ဇတေ ကိံ န အဋ္ဌေဟိ၊ ယော စာပျာတ္တမ္ဘရိ နရော။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ အဝိသေသညူ စ၊ အကြောင်းအကျိုးနှင့်၊ အကောင်းအဆိုးနှစ်ပါးကို၊ ထူးခြား၍ မသိတတ်သည်လည်း ဖြစ်သော။ ဝါ၊ မိမိနှင့်မူ၊ တပါးသူတို့၊ မတူကွဲပြား၊ ထူးခြားသည့် အကြောင်းကို၊ ကောင်းစွာ မသိတတ်သည်လည်း ဖြစ်သော။ ဥဂ္ဂေါ စ၊ အမျက်ဒေါသ၊ ခြောင်းခြောင်း ထလျက်၊ ခဏ ခဏ စိတ်တို၍၊ နဂိုရ်ကြမ်းလည်းဖြစ်သော။ ကတနာသကော စ၊ ကိုယ့်အားပြုဘူး၊ သူ့ကျေးဇူးကို၊ အထူးမဆပ်ဖျက်ပယ်တတ်သည်လည်း ဖြစ်သော။ အတ္တမ္ဘရိ စ၊ ကိုယ့်ကိုယ်ကိုသာ၊ ကောင်းစွာမွေးမြူ၊ တပါးသူတွက်၊ မငဲ့ကွက်လို၊ တကိုယ်ကောင်း ကြံတတ်သည်လည်း ဖြစ်သော။ ယော နရော၊ အကြင်သူကို။ သေဋ္ဌေဟိပိ၊ မြင့်မြတ်အခြေ၊ ဂုဏ်သရေ ရှိသော လူကြီး လူကောင်းတို့သည်မူလည်း။ စဇ္ဇတေ၊ ဝေးစွာ ရှောင်ရှား၊ စွန့်ပယ်ထားအပ်၏။ သ – သော နရော၊ ထို သူ့ ကို။ အဋ္ဌေဟိ၊ သာမန်အစား၊ တပါးသော သူတို့သည်မူကား။ ကိံ န စဇ္ဇတေ၊ အဘယ်မှာ မလွဲ၊ အတင့်ရဲသဖြင့်၊ မစွန့်ဘဲ နေအပ်ပါမည်နည်း။ စဇ္ဇတေ ဧဝ၊ ကေန်မချွတ်၊ လွှတ်လွှတ်ရှောင်ရှား၍၊ စွန့်ထားအပ်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။နိုင်ငံအရှင် ဘုရင်မင်းမြတ်.... အကြင်သူသည် အကျိုးအကြောင်း နှစ်ပါးကိုလည်းကောင်း, အဆိုးအကောင်း နှစ်ပါးကိုလည်းကောင်း

ထူးခြား၍ မသိတတ်၊ သို့မဟုတ် မိမိနှင့်သူတပါးတို့ မတူကွဲပြား ထူးခြားသော အကြောင်းကိုလည်း ကောင်းစွာ မသိတတ်၊ အမျက်ဒေါသ ခြောင်းခြောင်း ထလျက် ခဏ ခဏ စိတ်တို၍ နဂိုရ်ကြမ်းလည်းဖြစ်၏၊ သူပြုခဲ့ဘူးသော ကျေးဇူးကိုလည်း အထူးမသိတတ်၊ မိမိကိုယ်ကိုသာ ကောင်းစွာ မွေးမြူလျက် သူတပါး၏ အတွက်ကိုကား လားလားမှ မငဲ့ကွက်လိုဘဲ တကိုယ်ကောင်းလည်း ကြံတတ်၏။ ထိုကဲ့သို့ သဘောရှိသောသူကို မြတ်ကုန်သော ဂုဏ်သရေရှိ လူကြီးလူကောင်းတို့ သော်မှလည်း ဝေးစွာရှောင်ရှားလျက် စွန့်ပယ်၍ ထားအပ်ပါသေး၏၊ သာမန် လူစားဖြစ်သော တပါးသောသူတို့သည်ကား အဘယ်မှာ အတင့်ရဲ၍ မစွန့်ဘဲ နေအပ်ပါမည်နည်း၊ ကေန်မချွတ် စွန့်လွှတ်၍ ထားအပ်သည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အရှင်သခင် ဘုရင်မင်းမြတ်သည်လည်း ယခုအခါ ဤကဲ့သို့သော လူစားမျိုး မဖြစ်စေခြင်းငှါ မိမိ၏ စစ်သည်ဗိုလ်ပါတို့အား ထိုက်သည်အား လျော်စွာ ပစ္စည်းဥစ္စာ အသပြာတို့ဖြင့် မ,စချီးမြှောက်လျက် ထောက်ပင့်သော အားဖြင့် ပေးသနားတော်မူမှသာလျှင် လျော်ကန် သင့်မြတ်တော်မူပါမည်ဟု ဆိုလိုသည်။

ဘုရင်တို့ဂုဏ် မပြည့်စုံက ရှုတ်ချကြလိမ့်မည်

ထိုပြင် ဘုရင်မင်းမြတ်တို့၏ ကြီးကျယ်မြင့်မြတ်သော ဂုဏ်တို့ကို ပြပြန်လိုသည်ဖြစ်၍ **သစ္စံ သူရော ဒယာ စာဂေါ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ယတော—

၁၃၁။ သစ္စံ သူရော ဒယာ စာဂေါ၊ ရညော တေ မဟာဂုဏာ။
တေဟိ မုတ္တော မဟီပါလော၊ ပပ္ပေါတိ ခလု ဝါစ္စတံ။

မဟီပါလ၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်။ ယတော၊ အကြင့်ကြောင့်။ သစ္စဥ္စ၊ သစ္စာကတိ၊ ဖြောင့်မှန်စွာ ရှိခြင်းလည်းကောင်း။ သူရော စ၊ သူရသတ္တိ၊ ရဲစွမ်းရှိသည်၏ အဖြစ်လည်းကောင်း။ ဒယာ စ၊ သတ္တဝါကို၊ ကြင်နာထောက်ထား၊ သနားခြင်းရှိသည်၏ အဖြစ်လည်းကောင်း။ စာဂေါ စ၊ နှမြောမဖက်၊ ရက်ရက်ရောရော၊ စွန့်ကြဲတတ်သော၊ သဘောရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ တေ၊ ဤသို့ဆိုအပ်၊ မြင့်မြတ်သော ဂုဏ်တို့သည်။ ရညော၊ တိုင်းပြည်အရှင်၊ ဘုရင်မင်းမြတ်၏။ မဟာဂုဏာ၊ ကြီးကျယ်မြင့်မြတ်၊ ပူဇော်အပ်သော ဂုဏ်တို့တည်း။ တေဟိ ဂုဏေဟိ၊ ထိုသို့လျှောက်ပတ်၊ မြင့်မြတ်သောဂုဏ်တို့မှ။ မုတ္တော၊ မတည်ယှဉ်းချွတ်၊ ကင်းစင်လွတ်သော။ မဟီပါလော၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်သည်။ ခလု၊ စင်စစ်။ ဝါစ္စတံ၊ ဂုဏ်သိမ်ချိုးဖဲ့၊ ကဲ့ရဲ့ရှုတ်ချ၊ မကျ

အလို၊ အတင်းဆိုအပ်သည်၏ အဖြစ်သို့။ ပပ္ပေါတိ၊ မသေ့မဖောက်၊ ကေန်ရောက်တတ်၏။

အဓိပ္ပါယ်။ ။ရေမြွေအရှင် ဘုရင်မင်းမြတ်....သစ္စာကတိ တည်ကြည်ဖြောင့်မတ်ခြင်း, သူရသတ္တိ ရဲစွမ်းရှိခြင်း, တပါးသော သတ္တဝါကို ကြင်နာထောက်ထားသနားညှာတာတတ်ခြင်း, အနူမြောမဖက် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲတတ်သော သဘောရှိခြင်း ဤသို့ပြဆိုအပ်သော လေးပါးသော ဂုဏ်ကျေးဇူးတို့သည် တိုင်းပြည်အရှင် ဘုရင်မင်းမြတ်တို့၏ ကြီးကျယ်မြင့်မြတ် ပူဇော်အပ်သော ဂုဏ်တို့ပေတည်း။ ထိုဂုဏ်တို့မှ မရှိယွင်းချွတ် ကင်းလွတ်သော ဘုရင်သည် စင်စစ်အားဖြင့် အများပြည်သူတို့သည် မကြည်ဖြူ မမြတ်နိုးဘဲ ဂုဏ်သိရ်ကို ချိုးဖဲ့လျက် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြသဖြင့် မကျအလို အတင်းဆိုအပ်သည်၏ အဖြစ်သို့ စင်စစ်ကေန် အမှန်ကျရောက်တတ်ပါသည် ဟူလို။

ကိစ္စတိုင်းတွင် အမတ်ကြီးကို တိုင်ပင်သင့်ပုံ

ထို့ကြောင့် ဤကဲ့သို့သော အရေးအရာ အခိုက်အခါတို့၌ မိမိ၏ ပုရောဟိတ်အမတ်တို့ကို ရှေ့ဦးစွာ အလေးအမြတ်ပြု၍ အကြီးအမှူး ဦးစီးခေါင်းဆောင်အရာ၌ ထားပြီးလျှင် အရာရာသော အမှုကိစ္စတို့ကို ဆောင်ရွက်စေသင့်ပါသည်။ ထို့ကြောင့်ပင်လျှင် ရှေးအစဉ် ဆရာမြတ်တို့သည် **ပတိဗဒ္ဓေါ စ ယော ယေန** အစရှိသော ဂါထာကို မိန့်ဆိုမှာထား ဩဝါဒစကားဖြင့် ပြောကြားတော်မူခဲ့ကြပေသည်။

၁၃၂။ ပတိဗဒ္ဓေါ စ ယော ယေန၊ သဟ တေနောဒယီဗ္ယယီ။
သ ဝိသာသော နိယောတ္တဗ္ဗော၊ ပါဏောသု စ ဓနေသု စ။

ယော ရာဇာ၊ အကြင် နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ယေန၊ အကြင်တိုင်ပင်ရင်းနှီး၊ အမတ်ကြီးနှင့်။ ပတိဗဒ္ဓေါ စ၊ ကောင်းဆိုးအစဉ်၊ တိုင်ပင်မပြတ်၊ အမြဲလည်းစပ်၏။ သ – သော ရာဇာ၊ ထိုနိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ တေန၊ ထိုတိုင်ပင်ရင်းနှီး၊ အမတ်ကြီးနှင့်။ သဟ၊ တကွ။ ဥဒယီဗ္ယယီ စ၊ သာအတူနာအမျှ၊ မည်သည့်ကိစ္စ မဟူ၊ ကောင်းတူ ဆိုးဘက်၊ မပျက်သော ဖြစ်ခြင်းလည်း ရှိ၏။ ဝိသာသော၊ ယုံကြည်ချစ်ခင်၊ အကျွမ်းဝင်သော။ သ – သော အမစ္စော၊ ထိုတိုင်ပင်ရင်းနှီး၊ အမတ်ကြီးကို။ အတ္တနော၊ မိမိ၏။ ပါဏေသု စ၊ အသက်နှင့်စပ်၊ အရပ်ရပ်မှု၊ ကိစ္စစုတို့၌ လည်းကောင်း။ ဓနေသု စ၊ ပစ္စည်းဥစ္စာ၊ ရတနာနှင့်၊ စပ်ရာအမှု၊ ကိစ္စစုတို့၌ လည်းကောင်း။ ရညာ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ နိယောတ္တဗ္ဗော၊ ရှေ့သွားတိုင်ပင်၊ အစဉ်မပြတ်၊ ယှဉ်စေအပ်၏။

အဓိပ္ပါယ်။ ။အကြင် ရေမြေ့အရှင် ဘုရင်မင်းမြတ်သည် အကြင် တစုံ တယောက် ရင်းနှီးသော အမတ်ကြီးနှင့် အကောင်း အဆိုးနှင့် အကြောင်း အကျိုး ဟူသမျှ ကိစ္စအဝဝကို နွေညမလပ် ဆွေးနွေး တိုင်ပင်လျက် အစဉ်အမြဲ တွဲဖက် ယှဉ်စပ်ခြင်းရှိ၏၊ ထိုဘုရင်မင်းမြတ်သည် ထိုရင်းနှီးသော အမတ်ကြီး နှင့် အတူ သာအတူ နာအမျှ မည်သည့် ကိစ္စမဟူ ကောင်းတူ ဆိုးဘက်လည်း ဖြစ်၏။ ထိုသို့ တဦးတဦး စိတ်ကြည်နူးလျက် အထူးပင် ယုံကြည်ချစ်ခင် အကျွမ်း ဝင်ပြီးရှိခဲ့ကြသော ရင်းနှီးသော အမတ်ကြီးကို မိမိ၏အသက်နှင့် စပ်သော အရပ်ရပ်သော အမှုကိစ္စတို့၌ဖြစ်စေ ပဉ္စည်းဥစ္စာ ရတနာနှင့်စပ်ရာ အရာရာသော အမှုကိစ္စတို့၌ ဖြစ်စေ ဘုရင်မင်းမြတ်သည် ရှေ့သွား တိုင်ပင် အမှူးတင်လျက် အစဉ်မပြတ် ယှဉ်စေအပ်ပါသည် ဟူလို။

ယင်းသို့ အရာရာ ချင့်မြှော်တတ်သဖြင့် သင့်လျော် မြင့်မြတ်သော အမတ်ကို အစဉ်မပြတ် အကြီးအမှူးပြု၍ အဦးထားသင့်သည်၏ အဖြစ်ကို သနစ်ကျကျ အကြောင်းနှင့်တကွ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ယတော——

၁၃၃။ ဓူတောတ္ထိ သုသု ဝါ ယဿ၊ ရာဇိနော အဿု မန္တိနော။
အနီတိပဝနာဘိဉ္ဇိတွာ—ကမ္မဏ္ဏဝေ သ နိမုဇ္ဇတိ။

ယတော၊ အကြင့်ကြောင့်။ ယဿ ရာဇိနော၊ အကြင် နိုင်ငံအရှင်၊ ဘုရင် မင်းမြတ်အား။ ဓူတော ဝါ၊ ကောက်ကျစ်စဉ်းလဲသဖြင့်၊ အမြဲလိမ်လည်တတ် သောသူသည်လည်းကောင်း။ ဇုတ္တိ ဝါ၊ ယောကျ်ား၏ အလုပ်၌၊ ကြားဝင်၍ ရှုပ်တတ်သော၊ မဟုတ်တယုတ် မိန်းမသည်လည်းကောင်း။ သုသု ဝါ၊ မကြီး သက်ရွယ်၊နုနယ် မအို၊ လုလင်ပျိုသည်လည်းကောင်း။ မန္တိနော၊ ဥပဒေပြု၊ကြည့်ရှု စီရင်၊ မင်းတိုင်ပင် အမတ်တို့သည်။ အဿု–ဘဝန္တိ၊ တမျိုးမှိုင်မှိုင်၊ အုပ်စိုး ပိုင်လျက်၊ ကြီးကိုင် အနေအစားဖြင့်၊ အပါး၌ ရှိသည်ဖြစ်ကုန်၏။ တတော၊ ထိုကြောင့်။ သ–သော ရာဇာ၊ ထိုလူလိမ်၊ လူပျို၊ မိန်းမကိုမှု၊ မင်းတိုင်ပင် ပြုသော မင်းသည်။ အနီတိပဝနာဘိဉ္ဇိတွော၊ နည်းလမ်းမဟုတ်၊ အုပ်ချုပ်မှု လေမုန်တိုင်းဖြင့်၊ မဆိုင်းမဖင့်၊ အရှိန်းလွှင့်အပ်သည်ဖြစ်၍။ အကမ္မဏ္ဏဝေ၊ ချင့်မြှော်မရှု၊ မသင့်လျော်ပြုခဲ့သည့်၊ အမှုရှုပ်ပွေ၊ သမုဒ်ဗွေ၌။ နိမုဇ္ဇတိ၊ သနစ် မဟုတ်၊ အပြစ်လုပ်သဖြင့်၊ နစ်မြုပ်၍ နေတတ်၏။

အဓိပ္ပါယ်။ ။အကြင် နိုင်ငံအရှင် ဘုရင်မင်းမြတ်အား ကောက်ကျစ်စဉ်းလဲ သဖြင့် အမြဲ လိမ်လည် ဖောက်ပြားလျက် မတရားပြုလုပ်တတ်သော လူရှုပ်

လူပေ့သည်လည်းကောင်း, ယောကျ်ားတို့ စိမံသည်ကိုပင် လိုသည်ဟု မှတ်ထင်သဖြင့် ယောကျ်ား၏အလုပ်၌ ကြားဝင်၍ရှုပ်ပြီးလျှင် မဟုတ်တယုတ် သဘောထားလျက် အလွဲလွဲ ပြောကြားတတ်သော မိန်းမသည်လည်းကောင်း, အသက်အရွယ် နုနယ်မအို အသိဉာဏ် လိုသေးသည့် လုလင်ပျိုကလေးသည်လည်းကောင်း မင်းတိုင်ပင်အမတ်ပြုလုပ်၍ အရပ်ရပ် အုပ်စိုးပိုင်လျက် ဘုရင့်အပေါ်၌ ကြိုးကိုင်၏အနေအစားဖြင့် အပါးတော်၌ နေကြ၏၊ ထိုလူလိမ်, လူပျို, မိန်းမဟုဆိုအပ်သော မဟုတ်တယုတ် မင်းတိုင်ပင်ရှိသော ဘုရင်မင်းမြတ်သည် မဟုတ်တယုတ် တိုင်ပင်၍ မဟုတ်တယုတ် အုပ်ချုပ်ခြင်းတည်းဟူသော လေပြင်းမုန်တိုင်းဖြင့် မဆိုင်းမဖင့် အရိုင်းလှင့်အပ်သည်ဖြစ်၍ မဟုတ်တယုတ်အမှုတွေ ရှုပ်ပွေခြင်းတည်းဟူသော မဟာသမုဒ်ဗွေကြီးထဲ၌ အမြဲနစ်မြုပ်လျက် မဟုတ်တယုတ် ပျက်စီးတတ်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့ မဟုတ်တယုတ် လူစားကို မည်သည့်အခါ၌မျှ ရှေ့သွားအဦး အမှူးပြုတော်မမူဘဲ နက်နဲဉာဏ်မြင် အရာရာ ဆင်ခြင်တတ်သဖြင့် သင့်လျော်လျောက်ပတ် မြင့်မြတ်သော အမတ်ကိုသာလျှင် အစဉ်မပြတ် ရှေ့ဆောင် အကြီးအမှူးပြုလုပ်၍ အဦးထားသင့် ထားအပ်ပါသည်ဟု ဆိုလိုသည်။

မင်းကျင့်တရားညီလျှင် ပထဝီမြေကြီး ပစ္စည်းဆက်တတ်ပုံ

ထို့ပြင် ဘုရင်မင်းမြတ်တို့ ကျင့်ကြံပုံသင့်လျော်ပါမူ ဤမဟာပထဝီမြေကြီးကပင်လျှင် ပစ္စည်းဥစ္စာ ပေးတတ်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ "အရှင်မင်းကြီး....နာတော်မူပါဦးလော့"ဟု ဆိုပြီးလျှင် **ဟသကောဓာယန္တိ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၄။ ဟသကောဓာ ယန္တိ ယဿ၊ ကောသာ အပ္ပဗျယေန စ။
နိစ္စံ ဘတျာနုဝေက္ခာ စ၊ တဿဝ ဓနဒါ ဓရာ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယဿ ရညော၊ အကြင် နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်၏။ ဟသကောဓာ၊ ပျော်ရွှင်ကြည်နူး၊ ဟာဒယမျိုးချက်နှင့်၊ ခက်ထန်အမျက်၊ ဒေါသထွက်ခြင်းတို့သည်။ ယန္တိ စ၊ မှန်းဆချိန်ယူ၊ အတူအမျှလည်း ဖြစ်ကုန်၏။ ကောသာ၊ ဘဏ္ဍာတိုက်မှ။ အပ္ပဗျယေန၊ ရွှေ ငွေ ဥစ္စာ၊ ရတနာကို၊ အနည်းငယ်သာ သုံးဖြုန်းခြင်းနှင့်။ ယုတ္တော စ၊ မလွဲအစဉ်၊ အမြဲယှဉ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ နိစ္စံ၊ အစဉ်မလွဲ၊ အမြဲအားဖြင့်။ ဘတျာနုဝေက္ခာ စ၊ အမှုထမ်း သူခစား၊ ကျေးကျွန်အများတို့၏ အပေါ်၌၊ မြော်ခေါ်ကြည့်ရှု၊ အစဉ်ပြုခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုထောက်ချင့် ရှုမြော်၊ အကျင့်လျော်သော မင်းအား။

ဓရာ၊ မဟာပထဝီ၊ ဤမြေကြီးသည်။ ခနဒါ ဝေ၊ ရွှေ ငွေ ဥစ္စာ၊ ရတနာကို၊ အခါခါ ပေးတတ်သည်သာလျှင်။ ဟောတိ၊ ကေန်စင်စစ်၊ အမှန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး... အကြင် မင်းအား ရှင်ပျပျော်မြူးခြင်း နည်းပါးလျက် ကျေးကျွန် သူခစားတို့၏ အပေါ်၌ အစဉ်တစိုက် မျက်မာန်တော် အိုက်ပြီးလျှင် အနည်းနည်း အဖန်ဖန် ထန်မာန်ခြင်း များလှသဖြင့် ဒေါသကြီး သော ဘုရင်ဟူ၍လည်းကောင်း, ထိုသို့မဟုတ် အမျက်ထွက်ခြင်း နည်းပါးလျက် ရှင်ပျကြည်နူး၍ မြူးတူးပျော်ပါးခြင်း အားကြီးလှသဖြင့် အပျော်အရွှင်ကြိုက် သော ဘုရင်ဟူ၍လည်းကောင်း, မဆိုရလောက်အောင် အကြောင်းအားလျော် စွာ သင့်လျော် တော်တန်ရုံသာ ရံခါ ဟဒယကြည်နူးလျက် မြူးတူးရှင်ပျတော် မူ၏၊ ရံခါ ခက်ထန်ဒေါသ မျက်မာန်ရှတော်မူ၏။ ထိုနှစ်ပါးတို့ အချင်းချင်း ချိန်စက်မှု ဘယ်ဘက်က သာလွန်သည် မဟူရအောင် တူမျှစွာလည်း ဖြစ်တတ် ကုန်၏၊ ရွှေ ငွေ ဥစ္စာ ရတနာတို့ကို သုံးစွဲရာ၌လည်း အရာအားလျော်စွာ အနည်းငယ် အနည်းငယ်သာ သုံးစွဲခြင်းနှင့်လည်း အမြဲယှဉ်ပေ၏၊ အမှုထမ်း သူခစား ကျေးကျွန်များတို့၏ အပေါ်၌လည်း ထောက်ထားမြော်ခေါ် ကြည့်ရှု တော်မူသဖြင့် အစဉ်တစိုက် ပြုစုစောင်မတော်မူတတ်ပေ၏။ ထိုသို့ တရားနှင့် ချင့်မြော်လျက် အကျင့်လျော်သော ဘုရင်မင်းမြတ်အား ဤမဟာပထဝီ မြေကြီးကပင်လျှင် တနည်းနည်းဖြင့် ရွှေ ငွေ ဥစ္စာ ရတနာတို့ကို အခါခါ ပေးတတ်ပါသည်။ ထို့ကြောင့် ပစ္စည်း၏အတွက် မည်သည့်အခါ၌မျှ ခဲခက် တော်မူမည် မဟုတ်ပါ၊ တရားနှင့် လျော်အောင်သာ ရှုမြော် ထောက်ချင့်လျက် ကျင့်ကြံတော်မူစေလိုပါသည်ဟု ဆိုလိုသည်။

ဆိုးတူကောင်းဘက်အမတ်များကို မလေးမစား မပြုသင့်ကြောင်း

ထို့ပြင် အလေးတမူ အရေးယူသင့်သော အမတ်နှင့် ၎င်းအမတ်တို့ကို ဥပေက္ခာပစ်ထားလျက် မလေးမစား မပြုသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန် လိုသည်ဖြစ်၍ **ယေသံ ရညာ သဟ အဿု** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၅။ ယေသံ ရညာ သဟ အဿု၊ ဥစ္စယာပစယော ဓုဝံ။
အမစ္စေ နိတိမာ ရာဇာ၊ နာဝမညေ ကုဒါစနံ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယေသံ အမစ္စာနံ၊ အကြင် မင်းထံ ခ,ဝင်၊ တိုင်ပင်အဖော်၊ မှူးတော် မတ်တော်တို့အား။ ဝါ၊ မှူးတော် မတ်တော်တို့၏။ ဥစ္စယာပစယော၊ တိုးတက်ကြီးပွါး၊ ပျက်ပြား ဆုတ်ယုတ်ခြင်းတို့သည်။ ဓုဝံ – ကေန္တေန၊ စင်စစ်မလွဲ၊ အမြဲမုချ၊ ကေန္တအားဖြင့်။

ရညာ၊ ပြည်ကြီးသနင်း၊ ဘုရင်မင်းနှင့်။ သဟ၊ နှစ်မူမကွဲ၊ တူအမြဲသာလျှင်။ အဿု – ဘဝန္တိ၊တန်းတူအမျှ၊ ဖြစ်ကုန်ကြ၏။ နီတိမာ၊ ဥပဒေနည်းလမ်း၊အခဏ်း ခဏ်းကို၊ ကျွမ်းကျင် တတ်မြောက်၊ နီတိဉာဏ် အမြင်ပေါက်သော။ ရာဇာ၊ ပြည်ကြီးသနင်း၊ ဘုရင်မင်းသည်။ တာဒိသေ၊ ထိုသို့ ဆိုးတူကောင်းဘက်၊ ဖြစ်ပျက်သဘော၊ လိုက်လျောတူညီခြင်း ရှိကြကုန်သော။ အမစ္စေ၊ မင်းထံ ခ၀င်၊ တိုင်ပင်အဖော်၊ မှူးတော် မတ်တော်တို့ကို။ ကုဒါစနံ၊ မည်သည့်ကာလ၊ ခါသမယ၌မျှ။ နာဝမညေ၊ ကောင်းစွာအရေးမထားဘဲ မလေးမစား မပြုရာ။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....အကြင်မင်း၏ အကြောင်း အကျိုးတို့ကို ဆွေးနွေးတိုင်ပင်ဖော်ဖြစ်ကုန်သော မှူးတော်မတ်တော်တို့သည် ဘုရင်မင်းမြတ်နှင့် ဆိုးတူကောင်းဘက် တိုးတက်မှုလည်းအတူ ပျက်စီးမှုလည်းအမျှ သုခ-ဒုက္ခ တို့သည် စင်စစ်အားဖြင့် အတူတကွသာလျှင် ဖြစ်ကြကုန်၏။ ဥပဒေစည်းကမ်း နှင့် နည်းလမ်းအရပ်ရပ်ကို ကျွမ်းကျင် တတ်မြောက်သဖြင့် နီတိဉာဏ် အမြင် ပေါက်ရောက်သော နိုင်ငံအရှင် ဘုရင်မင်းမြတ်သည် ထိုသို့ ဆိုးတူကောင်းဘက် အကြောင်းဆက်သဖြင့် ဖြစ်ပျက်ခြင်းသဘော ရှိကြကုန်သော မှူးတော် မတ်တော် တို့ကို မည်သည့်အခါမျှ ကောင်းစွာ အရေးမထားဘဲ မလေးမစား မပြုလုပ်ရာ မပြုလုပ်သင့်ပေ၊ ထိုကဲ့သို့သော မှူးတော် မတ်တော်တို့ကို အလေးတမူ အရေး ယူလျက် မည်သည့်အခါမဆို ရှေ့သွားအဦး အမှူးထားသင့်ပေသည်ဟု ဆို လိုသည်။

ထို့ပြင် ဘုရင်မင်းမြတ်တို့သည် ထိုကဲ့သို့ မြင့်မြတ်သော အမတ်ကို ရှေ့ဆောင် အမှူးအဦးမထားဘဲ ဣဿရိယ ဂုဏ်ကို အကြောင်းပြု၍ ငါမင်း ငါချင်းဟု မည်သူ့ ကိုမျှ ပမာဏမထား မာန်မာန ထောင်လွှားလျက် ရမ်းကား၍ ပြုလုပ် သဖြင့် ဘေးဒုက္ခ တွေ့ကြုံခဲ့ပါမူ ထိုဘေးဒုက္ခအပေါင်းမှ သာမန်ဖြစ်သောသူတို့ မကယ်တင် မထုတ်ဆောင်နိုင်၊ မြင့်မြတ်သော အမတ်တို့သည်သာလျှင် လွတ် မြောက်အောင် ထုတ်ဆောင် ကယ်တင်နိုင်ပေသည်။ ထို့ကြောင့် ထိုကဲ့သို့ မြင့် မြတ်သော အမတ်တို့ကို မည်သည့်အခါ၌မျှ မထီလေးစား မပြုသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ဘူပါလဿ မဒါန္ဓဿ** အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ယတော——

၁၃၆။ ဘူပါလဿ မဒါန္ဓဿ–ကမ္မဏ္ဏဝေ နိမုဇ္ဇတော။
ထလတော ဟိ ကရာလမ္ဗော၊ သုသေဌောဟော၀ ဒီယတေ။
တတော စ တာဒိသေမစ္စေ၊ နာဝမညေ ကုဒါစနံ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယတော၊ အကြင့်ကြောင့်။ မဒါနွသာ၊ ဂ္လာသရိယ ဂုဏ်အပေါင်းကို၊ အကြောင်းခံလျက်၊ ငါမင်းတည်းဟူသော မာန်ယစ်ခြင်းဖြင့် ကန်းသော။ ဝါ၊ ကန်းသောကြောင့်။ အကမ္မဏ္ဏဝေါ၊ မမြော်မချင့်သဖြင့်၊ မတော်မသင့် ပြုလုပ်သည့်၊ အမှုရှုပ်ပွေ၊ သမုဒ်ရေ၌။ နိမုဇ္ဇတော၊ သနစ်မဟုတ်၊ အပြစ်လုပ်သဖြင့်၊ နစ်မြုပ်၍နေသော။ ဘူပါလဿ၊ ရေမြေအရှင်၊ ဘုရင်မင်းမြတ်အား။ ကရာလမ္ဗော၊ လက်မြောက်ဆန့်တန်း၊ လှမ်းမ၍ ကူခြင်းကို။ ထလတော၊ ကုန်းမြေအကွက်၊ ကမ်းပါးထက်မှ။ သုသေဋ္ဌဟော၀၊ ကောင်းစွာမြင့်မြတ်၊ မြော်မြင်တတ်ကုန်သော၊ အမတ်တို့သည်သာလျှင်။ ဒီယတေ၊ အရေးမလင့်၊ ထောက်တွေးချင့်သဖြင့်၊ ပေးသင့်ပေးထိုက်ပေ၏။ တတော၊ ထိုသို့ ကောင်းစွာမြင့်မြတ်၊ မြော်မြင်တတ်ကုန်သော၊ အမတ်တို့သာ ကယ်မထုတ်ဆောင်နိုင်ရာသောကြောင့်။ တာဒိသေ အမစ္စေ၊ ထိုသို့ ဆိုးတူကောင်းဘက်၊ အကြောင်းဆက်၍၊ ဖြစ်ပျက်ခြင်းသဘော ရှိကုန်သော အမတ်တို့ကို။ ကုဒါစနံ၊ မည်သည့်ကာလ၊ ခါသမယ၌မျှ။ နာဝမညေ၊ ကောင်းစွာအရေးမထားဘဲ၊ မလေးမစား မပြုသင့်ပေ။

ထိုသို့ တိုင်ပင်ပြောဆို၍နေသော အတောအတွင်း၌ မေဃဝဏ္ဏမည်သော ကျီးသည် လာလတ်၍ ဟသ်ာမင်းအား ရှိခိုးပြီးလျှင် "အရှင်မင်းကြီး... အကျွန်ုပ်အား ငှဲ့ညှာထောက်ထား သနားသမှု ကျေးဇူးပြုသဖြင့် ယခုပင် ခွင့်ပြုတော်မူပါလော့၊ ယခုအခါ၌ တိုက်ခိုက်လိုသော ထိုရန်သူသည် ခံတပ်၏ တံခါးသို့ ရောက်ရှိ၍ နေပါပြီ၊ ထို့ကြောင့် အရှင်မင်းကြီး၏ အမိန့်အာဏာတော်ဖြင့် ခံတပ်၏ အပသို့ထွက်၍ ကျွန်တော်မျိုး၏ အားအစွမ်းကို ပြပါအံ့၊ ထိုသို့ ပြခြင်းဖြင့် အရှင်မင်းမြတ်၏ သနားသဖြင့် စောင်မ ကြည့်ရှုတော်မူခဲ့သော ကြွေးမြီတည်းဟူသော ကျေးဇူးတော်ကို ဆပ်ပါအံ့"ဟု တင်လျှောက်လေ၏။

(ဤအရာ၌ ကျီး၏ ဟန်ဆောင်ပုံကို သတိထားသင့်၏)

ထိုအခါ စက္ကဝက် အမတ်ကြီးက "အဆွေ....ဤသို့မပြုလုပ်ပါလင့်၊ အကယ်၍ အပသို့ ထွက်၍ တိုက်ခိုက်သည်ဖြစ်အံ့၊ ထိုသို့ တိုက်ခိုက်ရသည်ရှိသော် ခံတပ်ကို ပြုပြင် တည်လုပ်ရခြင်း၏အကျိုး ရှိတော့မည် မဟုတ်"ဟု ပြောဆိုပြီးလျှင် အကြောင်းကို ပြလိုသည်ဖြစ်၍ ဤဆိုလတံ့သော ဂါထာကို ရွတ်ဆိုပြောကြားလေ၏။

ယတော——

၁၃၇။ ဝိသမောပိ ယထာ နက္ကော၊ သလိလာ နိဂ္ဂတော၀သော။
ဝနာပိ နိဂ္ဂတော သူရော၊ သီဟော ဘ၀တိကောတ္ထု၀။
မေဃဝဏ္ဏ တတော ဧ၀ံ၊ မာ ကရောထ အယုတ္တကံ။

မေဃဝဏ္ဏ၊ မေဃဝဏ္ဏ၊ နာမတွင်ဆို၊ မောင်ကျီးညို။ ယတော၊ အကြင့် ကြောင့်။ ယထာ၊ အကြင် အခြင်းဖြင့်။ ဝိသမော၊ ကြမ်းကြုတ် ရက်စက်၊ ကောဝထက်သော။ နဇ္ဇောပိ၊ ရေ၌ကျက်စား၊ ပျော်ပါးခိုအောင်း၊ ရေမိ ကျောင်းသည်လည်း။ သလိလာ၊ မြစ်, ချောင်း, အိုင်ကြီး၊ အစဉ်မှီးအပ်၊ ရေအရပ်မှ။ နိဂ္ဂတော၊ ကမ်းထိပ်အထက်၊ မြေအကွက်သို့၊ ထွက်၍သွားသည် ရှိသော်။ အဝသော၊ အစွမ်းသတ္တိ၊ အားမရှိသည်။ ဘဝတိ၊ ကေန် စင်စစ်၊ အမှန်ဖြစ်ပေ၏။ ယထာ၊ အကြင် အခြင်းဖြင့်။ သူရော၊ စွမ်းပကား သတ္တိ၊ ရဲရင့်ခြင်းရှိသော။ သီဟောပိ၊ သားတို့သနင်း၊ ခြင်္သေ့မင်းသည်လည်း။ ဝနာ၊ ကျက်စား ကျင်လည်၊ အစဉ်မှီရာ၊ တောဝနာမှ။ နိဂ္ဂတော၊ လွင်ပြင်အကွက်၊ အပသို့ ထွက်သည်ရှိသော်။ ကောတ္ထုဝ၊ အားအင်သေးကွေး၊ မြေခွေးပမာ၊ အတူသာလျှင်။ ဘဝတိ၊ ကေန်စင်စစ်၊ အမှန်ဖြစ်ပေ၏။ တတော၊ ထိုသို့ တည်မှီရာဌာနမှ၊ အပသို့ သွားရောက်ပါမူ၊ အားပျောက်တတ်လေသောကြောင့်။ တွံ၊ ရဲရဲဝံ့ဝံ့၊ စွန့်စားမည်ဆို၊ သင်ကျီးညိုသည်။ ဧဝံ အယုတ္တကံ၊ ဤသို့ခံတပ် စခန်းမှ၊ အပသို့မြန်းသဖြင့်၊ နည်းလမ်းမသင့်ခြင်းကို။ မာ ကရောထ၊ ယခု တမုဟုတ်တွင်ဖြင့်၊ အမှုရှုပ်အောင်လို့၊ မပြုမလုပ်လိုက်ပါလေလင့်။

အဓိပ္ပါယ်။ ။မေဃဝဏ္ဏ အမည်ရှိသော အို အမောင်ကျီးညို....ကြမ်းကြုတ် ခက်ထန် မျက်မာန်ဒေါသ ထက်သန်လှသည့် ထာဝရမပျက် ရေ၌သာကျက်စား၍ ပျော်ပါးခိုအောင်းလေ့ရှိသော မိကျောင်းသတ္တဝါသည် မိမိ၏ အစဉ်ထာဝရ ပျော်ပါးခိုအောင်းရာဖြစ်သော မြစ်, ချောင်း, ရေအိုင်စခန်းမှ ကမ်းထိပ်အထက် မြေအကွက်သို့ တက်ရောက်ကျက်စား သွားလာသည်ရှိသော် မိမိ၏ရှိရင်းစွဲ အားကုန်ခန်း၍ အစွမ်းမရှိ ဖြစ်တတ်ပါသည်။ ထို့ပြင် စွမ်းပကားသတ္တိ ရဲရင့်ခြင်း ရှိသော သားတို့၏ သနင်း ခြင်္သေ့မင်းသည်လည်း မိမိ၏ ကျက်စားကျင်လည် အစဉ်မှီရာဖြစ်သော ဝနာမြိုင်တွင်းမှ လွင်ပြင်အကွက် အပသို့ ထွက်သည်ရှိသော် သက်သက်မဲ့ အားခွန်သေး၍ မြေခွေးနှင့်သာ ဥပမာ တူပေသည်။ ထိုသို့ မိမိ၏ တည်မှီရာဌာနမှ အပသို့ သွားရောက်ပါမူ အားပျောက်တတ်ပါသောကြောင့် အသင် ကျီးညိုသည် ဤကဲ့သို့ ရဲဝံ့စွန့်စားမည်အကြံဖြင့် ခံတပ်စခန်းမှ အပသို့ မြန်းသဖြင့် နည်းလမ်းမသင့်သည့် အမှုအရာကို ယခုအခါ တမုဟုတ်တွင်ဖြင့် အမှုရှုပ်မည်ကြောင့် မပြုလုပ်လိုက်ပါလင့် ဟူလို။

ထို့နောက် ကျီးက "အရှင်မင်းကြီး....ကိုယ်တော်တိုင် ကြွတော်မူ၍ တိုက် ခိုက်ခြင်းကို ကြည့်ရှုသင့်ပါသည်"ဟု ဆိုပြီးလျှင် အကြောင်းကို ပြလိုသည်ဖြစ်၍ ဤဆိုလတ့်သောဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

ယတော—

၁၃၈။ ပုရက္ခိတွာ ဗလံ ရာဇ၊ ယောဓယေဒဝလောကယံ။
သာမိနာဓိဋ္ဌိတော သာပိ၊ ကိံ န သီဟာယတေ ခုဝံ။
တတော သယံ မဟာရာဇ၊ ယုဒ္ဓံ ဂန္တွာန ပဿထ။

ယတော၊ အကြင့်ကြောင့်။ ရာဇာ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ဗလံ၊ စစ်သည်တော်စု၊ ဗိုလ်ပါထုကို။ ပုရက္ခိတွာ၊ အဦးအဖျား၊ ရှေ့သွားပြု၍။ အဝလောကယံ–အဝလောကယန္တော၊ စစ်သည်တို့၏ အားအင်ကို၊ ဆင်ခြင်ကြည့်ရှုလျက်။ ယောဓယေ၊ အစဉ်တစိုက်၊ အတွင်တိုက်စေရာ၏။ သာမိနာ၊ အားကိုးအစဉ်၊ ကိုယ့်သခင်သည်။ အဓိဋ္ဌိတော၊ စောင့်ရှောက်ကြည့်ရှု၊ အားပေးပြုအပ်သော။ သာပိ၊ ပကတိသဘာဝ၊ ဗလသေးသိမ်၊ ခွေးပိန်ကလေးသည်လည်း။ ခုဝံ၊ မချွတ်မလွဲ၊ အမြဲအားဖြင့်။ ကိံ န သီဟာယတေ၊ ခြင်္သေ့စိတ္တူ၊ မှန်နမူဖြင့်၊ ဟန်မယူဘဲ ရှိပါသလော။ တတော၊ ထိုသို့ အရှင်အားပေးမူ၊ ခွေးပိန်ကလေးသော်မှ၊ ဗလခိုင်ဖြိုး၊ ခြင်္သေ့ကြီးနှယ်၊ အားပြည့်ကြွယ်သောကြောင့်။ မဟာရာဇ၊ ပြည်သူတို့၏သခင်၊ အရှင်မင်းကြီး။ တွံ၊ အရှင်မင်းကြီးသည်။ သယံ၊ ကိုယ်တော်တိုင်။ ဂန္တွာန၊ ချီတက်မြန်းကြွ၊ စခန်းထတော်မူ၍။ ယုဒ္ဓံ၊ ခုခံယှဉ်ပြိုင်၊ ရင်ဆိုင်တိုက်ခိုက်ကြခြင်းကို။ ပဿထ၊ အနီးအနား၊ ထိုအပါးမှ၊ ရှုစားတော်မူစေချင်ပါ၏။

အဓိပ္ပါယ်။ ။ဘုရင်မင်းမြတ်သည် စစ်သည် ဗိုလ်ပါတို့ကို ရှေ့သွားပြု၍ စစ်သည်တော်တို့၏ အင်အားကို ရှုစားတော်မူလျက် တိုက်ခိုက်စေရန် သင့်လျော်ပါသည်။ ဥပမာအားဖြင့် အရှင်သခင်သည် စောင့်ရှောက် ကြည့်ရှုလျက် အားပေးခြင်းပြုအပ်သော ဗလသေးသိမ်သည့် ခွေးပိန်ကလေးသည် ရှေးကထက် တမျိုးတက်လျက် အားထွက်၍ လာပြီးလျှင် ခြင်္သေ့၏ စံနမူဖြင့် ဟန်မယူဘဲ ရှိပါသလော၊ ကေန္တ မြေ့ဘ်မှန်းလျက် ခြင်္သေ့ပုံဖမ်းမည်သာ ဖြစ်ပေသည်။ ထိုသို့ အရှင်အားပေးပါမူ ခွေးပိန်ကလေးသော်မှ အားခွန်ဗလခိုင်ဖြိုး၍ ခြင်္သေ့ကြီး၏ စံနမူကို ဟန်ယူပြုလုပ်တတ်သောကြောင့် ယခုအခါ အရှင်မင်းမြတ်သည်သည်း စစ်သည်တော်အများတို့ အားတက်စေရန် ကိုယ်တော်တိုင် ကြွမြန်းတော်မူ၍ စစ်စခန်း၌ တိုက်ခိုက်ပုံ အခြင်းအရာကို သေချာစွာ အနီးအပါးမှ ရှုစားတော်မူရန် သင့်ပါသည်၊ ရှုစားတော်မူစေချင်ပါသည် ဟူလို။

ညံ့ဖျင်းသော ဗိုလ်ပါရဲမက်ကြောင့် ခံတပ်ပျက်တတ်ပုံ

ဤသို့ တိုင်ပင်ပြောဆိုကြပြီးသည်၏ အခြားမဲ့၌ ထိုအလုံးစုံသော သူတို့သည် ခံတပ်တံခါးသို့ သွားရောက်ကြ၍ ပြင်းထန်စွာ တိုက်ခိုက်ကြကုန်၏၊ ထိုသို့

တိုက်ခိုက်ကြရာ တပါးသောနေ့၌ စိတြဝဏ္ဏ ဥဒေါင်းမင်းသည် လင်းတအမတ်ကြီးအား ဤသို့ ဆိုလေ၏။

"အချင်းအမတ်ကြီး....ယခုအခါ သင်ဝန်ခံ ကတိထားခဲ့သည့်အတိုင်း ပြုလုပ်ရန်သင့်ပါပြီ၊ ပြုလုပ်ပါလေ့"ဟု ဆိုလေရာ လင်းတအမတ်ကြီးက "အရှင်မင်းကြီး....နာတော်မူပါဦးလေ့"ဟု ဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၁၃၉။ အကာလသဟမတျုပ္ပံ၊ မူဠဗျသနိနာယကံ။
အဂုတ္တံ ဘီရုယောခ္ဓ၊ ဒုဂ္ဂဗျသနမုစ္စတေ။

အကာလသဟဥ္စ၊ ကာလဆက်ကာ၊ အရှည်ကြာအောင်၊ မစွမ်းဆောင်နိုင်သည်လည်း ဖြစ်သော။ အတျုပ္ပဥ္စ၊ ရေတွက်သချာ၊ ဗိုလ်ပါမများ၊ လွန်နည်းပါးသည်လည်း ဖြစ်သော။ မူဠဗျသနိနာယကဥ္စ၊ မိုက်,အ,သောက်စား၊ ပျက်စီးကြောင်း တရားကို၊ များစွာပြုလုပ်တတ်သော၊ အအုပ်အချုပ်လည်းရှိသော။ အဂုတ္တဥ္စ၊ ကာကွယ်ခုခံပုံ၊ မလုံခြုံသည်လည်း ဖြစ်သော။ ဘီရုယောခ္ဓ၊ ကြောက်ကြောက်ရွံ့ရွံ့၊ မရဲဝံ့သဖြင့်၊ တွန့်ဆုတ်သော တိုက်ခိုက်ခြင်းလည်း ရှိသော။ သေနံ၊ စစ်သည်ဗိုလ်ထု၊ ရဲမက်စုကို။ ဒုဂ္ဂဗျသနံ၊ ခံတပ်ကို ဖျက်ဆီးတတ်၏ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။

အဓိပ္ပါယ်။ ။အကြင် စစ်သည် ဗိုလ်ပါသည် ကာလရှည်မြင့်စွာ ခုခံ၍ တိုက်ခိုက်ခြင်းငှါလည်း မစွမ်းနိုင်၊ အရေအတွက်အားဖြင့်လည်း အလွန်နည်းပါး၏၊ ဆင်ခြင်ဉာဏ်ကင်း မိုက်,အ,ဖျင်းလျက် မူးယစ်သောက်စားခြင်း, လောင်းကစားခြင်း အစရှိသော ပျက်စီးကြောင်းအမှုတို့ကို အစဉ်အမြဲ ပြုလုပ်တတ်သော အအုပ်အချုပ်လည်းရှိ၏၊ တဖက်ရန်ကို ခုခံကာကွယ်ပုံ မလုံခြုံသည်လည်း ဖြစ်၏၊ မရဲဝံ့သဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် တွန့်ဆုတ်သော တိုက်ခိုက်ခြင်းလည်း ရှိ၏၊ ထိုကဲ့သို့သော စစ်သည်ဗိုလ်ပါကို ခံတပ်ကို ဖျက်တတ်၏ဟု ဆိုထိုက်ပါသည်။

ဤအရပ်၌ ထိုကဲ့သို့ ခံတပ်ကို ဖျက်ဆီးတတ်သောသူ မရှိသေးပါ။

ရန်သူ၏ ခံတပ်ကို လက်ရသိမ်းပိုက်နည်း လေးမျိုး

ထို့ပြင် ခံတပ်ကို လက်ရဖမ်းယူ သိမ်းပိုက်ခြင်း၏ အကြောင်း နည်းကောင်း ၄-ပါးကို ပြပြန်လိုသည်ဖြစ်၍ **ဥပဇာပေါ စိရာရောဓော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၄၀။ ဥပဇ္ဈာပေါ စိရာရောမေဝ–ဝက္ကန္တော တိဗ္ဗပေါရုသံ။
ဒုဂ္ဂဿ လဃ်နေဝပါယာ၊ စတ္တာရော ကထိတာ ဣမေ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ဥပဇ္ဈာပေါ စ၊ စိတ်ဝမ်းကွဲပြား၊ တရားယွင်းမှု၊ တန်ဆိုးယူလျက်၊ ငါ့လူ သူ့ ဘက်သား ပြုခြင်းလည်းကောင်း။ စိရာရောမေဝ စ၊ ကာလရှည်ကြာ၊ မြင့်စွာ ရစ်သိုင်းလျက်၊ ဝိုင်းဝန်း ဆို့ပိတ်၍ ထားခြင်းလည်းကောင်း။ အဝက္ကန္တော စ၊ ရုတ်တရက် ရှောင်တခင်၊ ဆောလျင်နှိပ်နင်း၊ တိုက်ခိုက်ခြင်းလည်းကောင်း။ တိဗ္ဗပေါရုသဉ္စ၊ မကြောက်မရွံ့၊ ရဲဝံ့သျှင်မြန်၊ အတင်းကြုံလျက်၊ အပြင်းအထန် တိုက်ခိုက်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ စတ္တာရော၊ ဤသည့်လေးပါး၊ အကြောင်းများကို။ ဒုဂ္ဂဿ၊ ရဲမက်ခိုအပ်၊ ရန်သူ၏ခံတပ်ကို။ *လဃ်နေဝပါယာ၊ လက်ရဖမ်းယူ၊ သိမ်းပိုက်မှုကြောင်း၊ နည်းလမ်းကောင်းတို့ဟူ၍။ ကထိတာ၊ စစ်ဖက်ဆိုင်ရာ၊ တတ်လိမ္မာသော၊ ပညာရှင်အများတို့၊ မှာကြား မိန့်ဆိုအပ်ကုန်၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ခံတပ်၏ အတွင်း၌ စစ်သည် ဗိုလ်ပါတို့သည် အချင်းချင်း စိတ်ဝမ်းကွဲပြား၍ သစ္စာတရား ဖောက်ပြားယွင်းကွက်လျက် တဖက်မှ တန်ဆိုးလက်ဆောင် ထိုးသည်ကို တိတ်ကိတ် ခိုးယူပြီးလျှင် ငါ့လူ သူ့ ဘက်သား ပြုလုပ်ခြင်း,ခံတပ်ကို နေ့ရက်မြင့်စွာ ဝိုင်းဝန်းပိတ်ဆို့၍ ထားခြင်း, ရုတ်တရက် ရှောင်တခင် အဆောတလျင် ချီတက်တိုက်ခိုက်ခြင်း, မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ အတင်းကြုံလျက် အပြင်းအထန် တိုက်ခိုက်ခြင်း ဤလေးပါးတို့ကို ရန်သူ၏ခံတပ်ကို လက်ရပိုင်ပိုင် သိမ်းယူနိုင်ခြင်း၏အကြောင်း နည်းလမ်းကောင်းတို့ဟူ၍ စစ်ဖက်ဆိုင်ရာ တတ်သိလိမ္မာသော ပညာရှင်အများတို့ မှာကြားပြောဆိုအပ်ပါသည် ဟူလို။

ဤအရာဌာန၌ ကျွန်တော်မျိုးသည် စွမ်းအားရှိသမျှ ကြိုးစားအားထုတ် ပြုလုပ်ပါမည်ဟု နားရင်းသို့ကပ်၍ တီးတိုးစကားဖြင့် အမတ်ကြီးက ပြောကြားရာ "ကောင်းလှပါပြီ....ကောင်းလှပါပြီ....ကြိုးစား အားထုတ်စေချင်ပါသည်"ဟု ဥဒေါင်းမင်းက မိန့်ဆို ပြောကြားလေ၏။

ထို့နောက် နေအရုဏ် မတက်မီပင်လျှင် ခံတပ်၏ လေးမျက်နှာတံခါးလေးခုတို့၌ တပြိုင်နက် ဝိုင်းဝန်း တိုက်ခိုက်ကြသောအခါ သူလျှိုဖြစ်ကုန်သော ကျီးတို့သည် ခံတပ်၏အတွင်းရှိ အိမ်တိုင်းအိမ်တိုင်းတို့၌ တပြိုင်နက် မီးရှို့ကြကုန်၏။

---

* လဃ်နေဝပါယာ ဂဟဏောပါယာ (ဋီကာ)

ထို့နောက်“ခံတပ်ကို ရပြီ ရပြီ”ဟု တပြိုင်နက်အုတ်အုတ်ကျက်ကျက်အော်ဟစ်ကြသောအသံကို ကြားကြ၍ အလုံးစုံထက်ဝန်းကျင် အရပ်တိုင်း အရပ်တိုင်းတို့၌ မီးတောက် မီးလျှံတို့ဖြင့် တဟုန်းဟုန်း တောက်လောင်၍ နေသည်တို့ကို ကြည့်ရှုတွေ့မြင်ကြရသဖြင့် ခံတပ်၌ နေကြကုန်သော များစွာသော ဟင်္သာမင်း၏ စစ်သည်ရဲမက်တို့သည် အလျင်အမြန် ရေကန်ကြီး၏ အတွင်းသို့ သက်ဆင်းပြေးဝင်ကြလေကုန်၏။

အချိန်မဖင့်ဘဲ ပြုလုပ်သင့်သည့် အရာလေးမျိုး

ဤအရာ၌ စစ်သည်ရဲမက်တို့ ထွက်ပြေးတိမ်းရှောင်ကြရခြင်း၏ အကြောင်းကို ကောင်းစွာပြပြန်လိုသော ဝိဏှုသမ္မဆရာကြီးသည် **သုမန္တိတံအစရှိသော** ဂါထာစကားရပ်ကို ကြားညှပ်၍ ရွတ်ဆို သင်ကြားပြန်လေ၏။

၁၄၃။ သုမန္တိတံ သုဝိက္ကန္တံ၊ သုယုဒ္ဓံ သုပလာယိတံ။
ပတ္တကာလေ ယထာသတ္တိ၊ ကရေ န တု ဝိစာရယေ။

ပတ္တကာလေ၊အရေးအခွင့်၊သင့်လျော်သည့်အခါ၌။ သုမန္တိတဥ္စ၊ ကောင်းစွာတွေ့ဆိုင်လျက်၊တိုင်ပင်ဆွေးနွေးခြင်းကိုလည်းကောင်း။ သုဝိက္ကန္တဥ္စ၊ ကောင်းစွာကြိုးပမ်း၊ မဆုတ်တန်းဟု၊ စွမ်းအား ဗလ၊ သတ္တိပြခြင်းကို လည်းကောင်း။ သုယုဒ္ဓဥ္စ၊ ကောင်းစွာမယုတ်၊ အားထုတ်တိုက်ခိုက်ခြင်းကို လည်းကောင်း။ သုပလာယိတဥ္စ၊ ကောင်းစွာရှောင်ရှား၊ ပြေးထွက်သွားခြင်းကို လည်းကောင်း။ ယထာသတ္တိ၊ ကိုယ်ဝယ်သတ္တိ၊ စွမ်းအားရှိသလောက်။ ကရေ၊ လျင်မြန်ဆောစွာ၊ ပြုလုပ်ပေရာ၏။ န တု ဝိစာရယေ၊ ကြံစည်စစ်ဆေးလျက်၊ နှောင့်နှေးဖင့်ကာ၊ မနေရာပေ။

အဓိပ္ပါယ်။ ။အချင်းချင်းအား အကြံဉာဏ်ပေးသဖြင့် ဆွေးနွေးတိုင်ပင်သင့်သောအခါ၌ ကာလကို မဖင့်နွှဲစေဘဲ ဆွေးနွေးတိုင်ပင်ခြင်းကိုလည်းကောင်း, အားအစွမ်းကို ပြသင့်သောအချိန်ကာလသို့ ကျရောက်သည့်အခါ ကောင်းစွာကြိုးပမ်းလျက် တကယ်တန်းထပြီးလျှင် စွမ်းအားဗလ သတ္တိပြခြင်းကို လည်းကောင်း, တိုက်ခိုက်သင့်သော အခါကာလ၌ ကောင်းစွာခုခံအားစိုက်၍ တကယ်တန်း တိုက်ခိုက်ရခြင်းကို လည်းကောင်း, အရေးမသာသဖြင့် ပြေးခွါရှောင်သင့်သောကာလသို့ ကျရောက်သည့်အခါ လျင်မြန်ဆောစွာ ပြေးရှောင်ခွါခြင်းကို လည်းကောင်း မိမိတို့ စွမ်းအားရှိသည့်အလျောက် လျင်မြန်စွာ ပြုလုပ်ကြပေရာသည်၊ သို့လော, သို့လောဟု တွေးတောစိတ်ကူးလျက် အထူးနှောင့်နှေး၍ မနေသင့်ပေရာ၊ ထို့ကြောင့် ယခုအခါ ဟင်္သာမင်း၏ စစ်သည်တော်ဗိုလ်ပါအများတို့သည် ပြေးရှောင်သင့် ပြေးရှောင်ထိုက်သော ကာလသို့ကျရောက်သည်ဖြစ်၍

မိမိတို့ စွမ်းအားရှိသည့်အလျောက် ခုန်ပေါက် ပြန်ဆင်းလျက် ရေကန်၏ အတွင်းသို့ ချက်ခြင်းပင် ပြေးဝင်ကြပေသည် ဟူလို။

ဟံသာမင်းသည်လည်း ချမ်းသာစွာ ကြီးပြင်း၍ လာရခြင်းကြောင့် ပကတိအားဖြင့် နူးညံ့သိမ်မွေ့သော သဘောရှိသည်ဖြစ်၍ မိမိ၏ စစ်သူကြီးဖြစ်သော ခေါက်ရှာငှက်အမတ်ကြီးသာလျှင် အဖော်ရှိသည်ဖြစ်၍ ညှိုးငယ်စွာ ရှိနေခိုက် စိတြဝဏ္ဏ ဥဒေါင်းမင်း၏ စစ်ဗိုလ်ကြီးဖြစ်သော ကြက်ဖကြီးသည် လာရောက်ဝိုင်းဝန်းလတ်သော် ခေါက်ရှာငှက် စစ်သူကြီးအား ကြင်နာငဲ့ကွက်ခြင်းဖြင့် "အို အချင်း စစ်သူကြီး....သင်သည် မိမိကိုယ်ကို အဘယ့်ကြောင့် ပျက်စီးဆုံးရှုံးစေမည်နည်း၊ ငါသည် ယခုအခါ လွတ်မြောက်အောင် တိမ်းရှောင်ခြင်းငှါ မစွမ်းနိုင်ပါ၊စွမ်းတော့မည် မဟုတ်ပေ၊သင်သည်မူကား ယခုအခါ လွတ်မြောက်အောင် တိမ်းရှောင်ခြင်းငှါ စွမ်းနိုင်ပါသေး၏။ ရေကန်တွင်းသို့သက်ဆင်းပြီးလျှင် မိမိကိုယ်ကို ဘေးမှ လွတ်မြောက်အောင် စောင့်ရှောက်၍ **စုဋ္ဌာမဏိ** အမည်ရှိသော ငါ၏သားကို သဗ္ဗညအမတ်ကြီး၏ အလိုဆန္ဒနှင့် တိုင်ပင် နှီးနှောပြီးလျှင် မင်းမြှောက်ပါလေလော့"ဟု ဆိုလေ၏။

ထိုအခါ ခေါက်ရှာငှက် စစ်ဗိုလ်ကြီးက အရှင်မင်းကြီး....ဤကဲ့သို့ နားမခံနိုင်လောက်သော စကားမျိုးကို မိန့်ကြားပြောဆိုတော် မမူပါလင့်၊ ဤကမ္ဘာလောက၌ လ,နေနှစ်ပါးတို့ ထင်ရှားတည်ရှိသမျှ ကာလပတ်လုံး အရှင်မင်းကြီးအောင်နိုင်တော်မူရပါမည်၊ မည်သည့်အခါမျှ ဆုံးရှုံးခြင်းသို့ မရောက်ရပါ။

အရှင်မင်းကြီး....အကျွန်ုပ်သည် ဤခံတပ်၌ စစ်ဗိုလ်ချုပ်ကြီး ဖြစ်ပါသည်၊ ထို့အတွက် ရန်သူသည် အကျွန်ုပ်၏ အသားအသွေးတို့ဖြင့် လိမ်းကျံသော တံခါးလမ်းတို့ဖြင့် ခံတပ်တွင်းသို့ ဝင်ပါစေ (အကျွန်ုပ် အသက်ရှည်သမျှ ကာလပတ်လုံး ဝင်ခွင့်မပေးပါ ဟူလို)။

ကံကောင်း၍ တွေ့ကြုံရသည့် အရှင်သခင်မျိုး

အရှင်မင်းကြီး.... ထိုမှတပါး ကြားနာတော်မူပါဦးလော့။

၁၄၂။(က)　ခမိ ဒါတာ ဂုဏဂ္ဂါဟီ၊ သာမိ ဘာဂျေန လဗ္ဘတေ။

ခမီ၊ လွန်ကျူးတန်တန်၊ အပြစ်မှန်ကို၊ သည်းခံလေ့ရှိသည်လည်းဖြစ်သော။ ဒါတာ၊ ပေးကမ်းချီးမြှောက်၊ ထောက်မလေ့ရှိသည်လည်းဖြစ်သော။ ဂုဏဂ္ဂါဟီ၊ ကျေးကျွန်ခြွေရံ၊ အစေခံတို့၊ ပြုဟန်ညွှတ်နူး၊ ဂုဏ်ကျေးဇူးကို၊ အထူးသိလေ့ရှိသည်လည်းဖြစ်သော။ သာမိ၊ အရှင်သခင်ကို။ ဘဋ္ဋကေဟိ၊ ကျေးကျွန်ခြွေရံ၊

အစေခံတို့သည်။ ဘာဂျေန၊ ရှေးရှေးဘဝ၊ ပုညကောင်းမှု၊ ကုသိုလ်စုကြောင့်။ လဗ္ဘတေ၊ ရအပ်သင့်လျော်၊ အရတော်ပါ၏။

အကြင် အရှင်သခင်သည် ကျေးကျွန်ခြွေရံ အစေခံတို့အပေါ်၌ ထိုအစေခံ ကျေးကျွန်တို့သည် မိမိအား အကြိမ်ကြိမ် အဖန်ဖန် လွန်ကျူးပြစ်မှားသော အပြစ်ကို သည်းခံတတ်သော သဘောလည်းရှိ၏၊ ကျေးကျွန်ခြွေရံ အစေခံတို့ အား ပစ္စည်းဥစ္စာ အရာရာတို့ဖြင့် များစွာချီးမြှောက်လျက် ထောက်မပေးကမ်း တတ်သော သဘောလည်းရှိ၏၊ ကျေးကျွန်ခြွေရံ အစေခံတို့၏ ဂုဏ်ကျေးဇူးကို လည်း အထူး သိတတ်သော သဘောလည်းရှိ၏။ ထိုကဲ့သို့သော အရှင်ကောင်း သခင်ကောင်းကို ကျေးကျွန်ခြွေရံ အစေခံဖြစ်သောသူသည် နောက်နောက်သော ဘဝအစုတို့က ပြုခဲ့သည့် ကုသိုလ်ကံ စိမ့်ထောက်မ၍သာလျှင် ရအပ် ရနိုင်ပါ သည်။ ထို့ကြောင့် ထိုသို့သဘောရှိသော အရှင်သခင်တို့ ဘေးဘယကြုံကြိုက်၍ ဒုက္ခနှင့်တိုက်ဆိုက်ဆဲ အခါတို့၌ စွန့်ပစ်ထွက်ခွါလျက် ချမ်းသာရာသို့ ရှောင်ရှား ၍ သွားခြင်းငှါ မသင့်ပါ ဟူလို။

ရခဲသော အမှုထမ်းကျေးကျွန်မျိုး

ထို့နောက် ဟင်္သာမင်းက မိန့်တော်မူပြန်သည်မှာ—စစ်သူကြီး ပြောဆိုသည့် အတိုင်း ဤစကားသည် ဧကန်အမှန်ပင် ဖြစ်ပါသည်၊ ထိုသို့ပင် မှန်ပါသော် လည်း—

၁၄၂။ (ခ) သုစိ ဒက္ခောနုရတ္တော စ၊ ဇာနေ ဘစ္စောပိ ဒုလ္လဘော—

ဟု မိန့်ဆိုတော်မူပြန်လေ၏။

သုစိ စ၊ သန့်ရှင်းတင့်တယ်၊ စင်ကြယ်သော အကျင့်နှင့် ပြည့်စုံသည်လည်း ဖြစ်သော။ ဒက္ခော စ၊ အမှုအဖြာဖြာ၊ အရာရာတို့၌၊ လိမ္မာ ကျွမ်းကျင်သည် လည်းဖြစ်သော။ အနုရတ္တော စ၊ အရှင်၌ကြည်ညို၊ ရှိသေနှစ်သက်၊ စုံမက်ချစ်ခင် သည်လည်း ဖြစ်သော။ ဘစ္စောပိ၊ ကျေးကျွန် ခြွေရံ၊ အစေခံကိုလည်း။ ဒုလ္လဘော၊ ရရန်စင်းစင်း၊ လွန်ခဲယဉ်း၏ဟူ၍။ ဇာနေ—ဇာနေယျ၊ နှလုံးစွဲပိုက်၊ သိသင့်ထိုက်ပေ၏။

ဤကဲ့သို့ သန့်ရှင်းတင့်တယ် စင်ကြယ်သော အကျင့်အာစာရနှင့် ပြည့်စုံ သည်လည်းဖြစ်, အမှုကိစ္စ အရပ်ရပ်တို့၌ တတ်သိ ကျွမ်းကျင်သည်လည်းဖြစ်, မိမိ၏ အရှင်သခင်၌ ချစ်ခင်ကြည်ညို ရိုသေခြင်း ရှိသည်လည်း ဖြစ်သော ကျေးကျွန် သူခစားကိုလည်း ရဘို့ရန် အင်မတန်မှ ခဲယဉ်းလှပေသည်ဟူ၍ နှလုံး စွဲပိုက် မှတ်ယူထိုက်ပါသည် ဟူလို။

သေဘေးကိုမကြောက်ရွံ့ဘဲ ရဲဝံ့စွာ ရင်ဆိုင်သင့်ပုံ

ထို့နောက် ခေါက်ရှာဌက် စစ်သူကြီးက "အရှင်မင်းကြီး....နာတော်မူပါဦးလော့"ဟု ဆိုပြီးလျှင် ဤဆိုလတံ့သော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၄၃။ ယဒိ သမရမုပါသျှ နတ္ထိ နာသာ၊
ဘယမိတိ ယုတ္တမိတော ညတော ပယာတုံ။
အထ မရဏမဝဿမေဝ ဇန္တု၊
ကိမိတိ မုခါ မလိနံ ယသော ကယျတေ။

(ဩပစ္ဆန္ဒသိကဂါထာ)

သမရံ၊ ထိုးခုတ်အားဆဲ၊ စစ်တိုက်ပွဲကို။ အပါသျှ၊ လွတ်ရာကြည့်ဖဲ၊ တိမ်းရှောင်လွှဲ၍။ ဌိတဿ၊ အလိုက်အထိုက်၊ ပျော်ပိုက်တစေ၊ တည်နေသောသူအား။ နာသာ၊ ဇီဝိန်အသက်၊ ယွင်းပျက်လွတ်ကင်း၊ သေရခြင်းမှ။ ဘယံ၊ ကြောက်ရွံ့ဘိုရေး၊ သေမည့်ဘေးသည်။ ယဒိ နတ္ထိ၊ အကယ်စင်စစ်၊ မရှိဖြစ်အံ့။ ဣတိ၊ ဤသို့ ဘေးဘျမ်းမခ၊ အေးချမ်းလှသည်ရှိသော်။ ဣတော၊ ဤထိုးခုတ်အားဆဲ၊ စစ်တိုက်ပွဲကြီးမှ။ အညတော၊ ဤမှတပါး၊ အခြားသောအရပ်သို့။ ပယာတုံ၊ အေးငြိမ်းလွတ်အောင်၊ ပြေးတိမ်းရှောင်ခြင်းငှါ။ ယုတ္တံ၊ ထောက်ချင့်ရှုမြော်၊ အမှုလျော်သဖြင့်၊ ပြုသော်သင့်ပေ၏။ အထ၊ ထိုသို့မဟုတ်၊ အမှန်ကိုထုတ်သော်ကား။ ဇန္တု–ဇန္တုနော၊ သူသူ-ငါငါ၊ သတ္တဝါ ဟူသမျှအား။ မရဏံ၊ အခြေကျကျ၊ နေမဝဘဲ၊ သေကြရခြင်းသည်။ အဝဿမေဝ၊ မလွတ်မကင်း၊ မချွတ်ယွင်းသဖြင့်သာလျှင်။ ဟောတိ၊ ကေန်စင်စစ်၊ အမှန်ဖြစ်၏။ ဣတိ၊ ဤသို့ မလွတ်မကင်း၊ မချွတ်ယွင်းသဖြင့်၊ သေရခြင်းတူမျှသည်ရှိသော်။ ကိံ၊ ဘယ်သို့အချက်၊ ဘယ်အတွက်ကြောင့်။ ယသော၊ အရှင်၏အတွက်၊ အသက်ကိုစွန့်ပေသည်ဟု၊ ထောမနာ အမှုဖြင့်၊ ဩဘာပြုကြခြင်းကို။ မုခါ၊ အကျိုးမဖက်၊ သက်သက်အချည်းနှီး။ မလိနံ၊ ငြိစွန်းအပြစ်၊ နွမ်းနယ်ညစ်ခြင်းကို။ ကယျတေ၊ အမှုမသာအောင်၊ ယခုအခါ၌၊ ပြုရပါအံ့နည်း။

အစိပ္ပါယ်။ ။အရှင်မင်းကြီး....ဤထိုးခုတ်ပစ်ခတ် အချင်းချင်း သတ်ဖြတ်တိုက်ခိုက်ကြသည့် စစ်ပွဲမှ လွတ်ရာသို့ ကြည့်ဖဲလျက် ရှောင်လွှဲထွက်ပြီးလျှင် သင့်လျော်ရာအရပ်၌ မိမိအလိုက်အထိုက် ပျော်ပိုက်နေထိုင်သောသူသည် အခြေလှလှ အနေကျသဖြင့် သေရမည့်ဘေးဒုက္ခနှင့် ဧကန္တ မတွေ့ရဘဲ အမြဲတည်နေရပါမူ ဤအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြသော စစ်ပွဲကြီးမှ အရပ်တပါး ဖဲ့ကြည်

သွားလျက် တိမ်းရှောင်၍ ထွက်ရခြင်းသည် စင်စစ်အမှန် ကေန်ပင် သင့်လျော်လျောက်ပတ်ပါပေသည်။ ထိုသို့ကား မဟုတ်ပါ၊ စင်စစ်မှာမူ သူသူငါငါ သတ္တဝါဟူသမျှတို့ သခါရနယ်အတွင်းမှာ စာရင်းပါဖြစ်ကြ၍ မည်သည့်ဌာနဌပင် နေကြသည်ဖြစ်စေ ကေန္တ မချွတ်မလွဲဘဲ သေရမြဲ ဓမ္မတာသာဖြစ်ကြပါသည်။ ယင်းသို့သေရခြင်း သဘာဝတို့ တူမျှလို့ရှိခဲ့ပါလျှင် ဘယ်အရာ ဘယ်အချက်ကြောင့်အရှင်အတွက် အသက်ကို အသေခံပေသည်ဟူ၍ နတ်လူအများ ကပ္ပါသားတို့ကျော်ကြားအောင် ထောမနာအရေးဖြင့် ဩဘာပေးကြမည့် ချီးမွမ်းချက်ကိုသက်သက်မဲ့အညစ်အနွမ်းခံ၍ မဟန်အောင်ပြုလုပ်ရပါမည်နည်း၊ ဤကဲ့သို့ ပြုလုပ်ရန် သင့်လျော်လိမ့်မည် မဟုတ်ပေ ဟူလို။

သူတပါးအတွက် အသက်ကို စွန့်သင့်ပုံ

ထိုပြင် သူတပါး၏ အတွက် အသက် သေရသဖြင့် ကေန္တ မြင့်မြတ်သည်၏ အဖြစ်ကို တရစ် တဖန် ထပ်မံ၍ ပြပြန်လိုရကား ထိုမှတပါး ဤဆိုလတံ့သော စကားကိုလည်း ကြားနာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **ဘဝေသွိံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၄၄။ ဘဝေသွိံ ပဝနော္ဘန္တ—ဝိစိဝိဗ္ဘမဘင်္ဂုရေ။
ဇာယတေ ပုညယောဂေန၊ ပရတ္ထေ ဇီဝိတဗျယော။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ပဝနော္ဘန္တဝိစိဝိဗ္ဘမဘင်္ဂုရေ၊ လေသည်တိုက်ခတ်သဖြင့်၊ လှုပ်ချောက်ချားအပ်သော၊ လှိုင်းတံပိုးတို့၏၊ တုန်လှုပ်ခြင်းကဲ့သို့၊ အလွန်လျင်မြန်စွာ ပျက်စီးလွယ်သော။ အသွိံဘဝေ၊ ဤယခုဘဝ၊ ပစ္စက္ခ၌။ ပရတ္ထေ၊ သူတပါးတို့၏ အကျိုးစီးပွါး၊ ကြီးမားရန်အတွက်ကြောင့်။ ဇန္တုနော၊ မည်သူမည်ဝါ၊ သတ္တဝါ ဟူသမျှ၏။ ဇီဝိတဗျယော၊ ကိုယ်၏အသက်၊ ဆုံးရှုံးပျက်ခြင်းသည်။ ပုညယောဂေန၊ ကောင်းမှုပြုရာ၊ မင်္ဂလာနှင့် ယှဉ်သဖြင့်။ ဇာယတေ၊ ကေန်စင်စစ်၊ အမှန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ဤပစ္စုပ္ပန်ဘဝဟု ဆိုအပ်သော သံသရာလောကကြီးသည် ဥပမာအားဖြင့် လေတိုက်ခတ်သဖြင့် တက်ပေါက်ဖြစ်ပေါ်၍ လာသော လှိုင်းတံပိုးတို့သည် လေဖြင့်ပုတ်ခတ်သည့်အခါ လှုပ်ရှား ထကြွလျက် အပြည့်အနှက် တဖြုန်းဖြုန်းဖြင့် တဖုံးဖုံးထ၍ နေကြပါသော်လည်း လေငြိမ်သည်နှင့် တပြိုင်နက် ချက်ခြင်းပင် ကွယ်ပျောက်ကြကုန် သကဲ့သို့၊ ထို့အတူ သတ္တဝါတို့၏ ပစ္စုပ္ပန်, သံသရာဟုဆိုအပ်သော ဤဘဝကြီးသည်လည်း ရှေးရှေးသော ဘဝမှ ကံစွမ်းကံဟုန် လှုံ့ဆော်သဖြင့် ခေတ္တခဏ ပေါ်လာရခြင်းမျှသာ ဖြစ်ပေသည်၊ ကံစွမ်း ကံဟုန် ကုန်သည်နှင့် တပြိုင်နက် ဇီဝိန်ပျက်၍ နောက်ဆက်

တွဲ ခန္ဓာအပေါင်းတို့မှာ မသာလောင်းကြီး ဖြစ်ကြရပေသည်၊ ယင်းသို့ အရှည် အကြာ မတည်ပါသဖြင့် ဤခန္ဓာဘဝကို ပုညမှု စိတ်ထား၍ သူတပါး၏အတွက် အသက်ကို စွန့်ရခြင်းသည် အလဟဿ အချည်းနှီး မဖြစ်ဘဲ တမလွန် ကောင်းကျိုးမြဲသည့် ပူဇော်ပွဲဟု ဆိုအပ်သော ကောင်းမှုမင်္ဂလာကြီး အစစ် အမှန်ပင် ဖြစ်ပါပေသည်။ ထို့ကြောင့် သူတပါး၏အတွက် ရက်ရက်စက်စက် မငဲ့ကွက်ဘဲ အသက်ကို စွန့်ထိုက်ပါသည်ဟု ဆိုလိုသည်။

အရှင်သခင် စွန့်လွှတ်ပါမူ သေသူနှင့် မခြားပုံ

အရှင်မင်းကြီး....အရှင်သည်လည်း ကျွန်တော်မျိုးတို့၏ အရှင်သခင် ဖြစ်ပါ ပေသည်၊ ထို့ကြောင့် ကျွန်တော်မျိုးတို့သည် အခါခပ်သိမ်း စောင့်ရှောက် ထိုက်ပါသည်၊ အကြောင်းကို နာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **ပကတိ သာမိနာ စတ္တာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၄၅။ ပကတိ သာမိနာ စတ္တာ၊ သမိဒ္ဓါပိ န ဇီဝတိ။
　　အပိ ဓန္ဝန္တရိ ဝေဇ္ဇော၊ ကိံ ကရောတိ ဂတာယုသိ။

မဟာရာဇ၊ ပြည်ကြီးဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ပကတိ၊ မှူးမတ် သေနာပတိ၊ စ,ဘိ သောင်းပြောင်း၊ အခြွေအရံ အပေါင်းတို့၏ ပကတိ သဘောသည်။ သမိဒ္ဓါပိ၊ စည်းစိမ်ဥစ္စာ၊ ရတနာတို့ဖြင့်၊ ကြွယ်ဝ ပြည့်စုံပါ သော်လည်း။ သာမိနာ၊ နိုင်ငံအရှင်၊ ကိုယ့်သခင်သည်။ စတ္တာ၊ တနည်းနည်း ပြတ်၊ စွန့်လွှတ်အပ်သည်ရှိသော်။ န ဇီဝတိ၊ ရှင်ကားရှင်လျက်၊ အသက်ရှိသည် မမည်။ ဓန္ဝန္တရိ၊ အရပ်ရပ် ကျော်ကြားအောင်၊ ကုစားမှုကျေပြွန်သည့်၊ ဓန္ဝန္တရိ အမည်ရှိသော။ဝေဇ္ဇောပိ၊ ရောဂါကို ကြည့်ရှုလျက်၊ ကုစားမည့် ဆေးဆရာကြီးပင် ဖြစ်သော်လည်း။ ဂတာယုသိ၊ သေခါနီးသည့်အတွက်၊ အသက်ငင်၍နေသော ကာလ၌။ ကိံ ကရောတိ၊ မဖွယ်အမှု၊ အကယ်ကုသဖြင့်၊ အဘယ်ပြုပါတော့ အံ့နည်း။

အဓိပ္ပါယ်။　။အရှင်မင်းမြတ်....မှူးမတ် သေနာပတိ အစရှိသော ကျေးကျွန် ခြွေရံ အစေခံအပေါင်းတို့၏ ပကတိသဘောသည် စည်းစိမ် ဥစ္စာတို့ဖြင့် ပြည့်စုံ ကြွယ်ဝပါသော်လည်း အရှင်သခင်သည် တနည်းနည်းအားဖြင့် ကင်းပြတ်၍ စွန့်လွှတ်အပ်ပါမူ မည်သူ့ ကိုမျှ အားမထားရသည့်အတွက် အသက်ရှူလျက် ဇီဝိန်ပင် မပျက်ပါသော်လည်း အသက်ရှင်သည် မမည်ပါ၊ ဥပမာအားဖြင့် ဝေဒနာနှိပ်စက်သဖြင့် သေခါနီးလျက် အသက်ငင်၍နေသောအခါ၌ သမားတို့ တတ်ရာ ကုစားမှုအရာ၌ ကမ္ဘာ့ကျော်ကြားလောက်အောင် တတ်မြောက် လိမ္မာ ကျွမ်းကျင်ပါသော ဓန္ဝန္တရိ အမည်ရှိသည့် ဆရာကြီးပင် ဖြစ်သော်လည်း

ကုစားဘို့ခက် ဆေးချက်ကို ပေးသွင်းသဖြင့် အလျှင်းပင် မလျော့သည့်အတွက် အသက်ပင် ရှိပါသော်လည်း ကိုးစားရာ အလျှင်းပျောက်သဖြင့် သေစာရင်း ပေါက်ပြီးပင် ဖြစ်ပါသည် ဟူလို။

တိုင်းပြည်၏ အင်္ဂါရှစ်ပါး

ထို့ပြင် နိုင်ငံ့အရှင် ဘုရင်မင်းမြတ်တို့သည် တိုင်းပြည်၏ ဖွယ်ရာ အင်္ဂါ ရှစ်ပါးတို့တွင် တပါးအပါအဝင် ဖြစ်ပါသဖြင့် ထိုအင်္ဂါရှစ်ပါးကို ထင်ရှားစွာ ပြဆိုလိုသည်ဖြစ်၍ ထိုမှတပါး ကြားနာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **သာမျမစ္စော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

အပရဉ္စ——

၁၄၆။ သာမျမစ္စော စ ရဋ္ဌဉ္စ၊ ဒုဂ္ဂံ ကောသော ဗလံ သခါ။
ရဇ္ဇင်္ဂါနိ ပကတယော၊ ပေါရာဏံ သေဏယောပိ စ။

အပရဉ္စ၊ ထိုမှတပါးလည်း။ သာမိ စ၊ အရှင်သခင်ဟု ဆိုအပ်သော ဘုရင် မင်းမြတ်လည်းကောင်း။ **အမစ္စော** စ၊ နိုင်ငံ့ဦးစီး၊ မှူးမတ်ကြီးလည်းကောင်း။ ရဋ္ဌဉ္စ၊ ပြည်မရပ်ဌာန်၊ တိုင်းနိုင်ငံလည်းကောင်း။ ဒုဂ္ဂဉ္စ၊ ရဲမက်ခိုအပ်၊ စစ်-ခံတပ် လည်းကောင်း။ ကောသော စ၊ ရွှေငွေရတနာ၊ ထားရာသမိုက်၊ ဘဏ္ဍာတိုက် လည်းကောင်း။ ဗလဉ္စ၊ စစ်သည်အထု၊ ဗိုလ်ပါစုလည်းကောင်း။ သခါ စ၊ ချစ်ခင်ကြည်ညို၊ နှစ်ကိုယ့်တစိတ်၊ မဟာမိတ်လည်းကောင်း။ ပကတယော စ၊ နဂိုရ်နေလေ့၊ ပြကတေ့ဟူ၊ တိုင်းသူပြည်သား၊ လူအများတို့လည်းကောင်း။ အပိ စ၊ ယင်းသို့မဟုတ်၊ တနည်းထုတ်သော်ကား။ ပေါရာဏံ၊ တိုင်းသူပြည်သား၊ လူအများတို့၏။ သေဏယော စ၊ အပေါင်းတို့လည်းကောင်း။ ဣတိ – ဣမာနိ အဋ္ဌ၊ ဤသို့ညွှန်ကြား၊ ရှစ်ပါးသောအရာတို့သည်။ ရဇ္ဇင်္ဂါနိ၊ နိုင်ငံဖွယ်ရာ၊ ပြည့်အင်္ဂါတို့တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်.... တိုင်းနိုင်ငံ၏ တင့်တယ်ဖွယ်ရာကြောင်း ဖြစ်သော ပြည်၏အင်္ဂါ ရှစ်ပါးရှိပါသည်၊ အဘယ်နည်းဟူမူ—

၁။ တိုင်းသူပြည်သားတို့၏ အရှင်သခင်ဖြစ်သော ဘုရင်မင်းမြတ်လည်း တပါး၊

၂။ တိုင်းပြည် နိုင်ငံ၏ ခေါင်းဆောင်ဦးစီးဖြစ်သော မှူးကြီးမတ်ကြီးလည်း တပါး၊

၃။ တိုင်းပြည်နိုင်ငံ နေရပ်ဌာန်လည်း တပါး၊

၄။ ရဲမက်ဗိုလ်ပါတို့ မှီခိုပုန်းအောင်း လည်းလျှောင်းရာ ဖြစ်သော ခံတပ်လည်း တပါး၊

၅။ ရွှေငွေ ရတနာ ဥစ္စာတို့ကို သိုမှီးရာဖြစ်သော ရတနာ ဘဏ်တိုက်လည်း တပါး၊

၆။ စစ်သည်ဗိုလ်ပါ များစွာအထု ရဲမက်စုလည်း တပါး၊

၇။ ချစ်ခင်ကြည်ညိုသဖြင့် နှစ်ကိုယ့်တစိတ် ပြုလုပ် ပေါင်းသင်းအပ်သော မဟာမိတ်လည်း တပါး၊

၈။ နဂိုရ်ပကတိ ဖြစ်သော တိုင်းသူပြည်သား လူအများတို့လည်း တပါး၊ တနည်းအားဖြင့် တိုင်းသူ ပြည်သားတို့၏ အပေါင်း အစုတို့လည်း တပါး၊

ဤသို့လျှင် တိုင်းနိုင်ငံ၏ ဖွယ်ရာ အင်္ဂါရှစ်ပါး ရှိပါသည်၊ ထိုရှစ်ပါးတို့တွင် ဘုရင်မင်းမြတ်သည်လည်း တပါးအပါအဝင် ဖြစ်ရကား ထိုရှစ်ပါးအနက် အချက်အခြာဖြစ်သော နိုင်ငံအရှင် ဘုရင်တပါး ပျက်ခဲ့သည်ရှိသော် ကြွင်းသမျှအားလုံးမှာ ခန္ဓာပါပျက်ပြုန်း၍ အသက်ဆုံးသည်နှင့် တူပါသည်ဟု ဆိုလိုသည်။

ဘုရင်နှင့်ပြည်သူသည် နေနှင့်ကြာသို့တူပုံ

ထို့ပြင် အရှင်သခင် ဘုရင်မင်းမြတ် ရှိမှသာလျှင် ပြည်သူ ပြည်သားတို့ ရွှင်လန်းကြည်ဖြူလျက် အသက်ရှင်၍ နေနိုင်ပုံကို ဥဒါဟရုဏ်နှင့်တကွ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတံ့သော စကားကိုလည်း ကြားနာတော်မူပါဦးလော့ဟု ဆို၍ **ပတ္ထိဝေ ဇီဝလောကောယံ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၄၇။ ပတ္ထိဝေ ဇီဝလောကောယံ၊ နိမီလတိ နိမီလတိ။
ဥဒေတျုဒိယမာနေ စ၊ သူရိယေဝ သရောရုဟံ။

မဟာရာဇ၊ ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ သူရိယေ၊ ရောင်ခြည်တထောင်၊ ထွန်းပြောင်ထိန်လင်း၊ ရှင်နေမင်းသည်။ နိမီလတိ၊ ရောင်ဝါကွယ်ပျောက်၊ ဝင်ခြင်းသို့ ရောက်သည်ရှိသော်။ သရောရုဟံ ကြာ၊ ကားကားစွင့်စွင့်၊ ပွင့်ဆဲဆဲကြာပန်းသည်၊ လန်းရာမှတမျိုး၊ ရုတ်တရက် ချွေညှိုးသကဲ့သို့။ ပတ္ထိဝေ၊ ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ နိမီလတိ၊ ခန္ဓာပျက်စီး၊ နတ်ထံမှီးသည်ရှိသော်။ အယံ ဇီဝလောကော၊ ဤသတ္တလောက၊ ဟူသမျှသည်။ နိမီလတိ၊ ခန္ဓာပျက်ကြွေ၊ သေသည်နှင့် တူပေ၏။ သူရိယေ၊ ရောင်ခြည်

တထောင်၊ ထွန်းပြောင်ထိန်လင်း၊ ရှင်နေမင်းသည်။ ဥဒိယမာနေ၊ ယုဂန်တောင်စွန်း၊ အရှေ့ကျွန်းမှ၊ တက်ထွန်းထွက်ပေါ်၍ လာသည်ရှိသော်။ သရော-ရုဟံ ဣဝ၊ ညိုးခွေသော ကြာပန်းသည်၊ နွမ်းရာမှ တင့်ဆန်းလျက်၊ ပွင့်လန်း၍ လာသကဲ့သို့။ ပတ္ထိဝေ၊ ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ဥဒိယမာနေ၊ ပြည်သူကို စောင့်ရှောက်လျက်၊ အသက်ရှင်သည်ရှိသော်။ အယံ ဇီဝလောကော၊ ဤသတ္တလောက၊ ရှိသမျှဟူ၊ ပြည်သူအပေါင်းသည်။ ဥဒေတိ၊ ဝမ်းမြောက် ရွှင်လန်းလျက်၊ ချမ်းသာစွာ နေရ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်.... ရောင်ခြည် တထောင် ဆောင်လျက် ထွန်းပြောင် ထိန်ဝင်းသော အရှင်နေမင်းကြီးသည် အရောင်ကွယ်ပျောက်သဖြင့် ဝင်ခြင်းသို့ရောက်သည်ရှိသော် ထုံးအိုင်,ရေကန်စသည်တို့၌ ပေါက်ရောက်သော ကားကားစွင့်စွင့် ပွင့်ဆဲဆဲဖြစ်သောကြာပန်းသည် လန်းရာမှတမျိုးဖောက်လျက် ရုတ်တရက် ခွေညိုးခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ ရေမြေအရှင် ဘုရင်မင်းမြတ်သည် လူ့ရပ်မှ ကံတော်ကုန်သဖြင့် နတ်ဘုံ နတ်နန်းသို့ မြန်းကြွတော်မူသည်ရှိသော် ဤသတ္တလောက ကျွန်တော်မျိုး ဟူသမျှတို့မှာ ခန္ဓာပျက်ကြွေသေသည်နှင့် တူပါသည်၊ ထိုမှတဖန် သူရကန်သည် ယုဂန်တောင်စွန်း အရှေ့ကျွန်းမှ ထွန်းလင်းထွက်ပေါ်၍ လာသည်ရှိသော် ညိုးနွမ်းသော ကြာပန်းသည် ရုတ်တရက် ပွင့်လန်းခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ ပြည်သူတို့၏အရှင် ဘုရင်မင်းမြတ်သည် တိုင်းပြည်ကို စောင့်ကြပ်လျက် အသက်တော်ရှင်၍ နေသည်ရှိသော် ဤ တိုင်းသူပြည်သား လူများအပေါင်းသည် ကောင်းစွာ ဝမ်းမြောက်ရွှင်လန်းလျက် ချမ်းသာစွာ နေထိုင်ရပါပေသည်။ ထို့ကြောင့် အရှင်သခင်ကို အခါခပ်သိမ်း စောင့်ရှောက်ထိုက်ပါသည်ဟု ဆိုလိုသည်။

ထိုသို့ ပြောဆို၍နေစဉ် ကြက်ဖတကောင်သည် လာ၍ ဟသ်ာမင်း၏ကိုယ်၌ အလွန်ထက်လှစွာသော အတက်တို့ဖြင့် ရိုက်ခတ်လေ၏။ ထိုအခါ ခေါက်ရှာငှက်စစ်သူကြီးသည် လျင်မြန်စွာ အပါးသို့ ချဉ်းကပ်၍ ဟသ်ာမင်းကို မိမိ၏ကိုယ်ဖြင့် ကွယ်ကာ၍ ထားလေ၏၊ ထိုအခြားမဲ့၌ ကြက်ဖသည် ထက်လှစွာသော ခြေသည်း,လက်သည်း,နှုတ်သီးတို့ဖြင့် ပေါက်သတ် ဆိတ်ဆွခြင်းဖြင့် ပင်ပန်းညိုးနွမ်းစေအပ်သည်ဖြစ်၍ ခေါက်ရှာငှက်သည် မိမိ၏ ကိုယ်အင်္ဂါဖြင့် ဟသ်ာမင်းကို ဖုံးအုပ်ယူဆောင်လျက် ရေအိုင်တွင်းသို့ သက်ဆင်းစေပြီးလျှင် ထိုကြက်ဖကိုလည်း စစ်သူကြီး ခေါက်ရှာငှက်သည် မိမိ၏နှုတ်သီးဖြင့် အတုံး အတစ် ပြတ်အောင် ပေါက်၍ သတ်ဖြတ်ဖျက်ဆီးလေ၏၊ ထို့နောက် ခေါက်ရှာငှက်ကိုလည်း ငှက်အပေါင်းတို့သည် လာရောက်၍ ဝန်းဝိုင်းသတ်ဖြတ်ကြကုန်၏။

ထို့နောက် စိတြဝဏ္ဏမည်သော ဥဒေါင်းမင်းသည် ခံတပ်တွင်းသို့ ဝင်၍ အတွင်း၌ တည်ရှိသော ပစ္စည်းဥစ္စာတို့ကို သိမ်းယူပြီးလျှင် ကောင်းချီးသြဘာ

ပြုသော သီဆိုသံတို့ဖြင့် ဟစ်အော် ကြွေးကြော်လျက် မိမိတို့၏ ခံတပ်စခန်းသို့ ပြန်လည်မြန်းကြလေ၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု ပြီး၏။

ကောက်နုတ်ချက်များ

ထိုဝတ္ထုကို ဝိဇ္ဇာသမ္မဆရာကြီး ပြောကြားပြီးသည်၏ အဆုံး၌ မင်းသား တို့သည် ဤသို့ ဆိုကြလေ၏၊ ထိုဟသ်ာမင်း၏ စစ်သည် အပေါင်းတို့တွင် ခေါက်ရှာငှက်သည်သာလျှင် မိမိ၏အသက်ကိုစွန့်၍ အရှင်သခင်ကို စောင့်ရှောက် ခြင်းကြောင့် သူတပါးတို့ထက် ထူးခြားမြင့်မြတ်၍ လျောက်ပတ်သော ကောင်းမှု ၏အရှင် ဖြစ်ပါပေသည်။ အဘယ်ကြောင့်နည်းဟူမူ—

၁၄၇။ ဂဝါကုတ္တေ သုတေ ဂါဝီ၊ သဗ္ဗေဝ ဇနယန္တိ တုံ။
ဝိသာဏောလ္လိခိတက္ခန္ဓံ၊ ကာစိဒေဝ ဂဝံပတိံ ။

ဂါဝီ၊ ရှိရှိသမျှ၊ နွားမအပေါင်းသည်။ ဂဝါကုတ္တေ၊ နွားတို့၏ ပုံပန်း၊ သဏ္ဌာန် အမူအရာရှိကုန်သော။ သဗ္ဗေဝ၊ မကြွင်းဥဿုံ၊ အလုံးစုံသာလျှင် ဖြစ် ကုန်သော။ သုတေ၊ အများသွယ်သွယ်၊ နွားသားငယ်တို့ကို။ ဇနယန္တိ၊ သီးသီး မခြား၊ မွေးဖွားဖြစ်ထွန်းကြစေကုန်၏။ တုံ၊ ထိုသို့ပင်အများ၊ မွေးဖွားဖြစ်ထွန်း ကြစေပါကုန်သော်လည်း။ ဝိသာဏောလ္လိခိတက္ခန္ဓံ၊ ဦးချိုနှစ်ဖက်တို့ဖြင့်၊ ထိဆက် အပ်သော ပခုံးရှိသော။ ဂဝံပတိံ၊ နွားပိုက်၊ နွားလား၊ နွားများအရှင်၊ နွား ဘုရင် ဆိုရသည့်၊ ဥသဘ နွားထူးကို။ ကာစိဝေ၊ ဤတောင်သပြေကျွန်း၌ ရှားလှ သဖြင့်၊ တကောင်တလေထွန်းသော နွားမသည်သာလျှင်။ ဇနယတိ၊ ထူးထူး ခြားခြားအားဖြင့်၊ မွေးဖွားဖြစ်ထွန်းစေနိုင်ပေ၏။

အဓိပ္ပါယ်။ ။ဤ ဇမ္ဗူဒီပါကျွန်း၌ ရှိရှိသမျှ နွားမ ဟူသမျှတို့သည် နွားတို့၏ ပုံပန်းသဏ္ဌာန် ကြန်အင် လက္ခဏာ အမူအရာနှင့် ပြည့်စုံကုန်သော အလုံးစုံသော နွားငယ် နွားကလေးတို့ကို အသီးသီးမွေးဖွား ဖြစ်ထွန်းစေနိုင် ကြပေသည်၊ ထိုသို့ပင် မွေးဖွား ဖြစ်ထွန်းစေနိုင်ကြပါသော်လည်း ဇက်တို လည်ပွ ဘိုကြီးထလျက် ဦးချိုနှစ်ဖက်တို့ဖြင့် ထိဆက်အပ်သော ပခုံးရှိသော အားခွန်ဗလ ပြည့်ဝ သန်မာလှသော အလုံးစုံသော နွားပိုက်၊ နွားလား၊ နွား အများတို့၏ အရှင် နွားဘုရင်ဟု ဆိုအပ်သည့် ဥသဘ နွားထူးမျိုးကိုမူကား ဤ ဇမ္ဗူဒီပါ တောင်ကျွန်း၌ တကောင်တလေ ထွန်းကား၍ ပေါ်လာသည့် နွားမသည်သာလျှင် ထူးခြားစွာ မွေးဖွား ဖြစ်ထွန်းစေနိုင်ပေသည်၊ ထို့အတူ ယခုအခါ ဤဟသ်ာမင်း၏ စစ်သည်ဗိုလ်ပါတို့ များစွာပင် ရှိကြပါသော်လည်း

ထိုစစ်သည် ဗိုလ်ပါတို့အနက် ခေါက်ရှာငှက် တကောင်သာလျှင် အရှင်၏အတွက် မိမိ၏ အသက်ကို ရက်ရက်ကြီး စွန့်နိုင်ပါပေသည်။ ထို့ကြောင့် ထိုခေါက်ရှာငှက်သည်သာလျှင် သူတပါးတို့ထက် ထူးခြားမြင့်မြတ်၍ လျောက်ပတ်သော ကောင်းမှု၏အရှင် ဖြစ်ပါပေသည် ဟူလို။

ရဲရင့်စွာသေသူသည် နတ်ပြည်သို့ရောက်ရပုံ

ထို့နောက် ဝိဇ္ဇုသမ္မဆရာကြီးက ဤသို့ ပြောဆိုလေ၏— "ယောကျ်ားကောင်း, ယောကျ်ားမြတ်ဖြစ်သော ထိုခေါက်ရှာငှက် စစ်သူကြီးသည် အစွမ်းကုန် လုံ့လဝီရိယ သတ္တိဗလတို့ဖြင့် ဆောင်ရွက် ပြုလုပ်ခဲ့ခြင်းကြောင့် အထက်နတ်ပြည်၌ နတ်သမီးအပေါင်းတို့ဖြင့် ခြံရံလျက် နတ်၏စည်းစိမ် ချမ်းသာတို့ကို ခံစား စံစားရပေလတံ့။ ထို့ကြောင့်ပင်လျှင် ရှေးအစဉ် ဆရာမြတ်တို့သည် ဤသို့ မိန့်မှာတော်မူအပ်ပေသည်"ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာတို့ကို ရွတ်ဆိုသင်ကြားလေ၏။

၁၄၉။ အာဟဝေသု စ ယေ သူရာ၊ သာမျတ္ထံ စတ္တဇီဝိတာ။
ဘတ္တု ဘတ္တာ ကတညူ စ၊ တေ နရာ သဂ္ဂဂါမိနော။

၁၅၀။ ယတြ ယတြ ဟတော သူရော၊ သတ္တုဘိ ပရိဝေဋိတော။
အက္ခယံ လဘတေ လောကံ၊ ဘယံ ယဒိ န ဂစ္ဆတိ။

သူရာ၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ၊ စွန့်စား ရဲရင့်ကြကုန်သော။ ယေ နရာ၊ အကြင် တရားသက်ဝင်၊ သူတော်စင်တို့သည်။ အာဟဝေသု စ၊ စစ်မြေပြင်တွင်း၊ စစ်တလင်းဝယ်၊ ချင်းချင်းယှဉ်ပြိုင်၊ ရင်ဆိုင်တိုက်ခိုက်ရာတို့၌လည်းကောင်း။ အညေသု စ၊ ထိုမှတပါး၊ အခြားသော အရာဌာနတို့၌လည်းကောင်း။ သာမျတ္ထံ၊ အရှင်၏အကျိုး၊ ပွါးစီးတိုးစေခြင်းငှါ။ စတ္တဇီဝိတာ စ၊ လွတ်လွတ်ရက်ရက်၊ စွန့်အပ်သော အသက်ရှိကုန်သည်လည်း။ ဟောန္တိ၊ အမှန်စင်စစ်၊ ဖြစ်ကြပေကုန်၏။ ဘတ္တုဘတ္တာ စ၊ အရှင်သခင်၌၊ ချစ်ခင်လေးမြတ်၊ နှစ်သက်တတ်ကုန်သည်လည်း။ ဟောန္တိ၊ စင်စစ်မသွေ၊ ဖြစ်ကြပေကုန်၏။ ကတညူ စ၊ ရှေးကပြုဘူး၊ သူ့ကျေးဇူးကို၊ အထူး သိတတ်ကုန်သည်လည်း။ ဟောန္တိ၊ စင်စစ်မသွေ၊ ဖြစ်ကြပေကုန်၏။ တေ နရာ၊ ထိုတရားသက်ဝင်၊ သူတော်စင်တို့သည်။ သဂ္ဂဂါမိနော၊ ကောင်းမှုရှင်တို့၏စံရာ၊ နတ်ရွာသို့ သွားခြင်းရှိကုန်သည်။ ဟောန္တိ၊ မသွေမလှန်၊ ကေန်စင်စစ်၊ အမှန်ဖြစ်ကြကုန်၏။

သူရော၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ၊ ရဲရင့်ခြင်းရှိသော။ ယော နရော၊ အကြင်သူကို။ ယတြ ယတြ၊ အကြင် အကြင်၊ စစ်မြေပြင်တွင်း၊ စစ်တလင်း

အရပ်၌။ သတ္တာ[ုဘိ၊ တိုက်ခိုက်ခုခံ၊ ရန်သူအများ၊ ရဲမက်သားတို့သည်။ ပရိဝေဌိတော၊ ဝန်းကျင်ရစ်ပတ်၊ ဝိုင်းအုံအပ်သည်ဖြစ်၍။ ဟတော၊ လက်နက်အမျိုးမျိုးတို့ဖြင့်၊ ထိုးခုတ်ပစ်ခတ်၊ အသေသတ်အပ်၏။ သော နရော၊ ထိုစစ်မြေပြင်တွင်း၊ ရန်သူခွင်းသဖြင့်၊ သေခြင်းမလှ၊ သေရသော သူသည်။ ဘယံ၊ တွန့်ဆုတ်မဝံ့၊ ကြောက်ရွံ့ တုန်လှုပ်ခြင်းသို့။ ယဒိ န ဂစ္ဆတိ၊ အကယ်၍ကား၊ မရောက်ငြားအံ့။ ဝေံသတိ၊ ဤသို့ တွန့်ဆုတ်မဝံ့၊ ကြောက်ရွံ့ တုန်လှုပ်ခြင်းသို့၊ အလျှင်းမရောက်သည်ရှိသော်။ အက္ခယံ လောကံ၊ နတ်တို့၏စံရာ၊ နတ်ရွာလောကကို။ လဘတေ၊ ကေန်မုချ၊ အမှန်ရပေ၏။

အဓိပ္ပါယ်။ ။အကြင်သူတို့သည် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့စွာ စွန့်စားခြင်း ရှိကုန်သည်ဖြစ်၍ စစ်မြေပြင်တွင်း စစ်တလင်းဝယ် အချင်းချင်း ယှဉ်ပြိုင် တိုက်ခိုက်ရာတို့၌ လည်းကောင်း, စစ်မြေပြင်မှ အခြား တပါးသော အရပ်တို့၌လည်းကောင်း မိမိအရှင်သခင်၏ အကျိုးစီးပွါး များစေရန်အတွက် ရက်ရက်စက်စက် အသက်ကိုလည်း စွန့်ကြကုန်၏၊ အရှင်သခင်၌ ချစ်ခင်ကြည်ညို ရှိသေလေးမြတ်လျက် နှစ်သက်တတ်ကြသည်လည်း ဖြစ်ကုန်၏၊ ရှေးက ပြုခဲ့ဘူးသော သူ၏ကျေးဇူးကို အထူးသိတတ်သည်လည်း ဖြစ်ကုန်၏။ ထိုသို့သဘောရှိသော သူတို့သည် ကောင်းမှုရှင်တို့၏ စံစားနေထိုင်ရာ နတ်ရွာသို့ ရောက်ကြရပေကုန်၏။

ထိုမှတပါးလည်း အကြင်သူတို့သည် စစ်မြေပြင်တွင်း စစ်တလင်းအရပ်၌ ရန်သူအများ ရဲမက်သားတို့သည် ထက်ဝန်းကျင်မှ ဝိုင်းအုံ ရစ်ပတ်လျက် လက်နက်အမျိုးမျိုးတို့ဖြင့် ထိုးခုတ်ပစ်ခတ် အသေသတ်အပ်ကုန်၏၊ ထိုသို့ အသတ်ခံရသော သူတို့သည် အကယ်၍ ကြောက်ရွံ့တွန့်ဆုတ် တုန်လှုပ်ခြင်းသို့ မရောက်ကုန်သည်ရှိသော် နတ်ပြည်လောကကို ဧကန္တ ရကြမည်ဖြစ်ပေသည် ဟူလို။

(ဤသည်တို့ကား တိတ္တိတို့၏ အယူသာ ဖြစ်ပေသည်။)

ဤသို့လျှင် ဝိဇ္ဇာသမ္မဆရာကြီးသည် ပုံပြင်ဝတ္ထု အမျိုးမျိုး အရပ်ရပ်နှင့် မှတ်သားရန် နည်းလမ်းအဖုံဖုံတို့ကို စေ့ငုစုံလင်စွာ သင်ကြားပြောဆိုပြီးသည်၏ အဆုံး၌ “အရှင်မင်းသားတို့....အရှင်တို့သည် အစဉ်အမြဲ နှလုံးစွဲလျက် သံမဲစွာ မှတ်သားထိုက်သော စစ်တက် စစ်ခင်း စစ်ထိုးခြင်းကို အရင်းထားလျက် များစွာသော အချက်တို့ဖြင့် ပြည့်နှက်ရောပြွမ်းသော **ဝိဂ္ဂဟကဏ္ဍ** အခဏ်းကို သင်ကြားပြောဆိုရာ စကားရပ်ကား ဤတွင်ရွှေ့ အပြီးသတ်ပါပြီ”ဟု ပြောဆိုလေ၏။

ထိုသို့ ပြောဆိုရာ ညီနောင်နှစ်ပါး မင်းသားတို့က “ဆရာကြီးကျေးဇူးပြုသဖြင့် ချီးမြှင့်သင်ကြား သနားတော်မူပါ၍ ဟောပြောသင်ကြားသော စကား

တို့ကို ကောင်းမွန်စွာ နာခံမှတ်သားကြရပါပေပြီ၊ အကျွန်ုပ်တို့သည် အလွန် တရာ ဝမ်းသာအားရ နှစ်သက်ခြင်း ရှိကြပါသည်”ဟု ကျေးဇူးတင် စကားဖြင့် ပြန်ကြားပြောဆိုကြလေ၏။

ဝိဂ္ဂဟကထာ ပဏ္ဏနာနိဂုံး

ထို့နောက် ဝိဏှုသမ္မဆရာကြီးသည် “အရှင်မင်းသားတို့....ထိုသို့ပင် ဝိဂ္ဂဟ အခဏ်းနှင့်စပ်သော စကားရပ်တို့ကို နာခံမှတ်သား သင်ကြား၍ ပြီးပါသော် လည်း ထို့မှတပါး သင့်လျော်လျောက်ပတ် ကောင်းမြတ်သော ဆုံးမဩဝါဒ စကား ဤဆိုလတ္တံ့သော အကြောင်းများကိုလည်း ကောင်းစွာ နာခံမှတ်သား ကြပါဦးလော့”ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆိုပြီးလျှင် **ဝိဂ္ဂဟကဏ္ဍ** ကို နိဂုံးကမွတ် အဆုံးသတ်လေ၏။

၁၅၁။ ဝိဂ္ဂဟော ကရိတုရင်္ဂပတ္တိဘိ၊
နော ကဒါပိ ဘဝတံ နရိန္ဒနံ။
နီတိမန္တပဝနဿမာဟတာ၊
သံသရန္တု ဝနဂိရိံ စ ဒိသာ။

(ရထောဒ္ဓတာဂါထာ)

ဘဝတဉ္စ၊ ဘုရင့် ရင်သွေး၊ အရှင်မင်းကလေးတို့အား လည်းကောင်း။ အညေသံ၊ အရှင်မင်းကလေးတို့မှ အခြား၊ တပါးကုန်သော။ နရိန္ဒာနဉ္စ၊ ပြည်သူတို့အရှင်၊ ဘုရင်မင်းမြတ်တို့အား လည်းကောင်း။ ကရိတုရင်္ဂပတ္တိဘိ၊ ဆင်,မြင်း,ခြေသည်၊ စစ်သည် အလုံးအရင်းတို့ဖြင့်။ ဝိဂ္ဂဟော၊ ဗလအားကိုး၊ စစ်ပြိုင်၍ထိုးခြင်းကို။ ကဒါ အပိ၊ ပြုဘို့အမှန်၊ မလျော်ကန်သဖြင့်၊ တရံတခါ မျှလည်း။ နော ဘဝေ၊ ကေန်စင်စစ်၊ မဖြစ်သင့်ရာ၊ မဖြစ်သင့်ပေ။ ဒိသာ၊ တိုက်ခိုက်ကြံမူ၊ ကိုယ့်ရန်သူတို့ကို။ နီတိမန္တပဝနဿမာဟတာ၊ နီတိ ဥပါယ်၊ အသွယ်သွယ်ဆန်းပြားသည့်၊ ဂါထာမန္တရားတည်းဟူသော၊ လေပြင်းလေကြမ်း တို့ဖြင့်၊ အရမ်းတိုက်ခတ်အပ်ကုန်သည်ဖြစ်၍။ ဝနဂိရိံ၊ ဝနာမြိုင်တန်း၊ တောတောင်စခန်းသို့။ သံသရန္တု၊ ပြေးခွါတိမ်းရှောင်း၊ ပုန်းအောင်းခိုမှီးကြပါ စေကုန်သတည်း။

အဓိပ္ပါယ်။ ။အရှင်မင်းသားတို့....အရှင်တို့သည် လည်းကောင်း, အရှင် တို့မှတပါး အခြားသော နိုင်ငံအရှင် ဘုရင်မင်းမြတ်တို့သည် လည်းကောင်း ရန်သူတဖက်ကို ဖြိုဖျက်နှိမ်နင်း၍ အောင်မြင်နိုင်ခြင်း အကျိုးငှါ အောင်မြင် နိုင်လိုကြပါမူ ဆင်တပ်,မြင်းတပ်,ခြေသည်တပ် အစရှိသော စစ်သည်ဗိုလ်ပါတို့ဖြင့် ဤယခုသင်ကြား ပြဆိုခဲ့ပြီးသော စစ်တက်,စစ်ခင်း,စစ်ထိုးခြင်း အစရှိသော

နည်းလမ်းတို့ဖြင့် ဗလအားကိုးပြုလျက် မည်သည့်အခါ၌မျှ တိုက်ခိုက်ခြင်း အမှုကို မပြုကြပါလေလင့်၊ ဤသို့ တိုက်ခိုက်ခြင်းဖြင့်လည်း ရန်သူကို မုချ အောင်မြင်နိုင်လိမ့်မည်ဟူ၍ မမှတ်ယူသာ၊ ရံခါသာလျှင် အောင်မြင်၍ ရံခါ မအောင်မြင်နိုင်ပေ။ ထို့ကြောင့် ဧကန်မုချ အောင်မြင်နိုင်သော ရာဇမတ္တဏ် စသော ထိုထိုသို့သော ကျမ်းဂန်တို့၌ ညွှန်ပြမိန့်ဆိုအပ်သော သာမဥပါယ် အစ ရှိသော ဥပါယစည်းကမ်း နီတိ နည်းလမ်းတို့ဖြင့်သာလျှင် စီမံပြုလုပ်ထိုက်ပေ သည်။ ထို့ကြောင့် ရန်သူတို့ကို ထိုဥပါယ နည်းလမ်း နီတိမန္တရား တည်းဟူသော လေပြင်း လေကြမ်းတို့ဖြင့် အရမ်းတိုက်ခတ် လွင့်စင်စေအပ်သည်ဖြစ်၍ ဓား, လှံ,သေနတ် အစရှိသော လက်နက်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း မပြုရဘဲ ရပ်စဲငြိမ်းအေးခြင်းသို့ ရောက်လျက် ထိုရန်သူတို့သည် ဝနာမြိုင်ဓအောက် တော တောင်တလျှောက်သို့ အလိုအလျောက်သာလျှင် လွင့်စင်ထွက်ခွါသဖြင့် ပုန်း အောင်းကာ နေကြပါစေ၊ မည်သည့်အခါ၌မျှ ဗလအားကိုးပြုလျက် စစ်ထိုး တိုက်ခိုက်ခြင်းကို အလျှင်းမပြုလုပ်ကြပါစေကုန်လင့်။

နိဂုံး

ဒိစတြိတ် တောနယ် တဝှမ်း၌ လူရမ်းတွေ တံခွန်ထူ၍ အလွန်ပူအောင် သူပုန်၏အရေးကြောင့် ဂဠုန်ဘေးကြီးပေါ်ပေါက်ရာ အဖျောက်မှာ ဘလောင် ဆန်လျက် အတောင်သံ ဂယက်ပြင်းလှသဖြင့် စက်ကွင်းမလွတ်သည့် အတွက် အေးကွက်ကိုခိုလှုံ၍ ရန်ကုန်မြို့ နဂရ တိဂုမ္ဘစေတီတော်ကြီး၏ အရှေ့မြောက် မိုင်ဝက်လောက် အက္ခာတွင် ရှေးအစဉ် သူတော်အပေါင်းတို့ ကိန်းအောင်း မွေ့လျော် စံနေတော်မူရာ လွန်တရာ သိုက်မြိုက်သဖြင့် ပျော်ပိုက်ဖွယ်ကောင်း လှသော ရွှေခုန်တိုင် ကျောင်းတိုက်ကြီး၌ ယာပိုထ်လေးလီ မျှညီမှီတင်း၍ သီတင်းသုံး နေထိုင်စဉ် စီရင်ရေးသားအပ်သော **ဟိတောပဒေသကျမ်း၌ ဝိဂ္ဂဟကဏ္ဍ**ကို မြန်မာပြန်ဆိုခြင်းသည် သက္ကရာဇ် ၁၂၉၃-ခု တော်သလင်းလ အတွင်းတွင် ပြီးဆုံးခြင်းသို့ ရောက်သတည်း။

ဣတိ အာယသ္မတာ ဘဒ္ဒန္တအာစာရထေရေန ရစိတာ
ဟိတောပဒေသေ ဝိဂ္ဂဟကဏ္ဍဿ
မရမ္မဘာသာ ပရိဝတ္တနာ နိဋ္ဌိတာ။

ဟိတောပဒေသ ဘာသာပြန်
ဝိဂ္ဂဟကထာ ပြီး၏။

၄-သန္ဓိ ကထာ

စကား အချီး

ဝိဂ္ဂဟပိုင်းကို မြန်မာပြန်ဆိုရေးသားပြီးပြီဖြစ်ရကား ယခုအခါ သန္ဓိပိုင်းကို မြန်မာပြန်ဆို စီရင်ရေးသားပေတော့အံ့ ...။

ထိုသို့ စစ်တက်စစ်ခင်း စစ်ထိုးခြင်းနှင့်စပ်သော အကြောင်းအရာတို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော **ဝိဂ္ဂဟကဏ္ဍ**ကို သင်ကြားညွှန်ပြ ဩဝါဒပေးပြီးသည်၏ အခြားမဲ့၌ နောက်တဖန် ဆုံးမဩဝါဒစကား ပြောကြားမည်ရှိရာ မင်းသားတို့သည် ရှေးဦးစွာ ဝိဏှုသမ္မဆရာကြီးအား တောင်းပန်စကားဖြင့် ပြောကြားကြသည်မှာ— မြင့်မြတ်တော်မူပေသော အရှင်ဆရာကြီး....အကျွန်ုပ်တို့သည် စစ်တက် စစ်ခင်း စစ်ထိုးခြင်းနှင့်စပ်သော အကြောင်းအရာတို့ကို ဆရာကြီး ကျေးဇူးပြုတော်မူသဖြင့် ကောင်းစွာနာခံမှတ်သား သင်ကြားကြရပါပေပြီ။ယခုအခါ ရန်သူအချင်းချင်းတို့ ပြေငြိမ်းစေ့စပ်ခြင်းကို ဆိုရာဆိုကြောင်း ဖြစ်သော ဩဝါဒစကားရပ်တို့ကို နာခံမှတ်သား သင်ကြားလိုကြပါသည်၊ ထိုသို့ ရန်သူအချင်းချင်းတို့ ပြေငြိမ်းစေ့စပ်ခြင်း၏ အစီအရင်ကို တီထွင်၍ သွန်သင်ဆုံးမ ဩဝါဒစကားဖြင့် သင်ကြားပြသတော်မူပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုကြလေ၏။

ထိုအခါ ဝိဏှုသမ္မဆရာကြီးသည် ဤသို့ ဆိုလေ၏—"အရှင်မင်းသားတို့.... ရန်သူအချင်းချင်းတို့ ပြေငြိမ်းစေ့စပ်ခြင်းကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော စကားရပ်ကိုလည်း သင်ကြားပြောဆိုပါအံ့၊ နာတော်မူကြပါလော့။ ဤဆိုလတံ့သည်ကား ပြေငြိမ်းစေ့စပ်ခြင်းကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော **သန္ဓိအခဏ်း**၌ အစစွာ သင်ကြားအပ်သော ဂါထာတည်း"ဟု ဆို၍ ဤဆိုလတံ့သော ဂါထာကို ရွတ်ဆိုသင်ကြားလေ၏။

၁။ ဝုတ္တေ မဟတိ သင်္ဂါမေ၊ ရာဇူနံ ဝဇ္ဇသေနိနံ။
မိရေဟိ ဂိဇ္ဈစက္ကေဟိ၊ ဝါစာ သန္ဓိ ကတော ခဏာ။

ဝုတ္တေ၊ ဖြစ်ပျက်ပြီးစီး၊ လွန်ခဲ့ပြီးသော။ မဟတိ သင်္ဂါမေ၊ ဗိုလ်ထုမဟာ၊ သည်းစွာအားဆဲ၊ စစ်တိုက်ပွဲကြီး၌။ ဝဇ္ဇသေနိနံ၊ တိုက်ခိုက်သတ်ဖြတ်၊ သေစေအပ်သော၊ စစ်သည်ဗိုလ်ပါ၊ များစွာရှိကြကုန်သော။ ရာဇူနံ၊ ဥဒေါင်းဟသာ၊ မင်းနှစ်ဖြာတို့၏။ သန္ဓိ၊ အချင်းချင်း မာန်မခုဘဲ၊ ရန်ပြုငြိမ်းအေး၊ စေ့စပ်ရေးကို။ မိရေဟိ၊ တည်ကြည်မြဲမြံ၊ ပညာဉာဏ်ရှိ၊ ကဝိအမော်၊ ပုဂ္ဂိုလ်ကျော် ဖြစ်ကြကုန်

သော။ ဂိဇ္ဈစက္ကေဟိ၊ လင်းတ,စက္ကဝက်၊ ပေါင်းယှက်နှော်နှီး၊အမတ်ကြီးတို့သည်။ ခဏာ၊ မမြင့်မကြာ၊ နည်းစွာကာလ၊ တခဏခြင်းဖြင့်။ ဝါစာ–ဝါစာယ၊ ချင်းချင်းတော့ဆိုင်၊ တိုင်ပင်ပြောဆိုကာမျှဖြင့်။ ကတော၊ နေရာကျ ကြံဖန်လျက်၊ စီမံအားထုတ်၊ ပြုလုပ်ခဲ့ဘူးလေပြီ။

ထိုအခါ မင်းသားတို့က "ဆရာကြီး....ဤဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ အချင်းချင်း ပြေငြိမ်းစေ့စပ်အောင် လင်းတနှင့် စက္ကဝက်အမတ်ကြီးတို့ ပြုလုပ်ပြောဆိုကြပုံအကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း" ဟု မေးမြန်းကြရာ ဝိဏ္ဏုသမ္မဆရာကြီးသည် အောက်ပါဝတ္ထုကို ဆက်လက်၍ ပြောကြားလေ၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု

ထိုသို့ ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ စစ်တိုက်ခိုက်ကြရာ ဥဒေါင်းမင်းသည် အောင်နိုင်သဖြင့် စစ်သည်ဗိုလ်ပါတို့နှင့်တကွ အောင်လံထူလျက် ဝမ်းမြောက်ဝမ်းသာစွာ မိမိ၏ခံတပ်သို့ ပြန်လည်၍ သွားသောအခါ ဟသ်ာမင်းသည် စက္ကဝက်အမတ်ကြီးအား ဤသို့ မေးမြန်းတော်မူလေ၏—"အချင်း စက္ကဝက်အမတ်ကြီး....ငါတို့၏ခံတပ်ကို အဘယ်သူ မီးရှို့ပါသနည်း၊ ဤမီးရှို့ခြင်းသည် တစုံတယောက်သော ရန်သူသည်ပင် လာရောက်၍ ရှို့လေသလော၊ သို့တည်းမဟုတ် ငါတို့၏ခံတပ်၌နေသော တစုံတယောက်သောသူသည် ရန်သူနှင့်ပူးပေါင်း၍ပင် ရှို့လေသလော၊ ဤအကြောင်းကို အမတ်ကြီး သိပါ၏လော" ဟု မေးမြန်းတော်မူလေ၏။

ထိုသို့ မေးမြန်းတော်မူရာ စက္ကဝက်အမတ်ကြီးက "အရှင်မင်းကြီး.... ဤခံတပ်ကို မီးတင်ရှို့ခြင်းသည် အခြားသူ မဟုတ်ပါ၊ အရှင်မင်းကြီးနှင့် မိတ်ဖြစ်ရန် အကြောင်းတစုံတရာ အနည်းငယ်မျှ မရှိပါဘဲလျက် ရုတ်တရက်မိတ်ဆွေ၏ အဖြစ်သို့ရောက်သော **မေဃဝဏ္ဏ** မည်သောကျီးကို ယခုအခါ ဤအရပ်၌ အခြံအရံ ပရိသတ်နှင့်တကွ မတွေ့မြင်တော့ပါ။ ထို့ကြောင့် ဤမီးရှို့ခြင်းအမှုကို ထိုမေဃဝဏ္ဏကျီးသည်ပင်လျှင် ကေန်ပြုလုပ်တန်ရာ၏ဟု အောက်မေ့မှတ်ထင်ပါသည်" ဟု တင်လျှောက်လေ၏။

ကံမရှိက ဉာဏ်ရှိတိုင်း လွဲတတ်ပုံ

ထိုအခါ ဟသ်ာမင်းသည် တခဏမျှ စဉ်းစား ဆင်ခြင်တော်မူပြီးလျှင် "ရှိပါစေတော့ အမတ်ကြီး....ဤသို့ ဖြစ်ရခြင်းကား ငါ၏ ပကောင်းသော ရှေးအကြောင်းပင် ဖြစ်ပေသည်" ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတံ့သော ဂါထာကို ဆက်လက်၍ ရွတ်ဆိုတော်မူလေ၏။

၂။ အပရာဓေ သ ကမ္မဿ၊ န မန္တိနမယံ ပုန။
သုဃဋိတံ ယတော ကိစ္စံ၊ ကမ္မယောဂါ ဝိနဿတိ။

ယတော – ယတောန၊ ပြင်းစွာလုံ့လ၊ ဝီရိယဖြင့်။ သုဃဋိတံ၊ ကောင်းစွာအားထုတ်၊ ပြုလုပ်စီမံအပ်သော။ ကိစ္စံ၊ အမှုကိစ္စ၊ ဟူသမျှသည်။ ကမ္မယောဂါ၊ ရှေးရှေးအကြောင်း၊ မကောင်းမှုကံ၊ ဆော်စီမံခြင်းကြောင့်။ ဝိနဿတိ၊ ပြုတိုင်းမဟန်၊ အကြံမပြီး၊ ပျက်စီးဆုတ်ယုတ်တတ်ပေ၏။ တသ္မာ၊ ထိုသို့ ကောင်းစွာစီမံ၊ ပြုလုပ်ကြံပါသော်လည်း၊ အကုသိုလ် ဖိစီးမှု၊ အချည်းနှီးဖြစ်တတ်သောကြောင့်။ သ – သော အယံ အပရာဓော၊ ဤငါတို့တစု၊ ယခုဖြစ်ရ၊ ပြစ်ဒုက္ခသည်။ ကမ္မဿ၊ ရှေးရှေးအဟောင်း၊ ဘဝပေါင်းက၊ မကောင်းပြုမှု၊ ကံအစု၏။ အပရာဓော၊ စီမံစင်စစ်၊ သူ့အပြစ်သာတည်း။ ပုန၊ ထိုပြင်တပါး၊ အခြားတဖန်။ မန္တိနံ၊ မှူးတော်မတ်တော်၊ ပညာကျော်တို့၏။ အပရာဓော၊ ချွတ်ချော်တိမ်းပါး၊ မှားယွင်းသောအပြစ်သည်။ န၊ မုချကောန်၊ အမှန်မဟုတ်ပါပေ။

အဓိပ္ပါယ်။ ။ဤ လောကကြီး၌ မကောင်းကျိုးပျောက် ကောင်းကျိုးရောက်အောင် ကြိုးစွာသောလုံ့လ ဉာဏဖြင့် ကြံဆောင်အားထုတ် ပြုလုပ်အပ်သော အမှုကိစ္စ ဟူသမျှသည်လည်း ဤရှည်လျားသော သံသရာကာလ ရှေးရှေးသော ဘဝအစုတို့က ပြုခဲ့သည့် မကောင်းမှုကံသည် စီမံဖိစီးခဲ့ပါမူ "ကံမရှိက ဉာဏ်ရှိတိုင်း မှိုင်တတ်သည်" ဆိုဘိသကဲ့သို့ စီမံပြုလုပ်လေသမျှ အချည်းနှီး အကျိုးမရှိဘဲ ပျက်စီးမြဲ ဓမ္မတာသာ ဖြစ်ပေသည်။ ထိုသို့ ကောင်းအောင်ပင် စီမံပြုလုပ်သော်လည်း မကောင်းမှု အကြောင်းဖန်လျက် အဟောင်းကံပယ်ဖျက်က ပျက်ရမြဲသာ ဖြစ်လေရာသောကြောင့် ဤသို့ယခု ငါတို့တစုမှာ အမှုမသာအောင် ဖြစ်ပေါ်၍လာရသော အပြစ်သည် အစစ်အမှန်ကို ဆိုရလျှင် ထိုထိုဘဝသံသရာက ကံကြမ္မာ၏ အပြစ်သာ ဖြစ်ပေသည်၊ ထိုမှတပါး အခြားသော မှူးတော် မတ်တော် သေနာပတိ စသည်တို့၏ အပြစ်မဟုတ်ပေ။ "မည်သူ မပြုမိမိမှု" "ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း" ဟူသကဲ့သို့ မိမိ၏ ရှေးအဟောင်း သံသရာမှ ကံကြမ္မာကိုသာ ရိုးသင့်ပေသည်ဟု ဆိုလိုသည်။

လူမတန် ကံချ ပြောတတ်ကြပုံ

ထို့နောက် စက္ကဝက် အမတ်ကြီးက ဤဆိုလတ့်သော ဥပဒေသစကားကိုလည်း ပြောသင့် ပြောထိုက်ပါသေးသည်ဟု ဆို၍ အောက်ပါဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၃။ ဝိသမံ ဟိ ဒသံ ပတ္တာ၊ ကမ္မံဝ ဂယှတေ နရော။
အတ္တနော ကမ္မဒေါသံ တု၊ နေဝ ဇာနာတျပဏ္ဍိတော။

အပဏ္ဍိတော၊ ဝိစာရဏာဉာဏ်၊ မဆန်ချတ်ယွင်း၊ ပညာကင်းသော။ နရော၊ အပြစ်လွတ်ရန်၊ ဆင်ခြေကန်တတ်သော သူသည်။ ဝိသမံဒသံ–ဝိသမံအဝတ္ထု၊ ဆင်းရဲဒုက္ခ၊ ဖြစ်ရတွေ့ဆုံ၊ ကြုံကြိုက်သော အခိုက် အတန့်သို့။ ပတွာ၊ အပြုမဟန်၊ မှုမတန်သဖြင့်၊အမှန်ကျရောက်သည်ရှိသော်။ ကမ္မံဝ–ကမ္မံဝေ၊ ရှေးကပြုဟောင်း၊ ကံအကြောင်းကိုသာလျှင်။ ဂယှတော၊ ကဲ့ရဲ့ရှုတ်ချ၊ အပြစ်ပြသဖြင့်၊ မြွက်ဟစွဲယူ တတ်၏။ တု၊ မုချအမှန်၊ ကေန်စင်စစ်အားဖြင့်။ အတ္တနော၊ မိမိ၏။ ကမ္မဒေါသံ၊ အမှုမလျော်၊ အပြုချော်ခြင်းကို။ နေဝဇာနာတိ၊ ကေန်ဆတ်ဆတ်၊ ဖုံးဖိအပ် သဖြင့်၊မသိတတ်သည်သာလျှင်တည်း။

အဓိပ္ပါယ်။　။လောက၌ ဆင်ခြင်ဉာဏ် ချွတ်ယွင်းသဖြင့် လွတ်ကင်းသော အသိဉာဏ်ရှိသော တစုံတခု အမှုပေါ်ပေါက် အပြစ်ရောက်သည်ရှိသော် မိမိ၏ အပေါ်သို့ မကျမရောက်စေရန် ကြံဖန်၍ ဆင်ခြေကန်တတ်သောသူသည် အမှု မလျော် အပြုချော်သဖြင့် မတော်တဆ တစုံတခုသော ဘေးဒုက္ခနှင့် တွေ့ဆုံ ကြုံကြိုက်သည့် အခိုက်အခါသို့ ကျရောက်သည်ရှိသော် မိမိ၏ အပြုမလျော်သဖြင့် ချွတ်ချော်တိမ်းပါး မှားယွင်းသည်ကိုမူကား လားလားမှ မသိတတ်ဘဲ "လူမတန် ကံကိုချ" ဆိုဘိသကဲ့သို့ နောက်နောက်က ကံအကြောင်းကိုသာ ပြန်ပြောင်းကာ အတပ်စွဲ၍ အလွဲလွဲမှတ်ယူတတ်ပေသည် ဟူလို။

ထို့ပြင် မိမိ၏ အကျိုးကို မြော်ကိုးလိုလားသဖြင့် ပြောကြားသော စကားကို မနာယူဘဲ အလွဲလွဲပြုလုပ်သောသူသည် ဆုတ်ယုတ်ပျက်စီးတတ်ပုံကို ဥဒါဟရဏ် နှင့်တကွ ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတံ့သော စကားကိုလည်း နာကြားတော် မူပါဦးလော့ဟု ဆိုပြီးလျှင် **မိတ္တာနံ ဟိတကာမာနံ** အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၄။ မိတ္တာနံ ဟိတကာမာနံ၊ ယော ဝါကျံ နာဘိနန္ဒတိ။
　　သ ကုမ္မော ဣဝ ဒုဗ္ဗုဒ္ဓိ၊ ကဋ္ဌာ ဘဋ္ဌော ဝိနဿတိ။

ယော၊ အကြင်သူသည်။ ဟိတကာမာနံ၊ စီးပွါးသင့်လျော်၊ အကျိုးမြော် ကုန်သော။ မိတ္တာနံ၊ ချစ်ခင်ကြင်နာ၊ မိတ်သဟာတို့၏။ ဝါကျံ၊ သွန်သင် ညွှန်ကြား၊ ပြောစကားကို။ နာဘိနန္ဒတိ၊ နာယူမလိုက်၊ မနှစ်ခြိုက်တတ်။ သ–သော၊ ထိုမိတ်ဆွေအများ၊ ညွှန်စကားကို၊ မနာလိုသောသူသည်။ ကဋ္ဌာ ဘဋ္ဌော၊ အဇ္ဈာယံ၊ တုတ်လုံကန်မှ၊ ကျွမ်းပြန်၍ကျရသော။ ဒုဗ္ဗုဒ္ဓိ၊ အသိ ဉာဏ်ကင်း၊ ပညာယွင်းသော။ ကုမ္မောဣဝ၊ တိရစ္ဆာန်အဟိတ်၊ ကိုရွှေလိပ်ကဲ့သို့။ ဝိနဿတိ၊ ကိုယ်ခန္ဓာပြုန်း၊ အသက်ဆုံး၍၊ လုံးလုံးကြီးပျက်စီးတတ်ပါ၏။

ထိုအခါ ဟင်္သာမင်းက "အမတ်ကြီး....ဤတုတ်လှံကန့်မှ ကျွမ်းပြန်၍ ကျရသော လိပ်၏အကြောင်း အတ္တုပ္ပတ်အကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း" ဟု မေးမြန်းရာ စက္ကဝက်အမတ်ကြီးသည် ဤဆိုလတံ့သော ပုံဝတ္ထုကို ပြောဆိုတင်လျှောက်လေ၏။

လိပ်နှင့် ဟင်္သာတို့ဝတ္ထု

ရှေးလွန်လေပြီးသောအခါ **မဂဓတိုင်း**၌ **ဖုလ္လောပ္ပလ** မည်သော ရေကန်ကြီးတခု ရှိလေ၏၊ ထိုရေကန်၌ **သင်္ကဋ၊ ဝိကဋ** အမည်ရှိကုန်သော ဟင်္သာတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး မွေ့လျော်ပျော်ပိုက်၍ နှစ်ခြိုက်စွာ နေထိုင်ကြလေ၏၊ ထိုဟင်္သာတို့၏ မိတ်ဆွေဖြစ်သော **ကမ္ဗုဂီဝ** အမည်ရှိသော လိပ်သည်လည်း ထိုရေအိုင်၌ပင် နေလေ၏။ ထိုသို့နေထိုင်ကြရာ တနေ့သ၌ တံငါသည် ယောကျ်ား လူအများတို့သည် အိုင်နားသို့ လာလတ်၍ "ယနေ့အဖို့ ငါတို့ တတွေ ဤအိုင်၌နေကြပြီးလျှင် နက်ဖြန်နံနက် အရုဏ်တက်ကာမှ ဤအိုင်သို့ သက်ဆင်း၍ အိုင်တွင်းရှိ ငါး၊ လိပ်အပေါင်းတို့ကို ကောင်းစွာ ဖမ်းယူကြမည်"ဟု တိုင်ပင်ခြင်း ပြုကြလေ၏။ ထိုသို့ တိုင်ပင်သောစကားကို လိပ်ကြီးက ကြားလေလျှင် ရှေးရှေးအစဉ် ချစ်ခင်သဟာ မိတ်ဟင်္သာတို့ကို ဤသို့ဆိုလေ၏— "အို ချစ်ခင်ကြင်နာ မောင်ဟင်္သာတို့....တံငါသည်များ ပြောစကားကို ငါ့အား ဤသို့ ကြားပါသည်၊ ယခုအခါ သို့ဖြစ်ပါ၍ ငါ့မှာဘယ်သို့ ပြုရပါမည်နည်း"ဟု တိုင်ပင်စကား ပြောကြားလေ၏။

ထိုအခါ ဟင်္သာတို့က ဤအမှု အကြောင်းထူးကို ရှေးဦးစွာ တိုင်ပင်၍ ဆင်ခြင်ဝေဘန် အကြံဉာဏ်ယူပြီးလျှင် "လင်းအားကြီး တခိုတွင် လျော်သလို ပြုသင့်ပါသည်"ဟု အတည်ကျပြောကြားလေ၏။

ထိုသို့ဆိုရာ လိပ်ခမျာက တဆိတ်စာမျှ ဘောမကျ၍ ပြောပြတဖန် ဆိုလိုက်ပြန်သည်မှာ—"သင်တို့စီမံ ဤအကြံသည် အမှန်မသင့်ပါ၊ အကြောင်းကို ရှာလိုက်သော် ကျွန်ုပ်မှာ မုချ ထိုအချိန် ကျခဲ့လျှင် မရဏလက်တွင်းသို့ သက်ဆင်းပြီး တွေ့ရပါလိမ့်မည်"ဟု အမှုပုံ မဟန်ကြောင်းကို ပြန်ပြောင်းထုတ်ဆိုပြီးမှ **အနာဂတဝိဓာတာ စ** အစရှိသောဂါထာကို ဆက်လက်၍ ရွတ်ဆိုပြန်လေ၏။

၅။ အနာဂတဝိဓာတာ စ၊ ပစ္စုပ္ပန္နမတိ တထာ။
ဒွေ ဧတေ သုခမေဓန္တိ၊ ယဒ္ဘဝိဿော ဝိနဿတိ။

အနာဂတဝိဓာတာစ၊ အနာဂတဝိဓာတ အမည်ရသော ငါးသည် လည်းကောင်း။ တထာ၊ ထို့မှတပါး။ ပစ္စုပ္ပန္နမတိစ၊ ပစ္စုပ္ပန္နမတိ အမည်ရှိသော ငါးသည် လည်းကောင်း။ ဧတေဒွေ၊ ဤမျက်မှောက် နာဂတ်၊ နှစ်ရပ်အမြင်၊

ဆင်ခြင်ရှေ့ဆောင်၊ ငါးနှစ်ကောင်တို့သည်။ သုခံ၊ ငြိမ်းချမ်းသာယာ၊ ဘေးဘျမ်း ကွာလျက်။ ဧေန္တိ၊ အသက်မသေ၊ ကြီးပွါး၍ နေကြရလေကုန်၏။ ယဗ္ဘဝိဿော၊ ဖြစ်လိုရာဖြစ်စေဟု၊ ပုံသေစိတ်ချ၊ ယဗ္ဘဝိဿမည်သော ငါးသည်။ ဝိနဿတိ၊ ကိုယ်ခန္ဓာပြုန်း၊ ဝိညာဉ်ဆုံးလျက်၊ လုံးလုံးကြီး ပျက်စီးလေ၏။

ထိုအခါ ဟသ်ာတို့က ဤငါးတို့၏ အကြောင်းအဝတ္ထုပွတ်ကို မှတ်ဖို့ရန် ဝိတ္ထာရဖြင့် မိန့်ဟတော်မူစေလိုကြောင်းနှင့် တောင်းပန်ကြလေရာ ချစ်ခင် ကြင်နာ လိပ်သဟာသည် ပေါရာဏ အဟောင်း ရှေးအကြောင်းကို ပြန်ပြောင်း၍ ပြောဆိုသည်မှာ—

ငါးသုံးကောင်တို့၏ ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဤအိုင်မှာလျှင် ဤသို့ပင် သဘောရှိကြသော တံငါသည် အမျှားတို့သည် ထင်ရှားစွာ လာရောက်ကြလေသော် သုံးဘော် သော ငါးတို့သည် စဉ်းစားဆင်ခြင်၍ တိုင်ပင်အမှု အစည်းအဝေးပြုကြရာ သုံးဖြာသော ငါးတို့တွင် **အနာဂတဝိဓာတ** နာမထင်ရှား တကောင်သော ငါးက စကား ဤသို့ဆိုလေ၏—"အမောင်တို့....ငါသည်မူကား ယနေ့ပင်လျှင် ဒေသရပ်ခြား အိုင်တပါးသို့ ပြောင်းရွှေ့၍သွားမည်"ဟု ပြောကြား၍ ချက်ခြင်း ခဲယဉ်းစွာ ဖြစ်တတ်သရွှေဖြင့် အတင်းပင် ပြောင်းရွှေ့၍ သွားလေ၏။ **ပစ္စုပ္ပန္နမတိ** မည်ရှိတခြား တကောင်သောငါးက စဉ်းစား၍ပြောပြန်သည်မှာ— "နောင်အခါစု ဖြစ်ပေါ်မည့်အမှုကို ယခုကစဉ်းစား၍ ပမာဏ မထားသင့်ပေ၊ သို့ဖြစ်၍တစေ ငါနေရင်းဌာနဟောင်းက အဘယ်သို့ ပြောင်းထွက်၍ ဘယ် အတွက် သွားသင့်သနည်း၊ ထောက်ချင့်၍စဉ်းစားက သွားဘို့ရန်မထိုက်၊ နောင် အခါ အကြောင်းဆိုက်မှ အလိုက်သင့် ကြံဖန်၍ စီမံအားထုတ် ပြုလုပ်ထိုက်ပေ သည်"ဟု အလိုက်သင့်ပြောပြီးမှ **ဥပ္ပန္နမာပဒံ ယော တု** အစရှိသော ဂါထာကို ဆက်လက်၍ ရွတ်ဆိုပြောပြလေ၏။

၆။ ဥပ္ပန္နမာပဒံ ယော တု၊ သမာဓတ္တေ သ ဗုဒ္ဓိမာ။
ဇာရော ဝါဏိဇ္ဇဒါရေန၊ ပစ္စက္ခေ ဝ နိဂူဟတော။

ယောတု၊ အကြင်ဝိစာရဏပညာ၊ ဝမ်းတွင်းပါသောသူသည်ကား။ ဥပ္ပန္နံ၊ မျက်မြင်ထင်လင်း၊ ခဏခြင်း ဖြစ်ပေါ်လာသော။ အာပဒံ၊ ဘေးရန်ပေါ်ပေါက်၊ ပျက်စီးခြင်းသို့ရောက်သည်ကို။ သမာဓတ္တေ၊ ကောင်းအောင်ပြုပြင်၊ အမှုကို ဆင်ခြင်၍၊ စီရင်ပြုလုပ်နိုင်ရာ၏။ သ – သော၊ ထိုဖြစ်ပေါ်သည့်အကြောင်းကို၊ ကောင်းအောင်ပြုပြင်၊ စီရင်ပြုလုပ်နိုင်သောသူသည်။ ဗုဒ္ဓိမာ၊ ဆင်ခြင်နိုင်းသိ၊ ပညာရှိမည်၏။ ကိမိဝ၊ နှိုင်းဆသိဘွယ်၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။

ဝါဏိဇ္ဇဒါရေန၊ ကုန်သည်ယောကျ်ား၏၊ မြောက်သားအစစ်၊ မယားချစ်သည်။ ပစ္စင်္ဂေ၊ လင်ကြီးကိုယ်တိုင်၊ ပိုင်ပိုင်ထင်ထင်၊ မျက်မှောက်မြင်ရာ၌။ ဇာရော၊ သယောက်အဆွယ်၊ လင်မြောင်ငယ်ကို။ နိဂူဟတောဝ္ဂ၀၊ ကာကွယ်မပျက်၊ ဖုံးဖိဝှက်နိုင်သကဲ့သို့တည်း။

ထိုသို့ပြောဆိုရာ **ယဗ္ဗာဝိဿ** မည်သောငါးက "ဤကုန်သည်၏မယားသည် လင်ကြီးကိုယ်တိုင် ပိုင်ပိုင်ထင်ထင် မျက်မှောက်မြင်ရပါလျက် သယောက်အဆွယ် လင်ငယ်ကိုကွယ်ဝှက်ပုံ ဝတ္ထုစုံအကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း" ဟု မေးမြန်းရာ **ပစ္စုပ္ပန္နမတိ** အမည်ရှိသောငါးက ဤဆိုလတံ့ သောပုံဝတ္ထုကို ပြောကြားလေ၏။

ကုန်သည်မယားနှင့် လင်ငယ်တို့ဝတ္ထု

လွန်လေပြီးသောအခါ **ဝိက္ကမပြို့၌ သမုဒ္ဒဒတ္တ** မည်သော ကုန်သည်တယောက် ရှိလေ၏၊ ထိုကုန်သည်၏ **ရတ္တပဘာ** မည်သော မယားသည် မိမိ၏အစေခံ တယောက်နှင့် အတူတကွ အခါခပ်သိမ်းပင်လျှင် မွေလျော် ပျော်ပါးတတ်သော အလေ့ရှိလေ၏။ ထိုသို့ မိန်းမတို့သည် လျှပ်ပေါ်လော်လည်တတ်သော **အလေ့** ရှိသောကြောင့်ပင်လျှင် နီတိကျမ်းတတ် ဆရာမြတ်တို့သည် **န ထိနမပိယော ကောစိ** အစရှိသော ဂါထာကို မိန့်ဆိုတော်မူခဲ့ကြပေသည်။

မိန်းမတို့ ဇွဲ၍ အမြဲ ချစ်,မုန်းသောယောကျ်ား မရှိပုံ

၇။ န ထိနမပိယော ကောစိ၊ ပိယော ဝါပိ န ဝိဇ္ဇတေ။
ဂါဝေါ တိဏမိဝါရညေ၊ ပတ္ထယန္တိ နဝံ နဝံ။

ထိနံ၊ ကြံရာစုးစိုက်၊ အာရုံလိုက်၍၊ နှစ်ခြိုက်မနော၊ သဘောမတိမ်း၊ ဝမ်းတွင်း ကိန်းတတ်ကုန်သော၊ မိန်းမဟူသမျှတို့သည်။ အပိယော၊ မနှစ်မခြိုက်၊ မချစ် ကြိုက်သော။ ကောစိ၊ တစုံတယောက်၊ လူမှုပေါက်ဖွား၊ လူယောကျ်ားမည်သည်။ နဝိဇ္ဇတေ၊ စင်စစ်ကေန်၊ မရှိမှန်၏။ အပိ၊ ထိုမှတပါး။ ပိယော၊ မလွဲအစဉ်၊ မခွဲချင်အောင်၊ အမြဲခင်မင်၍နေသော။ ကောစိဝါ၊ တစုံတယောက်၊ လူမှု ပေါက်ဖွား၊ လူယောကျ်ားသည်လည်း။ နဝိဇ္ဇတေ၊ စင်စစ်ကေန်၊ အမှန်မရှိပေ။ ကိမိဝ၊ နမူတန္တ၊ စံပြုနိုင်းဘွယ်၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ ဂါဝေါ၊ ကြီးကြီးငယ်ငယ်၊ သွယ်သွယ်မခြား၊ နွားအများတို့သည်။ အရညေ၊ တောမြိုင် တခွင်၊ စားကျက်ပြင်၌။ နဝံနဝံ၊ တရစ်တရစ်၊ အသစ်အသစ်ဖြစ်သော။ တိဏံ၊ မြင်မြင်ရာရာ၊ မြက်အစာကို။ ပတ္ထယန္တိဣဝ၊ ငမ်းငမ်းအာသာ၊ တောင့်တရှာဘိ သကဲ့သို့။ တထာ၊ ပမာမခြား၊ ထိုအလားသာလျှင်။ နဝံနဝံ၊ တရစ်တရစ်၊ လင် အသစ်ကို။ ပတ္ထယန္တိ၊ တောင့်တမြော်မှန်းလျက်၊ တမ်းတ၍ နေတတ်ကြကုန်၏။

အဓိပ္ပါယ်။ ။ယောကျ်ားမြင်ရာရာကို အာသာနှစ်ခြိုက်လျက် ချစ်ကြိုက်တတ်သော သဘောရှိကုန်သော မိန်းမတို့သည် လောက၌ မချစ်ခင် မစုံမက်မနှစ်သက်သော ယောကျ်ားမည်သည် မရှိ၊ လူမှမွေးဖွားသော လူယောကျ်ားမှန်ခဲ့ပါလျှင် မြင်မြင်သမျှ တယောက်မကျန် ကေန္တ မရှောင်လွှဲဘဲ ချစ်ကြိုက်မြဲပင်ဖြစ်ပေသည်။ ထိုသို့ပင် ဖြစ်ပါသော်လည်း မလွဲအစဉ် မခွဲချင်အောင် အမြဲခင်မင်သော ယောကျ်ားဟူ၍လည်း မရှိပေ၊ ဥပမာအားဖြင့် နွားတို့သည် မိမိတို့စားကျက်၌ နှစ်သက်လောက်သော မြက်အစာကို စားသုံးကာ နေရပါသော်လည်း ရပြီးသောအစာဖြင့် မည်သည့်အခါ၌မျှ တင်းတိမ် ရောင့်ရဲခြင်းမရှိဘဲ တောမြိုင်တခွင် စားကျက်ပြင် ကျယ်သမျှ၌ ခဏခဏ အစာပြောင်းလျက်အဟောင်းကိုပစ်ပြီးလျှင် တရစ်တရစ်အားဖြင့် အသစ်အသစ်မြင်လေရာ မြက်အစာကိုသာလျှင် အာသာပိုမို၍ အလိုရှိကြသကဲ့သို့ ထို့အတူ မိန်းမဟူသမျှတို့သည်လည်း ကျွန်မ၏ လင်တဆူ ဤလူကလွဲခဲ့လျှင် ဖွဲ့ဆန်ကွဲ မှတ်ထင်ပုံနှင့်ယုံလောက်အောင် တသောသော မာယာဉာဏ် ပလီနှောလျက် နှုတ်ဖျားကပြောသော်လည်း အတွင်းသားသဘောအစစ်မှာမူ တရစ်တရစ် လင်အသစ်ကိုသာလျှင် အာသာဆန္ဒဖြင့် တောင့်တမြော်မှန်းလျက် တမ်းတ၍သာ နေတတ်ကြပေသည် ဟူလို။

တနေ့သ၌ ရတ္တပဘာမည်သောမိန်းမသည် မိမိ၏ အစေခံလင်ငယ်အား ဖက်ယမ်း နမ်းရှုပ်၍နေစဉ် လင်ကြီးဖြစ်သူ သမုဒ္ဒဒတ္တကုန်သည်သည် ရုတ်တရက် ရှောင်တခင် ကိုယ်တိုင်ပင် တွေ့မြင်ရလေ၏။ ယင်းသို့ တွေ့ကြုံသည့်အခါ ထိုလျှပ်ပေါ်လော်လည်သည့် မာယာသည်မိန်းမက လင်ကြီး၏အနီးသို့ လျင်မြန်စွာ လာတည့်၍ "အရှင်သခင်... ဤအစေခံသည် အလွန်ပျင်းရိသောသူ ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဟူမူ အရှင်၏အလို့ငှါ ကျွန်ုပ်ယူဆောင်ခဲ့သော ပရုပ်ကို ခိုးယူစားသုံးပါသည်၊ ဤသို့စားသုံးကြောင်းကို ကျွန်ုပ်သည် ထိုအစေခံ၏ ခံတွင်းနှုတ်ခမ်းကို နမ်း၍ကြည့်သဖြင့် သိရပါသည်"ဟု ပြောဆိုလေ၏။

မိန်းမများက ယောကျ်ားတို့ထက် သာလွန်ချက်များ

ထိုသို့ မိန်းမတို့သည် မိမိ၏လင်သယ်ကို အလိုရှိတိုင်း ခြယ်လှယ်နိုင်သောကြောင့်ပင်လျှင် နီတိကျမ်းတတ် ဆရာမြတ်တို့သည် ဤဆိုလတံ့သော ဂါထာကို မိန့်ဆိုတော်မူအပ်ပေသည်။

၈။ အာဟာရော ဒွိဂုဏော ထီနံ၊ ဗုဒ္ဓိ တာသံ စတုဂ္ဂုဏာ။
　　ဆဂုဏော ဗျဝသာယော စ၊ ကာမော စာဋ္ဌဂုဏော မတော။

ထိနံ၊ လုံးစုံမိန်းမ၊ ဟူသမျှတို့အား။ အာဟာရော၊ အစားအစာ၊အာဟာရစု၊ သုံးဆောင်မှုသည်။ ဒွိဂုဏော၊ ယောကျ်ားထက်မို၊ နှစ်ဆပို၏။ တာသံ၊ ထိုမိန်းမတို့၏။ ဗုဒ္ဓိ၊ ယောကျ်ားတို့ကို၊ အလိုပါအောင်၊ သွေးဆောင်တတ်သော ဉာဏ်သည်။ ဝါ၊ ရုတ်တရက်ဉာဏ်၊ လည်ဆယ်ကြံခြင်းသည်။ စတုဂ္ဂုဏာ၊ ယောကျ်ားထက်မို၊ လေးဆပို၏။ ဗျဝသာယော စ၊ ထကြွလုံ့လ၊ ဝီရိယသည်လည်း။ဆဂုဏော၊ ယောကျ်ားထက်မို၊ ခြောက်ဆပို၏။ ကာမော၊ ကာမဂုဏ်ကြူး၊ မြူးတူးပျော်ပါးခြင်းသည်။ အဋ္ဌဂုဏော၊ ယောကျ်ားထက်မို၊ ရှစ်ဆပို၏။ ဣတိ၊ ဤသို့။ မတော၊ မုချဆတ်ဆတ်၊ သိသင့်သိအပ်၏။

ထိုသို့ ပြောဆိုသောစကားကို ကြားသောအခါ အစေခံယောကျ်ားသည် အလွန်အမျက်ထွက်သည်ဖြစ်၍ ဤသို့ဆိုလေ၏ – "အိုအရှင်သခင်....အကြင်အိမ်၌ အိမ်ရှင်မသည် အစေခံ၏ခံတွင်းကို သံသယမကင်းသဖြင့် ခဏခဏ အနံ့ခံခြင်းကို ပြုလုပ်တတ်၏၊ ထိုသို့သဘောရှိသော အိမ်ရှင်မ ရှိသောအိမ်၌ အမှုလုပ်သူခစားသည် အသို့လျှင် နေနိုင်ပါအံ့နည်း"ဟုဆို၍ ထိုအစေခံသည် အိမ်မှထွက်၍ သွားလေ၏။ ထိုအခါ ကုန်သည်ယောကျ်ားသည် ထိုအစေခံအား အကျိုးအကြောင်းတို့ဖြင့် ဖျောင်းဖျပြောဆို၍ စိတ်နှလုံးကျေနပ်စေရန် အတန်တန်တောင်းပန်ပြီးလျှင် ခေါ်ငင်၍ ထားရလေ၏။ ထို့ကြောင့် အကျွန်ုပ်သည် **ဥပ္ပန္နမာပဒ်** အစရှိသောစကားကို ဆိုပါသည်ဟု ပြောဆိုလေ၏။

ကုန်သည်မယားနှင့် လင်ငယ်တို့ဝတ္ထု ပြီး၏။

ငါးသုံးကောင်တို့ဝတ္ထု (အဆက်)

စိုးရိမ်ပူဆွေးမှု ကင်းပျောက်ရန်ဆေး

ထို့နောက် ယဒ္ဘာဝီ မည်သော ငါးက ဤဆိုလတံ့သောဂါထာကို ရွတ်ဆိုပြောပြလေ၏။

၉။ ယဒဘာဝီ န တံ ဘာဝီ၊ ဘာဝီ စေ န တဒညထာ။
ဣတိ စိန္တာဝိသဃ္ဃောယ—မာဂဒေါ ကိံ န ပီယတေ။

ယံ၊ အကြင်သဘောတရားသည်။ အဘာဝီ၊ ဖြစ်လေ့ဖြစ်ထ၊ သဘာဝမရှိ၊ မဖြစ်တတ်။ တံ၊ ထိုသဘောတရားသည်။ န ဘာဝီ၊ ဖြစ်လေ့ဖြစ်ထ၊ သဘာဝရှိသည်မဟုတ်၊ ဘယ်အခါ၌မျှ၊ ဧကန္တ ဖြစ်တတ်သည်၊ ဖြစ်လိမ့်မည်မဟုတ်ပေ။ စေ၊ အကယ်၍။ ယံ၊ အကြင်သဘောတရားသည်။ ဘာဝီ၊ ဖြစ်လေ့ဖြစ်ထ၊ သဘာဝရှိသည်၊ ဖြစ်တတ်သည်၊ ဖြစ်လတံ့သည်ဖြစ်အံ့။ တံ၊ ထိုသဘော

တရားသည်။ အညထာ၊ တပါးသော မဖြစ်သောအခြင်းအရာအားဖြင့်။ နု၊ မဖြစ်၊ စင်စစ်ကေန်၊ အမှန်ဖြစ်ရမည်သာ ဖြစ်ပေသည်။ ဣတိ – ဣမိနာ ဥပကာရေန၊ ဤသို့သော အပြားအားဖြင့်။ စိန္တာဝိသဋ္ဌေ၊ စိုးရိမ်သောကတည်းဟူသော အဆိပ်ကို ပယ်ဖျောက်တတ်သော။ အယံအာဂဒေါ၊ ဤသို့ ဆင်ခြင်ခြင်းတည်းဟူသော၊ မပူမဆွေး၊ စိတ်အေးဆေးကို။ ကိံ ၊ အဘယ့်ကြောင့်။ နပိဿတေ၊ အလိုလိုပပျောက်အောင်၊ မသောက်အပ် မသောက်ထိုက်ပါသနည်း။ပိဿတေဝေ၊ သောက်ဖို့အမှန်၊ သောက်ရန်နှစ်ခြိုက်၊ သောက်ဖို့ ထိုက်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။တစုံတခုသော ဘေးဥပဒ်စသည်ကို ဤအရာသည် ဖြစ်ပေါ် လိမ့်မည်လော မဖြင်လောဟု ကြံစည်တွေးတောလျက် စိုးရိမ်သောက ဖြစ်ဖို့ရန် မလို၊ အဘယ့်ကြောင့်ဆိုသော် မိမိ၏ ပကတိသဘောအတိုင်း မဖြစ်ရမည့် အရာသည် မည်သည့်အခါ၌မျှ ဖြစ်လိမ့်မည်မဟုတ်၊ ဖြစ်ရမည့်အရာသည်လည်း မဖြစ်ဘဲနေလိမ့်မည်မဟုတ်၊ စိုးရိမ်ပူဆွေးခြင်းသည် အချည်းနှီးသာဖြစ်ပေသည်၊ ထို့ကြောင့် ကြံစည်တွေးတောလျက် စိုးရိမ်သောကဖြစ်ဖို့ရန် မလိုပေ။ သို့ဖြစ်၍ စိုးရိမ်ပူဆွေးခြင်းတည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဤ "ဖြစ်လိုရာ ဖြစ်စေ" ဟု စိတ်နှလုံးကို ဒိုးဒိုးချခြင်းတည်းဟူသော စိတ်အေးဆေးကို အဘယ့် ကြောင့် မမျိုမသောက်ဘဲ နေအပ်ပါမည်နည်း၊ မစိုးရိမ် မပူဆွေးရလေအောင် ဤဆေးကိုသာ အမြဲသောက်ထိုက်ပေသည်ဟူလို။

ထို့နောက် နံနက်မိုးသောက်သောအခါ ပစ္စုပ္ပန္နမတိ မည်သော ငါးသည် ပိုက်ကွန်ဖြင့် မိလေရာ မိမိကိုယ်ကို အသက်မရှိသကဲ့သို့ ပြုလျက် အသက် သေလေယောင် ဟန်ဆောင်၍နေလေ၏။ ထိုအခါ တံငါသည်တို့သည် ငါးသေဟု မှတ်ထင်၍ ပိုက်ကွန်မှ ထုတ်ဆောင်ပြီးလျှင် ကုန်းထက်သို့ပစ်လိုက်ရာ ပစ္စုပ္ပန္နမတိ မည်သော ငါးသည် ထိုကုန်းထက်မှ ကန်၏အတွင်းသို့ စွမ်းအားရှိသမျှ တဟုန် တည်း ခုန်ဆင်းလျက် ရေနက်ထည်းသို့ ငုပ်လျှိုး၍ သွားလေ၏၊ ယဒ္ဘဝိဿ ငါးကိုမူကား တံငါသည်တို့သည် သတ်ဖြတ် ဖျက်ဆီးကြလေ၏။ ထို့ကြောင့် အကျွန်ုပ်ကို ယနေ့ပင်လျှင် အခြားရေအိုင်သို့ရောက်အောင် တနည်းနည်းဖြင့် ကြံဆောင်စေချင်ပါသည်ဟု လိပ်က ပြောဆိုလေ၏။

ငါးသုံးကောင်တို့၏ဝတ္ထု ပြီး၏။

လိပ်နှင့် ဟသ်ာတို့ဝတ္ထု (အဆက်)

ထိုအခါ ဟသ်ာတို့က ဤသို့ဆိုကြလေ၏—"တပါးသောရေအိုင်သို့ ရောက် ပါမူ သင်သည် ကုသိုလ်ကံ ထောက်မသဖြင့် အလွန်သင့်လျော် ကောင်းမြတ်လှ

ပါပေသည်၊ သို့သော် တပါးသော ရေအိုင်သို့ ရောက်အောင် ကုန်းမြေအရပ်ကို ဖြတ်ကျော်၍သွားရန် ခရီးကိုမူကား အဘယ်သို့ ပြုပါမည်နည်း၊ လမ်းခရီး၌ ဘေးအန္တရာယ်နှင့် တွေ့ကြုံခဲ့သော် ခက်ခဲခြင်းသို့ မရောက်ပါလော”ဟု ပြောဆိုကြလေ၏။

လိပ်။ ။အကျွန်ုပ်သည် အရှင်တို့နှင့် အတူတကွ ကောင်းကင်ခရီးဖြင့် သွားနိုင်ရန် နည်းလမ်းကို ကြံစည်၍ စီမံပြုလုပ်ရပါမည်။

ဟံသာတို့။ ။အဘယ်သို့လျှင် ကောင်းကင်ခရီးဖြင့် ကျွန်ုပ်တို့နှင့် အတူတကွ သွားနိုင်ရန် အကြောင်း ဖြစ်နိုင်ပါမည်နည်း။

လိပ်။ ။သင်တို့သည် တချောင်းသော တုတ်လုံကန်၏ အဖျား တဖက်တချက်၌ နှုတ်သီးဖြင့် အသီးသီးကိုက်ချီ၍ ထိုလုံကန်၏အလယ်၌ ကျွန်ုပ်သည် ပါးစပ်ဖြင့် ကိုက်ဆွဲလျက် တွဲရရွဲလိုက်ရလျှင် သင်တို့၏ အတောင်ပန်စွမ်းအားဖြင့် ကျွန်ုပ်လည်း လွယ်ကူစွာ ကောင်းကင်ခရီးဖြင့် သွားနိုင်ပါလိမ့်မည်။

အဖြစ်ကိုကြံလျှင် အပျက်ကိုမချန်သင့်

ထိုနောက် ဟံသာတို့က “ဤအကြောင်းသည် ဖြစ်သင့်တန်ရာပါ၏၊ သို့သော်လည်း အကြောင်းအကျိုး ပြန်လှန်၍ မှန်ကန်အောင် ဆင်ခြင် စဉ်းစားသင့်ပါသည်”ဟုဆို၍ အောက်ပါ ဂါထာကို ရွတ်ဆို ပြောကြားကြလေ၏။

၁၀။ ဉပါယံ စိန္တယံ ပညော၊ တွပါယမပိ စိန္တယေ။
ပဿတော ဗကမူဠဿ၊ သုတာ နကုလဘက္ခိတာ။

ပညော၊ ကြံဆမြော်မြင်၊ ပညာရှင်သည်။ ဉပါယံ၊ အကျိုးပြီးမြောက်၊ လိုရာရောက်သည့်၊ လျောက်ပတ်သော အကြောင်းကို။ စိန္တယံ–စိန္တယန္တော၊ ဆင်ခြင်အထူး၊ ကြံစိတ်ကူးသည်ရှိသော်။ အပါယံအပိ၊ ဒုက္ခဖိစီး၊ ပျက်စီးခြင်းအကြောင်းကိုလည်း။ စိန္တယေ၊ တဖန်စစ်ဆေး၊ ပြန်လှန်၍တွေးရာ၏။ ဗကမူဠဿ၊ အပြစ်မမြင်၊ အနှစ်ပင်ဟု၊ တွေးထင်စိတ်ကြိုက်၊ ဉဗျိုင်းမိုက်၏။ ပဿတော၊ မျက်မှောက်ဒိဋ္ဌ၊ ရှုမြင်ရစဉ်။ သုတာ၊ ပေါက်စနုနယ်၊ သားအငယ်တို့ကို၊ နကုလဘက္ခိတာ၊ မြွေပါကိုက်ဝါး၊ မြုံပါ စားဘူးခဲ့လေကုန်ပြီ။

ဤဉဗျိုင်းမိုက်နှင့် မြွေပါတို့၏ အတ္တုပ္ပတ်ကို သိမှတ်ရန် အကျယ်ကား အဘယ်သို့ပါနည်းဟု လိပ်ကြီးကမေးလေရာ ရွှေဟံသာတို့က မြွက်ဟနှုတ်ချီ ဤသို့ဆိုကြလေ၏။

ဥဗျိုင်းတို့နှင့် မြွေပါ၏ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဥတ္တရာပထတိုင်း **ဂိဇ္ဈကူဋ်**တောင်၌ ညောင်ကြတ်ပင်ကြီးတပင်ရှိလေ၏၊ ထိုညောင်ကြတ်ပင်ကြီး၌ များစွာပေါင်းစည်း ဗျိုင်းအုပ်ကြီးသည် ပျော်မှီးကာ အသိုက်ပြုကြလျက် အစုလိုက် နေကြလေ၏။ ထိုသို့နေကြရာ မြွေဟောက်တကောင်သည် ထိုညောင်ပင်၏အတွင်း အူကြောင်းအခေါင်းတခုဝယ် ဗျိုင်းငယ်အများကို သတ်စားလျက်တစေ အမြဲနေလေ၏။ ထိုအခါ ပူပန်သောကဖြင့် နှိပ်စက်လှသော ဗျိုင်းတို့၏ ဟစ်အော်မြည်တမ်းခြင်းကိုကြား၍ တကောင်သော ဗျိုင်းအိုသည် ဤသို့ဆိုလေ၏—"အို အချင်းဥဗျိုင်းတို့....ဤသို့ ယခု သင်တို့ပြုကြကုန်လော့၊ သင်တို့သည် ငါးတို့ကို ယူဆောင်ပြီးလျှင် မြွေပါ၏တွင်းဝမှ အစပြုလျက် မြွေဟောက်၏ တွင်းပေါက်ဝသို့ ရောက်အောင် အစဉ်လျှောက်၍ ကြဲဖြန့်ချထားကြလော့၊ ထိုအခါ မြွေပါသည် အစာကိုမက်စားလိုသည့်အတွက်ကြောင့် မပျက်အောင် စားသုံး၍ ခရီးဆုံးအရောက်တွင် မြွေဟောက်ကို တွေ့လိမ့်မည်၊ ထိုသို့တွေ့ကာမှ ကပ္ပါကအဆက် သဘာဝရန်ဘက်ကြောင့် သင်းအသက်ခန္ဓာကို မြွေပါက လက်စဖြတ် အပြီးတိုင်သတ်လိမ့်မည်" ဟု အကြံဉာဏ်ပေးလေ၏။

ထိုသို့ ဗျိုင်းအို၏ အကြံပေးချက်ကို အားလုံးကုန် နှစ်သက်ကြသဖြင့် အကွက်ကျ စီမံလျက် လျင်မြန်စွာ ပြုလုပ်ကြရာ ကြံသမျှပြီးမြောက်၍ မြွေဟောက်ကြီး သေရှာလေ၏၊ ထိုနောက်မှတချက် ညောင်ပင်ကြီး အထက်ဖျားမှ ဗျိုင်းငယ်အများတို့ လှုပ်ရှားလျက် အော်မြည်သံကို မြွေပါသည် ကြားပြန်လေ၏၊ ထိုသို့ကြားလေလျှင် ညောင်ပင်၏အထက်ဖျားသို့ တက်သွားကာ မဆုတ်ဆိုင်းဘဲ ဥဗျိုင်းငယ်အားလုံးကို သတ်ဖြတ်၍ စားသုံးလေ၏။

ဤကဲ့သို့တိတ်ထုံး ရှေးအနွန်းရှိခြင်းကြောင့် **ဥပါယံ စိန္တယံ** အစရှိသော စကားကို ငါတို့ ဆိုကြပေသည်ဟု ပြောကြားလေ၏။

ဥဗျိုင်းတို့နှင့် မြွေပါ၏ဝတ္ထု ပြီး၏။

လိပ်နှင့် ဟသ်ာတို့ဝတ္ထု (အဆက်)

ငါတို့သည် သင်၏ဉာဏ်ကွန့်မြူး၍ စိတ်ကူးချက်အရ အာကာသခရီးလမ်းဖြင့် နည်းအဆန်း ထူထောင်လျက် ယူဆောင်၍ သွားကြစဉ် အသင့်ကိုမြင်ငြားက အများလူကဲ့ရဲ့၍ မတဲ့အောင်စကား ပြောကြားမည်မသွေ အမှန်ပင်ဖြစ်ပေသည်။ ထိုသို့ပြောကြား ဆိုစကားကို ကြားရသည့်အခါ အသင်ကနာလှသဖြင့် ဒေါသနှင့်တဖန် ပြန်လှန်၍ ပြောချိမ့်မည်၊ ထိုသည့်အခါ သင်ခမျာမှာ ခန္ဓာအသက် ကေန္တပျက်လိမ့်မည်၊ သို့အတွက် မရွှေမပြောင်းဘဲ ပြုကာတွေ့နေဟောင်း

ဤအရပ်၌ မပြတ်တစေ အမြဲနေမှုသာ အခြေလှကာ လျော်ကပ်ပတ်၍ သင့်မြတ်မည်ထင်ကြောင်းနှင့် ဖျောင်းဖျ၍ ပြောဆိုကြလေ၏။

ထိုရောအခါ လိပ်သဟာပြန်ပြောင်းလျက် ထပ်လောင်း၍ ပြောပြန်သည်မှာ "ချစ်ခင်မိတ္တာ မောင်ဟင်္သာတို့....သို့လောက်ငါ့မှာ ပညာအသိ ဉာဏ်မရှိပြီလော၊ စိုးရိမ်ဇောနှင့် ပြောကြားရန်မလိုပါ၊ ထိုအခါ အကျပ်ကျသဖြင့် ပါးစပ်ဟလျှင် မြေဝယ်ကျ၍ သေရမည်အတွက်ကြောင့် နှုတ်မြွက်ဘို့မလိုကြောင်းကို ကောင်းကောင်းကြီးသိပါ၏"ဟု ဆိုလေ၏။ ထိုသို့ပြောရာ ရွှေဟင်္သာတို့သည် လိပ်သဟာအကြိုက် အလိုသို့လိုက်ပြီးလျှင် ထက်ကောင်းကင် အဇ္ဈာမှ ယူဆောင်ကာအသွားတွင် နွားကျောင်းသားလုလင်တို့ မြင်လေလျှင်တသိုက် ပြေးလွှားကာလိုက်ကြ၍ အံ့ထိုက်သည်အမောင်တို့ ဟင်္သာနှစ်ကောင် လိပ်ကြီးကိုယူဆောင်၍ အာကာဘောင်စခန်းတွင် ထူးဆန်းစွာ သွားကြသည်ဟု ကြွေးကြော်ခြင်းပြုကြလေ၏။

ထိုသူတို့အနက် အချို့က ထွက်တည့်၍ ရုတ်တရက်အလို နှုတ်မြွက်၍ ဆိုသည်မှာ—"ယခုအခါ လိပ်မဟာသည် အာကာက သက်လျော၍ မြေကြောသို့ ကျခဲ့လျှင် ဤတောတွင် ချက်ပြုတ်၍ ပရိဘုတ်မှ လျော်ကန်မည်" နောက်တဖန် တယောက်က ကြားဖောက်၍ ဆိုပြန်သည်မှာ—"မဟန်ဘူးမောင့်အချက်ကိုယ့်အတွက်အကြံမှာ ဟန်လှအောင် တံစို့လျှိုပြီး မီးဖိုမှာ ကင်ရလျှင် အင်မတန်ဟန်ကျ အရသာ ထူးလှပေါ့" တဦးကနောက်ထပ် အကြံဉာဏ်ညှပ်ပြန်သည်မှာ—"ဤအရပ်တောကြီးမှာ ဘယ်နည်းမှ မဟန်ဘူး၊ အိမ်ပြန်၍ ချက်ပြုတ်မှ ဆားငြုတ်ဆီပါစုံ၍ အပုံကြီးကောင်းလိမ့်မည်"ဟု အလီလီ အကြံထုတ်၍ ဖရုဿ ပြောဆိုသံကို အာကာယံ ကိုရွှေလိပ်သည် တဆိတ်မျှမခံသာ ဒေါသ၍လာရာတွင် ရှေးယခင်ဂတိထားခဲ့သည်ကို သတိတရား အလျှင်းသားလွတ်ကင်း၍ "မောင်မင်းတို့အားလုံး ပြာကိုသာသုံးကြ"ဟု နှုတ်ဟလျက် အဆိုတွင် ထက်ကောင်းကင်ခရီးမှ မြေကြီးသို့ကျလေရာ နွားကျောင်းသားများစွာတို့ ဝိုင်းအုံကာ ရိုက်နှက်၍ အသက်ကို စီရင်ကြလေ၏။ထို့ကြောင့် ကျွန်တော်မျိုးသည် **မိတ္တာနံ ဟိတကာမာနံ** အစရှိသောစကားကို ပြောကြားခဲ့ပါသည်ဟု စက္ကဝက်အမတ်ကြီးက ပြောဆို တင်လျှောက်လေ၏။

(ဤလိပ်နှင့် ဟင်္သာတို့၏ဝတ္ထုသည်ကား မြတ်စွာဘုရားသခင်သည် ငါးရာ့ငါးဆယ် ဒုကနိပါတ်၊ ဗီရဏတ္ထမ္ဘကဝဂ်၌ ဟောတော်မူအပ်သော ကစ္ဆပဇာတ်လာဝတ္ထုပင် ဖြစ်ပေသည်။ ထိုဝတ္ထုကိုပင်လျှင် မိမိပြောဆိုလိုသော အကြောင်းနှင့်ဆီလျော် ညီညွတ်အောင် ဝတ္ထုကြောင်း အသွားအလာ အစီအစဉ်ကို အနည်းငယ် ပြင်ဆင်၍ စီရင်ခြင်းမျှသာ ဖြစ်ပေသည်။)

လိပ်နှင့် ဟင်္သာတို့ဝတ္ထု ပြီး၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထိုနောက် ဥဒေါင်းမင်း၏ အထံသို့ သူလျှိုသံအမတ်အဖြစ်ဖြင့် သွားရောက်နေထိုင်ခဲ့သော ဥဗျိုင်းသည် ဤတိုင်ပင်ပြောဆိုရာ အရပ်သို့လာလတ်၍ "အရှင်မင်းကြီး....ရှေးမဆွကပင်လျှင် ခံတပ်ကို မကြာမကြာ စောကြောသုတ်သင်ရန် ကျွန်တော်မျိုး အကြံပေးစကားဖြင့် ပြောကြားတင်လျှောက်ခဲ့ပါသည်၊ ထိုသို့ အကြံပေးသည်ကိုလည်း အရှင်မင်းကြီးသည် မလိုက်နာ မပြုလုပ်ခဲ့ပါ၊ ထို့ကြောင့်ပင်လျှင် ယခုအခါ ဤမလိုက်နာခြင်း၏အကျိုးကို ခံစားရပေသည်၊ ခံတပ်ကို မီးရှို့ခြင်းကိုလည်း လင်းတအမတ်ကြီးသည် စေခိုင်းအပ်သော ဤမေဃဝဏ္ဏမည်သော ကျီးသည်ပင်လျှင် ပြုလုပ်ပါသည်" ဟု တင်လျှောက်လေ၏။

ရန်သူကိုအကျွမ်းဝင်က ပူပင်ရတတ်ပုံ

ထိုအခါ ဟသ်ာမင်းသည် အသက်ကိုပြင်းစွာရှိုက်ရှူလျက် ဤဆိုလတံ့သော ဂါထာကို ရွတ်ဆိုတော်မူလေ၏။

၁၁။ ပဏယာ ဥပကာရာ ဝါ၊ ယော ဝိဿာသတိ သတ္တုသု။
သ သုတ္တော ဣဝ ရုက္ခဂ္ဂါ၊ ပတိတော ပတိဗုဇ္ဈတေ။

ပဏယာဝါ၊ မာယာဆောင်ယူ၊ ချစ်ယောင်မူခြင်းကြောင့် လည်းကောင်း။ ဥပကာရာဝါ၊ ကိုယ်ပွါးစီးမှု၊ ကျေးဇူးပြုခြင်းကြောင့် လည်းကောင်း။ သတ္တုသု၊ ကိုယ့်ကိုယ်နှိပ်စက်၊ အကျိုးပျက်ကြောင်း၊ မကောင်းကြံမူ၊ ကိုယ့်ရန်သူတို့၌။ ယော၊ အကြင်သူသည်။ ဝိဿာသတိ၊ ယုံကြည်ခင်မင်၊ ချစ်ကျွမ်းဝင်၏။ သ–သော၊ ထိုရန်သူတဖက်ကို၊ ယုံကြည်ချက်မှား၊ လူ့ငနွားသည်။ သုတ္တော၊ လွန်စွာနှစ်ခြိုက်၊ အိပ်ပျော်ခိုက်တွင်။ ရုက္ခဂ္ဂါ၊အာကာအမြင့်၊ စွင့်စွင့်မောက်ကြွား၊ သစ်ပင်ဖျားမှ။ ပတိတောဣဝ၊ မြေသို့ထုတ်ခြောက်၊ ကျရောက်သောသူကဲ့သို့။ ပတိဗုဇ္ဈတေ၊ ဒုက္ခပြင်းထန်၊ ကိုယ်ဝယ်ခံရမှ၊ အမှန်ကိုတဖန်၊ ပြန်လှန်၍ သိတတ်၏။

အဓိပ္ပါယ်။ ။ချစ်ခင် လေယောင် ဟန်ပန် ဆောင်ခြင်းကြောင့် လည်းကောင်း, ထိုသို့ချစ်ယောင်မူလျက် မိမိ၏ ကျေးဇူးဥပကာရကို ဆောင်ခြင်းကြောင့် လည်းကောင်း, အကယ်ပင် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးသည်ဟု ထင်မှတ်သဖြင့် ကိုယ့်ကို အရွဲ့တစောင်း မကောင်းကြံမူသော ကိုယ်၏ရန်သူကို ယုံကြည်ကိုးစားလျက် အကျွမ်းဝင်မှားသော သူသည် မဆင်မခြင် သစ်ပင်ထက်၌ အိပ်စက်မိမှားသောသူသည် အိပ်ပျော်၍သွားစဉ် ထိုသစ်ပင်အဖျားမှ မနား

ဘဲ ထုတ်ခြောက် မြေအရောက်ကျခါမှ (ခြေ)မှုလက မဆင်ခြင်ဘဲ သစ်ပင်ထက်၌ အိပ်စက်ခဲ့သည်အချက်သည် တက်တက်စင်ငါအား တကယ်ပင်မှားပေသည်တကားဟု အမှုပုံမဟန်သည့်အတွက် ကိုယ့်ကိုယ်မှာဒဏ်ထိမှ အမှန်ကိုပြန်၍ သတိရသကဲ့သို့၊ ထိုအတူ ယခုအခါ ငါသည် ဤကျီးကို ယုံကြည်မိသည့် အတွက် ကိုယ့်နိုင်ငံပျက်ကာမှ တက်တက်စင်မှားကြောင်းကို ပြန်ပြောင်း၍ သိရပေသည်ဟု ဆိုလိုသည်။

တာဝန်ကျေပြွန်သူကို ကောင်းမွန်စွာ ရှင်ပျစေသင့်ပုံ

ထို့နောက် သူလျှိုသံအမတ် ဥဗျိုင်းကဆက်လက်၍ ပြောဆိုတင်လျှောက်ပြန်သည်မှာ – ဤအရပ်မှ ခံတပ်ကိုမီးရှို့ရန် စီမံ၍သွားသော မေဃဝဏ္ဏကျီးကို စိတြဝဏ္ဏဥဒေါင်းမင်းသည် ကြည်ညိုနှစ်သက်တော်မူလှသဖြင့် ဤမေဃဝဏ္ဏကျီးကို ထိုကပ္ပုရဒီပမင်း၏အဖြစ်၌ အဘိသိက်မြှောက်ထိုက်ပေသည်ဟု မိန့်ဆိုတော်မူပြီးလျှင် ဤဆိုလတ္တံ့သောဂါထာကိုလည်း ဆက်လက်၍ ရွတ်ဆို မိန့်ကြားတော်မူပြန်ပါ၏။

၁၂။ ကတကမ္မဿ ဘဋ္ဌဿ၊ ကတံ နေဝပနာသယေ။
ဖလေန မနသာ ဝါစာ၊ ဒိဋ္ဌိယာနံ ပဟံသယေ။

ကတကမ္မဿ၊ အပြီးပေါက်မြောက်၊ ခရီးရောက်အောင်၊ ရွက်ဆောင်အားထုတ်၊ ပြုလုပ်အပ်သော အမှုကိစ္စ ရှိသော။ ဘဋ္ဌဿ၊ ကျေးကျွန်ခြွေရံ၊ အစေခံသူခစား၏။ ကတံ၊ ရွက်ဆောင်သမျှ၊ မှုကိစ္စကို။ နေဝပနာသယေ၊ ကျိုးမဲ့ချည်းနှီး၊ မပျက်စီး စေရာသည်သာလျှင်တည်း။ တေန၊ ထိုသို့ချည်းနှီး၊ မပျက်စီးစေသင့်သောကြောင့်။ ဖလေနစ၊ စည်းစိမ်ဥစ္စာ၊ ဖြာဖြာပွါးတိုး၊ အကျိုးရှိစေသဖြင့်လည်းကောင်း။ မနသာစ၊ တွင်းမာတ်သဘော၊ စိတ်မနော အားဖြင့်လည်းကောင်း။ဝါစာ—ဝါစာယစ၊ ပြောဆိုအချက်၊နှုတ်ထွက်စကားဖြင့် လည်းကောင်း။ ဒိဋ္ဌိယာစ၊ မျက်မြင်ထင်လင်း၊ ကြည့်ရှုခြင်းအားဖြင့် လည်းကောင်း။ နံ၊ ထိုအရှင်၏အမှု၊ ရွက်ဆောင်ပြုသေသူကို။ ပဟံသယေ၊ စိတ်ဇောတက်ကြွလျက်၊ ရွှင်ပျနှစ်သက်စေရာ၏။

အဓိပ္ပါယ်။ ။အရှင်သခင်၏ အကျိုးကို ဆုံးခန်းတိုင်မြောက် ခရီးရောက်အောင် ပေါက်ပေါက် ရောက်ရောက် ရွက်ဆောင်အားထုတ် ပြုလုပ်သော ကျေးကျွန်ခြွေရံ အစေခံသူခစားတို့အား ထိုသူတို့ပြုလုပ်ခဲ့သော အရာတို့ကို ပြီးလျှင် ပြီးတမ်းဟု ထိုသူတို့၏အပေါ်၌ စခန်းရပ်လျက် အချည်းနှီး မပျက်စီး စေထိုက်ပေ။ ထို့ကြောင့် ထိုကျေးကျွန်ခြွေရံ အစေခံတို့အား ရွှေ ငွေ ဥစ္စာ ရတနာ စသည်တို့ကို ပေးကမ်း ချီးမြှောက်ခြင်းတို့ဖြင့်သော် လည်းကောင်း၊

ရာထူးဌာနန္တရစသည် တိုးတက် ချီးမြှောက်ခြင်းဖြင့်သော် လည်းကောင်း, တနည်းနည်းအားဖြင့် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းဖြင့်သော် လည်းကောင်း, စိတ်သဘောအမူအရာ အားဖြင့်သော်လည်းကောင်း, နှုတ်အမူအရာ အားဖြင့် သော်လည်းကောင်း, ကြည့်ရှုခြင်း အမူအရာအားဖြင့် သော်လည်းကောင်း စိတ်နှလုံးကြည်နူး၍ အထူးပင်နှစ်သက်ဝမ်းမြောက်ရှိအောင် ကြံဆောင်ပြုလုပ်အပ်ပေသည် ဟူလို။

ထို့နောက် စက္ကဝက်အမတ်ကြီးက "အရှင်ဟင်္သာမင်း.... သူလျှိုဥဗျိုင်းပြောဆို တင်လျှောက်သော စကားတို့ကို သေချာ စေ့စပ်စွာ ကြားနာတော်မူပါဦးလော့"ဟု တင်လျှောက်လေ၏။

ထိုသို့တင်လျှောက်ရာ ဟင်္သာမင်းက "ထို့နောက် အဘယ်ကဲ့သို့ အကြောင်းထူး ဖြစ်ပါသေးသနည်း စုံထောက်အမတ်ကြီး"ဟု ဥဗျိုင်းအား မေးတော်မူလေ၏။

ထိုသို့ မေးမြန်းတော်မူရာ သူလျှိုဥဗျိုင်းသည် မိမိကြားသိခဲ့ရသမျှ ဥဒေါင်းမင်းနှင့် လင်းတအမတ်ကြီးတို့ တိုင်ပင်နှီးနှောပြောဆိုကြပုံ အကြောင်းအရာတို့ကို ကောင်းစွာတင်လျှောက်လေ၏။

တင်လျှောက်ပုံ။ ။ထိုသို့ ဥဒေါင်းမင်းသည် မေဃဝဏ္ဏကျီးကို ကပ္ပူရကျွန်း၌ လက်အောက်ဘုရင်အဖြစ်ဖြင့် မင်းမြှောက်ထိုက်ကြောင်းကို မိန့်ဆိုပြီးသောအခါ ပဓာနဖြစ်သော မင်းတိုင်ပင် လင်းတအမတ်ချုပ်ကြီးက "အရှင်ဥဒေါင်းမင်း....ဤသို့ မေဃဝဏ္ဏကျီးကို ကပ္ပူရကျွန်း၌ မင်းအဖြစ်ဖြင့် အဘိသိက်မြှောက်ခြင်းသည် အလျှင်းပင် မသင့်လျော်ပါ၊ ထိုကျီး၏ နှစ်သက်ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ထိုမင်းမြှောက်ခြင်းအမှုမှတပါး အခြားတစုံတရာကိုသာ ချီးမြှင့်မစခြင်း ပြုလုပ်တော်မူရန် သင့်လျော်ပါသည်။ အကြောင်းကို နာတော်မူပါဦးလော့"ဟု ဆို၍ ဤဆိုလတ္တံ့သောဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

အကျိုးမပြီး အချည်းနှီးဖြစ်တတ်သော အရာနှစ်ပါး

၁၃။ အဝိစာရယတော ယုတ္တိ—ကထနံ ထုသခဏ္ဍနံ။
နီစေသုပက္ကတံ ရာဇာ၊ ဝါလုကာသွိ မုဒ္ဒိတံ။

မဟာရာဇ၊ လူတို့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ အဝိစာရယတော၊ မသိမမြင်၊ မဆင်ခြင်တတ်သော သူအား။ ယုတ္တိကထနံ၊ သင့်ရာညွှန်ကြား၊ ဆုံးမသောစကားသည်။ ထုသခဏ္ဍနံဣဝ၊ မောင်း, ဆုံ, စက်ထဲ၊ ဖွဲကိုခွဲသော်လည်း၊ ဆန်ကွဲမျှမထွက်၊ သက်သက် အလုပ်ပိုဖြစ်သကဲ့သို့တည်း။ နီစေသု၊

အမျိုးမဟုတ်၊ ဆိုးယုတ်ဝံသ၊ အောက်တန်း ကျသော သူတို့၌။ ဥပက္ကတံ၊ ထောက်ပံ့ကြည့်ရှု၊ ကျေးဇူးပြုခြင်းသည်။ ဝါလုကာသု၊ မျှားစွာစုပုံ၊ သဲသောင် ခုံတို့၌။ မုဒ္ဒိတံဣဝ၊ အမှတ်တံဆိပ်၊ ရိုက်ခတ်နှိပ်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်.... အသိအလိမ္မာ ပညာဉာဏ်အမြော်အမြင် အဆင်အခြင်မရှိသော ပုဂ္ဂိုလ်အား မကောင်းမြစ်တား ကောင်းရာညွှန်းပြ ဆိုဆုံးမခြင်းသည် ဖွဲကြမ်းကို စက်ဆုံ့ကြိတ်မောင်းတို့ဖြင့် ထောင်းထု ကြိတ်ခဲ့ သော်လည်း အယုတ်ဆုံးအားဖြင့် ဆန်ကွဲမျှ မရမထွက်ဘဲ သက်သက်မဲ့အလုပ်ပို ဖြစ်သကဲ့သို့ အကျိုးမရှိ အချည်းနှီးသာဖြစ်ပေသည်။ ထို့ပြင် ဝံသအရိုး အမျိုး အနွယ် သိမ်ငယ်နိမ့်လှ အောက်တန်းကျသော သူတို့၌ မစချီးမြှောက် ထောက်ပံ့ ကြည့်ရှု ကျေးဇူးပြုရခြင်းသည်လည်း သဲစုအပုံ သောင်ခုံ၏အထက်၌ အမှတ် တံဆိပ်ကို ရိုက်ခတ်နှိပ်ဘိသကဲ့သို့ ရှည်မြင့်စွာ အတည်မခံဘဲ လျင်မြန်စွာ ပျက်စီးတတ်ပါသည်။ ထို့ကြောင့် ထိုသို့ လက်အောက်ဘုရင် အဖြစ်ဖြင့် ချီးမြှောက် ခန့်ထားခြင်းမှတပါး အခြား နှစ်သက် ဝမ်းမြောက်လောက်သည့် အရာ တစုံတခုဖြင့်သာလျှင် ချီးမြှောက် မစတော်မူရန် သင့်လျော်ပါသည်ဟု ဆိုလိုသည်။

အောက်တန်းစား အထက်ရောက်-ချီးမြှောက်သူကို ရန်လုပ်တတ်ပုံ

မြတ်ကုန်သော သူတို့အားသာ ထိုက်တန်သော နေရာဌာနမျိုး၌ ယုတ်ကုန် သောသူတို့အား မည်သည့်အခါ၌မျှ မခန့်ထားထိုက်ပါ။ ထို့ကြောင့်ပင်လျှင် ဤဆိုလတ္တံ့သော ဂါထာကို နီတိကျမ်းတတ် ဆရာမြတ်တို့သည် မိန့်ဆိုတော် မူအပ်ပါသည်ဟုဆို၍ **နီစော သီလာဿျမာပန္န** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၄။ နီစော သီလာဿျမာပန္န၊ သာမိနံ ဟန္တုမိစ္ဆတိ။
မူသိကော ဗျဂ္ဃတံ ပတွာ၊ မုနိံ ဟန္တုံ ဂတော ယထာ။

နီစော၊ ဇာတိဂုဏ်သိရ်၊ ညှိုးမှိန်ဝံသ၊ အောက်တန်းကျသောသူသည်။ သီလာဿံ – သီလာဿံပဒံ၊ တင့်တယ်လျှောက်ပတ်၊ ချီးမွမ်းအပ်၍၊ မြင့်မြတ် သောအရာဌာနသို့။ အာပန္န၊ အရှင်မြှောက်စား၊ ရောက်လေငြားမူ။ သာမိနံ၊ အရှင်သခင်၊ ကျေးဇူးရှင်တို့အား။ ဟန္တုံ၊ ညှဉ်းဆဲနှိပ်စက်၊ အသက်ကိုကြံခြင်းငှါ။ ဣစ္ဆတိ၊ နဂိုရ်ပကတိ၊ အလိုရှိတတ်၏။ မူသိကော၊ ယုတ်နိမ့်တန်ခိုး၊ ပုန်းလျှိုး ပြင်ဘက်၊ လွှင်အကွက်သို့၊ မထွက်ဝံ့သူ၊ ကြွက်ဝမ်းပြူကလေးသည်။ ဗျဂ္ဃတံ၊ အားအင်တန်ခိုး၊ တက်တိုးကြီးမား၊ ကျားကြီး၏အဖြစ်သို့။ ပတွာ၊ ရှင်ချစ် မုနေ့၊ ရသေ့စျာန်ရှင်၊ အဘိညာဉ်ဖြင့်၊ ဖန်ဆင်ချီးမြှောက်၊ အပြီးရောက်သည်

ရှိသော်။ မုနိ ၊ ချီးမြှောက်ပြုပြင်၊ သခင်မုနေ့၊ ရှင်ရသေ့ကို။ ဟန္တု၊ လောလော လတ်လတ်၊ အသေသတ်အံ့သောငှါ။ ဂတောယထာ၊ ရသေ့သို့စိုက်၊ အတွင် လိုက်သကဲ့သို့တည်း။

ထိုအခါ စိတြဝဏ္ဏ ဥဒေါင်းမင်းက ဤကြွက်အစစ်မှ ကျားဖြစ်သည့် ကြွက် ဝမ်းဖြူသည် အရှင်ရသေ့ကို တုံ့ပြန်လျက် ရန်မူပုံအကျယ်ကား အဘယ်သို့ ပါနည်းဟု မေးလေသော် လင်းတ အမတ်ကြီးက အောက်ပါ ပုံဝတ္ထုကို တင်လျှောက်လေ၏။

ရသေ့နှင့် ကြွက်ငယ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ **ဂေါတမ** မည်သော တောအုပ်၌ **မဟာတပ** မည်သော ရသေ့တပါးရှိလေ၏။ တနေ့သ၌ ထိုရသေ့သည် ကျောင်းသခ်မ်း၏ အနီး၌ ကျီး၏ခံတွင်းမှ လွတ်၍ကျလာသော ကြွက်ငယ်တကောင်ကို တွေ့မြင် ရလေ၏၊ ထို့နောက် ပကတိသဘောအားဖြင့်ပင်လျှင် သနားကြင်နာတတ်သော စိတ်ရင်းရှိသဖြင့် ထိုရသေ့သည် ကောက်ယူ၍ ကြိတ်စပါး, ဆန်ကွဲတို့ဖြင့် ကျွေးမွေး၍ ကြီးပြင်းစေအပ်၏။

တနေ့သ၌ ရသေ့သည် ထိုကြွက်ကို ကိုက်အံ့သောငှါ ပြေး၍လာသော ကြောင်တကောင်ကို မြင်လေ၏၊ ကြွက်သည် ပြေး၍လာသော ထိုကြောင်ကို မြင်သောကြောင့် ရသေ့၏ရင်ခွင်တွင်းသို့ အတင်းပြေးဝင်လေ၏၊ ထို့နောက် ရသေ့သည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် ကြွက်ကို အလွန်ခွန်အားဗလနှင့် ပြည့်စုံသော ကြောင်ကြီးအဟန် ဖန်ဆင်း၍ထားလေ၏၊ ထိုကြောင်ကြီး သည်လည်း တဖန် ခွေးကို ကြောက်ရပြန်၏၊ ထိုသို့ ကြောက်ရခြင်းကြောင့် ထိုကြောင်ကို ခွေး၏အဟန် ဖန်ဆင်းရပြန်၏၊ ထိုခွေးသည်လည်း တဖန် ကျားကို ကြောက်ရပြန်၏၊ ထို့ကြောင့် ခွေးကို ကျား၏အဟန် ဖန်ဆင်း၍ ထားရပြန်လေ၏။

ထိုသို့ ကျား၏အဟန် ဖန်ဆင်း၍ထားသောအခါ၌ ရသေ့သည် ထိုကျား ကိုလည်း ကြွက်နှင့် မထူးမခြားပင်လျှင် တွေ့မြင်ရလေ၏၊ ဝါ–ကြွက်နှင့်အတူ သာလျှင် အောက်မေ့မှတ်ထင်၍ ကြည့်ရှုပြုစု၏။ ထိုအခါ ထိုအရပ်၌နေကုန် သော အလုံးစုံသောသူတို့သည် ထိုကျားကို မြင်သောအခါ ဤသို့ ဆိုကြကုန်၏၊ အဘယ်သို့ ဆိုကြသနည်းဟူမူ "ဤရှင်ရသေ့သည် ဤကြွက်ကို ကျားအဖြစ်သို့ ရောက်အောင် တန်ခိုးဖြင့် ဖန်ဆင်း၍ ထားအပ်၏"ဟု ပြောဆိုကြကုန်၏။

ထိုသို့ မိမိ၏ သေးသိမ်ညံ့ဖျင်းသော ပကတိသဘောကို ပြောဆိုကြသော စကားကို ကြားရသဖြင့် ကျားသည် စိတ်နှလုံး မချမ်းသာသည်ဖြစ်၍ ဤသို့ ကြံစည်လေ၏ --"အကြင်မျှလောက်ကာလပတ်လုံး ဤရှင်ရသေ့သည် အသက်

ရှင်၍နေ၏၊ ထိုမျှလောက်ကာလပတ်လုံး ငါ၏ ပကတိသဘောဖြစ်သော အမျိုး အမည်ကို ထုတ်ဖော် ပြောဆိုခြင်းတည်းဟူသော အသရေမဲ့ကို ပြုခြင်းသည် ပပျောက်တော့မည်မဟုတ်”ဟု ကြံစည်၍ ရှင်ရသေ့ကို ကိုက်သတ်ခြင်းငှါ အားထုတ်လေ၏၊ ထိုသို့ အားထုတ်ရာ ရှင်ရသေ့သည် ထိုကျား၏ ဖောက်ပြန် သော အမူအရာကို သိသောကြောင့် “ကြွက်ပြန်၍ဖြစ်စေ”ဟုဆိုပြီးလျှင် ကြွက် အဖြစ်သို့ရောက်အောင် မိမိ၏တန်ခိုးအဘိညာဉ်ဖြင့် ဖန်ဆင်းပြုလုပ်လိုက်လေ၏။ ထို့ကြောင့် အကျွန်ုပ်သည် **နီစော သီလာဃျမာပန္န** အစရှိသောစကားကို ဆိုပါ သည်ဟု တင်လျှောက်လေ၏။

ထိုပြင်လည်း “အရှင်မင်းကြီး....ဤအရာသည် လွယ်ကူ၏ဟူ၍ မှတ်ထင်တော် မမူပါလင့်၊ နာတော်မူပါဦးလော့”ဟု ဆိုပြီးလျှင် ဥဒါဟရဏ် ပုံပြင်ဝတ္ထုနှင့်တကွ ပြပြန်လိုသည်ဖြစ်၍ **ဘက္ခယိတွာ ဗဟူ မစ္ဆေ** အစရှိသောဂါထာကို ရွတ်ဆိုတင် လျှောက်ပြန်လေ၏။

၁၅။ ဘက္ခယိတွာ ဗဟူ မစ္ဆေ၊ ဥတ္တမာဓမမဇ္ဈိမေ။
အတိလောလာ ဗကော မူဠှော၊ ဟတော ကက္ကဋကဂ္ဂဟာ။

ဥတ္တမာဓမမဇ္ဈိမေ၊ မြတ်,ယုတ်,အလတ်၊ သုံးရပ် သုံးစား၊ သုံးမျိုးပြားကုန် သော။ ဗဟူမစ္ဆေ၊ အိုင်တွင်းပျော်ပါး၊ ငါးအများတို့ကို။ ဘက္ခယိတွာ၊ ယူ ဆောင်လှည့်ဖြား၊ ပေါက်သတ်စားပြီး၍။ အတိလောလာ၊ လွန်စွာလျှပ်ပေါ်၊ လော်လည်အချက်၊ ထိုအတွက်ကြောင့်။ မူဠှော၊ ကျိုးကြောင်းတစိ၊ မသိနိုက်နဲ၊ မိုက်မဲတွေဝေသော။ ဗကော၊ မာယာဟန်လုပ်၊ ဥဗျိုင်းယုတ်ကို။ ကက္ကဋကဂ္ဂဟာ၊ အကြံထူးချွန်၊ လယ်ပုဇွန်သည်၊ အလွန်ထက်လှသော၊ လက်မနှစ်ကွင်းဖြင့်၊ လည်ပင်းကို ညှပ်သဖြင့်။ ဟတော၊ လောလောလတ်လတ်၊ အသေသတ်ခဲ့ဘူး လေပြီ။

ထိုသို့လျှောက်ဆိုလေရာ စိတြဝဏ္ဏ ဥဒေါင်းမင်းက “ဤဗျိုင်းယုတ်ကို ပုဇွန် ညှပ်သဖြင့် လည်ပြတ်၍ သေရပုံအကြောင်း အတ္ထုပ္ပတ်အကျယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း”ဟု မေးမြန်းတော်မူလေရာ လင်းတငှက်အမတ်ကြီးက အောက်ပါပုံဝတ္ထုကို ပြောဆိုတင်လျှောက်လေ၏။

ဥဗျိုင်းနှင့် လယ်ပုဇွန်တို့ဝတ္ထု

လွန်လေပြီးသောအခါ **မာလဝ**ါအရပ်၌ **ပဒုမဂဗ္ဘ**အမည်ရှိသော အိုင်ကြီး တအိုင်ရှိလေ၏၊ ထိုအိုင်၌ ဗျိုင်းအိုတကောင်သည် အစာအာဟာရ ရှာမှီးခြင်းငှါ ခွန်အားဗလနည်းပါးလှသဖြင့် ပရိယာယ်အားဖြင့် နှလုံးမသန့် ထိတ်လန့်ပူပန် လေယောင် ဟန်ဆောင်လျက် ငေးမှိုင်ကာနေလေ၏၊ ထိုသို့ ငေးမှိုင်၍နေသော

ဗျိုင်းအိုကို လယ်ပုဇွန်တကောင်သည် အဝေးမှ မြင်လတ်၍ ဤသို့မေးလေ၏— "အို အရှင်ဥဗျိုင်း....အရှင်သည် အစာအာဟာရကို စွန့်ပြီး၍ အဘယ်ကြောင့် ဤအရပ်၌ ငေးမှိုင်၍ နေပါသနည်း"ဟု မေးလေ၏၊ ထိုအခါ ဗျိုင်းအိုက ဤသို့ ဆိုလေ၏—"ဤအိုင်၌ရှိသော ငါးတို့သည် ငါ၏အသက်ရှင်ခြင်း၏ အကြောင်း တို့တည်း၊ ဤအိုင်၌နေကုန်သော ထိုငါးတို့ကိုလည်း တံငါသည်တို့သည် ကေန် မချွတ်ပင်လျှင် သတ်ဖြတ်ဖျက်ဆီးမည်ဟု မြို့၏အနီး၌ တံငါသည်တို့ ပြောဆို သောစကားကို ငါကြားခဲ့ရပါသည်၊ ထို့ကြောင့် ဤအခါမှနောက် အသက် ရှည်မြင့်စွာ နေရတော့မည်မဟုတ်၊ ငါ၏သေခြင်းသည် နီးကပ်စွာ တည်နေပြီဟု သိ၍ အစာအာဟာရ၌လည်း အရေးမယူ ဂရုမစိုက်ဘဲနေပါသည်"ဟု ပြောကြား လေ၏။ ထိုသို့ပြောဆိုရာ အလုံးစုံသော ငါးတို့သည် ဤသို့ ကြံစည်ကြကုန်၏— "ယခုအခါ ဤဥဗျိုင်းသည် ငါတို့အား ကျေးဇူးဥပကာရပြုလိုသည့် လက္ခဏာ ရှိပေသည်၊ ထို့ကြောင့် မည်ကဲ့သို့ ကြံစည်ပြုလုပ်သင့်သည်ကို ဤဥဗျိုင်းကိုပင် လျှင် မေးမြန်းရန် သင့်ပေသည်"ဟု ကြံစည်ကြကုန်၏။

မိတ်,ရန်ဖြစ်မှုကို အကျိုးပြု,မပြုဖြင့် ခွဲခြားရပုံ

ထို့ကြောင့်ပင်လျှင် ဤဆိုလတ္တံ့သောဂါထာကို နီတိကျမ်းတတ် ဆရာမြတ် တို့သည် မိန့်ဆိုတော်မူအပ်သတည်း။

၁၆။ ဥပကတ္တာရိနာ သန္ဓိ၊ န မိတ္တေနာပကာရိနာ။
ဥပကာရာပကာရာဟိ၊ ဧတေသံ လက္ခလက္ခဏံ။

ဥပကတ္တာရိနာ၊ ကိုယ့်ကိုအထူး၊ ကျေးဇူးပြုမူ၊ ကိုယ့်ရန်သူနှင့်။ သဟ၊ တက္ခ။ သန္ဓိ၊ နီးနှော၍ယှဉ်ကပ်၊ တူပေါင်းစပ်ခြင်းကို။ ကာရိယော၊ ပြုရန် ကောင်းမြတ်၊ သင့်လျောက်ပတ်၏။ အပကာရိနာ၊ မတော်မလျား၊ မတရား ကပ်ဖွဲ့၊ အကျိုးမဲ့ကိုပြုတတ်သော။ မိတ္တေန၊ အကျွမ်းတဝင်၊ ချစ်ခင်စုံမက်၊ နှစ်သက်သော အဆွေခင်ပွန်းနှင့်။ သဟ၊ တက္ခ။ သန္ဓိ၊ နီးနှော၍ယှဉ်ကပ်၊ တူပေါင်း စပ်ခြင်းကို။ နကာတဗ္ဗာ၊ ပြုရန်မဖွယ်၊ မတင့်တယ်။ ဧတေသံ၊ ထိုပေါင်းစပ် သင့်မှု၊ မသင့်မှုတို့၏။ လက္ခလက္ခဏံ၊ ထောက်ချင့်ကြည့်ရှု၊ အမှတ်ပြုအပ်သော အကြောင်းနှင့် မှတ်ရာလက္ခဏာသည်။ ဥပကာရာပကာရာဟိ၊ ကိုယ့်ကိုအထူး၊ ကျေးဇူးပြုခြင်းနှင့်၊ နှိမ်နင်းဖောက်ပြား၊ မဘရားပြုခြင်းတို့သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။မိမိအား ကျေးဇူး အထူးပြု၍ အကျိုးစီးပွါး များရာ များကြောင်းကို ကောင်းစွာအားထုတ် ပြုလုပ်ဆောင်ရွက်လေ့ရှိပါမူ ရန်သူ

ပင်ဖြစ်သော်လည်း စင်စစ်အားဖြင့် နှီးနှောယှဥ်ကပ် ပေါင်းဖက်စပ်၍ ဆက်ဆံအပ်ပေသည်။ မိမိ၏ အကျိုးစီးပွါးဆုတ်ယုတ်ပျက်ပြားစေရန် အကြောင်းကိုသာ မကောင်းစီမံ အန္တရာယ်ကြံတတ်ပါမူ အတူပေါင်းဖက်လျက် နှစ်သက်အစဥ် ချစ်ကျွမ်းဝင်သည့် အဆွေခင်ပွန်းအစစ် မိတ်ရင်းပင်ဖြစ်သော်လည်း စင်စစ်အားဖြင့် စွန့်ပစ်၍ မဆက်ဆံဘဲ ပြတ်စဲမှသာ သင့်လျော်ပေသည်။ ထိုပေါင်းသင်းဆက်ဆံအပ်၊ မဆက်ဆံအပ်သည်တို့ကို မှတ်သားဘို့ရန် အကြောင်းလက္ခဏာသည် မိမိ၏ အကျိုးစီးပွါးကို ပြုလုပ်ဆောင်ရွက်ခြင်း၊ အကျိုးမဲ့ကို ပြုလုပ်ဆောင်ရွက်ခြင်း ဤနှစ်ပါးတို့သာ ဖြစ်ပေသည်။ လိုရင်းမှာမူ အကျိုးစီးပွါးကို ဆောင်ရွက်ပြုလုပ်မူ ရန်သူ၊ မိတ်ဆွေမဟူ မည်သူမဆို ပေါင်းသင်း ဆက်ဆံသင့်ပေသည်၊ အကျိုးမဲ့ကို ဆောင်ရွက်ပြုလုပ်ပါမူ မည်သူကိုမှ မပေါင်းသင်း မဆက်ဆံထိုက်ပေဟု ဆိုလိုသည်။

ဤသို့ကြံစည်ပြီးလျှင် ငါးတို့သည် "အရှင်ဥဇျိုင်း....ဤအရပ်၌ အကျွန်ုပ်တို့၏ ဘေးလွတ်ရာသောအကြောင်းကား အဘယ်သို့ပါနည်း"ဟု မေးကြလေရာ ဥဇျိုင်းက "သင်တို့ ဘေးလွတ်ခြင်း၏အကြောင်းကား ဤအိုင်မှတပါး အခြားသောအိုင်သို့ ပြောင်းရွှေ့ခြင်းပင်တည်း၊ ငါသည် သင်တို့အား သနားသဖြင့် တကောင်စီ၊ တကောင်စီ ယူဆောင်၍ ထိုအိုင်သို့ ပို့ပါအံ့"ဟု ဆိုလေ၏။ ငါးအပေါင်းတို့သည်လည်း တံငါသည်တို့၏ဘေးမှ ကြောက်ရွံ့ကြသဖြင့် "အရှင်ဥဇျိုင်းမင်း....သင့်မြတ်လှပါပြီ၊ အရှင်ဆိုသည့်အတိုင်း ကျွန်ုပ်တို့ကို ကယ်မသနားတော်မူပါ"ဟု ပြောဆိုကြလေ၏။ ထို့နောက် ယုတ်မာလှသော ဥဇျိုင်းအိုသည် ထိုငါးတို့ကို တကောင်စီ ယူဆောင်၍ တခုသော အရပ်သို့ သွားရောက်လျက် စားသောက်ပြီးလျှင် တဖန်လာလတ်၍ "ထိုငါးတို့ကို ငါသည် အခြားအိုင်တခု၌ထားခဲ့ပြီ"ဟု ဆိုလေ၏၊ ထို့နောက် အခြားမဲ့၌ ပုဇွန်လုံးတကောင်သည် ဤသို့ ဆိုလေ၏— "အိုအရှင်ဥဇျိုင်း....အကျွန်ုပ်ကိုလည်း ထိုအိုင်သို့ လျင်မြန်စွာ ပို့ဆောင်တော်မူပါ"ဟု ဆိုလေ၏။ ထိုသို့ဆိုရာ ဇျိုင်းအိုသည်လည်း ပုဇွန်လုံး၏ အသားကို မစားဘူးသောကြောင့် အလွန်လျှင် စားလိုသော အာသာဆန္ဒရှိလှသဖြင့် ထိုပုဇွန်လုံးကို ရှိသေကောင်းမွန်စွာယူဆောင်၍ ငါးတို့ကို စားနေကျနေရာ ကုန်းမြေအရပ်၌ ချလေလျှင် လယ်ပုဇွန်သည်လည်း ငါးရိုးတို့ဖြင့် ထူထပ်ကြဲပြန့်၍နေသော မြေအပြင်ကို မြင်လေရာ ဆင်ခြင်စဥ်းစားလိုက်သည်မှာ "အလို– ငါ့မှာ ယခုအခါ အခက်အခဲနှင့် တွေ့ကြုံချေပြီ၊ မကောင်းမှုအကုသိုလ်ကံ စီမံဖိစီးခဲ့လေပြီ၊ ဟာ....သို့သော်လည်း ကံမကောင်း အကြောင်းမသင့်၍ အခွင့်မလျော်ဖြစ်ချေပြီ၊ ဖြစ်လိုရာဖြစ်စေ၊ ယခုအခါ၌ ကာလအားလျော်စွာ အားထုတ်ပြုလုပ်မှ သင့်မြတ်ချေမည်"။ ထို့ကြောင့်ပင်လျှင် ရှေးအစဥ်ဆရာမြတ်တို့ ဤသို့ မိန့်မှတ်တော်မူခဲ့ကြပေသည်။

ဘေးမရောက်မီ ကြောက်, ဘေးရောက်သော်ရဲ

၁၇။ တာဝ ဘယာ ဝိဘေတဗ္ဗံ၊ ယာဝ ဘယမနာဂတံ။
အာဂတံ တု ဘယံ ဝိက္ခ၊ ပဟာရေယျာဘိတော ဣဝ။

ယာဝ၊ အကြင်မျှလောက်။ ဘယံ၊ ကြောက်ရွံ့ဘွယ်ရေး၊ ဘေးဘျမ်းအပေါင်းသည်။ အနာဂတံ၊ မဆိုက်မရောက်၊ မပေါ်ပေါက်သေး။ တာဝ၊ ထိုရွေမျှလောက်၊ ဘေးမရောက်သေးသမျှကာလပတ်လုံး။ ဘယာ၊ ကြောက်ရွံ့ဘွယ်ရေး၊ ဘေးဘျမ်းအပေါင်းမှ။ ဝိဘေတဗ္ဗံ၊ ကြောက်ရန်သင့်လျော်၊ ကြောက်ဘိုတော်၏။ အာဂတံ၊ လက်ငင်းတွေ့ဆုံ၊ ကြုံကြိုက်၍နေသော။ ဘယံတု၊ ကြောက်ရွံ့ဘွယ်ရေး၊ ဘေးဘျမ်းအပေါင်းကိုကား။ ဝိက္ခ၊ စိတ်ကူးမြော်မှန်း၊ ကြံစူးစမ်း၍။ အဘိတောဣဝ၊ မကြောက်မရွံ့၊ ဝံ့ဝံ့စားစား၊ ရဲရင့်သော ယောကျ်ားကဲ့သို့။ ပဟာရေယျ၊ ခုခံရိုက်နှက်၊ တိုက်ဖျက်ပုတ်ခတ်ရာ၏။

အဓိပ္ပါယ်။ ။ထိတ်လန့်ကြောက်ရွံ့ဘွယ်ရာဖြစ်သော ဘေးဘျမ်းအပေါင်းတို့သည် အကြင်မျှလောက် ကာလပတ်လုံး မဆိုက်ရောက် မပေါ်ပေါက်သေး၊ ထိုမျှလောက် မပေါ်ပေါက်သေးသမျှ ကာလပတ်လုံး အဝေးကကြိုတင်၍ ကြောက်ရန်သင့်လျော် ကြောက်ဘိုတော်ပေ၏။ ထိုသို့မဟုတ်မူ၍ ကြောက်ရွံ့ဘွယ်အရေး ဘေးဘျမ်းနှင့် လက်ငင်းပက်ပင်းပါတွေ့ဆုံ၍ ကြုံကြိုက်ဆဲဖြစ်ပါမူ "မရဲသော်လဲ ပြေးခဲစေ"ဆိုဘိသကဲ့သို့ ထိုပေါ်ပေါက်ဆိုက်ရောက်သည့် ဘေးရန်ကို စွန့်စွန့်စားစား သူရဲကောင်းယောကျ်ားအဟန် ခုခံရိုက်နှက်၍ တိုက်ခိုက်တွန်းလှန်ဖြိုဖျက်ရန်သင့်ပေသည်။ ထို့ကြောင့် ယခုအခါ ငါသည်လည်း ထိုဗျိုင်းမိုက်ကို ခုခံတိုက်ဖျက်မှ သင့်လျော်ချေမည်ဟု ဆိုလိုသည်။

အပရဥ္စ—

၁၈။ အဘိယုတ္တော ယဒါ ပဿေ၊ န ကိဉ္စိ ဟိတမတ္တနော။
ယုဇ္ဈမာနော တဒါ ပညော၊ မိယတေ ရိပုနာ သဟ။

အပရဥ္စ၊ ထိုမှတပါး၊ စဉ်းစားဘို့ရန်၊ ကြောင်းတတန်မှာလည်း။ ပညော၊ နှိုင်းချိန်ဝေဘန်၊ အမှန်သိမြင်၊ ပညာရှင်သည်။ ယဒါ၊ အကြင်အခါ၌။ အဘိယုတ္တော၊ ရန်သူဝန်းပတ်၊ တိုက်ခိုက်အပ်သည်ရှိသော်။ အတ္တနော၊ မိမိအား။ ကိဉ္စိဟိတံ၊ တမ်းတမြော်ကိုး၊ စဉ်းငယ်သောအကျိုးကို။ နပဿေ၊ စဉ်းစားမြော်မြင်၊ ရှုဆင်ခြင်သဖြင့်၊ မတွေ့မမြင်ရာ။ တဒါ၊ ထိုသို့ကိုယ့်ကျိုးမထင်၊ မတွေ့မြင်ရာ၊ အခါကာလ၌။ ရိပုနာ၊ တိုက်ခိုက်ပြိုင်ယှဉ်၊ ကိုယ့်ရန်သူနှင့်။ သဟ၊ အတူတကွ။ ယုဇ္ဈမာနော၊ ခုခံဘက်ပြိုင်၊ ရင်ဆိုင်အားစိုက်၊ ပြန်လှန်တိုက်သည်

ဖြစ်၍။ မိယတေ၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်မနေ၊ သေရန်သင့်လျော်၊ သေဘို့တော်၏။

အဓိပ္ပါယ်။ ။ထို့ပြင် စဉ်းစားရန်အချက် တမျိုးထွက်ပြန်သည်မှာလည်း ကြောင်းကျိုးမြော်မြင် ဆင်ခြင်ဝေဘန်၍ အမှန်ကိုသိသောပညာရှင်ပုဂ္ဂိုလ်သည် အကြင်အခါ၌ ရန်သူတို့ ဝိုင်းဝန်းတိုက်ခိုက်ရာ ထိုရန်သူတို့ကို မခုခံ မတိုက်ခိုက်သည်ရှိသော် မိမိ၌ တစုံတခု အနည်းငယ်သောအကျိုး မြော်ကိုးရန် မတွေ့မမြင်ရာ၊ ထိုသို့အကျိုးမထင် စိုးစဉ်းမျှ မမြင်သောကာလ၌ ရန်သူနှင့်ဘက်ပြိုင်၍ ရင်ဆိုင်တိုက်ခိုက်လျက် ကိုယ့်အသက်ကို ငဲ့ကွက်မနေ သေရန်သင့်လျော် သေဘို့တော်ပေသည်။ ထို့ကြောင့် ယခုအခါ ငါသည်လည်း မိမိ၏အသက်ကို မငဲ့ကွက်ဘဲ ဤရန်သူဗျိုင်းမိုက်ကို ခုခံတိုက်ခိုက်မှ သင့်လျော်ချေမည်ဟု ဆိုလိုသည်။

အညဉ္စ—

၁၉။ ယတြာယုဒ္ဓေ ဓုဝံ မစ္စု၊ ယုဒ္ဓေ ဇီဝိတသံသယော။
တံ ကာလမေကံ ယုဒ္ဓဿ၊ ပဝဒန္တိ မနေသိနော။

အညဉ္စ၊ ထိုမှတပါး၊ စဉ်းစားဘို့ရန်၊ နည်းတတန်မှာလည်း။ ယတြ၊ အကြင်ကာလ၊ ခါသမယ၌။ အယုဒ္ဓေ၊ ဘက်ပြိုင်ခုခံ၊ ပြန်လှန်၍မတိုက်ခိုက်ဘဲ၊ အလိုက်အထိုက်သာနေသည်ရှိသော်။ မစ္စု၊ ရန်သူနှိပ်စက်၊ သူ့လက်ချက်ဖြင့်၊ အသက်သေရခြင်း သဘောသည်။ ဓုဝံ၊ မလွှတ်မလွဲ၊ မချွတ်မြဲ၏။ ယုဒ္ဓေ၊ ဘက်ပြိုင်ခုခံ၊ ပြန်လှန်တိုက်ခိုက်သည်ရှိသော်။ ဇီဝိတသံသယော၊ ရှင်လိမ့်လေလော၊ မရှင်လောဟု၊ တွေးတောယုံမှားလျက်၊ အသက်ကို သံသယရှိရ၏။ မနေသိနော၊ ကြောင်းကျိုးမြော်မြင်၊ ပညာရှင်တို့သည်။ ယုဒ္ဓဿ၊ ဘက်ပြိုင်ခုခံ၊ ပြန်လှန်တိုက်ခိုက်ခြင်းငှါ။ ဧကံ၊ တခုသာလျှင်ဖြစ်သော။ တံကာလံ၊ ထိုသို့မတိုက်မလှန်၊ မခုခံမူ၊ ဧကန်မရဏ၊ တိုက်လှန်ခုခံမူ၊ အနေကန်သံသယ၊ ဒွိဟဖြစ်ရသောကာလကို။ ပဝဒန္တိ၊ နှုတ်ချီအပြား၊ ထုတ်ဆိုထားသဖြင့်၊ ညွှန်ကြားတော်မူခဲ့ကြကုန်၏။

အဓိပ္ပါယ်။ ။ထိုမှတပါးလည်း အကြင်အခါ၌ တဖက်ရန်ကို ခုခံအန်တု၍ ရန်မပြု မတိုက်ခိုက်သည်ရှိသော် ရန်သူ၏လက်ချက်ဖြင့် အသက်သေရခြင်း သဘောသည် မချွတ်မလွဲ ဧကန်မြဲ၏၊ ဘက်ပြိုင်ခုခံ၍ ပြန်လှန်တိုက်ခိုက်သည် ရှိသော် ခန္ဓာအသက် ပျက်စီးမူလည်း ပျက်စီးရာ၏။ အကယ်၍ အကြောင်းအခွင့် သင့်ခဲ့သည်ရှိသော် သေဘေးမှ လွတ်မြောက်၍ ချမ်းသာခြင်းသို့ ရောက်မူလည်း ရောက်ရာ၏။ ထိုသို့ မတိုက်မလှန် မခုခံမူ ဧကန်မရဏ၊ တိုက်လှန်ခုခံမူ အနေကန်သံသယ၊ အသက်ကို ဒွိဟရှိရသော အခါကာလကိုပင်လျှင် ရန်သူကို

ဘက်ပိုင်အန်တုံ၍ ရန်ပြုခုခံရန် ကေန်သင့်လျော်သော ကာလဟူ၍ ပညာရှင်အများတို့ ထုတ်ဆိုမှာကြားတော်မူခဲ့ကြပေသည်။ ထို့ကြောင့် ယခုအခါ ငါသည်လည်း ဤဗျိုင်းမိုက်ကို ခုခံအန်တုံ၍ ရန်ပြုတိုက်ခိုက်ဘို့ရန် ကာလတန်သဖြင့် ကေန်တိုက်ခိုက်မှသာ သင့်လျော်ချေမည်ဟု ဆိုလိုသည်။

ဤသို့ကြံစည်စိတ်ကူး၍ ပုဇွန်လုံးသည်ထိုဗျိုင်းအို၏လည်ဆက်ကို လက်မဖြင့် ညှပ် တအားကုန်ဖြတ်လိုက်ရာ ဗျိုင်းမိုက်မှာ ခန္ဓာစဲ၍ သေပွဲသို့ ဝင်ရလေ၏။ ထို့ကြောင့်ပင်လျှင် **ဘက္ခယိတွာ ဗဟူ မစ္ဆေ** အစရှိသောစကားကို ကျွန်တော်မျိုး ဆိုပါသည်ဟု တင်လျှောက်လေ၏။

ဤဝတ္ထုဖြင့် ဆိုလိုရင်း အဓိပ္ပါယ်ကား။ ။ဤဥဗျိုင်းယုတ်သည် ငါးတို့ကို လှည့်ပတ်ဖြားယောင်းပြီးလျှင် တကောင်တကောင် ယူဆောင်၍ သတ်ဖြတ်သုံးဆောင်သကဲ့သို့ ထို့အတူ ဤမေဃဝဏ္ဏကြီးကို လက်အောက်ဘုရင်အဖြစ်ဖြင့် ခန့်အပ်၍ ကပ္ပုရကျွန်း၌ မင်းမြှောက်ခဲ့ပါမူ ထိုကြီးသည်လည်း ရှေးဦးစွာ ကပ္ပုရကျွန်း၏ဘုရင် အရှင်ဟသံာမင်းအား အသက်ကိုအပ်နှင်း ကျွန်ရင်းကြီးမှတ်ရလောက်အောင် လှည့်ပတ်ဖြားယောင်း မာယာဉာဏ် စွက်လောင်းလျက် ကောင်းစွာ သွေးဆောင်ပြီးလျှင် ပျက်စီးဆုတ်ယုတ်သည့်အခါ ဘုရင်၏အဖြစ်ကို အသာတကြည်ဖြင့် ခံယူခဲ့လေပြီဖြစ်ရကား တပါးသောမင်းတို့ကိုလည်း အခွင့်သင့်ခဲ့ပါမူ ထိုနည်းအတူ ကျင့်ကြံပြုမူမည်မလွဲ ဖြစ်ပေသည်။ သို့ဖြစ်၍ နောက်ဆုံး၌ အရှင်ဥဒေါင်းမင်းတိုင်အောင်သော်မှလည်း စိုးရိမ်မကင်း ရှိသင့်ပါသည်။ ထို့ကြောင့် ဤအရာသည် လွယ်ကူ၏ဟူ၍ မှတ်ထင်တော်မမူသင့်ပါဟု ဆိုလိုသည်။

(ဤဗျိုင်းယုတ်နှင့် လယ်ပုဇွန်ဝတ္ထုသည်ကား မြတ်စွာဘုရားသခင်သည် ငါးရာ့ငါးဆယ် ဇာတ်နိပါတ် ကုလာဝကဝဂ်၌ ဟောတော်မူအပ်သော ဗကဇာတ်လာဝတ္ထုပင်ဖြစ်သည်။ ထိုဝတ္ထုကိုပင်လျှင် မိမိပြောဆိုလိုသော အကြောင်းနှင့် ဆီလျော်ညီညွတ်အောင် ဝတ္ထုကြောင်း အသွားအလာ အစီအစဉ်ကို အနည်းငယ်ပြင်ဆင်၍ စီရင်ခြင်းမျှသာ ဖြစ်ပေသည်။)

ဥဗျိုင်းနှင့် လယ်ပုဇွန်တို့ဝတ္ထု ပြီး၏။

ဟသံာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထို့နောက် စိတြဝဏ္ဏ ဥဒေါင်းမင်းသည် တဖန်ထပ်မံ၍ မိန့်တော်မူပြန်သည်မှာ "အမတ်ကြီး....နာပါဦးလော့၊ ကျွန်ုပ်သည် ဤဆိုလတ့်သောအကြောင်းကို ကြံစည်မိပါသည်၊ ကြံစည်မိပုံမှာ 'ထိုကပ္ပုရကျွန်း၌ စံနေသော ဤ မေဃဝဏ္ဏဘုရင်သည် အကြင်မျှ အတိုင်းအရှည်ရှိသော ကောင်းမြတ်သော အထည်ဝတ္ထု

ပစ္စည်းစုသည် ကပ္ပုရကျွန်း၌ ဖြစ်ထွန်းပေါ်ထွက်၏၊ ထိုမျှအတိုင်းအရှည်ရှိသော ကောင်းမြတ်သော အထည်ဝတ္ထု ပစ္စည်းစုကို ငါတို့၏အထံသို့ ဆက်သွင်းပဏ္ဏာ ပို့ရောက်စေရာ၏၊ ထိုသို့ ပို့ရောက်စေခြင်းကြောင့် ငါတို့သည် ဤဝဠ္ဍတောင်၌ အလွန်မြင့်မြတ်သော အသုံးအဆောင်တို့ဖြင့် ပြည့်စုံကြွယ်ဝသည်ဖြစ်၍ ခမ်းနားကြီးကျယ် တင့်တယ်ဖွယ်ရာစွာ နေကြရပေလိမ့်မည်’ဟူ၍ ကြံစည်မိပါသည်”ဟု မိန့်တော်မူလေ၏။

နောင်ရေးကိုစိတ်ကူးယဉ်၍ အကယ်မထင်သင့်ပုံ

ထိုသို့ မိန့်တော်မူသောအခါ ဒူရဒဿီ အမတ်ကြီးသည် ပြုံးရယ်လျက် ဂါထာဖြင့် ဤသို့ လျှောက်ဆိုလေ၏။

ဒေဝ—

၂၀။ အနာဂတဝတိံ စိန္တံ၊ ကတွာ ယော တု ပဟံသတိ။
သ တိရက္ကာရမာပန္နော၊ ဘဂ္ဂဘဏ္ဍော ဒွိဇော ယထာ။

ဒေဝ၊ အရှင်မင်းကြီး။ ယောတု၊ အကြင်သူသည်ကား။ အနာဂတဝတိံ၊ ဒိဋ္ဌချက်ခြင်း၊ လက်ငင်းမျက်မှောက်၊ မဖြစ်မြောက်သေး၊ နောင်ရေးအနာ၊ ဖြစ်တန်ရာသော။ စိန္တံ၊ ကြံစည်စိတ်ကူး၊ ဉာဏ်ကွန့်မြူးခြင်းကို။ ကတွာ၊ မမှန်အမှု၊ အကြံပြု၍။ ပဟံသတိ၊ စိတ်ကူးတိုင်းပင်၊ အကယ်ထင်၍၊ ဘဝင်ကြည်နူး၊ လွန်ပျော်မြူး၏။ သ–သော နရော၊ ထိုစိတ်ကူးကိုပင်၊ အကယ်ထင်တတ်သော သူသည်။ ဘဂ္ဂဘဏ္ဍော၊ အိုးခွက်လည်းကွဲ၊ ဆဲဆိုကြိမ်းမောင်း၊ အထောင်းအရိုက်လည်း ခံရသော။ ဒွိဇော ယထာ၊ အထင်မှောက်မှား၊ မောင်ပုဏ္ဏားကဲ့သို့။ တိရက္ကာရံ၊ ကဲ့ရဲ့ရှုတ်ချ၊ အပြစ်ရခြင်းသို့။ အာပန္နော၊ မလွဲမဖောက်၊ အမြဲရောက်တတ်ပါ၏။

ထိုသို့ ရွတ်ဆိုတင်လျှောက်လေရာ ဥဒေါင်းမင်းက ထိုစိတ်ကူးကိုပင် တကယ်ထင်လျက် ဉာဏ်အမြင် တမျိုးလွဲသဖြင့် အိုးကွဲလျက် အဆဲအရိုက်ခံရသည့် ပုဏ္ဏားမိုက်ဇာတ်ထုပ်၏ သရုပ်အကျယ်ကို အဘယ်လို မှတ်ရပါမည်နည်းဟု မေးတော်မူလေရာ ဒူရဒဿီ အမတ်ကြီးက ဤဆိုလတ့ံသော ဝတ္ထုကို လျှောက်ဆိုပြောကြားလေ၏။

ပုဏ္ဏားမိုက်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ **ဒေဝကောဋ္ဋမြို့၌ ဒေဝသမ္မာ** မည်သော ပုဏ္ဏား တယောက် ရှိလေ၏။ ထိုပုဏ္ဏားသည် တန်ခူးလအခါ မဟာသင်္ကြန်ကျသောနေ့၌ မှုံ့ညက်တို့ဖြင့် ပြည့်သော အိုးတလုံးကို လက်ဆောင်၏အဖြစ်ဖြင့် ရရှိလေ၏။ ထိုသို့ရရှိသောအခါ ပုဏ္ဏားသည် ထိုမှုံ့ညက်အိုးကို ယူဆောင်၍ လာခဲ့ရာ အလွန်

ပူအိုက်လှသဖြင့် မြေအိုးမြေခွက်ဘဏ္ဍာတို့ဖြင့် ပြည့်နှက်လျက်ရှိသော အိုးသည်၏ တင်းကုပ်တခုဝယ် တစိတ်တဒေသသော နေရာ၌ အိပ်လေ၏။

ထိုသို့ အိပ်စဉ်အခါ မုံ့ညက်အိုးကို စောင့်ရှောက်အံ့သောငှါ မိမိ၏လက်၌ လှံကန်တခုကို ကိုင်စွဲလျက် ဤသို့ စဉ်းစားပုံထုတ်လေ၏၊ ထုတ်ပုံမှာ "အကယ်၍ ငါသည် ဤမုံ့ညက်အိုးကို ရောင်းချခဲ့ပါလျှင် ပိုက်ဆံဆယ်ပြား ရနိုင်ပေသည်၊ ထိုသို့ ပိုက်ဆံဆယ်ပြားရသည့်အခါ ဤအိုးသည်၏အထံမှ ဤပိုက်ဆံတို့ဖြင့် ပင်လျှင် အိုးခွက်တို့ကိုဝယ်၍ အပြန်ပြန် အလှန်လှန် ကူးသန်းခဲ့ပါလျှင် မကြာမြင့်မီပင်လျှင် ဥစ္စာပစ္စည်းတို့ အများကြီး တိုးပွါးပေလိမ့်မည်၊ ထိုသို့ ရင်းနှီးမြောက်မြား ဥစ္စာပစ္စည်းတို့ များစွာ တိုးပွါးသည့်အခါ အဆင့်ဆင့် အားဖြင့် ကွမ်း၊ ကွမ်းသီး၊ ဆီ၊ ဆားနှင့် အထည်အပြားစသည်တို့ကို အလီလီအဖုံဖုံ ကုန်စုံဆိုင်ဖွင့်လှစ်၍ အဆင့်ဆင့် အရောင်းအဝယ်ပြု၊ ကုန်သွယ်မှုအလုပ်ဟန်လှ သဖြင့် ဉာဏ်စနှင့် ကံစထောင်လျက် လူ့ဘောင်တွင် အကြံမတိမ်းဘဲ တသိန်းခန့် အသပြာတို့ မြန်မကြာ တိုးတက်၍ ကိုယ့်လက်ဝယ် ရပါရော၊ ထိုသို့တသိန်းခန့် အသပြာတို့ ကိုယ့်လက်ဝယ် ရလေရာ ဓနအသပြာ ဥစ္စာသာ ပေါများ၍ မယား မရှိက မတင့်တယ်၊ အစစသိမ်ငယ်လျက် ယောင်လယ်လယ် ဖြစ်တတ်ပေသည်။

ထို့ကြောင့် ဂုဏ်နှင့်ဒြပ် ဟပ်မှပင် သင့်လျော်မည်ဟု အကြံအစည်ပြုပြီးလျှင် အစုစုအရပ်ရပ် မယားလေးယောက်ကို လေးကြွမ်မြောက် လက်ထပ်လျက် သပ်ရပ်စွာ ယူလိုက်ရာ ထိုလေးဖြာသော မိန်းမတို့တွင် သွင်ပြင်နုနယ် အငယ် ဆုံး မယားမှာ အသွားအလာ အနေအထိုင်မှစ၍ အစစအမူအရာတို့၌ စတိုင်ကျ ဂိုက်ရ လှပယဉ်ကျေးသဖြင့် မြင်သူတိုင်းငေးရ၏၊ သို့အတွက် အငယ်ဆုံးမယားကို အများကြီးချစ်ရပေသည်။ ထိုနောက် ထိုလေးယောက်သော မယားတို့သည် ဣဿာတရား ငြူစူခြင်းများကြသဖြင့် ထောင်လွှား မျက်မာန် အချင်းချင်း ပြန်လှန်၍ ခိုက်ရန်ဖြစ်ကြလေရာ ထိုအခါ ငါအရှင် လေးမယားသခင်သည် မရှင်စိတ်နောက် မျက်မာန်ပေါက်သဖြင့် လေးယောက်သော မယားတို့ကို အသို့လို တုတ်လှံကန်ဖြင့် အတန်တန် နှိပ်စက်၍ ရက်စက်စွာဆုံးမမည်"ဟု နှုတ်ဟလျက်အဟုတ် လက်တွင်းရှိ တုတ်လှံကန်ဖြင့် ဒေါထန်၍ ပစ်ချက်ကြောင့် မုံ့ညက်အိုး ကြေညက်၍ ကွဲပျက်ရုံမနားဘဲ အပါးရှိအိုးခွက်တို့ပါ များစွာ ပျက်စီးလေသတည်း။

ထိုအခါ များစွာသော အိုးခွက်တို့ ကွဲပျက်သည့်အသံကြောင့် ခပ်မြန်မြန် လာလတ်၍ အိုးထိန်းသည် လုလင်သည် သို့စဉ်ပျက်ပြား အိုးအင်များကို ထင်ရှားစွာ တွေ့လေလျှင် မခံချင်အချက် ဒေါသထွက်သဖြင့် ပုဏ္ဏားပျက် လူမိုက်အား ပြင်းထန်စွာရိုက်နှက်၍ လည်ဆက်ကိုကိုင်ပြီးလျှင် ဆွဲငင်၍အသုတ်

ပြင်ဘက်သို့ ထုတ်လေ၏။ ထို့ကြောင့်ပင်လျှင် **အနာဂတဝတီ စိန္တ** အစရှိသော ဂါထာကို ကျွန်တော်မျိုး ရွတ်ဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

ပုဏ္ဏားမိုက်ဝတ္ထု ပြီး၏။

ဟင်္သာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထိုအခါ ဥဒေါင်းမင်းသည် ဆိတ်ကွယ်ရာ၌ လင်းတ အမတ်ကြီးကို "အို ပညာရှိအမတ်ကြီး.... ဤအရာ၌ အဘယ်သို့ ပြုသင့်ပါသနည်း၊ ပြုသင့် ပြုထိုက်သော အကြောင်းအရာကိုသာလျှင် ညွှန်းပြပြောဆိုပါလော့"ဟု စုံစမ်းမေးမြန်းတော်မူလေရာ လင်းတအမတ်ကြီးသည် ဤဆိုလတ္တံ့သောဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

ဘုရင်မကောင်း မှူးမတ်ခေါင်း

၂၁။ မဒေါဒ္ဓတဿ ဘူပဿ၊ သံကိဏ္ဏဿေဝ ဒန္တိနော။
ဂစ္ဆန္တိ ဥမ္မဂ္ဂယာတဿ၊ နေတာရော ခလု ဝစ္စတံ။

ဘူပါလ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်။ မဒေါဒ္ဓတဿ၊ မုန်ယိုကျဆင်း၊ မာန်ယစ်ခြင်းရှိသော။ ဝါ၊ မုန်ယိုကျဆင်း၊ မာန်ယစ်ခြင်းကြောင့်။ သံကိဏ္ဏဿ၊ နှောင့်ယှက်ရှုပ်ပွေ၊ အခြေမကျ၊ ထူးထွေလှသော။ ဥမ္မဂ္ဂယာတဿ၊ ခက်ထန်ကြမ်းတမ်း၊ စခန်းမသင့်၊ အရမ်းကျင့်တတ်သော။ ဒန္တိနော၊ စွယ်လူးမာတင်၊ မုန်သောက်ဆင်၏။ နေတာရော္တဝ၊ လမ်းမှန်ညွှန်ပြ၊ ဆုံးမနည်းနည်း၊ ဆင်ဦးစီးတို့ကဲ့သို့။ မဒေါဒ္ဓတဿ၊ ပြင်းထန်အပြစ်၊ မင်းမာန်ယစ်သဖြင့်၊ စင်စစ်တက်ကြွသော။ ဝါ၊ တက်ကြွခြင်းကြောင့်။ သံကိဏ္ဏဿ၊ နှောင့်ယှက်ရှုပ်ပွေ၊ လွန်ထူးထွေလျက်၊ အခြေမလှသော။ ဥမ္မဂ္ဂယာတဿ၊ မမှန်နည်းလမ်း၊ စည်းကမ်းမယှဉ်၊ ထင်ရာကိုပြုတတ်သော။ ဘူပဿ၊ ရေမြေ့အရှင်၊ ဘုရင်မင်းမြတ်၏။ နေတာရော၊ ဆုံးမပဲ့ပြင်၊ သွန်သင်ပေတတ်၊ မင်းအမတ်တို့သည်။ ခလု၊ မသွေမလွန်၊ အမှန်စင်စစ်အားဖြင့်။ ဝစ္စတံ၊ ကဲ့ရဲ့ရှုတ်ချ၊ အပြစ်ပြအပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ မုချမဖောက်၊ ကေန်ရောက်တတ်ကုန်၏။

အဓိပ္ပါယ်။ ။ရေမြေ့အရှင် ဘုရင်မင်းမြတ်....မုန်ယိုကျဆင်း မာန်ယစ်ခြင်းရှိသော ဆင်သည် ထိုသို့ မာန်ယစ်ခြင်းကြောင့် နှောင့်ယှက်ရှုပ်ပွေလျက် အထွေထွေသော အမှုအရာတို့ဖြင့် ခက်ထန်ကြမ်းကြုတ် စခန်းမဟုတ်ဘဲ အရမ်းလုပ်ခဲ့သည်ရှိသော် ဆင်ဆရာခေါ်ဝေါ်သည့် ဆင်ဦးစီး၏ အပေါ်သို့သာလျှင် မုန်စွာမုချ အပြစ်ကျသကဲ့သို့၊ ထို့အတူ ဘုရင်မင်းမြတ်သည် မည်သူ့ကိုမျှ အလေးမမူ ငါမင်းတည်းဟူသော မာန်ယစ်တက်ကြွ ထောင်လွှားလှုခြင်းကြောင့် အထူးထူး

အထွေထွေ ရှုပ်ပွေရောပြွမ်းလျက် စည်းကမ်း နည်းလမ်းမရှိဘဲ မိမိ၏ ဉာဏ် အမြင်ဖြင့် ထင်ရာကို ပြုလုပ်ခဲ့သည်ရှိသော် ထိုဘုရင်မင်းမြတ်၏ မှူးတော် မတ်တော်တို့မှာသာလျှင် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြအပ်သည်၏ အဖြစ်သို့ စင်စစ်မုချ ဧကန္တ ရောက်တတ်ကြပါသည်။ ထို့ကြောင့် အရှင်သခင်သည်လည်း မှူးမတ် ကျွန်တော်မျိုးတို့ ရှိခိုးသံတော်ဦးတင်သည်ကို မစဉ်းစား မဆင်ခြင်ဘဲ ထင်ရာကို ပြုတော်မမူသင့်ပါဟု ဆိုလိုသည်။

ထို့နောက်တဖန် ဆက်လက်၍ တင်လျှောက်ပြန်သည်မှာ "အရှင်မင်းကြီး.... နာတော်မူပါဦးလော့၊ အသို့ပါနည်း....အကျွန်ုပ်တို့သည် စစ်သည်ဗိုလ်ပါမြောက် မြားစွာသော အင်အားဖြင့် ခံတပ်ကို တိုက်ခိုက်ဖျက်ဆီးနိုင်ပါသလော၊ သို့မဟုတ် အရှင်ဥဒေါင်းမင်း၏ ဘုန်းတန်ခိုးတော်ဖြင့် ညွှန်ပြတော်မူအပ်သော ဥပါယ် အကြောင်း နည်းလမ်းကောင်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ပါသလော"ဟု တင် လျှောက်ရာ ဥဒေါင်းမင်းက "အရှင်အမတ်ကြီး....ဤမေးခွန်း မဟန်ပါသဖြင့် မခံ သာအောင်ရှိပါသည်၊ ဧကန်စင်စစ် အမှန်ကိုလှစ်ရမူ ဖြစ်သမျှယခု အောင်နိုင် ခြင်းအမှုမှာ အမတ်ကြီး ကြည့်ရှုပြီးလျှင် ပြုစုတီထွင်လျက် ဉာဏ်သွားတိုင်း စီရင်သည့် ဥပါယ အကြောင်းအင်ကြောင့် မုချအောင်မြင်ခြင်းဖြစ်ပါသည်"ဟု မိန့်တော်မူလေ၏။

ထိုအခါ ဒူရဒဿီအမတ်ကြီးက "အရှင်မင်းကြီး....အကယ်၍ အကျွန်ုပ်၏ စကားကို နာယူလိုပါမူ အကျွန်ုပ်တို့၏တိုင်းရပ်ဌာန်သို့ ပြန်လည်မှ သင့်လျော်ပါ မည်၊ ထိုသို့မဟုတ် ဤအရပ်၌ နေထိုင်ခဲ့ပါမူ မိုဃ်းဥတုနီးကပ်၍လာသောအခါ အားအင်ဗလ တူမျှကြသော စစ်သည်ဗိုလ်ပါတို့နှင့်ဝကွ တဖန်တိုက်ခိုက်ခြင်း ဖြစ်ရပြန်ပါမူ တပါးသောရန်သူ၏ တိုင်းနိုင်ငံ၌ နေထိုင်ရသော အကျွန်ုပ်တို့သည် မိမိတို့နိုင်ငံသို့ ပြန်ဘို့ရန် ခက်ကြပါလိမ့်မည်၊ သို့အတွက် အလွန်ကောင်းမြတ် တင့်တယ်ဖွယ်ရာစေခြင်းအကျိုးကို ရွယ်ကိုးလျက် နေရပ်ဌာန်သို့ ခုအမြန်ပြန်ပါမှ နေထားကျပါလိမ့်မည်၊ ရန်သူ၏ခံတပ်ကို ဖျက်ဆီးနိုင်သည်ဟူသော ကျော်စော ခြင်းကိုလည်း ရကြပါသည်။ ဤမျှနှင့်ပင် တင်းတိမ်ရန် သင့်ပြီဟု ထင်မှတ် ယုံကြည်ပါသည်၊ ဤသည်ကား အကျွန်ုပ်၏အကောင်းဆုံး ပဌမတန်းဖြစ်သော အလိုအကြံပါတည်း"ဟု တင်လျှောက်လေ၏။

မင်းကြိုက်မလိုက်လျှောဘဲ အမှန်ကိုပြောရမည်

ထိုသို့ဘုရင်မကြိုက် မနှစ်ခြိုက်သော်လည်း ထိုက်လျော်သည်ကိုသာလျှင် လျှောက်တင်ရခြင်း၏ အကြောင်းကို ပြဆိုလိုသောကြောင့် ယခေါင်ကာလ ခါသမယက ပါဠကအမော် ဆရာကျော်တို့ ထုတ်ဖော်ညွှန်ကြားတော်မူအပ်သော အောက်ပါနီတိစကားကို ရွတ်ဆိုလျှောက်ထားပြန်လေ၏။

ယတော—

၂၂။ ယော ဟိ ဓမ္မံ ပုရက္ခိတွာ၊ ဟိတွာ ဘတ္တု ပိယာပိယံ။
အပိယာနျာဟ ပထျာနိ၊ တေန ရာဇာ သဟာယဝါ။

မဟာရာဇ၊ ပြည်သူတို့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ ယတော၊ အကြင့်ကြောင့်။ ယော၊ အကြင်သူသည်။ ဘတ္တု၊ အရှင်သခင်၏။ ပိယာပိယံ၊ နှစ်သက်အပ်သည့်, မနှစ်သက်အပ်သည်ကို။ ဟိတွာ၊ နှလုံးမသွင်းဘဲ၊ ကြဉ်ဖဲလွှတ်ထား၍။ ဓမ္မံ၊ သင့်တင့်လျော်ကန်၊ ဖြောင့်မှန်သောသဘောကို။ ပုရက္ခိ-တွာဟိ၊ အောက်မေ့စိတ်ထား၊ ရှေ့သွားပြု၍သာလျှင်။ အပိယာနိပိ၊ အရှင်မကြိုက်၊ မနှစ်ခြိုက်သည်လည်း ဖြစ်ကုန်သော။ ဝါ၊ မနှစ်ခြိုက်သော်လည်း။ ပထျာနိ၊ တရားမှန်ကန်၊ သင့်လျော်တန်ကုန်သော အကြောင်းတို့ကို။ အာဟ၊ ညွှန်ကြားပြသ၊ ဆုံးမပြောဆို၏။ တေန၊ ထိုသို့ မင်းလိုမလိုက်၊ မင်းမကြိုက်သော်လည်း၊ ထိုက်လျော်သည်ကိုသာ၊ ပြောဆိုတင်လျှောက်တတ်သောကြောင့်။ ရာဇာ၊ လူတို့သနင်း၊ ပြည့်ရှင်မင်းသည်။ သဟာယဝါ၊ တိုင်ပင်ဆွေးနွေး၊ မေးမြန်းဘို့ရာ၊ မိတ်သဟာရှိသည်သာလျှင်တည်း။ တတော၊ ထိုသို့လျှောက်တင်မှသာလျှင်၊ ဘုရင်၌တိုင်ပင်ရာ၊ မိတ်သဟာ ရှိလေသောကြောင့်။ ဣတိ၊ ဤသို့။ ဝဒါမိ၊ အလိုတော်ရိမလိုက်ဘဲ၊ ထိုက်လျော်သည်ကိုသာလျှင်၊ လျှောက်တင်ရပါ၏။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....အကြင်သူသည် ဤစကားကို လျှောက်တင်ပြောကြားအပ်သည်ရှိသော် ဘုရင်နှစ်သက်ဝမ်းမြောက်တော်မူအံ့၊ ဤစကားကိုကား ဘုရင်မနှစ်သက်သဖြင့် အမျက်ထွက်တော်မူအံ့–စသည်ဖြင့် မစဉ်းစားမဆင်ခြင်ဘဲ ဘုရင်၏ နှစ်သက်သည် မနှစ်သက်သည်ကို အပထား၍ တရားနှင့်သင့်လျော် ဖြောင့်မှန်သည်ကိုသာလျှင် ပဓာနရှေ့သွား လိုရင်းထားပြီးလျှင် ဘုရင်မကြိုက် မနှစ်ခြိုက်သော်လည်း အလိုတော်သို့ မလိုက်မူ၍ တရားနှင့် ထိုက်တန်သည့် လျော်ကန်သောနည်းလမ်းတို့ကိုသာလျှင် ပြောဆိုတင်လျှောက်တတ်၏။ ထိုသို့ အလိုတော်သို့မလိုက်ဘဲ ထိုက်လျော်မှန်ကန်သည်ကို ပြောဆိုလျှောက်တင်မှသာလျှင် ဘုရင်၌ အကြောင်းအကျိုးတို့ကို ဆွေးနွေးတိုင်ပင်ရန် အတိုင်ပင်ခံမိတ်ဆွေကောင်း အပေါင်းအဖော် ရှိမည်သာ ဖြစ်ပေသည်။ ထိုသို့မဟုတ်မူ၍ ထုတ်ဟမိန့်ကြား ပြောသမျှအကြောင်းစကားတို့ကို “မှန်လှပါသည်ဘုရား, သင့်လျော်ပါသည်ဘုရား”ဟူ၍ အလိုတော်ရိ အနေအစားဖြင့် ဘုရင်အားရတော်မူလေအောင် ညာဝါးလျှောက်တင်ခဲ့ပါမူ အဘယ်မှာလျှင် ဘုရင်၌အကြောင်းအကျိုးတို့ကို တိုင်ပင်ဆွေးနွေးရန် အတိုင်ပင်ခံ မိတ်ဆွေကောင်းဟုဆိုအပ်သော အပေါင်းအဖော် ရှိပါတော့အံ့နည်း။ စင်စစ်အားဖြင့် မရှိသည်သာ

ဖြစ်ပေသည်။ ထို့ကြောင့် အရှင်မကြိုက်သော်လည်း ထိုက်လျော်သော စကားတို့ကို စွန့်စား၍ လျှောက်ကြားခဲ့ရပါသည်၊ ငါအရှင် အလိုတော်မကျသည်ကို ဂွစကားလျှောက်တင်သည်ဟု အထင်ပြု၍ အပြစ်တော်ပေးလျက် အရေးတော်မယူသင့်ကြောင်းကို ထပ်လောင်း၍ လျှောက်ထားရပါသည်ဟု ဆိုလိုသည်။

အကြွမ်းမှုကို အနုဖြင့်သာ ငြိမ်းစေရာ

ထို့ပြင် ဤရန်သူဖြစ်သော ဟသ်ာမင်းနှင့် အချင်းချင်း ရန်စွယ်ကိုသိမ်းပြီးလျှင် ပြေငြိမ်းစေ့စပ်မှုသာလျှင် လျော်ကန် သင့်မြတ်လိမ့်မည့် အကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ အပရဋ္ဌ အစချီလျက် ဤဆိုလတ့်သော ဂါထာကို ဆက်လက်၍ တင်လျှောက်ပြန်လေ၏။

အပရဋ္ဌ——

၂၃။ သန္ဓိမိစ္ဆေ သမေနာပိ၊ သန္ဓိဒွေါ ဝိဇယော ယုဓေ။
နှ ဟိ သံသယိတံ ကာရေ၊ ဣဟာချဝေါစ ပြဟပ္ပတိ။

အပရဋ္ဌ၊ ထိုမှတပါး၊ ဤဆိုလတ့်သောစကားကိုလည်း။ သုဏောဟိ၊ ဆင်ခြင်စဉ်းစား၊ သဘောထား၍၊ ရွှေနားတော်ဆင်ပါဦးလော့။ သမေနာပိ၊ စစ်သည်ဗိုလ်ပါ၊ ဥစ္စာအားတူ၊ ရန်သူနှင့်တကွလည်း။ သန္ဓိံ၊ ညီညွတ်ကျေနပ်၊ စေ့စပ်ပြေငြိမ်းခြင်းကို။ ဣစ္ဆေ၊ တောင့်တမျှားစွာ၊ လိုရှိရာ၏။ ကသ္မာ၊ ပြေငြိမ်းလိုဘွယ်၊ အဘယ်ကြောင့်နည်း ဟူမူကား။ ယုဒ္ဓေ၊ ဗလအားကိုး၊ စစ်ထိုးတိုက်ခိုက်ကြရာ၌။ ဝိဇယော၊ ကိုယ့်ဘက်မရှုံး၊ လုံးလုံးအောင်နိုင်ခြင်းသည်။ သန္ဓိဒွေါ၊ သို့လော, အသို့လော၊ တွေးတောကြံဆ၊ သံသယနှင့်တကွ ဖြစ်၏။ တသ္မာ၊ ထိုသို့ ပိုက်ကျုံး၊ နှလုံးနှစ်ခွ၊ ဖြစ်ပေါ်ရခြင်းကြောင့်။ သံသယိတံ၊ သို့လော, အသို့လော၊ တွေးတောကြံဆ၊ သံသယနှင့်တကွ၊ ဖြစ်ရသောအမှုကို။ နှဟိကာရေ—နကရေယျဝေ၊ ဧကန်မုချ၊ မပြုလုပ်ရသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပြဟပ္ပတိ၊ နီတိဓမ္မသတ်၊ အရပ်ရပ်ကို၊ တတ်သိလိမ္မာသည့်၊ ပြဟပ္ပတိ အမည်ရှိသော ဆရာကြီးသည်။ အဝေါစ၊ ညွှန်းပြစကား၊ ခွန်းဟကြား၍၊ မှာထားတော်မူခဲ့လေပြီ။

အဓိပ္ပါယ်။ ။အရှင်မင်းမြတ်....ထိုမှတပါး ဤဆိုလတ့်သော နီတိကျမ်းတတ်ဆရာမြတ်၏ ဆုံးမတော်မူအပ်သော စကားကိုလည်း ကြားနာတော်မူစေချင်ပါ၏။ မိမိထက် စစ်သည်အင်အား စည်းစိမ်အားတို့ဖြင့် လွန်ကဲကြီးမားသော ရန်သူကိုမဆိုထားဘိ၊ မိမိနှင့်တူမျှသော သေနာ, ကာယ ဗလရှိသော ရန်သူနှင့်သော်မှုလည်း တနည်းနည်းအားဖြင့် အချင်းချင်းကျေနပ်၍ ရန်စွယ်ကိုရုပ်သိမ်း

လျက် ပြေငြိမ်းစေစပ်ခြင်းကို အလိုရှိအပ်ပေသည်၊ အဘယ့်ကြောင့်နည်းဟူမူ ထိုကဲ့သို့သော ဗလအားကိုး စစ်ပြိုင်၍ထိုးခြင်းသည် မိမိကအနိုင်ရလိမ့်မည်ဟူ၍ ကေန်မုချ မယုံသာချေ။ စင်စစ်မှာမူ ရံခါသာ အောင်နိုင်လျက် ရံခါရှုံးဘက်က နေရသဖြင့် မကျေမနပ်ရှိရပေသည်။ သို့ဖြစ်၍ ထိုသို့နိုင်ရအံ့လော ရှုံးအံ့လောဟု တွေးတောဒွိဟ သံသယရှိရသော အမှုကိစ္စတို့ကို မည်သည့်အခါ၌မျှ ကေန်မုချ မပြုလုပ်ရ မပြုလုပ်ထိုက်သည်သာ ဖြစ်ပေသည်ဟူ၍ နီတိဓမ္မသတ် ကျမ်းဂန် အရပ်ရပ်ကို နှံ့စပ်ကျေပြွန်သည့် ပညာဝန်ဓိပတိ ဗြဟာပ္ပတိအမည်ရှိသော ကျမ်းပြု ဆရာကြီးသည် ညွှန်ကြားပြသ ဆုံးမတော်မူခဲ့ပေသည် ဟူလို။

ထို့ကြောင့် ယခုအခါ ထိုဟသ်ာမင်းနှင့် ရန်စွယ်ကို ပယ်သိမ်းပြီးလျှင် ပြေငြိမ်းစေစပ်မှသာလျှင် လျော်ကန်သင့်မြတ်တော်မူပါလိမ့်မည်ဟု ဆိုလိုသည်။

ထို့ပြင် ဗလအားကိုး စစ်ထိုးတိုက်ခိုက်ရာ၌ မိမိ၏ ချစ်ခင်ကြည်ညိုသဖြင့် နှစ်ကိုယ် တစိတ် ပြုလျက် ပေါင်းသင်းဆက်ဆံအပ်သော မဟာမိတ်ကိုလည်း ကောင်း, မိမိ၏ စစ်သည် ဗိုလ်ပါ များစွာသော ရဲမက်ကိုလည်းကောင်း, မိမိ၏ စိုးစံသော တိုင်းပြည်နိုင်ငံကိုလည်းကောင်း, မိမိ၏ ကိုယ်ကိုလည်းကောင်း, မိမိ၏ အရှိန်အစော် ထင်ပေါ်ကျော်စောခြင်းကိုလည်းကောင်း, ဆုတ်ယုတ် ပျက်စီးလိမ့်လော မပျက်လောဟု တွေးတော ကြံဆရသော သံသယဘည်း ဟူသော ပခက်အေးယာဉ်ထက်တွင် အမြဲအစဉ်တင်၍ ထားရသည်ကို စဉ်းစား မြော်မြင်သည့် ပညာရှိဖြစ်ခဲ့ပါမူ အဘယ်သူသည် ဤကဲ့သို့ စစ်ထိုးတိုက်ခိုက်ခြင်း အမှုကို ကြံစည်ပြုလုပ်ပါအံ့နည်း၊ ပညာရှိအများတို့ မည်သူအားမှ မပြုလုပ် သည်၏အဖြစ်ကို နောက်တရစ် ထပ်လောင်းလျက် အကြောင်းသင့်တဖန် ပြဆို ပြန်လိုသည်ဖြစ်၍ **အညဥ္စ** အစချီပြီးလျှင် ဤဆိုလတ္တံ့သောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

အညဥ္စ —

၂၄။ မိတ္တံ ဗလံ တထာ ရဇ္ဇ—မတ္တာနံ ကိတ္တိမေဝ စ။
ယုဒ္ဓေ သန္ဒေဟဒေါလဋ္ဌံ၊ ကော ဟိ ကာရယေဗာလိသော။

အညဥ္စ၊ ထို့မှတပါး၊ ဤဆိုလတ္တံ့သောစကားကိုလည်း။ သုဏောဟိ၊ မနော မန္ဒ၊ သဘောကျအောင်၊ သောတတော်ကြည်ရှင်လန်းသဖြင့်၊ ဆင်မြန်းတော် မူပါဦးလော့။ အဗာလိသော၊ လူမိုက်မှတပါး၊ သိကြားလိမ္မာသော။ ကောဟိ၊ အဘယ်မည်ဘိ၊ ပညာရှိသည်။ မိတ္တဥ္စ၊ ချစ်ခင်ကြည်ညို၊ နှစ်ကိုယ်တစိတ်၊ မဟာမိတ်ကိုလည်းကောင်း။ ဗလဥ္စ၊ မိမိ၏အစု၊ စစ်ဗိုလ်ထုကိုလည်းကောင်း။ တထာ၊ ထို့မှတပါး။ ရဇ္ဇဥ္စ၊ပြည်မရပ်ဌာန်၊ ကိုယ့်နိုင်ငံကိုလည်းကောင်း။ အတ္တာနဥ္စ၊

မိမိကိုယ်ကိုလည်းကောင်း။ ကိတ္တိမေဝစ၊ မိမိ၏ ကျော်စောရှိန်စော်၊ ဘုန်းတေဇော်ကိုလည်းကောင်း။ ယုဒ္ဓေ၊ ဗလအားကိုး၊ စစ်ပြိုင်ထိုးရာ၌။ သန္ဒေဟ-ဒေါလဋ္ဌ၊ သို့လော, အသို့လော၊ တွေးတောကြံဆ၊ သံသယပခက်၊ အေးယာဉ်ထက်တွင်၊ အစဉ်တည်လျက်နေသည်ကို။ ကာရယေ၊ မဟာန်အကယ်၊ မှန်မဖွယ်သဖြင့်၊ ကြံရွယ်ပြုလုပ်ပါအံ့နည်း။ နကရေယျဧဝ၊ မဟာန်အမှု၊ အမှန်ကိုရှုသဖြင့်၊ မကြံမပြုသည်သာလျှင်တည်း။

တိုက်ခိုက်ရန်ဖက်က နှစ်ဦးပျက်တတ်ပုံ

ထို့ပြင် သေနာကာယ တူမျှသူ အချင်းချင်းတို့ စစ်ပွဲကြီး ခင်းကျင်းရာ မင်းနှစ်ဖြာ အသက်ပြုန်းလျက် နှစ်ဖက်လုံး ဆုံးရှုံးကြောင်းကို ထုံးဟောင်းနှင့် စံပြလျက် ဟန်ရရ စကားခင်းပြီးလျှင် နားသွင်းမည် အကြံပြုသဖြင့် ကိန္တု ဟု ပလ္လင်ခံ၍ လျှောက်တင်ရန် ဂါထာတရပ်ကို နောက်ထပ်၍ ရွတ်ဆိုပြန်သတည်း။

ကိန္တု —

၂၅။ ယုဒ္ဓေ ဝိနာသော ဘဝတိ၊ ကဒါစိ ဥဘယောရပိ။
သုန္ဒောပသုန္ဒာ အညောညံ၊ နဋ္ဌာ တုလျဗလာ န ကိံ ။

ကိန္တု၊ ထိုမှတပါး၊ ဤလျှောက်တင်ရန်စကားကိုလည်း။ သုဏောဟိ၊ စေ့ငုသေချာ၊ ရွှေနားနာတော်မူပါဦးလော့။ ယုဒ္ဓေ၊ နှစ်ဦးယှဉ်ပြိုင်၊ တိုက်ဆိုင်စစ်ထိုးကြရာ၌။ ကဒါစိ၊ တရံတခါ၊ တိုက်ခိုက်ရာ၌။ ဥဘယောအပိ၊ နှစ်ဦးနှစ်ချက်၊ နှစ်ဖက်သော စစ်သည်တို့သည်လည်း။ ဝိနာသော၊ ထိခိုက်ကျဆုံး၊ သေပျက်ရှုံးခြင်းသည်။ ဘဝတိ၊ ကေန်စင်စစ်၊ အမှန်ဖြစ်တတ်၏။ အညောညံ၊ အချင်းချင်း။ တုလျဗလာ၊ စစ်သည်ဗလ၊ အားတူမျှကြကုန်သော။ သုန္ဒော-ပသုန္ဒာ၊ "သုန္ဒအသုရာနှင့် ဥပသုန္ဒအသုရာ"တို့သည်။ န နဋ္ဌာ ကိံ၊ နှစ်ဖက်သားလုံး၊ ခန္ဓာပြုန်းလျက်၊ မဆုံးရှုံး မပျက်စီးကြကုန်ပါသလော။

ထိုသို့ လျှောက်တင်ရာ ဥဒေါင်းမင်းက "ဤသုန္ဒအသုရာနှင့် ဥပသုန္ဒအသုရာတို့ တိုက်ခိုက်ကြရာ နှစ်ဦးနှစ်ဖက် ပျက်စီးဆုံးရှုံး ခန္ဓာပြုန်းကြပုံ အကြောင်းစုံ အကျယ်ကား အဘယ်သို့ပါနည်း"ဟု မေးတော်မူရာ ဒူရဒဿီ အမတ်ကြီးက အောက်ပါဝတ္ထုကို တင်လျှောက်လေ၏။

သုန္ဒအသုရာနှင့် ဥပသုန္ဒအသုရာဝတ္ထု

ရှေးလွန်လေပြီးသောအခါ ညီနောင်ဖြစ်ကြကုန်သော သုန္ဒအသုရာနှင့် ဥပသုန္ဒအသုရာတို့သည် လောကသုံးပါး၌ မင်းအဖြစ်ကို အလိုရှိကြကုန်သည်

ဖြစ်၍ မိမိတို့ကိုယ်ကို ပြင်းစွာသော ပင်ပန်းဆင်းရဲစေခြင်းနှင့်ယှဉ်သော အကျင့်တို့ကို ကျင့်ကြကုန်လျက် ရှည်မြင့်စွာသောကာလပတ်လုံး **သိဝနတ်မင်းကြီး**အား နှစ်သက်စေအပ်သော ဝတ်တရားတို့ကို ဖြည့်ကျင့်၍ နေထိုင်ကြလေ၏။

ထိုအခါ သိဝနတ်မင်းကြီးသည် ထိုညီနောင် နှစ်ယောက်တို့အား အလွန်နှစ်သက်မြတ်နိုးတော်မူသည်ဖြစ်၍ "သင်တို့ အလိုရှိသောဆုကို တောင်းကြကုန်လော့"ဟု မိန့်ဆိုတော်မူလေ၏။ ထိုသို့ မိန့်တော်မူသည်၏ အခြားမဲ့၌ **သူရဿတီ**နတ်သမီးသည် ထိုညီနောင်တို့ကို မိမိ၏တန်ခိုးဖြင့် လွှမ်းမိုးဖိစီးလျက် တောင့်တရင်းဖြစ်သော လောကသုံးပါး၌ ဘုရင်အဖြစ်မှတပါး အခြားသော ဆုကို တောင်းဆိုကြစေလေ၏။ အဘယ်သို့ တောင်းဆိုကြစေသနည်းဟူမူ "အကယ်၍ **အရှင်မဟေသရ** နတ်မင်းကြီးသည် အကျွန်ုပ်တို့အား နှစ်သက်မြတ်နိုးတော်မူသည်ဖြစ်ပါအံ့၊ ထိုသို့ မြတ်နိုးတော်မူသည်ရှိသော် အကျွန်ုပ်တို့အား အရှင်နတ်မင်းကြီး၏ ကြင်ယာတော်ဖြစ်သော **ပဗ္ဗတီ** မည်သော နတ်မိဖုရားကြီးကို ပေးသနားတော်မူပါ"ဟု တောင်းဆိုကြစေလေ၏။

ထိုသို့ တောင်းဆိုကြသောအခါ ဒေါသအမျက် ခြောင်းခြောင်းထွက်သော **ပရမေသွာ**နတ်မင်းကြီးသည် မိမိသည်ပင်လျှင် အလိုရှိသောဆုကို တောင်းကြလော့ဟု ဆုပေးသနားတော်မူရန် ဝန်ခံပြီးဖြစ်သောကြောင့် မလွဲသာသဖြင့် ပဗ္ဗတီမည်သော နတ်မိဖုရားကြီးကို ထိစဉ်းစားဆင်ခြင်ဉာဏ် ကင်းကုန်သော ညီနောင်နှစ်ယောက်တို့အား မျက်စိကို ဇွတ်မှိတ်လျက် အံကြိတ်ကာအတွင်းဆွေး ဆွေးပြီးလျှင် အေးအေးနှင့်ပင် ပေးအပ်ဆောင်နှင်း လိုက်ရလေတော့သတည်း။

ထိုအခါ ထိုညီနောင်နှစ်ယောက်တို့သည် ဤလောကကြီးကို ဖျက်ဆီးနိုပ်စက်တတ်သော စိတ်၏စွဲလမ်းခြင်းတည်းဟူသော အာသာဆန္ဒကို တိုးပွါးအောင် ပြုလုပ်တတ်သော မောဟတည်းဟူသော အမိုက်တိုက်ဖြင့် ပညာမျက်စိကိုဖုံးလွှမ်းအပ်ကုန်သောကြောင့် ပဗ္ဗတီမည်သော နတ်မိဖုရားကြီး၏ ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်း၌ တပ်နှစ်သက်ကုန်သည်ဖြစ်၍ မျက်စိအမြင် ကြည်လင် ချမ်းမြေ့သဖြင့် တစိမ့်စိမ့်မပျောက်ဘဲ အမြဲကြည့်ရှုလိုကြသည်ဖြစ်၍ "ငါ၏ကြင်ယာ့ ငါ၏ကြင်ယာ"ဟု လုယက် ပြောဆို၍ နောက်ဆုံး၌ မှန်ကန်စွာ ဆုံးဖြတ်နိုင်သော ဖြောင့်မတ်တည်ကြည်သည့် တစုံတယောက်သော ခုံသမာဓိလူကြီး၏ အထံသို့ ချဉ်းကပ်မေးမြန်း၍ ဆုံးဖြတ်စေရန် သဘောတူညီကြလေ၏။

ထိုအခါ ပရမေသွာနတ်မင်းကြီးသည်ပင်လျှင် အရွယ်ကြီးရင့်သော ပုဏ္ဏားအိုကြီးအဟန် ဖန်ဆင်း၍လာပြီးလျှင် ထိုအရပ်သို့ ချဉ်းကပ်လျက် တည်လေ၏။ ထိုသို့ ပုဏ္ဏားကြီးရောက်၍လာရာ "အရှင်ပုဏ္ဏား....အကျွန်ုပ်တို့သည် ဤနတ်သမီး

ကို မိမိတို့၏ အစွမ်းသတ္တိဖြင့် ရအပ်ပါသည်၊ သို့ဖြစ်၍ ဤနတ်သမီးကို ကျွန်ုပ်တို့ ညီနောင်နှစ်ယောက်တို့တွင် မည်သူအား ရသင့်ရထိုက်ပါသနည်း”ဟု ပုဏ္ဏားကြီး၏အထံ၌ မေးမြန်းကြလေ၏။ ထိုသို့ မေးမြန်းကြရာ ပုဏ္ဏားကြီးသည် ဤဆိုလတ္တံ့သော ဂါထာဖြင့် ရွတ်ဆိုပြောပြလေ၏။

အမျိုးလေးပါး၌ ပူဇော်ထိုက်သူများ

၂၆။ ဉာဏသေဋ္ဌော ဒွိဇော ပူဇ္ဇော၊ ခတ္တိယော ဗလဝါ အပိ။
မနေဉာဝိကော ဝေဿော၊ သုဒ္ဒေါ တု ဒွိဇသေဝယာ။

ဉာဏသေဋ္ဌော၊ ကျမ်းဂန်အရပ်ရပ်၊ သိမြင်တတ်သဖြင့်၊ မြင့်မြတ်သော။ ဒွိဇော၊ဗြာဟ္မဏနွယ်ရိုး၊ ပုဏ္ဏားမျိုးကို။ ပူဇိတော၊ ရိုသေလေးမြတ်၊ ပူဇော်အပ်၏။ ဗလဝါ၊ အားအင်တက်ကြွ၊ ဗလနှင့်ပြည့်စုံသော။ ခတ္တိယောပိ၊ ခတ္တိယရိုး၊ မင်းနွယ်မျိုးကိုလည်း။ ပူဇိတော၊ ရိုသေလေးမြတ်၊ ပူဇော်အပ်၏။ မနေဉာဝိ-ကော၊ ဥစ္စာစပါး၊ ပေါများကြွယ်ဝသော။ ဝေဿော၊ ကုန်သည်ရောင်းဝယ်၊ ကုန်သည်အမျိုးကို။ ပူဇိတော၊ ရိုသေလေးမြတ်၊ ပူဇော်အပ်၏။ သုဒ္ဒေါတု၊ သုဒ္ဒဘွဲ့ခံ၊ သာမန်အမျိုးကိုကား။ ဒွိဇသေဝယာ၊ မွေးဖွားပြီးနောက်၊ရွယ်ရောက်ချိန်သင့်၊ ဇာတ်မြင့်သမူ၊ ဒွိဇအဖြစ်ကိုပြုသဖြင့်။ ပူဇိတော၊ ရိုသေလေးမြတ်၊ ပူဇော်အပ်၏။

အဓိပ္ပါယ်။ ။ဗြာဟ္မဏပုဏ္ဏားမျိုးတို့တွင် ကျမ်းဂန်အရပ်ရပ်ကို တတ်သိလိမ္မာသော ပုဏ္ဏားသည် မြင့်မြတ်၏၊ မြတ်နိုးကော်ရော် ပူဇော်အပ်ပေ၏။ မင်းမျိုးတို့တွင် အားခွန်ဗလ သူရသတ္တိနှင့် ပြည့်စုံသောသူသည် မြင့်မြတ်၏၊ မြတ်နိုးကော်ရော် ပူဇော်အပ်ပေ၏။ ကုန်သည်မျိုးတို့တွင် စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံကြွယ်ဝသောသူသည် မြင့်မြတ်၏၊ မြတ်နိုးကော်ရော် ပူဇော်အပ်ပေ၏။ သုဒ္ဒဟုဆိုအပ်သော သူဆင်းရဲမျိုးတို့တွင် အချိန်တန်၍ အရွယ်သင့်သည့်အခါ ဇာတ်မြင့်သွတ်သွင်းခြင်းတည်းဟူသော ဒွိဇ အဖြစ်ကို ပြုအပ်သောသူသည် မြင့်မြတ်၏၊ မြတ်နိုးကော်ရော် ပူဇော်အပ်ပေ၏ ဟူလို။

ထို့ကြောင့် သင်တို့နှစ်ယောက်သည်လည်း ခတ္တိယနွယ်ရိုး မင်းမျိုးမှလျှင် အစဉ်မပျက် ဆင်းသက်၍ လာကြပေသည်။ သို့ဖြစ်၍ သင်တို့သည် အချင်းချင်း ဆိုင်ပြိုင်၍ စစ်ထိုးတိုက်ခိုက်ခြင်းသည်ပင်လျှင် ဆုံးဖြတ်ခြင်း ဖြစ်ပေသည်ဟု ပုဏ္ဏားကြီးက ပြောဆိုရာ ဤပုဏ္ဏားပြောဆိုခြင်းသည် လျော်ကန်သင့်မြတ်ပေသည်ဟု စိတ်နှလုံးဝယ် ဆုံးဖြတ်ကြပြီးလျှင် တူမျှသော သတ္တိဗလရှိကြကုန်သည်ဖြစ်၍ တချိန်တည်း တပြိုင်နက် အချင်းချင်း ထိုးခုတ်သတ်ဖြတ်ကြသဖြင့် နှစ်ဦးနှစ်ဖက်လုံးပင် ပျက်စီး ဆုံးရှုံးခြင်းသို့ ရောက်ကြလေ၏။ ထို့ကြောင့်

ကျွန်တော်မျိုးသည် **သန္ဓိမိစ္ဆေ သမေနာပိ**အစရှိသော စကားကို ဆိုပါသည်ဟု တင်လျှောက်လေ၏။

သုန္ဒအသူရာနှင့် ဥပသုန္ဒအသူရာဝတ္ထု ပြီး၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု(အဆက်)

ထိုအခါ ဥဒေါင်းမင်းက "အမတ်ကြီး....ထိုသို့ ဖြစ်ပါလျှင် ယခင်အစ အဦး ပကတူးကပင်လျှင် သင်သည် အဘယ်ကြောင့် ဤသို့ မပြောကြားပါသနည်း"ဟု အပြစ်တင်စကားဖြင့် မိန့်ကြားတော်မူလေ၏။

ထိုသို့ မိန့်ဆိုတော်မူရာ အမတ်ကြီးက "အရှင် ဥဒေါင်းမင်း.... ထိုအစ အဦး ပကတူးကပင်လျှင် အရှင်မင်းကြီးသည် ကျွန်တော်မျိုး ပြောကြား တင်လျှောက်သောစကားကို အပြီးအဆုံးသို့ ရောက်အောင် အဘယ့်ကြောင့် နာတော်မမူပါသနည်း၊ ထိုအခါ၌လည်း ကျွန်တော်မျိုး၏ အလိုအားဖြင့် ဤသို့ဗလအားကိုး စစ်ထိုးတိုက်ခိုက်ခြင်းသည် မဖြစ်တန်ရာပါ၊ အဘယ့်ကြောင့် ဆိုသော် ဤဟိရညဂဗ္ဘမည်သော ဟသ်ာမင်းသည် ဇော့စပ်ပေါင်းသင်းအပ်သော ဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ အချင်းချင်းအန်တုလျက် ရန်ပြုတိုက်ခိုက်သင့်သောသူ မဟုတ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် နီတိခမ္မသတ် ကျမ်းတတ် သိမြင် ဆရာရှင်တို့သည် ဤသို့သွန်သင်ဆုံးမ ဩဝါဒစကားဖြင့် ညွှန်ကြားတော်မူအပ်ပါ၏"ဟု ဆို၍ ဤဆိုလတ္တံ့သောဂါထာတို့ကို ရွတ်ဆိုတင်လျှောက်လေ၏။

ပေါင်းသင်းဆက်စပ် မိတ်ဖွဲ့အပ်သော မင်းနှစ်မျိုး

ထိုဂါထာတို့တွင်လည်း ရှေးဦးစွာ ယှဉ်တွဲပေါင်းစပ် မိတ်ဖွဲ့အပ်သောသူ မိတ်ဖွဲ့အပ်သောမင်းတို့၏ သရုပ်ကို ထုတ်ဆိုညွှန်ပြလိုသည်ဖြစ်၍ **သစ္စာရိယော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၂၇။ သစ္စာရိယော ဓမ္မိကောနာရိယော၊ ဘာတုသင်္ဃာတဝါ ဗလီ။
အနေကယုဒ္ဓဝိဇယီ၊ သန္ဓယော သတ္တ ကိတ္တိတာ။

သစ္စာရိယောစ၊ ဖြောင့်မှန်ဂတိ၊ သစ္စာရှိသောသူနှင့်၊ မြင့်မြတ်စိတ်ထား၊ သဘောသွားရှိသောသူလည်းကောင်း။ ဓမ္မိကောစ၊ မမှားမထောင့်၊ တရားစောင့်သောသူလည်းကောင်း။ အနရိယောစ၊ မနသိုးပုတ်၊ ဆိုးယုတ်စွာလျှ၊ နိမ့်ကျသောစိတ် ရှိသောသူလည်းကောင်း။ ဘာတုသင်္ဃာတဝါ၊ တမိဝမ်းတွင်း၊ အတူဆင်းသည့်၊ သားချင်းပေါက်ဖော်၊ နောင်တော်ညီဘွား၊ များစွာရှိသောသူ

လည်းကောင်း။ ဗလီ၊ ခွန်အားဗလ၊ ပြည့်ဝသောသူလည်းကောင်း။ အနေက-ယုဒ္ဓဝိဇယီ၊ တပါးမက၊ များပြားလှစွာသော စစ်ပွဲတို့၌၊ နွဲနွဲသမျှ၊ အနိုင်ရခြင်း ရှိသောသူ လည်းကောင်း။ ဋ္ဌတိ၊ ဤသို့။ ဋ္ဌမေသတ္တ၊ ဤသို့ညွှန်ကြား၊ ခုနစ် ဦးသားသောသူတို့ကို။ သန္ဓယော၊ ယှဉ်တွဲပေါင်းစပ်၊ မိတ်ဖွဲ့အပ်သော သူတို့ ဟူ၍။ ကိတ္တိတာ၊ နီတိကျမ်းတတ်၊ ဆရာမြတ်တို့၊ မိန့်မှာတော်မူအပ်ကုန်၏။

အစိပ္ပါယ်——

⁄ (၁) သစ္စာဂတိ ဖြောင့်မှန် တည်ကြည်ခြင်း ရှိသောသူ၊ တည်ကြည်ခြင်း ရှိသောမင်း။

(၂) စိတ်နေစိတ်ထား သဘောသွား မြင့်မြတ်သောသူ၊ မြင့်မြတ်သောမင်း။

(၃) ဖောက်ဖောက်ပြန်ပြန် မကျင့်ကြံမူ၍တရားနှင့် လျော်ကန်သည်ကိုသာ ပြုလုပ်ဆောင်ရွက်သောသူ၊ ပြုလုပ်ဆောင်ရွက်သောမင်း။

(၄) ကောက်ကျစ်စဉ်းလဲ ဝမ်းထဲသိုးပုပ်သဖြင့် ဆိုးယုတ်နိမ့်ကျသော သဘောရှိသောသူ၊ သဘောရှိသောမင်း။

(၅) ပေါက်ဖော်သားချင်း ဆွေရင်းမျိုးချာ ဉာတကာတို့ များစွာရှိသော သူ၊ များစွာရှိသောမင်း။

(၆) သေနာကာယ ခနအင်အား လွန်စွာကြီးမားသောသူ၊ လွန်စွာကြီး မားသောမင်း။

(၇) တပါးမက များပြားလှစွာသော စစ်ပွဲတို့၌ ယှဉ်နွဲ ဆိုင်ပြိုင်သမျှ အနိုင် ရခြင်းရှိသောသူ၊ အနိုင်ရခြင်းရှိသောမင်း။

ဤသို့ပြဆို ညွှန်ကြားအပ်သော (၇) ဦးသားတို့ကို ပေါင်းသင်းယှဉ်စပ် မိတ်ဖွဲ့အပ်၏ဟူ၍ နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာတော်မူအပ်ပေသည် ဟူလို။

မင်းခုနစ်မျိုးတို့နှင့် ပေါင်းသင်းသင့်ပုံအကျယ်

ထို့နောက် ထို(၇)ယောက်တို့တွင် အစဉ်အားဖြင့် ဖြောင့်မှန်ဂတိ သစ္စာရှိ သောသူ၊ သစ္စာရှိသောမင်းနှင့် မြင့်မြတ်သောစိတ်နေစိတ်ထား သဘောသွား ရှိသောသူ၊ သဘောသွားရှိသောမင်းတို့၏ ယှဉ်တွဲဖက်စပ် မိတ်ဖွဲ့အပ်သော ဂုဏ်အထူးကို ပြဆိုလိုသည်ဖြစ်၍ သစ္စောနုပါလယံ အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၂၈။ သစ္စောနုပါလယံ သန္ဓိ၊ သန္ဓိတော နေတိ ဝိကြိယံ။
ပါဏဗာဓေပိ သုဗျတ္တ—မာရိယောနာယာတျနာရိယတံ။

သစ္စော၊ တည်ကြည်ဖြောင့်မှန်၊ အရိုးခံသဘောရှိသောသူ၊ သဘောရှိသော မင်းသည်။ သန္ဓိတော၊ ယှဉ်တွဲပေါင်းစပ်၊ မိတ်ဖွဲ့အပ်ပြီးသည်မှ၊ နောက်ကာလ၌။ သစ္စံ၊ မိမိ၏တည်ကြည်ဖြောင့်မှန်၊ အရိုးခံသဘောကို။ အနုပါလယံ—အနုပါလယန္တော၊ အတွင်မထောင့်၊ အစဉ်စောင့်သည်ဖြစ်၍။ ဝိကြိယံ၊ ဖောက်လွဲဖောက်ပြန်၊ မမှန်သည်၏အဖြစ်သို့။ နေတိ၊ မချကောန်၊ အမှန်မကျရောက်ပေ။ အရိယော၊ မြင့်မြတ်သော စိတ်နေစိတ်ထား၊ သဘောသွားရှိသောသူ၊ သဘောသွားရှိသော မင်းသည်။ ပါဏဗာဓေအပိ၊ အသက်ဆုံးရှုံးအောင်၊ လူလုံးမလှ၊ ဖြစ်ရပါသော်လည်း။ အနရိယတံ၊ မမြင့်မမြတ်၊ မတင့်အပ်သည်၏အဖြစ်သို့။ န အာယာတိ၊ အကောက်မကျန်၊ မဖောက်ပြန်သဖြင့်၊ မရောက်မှန်ပေ၏။ ဣတိ၊ ဤသို့။ သုဗျတ္တံ၊ သိသာပေါ်လွင်သဖြင့်၊ အလွန်လျှင် ထင်ရှားလှပေ၏။

အဓိပ္ပါယ်။ ။ထို (၇)ယောက်သောသူ၊ (၇)ယောက်သောမင်းတို့တွင် စိတ်သဘောတည်ကြည်ဖြောင့်မှန်၍ အရိုးခံသဘောရှိသောသူ၊ အရိုးခံသဘောရှိသောမင်းသည် ယှဉ်တွဲဖက်စပ် မိတ်ဖွဲ့အပ်ပြီးသည်ရှိသော် ထိုသို့ မိတ်ဖွဲ့အပ်ပြီးသည်မှ နောက်ကာလ၌ မိမိ၏ တည်ကြည်ဖြောင့်မှန်၍ အရိုးခံဖြစ်သော သဘောကိုပင်လျှင် မထောင့်မကွက်စေရန် အစဉ်စောင့်ရှောက်လျက် ဖောက်လွဲဖောက်ပြန် မမှန်ကန်သည်၏အဖြစ်သို့ မည်သည့်အခါ၌မျှ မကျမရောက်တတ်ပေ။ မြင့်မြတ်သော စိတ်နေစိတ်ထား သဘောသွားရှိသောသူ၊ သဘောသွားရှိသော မင်းသည်လည်း အသက်ကို အန္တရာယ်ပြုလောက်အောင် တစုံတခုသောအမှုကိစ္စနှင့် တွေ့ကြုံပါသော်လည်း မည်သည့်အခါ၌မျှ အလွန်သေးသိမ် ညံ့ဖျင်းဆိုးဝါးသော စိတ်သဘောရှိခြင်းသို့ ဖောက်ဖောက်ပြန်ပြန် အကောက်ကြံလျက် မရောက်နိုင်ခြင်းမှန်ပေ၏။ ထိုသို့ ကောင်းမြတ်သည်၏အဖြစ်သည် သိသာပေါ်လွင်၍ အလွန်ထင်ရှားလှပေသည်။ ထို့ကြောင့် ထိုသို့သဘောရှိသောသူ ထိုသို့သဘောရှိသောမင်းတို့ကို ယှဉ်တွဲပေါင်းစပ် မိတ်ဖွဲ့အပ်၏ဟု ဆိုလိုသည်။

ထို့နောက် တရားစောင့်သောမင်းနှင့် အချင်းချင်း စေ့စပ်၍ မဟာမိတ်ဖွဲ့အပ်ကြောင်းကို ပြလိုသည်ဖြစ်၍ **ဓမ္မိကဿာဘိယုတ္တဿ** အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၂၉။ ဓမ္မိကဿာဘိယုတ္တဿ၊ သဗ္ဗေယေဝ ဟိ ယုဇ္ဈတေ။
ပဇာနုရာဂါ ဓမ္မာ စ၊ ဒုက္ခစ္ဆေဇ္ဇော ဟိ ဓမ္မိကော။

အဘိယုတ္တဿ၊ ရန်သူခပင်းတို့၊ နှိပ်နင်း တိုက်ခိုက်အပ်သော။ ဓမ္မိကဿ၊ မမှားမထောင့်၊ တရားစောင့်သောမင်းသည်။ သဗ္ဗေယေဝ၊ တိုက်ခိုက်ဥဿုံ၊

အလုံးစုံသောရန်သူတို့ကိုသာလျှင်။ ယုဇ္ဈတေ၊ တယောက်မကျန်၊ တွန်းလှန်တိုက်ခိုက်ရာ၏။ ဟိကသ္မာ၊ ဘယ်သို့အမှု၊ အကြောင်းပြုလျက်၊ ခုခံ၍တိုက်ဖျက်နိုင်သနည်းဟူမူကား။ ဓမ္မိကော၊ မမှားမထောင့်၊ တရားစောင့်သောမင်းကို။ ပဇာနုရာဂါစ၊ တိုင်းသားပြည်သူ၊ များဗိုလ်လူတို့၊ ကြည်ဖြူနှစ်သက်၊ လွန်စုံမက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဓမ္မာစ၊ မမှားဖြောင့်ဖြောင့်၊ တရားကိုစောင့်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဒုက္ခစ္စေဇ္ဇော၊ ရန်သူခပင်းတို့၊ ခဲယဉ်းစွာ ဖိစီးနှိပ်စက်အပ်၏၊ ဖိစီးနှိပ်စက်နိုင်ခဲ၏၊ မဖိစီးမနှိပ်စက်နိုင်။ တသ္မာ၊ ထိုသို့အမှု၊ အကြောင်းပြုလျက်၊ ခုခံ၍ တိုက်ခိုက်ပေရာ၏။

အဓိပ္ပါယ်။ ။မမှားမထောင့် တရားစောင့်သောမင်းကို ရန်သူခပင်းတို့ ဝိုင်းဝန်းတိုက်ခိုက်အပ်သည်ရှိသော် ထိုမင်းနှင့် စပ်သမျှသော အလုံးစုံသောသူတို့သည် ဝိုင်းဝန်းခုခံ၍ ရန်သူဟူသမျှတို့ကို တစမကျန်အောင် တွန်းလှန်၍ တိုက်ခိုက်ကြပေရာ၏။ (တနည်းကား) ထိုတရားစောင့်သောမင်းသည် ရန်သူဟူသမျှကို တစမကျန် တွန်းလှန်တိုက်ခိုက်နိုင်မည်မလွဲ ဖြစ်ပေသည်။ အဘယ်ကြောင့် ထိုကဲ့သို့ တွန်းလှန်၍ တိုက်ခိုက်နိုင်သနည်းဟူမူ ထိုတရားစောင့်သောမင်းကို တိုင်းသားပြည်သူ များဗိုလ်လူတို့သည် ကြည်ဖြူနှစ်သက် လွန်စုံမက်ကြသည်ဖြစ်၍လည်းကောင်း, ဖြောင့်မတ်ရိုးသားစွာ တရားကိုစောင့်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ရန်သူတို့သည် ခဲယဉ်းစွာ ဖိစီးနှိပ်စက်အပ်၏၊ ဖိစီးနှိပ်စက်ရန် ခဲယဉ်းလှ၏၊ မဖိစီး မနှိပ်စက်နိုင်ပေ။ ထို့ကြောင့် ထိုတရားစောင့်သောမင်းသည် ရန်သူဟူသမျှကို တစမကျန် တွန်းလှန်တိုက်ခိုက်နိုင်ပေသည်။ သို့ဖြစ်၍ တရားစောင့်သောမင်းကို ယှဉ်တွဲဖက်စပ် မိတ်ဖွဲ့အပ်ပေသည် ဟူလို။

ထို့ပြင် စိတ်သဘောယုတ်နိမ့်သောသူ၊ ယုတ်နိမ့်သောမင်းနှင့်လည်း မလွဲမကင်းသာသည့်အခိုက် တခါတရံ ပေါင်းသင်း မိတ်ဖွဲ့အပ်သောအကြောင်းကို ပြဆိုလိုသည်ဖြစ်၍ **သန္ဓိ ကတောပျနာရိယေန** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၃၀။ သန္ဓိ ကတောပျနာရိယေန၊ ဝိနာသေ သမုပဋ္ဌိတေ။
　　　ဝိနာ တဿာသယေနာရိယော၊ ကရေန ကာလယာပနံ။

ဝိနာသေ၊ ဆုတ်ယုတ်မည့်ဘေး၊ ပျက်စီးရေးသည်။ သမုပဋ္ဌိတေ၊ ကောင်းစွာနီးကပ်၊ တည်တုံလတ်မူ။ အနာရိယေနာပိ၊ စိတ်နေစိတ်ထား၊ ဆိုးဝါးယုတ်မာသောသူနှင့်လည်း။ သန္ဓိံ၊ ရောနှောပေါင်းသင်း၊ မိတ်ဖွဲ့ခြင်းကို။ ကတော၊ မလွဲသာခိုက်၊ ပြုဘို့ထိုက်၏။ ကသ္မာ၊ ပြုသင့်ပြုကောင်း၊ အကြောင်းမှတ်ဖွယ်၊ အဘယ်နည်းဟူမူကား။ တဿ၊ ထိုစိတ်နေစိတ်ထား၊ဆိုးဝါးယုတ်မာသောသူ၏။

အာသယေန၊ မှီတင်းကပ်ကာ၊ ခိုလှုံရာနှင့်။ ဝိနာ၊ ရှင်းရှင်းအလွတ်၊ ကင်းစင်လွတ်သဖြင့်။ အရိယော၊ မြင့်မြတ်စိတ်ထား၊ သဘောသွားရှိသောသူသည်။ ကာလယာပနံ၊ အချိန်ကုန်ပျောက်၊ လွန်မြောက်စေခြင်းကို။ နကရေ၊ မပြုနိုင်ရာ။ တသ္မာ၊ ထိုသို့ အခြားခိုရာ၊ မရှိပါသောကြောင့်တည်း။

အဓိပ္ပါယ်။ ။မိမိ၌ တစုံတခုသော ဘေးဥပဒ် အန္တရာယ်တို့ဖြင့် ကိုယ်ဝယ်ဖိစီး၍ ပျက်စီးဆုတ်ယုတ်သည့် အရေးအရာသည် နီးကပ်စွာ တည်ခဲ့သည်ရှိသော် ထိုကဲ့သို့သော အခါကာလ၌ စိတ်နေစိတ်ထား သဘောသွားယုတ်မာသောသူနှင့်လည်း ပေါင်းသင်းဖက်စပ် မိတ်ဖွဲ့အပ်ပါသေး၏။ အဘယ့်ကြောင့် ထိုသို့ယုတ်မာသောသူနှင့် ပေါင်းသင်းဖက်စပ် မိတ်ဖွဲ့အပ်သနည်းဟူမူ မြင့်မြတ်သောသူသည် ထိုဆိုးယုတ်သောသူ၏ မှီခိုဆည်းကပ်ရာကို စွန့်လွှတ်၍ ထိုပျက်စီး ဆုတ်ယုတ်အံ့သော အချိန်ကာလကို လွန်မြောက်အောင် မတတ်နိုင်၊ ထိုယုတ်မာသောသူကို မမှီခို မဆည်းကပ်ရပါမူ မချွတ်မလွဲ အမြဲပင် ပျက်စီးဆုတ်ယုတ်မည် ဖြစ်ပေသည်။ ထို့ကြောင့် ယုတ်မာသောသူကိုလည်း ရောနှောပေါင်းသင်းလျက် မိတ်ဖွဲ့ခြင်းအမှုကို မလွဲသာသည့်အခိုက်၌ ပြုဘို့ပြုရန် သင့်လျော်ကန်ပေသည်ဟူလို။

ထို့ပြင် ပေါက်ဖော်သားချင်း အရင်းအချာ များစွာရှိသောသူကိုလည်း ဆက်ဆံပေါင်းသင်း မိတ်ဖွဲ့ခြင်း ပြုထိုက်သည့် အကြောင်းကို ပြဆိုလိုသည်ဖြစ်၍ **သံဟတတ္တာ ယထာ ဝေဏုအစ**ရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၃၁။ သံဟတတ္တာ ယထာ ဝေဏု၊ နိဝိဍော ကဏ္ဋကာဝုတော။
န သက္ကတေ သမုစ္ဆေတုံ၊ ဘာတုသံဃာတဝံ တထာ။

နိဝိဍော၊ အကိုင်းအခက်၊ မြေးယှက်ထူထပ်၊ ရှုပ်ပွေကျပ်သော။ ဝေဏု၊ ဆူးတက်ပေများ၊ ကြခတ်ဝါးကို။ ကဏ္ဋကာဝုတော၊ ဆူးတို့ဖြင့်ရှုပ်ယှက်လျက်၊ ပြည့်နှက်ဖုံးလွှမ်းအပ်သည်ဖြစ်၍။ သံဟတတ္တာ၊ ဝန်းကျင်ပတ်ကုံး၊ကျပ်တည်းစွာ ပေါင်းရုံးအပ်သည်၏ အဖြစ်ကြောင့်။ သမုစ္ဆေတုံ၊ ကောင်းစွာလွတ်လပ်၊ ခုတ်ပယ်ဖြတ်ခြင်းငှါ။ နသက္ကတေယထာ၊ အကြမ်းပိုင်ပိုင်၊ အရမ်းချိုင်သော်လည်း၊ မစွမ်းနိုင်ရာသကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ဘာတုသံဃာတဝံ၊ တမိဝမ်းတွင်း၊ အတူဆင်းသည့်၊ သားချင်းပေါက်ဖော်၊နှောင်တော်ညီဘွား၊ များစွာရှိသောသူကို။ သမုစ္ဆေတုံ၊ ကောင်းစွာလွတ်လပ်၊ နှိပ်စက်ဖြတ်ခြင်းငှါ။ နသက္ကတေ၊ အကြမ်းပိုင်ပိုင်၊အရမ်းကိုင်သော်လည်း၊ မစွမ်းနိုင်ပေရာ။

အဓိပ္ပါယ်။ ။အကိုင်းအခက်တို့ဖြင့် ရှုပ်ပွေထူထပ်လျက် မြေးယှက်ပြည့်ကျပ်၍ နေသော ကြခတ်ဝါးကို ဆူးတို့ဖြင့် ရှုပ်ယှက်လျက် ပြည့်နှက် တင်းကြမ်းဖုံးလွှမ်းရစ်ပတ်အပ်သည်ဖြစ်၍ ဝန်းကျင်ပတ်ကုံး တလုံးနှင့်တလုံးကို ကျပ်တည်း

စွာ ပေါင်းရုံးပြီးလျှင် သိမ်းကျုံးစုရုံးအပ်သောကြောင့် လွယ်လင့်တကူအားဖြင့် လွတ်လွတ်လပ်လပ် ခုတ်ဖြတ်ပယ်ဖျက်ခြင်းငှါ အလျှင်းမစွမ်းနိုင်ရာသကဲ့သို့ ထို့ အတူ တမိဝမ်းတွင်း အတူဆင်းသည့် သားချင်းပေါက်ဖော် နောင်တော်ညီဘွား များသော အခြံအရံရှိသောမင်းကို ရန်သူ ခပင်းတို့သည် နှိပ်နင်းဖျက်ဆီးခြင်းငှါ မည်သည့်အခါ၌မျှ မစွမ်းဆောင်နိုင်ပေရာ။ ထို့ကြောင့် ထိုသို့ ပေါက်ဖော် သားချင်း ညီရင်းအစ်ကို များစွာရှိသောမင်းကို ပေါင်းသင်းဆက်စပ် မိတ်ဖွဲ့ အပ်ပေသည် ဟူလို။

ထို့ပြင် မိမိထက် ဗလအားခွန် လွန်ကဲကြီးမားသော မင်းနှင့် ပေါင်းသင်း ဆက်စပ် မိတ်ဖွဲ့အပ်သည်၏အဖြစ်ကို ပြပြန်လိုသည်ဖြစ်၍ **ဗလိနာ သဟာအစ**ရှိ သောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၃၂။ ဗလိနာ သဟာ ယောဒ္ဓဗ္ဗ—မိတိ နတ္ထိ နိဒဿနံ။
ပတိဝါတံ န ဟိ ဃနော၊ ကဒါစိ ဥပသပ္ပတိ။

ဗလိနာ၊ ကိုယ့်ထက်သာလွန်၊ အားခွန်ဗလ၊ ကြီးမားလှသောသူနှင့်။ သဟ၊ တကွ။ ယောဒ္ဓဗ္ဗံဣတိ၊ ခုခံအန်တုလျက်၊ ရန်ပြု တိုက်ခိုက်ရမည် ဟူ၍။ နိဒဿနံ၊ နိတိကျမ်းတတ်၊ ဆရာမြတ်တို့၊ မိန့်အပ်စကား၊ နည်းညွှန် ကြားခြင်းသည်။ နတ္ထိ၊ ဧကန်တိတိ၊ မှန်မရှိခဲ့။ ဃနော၊ ကောင်းကင် တဝိုက်၊ မိုးဃ်းတိမ်တိုက်သည်။ ကဒါစိ၊ တခါတရံမျှ။ ပတိဝါတံ၊ လေကို ဆန်တက်၊ လေအထက်သို့။ နဟိဥပသပ္ပတိ၊ မရွေ့မရှား၊ မသွားစင်စစ်၊ အမှန် ဖြစ်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။မိမိထက် စစ်သည် အင်အား, လက်နက် အင်အား, ဓန အင်အား များပြားပိုလွန်သောသူနှင့် ဖက်ပြိုင်အန်တုလျက် ခုခံတိုက်ခိုက်ရန် လျှော်ကန်သင့်မြတ်၏ဟူ၍ ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်သိမြင်သော မည်သည့် ပညာရှင် တဦးတယောက်မျှ ဆုံးမညွှန်ကြားခြင်း မရှိခဲ့ပေ။ ကောင်းကင် အပြင်၌ တိမ်တိုက်မိုးဃ်းသားတို့သည် မည်သည့်အခါ၌မျှ လေကိုခုခံပြန်လှန်လျက် ဆန်တက်သွားလာခြင်း မရှိသကဲ့သို့ ထို့အတူ မိမိထက် အားခွန်ဗလ ပြည့်ဝ ကဲလွန်သောသူနှင့် မည်သည့်ကာလ၌မျှ ဖက်ပြိုင်အန်တုရန် မသင့်လျော်ပေ။ အခါခပ်သိမ်း ပေါင်းသင်းဆက်စပ် မိတ်ဖွဲ့အပ်သည်သာ ဖြစ်ပေသည် ဟူလို။

ထို့ပြင် များစွာသောစစ်ပွဲတို့၌ အောင်နိုင်ခြင်းရှိသောမင်းကိုလည်း နှစ်ကိုယ့် တစိတ်ပြုလျက် မဟာမိတ် ဖွဲ့စပ်ထိုက်ကြောင်းကို ပြဆိုလိုသည်ဖြစ်၍ ဤဆို လတံ့သောဂါထာတို့ကို ရွတ်ဆိုတင်လျှောက်လေ၏။

၃၃။ ဇမဒဂ္ဂိသုတဿေဝ၊ သဗ္ဗော သဗ္ဗုတြ သဗ္ဗဒါ။
အနေကယုဒ္ဓဇယိနော၊ ပတာပါယေဝ ဘုဇျတေ။
၃၄။ အနေကယုဒ္ဓဝိဇယီ၊ သန္ဓာနံ ယဿ ဂစ္ဆတိ။
တပ္ပတာပေန တဿာသု၊ ဝသမာယန္တိ သတ္တဝေါ။

ဇမဒဂ္ဂိသုတဿဝ၊ "ဇမဒဂ္ဂိ"၏သားဖြစ်သော "ပရသုရာမ"မင်းကဲ့သို့။ အနေကယုဒ္ဓဇယိနော၊ များစွာသောစစ်ပွဲတို့၌၊ နှိန်နှင်းသမျှ၊ အနိုင်ရခြင်းရှိသော မင်းသည်။ ပတာပါယေဝ၊ မိမိတန်ခိုးရှိန်စော်၊ အာနုဘော်အားဖြင့်သာလျှင်။ သဗ္ဗော၊ လုံးစုံများစွာ၊ ဗိုလ်ပါအပေါင်းသည်။ သဗ္ဗုတြ၊ ရောက်လေရာရာ၊ နေရာတကာတို့၌။ သဗ္ဗဒါ၊ ခပ်သိမ်းကာလ၊ ခါသမယတို့၌။ ဘုဇျတေ၊ ဝမ်းမြောက်ကြည်လင်၊ ပျော်စံရှင်၏။

အနေကယုဒ္ဓဝိဇယီ၊ များစွာသောစစ်ပွဲတို့၌၊ နှိန်နှင်းသမျှ၊ အနိုင်ရခြင်းရှိသော မင်းသည်။ ယဿ၊ အကြင်မင်းအား။ သန္ဓာနံ၊ ပေါင်းယှဥ်ရောစပ်၊ မိတ်ဖွဲ့အပ်သည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ တပ္ပတာပေန၊ ထိုစစ်ပွဲများမြောင်၊ နှိပ်ကွပ်အောင်သောမင်း၏ တန်ခိုးရှိန်စော်၊ အာနုဘော်ကြောင့်။ တဿ၊ ထိုချစ်ခင်ပေါင်းသင်း၊ မိတ်ဆွေမင်း၏။ သတ္တဝေါ၊ များဖြင်သောင်းသောင်း၊ ရန်သူအပေါင်းတို့သည်။ အာသု၊ မြင့်ရှည်မကြာ၊ ဆောလျှင်စွာ။ ဝသံ၊ နဂိုရ်အကြိုက်၊ အလိုလိုက်ရခြင်းသို့။ အာယန္တိ၊ မပယ်မဖောက်၊ အလွယ်နှင့်ရောက် တတ်ကုန်၏။

အဓိပ္ပါယ်။ ။အကြင်မင်းသည် "ဇမဒဂ္ဂိ"၏ သားဖြစ်သော "ပရသုရာမ" မင်းကဲ့သို့၊ သို့မဟုတ် "ဗသျှူးရာမ" မင်းကဲ့သို့ များစွာသောစစ်ပွဲတို့၌ နှိပ်လေ သမျှ အနိုင်ရ၍ မိမိ၏ ဘုန်းတန်ခိုးအာနုဘော်အားဖြင့်သာလျှင် အလုံးစုံသော ကျေးကျွန် ခြွေရံ အစေခံ ပရိသတ်တို့သည် ရောက်လေရာရာ နေရာတကာတို့၌ အခါခပ်သိမ်းပင်လျှင် ဝမ်းမြောက် ကြည်လင်၍ ပျော်ရွှင်စွာ နေကြရပေ၏။ ထိုသို့များစွာသော စစ်ပွဲတို့၌ နှိန်နှင်းသမျှ အနိုင်ရသောမင်းသည် မိမိနှင့်ဖွဲ့စပ် ပေါင်းသင်းအပ်ပြီးသော မဟာမိတ်အဖြစ်သို့ ရောက်ကုန်သောမင်းတို့၏ ရန်သူ ဟူသမျှတို့ကို မိမိ၏ ဘုန်းတန်ခိုးအာနုဘော်အားဖြင့်ပင်လျှင် ထိုမဟာမိတ်မင်း တို့၏ လက်အောက်သို့ လျင်မြန်စွာ ကျရောက်စေတတ်ပေသည်။ ထို့ကြောင့် ထိုသို့သဘောရှိသောမင်းကို နှစ်ကိုယ့်တစိတ်ပြုလျက် မဟာမိတ်ဖွဲ့စပ်ထိုက်ပေ သည်ဟု ဆိုလိုသည်။

ထို့ကြောင့် ဤပြဆိုအပ်ခဲ့ပြီးသော များစွာသောဂုဏ်တို့နှင့် ပြည့်စုံသော ဤဟံသာမင်းကို ပေါင်းယှဥ်တွဲစပ် မဟာမိတ်ဖွဲ့အပ်ပါ၏ဟု လင်းတအမတ်ကြီးက

နားတော်လျှောက်လေ၏ဟု သူလျှိုဥဗျိုင်းသည် ဥဒေါင်းမင်းနှင့် လင်းတ အမတ်ကြီးတို့ တိုင်ပင်ပြောဆိုကြပုံ အလုံးစုံသော အကြောင်းအရာတို့ကို ကောင်းစွာစေ့ငု တခုမကျန် ပြန်လှန်၍ တင်လျှောက်လေ၏။

ထိုသို့ ဥဗျိုင်းလျှောက်တင် ပြောဆိုသောအခါ စက္ကဝက် အမတ်ကြီးက ဤသို့ဆို၏—"အိုသူလျှိုအမတ်ဖြစ်သောဥဗျိုင်း....သင်သည် အလွန်သင့်လျော်လျောက်ပတ် မြင့်မြတ်လှပါပေသည်၊ ကျွန်ုပ်သည် အလုံးစုံသော အကြောင်းအရာတို့ကို ကျနစွာ သိရပါပေပြီ။ တဖန် ထိုဥဒေါင်းမင်း၏ အထံသို့ သွား၍ သတင်းထူးများကို နာခံမှတ်သားပြီးလျှင် ပြန်လည်ပြောကြားပါဦးလော့"ဟု ပြောဆို၍ လွှတ်လိုက်လေ၏။

မိတ်မဖွဲ့အပ်သော မင်းအမျိုးအစားနှစ်ဆယ်

ထို့နောက် ဟိရညဂဗ္ဘ မည်သော ဟသ်ာမင်းက စက္ကဝက်အမတ်ကြီးကို ဤသို့မေးမြန်းလေ၏— "စက္ကဝက်အမတ်ကြီး....မပေါင်းယှဉ်အပ် မိတ်မဖွဲ့အပ်သောသူတို့သည် အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း၊ ထိုသူတို့ကို သိကြားနားလည်လိုပါသည်"ဟု မေးမြန်းတော်မူလေရာ စက္ကဝက် အမတ်ကြီးက "အရှင်မင်းကြီး....မိတ်မဖွဲ့အပ်သောသူတို့ကို တင်လျှောက်ပါအံ့၊ နာတော်မူပါလော့"ဟုဆို၍ ဤဆိုလတံ့သောဂါထာတို့ကို ရွတ်ဆို တင်လျှောက်လေ၏။

၃၅။ ဗာလော ဝုဒ္ဓေါ ဒီဃရောဂီ၊ တထာ ဉာတိဗဟိက္ကတော။
ဘိရုကော ဘိရုကဇနော၊ လုဒ္ဓေါ လုဒ္ဓဇနော တထာ။

ဗာလော၊ အသက်အရွယ်၊ နုနယ်ပျိုမျစ်၊ အငယ်သာဖြစ်သောမင်းလည်းကောင်း။ ဝုဒ္ဓေါ၊ သက်ရွယ်ကြီးပြင်း၊ အိုမင်းသောမင်းလည်းကောင်း။ ဒီဃရောဂီ၊ ရောဂါဝေဒနာ၊ ရှည်ကြာအမြဲ၊ မတ်တတ်နာစွဲသောမင်းလည်းကောင်း။ တထာ၊ ထိုမှတပါး။ ဉာတိဗဟိက္ကတော၊ မျိုးနွယ်အတွင်းမှ၊ စာရင်းပယ်ဖျောက်၊ သပိတ်မှောက်အပ်သောမင်းလည်းကောင်း။ ဘိရုကော၊ ရှုံကြောက်ထိတ်လန့်၊ စိတ်မသန့်တတ်သောမင်းလည်းကောင်း။ ဘိရုကဇနော၊ ကြောက်ရှုံထိတ်လန့်၊ စိတ်မသန့်သော၊ ကျေးကျွန်ခြွေရံ၊ အစေခံရှိသောမင်းလည်းကောင်း။ လုဒ္ဓေါ၊ အလိုရမ္မက်၊ လျှမ်းလျှမ်းတက်သောမင်းလည်းကောင်း။ တထာ၊ ထိုမှတပါး။ လုဒ္ဓဇနော၊ အလိုရမ္မက်၊ လျှမ်းလျှမ်းတက်သော ကျေးကျွန်ခြွေရံ၊ အစေခံရှိသောမင်းလည်းကောင်း။

၃၆။ ဝိရတ္တပကတိစ္စေဝ၊ ဝိသယေသ္ဝတိသတ္တိမာ။
အနေကစိတ္တမန္တော စ၊ ဒေဝဗြာဟ္မဏနိန္ဒိကော။

ဝိရတ္တပကတိစ္စေဝ၊ မချစ်ခင် မစုံမက်၊ မနှစ်သက်သော မှူးမတ်အစေခံနှင့်၊ အခြွေအရံ ပရိသတ်ရှိသောမင်းလည်းကောင်း။ ဝိသယေသု၊ ငါးဖြာအာရုံ၊

ကာမဂုဏ်တို့၌။ အတိသတ္တိမာ၊ အလွန်အမင်း၊ တပ်နှစ်သက်ခြင်းရှိသောမင်းလည်းကောင်း။ တ၊ ထိုမှတပါး။ အနေကစိတ္တမန္တော၊ များသောနှလုံးသွင်း၊ များသောတိုင်ပင်ခြင်းရှိသောမင်းလည်းကောင်း။ ဝါ၊ စိတ်ခေတ်မခိုင်သဖြင့်၊ တိုင်ပင်သမျှ ပျက်စီး၍ အနည်းနည်း ဖောက်ပြန်တတ်သောမင်းလည်းကောင်း။ ဒေဝဗြာဟ္မဏနိန္ဒကော၊ ရှင်ကြီးရှင်ကောင်း၊ နတ်အပေါင်းနှင့်၊ မြတ်ကြောင်းခင်မင်၊ ရဟန်းရှင်တို့အား၊ စိတ်ထားမကောင်း၊ ကြိမ်းမောင်းရှုတ်ချ၊ အပြစ်ပြသောမင်းလည်းကောင်း။

၃၇။ ကမ္မောပဟတကော စေဝ၊ ကမ္မစိန္တကဧဝ စ။
ဒုဗ္ဘိက္ခဗျသနောပေတော၊ ဗလဗျသနသင်္ကုလော။

ကမ္မောပဟတကောစေဝ၊ ကံကြမ္မာဟောင်း၊ ထောင်းထောင်းနှိပ်စက်၊ ဖိစီးဖျက်အပ်သောမင်းလည်းကောင်း။ ကမ္မစိန္တကောဧဝ၊ ရှေးအဟောင်းမှန်၊ အကြောင်းကံကို၊ ကြံဖန်အားကိုး၊ ကံကိုသာ ရိုးတတ်သောမင်းလည်းကောင်း။ ဒုဗ္ဘိက္ခဗျသနောပေတော၊ ငတ်မွတ်ခေါင်းပါး၊ ဘေးများတွေ့ဆုံ၊ အပျက်ကြုံသောမင်းလည်းကောင်း။ ဗလဗျသနသင်္ကုလောစ၊ မိမိ၏ဗိုလ်ပါရဲမက်တို့၊ ပျက်စီးခြင်းအခြေအနေဖြင့်၊ ရှုပ်ပွေလျက်နေသောမင်းလည်းကောင်း။

၃၈။ အဒေသဋ္ဌော ဗဟုရိပု–ယုတ္တော ကာလေန ယော စ န။
သစ္စဓမ္မဗျပေတော စ၊ ဝီသတိပ္ပုရိသာ ဣမေ။

အဒေသဋ္ဌောစ၊ မိမိ၏ရပ်ဌာန်၊ တိုင်းနိုင်ငံ၌၊ မတည်သောမင်းလည်းကောင်း။ ဗဟုရိပုယုတ္တောစ၊ မျက်မာန်ငြိုးထား၊ ရန်သူများသောမင်းလည်းကောင်း။ ယောစ၊ အကြင်မင်းသည်လည်း။ ကာလေန၊ တင့်အပ်လျောက်ပတ်၊ သင့်မြတ်သောကာလ၌။ နယုတ္တော၊ ဗျူဟာသေနင်၊ စစ်ပြင်ဆင်၍ မယှဉ်မကပ်နိုင်။ သောစ၊ ထိုလိုအပ်သောကာလတွင်၊ သေနင်မရှိသောမင်းလည်းကောင်း။ သစ္စ-ဓမ္မဗျပေတောစ၊ ဂတိသစ္စာနှင့်၊ ကျင့်ရာတရား၊ ယွင်းဖောက်ပြားသောမင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဝီသတိ၊ နှစ်ဆယ်အတိုင်းအရှည်ရှိကုန်သော။ ဣမေပုရိသာ၊ ဤသို့ညွှန်ကြား၊ မင်းယောကျ်ားတို့ကို။ အသန္ဓယော၊ နှီးနှော ပေါင်းစပ်၊ မိတ်မဖွဲ့အပ်ကုန်။

၃၉။ တေဟိ သန္ဓိံ န ကာတဗ္ဗော၊ ဝိဂ္ဂဏှေယျ တု ကေဝလံ။
တေဟိ ဝိဂ္ဂယှမာနာဟိ၊ ခိပ္ပံ ယန္တိ ဝသံ ရိပု။

တေဟိ၊ ထိုပြဆိုသွတ်သွင်း၊ စာရင်းအကျယ်၊ မင်းနှစ်ဆယ်တို့နှင့်။ သန္ဓိံ၊ နှစ်ကိုယ့်တစိတ်၊ မဟာမိတ်ဖွဲ့ခြင်းကို။ နကာတဗ္ဗော၊ ပြုရန်မဖွယ်၊ မတင့်တယ်။

တု၊ စင်စစ်ကေန်၊ အမှန်ကိုဆိုရမူကား။ ကေဝလံ၊ သက်သက်။ ဝိဂ္ဂဏှော့ယျ၊ အလိုရှိမူ၊ တိုက်ခိုက်ယူရာ၏။ ဟိ၊ ထိုစကားမှန်၊ သင့်လျော်ကန်၏။ ဧတေ၊ ထိုစာရင်းအကျယ်၊ မင်းနှစ်ဆယ်တို့သည်။ ဝိဂ္ဂဟမာနာ၊ ယှဉ်ပြိုင်အားစိုက်၊ တိုက်ခိုက်အပ်ကုန်သည်ရှိသော်။ ခိပ္ပံ၊ မကြာမတင်၊ အလျင်ဆောစွာ။ ရိပု—ရိပုနော၊ တိုက်ခံကြံမူ၊ ကိုယ့်ရန်သူ၏။ ဝသံ၊ နဂိုရ်အကြံ၊ အလိုမှန်သို့။ ယန္တိ၊ မလွဲမဖောက်၊ အမြဲရောက်တတ်ကုန်၏။

နှစ်ဆယ်သောမင်းတို့ကို မပေါင်းသင်းထိုက်ကြောင်းအကျယ်

ထိုမင်းတို့၏ သတ္တိတန်ခိုး အမျိုးမျိုးညံ့ဖျင်းသဖြင့် ပမာဏမပြုလောက်သည်၏ အဖြစ်ကို ပြဆိုလိုသည်ဖြစ်၍ ထိုမင်းတွင်လည်း အသက်အရွယ် နုနယ်၍ ငယ်သောမင်းကို ရှေးဦးစွာ ပြဆိုလိုသည်ဖြစ်၍ **ဗာလသာပ္ပဘာဝတ္တာဒအစ** ရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၄၀။ ဗာလသာပ္ပဘာဝတ္တာ၊ န လောကော ယုဒ္ဓမိစ္ဆတိ။
ယုဒ္ဓါယုဒ္ဓဖလံ ယသ္မာ၊ ဉာတုံ သက္ကာ န ဗာလိသော။

ဗာလသာ၊ အသက်အရွယ်၊ နုနယ်သောမင်း၏။ အပ္ပဘာဝတ္တာ၊ တန်ခိုးရှိန်စော်၊ အာနုဘော် နည်းသည်၏အဖြစ်ကြောင့်။လောကော၊ လောကတလွှား၊ လူများအပေါင်းသည်။ တေန၊ ထိုအသက်အရွယ်၊ နုနယ်သောမင်းနှင့်။ သဟ၊ တကွ။ ယုဒ္ဓံ၊ ဖက်ပြိုင်မာန်ခု၊ ရန်ပြုတိုက်ခိုက်ခြင်းကို။ နဣစ္ဆတိ၊ မည်သည့်အခါမဆို၊ အလိုမရှိကြပေ။ ယသ္မာစ၊ အကြင့်ကြောင့်လည်း။ ဗာလိသော၊ အသက်နုနယ်၊ အလွန်ငယ်သောမင်းသည်။ ယုဒ္ဓါယုဒ္ဓဖလံ၊ စစ်ထိုးတိုက်ခိုက်ခြင်းနှင့် မတိုက်ခိုက်ခြင်းနှစ်ပါး၊ အကျိုးသွားကို။ ဉာတုံ၊ ခွဲခြားထင်လင်း၊ သိနိုင်ခြင်းငှါ။ န သက္ကာ၊ မချုပ်ပိုင်ပိုင်၊ မစွမ်းနိုင်။ တသ္မာ၊ ထိုသို့ စစ်ထိုး, မထိုး၊ အကျိုးနှစ်ပါးကို ခွဲခြား၍မသိနိုင်သောကြောင့်။ တေန၊ ထိုအသက်နုနယ်၊ အလွန်ငယ်လွန်းသောမင်းနှင့်။ သဟ၊ တကွ။ ယုဒ္ဓံ၊ ယှဉ်ပြိုင်အားစိုက်၊ စစ်ထိုးတိုက်ခိုက်ခြင်းကို။ နဣစ္ဆတိ၊ မည်သည့်အခါမဆို၊ အလိုမရှိကြပေ။

ထိုသို့ အသက်အရွယ် နုနယ်လှသဖြင့် ငယ်လှသောမင်းကို မည်သူတဦးတယောက်မျှ မလောက်လေး မလောက်စားဖြစ်သည့်အတွက် မဖက်ပြိုင်လိုကြောင်းကို ပြဆိုပြီး၍ အစဉ်အားလျော်စွာ ယခုအခါ အရွယ်ယိုယွင်း အိုမင်းသောမင်းနှင့် အချင်းခပ်သိမ်း ရောဂါဝေဒနာစွဲကပ်လျက် မတ်တတ်နာရှိသောမင်းတို့သည် သတ္တိဗလ ဆုတ်ယုတ်ကြသည်၏အဖြစ်ကြောင့် တပါးသူကို မဆိုထားဘိ မိမိ၏ အခြွေအရံ အစေခံတို့ကသော်မှလည်း မထီမဲ့မြင် ပြုသဖြင့် အလေးမပြု ဂရုမထားဘဲ မလေးမစား ပြုအပ်သည်၏အဖြစ်ကို ပြဆိုလိုပြန်သည်

ဖြစ်၍ **ဥဿာဟသတ္တိဟီနတ္တာ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက် ပြန်လေ၏။

၄၁။ ဥဿာဟသတ္တိဟီနတ္တာ၊ ဝုဒ္ဓေါ ဒီဃာမယော တထာ။
သေဟေဝ ပရိဘူယျန္တေ၊ ဒွေ စာပျေတေ အသံသယံ၊'

ဝုဒ္ဓေါစ၊ အရွယ်ယိုယွင်း၊ အိုမင်းမစွမ်းရှိသောမင်း လည်းကောင်း။ အထ၊ ထိုမှတပါး၊ ဒီဃာမယောစ၊ ကာလမြင့်စွာ၊ ရောဂါမစဲ၊ မတ်တတ်နာစွဲသောမင်း လည်းကောင်း။ တေဒွေစာပိ၊ ဤသို့ စာရင်းယူကောက်၊ မင်းနှစ်ယောက်တို့ ကိုလည်း။ ဥဿာဟသတ္တိဟီနတ္တာ၊ ထကြွလုံ့လ၊ ဥဿာဟနှင့်၊ ဗလသတ္တိ၊ ဆုတ်ယုတ်ခြင်းရှိကြသည်၏ အဖြစ်ကြောင့်။ သေဟေဝ – သကေဟိဧဝ၊ မိမိတို့၏ အခြွေအရံ၊ အစေခံတို့သည်ပင်လျှင်။ အသံသယံ – အသံသယန္တော၊ သို့လော, အသို့လော၊ တွေးတောမငြိ၊ ယုံမှားခြင်းမရှိသည်ဖြစ်၍။ ပရိဘူယျန္တေ၊ အလေး မပြု၊ ဂရုမထား၊ မသိလေးစားပြုကုန်ရာ၏။

ထိုပြင် ဆွေမျိုးဉာတိတို့၏အတွင်းမှ စာရင်းပယ်ဖျောက် သပိတ်မှောက်အပ် သောမင်းကို ထိုဉာတိအပေါင်းတို့သည်ပင်လျှင် နှိပ်စက်ဖျက်ဆီးတတ်ကြောင်း ကို ပြပြန်လိုသည်ဖြစ်၍ **သုခေါစ္ဆေဇ္ဇော ဟိ ဘဝတိ** အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၄၂။ သုခေါစ္ဆေဇ္ဇော ဟိ ဘဝတိ၊ သဗ္ဗဉာတိဗဟိက္ကတော။
တေ ဧဝ နံ ဝိနိဟန္တိ၊ ဉာတယော တွတ္တသံကတာ။

သဗ္ဗဉာတိဗဟိက္ကတော၊ အလုံးစုံသော မျိုးနွယ်ခပင်း၊ ဆွေမျိုးတွင်းမှ၊ စာရင်းပယ်ဖျောက်၊ သပိတ်မှောက်အပ်သော မင်းကို။ သုခေါစ္ဆေဇ္ဇောဟိ – သုခေါစ္ဆေဇ္ဇောဧဝ၊ မခက်မကျယ်၊ အလွယ်တကူ၊ တိုက်ယူ ဖျက်ဆီးအပ်သည် သာလျှင်။ ဘဝတိ၊ မချွတ်မလွဲ၊ အဖြစ်မြဲ၏။ တု၊ စင်စစ်ကေန်၊ အမှန်အားဖြင့်။ အတ္တသံကတာ၊ မိမိ၏အလိုစရိုက်သို့၊ လိုက်ယောင်အမှု၊ ကောင်းစွာ ပြုကြ ကုန်သော။ တေဧဝဉာတယော၊ ထိုပြင်းစွာကြိမ်းမောင်း၊ ဆွေမျိုးအပေါင်းတို့ သည်သာလျှင်။ နံ၊ ထိုဉာတိခွါခွင်း၊ မိုက်သည့်မင်းကို။ ဝိနိဟန္တိ၊ ညှဉ်းဆဲနှိပ်စက်၊ ဖျက်ဆီးတတ်ကုန်၏။

ထို့ပြင် မတည်မတံ့ စိတ်မသန့်သဖြင့် ထိတ်လန့်ကြောက်ရွံ့ တွန့်ဆုတ် တတ်သောမင်းသည် ပကတိအားဖြင့်ပင် ကြောက်ရွံ့တတ်သော သဘောရှိ သောကြောင့် စစ်သည်အချင်းချင်းတို့ အပြင်းအထန် တိုက်ခိုက်ကြရာ အလွန် ကြောက်ရွံ့ တုန်လှုပ်ခြင်းဖြစ်သဖြင့် စစ်သည် ရဲမက်တို့ကို ထိုစစ်မြေပြင်အရပ်၌

စွန့်ပစ်ခဲ့၍ မိမိကိုယ်ကို အလွတ်ရုန်းလျက် တကိုယ်ရေ တကာယတည်းသာလျှင် ထွက်ပြေး တိမ်းရှောင်သဖြင့် နောက်ဆုံး၌ မိမိ၏ လျောက်လျား ဘာသာ ပင်လျှင် တကိုယ်တည်း ပျက်စီး ဆုံးရှုံးရသည်၏ အဖြစ်ကိုလည်းကောင်း, ထို့အတူ ကြောက်ရွံ့တွန့်ဆုတ်သော ရဲမက်ဗိုလ်ပါရှိသော မင်းသည်လည်း တဖက်သောရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြရာ သေဘေးမှ ကြောက်ရွံ့ကြသဖြင့် မိမိ၏ဘက်သား စစ်သည်ရဲမက်အများတို့သည် မိမိအား တယောက်ထီးထီး စစ်မြေပြင်အရပ်၌ စွန့်ပစ်ချန်ထားခဲ့ပြီးလျှင် အခြားသို့ ထွက်ပြေးတိမ်းရှောင်ကြ သဖြင့် မိမိတယောက်ထီးထီး အချည်းနှီး ပျက်စီးတတ်သည်၏ အဖြစ်ကို လည်းကောင်း ပြဆိုလိုသည်ဖြစ်၍ **ဘီရူ ယုဒ္ဓပရိစ္စာဂါ** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၃။ ဘီရူ ယုဒ္ဓပရိစ္စာဂါ၊ သယမေဝ ဝိနဿတိ။
တထေဝ ဘီရုကဇနော၊ ယုဒ္ဓေ တေဟိ ဝိမုစ္စတေ။

ဘီရူ၊ မတည်မတံ့၊ စိတ်မသန့်သဖြင့်၊ ထိတ်လန့်ကြောက်ရွံ့၊ တွန့်ဆုတ်တတ် သောမင်းသည်။ ယုဒ္ဓပရိစ္စာဂါ၊ စစ်သည်ရဲမက်မှ၊ ဖဲထွက်ရှောင်ရှား၊ စွန့်လွှတ် သွားသဖြင့်။ သယမေဝ၊ မိမိလျောက်လျား၊ ဘာသာအားဖြင့်ပင်လျှင်။ ဝိနဿတိ၊ တယောက်ထီးထီး၊ ပျက်စီးဆုံးရှုံးရလတံ့။ တထေဝ၊ ထိုမင်း ပမာ၊ အတူသာလျှင်။ ဘီရုကဇနော၊ မတည်မတံ့၊ စိတ်မသန့်သဖြင့်၊ ထိတ်လန့် ကြောက်ရွံ့၊ တွန့်ဆုတ်တတ်သော ရဲမက်ရှိသောမင်းကို။ ယုဒ္ဓေ၊ ယှဉ်ပြိုင် ပစ်ခတ်၊ တိုက်ခိုက်ရာအရပ်၌။ တေဟိ၊ ထိုမိမိ၏ဘက်သား၊ ရဲမက်အများ တို့သည်။ ဝိမုစ္စတေ၊ သေဘေးမှကြောက်ရွံ့ကြသဖြင့်၊ တယောက်တည်း စွန့်ပစ် အပ်၏။

ထို့ပြင် အလိုရမ္မက်လောဘထက်သော မင်း၏အကြောင်းကို ပြဆိုလိုသည် ဖြစ်၍ **လုဒ္ဓဿာသံဝိဘာဂိတ္တာ** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန် လေ၏။

၄၄။ လုဒ္ဓဿာသံဝိဘာဂိတ္တာ၊ န ယုဇ္ဈန္တေနုယာယိနော။
လုဒ္ဓါနုဇီဝိကေဟေသ၊ ဒါနဟီနေဟိ ဟညတေ။

အသံဝိဘာဂိတ္တာ၊ ပေးသင့်ပေးရန်၊ ပေးဘို့မှန်သည်ကို၊ ဝေဘန်လေ့မရှိ သည်၏အဖြစ်ကြောင့်။ လုဒ္ဓဿ၊ အလိုရမ္မက်၊ လောဘထက်သောမင်း၏။ အနုယာယိနော၊ ခြွေရံစစ်သား၊ ဗိုလ်ပါအများတို့သည်။ နယုဇ္ဈန္တိ၊ ဗလခွန်ကိုး၊ အားသွန် ကြိုးလျက်၊ မထိုးမတိုက်ကြကုန်။ ဒါနဟီနေဟိ၊ ထိုက်တန်သည့် အလျောက်၊ ချီးမြှောက်မစခြင်းတည်းဟူသော ဒါနမှ၊ မရမထုတ်သဖြင့်၊

ဆုတ်ယုတ်ကြကုန်သော။ လုဒ္ဓဗိဝိကေဟိ၊ ဥစ္စာကိုလိုသည့်အတွက်၊ အသက်ကို စွန့်စားကြကုန်သော၊ ခြေရံအများ၊ အစေခံသားတို့သည်။ သေ–ဧသော၊ ထိုအလိုရမ္မက်၊ လောဘထက်သဖြင့်၊ မပေးရက်သော မင်းကို။ ဟညတေ၊ ညှဥ်းဆဲပုတ်ခတ်၊ သတ်ဖြတ်ဖျက်ဆီးရာ၏။

အဓိပ္ပါယ်။ ။စစ်သည် ဗိုလ်ပါတို့အား ထိုက်တန်သော ပေးသင့်ပေးရန် ပေးဘို့မှန်သော လခရိက္ခာ အသပြာတို့ကို ဝေဘန်ပေးကမ်းလေ့မရှိခြင်းကြောင့် အလိုရမ္မက်လောဘထက်သဖြင့် မပေးရက်သောမင်း၏ ခြေရံစစ်သား ရဲမက် ဗိုလ်ပါအများတို့သည် အသက်ကို စွန့်စားလျက် ရွတ်ရွတ် ချွန်ချွန် အားသွန်၍ တိုက်ခိုက်မည်မဟုတ်၊ မိမိတို့အား ထိုက်တန်သည့် အလျောက် ချီးမြှောက် ထောက်ပံ့ခြင်းကို မခံရကုန်သောကြောင့် ထိုသို့ ဘုရင်မင်းမြတ်၏ ကြည့်ရှုမစခြင်း ဒါနမှုမှ ဆုတ်ယုတ်ကြကုန်သော ပစ္စည်းဥစ္စာ၏အတွက် အသက်ကို စွန့်စားလျက် ဘုရင်၏အပါးတော်၌ အမြဲနေကြရသော အခြေအရံ အစေခံတို့သည်ပင်လျှင် ထိုက်တန်သည့်ဥစ္စာကို သင့်လျော်စွာ မရသည့်အတွက် အငြိုးဖက်ကြသဖြင့် နောက်ဆုံးတရက်၌ ထိုလောဘထက်သော မင်းကို စင်းစင်းကေန် လုပ်ကြံ ဖျက်ဆီးကြမည် ဖြစ်ပေသည်ဟူလို။

ထို့ပြင် မိမိအား မချစ်ခင် မစုံမက် မနှစ်သက်သော အခြေအရံရှိသော မင်းကို ထိုအခြေအရံ အစေခံတို့သည်ပင်လျှင် စစ်မြေပြင်အရပ်၌ ကောင်းစွာ စွန့်ပစ်အပ်သည်၏ အဖြစ်ကိုလည်းကောင်း, ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ခုံမင် နှစ်သက် အလွန်စုံမက်သော မင်းကို လွယ်လင့်တကူ တိုက်ယူ ဖျက်ဆီးအပ် ဖျက်ဆီးနိုင်ကြောင်းကိုလည်းကောင်း ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **သံစဇ္ဇတေ ပကတိဘိ** အစရှိသော ဂါထာကို ရွက်ဆိုတင်လျှောက်ပြန်လေ၏။

၄၅။ သံစဇ္ဇတေ ပကတိဘိ၊ ဝိရတ္တပကတိ ယုဒ္ဓေ။
သုခါဘိယောဇ္ဇော ဘဝတိ၊ ဝိသယေသုတိသတ္တိမာ။

ဝိရတ္တပကတိ၊ မိမိအား မချစ်ခင် မစုံမက်၊ မနှစ်သက်အပ်သော အခြေ အရံ၊ အစေခံရှိသော မင်းကို။ ပကတိဘိ၊ အခြေအရံ၊ အစေခံတို့သည်။ ယုဒ္ဓေ၊ ချင်းချင်းတွေ့ဆိုင်၊ ယှဉ်ပြိုင်တိုက်အပ်၊ စစ်မြေအရပ်၌။ သံစဇ္ဇတေ၊ လွတ်လွတ် ကောင်းစွာ၊ စွန့်ပစ်ရာ၏။ ဝိသယေသု၊ ငါးဖြာအာရုံ၊ ကာမဂုဏ်တို့၌။ အတိ- သတ္တိမာ၊ ခုံမင်နှစ်သက်၊ လွန်တပ်မက်သော မင်းကို။ သုခါဘိယောဇ္ဇော၊ လွယ်လင့်တကူ၊ တိုက်ယူဖျက်ဆီးအပ်သည်။ ဘဝတိ၊ ဧကန်စင်စစ်၊ အမှန် ဖြစ်၏။

ထို့ပြင် မတည်ဘဲ မခိုင်ခံ့သော စိတ်သဘော ရှိသည်၏ အဖြစ်ကြောင့် တိုင်ပင်ဆုံးဖြတ်သမျှတို့ကို ခဏခဏ (ဗီတို)အာဏာဖြင့် ဖျက်ပြီးလျှင် အနည်း

နည်း ဉာဏ်လောင်းလျက် စည်းပြောင်းကာ တိုင်ပင်တတ်သောမင်းကို အတိုင်ပင် ခံအပ်သော မင်းတိုင်ပင်အမတ် ပရိသတ်တို့သည် စိတ်ဓာတ် ဖောက်ပြား အငြိုး ထားကြလျက် တစုံတခုသော ရေးကြီးခွင့်ကျယ် ပြဿနာကိစ္စ ပေါ်ပေါက်ကျ ရောက်၍ လာသည်ရှိသော် ထိုမင်းကို မြဲမြံခိုင်ခံ့ တည်တံ့သော သဘောမရှိ သောကြောင့် ဥပေက္ခာ ရှုစားလျက် ထောက်မမကူ လျစ်လျူပြုကြသဖြင့် ကေန္တ ပျက်စီးတတ်သည်၏အဖြစ်ကို ပြပြန်လိုသည်ဖြစ်၍ **အနေကစိတ္တမန္တော တု** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၆။ အနေကစိတ္တမန္တော တု၊ ဒိသော ဘဝတိ မန္တိနာ။
　　အနဝဋ္ဌိတစိတ္တတာ၊ ကာရိယေ သ ဥပေက္ခတေ။

အနေကစိတ္တမန္တော တု၊ စိတ်ဓာတ်မငြိမ်သည်ဖြစ်၍၊ အကြိမ်ကြိမ်နည်း လောင်းလျက်၊ စည်းပြောင်းကာတိုင်ပင်လေ့ရှိသော မင်းကိုကား။ မန္တိနာ၊ တိုင်ပင်ခံအပ်၊ မင်းအမတ်သည်။ ဒိသော၊ မလိုစိတ်ထား၊ ရန်ငြိုးပွါးသည်။ ဘဝတိ၊ စင်စစ်မသွေ၊ ဖြစ်တတ်ချေ၏။ အနဝဋ္ဌိတစိတ္တတာ၊ မြဲမြံခိုင်ခံ့၊ တည်တံ့ သောစိတ်မရှိသည်၏အဖြစ်ကြောင့်။ မန္တိနာ၊ တိုင်ပင်ခံအပ်၊ မင်းအမတ်သည်။ ကာရိယေ၊ တစုံတခု၊ ပြဿနာတွေ့ဆုံ၊ ကိစ္စကြုံသည်ရှိသော်။ သ — သော၊ ထို ပြီးပြီးပျောက်ပျောက်၊ ဂယောက်ဂယက်ရှိသောမင်းကို။ ဥပေက္ခတေ၊ အလို အလျောက်၊ ထောက်မမကူ၊ လျစ်လျူရှု၍သာ၊ နေပေရာ၏။

ထို့ပြင် လောကုတ် လောကီ နှစ်လီသော အကျိုးတို့ကို မြော်ကိုးရှယ် ချူလျက် ကြည်ဖြူအားထားရာ အားထားကြောင်းဖြစ်သော ရှင်ကြီး ရှင်ကောင်း နတ်အပေါင်းနှင့် မြတ်ကြောင်းကို ခင်မင်ကြသည့် ရဟန်းရှင် သူတော်ကောင်းတို့အား စိတ်ကားမကောင်း စောင်းမြောင်းရှုတ်ချ အပြစ် ပြသော မင်းသည်လည်းကောင်း, ရှေးကပြုဟောင်း မကောင်းမှုကံ စီမံဖိစီး သဖြင့် ဖျက်ဆီးအပ်သော မင်းသည်လည်းကောင်း မိမိအလိုလိုသာလျှင် ကေန် မလွဲ ပျက်စီးမြဲသာဖြစ်ကြောင်းကို ပြဆိုလိုသည်ဖြစ်၍ **သဒါ ဓမ္မဗလီယတ္တာ အစ** ရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၄၇။ သဒါ ဓမ္မဗလီယတ္တာ၊ ဒေဝဗြာဟ္မဏနိန္ဒကော။
　　ဝိသီဒတေ သယံဇှေဝ၊ ကမ္မောပဟတကော တထာ။

သဒါ၊ ခပ်သိမ်းကာလ၊ ခါသမယဝ်၌။ ဓမ္မဗလီယတ္တာ၊ တရားတော်မြတ်၏၊ သတ္တိလွှမ်းမိုး၊ တန်ခိုးတော်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်။ ဒေဝဗြာဟ္မဏ- နိန္ဒကော၊ ရှင်ကြီးရှင်ကောင်း၊ နတ်အပေါင်းနှင့်၊ မြတ်ကြောင်းခင်မင်၊ မကောင်း ကြဉ်သည့်၊ ရဟန်းရှင်တို့အား၊ စိတ်ထားမကောင်း၊ ကြမ်းမောင်းရှုတ်ချ၊ အပြစ်

ပြသောမင်းသည်လည်းကောင်း။ တထာ၊ ထိုမှတပါး။ ကမ္မောပဟတကော၊ ရှေးကပြုဟောင်း၊ အကြောင်းဖိစီး၊ ကံဖျက်ဆီးသော မင်းသည်လည်းကောင်း။ သယံဟျေဝေ၊ မိမိ၏သာ လျောက်လျားနဂိုရ်၊ အလိုလိုအားဖြင့်သာလျှင်။ ဝိသီ-ဒတေ၊ ကေန်မလွဲ၊ ကံငင်ဆွဲသဖြင့်၊ အမြဲပျက်စီးရာ၏။

ထိုပြင် ရှေးရှေးသောဘဝဟောင်းက အကြောင်းကံစီမံပြုသမျှဖြင့် ယခုဘဝ ဖြစ်ကြရသည်၊ ပယောဂဉာဏ်ကူလောင်းသော်လည်း အကြောင်းထူးမဖြစ်ကြ ဟု တထစ်ချယူသောမင်း, ပြောင်း ဆန် စပါး စားရေရိက္ခာ အစာပြတ်လပ် သဖြင့် ဝေ်မွှတ်ခေါင်းပါးခြင်း ဘေးဒုက္ခနှင့် တွေ့ကြုံရသောမင်း, မိမိ၏စစ်သည် ရဲမက်တို့ ပျက်စီးသည့်အခြေအနေဖြင့် ရှုပ်ပွေလျက်နေသောမင်းတို့ကို ပြပြန် လိုသည်ဖြစ်၍ **သမ္ဘတ္တော စ ဝိပတ္တော စ** အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

၄၇။ သမ္ဘတ္တော စ ဝိပတ္တော စ၊ ကမ္မမေဝ ဟိ ကာရဏံ။
ဣတိ ကမ္မပရော ဧျာယံ၊ နတ္တာနမပိ စေဋ္ဌယေ။

သမ္ဘတ္တောစ၊ လုံးစုံရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာတို့၏ ပြည့်စုံခြင်း၌လည်းကောင်း။ ဝိပတ္တောစ၊ လုံးစုံရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာတို့၏ ပျက်စီးခြင်း၌ လည်းကောင်း။ ကမ္မမေဝ၊ ရှေးရှေးဘဝ၊ အတိတမှ၊ ပြုသမျှဟောင်း၊ ကံ အပေါင်းသည်သာလျှင်။ ကာရဏံ၊ မူလပဓာန၊ မုချမယွင်း၊ အကြောင်းရင်း ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ ဧျာယံ–ဧျာယန္တော၊ ဉာဏ်ဝီရိယမဖက်၊ ကံသက်သက် သာ ဖြစ်၏ဟူ၍ မှတ်ယူကြံဆလျက်။ ကမ္မပရော၊ ကံစီမံသည့်အချက်မှ၊ အထက်သို့ ကျော်လွန်သည်ဖြစ်၍။ အတ္တာနံအပိ၊ မိမိကိုယ်ကိုလည်း။ နစေဋ္ဌယေ၊ ကြောင့်ကြသမှု၊ ဂရုပြုလျက်၊ ထိုထိုသို့သောအမှု၌ မယှဉ်စေရာ။

၄၈။ ဒုဗ္ဘိက္ခဗျသနီ စေဝ၊ သယမေဝါဝသီဒတိ။
ဗလဗျသနယုတ္တဿ၊ ယောဒ္ဓုံ သတ္တိ န ဇာယတေ။

ဒုဗ္ဘိက္ခဗျသနီစေဝ၊ အစာပြတ်လပ်၊ ဝေ်မွှတ်ခေါင်းပါး၊ ဘေးများတွေ့ဆုံ၊ အပျက်ကြုံသောမင်းသည်လည်း။ သယမေဝ၊ လျောက်လျားနဂိုရ်၊ အလိုလို သာလျှင်။ အဝသီဒတိ၊ နစ်နာဆုံး ရှုံးလျက်၊ လုံးလုံးကြီးပျက်စီးတတ်၏။ ဗလဗျသနယုတ္တဿစ၊ သေနာကာယ၊ ဗလခွန်အား၊ ပျက်ပြားဆုတ်ယုတ်၊ တန်ခိုးနုပ်ခြင်းနှင့် ယှဉ်သောမင်းအားလည်း။ ယောဒ္ဓုံ၊ ခုခံအန်တု၊ ရန်ပြု တိုက်ခိုက်ခြင်းငှါ။ သတ္တိ၊ ဗလသတ္တိ၊ အစွမ်းရှိခြင်းသည်။ နဇာယတေ၊ စင်စစ် ကေန်၊ အမှန်မဖြစ်ပေရာ။

ထို့ပြင် မိမိ၏မွေးရာနိုင်ငံမှတပါး အခြားသောအရပ်၌ တည်နေခိုက်ဖြစ်သော မင်း၏ အားအင်နည်းပါး စွမ်းပကားမရှိသည်၏အဖြစ်ကို ပြလိုသည်ဖြစ်၍ **အဒေသဌော ဟိ** အစရှိသောဂါထာကို ရှတ်ဆို တင်လျှောက်ပြန်လေ၏။

၅၀။ အဒေသဌော ဟိ ရိပုနာ၊ အပ္ပကေနာပိ ဟညတေ။
ဂါဟောပ္ပီယော အပိ ဇလေ၊ ဂဇေန္ဒမပကဿတိ။

အဒေသဌောဟိ၊ မိမိနိုင်ငံမှတပါး၊ အခြားအရပ်၌ တည်နေခိုက်ဖြစ်သော မင်းကိုကား။ အပ္ပကေန၊ မကြီးမကျယ်၊ အနည်းငယ်မျှသာဖြစ်သော။ ရိပုနာပိ၊ တိုက်ခိုက်ပြုမူ၊ ရန်သူခပင်းသည်လည်း။ ဟညတေ၊ ညှဉ်းဆဲနှိပ်စက်၊ ဖျက်ဆီး နိုင်ပေရာ၏။ ကိမိဝ၊ စံယူနှိုင်းဘွယ်၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ အပ္ပီယော–အပ္ပဉ္ဇယော၊ ခွန်အားဗလ၊ သေးငယ်လှသော။ ဂါဟော အပိ၊ ရေ၌ခိုအောင်း။ ရေမိကျောင်းသည်လည်း။ ဇလေ၊ ထုံးအိုင်ကမ်းစပ်၊ ရေအရပ်၌။ ဂဇေန္ဒံ၊ ရေ၌မကျင်၊ အားအင်ကာယ၊ ဗလခိုင်ဖြိုး၊ ဆင်ပြောင်ကြီးကို၊ အပကဿတိဣဝ၊ ခရီးပေါက်မြောက်၊ လိုရာရောက်အောင်၊ ဆွဲယူဆောင်နိုင် သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။လောက၌ သတ္တဝါတို့၏တံထွာ ဓမ္မတာအလေ့ ပြကတေ့ သဘောသည် မိမိတို့၏ အမြဲတစေ နေထိုင်ရာဖြစ်သော အရပ်၌သာလျှင် ရှိသင့် သမျှ ဗလခွန်အား သတ္တိစွမ်းပကားတို့သည် များစွာထက်မြက် တိုးတက်ဖွံ့ ဖြိုး၍ တန်ခိုးကြီးမားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မိမိနိုင်ငံဌာနမှတပါး အခြား သောဒေသ၌ တည်နေခိုက်ကြုံပါမူ သတ္တိတန်ခိုး အမျိုးမျိုးတို့ဖြင့် အစိုးရသော ရေမြေအရှင် ဘုရင်မင်းမြတ်ကိုပင်သော်လည်း မကြီးမကျယ် အနည်းငယ်မျှ သော စစ်သည်ဗိုလ်ပါတို့ဖြင့် လွယ်ကူစွာ တိုက်ခိုက် ဖျက်ဆီးနိုင်ပေသည်။ စံယူ နှိုင်းဘွယ် ဥပမာအဘယ်ကဲ့သို့နည်းဟူမူ ရေ၌ကျက်စား ပျော်ပါး နေထိုင်လေ့ ရှိသော အားအင်ဗလ ကာယသေးမြောင်းသည့် မိကျောင်းပိန်ကလေးသည် ပင်လျှင် မိမိထက် အားခွန်ဗလ အဆရာထောင် မကဆောင်သည့် တောတောင် အရပ်၌သာလျှင် ကျင်လည်ကျက်စား ပျော်ပါးသွားလာလေ့ရှိသော မုန်သောက် မာတင် တောဆင်ပြောင်ကြီးကိုပင်လျှင် ထုံးအိုင်ကမ်းစပ် ရေအရပ်သို့ ကျရောက်ပါမူ လိုရာပေါက်မြောက် ခရီးရောက်အောင် အပါဆောင်နိုင်သကဲ့သို့ ဖြစ်ပေသည် ဟူလို။

ထို့ပြင် ရန်သူများသောမင်းသည် သိန်းစွန်ငှက်တို့၏အလယ်၌ အသက်ဘေး မှ ကြောက်ရွံ့လျက် ထိတ်လန့်ပူဆွေး စိတ်မအေးသောခိုငှက်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့် စိတ်မသန့်သည့် အတွက် ထိုရန်သူတို့၏ နှိပ်စက်ဖျက်ဆီးခြင်းဘေးမှ

ကင်းဝေးလွတ်မြောက်အောင် တိမ်းရှောင်ထွက်ပြေးရာ သွားလေရာလမ်းခရီး၌ ပင်လျှင် ဝိညာဉ်ချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်တတ်ကြောင်းကို ပြဆိုလို သည်ဖြစ်၍ **ဗဟုသတ္တာ တ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန် လေ၏။

၅၁။ ဗဟုသတ္တာ တ သံတြာသော၊ သေနမဇ္ဈေ ကပေါတိဝ။
ယေနေဝ ဂစ္ဆတိ ပထာ၊ တေနေဝါသု ဝိပဇ္ဇတေ။

ဗဟုသတ္တာ တ၊ မျက်မာန်ငြိုးထူ၊ ရန်သူများစွာ၊ ရှိလေရာတို့၌ကား။ သေန-မဇ္ဈေ၊ ဝိုင်းအုံပြည့်နှက်၊ သိန်းစွန်ငှက်တို့၏အလယ်၌။ သံတြာသော၊ ကောင်းစွာ စိတ်မသန့်သဖြင့်၊ ထိတ်လန့်တုန်လှုပ်သော။ ကပေါတိဝ – ကပေါတော ဣဝ၊ အသည်းလိုက်ဖို၊ ငှက်ငယ်ခိုကဲ့သို့။ သံတြာသော၊ တုန်လှုပ်ထိတ်လန့်၊စိတ်မသန့် သည်ဖြစ်၍။ ယေနဧဝပထာ၊ အကြင်ရှေးရှုလေပြီး၊ လမ်းခရီးဖြင့်ပင်လျှင်။ ဂစ္ဆတိ၊ အမြန်လျင်လျား၊ ပြေးရှောင်သွား၏။ တေနေဝ၊ ထိုရှေးရှုထွက်သွား၊ ရှောင်ရှားသောခရီးဖြင့်ပင်လျှင်။ အာသု၊ မကြာမတင်၊ ဆောလျင်စွာသာလျှင်။ ဝိပဇ္ဇတေ၊ ရန်သူနှိပ်စက်၊ ကံဆိုးပွက်သဖြင့်၊ ပျက်စီးဆုံးရှုံးရာ၏။

ထို့ပြင် ပျင်းရိပေါ့တန်သဖြင့် လျော်ကန်သော အခိုက်အခါ၌ ဗိုလ်ပါကို ပြင် ဆင်၍ အသင့်မယှဉ်သောမင်းကို ပြဆိုလိုသည်ဖြစ်၍ **အကာလသေန ယုတ္တော တု** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၅၂။ အကာလသေန ယုတ္တော တု၊ ဟညတေ ကာလယောဓိနာ။
ကောသိကေန ဟတဇောတိ၊ နိသိထေ ဣဝ ဝါယသော။

အကာလသေန ယုတ္တောတု၊ ပျင်းရိပေါ့တန်သဖြင့်၊ လျော်ကန်သောအခါ ၌၊ ဗိုလ်ပါကို အသင့်ပြင်လျက်၊ မယှဉ်အပ်သောမင်းကိုကား။ ကာလယောဓိနာ၊ သင့်လျော်တော်တန်သောအခါ၌၊ ဗိုလ်ပါကို ပြင်ဆင်သဖြင့်၊ အသင့်ယှဉ်သော မင်းသည်။ ဟညတေ၊ ညှဉ်းဆဲပုတ်ခတ်၊ဝိညာဉ်ပြတ်အောင်၊ သတ်ဖြတ်ဖျက်ဆီး အပ်၏။ ကိမိဝ၊ ထောက်ဆနိုင်းဘွယ်၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ နိသိထေ၊ နေမင်းကွယ်ပျောက်၊ မိုက်မှောင်ရောက်ရာ၊ ညဉ့်အခါကာလ၌။ ဟတ-ဇောတိ၊ မိုက်မှောင်ကျရောက်၊ လင်းရောင်ပျောက်သော။ ဝါ၊ မျက်စိနှစ်ကွင်း၊ အလင်းမယှဉ်၊ အလျှင်းမမြင်ရသော။ ဝါယသော၊ ယုတ်မာစရိုက်၊ ကျီးအမိုက် ကို။ ကောသိကေန၊ ကပ္ပါရန်ငုတ်၊ အစဉ်လုပ်ချက်၊ ခင်ပုတ်ငှက်သည်။ ဟညတေ ဣဝ၊ ရက်စက်ကြမ်းကြုတ်၊ ဝိညာဉ်ပြုတ်အောင်၊ သတ်ပုတ်ညှဉ်းဆဲ အပ်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။ပျင်းရိပေါ့တန်သဖြင့် လျော်ကန်သင့်မြတ်သော အခါကာလ၌ ဗိုလ်ပါရဲမက်နှင့် လက်နက်ကြိယာ လိုရာရာတို့ကို ပြည့်စုံလိုလောက်စွာ ရှာမှီးလျက် ဆည်းပူးစုဆောင်းခြင်းမရှိသော မင်းကို လုံ့လဝီရိယနှင့် ပြည့်စုံသဖြင့် သင့်လျော်တော်တန်သောအခါကာလ၌ ဗိုလ်ပါရဲမက်နှင့် လက်နက်ကြိယာစသည်တို့နှင့် အသင့်ပြည့်စုံ လုံလောက်သောမင်းသည် ညှဉ်းဆဲပုတ်ခတ် ဝိညာဉ်ပြတ်အောင် သတ်ဖြတ်ဖျက်ဆီးမည် မလွဲဖြစ်ပေသည်။ လောက၌ နှိုင်းဆ၍ သိဘွယ် ဥပမာ အဘယ်ကဲ့သို့နည်းဟူမူ–စကြဝဠာကပ္ပါကို ထွန်းလင်းသော အရှင်နေမင်းကြီး၏ အလင်းရောင် ကွယ်ပျောက်၍ အမိုက်မှောင်ရောက်လာသော ညဉ့်အခါကာလ၌ သဘာဝအားဖြင့်ပင်လျှင် ပသာဒစက္ခုနှစ်ကွင်းတို့ အလျှင်းမမြင်နိုင်သည့် ဂနိုင်နှင့်မြို့ရွာအတွင်းမှာ စာရင်းပေါက်လူဆိုး တမျိုးလုံးယုတ်မာသည့် မောင်ကျီးညိုကာကကို ကပ္ပါကရန်ငုတ် ယခုတိုင် အစဉ်လုပ်သည့် ခင်ပုတ်ငှက် ညလူသည် အသည်းအူပြောင်းဆန်လျက် ဦးနှောက်ပါမကျန် မြေလှန်၍ ပေါက်သတ် ဇီဝိန်ကိုဖြတ်ပြီးလျှင် အဆုံးတိုင်စီရင်သကဲ့သို့ ဖြစ်ပေသည် ဟူလို။

ထို့ပြင် ဂတိသစ္စာနှင့် ကျင့်ရာတရား ယွင်းဖောက်ပြားသော မင်းသည် ယုတ်မာပျက်ချော် မသူတော်၏ သဘောရှိသည်၏ အဖြစ်ကြောင့် ချစ်ခင်ကြည်ညိုသဖြင့် နှစ်ကိုယ့်တစိတ် မဟာမိတ်ဖွဲ့အပ်ပါသော်လည်း ကာလများစွာ မကြာမြင့်မီပင်လျှင် မိတ်ဆွေအဖြစ်မှ ချွတ်ယွင်း ဖောက်ပြန်၍ ရန်သူ၏ အဖြစ်သို့ စင်စစ် ကျရောက်တတ်ပေသည်၊ ထို့ကြောင့် ထိုသစ္စာဓမ္မကင်းစင်ပသော မင်းကို မည်သည့်အခါ၌မျှ ချစ်ခင်ကြည်ညို နှစ်ကိုယ့်တစိတ် မဟာမိတ်အဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံခြင်းကို အလျှင်းမပြုအပ်ကြောင်း ပြဆိုလိုသည်ဖြစ်၍ **သစ္စဓမ္မဗျပေတေန** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၅၃။ သစ္စဓမ္မဗျပေတေန၊ န သန္ဓေယျ ကုဒါစနံ။
သ သန္ဓိတောပျသာဓုတ္တာ—ဒစိရံ ယာတိ ဝိကြိယံ။

သစ္စဓမ္မဗျပေတေန၊ ဂတိသစ္စာနှင့်၊ ကျင့်ရာတရား၊ နှစ်ပါးယွင်းချွတ်၊ ကင်းလွတ်သော မင်းနှင့်။ ကုဒါစနံ၊ ဘယ်ခါမဆံ၊ တရံတဆစ်မျှ။ န သန္ဓေယျ၊ ပေါင်းသင်းတစေ၊ မိတ်ဆွေမဖွဲ့ရာ။ သ–သော၊ ထိုသစ္စာဓမ္မ၊ ကင်းစင်ပသော မင်းသည်။ သန္ဓိတောပိ၊ ပေါင်းသင်းတစေ၊ မိတ်ဆွေဖွဲ့အပ်ပါသော်လည်း။ အသာဓုတ္တာ၊ သူတော်မဟုတ်၊ ယုတ်မာသည်၏အဖြစ်ကြောင့်။ အစိရံ၊ ကာလမလင့်၊ မကြာမြင့်မီ။ ဝိကြိယံ၊ ယွင်းချွတ်အလျှင်း၊ ဖောက်ပြန်ခြင်းသို့။ ယာတိ၊ မသွေမလှန်၊ ကေန်ကျရောက်တတ်၏။

မင်းတို့၏ ဂုဏ်ခြောက်ပါး

ထိုမှ တပါးလည်း မှတ်သားတော်မူရန် ထပ်မံ၍ တင်လျှောက်ပါဦးအံ့၊ နားဆင်တော်မူပါဦးလော့—

(၁) ရန်သူမင်းနှင့် အချင်းချင်း ကျေနပ်အောင် စေ့စပ်ညှိနှိုင်းတ်စွာ ပြုလုပ်ပြောဆိုပြီးလျှင် နှစ်ကိုယ့်တစိတ် မဟာမိတ်ပြုလုပ်လျက် ရန်ငုတ်ကိုငြိမ်းစေခြင်း **သန္ဓိ**၊

(၂) ပြဆိုခဲ့ပြီးသည်နှင့်အညီ တိုက်ခိုက်ခြင်းတည်းဟူသော **ဝိဂ္ဂဟ**၊

(၃) များစွာသော စစ်သည်ဗိုလ်ပါ အလုံးအရင်းတို့နှင့် ချီတက်ရခြင်း **ယာန**၊

(၄) အခါကာလကို ထောက်ချင့်၍ ခံတပ်ကျုံးမြောင်းစသည်တို့ကို ပြုလုပ်ပြင်ဆင်၍ စောင့်ဆိုင်းနေရခြင်း **အာသန**၊

(၅) အစွမ်းသတ္တိ အားအင်ဗလနှင့် ပြည့်စုံသော ရန်သူမင်းကို ခုခံကာကွယ်နိုင်ရန် သတ္တိဗလနှင့် ပြည့်စုံသော တပါးသော မိမိ၏ မဟာမိတ်မင်း၏ ကူညီထောက်မခြင်းကို မှီခိုအားထားရခြင်း **သံဿယ**၊

(၆) မိမိ၏ စစ်သည်ဗိုလ်ပါတို့ကို နှစ်စုနှစ်ဖြာခွဲ၍ ချီတက်ခြင်း **ဒွိဓာဘာဝ** ဟု ဆိုအပ်သော ခြောက်ပါးသောဂုဏ်တို့လည်းကောင်း။

တိုင်ပင်ခြင်း အကျိုးငါးပါး

(၁) ယုံကြည်ကျွမ်းဝင် ချစ်ခင်ပေါင်းသင်းအပ်သော မင်းကို စတင်အားထုတ်၍ မဟာမိတ်ပြုလုပ်ရခြင်း, သို့မဟုတ် တိုက်ခိုက်သင့်သော မင်းကို စတင်တိုက်ခိုက်ရခြင်း၊

(၂) ရန်သူတဖက်ကို ခြေဖျက်ပယ်မှုန်း၍ လုံးလုံး အောင်နိုင်ခြင်း၏ အကြောင်းဖြစ်သော စစ်သည်ဗိုလ်ပါနှင့် တကွ ပစ္စည်းဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း၊

(၃) တဖက်ရန်ကို တွန်းလှန်အောင်မြင်နိုင်လောက်သော အရပ်ဒေသနှင့် အချိန်ကာလကို ထောက်ဆဝေဘန်ရခြင်း၊

(၄) အောင်မြင်နိုင်ခြင်း၏ အကြောင်းတို့ ချွတ်ယွင်းပျက်ပြားသည်ကို ကောင်းမွန်စေရန် အသစ်တဖန် ထပ်မံပြုပြင်ရခြင်း၊

(၅) လိုအပ်သော အကျိုးပြီးမြောက်၍ အဆုံးရောက် အောင်မြင်ရခြင်း ဟု ဆိုအပ်သော **တိုင်ပင်ခြင်းဖြင့် ရအပ်သော အကျိုးငါးပါး** တို့လည်းကောင်း။

မင်းတို့၏ ဥပါယ်လေးပါး

(၁) ရန်သူတို့အား ပြေငြိမ်းစေခြင်း, ပြေငြိမ်းခြင်း၏ အကြောင်းတို့ကို အားထုတ်ပြုလုပ်ရခြင်း **သာမဥပါယ်၊**

(၂) ရန်သူတို့အား ပစ္စည်းဥစ္စာ ရတနာစသည်တို့ဖြင့် ချီးမြှောက်ပေးကမ်းရခြင်း **ဒါနဥပါယ်၊**

(၃) ရန်သူတို့အား စိတ်ဖောက်ပြန်စေခြင်း, အချင်းချင်းကွဲပြားစေခြင်း, ကွဲပြားခြင်း၏ အကြောင်းတို့ကို စီမံပြုလုပ်ရခြင်း **ဘေဒဥပါယ်၊**

(၄) ဤဆိုအပ်ခဲ့ပြီးသော အကြောင်း (သုံးပါး) တို့ဖြင့် စီမံအားထုတ်ပြုလုပ်၍ မိမိ၏အလိုသို့ မရောက် မပြီးမြောက်ခဲ့သော် "သာဟသကြိယာ"ဟု ဆိုအပ်သော အနိုင်အထက်ပြုလုပ်၍ ရက်စက်စွာဒဏ်ထားရခြင်း **ဒဏ္ဍဥပါယ်**ဟု ဆိုအပ်သော **လေးပါးသောဥပါယ်**တို့ လည်းကောင်း။

မင်းတို့၏ သတ္တိသုံးပါး

(၁) မိမိ၏ အားအင်ဗလ အစွမ်းကိုပြရခြင်း **ဥဿာဟသတ္တိ၊**

(၂) ရန်လက်စ ရုပ်သိမ်းလျက် စေ့စပ်ပြေငြိမ်း၍ နှစ်ကိုယ့်တစိတ် မဟာမိတ်ပြုလုပ်ခြင်း, တိုက်ခိုက်သင့်သောမင်းကို ချီတက်တိုက်ခိုက်ခြင်း စသည်တို့၏ ကြံတိုင်းပေါက်မြောက် ခရီးရောက်စေခြင်းငှါ နီတိကျမ်းဂန်တို့နှင့်အညီ ဆွေးနွေးတိုင်ပင်ခြင်းဟု ဆိုအပ်သော **မန္တသတ္တိ၊**

(၃) သင့်လျော် လုံလောက်သော စစ်သည်ဗိုလ်ပါ စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံသော ဘုန်းတန်ခိုးဟု ဆိုအပ်သော **ပဘာဝသတ္တိ** – ဤသုံးပါးသော **သတ္တိ**တို့လည်းကောင်း။ နီတိကျမ်းတို့၌ ပြဆိုအပ်သော ဤအလုံးစုံသော **ဂုဏ်ခြောက်ပါး, မန္တအင်္ဂါငါးပါး, ဥပါယလေးပါး, သတ္တိသုံးပါး** တို့ကို အလေးဂရု ပြုအပ်ကုန်သည်ရှိသော် အောင်နိုင်ခြင်းကို အလိုရှိသော မင်းတို့သည် အလိုအတိုင်း ပြီးမြောက်၍ ကြီးကျယ်မြင့်မြတ်ခြင်းသို့ ကေန်မုချ ရောက်ကြရကုန်သည်။

ကြက်သရေဘုန်းဂုဏ်နှင့် ပြည့်စုံရန်နီတိ

ထို့ကြောင့်ပင်လျှင် နီတိကျမ်းတတ် ဆရာမြတ်တို့သည် **ယာဟိ ပါဏပရိစ္စာဂ-မူလေနာပိ** အစရှိသောဂါထာကို မိန့်ဆိုတော်မူကြပေသည်။

၅၄။ ယာဟိ ပါဏပရိစ္စာဂ—မူလေနာပိ န လဗ္ဘတေ။
လက္ခီ နီတိဝိဒူဂေဟံ၊ စဥ္စလာပိ ပဓာဝတိ။

ယာလက္ခီ၊ အကြင်ဘုန်းဂုဏ်တန်ခိုး၊ အမျိုးမျိုးအထွေထွေ၊ ကြက်သရေမင်္ဂလာကို။ ပါဏပရိစ္စာဂမူလေနာပိ၊ ဥစ္စာအသက်၊ ဤနှစ်ချက်ကို၊ ငဲ့ကွက်မတွန့်၊ ရက်ရက်စွန့်သဖြင့်လည်း။ နလဗ္ဘတေ၊ မထောက်မညှာ၊ မရောက်လာတတ်၊ မရအပ်ပေ။ သာလက္ခီ၊ ထိုဘုန်းဂုဏ်တန်ခိုး၊ အမျိုးမျိုးအထွေထွေ၊ ကြက်သရေမင်္ဂလာသည်။ စဥ္စလာ၊ မရပ်မနား၊ ဇွတ်လှုပ်ရှားလျက်။ နီတိဝိဒူ-ဂေဟံ၊ လူတို့ကျင့်လမ်း၊ နီတိကျမ်းကို၊ တတ်စွမ်းကျေပြွန်၊ ပညာဝန်၏၊ ဂေဟာဌာန၊ အိမ်ဒေသသို့။ ပဓာဝတိ ဟိ–ပဓာဝတိဧဝ၊ မနှေးမနား၊ အရေးထားလျက်၊ အပြေးသွားသည်သာလျှင်တည်း။

ထို့ပြင် နီတိကျမ်းတတ် ဆရာမြတ်တို့၏ မှတ်သားအပ်သော စကားတရပ်ကို ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ **တထာ စောတ္တံ** ဟု ပလ္လင်ခံလျက် **ဝိတ္တံ ယဒါ အစ** ရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

တထာ စောတ္တံ—

၅၅။ ဝိတ္တံ ယဒါ ယဿ သမံ ဝိဘတ္တံ၊
ဂုဠှော စ စာရော နိဘတော စ မန္တော။
န စာပိယံ ပါဏိသု ယော ဗြဝီတိ၊
သ သာဂရန္တံ ပထဝိံ အမိပ္ပေါ။

(ဥပေန္ဒဝဇိရာဂါထာ)

တထာစ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ဥတ္တံ၊ နီတိကျမ်းတတ်၊ ဆရာမြတ်တို့၊ မိန့်ဆိုတော်မူအပ်၏။ ယဒါ၊ အကြင်ကာလ၊ ခါသမယ၌။ ယဿ၊ အကြင်ပြည်သူ့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်၏။ ဝိတ္တံ၊ စည်းစိမ်ရွှေငွေ၊ အထွေထွေကို။ သမံ၊ စည်းကမ်းပြေပြေ၊ နည်းလမ်းမှီလျက်၊ တူညီအမျှ။ ဝိဘတ္တံ၊ ပရိသတ်ခြွေရံ၊ အစေခံတို့ကို၊ ဝေဖန်ပြုစုအပ်၏။ စာရော၊ နိုင်ငံတလျှောက်၊ စုံထောက်မည်ဆို၊ သူလျှိုအရာရှိသည်။ ဂုဠှော၊ လျှို့ဝှက်စေ့စုံ၊ လုံခြုံစေအပ်သည်လည်း။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ မန္တောစ၊ တိုင်းရေးပြည်ရေး၊ ဆွေးနွေးစီရင်၊ မင်းတိုင်ပင်အမတ်သည်လည်း။ နိဘတော၊ နှစ်ယောက်နှစ်နား၊ နှစ်ကိုယ်ကြားသာ၊ တိုင်ပင်ရာကို၊ လွန်စွာ လုံခြုံစေအပ်သည်။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ ယောရာဇာ၊ အကြင်ပြည်သူ့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်

မင်းမြတ်သည်။ ပါဏီသု၊ ပြည်သူများစွာ၊ သတ္တဝါတို့၌။ အပိယဥ္စ၊ နာသာ ခံခက်၊ မနှစ်သက်အပ်သော စကားကိုလည်း။ နပြဗီတိ၊ မနှောအလို၊ သဘော ချိုသဖြင့်၊ မပြောမဆိုတတ်ပေ။ တဒါ၊ ထိုသည့်ကာလ၊ ခါသမယ၌။ သ– သောရာဇာ၊ ထိုပြည်သူ့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ သာဂရန္တံ၊ သမုဒ်ပြင်ကျယ်၊ ပင်လယ်အဆုံးရှိသော။ ပထဝိံ၊ ဇမ္ဗူတခွင်၊ မြေအပြင်ကို။ အဓိပ္ပေါ၊ ဆုံးမလွှမ်းမိုး၊ အုပ်ချုပ်စိုးနိုင်၏။

အဓိပ္ပါယ်။　။ထို့ပြင် နီတိဓမ္မသတ် ကျမ်းတတ်ကျော်ပြန် ပညာဝန်အများ တို့၏ မိန့်ကြားတော်မူအပ်သော စကားတရပ်ကို ထပ်မံ၍ နာတော်မူစေချင် ပါ၏။ အကြင်သို့သော အခါကာလ၌ အကြင်ပြည်ကြီးဦးကိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ်၏ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေကို မိမိ၏ ရဲမက် ခြွေရံနှင့် အစေခံ အမှုထမ်းသားတို့အား အတန်းအစားနှင့် ရာထူးဌာနန္တရ အလိုက် ထိုက်သက်သည့်အလျောက် တယောက်နှင့် တယောက်ကို မသာမပို မလိုစေရ အညီအမျှသာလျှင် ဝေဘန်ပေးကမ်းလေ့ရှိ၏။ အလုံးစုံသော အကျိုး အကြောင်းတို့ကို ကောင်းစွာတပ်အပ် ဆတ်ဆတ်ကေန် အမှန်ကိုသိရအောင် အမျိုးမျိုး ရှပ်ဆောင်လျက် ပြည်ဘောင် အရပ်ရပ်တို့၌ နှံ့စပ်စွာ သွားလာ ကူးသန်း၍ စူးစမ်းမှတ်သားသည့် စုံထောက်သမားခေါ်ဆို သူလျှိုအရာရှိ သည်လည်း မိမိ၏ကိစ္စ အလုံးစုံတို့ကို လုံခြုံသိပ်သည်းစေခြင်း ရှိ၏။ ပြည်ရေး ပြည်မှုနှင့် တခုမကျန် တိုင်ပင်ရန် အရေးတို့ကို ဆွေးနွေးတိုင်ပင်အပ်သော ပြည်ထဲရေး မင်းတိုင်ပင်အမတ်သည်လည်း တိုင်ပင်အပ်သမျှ အမှုကိစ္စအဖြာဖြာ တို့ကို ကောင်းစွာ လုံခြုံစေ၏။ အကြင် ပြည်ကြီးဦးကိုင် နိုင်ငံအရှင် ဘုရင် မင်းမြတ်သည် ပြည်သူများစွာ သတ္တဝါတို့၏အပေါ်၌ ကရုဏာနှင့် မေတ္တာတရား အမြဲထားတော်မူလျက် နာသာခံခက် မနှစ်သက်အပ် အကြားကပ်သော စကား တို့ကို ပြောဆို မိန့်ကြားတော်မမူ။ ထိုကဲ့သို့သော အခါကာလ၌ ထိုနိုင်ငံအရှင် ဘုရင်မင်းမြတ်သည် မဟာသမုဒ္ဒရာရေအဆုံးရှိသော ဇမ္ဗူဒိပ်တကျွန်းလုံးကို ဘုန်းဂုဏ်တန်ခိုး လွှမ်းခြုံမိုးလျက် အစိုးရနိုင်ပါသည်ဟု ဆိုလိုသည်။

ရန်သူကို ပူပန်စေရန် စီမံသင့်ပုံ

သို့သော်လည်း အရှင်ဟသံာမင်း....လင်းတ အမတ်ကြီးသည် စေ့စပ် ကျေအေး ပြေငြိမ်းခြင်း၏ အကြောင်းကို ကောင်းမွန်စွာ ပြောဆိုတင်လျှောက် မူကား တင်လျှောက်ပါပေ၏။ ယင်းသို့ပင် ပြောဆိုတင်လျှောက်ပါသော်လည်း ထိုဥဒေါင်းမင်းသည် ယခုအခါ အောင်နိုင်ခြင်းတည်းဟူသော မာန်မာနတက်ကြွ သဖြင့် လင်းတ အမတ်ကြီး၏ ပြောဆိုတင်လျှောက်သောစကားကို လေးစား မမူ အရေးမယူ ဂရုမစိုက် ရှိပေသည်။ အရှင်ဟသံာမင်း... ထို့ကြောင့်—

၅၆။ သုဂုတ္တိမာခါယ သုသံဟတေန၊
ဗလေန ဝီရော ဝိစရံ အရာတိံ။
သန္တာပယေ ယေန သမံ သုတာပေါ၊
တာပေန သန္ဓာနမုပေတိ တာပေါ—

(ဥပေန္ဒဝဇိရာဂါထာ)

ဟူ၍ နီတိကျမ်းတတ် ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ ဤဆိုလတ္တံ့ သောနည်းဖြင့် ပြုလုပ်ရန် သင့်လျော်ပါသည်။

ဝီရော၊ ထကြွလုံ့လ၊ ဥဿာဟနှင့်၊ ပြည့်ဝစုံလင်သော၊ နိုင်ငံအရှင် ဘုရင် မင်းမြတ်သည်။ သုသံဟတေန၊ ကောင်းစွာစုဆောင်း၊ ပေါင်းရုံးဖွဲ့စည်းအပ် သော။ ဗလေန၊ စစ်သည်အင်္ဂါ၊ ပြည့်စုံစွာသော၊ ရဲမက်အစု၊ ဗိုလ်ပါထုနှင့်။ သဟ၊ တကွ။ သုဂုတ္တိံ၊ လျှို့ဝှက်ပြည့်စုံ၊ လုံခြုံကောင်းစွာ။ အာခါယ၊ ‧သေချာ အားထုတ်၊ ပြုလုပ်စီမံ၍။ ဝိစရံ–ဝိစရန္တော၊ စစ်သည်အလုံးအရင်းနှင့်၊ ဗရုန်း ဗရင်း ဆူပွက်၍၊ ချီတက်သွားလာလျက်။ အရာတိံ၊ မာနပြောထူ၊ ရန်သူ တဖက်ကို။ သန္တာပယေ၊ စိုးရိမ်သောက၊ ဒုက္ခထွေထွေ၊ ကျရောက်လေ၍၊ ပူပန်စေရာ၏။ ကသ္မာ၊ ထိုသို့ပြုဘွယ်၊ အဘယ့်ကြောင့်နည်းဟူမူကား။ တာပေါ၊ ပူပန်သောက၊ ဒုက္ခတန်တန်၊ ကျရောက်ခံရသောသူသည်။ ယေန၊ အကြင် အမျက်မာန်မူ၊ တဖက်လူနှင့်။ သမံ၊ မလျော့မသာ၊ ညီညာအမျှ။ သုတာပေါ၊ ကောင်းစွာတန်တန်၊ လွန်ပူပန်၏။ တေနတာပေန၊ ထိုတန်းတူအမျှ၊ ပူပန်ရသော သူနှင့်။ သဟ၊ တကွ။ သန္ဓာနံ၊ ရောန္နောပေါင်းအပ်၊ စေ့စပ်ပြေငြိမ်းခြင်းသို့။ ဥပေတိ၊ မသွေမလှန်၊ ဧကန်ဖြင့်၊ အမှန်ကျရောက်တတ်၏။ တသ္မာ၊ ထိုသို့ စုပေါင်း၊ ထိုအကြောင်းကြောင့်ပေတည်း။

အဓိပ္ပါယ်။ ။ထကြွလုံ့လ ဥဿာဟနှင့် ပြည့်စုံသော နိုင်ငံအရှင် ဘုရင် မင်းမြတ်သည် ကောင်းစွာ စုရုံးဖွဲ့စည်းအပ်သော မိမိ၏ စစ်သည်ဗိုလ်ပါ မြောက်မြားစွာတို့နှင့်တကွ လျှို့ဝှက်လုံခြုံစွာ စစ်သည်အလုံးအရင်းနှင့် ဗရုန်း ဗရင်း ဆူပွက်လျက် ချီတက်သွားလာပြီးလျှင် ထိုအောင်နိုင်ခြင်းမာနဖြင့် ခက်ထန်တက်ကြွ တင်းမာလှသော ရန်သူမင်းကို စိုးရိမ်သောက ဒုက္ခရှုပ်ပွေ ပင်လယ်ဝေအောင် ပူလောင်စေရာ၏။ အဘယ်ကြောင့် ထိုသို့ ဒုက္ခရှုပ်ပွေ ပင်လယ်ဝေအောင် ဖြစ်စေရသနည်းဟူမူ ထိုသို့ စိုးရိမ်သောက ဒုက္ခအတန်တန်သို့ ကျရောက်ခံရသော ဒုက္ခသည်တဦးသည် မိမိနှင့်တန်းတူ ပူပန်ခြင်းကိုခံရသော ဒုက္ခသည်တဦးနှင့် ကူးလူးယှက်စပ် အပျချင်းဟပ်မိကြသဖြင့် ခါတ်သဘော သင့်မြတ်၍ အချင်းချင်းစေ့စပ် ပြေငြိမ်းပြီးလျှင် အေးကိမ်းသို့ ကျရောက်တတ်

ပေသည်။ ထို့ကြောင့် ထိုအောင်နိုင်ခြင်းမာနဖြင့် လွန်စွာတက်ကြွ ခက်ထန်လှသော ရန်သူမင်းမိုက်ကို အပူမီးပေါင်းတိုက်၍ အလိုက်သင့် ပြေ့ပျောင်းစေရပေသည်ဟု ဆိုလိုသည်။

အဘယ်သို့ ကြံစည်ပြုလုပ်သင့်ပါသနည်းဟူမူ ကျွန်တော်မျိုးတို့၏ မဟာမိတ်ဖြစ်သော သီဟိုဠ်ကျွန်း၏ဘုရင် မဟာဗလမည်သော ခေါက်ရှာငှက်မင်းကို ဇမ္ဗူဒိပ်ကျွန်း၌ စစ်သည်အလုံးအရင်းနှင့် ဗရုန်းဗရင်းသောင်းကျန်း၍ အရမ်းမဲ့ပြုလုပ်စေရန် သင့်လျော်ပါသည်ဟု တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်ရာ ဟင်္သာမင်းသည် "သင် စက္ကဝက်အမတ်ကြီး တင်လျှောက်သည့်အတိုင်းပင် သင့်လျော်ဟုတ်မှန်ရာပါပေသည်"ဟု မိန့်တော်မူပြီးလျှင် ဝိစိတြမည်သော ဥဗျိုင်းကို လျှို့ဝှက်အပ်သော သဝဏ်မှာတော်စာကို သေချာစွာ ရေးသားပေးအပ်၍ သီဟိုဠ်ကျွန်းနေ အဆွေတော် ခေါက်ရှာငှက်မင်း၏ အထံသို့ တမန်အဖြစ်ဖြင့် စေလွှတ်တော်မူလိုက်လေ၏။

ထို့နောက် ဥဒေါင်းမင်း၏ အထံသို့ စေလွှတ်၍ထားအပ်သော သူလျှိုဥဗျိုင်းသည် တဖန်လာရောက်၍ တင်လျှောက်ပြန်သည်မှာ "အရှင်ဟင်္သာမင်း....ထိုအရပ်၌ဖြစ်သော အကြောင်းအရာတို့ကို ကောင်းစွာ နာတော်မူပါဦးလော့"ဟု ဆို၍ ဤဆိုလတ္တံ့သောစကားအစဉ်ဖြင့် ပြောဆို တင်လျှောက်လေ၏။

တင်လျှောက်ပုံကား——ထိုဥဒေါင်းမင်း၏ အထံတော်၌ လင်းတအမတ်ကြီးသည် "အရှင်ဥဒေါင်းမင်း....မေဃဝဏ္ဏမည်သောကျီးသည် ထိုဟင်္သာမင်း၏အထံတော်၌ ရှည်မြင့်စွာနေထိုင်ခဲ့ပါသည်၊ သို့ဖြစ်၍ ထိုဟင်္သာမင်းသည် မဟာမိတ်အဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံထိုက်သောဂုဏ်နှင့် ပြည့်စုံသည်, မပြည့်စုံသည်ကို သေချာ ကောင်းမွန်စွာ သိနိုင်ပါလိမ့်မည်။ ထို့ကြောင့် ထိုမေဃဝဏ္ဏကျီးကို စုံစမ်းမေးမြန်းတော်မူရန် လျော်ကန်သင့်မြတ်ပါသည်"ဟု တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်ရာ ဥဒေါင်းမင်းသည် မေဃဝဏ္ဏကျီးကို ရှေ့တော်သို့ခေါ်တော်မူ၍ ဤသို့ မေးမြန်းတော်မူလေ၏——"အချင်းကျီးညို ...ထိုကပ္ပူရကျွန်း၏ဘုရင် ဟိရညဂဗ္ဘမည်သော ဟင်္သာမင်းသည် အဘယ်သို့ သဘောရှိပါသနည်း၊ ထိုမင်း၏ စက္ကဝက်အမတ်ကြီးသည်လည်း အဘယ်သို့ သဘောရှိပါသနည်း"ဟု မေးမြန်းတော်မူလေ၏။

ထိုသို့ မေးမြန်းတော်မူလေရာ မေဃဝဏ္ဏကျီးက "အရှင်ဥဒေါင်းမင်း... ထိုဟင်္သာမင်းသည် မြင့်မြတ်တည်ကြည်ခြင်းအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံသော ပဏ္ဍဝမင်းသားတို့တွင် အကြီးဆုံးဖြစ်သော ယုဓိဋ္ဌိရမင်းနှင့်တူသော မြင့်မြတ်သော စိတ်သဘောရှိ၍ မှန်ကန်သောသစ္စာဂတိနှင့် ပြည့်စုံပါပေသည်။ ရင်းပြင်

စက္ကဝက်အမတ်ကြီးကဲ့သို့ ကျမ်းဂန်အရပ်ရပ်တို့၌ နှံ့စပ်ကျေပြွန်၍ အမြော်အမြင် ဆင်ခြင်ခြင်းအစရှိသောဂုဏ်တို့နှင့် ပြည့်စုံသောအမတ်ကိုလည်း မည်သည့်အရပ် ဒေသမှာမှ မတွေ့မြင်ဘူးသေးပါ”ဟု တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်ရာ ဥဒေါင်းမင်းက “အကယ်၍ စက္ကဝက်အမတ်ကြီးသည် ဤမျှလောက်အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံပါမူ သင်သည် သူလျှိုအဖြစ်ဖြင့် ထိုသူတို့၏ အထံ၌ သွားရောက်နေထိုင်စဉ်အခါ အဘယ်သို့လျှင် ထိုအမတ်ကြီးကို သင်သည် လှည့်ပတ်ဖြားယောင်းပါသနည်း”ဟု မေးတော်မူလေ၏။

ထိုသို့မေးတော်မူရာ မေဃဝဏ္ဏကျီးသည် ပြုံးရယ်လျက်“အရှင်ဥဒေါင်းမင်း” ဟုဆိုပြီးလျှင် ဤဆိုလတ့်သော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

ယုံကြည်သူကို လိမ်ညာရန် ပညာဉာဏ်မလို

၅၃။ ဝိသာသပတိပန္နာနံ၊ ဝဉ္စနေ ကာ ဝိဒဂ္ဂတာ။
အင်္ကမာရုယှ သုတ္တံ ဟိ၊ ဟန္တွာ ကိံ နာမ ပေါရိသံ။

ဝိသာသပတိပန္နာနံ၊ ယုံကြည်ချစ်ခင်၊ အကျွမ်းဝင်ခြင်းသို့ ရောက်ကုန်သော သူတို့အား။ဝဉ္စနေ၊ မာယာဉာဏ်လောင်း၊ဖြားယောင်းလှည့်ပတ်ရာ၌။ ဝိဒဂ္ဂတာ၊ လိမ္မာသွက်လက်၊ ဉာဏ်အမြင်ထက်သည်၏ အဖြစ်သည်။ ကာ၊ မဖွယ်မရာ၊ အလွယ်သာဖြင့်၊ အဘယ်မှာရှိပါအံ့နည်း။ ဟိ၊ ထိုနည်းထပ်ခါ၊ ပမာမခြား၊ ကဲ့အလားသာလျှင်။ ဇနော၊ မြင်မြင်ဝါးဝါး၊ လူယောကျ်ားသည်။ အင်္ကံ၊ မိမိ ပိုင်နက်၊ ရင်ခွင်ထက်သို့။ အာရုယှ၊ယုံကြည်နှစ်သက်၊ ကောင်းစွာတက်၍။ သုတ္တံ၊ စိတ်စက်ချကာ၊အိပ်ပျော်ရှာသောသူကို။ ဟန္တွာ၊ အချက်ပိုင်ပိုင်၊ နိုင်နိုင်နင်းနင်း၊ သတ်နိုင်ခြင်းကြောင့်။ ကိံ နာမပေါရိသံ၊ မဖွယ်မရာ၊ အဘယ်မှာလျှင်၊နယ်တ ကာကျော်ကြားသည့်၊ အစွမ်းကောင်းယောကျ်ားမည်ပါအံ့နည်း။

အဓိပ္ပါယ်။ ။အရှင်ဥဒေါင်းမင်း.... ရှေးမဆွကပင်လျှင် ယုံကြည်ချစ်ခင် အကျွမ်းဝင်လှသဖြင့် ပြောဆိုသမျှ အဟုတ်ထင်လျက် ပျက်ကွက်သည့် အချို့ အချက်ကိုပင်လျှင် ဖြည့်စွက်ဖာထေး၍ လေးလေးပင်ပင်နှင့် အတွင်းသားယုံပြီး ဖြစ်ပါသဖြင့် ထိုကဲ့သို့ မိမိအား ယုံကြည်ချစ်ခင် အကျွမ်းဝင်ကုန်သော သူတို့ကို လှည့်ပတ်ဖြားယောင်းနိုင်ရာ၌ အလွယ်သာဖြစ်ပါသဖြင့် အဘယ်မှာလျှင် လိမ္မာ သွက်လက် ဉာဏ်အမြင်ထက်သည်၏ အဖြစ်ရှိပါအံ့နည်း၊ ထက်မြက်လိမ္မာသည်၏ အဖြစ်သို့ မရောက်နိုင်သေးပါ။ ထို့အတူ ယုံကြည်စိတ်ချလျက် မိမိ၏ရင်ခွင် ထက်၌ အိပ်စက်၍ နေသောသူကို နှိပ်စက်ပုတ်ခတ် သတ်ဖြတ်နိုင်ခြင်းကြောင့် ထိုသူသည် အဘယ်မှာလျှင် နယ်တကာကျော်ကြားသည့် အစွမ်းကောင်း

ယောကျာ်း မည်နိုင်ပါတော့အံ့နည်း။ လူစွမ်းကောင်း မမည်သည်သာဖြစ်ပေသည်။ ထို့အတူ လှည့်ပတ်ဖြားယောင်းလိုသော ကျွန်တော်မျိုးသည် ရှေးမဆွကပင်လျှင် သေချာစွာပူးကပ်၍ နူးနှပ်ပြီးဖြစ်ပါသဖြင့် ယုံကြည်ချစ်ခင် အကျွမ်းဝင်ပြီးဖြစ်သော ထိုဟင်္သာမင်းနှင့် စက္ကဝက်အမတ်ကြီးတို့အား လှည့်ပတ်ဖြားယောင်းနိုင်ရာ၌ ထက်မြက်သော ဉာဏ်အမြင်ရှိသည်ဟု မဆိုထိုက်သေးပါ၊ အလွယ်သာဖြစ်ပါသဖြင့် ထက်မြက်သော ဉာဏ်အမြင်ကိုလည်း မလိုလှသေးပါဟု ဆိုလိုသည်။

လူယုတ်မာကို ကိုယ်ချင်းစာက ကိုယ်သာနာတတ်ပုံ

အရှင်ဥဒေါင်းမင်း.... နာတော်မူပါဦးလော့၊ ထိုစက္ကဝက် အမတ်ကြီးသည် ကျွန်တော်မျိုးကို ရှေးမဆွ ပဌမမြင်ကတည်းကပင်လျှင် မည်ကဲ့သို့လူစားဟု နားလည် ရိပ်မိပါသည်၊ ယင်းသို့ပင် စက္ကဝက်အမတ်ကြီးက နားလည်ရိပ်မိပါသော်လည်း ထိုဟိရညဂဗ္ဘဟင်္သာမင်းသည် ရိုးသားဖြောင့်မတ် ကိုယ်ချင်းစာတတ်သဖြင့် မြင့်မြတ်သောစိတ်နှလုံး ရှိပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးသည် လှည့်ပတ်ဖြားယောင်းနိုင်ပါသည်။ ထို့ကြောင့်ပင်လျှင်—

၅၈။ အတ္တောပမေန သော ဝေတ္တိ၊ ဒုဇ္ဇနံ သစ္စဝါဒိတံ။
သ ဧဝ ဝဉ္စတေ တေန၊ ဗြာဟ္မဏော ဆာဂတော ယထာ—

ဟူ၍ ရှေးရှေးအစဉ် ဆရာရှင်တို့ သွန်သင်မှာထား၍ ဆုံးမစကား မိန့်ကြားတော်မူခဲ့ကြပေသည်”ဟု ပြောဆိုတင်လျှောက်လေ၏။

အတ္တောပမေန၊ မိမိကိုယ်နှင့်၊ နှိုင်းစာချင့်သဖြင့်။ ဒုဇ္ဇနံ၊ မဖြောင့်မရိုး၊ လူညစ်ဆိုးကို။ သစ္စဝါဒိတံ၊ မှန်မှန်ကန်ကန်၊ ပြောဆိုတန်ရာသည်၏ အဖြစ်ကို။ ဝေတ္တိ၊ ထင်မြင်ဇောကပ်၊ ဆင်ခြင်မှတ်၏။ သဧဝ–သောဧဝ၊ ထိုကိုယ့်သဘောနှယ်၊ ပမာဆွယ်၍၊ ယုံလွယ်တတ်သောသူကိုပင်လျှင်။ ဓုတ္တေန၊ အကောက်လုပ်ရိုး၊ လူယုတ်ဆိုးသည်။ ဆာဂတော၊ ဆိတ်ကိုအမှူ၊ အကြောင်းပြု၍။ ဗြာဟ္မဏော၊ ပြောလျှင်ဆောဆော၊ လောလောယုံမှား၊ မောင်ပုဏ္ဏားကို။ ဝဉ္စတေယထာ၊ ဖြားယောင်းလှည့်ပတ်၊ လိမ်လည်အပ်သကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ တေနဒုဇ္ဇနေန၊ ထိုမဖြောင့်မရိုး၊ လူညစ်ဆိုးသည်။ ဝဉ္စတေ၊ ဖြားယောင်း လှည့်ပတ်၍၊ ကောင်းကောင်းကြီး လိမ်လည်အပ်၏။

ထိုအခါ ဥဒေါင်းမင်းက “ဤဆိတ်ကို အကြောင်းပြု၍ လူယုတ် လူဆိုးတို့သည် ပုဏ္ဏားကို ဖြားယောင်းလှည့်ပတ်ပုံအကျယ်ကား အဘယ်သို့ပါနည်း”ဟု မေးတော်မူရာ မေဃဝဏ္ဏကျီးသည် ဤဆိုလတံ့သော ပုံဝတ္ထုကို ပြောဆိုတင်လျှောက်လေ၏။

တေလေ လူဆိုးတို့နှင့် ပုဏ္ဏားဝတ္ထု

လွန်လေပြီးသောအခါ ပုဏ္ဏားတယောက်သည် ဂေါတမမည်သောတော၌ ကြီးကျယ်ခမ်းနားစွာသော ယဇ်ကြီးပူဇော်ပွဲကို စီမံပြုလုပ်ရန်ရှိလေ၏။ ထိုပုဏ္ဏားသည်လည်း ယဇ်ပူဇော်ခြင်းအကျိုးငှါ တခုသောရွာသို့သွားရောက်၍ ဆိတ်ဖြူတကောင်ကို ဝယ်ယူခဲ့၍ မိမိ၏ပခုံးဖြင့်ထမ်းဆောင်ပြီးလျှင် လမ်းခရီး၌ လျှင်မြန်စွာသွားစဉ် လူယုတ်လူပေ တေလေသုံးယောက်တို့သည် ထိုပုဏ္ဏားကို တွေ့မြင်ကြလေ၏။ ထိုသို့ တွေ့မြင်ကြလေရာ ထိုသူယုတ်တို့သည် ဤသို့ကြံစည်ကြလေ၏၊ အဘယ်သို့ ကြံစည်ကြသနည်းဟူမူ "အကယ်၍ ငါတို့သည် ဤဆိတ်ကို တစုံတခုသောဥပါယ်တမျဉ်ဖြင့် ရအောင် ကြံစည်ပြုလုပ်နိုင်သည်ဖြစ်အံ့၊ ထိုသို့ပြုလုပ်နိုင်သည်ရှိသော် လိမ္မာရေးခြား ပါးနပ်ခြင်းဖြစ်ပေမည်"ဟု မှတ်ထင်ဆင်ခြင်၍ ကြံစည်ကြလေ၏။ ထိုသို့ကြံစည်ကြပြီးလျှင် ထိုသုံးယောက်သော တေလေတို့သည် တကောသခန့်မျှ ခြား၍ခြား၍ လမ်းခရီး၏ နံဘေး သစ်ပင်ရိပ်တို့၌ အသီးအသီး ထိုပုဏ္ဏား၏ လာခြင်းကို မြှော်လင့်စောင့်စား၍ နေနှင့်ကြလေ၏။ ထိုသို့နေကြရာ ထိုသုံးယောက်တို့တွင် ပဌမလူ၏အနီးသို့ ရောက်သောအခါ ထိုပဌမလူက "အိုအရှင်ပုဏ္ဏား....သင်သည် အဘယ့်ကြောင့်ခွေးကို ပခုံးဖြင့် ထမ်းဆောင်၍ လာဘိသနည်း"ဟု မေးမြန်းပြောဆိုလေ၏။

ထိုအခါ ပုဏ္ဏားက "အမောင်.... ဤယခု ငါထမ်းဆောင်ခဲ့သော သတ္တဝါသည် ခွေးမဟုတ်ပါ၊ စင်စစ်မှာမူ ယဇ်ပူဇော်ရန်ဖြစ်သော ဆိတ်ဖြစ်ပါသည်" ဟု ပြောဆိုလေ၏။ ထို့နောက် ပုဏ္ဏားသည် အစဉ်အတိုင်း သွားပြန်လေသော် အခြားတယောက်သော သူယုတ်၏ အနီးသို့ ရောက်ပြန်သောအခါ ထိုသူယုတ်သည်လည်း ထို့အတူပင်လျှင် "အို အရှင်ပုဏ္ဏား....သင်သည် အဘယ့်ကြောင့် ခွေးကို ပခုံးဖြင့် ထမ်းဆောင်၍ လာဘိသနည်း"ဟု မေးမြန်းပြောဆိုပြန်လေ၏။ ထိုသို့ ခွေးဟူသောစကားကို တဖန် ကြားပြန်သဖြင့် ပုဏ္ဏား၏ စိတ်၌ အနည်းငယ်ယုံမှားခြင်းဖြစ်၍လာသဖြင့် ဆိတ်ကို မြေသို့ချလျက် အပြန်ပြန်အလှန်လှန် အထပ်ထပ် ကြည့်ရှု၍ တဖန် ပခုံးဖြင့် ထမ်းဆောင်ပြီးလျှင် "ဤသတ္တဝါသည် ဆိတ်ပင်ဖြစ်လေသလော၊ သို့မဟုတ် ခွေးပင်ဖြစ်လေသလော"ဟု သို့လော၊ အသို့လော တွေးတောဒွိဟ သံသယဖြစ်လျက်နှင့် ဆက်လက်၍ သွားပြန်လေ၏။

သူယုတ်မာစကားဝင်လျှင် သူတော်ခင်ယောင်မှားတတ်ပုံ

ဤနေရာ၌ ယုတ်မာပျက်ချော် မသူတော်တို့၏ လှည့်ပတ်ဖြားယောင်း၍ မကောင်းသဖြင့် ပြောဆိုသော စကားကြောင့် ရိုးသားဖြောင့်မှန်သောသူတစုတို့မှာ အမှုနှင့်တွေ့တတ်ပုံကို ထုံးပုံနှင့်တကွ သွတ်သွင်း၍ ပြပြန်လိုသည်ဖြစ်၍

မတိ ဒေါလာယတေ အစရှိသောဂါထာကို ရွတ်ဆိုကြားဖောက်လျက် တင် လျှောက်ပြန်လေ၏။

၃၉။ မတိ ဒေါလာယတေ နူနံ၊ သတံ အပိ ခလောတ္တိဟိ။
တာဟိ ဝိသာသိတော ယော သော၊ မီယတေ စိတြကဏ္ဍဝ။

သတံအပိ၊ တရားကျမ်းဂန်၊ လမ်းမှန်မွေလျော်၊ မြတ်သူတော်တို့၏လည်း။ မတိ၊ အသိအလိမ္မာ၊ ဉာဏ်ပညာကို။ နူနံ – ဧကန္တေန၊ မချွတ်မလွဲ၊ အမြဲကေန်၊ အမှန်စင်စစ်အားဖြင့်။ ခလောတ္တိဟိ၊ ယုတ်မာပျက်ချော်၊ လူသရော်တို့စကား ဖြင့်။ ဒေါလာယတေ၊ တုန်လှုပ်ယိမ်းပါး၊ ချောက်ချားစေအပ်၏။ ယော၊ အကြင်တရားကျမ်းဂန်၊ လမ်းမှန်မွေလျော်၊ မြတ်သူတော်ကို။ တာဟိ၊ ထို ယုတ်မာပျက်ချော်၊ လူသရော်တို့၏ စကားဖြင့်။ ဝိသာသိတော၊ ကြွင်းမဲ့ ချက်ကုန်၊ လုံးလုံးပုံ၍၊ ယုံကြည်ခြင်းသို့ ရောက်စေအပ်၏။ သော၊ ထိုမသူတော် စကား၊ အယုံမှားသောသူသည်။ စိတြကဏ္ဍဝ၊ နားရွက်ပြောက်ကျား၊ များလျား တွဲကုတ်၊ ကုလားအုပ်ကဲ့သို့။ မီယတေ၊ ခန္ဓာပျက်ကြေ၊ ဇီဝိန်ကြွေ၍၊ သေခြင်း သို့ ရောက်ပေရာ၏။

ထိုအခါ ဥဒေါင်းမင်းက "ဤယုတ်မာပျက်ချော် လူသရော်တို့၏ စကားကို ယုံကြည်မိမှားသဖြင့် နားရွက်ပြောက်ကျား ကုလားအုပ်ဇီဝိန် ချုပ်ရပုံအကျယ် ကို အဘယ်သို့ မှတ်ရပါမည်နည်း"ဟု မေးတော်မူပြန်ရာ မေဃဝဏ္ဏကြီးသည် မိမိ၏ ယခင်ပြောဆိုရင်းဖြစ်သော ပုဏ္ဏား၏ အကြောင်းစကားမှ ကြားဖောက် လျက် အောက်ပါဝတ္ထုကို ပြောဆိုတင်လျှောက်ရပြန်လေ၏။

စိတြကဏ္ဍကုလားအုပ်ဝတ္ထု

လွန်လေပြီးသောအခါ တခုသောတောအရပ်၌ **မဒေါက္ကတ**မည်သော ခြင်္သေ့ တကောင်ရှိလေ၏၊ ထိုခြင်္သေ့မင်းအား ကျီး,ကျားနှင့် မြေခွေးဟု ဆိုအပ်ကုန် သော အစေခံတို့သည် ရှိကြလေ၏၊ ထို့နောက် တနေ့သ၌ ထိုခြင်္သေ့မင်း၏ အခြွေအရံဖြစ်ကုန်သော အစေခံများ သုံးဦးသားတို့သည် တော၌လှည့်လည် ကြစဉ် မိမိ၏ အမျိုးသားချင်း အပေါင်းအဖော်ဖြစ်သော အအုပ်အစုမှ ကွဲကွာ၍ လာခဲ့သော တကောင်သော ကုလားအုပ်ကို တွေ့မြင်ကြလေရာ "သင်သည် အဘယ်အရပ်မှ လာခဲ့ပါသနည်း"ဟု မေးကြလေ၏။ ယင်းသို့မေးရာ ကုလား အုပ်က မိမိ၏ အကြောင်း အတ္ထုပ္ပတ်ကို ပြောပြလေ၏၊ ထို့နောက် ထိုသုံးဦး သော အစေခံတို့သည် ကုလားအုပ်ကို ခေါ်ဆောင်ခဲ့၍ ခြင်္သေ့မင်းအား ဆက်သ ကြလေ၏၊ ခြင်္သေ့မင်းသည်လည်း ဘေးမဲ့ပေးသော စကားတို့ဖြင့် မကြောက် ရွံ့စေရန် ပြောဆိုပြီးလျှင် ထိုကုလားအုပ်အား **စိတြကဏ္ဍ** ဟူသော အမည်ကို

ပေး၍ အတူတကွနေထိုင်စေ၏။ ထို့နောက် တနေ့သ၌ ခြင်္သေ့မင်း၏ ကိုယ်လက် အင်္ဂါ မကျန်းမာခြင်း ဖြစ်သောကြောင့်လည်းကောင်း, အလွန်သည်းထန်လှစွာ မိုးကြီးရွာသွန်းခြင်းကြောင့်လည်းကောင်း အစာအာဟာရ မရကြသည် ရှိသော် အလွန်တရာ စိတ်သောကပွေရှုပ်၍ ဒုက္ခမီးဗျာပါလှိုင်လျက် မကြံစည် နိုင်အောင် ဖြစ်၍နေကြလေ၏။

ထို့ကြောင့် ထိုကျီး,ကျားနှင့် မြေခွေးတို့သည် ဤသို့ စည်းဝေးတိုင်ပင်၍ ဆင်ခြင်ကြံစည်ကြလေ၏— "ခြင်္သေ့မင်းသည် စိတြကဏ္ဏမည်သော ကုလားအုပ် ကိုပင်လျှင် သတ်ပုတ်ညှဉ်းဆဲအောင် တိုက်တွန်းပြုလုပ်ကြပါအံ့၊ ထိုဆူးကို စားသော ကုလားအုပ်ဖြင့် ငါတို့အား အဘယ်အကျိုးရှိပါအံ့နည်း"ဟု တိုင်ပင် ပြောဆိုကြလေ၏။ ထိုအခါ ကျားက ဤသို့ ပြောဆိုလေ၏— "အရှင်ခြင်္သေ့မင်း သည် ဤကုလားအုပ်ကို ဘေးမဲ့ပေးသော စကားတို့ကို ပြောဆို၍ ချီးမြှောက် တော်မူခဲ့၏၊ ထိုသို့ ချီးမြှောက်တော်မူခဲ့ခြင်းကြောင့် အဘယ်မှာလျှင် ဤသို့ သတ်ဖြတ်ညှဉ်းဆဲခြင်း ဖြစ်နိုင်ပါအံ့နည်း"ဟု ပြောဆိုလေ၏။

ငတ်ပြတ်သောအခါ ဘာမဆို လုပ်တတ်ကြပုံ

ထိုသို့ပြောဆိုရာ ကျီးက "ယခုအခါ၌ အရှင်ခြင်္သေ့မင်းသည် အစာ အာဟာရ ပြတ်လပ် ငတ်မွတ်သဖြင့် အားအင်နည်းပါး၍ အလွန်ဆင်းရဲခြင်းသို့ ရောက်ချေပြီ၊ သို့ဖြစ်၍ မသင့်မလျော် မတော်မတရား ယုတ်မာသော မကောင်းမှု များကိုသော်လည်း မုချအမှန် ဧကန်ပြုလုပ်ပေလတ္တံ့"။ အကြောင်းကို နာပါဦး လော့ဟု ဆိုပြီးလျှင် အောက်ပါ ဂါထာကို ရွတ်ဆို ပြောပြလေ၏။

၆၀။ စဇေ ခုဒ္ဒိတ္တာ မဟိလာ သပုတ္တံ၊
ခါဒေ ခုဒ္ဒိတ္တာ ဘုဇဂီ သမဏ္ဍံ။
ဗုဘုက္ခိတော ကိံ န ကရောတိ ပါပံ၊
ခီဏာ နရာ နိက္ကရုဏာ ဘဝန္တိ။
(ဥပေန္ဒဝဇိရာဂါထာ)

မဟိလာ၊ သားရတနာရှင်၊ ချစ်ခင်မဝ၊ ထိုမိန်းမသည်။ ခုဒ္ဒိတ္တာ၊ အစာမရ၊ အာဟာရချွတ်၊ လွန်ငတ်မွတ်သည်၏အဖြစ်ကြောင့်။ သပုတ္တံ၊ မိမိရင်နှစ်၊ သား အချစ်ကို။ စဇေ၊ ငဲ့ကွက်မညှာ၊ စွန့်ပစ်ရာ၏။ ဘုဇဂီ၊ အသက်အသွင်၊ အဥခင်လှ၊ မြွေအမသည်။ ခုဒ္ဒိတ္တာ၊ အစာမရ၊ အာဟာရချွတ်၊ လွန်ငတ်မွတ်သည်၏အဖြစ် ကြောင့်။ သမဏ္ဍံ–သံအဏ္ဍံ၊ ကိုယ်၏ရင်နှစ်၊ ဥအချစ်ကို။ ခါဒေ၊ ရက်စက်မညှာ၊ စားမျိုရာ၏။ ဗုဘုက္ခိတော၊ မွတ်သိပ်အစာ၊ အလွန်ဆာလျက်၊ အာသာငမ်းငမ်း၊

အပြင်းဖမ်းသဖြင့်၊ အရမ်းမဲ့ စားလိုသောသူသည်။ ကိ ံပါပံ၊ ဘယ်လိုပြစ်စု၊ မကောင်းမှုကို။ န ကရောတိ၊ အရေးတခု၊ အလေးမှုသဖြင့်၊ မပြုမလုပ်ဘဲ နေပါအံ့နည်း။ ခီဏာ၊ အစာရေစာ၊ ဗလာလွတ်ကင်း၊ အလျှင်းသားငတ်၊ အားအင်ပြတ်ကုန်သော။ နရာ၊ မည်သူမဆို၊ များလူဗိုလ်တို့သည်။ နိက္ကရုဏာ၊ ကြင်နာသနား၊ ထောက်ထားငဲ့ညှာ၊ အလျှင်းကွာကုန်သည်။ ဘဝန္တိ၊ ကေန်မုချ၊ ဖြစ်တတ်ကြကုန်၏။

အဓိပ္ပါယ်။ ။မိမိ၏ ရင်သွေးရင်သားကို ချစ်ခင်ကြင်နာ၍ ဘယ်အခါမှ မဝနိုင်သော သားလှရတနာ၏ မွေးသည့်မိခင် ကျေးဇူးရှင် မိန်းမသည် ဘဝက အကြောင်း ကံမကောင်းသဖြင့် တယောက်မ တလုပ်စာမျှ အာဟာရ မဖြည့်မသွင်းရဘဲ အလျှင်းသား ပြတ်လပ်၍ ငတ်မွတ်သည့်အခါ ဆာလောင်ခြင်းဖြင့် ပြင်းစွာ နှိပ်စက်ပါမူ ဇမ္ဗူရဇ်တန္ဒုန်း အနှစ်တုံးဟု မပစ်မမုန်းနိုင်သည့် အချစ်ဆုံး ရတနာ သားပုတ္တာကိုသော်မှလည်း တော်ရာမှာ ဇွတ်နှစ်၍ စွန့်ပစ်ခြင်းကို ပြုလုပ်ပေရာသည်။ ကောက်တကျစ်သွား နဂါးနွယ်ဝင် အဥကိုခင်မင်သည့် မိခင်မြွေမဥရဂသည်လည်း အစာအာဟာရ အပြီးတိုင်ရှာမရသဖြင့် ဆာလှသည့်အချက် လွန်မင်းစွာ နှိပ်စက်ခဲ့ပါလျှင် အသက်အသွင် လွန်ခင်မင်သည့် မိမိ၏အဥတို့ကို ပင်လျှင် စားမျိုခြင်းပြုပေရာသည်။ အစာအာဟာရ မွတ်သိပ်လှသဖြင့် ရသအာရုံ ကာမဂုဏ်၌ ခုံမင်တဏှာ အာသာငမ်းငမ်း အပြင်းဖမ်းလျက် အရမ်းမဲ့စားလိုသောသူသည်လည်း မည်သည့် အကုသိုလ်ဒုစရိုက်အမှုကိုမျှ ဂရုမစိုက်ဘဲ အကြောင်းနှင့်တိုက်ဆိုက်က ပြုလုပ်လိုက်မြဲသာ ဖြစ်ပေသည်။ အစာရေစာ ဗလာလွတ်ကင်း၍ အလျှင်းသား ငတ်သဖြင့် အားအင်ပြတ်ကုန်သော သူတို့သည်လည်း သတ္တဝါတပါးကို ကြင်နာသနား ထောက်ထားငဲ့ညှာခြင်း အလျှင်းပင်မရှိ ဖြစ်တတ်ကြကုန်သည်။ ထို့ကြောင့် ယခုအခါ ခြင်္သေ့မင်းသည်လည်း အစာအာဟာရ ငတ်မွတ်ခေါင်းပါး၍ အားအင်ကုန်ခန်းသည့်အတွက် ရက်စက်ကြမ်းကြုတ်၍ မည်မျှလောက် ယုတ်မာသော အမှုကြီးပင်ဖြစ်သော်လည်း စင်စစ်ပြုလုပ်ပေမည်ဟု ဆိုလိုသည်။

တရားမယှဉ် ထင်ရာကိုလုပ်တတ်သူ ဆယ်ဦး

ထို့ပြင် တရားနှင့်လျော်ကန်, မလျော်ကန်ဟု အတန်မျှမစဉ်းစားနိုင်ဘဲ ဦးတည်ရာ အတင်းကိုင်၍ ချိုင်တတ်သောသူ ဆယ်ဦးတို့ကို အထူးပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ကြားနာပါဦးလော့ဟု ဆိုပြီးလျှင် **မတ္တော ပမတ္တစုမ္မတ္တော** အစရှိသော ဂါထာကို ရွတ်ဆို ပြောပြပြန်လေ၏။

- ၆၁။ မတ္တော ပမတ္တစုမ္မတ္တော၊ သန္တော ကောဓိ ဗုဘုက္ခိတော။
  လုဒ္ဓေါ ဘိရု တုရာယုတ္တော၊ ကာမုကော စ န ဓမ္မိကော။

မတ္တော စ၊ ယစ်မျိုးသောက်စား၊ ပျော်ပါးမူးတူး၊ သေရည်မူးသောသူသည် လည်းကောင်း။ ပမတ္တော စ၊ ကုသိုလ်အစု၊ ကောင်းမှုအရာတို့၌၊ များစွာမေ့လျော့၊ အလွန်ပေါ့သောသူသည် လည်းကောင်း။ ဥမ္မတ္တော စ၊ သည်းခြေနောက်မူး၊ လုံးလုံးရူးသောသူသည် လည်းကောင်း။ သန္တော စ၊ အားအင်ကုန်ခန်း၊ လွန်ပင်ပန်းသောသူသည် လည်းကောင်း။ ကောဓီ စ၊ ကောဓအမျက်၊ ဒေါသထွက်သောသူသည် လည်းကောင်း။ ဗုဘုက္ခိတော စ၊ ရသတဏှာ၊ အာသာငမ်းငမ်း၊ အပြင်းဖမ်းသဖြင့်၊ အရမ်းမဲ့စားလိုသောသူသည် လည်းကောင်း။ လုဒ္ဓေါ စ၊ မတန်အဆ၊ လောဘရမ္မက်၊ ပြင်းစွာထွက်သောသူသည် လည်းကောင်း။ ဘီရူစ၊ ဘေးဘျမ်းအတွက်၊ အကြောက်ဖက်သောသူသည် လည်းကောင်း။ တုရာယုတ္တော စ၊ ဆောဆောလျင်လျင်၊ အရေးနှင့်ယှဉ်သောသူသည် လည်းကောင်း။ ကာမု-ကော စ၊ ဣတ္ထိအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်ငြိကပ်၊ အလွန်တပ်သောသူသည် လည်းကောင်း။ ဓမ္မိကော၊ ကျိုးကြောင်းမြော်မြင်၊ တရားယှဉ်ခြင်းသည်။ ဝါ၊ မမှားမဒထောင့်၊ တရားကိုစောင့်ခြင်းသည်။ န ဟောတိ၊ စင်စစ်အမှန်၊ သေ့မလျှန်သဖြင့်၊ ကေန်မဖြစ်ပေ။

အဓိပ္ပါယ်——

(၁) ယစ်မျိုးသောက်စား ပျော်ပါးမူးတူး သေသောက်ကြူးသဖြင့် မူးယစ်သောသူသည်လည်းတယောက်၊

(၂) ကုသိုလ်အစုကောင်းမှုအရာနှင့် ဘာသာအကျင့်အလေ့တို့၌ မေ့လျော့ပေါ့တန်သော သူလည်းတယောက်၊

(၃) သည်းခြေနောက်မူး လုံးလုံးရူးသောသူလည်း တယောက်၊

(၄) အားအင်ကုန်ခန်းသဖြင့် အလွန် ပင်ပန်း နွမ်းရိသော သူလည်းတယောက်၊

(၅) မျက်မာန်ကောဓ ခြောင်းခြောင်းထလျက် ဒေါသမီးတောက်သောသူလည်းတယောက်၊

(၆) ရသတဏှာ အာသာငမ်းငမ်း အပြင်းဖမ်းသဖြင့် အရမ်းမဲ့စားလိုသောသူလည်း တယောက်၊

(၇) မတန်အဆ လောဘရမ္မက် ပြင်းစွာထွက်သဖြင့် ဆထက်ပိုမို အလိုကြီးသောသူလည်း တယောက်၊

(၈) ဘေးဘျမ်းကိစ္စ ဟူသမျှ၌ သူရသတ္တိ မရှိမဝံ့ တွန့်ဆုတ်ချောက်ချားအကြောက်များသောသူလည်း တယောက်၊

(၉) အကြောင်းနှင့်အကျိုးကို ကောင်းဆိုးမမြင် မဆင်ခြင်နိုင်အောင် ရှောင်တခင်ပြုသင့်သော အမှုနှင့် တွေ့ဆုံလျက် ပက်ပင်းပါ ကြုံကြိုက်သော သူလည်း တယောက်၊

(၁၀) ဣတ္ထိအာရုံ ကာမဂုဏ်၌ ခုံမင်ငြိကပ် တင်းကြပ်လွန်မင်း အတပ်ပြင်း သောသူလည်း တယောက်—

ဤဆယ်ယောက်သော သူတို့သည် တရားနှင့်လျော်ကန့်, မလျော်ကန့်ကို ကောန်မစဉ်းစားတတ် မစဉ်းစားနိုင်သောသူတို့ ဖြစ်ကြပေသည်။ ထို့ကြောင့် လည်း ယခုအခါ အရှင်ခြင်္သေ့မင်းသည် ရက်စက် ကြမ်းကြုတ် ယုတ်မာသော အမှုကို ပြုလုပ်မည်မချွတ်သာ ဖြစ်ပေသည်ဟု ဆိုလိုသည်။

ဤသို့ သုံးဦးသော အသင်းသားတို့သည် အချင်းချင်း သဘောတူတိုင်ပင် ဆုံးဖြတ်ကြပြီးလျှင် ခြင်္သေ့မင်း၏အထံသို့ အားလုံးသွားကြလေ၏။ ထိုအခါ ခြင်္သေ့မင်းက "သင်တို့သည် အစာအာဟာရအလို့ငှါ တစုံတရာ ရရှိပြည့်စုံခဲ့ကြပါ ၏လော"ဟု မေးမြန်းတော်မူရာ ထိုအစေခံသမား သုံးဦးသားတို့သည် နားတော်ဤသို့ တင်လျှောက်ကြလေ၏—"အို သားတကာတို့၏ဘုရင် အရှင် ခြင်္သေ့မင်း....သုံးဦးသောကျွန်ရင်းတို့ လွန်မင်းစွာကြိုးပမ်း၍ မြိုင်တန်းတွင် ရှာဖွေပြုသော်လည်း တစုံတခုသော အစာအာဟာရကိုမျှ မရခဲ့ကြပါ"ဟု တင်လျှောက်ကြလေ၏။

ယင်းသို့ ပြောဆိုတင်လျှောက်ကြရာ ခြင်္သေ့မင်းက "ယခုအခါ ငါတို့အား အသက်ရှင်ခြင်းငှါ အဘယ်အကြောင်းရှိပါသနည်း၊ အဘယ်အကြောင်းဖြင့် ငါတို့ အသက်ရှည်ကြပါကုန်အံ့နည်း"ဟု တိုင်ပင်ဆွေးနွေး မေးမြန်းတော်မူ လေ၏။

ထိုသို့ မေးမြန်းတော်မူရာ ကျီးက တင်လျှောက်သည်မှာ"အရှင်ခြင်္သေ့မင်း.... မိမိတို့နှင့်စပ်သော အစာအာဟာရ အသင့်ရှိပါလျက် ထိုအစာအာဟာရကို ပယ်စွန့်၍ အလုံးစုံသောသူတို့ အကျိုးမဲ့ အချည်းနှီး ပျက်စီးဆုံးရှုံးရခြင်းသည် အလျှင်းပင် မသင့်ပါ"ဟု တင်လျှောက်လေ၏။

ထိုအခါ ခြင်္သေ့မင်းက "ဤအရပ်၌ ငါတို့နှင့်စပ်သော အစာအာဟာရကား အဘယ်အရာပါနည်း"ဟု မေးတော်မူလေ၏၊ ထိုအခါ ကျီးသည် နားရင်းသို့ ကပ်လျက် "စိတြကဏ္ဍမည်သော ကုလားအုပ်သည် ကျွန်ုပ်တို့နှင့်စပ်သော အစာ ပါတည်း"ဟု တီးတိုးစကားဖြင့် ပြောကြားတင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်ရာ ခြင်္သေ့မင်းသည် အလွန်တရာ အကြားခက် လှသည့် လက္ခဏာဖြင့် မြေကြီးကိုလက်ဖြင့် ပုတ်ခတ်၍ မိမိ၏ နားရွက်

ကိုလည်း လက်ဖြင့်ပုတ်ခတ်ပြီးလျှင် ဤသို့ မိန့်တော်မူလေ၏—"ငါသည် ပင်လျှင် ထိုစိတ်ကြွကဏ္ဍမည်သော ကုလားအုပ်ကို ဘေးမဲ့ပေးသော စကား တို့ဖြင့် မကြောက်မရွံ့ ချမ်းသာစွာ အတူတကွ နေထိုင်ရန် ပြောဆိုမိန့်ကြား ပြီးဖြစ်ပေသည်၊ ထို့ကြောင့် ဤကဲ့သို့ ကြမ်းတမ်းယုတ်မာသော အမှုကို အဘယ်မှာ ပြုသင့်ပါအံ့နည်း။ ထို့ကြောင့်ပင်လျှင် နီတိဓမ္မသတ် အရပ်ရပ်ကို တတ်သိတော်မူကြသော ကဝိအမော် ဆရာကျော်တို့သည် ဤသို့မိန့်ဆိုတော်မူ ကြသည် မဟုတ်ပါလော"ဟု ဆိုပြီးလျှင် အောက်ပါဂါထာကို ရွတ်ဆို မိန့်ကြား တော်မူ၏။

ဒါနဟူသမျှတွင် အဘယဒါန အမြတ်ဆုံးဖြစ်ပုံ

၆၂။ န ဘူပဒါနံ န သုဝဏ္ဏဒါနံ၊
န ဂေါပဒါနံ န တထာန္နဒါနံ။
ယထာ ဝဒန္တီဟ မဟာပဒါနံ၊
သဗ္ဗေသု ဒါနေသွဘယပ္ပဒါနံ။

(ဥပေန္ဒဝဇိရာဂါထာ)

ယထာ၊ အကြင်အခြင်းဖြင့်။ ဣဟ၊ ဤစကြဝဠာ၊ ကမ္ဘာလောကကြီး၌။ သဗ္ဗေသု၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော။ ဒါနေသု၊ ပေးလှူသမျှ၊ ဒါန အပေါင်းတို့တွင်။ အဘယပ္ပဒါနံ၊ သူ့အသက်ကို၊ မဖျက်ပယ်ရေး၊ ဘေးမဲ့ပေး ခြင်းဟု ဆိုအပ်သောဒါနကို။ မဟာပဒါနံဣတိ၊ နတ်လူအလုံး၊ မပြတ်သုံးအပ် သည့်၊ အမြတ်ဆုံးဒါနဟူ၍။ ဝဒန္တိ၊ ရှေးရှေးအစဉ်၊ ပညာရှင်တို့၊ သွန်သင် ညွှန်းပြလျက်၊ ခွန်းဟတော်မူကြကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘူပဒါနံ၊ ဥယျာဉ်ပန်းမာလ်၊ ခြံမြေ-ဒေသ၊ လှူဒါနကို။ မဟာပဒါနံဣတိ၊ နတ်လူအလုံး၊ မပြတ်သုံးအပ်သည့်၊ အမြတ်ဆုံးဒါနဟူ၍။ နဝဒန္တိ၊ သွန်သင်ညွှန်းပြလျက်၊ ခွန်းဟတော်မမူကြကုန်။ သုဝဏ္ဏဒါနံ၊ မွန်မြတ်ရတနာ၊ သဒ္ဓါကြည်ဖြူ၊ ရွှေ အလှူကို။ မဟာပဒါနံဣတိ၊ တသက်ပတ်လုံး၊ မပြတ်သုံးအပ်သည့်၊ အမြတ်ဆုံး ဒါနဟူ၍။ နဝဒန္တိ၊ နှုတ်ချီစကား၊ ထုတ်ဆိုကြား၍၊ မှာထားတော်မမူကြကုန်။ ဂေါပဒါနံ၊ တိုက်ထွန်စေစား၊ ကျွဲနွားအလှူကို။ မဟာပဒါနံဣတိ၊ နတ်လူအလုံး၊ မပြတ်သုံးအပ်သည့်၊ အမြတ်ဆုံးဒါနဟူ၍။ နဝဒန္တိ၊ ခွန်းဟစကား၊ ညွှန်းပြ ကြား၍၊ မှာထားတော်မမူကြကုန်။ အန္နဒါနံ၊ ချီချဉ်ရသာ၊ အစာအာဟာရ၊ လှူဒါနကို။ မဟာပဒါနံဣတိ၊ လူနတ်အလုံး၊ မပြတ်သုံးအပ်သည့်၊ အမြတ်ဆုံး ဒါနဟူ၍။ နဝဒန္တိ၊ ဆုံးမစကား၊ အစဉ်ထားလျက်၊ မိန့်ကြားတော်မမူကြကုန်။

အဓိပ္ပါယ်။ ။စကြဝဠာ ဤကပ္ပါလောကကြီး၌ အနည်းနည်း အဖုံဖုံ အလုံးစုံသောအလှူဒါန ဟူသမျှတို့တွင် **အဘယဒါန**ဟု ဆိုအပ်သော သူ့ အသက်ကို မဖျက်ပယ်ရေး ဘေးမဲ့ပေးခြင်းတည်းဟူသော အလှူဒါနကို တသက်ပတ်လုံး မပြတ်သုံးအပ်သော အမြတ်ဆုံးဒါနဟူ၍ ပါကဋအမေ်ာ ပုဂ္ဂိုလ်ကျော်တို့ မိန့်ဆိုတော်မူခဲ့ကြပေသည်။ ထိုအဘယဒါနမှတပါး အခြားသော ဥယျာဉ် ဗိုမာန် ခြံမြေတည်းဟူသော အလှူဒါန, ရွှေ-ငွေ-ဥစ္စာ ရတနာတည်းဟူသော အလှူဒါန, ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အစာအာဟာရတည်း ဟူသော အလှူဒါန အစရှိသည်တို့ကို ထိုအဘယဒါနကဲ့သို့ တသက်ပတ်လုံး မပြတ်သုံးအပ်သော အမြတ်ဆုံးဒါနဟူ၍ မိန့်ဆိုတော်မမူကြကုန်။ ထို့ကြောင့် အမြတ်ဆုံးဒါန ဖြစ်သည့်အတွက် အသက်ကိုချမ်းသာရေးဖြင့် ဘေးမဲ့ပေးပြီးဖြစ်သော ဤစိတြကဏ္ဍ ကုလားအုပ်၏အပေါ်၌ ကြမ်းကြုတ်ယုတ်မာသောအမှုကို ပြုလုပ်ဖို့ရန် မလျော်ကန်လှပေဟု ဆိုလိုသည်။

ထို့နောက်တဖန် စဉ်းစားရန် အချက်ကို ဆက်လက်၍ ပြပြန်လိုသည်ဖြစ်၍ ထိုမှတပါး ဤဆိုလတံ့သော စကားကိုလည်း ကြားနာပါဦးလော့ဟု ဆိုပြီးလျှင် **သဗ္ဗကာမသမိဒ္ဓဿ** အစရှိသောဂါထာကို ရွတ်ဆိုပြန်လေ၏။

၆၃။ သဗ္ဗကာမသမိဒ္ဓဿ၊ မဟာယိဋ္ဌဿ ယံ ဖလံ။
တံ ဖလံ လဘတေ သမ္မာ၊ ရက္ခိတေ သရဏာဂတေ။

သဗ္ဗကာမသမိဒ္ဓဿ၊ လုံးစုံခြင်းရာ၊ လိုရာခဏ၊ ပြည့်စုံရနိုင်သော။ မဟာယိဋ္ဌဿ၊ ဆန်းတင့်ဘွယ်ရာ၊ ကြီးကျယ်စွာသော အလှူကြီး၏။ ယံ-ယာဒိသံ အကြင်သို့လျှင်၊ သဘောယှဉ်သော။ ဖလံ၊ လိုအင်ဆန္ဒ၊ ရှိသမျှကို၊ ပြည့်ဝစေနိုင်သော အကျိုးသည်။ အတ္ထိ၊ ကေန်တိတိ၊ အမှန်ရှိ၏။ တံ-တာဒိသံဖလံ၊ ထိုသို့သာလျှင်၊ သဘောယှဉ်သည့်၊ လိုအင်ဆန္ဒ၊ ရှိသမျှကို၊ ပြည့်ဝစေနိုင်သော အကျိုးကို။သရဏာဂတေ၊ မှီခိုဆည်းကပ်၊ပျပ်ဝပ်ရောက်လာ၊ ကိုးစားရှာသောသူကို။ရက္ခိတေ၊ ဘေးပေါင်းပပျောက်၊ အေးကြောင်းရောက်အောင်၊ စောင့်ရှောက်အပ်သည်ရှိသော်။ သမ္မာလဘတေ၊ ဖြောင့်ဖြောင့်ကေန်၊ မဖောက်ပြန်သဖြင့်၊ အမှန်ရပေရာ၏။

အဓိပ္ပါယ်။ ။မိမိကို မှီခိုဆည်းကပ်လျက် ပျပ်ဝပ်ရောက်လာ ကိုးစား ရှာသောသူကို ဘေးရန်အပေါင်းတို့မှ ငြိမ်းအေးပပျောက်၍ ချမ်းသာခြင်းသို့ ရောက်ရလေအောင် ကောင်းစွာ စောင့်ရှောက်အပ်သည်ရှိသော် ကြီးကျယ်စွာ သော အလှူကြီးဟုဆိုအပ်သော **မဟာယိဋ္ဌ**မည်သော အလှူကြီးကို လှူဒါန်း ပြုလုပ်သကဲ့သို့ မိမိ၌ လိုအင်ဆန္ဒ ရှိသမျှတို့ ပြည့်ဝစေနိုင်သော အကျိုးရှိပေ သည်၊ ထိုကဲ့သို့သော အကျိုးထူးကို ဖြောင့်ဖြောင့်ကေန် မဖောက်ပြန်သဖြင့်

အမှန်ရနိုင်ပေရာသည်။ ထိုသို့ ကြီးကျယ်မြင့်မြတ်သော အကျိုးထူးတရားတို့နှင့် များစွာပြည့်စုံလေသောကြောင့် ယခုအခါ မိမိကို ကိုးစားမှီခိုရှာသော ဤကုလားအုပ်ကို ယုတ်မာကြမ်းကြုတ် ရက်စက်စွာ မပြုလုပ်ဘဲ အမြဲမပျက်ပင်လျှင် အသက်ကို ချမ်းသာပေးသင့်ပေသည်ဟု ဆိုလိုသည်။

ထိုနောက် ကျီးက မိမိ၏အပေါင်းအဖော်တို့အား ဤသို့ပြောဆိုလေ၏—"အရှင်ခြင်္သေ့မင်းသည် ဤကုလားအုပ်ကို ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ညှဉ်းဆဲလိမ့်မည်မဟုတ်၊ သို့သော်လည်း ငါတို့သည်သာလျှင် အကြင်သို့သော အခြင်းအရာအားဖြင့် ပြုလုပ်အပ်သည်ရှိသော် ထိုကုလားအုပ်သည် မိမိကိုယ်ကို မိမိကိုယ်တိုင် သဘောတူဝန်ခံ၍ အပ်နှံရာ၏၊ ထိုသို့သော အခြင်းအရာအားဖြင့်သာလျှင် ငါတို့ စီမံပြုလုပ်ကြရမည်"ဟု ပြောဆိုလေ၏။

ထိုသို့ တိုင်ပင်ပြောဆိုသော စကားကို ခြင်္သေ့မင်းကြားလေသော် ဆိတ်ဆိတ်သာလျှင် နေလေ၏။ ထိုသို့ ခြင်္သေ့မင်း ဆိတ်ဆိတ်သာ နေသောအခါ ကျီး, မြေခွေး, ကျား သုံးဦးသားတို့သည် ငါတို့အား ရအပ်သော အခွင့်ရှိကြပြီဟု နှလုံးပြုကြ၍ ထိုသုံးဦးအချင်းချင်းတို့ အတွင်းစက် ကြိတ်ပြီးကာ လျှို့ဝှက်စွာ အကောက်ဉာဏ်ဖြင့် နောက်တဖန်အားလုံး စည်းအရုံးပြုလုပ်၍ ကုလားအုပ်နှင့်တကွ ခြင်္သေ့မင်း၏အထံသို့ ထပ်မံချဉ်းကပ်ကြပြီးလျှင် ရှေးဦးစွာ ကျီးသည် ဤသို့ ဆိုလေ၏— "အရှင်ခြင်္သေ့မင်း.... ကျွန်တော်မျိုးတို့သည် မနေမနား ကြိုးစားအားထုတ်၍ ရှာကြံကြပါသော်လည်း တစုံတခုသော အစာအာဟာရကိုမျှ မရကြပါ၊ အရှင်ခြင်္သေ့မင်းသည် နေ့ရက်ရှည်ကြာစွာ အစာအာဟာရ ပြတ်ကင်းလျက် အလျှင်းမသုံးဆောင်ရသည်ဖြစ်၍ အားအင်ကုန်ခန်းခဲ့လေပြီ၊ ထိုကြောင့် ယခုအခါ၌ ဤအကျွန်ုပ်၏ အသားကိုပင်လျှင် အာဟာရအတွက် ပွဲတော်ဆက်ပါမည်၊ မြိန်ရှက်စွာ သုံးဆောင်တော်မူပါ"ဟု လောကဝတ် လျှိုင်လျှိုင်ဖြင့် အမှိုင်သား တင်လျှောက်လေ၏။

ကျေးကျွန်များထက် အရှင်သခင်က အရေးကြီးပုံ

ထိုသို့ တင်လျှောက်ပြီးလျှင် မိမိ၏အသားကို အရှင်သခင်အား ပေးလှူထိုက်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **သာမိမူလာ ဘဝန္တ္ဟျ၀** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၆၄။ သာမိမူလာ ဘဝန္တျ၀၊ သဗ္ဗာ ပကတယော ခလု။
သမူလေသု ဟိ ရုက္ခေသု၊ ဖနာခံ သဖလော ယတော။

သဗ္ဗာ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော။ ပကတယော၊ ကျေးကျွန်ခြွေရံ၊ နိုင်ငံတလွှား၊ လူအများတို့သည်။ ခလု–ကေန္တေန၊ မသွေမလှန်၊ ကေန်စင်စစ်

အားဖြင့်။ သာမိမူလာ၊ အရှင်သခင်၊ ဘုရင်တည်းဟူသော အခြေအမြစ် ရှိကြကုန်သည်။ ဘဝန္တေ၊၁ဝ–ဘဝန္တိဝေ၊ အမှန်မုချ၊ ဖြစ်ကုန်ကြသည်သာလျှင်တည်း။ ဟိ–တထာဝေ၊ ထိုနည်းပမာ၊ အတူသာလျှင်။ သမူလေသု၊ အခြေမူလ၊ အမြစ်မနှင့်တကွဖြစ်ကုန်သော။ ရုက္ခေသု၊ သစ်ပင်ကြီးငယ်၊ အသွယ်သွယ်တို့၌။ ဇနာနံ၊ စောင့်ကြပ်ကြည့်သူ၊ အပေါင်းလူတို့၏။ ယတော–ပယတနော၊ စည်ပင်ပြန့်ပွါး၊ ကြီးမားစေရန်၊ စီမံပြုလုပ်၊ လုံ့လထုတ်ခြင်းသည်။ သဖလော၊ အရိပ် အရွက်၊ ကိုင်းခက်မျိုးမျိုး၊ တိုးပွါးခြင်းအကျိုးရှိသည်။ ဘဝတိ၊ ကေန်စင်စစ်၊ အမှန်ဖြစ်ပေ၏။

ဤဂါထာ၀ယ် ဆိုလိုရင်း အဓိပ္ပါယ်ကား။ ။သစ်ပင်တို့၌ ပင်စည် ကိုင်းခက် အရွက် အညွန့်တို့မှာ အမြစ်သည်ပင်လျှင် အခြေမူလ ပကတူပအကြောင်းရင်းဖြစ်၍ ထိုအမြစ်ကို အရေးယူလျက် မွေးမြူကြည့်ရှု ပြုစုပျိုးထောင်မှသာလျှင် ပင်စည် ကိုင်းခက် အရွက်အညွန့်တို့ စည်ပင်ပြန့်ပွါး ထွားကျိုင်းနိုင်သဖြင့် အမြစ်ရှိသော သစ်ပင်တို့၌ စည်ပင်ပြန့်ပွါး ကြီးမားလာအောင် အားထုတ်၍ ကြည့်ရှုပြုပြင်သူ လူအပေါင်းတို့၏ လုံ့လပယောဂပြုခြင်းသည် ထိုသစ်ပင်တို့၏ ပင်စည် ကိုင်းခက် အရွက်အညွန့်တို့ တိုးပွါးလျက် ထွားကျိုင်းစွာ ဖြစ်ထွန်းခြင်း အကျိုးဖြစ်သကဲ့သို့၊ ထို့အတူ ဘုရင်မင်းမြတ်သည်လည်း တိုင်းသူပြည်သား လူအများတို့၏ အခြေမူလ ပကတူပဖြစ်သော အမြစ်ကြီးသဖွယ် ဖြစ်ပေသည်၊ ထိုအမြစ်ကြီးသဖွယ်ဖြစ်သော ဘုရင်မင်းမြတ်ကို စောင့်ကြပ်ကြည့်ရှု ပြုစုသဖြင့် ထွားကျိုင်းသန်မာလျက် ချမ်းသာခြင်းသို့ ရောက်သည်ရှိသော် ပင်စည် ကိုင်းခက် အရွက်အညွန့်နှင့်တူသော တိုင်းသူပြည်သား လူအများတို့သည်လည်း စည်ပင်ပြန့်ပွါးလျက် ဝပြောသာယာ ချမ်းသာခြင်း အဖြစ်သို့ အလိုလိုရောက်ကုန်သည်သာ ဖြစ်ပေသည်။ ထို့ကြောင့် တိုင်းသူပြည်သား လူအများတို့၏ ရေသောက်မြစ်ကြီးသဖွယ်ဖြစ်သော အရှင်သခင်၏ အတွက် ခန္ဓာတော်မပျက်စေရန် မိမိ၏အသက်ကို ရက်ရောစွာ စွန့်စား၍ အသားကို ပေးဆက်ရပါသည်ဟု ဆိုလိုသည်။

ထိုသို့ တင်လျှောက်သောအခါ ခြင်္သေ့မင်းက "အဆွေကျီး....အသက်ကို စွန့်စား၍ မိမိ၏အသားကို ပေးဆက်ခြင်းသည် အလွန်တရာမှ မြင့်မြတ်လှပါပေသည်၊ သို့ပင်ဖြစ်ပါသော်လည်း နောက်တဖန် ဤသို့သဘောရှိသော မိမိ၏ အသားအသွေးကို အရေးကုန်အပ်နှင်း၍ ကျွေးမွေးခြင်းအမှုကို ပြုလုပ်ရန် မသင့်ပါ၊ မပြုလုပ်ပါလေလင့်"ဟု တားမြစ် ပြောဆိုတော်မူလေ၏။

ထိုနောက် မြေခွေးသည်လည်း ထို့အတူ မိမိ၏ကိုယ်ကို အပ်နှင်းသော အားဖြင့် "ကျွန်တော်မျိုး၏ အသားကိုပင်လျှင် သုံးဆောင်တော်မူပါ"ဟု ပြောဆို တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်သောအခါ ခြင်္သေ့မင်းက "အဆွေမြွေခွေး....သင်သည် အကျွန်ုပ်အား သနားကြင်နာ ချစ်ခင်ရှာသဖြင့် ရက်ရောစွာ စွန့်စား၍ မိမိ၏ အသားအသွေးကို ပေးဆက်ပါပေသည်၊ ကျေးဇူးကြီးလှပါပြီ၊ သို့ပင်ဖြစ်ပါသော်လည်း ဤသို့ မိမိ၏ကိုယ်ခန္ဓာကို အပ်နှင်း၍ ကျွေးမွေးခြင်းအမှုကို မပြုလုပ်ပါလင့်၊ မသင့်လျော်ပါ"ဟု တားမြစ် ပြောဆိုတော်မူပြန်လေ၏။

ထို့နောက် ကျားသည်လည်း "အရှင်ခြင်္သေ့မင်း....ကျွန်တော်မျိုး၏ကိုယ်ဖြင့် အသက်ရှင်တော်မူပါလော့၊ ကျွန်တော်မျိုး၏အသားကို စားသုံးတော်မူပါလော့"ဟု ပြောဆို လျှောက်တင်ပြန်လေ၏။

ထိုသို့ လျှောက်တင်သောအခါလည်း ခြင်္သေ့မင်းက "အဆွေကျား.... သဘောထား ကြီးရင့်လှပါပေသည်၊ ကျေးဇူးကြီးလှပါပြီ၊ သို့ပါသော်လည်း နောင် မည်သည့်အခါ၌မှ ဤကဲ့သို့ မပြုလုပ် မပြောဆိုပါလင့်၊ မသင့်လျော်ပါ၊ ကျွန်ုပ်အသက် သေလျှင်လည်း သေပါစေ၊ အဆွေ၏အသားကို မစားသုံးလိုပါ"ဟု မိန့်တော်မူလေ၏။

ထိုသုံးဦးသားတို့ အသီးအသီး ဤသို့ပြောဆိုကြပြီးသည့်နောက် စိတြကဏ္ဏ မည်သော ကုလားအုပ်သည်လည်း ထိုသူတို့သည် အကယ်ပင် သဘောရိုးအားဖြင့် ပြောဆိုပြုလုပ်ကြသည်ဟု ယုံကြည်မှတ်ထင်လျက် မဆင်ခြင် မစဉ်းစားဘဲ မိမိကိုယ်ကို အပ်နှင်း၍ "အရှင်ခြင်္သေ့မင်း....ကျွန်တော်မျိုး၏အသားကို စားသုံးတော်မူပါ"ဟု မိမိကိုယ်တိုင် သဘောတူဝန်ခံ၍ ဆောင်နှင်းပေးအပ်လေ၏။

ထိုသို့ ကုလားအုပ် ပြောဆိုသောစကားဖြင့် ကျားသည် ချက်ခြင်းပင် ခုန်အုပ်လျက် ကုလားအုပ်၏ ဝမ်းပိုက်ကို ကိုက်၍ ညှဉ်းဆဲသတ်ဖြတ်ပြီးလျှင် ကြွင်းသောအဖော်တို့သည် ကုလားအုပ်၏အသားကို စားသုံးမြိုင်မြိုင် စားပွဲထိုင်ကြလေ၏။ ထို့ကြောင့် ကျွန်တော်မျိုးသည် **မတိ ဒေါလာယတေ** နှုန်း အစရှိသောစကားကို ပြောဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

စိတြကဏ္ဏကုလားအုပ်ဝတ္ထု ပြီး၏။

တေလေလူဆိုးတို့နှင့် ပုဏ္ဏားဝတ္ထု (အဆက်)

ထိုဝတ္ထုကို ပြောဆိုပြီးသည်၏အခြားမဲ့၌ မေဃဝဏ္ဏကျီးသည် မိမိ၏ ပြောလိုရင်းဖြစ်သော အထက်က စကားလက်စနှင့် ထားခဲ့ရသော ပုဏ္ဏား၏ ဝတ္ထုကို ဆက်လက်၍ ပြောဆို တင်လျှောက်ပြန်သည်မှာ—

ထိုသို့ ပုဏ္ဏားသည် "ဤယခု မိမိထမ်းဆောင်၍လာသောအရာသည် ဆိတ်သတ္တဝါပင် ဖြစ်လေသလော၊ သို့မဟုတ် ခွေးပင် ဖြစ်လေသလော"ဟု ယုံမှားသံသယ ဒွိဟဖြစ်လျက်နှင့်ပင်လျှင် အစဉ်လျှောက်၍လာခဲ့ရာ တတိယမြောက်ဖြစ်သော ယုတ်မာပျက်ချော် လူသရေ်၏အနီးသို့ ရောက်လေလျှင် ထိုသူက "အို အရှင်ပုဏ္ဏား....သင်သည် အဘယ့်ကြောင့် ခွေးကို ထမ်းဆောင်၍လာပါသနည်း"ဟု ပြောဆိုပြန်လေ၏။ ထိုသို့ပြောဆိုရာ ပုဏ္ဏားသည် ထိုသူ၏စကားကိုကြားလေလျှင် "ဤငါဆောင်ကြဉ်းခဲ့သော သတ္တဝါသည် စင်စစ် ဆိတ်မဟုတ်၊ မုချ ခွေးပင်ဖြစ်ပေသည်၊ ငါသည်သာလျှင် ဧကန် အထင်လွဲသည်"ဟု မိမိ၏သတိဖောက်ပြား မှားယွင်းသည်၏ အဖြစ်ဖြင့် သန္နိဋ္ဌာန်ချ လက်စသတ် ဆုံးဖြတ်လျက် ဆိတ်ကိုလွှတ်လိုက်၍ ရေချိုးပြီးလျှင် အိမ်သို့ပြန်လေ၏။

ပုဏ္ဏား အိမ်သို့ပြန်လည်သွားသောအခါ ထိုလူဆိုးလူယုတ်တို့သည် ဆိတ်ကိုဖမ်းယူကြ၍ ပျော်ရွှင်စွာ ချက်ပြုတ် စားသောက်ကြလေ၏။ ထို့ကြောင့် **အတ္တောပမေန သော ဝေတ္တိ** အစရှိသော စကားကို ကျွန်တော်မျိုး ပြောဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

တေလေလူဆိုးတို့နှင့် ပုဏ္ဏားဝတ္ထု ပြီး၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု(အဆက်)

ထို့နောက် ဥဒေါင်းမင်းသည် ဤသို့ဆိုလေ၏—"အချင်းမေဃဝဏ္ဏ....သင်သည် ရန်သူတို့၏အလယ်၌ အဘယ်သို့လျှင် ရှည်မြင့်စွာ နေထိုင်ခဲ့ပါသနည်း၊ အဘယ်သို့လျှင် ထိုရန်သူတို့အား လိုက်လျော ညီညွတ်အောင် ပြုလုပ်ခဲ့ပါသနည်း"ဟု မေးမြန်းပြောဆိုတော်မူလေ၏။

ကိုယ့်အကျိုးအောင်ရေး သူ့အကျိုးဆောင်ပေး

ထိုအခါ မေဃဝဏ္ဏကျီးသည် ဤသို့ တင်လျှောက်လေ၏—"အရှင်ဥဒေါင်းမင်း....အရှင်၏ အမှုကိစ္စ ပြီးမြောက် အောင်မြင်ခြင်း အကျိုးရှိသည်၏အဖြစ်ကြောင့် လည်းကောင်း, မိမိ၏အကျိုး ပြီးမြောက်အောင်မြင်သည်၏ အစွမ်းကြောင့်ရှင်း အဘယ်မည်, အဘယ်မည်သောအမှုကို မပြုလုပ် မပြုသင့်ဘဲရှိပါအံ့နည်း၊ မပြုလုပ်သင့်သော အမှုဟူ၍ အဘယ်မှာ ရှိပါအံ့နည်း၊ မည်သည့်အမှုမဆို ပြုလုပ်ပြုသင့်သည်ချည်းသာ ဖြစ်ပေသည်။ ဤဆိုလတ့်သောဥပဒေသကိုလည်း ဆင်ခြင်စဉ်းစား သဘောထားတော်မူပါဦးလော့"ဟု ဆို၍ **လောကော ဝဟတိ**အစရှိသောဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၆၅။ လောကော ဝဟတိ ကိံ ရာဇ၊ န မုဒ္ဓိနာ ဒဓ္မုမိန္ဓနံ။
ခါလယန္တော ပျဂမ္ဘုလံ၊ နဒီရယော နိကန္တတိ။

ရာဇ၊ ပြည်သူတို့ဦးကိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်။ လောကော၊ လောက သောင်းသောင်း၊ လူများအပေါင်းသည်။ ဒဓ္မုံ၊ ထမင်းဟင်းလျာ၊ ချက်ပြုတ်ရာမှု၊ မီးဆိုက်ပြုခြင်းငှါ။ ဣန္ဓနံ၊ ကျိုးပဲ့ဆိုးကောင်း၊ သောင်းပြောင်းရောရော၊ ထင်းမီး စာကို။ မုဒ္ဓိနာ၊ ကိုယ်တွင်ထိပ်ဆောင်း၊ ဦးခေါင်းအမြတ်၊ ဦးထိပ်ရပ်ဖြင့်။ န ဝဟတိကိံ၊ မတန်သိမ်နုပ်၊ ယုတ်ညံ့သည့်အတွက်၊ မဆောင်ရွက်ဘဲနေပါသလော။ နဒီရယော၊ မြစ်ရေသွင်သွင်၊ စီးအယဉ်သည်။ အဂမ္ဘုလံ၊ မြစ်ကမ်းအနီး၊ ပွါးစီး ကုန်လစ်၊ သစ်ပင်မြစ်ကို။ ခါလယန္တော၊ ရှံ့ညွန်အစေး၊ ညစ်အကြေးကို၊ ဆေးကြောခါတွက်လျက်လည်း။ နိကန္တတိ၊ တဖြည်းဖြည်းတအိအိဖြင့်၊ တတိတိ ဖြတ်တောက်၏။

အဓိပ္ပါယ်။ ။ပြည်သူတို့ဦးကိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ်....လောက၌ လူအပေါင်းတို့သည် ထမင်းအစာနှင့် ဟင်းလျာအစု ချက်ပြုတ်မှု အတန်တန်တို့၌ မီးဆိုက်ရန် အသုံးဘွယ်သည့် ချုံနွယ်သစ်ခေါက် ကိုင်းခြောက်တမျိုး အဆိုး အကောင်း သောင်းပြောင်းရောရော ထင်းမီးစာတို့ကို ကိုယ်အင်္ဂါအလုံးတွင် အမြတ်ဆုံး ဆိုအပ်သည့် ဦးထိပ်ရပ် အင်္ဂါဖြင့် မအပ်မရာသည့်အတွက် မဆောင် ရွက်ဘဲ နေပါသလော။ ထိုသို့ကားမနေ စင်စစ်မှာမူ မိမိမှာ အကျိုးများသည့် အတွက် ကြိုးစား၍ ရွက်ဆောင်ကြပေသည်။ ထို့အတူ ဤရန်သူတဖက်နှင့် ရောနှောပေါင်းဖက် စပ်ရှက်တခေ အတူနေရခြင်းသည် လွန်မင်းစွာ မနှစ် သက်၍ စိတ်ပျက်ဖွယ်ကြီးဖြစ်ပေသည်။ သို့ပင် ဖြစ်လင့်ကစား မိမိအားသော် လည်းကောင်း, မိမိ၏အရှင်သခင်နှင့်တကွ ဆရာမိဘစသော သူတို့အားသော် လည်းကောင်း, တစုံတရာအကျိုးများလျက် တိုးပွါးခြင်းဖြစ်ခဲ့ပါမူ "မချစ်သော် လည်း အောင့်ကာနမ်း–မနမ်းသော်လည်း ပင့်သာက်ရှူ" ဆိုသည့် အလား အတွင်းသား ခေတ်ခံမှာ တမျိုးကြံစိတ်ထားလျက် အပြင်ဘက် အပေါ်ရံက ဟန်ပါပါရုပ်ဆင်၍ အဟုတ်ခင်မင်သည့် အချိုးအစားဖြင့် ကြိုးစား၍ ပေါင်းသင့် ပေသည်။ ထို့ပြင်လည်း တသုန်သုန်တသွင်သွင်ဖြင့် အစဉ်မလပ် မပြတ်စီးဆင်း၍ နေသော မြစ်ရေအယဉ်သည် ကမ်းပါးတွင် ပေါက်ရောက်ကြီးပွါးလျက် စည်ကား ၍နေသော သစ်ပင်၏အမြစ်ကို ရွှံ့ညွန်အညစ်အကြေးတို့ကို ဆေးလျှော်သုတ်သင် လျက် သစ်ပင်ကို ကြီးပွါးစည်ကားလေအောင် ဆောင်ရွက်သည့် အနေအထား ဖြင့် တဖြည်းဖြည်း အောက်ခြေကို စားပြီးလျှင် နှစ်ရှည်လများ ကာလလျား သည့်အခါ ကမ်းပါးမှသစ်ပင်ပြတ်လျက် မတ်တတ်က ပိုင်းပိုင်းလဲပြီးလျှင် ရေထဲ သို့ ကျစေပါသည်။ ထို့အတူ ရန်သူတဖက်ကို ဗလက္ကာရ မပြုကျင့်ဘဲ အနုဖြင့် အောင်စေရန် အစစသည်းခံ၍ အပေါ်ရံဗန်းပြမှာ လှလှကြီးအရေးယူ၊ အလေးမူ

၍ အယုံသွင်း၊ အတွင်းလူအစစ် လူယုံကြီးဖြစ်ပြီးလျှင် ဇာစ်မြစ်ကိုအသေအချာဖြင့် နေရာကျသိကာမှ ရှိသမျှသိမ်းကျုံး၍ လုံးလုံးကြီး ဖျက်ဆီးသင့်ပေသည်ဟု ဆိုလိုသည်။

(ဤဂါထာဖြင့် မာယာဉာဏ်များ လူနတ်ပါးတို့၏ လှည့်ဖြားကာနှုးနှပ်၍ ပူးကပ်လျက် မကောင်းကြံခြင်းမှ ရှောင်ကွင်း လွတ်မြောက်နိုင်ကြစေရန် ရည်သန်၍ ပြခဲ့ပေသည်၊ သတိရှိကြစေ။)

ထိုပြင်တဖန် သာဓကပုံစံနှင့် မှတ်ဘို့ရန် ထုံးတရပ်ကို ထပ်မံ၍ ပြပြန်လိုသည်ဖြစ်၍ **ခန္ဓေနာပိ ဝဟေ သတ္တုံ** အစရှိသောဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၆၆။ ခန္ဓေနာပိ ဝဟေ သတ္တုံ၊ ကိစ္စမာသာဒ္ဒ ဗုဒ္ဓိမာ။
ယထာ ဝုဒ္ဓေန သပ္ပေန၊ မဏ္ဍူကာ ဝိနိပါတိတာ။

ဗုဒ္ဓိမာ၊ အသိအလိမ္မာ၊ ပညာဉာဏ်ရှိ၊ လူကဝိသည်။ ကိစ္စံ၊ လိုအင်ဆန္ဒ၊ ကိုယ့်ကိစ္စကို။ အာသာဒ္ဒ၊ ဆုံးခန်းတိုင်ရောက်၊ ပြီးမြောက်စေမူ၊ တောင့်တပူ၍။ သတ္တုံ၊ ငြိုးထားမာန်မူ၊ ကိုယ့်ရန်သူကို။ ခန္ဓေနအပိ၊ အင်္ဂါအားလုံး၊ ပခုံးစသည်ဖြင့်လည်း။ ဝဟေ၊ သည်ပိုးမပျက်၊ ထမ်းဆောင်ရွက်ပေရာ၏။ ဝုဒ္ဓေန၊ အိုမင်းရင့်ပြီး၊ အရွယ်ကြီးသော။ သပ္ပေန၊ ဆိတ်တောက်လျှိုဖွိုး၊ မြွေဟောက်ဆိုးသည်။ မဏ္ဍူကာ၊ တွက်ရေများစွာ၊ ဖားသတ္တဝါတို့ကို။ ဝိနိပါတိတာယထာ၊ ကုန်စင်လုံးလုံး၊ ဖျက်ဆီးဖြုန်းသကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်တည်း။

ထိုသို့တင်လျှောက်ရာ ဥဒေါင်းမင်းက "ဤမြွေအိုကြီးသည် များစွာသောဖားသတ္တဝါတို့ကို ဖျက်ဆီးပုံအကြောင်းအကျယ်ကား အဘယ်သို့ပါနည်း"ဟု မေးမြန်းလေရာ မေဃဝဏ္ဏကျီးသည် ဤဆိုလတ္တံ့သော ပုံဝတ္ထုကို ပြောဆိုတင်လျှောက်လေ၏။

မြွေအိုကြီးနှင့် ဖားတို့ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဥယျာဉ်အိုကြီး တခု၌ မြွေအိုကြီး တကောင်ရှိလေ၏။ ထိုမြွေအိုကြီးသည် ဇရာဒုဗ္ဗလ အိုမင်းလှသဖြင့် မိမိ၏ အစာအာဟာရကိုမျှလည်း ရှာမှီးစားသောက်ခြင်းငှါ မတတ်နိုင်ရကား မည်သည့်အရပ်သို့မှ ရွေ့ရှားသွားလာခြင်းမပြုဘဲ ရေအိုင်၏ကမ်းနားဝ်ပင်လျှင် မိမိကိုယ်ကို အသာ

ခွေလျက် ငြိမ်သက်စွာ နေရရှာလေ၏။ ထိုသို့နေသောအခါ တကောင်သော ဖားသည် ထိုမြွေအိုကြီးကို မြင်လေသော် အဝေးမှနေ၍ပင်လျှင် "အိုအရှင်မြွေမင်း.... အရှင်သည် အဘယ့်ကြောင့် ဤသို့ အစာအာဟာရကို မရှာမှီးပါဘဲလျက် ငြိမ်သက်စွာ ဤနေရာ၌ ခွေ၍သာ နေပါဘိသနည်း"ဟု မေးလေ၏။

ထိုသို့ မေးမြန်းလေရာ မြွေအိုကြီးသည် ဤသို့ဆိုလေ၏—"အိုအမောင်ဖား....သင့်ရာကို ရှောင်ရှား၍ သင်၏လမ်းကိုသာ သင်သွားပါလော့၊ အဘယ့်ကြောင့် သင်သည် ငါ၏ နည်းသော ဘုန်းကံရှိသည်ဖြစ်၍ ကံမကောင်းအကြောင်းမသင့်ဘဲ ဒုက္ခနှင့် တွေ့ကြုံ၍ နေရသည်၏အဖြစ်ကို စိစစ်မေးမြန်းလိုဘိသနည်း၊ ထိုသို့မေးမြန်းခြင်းဖြင့် သင့်မှာ အဘယ်အကျိုးရှိပါအံ့နည်း"ဟု ပြောဆိုလေ၏။

ယင်းသို့ပြောဆိုရာ ထိုဖားသည် အံ့အားသင့်လှသည် ဖြစ်၍ "အရှင်မြွေမင်း.... အသင်၏ဖြစ်ပျက်ပုံ အကြောင်းစုံကို ကုန်စင်အောင် သိပါရစေ၊ မေတ္တာကိုရှေ့ထား၍ ပြောကြားစေချင်ပါသည်"ဟု မြွေအိုကြီးအား တောင်းပန်စကားဖြင့် ပြောကြားလေ၏။

ထိုသို့တောင်းပန်ရာ မြွေအိုကြီးက ပြောဆိုသည်မှာ "အိုအမောင်ဖား.... ဤ**ဗြဟ္မပူရ**မြို့၌ **ကောဏ္ဍည**မည်သော ပုဏ္ဏား၏သားဖြစ်သူ အသက်နှစ်ဆယ်ခန့်မျှ အရွယ်ရှိသည့် အလုံးစုံသော ဂုဏ်သတင်းတို့ဖြင့် ပြန့်နှံ့ကျော်ကြားခြင်းရှိသည့် **သုသီလ**မည်သော လုလင်ကို မကောင်းမှု အကုသိုလ်ကံ စီမံနှောင့်ယှက်အပ်သဖြင့် လူသတ်ယောကျ်ားဖြစ်သော ငါသည် ဒေါသမာန်ပါ ညှာတာငဲ့ကွက်ခြင်းမရှိဘဲ ရက်စက်စွာ ကိုက်သတ်ခဲ့လေပြီ။

ထိုသို့ ငါ၏ကိုက်ချက် ငါ့လက်နက်ဖြင့် အသက်သေဆုံးလေပြီးသော မိမိ၏သားကို တွေ့မြင်ရသဖြင့် ကောဏ္ဍညပုဏ္ဏားသည် စိုးရိမ်ပူဆွေးခြင်းတည်းဟူသော သောကမီးဖြင့် ဖိစီးနှိပ်စက်အပ်သည်ဖြစ်၍ မတ်တတ်က မိန်းမောတွေဝေပြီးလျှင် မြေပြင်သို့ လဲကျလျက် ရင်ကွဲမတတ် အပူကြီးလှသဖြင့် ညည်းညူလူးလိမ့်၍ နေရှာလေ၏။

ထို့နောက် ဗြဟ္မပူရမြို့၌ နေကုန်သော ထိုကောဏ္ဍည ပုဏ္ဏား၏ ဆွေမျိုးသားချင်း ရင်းနှီးပေါက်ဖော် ဉာတိတော်ကုန်သောသူတို့သည် လာလတ်၍ထိုအရပ်၌ ဝိုင်းအုံစုရုံးလျက် နေကြကုန်၏။ ထို့ကြောင့်ပင်လျှင် ရှေးအစဉ်ဆရာမြတ်တို့သည် **ဥဿဝေ ဗျသနေ ယုဒ္ဓေ** အစရှိသော ဂါထာကို မိန့်ဆိုတော်မူခဲ့ကြပေသည်။

ဆွေမျိုးအစစ်အမှန်ကို သိရန်နည်း

၆၇။ ဥဿဝေ ဗျသနေ ယုဒ္ဓေ၊ ဒုဗ္ဘိက္ခေ ရဋ္ဌဝိပ္လဝေ။
ရာဇဒ္ဒါရေ သုသာနေ စ၊ ယော တိဋ္ဌတိ သ ဗန္ဓဝေါ။

ဥဿဝေစ၊ အလှူအတန်း၊ ခမ်းနားစီရင်၊ ပွဲသဘင်နှင့်၊ ဆင်ယင်ကျင်းပ၊ ပြုလုပ်ရာဌာန၌ လည်းကောင်း။ ဗျသနေစ၊ စည်းစိမ်ဥစ္စာ၊ အစဖြာလျက်၊ အရာရာတွက်၊ အခက်တွေ့ဆုံ၊ အပျက်ကြုံသောအခါ၌လည်းလောင်း။ ယုဒ္ဓေစ၊ ရန်သူတဦးနှင့်၊ အထူးပြန်လှန်၊ ခုခံအန်တု၊ ရန်ပြုတိုက်ခိုက်ရသော အခါ၌ လည်းကောင်း။ ဒုဗ္ဘိက္ခေစ၊ စားရေပြတ်လပ်၊ ငတ်မွတ်ခေါင်းပါး၊ အလွန်ရှား သော အခါ၌လည်းကောင်း။ ရဋ္ဌဝိပ္လဝေစ၊ တိုင်းပြည်နိုင်ငံ၊ ပြောင်းဆန်ချောက် ချားလျက်၊ ဖောက်ပြား ပျက်စီးသော အခါ၌လည်းကောင်း။ ရာဇဒ္ဒါရေစ၊ မှုခင်းဆိုရန်၊ မင်းထံစိုးနား၊ တရားအတွက်၊ ရုံးတက်ရသော အခါ၌လည်း ကောင်း။ သုသာနေစ၊ သခ်ါရဓမ္မတာ၊ ခန္ဓာဝန်ထုပ်၊ အကောင်ပုပ်ကို၊ မြှုပ်နှံ ပြာချသည့်၊ သုသာန်ဌာန၌လည်းကောင်း။ ယော၊ အကြင် သနားကြင်နာ၊ ခင်မင်ပါသော သူသည်။ တိဋ္ဌတိ၊ လာရောက်ကူညီ၊ ဝိုင်းဝန်းတည်၏။ သော၊ ထိုသနားကြင်နာ၊ ခင်မင်ပါသဖြင့်၊ လာရောက်ကူညီ၊ ဝိုင်းဝန်း၍ တည်သောသူ သည်။ ဗန္ဓဝေါ၊ ရင်းနှီးမြတ်နိုး၊ ဆောင်သည်ပိုးသည့်၊ ဆွေမျိုးမိတ်ဆွေ၊ ဉာတိ ပေတည်း။

အဓိပ္ပါယ်။⁄ ။ကုသိုလ်ကောင်းမှု အလှူအတန်း ပွဲလမ်းသဘင် ဆင်ယင် ကျင်းပ၍ ခမ်းနားကြီးကျယ်စွာ စားပွဲတည်ခင်း ကျွေးမွေးရာ, ကုသိုလ် ကောင်းမှုပြုရာ၌ အကြင်သူသည် ချစ်ခင်ကြင်နာသဖြင့် လာရောက်၍ ကိုယ်တိုင် ကိုယ်ကြပ် မိမိ၏ အမှုကိစ္စနှင့်မခြား ကူညီအားထုတ်လျက် ဝိုင်းဝန်းပြုလုပ်၏၊ ထိုသို့ ပြုလုပ်ဆောင်ရွက်သောသူသည် သူစိမ်းသွင်သွင် ပြင်ပတခြား တပါးသူပင် ဖြစ်သော်လည်း ပေါက်ဖော်သားချင်း ဆွေရင်းမျိုးချာ ဉာတကာမည်ပေသည်။ ထို့အတူ စည်းစိမ်ဥစ္စာ အရာရာပျက်ပြားလျက် အခက်တွေ့ဆုံ ဒုက္ခနှင့်ကြုံသော အခါ၌လည်းကောင်း, ရန်သူတဖက်နှင့် ဖက်ပြိုင်အန်တု၍ ရန်ပြုတိုက်ခိုက်ရသော အခါ၌လည်းကောင်း, ဆန်ရေစပါး အစားရေစာ ဖွေရှာကျဉ်းကြပ် ကောင်းစွာ ပြတ်သဖြင့် ငတ်မွတ်ခေါင်းပါး အလွန်ရှားသော အခါ၌လည်းကောင်း, တိုင်းပြည် အချင်းချင်း စစ်ခင်းစစ်ဖက် ဖြစ်ပျက်တတန် သူပုန်ရန်ကြောင့် နိုင်ငံမှာ ချောက် ချားလျက် ဖောက်ပြားပျက်စီးသည့် အခါ၌လည်းကောင်း, တစုံတခု မှုခင်းကိစ္စ တွေ့ကြုံရသဖြင့် အစိုးရအရာရှိတို့၏ ထံပါး၌ တရားတဘောင်အတွက် ရုံးတက်၍ နေရသော အခါ၌လည်းကောင်း, ပစ္စုပ္ပန်ဘဝ အဆုံးသို့ကျသည့်အခါ ဤခန္ဓာ ဝန်ထုပ် အကောင်ပုပ်ကို မြှုပ်နှံပြာချလျက် စျာပနပြုလုပ်ရာ သုသာန်ဌာန၌

လည်းကောင်း အလွန်တရာ ကြင်နာကျွမ်းဝင် ခင်မင်ရင်းနှီးသဖြင့် ကိုယ်တိုင် ကိုယ်ကြပ် ကြပ်မတ်ကြည့်ရှုလျက် ကိုယ့်အမှု ကိုယ့်တာဝန်ကဲ့သို့ ကျေပြွန်စွာ လာရောက်၍ စောင့်ရှောက်ဝိုင်းဝန်းကာ ယိုင်းပင်းကူညီပေ၏၊ ထိုသို့ ဝိုင်းဝန်း လျက် ယိုင်းပင်းကူညီသောသူသည်သာလျှင် သူစိမ်းသွင်သွင် ပြင်ပတခြား တပါးသူပင်ဖြစ်သော်လည်း ရင်းနှီးသော ဆွေမျိုးဉာတိ မည်ပေသည်ဟု ဆိုလိုသည်။

ထိုသို့ ဆွေမျိုးဉာတိအပေါင်းတို့တည် သုသီလလုလင်၏ **အလောင်းကို** သောင်းသောင်းဖြဖြ ဝိုင်းအုံကြလျက် သောကမီးပူဆွေး၍ ငိုကြွေးမြည်တမ်း ကြရာ၌ **ကပိလ**အမည်ရှိတော်မူသော ရဟန္တာအရှင်မြတ်သည် ကောဏ္ဍညပုဏ္ဏား အား ဤသို့ မိန့်ကြားတော်မူလေ၏—

"ဟယ် ကောဏ္ဍည....သင်သည် မိုက်မဲတွေဝေလေချေ၏တကား....၊အဘယ့် ကြောင့် သင်သည် ဤသို့ ငိုကြွေးမြည်တမ်းဘိသနည်း၊ ကြားနာဦးလော့"ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတံ့သော ဂါထာ ပါဒတို့ဖြင့် တရားဓမ္မ ဟောဖော် ပြတော်မူလေ၏။

သတ္တဝါသခ်ါရတို့ မမြဲကြပုံ

ထိုသို့ ဟောဖော်ညွှန်ပြ ဆုံးမတော်မူရာဝယ် သတ္တဝါသခ်ါရ ဟူသမျှတို့မှာ အနိစ္စနယ်တွင်းသို့ သက်ဆင်းကျရောက်၍ ကေန္တ မလွဲသာသည့် ဓမ္မတာသဘော အလျောက် ရွေ့လျောဖောက်ပြန် ကိုယ်ခန္ဓာပျက်ပြုန်းလျက် သေဆုံးခြင်း ဖြစ်ကြရာ၌ ကျန်ရစ်သူ လူအားလုံးတို့ ယူကျုံးမရ သောကမီးအပူပိုလျက် ငိုယိုဘို့မလျော် မသင့်တော်သည်၏အဖြစ်ကို စိစစ်၍ ပြတော်မူလိုသည်ဖြစ်၍ ရှေးဦးစွာ **ကောလီကရောတိ ပဍ္ဍမံ** အစရှိသောဂါထာကို ရွတ်ဆိုခွန်းဟလျက် ညွှန်းပြတော်မူလေ၏။

၆၇။ ကောလီကရောတိ ပဍ္ဍမံ၊ ယဒါ ဇာတမနိစ္စတာ။
ဓာတီဝ ဇနနီ ပစ္ဆာ၊ တဒါ သောကဿ ကော ကမော။

ယဒါ၊ အကြင်သို့သော၊ သဘောကြုံလာ၊ ခိုက်အခါ၌။ ဇာတံ၊ မီးရှူး သန့်စင်၊ ဖွားမြင်ပေါ်လာ၊ သားရတနာကို။ ပဍ္ဍမံ၊ သားကြီးအရှင်၊ မွေးမိခင် ၏၊ အလျှင်မဆွ၊ ပဌမဦး၊ ပကတူးပင်လျှင်။ ဓာတီ၊ ကောင်းစွာပြုစု၊ ကြည့်ရှု မတိမ်း၊ နို့ထိန်းမည်ရ၊ ထိုမိန်းမသည်။ ကောလီကရောတိဣဝ၊ ကောက်ယူ ပြုစု၊ ယုယနှစ်ခြိုက်၊ ရင်ခွင်ပိုက်သကဲ့သို့လည်းကောင်း။ ဇနနီ၊ သားလုပိုင်ရှင်၊ မွေးမိခင်သည်။ ပစ္ဆာ၊ သန့်ရှင်းကျန်းမာ၊ ချမ်းသာလွတ်မြောက်၊ ထိုမှ နောက်၌။ ကောလီကရောတိဣဝ၊ ကောက်ယူပြုစု၊ ယုယနှစ်ခြိုက်၊ ရင်ခွင်ပိုက်

သကဲ့သို့လည်းကောင်း။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်။ အနိစ္စတာ၊ အနိစ္စခဲ၊ မမြဲသောသဘောသည်။ ဝါ၊ ဖြစ်လျှင်ပျက်မြဲ၊ မလွဲမှန်စွာ၊ ဓမ္မတာ သဘောသည်။ ဇာတံ၊ ဖြစ်ထွန်းပေါ်လာ၊ အရာရာဟူသမျှကို။ ကောလီ- ကရောတိ၊ မည်သူမဆိုင်၊ တင်းတင်းကိုင်လျက်၊ ပိုင်ပိုင်မှတ်သား၊ ပိုက်ဖက် ထားတတ်၏။ တဒါ၊ ထိုသို့ ဖြစ်ဖြစ်သမျှ၊ သခါရတို့၊ အနိစ္စစက်တွင်းသို့၊ ပက်ပင်းပါကျရောက်၍၊ လက်အောက်ခံနေရသောအခါ၌။ ဝါ၊ ထိုသို့ အနိစ္စ စက်တွင်းသို့၊ သက်ဆင်းကျရောက်သည်ရှိသော်။ သောကဿ၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်းခြင်း၏။ ကမော၊ ပြုဘို့စခန်း၊ နည်းလမ်းမည်တွင်၊ စီအစဉ် သည်။ ကောအတ္ထိ၊ မဖွယ်မရာသဖြင့်၊ အဘယ်မှာ ရှိပါတော့အံ့နည်း။ နတ္ထေဝ– နတ္ထိဧဝ၊ စင်စစ်ကေန်၊ အမှန်မရှိသည်သာလျှင်တည်း။

အဓိပ္ပါယ်။　။လောက၌ မိန်းမတို့သည် ဓမ္မတာသဘောအားဖြင့် မျက်နှာ သန့်စင် ဖွားမြင်ရာဝယ် ထိုဖွားမြင်သောသူငယ်ကို မွေးဖွားရသောမိခင်၏ ရှေးဦးစွာ ကြည့်ရှုပြုစုရသော နို့ထိန်းသည်သည် ယုယနှစ်ခြိုက် ရင်ခွင်ပိုက်ပြီးမှ သာလျှင် သူငယ်၏အရှင် မွေးမိခင်သည် မီးရှူးသန့်စင် ဖွားမြင်ခြင်းကြောင့် ခံစားရသော ဒုက္ခဝေဒနာမှ ထမြောက်၍ ကျန်းမာချမ်းသာခြင်းသို့ ကျရောက် သည့်အခါမှသာလျှင် မိမိ၏ကလေးကို ပိုက်ထွေးချီပွေ့ခြင်းပြုရသကဲ့သို့၊ ထို့အတူ ဖြစ်ထွန်းပေါ်လာကြရသည့် သတ္တဝါသခါရ ဟူသမျှတို့မှာ ဖြစ်ပေါ်၍လာစက ပင်လျှင် အနိစ္စသဘောတရားက “ဖြစ်ကပျက်မြဲ မလွဲဘာသာ ဓမ္မတာတည်း” ဟူသော ဥပဒေပုဒ်မဖြင့် မုချ ပျက်ရမည်ဟူ၍ ဒီဂရီဆုံးဖြတ်ချက်ကို တဖက်သတ် ပြုလုပ် အာဏာကန့်ထုတ်ပြီးလျှင် လက်ကိုင်ပြုလုပ် အုပ်စီး၍ထားပြီးမှ အကြီး အငယ် အရွယ်မှတ်သား သန္တတိအလို ဇရာဆိုတဲ့ အိုခြင်းတရားက ယောင်ဝါးဝါး ဖက်ကိုင်၍ သက်ဆိုင်ယောင် ပြုရပေသည်။ ထိုသို့ သတ္တဝါသခါရ ဟူသမျှတို့ ဖြစ်ပေါ်၍လာစ ရှေးမဆွကပင်လျှင် အနိစ္စလက်တွင်းသို့ သက်ဆင်းကျရောက် ရပြီး ဖြစ်ပါသဖြင့် စင်စစ်ကေန် အမှန်ပျက်စီးရမည် မလွဲသာဖြစ်သောကြောင့် ယင်းသို့ သေကြေပျက်စီးရာ၌ သောကမီး အပူပိုလျက် ငိုယိုမြည်တမ်းသဖြင့် အဘယ်မှာ နည်းလမ်းကျနိုင်ပါတော့မည်နည်း၊ ထိုသို့ နည်းလမ်းမကျ စခန်း မလှလေသောကြောင့် သောကကို ဖြေသိမ်းလျက် အေးငြိမ်းစွာနေမှသာလျှင် သင့်လျော်ချေမည်ဟု ဆိုလိုသည်။

သေရသည့်အဖြစ်သည် အသစ်အဆန်းမဟုတ်ပုံ

ထိုမှတပါးလည်း များစွာသော သတ္တဝါအစုတို့ သေရသည့် အမှုသည် ယခုမှခေတ်ပြောင်းသဖြင့် ရှေးအဟောင်းကွယ်မြုပ်လျက် ရုတ်တရက်ဖြစ်ပေါ် သည့် ကာလပေါ်သနစ် လက်သစ်မဟုတ်ကြောင်းကို လမ်းဟောင်းညွှန်ပြ

သာဓကမူလိုသည်ဖြစ်၍ **ကွ ဂတာ ပထဝီပါလာ** အစရှိသော ဂါထာကို ရွတ်ဆို မိန့်ဟလျက် ဟောပြတော်မူပြန်လေ၏။

၆၉။ ကွ ဂတာ ပထဝီပါလာ၊ သမတ္တဗလဝါဟနာ။
ဝိယောဂသက္ခိဏီ ယေသံ၊ ဘူမိရဇ္ဇာပိ တိဋ္ဌတိ။

ယေသံ၊ အကြင် ရေမြေစိုးပိုင်၊ နိုင်ငံအရှင်၊ ဘုရင်မင်းတို့၏။ ဝိယောဂ-သက္ခိဏီ၊ ပျောက်ကွယ်အလျှင်း၊ ကွေကွင်းကြောင်းမှန်၊ သက်သေခံဖြစ်သော။ ဘူမိ၊ ထိုဘုရင်တို့ သိမ်းမြန်းအုပ်ချုပ်၊ မင်းလုပ်စိုးစံသည့်၊ နိုင်ငံတော်မြေအရပ် သည်။ အဇ္ဇအပိ၊ ကြွံခိုင်မရွေ့၊ ပြကတေ့ဖြင့်၊ ယနေ့ထက်တိုင်အောင်လည်း။ တိဋ္ဌတိ၊ အစဉ်ထာဝရ၊ ပါကဋ္ဌ ကျော်ကြားလျက်၊ ထင်ရှားစွာတည်ရှိ၏။ သမတ္တဗလဝါဟနာ၊ စစ်၏အင်္ဂါ၊ လိုရာမကြွင်း၊ ပြည့်စုံသော ဗိုလ်ပါဆင်မြင်း ရှိကုန်သော။ တေ၊ ထိုရေမြေအရှင်၊ ဘုရင်မင်းမြတ်တို့သည်။ ကွ၊ ဘယ်ရပ် ဌာန၊ ဘယ်ဒေသသို့။ ဂတာ၊ မမြင်ကွယ်ထောက်၊ အစဉ်ပျောက်အောင်၊ သွားရောက်ကြကုန်ဘိသနည်း။

အဓိပ္ပါယ်။ ။အထက်ကျော်ကာလ ခါသမယက ပါကဋ္ဌလွှမ်းမိုးလျက် ဘုန်းတန်ခိုးကြက်သရေ အထွေထွေနှင့် ခြေရွေသင်းပင်း ပြည့်စုံသော ဗိုလ်ပါ ဆင်မြင်း ရှိကြကုန်သော ရာမမင်း, ဝိက္ကမာဒိစ္စမင်း, ဗြဟ္မဒတ်မင်း, ကောသလ မင်း, စန္ဒဂုတ်မင်း အစရှိကုန်သော ရေမြေစိုးပိုင် နိုင်ငံအရှင် ဘုရင်မင်းမြတ် တို့သည် သူ့ခေတ်နှင့် သူ့ကာလအလိုက် သိုက်မြိုက်ကြီးကျယ် တင့်တယ် ခမ်းနားစွာ အဆင်အရှား ကပ္ပမှာကျော်ကြားလျက် စံစားတည်နေတော်မူခဲ့ ကြပေသည်။ ထိုသို့ ဘုန်းတန်ခိုးရှင် ဘုရင်အပေါင်းတို့၏ မုချအမှန် ဧကန် တည် နေခဲ့ကြကြောင်းသည်လည်း ယခုမှသောင်းပြောင်း စာရေးဆရာအပေါင်းတို့ ကောင်းနိုးရာရာ ဉာဏ်အာရုံကွန့်မြူးလျက် စိတ်ကူးနှင့်ကြံစည်၍ ဒဏ္ဍာရီ ပြုလုပ်ကာ ထုတ်ဖော်ပြောကြား ရေးသားကြသော ယုံတမ်းစကားမျိုး မဟုတ် ကြောင်း၊ စင်စစ်မှာမူ ထိုဘုန်းတန်ခိုးရှင် ဘုရင်မင်းမြတ်တို့၏ ဆတ်ဆတ်ကေန် အမှန်စံနေတော်မူခဲ့ကြကြောင်းကိုလည်း ထိုမင်းတို့ အုပ်ချုပ်စိုးစံသည့် နိုင်ငံ မြို့ရွာ နန်းတော်ရာနှင့် ကာရံရစ်သိုင်း တံတိုင်းတမျိုး မြို့ရိုး ကျုံးမြောင်းတို့ ဟောင်းနွမ်းပျက်ပြားလျက် အချို့အချို့သော နေရာဌာနတို့၌ ထင်လျှားမရွေ့ ယနေ့တိုင်ဒိဋ္ဌ တည်ရှိတွေ့မြင်ကြရခြင်းကြောင့် ထိုမင်းတို့ ရှိခဲ့ကြောင်းအမှန် သက်သေခံဖြစ်ပေသည်။ ယင်းသို့ဖြစ်ပါလျက် ယခုအခါ ထိုဘုန်းတန်ခိုးရှင် ဘုရင်မင်းတရားတို့ တပါးမျှမရှိ မည်သည့်ဌာန မည်သည့်ဒေသသို့ ကြွရောက် တိမ်းရှောင်းလျက် ခိုအောင်း၍ နေကြပါကုန်ဘိသနည်း။ မည်သည့်ဌာန မည်သည့်အရပ်သို့မှ ကြွရောက် တိမ်းရှောင်းလျက် ခိုအောင်း၍ နေကြသည်

မဟုတ်ပေ။ စင်စစ်မှာမူ အနိစ္စနယ်စခန်းကို မပယ်စွမ်းနိုင်ကြသည့် အတွက် သေမင်း၏လက်ချက်ဖြင့် အသက်ဆုံးရှုံး ခန္ဓာပြုန်းကြရလေကုန်ပြီ။ ယင်းသို့ ပုပု ရွရွ ဖြစ်သမျှ သတ္တဝါခပင်းတို့ သေမင်း၏ ခံတွင်းသို့ သက်ဆင်းကျရောက် ခန္ဓာ ပျောက်ကြရမြဲ မလွဲတံထွာ ဓမ္မတာလမ်းဟောင်း အကြောင်းသာရှိ မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်သိကြရလေသောကြောင့် သေသူ၏အတွက် စိတ်ရတက် အပူပိုလျက် ငိုယိုမြည်တမ်းကြသဖြင့် စခန်းမသင့်နိုင်ပေရာဟု ဟောဖော်ညွှန်ပြ ဆုံးမတော်မူလိုသည်။

သတ္တဝါသခ်ါရတို့ အမှန်ဖြစ်ရမည့် သဘော

ထို့ပြင် သတ္တဝါသခ်ါရ ဟူသမျှတို့ ကေန္တ မဖယ်မလွဲနိုင်သဖြင့် အကယ်အမြဲ ဖြစ်တတ်သည့် သဘောတရားတို့ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလိုသည်ဖြစ် ၍ **ကာယော သန္နိဟိတာပါယော**အစရှိသော ဂါထာကို ရွတ်ဆို မိန့်ကြားတော် မူပြန်လေ၏။

၇၀။ ကာယော သန္နိဟိတာပါယော၊ သမ္ပဒါ ပဒမာပဒါ။
သမာဂမာ သာပဂမာ၊ သဗ္ဗံမုပါဒိ ဘင်္ဂုရံ။

ကာယော၊ ထိုထိုများစွာ၊ သတ္တဝါပုဂ္ဂိုလ်တို့၏၊ ကိုယ်ခန္ဓာဟူသမျှသည်။ သန္နိဟိတာပါယော၊ အမြဲစဥ်လာ၊ မကွာထက်ကြပ်၊ သိမ့်မှိုးအပ်သော၊ ပျက်စီး ခြင်းသဘောရှိ၏။ သမ္ပဒါ၊ စည်းစိမ်ဥစ္စာ၊ အရာရာတို့၏၊ ကောင်းစွာပြည့်စုံခြင်း သည်။ အာပဒါ–အာပဒါယ၊ ခိုးသူဓားပြ၊ စသည်တန်တန်၊ ဘေးရန်အပေါင်း တို့ဖြင့်၊ ထောင်းထောင်းအပြီး၊ ပျက်စီးဆုံးရှုံးခြင်း၏။ ပဒံ၊ မူလအခြေ၊ မသွေ အမြစ်၊ အကြောင်းရင်းဖြစ်၏။ သမာဂမာ၊ မိဘ သားချင်း၊ ဆွေရင်းမျိုးချာ၊ ဉာတကာတို့၊ ညီညာပေါင်းဆုံ၊ ကြိုက်ကြုံ စုဝေးမိခြင်းသည်။ သာပဂမာ၊ သေကွဲ ရှင်ကွဲ၊ တနည်းဖြင့်၊ မလွဲပုံသေ၊ မသွေမယွင်း၊ ကွေကွင်းရခြင်းသဘော ရှိကုန်၏။ ဥပါဒိ၊ ညီညာစုပေါင်း၊ အကြောင်းလှုံ့ဆော်၊ ဖြစ်ပေါ်သမျှသော။ သဗ္ဗံ၊ သတ္တဝါသခ်ါရ၊ ရှိသမျှမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံသော သဘောတရားသည်။ ဘင်္ဂုရံ၊ အရှည်အမြဲ၊ မတည်ဘဲလျက်၊ မလွဲကေန်၊ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏။

အဓိပ္ပါယ်။ ။ဤကမ္ဘာလောက၌ ပျော်ပိုက်နေထိုင်ကြသည့်ရှိသမျှ များစွာ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့၏ ရူပကာယခန္ဓာကိုယ်ကြီးသည် ပျက်စီးတတ်သော သခ်ါရတရားအပေါင်းတို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍လာရသဖြင့် ခဏတဖြုတ်မျှ အဟုတ်မတည်မမြဲနိုင်ဘဲ လူဘဲနတ်ဘဲ အထင်လွဲအောင် အစဉ်အမြဲ သရုပ်ဆောင်သည့် အပုပ်ကောင်အတိသာဖြစ်သည့်အတွက် ပျက်

တတ်သည့် သဘောတရားသည် အခြားမှ လာသည်မဟုတ်၊ ဤခန္ဓာအပုပ်အိုးကြီးက ထုပ်ပိုးကာ အဆက်မပြတ်စေဘဲ ထက်ကြပ်မကွာ အစဉ်အလာသိုမှီး လျက် မပြတ်ယိုစီးစေတတ်သော သဘောတရားရှိပေသည်။ စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေနှင့် အထွေထွေတို့၏ အခြေလှလှ ပြည့်စုံကြွယ်ဝခြင်းသည်လည်း ဘယ်ခါမျှ မပျက်စီးဘဲ အမြဲတည်နေလိမ့်မည်ဟု ပုံသေမှုချ ကေန္တမမှတ်ယူသာ စင်စစ်မှာမူ ခိုးသူမားပြ စသည်တန်တန် တွင်းပြင်နှစ်ဝ နှစ်ဌာနဘေးရန်ကြောင့် ဖောက်ပြန် ပျက်စီးခြင်း၏ အကြောင်းရင်းမူလ ပဓာနဖြစ်သည့်အတွက် တရက်ရက် နောက်ဆုံး၌ ပျက်ပြုန်းမည်မလွဲ အမြဲပင်ဖြစ်ပေသည်။ ထို့ပြင် မိခင်ဘဘွား သားနှင့်သမီး ဇနီးအိမ်သူ ကြည်ဖြူပေါင်းသင်း သားချင်းများစွာ ဉာတကာ တသိုက်တို့နှင့် "ကြည့်လိုက်တိုင်းမြိုင် – ထိုင်လိုက်တိုင်းတင့်" ဆိုဘိသကဲ့သို့ အခွင့်သင့်အခိုက်ဆုံသဖြင့် ကြိုက်ကြိုက်စုရုံးလျက် အုန်းအုန်းစီစီ ညီညီညာညာ သိုက်မြိုက်စွာ နေရခြင်းသည်လည်း အလျှင်းပင် မမြဲတတ်သည့် အတွက် တရက်ရက် နောက်ဆုံး၌ တပြုံလုံး အခြေမစွဲဘဲ သေကွဲနှင့်ရှင်ကွဲ တနည်း မသွေ မယွင်းသဖြင့် ကွေကွင်းရခြင်း သဘောရှိပေသည်။ ၎င်းပြင် အကြောင်းစုံ လှုံ့ဆော်သဖြင့် ဖြစ်ပေါ်ကြရသည့် သတ္တဝါသခါရ ရှိသမျှမကြွင်း ခပင်းဥဿုံ အလုံးစုံသော တရားအစုသည် တခုမျှအရှည်မမြဲဘဲ မလွဲကေန် ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိပေသည်။ ထို့ကြောင့် သတ္တဝါတယောက် သေပျောက်ပျက်စီးရာ၌ လောကတံထွာ ဓမ္မတာသဘောအလျောက် ဖောက်ပြန် ပျက်စီးသည့် အမှုကို ဂရုမပြုသင့်ပေဟု ဆိုလိုသည်။

ခန္ဓာကိုယ်ကြီး အစဉ်ပျက်စီးနေပုံ

ထို့ပြင် ဤရူပကာယ ခန္ဓာကိုယ်ကြီးသည် အလိုလိုခဏမစဲဘဲ တသဲသဲ ပျက်စီးပုံကို ယုံကြည်ရန်အချက် သက်သေနှင့်တကွ ထုတ်ဆောင်၍ ပြပြန် လိုသည်ဖြစ်၍ **ပတိက္ခဏမယံ ကာယော** အစရှိသောဂါထာကို မိန့်ဆိုဟောကြား တော်မူပြန်လေ၏။

၇၁။ ပတိက္ခဏမယံ ကာယော၊ ခီယမာနော န လက္ချတေ။
အာမကုမ္ဘော ဣဝမ္ဘဿော၊ ဝိသီနော သံဝိဘာဝျတေ။

အယံကာယော၊ ဤခန္ဓာဝန်ထုပ်၊ အကောင်ပုပ်သည်။ ပတိက္ခဏံ၊ မပြတ်အစဉ်၊ အတွင်မဆိုင်း၊ ခဏတိုင်း ခဏတိုင်း။ ခီယမာနော၊ တတေ့ တတေ့၊ တမြေ့မြေ့သည်း၊ တရွေ့ရွေ့ကုန်ဆုံးလျက်၊ ပြုန်းပျက်၍နေသည်ကို။ (အညာဏေန၊ ပျက်ပုံကိုစိတ်ကူး၍၊ စူးစမ်းဆင်ခြင်၊ သိမြင်တတ်သော ဝိပဿနာ၊ ပညာဉာဏ် ရှိသော သူသည်။) နလက္ချတေ၊ အမှတ်မရှိ၊ ဒြပ်ကိုကြည့်သဖြင့်၊ အတပ်မသိအပ်၊

အတပ်မသိနိုင်ပေရာ။ ကိမိဝ၊ ပမာဟန်တူ၊ စံယူနိုင်းဘွယ်၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ အမ္ဘဋ္ဌော၊ ရေ၌နူးပွအောင်၊ ချစိမ်၍ ထားအပ်သော။ ဝိသိနော၊ ပျက်မှန်းမသိ၊ တအိအိဖြင့်၊ တတိတိပျက်စီးသော။ အာမကုမ္ဘော ဣဝ၊ အိုးထိန်းရဟတ်၊ အိုးလက်ခတ်ဖြင့်၊ ပုတ်ခတ်ပြုလုပ်၊ အိုးပုံပေါ်ကာမျှ၊ မဖုတ် မကျက်စေရသေးသည့်၊ ပကတိအတိုင်း၊ အိုးရိုင်းအိုးစိမ်းကဲ့သို့တည်း။ အန္တိမေ၊ ခန္ဓာပျက်ပြုန်း၊ နောက်အဆုံး၌။ သံဝိဘာဝဂျတော၊ ပျက်ကြောင်း ထင်လျှား၊ မြုပ်ထိမ်၍မထားနိုင်ဘဲ၊ ဗွားဗွားကြီးပေါ်လွင်လျက်၊ ထင်မြင်စွာ ပြပေရာ၏။

အဓိပ္ပါယ်။　။ဤ ခန္ဓာဝန်ထုပ် အကောင်ပုပ်ကြီးသည် တစက္ကန့် တဗိဇနာ တခရာခန့်မျှ တန့်ရပ်၍ မတည်နိုင်ဘဲ အမြဲဒလစပ် မပြတ်အိုမင်း၍ ယိုယွင်းမှန်းမသိ တဖြည်းဖြည်း တတိတိဖြင့် တအိအိယိုယွင်း နဂိုရှိရင်း ကွယ်ပျောက်လျက် နောက်ဆက်တွဲ ခန္ဓာအစဉ်ကလည်း ရှေးယခင်ထက် အခြေပျက်သဖြင့် သေဘက်ကိုအားယူ ဆံဖြူ သွားကြွေ အနေမလှ ဇရာဓမ္မဖိစီး၍ အပျက်ကြီး ပျက်ပုံကို ဆင်ခြင်တုံနည်းပါးသဖြင့် နာမ်ရုပ်တရားတို့၏ တဖွားဖွား ဖြစ်ပျက်ဟန်ကို ဝိပဿနာပညာဉာဏ်မျေး အမြင်သေးသောသူသည် ရှေးအတိုင်း ထင်မှတ်လျက် ဤဒြဗ်ကိုယ်ကောင်ကို အကြောင်းသား ကြည့်ကာမျှဖြင့် နေရာကျ မသိနိုင်ပေရာ၊ နှိုင်းစာ၍သိဘို့ရာ ဥပမာတရပ် ပုံတူကပ်သော် အစဉ်မပြတ် ရေ၌ နူးပွအောင် ချစိမ်၍ ထားအပ်သော အိုးထိန်းရဟတ် အိုးလက်ခတ်တို့ဖြင့် ပုတ်ခတ်ပြုလုပ်ရုံ အိုးပုံပေါ်ကာမျှ မီးဖြင့် မဖုတ်မကျက်စေရသေးသည့် ပကတိ မြေအတိုင်း အိုးရိုင်း အိုးစိမ်းသည် ပျက်မှန်းမသိ တတိတိဖြင့် တအိအိပျက်ပြုန်း သဖြင့် နောက်ဆုံး၌ အိုးပုံပျောက်လျက် ရွှံ့အဖြစ်သို့ရောက်ပြီးလျှင် ပျက်စီးပုံ သရုပ်ကို မထိမ်မမြုပ် ဖော်ထုတ်၍ပြဘိသကဲ့သို့၊ ထို့အတူ ဤရူပကာယခန္ဓာ၏ သဘာဝသည် ခဏတိုင်း ယိုယွင်းလျက် အိုမင်းချက် မစဲဘဲ တသဲသဲ ပျက်သော်လည်း ပျက်မှန်းမသိ တတိတိဖြင့် တအိအိဆုတ် အိုရုပ်တွေစုပေါင်း ဇရာ ထောင်းလျက် နောက်ဆုံး၌ မသာလောင်းအတိဖြစ်ကာမှ သဘာဝသူ့အခြင်း ပျက်စီးပုံအရင်းကို ဗွင်းဗွင်းကြီးထုတ်ဖော်၍ ပေါ်လွင်စွာပြပေရာသည် ဟူလို။

သတ္တဝါတွေမှာ သေရမည့်ဘေး တဖြေးဖြေးနီးကပ်နေပုံ

ထို့ပြင် သတ္တဝါအနန္တ ဟူသမျှတို့၏ သေရမည့်အချက်သည် တရက်ထက် တရက်နီးလျက် တဖြည်းဖြည်း ချဉ်းကပ်ကြောင်းကို ထပ်လောင်း၍ သဘော ကျအောင် ဟောပြတော်မူလိုသည်ဖြစ်၍ **အာသန္နတရတာပေတိ** အစရှိသော ဂါထာကို ရွတ်ဆို မိန့်ဟ၍ ညွှန်းပြတော်မူပြန်လေသတည်း။

၇၂။ အာသန္နတရတာမေတိ၊ မစ္စု ဇန္တု ဒိနေ ဒိနေ။
အာဃာတံ နီယမာနဿ၊ ဝဇ္ဈဿေဝ ပဒေ ပဒေ။

ဇန္တု–ဇန္တုနော၊ မည်သူမည်ဝါ၊ ဗြဟ္မာနတ်လူ၊ သတ္တဝါဟူဟူသမျှ၏။ မစ္စု၊ အမှန်မချွတ်၊ မလွတ်ရှောင်ကွင်း၊ သေရခြင်း သဘောတရားသည်။ ဒိနေဒိနေ၊ နေ့စဉ်ရက်တိုင်း၊ မဆုတ်ဆိုင်းဘဲ။ အာသန္နတရတာ၊ နီးသည်ထက်နီး၊ တဖြည်းဖြည်းကျွံ၊ အလွန်နီးသည်၏ အဖြစ်သို့။ ဧတိ၊ မသွေမဖောက်ကေန်ရောက်၏။ ကိမိဝ၊ ပမာပုံကပ်၊ ဟပ်၍သိဘွယ်၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ အာဃာတံ၊ သတ်ရန်နွားစု၊ သတ်မှုပြုကုန်၊ နွားသတ်ရုံသို့။ နီယ-မာနဿ၊ သတ်ရန်ဖွဲ့နှောင်၊ ထုတ်ယူဆောင်အပ်သော။ ဝဇ္ဈဿ၊ မချွတ်မယွင်း၊ မလွတ်ကင်းသဖြင့်၊ စင်းစင်းမသွေ၊ အသေသတ်အပ်သော နွား၏။ ပဒေပဒေ၊ ခြေကိုဆန့်တန်း၍၊ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း။ မစ္စု၊ အမှန်မချွတ်၊ မလွတ်မကင်း၊ သေရခြင်းသဘောတရားသည်။ အာသန္နတရတာ၊ နီးသည်ထက်နီး၊ တဖြည်းဖြည်းကျွံ၊ အလွန်နီးသည်၏အဖြစ်သို့။ ဧတိဣဝ၊ သွေလှန်မဖောက်၊ ကေန်ရောက်သကဲ့သို့တည်း။

အဓိပ္ပါယ်။ ။အနန္တစကြဝဠာ ဤကပ္ပါလောက၌ ရှိသမျှမကြွင်း ခပင်းနတ်လူ သတ္တဝါဟူဟူသမျှတို့၏ ကေန္တ မချွတ်မယွင်းဘဲ မလွတ်မကင်းနိုင်ကြသည့် သေရမည့် သဘောတရားသည် နွားသတ်ရုံစက်တိုင်သို့ ခိုင်ခိုင်ကြီးဖွဲ့နှောင်လျက် ယူဆောင်၍ သွားအပ်သော သတ်ထိုက်သည့်နွား သတ္တဝါပါမွား၏ သွားသမျှစခန်း ခြေတို့ကို ဆန့်တန်း၍ လှမ်းလိုက်တိုင်းအချက်မှာ သေဘက်သို့ တဖြည်းဖြည်းနီးသည်ထက် နီးသကဲ့သို့ ထိုနည်းပမာ အတူသာလျှင် စကြ-ဝဠာအနန္တ ဤကပ္ပါလောက၌ ရှိသမျှမကြွင်း ခပင်းများစွာ ဗြဟ္မာနတ်လူ သတ္တဝါဟူဟူသမျှတို့၏ ကေန္တမချွတ်မယွင်းဘဲ မလွတ်မကင်းနိုင်ကြသည့် သေရမည့်သဘောတရားသည် နေ့ရှည်ရက်များ ကာလသွားသမျှ အပါးသို့တိုး "သူခိုးရှိရာ–ဝန်ထုပ်ဝန်ပိုးနှင့်လာ"ဆိုဘိသကဲ့သို့ နာရီ ဗိဇနာ ချိန်ခါမလင့်ဘဲ မဖင့်မနွဲ့မူ၍ အမြဲထုတ်ချောက် နေ့ပျောက်၍ ရက်ကုန်တိုင်း မဆိုင်းဘဲနီးတဖြည်းဖြည်း ခရီးကျွံလျက် အလွန်နီးသည်၏အဖြစ်သို့ စင်စစ်မသွေ ရောက်လျက်နေပေသည်။ ယင်းသို့ မိမိ၏ နေရမည့်အသက်ကို နေ့ရက်နာရီ ဗိဇနာ မခြား အချိန်ကစားသည့်အတွက် တရက်ကုန်၍ တရက်ပြီးလျှင် အသက်ကြီး၍ အခြေပျက်လျက် သေဘက်သို့ တရက်ပါကြောင်းကို ကောင်းကောင်းကြီး နှလုံးသွင်းပြီးလျှင် အချည်းနှီး အချိန်ကို မကုန်ပြုန်းစေဘဲ နေရာကျ အသုံးပြုလျက် အဆုံးမှု ခန္ဓာပျက်ကြရာ၌လည်း ဗယောက်ဗယက် ပူဆွေး၍ ငိုကြွေးမြည်တမ်းခြင်းအမှုကို မပြုသင့်ပေရာဟု ဆိုလိုသည်။

မမြဲသည့်တရားများကို အစွဲမထားသင့်ပုံ

ထို့ပြင် အသက်အရှယ် နုနယ်ပျိုမျစ်ခြင်းစသည်တို့၏ ထာဝရ အစဉ်မမြဲ တတ်သည့်အတွက် အလွဲမှတ်ကာ သဲကြီးမဲကြီးဖြင့် အစွဲမကြီးသင့်ကြောင်းကို ထပ်လောင်း၍ ပြတော်မူလိုသည်ဖြစ်၍ **ယတော**ဟု စကားခံပြီးလျှင် **အနိစ္စံ ယောဗ္ဗနံ** ရူပံ အစရှိသောဂါထာကို ရွတ်ဆိုခွန်းဟလျက် ညွှန်းပြတော်မူပြန်လေ၏။

ယတော——

၇၃။ အနိစ္စံ ယောဗ္ဗနံ ရူပံ၊ ဇီဝိတံ ဒဗ္ဗသဥ္စယော။
ဃရာဃရော ပိယသံဝါသော၊ မုယှေ့ တတြ န ပဏ္ဍိတော။

ယောဗ္ဗနဉ္စ၊ အသက်အရွယ်၊ နုနယ်နဂိုရ်၊ မအိုမမင်း၊ မယိုယွင်းဘဲ၊ ပျိုမျစ်ခြင်းသဘောသည်လည်းကောင်း။ ရူပဉ္စ၊ ရုပ်ရည်အဆင်း၊ လှပတင့်တယ်ခြင်းသည်လည်းကောင်း။ ဇီဝိတဉ္စ၊ ဇီဝိတိန္ဒြေ၊ ဆိုထွေတချက်၊ အသက်၏ ပြည့်စုံခြင်းသည်လည်းကောင်း။ ဒဗ္ဗသဥ္စယောစ၊ စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေနှင့်၊ အခြေအနေတို့၏ ပြည့်စုံခြင်းသည်လည်းကောင်း။ ဃရာဃရောစ၊ အာဏာ မောက်ဖွိုး၊ လွှမ်းမိုးတက်ကြွ၊ တန်ခိုးထလျက်၊ အစိုးရခြင်းသည်လည်းကောင်း။ ပိယသံဝါသောစ၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးအပ်သော၊ ဆွေမျိုးသားချင်း၊ အရင်းအချာ၊ ဉာတကာ စသည်တို့နှင့်၊ အတူတကွ နေထိုင်ရခြင်းသည်လည်း ကောင်း။ ယတော၊ အကြင့်ကြောင့်။ အနိစ္စံ၊ အမြင်နှင့်အထင်လွဲသော်လည်း၊ အစဉ်မမြဲတတ်ပေ။ တတော၊ ထို့ကြောင့်။ တတြ၊ ထိုအထင်သာလွဲ၍၊ အစဉ် မမြဲတတ်သော သဘောတရားတို့၌။ ပဏ္ဍိတော၊ ရေရေမွန်မွန်၊ အခြေမှန်ကို၊ ဝေဖန်၍သိတတ်သော၊ ပညာဉာဏ်ရှိ၊ လူကဝိသည်။ နမုယှေ့၊ ထာဝရ အစဉ် မြဲ၏ဟု၊ သဲသဲမဲမဲ၊ အထင်လွဲသဖြင့်၊ အစွဲကြီးမစွဲသင့်ပေ။

အဓိပ္ပါယ်။ ။အသက်အရွယ် နုနယ်သည့်အလိုက် အခိုက်အတန့်သာလျှင် မအိုမမင်း မယိုယွင်းဘဲ ပျိုမျစ်ခြင်း သဘောတရားသည်လည်းကောင်း, ဤခန္ဓာကိုယ်ကာယ၏ လှပတင့်တယ် ရှုချင်ဘွယ်သော အရေအဆင်းနှင့် ပြည့်စုံခြင်းသဘောတရားသည်လည်းကောင်း, ဇီဝိတိန္ဒြေ မပျက်ကြွေသည့်အတွက် အသက်ရှည်၍ နေရခြင်းသည်လည်းကောင်း, စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေနှင့် အခြေအနေတို့၏ ပြည့်စုံခြင်းသည်လည်းကောင်း, နှံ့သိကျေညာ အရာရာ၌ အာဏာမောက်ဖွိုး ဘုန်းရှိန်တိုးသဖြင့် လွှမ်းမိုးတက်ကြွ တန်ခိုး ထလျက် အစိုးရခြင်း သဘောတရားသည်လည်းကောင်း, ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးအပ်သော ဆွေမျိုးပေါက်ဖော် စပ်တော်အရင်း သားချင်းတဖြာ ဆရာ

မိဘ မိတ်သင်္ဂဟ စသည်တို့နှင့် အတူတကွ နေထိုင်ရခြင်းသည်လည်းကောင်း, အရင်းအမြစ် အနှစ်ကိုရှာကြံ၍ အမှန်ကိုရှုပါက လောကီယအမှု ဤတရားအစုသည် တခုမျှ မမြဲတတ်ပေ။ ယင်းသို့ အတည်တကျ စိတ်မချရသည့် သဘာဝကေန် မမြဲကြောင်းမှန်သောကြောင့် ထိုမဟန်သည့်အရာတို့၌ ကပ္ပါနှင့် ဂဟေဆက်ပြီးလျှင် အခြေမပျက် အစဉ်မြဲလိမ့်မည်ဟု အထင်လွဲကာ သဲကြီးမဲကြီးဖြင့် အစွဲကြီး မစွဲသင့်ပေဟု ဆိုလိုသည်။

ပေါင်းဖက်တွေ့ကြုံ ကွဲကွာပုံ

ထို့ပြင် ဤသံသရာပြင်ကျယ် ပင်လယ်သမုဒ်၌ နစ်မြုပ်မျောပါး ခရီးရှည်သွားကြသော ဝေနေယျများစွာ သတ္တဝါခပင်းတို့၏ အချင်းချင်း ပေါင်းဆုံမိကြခြင်းသည် တခဏ တမုဟုတ်မျှသာ ဖြစ်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ယထာ ကဋ္ဌဉ္စ ကဋ္ဌဉ္စ** အစရှိသော ဂါထာကို ရွတ်ဆို ဟောပြတော်မူပြန်လေ၏။

၇၄။ ယထာ ကဋ္ဌဉ္စ ကဋ္ဌဉ္စ၊ သမာဂစ္ဆေ သမုဒ္ဒသ္မိံ ။
သမေတျ စာပဂစ္ဆေယျ၊ တထာ ဘူတသမာဂမော။

ကဋ္ဌဉ္စ၊ သင့်လျော်ရာအရပ်၌၊ ကျအပ်သော ပျဉ်ချပ်တခုသည်လည်းကောင်း။ ကဋ္ဌဉ္စ၊ ထိုနည်းတူစွာ၊ သင့်လျော်ရာအရပ်၌၊ ကျအပ်သော ပျဉ်ချပ်တခုသည်လည်းကောင်း။ သမုဒ္ဒသ္မိံ၊ ရေထုပြင်ကျယ်၊ ပင်လယ်သမုဒ်၌။ သမာဂစ္ဆေ၊ လှိုင်းတံပိုးပင့်၊ ဂယက်လွင့်သဖြင့်၊ အသင့်ပေါင်းဆုံမိရာ၏။ သမေတျ စ၊ အခွင့်ကြုံကြုံ၊ ပေါင်းဆုံကြပြီး၍လည်း။ အပဂစ္ဆေယျယထာ၊ တပြားနှင့်တပြား၊ တခြားစီ အနေယွင်းလျက်၊ ကွေကွင်း၍ထွက်ရာသကဲ့သို့။ ဘူတသမာဂမော၊ ဝေနေယျများစွာ၊ သတ္တဝါတို့၊ သံသရာပြင်ကျယ်၊ ပင်လယ်၏အတွင်း၌၊ အချင်းချင်း အခွင့်ကြုံသဖြင့်၊ ပေါင်းဆုံမိကြခြင်းသည်။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်တည်း။

အဓိပ္ပါယ်။ ။သမုဒ်ပင်လယ် ရေပြင်ကျယ်၌ ပျဉ်ငယ်နှစ်ခုတို့သည် တခုစီပေါလော မျောချင်တိုင်းမျောရာမှ ရေကြောတွင် ဂယက်လွှင့်သဖြင့် အခန့်သင့်အခွင့်ကြုံလျက် ခဏမျှ ပေါင်းဆုံကြပြီးမှ ရုတ်တရက်တဖန် လှိုင်းဂယက်ပုတ်ပြန်သဖြင့် ကစဉ့်ကရဲ တချပ်စီကွဲပြား၍ တခြားသို့ လွင့်ရသကဲ့သို့၊ ထိုအတူ ဤသံသရာပြင်ကျယ် ပင်လယ်စခန်း၌ မြော်မှန်းချက်မရှိ လမ်းမသိ ကမ်းမမြင်ကံနှင့်ရာ အတွင်စိုင်းလျက် မဆိုင်းဘဲ မျောကြရသဖြင့် ဝဲသြဃလှေိုင်းလုတ်၌ နစ်မြုပ်ကာ ချာချာလည်၍ ခရီးရှည်သွားကြရာ ဝေနေယျများစွာ သတ္တဝါတို့မှာ ကံကြမ္မာလှိုင်းပုတ်သဖြင့် တမုဟုတ် တခဏမျှသာလျှင် မိဘသားချင်း ဆွေရင်းမျိုးချာ

ဉာတကာ၏ အနေအစားဖြင့် ဗွားကနဲ ပေါင်းဆုံမိကြ၍ ဘဝဟောင်းသံသရာက ကံကြမ္မာ တံပိုးလှုပ်ပြန်သဖြင့် ရွတ်တရက် တဖန်ကွဲပြီးလျှင် သံသရာပင်လယ်၏ အထဲ၌ သွားမြဲတိုင်း ကိုယ့်စခန်းကို ဗရမ်းဗတာ ဦးတည်ရာလွင့်ကြ၍ ကစဉ့်ကရဲ ကွဲမြဲတိုင်း ကွဲကြရပေသည်။ ထို့ကြောင့် သားသမီးမိဘ ဆွေမျိုးဉာတိ စသည်တို့သည် တခဏမျှ ပေါင်းဆုံမိကြသည်ကို ထာဝရအမြဲ တကပ်ပါလုံး အစဉ်မကွဲရဟု အထင်မလွဲကြသင့်ပေဟု ဆိုလိုသည်။

ထိုသတ္တဝါဟူသမျှ အနန္တတို့၏ အချင်းချင်း တွေ့ကြုံ၍ တခဏမျှ ပေါင်းဆုံမိကြရပုံကိုပင်လျှင် ဥဒါဟရဏ်တမျိုးထွင်လျက် ပေါ်လွင်စွာ ပြပြန်လိုသည်ဖြစ်၍ **ယထာ ဟိ ပထိကော ကောစိ** အစရှိသော ဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

၇၅။ ယထာ ဟိ ပထိကော ကောစိ၊ ဆာယမာသိယ တိဋ္ဌတိ။
ဝိဿမ္မ စ ပုန ဂစ္ဆေ၊ တထာ ဘူတသမာဂမော။

ယထာ၊ အကြင်သို့လျှင်၊ ဖြစ်အင်ပေါ်လာ၊ ခြင်းအရာအားဖြင့်။ ကောစိ ပထိကော၊ တစုံတယောက်၊ လမ်းလျှောက်ယောကျ်ား၊ ခရီးသွားသည်။ ဆာယံ၊ ဇရပ်တန်ဆောင်း၊ ဂူကျောင်းတစိတ်၊ သစ်ပင်ရိပ်သို့။ အာသိယ၊ ခိုလှုံဝင်ရောက်၊ ခရီးထောက်မှန်း၊ စခန်းမချော၊ အပန်းဖြေသည်ဖြစ်၍။ တိဋ္ဌတိ၊ ခေတ္တဆိုင်းငံ့၊ မဆန့်မသွား၊ ရပ်တန့်နား၏။ ဝိဿမ္မ၊ အားအင်ပြည့်လျှမ်း၊ မနွမ်းအခြေ၊ အပန်းဖြေပြီးသည်ရှိသော်။ ပုန စ ဂစ္ဆေ၊ မိမိ၏ လမ်းအဆက်ကို၊ စခန်းမပျက်စေဘဲ၊ တဖန် လှမ်းထွက်ပေရာ၏။ ဘူတသမာဂမော၊ ထိုထိုများစွာ၊ သတ္တဝါခပင်းတို့၏၊ အချင်းချင်း တွေ့ကြုံ၍၊ ပေါင်းဆုံမိကြခြင်းသည်။ တထာဟိ– တထာဝ၊ ထိုနှယ်ခြင်းရာ၊ မခြားကွာသဖြင့်၊ အလားပမာဏ၊ တူမျှသည် သာလျှင်တည်း။

အဓိပ္ပါယ်။ ။တစုံတယောက်သော ခရီးသွား ယောကျ်ားသည် လမ်း၏ အနီးအနား၌ လမ်းသွားလမ်းလာ လူများစွာတို့ တည်းခိုမှီကပ်ရာ ဇရပ်တန်ဆောင်း ဂူကျောင်းတစိတ် သစ်ပင်ရိပ် စသည်တို့၌ တဆိတ်စာကာလ တခဏမျှ ဝင်ရောက်နားနေ အပန်းဖြေကာ တည်နေပြီး၍ ကိုယ်လက်ခန့်ကျန်းလျက် အပန်းပြေလတ်သော် နောက်ထပ်မဆိုင်း မိမိ၏စခန်း သွားရာလမ်းကို သွားမြဲတိုင်းမပျက် တဖန်ဆက်လက်၍ သွားပြန်ရာ၏။ ထို့အတူ သတ္တဝါဟူဟူသမျှ ဝေနေယျတို့မှာ သံသာရစခန်းကို အရမ်းမဲ့နှင့် အတွင်သားသွားကြရာ အချင်းချင်း စခန်းဆုံ၍ လမ်းကြုံရာဘဝ၌ မိဘဉာတိ ဆွေမျိုး စသည်တို့၏ အထံသို့ ရှေးကံအလျောက် ဝင်ရောက်ခိုလှုံရသဖြင့် ပေါင်းဆုံမိကြပေသည်။ ယင်းသို့ အချင်းချင်းပေါင်းဆုံမိကြပြီးနောက် ကံအလျောက်တဖန် ဘဝဟောင်း

စွန့်ပြန်၍ သံသရာဥဒဟို ထိုထိုသို့သောဌာန ဘုံဘဝစခန်းသို့ လမ်းသင့်ရာထွက်ကြ ရမြဲ မလွဲသာဖြစ်ပေသည်။ ယင်းသို့ ကိုယ့်ဝန်ကို ကိုယ်ထမ်းလျက် ကိုယ့်လမ်း ကို သွားကြရပါသဖြင့် သတ္တဝါတယောက် သေပျောက်ပျက်စီးရာ၌ ငါ့သွီး, ငါ့သား, ငါ့မယား, ငါ့အမေ, ငါ့အဖေ သည်တယောက်ကိုမှ ခေါင်းခေါက်၍ ခေါ် လေခြင်းဟု သေမင်းကို စွပ်စွဲ အလွဲလွဲရန်ထောင်လျက် မချိအောင်ပူဆွေး၍ ငိုကြွေးမြည်တမ်းခြင်းအမှုကို အလျှင်းမပြုသင့်ပေဟု ဆိုလိုသည်။

ဓာတ်ကြီးငါးတန် ဖြစ်ပျက်ဟန် ပူရန်မသင့်ပုံ

ထို့ပြင် သတ္တဝါတဦးတယောက် သေပျောက်ပျက်စီးရာ၌ အချည်းနှီးပူဆွေး ၍ ငိုကြွေးမြည်တမ်းရန် မသင့်ကြောင်းကို ဆင်ခြင်ရန်တနည်းပြောင်းလျက် ထပ်လောင်း၍ ပြတော်မူလိုသည်ဖြစ်၍ **ပဉ္စဟိ နိမ္မိတေ ဒေဟေ** အစရှိသော ဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

၇၆။ ပဉ္စဟိ နိမ္မိတေ ဒေဟေ၊ ပဉ္စတ္တ ပုနဂ္ဂတေ။
သံသံယောနိမနုပ္ပတ္တေ၊ တတြ ကာ ပရိဒေဝနာ။

ပဉ္စဟိ၊ ပထဝီ,အာပေါ၊ တေဇော,ဝါယ၊ အာကာသဟု၊ ဓာတ်မမြေ,ရေ၊ မီး,လေအစု၊ ခြားမှုသီးသီး၊ ငါးခုသော ဓာတ်ကြီးတို့သည်။ နိမ္မိတေ၊ ပေါင်းစု ပြုပြင်၊ အမှုတွင်အောင်၊ စီရင်ဖန်ဆင်းအပ်သော။ ဒေဟေ၊ သတ္တဝါ,ပုဂ္ဂိုလ်၊ ခေါ်ဆိုပညတ်၊ ကိုယ်ဒြဗ်ကြီးသည်။ ပုန၊ နောက်ထပ်တဖန်၊ မူလပြန်သဖြင့်။ ပဉ္စတ္တံ၊ ပထဝီ,အာပေါ၊ တေဇော,ဝါယ၊ အာကာသဟု၊ ဓာတ်မ မြေ,ရေ၊ မီး,လေအစု၊ ခြားမှုအသီး၊ ဓာတ်ကြီးငါးခု၏ အဖြစ်သို့။ ဂတေ စ၊ ရှေးအတိုင်း မှန်၊ အရင်းခံသို့၊ ပြန်ရောက်သည်ရှိသော်လည်းကောင်း။ သံသံယောနိံ၊ မိမိ မိမိတို့၏၊ လားရာမှန်ဘိ၊ ဂတိအရပ်ရပ်သို့။ အနုပ္ပတ္တေ စ၊ ရှေးကံပြုပြင်၊ စီရင် လွှင့်ထောက်၊ အစဉ်ရောက်သော်လည်းကောင်း။ တတြ၊ ထိုထိုစဉ်လာ၊ ဓမ္မတာ အလျောက်၊ ဖြစ်ကြရောက်ကြရာ၌။ ကာ ပရိဒေဝနာ၊ အဘယ်မှာလျှင်၊ စိုးရိမ် ပူဆွေး၍၊ ငိုကြွေးမြည်တမ်းရန် ရှိပါတော့အံ့နည်း။

ဤဂါထာ၌ **ပဉ္စဟိ နိမ္မိတေ ဒေဟေ** အရ အဓိပ္ပါယ် ပေါ်လွင်စေရန် အနည်းငယ်တန်မျှ ချဲ့ထွင်၍ ပြပေအံ့—ဤဖြစ်ဖြစ်သမျှ သတ္တဝါသခါရတို့၏ သဘာဝအမှန် အမာခံသေတ္တာအနှစ်ကိုစုလိုက်လျှင် ခက်မာမှုပထဝီ သညီမှာ မြေဓာတ်, ဓာတ်တပါးနှင့်တပါးကို တခြားစီမကွဲပြားစေရအောင် စည်းနှောင် ဖွဲ့ယှက်တတ်သော အာပေါ ခေါ် ရေဓာတ်, မိမိနှင့် နီးစပ်သည့် ဓာတ်တပါး၏ ရင့်ကျက်ခြင်းကို ပြုတတ်သည့် ပူမှု,အေးမှု ဟု ဆိုအပ်သော တေဇော ခေါ်မီး ဓာတ်,ထောက်ကန်,လှုပ်ရှားခြင်းကို ပြုတတ်သော ဝါယော ခေါ် လေဓာတ်,ရှပ်

ကလာပ်အစုတို့ တခုနှင့်တခုကို ပိုင်းခြားမှု အာကာသ ဤငါးဝသော ဓာတ်ကြီးတို့သည်သာလျှင် အမာခံအနှစ် အနယ်ထိုင်ဓာတ်တို့ ဖြစ်ကြပေသည်။ ထိုငါးဝသောဓာတ်အစုတွင် ရုပ်ကလာပ်တခုနှင့်တခုကို ပိုင်းခြားမှုဟု ဆိုအပ်သော အာကာသဓာတ်၏ သဘောရင်းသည် ကြွင်းသော ဓာတ်အစုတို့အား အချင်းချင်း ပိုင်းခြားခြင်းအမှုကို ပြုလုပ်ရပေသောကြောင့် အကြွင်းစုဖြစ်လေရာဌာန၌ ပါဝင်ရသည်ချည်းပင်ဖြစ်လေရကား သတ္တဝါ၊ပုဂ္ဂိုလ်နှင့် ထိုထိုသင်္ခါရတရားတို့၏ အတွင်းသားအနှစ် အမာခံဖြစ်သည်ဟု ဆိုရပေသည်။ စင်စစ်မှာမူကား ကျန် လေးပါးသော ဓာတ်တို့သည်သာလျှင် အမာခံအစစ် ဓာတ်မ-တို့ ဖြစ်ကြပေသည်။

ထို မြေ,ရေ,လေ,မီးဟု ဆိုအပ်သော ဓာတ်ကြီးလေးခုတို့ ပေါင်းစု၍ ဖြစ်ပေါ်လာကြသည်ရှိသော် ထိုဓာတ်ကြီးလေးခုတို့၏ ညို,ဖြူ,နီ,ဝါ အစရှိသော အရောင်အဆင်းဟု ဆိုအပ်သော ဝဏ္ဏဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးခုတို့၏ မွှေး,နံ,သို့,ပုပ်ခြင်း အစရှိသော အနံ့ဟု ဆိုအပ်သော ဂန္ဓဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးပါးတို့၏ ချို,ချဉ်,ဖန်,ငန် အစရှိသော အရသာဟု ဆိုအပ်သော ရသဓာတ်သည်လည်းကောင်း, ထိုဓာတ်ကြီးလေးပါးတို့၏ တန်ခိုးသတ္တိဟု ဆိုအပ်သော ဩဇဓာတ်သည်လည်းကောင်း ထိုဓာတ်ကြီးလေးပါးတို့နှင့် ထက်ကြပ်မကွာ တပါတည်းဖြစ်ပေါ်၍ လာကြပေသည်။

ထို့ကြောင့် အမာခံဓာတ်မ-ကြီးလေးပါး, ထိုဓာတ်မ-ကြီးတို့၏ အရောင်အရေ, အနံ့, အရသာ, တန်ခိုးဟု ဆိုအပ်သော အမှီဓာတ်လေးပါး ပေါင်းရှစ်ပါးသောဓာတ်တို့သည် တသားတည်း တပေါင်းတည်း တလုံးတစည်းတည်း ဖြစ်ကြကုန်၏။ ထိုရှစ်ပါးတို့တွင် အမာခံ ဓာတ်မ-ကြီးလေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား မှီရမှုသာလျှင် ဖြစ်ပေါ်နိုင်ကြသောကြောင့် မည်သည့်အခါ၌မျှ အသီးအသီး ခွဲခြား၍မဖြစ်နိုင်၊ အမှီဓာတ်လေးပါးတို့သည်လည်း ထိုဓာတ်မ-ကြီးလေးပါးတို့၏ အရောင်အရေ စသည်တို့မျှသာ ဖြစ်ခြင်းကြောင့် ထိုဓာတ်မ-ကြီးလေးပါးတို့မှ ကင်း၍ မိမိတို့ချည်း သက်သက် လျောက်လျားဘာသာ မည်သည့်အခါ၌မျှ မဖြစ်ပေါ်နိုင်၊ ထို့ကြောင့် ဤရှစ်ပါးသောဓာတ်တို့သည် မည်သည့်အခါ၌မျှ အသီးသီးခွဲခြား၍ မဖြစ်ကြပေ။ ထိုရှစ်ပါးသောဓာတ်တို့၏ အပေါင်းကိုပင်လျှင်"အဋ္ဌကလာပ်ရုပ်"ဟု ခေါ် ဆိုအပ်ပေသည်။ ဤပရမတ်အစု ရုပ်ရှစ်ခုတို့၏ အရိပ်အရောင်ဖြစ်သော ကလာပ်တစည်း အမှုန်ခဲကလေးတခု၏ ဒြဗ်ပမာဏသည် ပကတိလူတို့၏ မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်လောက်အောင်ပင် ပရမာဏုမြူမျှမက အလွန်သေးငယ်လှပေသည်။ ထိုရုပ်ကလာပ်မျိုးတို့ များစွာစုပေါင်းမိမှသာလျှင် ပကတိမျက်စိဖြင့် ကြည့်ရှု၍မြင်နိုင် ထင်နိုင်သောအခြေအနေသို့ ရောက်ပေသည်။

အသက်မရှိသော ရေ, မြေ, တော, တောင်, သမုဒ္ဒရာစသည်တို့၌ များသော အားဖြင့် ဤရုပ်ကလာပ်မျိုးတို့၏ အစုအပေါင်းချည်းသာ ဖြစ်ကြပေသည်။ အသက်ရှိသောသတ္တဝါပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောဤရုပ်ရှစ်ခုနှင့် အတူတကွ ပါဝင်ရောနှော၍ ရုပ်ကိုးခု, ရုပ်ဆယ်ခု, ရုပ်တဆယ့်တခု, ရုပ်တဆယ့်နှစ်ခု, ရုပ်တဆယ့်သုံးခု တိုင်အောင် ပေါင်းစုတတ်ကြသော အခြားသော ရုပ်များလည်း ရှိကြပေသေးသည်၊ သို့သော်လည်း ၎င်းတို့ပါဝင် ရောနှောခြင်းကြောင့် ရုပ်ကလာပ်တို့ အချင်းချင်း အကြီးအငယ် ပမာဏစသည်တို့ ထူးခြားတော့သည် မဟုတ်။ ထို့ကြောင့် ဤအရာ၌ ထိုရုပ်တို့ကို မလိုအပ်ပေ။

ထိုပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟု ဆိုအပ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုတို့တွင်လည်း အရောင် အဆင်း, အနံ့, အရသာ, တန်ခိုးသတ္တိဟု ဆိုအပ်သော အမှီဓာတ်လေးပါးတို့သည် ကြွင်းသောဓာတ်ကြီး လေးပါးဘို့၏ အရောင်အဝါ အရှိန်အစော်မျှသာဖြစ်ကြ၍ အမာခံဓာတ်မ-တို့ မဟုတ်ကြ၊ ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်သော ဓာတ်ကြီး လေးပါးတို့သည်သာလျှင် အမာခံဓာတ်မ-ကြီးတို့ ဖြစ်ကြပေသည်။ သို့ဖြစ်၍ သတ္တဝါ, ပုဂ္ဂိုလ်, ရေ, မြေ, တော, တောင်, သမုဒ္ဒရာအစရှိသော ရှိရှိသမျှသော အရာဌာနတို့၌ ထိုဓာတ်မ-ကြီးလေးပါးတို့သည်သာ များစွာစုပေါင်း ဖြစ်ပျက်ကြ၍ ပမာနအချုပ် ဦးစီးပြုလုပ်လျက် နေကြပေသည်။

ထို့ကြောင့် ဤဓာတ်ကြီး လေးပါးတို့နှင့်တကွ ရုပ်မှုန့်အစုတို့ကို တခုနှင့်တခု ပိုင်းခြားခြင်းပြုတတ်သော အာကာသဓာတ် ပေါင်းငါးရပ်သော ပရမတ္ထဓာတ် ရုပ်ကလာပ်တို့သည် များစွာပေါင်းစပ်ကြပြီးလျှင် လူကောင်,နတ်ကောင်, ဆင်ကောင်, မြင်းကောင်စသည်ဖြင့် အမျိုးမျိုးအဖုံဖုံဖြစ်လေအောင် ဟန်ပန်ဆောင်၍ ဤကမ္ဘာလောကကြီးကို တည်ထောင်ဖန်ဆင်းကြပေသည်။ ထိုဓာတ်ကြီးငါးပါးမှတပါး အခြားသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ ဒြဗ် အကောင်အထည်ဟူ၍ မရှိပြီ။ စင်စစ်မှာမူ ထိုဓာတ်ကြီးငါးပါး မျက်လှည့် သမားတို့သည်သာလျှင် မိန်းမ၏ အသွင်, ယောကျာ်း၏အသွင်, သားသမီး မိဘ စသည်တို့၏ အသွင်အပြင်ဖြင့် ထင်မြင်အောင် သဏ္ဌာန်လုပ်လျက် အမှန်မ ဟုတ်သည့် ဇာတ်ထုပ်အမျိုးမျိုးတို့ကို ထိုးလုပ်ဖန်ဆင်း၍ ဟန်ခင်းပြုလုပ်အပ် သည့် မျက်လှည့်ရုပ်ပမာဆိုရသော ဤခန္ဓာကိုယ်အထည်ဒြဗ်ကြီးသည် ဝိညာဉ် ပြတ်လျက် ဇီဝိန်ချုပ်သဖြင့် မဟာဘုတ် ဓာတ်အပေါင်းတို့မှာ အမည်သစ်တရပ် ပြောင်း၍ အလောင်းကောင် အဖြစ်သို့ရောက်ပြီးလျှင် ပျက်စီးခြင်းဖြစ်လေရာ ရှေးယခင်အခါက အစဉ်အလာထင်မြင်မှတ်ခဲ့သည့် သတ္တဝါပုဂ္ဂိုလ်တို့ အလိုလို ကွယ်ပလျက် ငါးဝသောဓာတ်ကြီး မျက်လှည့်ဆရာကြီးတို့သည်သာလျှင် သဘာဝသရုပ် ငုတ်တုတ်တုတ် အရင်းပြန်၍ အမှန်အတိုင်း ဖြစ်ကြရပေသည်။

ထိုသို့ ဖြစ်ခဲ့ပါသော်လည်းကောင်း, ထို့ပြင် တကြောင်း ရှေးကံဟောင်းတိထွင်၍ စီရင်သည့်ဂတိ မိမိတို့၏ လားရာအရပ်သို့ ကပ်ရောက်၍ တဖန် ဖြစ်ခဲ့ပြန်ပါသော်လည်းကောင်း, ထိုသို့ ဖြစ်ကြရာ၌ သတ္တဝါပုဂ္ဂိုလ်ဟု နဂိုရ်ကမရှိပါဘဲလျက် အလွဲလွဲဇာတ်ထုပ် မဟာဘုတ်အာကာသတို့ သဘာဝအရင်းပြန်မှုနှင့် ကံပြုသမျှ ဖြစ်ကြရပါသည်ကို ပဇာမူ၍ အမူပိုအောင် ငိုယိုခြင်း ပြုလုပ်ရပါမည်နည်း၊ ငိုယိုသော်လည်း အကျိုးမပြီး အချည်းနှီးသာဖြစ်ပေသည်ဟု ဆိုလိုသည်။

ခံမင်စွဲလမ်းသည်နှင့်အမျှ ဆင်းရဲကြရပုံ

ငင်းပြင် ထိုထိုသို့သော အာရုံ၌ တွယ်တာခံမင် ချစ်ခင်တဘ်သော ပုဂ္ဂိုလ်သတ္တဝါသည် တွယ်တာခံမင် ချစ်ခင်လေသမျှ မိမိ၏ ဟာဒယနှလုံးတွင်း၌ များစွာသော ခြောင့်တံသင်းတို့ကို စိုက်သွင်း ထိုးဆွအပ်သည်သာ ဖြစ်ကြောင်းကို ထပ်လောင်း၍တဖန် ညွှန်ပြတော်မူပြန်လိုသည်ဖြစ်၍ **ကရောတိ ယာဝတာ ဇန္တု** အစရှိသောဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

၇၇။ ကရောတိ ယာဝတာ ဇန္တု၊ သမ္ဗန္ဓံ မနသော ပိယံ။
　　တာဝတာဿ နိခညန္တေ၊ ဟာဒယေ သောကသင်္ကဝေါ။

ဇန္တု၊ သံသရာဗွက်ကြမ်းမှ၊ ထွက်လမ်းကို မမြော်မြင်ဘဲ၊ ပျော်ရွှင်စွာနေလေ့ရှိသော သတ္တဝါသည်။ ယာဝတာ–ယတ္တကံပမာဏံ၊ အကြင်ရွေ့မျှ၊ ပမာဏလောက်။ မနသော၊ သတ္တဝါနှင့်၊ ကပ္ပါလောက၊ ဘဝအာရုံ၊ အဖုံဖုံ၌၊ ခံမင်စွဲကပ်၊ ယင်းစိတ်ဓာတ်၏။ ပိယံ၊ တွယ်တာခံမင်၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးခြင်းဟုဆိုအပ်သော။ သမ္ဗန္ဓံ၊ အစဉ်မပြတ်၊ ယှဉ်စပ်ဖွဲ့နှောင်ခြင်းကို။ ကရောတိ၊ အမှုရှုပ်အောင်၊ ပြုလုပ်ဆောင်တတ်၏။ တာဝတာ–တတ္တကံပမာဏံ၊ ထိုရွေ့ထိုမျှ၊ ပမာဏလောက်။ သောကသင်္ကဝေါ၊ စိုးရိမ်ပူဆွေး၊ စိတ်မအေးခြင်းတည်းဟူသော ခြောင့်တံသင်းတို့ကို။ အဿ၊ ထိုသတ္တဝါ၏။ ဝါ၊ ထိုတွယ်တာခံမင်၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုး၊ အဖွဲ့မျိုးကို၊ ပြုစုပျိုးထောင်သော သတ္တဝါသည်။ ဟာဒယေ၊ အဆုတ်အသဲ၊ နှလုံးထဲ၌။ နိခညန္တေ၊ စူးဝင်တင်းတင်း၊ ထိုးစိုက်သွင်းအပ်ကုန်၏။

အဓိပ္ပါယ်။ ။ ဤသံသရာဗွက်ကြမ်း အနမတဂ္ဂစခန်း၌ အရမ်းမဲ့ပျော်ရွှင်သည့် ပုထုဇဉ်သတ္တဝါသည် မိမိ၏ကိုယ်ခန္ဓာအတ္တဘောမှစ၍ အစစအာရုံ အဖုံဖုံတို့၌ တွယ်တာခံမင် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်၌ အစဉ်ဒလစပ် အမျှင်မပြတ်အောင် ယှဉ်စပ်ဖွဲ့နှောင်ခြင်းအမှုကို ပြုလုပ်ခဲ့၏။ ထိုသို့ပြုလုပ်ခြင်းသည် ခံမင်စုံမက် နှစ်သက်

မြတ်နိုးအပ်သော အရာဌာနတို့ သဘာဝဖောက်လွှဲ၍ တနည်း စည်းပြောင်းသဖြင့် အကြောင်းမသင့် ဖြစ်ခဲ့သည့်အခါ ဘဝင်ဟဒယ မရှင်ပျပဲ ရင်ဝမှာ တောက်လောင်လျက် မချိအောင်ဖြစ်တတ် နှလုံးသားသည်းပွတ်တို့ အပြွတ်လိုက် ပြတ်ခမန်း အပန်းကြီးပန်းပြီးလျှင် အရမ်းမဲ့ပူပြင်းလှသည့် သောက တည်းဟူသော ပြောင့်တံသင်းတို့ကို မိမိ၏နှလုံးသားအတွင်းသို့ စိုက်သွင်း ထိုးဆွအပ်သည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုမိမိ၏ ကိုယ်ခန္ဓာ အံတ္တဘောမှစ၍ အစစအရာရုံ အဖုံဖုံတို့၌ တွယ်တာခုံမင် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းအမှုကို အလျှင်း မပြုသင့်ပေ ဟု ဆိုလိုသည်။

မိမိကိုယ်နှင့်သော်မှ အမြဲအတူမနေရပုံ

ထို့ပြင် သား, သမီး, မိဘ, ဆွေမျိုးဉာတိ စသည်တို့နှင့် အစဉ်ထာဝရမကွဲဘဲ အမြဲပေါင်းသင်း၍ နေရန်ကို မဆိုထားဘိ၊ မိမိ၏ကိုယ်နှင့်သော်မှလည်း အစဉ်မလွဲ အမြဲပေါင်းသင်း၍နေရန် အလျှင်းပင် မရနိုင်ကြောင်းကို ထပ်လောင်း၍ တဖန် ဟောပြတော်မူပြန်လိုသည်ဖြစ်၍ **နာယမစ္စန္တသံဝါသော** အစရှိသော ဂါထာကို ရွတ်ဆို မိန့်ကြားတော်မူပြန်လေ၏။

၇၀။ နာယမစ္စန္တသံဝါသော၊ လဗ္ဘတေ ယေန ကေနစိ။
သကေနာပိ သရီရေန၊ ကာ ကထာညေန ကေနစိ။

အယံ အစ္စန္တသံဝါသော၊ ဤထာဝရ ယှဉ်တွဲလျက်၊ အစဉ်မကွဲဘဲ၊ အမြဲ ပေါင်းသင်း၍ နေရခြင်းကို။ ယေနကေနစိ၊ မည်သို့ မည်ညာ၊ တစုံတရာသော အကြောင်းဖြင့်။ သကေနာပိသရီရေန၊ ခြားသူမဆိုင်၊ ကိုယ်ပိုင်ဟုဆို၊ မိမိကိုယ် နှင့်သော်မှလည်း။ န လဗ္ဘတေ ဝေ၊ ကေန်ဆတ်ဆတ်၊ မရအပ် မရနိုင်သည်သာ လျှင်တည်း။ တေန၊ ထိုသို့ မိမိကိုယ်နှင့်သော်မှ၊ အစဉ်မလွဲ၊ အမြဲပေါင်းရန်၊ ဧကန်ဆတ်ဆတ်၊ မရအပ် မရနိုင်သောကြောင့်။ အညေန ကေနစိ၊ မိမိမှတပါး၊ အခြား တစုံတယောက်သော၊ ပေါက်ဖော် သားချင်း၊ ဆွေရင်းမျိုးချာ၊ ဉာတကာ အစရှိသောသူနှင့်။ အစ္စန္တသံဝါသော၊ ထာဝရယှဉ်တွဲလျက်၊ အစဉ်မကွဲဘဲ၊ အမြဲပေါင်းသင်းရခြင်းကို။ ကာကထာ၊ ဆိုခွင့်ဆိုရာ၊ အဘယ်မှာ ရှိပါတော့အံ့ နည်း။ န လဗ္ဘတေဝေ၊ မုချအမှန်၊ ဧကန်ဆတ်ဆတ်၊ မရအပ် မရနိုင်သည်သာ လျှင်တည်း။

အဓိပ္ပါယ်။ ။ဤသံသရာ ကပ္ပါလောကကြီး၌ ပြဆိုခဲ့ပြီးသည့် အတိုင်း သတ္တဝါသင်္ခါရတို့မှာ တခဏမျှမဆိုင်းမရပ်ဘဲ တပျက်ထဲ ပျက်သည်သာမက ဇရာ,မရဏတရား ယင်းနှစ်ပါးတို့ကလည်း မနားဘဲနှိပ်စက်၍ ကွက်လပ်မပေး သည့်ပြင် ရှေးယခင်ဘဝအစုတို့က ပြုခဲ့သည့်ကံကြမ္မာသည် သံသရာ ဇာတ်

လမ်း၌ စခန်းရှိသမျှတီထွင်၍ သူစီရင်သည့် အတိုင်းသာလျှင် ထိုက်သက်ရာ နား စခန်းသွားကြရပါသဖြင့် ငါမဟုတ် ငါမဆိုင် ငါမပိုင်အမှုမျိုး ငါအစိုး တရ တန်ခိုးမပြနိုင် အာဏာပိုင်မဟုတ်သည့်အတွက် ဤငါလိုချက်ပမာန ထာဝရ မစဲ မည်သည့်အခါမျှမကွဲဘဲ အစဉ်အမြဲ ယှဉ်တွဲပေါင်းသင်းရခြင်းအမှုကို အခြား ပုဂ္ဂိုလ်ကို မဆိုထားဘိ မိမိကိုယ်နှင့်သော်မှလည်း မည်သည့်နည်းနှင့်မျှ ပေါင်း သင်းခွင့် မရနိုင်ပေ။ မိမိမှတပါး သား, သမီး, မိဘ, ဆွေမျိုးဉာတိ အစရှိသော အခြားသော သူတို့နှင့်မူကား အဘယ်မှာ တဖန်လော၍ ပြောဆိုဘွယ်ရှိပါ တော့အံ့နည်း၊ မည်သည့်နည်းနှင့်မျှ မရနိုင်ပေ ဟူလို။

တွေ့ဆုံခြင်းသည် ကွဲကြဘို့အကြောင်းရင်း

ထို့ပြင် သတ္တဝါခပင်းတို့ အချင်းချင်း ပေါင်းဆုံမိခြင်းသည် စင်စစ်မသေ့ ကွေကွင်းခြင်း၏ အကြောင်းသာဖြစ်ကြောင်းကို ပြဆိုလိုသည်ဖြစ်၍ **သံယော- ဂေါ ဟိ ဝိယောဂဿ** အစရှိသောဂါထာကို ရွတ်ဆိုဟောကြားတော်မူပြန်လေ၏။

၇၉။ သံယောဂေါ ဟိ ဝိယောဂဿ၊ သံသူစယတိ သမ္ဘဝံ။
အနတိက္ကမနီယဿ၊ ဇာတိ၀ မစ္စုနောဂမံ။

သံယောဂေါ၊ သတ္တဝါခပင်းတို့၊ အချင်းချင်းပေါင်းဆုံ၍၊ ကြုံကြိုက်မိကြ ခြင်းသည်။ ဝိယောဂဿ၊ တကွဲတခြား၊ ကွဲပြားယွင်းသွေ့ ကွင်းကွေရခြင်း၏။ သမ္ဘဝံ၊ ကေန်မချွတ်၊ မလွတ်အမှန်၊ ဖြစ်ရန်အကြောင်းကို။ သံသူစယတိဟိ၊ နေရာတကျ၊ သေအချာ ပြသည်သာလျှင်တည်း။ ကိမိဝ၊ စံယူမှတ်ဖွယ်၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဇာတိ၊ ဘဝဟောင်းပစ်၊ တရစ်တဖန်၊ အသစ် ပြန်၍၊ ဖြစ်ပြန်ရခြင်း သဘောသည်။ အနတိက္ကမနီယဿ၊ မည်သူမည်ဝါ၊ မျက် နှာမထောက်၊ တယောက်မကျန်၊ မလွန်ဆန်နိုင်သော။ မစ္စုနော၊ အနန္တများ စွာ၊ သတ္တဝါခပင်းတို့၏၊ စင်းစင်းမသေ့၊ သေရခြင်းသဘောတရား၏။ အာဂမံ၊ မဖောက်မလွဲ၊ အရောက်မြဲခြင်းကို။ သံသူစယတိဣဝ၊ နေရာတကျ၊ သေအချာ ပြသကဲ့သို့။ တထာ၊ ထိုနည်းပမာ၊ အတူသာလျှင်တည်း။

အဓိပ္ပါယ်။ ။ဤသံသရာပြင် ရေအယဉ်၌ ကျင်လည်ကျက်စား မျောပါး ကြသော ဝေနေယျကြာ သတ္တဝါခပင်းတို့မှာ ဇာတိမကင်းကြသေးသည့် အကြောင်းကြောင့် ဘဝဟောင်းစွန့်ပစ်၍ အသစ်တဖန် ဆက်စပ်ပြန်သဖြင့် ပဋိသန်တရစ် နောက်တဖြစ်ဘဝ ဇာတိကိုရခြင်းသည် အစရှိက အဆုံးရှိမြဲ မလွဲ နိုင်သည့် ဓမ္မတာကြောင့် ဤသံသရာနယ်အတွင်း၌ ရှောင်ကွင်း၍မရ၊ မည်သည့် နည်းနှင့်မှ မလွန်မြောက်နိုင်သည့် လာရောက်မည့်သေခြင်းသဘောကို စော စောက သေအချာဖြင့် နေရာတကျ ထုတ်ဖော်၍ ပြနှင့်ဘိသကဲ့သို့ ထို့အတူ

ရှေးအဟောင်းကံ အကြောင်းဖန်သဖြင့် ဆက်ဆံရင်းနှီး သား၊ သမီး၊ မိဘ၊ ဆွေမျိုး ဉာတိစသည်တို့၏ တူတကွအခိုက်ဆုံလျက် ကြိုက်ကြို ပေါင်းစည်းမိကြခြင်း သည်လည်း နောင်အခါ အကြောင်းကုန်သဖြင့် ပေါင်းဆုံခြင်း ကွဲပြားလျက် တကွဲတခြားစီ ဖြစ်ရမည့်အကြောင်းကို ကောင်းကောင်းကြီး သဘောကျ အောင် စောစောကပင် ပြနှင့်ပေသည်၊ သတိရှိကြစေဟု ဆိုလိုသည်။

တွေ့ဆုံတုန်းချမ်းသာသမျှ ကွေကွင်းတော့ဆင်းရဲကြပုံ

ထို့ပြင် မိဘသားချင်း အရင်းအချာ ဉာတကာအမျိုး ချစ်မြတ်နိုးသောသူ တို့နှင့် အတူတကွ ပေါင်းသင်းရခြင်း၏အပြစ်ကို သနစ်ကျကျထပ်မံ၍ ပြပြန် တော်မူလိုသည်ဖြစ်၍ **အာပါတရမဏီယာနံ** အစရှိသောဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

၇၀။ အာပါတရမဏီယာနံ၊ သံယောဂါနံ ပိယေဟိ၀။
အပထျာနမိဝန္နာနံ၊ ပရိဏာမောတိဒါရုဏော။

*အာပါတရမဏီယာနံ၊ သုံးဆောင်သည့်ထိုအခိုက်၌၊ နှစ်ခြိုက်အားရ၊ ဟဒယ ရွှင်မြူးလျက်၊ ကြည်နူးဘွယ်ရှိကုန်သော။ အပထျာနံ၊ အနာရောဂါ၊ ဝေဒနာ နှင့်၊ မတင့်မလျော်၊ မသင့်တော်ကုန်သော။ အန္နာနံ၊ သုံးဆောင်စားမျို၊ ထိုထို အာဟာ၊ စားအစာတို့၏။ ပရိဏာမော၊ အစာညက်ညက်၊ ဝမ်းမီးချက်၍၊ ကြေ ကျက်ခြင်းသည်။ဝါ၊ ကြေကျက်သည်ရှိသော်။ အတိဒါရုဏော္ဝ၊ ဝေဒနာတက်၊ အခံခက်အောင်၊ ထက်မြက်ဆိုးယုတ်၊ လွန်ကြမ်းကြုတ်သကဲ့သို့။ တထာ၊ ထို နည်းအလား၊ မခြားပမာ၊ အတူသာလျှင်။ အာပါတရမဏီယာနံ၊ ပေါင်းယှဉ် ကြုံကြိုက်၊ ထိုအခိုက်၌၊ နှစ်ခြိုက်ရွှင်ပြုံး၊ နှလုံးမွေ့လျော်၊ ပျော်ရွှင်ဘွယ်ဖြစ် ကုန်သော။ ပိယေဟိ၊ ချစ်ခင်စုံမက်၊ နှစ်သက်မြတ်နိုးအပ်သောသူတို့နှင့်။ သဟ၊ နှစ်သက်ကြည်ဖြူ၊ အတူတကွ။ သံယောဂါနံ၊ ရောနှောမှီတင်း၊ ပေါင်းယှဉ်ခြင်း တို့၏။ ပရိဏာမော၊ ဖောက်ပြန်ကွေ့ကွင်း၊ ပျက်စီးခြင်းဟုဆိုအပ်သော ရင့်ကျက် ခြင်းသည်။ အတိဒါရုဏောဝ၊ နှလုံးအသဲ၊ ကွဲလုခမန်း၊ လွန်ကြမ်းတမ်းလှ သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။အာသာတမ်းမှန်း စိတ်စွဲလမ်းသဖြင့် ငမ်းငမ်းတက်ကြိုက် သုံးဆောင်သည့်အခိုက်၌ နှစ်ခြိုက်အားရ သောမနရွှင်မြူး၍ ကြည်နူးဘွယ်အတိ ချမ်းသာခြင်းရှိသော်လည်း မိမိ၏ရောဂါ ကိုယ်တွင်းရှိဝေဒနာနှင့်မူကား မတင့်

---

* ဤ၌ "အာပါတ" သဒ္ဒါသည် "တဒါ" အနက်ကို ဟော၏။ ။အာပါတရမဏီယာနံ တက္ကာလသုခါနံ (ဋီကာ)

မလျော် အနည်းငယ်မျှ မသင့်တော်သည့် ပြုတ်,ကျော်,ချက်,ကင် ဘောဇဉ် ခဲဘွယ်နှင့် အသွယ်သွယ်သော အာဟာရစားအစာ ဟူသမျှတို့ ပါစကစက် ဝမ်းမီးချက်သဖြင့် ကြေကျက်သည့်အခါ သြဇာကဗဋ္ဌိ ဓာတ်အဆီပြန့် ကိုယ်လုံးနှံ့ခဲ့ရာ ရောဂါနှင့်ကဏ္ဍက အဆိပ်ဆေးကျသကဲ့သို့ အခံရခက်ပြီးလျှင် တက်ချက်ယောင်ယမ်း၍ ငန်းဖမ်းသည့်အတွက် အသက်ပင်ပြုတ်လောက်အောင် ထက်မြက်ဆိုးယုတ် လွန်ကြမ်းကြုတ်လှသကဲ့သို့ ထို့အတူ ကြည်ဖြူနှစ်ခြိုက် ပေါင်းသင်းခိုက်အခါမှာ ချမ်းသာရှင်ပျ လွန်စွာမှ အားရလျက် ဟဒယကြည်ရှင်သည့် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးအပ်သော ဆွေမျိုးဉာတိ မိဘသားချင်း စသည်တို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ရခြင်း၏ အန္တိမအချက် ပေါင်းသင်းခြင်းရင့်ကျက်ရာ သူတဖြာ ငါတဖုံ အလုံးစုံအခြေမစွဲဘဲ မည်သူမှ မသွေမလွဲနိုင်သည့် သေကွဲနှင့် ရှင်ကွဲ တနဲနဲဆုံ လောကီဓမ္မ သဘာဝအလိုက် တိုက်ဆိုက်၍ကြုံသည့်အခါ ရင်တုန်အောင်သည်းစပ်မှာ မီးဟပ်သည့်အလား နှလုံးသားကွဲခမန်း အလွန်မှ ကြမ်းတမ်းလှပေသည်၊ ထို့ကြောင့် မိဘသားချင်း အရင်းအချာ ဉာတကာအမျိုး ချစ်မြတ်နိုးသောသူတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံရခြင်းသည် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခအပေါင်းတို့ မုချအမှန် ဧကန်ဖြစ်တတ်ကြောင်းကို ကောင်းကောင်းကြီး ရိပ်မိ၍ သတိရှိကြရမည်ဟုဆိုလိုသည်။

နေ့စဉ်ရက်ဆက် သေဘက်သို့သွားနေပုံ

ထို့ပြင် သတ္တဝါဝေနေ မျှားဗိုလ်ခြေတို့ နေဘို့ရန်အသက်ကို နေ့ရက်နှင့်ကာလက ထာဝရယူဆောင်ကြောင်းကို ဥပမာလောင်းစွက်၍ အကွက်ကျ ပြပြန်လိုသည်ဖြစ်၍ အပရဋ္ဌဟု စကားခံလျက် ဝဇန္တိ န နိဝတ္တန္တေအစရှိသော တရားသံဂါထာပဒတို့ဖြင့် နားချတော်မူပြန်လေသတည်း။

အပရဋ္ဌ——

ဂ၁။ ဝဇန္တိ န နိဝတ္တန္တေ၊ သရိတာနံ ရယာ ယထာ။
အာယုရာဒါယ မစ္စာနံ၊ သဒါ ရတျဟာနီ ယထာ။

အပရဋ္ဌ၊ ထိုမှတပါး၊ စဉ်းစားရန်အချက်ကိုလည်း။ သုဏောဟိ၊ မနော့မှတ်ပိုက်၊ ထောင်နားစိုက်လော့။ ယထာ၊ အကြင်သို့သော၊ ခြင်းအရာအားဖြင့်။ သရိတာနံ၊ အဟုန်အယဉ်၊သွင်သွင်ကျစီး၊ မြစ်ကြီး မြစ်ငယ်၊ အသွယ်သွယ်တို့၏။ ရယာ–သောတာ၊ စီးကျသွင်သွင်၊ ရေအယဉ်တို့သည်။ ဝဇန္တိ၊ အတွင်မနား၊ အစဉ်အားဖြင့်၊ အလျင်သွားကြကုန်၏။ နနိဝတ္တန္တေ၊ တမုဟုတ် တမိနစ်မျှ၊ မဆုတ်မနစ်ကြကုန်။ တထာ၊ ထိုနည်းပမာ၊ ခြင်းအရာအားဖြင့်။ရတျဟာနီ—ရတ္တိ-အဟာနိ၊ ညဉ့်နေ့မခြား၊ ထိုနှစ်ပါးတို့သည်။ သဒါ၊ ပါဒ်, ဗီဇနာ၊ နာရီမတိမ်း၊

ခပ်သိမ်းသောအခါ၌။ မစ္စာနံ၊ ထိုထိုများစွာ၊ သတ္တဝါအနန္တတို့၏။ အာယု၊ နေ့ဘို့ရန်တွက်၊ ချင်းတို့သက်ကို။ အာဒါယ၊ ဆွဲကိုင်ပြင်းပြင်း၊ ယူဆောင်ကြဉ်း၍။ ဝဇန္တိ၊ အဆုံးပြီးမြောက်၊ သေဝပေါက်သို့၊ မထောက်မနား၊ အရောက်သွားကြကုန်၏။ နနိဝတ္တန္တေဝ၊ တမုဟုတ် တမိနစ်မျှ၊ မဆုတ်မနစ်ကြကုန်သည်သာလျှင်တည်း။ ဝါ၊ နောက်သို့ပြန်ကာ၊ တဖန်မလာကြကုန်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။ဒါယကာ .... ထို့ပြင် တတန် စဉ်းစားရန် စကားတရပ်ကိုလည်း ထပ်မံ၍ နာယူဦးလေ့၊ အဟုန်အယဉ်ဖြင့် တသွင်သွင် စီးဆင်းသော မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့၏ ရေအယဉ်တို့သည် စီးရာဌာန ပဘဝမှ စ၍အပြင်း စီးဆင်းခဲ့သည်မှ အဆုံးသို့ ကျရောက်အောင် တထောက် တမုဟုတ်မျှ ဆုတ်နစ်မနား တသွားတည်းသာ သွားကြလျက် နောက်သို့ကား မပြန်ကုန်သကဲ့သို့၊ ထို့အတူ နေ့ညမခြား နှစ်ပါးသော ကာလတို့သည် ထာဝရမပြတ် ပါဒ် ဗီဇနာ ခရာမတိမ်း ခပ်သိမ်းသော အခါ၌ပင်လျှင် သတ္တဝါဗိုလ်ခြေတို့ နေရမည့် အသက်ကို လက်ဆုပ်ပိုင်ပိုင် တင်းတင်းကြီး ကိုင်ပြီးလျှင် အဆုံးတိုင်ပြီးမြောက် သေမင်း၏ထံသို့ လျှင်အမြန် ရောက်လေအောင် မထောက်မနား ယူဆောင်သွားကြလျက် နောက်သို့ကား မဆုတ် မယုတ်မနစ်ဘဲ တမုဟုတ် တမိနစ်မျှမှ တရစ်တဖန် တခါပြန်၍ အမှန် မလာကြပေ ဟူလို။

ထို့ပြင် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ် ပေါင်းသင်းအပ်ကြောင်းကို **ဘဇ သာဓု သမာဂမံဟု** ကျမ်းဂန်က ဆိုသော်လည်း ထိုသူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းသည်လည်း ကွေကွင်းခြင်းသာလျှင် အဆုံးရှိလေသောကြောင့် ဝိပ္ပယောဂဒုက္ခနှင့် မုချပင်ယှဉ်စပ်ကြောင်းကို ထပ်လောင်း၍တဖန် ပြတော်မူပြန်လိုသည်ဖြစ်၍ **သုခဿာဒပရော ယော တု** အစရှိသောဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

သူတော်ချင်းချင်းပင် ပေါင်းသင်းရန် မလိုလားပုံ

၇၂။ သုခဿာဒပရော ယော တု၊ သံသာရေ သတ္တိ သင်္ဂမော။
သ ဝိယောဂါဝသာနတ္တာ၊ ဒုက္ခာနံ ခုရိ ယုဇ္ဇတေ။

သံသာရေ၊ **အနမတဂ္ဂ**၊ အစမထင်၊ သံသရာပြင်ကျယ်၊ ပင်လယ်စခန်း၌။ သတ္တိ၊ မမှားမချော်၊ တရားမြှော်သည့်၊ မျှားသူတော်တို့နှင့်။ ယောသင်္ဂမော၊ အကြင်ဆက်ဆံပေါင်းသင်း၊ ရင်းနှီးမပြတ်၊ ယှဉ်စပ်တစေ၊ အတူနေရခြင်းသည်။ သုခဿာဒပရော၊ ချမ်းသာရွှင်ပျ၊ သုခကိုခံစားရခြင်း၊ လွန်မင်းစွာရှိပါပေ၏။ တု၊ ထိုသို့ပင်ရှိပါသော်လည်း။ သ—သော သတ္တိသင်္ဂမော၊ ထိုသူတော်ကောင်း

တို့နှင့်၊ ရင်းနှီးမပြတ်၊ ယှဉ်စပ်တစေ၊ အတူနေရခြင်းသည်။ ဝိယောဂါဝသာ-နတ္တာ၊ တကွဲဘခြား၊ ကွဲပြားသွေ့ယွင်း၊ ကွေကွင်းခြင်းလျှင် အဆုံးရှိသည်၏ အဖြစ်ကြောင့်။ ဒုက္ခာနံ၊ ပူပင်သောက၊ ဒုက္ခအမျိုးမျိုး၊ အမှုဆိုးတို့၏။ ဓုရိ၊ ဦးစီးအမှန်၊ ကြီးသောဝန်၌။ ယုဇ္ဇတေ၊ အစဉ်မပြတ်၊ အတွင်ကပ်လျက်၊ ယှဉ်စပ်၍ နေပေ၏။

အဓိပ္ပါယ်။ ။"ဘဇ သာခု သမာဂမံ"ဟု ကျမ်းဂန်လာအရဖြင့် အနမတဂ္ဂ အစမထင်သည့် ဤသံသရာရေအယဉ်၌ လွင့်စင်မျောပါး ခရီးရှည်သွားကြစဉ် သူတော်ကောင်း သူမြတ်လောင်းတို့နှင့် ပေါင်းဖော်ယှဉ်စပ် မှီကပ်၍နေရခြင်း သည် ထိုသူတော်ကောင်းတို့၏ သွန်သင်ဆုံးမ ဩဝါဒအချက်တို့ကို မပျက်အောင် လိုက်နာ၍ အရာရာအမှုတို့ကို ပြုကျင့်နေထိုင်ရပါသဖြင့် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာ အကျိုး နေ့စဉ်တိုးပြီးလျှင် ဘေးမျိုးစုံကင်းပလျက် အလွန်မှ အေးမြချမ်းသာလှ ပါပေ၏။ ယင်းသို့ပင် အေးမြ၍ ဘေးမခ ရန်မသန်းဘဲ ချမ်းသာပင် ချမ်းသာလှ ပါသော်လည်း ထိုသူတော်ကောင်း သူမြတ်လောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲနေထိုင်ရသည့် အချက်သည်လည်း ဘယ်ခါမှမကွက် ထာဝရဆက်လက်၍ မပျက်တန်းတည်မည်မဟုတ်၊ သဘာဝသူ့ သရုပ် အမှန်ကို ထုတ်လိုက်သော် နိဂုံးချုပ်စာရင်းမှာ တခြားစီသွေ့ယွင်းလျက် ကွေကွင်းခြင်းသာလျှင် အဆုံး ရှိပေသည်။ ယင်းသို့ဖြစ်၍ အနှစ်ပြည့်အရိုးခံ အဖိုးတန်လူစား အလွန်မှ ရှားသည့်အတွက် ကွဲရချက်မသက်သာ အသဲနာလှသဖြင့် ထိုသူတော်ကောင်း တို့နှင့် ပေါင်းဖော်ယှဉ်စပ် မှီကပ်၍နေရခြင်းသည်လည်း ဒုက္ခတကာတို့ထက် ကဲချွန်၍ အလွန်အလွန် ကြီးလေးသောဝန်နှင့် ယှဉ်လျက်ပင် ရှိပေသည် ဟူလို။

ထို့ပြင် တရားမြော်မြင် သူတော်စင်အများတို့သည် တပါးသောသူတော် ကောင်းတို့နှင့်သော်မှ ပေါင်းဖော်ယှဉ်တွဲ မှီဝဲနေထိုင်ခြင်းကို အလျှင်းပင် အလို မရှိကြကြောင်းကို ထပ်လောင်း၍ ပြတော်မူလိုသည်ဖြစ်၍ **အတော ဧဝ ဟိ နေစ္ဆန္တိ** အစရှိသောဂါထာကို ရွတ်ဆိုဟောကြားတော်မူပြန်လေ၏။

၇၃။ အတော ဧဝ ဟိ နေစ္ဆန္တိ၊ သာဓဝေါ သန္တိ သင်္ဂမံ။
တမှိယောဂါသိလုတသ္မာ၊ မနသော နတ္ထိ ဘေသဇ္ဇံ။

ယတော၊ အကြောင့်ကြောင့်။ တမှိယောဂါသိလုတသ္မာ၊ ထိုသူတော်ကောင်း တို့နှင့်၊ ပေါင်းဖော်မှီကပ်၊ ယှဉ်စပ်ရခြင်းမှ၊ ကွေကွင်းခြင်းတည်း ဟူသော သန်လျက်ဓားဖြင့်၊ ထွားထွားနုပ်နုပ်၊ ခုတ်ဖြတ်အပ်သောကြောင့်။ မနသော၊ ဆင်းရဲငိုကြွေး၊ ပူပင်သောက၊ အနာရသော၊ သဘာဝစိတ်ဓာတ်အား။ ဘေသဇ္ဇံ၊ ငြိမ်းရာငြိမ်းကြောင်း၊ ဆေးစွမ်းကောင်းသည်။ နတ္ထိ၊ ဘယ်ရပ်ဌာန၊ ဘယ်ဒေသ

ဥမျှ၊ ကေနှ မရှိခဲ့ပေ။ အတောဝေဟိ၊ ထိုသို့ငြိမ်းအေးစေကြောင်း၊ ဆေးစွမ်းကောင်းမရှိခြင်းကြောင့်သာလျှင်။ သာဓဝေါ၊ အပူမရှာ၊ အေးရာနှစ်ထောင်း၊ သူတော်ကောင်းတို့သည်။ သဗ္ဗိသင်္ဂမံ၊ မိမိမှတပါး၊ အခြားသောသူတော်ကောင်းတို့နှင့်၊ ပေါင်းသင်းမှီကပ်၊ ယှဉ်စပ်၍ နေခြင်းကိုလည်း။ နေစ္ဆန္တိ–နဣစ္ဆန္တိ၊ လယ်လယ်ဝယ်ဝယ်၊ အသွယ်သွယ်ဖြင့်၊ အကျယ့်အကျယ် ကြိုမိုသိကြ၍၊ တကယ့်တကယ် အလိုမရှိကြကုန်။

အဓိပ္ပါယ်။ ။နဂိုရ်စိတ်ရင်း နှလုံးသွင်းကောင်းမြတ်သည့်အတွက် တဖက်သားသူတဦးနှင့် အထူးမဆန့်ကျင်စေရန် သည်းခံသည်တချက် တဖက်သားအလိုအကြိုက်နှင့် စည်းကိုက်အောင် ကျင့်ကြံ၍ လျော်ကန်သည်ကိုသာ တရားပြသျက် နားချကမြစ်တတ်သဖြင့် အနှစ်ပြည့် အဖိုးတန်သည့် အရိုးခံ သူတော်ကောင်းတို့နှင့် ဖက်စပ်ယှဉ်တွဲလျက် မှီဝဲပေါင်းသင်းကြရာ တဦးနှင့်တဦး ချစ်ကြည်နူးကြပြီးလျှင် အထူးယုံကြည်အားထားကြပြီးမှ တခြားစိသွေယွင်းလျက်ကွေကွင်းရပါမူ ထိုသို့ ကွေကွင်းရခြင်း တည်းဟူသော သန်လျက်ဓားဖြင့်ထွားထွားနုပ်နုပ် နှလုံးသား ပြုတ်မတတ် ခုတ်ဖြတ်သည့်ဒဏ်ရာကြောင့် မခံသာအောင် ပူပြင်းလျက် ဆင်းရဲဒုက္ခ အနာရသည့် ဟဒယစိတ်ဓာတ်ကို ငြိမ်းသတ်ဖို့အရေး ဆေးစွမ်းကောင်းရဘို့ရာ ဘယ်မှာမှမရှိခဲ့ပေ။ ထိုသို့ ငြိမ်းအေးရာငြိမ်းအေးကြောင်း ဆေးစွမ်းကောင်း မရှိသည့်အတွက် အေးကွက်ကိုသာ များစွာနှစ်ထောင်း အာသာတောင်းကြသည့် အကြောင်းရှုမြော် မြတ်သူတော်တို့သည်ပေါ်ပေါ်လွင်လွင် လာမည့်ဘေးကို အဝေးကမြင်ကြသဖြင့် အထင်ကရ ပါကဋအမော် နဂိုရ်စိတ်ရင်း နှလုံးသွင်းမထောင့် ရိုးဖြောင့်သည့် ပုဂ္ဂိုလ်ကျော် မြတ်သူတော်တို့နှင့်သော်မှလည်း နှီးရင်းယှဉ်တွဲ မှီဝဲဆည်းကပ်၍ နေခြင်းကို စင်းစင်းမုချ အဝေးကရှောင်ကွင်းလျက် အလျှင်းပင် အလိုမရှိကြပေဟူလို။

ဘုန်းတန်ခိုးရှင် ဘုရင်များပင် ပျက်ပြားခဲ့ကြပုံ

ထို့ပြင် ဤစကြဝဠာ ကပ္ပါအနန္တ သံသရာလောက၌ မည်မျှပင် ဘုန်းတန်ခိုးအာနုဘော် ကြီးမား၍ ထင်ရှားသူပင်ဖြစ်စေ၊ မည်မျှပင် ကောင်းမှုတရားတို့ကိုအားထုတ်ဆည်းပူး၍ အထူးကြိုးစားသူပင်ဖြစ်စေ စင်စစ်မသွေ သေကြေပျက်စီးရကြောင်းကို ထုံးဟောင်းသာဓက အတိတအစဉ် ရှေးယခင်က အထင်ကရ ပုဂ္ဂိုလ်တို့နှင့် ထိုထိုအမှုတို့ တခုမျှမကျန် ဖောက်ပြန် ပျက်စီးကြပုံကိုယုံကြည်ကိုးစား နမူနာထားကြရန် ထပ်မံ၍ ပြပြန်တော်မူလိုသည်ဖြစ်ရကား **သုကြိတာနျပိ ကမ္မာနိ** အစရှိသောဂါထာကို ရွတ်ဆိုဟောကြားတော်မူပြန်လေ၏။

၇၄။ သုကြိတာနျပိ ကမ္မာနိ၊ ရာဇူဘိ သဂရာဒိဘိ။
အထ တာန္ရပိ ကမ္မာနိ၊ တေ စာပိ ပလယံ ဂတာ။

သဂရာဒိဘိ၊ မဟာသမ္မတ၊ ကပ္ပါစမှ၊ အာဒိစ္စနွယ်ဝင်၊ သဂရဘုရင် အစရှိကြကုန်သော။ ရာဇူဘိ၊ တောက်ထိန်တေဇ၊ နာမပျံ့သင်း၊ သတင်းကျော်ကြား၊ မင်းအများတို့သည်။ ကမ္မာနိပိ၊ ထိုထိုခြင်းရာ၊ များစွာအစု၊ အမှုအရပ်ရပ်တို့ကိုလည်း။ သုကြိတာနိ၊ ကောင်းစွာတီထွင်၍၊ စီရင်ပြုလုပ်ခဲ့ကြလေကုန်ပြီ။ အထ၊ ထိုသို့ များစွာသင်းပင်း၊ အမင်းမင်းတို့၊ ထင်လင်းအမှု၊ အစုစုကို၊ ပြုလုပ်ခဲ့ကြပါကုန်လျက်။ တာနိ ကမ္မာနိပိ၊ ထိုထိုများစွာ၊ ပြုရာအမှု၊ ကိစ္စစုတို့သည်လည်းကောင်း။ တေ စ ရာဇာပိ၊ ထိုတောက်ထိန်တေဇ၊ နာမပျံ့သင်း၊ သတင်းကျော်ကြား၊ မင်းအများတို့သည်လည်းကောင်း။ ပလယံ၊ သေကြေပျက်ပြုန်း၊ လုံးလုံးဆုံးခြင်းသို့။ ဂတာ၊ တဦးဦးသော်မှ၊ စုန်းပြူး၍မခံနိုင်ဘဲ၊ မကျန်တယောက်၊ အမှန်ရောက်ကြရလေကုန်ပြီ။

အဓိပ္ပါယ်။ ။မဟာသမ္မတ ကပ္ပါစမှ အာဒိစ္စနွယ်ဝင် ကြီးကျယ်အာဏာတေဇာခမောက်ဖြိုး ဘုန်းရှိန်မိုးသည့် တန်ခိုးအရှင် ဘုရင်သဂရ ယင်းမှစ၍ ထိုမျှမခြား မင်းအများတို့သည် တရားနှင့်အညီ စာဂီကျင့်သုံး အတင့်ဆုံးဟု ကပ္ပါလုံးကျော်ကြားအောင် ထင်လျှားစွာ ဖြစ်ခဲ့ကြသဖြင့် ယုံတမ်းစကား ပြောကြားခြင်းမျှ မဟုတ်ကြပေ။ ယင်းသို့ တရားနှင့်အညီ စာဂီကျင့်သုံး ဘုန်းတန်းကြီးမား မင်းအများတို့သည် ပျက်စီးဘို့အခါ ဆိုက်ရောက်၍လာပါက ငါသည်မူကား ဘုန်းကြီးမားသည့် တရားရှင်ဟု သေမင်းကိုအန်တု၍ ရန်ပြုနိုင်ခဲ့ပါမူ ယခုတိုင် ကျော်ကြား၍ ထင်ရှားစွာရှိသင့်ကြပေသည်။ စင်စစ်မှာမူ ထိုသို့ကားတုပြိုင်၍ မခုခံနိုင်သည့်အတွက် မရဏာလက်တွင်းသို့ သက်ဆင်းကျရောက်တယောက်မကျန် သေကြေပျက်စီး၍ အချည်းနှီး ဖြစ်ဟန်ကို အမှန်ဒိဋ္ဌလက်ငင်းပင် တွေ့မြင်ကြရပေသည်။ ထို့ပြင်တလီ ထိုမင်းတို့ ပြုလုပ်စီမံခဲ့သည့်အတန်တန်အမှု ကြီးကျယ်သည့် အရာစုမှာလည်း ဘာတခုမျှ ထင်စွာမပြနိုင်ဘဲ သင်္ခါရသဘောအလျောက် ပျောက်ပျက်ပြုန်းတီး၍ အချည်းနှီး ဖြစ်ပုံကိုလည်းကုန်အစင်ဒိဋ္ဌ လုံးဝပင် တွေ့မြင်ခဲ့ရလေပြီ။ သို့ပါ၍ ဖြစ်ဖြစ်သမျှ သင်္ခါရတို့ကေန္တ ပျက်စီးမြဲ မလွဲနိုင်သည့် ဓမ္မတာပါတကားဟု တရားနှင့်ရှုပြီးလျှင် ပူမှုကိုဖြေသိမ်း၍ ပြေငြိမ်းစေရမည်ဟု ဆိုလိုသည်။

သေခြင်းကို သတိရလျှင် ကာမစိတ်ကင်းပပုံ

ယင်းသို့လျှင် နေ့လားညလား ငါမွှားမှာ သွားရမည်စင်စစ် မရဏာစခန်းသေဘို့လမ်းကို တမ်းမှန်းပြီး ဖြစ်ချေသည်၊ မသေချင်မနေရ ကေန္တမခွါမဆုတ်သာပါတကားဟု မရဏာနုဿတိတရားကို မိမိကြီး လက်ကိုင်ထားပါမှ

မမှားနိုင်မည့်အကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **သဥ္စိတ္တ၊ သဥ္စိတ္တ၊** အစရှိသော ဂါထာကို ရွတ်ဆို ဟောကြားတော်မူပြန်လေ၏။

၈၅။ သဥ္စိတ္တ၊ သဥ္စိတ္တ၊ တမုဂ္ဂဒဏ္ဍံ၊
မစ္စုံ မနုဿာ ဝိစက္ခဏာ။
ဝဿမ္ဘုသိတ္တာ ဣဝ စမ္မဗန္ဓာ၊
သဗ္ဗေ ပယတ္တာ သိထိလီ ဘဝန္တိ။

(ဣန္ဒဝဇိရာဂါထာ)

ဥဂ္ဂဒဏ္ဍံ၊ မသေမခြင်း၊ ထန်ပြင်းသည့် ဒဏ်ချက်ဖြင့်၊ ရိုက်နှက်ပုတ်ခတ်၊ အသေသတ်တတ်သော။ တံမစ္စုံ၊ မတုပနိုင်၊ ဖက်ပြိုင်စံကင်း၊ ထိုသေမင်းကို။ သဥ္စိတ္တ၊ သဥ္စိတ္တ၊ နေ့ညဥ့်ခါခါ၊ ကောင်းစွာစိတ်ကူး၊ အထူးကြံစည်၍ကြံစည်၍။ ဝါ၊ နေ့ညဥ့်ခါခါ၊ ကောင်းစွာစိတ်ကူး၍၊ အထူးကြံစည်သည် ကြံစည်သည် ရှိသော်။ ဝိစက္ခဏာ၊ ထက်မြက်ကြည်လင်၊ ဆင်ခြင်ဝေဘန်၊ ပညာဉာဏ် ရှိသော။ မနုဿာ၊ ကျိုးကြောင်းမြင်သိ၊ လူကဝိ၏။ သဗ္ဗေ၊ ပြုမူဖုံဖုံ၊ လုံးစုံ ခြင်းရာ၊ အဖြာဖြာကုန်သော။ ပယတ္တာ၊ မြူးတူးပျော်ပါး၊ ကာမဂုဏ်ခံစားရန်၊ စီမံအားထုတ်၊ ပြုလုပ်ခြင်းအမှု၊ လုံ့လစုတို့သည်။ ဝဿမ္ဘုသိတ္တာ၊ မိုးဿးရေ ဖြောင်းဖြောင်း၊ သွန်းလောင်းဖျန်းပက်အပ်ကုန်သော။ စမ္မဗန္ဓာဣဝ၊ သားရေ လွန်ကြိုး၊ အနှောင်မျိုးတို့ကဲ့သို့။ ဝါ၊ ချည်နှောင်ဖွဲ့ရိုး၊ သားရေကြိုးကဲ့သို့။ သိထိလီ၊ မခိုင်မပြင်း၊ မတင်းပြေ့ပြေ့၊ ဖွဲ့ခြင်းလျော့ကုန်သည်။ ဘဝန္တိ၊ မသေ့မလှန်၊ အခြေမှန်သဖြင့်၊ ကေန်ဖြစ်ကြရကုန်၏။

အဓိပ္ပါယ်။ ။ဤသံသရာသြဃ၌ မျောကျမွန်းနစ်လျက် ရစ်ပတ်ချာချာ ဝဲလှည့်ကာနေကြကုန်သော ဝေနေယျကြာ သတ္တဝါတို့၏သန္တာန် အတွင်းခံ ဓာတ်သဘောမှာ အာသဝေါ အထုံများသဖြင့် မှုန်မှားယစ်မူး အကုန်သား မြူးပြီးလျှင် အထူးထူးအာရုံ ကာမဂုဏ်ကို ခံမင်လိုက်စားလျက် ပျော်ပါးစွာ နေလေ့ရှိပေသည်။ ယင်းသို့သာလျှင် ငါးဖြာအာရုံ ကာမဂုဏ်ကို ခံမင်စွဲကိုက် အပျော်လိုက် လမ်းမဖြတ်ခဲ့ပါလျှင် သံသရာကမ်းခတ်၍ နခမ်းသတ်နိုင်ကြမည် မဟုတ်ပေ။ သို့ဖြစ်၍ မေ့လျော့ပေါ့တန် ပမာဒတရားကို လားလားမှလက်မခံဘဲ သမ္မဇဉ်မြတ် သတိချပ်ပြီးလျှင် ငါ့ဒြဗ် ဤခန္ဓာသည် အရှည်ခံမှာ အလျှင်းမဟုတ် အရင်းအငုတ် အမှန်ကိုရှုလိုက်လျှင် အန်တုဖက်ပြိုင်၍ မနိုင်နိုင်စင်းစင်း သတ္တဝါ ခပင်းကို မသေမခြင်း မသွေယွင်းဘဲ အသေခွင်းတတ်သည့် သေမင်း၏ ဒဏ်ချက် သူ့လက်နက် အရှိန်ခလိုက်လျှင် ကေန္တငုတ်တုတ် ဇီဝိန်ချုပ်လျက် ခန္ဓာအိမ် ပြုတ်မည်အမြဲ မလွဲနိုင်ပါတကားဟု များများကြီးစဉ်းစား အားလပ်တိုင်း

ဆင်ခြင်၍ သိမြင်လိမ္မာ ဉာဏ်ပညာရှိသောသူ၏သာလျှင် ငါးဖြာအာရုံ ကာမဂုဏ်ကို အဖုံဖုံခံစားရန် စီမံအားထုတ် ပြုလုပ်သမျှ ထိုထိုလုံ့လ ပယောဂ အပေါင်းတို့သည် ကောင်းစွာတင်းကျပ် ထုံးဖွဲ့ချည်နှောင်အပ်ကုန်သော သားရေ ကြိုးလွန်တို့သည် မိုးသွန်သည့် ရေပန်းဖြင့် ဆွတ်ဖျန်းအပ်ကုန်သည်ရှိသော် ခိုင်မာမပြင်း မတင်းမကျပ် နှောင်ဖွဲ့ခြင်းလျော့တတ်ကုန်သကဲ့သို့ ထိုအတူ အရာရာ၌ နတို့၌ တစတစ လျော့နဲ၍ ပြတ်စဲ ငြိမ်းပျောက်ကုန်ရာသည်။ ထို့ကြောင့် မရဏကမ္မဋ္ဌာန်း သေမည့်လမ်းကို စီးဖြန်းပိုင်ပိုင် အားလပ်တိုင်း ရှုစားမှ တရားနှင့်သက်ဆိုင်၍ နေ့ရက်များစွာ မြန်မကြာဘဲ သံသရာ ကမ်းတဖက်သို့ လှမ်းတက်နိုင်ကြမည်ဟု ဆိုလိုသည်။

ထို့ပြင် သတ္တဝါအနန္တ ဟူသမျှတို့သည် ခဏမလင့် နေ့ညဥ့်မခြား မရပ်နားဘဲ သေမင်း၏ထံသို့သာ တသွားတည်း သွားကြရကြောင်းကို ထပ်လောင်း၍ ပြပြန် လိုသည်ဖြစ်၍ **ယာမေဝရတ္တိံ** အစရှိသော ဂါထာကို ရွတ်ဆို ဟောကြားတော် မူပြန်လေ၏။

ဂ၆။ ယာမေဝရတ္တိံ ပဌမံ ဥပေတိ၊
ဂဗ္ဘေ နိဝါသံ နရဝီရ လောကော။
တတော ပဘုတျက္ခလိတပ္ပယာနော၊
သပ္ပတျဟံ မစ္စုသမီပမေတိ။

(ဥပေန္ဒဝဇိရာဂါထာ)

နရဝီရ၊ လောကကြက်သရေ၊ ထွေထွေပြားပြောင်၊ ဂုဏ်ထူးဆောင်သည့်၊ အမောင်ယောကျ်ားမြတ်။ လောကော၊ ဖြစ်ပျက်သဘော၊ လောကအတွင်း၊ မှီတင်းရောက်လာ၊ သတ္တဝါသည်။ ပဌမံ၊ လက်မွန်ပကတူး၊ အဦးစရာ၊ ရှေးကျစွာ သော။ ယာမေဝရတ္တိံ၊ ညဥ့်၏ပိုင်းခြား၊ သုံးပါးဝေဘန်၊ တယာမ်ယာမ်၌ ပင်လျှင်။ ဂဗ္ဘေ၊ မိခင်မာတာ၊ ဝမ်းတိုက်ကြာ၌။ နိဝါသံ၊ ဇာတိတဖန်၊ ပဋိ-သန္ဓေ၊ စွဲတည်နေခြင်းသို့။ ဥပေတိ၊ ရှေးကံအလျောက်၊ ကပ်လာရောက်၏။ သ-သောသတ္တော၊ ထိုရှေးအတိတ်ကံ၊ ဆော်စီမံသဖြင့်၊ ပဋိသန္ဓေ၊ တည်နေ ရသော သတ္တဝါသည်။ တတော၊ ထိုပဋိသန္ဓေ၊စွဲတည်နေသည်မှ။ ပဘုတိ၊ပကတူး ပဌမ၊ အဦးစ၍။ အက္ခလိတပ္ပယာနော၊ မပျက်မချော်၊ မတော်မရပ်၊ မပြတ် သော သွားခြင်းရှိသည်ဖြစ်၍။ ပတျာဟံ-ပတိအဟံ၊ နေ့စဉ်ရက်တိုင်း၊ မဆုတ် ဆိုင်းဘဲ။ မစ္စုသမီပံ၊ သတ္တဝါခပင်းကို၊ မသွေမယွင်း၊ အသေခွင်းတတ်သည့်၊ သေမင်း၏ အထံသို့။ ဧတိ၊ မဖောက်မလွဲ၊ အလျောက်မြဲသဖြင့်၊ တရောက်ထဲ ရောက်ရပေ၏။

အခိပ္ပါယ်။ ။လောကကြက်သရေ ထွေထွေပြားပြောင် ဂုဏ်ထူးဆောင်သည့် အမောင် ယောကျ်ားမြတ်....ဖြစ်ဘတ် ပျက်တတ်သော ဤသံသရာ ကပ္ပါလောကဓာတ်၏အတွင်း၌ မှီဘင်းကျရောက်သော သတ္တဝါပုဂ္ဂိုလ်သည် ထိုထိုယာမ်ညဉ့်အခိုက်တွင် မိခင်၏ ဝမ်းတိုက်ဝယ် နှုတ်ပိုက်ကြာငံ သန္ဓေပဋိသန္ဓေ တည်အစ မှီခ၍ လှုံခဲ့၏။ ဤသို့သှုံရာ သတ္တဝါသည် ထိုအခါမှ အစပျိုး၍ တိုးကာတိုးကာ "သူ့ဦးရှိရာ – ဝန်ဆုပ်ဝန်ပိုးနှင့်လာ" ဆိုဘိသကဲ့သို့ အစဉ်အတိုင်း အတွင်စိုင်းလျက် မဆိုင်းသော သွားခြင်းရှိသည်ဖြစ်၍ နေ့ညဉ့်နာရီ ဗီဇနာနှင့် အခါကုန်တိုင်း ကိုယ့်သင်းချိုင်း ကိုယ့်သေရာ ကိုယ့်သေမင်းရှိရာသို့ မနေသာသည့်အလျောက် သေချာပေါက်ဖြင့် တလျှောက်ထဲ လျှောက် တရောက်ထဲ ရောက်ရပေသည်။ ယင်းသို့ နေ့ကုန်၍ ညဉ့်ပျောက်တိုင်း သေပေါက်နှင့် နီးကပ်သဖြင့် နောက်ထပ်မပျက် ဖြစ်ပေါ်မည့်ရက်တို့မှာ ကိုယ်ခန္ဓာဆက်လက်၍ နေရမည့် အသက်တွင်းမှ ယိုသွင်းချက်အစစ်အမှန်ပင် ဖြစ်ပေသည်ဟု စေ့ငုဝေဖန် သမ္မာဉာဏ်ပျိုးလျက် အမျိုးမျိုးကြံပြီးလျှင် အဖိုးတန်အသက် နေရသည့်နေ့ရက်ကို ပျက်ပျက်စီးစီး အချည်းနှီးဆုံး မကုန်ပြုန်းစေရန် ရည်သန်စိတ်ထား၍ တရားကို အားပြုမှ အမှုပုံ လျော့ကန်နိုင်မည်ဟု ဆိုလိုသည်။

စိုးရိမ်ပူဆွေးသည့် မသိခြင်းကအစ

ထို့ကြောင့် ရုပ်နာမ်ခန္ဓာ ဤသံသရာ၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ဆင်ခြင်ကြည့်ရှု သတိပြုလေလော့၊ ဤစိုးရိမ်ပူဆွေးခြင်း တည်းဟူသော သောကတရားသည် ရုပ်,နာမ်ခန္ဓာ သံသရာ၏အကြောင်းကို ကောင်းစွာမသိ မရိပ်မိသော သူအားသာလျှင် ကျယ်ပွါးအောင် ခဲ့ထွင်တတ်ပေသည်။ ဤဆိုလတံ့သော ဂါထာကိုလည်း ဆင်ခြင်စဉ်းစား သတိထားဦးလော့ဟု မိန့်တော်မူပြီးလျှင် **ကာရဏံ န ဟိ အညာဏံ** အစရှိသော ဂါထာကို ရွတ်ဆို ဟောကြား၍ တရားပြတော်မူပြန်လေ၏။

၈၇။ ကာရဏံ န ဟိ အညာဏံ၊ ဝိယောဂေါ ယဒိ ကာရဏံ။
သောကော ဒိနေသု ဝဍ္ဎေသု၊ ဝဍ္ဎတေ အပယာတိ ကိံ။

အညာဏံ၊ ရုပ်နာမ်ခန္ဓာ၊ သံသရာ၏၊ မှန်စွာသော အပြစ်ကို၊ ကောင်းစွာမသိ၊ မရိပ်မိခြင်းဟု ဆိုအပ်သော မောဟသည်။ ကာရဏံ၊ စိုးရိမ်ပူဆွေး၊ စိတ်မအေးခြင်းဟု ဆိုအပ်သော သောကဖြစ်ခြင်း၏၊ အကြောင်းရင်းသည်။ ယဒိန ဟိသိယာ၊ အကယ်၍ကား၊ မဖြစ်ငြားအံ့။ ဝိယောဂေါဝေ၊ လိုအပ် တောင့်တအပ်သောအချက်၊ ချစ်နှစ်သက်အပ်သောပုဂ္ဂိုလ်တို့နှင့်၊ ထိုထိုဤဤ၊ အလီလီသွေယွင်းလျက်၊ တကွဲတခြား၊ ကွဲပြားကွေကွင်းခြင်းသည်သာလျှင်။ ကာရဏံ၊

စိုးရိမ်ပူဆွေး၊ စိတ်မအေးခြင်း တည်းဟူသော သောကဖြစ်ခြင်း၏ အကြောင်း ရင်းသည်။ ယဒိသိယာ၊ အကယ်၍ကား၊ ဖြစ်ခဲ့ငြားအံ့။ ဝေဝသတိ၊ ဤသို့မသွေ၊ ဖြစ်ခဲ့ပေသည်ရှိသော်။ သောကော၊စိုးရိမ်ပူဆွေး၊ စိတ်မအေးခြင်း တည်းဟူသော သောကသည်။ ဒိနေသု ဝဒ္ဓေသု၊ နေ့ရက်ပွါးကာ၊ ကာလကြာသည်ရှိသော်။ ဝဒ္ဓတေ၊ တိုးပွါးဆင့်ဆင့်၊ အဘန်းမြင့်လျက်၊ တိုးသည်ထက်တိုး၊ ဆထက်မိုး၍၊ တတိုးတည်း တိုးသင့်ပေရာ၏။ ကိံ၊ ဘယ်သို့မည်မှန်း၊ ဘယ်နည်းလမ်းကြောင့်။ အပယာတိ၊ တနေ့တခြား၊ ဆုတ်ယုတ်သွား၍၊ ရွေ့ရှားပျောက်ပျက်လေဘိ သနည်း။

အဓိပ္ပါယ်။ ။လိုအပ် တောင့်တအပ်သည့်အချက် ချစ်နှစ်သက်အပ်သော ပုဂ္ဂိုလ်သတ္တဝါတို့နှင့် ထိုထို ဤဤ တခြားစီသွေယွင်းလျက် တနည်းနည်းအား ဖြင့် တကွဲတခြား ကွဲပြားကွေကွင်းသည့်အခါ ဗျာပါမငြိမ် စိုးရိမ်ပူဆွေး စိတ် မအေးခြင်းတည်းဟူသော သောကမီးကြီး များစွာဖိစီးသဖြင့် ပွါးစည်းတောက် လောင်အပ်သည်ရှိသော် ပွါးစည်းတောက်လောင်ခြင်း ခံရသည့်အခါ သတ္တဝါ တို့မမွတာ အစဉ်အလာ သဘောအရမှာ ပိယဝိပ္ပယောဂဟု ဆိုအပ်သော လိုအပ် တောင့်တအပ်သည့် အချက် ချစ်နှစ်သက်အပ်သော ပုဂ္ဂိုလ်အပင်း အသင်းတို့နှင့် ကွေကွင်းခြင်းသည် စိုးရိမ်ပူဆွေး စိတ်မအေးခြင်းဘည်းဟူသော သောက ဗျာပါရတရား ပွါးစည်းတောက်လောင်ခြင်း၏ အကြောင်းရင်းအစစ် အမှန်ဖြစ်၏ဟု တထစ်ကျမှတ် ယူဆတတ်ကြပေသည်။ ယင်းသို့ကား မဟုတ်၊ စင်စစ်အမှန် အဟုတ်ကို ပြန်ရလျှင် ရုပ်နာမ်ခန္ဓာ ဤသံသရာလောက သဘာဝ ဓမ္မ၏ ကိစ္စလုံးစုံ ကျနစွာ ဖြစ်ပုံကို ကုန်စင်အောင် မသိ မရိပ်မိအောင် ပိတ်ဖိကွယ်ဖုံး အစတုံးလျက် လုံးလုံးကြီး ဝှက်တတ်သည့် မသိချက်အမှန် အညာဏဓမ္မ မောဟ တရားသည်သာလျှင် ဤသောက ဗျာပါရ ဖြစ်ခြင်း ၏ အကြောင်းရင်းအစစ် ရေသောက်မြစ်ကြီးဖြစ်ပေသည်၊ အကယ်၍သာ ထိုမောဟတရား ကင်းစင်သွားသဖြင့် တရားအမှန် ရုပ်နာမ်အစု ဤနှစ်ခုတို့၏ အမှုပုံဖြစ်အင်ကို ကုန်စင်အောင်သိခဲ့ပါလျှင် ချစ်ခင်စုံမက် နှစ်သက်သည့်ပုဂ္ဂိုလ်, ထိုထိုသတ္တဝါတို့နှင့် တခြားစီ သွေယွင်းလျက် ကွေကွင်းရခြင်း တည်းဟူသော ပိယဝိပ္ပယောဂ ဒုက္ခနှင့် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ဘယ်မျှပင် တွေ့ကြုံပါသော် လည်း ရုပ်နာမ်ခန္ဓာ သံသရာ၏ သူ့ဓာတ်ကြောကို စောစောက သိနှင့်ပြီး ဖြစ် သဖြင့် မည်သည့်နည်းနှင့်မျှ သောကမီး မတောက်လောင်နိုင်ပေ။ ထို့ပြင် တချက် ချစ်ခင်စုံမက်နှစ်သက်အပ်သော ပုဂ္ဂိုလ် ထိုထိုသတ္တဝါတို့နှင့် တနည်း နည်း သွေယွင်းလျက် တခြားစီ ကွေကွင်းရခြင်းသည် သောကမီးတောက် လောင်ရခြင်း၏ အကြောင်းရင်းအစစ် ဖြစ်ခဲ့ပါမူ ကွေကွင်းပြီးသည်မှ ကာလ တိုးပွါး နေ့ရက်များလျက် ကွဲချက်ရှည်စွာ အကွဲကြာလေလေ သောကမီးအစွဲ

နာသဖြင့် အရဲသာပြီးလျှင် အသဲနာချက်မဆုံးနိုင်ဘဲ တဟုန်းဟုန်းတောက်လေလေသာ ဖြစ်ဖွယ်ရာရှိပေသည်။ ထိုသို့ကားမဖြစ် စင်စစ်မှာမူ နေ့ရက်တိုးပွါးကာလလျှားလေလေ သောကမီးအပူသိမ်း၍ အေးငြိမ်းပပျောက်လေလေသာ ဖြစ်ပေသည်။ ထို့ကြောင့် ချစ်ခင်စုံမက် နှစ်သက်အပ်သော သူတို့နှင့် ကွေကွင်းရခြင်းဟု ဆိုအပ်သော ပိယေဟိ ဝိပ္ပယောဂသည် မုချအားဖြင့် သောကဖြစ်ခြင်း၏ အကြောင်းရင်းမဟုတ်၊ စင်စစ်မှာမူ ရုပ်နာမ်ခန္ဓာ သံသရာ၏ မှန်စွာသောအကြောင်းကို ကောင်းစွာမသိတတ်သော တရားကိုယ်မောဟ အညာဏတရားသည်သာလျှင် ဗျာပါမငြိမ် စိုးရိမ်ပူဆွေး စိတ်မအေးခြင်းတည်းဟူသော သောကဖြစ်ခြင်း၏ အကြောင်းရင်းအစစ် အမှန်ပင် ဖြစ်ပေသည်ဟု ဤဂါထာဝယ် အဓိပ္ပါယ်စကားကျ ဤကဲ့သို့ရပေသည်။

အမောင်ဒါယကာ....ထို့ကြောင့် မိမိ၏ ရုပ်နာမ်ခန္ဓာ ဤသံသရာ၏ ဖြစ်ပုံပျက်ပုံ အလုံးစုံသော အကြောင်းအရာတို့ကိုသာလျှင် ကောင်းစွာဆင်ခြင်လေလော့၊ ပျက်ပြီးသောအကြောင်းကို ပြန်ပြောင်းကာ တွေးတောလျက် ပူပင်သောက ကြောင့်ကြဗျာပါရစိတ် ဖြစ်ခြင်းတို့ကို အလျှင်း ပယ်ရှားသုတ်သင်လေလော့။

သောကအေးကြောင်း ဆေးစွမ်းကောင်း

ထိုသို့ပျက်ပြီးသော အကြောင်းကို ပြန်ပြောင်း၍ မဆင်ခြင်မတွေးတောခြင်းသည် သောကမီးငြေငြိမ်း၍ ဖြေသိမ်းရန်အကြောင်း နည်းလမ်းကောင်းဖြစ်ကြောင်းကို ထပ်လောင်း၍ တဖန် ညွှန်ပြတော်မူလိုပြန်ရကား **ယတော** ဟု စကားစလျက် **အကာလပါတဇာတာနံ** အစရှိသော ဂါထာကို ရွတ်ဆိုဟောကြား၍ တရားပြတော်မူပြန်လေ၏။

ယတော—

၈၈။ အကာလပါတဇာတာနံ၊ သရာနံ မနဘေဒိနံ။
ဂါဠ္ဌသောကပဟာရာနံ၊ အစိန္တာဝ မဟောသဓံ။

ယတော၊ အကြင့်ကြောင့်။ မနဘေဒိနံ၊ သတ္တဝါတို့၏ ကိုယ်ခန္ဓာဝယ်၊ ကြီးကျယ်မြတ်ဆုံး၊ နှလုံးသားအရပ်၊ စိတ်ဓာတ်ကို စူးဝင်ကုန်သော။ သရာနံ၊ ဝဇိရ-စိန်စဉ်းသွား၊ ဆိပ်လူးမြှားသဖွယ် ဖြစ်ကုန်သော။ အကာလပါတဇာတာနံ၊ အခါမဟုတ်၊ ရုတ်တရက်သာ၊ ကျရောက်ဖြစ်ပေါ်၍ လာတတ်ကုန်သော။ ဂါဠ္ဌ-သောကပဟာရာနံ၊ ပြင်းထန်သောက၊ ဟဒယမငြိမ်၊ စိုးရိမ်ပူဆွေး၊ စိတ်မအေးခြင်းတည်းဟူသောဒဏ်ချက်ဖြင့်၊ ရိုက်နှက် ပုတ်ခတ်ခြင်းတို့၏။ မဟောသဓံ၊ ငြိမ်းအေးရာ ငြိမ်းအေးကြောင်း၊ ဆေးစွမ်းကောင်းသည်။ **အစိန္တာဝေ၊**

ပျက်စီးလေပြီးသောအကြောင်းကို၊ ပြန်ပြောင်းတဖန်၊ ထပ်မံ၍ မကြံစည်ခြင်း သည်သာလျှင်။ ဘဝတိ၊ မသေမလှန်၊ အခြေမှန်သဖြင့်၊ ကေန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။သတ္တဝါဘို့၏ ကိုယ်ခန္ဓာဝယ် အကြီးကျယ်ဆုံး အမြတ်ဆုံး ဖြစ်သော နှလုံးသားအရပ်၌ စိတ်ဓာတ်ကို စူးဝင်သည့် ဝဇီရ စိန်စဥ်းသွား ဆိပ်လူးမြှားသဖွယ် ချိန်ရွယ်မလုပ် ခါခဲ့ဟုတ်ဘဲ ရုတ်ဘရက် ရှောင်တခင် ဆော လျင်စွာ ကျရောက် ဖြစ်ပေါ်၍လာခြင်းဖြင့် ပြင်းထန်သောက ဟဒယမငြိမ် စိုးရိမ်ပူဆွေး စိတ်မအေးခြင်း တည်းဟူသော ဒဏ်ချက်ဖြင့် ရိုက်နှက် ပုတ်ခတ် ခြင်းတို့၏ ငြိမ်းအေးရာ ငြိမ်းအေးကြောင်း အစွမ်းကောင်းအစစ် မြစ်ချင်းပြီး ဆေးမြစ်သည်ကား အခြားမဟုတ် ထိုကွဲပြားပျက်စီးလေပြီးသော နှစ်သက်အပ် သော အရာ ပုဂ္ဂိုလ် သတ္တဝါတို့၏ အကြောင်းကို ပြန်ပြောင်းတဖန် ထပ်မံ၍ မကြံစည် မဆင်ခြင်ခြင်းသည်သာလျှင် ဆေးစွမ်းကောင်း အစစ်အမှန်ပင် ဖြစ် ပေသည်။ ထို့ကြောင့် ပျက်ပြီးသော အကြောင်းကို ပြန်ပြောင်း၍ မဆင်ခြင်ဘဲ ပူပင်သည့် သောကဓာတ်ကို ငြိမ်းသတ်မှ သင့်လျော်မည်ဟု ဆိုလိုသည်။

ထိုအခါ ထိုရဟန္တာအရှင်မြတ်၏ တရားတော်ကို ကြားနာရသဖြင့် နိုးကြား ပွင့်လင်းသကဲ့သို့ဖြစ်၍ ကောဏ္ဍည ပုဏ္ဏားသည် နေရာမှထပြီးလျှင် ဤသို့ပြော ဆိုလျှောက်ကြားလေ၏—"အရှင်ဘုရား.... ဘုရားတပည့်တော်သည် ယခုအခါ နရက်ငရဲသဖွယ်ဖြစ်သော အိမ်ရာထောင်သော လူ၏ဘောင်၌နေသဖြင့် အကျိုး မရှိ၊ အချည်းနှီးသာ ဖြစ်ပါသည်။ သို့ဖြစ်၍ သားမယားနှင့်တကွ အလုံးစုံသော စည်းစိမ် ဥစ္စာတို့ကို စွန့်လွှတ်၍ တောထွက်ခြင်း အမှုကို အားထုတ် ပြုလုပ်ပါ တော့အံ့"ဟု လျှောက်ထား ပြောဆိုလေ၏။

တရားကိုဖွေရှာသော် နေရာမရွေးသင့်ပုံ

ထိုသို့ လျှောက်ကြားလေရာ တဖန် ကပိလရဟန္တာ အရှင်မြတ်က တရားနှင့် လျော်စွာ ကျင့်ကြံကာနေထိုင်ဘိမူ တော, အိမ် မဟူ အတူတူသာလျှင် ဖြစ် ကြောင်းကို ထပ်လောင်း၍တဖန် ဟောကြားတော်မူပြန်လိုသည်ဖြစ်၍ **ဝနေပိ ဒေါသာ** အစဖြာသော ဂါထာကို ရွတ်ဆိုမိန့်ဟလျက် ဟောပြတော်မူပြန် လေ၏။

၇၉။ ဝနေပိ ဒေါသာ ပဘဝန္တိ ရာဂိနံ၊
ဃရေပိ ပဉ္စိန္ဒြိယနိဂ္ဂဟော တပေါ။
အကုစ္ဆိတေ ကမ္မနိ ယော ပဝတ္တတေ၊
နိဝုတ္တရာဂဿ ဃရံ တပေါဝနံ။

(ဝံသဋ္ဌဂါထာ)

ရာဂီနံ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်စွဲလမ်း၊ အာသာ တမ်းခြင်း ရှိကုန်သောသူတို့အား။ ဝနေပိ၊ စက္ခုစထွေ၊ ဣန္ဒြေငြိမ်သက်၊ တရားမက်ကုန်သော၊ သူတော်သူမြတ်တို့ တရားကို အားထုတ်ရန်၊ လျော်ကန်သင့်မြတ်၊ လျောက်ပတ်သော၊ တောအရပ်၌ပင်မူလည်း။ ဒေါသာ၊ ပါပညစ်ကျူ၊ မကောင်းမှုမျိုး၊ အပြစ်ဆိုးတို့သည်။ ပဘပန္တိ၊ သဘာဝဓာတ်ခံ၊ မူမမှန်သဖြင့်၊ ကေန် ဖြစ်တတ်ကုန်၏။ ပဉ္စိန္ဒြိယနိဂ္ဂဟော၊ စက္ခုစထွေ၊ ဣန္ဒြေငါးရပ်ကို၊ နှိပ်ကွပ်နိုင်ခြင်း၊ ဆုံးမခြင်းဟု ဆိုအပ်သော။ တပေါ၊ အပတ်တကုတ်၊ ကြိုးပမ်းလုပ်၍၊ အားထုတ်ကျင့်ကြံခြင်းသည်။ ဝိရာဂီနံ၊ ထိုထိုသို့သော အာရုံ၌၊ ခုံမင်တွယ်တာ၊ ညစ်တဏှာကို၊ ပယ်ခွါလေ့ရှိကုန်သော သူတို့အား။ ဃရေပိ၊ ကာမဂုဏ်လိုက်စား၊ အပျော်သမားတို့၏၊ စံစားနေရာ၊ အိမ်ဂေဟာ၌ပင်မူလည်း။ ပဘဝန္တိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ တသ္မာ၊ ထိုသို့ တော၊ အိမ် မခြား၊ နှစ်ပါးသောအရပ်၌၊ တရားကို အားထုတ်အပ်သောကြောင့်။ ယော၊ အကြင်သံသရာ၏ အဖြစ်အပျက်ကို၊ ချင့်တွက်ကြံဖန်၊ သံဝေဂဏ်ပေါက်၊ အမြင်ရောက်သော ပုဂ္ဂိုလ်သည်။ အကုစ္စိတော၊ ပညာရှိတို့၊ ကဲ့ရဲ့မလုပ်၊ မစက်ဆုပ် မရွံရှားအပ်သော။ ကမ္မနိ၊ ကုသိုလ်အစု၊ ကောင်းမှုအဖြာဖြာ၊ ကျင့်ကြံရာ၌။ ပဝတ္တတော၊ တော၊ အိမ်မယုတ်၊ မဟုဿာဟ၊ ပြင်းစွာသော လုံ့လကို၊ မုချဖြစ်စေရာ၏။ နိဝုတ္တရာဂဿ၊ ဖျောက်ပယ်တားမြစ်၊ စွန့်ပစ်အပ်သော အာသာ၊ တဏှာ အငတ်ရှိသော။ တဿ၊ ထိုတရားသက်ဝင်၊ သူတော်စင်အား။ ဃရမ္ပိ၊ ကိုယ့်အိမ်စံရာ၊ ကိုယ့်ဂေဟာသည်လည်း။ တပေါဝနံ၊ စီးဖြန်းဘာဝနာ၊ ပွါးရာလျောက်ပတ်၊ တောအရပ်မည်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။ငါးဖြာအာရုံ ကာမဂုဏ်၌ ခုံမင်လိုက်စား အပျော်သမားတို့သည် တရားရှာမှီ ယောဂီအရှင် သူတော်စင်တို့ ကြည်ရွှင်နှစ်ခြိုက် ပျော်ပိုက်မွေ့လျော်ရာ ဝနာမြိုင်ထပ် လူသူပြတ်သည့် ဆိတ်ငြိမ်ရာအရပ်၌ မှီကပ်၍ပင်နေထိုင်သည် ဖြစ်စေ၊ ရှေးယခင်အခါက သဘာဝဓာတ်ခံ အစွဲသန်လှသဖြင့် ကြံသမျှအချက်တို့မှာ ကာမဂုဏ်ဘက်သို့သာလျှင် စိုင်းပြင်းလျက် ယိုင်းပင်းမှုများသဖြင့် တရားနှင့်မလျော် ကျင့်ကြံရန် ကွက်မပေါ်ဘဲ "လှော်တွင်းနစ်" ဆိုဘိသကဲ့သို့ ပါပညစ်ကျူ မကောင်းမှုမျိုး အပြစ်ဆိုးတို့သည်သာလျှင် တိုးပွါးတတ်ကုန်ရာသည်။ ထို့ပြင် ထိုထိုသို့သော အာရုံ ကာမဂုဏ်၌ ခုံမင်တွယ်တာ တတ်သော တဏှာအငတ်ကို ဖြတ်တောက် ပယ်ခွါလေ့ရှိကုန်သော တရားခင်မင်သူတော်စင်တို့အား စက္ခု အစရှိသော ဣန္ဒြေငါးရပ်ကို နှိပ်ကွပ်သည့် အလုပ်ကို အားထုတ်ကျင့်ကြံရာ၌လည်း ကာမဂုဏ်လိုက် အပျော်ကြိုက်တို့၏ နှစ်ခြိုက်စံရာ အိမ်ဂေဟာ၌သော်လည်း စခန်းသင့်တော် ကျင့်ဘိုရန် လျော်သည်သာ ဖြစ်ပေသည်။ ထိုသို့တရားကို အားထုတ်ရာ လူမှာသာအရင်းခံ တောသော၊ အိမ်သော

နေရာကို စိတ်စော၍ စောကြောရန် မလိုသည့်အတွက် ရုပ်နာမ်ခန္ဓာ သံသရာ၏ ခါခါဖြစ်ပျက် ဘေးနှစ်ချက်ကို ချင့်တွက် ကြံဖန်လျက် သံဝေဇာ်ပေါက် အမြင်ရောက်သောပုဂ္ဂိုလ်သည် ထိုထိုကဝိ ပညာရှိသူမွန်တို့ မရှုံရှားမစက်ဆုပ် ကဲ့ရဲ့ခြင်းမပြုလုပ်အပ်သော ကုသိုလ်အစု ကောင်းမှုအဖြာဖြာ ကျင့်ကြံမှုအရာရာ တို့၌ ဌာနကို မစောကြောဘဲ တောသော, အိမ်သော သဘောမယုတ် ပဓာန မလုပ်မူ၍ မဟုဿာဟ ပြင်းစွာသောလုံ့လကို မုချဖြစ်စေသင့်ပေသည်။ စင် စစ်မှာမူ ထိုထိုသို့သောအာရုံ ကာမဂုဏ်၌ ခုံမင်စွဲကြိုက် အာသာစိုက်တတ် သည့် တဏှာမိုက် အငတ်ကောင်ကို ဖြတ်ရှောင် ပယ်ရှားသေ့ရှိသော တရား သက်ဝင် သူတော်စင်မှာမူ မိမိ၏ အိမ်ဂေဟာ နေရာတိုက်ခန်းသည်ပင်လျှင် ကမ္မဋ္ဌာန်းတရားကို အားထုတ်ကျင့်ကြံရာဌာန တော၀နမည်ပေသည် ဟူလို။

တရားကျင့်ရာ၌ ထည်လွှာသည် ပဓာနမဟုတ်ပုံ

ထို့ပြင် တရားကို ကျင့်ကြံရာ၌ အကျင့်သာ ပဓာန ဝတ်ဆင်တင်လှမ်းသည့် သင်္ကန်းစသော အသွင်အပြင်သည် တရားရခြင်း ကျင့်ခြင်း၏ အကြောင်းရင်း မဟုတ်ကြောင်းကို ထပ်လောင်း၍တဖန် ပြပြန်လိုသည်ဖြစ်၍ **ယတော** ဟု စကားခံလျက် **ဒုက္ခိတောပိ စရေ ဓမ္မံ** အစရှိသော ဂါထာကို ရွတ်ဆို ဟော ကြားတော်မူပြန်လေ၏။

ယတော—

၉၀။ ဒုက္ခိတောပိ စရေ ဓမ္မံ၊ ယတြကုတြာသမေ ရတော။
သမော သဗ္ဗေသု ဘူတေသု၊ န လိင်္ဂံ ဓမ္မကာရဏံ။

ယတော၊ အကြင့်ကြောင့်။ ယတြကုတြာသမေ၊ တရားကျင့်ထ၊ အဿမ ဟု၊ နာမခေါ်ဆို၊ ပုဂ္ဂိုလ်ပြားလတ်၊ ထိုလေးရပ်တွင်၊ အမှတ်မထင်၊ အကြင် တခုခုသော အမျိုးအစား၌။ ရတော၊ မွေ့လျော်ပျော်ပိုက်၊ နှစ်ခြိုက်သောသူ သည်။ ဒုက္ခိတောပိ၊ ဆင်းရဲတန်တန်၊ ဒုက္ခ ခံရပါသော်လည်း။ သဗ္ဗေသု ဘူတေ- သု၊ ကြွင်းမဲ့ဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါအပေါင်းတို့၌။ သမော၊ မုန်းချစ် မဟူ၊ တူမျှသော ဖြစ်ခြင်းရှိသည် ဖြစ်၍။ ဓမ္မံ၊ ကိုယ့်ဘိုကိုယ့်တာ၊ ကိုယ်သာ ကျင့်အပ်၊ တရားမြတ်ကို။ စရေ၊ မတွန့်မဆုတ်၊ ကြိုးပမ်းကုတ်၍၊ အားထုတ် ကျင့်ကြံရာ၏။ တတော၊ ထိုသို့မယုတ်၊ အားထုတ်ကျင့်ကြံရာ သောကြောင့်။ လိင်္ဂံ၊ တောင်ဝှေး ကိုင်လျက်၊ သင်္ခန်းနက်ရေတင်၊ လျှော်တေဆင်သည့်၊ တော ပျော်အလေ့၊ ရသေ့၏အသွင်သည်။ ဓမ္မကာရဏံ၊ တရားကျင့်မှု၊ အကြောင်း စုသည်။ န၊ အကယ်စင်းစင်း၊ အလျှင်း မဟုတ်ပေ။

အဓိပ္ပါယ်။ ။တရားကို အားထုတ်ကျင့်ကြံလိုသော ပုဂ္ဂိုလ်သည် **ဗြဟ္မစာရီ**မည်သော တရားကိုအားထုတ်သော အသြမပုဂ္ဂိုလ်တမျိုး, **ဂဟဋ္ဌ**မည်သော တရားကို အားထုတ်သော အသြမပုဂ္ဂိုလ်တမျိုး, **ဝနပတ္ထ**မည်သော တရားကို အားထုတ်သော အသြမပုဂ္ဂိုလ်တမျိုး, **ဘိက္ခု**မည်သော တရားကို အားထုတ်သော အသြမ ပုဂ္ဂိုလ်ဘမျိုးအားဖြင့် လေးမျိုးလေးစား ရှိသည့်အနက် မိမိကြိုက်နှစ်သက်ရာ တမျိုးမျိုးသော ပုဂ္ဂိုလ်၏အဖြစ်၌ တည်၍ ဆင်းရဲခြင်း ဒုက္ခဖြင့် စိတ်နှလုံးငြိုငြင်လှသော်လည်း ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့၌ မုန်းချစ်မဟူ လျစ်လျူပြုကာ ဥပေက္ခာရှုပြီးလျှင် ကိုယ့်မှုကိုယ့်တာ ကိုယ်ဘို့ရာသင့် ကိုယ်သာကျင့်အပ်သော မြင့်မြတ်သည့်တရားအထူးကို ဆည်းပူးအားထုတ်သင့် အားထုတ်ထိုက်ပေသည်။ သစ်နက်ရေ ပခုံး၌တင်ဆောင်ခြင်း, တောင်ဝှေးကိုင်ခြင်း, ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်ခြင်း အစရှိသော ရသေ့ရဟန်း၏အသွင်အပြင်သည် တရားကိုရခြင်း, အားထုတ်ခြင်း၏ အကြောင်းရင်း မဟုတ်၊စင်စစ်မှာမူ စက္ခုစသော ဣန္ဒြေငါးရပ်ကို နှိပ်ကွပ် စောင့်စည်း၍ အောင့်အည်း သည်းခံမှုသည်သာလျှင် တရားကိုရခြင်း, အားထုတ်ခြင်း၏ အကြောင်းရင်း မည်ပေသည် ဟူလို။

ဝတ်ကြောင်ဖြင့် ဝဋ္ဋနှောင်မှ လွှတ်အောင်ကျင့်ပုံ

ဤမျှသာ မဟုတ်သေး၊ အိမ်ရာထောင်သော လူ၏ဘောင်မှ ခွါရှောင် စွန့်ထွက်၍ ထက်မြက်စွာ မကျင့်ကြံနိုင်သောသူသည် အိမ်ရာထောင်သော လူ၏ဘောင်၌ နေလျက်ပင်လျှင် ခပ်ပြေ့ပြေ့လျှော့ဈေးဖြင့် နှလုံးကောင်းမွေးပြီးလျှင် အေးအေးပင် ကျင့်ကြံစေကာမူ ကောင်းကောင်းကြီး အကျိုးမကြီးသော်လည်း အချည်းနှီးမဖြစ်ကြောင်းကို ထပ်လောင်း၍ တဖန် ဟောကြားတော်မူပြန်လိုသည်ဖြစ်၍ **ဥတ္တဥ္စ**ဟု စကားခံလျက် **ဝုတျတ္ထံ** အစရှိသောဂါထာပဒကို ဟောပြတော်မူပြန်လေ၏။

ဥတ္တဥ္စ—

၉၁။ ဝုတျတ္ထံ ဘောဇနံ ယေသံ၊ သန္တာနတ္ထံ စ မေထုနံ။
ဝါစာ စ သစ္စဝုတ္တတ္ထံ၊ ဒုဂ္ဂါန်ျပိ တရန္တိ တေ။

ဥတ္တဥ္စ၊ မှတ်ဖွယ်မှတ်ရန်၊ စကားကျန်ကို၊ ထပ်မံ၍ ဆိုအပ်သေး၏။ ယေသံ၊ အကြင်တရားသက်ဝင်၊ သူတော်စင်တို့၏။ ဘောဇနံ၊ အစာအာဟာရကို၊ မျှတသုံးဆောင်ခြင်းသည်။ ဝုတျတ္ထံ၊ ဇီဝိန်တည်လျက်၊ မပျက်အစဉ်၊ အသက်ရှင်စေခြင်း အကျိုးငှါ။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ (အရသာကိုခံစားခြင်း, ချမ်းသာတိုးပွါးခြင်း အကျိုးငှါ သုံးဆောင်စားသောက်သည် မဟုတ်ဟူလို။)

မေထုနည္ထ၊ မေထုန်အမှုကို ပြုကျင့်ခြင်းသည်လည်း။ သန္တာနတ္ထံ၊ မျိုးနွယ်စဉ်ဆက်၊ မပျက်စေခြင်းအကျိုးငှါ။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ (ကာမဂုဏ်စည်းစိမ်ကို ခံစားလို၍ မဟုတ်ဟူလို။) ဝါစာ၊ စကားပြောဆိုခြင်းသည်။ သစ္စဝုတ္တတ္ထံ၊ ဟုတ်မှန်သည်ကို၊ ညွှန်ပြပြောဆိုခြင်းအကျိုးငှါ။ ဟောတိ၊ မသွေစင်စစ်၊ ကေန်ဖြစ်၏။ (စကားများစွာပြောဆို၍ ပျော်မွေ့နေထိုင်ရန် အကျိုးငှါ မဟုတ်ဟူလို။) တေ၊ ထိုသူတို့သည်။ ဒုက္ခနိဒ္ဒပိ၊ သူတပါးတို့၊ ဆောင်ရွက်ဖို့တွက်၊ အလွန်ခက်သော အရာတို့ကိုလည်း။ တရန္တိ၊ လွယ်ကူအပေါက်၊ ခရီးရောက်လျက်၊ ပြီးမြောက်အောင်လွန်နိုင်ကြကုန်၏။ (ထိုသူတို့သည် ဤမျှလောက် နှလုံးသွင်း အလိုအကျင့်ဖြင့် သင့်တင့်ရှိ ကျင့်ကြံကာမျှဖြင့် ပင်လျှင် သူတပါးတို့ ဖြစ်မြောက်အောင် အားမထုတ်နိုင် မဆောင်ရွက်နိုင်သော အရာတို့ကိုပင်လျှင် လွယ်ကူပြီးမြောက် ခရီးရောက်အောင် ရွက်ဆောင်နိုင်ပေသေးသည်ဟူလို။)

တရားရှာလျှင် ကိုယ်မှာတွေ့နိုင်ပုံ

ယင်းသို့လျှင် ယောနိသောတရား သင့်တင့်အောင် သဘောထား၍ အတွင်းသားစရိုက်ကို အလိုက်သင့်နှိပ်ကွပ် အတွင်းဓာတ်သန္တာန် ကိုယ့်ခန္ဓာ ကိုယ့်အတွင်းမှာသာ လိုရင်းတရားရှာကြံ၍ လမ်းမှန်အောင် ပြုကျင့်ရမည့် အကြောင်းကို ထပ်လောင်း၍တဖန် ဆုံးမတော်မူပြန်လိုသည်ဖြစ်၍ **တထာ** ဟိဟု စကားချီလျက် **အတ္တာနဒိ** အစရှိသော ဂါထာကို ရွတ်ဆိုမိန့်ဟ ဟောပြတော်မူပြန်လေ၏။

တထာ ဟိ—

၆၂။ အတ္တာနဒိ သံယမပုညတိတ္ထာ၊
သစ္စောဒကာ သီလတဋ္ဌာ ဒယောမ္မိ။
တတြာဘိသေကံ ကရ ပဏ္ဍုပုတြ၊
န ဝါရိနာ သုဇ္ဈတိ စာန္တရတ္တာ။

(ဥပေန္ဒဝဇိရာဂါထာ)

တထာဟိ— တတော ဝေ၊ ထို့ကြောင့်ပင်လျှင်။ သံယမပုညတိတ္ထာ စ၊ စက္ခုစသော့ ဣန္ဒြေဓာတ်၊ ယင်းငါးရပ်ကို၊ နှိပ်ကွပ်တင်းတင်း၊ စောင့်ရှောက်ခြင်း တည်းဟူသော နတ်ရွာနိဗ္ဗာန်၊ ကူးရန်အဖို့၊ ကူးတို့ဆိပ်လည်းရှိထသော။ သစ္စောဒကာစ၊ ကိလေသာအညစ်အကြေးကို၊ ဆေးကြောသုတ်သင်နိုင်သည့် သတိတည်းဟူသော ရေစင်လည်းရှိထသော။ သီလတဋ္ဌာ စ၊ ကျင့်ကြံထိန်းသိမ်း၊ မယိမ်း မဖောက်၊ စောင့်ရှောက်အပ်သော အာစာရသီလ တည်းဟူသော

ကမ်းလည်း ရှိထသော။ ဒယောမ္ဘိ စ–ဒယာဥမ္ဘိ စ၊ ဒုက္ခိတသတ္တ ါကို၊ ညှာတာ ထောက်ထား၊ သနားခြင်းကရုဏာတည်းဟူသော လှိုင်းတံပိုးလည်းရှိထသော။ အတ္တာနဒီ၊ မိမိဟုဆို၊ ကိုယ်ခန္ဓာတည်းဟူသော မြစ်သည်။ အတ္ထိ၊ စင်စစ်ကေန် ရှိရိုးမှန်၏။ ပဏ္ဍုပုတြ၊ ပဏ္ဍုမည်ဘွင်၊ ဖခင်ရင်နှစ်၊ သားအချစ်။ တတြ၊ ထိုမိမိဟု ဆို၊ ကိုယ်ခန္ဓာတည်းဟူသောမြစ်၌။ အဘိသေကံ၊ ချိုးသုံးရှင်းလင်း၊ ဆေးလျှော် ခြင်းကို။ ကရ၊ လုံ့လအားထုတ်၊ ကြိုးပမ်းကုတ်၍၊ ပြုလုပ်ပါလေလော့။ ဝါရိနာ၊ သုံးဆောင်ပြုရိုး၊ ပကတိရေမျိုးဖြင့်။ အဘိသေကံ၊ သုတ်သင်ဆေးလျှော်ခြင်း သည်။ *အန္တရတ္တာ–အန္တရ+အတ္တာ၊ ကိုယ်တွင်းအရပ်၊ ထိုစိတ်ဓာတ်သည်။ န သုဇ္ဈတိ၊ အလုပ်မဖွယ်၊ မတင့်တယ်သဖြင့်၊ မစင်ကြယ်နိုင်ပေ။

အဓိပ္ပါယ်။ ။ထို့ကြောင့်ပင်လျှင် အိုပဏ္ဍု၏သားဖြစ်သော ကောဏ္ဍည ပုဏ္ဏား....ဤကိုယ်ခန္ဓာ **အတ္တဘော** တည်းဟူသော **မြစ်**၏အတွင်း၌ လိုရင်းတရား ကို ရှာကြံ၍ အမှန်ကိုကြည့်ရှုသော် စက္ခုစသော **ဣန္ဒြေ**ငါးရပ်ကို တင်းတင်း ကျပ်ကျပ် နှိပ်ကွပ်စောင့်ရှောက်ခြင်းဟုဆိုအပ်သော နတ်ရွာနိဗ္ဗာန်သို့ ကူးသွားရန် အဖို့ **ကူးတို့ဆိပ်ကြီး**လည်းရှိပေသည်၊ ကိလေသာအညစ်အကြေးတို့ကိုစင်ကြယ် အောင် ဆေးကြောသုတ်သင်နိုင်သည့် **သတိ** တည်းဟူသော **အမြိုက်ရေစင်** လည်း ရှိပေသည်၊ ကျင့်ကြံထိန်းသိမ်း မယိမ်းမဖောက် စောင့်ရှောက်အပ်သော အာစာရသံဝရ **သီလ**တည်းဟူသော **ကမ်း**လည်း ရှိပေသည်၊ ဒုက္ခိတသတ္တဝါကို ညှာတာထောက်ထား သနားခြင်း **ကရုဏာ**တည်းဟူသော **လှိုင်းတံပိုး**လည်း ရှိ ပေသည်၊ သို့ဖြစ်၍ ဤမိမိ၏ ကိုယ်ခန္ဓာ အတ္တဘော တည်းဟူသော မြစ်၌သာ လျှင် အကုသိုလ်အညစ်အကြေးတို့ကို ပြုဖွေးအောင် ဆေးကြော သုတ်သင်လေ လော့၊ ပကတိသုံးဆောင်သော ရေစင်ဖြင့် ဆေးလျှော် သုတ်သင်သော်လည်း အချည်းနှီး အလဟဿ ကိုယ်တွင်းက စိတ်ဓာတ်သည် အကုသိုလ်ကင်းပြတ်၍ လတ်ဆတ် ဖြူစင်နိုင်လိမ့်မည်မဟုတ်ပေ ဟူလို။

သံသရာကင်းပြတ်မှ ချမ်းသာရပုံ

ထိုပြင် အထူးအားဖြင့် ရုပ်နာမ်ခန္ဓာ သံသရာ၏ အပြစ်ကို စိစစ်၍ တဖန် ပြတော်မူပြန်လိုသည်ဖြစ်၍ **ဝိသေသတော**ဟု စကားချီးပြုပြီးလျှင် **ဇာတိမစ္စု-ဇရာ** အစဖြာသော ဂါထာတပုဒ်ကို ထုတ်ဆိုဟောကြားတော်မူပြန်လေ၏။

---

*ဤ၌ "အတ္တ" သဒ္ဒါ "စိတ်"ကိုဟော၏။ ။စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာ ပရမတ္တနိ (အဘိဓာန်)

ဝိသေသတော—

၉၃။ ဇာတိမစ္စုဇရာဗျာဓိ–ဝေဒနာဟိ ဥပဒ္ဒုတံ။
သံသာရမိမမစ္စန္တ–မသာရံ စဇတော သုခံ။

ဝိသေသတော၊ အထူးအားဖြင့်လည်း။ ဇာတိ မစ္စု ဇရာ ဗျာဓိဝေဒနာဟိ၊ ဘဝပဋိသန္ဓိ၊ အဖန်ဖန်စပ်၊ ပြန်ကာဟပ်သဖြင့်၊ ထပ်ထပ်စွဲမှီ၊ အမြဲတည်နေရခြင်း.... ဖြစ်၍တဖန်၊ ထပ်မံရလစ်၊ ဘဝသစ်ကို၊ စွန့်ပစ်မနေ၊ အမြဲသေရခြင်း.... ဘဝအသစ်၊ ဖြစ်သမျှမူ၊ ဆံဖြူသွားကြွေ၊ အရေတွန့်လိပ်၊ ကိုယ်စိတ်ထိုင်းမှိုင်း၊ ခါးကိုင်းရှုတ်ယို၊ အမြဲအိုရခြင်း....မကျန်းမမာ၊ မချမ်းသာခြင်း....တည်းဟူသော အနာရောဂါ၊ ဝေဒနာတို့ဖြင့်။ ဥပဒ္ဒုတံ၊ အစဉ်မပြတ်၊ နှိပ်စက်အပ်သော။ ဝါ၊ နှိပ်စက်အပ်သောကြောင့်။ အစ္စန္တမသာရံ၊ ဧကန်စင်စစ်၊ အနှစ်သာရ၊ အနည်းငယ်မျှမရှိသော၊ ဣမံသံသာရံ၊ ဤရုပ်နာမ်ခန္ဓာ၊ သံသရာကြီးကို။ စဇတော၊ လွတ်လွတ်ကျွတ်ကျွတ်၊ စွန့်လွှတ်သောသူအား။ သုခံ၊ မအိုမသေ၊ အမြဲနေရသော နိဗ္ဗာနဓာတ်၊ ချမ်းသာမြတ်သည်။ ဘဝတိ၊မသွေမလှန်၊ အခြေမှန်သဖြင့်၊ ဧကန်ဖြစ်ပေ၏။

အဓိပ္ပါယ်။ ။ရုပ်နာမ်ခန္ဓာတို့ အခါခါဆက်စပ်၍ ဖြစ်ပျက်တတ်သော ဤသံသရာစက်ရဟတ်ကြီးသည် ဘဝအတန်တန် အဖန်ဖန်စပ်ဟပ်၍ အထပ်ထပ် မသွေ ပဋိသန္ဓေတည်နေရခြင်းတည်းဟူသော ဇာတိမီး၊ နောက်ထပ်တဖန် ဖြစ်ပြန်ရာ ဘဝ၌ အတည်ကျမစွဲ မလွဲမသွေ အမြဲသေရခြင်းတည်းဟူသော မရဏမီး၊ ထိုထိုသို့သော ဘဝအသစ်ကို တရစ်ရစ် ရပြန်ရာ ခန္ဓာကိုယ်သဘောမှာ တသောသော ပျက်ပြို မျက်စိသိ နားထိုင်းလျက် ခါးကိုင်းအောင်ယွင်းယို၍ အိုရခြင်းတည်းဟူသော ဇရာမီး၊ မကျန်းမမာ မချမ်းသာခြင်းတည်းဟူသော အနာရောဂါ ဝေဒနာတို့ဖြင့် အစဉ်မပြတ် နှိပ်စက်အပ်သောကြောင့် စင်စစ်အားဖြင့် နှစ်သက်စုံမက်ဖွယ်ရာ အနှစ်သာရဟူ၍ အနည်းငယ်မျှ မရှိပေ။ ထို့ကြောင့် အနှစ်မပါ အကာသက်သက်ဖြစ်သော ရုပ်နာမ်ခန္ဓာ ဤသံသရာကြီးကို အပြီးအပြတ် လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်သောသူအားသာလျှင် မအိုမသေ အမြဲနေရသည့် အစ္စန္တသုခ နိဗ္ဗာနအောင်နန်းသို့ ဖြောင့်တန်းစွာ ဆိုက်ရောက်နိုင်ပေမည်ဟူလို။

သံသရာ၌ ချမ်းသာမရှိ ဆင်းရဲအတိဖြစ်ပုံ

ဤရုပ်နာမ်ခန္ဓာ သံသရာကြီးသည် အချည်းနှီးသက်သက် သုခမဖက်ပုံ အကြောင်းကို ထပ်လောင်း၍တဖန် ဟောပြတော်မူပြန်လိုသည်ဖြစ်၍ ယတော ဟု စကားစပြီးလျှင် ဒုက္ခမေဝတ္ထိ န သုခံ အစရှိသော ဂါထာပုဒ်ကို ထုတ်ဖော် ခွန်းဟလျက် ညွှန်းပြတော်မူပြန်လေ၏။

ယတော—

၉၄။ ဒုက္ခမေဝတ္ထိ န သုခံ၊ ယသ္မာ တဒုပလဗ္ဘတေ။
ဒုက္ခာတ္တဿ ပတီကာရေ၊ သုခသညာ ဝိဓိယတေ။

ယတော၊ အကြင့်ကြောင့်။ ဣဟ သံသာရေ၊ ဤရုပ်နာမ်ခန္ဓာ၊ သံသရာ ခရီးခဲ၌။ ဒုက္ခံ ဧဝ၊ သုခမဖက်၊ မရောယှက်ဘဲ၊ သက်သက် ဒုက္ခသည် သာလျှင်။ အတ္ထိ၊ ကေန်တိတိ၊ အမှန်ရှိ၏။ သုခံ၊ တင့်တယ်ဖွယ်ရာ၊ သာယာတောင့်တအပ်သော၊ သုခစစ် သုခမှန်သည်။ န၊ စင်စစ်မုချ၊ ကေန္တ မရှိ။ ယသ္မာ၊ အကြင့်ကြောင့်။ တံဝေ၊ ထိုသံသရာ အတွင်း၌၊ စင်းလုံး ပေါက်အပြည့်၊ ထင်ရှားရှိသော၊ ဒုက္ခအတိကိုသာလျှင်။ ဥပလဗ္ဘတေ၊ မပြတ်မလပ်၊ အထပ်ထပ်ဖြင့်၊ ရအပ်ခံစားအပ်၏။ တသ္မာ၊ ထိုသို့ ချမ်းသာ မဖက်၊ သက်သက်ဒုက္ခကိုသာ၊ ခါခါမပြတ်၊ မလပ်အောင် ခံစားအပ်သည်၏ အဖြစ်ကြောင့်။ ပတီကာရေ၊ ထိုဒုက္ခဝေဒနာကိုပင်လျှင်၊ သုခဟု အထင် မှောက်၍၊ ဒုက္ခအမြင်ပျောက်စေရန် ကုစားရာ၌။ သုခသညာ၊ ဒုက္ခအစစ်၊ အမှန်ပင်ဖြစ်သော်လည်း၊ အသစ်ထပ်လောင်း၊ သုခဟု အမည်ပြောင်းခြင်းကို။ ဒုက္ခာတ္တဿ၊ ဒုက္ခဝေဒနာဖြင့်၊ ခါခါနှိပ်စက်၊ အခံခက်သောသူသည်။ ဝိဓိ-ယတေ၊ သုခဟု အမည်တင်လျက်၊ စီရင်မှည့်ခေါ်အပ်၏။

အဓိပ္ပါယ်။ ။ဤရုပ်နာမ်ခန္ဓာ သံသရာ၏အတွင်း၌ ချမ်းသာခြင်းဟူ၍ အဏုမြူမျှ မရောမဖက်ဘဲ သက်သက်ဒုက္ခအတိသာလျှင် ရှိချေသည်။ တင့်တယ် ဖွယ်ရာ သာယာတောင့်တအပ် နှစ်သက်အပ်သော သုခစစ် သုခမှန် ချမ်းသာ ဟု ခေါ်ဆိုဘို့ရန်လည်း မြူဆံမျှ မရှိချေ၊ ထိုသို့ သံသရာဝဋ်အတွင်း၌ စင်းလုံး ပေါက်ခေါင်းပိတ် သုခရိပ်မထင် ဒုက္ခပင်ရှိသောကြောင့် ထိုသုခမဖက် သက်သက် သောဒုက္ခကိုသာလျှင် အခါခါ အထပ်ထပ် မပြတ်အောင် ရအပ် ခံစားအပ် ပေသည်၊ ထိုသို့ ချမ်းသာမဖက် ဒုက္ခသက်သက်ကိုသာလျှင် မလပ်အောင် ခံစား ရသည့်အတွက် မသက်သာလှသဖြင့် ထိုဒုက္ခဝေဒနာကိုပင်လျှင် သုခဟု အထင် ရောက်လျက် ဒုက္ခအမြင် ပျောက်စေခြင်းအကျိုးငှါ မှောက်မှောက် မှားမှား စိတ်ဓာတ်ကို လှည့်ဖြား၍ ကုစားသည့်အရာ၌ ဒုက္ခပင်မှန်သော်လည်း ခံသာ အောင်တရစ် နောက်အသစ်ထပ်လောင်း၍ သုခဟု တလည်ပြောင်းလျက် အမည်ကောင်းမှည့်ခေါ်ခြင်းကို ထိုဒုက္ခဝေနာဖြင့် ပြင်းစွာဆက်လက် စဲမပျက် ဘဲ အဆက်မပြတ် နှိပ်စက်အပ်သော အနှိပ်စက်ခံရသော ပုဂ္ဂိုလ်သည် အတန်ငယ် ဒဏ်ချက်ချိုသည့် ထိုဒုက္ခကိုပင်လျှင် "ရသေ့စိတ်ဖြေ" ဆိုဘိသကဲ့သို့ တကယ်ပင် အမှန်မဟုတ်သော်လည်း ဟန်လုပ်၍အပို သုခဟု အမည်တင်၍ စီရင်မှည့်ဆို

ခြင်းမျှသာ ဖြစ်ပေသည်၊ စင်စစ်မှာမူ ဤချုပ်နှောင်ခြင်းမှာ သံသရာ တခုလုံးမှာ ဆင်းရဲတိုးမှုချ ဒုက္ခအစစ် ခေါင်းပိတ်ကြီး ဖြစ်ပေသည်ဟူလို။

ထိုသို့ ရဟန္တာအရှင်မြတ်၏ တရားစကား ဟောကြားသည့် အဆုံး၌ ကောဏ္ဍညပုဏ္ဏားသည် "ဤသို့ အရှင်ဘုရားဟောကြားတော်မူတိုင်း ဟုတ်မှန်လှပါပေသည်"ဟု ဝန်ခံလျှောက်ထားလေ၏။

မြွေအိုကြီးသည် ဤမျှသောစကားတို့ဖြင့် ဖားအားပြောပြပြီးလျှင် နောက်ထပ်တဖန် ဆက်လက်၍ ပြောဆိုပြန်သည်မှာ—

ယင်းသို့ တရားစကား ကြားနာပြီးသည့်နောက် ထိုသောကဖြင့် နှိပ်စက်အပ်သော ကောဏ္ဍညပုဏ္ဏားသည် "သင်သည် ယနေ့ကိုအစပြု၍ ဖားတို့ကို သည်ပိုးရွက်ဆောင်ရသော ကိုယ်ဖြစ်ပါစေသတည်း"ဟု ငါ့အား ကျိန်ဆိုလေ၏။

သူတော်ကောင်းနှင့်သာ ပေါင်းသင်းသင့်ပုံ

ထိုသို့ကျိန်ဆိုသည်ကို ကြားတော်မူ၍ ကပိလရဟန္တာ အရှင်မြတ်သည် ကောဏ္ဍညပုဏ္ဏားအား ဤသို့မိန့်ဆိုတော်မူပြန်လေ၏—"ယခုအခါ သင်ပုဏ္ဏားသည် ငါ၏ဆုံးမဩဝါဒကို ကောင်းစွာ မခံယူနိုင်သေး၊ ငါသည် ဆုံးမဩဝါဒပေးပါသော်လည်း သင့်အား ထိုဆုံးမဩဝါဒဖြင့် သောကမီးတောက် ငြိမ်းအေးခြင်းသို့ မရောက်သေးချေ၊ ထို့ကြောင့်ပင်လျှင် သင်သည် မြွေအိုကြီးကို ဤသို့ ကျိန်ဆိုပေသည်၊ သင်၏စိတ်နှလုံးကို ယူကျုံးမရ သောကမီးဖြင့် တောက်လောင်ဖျက်ဆီးလျက်ပင် ရှိချေသေး၏၊ ယင်းသို့ပင် ဖြစ်ပါသော်လည်း ပြုအပ်ပြုသင့်သော အကြောင်းကို ကောင်းစွာ နာဦးလော့"ဟုဆို၍ **သင်္ဂါ သမ္ဗန္ဓ စဇ္ဇေယျ** အစရှိသော အောက်ပါဂါထာကို ရွတ်ဆိုဟောကြားတော်မူပြန်လေ၏။

၉၅။ သင်္ဂါ သမ္ဗန္ဓ စဇ္ဇေယျ၊ သစေ စတ္တုံ န သက္ကုဏေ။
သ သဗ္ဘိ သဟ ကတ္တဗ္ဗော၊ သတံ သင်္ဂေါ ဟိ ဘေသဇံ။

သင်္ဂေါ၊ သောက၏ အကြောင်းရင်းဖြစ်သော အပေါင်းအဖော်၌ တွယ်တာခုံမင်၊ချစ်ခင်နှစ်သက်၊ ပေါင်းဖက်ဆက်ဆံခြင်းကို။ သမ္ဗန္ဓ – သဗ္ဗာကာရေန၊ ခပ်သိမ်းခြင်းရာ၊ အဖြာဖြာအားဖြင့်။ စဇ္ဇေယျ၊ လွှတ်လွှတ်ကျွတ်ကျွတ်၊ စွန့်လွှတ်ပေရာ၏။ သ – သောသင်္ဂေါ၊ ထိုတွယ်တာခုံမင်၊ ချစ်ခင်နှစ်သက်၊ ပေါင်းဖက်ဆက်ဆံခြင်းကို။ စတ္တုံ၊ လွှတ်လွှတ်ကျွတ်ကျွတ်၊ စွန့်လွှတ်ခြင်းငှါ။ သစေ န သက္ကုဏေ၊ အကယ်ပိုင်ပိုင်၊ မစွမ်းနိုင်သည်ဖြစ်အံ့။ ဝေသတိ၊ ဤသို့ ပိုင်ပိုင်၊ မစွမ်းနိုင်သည်ရှိသော်။ သ – သောသင်္ဂေါ၊ ထိုတွယ်တာခုံမင်၊ ချစ်ခင်နှစ်သက်၊ ပေါင်းဖက်ဆက်ဆံခြင်းကို။ သဗ္ဘိ၊ ငြိမ်းရာငြိမ်းကြောင်း၊ နည်းကောင်းညွှန်ပြ၊

ဥပဒေသပေးနိုင်သော သူတော်ကောင်းတို့နှင့်။ သဟ၊ တကွ။ ကတ္တဗ္ဗော၊ ပြုရန် သင့်လျော်၊ ပြုဘိုတော်၏။ ကသ္မာ၊ ပြုဘိုရန်ကောင်း၊ အကြောင်းမှတ်ဖွယ်၊ အဘယ်နည်းဟူမူကား။ သတံ၊ တရားရှုမြော်၊ မြတ်သူတော်တို့၏။ ဝါ၊ တရား ရှုမြော်၊ မြတ်သူတော်တို့နှင့်။ သင်္ဂေါ၊ တွယ်တာခုံမင်၊ ချစ်ခင်နှစ်သက်၊ ပေါင်းဖက်ဆက်ဆံခြင်းသည်။ ဘေသဇံဟိ – ဘေသဇံဧဝ၊ နှလုံးပူဆွေး၊ စိတ် မအေးခြင်းကို၊ ငြိမ်းအေးစေတတ်သည့်၊ ဆေးမြတ်ဆေးကောင်းအစစ်၊ ဖြစ်ကြီး ဖြစ်သည်သာလျှင်တည်း။ တသ္မာ၊ ယင်းသို့မြတ်မြင့်၊ အသင့်အကောင်း၊ ထို အကြောင်းကြောင့်ပေတည်း။

အဓိပ္ပါယ်။ ။သောကဖြစ်ခြင်း၏ မူလဘူတ ပကတူပဖြစ်သော မိမိမှတပါး အခြားသော ပုဂ္ဂိုလ်သတ္တဝါတို့နှင့် တွယ်တာခုံမင်လျက် ချစ်ခင်စုံမက် နှစ်သက် မြတ်နိုးစွာ ပေါင်းဖော်ဆက်ဆံခြင်းကို အလျှင်းလွတ်လွတ် စွန့်ပယ်လွတ်အပ် ပေသည်။ အကယ်၍ ထိုသို့ ပေါင်းဖော်ဆက်ဆံခြင်းကို လွတ်လွတ်ကျွတ်ကျွတ် အလျှင်းပိုင်ပိုင် မစွန့်လွှတ်နိုင်ပါမူ မစွန့်လွှတ်နိုင်ခဲ့သည်ရှိသော် နှလုံးမဆွေး ငြိမ်းအေးရာ ငြိမ်းအေးကြောင်း နည်းကောင်းဥပဒေသကို ညွှန်ပြသွန်သင် တတ်သော သူတော်စင်ကောင်း သူမြတ်လောင်းတို့နှင့်သာလျှင် တွယ်တာခုံမင် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးစွာ ပေါင်းသင်းဆက်ဆံခြင်းကို ပြုရန်သင့်လျော် ပြုဘိုတော်ပေသည်။ အဘယ်ကြောင့်နည်းဟူမူ ထိုသူတော်စင်ကောင်း သူမြတ် လောင်းတို့နှင့် ပေါင်းသင်းယှဉ်တွဲလျက် မှီဝဲဆက်ဆံရခြင်းသည် ထိုသူတော် ကောင်းတို့၏ သွန်သင်ဆုံးမ ဩဝါဒအမြိုက်ဆေးကို လေးနက်စွာ စွဲသုံးရသဖြင့် နှလုံးမဆွေး စိတ်သောက အလွန်အေးတတ်သည့် ဆေးကောင်းကြီးအစစ် ဖြစ်ပေသည်။ ထို့ကြောင့် အကယ်၍ မိမိမှတပါး အခြားသူတို့နှင့် တွယ်တာ စုံမက် နှစ်သက်စွာ ပေါင်းသင်းခြင်းကို အလျှင်းလွတ်လွတ် မစွန့်လွှတ်နိုင်ခဲ့ပါမူ သူတော်စင်ကောင်း သူမြတ်လောင်းတို့နှင့်သာလျှင် ပေါင်းသင်းယှဉ်တွဲ မှီဝဲ ဆက်ဆံသင့်ပေသည် ဟူလို။

မိမိမယားနှင့်သာ ပျော်ပါးသင့်ပုံ

ထို့ပြင်တရပ် စကားစပ် အလျှင်းတော်သဖြင့် မြူးပျော်မှုကာမဂုဏ်၌ စိတ် အာရုံမလိုက် လုံးလုံးကြီး မဝင်စားထိုက်ကြောင်းကို ထပ်လောင်း၍တဖန် ဟောပြတော်မူပြန်လိုသည်ဖြစ်၍ **အညဉ္စ** ဟု စကားချီလျက် တရားအဆိုဂါထာ ပုဒ်ကို ထုတ်ဆိုမိန့်ဟတော်မူပြန်လေ၏။

အညဉ္စ—–

၉၆။ ကာမော သဗ္ဗေန ဟေယျော၀၊ သစေ စတ္တုံ န သက္ကုတေ။
သဒါရေပတိ ကတ္တဗ္ဗော၊ သော၀တဿ ဟိ ဘေသဇံ။

အညဉ္ဇ၊ ထိုမှတပါး၊ အခြားသောအကြောင်းကိုလည်း။ သုဏောဟိ၊ မနောမှာဝေ့၊ သဘောတွေအောင်၊ ေ့စေ့မှတ်ပိုက်၊ ထောင်နားစိုက်ဦးလော့။ ကာမော၊ ဠူတ္တိအာရုံ၊ ကာမဂုဏ်လိုက်စား၊ မြူးပျော်ပါးခြင်းကို။ သမ္ဗေန–သမ္ဗုံ၊ အချင်းခပ်သိမ်း။ ဟေယျောဝ၊ လွှတ်လွှတ်ကင်းကင်း၊ အလျှင်းစွန့်လွှတ် အပ်သည်သာလျှင်တည်း။ သ–သောကာမော၊ ထိုဠူတ္တိအာရုံ၊ ကာမဂုဏ် လိုက်စား၊ မြူးပျော်ပါးခြင်းကို။ စတ္တုံ၊ လွှတ်လွှတ်ကင်းကင်း၊ စွန့်လွှတ်ခြင်းငှါ။ သစေ န သက္ကုဏော၊ အကယ်၍ကား၊ မစွမ်းနိုင်ငြားအံ့။ ဇဝံသတိ၊ ဤသို့မရောင့် မရဲ၊ မရှောင်လွှဲနိုင်သည်ရှိသော်။ သဒါရံပတိ၊ မိမိသာဆိုင်၊ လိုတိုင်းချိုင်နိုင် သည့်၊ ကာမပိုင်ဟူ၊ အိမ်သူသက်ထား၊ ကိုယ့်မယားကိုသာလျှင်။ ကတ္တဗ္ဗော၊ ဝိတက်ငြိမ်းမှု၊ လိုက်စားပြုအပ်၏။ သေဝ–သောဝေ၊ ထိုမိမိသာဆိုင်၊ ကိုယ်ပိုင် မြောက်သား၊ ကိုယ့်မယားသည်သာလျှင်။ ဘေသဇံဟိ–ဘေသဇံဝေ၊ ကာမ ဝိတက်၊ လိုရမ္မက်ကို၊ ဖြိုဖျက်စေကြောင်း၊ ဆေးစွမ်းကောင်း ဖြစ်သည်သာ လျှင်တည်း။

အဓိပ္ပါယ်။ ။ဠူတ္တိအာရုံ ကာမဂုဏ်၌ ခုံမင်လိုက်စား မြူးပျော်ပါးခြင်း သည် လားလားမှ မလျော်ကန်၊ ရုပ်နာမ်ခန္ဓာ သံသရာဇလုတ်မှာ နစ်မြုပ်ဖို့ အခြေခံ ရေသောက်မြစ်မှန်သောကြောင့် ဧကန်ဆတ်ဆတ် လွှတ်လွှတ်ကင်းကင်း အလျှင်းအပြတ် စွန့်ပယ်အပ်ပေသည်၊ စွန့်ပယ်ရမည်၊ စွန့်ပယ်ပါလေ။ အကယ်၍ ရှင်းရှင်း အလျှင်းစွန့်ပယ်ခြင်းအမှုကို မပြုလုပ်နိုင်ခဲ့ပါလျှင် အတန်တန် အောင့်အည်း၍ သည်းမခံနိုင်ခဲ့ပါလျှင် ပြင်ပတခြား အပျော်သွားလျက် လိုက်စားခြင်းအမှုကို မပြုလုပ် မကျင့်ကြံဘဲ ထိုးကျင့်နှိပ်စက် အခံခက်သည့် ဝိတက်ကိုပိုင်ပိုင် ဖြေငြိမ်းနိုင်ရန်မျှသာ သဘောပိုက်လျက် ကိုယ်နှင့်သက်ဆိုင် လိုတိုင်းချိုင်နိုင်သည့် ကာမပိုင်ဟူ အိမ်သူမြောက်သား ကိုယ့်မယားကိုသာလျှင် သွားလာသင့်ပေသည်။ ထိုအိမ်သူမြောက်သား ကိုယ့်မယားသည်သာလျှင် ထိုးကျင့်နှိပ်စက် အခံခက်သည့် ကာမဝိတက် လိုရမ္မက်ကို ဖြိုဖျက်ရန်အကြောင်း ကိုယ်နှင့်သင့်လျော်သည့် ဆေးစွမ်းကောင်းဖြစ်ပေသည်။ ထို့ကြောင့် ထို ထိုးကျင့်မှုအဖန်ဖန်ကို အတန်တန်အောင့်အည်း၍ သည်းမခံနိုင်ခဲ့ပါလျှင် တွေ့ရာ တခြား ပြင်တပါးကို လားလားမှ သဘောမထားမူ၍ ကိုယ့်မယား ကိုယ့်အိမ်သူ ကိုသာလျှင် သဘောတူ အလိုတွေ့လျက် ပျော်မွေ့တင်းတိမ်ရမည်ဟု ဆိုလိုသည်။

ဤသို့ ရဟန္တာအရှင်မြတ်၏ ဟောကြားတော်မူအပ်သော တရားတော် တို့ကို ကြားနာရ၍ ထိုကောဏ္ဍညပုဏ္ဏားသည် ကပိလအရှင်မြတ်၏ တရားတော် တည်းဟူသော အမြိုက်ရေစင်ဖြင့် ငြိမ်းအေး ကင်းပျောက်စေပြီးသော သောက တည်းဟူသော မီးတောက်ရှိသည်ဖြစ်၍ သောကမီးတောက် ငြိမ်းအေး ပျောက်သည်ဖြစ်၍ အကြောင်းအားလျော်စွာ ကိုယ်နှုတ်နှလုံးဟု ဆိုအပ်သော

သုံးပါးသောဒဏ်တို့ကို ခံယူပြီးလျှင် တောပျော်ယောဂီ တပသီအလေ့ဖြင့် ရသေ့အဖြစ်သို့ ရောက်လေ၏။

"ထိုသို့သော ကောဏ္ဍညပုဏ္ဏား၏ ကျိန်ဆိုခြင်းကြောင့် ငါသည် ဖားတို့ကို သယ်ဆောင်ခြင်းငှါ အလိုရှိတိုင်း စီးစေခြင်းငှါ ဤအရပ်၌ တည်နေပါသည်"ဟု မြွေအိုကြီးက ပြောဆိုလေ၏။

ထိုသို့ ပြောဆိုသည်၏အခြားမဲ့၌ ထိုဖားငယ်သည် **ဇာလပါဒ** မည်သော ဖားတို့၏ အရှင်ဖြစ်သော ဖားဘုရင်ကြီး၏ ရှေတော်မှောက်သို့ သွားရောက်၍ ဤအကြောင်းကို ပြောဆို တင်လျှောက်လေ၏။ ယင်းသို့ ပြောဆိုရာ ထိုဖား တို့၏အရှင် ဖားဘုရင်သည် လျှင်မြန်စွာလာပြီးလျှင် ရွှင်ပျသော စိတ်၏ အဟုန်ဖြင့် မြွေအိုကြီး၏ကျောထက် အလယ်ချက်သို့ ခုန်ဘက်၍ တည်နေ လေ၏။ မြွေအိုကြီးသည်လည်း ထိုဖားများအရှင် ဖားဘုရင်ကို ကျောထက်၌ တင်ဆောင်လျက် လျောက်ပတ်တင့်တယ် နှစ်သက်ဖွယ်သော သွားလာခြင်းဖြင့် ထိုမှ ဤမှ လှည့်လည်သွားလာပြီးလျှင် ပျော်ရွှင်စွာ စီးစေ၏။

ထို့နောက် ဒုတိယနေ့၌ လှုပ်ရှားခြင်းငှါ မစွမ်းနိုင်သော မြွေအိုကြီးကို ဖားမင်းသည် ဤသို့ ဆိုလေ၏—"အရှင်မြွေမင်း....သင်သည် ယနေ့ အဘယ် ကြောင့် နုန့်နှေးသောသဘော ရှိပါသနည်း"ဟု ဆိုလေ၏။

မြွေအို။ ။အရှင် ဖားမင်း....အကျွန်ုပ်သည် အစာအာဟာရ ကင်းပြတ် ခြင်းကြောင့် အားနည်းခြင်းဖြစ်ပါသည်။

ဖားမင်း။ ။အကျွန်ုပ်၏ အခွင့်အာဏာဖြင့် အချို့သော ဖားငယ်တို့ကို သုံးဆောင်စားသောက်ပါလေ။

ထိုအခါ မြွေအိုကြီးသည် "ဤနှစ်သက်ဝမ်းမြောက်စွာ ချီးမြှောက် မစ ခြင်းကို ခံယူပါ၏"ဟုဆို၍ အစဉ်သဖြင့် ဖားငယ်တို့ကို စားသုံးလေ၏။ ထိုသို့ ဖားငယ်အလုံးစုံတို့ကို အကုန်စားသုံးပြီးနောက် ရေအိုင်ထဲ၌ ဖားမရှိသည်ကို တွေ့ရသဖြင့် ထိုမြွေအိုကြီးသည် ဖားတို့၏အရှင် ဖားဘုရင်ကိုလည်း စားသုံး လေ၏။ ထို့ကြောင့် **ခန္ဓေနာပိ ဝဟေ** သတ္တုံ အစရှိသည်ဖြင့် "ရန်သူကိုလည်း ကိုယ်ကျိုးပြီးမူ ထမ်းဆောင်ယူထိုက်၏"ဟူသော စကားကို ကျွန်တော်မျိုး ဆိုပါသည်ဟု မေဃဝဏ္ဏကျီးသည် ဥဒေါင်းမင်းအား တင်လျှောက်လေ၏။

မြွေအိုကြီးနှင့် ဖားတို့ဝတ္ထု ပြီး၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

ထိုနောက် မေဃဝဏ္ဏကြီးက ဆက်လက်၍ တင်လျှောက်ပြန်သည်မှာ "အရှင် ဥဒေါင်းမင်း....ယခုအခါ၌ ရှေးရှေးက ဖြစ်ပျက်ဘူးသည်ကို ပြဆိုသောစကားတို့ကို ထားတော်မူပါဦး၊ ဤဟိရညဂဗ္ဘမည်သော ဟသ်ာမင်းကို မည်သည့်နည်းနှင့်မဆို ပေါင်းသင်းယှဉ်စပ် ဆက်ဆံအပ် ဆက်ဆံသင့်ပေသည်၊ အရှင်ဥဒေါင်းမင်းသည် မဟာမိတ်အဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံစေချင်ပါသည်၊ ဆက်ဆံတော်မူပါလော့၊ ဤကား အကျွန်ုပ်၏ အလိုနှလုံးသွင်း သဘောရင်းပါတည်း"ဟု တင်လျှောက်လေ၏။

ထိုသို့ တင်လျှောက်ရာ ဥဒေါင်းမင်းသည် ဤသို့ မိန့်ဆိုလေ၏—"အဆွေမေဃဝဏ္ဏကြီး....အဆွေ၏ ကြံစည်စဉ်းစားခြင်းသည် အဘယ်သို့သော ကြံစည်စဉ်းစားခြင်းပါနည်း၊ မသင့်မလျော် မတော်သော စဉ်းစားခြင်းပေတည်း။ အဘယ်ကြောင့်နည်းဟူမူ ဤ ဟိရညဂဗ္ဘဟသ်ာမင်းကို ငါတို့ အောင်နိုင်အပ်ပြီ၊ ထို့ကြောင့် ငါတို့၏ သြဇာအာဏာတော်ဖြင့် လက်အောက်ခံလျက်နေပါမူကား နေစေ၊ အကယ်၍ ထိုကဲ့သို့ လက်နက်နိုင်ငံအဖြစ်ဖြင့် လက်အောက်ခံလျက် မနေခဲ့ပါမူ စစ်ဆင်၍ တိုက်ခိုက်သင့်သည်၊ တိုက်ခိုက်ရမည်။ ထို့ကြောင့် သင်၏ကြံစည်ခြင်း မသင့်ပေ"ဟု မိန့်တော်မူလျက်နေစဉ် ထိုအတောအတွင်း၌ ကျေးသားသည် ဇမ္ဗူဒိပ်ကျွန်းမှလာ၍ ဤသို့ တင်လျှောက်လေ၏—

"အရှင် ဥဒေါင်းမင်း....သီဟိုဠ်ကျွန်း၏ ငှက်ဘုရင်ဖြစ်သော ခေါက်ရှာငှက်မင်းသည် ယခုအခါ ဇမ္ဗူဒိပ်ကျွန်းကို နှိပ်နင်း လွှမ်းမိုးလျက် တည်နေပါပြီ"ဟု တင်လျှောက်လေ၏။ ထိုသို့တင်လျှောက်ရာ ဥဒေါင်းမင်းသည် ကြောက်ရွံ့တုန်လှုပ်လျက် "အဘယ်သို့ပါနည်း....အဘယ်သို့ပါနည်း"ဟု ပြန်၍ မေးမြန်းရာ ကျေးသားသည် ရှေး မိမိ တင်လျှောက်ရင်းဖြစ်သော စကားကို ပင်လျှင် ထပ်မံ တင်လျှောက်ပြန်လေ၏။

ထိုအခါ လင်းတ အမတ်ကြီးသည် "ဤအရာသည်ကား အခြားမဟုတ်၊ ဟသ်ာမင်း၏ ပညာရှိသုခမိန်ဖြစ်သော စက္ကဝက် အမတ်ကြီး၏ ဉာဏ်စွမ်းပင်ဖြစ်သည်"ဟု ဆင်ခြင်မိသဖြင့် "ဟယ် စက္ကဝက်....သင်၏အကြံ ကောင်းလေစွ၊ ဟယ် အမတ်ကြီး....သင်၏အကြံ ကောင်းလေစွ၊ ကောင်းလေစွ"ဟု မိမိ၏ လျောက်လျားဘာသာ ပြောဆိုမြည်တမ်းလေ၏။

ထိုအခါ ဥဒေါင်းမင်းသည် ပြင်းစွာ အမျက်ထွက်သဖြင့် "ဤဇမ္ဗူဒိပ်၌ တိုက်ခိုက်ခြင်းကိစ္စကိုကား ရှိစေဦး၊ ထို ဟိရညဂဗ္ဘ၏ထံသို့ သွား၍ အမြစ်ရင်းနှင့်တကွ အကြွင်းမဲ့ နုတ်ပယ်ဖျက်ဆီးအံ့"ဟု မိန့်တော်မူလေ၏။

အချည်းနှီးကြီးဝါးမှုကို မပြုသင့်ပုံ

ထိုအခါ ဒူရဒဿီမည်သော လင်းတအမတ်ကြီးက ပြုံးရယ်လျက် အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၉၇။ သရဒမ္ဗောဝ န ကာရိယံ၊ တုစ္ဆံဝ ဃနဂဇ္ဇိတံ။
ပရဿတ္ထမနတ္ထံ ဝါ၊ ပကာသယတိ နော မဟံ။

သရဒမ္ဗောဝ၊မိုးဦးရေမကျ၊ သရဒအခါ၊ ဗလာမည်းမှောင်၊မိုးဦးတိမ်တောင် ကဲ့သို့။ တုစ္ဆံဝ၊ သက်သက်အကျိုးမပြီး၊ အချည်းနှီးသာလျှင်။ ဃနဂဇ္ဇိတံ၊ ပြင်း ထန်ခြိမ်းချောက်၊ ကြိမ်းမောင်းဝေါက်ခြင်းကို။ နကာရိယံ၊ အမှုမတင့်သဖြင့်၊ မပြုသင့် မပြုထိုက်ပေ၊ မဟံ–မဟန္တော၊ ကြီးကျယ်မြင့်မြတ်၊ လျှောက်ပတ် သောသူသည်။ ပရဿ၊ ပြင်ပတခြား၊ သူတပါးအား။ အတ္ထံဝါ၊ စင်စစ်ပွါးတိုး၊ အကျိုးရှိသည်ကိုလည်းကောင်း။ အနတ္ထံဝါ၊ မပွါးမတိုး၊ အကျိုးမရှိသည်ကို လည်းကောင်း။ နောပကာသယတိ၊ လင်းလင်းသေချာ၊ သိမြင်သာအောင်၊ ထင်စွာမပြောပြပေ။

အဓိပ္ပါယ်။ ။သရဒအခါ၌ မိုးရေမိုးပေါက် ဖြိုးဖြောက်မျှမပါဘဲ အဇဋာခွင် ကောင်းကင်ကို ဖုံးလျက် တပြင်လုံး အုံ့မှိုင်းကာ ရစ်ဝိုင်း ညိုမှောင် ပြီးလျှင် မိုးတိမ်တောင်တက်ဘိသကဲ့သို့ သက်သက်မဲ့ဗလာ အဆန်မပါဘဲ အသံသာမြည်ဟိန်းလျက် ကြိမ်းမောင်းအော်ဝေါက် ခြိမ်းချောက်ခြင်းအမှုကို အလျှင်းမပြုအပ်မပြုသင့်ပေ၊ ကြီးကျယ်မြင့်မြတ် လျှောက်ပတ်သော သူသည် အကျိုးစီးပွါး ရှိ,မရှိ မိမိ၏အကြံဟူသမျှကို ပြင်ပတခြား တပါးသောသူတို့အား ထင်ရှားပွင့်လင်းစွာ သိမြင်သာအောင် မည်သည့်အခါမျှ ပြောဆိုဖော်ပြရိုး မရှိပေဟူလို။

များစွာသော ရန်သူကို ပြိုင်တူမတိုက်သင့်ပုံ

ထို့ပြင်တတန် မှတ်ဖွယ်ရန်တရပ်ကို နောက်ထပ်၍တဖန် လျှောက်တင်ပြန်လို သည်ဖြစ်၍ **အပရဉ္စ** ဟု စကားချီလျက် **ကေဒါ န ဝိဂ္ဂဏှေယျ** အစရှိသော ဂါထာ ကို ရွတ်ဆိုလျှောက်တင်ပြန်လေ၏။

အပရဉ္စ——

၉၈။ ကေဒါ န ဝိဂ္ဂဏှေယျ၊ ဗဟူ ရာဇာ ဝိဃာတိနော။
သဒပ္ပေါပျုရဂေါ ဓုဝံ၊ ဗဟုကီဋေဟိ နာသယေ။

အပရဉ္စ၊ ထိုမှတတန်၊ မှတ်ဖို့ရန်အကြောင်း၊ နည်းလမ်းကောင်းကိုလည်း။ သုဏောဟိ၊ မနေ့ာမခွ၊ သဘောကျအောင်၊ သောတမှတ်ပိုက်၊ ထောင်နားစိုက်ပါဦးလော့။ ရာဇာ၊ ရန်သူတဖက်ကို၊ ချိုးဖျက်ပိုင်ပိုင်၊ အောင်နိုင်ခြင်းငှါ အလိုရှိသော မင်းသည်။ ဗဟူ၊ တပါးမက၊ များပြားလှကုန်သော။ ဝိဃာတိနော၊ ကိုယ့်ကိုပုတ်ခတ်၊ တိုက်ခိုက်တတ်ကုန်၊ ရန်သူပုန်တို့ကို။ ဧကဒါ၊ တပြိုင်နက်သာ၊ ချိန်တခါတည်း။ နဝိဂ္ဂဏှေယျ၊ ဆိုင်ပြိုင်မလိုက်၊ မတိုက်ခိုက်ရာ။ ကသ္မာ၊ တိုက်ရန်မဖွယ်၊ အကြောင်းဝယ် အဘယ်နည်းဟူမူကား။ သဒပ္ပေါ၊ မာန်စောင်တက်ကြွ၊ မောက်မာလှသော။ ဥရဂေါပိ၊ ဆိပ်တောက်ပြင်းပြ၊ နာဂန္ဒယ်ရိုး၊ မြွေအမျိုးကိုသော်လည်း။ ဗဟုကီဋ္ဌေဟိ၊ များစွာသွယ်သွယ်၊ ပိုးကောင်ငယ်တို့သည်။ မုဝံ၊ မချွတ်မလွဲ၊ အမြဲအားဖြင့်။ နဿတော၊ ညှဥ်းဆဲသတ်ဖြတ်၊ ဖျက်ဆီးအပ်သေး၏။ တသ္မာ၊ ထိုသို့ခုခံသူ အားအင်ကြီးသော်လည်း၊ အားနည်းသူအများဝိုင်းက၊ ဒေါင်စိုင်းအောင် အချည်းနှီး၊ အကျိုးမဲ့ ပျက်စီးတတ်လေသောကြောင့်တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ထို့ပြင်စာတန် မှတ်ဖို့ရန် စကားတရပ်ကို ထပ်မံ၍ နာတော်မူပါဦးလော့၊ ရန်သူတဖက်ကို ချိုးဖျက်ပိုင်ပိုင် အောင်နိုင်ခြင်းငှါ အလိုရှိသောမင်းသည် မိမိအား အန်တု၍ ခုခံကြသော တပါးမကများစွာသော ရန်သူပုန်တို့ကို အကုန်လုံး ရန်ပြုလျက် တစုမကျန် တခါတည်း တွန်းလှန်၍ ခုခံပယ်နှိမ် တချိန်တည်း တိုက်မည်ဟု မည်သည့်အခါ၌မျှ ကြံစည်ခြင်း မပြုသင့်ပါ။ အဘယ်ကြောင့်နည်းဟူမူ ဆိပ်ထန်ပြင်းပြ မာန်မာနကြီးလှသော နာဂအမျိုး မြွေဆိုးမြွေဟောက် ငန်းပြောက် ငန်းကျား ကြီးမားသော မြွေကို သော်မှလည်း အားအင်ဗလ သေးငယ်လှသော ပိုးရွ ကျဉ်ကောင် ဆင်မန်ကောင် အပေါင်းတို့သည် စုဆောင်း ဝိုင်းဝန်းလျက် တပြိုင်နက် တချိန်တည်း မာန်ထောင်သည့် မြွေကြီးကို အပြီးတိုင် ခန္ဓာပျက်အောင် အသက်ကို စီရင်နိုင်ကြပေသည်။ ထို့ကြောင့် မိမိကို အန်တုလျက် ရန်ပြုသမျှအကုန် သူပုန်များစွာ တို့ကို တခါတည်း ခုခံ၍ ပြန်လှန်ကာ မတိုက်ခိုက်သင့်ပါဟူလို။

အရှင်ဥဒေါင်းမင်း....အသို့ပါနည်း၊ ဟံသာမင်းနှင့် မဟာမိတ်မဖွဲ့စပ်မူ၍ ဤအရပ်မှ ပြန်လည်ရန် အကြံတော်ရှိပါသလော၊ ဤသို့ပြန်လည်တော်မူရန်ကား လားလားမှ သင့်လျော်မည်မထင်ပါ၊ အဘယ်ကြောင့် နည်းဟူမူ ဤဟံသာမင်းသည် အကျွန်ုပ်တို့၏ နောက်မှ အလျင်စိုက်စိုက် အတွင်လိုက်ပြီးလျှင် အကျွန်ုပ်တို့ကို တိုက်ခိုက် ဖျက်ဆီးပါလိမ့်မည်၊ ဖျက်ဆီးမည်ကေန် အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မိတ်ဖွဲ့ပြီးမှသာလျှင် ပြန်လည်တော်မူရန် သင့်လျော်မည် ထင်ပါသည်။

ဒေါသနောက်လိုက်၍ မမိုက်သင့်ပုံ

ဤအကြောင်းကိုပင်လျှင် ဥပမာပုံပြင်ဖြင့် ထင်မြင်အောင် ပြပြန်လိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၉၉။ ယောတ္ထတတ္တွမဝိညာယ၊ ကောဓဿေဝ ဝသံ ဂတော။
သ တတော တပ္ပတေ မူဠှော၊ နကုလာ ဋ္ဌဝ ဗြာဟ္မဏော။

ယော၊ အကြင်သူသည်။ အတ္ထတတ္တံ၊ အကြောင်းရင်းစစ်၊ ခြေအမြစ်၏၊ဖြစ်ပုံကေန်၊ သဘောမှန်ကို။ အဝိညာယ၊ ဂ-နသေချာ၊ မသိပါဘဲလျက်။ ကောဓဿဝေ၊ ကောဓအမျက်၊ ဒေါသထွက်ခြင်း၏ သာလျှင်။ ဝသံ၊ ဖြစ်တိုင်းနဂိုရ်၊ သူ့အလိုသို့။ ဂတော၊ အစဉ်တစိုက်၊ အတွင်လိုက်၏။ တတော၊ ထိုသို့ရှုတ်တရက် ရှောင်တခင်၊ မဆင်ခြင် မတွေးတောဘဲ၊ ဒေါသ၏ အလိုသို့လိုက်မိခြင်းကြောင့်။ မူဠှော၊ တရှုးထိုး တစောက်ကန်း၊ အရမ်းမဲ့မိုက်တတ်သော။ သော၊ ထိုလူတွင်ချည်းနှီး၊ လူမိုက်ကြီးသည်။ နကုလာ၊ မြွေပါကြောင့်။ ဗြာဟ္မဏော၊ မစဉ်းမစား၊ မောင်ပုဏ္ဏားသည်။ တပ္ပတေဣဝ၊ နောင်တတဖန်၊ ပူပန်သောက၊ ဒုက္ခရသကဲ့သို့။ တပ္ပတေ၊ နောင်တတဖန်၊ ပူပန်သောက၊ ဒုက္ခရတတ်ပေ၏။

ဤမြွေပါကြောင့် နောင်တ တဖန် ပူပန်သောက ဒုက္ခရသော ပုဏ္ဏား၏ အကြောင်းကား အဘယ်သို့ပါနည်း၊ အကျယ်ကို ဝေဘန်စေလိုပါသည်ဟု ဥဒေါင်းမင်းက မေးမြန်းပြောဆိုရာ ဒူရဒဿီမည်သော လင်းတအမတ်ကြီးက အောက်ပါဝတ္ထုကို တင်လျှောက်လေ၏။

ပုဏ္ဏားနှင့် မြွေပါဝတ္ထု

လွန်လေပြီးသောအခါ **ဥဇ္ဇေနီ**ပြည်၌ **မာဓဝ**မည်သော ပုဏ္ဏားတယောက်ရှိလေ၏။ တနေ့သ၌ ထိုပုဏ္ဏား၏ ပုဏ္ဏေးမသည် ပက်လက်အရွယ် နုနယ်သော သားငယ်ကို ယူဆောင်ခဲ့၍ ပုဏ္ဏားအားကြည့်ရှု စောင့်ရှောက်ရန် အပ်နှံထားခဲ့ပြီးလျှင် ရေချိုးရန် သွားလေ၏၊ ထို့နောက် များမကြာမီ ဘုရင်မင်းမြတ်သည် သေလွန်လေပြီးသော ဘိုးဘေးတို့ကို အကြောင်းပြု၍ လဆန်းတရက်နှင့် လပြည့်နေ့ တနေ့နေ့တို့တွင် လှူဒါန်းပြုလုပ်အပ်သော **ပဗ္ဗဏသဒ္ဓ** မည်သော အလှူကို စီရင်ပြုလုပ်လိုသည်ဖြစ်၍ ထိုပုဏ္ဏားအား အမိန့်တော်နှင့် ရှေတော်သို့ လာရောက်ရန် ပင့်ခေါ်တော်မူလေ၏။

ထိုသို့ ပင့်ခေါ်တော်မူသောစကားကို ကြား၍ ပုဏ္ဏားသည် မိမိမှာ ပကတိအားဖြင့် ဆင်းရဲလှသည်ဖြစ်၍ ဤသို့ကြံစည်လေ၏—"ငါသည် အကယ်၍ မင်း၏

အထံသို့ လျင်မြန်စွာ မသွားရောက်သည်ဖြစ်အံ့၊ ထိုမင်း၏ဆုတော်လာဘ်တော် ပူဇော်သက္ကာကို ငါမှတပါး အခြားပုဏ္ဏားတို့ ယူဆောင်ကြပေလိမ့်မည်”ဟု ကြံစည်၍ ဤဆိုလတံ့သောဂါထာကို ရွတ်ဆိုမြည်တမ်းလေ၏။

၁၀၀။ အာဒေယျသ ပဒေယျသ၊ ကတ္တဗ္ဗဿ စ ကမ္မုနော။
ခိပ္ပမကြိယမာနဿ၊ ကာလော ပိဝတိ တံ ရသံ။

အာဒေယျဿစ၊ ကိုယ်နှင့်တိုက်ဆိုက်၊ ရယူထိုက်ဖွယ်၊ အသွယ်သွယ်ကိုလည်းကောင်း။ ပဒေယျဿစ၊ ကိုယ်ကချီးမြှင့်၊ ပေးကမ်းသင့်ရာ၊ အဖြာဖြာကိုလည်းကောင်း။ ကတ္တဗ္ဗဿ၊ မချွတ်ကေန်၊ ပြုရန်အစစ်၊ ပြုဘို့ဖြစ်သော။ ကမ္မုနောစ၊ အမှုကိစ္စ၊ ဟူသမျှကိုလည်းကောင်း။ ခိပ္ပံ၊ ကာလမလင့်၊ မဖင့်လောလော၊ ဆောဆောလျင်လျင်။ အကြိယမာနဿ၊ အမှုအလိုက်၊ ဂရုစိုက်၍၊ မပြုလိုက်သည်ရှိသော်။ ကာလော၊ ဖင့်နွဲ့သမျှ၊ ချိန်ကာလသည်။ တံ ရသံ၊ ထို ယူမှုပေးမှု၊ ပြုမှုအတွက်၊ ဆက်ဆက်ရရန်၊ ရည်သန်ရွယ်ကိုး၊ အကျိုးတည်းဟူသော အရသာကို။ ပိဝတိ၊ အစဉ်တလျှောက်၊ အတွင်သောက်တတ်၏။

အဓိပ္ပါယ်။ ။ မိမိနှင့်တိုက်ဆိုက်၍ ရသင့် ရရန် ရဘို့မှန်သည့် အတန်တန်သော ပစ္စည်းဥစ္စာ ဟူသမျှတို့ကို ယူရမည့်အရာဌာနတို့၌လည်းကောင်း၊ မိမိက ပေးသင့် ပေးရန် ပေးဘို့မှန်သည့် အတန်တန်သော ပစ္စည်းဥစ္စာ ဟူသမျှတို့ကို ချီးမြှင့်ပေးကမ်းရမည့် အရာဌာနတို့၌လည်းကောင်း, ပြုထိုက် ပြုရန် ပြုဘို့မှန်သဖြင့် ကေန္တ ပြုသင့်သောကိစ္စ ဟူသမျှတို့၌လည်းကောင်း, ကာလကို မကြာမမြင့် မဖင့်မနွဲ့စေဘဲ လျင်မြန်ဆောစွာသာလျှင် ယူခြင်း, ပေးခြင်း, စီမံအားထုတ်ခြင်းတို့ကို ပြုလုပ်ရမည်။ ယင်းသို့ မပြုလုပ်ခဲ့ပါမူ ထိုအချိန်ကာလသည် ယူရ, ပေးရ, ပြုလုပ်ရသည့်အတွက် ဆတ်ဆတ်ကေန် ရဘို့ရန်ဖြစ်သော အကျိုး တည်းဟူသော အရသာကို သောက်မျိုကုန်ခန်းစေတတ်သည်ဖြစ်၍ မိမိမှာ အကျိုးမပြီးဘဲ အချည်းနှီးဖြစ်တတ်ပေသည်ဟူလို။

အသို့နည်း....ဤအရပ်၌ သားငယ်ကို စောင့်ရှောက်မည့်သူ တစုံတယောက်မျှ မရှိပါတကား၊ ထိုသားငယ်အား စောင့်ရှောက်ခြင်းကို ငါသည် အဘယ်ကဲ့သို့ ကြံစည်ပြုလုပ်ရပါအံ့နည်း၊ ရှိစေဦး....ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ဤသားနှင့်မခြား ကောင်းစွာပြုစုလျက် ကြည့်ရှုမွေးမြူ၍ ထားအပ်သော မြွေပါကို သူငယ်အား စောင့်ရှောက်ရန်ထားခဲ့၍ သွားအံ့ဟု ကြံစည်ပြီးလျှင် မြွေပါကို အစောင့်အရှောက်ထားခဲ့၍ ဘုရင့်ထံသို့ သွားလေ၏။

ထိုသို့ ပုဏ္ဏားသွားလေရာ မြွေပါသည် သူငယ်၏အနီးသို့ ချဉ်းကပ်လာသော မြွေဟောက်တကောင်ကို တွေ့မြင်လေလျှင် ထိုမြွေဟောက်ကို ညှဉ်းဆဲပုတ်ခတ်

ကိုက်သတ်၍ အပိုင်းပိုင်း ဖြတ်လေ၏။ ထိုသို့ပြုလုပ်ရာ မြွေပါသည် မင်းထံမှ ပြန်၍ လာသော မိမိသခင်ပုဏ္ဏားကို မြင်လေလျှင် သွေးတို့ဖြင့် အလိမ်းလိမ်း ကပ်သော နှုတ်သီး, လက်, ခြေတို့ဖြင့် သခင်၏အနီးသို့ လျင်မြန်စွာ ပြေးသွား ချဉ်းကပ်ကာ ဝမ်းသာသည့် အမူအရာတို့ဖြင့် ထိုသခင် ပုဏ္ဏား၏ ခြေတို့၌ လူး လည်ရစ်ပတ်၍ အထပ်ထပ် ပါးလူးနားလူးဖြင့် မြူးတူး ကစားလေ၏။ ထိုအခါ ပုဏ္ဏားသည် ထိုသွေးတို့ဖြင့် လိမ်းကျံသော အခြင်းအရာကို မြင်လေသော် "ဤ မြွေပါသည် ငါ၏ သားငယ်ကို ကိုက်သတ်၍ စားနှင့်ပြီတကား" ဟု အထင်မှား ပြီးလျှင် ဒေါသကို ရှေ့ထားလျက် ရုတ်တရက် ရှောင်တခင် မဆင်ခြင်ဘဲ မြွေပါ ကို ရိုက်နှက်၍ အသက်ဆုံးရှုံးအောင် စီရင်လေ၏။

ထိုသို့ မြွေပါကို ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်ပြီးသည်၏ အခြားမဲ့၌ ပုဏ္ဏား သည် အနီးသို့ ချဉ်းကပ်၍ မိမိ၏သားငယ်ကို ကြည့်ရှုလေသော် သူငယ်သည် ဘေးမခ ရန်မသန်းဘဲ ချမ်းသာစွာတည်လျက် ပခက်တွင်း၌ ကောင်းစွာ အိပ် စက်၍နေသည်ကိုလည်းကောင်း, သေကြေပျက်စီးလျက် အပိုင်းပိုင်း ပြတ်၍နေ သော မြွေဟောက်ကိုလည်းကောင်း တွေ့မြင်ရလေ၏။

ထိုသို့ တွေ့မြင်ရသဖြင့် အကြောင်းဖြစ်ပုံ အလုံးစုံကို ကုန်စင်အောင် သိရ သောအခါ ထိုပုဏ္ဏားသည် မိမိအား အလွန်ကျေးဇူးပြုပေသော မြွေပါကို အကြိမ်ကြိမ် အဖန်ဖန် ပြန်လှန် စဉ်းစားပြီးလျှင် ယူကျုံးမရ "မှားလေစွ....မှား လေစွ" ဟု သောကမီး အမျှင်တန်းလျက် အလွန်လျှင် ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်ရလေ၏။ ထို့ကြောင့် ကျွန်တော်မျိုးသည် **ယောတ္ထတတ္တမဝိညာယ** အစရှိသော စကားကို ပြောဆိုခဲ့ပါသည်ဟု တင်လျှောက်လေ၏။

ပုဏ္ဏားနှင့် မြွေပါဝတ္ထု ပြီး၏။

ဟံသာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု (အဆက်)

· ချမ်းသာလိုသူများ ရှောင်ရှားရမည့် အရာခြောက်မျိုး

ထိုမှတပါး မှတ်သားရန် စကားတရပ်ကိုလည်း ထပ်မံ၍ ကြားနာတော်မူ ပါဦးလော့ ဟု ဆိုပြီးလျှင် **ကာမော ကောဓော** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၁။ ကာမော ကောဓော တထာ လောဘော၊
ဟာသော မာနော မဒေါ တထာ။
ဆဝဂ္ဂမုသဇ္ဇေဒေန—
မသ္မိံ စတ္တေ သုခီ ဘဝေ။

ကာမေ၊ ဣတ္ထိအာရုံ၊ ကာမဂုဏ်၌၊ ခုံမင်နှစ်သက်၊ အလွန်မက်ခြင်းလည်း ကောင်း။ ကောဓေ၊ ဒေါသအမျက်၊ ပြင်းစွာ ထွက်ခြင်းလည်းကောင်း။ တထာ၊ ထိုမှတပါး။ လောဘေ၊ ကပ်ငြိတွယ်တာ၊ တဏှာရမ္မက်၊ လောဘ ထွက်ခြင်းလည်းကောင်း။ ဟာသေ၊ ဘဝင်တက်ကြွ၊ ဟဒယရှင်မြူး၊ အပျော် ကြူးခြင်း လည်းကောင်း။ မာနေ၊ မောက်မော်တက်ကြွ၊ မာနထောင်လွှား ခြင်းလည်းကောင်း။ မဒေ၊ ပုရိသမဒ၊ စသည်တန်တန်၊ ယစ်သောမာန် လည်းကောင်း။ ဣတိ၊ ဤသို့။ နေ့ဆဝဂ္ဂံ၊ ဤခြောက်ပါးအစု၊ ခြောက်ခုတို့၏ အပေါင်းကို။ နရော၊ ကိုယ်စိတ်နှစ်ဖြာ၊ မြတ်ချမ်းသာကို၊ အာသာခင်မင်၊ လိုချင် တောင့်တသောသူသည်။ ဥသင္ဓေ၊ အလျှင်းလွတ်လွတ်၊ စွန့်ပယ်လွှတ်သင့်၏။ အသို့၊ ဤခြောက်ပါးအစု၊ ခြောက်ခုတို့၏ အပေါင်းကို။ စတ္တေ၊ အလျှင်း လွတ်လွတ်၊ ပယ်စွန့်လွှတ်အပ်သည်ရှိသော်။ နရော၊ လွတ်လွတ်ကျွတ်ကျွတ်၊ စွန့်ပယ်လွှတ်သောသူသည်။ သုခံ၊ ကိုယ်စိတ်နှင့်ဖြာ၊လွန်စွာချမ်းသာခြင်းသည်။ ဘဝေ၊ စင်စစ်ကေန်၊ အမှန်ဖြစ်ပေရာ၏။

အဓိပ္ပါယ်။　။အရှင်မင်းကြီး....

(၁) ဣတ္ထိအာရုံ ကာမဂုဏ်၌ ခုံမင်သည့်အာသာဖြင့်လွန်တရာတပ်မက်ခြင်း၊

(၂) ဒေါသအမျက် ပြင်းစွာထွက်ခြင်း၊

(၃) ထိုထိုသို့သောအာရုံ၌ ခုံမင်တွယ်တာ တဏှာရမ္မက် ငမ်းငမ်းတက် ဖြစ်ခြင်း၊

(၄) စကားပြောဟော တသောသောနှင့် ရယ်မောပျော်ပါး ကစားမြူးတူး အရှင်ကြူးခြင်း၊

(၅) မောက်မော်တက်ကြွ မာနတံခွန် အလွန်ထောင်လွှားခြင်း၊

(၆) ငါယောကျာ်းဟု ကြုံးဝါးသံပ ပုရိသမဒ စသည်ပြားလစ် မာန်စုံယစ် ခြင်း—ဤခြောက်ပါးအစု ခြောက်ခုအပေါင်း မကောင်းသော အမှုအရာတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို အလိုရှိသောသူသည် လွတ်လွတ်ကင်းကင်း ရှင်းရှင်းကြီး စွန့်လွှတ်ထိုက်ပါသည်။ ဤခြောက်ပါးသောအမှုအရာတို့ကို ကင်း ရှင်းစွာ စွန့်လွှတ်ပါမူ ထိုသည့်သူမှာ ကေန္တမလွဲ ချမ်းသာမြဲ ဖြစ်ပါသည် ဟူလို။

ပူးမတ်တို့၏ မြင့်မြတ်သောဂုဏ်ငါးရပ်

ထိုအခါ ဥဒေါင်းမင်းက "ဒူရဒဿီ အမတ်ကြီး....ဤသို့ အစေ့အစပ် ပြုလုပ် ခြင်းသည်ပင်လျှင် အသင့်လျော်ဆုံးဟူ၍ သင်၏ဆုံးဖြတ်ချက် ဖြစ်ပါသလော" ဟု အမေးတော်ရှိရာ လင်းတအမတ်ကြီးက "ဟုတ်မှန်လှပါသည် အရှင်....

ဤဟင်္သာမင်းနှင့် အစေ့အစပ်ပြု၍ မဟာမိတ်ဖွဲ့ခြင်းသည်ပင်လျှင် အသင့်လျော်ဆုံးဟု ကျွန်တော်မျိုး၏ ဆုံးဖြတ်ခြင်းဖြစ်ပါသည်၊ အကြောင်းကို နာတော်မူပါဦးလော့”ဟုဆို၍ **ပရမတ္ထသု သတိ စ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၁၀၂။ ပရမတ္ထသု သတိ စ၊ ဝိတက္ကော ဉာဏနိစ္ဆယော။
ဓိရတာ မန္တဂုတ္တိဥ၊ မန္တိနော ပရမော ဂုဏော။

ပရမတ္ထသု၊ နက်နဲဘွယ်ရာ၊ ကြီးကျယ်စွာသော အကြောင်းကို၊ ကောင်းစွာနှိုင်းချိန်ရာတို့၌။ သတိစ၊ အောက်မေ့ဖန်ဖန်၊ ပြန်လှန်ပိုင်ပိုင်၊ နှလုံးသွင်းနိုင်ခြင်းလည်းကောင်း။ ဝိတက္ကောစ၊ ထိုထို့ဤဤ၊ အလီလီဖန်၊ ကောင်းစွာကြံတတ်ခြင်း လည်းကောင်း။ ဉာဏနိစ္ဆယောစ၊ဟုတ်တိုင်းမှန်ရာ၊ သေချာပိုင်ပိုင်၊ ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ခြင်း လည်းကောင်း။ ဓိရတာစ၊ မြဲမြံခိုင်ခံ့၊ တည်တံ့သည်၏ အဖြစ်လည်းကောင်း။ မန္တဂုတ္တိဥ၊ လျှို့ဝှက်ကြပ်ကြပ်၊ တိုင်ပင်အပ်သည်ကို၊ သပ်ရပ်ပြည့်စုံ၊ လုံခြုံစေခြင်း လည်းကောင်း။ ဣတိအယံသဗ္ဗော၊ ဤသို့ပြကုန်၊ လုံးစုံစုဆောင်း၊ ဂုဏ်အပေါင်းသည်။ မန္တိနော၊ တိုင်ပင်ခန့်အပ်၊ မင်းအမတ်၏။ ပရမော၊ တင့်တယ်လျောက်ပတ်၊ လွန်မြင့်မြတ်သော။ ဂုဏော၊ မှူးမတ်အင်္ဂါ၊ ပြည့်ရာအကြောင်း၊ ဂုဏ်အပေါင်းပေတည်း။

အဓိပ္ပါယ်——

(၁) ကြီးကျယ်နက်နဲ ခက်ခဲသော အကြောင်းကို ကောင်းစွာ စဉ်းစားနှိုင်းချိန်ရာတို့၌ ထိုစဉ်းစားဆင်ခြင်အပ်သော အကြောင်းကို မေ့လျော့ပေါ့တန်ခြင်းမရှိဘဲ အကြိမ်ကြိမ်အဖန်ဖန် ပြန်လှန်ပိုင်ပိုင် အောက်မေ့နှလုံးသွင်းနိုင်ခြင်း၊

(၂) ထိုထိုဤဤ အလီလီဖန်တီး၍ အနည်းနည်းဝေဘန်လျက် ကောင်းစွာကြံစည်နိုင်ခြင်း၊

(၃) ဟုတ်တိုင်းမှန်ရာ သေချာပိုင်ပိုင် ပညာဉာဏ်ရှေ့သွားလျက် ပြတ်သားစွာ ဆုံးဖြတ်နိုင်ခြင်း၊

(၄) နှုတ်နှဲ့မယိုင် ကျောက်စာတိုင်ပမာ စိတ်သဘောတည်တံ့လျက် ကြံ့ခိုင်မြဲမြံစွာဖြစ်ခြင်း၊

(၅) တိုးတိုးတိတ်တိတ် နှစ်ယောက်ကြိတ်၍ တိတ်တဆိတ် လုံခြုံစွာတိုင်ပင်အပ်သောအရာကို သပ်ရပ်သေချာ ပြည့်စုံစွာ လုံခြုံစေခြင်း— ဤသို့ပြဆိုအပ်ပြီးသော ငါးရပ်သော ဂုဏ်အပေါင်းသည် မင်းတိုင်ပင်အပ် မင်းအမတ်၏ တင့်တယ်လျောက်ပတ် မြင့်မြတ်သောဂုဏ်တို့ ဖြစ်ပါသည် ဟူလို။

မဆင်ခြင်ဘဲ အလျင်တဆော မပြုသင့်ပုံ

ထို့ပြင်တတန် မှတ်သားရန်အချက်တရပ်ကိုလည်း ဆက်စပ်၍ နာတော်မူပါဦးလော့ဟုဆိုပြီးလျှင် **သဟသာ န ကရီယတေ** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၀၃။ သဟသာ န ကရီယတေ ကြိယ—မဝိဝေကော ပရမာပဒံ ပဒံ။
ဘဇတေ ဟိ ဝိမံသကာရိနံ၊ ဂုဏလုဒ္ဓါ သယမေဝ သမ္ပဒါ။

(ဝေတာလီဂါထာ)

ဒေဝ၊ ငှက်တကာတို့၏ဘုရင်၊ အရှင်ဥဒေါင်းမင်း။ ကြိယံ၊ ပြုဘွယ်ကိစ္စ၊ ဟူသမျှကို။ သဟသာ၊ ဆောဆောလျင်လျင်၊ မဆင်ခြင်ဘဲ။ နကရီယတေ၊ မသင့်မဖွယ်၊ မတင့်တယ်သဖြင့်၊ အကယ်မပြုသင့်။ ကသ္မာ၊ ဘယ်သို့အမှု၊ အကြောင်းစုကြောင့်၊ မပြုသင့်သနည်းဟူမူကား။ အဝိဝေကော၊ မစူးစမ်းမဆင်ခြင်၊ လျင်လျင်အားထုတ်၊ စီမံလုပ်ခြင်းသည်။ အာပဒံ – အာပဒဿ၊ စည်းစိမ်ဥစ္စာ၊ အစဖြာလျက်၊ အရာရာ၏ ပျက်စီးခြင်းငါ့။ ပရံပဒံ၊ ထူးခြားကဲချွန်၍၊ လွန်သော အကြောင်းပေတည်း။ ဂုဏလုဒ္ဓါစ၊ လိုချင်တပ်မက်၊ နှစ်သက်အပ်သော ဂုဏ်တို့သည်လည်းကောင်း။ ဝါ၊ ဂုဏ်နှင့် ကပ်လျက်၊ ထက်ကြပ်ပါကုန်သော။ သမ္ပဒါစ၊ စည်းစိမ်ဥစ္စာ၊ အစဖြာလျက်၊ အရာရာ၏ ပြည့်စုံခြင်းတို့သည်လည်းကောင်း။ ဝိမံသကာရိနံ၊ စူးစမ်းဆင်ခြင်၍၊ မြော်မြင်အားထုတ်၊ ပြုလုပ်လေ့ရှိကုန်သော သူတို့အား။ ဝါ....သူတို့သို့။ သယမေဝ၊ မဖိတ်မခေါ်၊ မမြော်မကြို၊ မိမိအလိုလိုသာလျှင်။ ဘဇတေဟိ–ဘဇတေဝ၊ မှီခိုရောက်လာ၊ ဆည်းကပ်ပေရာသည်သာလျှင်တည်း။ တသ္မာ၊ ထိုသို့အမှု၊ အကြောင်းစုကြောင့်ပေတည်း။

အဓိပ္ပါယ်။ ။အရှင်ဥဒေါင်းမင်း....အရပ်ရပ် အသွယ်သွယ် ပြုဘွယ်ကိစ္စဟူသမျှတို့ကို ဆောဆောလျင်လျင် မဆင်ခြင်မူ၍ ပြုရန်မဖွယ် မတင့်တယ်သဖြင့် မည်သည့်အခါ၌မျှ မပြုလုပ်သင့်ပေ၊ ပြုလုပ်တော်မမူပါလင့်။ အဘယ့်ကြောင့် ပြုရန်မဖွယ် မတင့်တယ်သနည်းဟူမူကား....မစူးစမ်း မဆင်ခြင်မူ၍ အလျင်တဆော လောလောခြင်း အားထုတ်လျက် ရုတ်တရက်ရှောင်တခင် လျင်မြန်စွာ စီမံပြုလုပ်ခြင်းသည် စည်းစိမ်ဥစ္စာမှစ၍ အစစအရာရာတို့ ကြီးကျယ်စွာလျှောပါး ပျက်စီးခြင်း၏ ပျက်စီးဘို့ရန် ထူးချွန်လွန်ကဲသော အကြောင်းကြီးဖြစ်ပါသည်။ ထို့ပြင် လိုချင်တပ်မက် နှစ်သက်အပ်သော ဂုဏ်တို့သည်လည်းကောင်း, ထို ဂုဏ်နှင့်ကပ်လျက် ထက်ကြပ်ပါလာသော စည်းစိမ်ဥစ္စာ အရာရာ၏ ပြည့်စုံခြင်း တို့သည်လည်းကောင်း ဆောင်ရွက်ရန်ကိစ္စ အထူးတို့၌ စူးစမ်းဆင်ခြင်လျက်

မြော်မြင်စွာ ပြုလုပ်လေ့ရှိကုန်သော သူတို့သို့ မဖိတ်မခေါ် မမြော်မကြိုဘဲ မိမိ အလိုလိုသာလျှင် မှီခိုရောက်လာ ဆည်းကပ်ရာသည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ပြုဘွယ်ကိစ္စ ဟူသမျှတို့ကို ဆောဆောလျင်လျင် မဆင်ခြင်မူ၍ ပြုရန်မဖွယ် မတင့်တယ်ပါ၊ ပြုလုပ်တော်မမူပါလင့်ဟု ဆိုလိုသည်။

အရှင်ဥဒေါင်းမင်း.... ထို့ကြောင့် အကယ်၍ အကျွန်ုပ်တင်လျှောက်သည့် အတိုင်း လိုက်နာဆောင်ရွက် ပြုလုပ်တော်မူပါအံ့၊ ထိုသို့ပြုလုပ်တော်မူသည် ရှိသော် ဟင်္သာမင်းနှင့် အစေ့အစပ် မဟာမိတ်ဖွဲ့၍ မိမိတို့တိုင်းနိုင်ငံသို့ ပြန်လည် ကြွပါကုန်အံ့။

အကျိုးပြီးမြောက် ခရီးရောက်သည့် ဥပါယ်တပါး

ထိုသို့ ပြုလုပ်ရခြင်း၏ အကြောင်းကို တင်လျှောက်ပါအံ့၊ နာတော်မူပါ ဦးလေ့ဟု ဆို၍ **ယဒျပျုပါယာ** အစရှိသော ဂါထာဖြင့် ရွတ်ဆိုတင်လျှောက် ပြန်လေ၏။

၁၀၄။ ယဒျပျုပါယာ စတ္တာရော၊ နိဒ္ဒိဋ္ဌာ သာဓျသာဓနေ။
သင်္ချာမတ္တံ ဖလံ တေသံ၊ သိဒ္ဓိ သာမေ ဗျဝတ္ထိတာ။

ဒေဝ၊ ငှက်တကာတို့၏သခင်၊ ဘုရင်ဖြစ်တော်မူသော၊ အရှင်ဥဒေါင်းမင်း။ သာဓျသာဓနေ၊ ပြီးစေအပ်သောကိစ္စ၊ အဝဝ အဖုံဖုံတို့ကို၊ ပြည့်စုံပြီးမြောက်စေ ခြင်း၌။ စတ္တာရော၊ လေးပါးကုန်သော။ ဥပါယာ၊ သာမ,ဘေဒ၊ စသည်သွယ်သွယ်၊ ကြောင်းဥပါယ်တို့ကို။ ယဒိပိနိဒ္ဒိဋ္ဌာ၊ အကယ်၍ကား၊ ညွှန်းပြကြားအပ်ကုန်၏။ ပန၊ ထိုသို့အလို၊ ညွှန်းပြဆိုအပ်ကုန်သော်လည်း။ တေသံ၊ ထိုသည့်လေးပါး၊ ညွှန်ကြားသွယ်သွယ်၊ ကြောင်းဥပါယ်တို့၏။ ဖလံ၊ ညွှန်းပြဆိုရိုး၊ ထိုအကျိုး သည်။ သင်္ချာမတ္တံ၊ ရေတွက်သင်္ချာ၊ ပြဆန်းကာမျှ၊ ပမာဏရှိ၏။ သိဒ္ဓိ၊ အကျိုးပေါက်ရောက်၊ ခရီးရောက်၍၊ ပြီးမြောက်အောင်မြင်ခြင်းကို။ သာမေ၊ ကျေချမ်းစေမှု၊ အေးငြိမ်းစွာပြုခြင်းဟု ဆိုအပ်သော၊ **သာမ**ဥပါယ်၌သာလျှင်။ ဗျဝတ္ထိတာ၊ ပိုင်းခြားဆုံးဖြတ်၊ မှတ်သားအပ်၏။

အဓိပ္ပါယ်။ ။ အရှင်မင်းကြီး.... ပြီးစေအပ် ပြီးစေသင့်သော ကိစ္စ အဝဝ အဖုံဖုံတို့ကို ပြည့်စုံပြီးမြောက် ခရီးရောက်စေခြင်း၌ ပညာဉာဏ်ရှိ ကဝိအမော် ပုဂ္ဂိုလ်ကျော်တို့သည် ဘေဒဥပါယ်, ဒဏ္ဍဥပါယ်, သာမဥပါယ်, ဒါနဥပါယ်ဟူ၍ လေးပါးသော ဥပါယ်တို့ကို အသွယ်သွယ်ပိုင်းခြားလျက် အကယ်၍ကား ညွှန်ကြားပြဆိုအပ်ပါပေ၏။ ထိုသို့ ညွှန်ကြားလျက် လေးပါး ဟု ပြဆိုအပ်ပါသော်လည်း ထိုပိုင်းခြားသွယ်သွယ် ဥပါယ်လေးမျိုးတို့၏ ပြဆို ရခြင်းအကျိုးသည် ဥပါယ်အပြား လေးပါးရှိကြောင်း အရေအတွက်သင်္ချာ

သိသာရုံမျှ ပမာဏကို ပြဆိုခြင်းမျှသာ ဖြစ်ပေသည်၊ ထိုသို့ပင် လေးပါးပြဆို အပ်ပါသော်လည်း အကျိုးပေါက်ရောက် ခရီးရောက်၍ ပြီးမြောက်အောင်မြင် ခြင်းကိုမူကား ကျေချမ်းစေမှု အေးငြိမ်းစွာ ပြုခြင်းဟု ဆိုအပ်သော သာမဥပါယ် တခုတည်း၌သာလျှင် ပိုင်းခြားဆုံးဖြတ် မှတ်သားအပ်ပါသည် ဟူလို။

ထိုအခါ ဥဒေါင်းမင်းက "အမတ်ကြီး....အသို့ပါနည်း၊ ဤကဲ့သို့ ငြိမ်းအေး စွာ မဟာမိတ်ဖွဲ့စည်း ဇေ့စပ်ခြင်းသည် အဘယ်မှာလျှင် လျင်မြန်စွာ ပြီးစီး ထမြောက်နိုင်ပါမည်နည်း"ဟု မိန့်ဆိုတော်မူလေ၏။

လူမိုက်နှင့်လူလိမ္မာ သဘောချင်းကွာကြပုံ

ထိုအခါ လင်းတအမတ်ကြီးက "အရှင်မင်းကြီး....လျင်မြန်စွာ ပြီးစီး ထမြောက်နိုင်ပါလိမ့်မည်၊ ပြီးစီးထမြောက်နိုင်ခြင်း၏ အကြောင်းကိုတင်လျှောက် ပါအံ့၊ နာတော်မူပါဦးလော့"ဟု ဆို၍ ဒုဇ္ဇနော မတ္တိကာကုမ္ဘော အစရှိသော အောက်ပါဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၁၀၅။ ဒုဇ္ဇနော မတ္တိကာကုမ္ဘော၊ သုခဘေဒေါ ဒုသန္ဓိနော။
သုဇနော သောဏ္ဏကုမ္ဘောဝ၊ ဒုဗ္ဘေဒေါ စာသု သန္ဓေယျော။

ဒုဇ္ဇနော၊ သူတော်မဟုတ်၊ မနောပုပ်သဖြင့်၊ ဆိုးယုတ်သောသူသည်။ မတ္တိကာကုမ္ဘောဝ၊ မြေစေးသက်သက်၊ အိုးထိန်းစက်တွင်၊ တင်လျက်ပြုရိုး၊ မြေညက်အိုးကဲ့သို့။ သုခဘေဒေါစ၊ အစွန်းအငြိ၊ အထိမခံ၊ တော်အတန်ဖြင့်၊ မြန်မြန်လည်း ကွဲလွယ် ပျက်လွယ်ပါ၏။ ဒုသန္ဓိနောစ၊ ကွဲပြီးတဖန်၊ စေ့စပ် ရန်လည်း၊ အင်မတန်မှ၊ ခဲယဉ်းလှပါ၏။ သုဇနောတု၊ သဘောသိမ်မွေ့၊ ရှေ့နောက် အကြောင်း၊ ဆိုးကောင်းမြော်မြင်၊ သူတော်စင်သည်ကား။ သောဏ္ဏကုမ္ဘော ဣဝ၊ ဖိုးတန်အမျိုး၊ ရွှေစင်အိုးကဲ့သို့။ ဒုဗ္ဘေဒေါစ၊ ထိခိုက်တန်တန်၊ သည်းညည်း ခံ၍၊ အင်မတန်မှ၊ ကွဲလည်း ကွဲပျက်နိုင်ခဲပါ၏။ အာသု၊ မကြာမတင်၊ ဆောလျင် စွာသာလျှင်။ သန္ဓေယျောစ၊ အသစ်တဖန်၊ ပြန်၍နောက်ထပ်၊ စေ့စပ်လည်း စေ့စပ်နိုင်ပါ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....သဘောမဟုတ် မနောပုပ်သဖြင့် ဆိုးယုတ် သောသူသည် မြေစေး မြေညက်ဖြင့် စီရင်ပြုလုပ် ဖုတ်ကျက်စေအပ်သော မြေအိုး မြေခွက်ကဲ့သို့ သက်သက်မဲ့ အထိမခံဘဲ အတော်အတန်ဖြင့်ပင်လျှင် လျင်မြန်စွာ ကွဲလွယ် ပျက်လွယ်တတ်ပါသည်၊ ကွဲပျက်ခဲ့ပြန်ပါမူလည်း နောက် ထပ်တဖန် အသစ်ပြန်၍ စေ့စပ်ဖို့ရန် အင်မတန်မှ ခဲယဉ်းလှပါသည်။ နူးညံ့ သိမ်မွေ့သော သဘောရှိသည်ဖြစ်၍ ရှေ့နောက် အဆိုးအကောင်းနှင့် အကျိုး

အကြောင်းကို မြှော်ခေါ် သိမြင်သည့် သူတော်စင်သည်မူကား အဖိုးတန်ရွှေစင် ဖြင့်ပြီးသော ရွှေအိုး ရွှေခွက်ကဲ့သို့ ထိခိုက်မှုအတန်တန်ကို သည်းညည်းခံ၍ အင်မတန်မှ ကွဲလည်း ကွဲပျက်နိုင်ခဲပါသည်၊ အကယ်၍ ကွဲပျက်ခဲ့ပြန်ပါမူလည်း အသစ်တဖန် ပြန်၍ လျင်မြန်လွယ်ကူစွာ စေ့စပ်လည်း စေ့စပ်နိုင်ပါသည် ဟူလို။

စိတ်ကြီးဝင်မာနသမားကို ပြောကြားဘို့ခဲယဉ်းပုံ

ဂငင်းပြင်တတန် စဉ်းစားရန်အချက်ကို ဆက်လက်၍ နာတော်မူပါဦးလော့ ဟု ဆို၍ **အဝိညူ သုခမာရာဓျော** အစရှိသော အောက်ပါဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၆။ အဝိညူ သုခမာရာဓျော၊ တတော သုခံ ဝိသေသညူ။
လဝညာဏာဝိမာနံ တုံ၊ န ရဉ္ဇယတိ ဗြဟ္မာပိ။

ဒေဝ၊ ငှက်တို့သနင်း၊ အရှင်ဥဒေါင်းမင်း။ အဝိညူ၊ ပညာဉာဏ်တုံး၊ လုံးလုံးမသိသောသူကို။ သုခံ၊ ပြောဆိုမခက်၊ သက်သက်သာသာ၊ လွယ်ကူစွာ ဖြင့်။ အာရာဓျော၊ မနှောမခွ၊ သဘောကျလျက်၊ အားရနှစ်သက်စေအပ်ပါ၏။ တတော၊ ထိုပညာဉာဏ်တုံး၊ လုံးလုံးမသိသောသူထက်။ ဝိသေသညူ၊ အထူး သဖြင့် သိကြားလိမ္မာ၊ ဉာဏ်ပညာရှိသောသူကို။ သုခံ၊ အပြောမခက်၊ သက်သက် သာသာ၊ လွယ်ကူစွာဖြင့်။ အာရာဓျော၊ မနှောမခွ၊ သဘောကျလျက်၊ အားရ နှစ်သက်စေအပ်ပါ၏။ လဝညာဏာဝိမာနံတုံ၊ အနည်းငယ်တန်၊ အသိဉာဏ်ဖြင့်၊ အင်မတန်ပင်၊ အထင်မြင့်မြောက်၊ စိတ်ကြီးရောက်သောသူကိုကား။ ဗြဟ္မာပိ၊ ကမ္ဘာကိုတီထွင်၍၊ စီရင်သည့်ဆရာ၊ မဟာဗြဟ္မာကြီးသော်မှလည်း။ နရဉ္ဇယတိ၊ အတန်တန်ဖန်တီးလျက်၊ အနည်းနည်းပြောဟောသဖြင့်၊ သဘောမကျစေနိုင်။ ဝါ၊ ဆင်ခြေဆင်လက်၊ အဖန်ဖန် အဆစ်တက်လှသဖြင့်၊ အတန်မှ မနှစ်သက် စေနိုင်ပါ။

အဓိပ္ပါယ်။ ။အရှင်ဥဒေါင်းမင်း....ပညာဉာဏ်တုံးသဖြင့် လုံးလုံးကြီး မသိ မလိမ္မာသောသူကို အကျိုးအကြောင်းတို့ဖြင့် ဖျောင်းဖျပြောဆို၍ မခက်ခဲဘဲ သက်သာ လွယ်ကူစွာဖြင့်ပင်လျှင် နှစ်သက်အားရ သဘောကျစေနိုင်ပါ၏။ ထိုပညာဉာဏ်တုံးသဖြင့် လုံးလုံးကြီး မသိမလိမ္မာသောသူထက် အထူးသဖြင့် သိကြား လိမ္မာ၍ ဉာဏ်ပညာရှိသောသူကို သာ၍ပင် အပြောမခက်ဘဲ သက်သာ လွယ်ကူစွာဖြင့် သဘောတူ အလိုကျလျက် နှစ်သက်အားရစေနိုင်ပါသေးသည်။ အနည်းငယ်တန် အသိဉာဏ်ရှိသည်ကိုပင်လျှင် အင်မတန် အထင်ကြီးလျက် မိမိ ကိုယ်ကို ပညာရှိကြီးတယောက်ဟု မာနရောက် စိတ်ကြီးဝင်သဖြင့် ဘဝင်မြင့် သောသူကိုမူကား အခြားသူကို မဆိုထားဘိ အထက်ဖျားဘုံဆုံးက ဤကမ္ဘာ

အလုံးကို သိမ်းကျုံးတီထွင်၍ စီရင်ဖန်ဆင်းသည့် မဟာဗြဟ္မာကြီးသော်မှ လည်း အတန်တန်ဖန်တီးလျက် အနည်းနည်းပြောပြသဖြင့် သဘောကျအောင် ပြုလုပ်နိုင်မည် မဟုတ်ပေ ဟူလို။

(ဤ၌ ကပ္ပါကို မဟာဗြဟ္မာဖန်ဆင်း၏ဟူသော ဝါဒသည် ဟိန္ဒူတို့ဝါဒသာ ဖြစ်သည်၊ ဗုဒ္ဓဘာသာအယူဝါဒမဟုတ်။)

အကျိုးကို ထောက်ဆ၍ အကြောင်းကို သိရပုံ

အထူးအားဖြင့် ဤဟသ်ာမင်းသည်လည်း မိမိ၏ဝတ်တရားကို သိကျွမ်း နားလည်ပါသည်၊ စက္ကဝက်အမတ်ကြီးသည်လည်း အလုံးစုံသော အမှုကိစ္စတို့၌ ကျနစွာ သိကျွမ်းနားလည်ပါသည်၊ ကျွန်တော်မျိုးသည် ဤအကြောင်းအရာ တို့ကို မေဃဝဏ္ဏကျီး ပြောဆိုခြင်းကြောင့်လည်းကောင်း, ထိုပုဂ္ဂိုလ်တို့၏ စီမံ ပြုလုပ်အပ်သော အမှုကိစ္စတို့ကို တွေ့မြင်ရသဖြင့်လည်းကောင်း ရှေးမဆွကပင် သိနှင့်ပြီးဖြစ်ပါသည်။

သိခြင်း၏အကြောင်းကို နာတော်မူပါဦးလော့ဟုဆို၍ **ကမ္မာနုမေယာ** အစ ရှိသော အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၀၇။ ကမ္မာနုမေယာ သဗ္ဗတြ၊ ပရောက္ခဂုဏဝုတ္တယော။
တသ္မာ ပရောက္ခဝုတ္တီနံ၊ ဖလာ ကမ္မံ ဝိဘာဝျတေ။

ဒေဝ၊ ငှက်တကာတို့၏ဘုရင်၊ အရှင်ဥဒေါင်းမင်း။ သဗ္ဗတြ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသော အရာဌာန၌။ ပရောက္ခဂုဏဝုတ္တယော၊ မျက်မှောက်မထင်၊ မမြင် မျက်ကွယ်၊ သွယ်သွယ်ဖြစ်ရာ၊ ကြောင်းဖြာဖြာတို့ကို။ ကမ္မာနုမေယာ၊ ပြုအပ် ပြီးမှု၊ အကြောင်းစုကို၊ ထောက်ရှုမြော်မှန်းသဖြင့်၊ ရော်ရမ်း၍ သိအပ်ကုန်၏။ တသ္မာ၊ ထိုသို့ ထောက်ရှုမြော်မှန်းသဖြင့်၊ ရမ်းဆ၍ သိအပ်ကုန်သောကြောင့်။ ပရောက္ခဝုတ္တီနံ၊ မျက်ကွယ်ဌာန၊ ဖြစ်ကုန်ကြသောသူတို့၏။ ကမ္မံ၊ ဆောင်ရွက် ပြုလုပ်၊ အားထုတ်အပ်သော အမှုအရာကို။ ဖလာ–ဖလေန၊ စီမံပြုလုပ် အားထုတ်ခြင်း၏ အကျိုးဖြင့်။ ဝါ၊ စီမံပြုလုပ်၊ အားထုတ်ခြင်း၏ အကျိုးသည်။ ဝိဘာဝျတေ၊ ဆိုးအကောင်းနှင့်၊ ကျိုးကြောင်းကွင်းကွင်း၊ ရှင်းလင်းသေချာ၊ သိမြင်သာအောင်၊ ထင်စွာဆတ်ဆတ်၊ ပြအပ်ပြပေရာ၏။

အဓိပ္ပါယ်။　။ငှက်တကာတို့၏ဘုရင်ဖြစ်တော်မူသော အရှင်ဥဒေါင်းမင်း.... အလုံးစုံသော အရာဌာနတို့၌ မိမိ၏ မျက်ကွယ်အရပ်၌ ဖြစ်ပြီးကုန်သော အသွယ်သွယ်သော အကြောင်းအရာတို့ကို "ဤအရာသည်ကား သင့်လျော် တော်တန်၏၊ ဤအရာသည်ကား မသင့်မလျော် မတော်တန်"ဟူ၍ ပြုအပ်

ပြီးသော အမှုကိစ္စတို့ကို တွေ့မြင် ကြည့်ရှုရသဖြင့် ထောက်ဆ မြော်မှန်းလျက် ရမ်းဆ၍ သိနိုင်ပါသည်။ ထို့ကြောင့် မိမိ၏ မျက်ကွယ်အရပ်၌ ဖြစ်ကုန်သော သူတို့၏ ပြုလုပ်ဆောင်ရွက်အပ်သော အမှုအရာကို ပြုလုပ်ဆောင်ရွက်စဉ်အခါ မတွေ့မြင်ရပါသော်လည်း ထိုသူတို့၏ စီမံဆောင်ရွက်ပုံ အဆိုးအကောင်းနှင့် အကျိုးအကြောင်းတို့ကို ထိုသူတို့ပြုပြီးသော အမှုကိစ္စ၏ အကျိုးဖြင့်ပင်လျှင် အကျိုးသည်ပင်လျှင် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသေချာ သိမြင်သာအောင် ထင်စွာ ပြအပ်ပြရာပါသည် ဟူလို။

ထို့နောက် ဥဒေါင်းမင်းသည် ဤသို့ မိန့်ဆိုတော်မူလေ၏—"ဒူရဒဿီ အမတ်ကြီး....စကားအပြန်အလှန် တိုင်ပင်ဆွေးနွေး ပြောဆိုခြင်း အရေးသည်ကား ပြည့်စုံလုံလောက်ပါပြီ၊ သင်အမတ်ကြီး၏ အလိုအတိုင်း ပြီးစီးအောင် ရွက်ဆောင်ပြုလုပ်ပါလေလော့"ဟု မိန့်တော်မူလေ၏။

ဤအကြောင်းအရာတို့ကို တိုင်ပင်ပြီးလျှင် လင်းတအမတ်ကြီးသည် "ထိုအရပ်၌ ထိုက်သည်အားလျော်စွာ သင့်လျော်သည့် အရာကို ကြည့်ရှုဆင်ခြင်ပြီးလျှင် စီရင်ပြုလုပ်ပါအံ့"ဟု တင်လျှောက်၍ ပြေငြိမ်းစေ့စပ်ခြင်း ပြုလုပ်ရန် ခံတပ်တွင်းသို့သွားလေ၏။

ထိုအခါ ဟင်္သာမင်း၏ သူလျှိုဖြစ်သော ဥဗျိုင်းသည် ရုတ်တရက်ရှောင်တခင် လျင်မြန်စွာ ပြန်လာခဲ့၍ ဟင်္သာမင်းအား ဤသို့လျှောက်ကြားလေ၏–"အရှင် ဟင်္သာမင်း....ဒူရဒဿီမည်သော လင်းတအမတ်ကြီးသည် မျက်နှာစုံညီ အစည်းအဝေးပြုလုပ်၍ ပြေငြိမ်းရန် အစေ့အစပ် ပြောဆိုခြင်းငှါ ယခုအခါ အရှင်၏ အထံတော်သို့ လာပါပြီ"ဟု တင်လျှောက်လေ၏။

ထိုအခါ ဟင်္သာမင်းသည် ဤသို့ မိန့်တော်မူလေ၏— "အချင်းစက္ကဝက် အမတ်ကြီး....တဖန် အစေ့အစပ် ပြောဆိုပြုလုပ်ရန် လာရာ၌ အကောက်ကြံ၍ တစုံတယောက်သော သူသည် ကျွန်ုပ်အား လုပ်ကြံရန် ဤအရပ်သို့ လာသင့်ပါသေးသလော"ဟု မိန့်တော်မူလေ၏။

လူဆိုးနှင့်ယှဉ်တွဲ၍ လူကောင်းကိုအထင်လွဲတတ်ပုံ

ယင်းသို့ မေးမြန်းပြောဆိုတော်မူရာ စက္ကဝက် အမတ်ကြီးက ပြုံးရယ်လျက် တင်လျှောက်သည်မှာ "အရှင် ဟင်္သာမင်း....ဤအကြောင်းသည် ယုံမှားသံသယ ဖြစ်သင့်သော အကြောင်းမဟုတ်ပါ၊ အဘယ့်ကြောင့်နည်း ဟူမူကား.... ဤဒူရ-ဒဿီမည်သော အမတ်ကြီးသည် မြင့်မြတ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော သူတယောက် ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ယုံမှားသံသယ မဖြစ်သင့်ပါ၊ တနည်းသော်ကား "ဤသို့ မှတ်ထင် ဆင်ခြင်ပြုလုပ်ခြင်းသည် ပညာသေးနုပ်

အမြင်ယုတ်သောသူတို့၏ အမူအရာသာဖြစ်ပါသည်၊ အဘယ့်ကြောင့် ဆိုသော် တခါတရံ ရန်သူတို့ကိုပင်သော်လည်း သို့လော အသို့လောဟု တွေးတော ယုံမှားခြင်း အလျှင်းမပြုထိုက်ပါ၊ တခါတရံ မိတ်ဆွေကို ဖြစ်စေ ရန်သူကို ဖြစ်စေ အလုံးစုံသောသူတို့၌ ယုံမှားသံသယဖြစ်ထိုက်ပါသည်၊ အကြောင်းကို နာတော်မူပါဦးလော့”ဟု ဆိုပြီးလျှင် **သရသိ ဗဟုသော** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၀၇။ သရသိ ဗဟုသော တာရစ္ဆာယေ ခဏာ ပရိဝဋ္ဋိတော၊
ကုမုဒဝိတပါန္ဒေသီ ဟံသော နိသာသုဝိစက္ခဏော။
န ဒသတိ ပုနတ္တာရာသင်္ကီ ဒိဝါပိ သိတောပ္ပလံ၊
ကုဟာကစကိတော လောကော သစ္စေပျပါယမပေက္ခတေ။

(ဟရဏီဂါထာ)

သရသိ၊ ကြာမျိုးရန့်၊ သင်းပျံ့ကြိုင်လှိုင်၊ ထုံးရေအိုင်၌။ ကုမုဒဝိတပါန္ဒေသီ၊ ကြာညှောက်ကြာစွယ်တို့ကို၊ လှည့်လည်မပြီး၊ ရှာဖွေမှီးလေ့ရှိသော။ အဝိစက္ခဏော၊ ကြာစွယ်နှင့်ကြယ်ရိပ်ကို၊ ခွဲစိတ်ဝေဘန်၍၊ အမှန်ကိုမသိတတ်သော။ ဟံသော၊ ဆင်ခြင်ကင်းကွာ၊ ရွှေဟင်္သာသည်။နိသာသု၊ လင်းလင်းမထင်၊ မှုန်မွှားမြင်ရာ၊ ညအခါတို့၌။ ဗဟုသော၊ ရေကန်အပြည့်၊ တွေ့ဘိအပြား၊ များသောအားဖြင့်။ ပဿိတော၊ မျက်ဝါးထင်ထင်၊ တွေ့မြင်အပ်ကုန်သော။ တာရစ္ဆာယေ၊ ကြယ်၏တံဆိပ်၊ အရိပ်ပြောင်ပြောင်၊ ကြယ်အရောင်တို့ကို။ ခဏာ၊ တကြိမ်တည်းသာ၊ ညအခါတွင်၊ ခဏတာ မြင်ခြင်းမျှဖြင့်။ ပရိဝဋ္ဋိတော၊ ဖူးဖူးမြင်သမျှ၊ ကြယ်ထင်ရအောင်၊ သွေးဆောင်လှည့်ပတ်၊ ဖြားယောင်းအပ်သည်ဖြစ်၍။ ပုန၊ တဖန်။ ဒိဝါအပိ၊ ကြည်လင်ပြတ်သား၊ ထင်ရှားမြင်ရာ၊ နေ့အခါ၌လည်း။ တာရာသင်္ကီ၊ ကြယ်ဟူ၍ပင်၊ မှတ်ယူထင်သည်ဖြစ်၍။ သိတောပ္ပလံ၊ အဖြူရောင်ပေါက်၊ ပြောင်ပြောင်တောက်သည့်၊ ကြာညှောက်ကြာစွယ်ကို။ နဒသတိ၊ နှုတ်လုံးအထား၊ အဆုံးမှားသဖြင့်၊ လုံးလုံးကြီး မသုံးမစားပေ။ တထေဝ၊ ထိုနည်းပမာ၊ အတူသာလျှင်။ ကုဟာကစကိတော၊ မာယာဉာဏ်သွား၊ လူနပ်ပါးတို့၊ ဖြားယောင်းလှည့်ပတ်၊ လိမ်လည်အပ်သောကြောင့်။ လောကော၊ ကွေ့ကောက် မတတ်၊ ရိုးဖြောင့်မတ်သူ၊ လူများအပေါင်းသည်။ သစ္စေပိ၊ ဟုတ်မှန် ဖြောင့်စင်း၊ သဘောရင်း ဖြစ်သော အရာ၌လည်း။ အပါယံ၊ အပျက်အယုတ်၊ မဟုတ်မမှန်၊ လုပ်ကြံအပ်သောအရာဟူ၍။ အပေက္ခတေ၊ ကြည့်ရှုဆင်ခြင်၊ မှတ်ယူထင်ပေ၏။

အဓိပ္ပါယ်။ ။ကြာမျိုးအပေါင်းတို့ဖြင့် သင်းပျံ့မွှေးကြိုင် ရန့်လှိုင်သည့် ထုံးရေအိုင်ကြီး၌ ကြာညှောက် ကြာစွယ်တို့ကို လှည့်လည် ရှာမှီးလေ့ရှိ

သော ကြာစွယ်နှင့် ကြယ်ရိပ်ကို ခွဲစိတ်ဝေဘန်၍ မှန်ကန်စွာ မသိတတ်သည့် ဟသ်ာသည် လင်းလင်း မထင် မှုန်မှုန် မွှားမွှားသာ မြင်ရသော ညဥ့်အခါကာလတို့၌ ရေကန်၏အတွင်း၌ များစွာထင်လာ မြင်လာ ကျရောက်လာကုန်သော ကြယ်တို့၏ တံဆိပ် အရိပ်ပြောင်ပြောင် ကြယ်အရောင်တို့ကို တကြိမ်တည်းသာ ညအခါတွင် ခဏတာမျှ မြင်ခြင်းဖြင့် နောက်အခါ၌လည်း ရေအိုင်၌ ဖွေးဖွေးမြင်သမျှ ကြယ်ဟူ၍ပင် ထင်မှတ်ရလေအောင် သွေးဆောင်လှည့်ပတ်လျက် ထားအပ်သည်ဖြစ်၍ ထိုနောက် ကြည်လင်ထင်ရှား ပြတ်သားစွာမြင်ရသော နေ့အခါ၌လည်း ရေအိုင်၏အတွင်း၌ အဖြူရောင်ပေါက်လျက် ပြောင်ပြောင်တောက်သည့် ကြာညှောက် ကြာစွယ်တို့ကို ကြယ်ဟူ၍ပင် အထင်မှောက်မှား နှလုံးထားလွဲသဖြင့် မသုံးမစားဘဲ နေတတ်ပေသည်။ ထို့အတူ မာယာဉာဏ်သွားလှသည့် လူနပ်လူပါးတို့သည် ဖြားယောင်းလှည့်ပတ် လိမ်လည်၍ထားအပ်သောကြောင့် ဝါ–အလိမ်ခံခဲ့ရဘူးလေသောကြောင့် ကွေ့ကောက်ဉာဏ်မတတ် ရိုးသားဖြောင့်မတ်သောသူ လူများအပေါင်းသည် လိမ်လည်မလုပ်မူ၍ ဟုတ်မှန်ဖြောင့်စင်း သဘောရင်းဖြစ်သော အရာ၌လည်း အပျက်အယုတ် မဟုတ်မမှန် လုပ်ကြံအပ်သော အရာပင်တည်းဟူ၍ သံသဲမဲအားဖြင့် စွဲမြဲစွာ အောက်မေ့ဆင်ခြင်လျက် အလွဲလွဲထင်တတ် မှတ်ယူတတ်ပေသည် ဟူလို။

အရှင်မင်းကြီး....ဥပမာစကားတရပ်ကိုလည်း ထပ်မံ၍နာတော်မူပါဦးလော့ဟု ဆိုပြီးလျှင် **ဒုဇ္ဇနဒူသိတမနသော** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၀၉။ ဒုဇ္ဇနဒူသိတမနသော၊ သုဇနေသွပိ နတ္ထိ ဝိဿာသော။
ဗာလော ပါယသဒဍ္ဎော၊ ဒဓျပိ နနု ဖုက္ကတံ ဘုဉ္ဇေ။

(အရိယာဂါထာ)

ဒုဇ္ဇနဒူသိတမနသော၊ ယုတ်မာညစ်ညမ်း၊ လူသရမ်းတို့၊ မိုက်ကန်းသည့်အချက်ဖြင့်၊ ဖျက်ဆီးအပ်သော စိတ်ရှိသောသူအား။ သုဇနေသုအပိ၊ မြင့်မြတ်မျိုးမှန်၊ အဖိုးတန်သည့်၊ အရိုးခံသူတော်ကောင်းတို့၌ သော်လည်း။ ဝိဿာ-သော၊ နှစ်ခြိုက်အကုန်၊ လုံးလုံးပုံလျက်၊ ယုံကြည်စိတ်ချခြင်းသည်။ နတ္ထိ၊ မုချကေန်၊ မရှိရိုးမှန်ပေ၏။ ပါယသဒဍ္ဎော၊ နို့ဃနာဟူ၊ အဆင်းဖြူသည့်၊ ထမင်းပူလောင်ဘူးသော။ဗာလော၊ သေးကွေးနုနယ်၊ လူမမယ်သည်။ ဒဓျပိ–ဒဓိအပိ၊ မပူမနွေး၊ ဖြူဖြူဖွေးလျက်၊ အေးစက်သော နို့ဓမ်းကိုသော်လည်း။ ဖုက္ကတံ၊ ရှေးယခင် နို့ထမင်းနှင့်၊ အဖြူချင်းအသွင်တူသဖြင့်၊ ပူမည်ဟုထင်ယူ စိတ်ကူးလျက်၊

(ဖူး) (ဖူး) ဟု မှတ်ပြီးမှ။ ဘုရွေနနု၊ စိတ်ချလုံးလုံး၊ စားမျိုသုံးသည် မဟုတ်ပါလော။

အဓိပ္ပါယ်။ ။ယုတ်မာညစ်ညမ်း သရမ်းသောသူတို့သည် မိုက်ကန်းပျက်ချော် မလျော်သောအမှုဖြင့် ပြုကျင့်ဖျက်ဆီးအပ်သော စိတ်သဘောရှိသောသူသည် ထိုသူယုတ်မာမှတပါး အခြားသော မြင့်မြတ်မျိုးမှန် အဖိုးတန်သည့် အရိုးခံသူတော်ကောင်းတို့၌သော်လည်း ယခင်နည်းသဘောပိုက်သဖြင့် နှစ်ခြိုက်အကုန် လုံးလုံးပုံလျက် ယုံကြည်စိတ်ချခြင်း အလျှင်းမရှိပေ၊ အကြောင်းကိုဆိုသော် နွားနို့ဖြင့် ချက်ပြုတ်အပ်သဖြင့် နို့ဃနာမည်သော အဆင်းဖြူသည့် ထမင်းပူလောင်ဘူးသော သူငယ်သည် ဖြူဖြူဖွေးဖွေး မပူနွေးသည့် အေးစက်သော နို့ခမ်းကိုပင်သော်လည်း ရှေးယခင် နို့ထမင်းနှင့် အဖြူချင်းတူသည့်အတွက် ပူမည်ဟု အထင်လုပ်လျက် (ဖူး) (ဖူး)ဟု တချက်နှစ်ချက်မှတ်ပြီးမှ စိတ်ချ၍ လုံးလုံး စားမျိုသုံးသည်မဟုတ်ပါလော။ ထို့အတူ ရှေးယခင်အခါက သူယုတ်မာတို့၏ မတရားပြုမှုချက်ကြောင့် သူတော်ကောင်းတို့၏ အပေါ်မှာပါ စိတ်ကွက်လျက် ယုံကြည်ခြင်း ပျက်တတ်ပေသည်။ ထို့ကြောင့် ယခုအခါ၌လည်း အကောက်ဉာဏ် ကြံစည်လျက် နောက်တဖန် ပြန်လည်တိုက်ခိုက်လိမ့်မည်ဟူ၍ မမှတ်ယူသင့်ပါဟု ဆိုလိုသည်။

အရှင်မင်းကြီး....ထို့ကြောင့်ပင်လျှင် မိမိတို့ စွမ်းအားရှိသလောက် ထို ဒုရဒဿီအမတ်ကြီးအား ပူဇော်ရန်အလို့ငှါ ရွှေငွေရတနာ အသုံးအဆောင် အစရှိသည်တို့ကို စုဆောင်းပြီးလျှင် ခမ်းနားစွာ · ပြင်ဆင်ရန် သင့်ပါသည်ဟု လျှောက်ကြားပြောဆိုလေ၏။

ထိုသို့ စက္ကာက်အမတ်ကြီး တင်လျှောက်သည့်အတိုင်း အသင့်စီရင်ပြီးသော အခါ စက္ကဝက် အမတ်ကြီးသည် ထိုလင်းတ အမတ်ကြီးကို လက်ဆောင်ပဏ္ဏာ တို့ဖြင့် အပါးသို့ ချဉ်းကပ်လျက် ပူဇော်သက္ကာရပြု၍ကြိုဆိုပြီးလျှင် ခံတပ်၏တံခါး မှ ယူဆောင်ခဲ့၍ ဟင်္သာမင်း၏ ရွှေတော်မှောက်သို့ရောက်အောင် သွင်းဆောင်ခဲ့ ၍ ပေးအပ်သောနေရာ၌ လင်းတအမတ်ကြီးသည် ဝင်ရောက် နေထိုင်ပြီးသည့် အခါ စက္ကဝက်အမတ်ကြီးက ဤသို့ ပြောဆိုလေ၏—"အမတ်ကြီး....အလုံးစုံ သောအမှုကိစ္စသည် အရှင်အမတ်ကြီးနှင့် စပ်ပါ၏၊ သို့ဖြစ်၍ ဤတိုင်းနိုင်ငံကို အရှင်အမတ်ကြီး၏ သဘောတော်အတိုင်း ကြည့်ရှု စောင့်ရှောက်တော်မူစေချင် ပါသည်"ဟု ပြောဆိုလေ၏။

ထို့နောက် ဟင်္သာမင်းကလည်း ထိုစက္ကဝက်အမတ်ကြီး ပြောဆိုသည့်အတိုင်း ပင် မိန့်ဆိုတော်မူလေ၏။

လူ့စရိုက် သူ့အကြိုက်ကို အလိုက်သင့်ဆွဲရန်နည်း

ထိုအခါ ဒူရဒဿီအမတ်ကြီးက ပြောဆိုလိုက်သည်မှာ "ကောင်းလှပါပြီ၊ ထိုအကြောင်းကို ကျွန်တော်မျိုး ကြည့်ရှု၍ စီမံပါအံ့၊ သို့သော်လည်း ယခုအခါ အကျယ်အပွါး စကားများစွာ ပြောဆိုသဖြင့် အကျိုးရှိမည် မဟုတ်ပါ၊ အကြောင်းကို နာတော်မူကြပါဦးလော့"ဟု ဆို၍ **လုဒ္ဓမတ္ထေန** အစရှိသော အောက်ပါဂါထာကို ရွတ်ဆိုတင်လျှောက်လေ၏။

၁၁၀။ လုဒ္ဓမတ္ထေန ဂဏှေယျ၊ ထဒ္ဓမဉ္ဇလိကမ္မုနာ။
မူဠံ ဆန္ဒာနုဝတ္တေန၊ ယထာတထေန ပဏ္ဍိတံ။

ဘောန္တော၊ အို.... ရေဥ္ဇကျက်စား၊ ငှက်များသနင်း၊ ဟင်္သာမင်းနှင့် အချင်းစက္ကဝက်အမတ်ကြီးတို့။ လုဒ္ဓံ၊ အလိုရမ္မက်၊ လောဘထွက်သောသူကို။ အတ္ထေန၊ ပစ္စည်းဥစ္စာ၊ ပေးကမ်းပါသဖြင့်။ ဂဏှေယျ၊ မိမိ၏ အလိုသို့ ရောက်အောင်၊ ဆွဲယူဆောင်ရာ၏။ ထဒ္ဓံ၊ ခက်ထန်ကြမ်းတမ်း၊ ကောဝလွှမ်းသော သူကို။ အဉ္ဇလိကမ္မုနာ၊ လက်အုပ်ချီမိုး၊ ရှိခိုးခြင်းကိုပြုသဖြင့်။ ဂဏှေယျ၊ မိမိ၏ အလိုသို့ရောက်အောင်၊ ဆွဲယူဆောင်ရာ၏။ မူဠံ၊ ကျိုးကြောင်းမသိ၊ မိုက်မဲဘိ သောသူကို။ ဆန္ဒာနုဝတ္တေန၊ သူ့စိတ်နဂိုရ်၊ အလိုအကြိုက်သို့၊ လိုက်လျော ဖြားယောင်း၊ သွေးဆောင်ပေါင်းသဖြင့်။ ဂဏှေယျ၊ မိမိ၏အလိုသို့ ရောက်အောင်၊ ဆွဲယူဆောင်ရာ၏။ ပဏ္ဍိတံ၊ ကျိုးကြောင်းမြော်မြင်၊ ပညာရှင်ကို။ ယထာတထေန၊ ဟုတ်တိုင်းမှန်ရာ၊ ပြုလုပ်ပြောဆိုပါသဖြင့်။ ဂဏှေယျ၊ မိမိ၏အလိုသို့ ရောက်အောင်၊ ဆွဲဆောင်ယူငင်ရာ၏။

အဓိပ္ပါယ်။ ။အရှင်တို့ .... အလိုရမ္မက် လောဘထွက်သောသူကို ပစ္စည်း ဥစ္စာတို့ဖြင့် ချီးမြှောက်ပေးကမ်း၍ မိမိ၏အလိုသို့ရောက်အောင် ဆွဲယူဆောင် သင့်ပါသည်၊ ခက်ထန် ကြမ်းတမ်း ကောဝလွှမ်းသဖြင့် ရမ်းကားသောသူကို လက်အုပ်ချီမိုး ရှိခိုးခြင်းကိုပြု၍ မိမိ၏အလိုသို့ပါအောင် ဆွဲယူဆောင်သင့် ပါသည်၊ အဆိုးအကောင်းနှင့် အကျိုးအကြောင်းကို ကောင်းစွာမသိ မိုက်မဲ ဘိသောသူကို ထိုသူ၏ အလိုအကြိုက်သို့ လိုက်လျောပြီးလျှင် သွေးဆောင် ဖြားယောင်းလျက် ပေါင်းသင်းဆက်ဆံကာ မိမိအလိုသို့ပါအောင် ဆွဲယူဆောင် သင့်ပါသည်၊ အဆိုးအကောင်းနှင့် အကျိုးအကြောင်းကို ကောင်းစွာ သိမြင် သည့် ပညာရှင်ကိုမူကား ဟုတ်တိုင်းမှန်ရာကိုသာ ပြုလုပ်ပြောဆိုကာ မိမိအလိုသို့ ပါအောင် ဆွဲယူဆောင်သင့်ပါသည် ဟူလို။

လူအမျိုးအစားခွဲ၍ ဆွဲဆောင်နည်း

ထိုမှတပါး အခြားသောနည်းတရပ်ကိုလည်း ထပ်မံ၍ နာယူတော်မူကြပါဦးလော့ဟုဆို၍ **သဘာဝေန ဟရေ မိတ္တံ** အစရှိသော အောက်ပါဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၁၁။ သဘာဝေန ဟရေ မိတ္တံ၊ သမ္မာနေန တု ဗန္ဓဝံ။
ထိဘဋ္ဌေ ဒါနမာနေဟိ၊ ဒက္ခေနေဝေတရံ ဇနံ။

မိတ္တံ၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သောသူကို။ သဘာဝေန၊ ရိုးသားဖြောင့်မတ်၊ ကောင်းမြတ်သော သဘောတရားဖြင့်။ ဟရေ၊ မိမိ၏အလိုအကြိုက်သို့၊ အလိုက်သင့်ပါအောင်၊ ဆွဲယူဆောင်ရာ၏။ တု၊ ထိုမှတပါး။ ဗန္ဓဝံ၊ ဆွေမျိုးပေါက်ဖော်၊ တော်စပ်သောသူကို။ * သမ္မာနေန၊ ချစ်ခင်ကြင်နာ၊ ရိုသေပါသဖြင့်။ ဟရေ၊ မိမိ၏အလိုအကြိုက်သို့၊ အလိုက်သင့်ပါအောင်၊ ဆွဲယူဆောင်ရာ၏။ ထိဘဋ္ဌေ၊ မိန်းမများနှင့်၊ သူခစား ကျေးကျွန်တို့ကို။ ဒါနမာနေဟိ၊ ပေးကမ်းဒါန၊ ယုယမြတ်နိုးခြင်းတို့ဖြင့်။ ဟရေ၊ မိမိ၏ အလိုအကြိုက်သို့၊ အလိုက်သင့်ပါအောင်၊ ဆွဲယူဆောင်ရာ၏။ ဣတရံဇနံ၊ ဤသို့ပြဆို၊ ပုဂ္ဂိုလ်တို့မှတပါး၊ အခြားသောသူကို။ ဒက္ခေနဧဝ၊ ထိုသိုပုဂ္ဂိုလ်တို့၏၊ အလိုအကြိုက်နှင့်၊ အလိုက်သင့် လျော်ကန်အောင်၊ တော်တန်စွာနိုင်းချိန်၍၊ လိမ္မာစွာပြုခြင်းဖြင့်သာလျှင်။ ဟရေ၊ မိမိ၏အလိုအကြိုက်သို့၊ အလိုက်သင့်ပါအောင်၊ ဆွဲယူဆောင်ရာ၏။

အဓိပ္ပါယ်။ ။အရှင်တို့.... အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူကို ရိုးသားဖြောင့်မတ် ကောင်းမြတ်သော အမူအရာဖြင့် မိမိ၏အလိုအကြိုက်သို့ အလိုက်သင့်ပါအောင် ဆွဲယူဆောင်သင့်ပါသည်၊ ဆွေမျိုးပေါက်ဖော် တော်စပ်သောသူကို ချစ်ခင်ကြင်နာ ရိုသေသောအမူအရာကို ပြုသဖြင့် မိမိ၏ အလိုအကြိုက်သို့ အလိုက်သင့်ပါအောင် ဆွဲယူဆောင်သင့်ပါသည်၊ မိန်းမများနှင့် သူခစား ကျေးကျွန်တို့ကို ပေးကမ်းချီးမြှင့်ခြင်း, ယုယမြတ်နိုးခြင်းတို့ကို ပြုသဖြင့် မိမိ၏အလိုအကြိုက်သို့ အလိုက်သင့်ပါအောင် ဆွဲယူဆောင်သင့်ပါသည်။ ဤပုဂ္ဂိုလ်တို့မှတပါး အခြားသောသူကိုမူကား ထိုထိုသို့သောသူတို့၏ အလိုအကြိုက်နှင့် အလိုက်သင့်လျော်ကန်အောင် တော်တန်စွာနိုင်းချိန်၍ လိမ္မာစွာ ပြုကျင့်သဖြင့်သာလျှင် မိမိ၏အလိုအကြိုက်သို့ အလိုက်သင့်ပါအောင် ဆွဲယူဆောင်သင့်ပါသည်ဟူလို။

---

* အထောဂါရဝဘိတီသု၊ သံဝေဂေ သမ္ဘမော မတော-ဟု အဘိဓာန်လာ သမ္ဘမ အနက် ၃-ချက်တို့တွင် ဤ၌ "ဂါရဝ" အနက်ဟောတည်း။

"ထို့ကြောင့် ယခုအခါ ဒႀကျွန်ုပ်တို့သည် ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံသော ဥဒေါင်းမင်းနှင့် ရန်လက်စဖြတ်သိမ်းလျက် မဟာမိတ်အဖြစ်ဖြင့် စေ့စပ်ပြီးလျှင် စစ်ပြေငြိမ်းစာချုပ်ကို ပြုလုပ်ကြပါအံ့"ဟု လင်းတအမတ်ကြီးက ပြောဆိုတင်လျှောက်လေ၏။

စက္ကဝက်အမတ်ကြီး။ ။အရှင် ဒူရဒဿီအမတ်ကြီး... အကြင်သို့သော အခြင်းအရာအားဖြင့် ပြေငြိမ်းစေ့စပ်ခြင်းကို ပြုသင့်ပြုထိုက်၏၊ ထိုသို့သော အခြင်းအရာကိုလည်း အမိန့်ရှိတော်မူစေချင်ပါသည်။

ဟသ်ာမင်း။ ။ပြေငြိမ်းစေ့စပ်ခြင်း၏ အပြားတို့သည် အဘယ်မျှ ရှိပါသနည်း။

လင်းတအမတ်ကြီး။ ။"ဤပြေငြိမ်း စေ့စပ်ခြင်း၏ အပြားတို့ကို ပြောဆိုတင်လျှောက်ပါအံ့၊ နာတော်မူပါလော့"ဟုဆို၍ အောက်ပါ ဂါထာတို့ကို ရွတ်ဆိုတင်လျှောက်လေ၏။

စစ်ပြေငြိမ်းမှုကို ပြုရမည့်အခါ

၁၁၂။ ဗလိယသာဘိယုတ္တော တု၊ ရာဇာနုညပတိကြိယော။
အာပန္နော သန္ဓိမန္ဝိစ္ဆေ၊ ကုဗ္ဗန္တော ကာလယာပနံ။

ဗလိယသာ၊ ကိုယ့်ထက်အလွန်၊ အားခွန်ဗလ၊ ပြည့်ဝသော ရန်သူသည်။ အဘိယုတ္တော၊ လွှမ်းမိုးဖိစီး၊ တိုက်ဖျက်ဆီးအပ်သော။ ရာဇာတု၊ နိုင်ငံအရှင်၊ ဘုရင်မင်းသည်ကား။ အနညပတိကြိယော၊ ရန်စကိုဖြေသိမ်းလျက်၊ ပြေငြိမ်းစေ့စပ်ခြင်းမှတပါး၊ ကုစားရန် အခြားသော အကြောင်းမရှိ။ တတော၊ ထိုသို့ကုစားရန်တပါး၊ အခြားအကြောင်း မရှိခြင်းကြောင့်။ အာပန္နော၊ ရန်သူ၏ လက်ချက်ဖြင့်၊ ပျက်စီးခြင်းသို့ ကျရောက်သော။ ရာဇာ၊ နိုင်ငံအရှင်၊ ဘုရင်မင်းမြတ်သည်။ ကာလယာပနံ၊ ကာလဖင့်နွဲ၊ အချိန်ဆွဲခြင်းကို။ ဝါ၊ စေ့စပ်ရန်ကာလကို၊ တောင့်တမြော်လင့်လျက်၊ အချိန်ဖင့်ခြင်းကို။ ကုဗ္ဗန္တော၊ အလေးတမူ၊ ရေးယူပြုလုပ်လျက်။ သန္ဓိံ၊ ရန်စကိုဖြေသိမ်းလျက်၊ ပြေငြိမ်းစေ့စပ်ခြင်းကို။ အန္ဝိစ္ဆေ-အနုဋ္ဌေ၊ အစဉ်မလွဲ၊ အမြဲပင် အလိုရှိရာ၏။

အဓိပ္ပါယ်။ ။မိမိထက် အလွန်အကျွံ အားခွန်ဗလ ကြီးမားပြည့်စုံလှသော ရန်သူမင်းသည် များစွာသော စစ်သည်အင်အား လက်နက်အားတို့ဖြင့် အပြင်းအထန် လွှမ်းမိုးဖိစီးလျက် ဖျက်ဆီးတိုက်ခိုက်ခြင်းကို ခံရသော နိုင်ငံအရှင်ဘုရင်မင်းမြတ်သည် ရန်စကိုဖြေသိမ်းလျက် ပြေငြိမ်းစေ့စပ်ခြင်းမှတပါး အခြားကုစား ကိုးကွယ်ဘို့ရန် အကြောင်းမရှိပေ။ ထို့ကြောင့် ရန်သူ၏လက်ချက်ဖြင့် ပျက်စီးခြင်းသို့ရောက်သော မင်းသည် သင့်လျော်သည့်ကာလကို မြော်လင့်

တောင့်တလျက် ရန်စကို ဖြေသိမ်းပြီးလျှင် မဟာမိတ်အဖြစ်ဖြင့် စေ့စပ်၍ စစ်ပြေငြိမ်းခြင်းစာချုပ်ကို ချုပ်ဆိုပြုလုပ်ခြင်းကိုသာလျှင် အစဉ်အမြဲ အလိုရှိအပ် အလိုရှိသင့်ပေသည် ဟူလို။

ရန်စဖြေသိမ်း စစ်ပြေငြိမ်းနည်း ၁၆-မျိုး

ထို့နောက် သန္ဓိ၏အမည်အပြား အမျိုးအစားတို့ကို ပြလိုသည်ဖြစ်၍ အောက်ပါဂါထာတို့ကို ရွတ်ဆိုတင်လျှောက်လေ၏။

၁၁၃။　ကပါလော ဥပဟာရော စ၊ သန္တာနော သင်္ဂတော တထာ။
ဥပန္ယာသော ပတီကာရော၊ သံယောဂေါ ပုရိသန္တရော။

၁၁၄။　အဒိဋ္ဌနရအာဒိဋ္ဌော၊ အတ္တာဒိဋ္ဌော ဥပဂ္ဂဟော။
ပရိက္ကယော တထောစ္ဆိန္နော၊ တထာ စ ပရဘူသနော။

၁၁၅။　ခန္ဓောပနေယော သန္ဓိ စ၊ သောဠသေတေ ပကိတ္တိတာ။
ဣတိ သောဠသကံ အာဟု၊ သန္ဓိံ သန္ဓိဝိစက္ခဏာ။

ကပါလောစ၊ "ကပါလ"မည်သော သန္ဓိလည်းကောင်း။ ဥပဟာရောစ၊ "ဥပဟာရ"မည်သော သန္ဓိလည်းကောင်း။ သန္တာနောစ၊ "သန္တာန"မည်သော သန္ဓိလည်းကောင်း။ တထာ၊ ထို့အတူ။ သင်္ဂတောစ၊ "သင်္ဂတ"မည်သော သန္ဓိလည်းကောင်း။ ဥပန္ယာသောစ၊ "ဥပန္ယာသ"မည်သော သန္ဓိလည်းကောင်း။ ပတီကာရောစ၊ "ပတီကာရ"မည်သော သန္ဓိလည်းကောင်း။ သံယောဂေါစ၊ "သံယောဂ"မည်သော သန္ဓိလည်းကောင်း။ ပုရိသန္တရော စ၊ "ပုရိသန္တရ" မည်သော သန္ဓိလည်းကောင်း။ အဒိဋ္ဌနရော စ၊ "အဒိဋ္ဌနရ"မည်သော သန္ဓိလည်းကောင်း။ အာဒိဋ္ဌော စ၊ "အာဒိဋ္ဌ"မည်သော သန္ဓိလည်းကောင်း။ အတ္တာဒိဋ္ဌော စ၊ "အတ္တာဒိဋ္ဌ"မည်သော သန္ဓိလည်းကောင်း။ ဥပဂ္ဂဟော စ၊ "ဥပဂ္ဂဟ"မည်သော သန္ဓိလည်းကောင်း။ ပရိက္ကယော စ၊ "ပရိက္ကယ"မည်သော သန္ဓိလည်းကောင်း။ ဥစ္ဆိန္နော စ၊ "ဥစ္ဆိန္န" မည်သော သန္ဓိလည်းကောင်း။ တထာ စ၊ ထို့အတူသာလျှင်။ ပရဘူသနော စ၊ "ပရဘူသန"မည်သော သန္ဓိလည်းကောင်း။ ခန္ဓောပနေယော စ၊ "ခန္ဓောပနေယ" မည်သော သန္ဓိလည်းကောင်း။ ဣတိ၊ ဤသို့။ သောဠသ၊ ဤတဆယ့်ခြောက်ပါးသော သန္ဓိတို့ကို။ ပကိတ္တိတာ၊ ပြဆိုညွှန်ကြားအပ်ကုန်၏။ ဣတိ၊ ဤသို့။ သန္ဓိံ၊ သန္ဓိကို။ သောဠသကံ၊ တဆယ့်ခြောက်ပါး အပြားရှိ၏ဟူ၍။ သန္ဓိဝိစက္ခဏာ၊ သန္ဓိ၏အပြားကို၊ သိကျွမ်းနားလည်ကုန်သော ပညာရှိတို့သည်။ အာဟု၊ သန္ဓိ၏ သရုပ်ကို၊ ထုတ်ဆိုတော်မူကြကုန်ပြီ။

ထိုသန္ဓိတို့၏ လက္ခဏာတို့ကို အစဉ်အတိုင်း ပြလိုသည်ဖြစ်၍ **ကပါလသန္ဓိ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၁၆။ ကပါလသန္ဓိ ဝိညေယျော၊ ကေဝလံ သမသန္ဓိတော။
သမ္ပဒါနာ ဘဝတိ ယော၊ ဥပဟာရော သ ဥစ္စတေ။

ကေဝလံ၊ သက်သက်။ သမသန္ဓိတော၊ ခွန်အားဗလ၊ အမျှအတူ၊ နှစ်ဦးသူတို့၏၊ မာန်မူမကိန်း၊ ရန်စသိမ်းလျက်၊ ပြေငြိမ်းစေ့စပ်ခြင်းအားဖြင့်။ ကပါလ-သန္ဓိ၊ "ကပါလ"ဟု၊ နာမတွင်ဘိ၊ ဤသန္ဓိကို။ ဝိညေယျော၊ ကေန်ဆတ်ဆတ်၊ မှတ်ယူသေချာ၊ သိအပ်ပါ၏။ သမ္ပဒါနာ၊ ပစ္စည်းဥစ္စာ၊ ရတနာနှင့်၊ လိုရာကို ပေးကမ်းခြင်းဖြင့်။ ယောသန္ဓိ၊ အကြင်စေ့စပ်ဖြေသိမ်း၊ စစ်ပြေငြိမ်းခြင်းသည်။ ဘဝတိ၊ နှစ်ဦးနှစ်ဝ၊ သဘောမျှလျက်၊ ကျနစွာဖြစ်တတ်၏။ သ – သောသန္ဓိ၊ ထိုသန္ဓိကို။ ဥပဟာရော၊ "ဥပဟာရ"၊ နာမမှည့်ယူ၊ သန္ဓိဟူ၍။ ဥစ္စတေ၊ သမုတ်ပညတ်၊ ခေါ်ဆိုအပ်ပါ၏။

အဓိပ္ပါယ်—

(၁) အချင်းချင်း ခွန်အားဗလ တူမျှကြသော မင်းနှစ်ပါးတို့ သက်သက်မဲ့ မာန်မလုပ်ဘဲ ရန်ငုတ်ကို ဖြေသိမ်းလျက် ပြေငြိမ်းစေ့စပ်ကြပြီးလျှင် မဟာမိတ်စာချုပ် ချုပ်ဆိုခြင်းဖြင့် ပြုလုပ်အပ်သောသန္ဓိကို **ကပါလသန္ဓိ** ဟူ၍ မှတ်ယူအပ်ပါသည်။

(၂) ပစ္စည်းဥစ္စာ ရတနာနှင့် လိုရာအရပ်ရပ် နယ်ပယ် အစရှိသည်တို့ကို ပေးအပ်ဆက်သွင်း၍ အချင်းချင်း ဖြေသိမ်းလျက် စစ်ပြေငြိမ်းခြင်းစာချုပ်ကို ချုပ်ဆိုပြုလုပ်သဖြင့် စေ့စပ်ပြေငြိမ်းအပ်သောသန္ဓိကို **ဥပဟာရသန္ဓိ** ဟူ၍ မှတ်ယူအပ်ပါသည်။

၁၁၇။ သန္တာနသန္ဓိ ဝိညေယျော၊ ဒါရိကာဒါနပုဗ္ဗကော။
သဗ္ဘိ တု သင်္ဂတော သန္ဓိ၊ မေတ္တာပုဗ္ဗော ဥဒီရိတော။

ဒါရိကာဒါနပုဗ္ဗကော၊ သမီးကညာ၊ ကြည်သာဆက်သွင်း၊ ပေးအပ်ခြင်းလျှင်၊ အရင်းခံထား၊ ရှေ့သွား ပဓာနရှိသော။ သန္ဓိ၊ နှစ်ဦးနှစ်ဖက်၊ ကြည်သက်ငြိမ်းအေး၊ စေ့စပ်ရေးကို။ သန္တာနသန္ဓိ၊ "သန္တာန"ဟု၊ နာမမှည့်ယူ၊ သန္ဓိဟူ၍။ ဝိညေယျော၊ စင်စစ်မသွေ၊ သိအပ်ပေ၏။ တု၊ ထိုမှတပါး။ မေတ္တာပုဗ္ဗော၊ နှစ်ဦးနှစ်ဖက်၊ နှစ်သက်ကြည်နူး၊ မေတ္တာစိတ်ကူးခြင်းလျှင်၊ အရင်းခံရှိသော။ သန္ဓိ၊ နှစ်ဦးနှစ်ဝ၊ မျှတကျေအေး၊ စေ့စပ်ရေးကို။ သင်္ဂတော၊ "သင်္ဂတ"ဟု၊

နာမမှည့်ယူ၊ သန္ဓိဟူ၍။ သတ္တိ၊ ကျိုးကြောင်းမြော်မြင်၊ သူတော်စင်တို့သည်။ ဥဒီရိတော၊ သဘောအရ၊ မည်နာမကို၊ မှည့်ခေါ်ဆိုအပ်၏။

အဓိပ္ပါယ်——

(၃) သို့မီးကညာကို ပေးဆက်သဖြင့် အချင်းချင်း ရန်စကို ဖြေသိမ်းလျက် နှစ်ဦးနှစ်ဖက် ကြည်သက်ငြိမ်းအေး စာချုပ်ရေး၍ ဆွေးနွေးစေ့စပ်ခြင်းကို **သန္တာနသန္ဓိ**ဟူ၍ မှတ်ယူသင့်ပါသည်။

(၄) အချင်းချင်း မေတ္တာစိတ်ကူးကြသဖြင့် တဦးတဦး ကြည်နူးချစ်ခင်လျက် အထူးကြင်နာခြင်းကို အရင်းခံထား ရွေသွားပြုပြီးလျှင် ပြေငြိမ်းစေ့စပ် ပြုလုပ်အပ်သောသန္ဓိကို **သင်္ဂတသန္ဓိ** ဟူ၍ မှတ်ယူအပ်ပါသည်။

၁၁၈။ ယာဝ အာယုပမာဏော တု၊ သမာနတ္ထပယောဇနော။
　　သမ္ပတ္တော ဝါ ဝိပတ္တော ဝါ၊ ၌ာနေဟိ ယော န ဘိဇ္ဇတေ။

၁၁၉။ သင်္ဂတော သန္ဓိယေဝါယံ၊ သုဝဏ္ဏော ၁၀ ပကဋ္ဌတာ။
　　တဒ္ဓေဟိ သန္ဓိဆေကေဟိ၊ ကဥ္စနော သဥဒီရိတော။

တု၊ ထိုမှတပါး။ ယာဝအာယုပမာဏော၊ ဤကိုယ်ခန္ဓာ၊ ရှည်ကြာဆက်လက်၊ မပျက်မကြွေ၊ အသက်မသေသမျှ ကာလပတ်လုံး။ သမာနတ္ထပယောဇနော၊ စီးပွါးဥစ္စာ၊ ဘဏ္ဍာအရေး၊ တူမျှသော အကျိုးပေးရှိသည်ဖြစ်၍။ ယော၊ အကြင်သန္ဓိသည်။ သမ္ပတ္တောဝါ၊ ကြွယ်ဝကုံလုံ၊ ပြည့်စုံကောင်းစားသော အခါ၌လည်းကောင်း။ ဝိပတ္တောဝါ၊ စည်းစိမ်ဥစ္စာ၊ အရာရာပျက်၊ ဒုက္ခဖက်သောအခါ၌လည်းကောင်း။ ၌ာနေဟိ၊ တစုံတခု၊ အကြောင်းစုတို့ကြောင့်။ နဘိဇ္ဇတေ၊ စာချုပ်ကို၊ ဖောက်ဖျက်လျက်၊ ပျက်ကွက်ခြင်းမရှိ။ သောအယံ သင်္ဂတောသန္ဓိယေဝ၊ "သင်္ဂတ"ဟု၊ နာမတွင်ဘိ၊ ထိုသန္ဓိသည်ပင်လျှင်။ပကဋ္ဌတာ၊လုံးစုံများစွာ၊ သန္ဓိတကာ တို့ထက်၊ ပိုမိုလျှောက်ပတ်၊ မြင့်မြတ်သည်၏ အဖြစ်ကြောင့်။ သုဝဏ္ဏော၁၀၊ "သုဝဏ္ဏသန္ဓိ"ဟု၊ ရဘိတဖန်၊ အမည်တွင်ပြန်သည်သာလျှင်တည်း။ သန္ဓိကုသလေဟိ၊ သန္ဓိအရာ၌၊ ကောင်းစွာလိမ္မာကုန်သော။ အဒ္ဓေဟိတု— အဒ္ဓေဟိပန၊ ထိုမှတပါး၊ အခြားသောဆရာတို့သည်ကား။ ကဥ္စနော၊ "ကဥ္စနသန္ဓိ"၊ အမည်ရှိ၏ဟူ၍။ ဥဒီရိတော၊ နာမတပါး၊ တမျိုးထား၍၊ ညွှန်ကြားမိန့်ဆိုအပ်ပါသေး၏။

အဓိပ္ပါယ်။ ။စီးပွါးရေး ဘဏ္ဍာရေး အရာတို့၌ ဆိုးလျှင်လည်း အတူ ကောင်းမူလည်းတကွ နှစ်ဦးနှစ်ဝ တူမျှသောအကျိုးရှိကြသည်ဖြစ်၍ စည်းစိမ် တန်ခိုး လွှမ်းမိုးအာဏာ အရာရာတို့ဖြင့် ကြွယ်ဝကုံလုံ ပြည့်စုံသော အခါ၌လည်းကောင်း, အရာရာသေးသိမ်လျက် မှေးမှိန်ပျက်စီးသော အခါ၌လည်း

ကောင်း မည်သည့်နည်းနှင့်မျှ အချင်းချင်းဖဲထွက်၍ ကွဲပျက်ခြင်းမရှိသော ဤ "သင်္ဂတသန္ဓိ"သည်ပင်လျှင် အခြားသောသန္ဓိတို့ထက် ပို၍လျောက်ပတ် မြင့်မြတ်သည်၏ အဖြစ်ကြောင့် **သုဝဏ္ဏသန္ဓိ**ဟု ရဘိတဖန် အမည်တွင်ပြန်ပါသည်။ သန္ဓိ၏အရာ၌ လိမ္မာကုန်သော တပါးသော ဆရာတို့သည်မူကား ဤ "သင်္ဂတ-သန္ဓိ"ကိုပင်လျှင် **ကဥ္စနသန္ဓိ**ဟူ၍ နာမတပါး တမျိုးထား၍ ညွှန်ကြားမိန့်ဆို အပ်ပါသေး၏။

၁၂၀။ အတ္တကမ္မဿ သိဒ္ဓိံ တု၊ သမုဒ္ဒိဿ ကြိယတေ ယော။
သ ဥပန္ယာသကုသလေ–ဟျူပန္ယာသော ဥဒီရိတော။

ယောသန္ဓိ၊ အကြင်ရန်သူမင်းတို့၊ ချင်းချင်းကျေအေး၊ စေ့စပ်ရေးကို။ အတ္တကမ္မဿ၊ မိမိကိစ္စ၊ လိုသမျှကို။ သိဒ္ဓိံ၊ ခရီးရောက်လျက်၊ ပြီးမြောက် အောင်မြင်ခြင်းကို။ သမုဒ္ဒိဿ၊ ကောင်းစွာအထူး၊ စိတ်ရည်စူး၍။ ကြိယတေ၊ စီမံအားထုတ်၊ ပြုလုပ်အပ်၏။ သ–သောသန္ဓိ၊ ထိုရန်သူမင်းတို့၊ ချင်းချင်းကျေ အေး၊ စေ့စပ်ရေးကို။ ဥပန္ယာသော၊ "ဥပန္ယာသ"၊ အမည်ရသော သန္ဓိဟူ၍။ ဥပန္ယာသကုသလေဟိ၊ ဥပန္ယာသသန္ဓိ၏ အရာ၌၊ ကောင်းစွာ လိမ္မာကုန်သော ပညာရှိတို့သည်။ ဥဒီရိတော၊ နှုတ်ချီစကား၊ ထုတ်ဆိုကြားအပ်၏။

အဓိပ္ပါယ်—

(၅) မိမိ၏ အမှုကိစ္စတို့ကို လိုသမျှ ခရီးရောက်လျက် ပြီးမြောက်အောင် မြင်ခြင်း အကျိုးကို မြော်ကိုးတောင့်တလျက် စီမံအားထုတ် ပြုလုပ်အပ်သော သန္ဓိကို **ဥပန္ယာသသန္ဓိ** ဟူ၍ သန္ဓိအရာ၌ လိမ္မာကုန်သောပညာရှိတို့ မှည့်ဆို အပ်ပါသည်။

၁၂၁။ မယာဿောပကြတံ ပုဗ္ဗံ၊ မမာပျေသ ကရိဿတိ။
ဣတိ ယော ကြိယတေ သန္ဓိ၊ ပတီကာရော သ ဥစ္စတေ။

ယောသန္ဓိ၊ အကြင်ရန်သူမင်းတို့၊ ချင်းချင်းကျေအေး၊ စေ့စပ်ရေးကို။ ပုဗ္ဗံ– ပုဗ္ဗေ၊ ရှေးရှေးမဆွ၊ ကာလအခါ၊ လွန်လေရာ၌။ မယာ၊ ငါသည်။ အဿ၊ ထိုသူအား။ ဥပကြတံ၊ ကျေးဇူးအထူး၊ ပြုအပ်ဘူးပြီ။ ဧသ–ဧသော၊ ငါ၏ ကျေးဇူး၊ အထူးခံယူ၊ ဤသည့်သူသည်။ မမအပိ၊ ပြုမူအထူး၊ ကျေးဇူးရှိသူ၊ ငါ့အားမူလည်း။ ကရိဿတိဣတိ၊ အတုံ့တဖန်၊ အလှည့်ပြန်၍၊ အမှန်အထူး၊ ကျေးဇူးပြုလိမ့်မည်ဟူ၍။ ကြိယတေ၊ တောင့်တမြော်လင့်၊ သဘောချင့်လျက်၊ အသင့်ပြုလုပ်အပ်၏။ သ—သော သန္ဓိ၊ ထိုကျေးဇူးပြန်လို၊ သဘောသိုသော သန္ဓိကို။ ပတီကာရော၊ "ပတီကာရ"၊ နာမတွင်ဘိ၊ သန္ဓိမည်၏ဟူ၍။ ဥစ္စတေ၊ အကြောင်းအလိုက်၊ ပြောဆိုထိုက်၏။

အဓိပ္ပါယ်—

(၆) ငါသည် ရှေးရှေးအခါက ထိုပုဂ္ဂိုလ်အား ကျေးဇူးအထူး ပြုခဲ့ဘူး လေပြီ၊ ထို့ကြောင့် ဤပုဂ္ဂိုလ်သည် ပြုခဲ့ဘူးသော ကျေးဇူးအထူးရှိသော ငါ့အား လည်း အတုံ့တဖန် အလှည့်ပြန်၍ အမှန်ပင်ကျေးဇူးပြုပေလိမ့်မည်ဟု မြော်လင့် တောင့်တလျက် ပြုလုပ်အပ်သောသန္ဓိကို **ပတိကာရသန္ဓိ**ဟူ၍ မှတ်ယူသင့် ပါသည်။

၁၂၂။ ဥပကာရံ ကရောမျဿ၊ မမာပျေသ ကရိဿတိ။
အယမ္ပိ ပတိကာရော၊ ရာမသုဂ္ဂီဝနံ ဣဝ။

အဟံ၊ ငါသည်။ အဿ၊ ထိုသူအား။ ဥပကာရံ၊ ကူညီစောင့်ရှောက်၊ ထောက်ပံ့အထူး၊ ကျေးဇူးပြုခြင်းကို။ ကရောမိ၊ ကိုယ်ရောစိတ်ပါ၊ ကောင်းမွန်စွာ ပြုလုပ်အံ့။ ဧသ–ဧသော၊ ဤငါကအထူး၊ ကျေးဇူးပြုဘူးသောသူသည်။ မမအပိ၊ ကောင်းစွာညွှတ်နူး၊ ကျေးဇူးပြုငြား၊ ငါ့သို့အားလည်း။ ကရိဿတိ၊ အတုံ့တဖန်၊ အလှည့်ပြန်၍၊ အမှန်ပြုပေလတ့်။ အယမ္ပိ၊ ကျေးဇူးတုံ့လို၊ သဘောသိုသော ဤသန္ဓိသည်လည်း။ ရာမသုဂ္ဂီဝါနံ၊ ရာမမင်း, သုဂြိတ် မျောက်မင်းတို့၏။ သန္ဓိဝ၊ တဦးတဦး၊ ချစ်ကြည်နူးအောင်၊ ရှက်ဆောင်ဖွဲ့စပ်၊ ပြုလုပ်အပ်သော သန္ဓိကဲ့သို့။ ပတိကာရော၊ "ပတိကာရ"၊ နာမသညီ၊ သန္ဓိ မည်သည်။ ဟောတိ၊ မသွေစင်စစ်၊ အမှန်ဖြစ်၏။

အဓိပ္ပါယ်။ ။ငါသည် ထိုသူအား ကူညီစောင့်ရှောက် ချီးမြှောက် ထောက်ပင့်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကောင်းစွာ အထူး ကျေးဇူးပြုအပ်သည် ရှိသော် ထိုသူသည် အတုံ့တဖန် အလှည့်ပြန်၍ ကျေးဇူးရှင်ဖြစ်သော ငါ့အား လည်း အမှန်ပင် ကျေးဇူးပြုပေလတ့်၊ ဤသို့ ကျေးဇူးအတုံ့ကိုလို၍ ပြုအပ်သော သန္ဓိသည်လည်း ရာမမင်းနှင့် သုဂြိတ်မျောက်မင်းတို့ တဦးတဦး ချစ်ကြည်နူး အောင် ရှက်ဆောင် ပြုလုပ်အပ်သော သန္ဓိကဲ့သို့ **ပတိကာရသန္ဓိ** မည်၏ဟု မှတ်ယူ သင့်ပါသည်။

၁၂၃။ ကေတ္တံ သမ္မာ ဥဒ္ဒိဿ၊ ကြိယံ ယတြ ဟိ ဂစ္ဆတိ။
သုသံဟိတပမာဏော တု၊ သံယောဂေါ သ စ ဥစ္စတေ။

ယတြဟိ၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှုဥ္စကား။ ကေတ္တံ၊ နှစ်ဦးနှစ်ဝ၊ တူမျှသောအကျိုးရှိသော။ ကြိယံ၊ ရည်ရွယ်ဝိဇ္ဇာန်၊ စီမံအားထုတ်၊ အလုပ် တခုကို။ ဥဒ္ဒိဿ၊ ကြံစည်အထူး၊ စိတ်ရည်စူး၍။ သမ္မာ၊ ကောင်းစွာ။ ဂစ္ဆတိ၊ နှစ်ဖက်နှစ်ရပ်၊ စေ့စပ်ခြင်းသို့ရောက်၏။ သုသံဟိတပမာဏော၊ ကောင်းစွာ နှစ်ရပ်၊ စေ့စပ်အပ်သော ပမာဏရှိသော။ သ–သောသန္ဓိတု၊ ထိုသန္ဓိကိုကား။

သံယောဂေါ၊ "သံယောဂ"ဟူ၊ နာမမှည့်ယူ၊ သန္ဓိဟူ၍။ ဥစ္စတော၊ ထောက်မြော်အသင့်၊ သဘောချင့်လျက်၊ ဆိုသင့်ဆိုထိုက်ပါ၏။

အဓိပ္ပါယ်—

(၇) အကြင်သန္ဓိ၌ နှစ်ဦးနှစ်ဖက်သောသူတို့သည် စေ့စပ်ညီညွတ်လျက် စီမံဆောင်ရွက်အပ်သည်ရှိသော် နှစ်ဦးနှစ်ဝမှာပင်လျှင် တူမျှသောအကျိုး ခံစားရခြင်းရှိမည်ဖြစ်သော အမှုကိစ္စတစုံတခုကို ပြုလုပ်ဆောင်ရွက်ရန် ရည်သန်စိတ်ထား၍ နှစ်ပါးသောသူတို့ အချင်းချင်း စေ့စပ်ညီညွတ်ခြင်းသို့ ရောက်၏။ ထိုသို့ နှစ်ဖက်နှစ်ရပ် ကောင်းစွာစေ့စပ်အပ်သော ပမာဏရှိသော သန္ဓိကို **သံယောဂသန္ဓိ** ဟူ၍ မှတ်ယူသင့်ပါသည်။

၁၂၄။ အမှာကံ ယောဓမုက္ခေဟိ၊ မမတ္တော သာဓိတော ဣတိ။
ယသ္မိံ ပဏော တု ကြိယတေ၊ သ သန္ဓိ ပုရိသန္တရော။

အမှာကံ၊ သင်နှင့်ငါဟူ၊ နှစ်ပါးသူတို့၏။ ယောဓမုက္ခေဟိ၊ စစ်ဖက်ဦးစီး၊ စစ်သူကြီးတို့သည်။ မမတ္တော၊ ငါ၏ပြုမှု၊ အကြောင်းစုကို။ သာဓိတော၊ နှီးနှော စေ့စပ်၊ ပြီးစေအပ်၏။ ဣတိ၊ ဤသို့။ ယသ္မိံ၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှု၌။ *ပဏော၊ နှစ်ဦးနှစ်ဖက်၊ နှစ်သက်ကြည်ဖြူ၊ သဘောတူဝန်ခံခြင်းကို။ ကြိယတေ၊ ပဋိညာဉ်ခံ၊ အပ်နှံပြုလုပ်အပ်၏။ သ—သောသန္ဓိတု၊ ထိုကိုယ်စားလည်စု၊ စေ့စပ်ပြုသော သန္ဓိသည်ကား။ ပုရိသန္တရောသန္ဓိ၊ "ပုရိသန္တရ"၊ နာမသညီ၊ သန္ဓိမည်၏။

အဓိပ္ပါယ်—

(၈) မင်းနှစ်ပါးတို့သည် အချင်းချင်းတိုင်ပင်၍ သင်နှင့် ငါတို့၏ စစ်သူကြီးတို့သည် ငါတို့၏ ပြောဆိုပြုလုပ်ရန်ရှိသော အကြောင်းအရာတို့ကို ညှိနှိုင်းတိုင်ပင်၍ စီရင်ပြုလုပ်လျှင် သင့်လျော်တော်တန်ပြီဟု နှစ်ဦးနှစ်ဖက် နှစ်သက်ကြည်ဖြူ သဘောတူ ပဋိညာဉ်ပေးပြီးလျှင် ကိုယ်စားလည် လွှဲအပ်ခန့်ထား၍ ပြေငြိမ်းစေ့စပ် မဟာမိတ်ပြုလုပ်အပ်သော သန္ဓိကို **ပုရိသန္တရသန္ဓိ** မည်၏ဟူ၍ မှတ်ယူသင့်ပါသည်။

၁၂၅။ တယေကေန မမတ္တော တု၊ သံပသာဓိတော ဣတိ။
ယတြ သတ္တု ပဏံ ကရေ၊ သောဒိဋ္ဌပုရိသော မတော။

---

* ဤ၌ "ပဏ" သဒ္ဒါသည် သဘောတူဝန်ခံခြင်း, ပဋိညာဉ်ပေးခြင်းဟူသော အနက်ကို ဟော၏။ (ပဏော—သံယော) ဋီကာ။ ။(ပဏော—အင်္ဂီကာရေ) သဒ္ဒတ္ထောမ မဟာနိဓိ အဘိဓာန်။

ဧကေန၊ ငါမူမပါ၊ တယောက်သာဖြစ်သော။ တယာ၊ သင်သည်။ မမ၊ ငါ၏။ သောအတ္တာ၊ ထိုငါ၏အမှု၊ ကိစ္စကို။ သံပသာဒိတော၊ အသင့်အလျော်၊ တော်အောင်စေ့စပ်၊ ပြီးစေအပ်၏။ ဝါ၊ ပြီးစေပါလော့။ ယတြ၊ အကြင် မဟာမိတ်ပြု၊ စေ့စပ်မှု၌။ သတ္တာ၊ အမှုအပ်နှင်း၊ ရန်သူမင်းသည်။ ပဏံ၊ နှစ်သက် ကြည်ဖြူ၊ သဘောတူဝန်ခံခြင်းကို။ ကရေ၊ ပဋိညာဉ်ခံ၊ အပ်နှံပြုလုပ်အပ်၏။ သောသန္ဓိ၊ ထိုရန်သူတဖက်ကို၊ သက်သက်အပ်နှင်း၊ စေ့စပ်ခြင်းကို။ အဒိဋ္ဌ-ပုရိသော၊ "အဒိဋ္ဌပုရိသ"ဟု၊ နာမတွင်ဘိ၊ သန္ဓိမည်၏ဟူ၍။ မတော၊ မုချ ဆတ်ဆတ်၊ မှတ်ယူအပ်ပါ၏။

အဓိပ္ပါယ်—

(၉) ရန်သူမင်း နှစ်ပါးတို့တွင် တပါးပါးသောမင်းက ငါတို့မဟာမိတ်ဖွဲ့ကြ ပြီးလျှင် စေ့စပ်ပြေငြိမ်းသည့်အရာ၌ ငါမူကား မပြောဆိုမစီမံလိုပါ၊ သင်သည် သာလျှင် သင့်လျော်တော်တန်အောင် သဘောအတိုင်း ဆင်ခြင်ကြည့်ရှု၍ ပြုလုပ်စီမံပါလော့၊ စီမံစေချင်ပါသည်ဟု သဘောတူဝန်ခံလျက် ပဋိညာဉ်ပေး ပြီးလျှင် ကျေအေးစွာ မဟာမိတ်စာချုပ် ပြုလုပ်စေ့စပ်အပ်သော သန္ဓိကို **အဒိဋ္ဌပုရိသသန္ဓိ**ဟူ၍ မှတ်ယူသင့်ပါသည်။

၁၂၆။ ယတြ ဘူမျေကဒေသေန၊ ပဏေန ရိပုရုဇ္ဇိတော။
သန္ဓိယတေ သန္ဓိဝိဒူ-ဟျာဒိဋ္ဌော သ ဥဒီရိတော။

ယတြ၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှု၌။ ဘူမျေကဒေသေန၊ တဒေသ တစိတ်၊ နိမိတ်သတ်မှတ်၊ မြေအရပ်ကို၊ ပေးအပ်ခြင်းဟု ဆိုအပ်သော။ ပဏေန၊ သဘောတူလျက်၊ ဝန်ခံချက်ဖြင့်။ ဥဇ္ဇိတော၊ ဘုန်းရောင်လွှမ်းမိုး၊ တန်ခိုးသတ္တိ၊ အစွမ်းရှိသော။ ရိပု၊ မာန်မူအပြင်း၊ ရန်သူမင်းကို။ သန္ဓိယတေ၊ မဟာမိတ်လုပ်၊ စာတမ်းချုပ်သဖြင့်၊ ရန်ငုတ်ဖြေသိမ်း၊ စေ့စပ်ငြိမ်းစေရာ၏။ သ–သောသန္ဓိ၊ ထိုမြေဘစိတ်အပ်နှင်းလျက် မဟာမိတ်ဖွဲ့စပ်ခြင်းကို။ အာဒိဋ္ဌော၊ "အာဒိဋ္ဌ"သန္ဓိ၊ အမည်ရှိ၏ဟူ၍။ သန္ဓိဝိဒူဟိ၊ သန္ဓိအရာ၌၊ လိမ္မာကျွမ်းကျင်၊ ပညာရှင်တို့သည်။ ဥဒီရိတော၊ မှည့်ခေါ်ပညတ်၊ မိန့်ဆိုအပ်၏။

အဓိပ္ပါယ်—

(၁၀) ဘုန်းတန်ခိုး အာနုဘော် အစွမ်းသတ္တိတို့နှင့် ပြည့်စုံသော ရန်သူမင်း ကို တစိတ်တဒေသသော နယ်ပယ်မြေအရပ်ကို ပေးအပ်လျက် သဘောတူဝန်ခံ ၍ ပဋိညာဉ်ပေးပြီးလျှင် မဟာမိတ်ပြုလုပ်၍ စစ်ပြေငြိမ်းခြင်းစာချုပ်ကို ချုပ် ဆိုပြုလုပ်သဖြင့် ရန်ငုတ်ကို ဖြေသိမ်း၍ ပြေငြိမ်းစေအပ်သော သန္ဓိကို **အာဒိဋ္ဌသန္ဓိ**

အမည်ရှိ၏ဟူ၍ သန္ဓိအရာ၌ ကောင်းစွာလိမ္မာကုန်သော မြော်မြင်တတ်သိ ပညာရှိတို့ မှတ်ခေါ်အပ်ပါသည်။

၁၂၇။ သသေနေန တု သန္ဓာန—မတ္တာဒိဋ္ဌော ဥဒီရိတော။
ကြိယတေ ပါဏရက္ခတ္ထံ၊ သဗ္ဗဒါနာဒုပဂ္ဂဟော။

သသေနေန၊ မိမိစစ်သည်၊ ဗိုလ်ပါချီအပ်၊ ရဲမက်တပ်နှင့်။ သဟ၊ တကွ။ သန္ဓာနံတု၊ မဟာမိတ်လုပ်၊ စာတမ်းချုပ်သဖြင့်၊ ရန်ငုတ်ဖြေသိမ်း၊ စစ်ပြေငြိမ်းခြင်းကိုကား။အတ္တာဒိဋ္ဌော၊"အတ္တာဒိဋ္ဌ"၊နာမမှည့်ယူ၊သန္ဓိဟူ၍။ဥဒီရိတော၊ သတောအရ၊ မိန့်ဆိုပြအပ်၏။ ယောသန္ဓိ၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှုကို။ ပါဏရက္ခတ္ထံ၊ ကိုယ်၏အတွက်၊ အသက်ကို စောင့်ရှောက်ခြင်း အကျိုးငှါ။ သဗ္ဗဒါနာ၊ စည်းစိမ်ပါခွဲ၊ လုံးစုံအပ်နှင်း၊ ပေးဆက်သွင်းသဖြင့်။ ကြိယတေ၊ မဟာမိတ်ဟု၊ ဖွဲ့စပ်မှုကို၊ ပြုလုပ်ပေရာ၏။ သ–သောသန္ဓိ၊ ထိုစည်းစိမ်ပါ အပ်နှင်းလျက်၊ မိတ်ရင်းပြုလုပ်အပ်သောသန္ဓိကို။ ဥပဂ္ဂဟော၊ "ဥပဂ္ဂဟ"၊ နာမမှည့်ယူ၊ သန္ဓိဟူ၍။ ဥဒီရိတော၊ ထုတ်ဖော်မြွက်ဟ၊ မိန့်ဆိုပြအပ်၏။

အဓိပ္ပါယ်——

(၁) မိမိ၏စစ်သည်ဗိုလ်ပါ များစွာသော ရဲမက်သားတို့နှင့်တကွ မဟာမိတ်ပြုလုပ်လျက် စာချုပ် ချုပ်ဆိုပြီးလျှင် ရန်ငုတ်ကို ဖြေသိမ်းကာ ပြေငြိမ်းစေ့စပ်အပ်သော သန္ဓိကို **အတ္တာဒိဋ္ဌသန္ဓိ**ဟူ၍ မှတ်ယူသင့်ပါသည်။

(၂) ထို့ပြင် မိမိ၏အတွက် အသက်ကိုစောင့်ရှောက်ရန် မိမိ၏ အလုံးစုံသော စည်းစိမ်တို့ကို အပ်နှံပေးဆက်သဖြင့် မဟာမိတ်ဖွဲ့စပ်မှု ပြုလုပ်အပ်သော သန္ဓိကို **ဥပဂ္ဂဟသန္ဓိ** မည်၏ဟူ၍ မှတ်ယူသင့်ပါသည်။

၁၂၈။ ကောသံသေနာဒ္ဓကောသေန၊ သဗ္ဗကောသေန ဝါ ပုန။
သေဋ္ဌဿ ပတိရက္ခတ္ထံ၊ ပရိက္ကယော ဥဒီရိတော။

ယောသန္ဓိ၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှုကို။ ကောသံသေနဝါ၊ ဘဏ္ဍာတိုက်တော်မှ၊ နည်းငယ်မျှသာ၊ ဥစ္စာကိုပေးသဖြင့်လည်းကောင်း။ အဒ္ဓကောသေနဝါ၊ ဘဏ္ဍာတိုက်တော်တွင်း၊ စာရင်းအရ၊ တဝက်မျှသောဥစ္စာ၊ အသပြာကို ပေးသဖြင့်လည်းကောင်း။ ပုန၊ တဖန်။ သဗ္ဗကောသေနဝါ၊ ဘဏ္ဍာတိုက်တော်တွင်း၊ ရှိရင်းအကုန်၊ အလုံးစုံသော ဥစ္စာ၊ အသပြာကို ပေးသဖြင့် လည်းကောင်း။ သေဋ္ဌဿ၊ မြတ်သောသူ၏။ ဝါ၊ မြတ်သောသူကို။ ပတိရက္ခတ္ထံ၊ အစဉ်ကြည့်ရှု၊ စောင့်ရှောက်ပြုစေခြင်းအကျိုးငှါ။ ကြိယတေ၊ မဟာမိတ်ပြု၊ ဖွဲ့စပ်မှုကို၊ ပြုလုပ်ပေရာ၏။ သ–သောသန္ဓိ၊ ထိုဘဏ္ဍာတော်အပ်နှင်း၍၊ စေ့စပ်ခြင်း ပြုအပ်သော

သန္ဓိကို။ ပရိက္ကယော၊ "ပရိက္ကယ"၊ နာမသညီ၊ သန္ဓိမည်၏ဟူ၍။ ဥဒီရိတော၊ ထုတ်ဖော်မြွက်ဟ၊ မိန့်ဆိုပြအပ်၏။

အဓိပ္ပါယ်——

(၁၃) မိမိထက် ဘုန်းတန်းစသည်တို့ဖြင့် မြင့်မြတ်သောမင်းအား မိမိဘဏ္ဍာတော်တိုက်မှ အနည်းငယ်မျှသော ပစ္စည်းဥစ္စာ အသပြာကို ပေးသဖြင့်လည်းကောင်း, ထက်ဝက်ခန့်မျှသော ပစ္စည်းဥစ္စာ အသပြာကို ပေးသဖြင့်လည်းကောင်း, ဘဏ္ဍာတော်တိုက်တွင်း၌ ရှိရင်းဥစ္စာ အလုံးစုံသော အသပြာတို့ကို ရက်ရောစွာ ပေးသဖြင့်လည်းကောင်း အစဉ်စောင့်ရှောက်စေခြင်း အကျိုးငှါ မဟာမိတ်ဖွဲ့စပ်ပြုလုပ်အပ်သော သန္ဓိကို **ပရိက္ကယသန္ဓိ** မည်၏ဟူ၍ မှတ်ယူသင့်ပါသည်။

၁၂၉။ ဘူမိနံ့ သာရဝန္တိနံ၊ ဒါနုစ္ဆိန္နော်တိ ဥစ္စတေ။
　　ဘူမျုဋ္ဌဖလဒါနေန၊ သဗ္ဗေန ပရဘူသနော။

ယော၊ အကြင်မဟာမိတ်ပြု၊ စေ့စပ်မှုကို။ သာရဝန္တိနံ၊ မြေဆီမြေဩဇာ၊ ရှိရာအရပ်၊ ကောင်းမြတ်သည်သာဖြစ်ကုန်သော။ ဘူမိနံ၊ တစိတ်တဒေသ၊ မြေဌာနတို့ကို။ ဒါနာ–ဒါနေန၊ ပိုင်းခြားသတ်မှတ်၊ ပေးဆက်အပ်သဖြင့်။ ကြိယတေ၊ မဟာမိတ်ဟု၊ ဖော်စပ်မှုကို၊ ပြုလုပ်ပေရာ၏။ သော–သန္ဓိ၊ ထိုကောင်းမြတ်သော မြေတစိတ်ကို၊ နိမိတ်သတ်မှတ်၊ ပေးဆက်အပ်သဖြင့်၊ စေ့စပ်အပ်သော သန္ဓိကို။ ဥစ္ဆိန္နော်တိ၊ "ဥစ္ဆိန္န"သန္ဓိ၊ အမည်ရှိ၏ဟူ၍။ ဥစ္စတေ၊ နာမပညတ်၊ ခေါ်ဆိုအပ်၏။ ယောသန္ဓိ၊ အကြင်မဟာမိတ်ပြု၊ ဖွဲ့စပ်မှုကို။ သဗ္ဗေန၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော။ ဘူမျုဋ္ဌဖလဒါနေန၊ မြေမှပေါ်ထွက်၊ သီးနှံဆက်သဖြင့်။ ကြိယတေ၊ ရန်လက်စသိမ်း၊ ငြိမ်းအေးစေ့စပ်၊ ပြုလုပ်အပ်၏။ သော၊ ထိုမြေမှပေါ်ထွက်၊ သီးနှံဆက်သဖြင့်၊ နှစ်သက်ကျေအေး၊ စေ့စပ်ရေးကို။ ပရဘူသနော၊ "ပရဘူသန"၊ နာမသန္ဓိ၊ အမည်ရှိ၏ဟူ၍။ ဥစ္စတေ၊ မှည့်ဆိုပညတ်၊ ခေါ်ဝေါ်အပ်၏။

အဓိပ္ပါယ်——

(၁၄) မြေဆီမြေဩဇာကောင်းသဖြင့် အသီးအနှံဖြစ်ထွန်းသော မြေတစိတ်အရပ်ကို နယ်နိမိတ် သတ်မှတ်၍ ပေးအပ်ဆက်သွင်းလျက် ကျေအေး ပြေငြိမ်းစေခြင်းဖြင့် မဟာမိတ်စာချုပ် ပြုလုပ်ဖွဲ့စပ်အပ်သော သန္ဓိကို **ဥစ္ဆိန္နသန္ဓိ** ဟူ၍ မှတ်ယူသင့်ပါသည်။

(၁၅) ဝှင်းပြင် နိုင်ငံနယ်အလုံးကို သိမ်းကျုံးလျက် ပေါ်ထွက်သမျှသော အသီးအနှံတို့ကို မကျန်မကြွင်း အလုံးစုံအပ်နှင်း၍ ကျေအေးပြေငြိမ်းစေခြင်း

ဖြင့် မဟာမိတ်စာချုပ် ပြုလုပ်စေ့စပ်အပ်သောသန္ဓိကို **ပရဘူသနသန္ဓိမည်၏** ဟူ၍ မှတ်ယူသင့်ပါသည်။

၁၃၀။ ပရိစ္ဆိန္နံ ဖလံ ယတြ၊ ပတိက္ခန္ဓေန ဒီယတေ။
ခန္ဓောပနေယံ တံ ပါဟု၊ သန္ဓိံ သန္ဓိဝိစက္ခဏာ။

ယတြ၊ အကြင်မဟာမိတ်ပြု၊ ဖွဲ့စပ်မှု၌။ ပရိစ္ဆိန္နံ၊ ဤမျှရွေ့ဤမျှ၊ ပမာဏကန့်သတ်၊ ပိုင်းဖြတ်အပ်သော။ ဖလံ၊ ပေါ်ထွက်တန်တန်၊ သီးအနှံကို။ ပတိက္ခန္ဓေန၊ ပခုံးဝန်ပြု၊ ထမ်းဆောင်မှုဖြင့်။ ဒီယတေ၊ ပို့ဆောင်ဆက်သွင်း၊ ပေးအပ်နှင်းရာ၏။ တံသန္ဓိံ၊ ထိုပိုင်းခြားစုရုံး၊ သီးနှံသုံးကို၊ ပခုံးဖြင့်ပို့အပ်၊ စေ့စပ်ပြုလုပ်ခြင်းကို။ ခန္ဓောပနေယံ၊ "ခန္ဓောပနေယ"၊ နာမသညီ၊ သန္ဓိမည်၏ဟူ၍။ သန္ဓိဝိစက္ခဏာ၊ သန္ဓိအရာ၌၊ ကောင်းစွာသိမြင်၊ ပညာရှင်တို့သည်။ ပါဟု—ပအာဟု၊ အပြားအားဖြင့်၊ မြှော်ထောက်ချင့်လျက်၊ အသင့်ဆိုကုန်ပြီ။

အဓိပ္ပါယ် —

(၁၆) အသီးအနှံတို့ ဖြစ်ထွန်း ထွက်ပေါ်သည့်အခါ ထွက်ပေါ်တိုင်း တကြိမ်တကြိမ်လျှင် ဤမျှရွေ့ ဤမျှ ပေးသွင်းရမည်ဟု ပိုင်းခြား ကန့်သတ်၍ ထားအပ်သော အသီးအနှံ အားလုံးကို ပခုံးဖြင့် ထမ်းဆောင်လျက် ပေးဆက်ခြင်းဖြင့် စေ့စပ် ပြေငြိမ်းစေအပ်သော မဟာမိတ်စာချုပ် ပြုလုပ် ဖွဲ့စပ်ခြင်းကို သန္ဓိအရာ၌ လိမ္မာကုန်သော ပညာရှင်တို့သည် **ခန္ဓောပနေယသန္ဓိ**ဟု ခေါ်ဆိုသမုတ်ကြ ါသည်။

ပြေငြိမ်းနည်း ၁၆-ပါးမှ အကောင်းစား ၄-မျိုး

ဤပြဆိုအပ်ခဲ့ပြီးသော တဆယ့်ခြောက်ပါးသော သန္ဓိတို့တွင် "ပတိကာရ" အစရှိသော လေးပါးသော သန္ဓိတို့သည်သာလျှင် သင့်လျော် လျောက်ပတ်ကောင်းမြတ်သည်၏အဖြစ်ကို ပြသိုရကား **ပရောပရောပကာရော** အစရှိသော ဂါထာကို ရွတ်ဆိုတင်လျှောက်ပြန်လေ၏။

၁၃၁။ ပရောပရောပကာရော တု၊ မေတ္တာသမ္ဗန္ဓကော တထာ။
ဥပဟာရော စ ဝိညေယျာ၊ စတ္တာရော စေဝ သန္ဓယော။

ပရောပရောပကာရော၊ ပရောပရောပကာရသန္ဓိလည်းကောင်း။ ဝါ၊ ပတိကာရသန္ဓိလည်းကောင်း။ မေတ္တာ၊ မေတ္တာသန္ဓိလည်းကောင်း။ ဝါ၊ သင်္ဂတသန္ဓိလည်းကောင်း။ တထာ၊ ထို့အတူ။ သမ္ဗန္ဓကော၊ သမ္ဗန္ဓကသန္ဓိလည်းကောင်း။ ဝါ၊ သံယောဂသန္ဓိလည်းကောင်း။ ဥပဟာရော စ၊ ဥပဟာရသန္ဓိလည်းကောင်း။

ဏ္ဍတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ သန္ဓယောဧဝ၊ သန္ဓိတို့ကို သာလျှင်။ ဝိညေယျာ၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သော သန္ဓိတို့ဟူ၍၊ စွဲယူအတပ်၊ အသိအမှတ် ပြုအပ် ပြုကုန်ရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး.... ဤပြဆိုအပ်ပြီးသော တဆယ့်ခြောက်ပါးသော သန္ဓိတို့တွင် ပရောပရောပကာရမည်သော **ပတိကာရသန္ဓိ**လည်းကောင်း, သင်္ဂတမည်သော **မေတ္တာသန္ဓိ**လည်းကောင်း, သမ္ဗန္ဓကမည်သော **သံယောဂသန္ဓိ**လည်းကောင်း, **ဥပဟာရသန္ဓိ**လည်းကောင်း ဤလေးပါးသော သန္ဓိတို့ကို သာလျှင် သင့်လျော်လျောက်ပတ် ကောင်းမြတ်သော သန္ဓိတို့ဟူ၍ မှတ်ယူသင့်ပါသည်။

ဤပြဆိုအပ်ပြီးသော သင့်လျော်လျောက်ပတ် ကောင်းမြတ်သော သန္ဓိလေးပါးတို့တွင် **ဥပဟာရသန္ဓိ** တပါးသာလျှင် အထူးသဖြင့် ကောင်းမြတ်၏ဟု မိမိအယူရှိသည်၏အဖြစ်ကို ပြပြန်လိုသည်ဖြစ်၍ **ကေဝေါပဟာရော** စ အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၂။ ကေဝေါပဟာရော စ၊ သန္ဓိယောဝ မတော မမ။
ဥပဟာရဝိဘိန္နာ တု၊ သဗ္ဗေ မေတ္တာဝိဝဇ္ဇိတာ။

ဒေဝ၊ ရေ၌ကျက်စား၊ ငှက်များသနင်း၊ အရှင်ဟသ်ာမင်း။ သန္ဓိသု၊ တဆယ့်ခြောက်ပါးသော သန္ဓိတို့တွင်။ ဧကေဝ၊ ထူးထူးခြားခြား၊ တပါးတည်းသာ ဖြစ်သော။ဥပဟာရော သန္ဓိယောဝ၊ "ဥပဟာရ"၊ နာမတွင်ဘိ၊ထိုသန္ဓိကို သာလျှင်။ မမ၊ ဒူရဒဿိ၊ သညီခေါ်ရိုး၊ ကျွန်တော်မျိုးအား။ မတော၊ အသင့်ပိုက်ကျုံး၊ နှလုံးစွဲကပ်၊ မြတ်နိုးအပ်ပါ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဥပဟာရဝိဘိန္နာ၊ ဥပဟာရသန္ဓိမှ၊ မတူထူးခြား၊ တပါးဖြစ်ကုန်သော။ ဝါ၊ ဥပဟာရ၊ နာမမည်ရှိ၊ သန္ဓိကိုချန်၊ ကြွင်းကျန်ကြကုန်သော။ သဗ္ဗေတု၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသော သန္ဓိတို့သည်ကား။ မေတ္တာဝိဝဇ္ဇိတာ၊ ချစ်ခင်ကြင်နာ၊ မေတ္တာမှ ကင်းကုန်၏။ တသ္မာ၊ ထိုသို့ဖြစ်ခြင်း၊ အကြောင်းရင်းကြောင့်ပါတည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး.... ကျွန်တော်မျိုး ဒူရဒဿိ အမတ်သည်မူကား ထိုတဆယ့်ခြောက်ပါးသော သန္ဓိတို့တွင် **ဥပဟာရသန္ဓိ** တပါးတည်းကိုသာ အသင့်လျော်ဆုံး အကောင်းဆုံးဟု ထင်မှတ်သဖြင့် အနှစ်သက်ဆုံး အမြတ်နိုးဆုံးဖြစ်ပါသည်၊ အဘယ့်ကြောင့်နည်းဟူမူ ဥပဟာရသန္ဓိမှ ကြွင်းကျန်ကုန်သော အလုံးစုံသော သန္ဓိတို့သည် ချစ်ခင်ကြင်နာခြင်းမေတ္တာမှ ကင်းလွတ်ကြပါကုန်သည်။ ထို့ကြောင့် **ဥပဟာရသန္ဓိ** တပါးတည်းသာ အနှစ်သက်ဆုံး အမြတ်နိုးဆုံးဖြစ်ပါသည် ဟူလို။

ထို့ပြင် ဥပဟာရသန္ဓိ၏ သင့်လျော်ကောင်းမြတ်ပုံ အကြောင်းတမျိုးကို တိုးဆင့်၍တဖန် ပြပြန်လိုသည်ဖြစ်၍ **အဘိယုတ္တာ ဗလီယတ္တာ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၃။ အဘိယုတ္တာ ဗလီယတ္တာ၊ အလဗ္ဘာ န နိဝတ္တတေ။
ဥပဟာရာရိတေ တသ္မာ၊ သန္ဓိ ရညော န ဝိဇ္ဇတေ။

အဘိယုတ္တာ၊ တိုက်ခိုက်လွှမ်းမိုး၊ စစ်ထိုးပိုင်ပိုင်၊ အောင်နိုင်ပြီးသော ရန်သူ သည်။ ဗလီယတ္တာ၊ စစ်သည်အင်အား၊ အလွန်များသဖြင့်၊ အားရှိသည်၏ အဖြစ်ကြောင့်။ အလဗ္ဘာ၊ တစုံတရာ၊ ဥစ္စာခနေ၊ မရအပ်သည်ရှိသော်။ န နိဝတ္တတေ၊ မိမိနိုင်ငံ၊ နေရပ်ဌာနသို့၊ မပြန်လည် မဆုတ်နစ်ပေ။ တသ္မာ၊ ထိုသို့ ဥစ္စာခနေ၊ မရမူအမှန်၊ မပြန်ကြလေသောကြောင့်။ ဥပဟာရာရိတေ၊ ဥပဟာရ၊ နာမည်တွင်၊ သန္ဓိကိုကြဉ်ထား၍။ အညော၊ ထိုမှထူးခြား၊ တပါးသော။ သန္ဓိ၊ စေ့စပ်ပြုရိုး၊ သန္ဓိမျိုးသည်။ န ဝိဇ္ဇတေ—န ဝိဇ္ဇတေဝ၊ မုချကေန်၊ မရှိရိုးမှန်သည်သာလျှင်တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....များစွာသော စစ်သည်အင်အား လက်နက် အားဖြင့် လွှမ်းမိုးဖိစီးလျက် ရန်သူတဖက်ကို တိုက်ခိုက်ဖျက်ဆီး အောင်နိုင် ပြီးသော ရန်သူသည် မိမိ၌ စစ်သည်အင်အား လက်နက်အားရှိသည့်အတွက် ကြောင့် တစုံတရာ ဥစ္စာပစ္စည်းမရဘဲလျက် သက်သက်မဲ့ အချည်းနှီး မိမိနိုင်ငံ နေရပ်ဌာနသို့ ဆုတ်နစ်ပြန်သည်မည် မဟုတ်ပါ။ ထို့ကြောင့် ပစ္စည်းဥစ္စာ ရတနာနှင့် လိုရာအရပ်ရပ် နယ်ပယ်ကို ပေးအပ်ဆက်သွင်းလျက် အချင်းချင်း စေ့စပ်၍ မဟာမိတ် ပြုလုပ်ပြေငြိမ်းစေခြင်းဟုဆိုအပ်သော ဥပဟာရသန္ဓိကို ထား၍ ထိုသန္ဓိမှတပါး အခြား ကောင်းမြတ်သောသန္ဓိဟူ၍ ကေန်မုချ မရှိပါ ဟူလို။

ထို့နောက် ဟသ်ာမင်းသည် လင်းတ အမတ်ကြီးအား ဤသို့ မိန့်တော်မူ၏— "အရှင်အမတ်ကြီး....အရှင်သည် မြင့်မြတ်လည်း မြင့်မြတ်ပါ၏၊ ပညာလည်း ရှိပါ၏။ ထို့ကြောင့် ဤအရာဌာန၌ ကျွန်ုပ်တို့သည် ပြုအပ်ပြုသင့်သောကိစ္စတို့ကို မည်သို့ ပြုသင့်သည်ဟု ညွှန်ကြားပြသ ဆုံးမစေချင်ပါသည်"ဟု မိန့်တော် မူလေ၏။

ထိုအခါ ဒူရဒဿီ အမတ်ကြီးက ဤသို့ တင်လျှောက်လေ၏—"အို အရှင် မင်းကြီး....အဘယ့်ကြောင့် ဤသို့ မိန့်တော်မူဘိသနည်း၊ ရှေးဦးစွာ နာတော် မူပါဦးလော့"ဟုဆို၍ **အယံ နိဇော** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

ကျောသား ရင်သား မခွဲခြားသင့်ပုံ

၁၃၄။ အယံ နိဇော ပရောဝေတိ၊ ဂဏနာ လဃုစိတ္တာနံ။
ဥဋ္ဌာရစရိတာနန္တု၊ ဝသုဓေဝ ကုဋုမ္ဗကံ။

ဒေဝ၊ အရှင်မင်းကြီး။ အယံ၊ ဤသူသည်ကား။ နိဇော၊ ငါ့လူငါ့ဘက်သား၊ ငါ့အမျိုးသား စသည်တည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ အယံ၊ ဤသူသည်။ ပရော၊ သူစိမ်းပြင်ပ၊ ငါ့လူငါ့ဘက်သား၊ ငါ၏အမျိုးသား စသည် မဟုတ်သောသူတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဂဏနာ၊ ဆင်ခြင်ကြံရွယ်၊ ရေတွက်မှုသည်။ လဃုစိတ္တာနံ၊ ပေါ့ပေါ့တန်တန်၊ မဟန်သောစိတ်ရှိကုန်သော သူတို့အား။ ဘဝတိ၊ မသွေစင်စစ်၊ အမှန်ဖြစ်၏။ ဥဋ္ဌာရစရိတာနံတု၊ လျောက်ပတ်တင့်တယ်၊ ကြီးကျယ်မြင့်မြတ်သော၊ စိတ်နေစိတ်ထား၊ သဘောသွားရှိကုန်သော သူတို့အားကား။ ဝသုဓာဧဝ၊ လောကအဆုံး၊ တမြေထောင်လုံးသည်သာလျှင်။ ကုဋုမ္ဗကံ၊ မိမိ၏ အိမ်သူအိမ်သားနှင့်မခြား၊ အလားပမာ၊ တူသည်သာ လျှင်တည်း။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး ... နာတော်မူပါဦးလော့၊ ဤသူသည်ကား ငါ့လူ ငါ့ဘက်သား ငါ့အမျိုးသား ဖြစ်ပေသည် ဟူ၍လည်းကောင်း, ဤသူ သည်ကား ငါ့လူ ငါ့ဘက်သား ငါ့အမျိုးသားမဟုတ်၊ သူစိမ်းသွင်သွင် ပြင်ပ တခြား တပါးသောသူ ဖြစ်ပေသည် ဟူ၍လည်းကောင်း နှစ်မျိုးနှစ်စား ခွဲခြား၍ ဆင်ခြင်ကြည့်ရှု ရေတွက်မှုထားခြင်းသည် ပေါ့ပေါ့တန်တန် မဟန်သော စိတ်ထား သဘောသွားရှိသော အောက်တန်းစားဖြစ်ကုန်သောသူတို့အားသာ ဖြစ်တတ် ပါသည်၊ ကြီးကျယ်မြင့်မြတ်သော စိတ်နေစိတ်ထား သဘောသွားရှိသော အထက်တန်းစားဖြစ်ကုန်သော သူတို့အားမူကား ကျောသား ရင်သားမခြား လောကအဆုံး ရှိသမျှလူအားလုံးကိုပင်လျှင် မိမိ၏ အိမ်သူအိမ်သားနှင့် အမျှ ထပ်တူ သဘောယူပါသည်၊ "ကျွန်တော်မျိုး ဒူရဒဿီ အမတ်သည်လည်း အောက်တန်းသမား အယုတ်စားမဟုတ်၊ ကျောသားရင်သား မခြား သဘော ထားတတ်သော အထက်တန်းသမား အမြတ်စားဖြစ်ပါသည်"ဟု ဆိုလိုသည်။

ပညာရှင်တို့၏ အမြင်သုံးမျိုး

ဤသို့ စိတ်နေစိတ်ထား သဘောသွားရှိသောသူသည်သာလျှင် သူတော်စင် သူတော်ကောင်း ပညာရှင်မည်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **မာတာဝ ပရဒါရေသု** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

၁၃၅။ မာတာဝ ပရဒါရေသု၊ ပရဒဗ္ဗေသု မတ္တိကာ။
အတ္တာဝ သဗ္ဗဘူတေသု၊ ယော ပဿတိ သ ပဏ္ဍိတော။

ဒေဝ၊ အရှင်မင်းကြီး။ ယော၊ အကြင်သူသည်။ ပရဒါရေသု၊ တပါးသူ၏၊ ကြည်ဖြူချစ်ခင်၊ ကြင်ယာမြောက်သား၊ ကာမပိုင်မယားတို့၌။ မာတာဝ၊ ကျေးဇူးအရှင်၊ မွေးမိခင်ကဲ့သို့။ ပဿတိ၊ ကြည့်ရှုဆင်ခြင်၊ စိတ်ဝယ်ထင်၏၊ ပရဒဗ္ဗေသု၊ သူတပါးတို့၏၊ ပစ္စည်းဥစ္စာ၊ အရာရာတို့၌။ မတ္တိကာဣဝ၊ မသုံးမစွဲ၊ မြေစိုင်ခဲကဲ့သို့။ ပဿတိ၊ ကြည့်ရှုဆင်ခြင်၊ စိတ်ဝယ်ထင်၏။ သဗ္ဗဘူတေသု၊ ခပ်သိမ်းဥဿုံ၊ လုံးစုံများစွာ၊ သတ္တဝါဟူသမျှတို့၌။ အတ္တာဣဝ၊ မိမိဟုဆို။ ကိုယ်နှယ်နှိုင်းတု၊ ပမာပြု၍။ ပဿတိ၊ ကြည့်ရှုဆင်ခြင်၊ စိတ်ဝယ်ထင်၏။ သ–သော၊ ထိုသို့ နှလုံးအလို၊ ဝမ်းတွင်းသိုသောသူသည်။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ၊ ပညာရှိမည်ပေ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....အကြင်သူသည် တပါးသူတို့၏ ကြင်ယာမြောက်သား ကာမပိုင်မယားတို့၏အပေါ်၌ လျှပ်ပေါ်လော်လည်ခြင်းမရှိမူ၍ မိမိ၏ မွေးသည့်မိခင် ကျေးဇူးရှင်ကဲ့သို့ ကျေးဇူးရှင်နှင့်တူစွာ ပမာမခြား သဘောထားခြင်းရှိ၏၊ သူတပါးတို့၏ ပစ္စည်းဥစ္စာ အရာရာတို့၌လည်း အချည်းနှီး သက်သက်မှ အသုံးအစွဲမရှိသော မြေစိုင်ခဲနှင့်တူစွာ သာယာခြင်းမရှိဘဲ ကြည့်ရှု စဉ်းစား သဘောထားခြင်းရှိ၏၊ လုံးစုံများစွာ သတ္တဝါရှိရှိသမျှတို့၌ မိမိနှင့် မခြားဘဲ တသားတည်း မှတ်ယူ၍ တူမျှသော သဘောထားခြင်းရှိ၏။ ထိုသို့ မှတ်ယူထင်မြင် ဉာဏ်၌ ဆင်ခြင်တတ်သောသူသည် ပညာရှိမည်ပေသည် ဟူလို။

ခန္ဓာကိုယ်အတွက် တရားမပျက်သင့်ပုံ

ထို့ပြင် ကာယိကဒုက္ခ, စေတသိကဒုက္ခအပေါင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက် အပ်သည်ဖြစ်၍ မရှည်မကြာ တသက်လျှာတခဏ တဘဝမျှသာတည်တံ့နိုင်သော ဤခန္ဓာကိုယ် အကောင်ပုပ်ကြီး၏ အစီးအပွါးအလို့ငှါ မတရားမကျင့်အပ် ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **အာဓိဗျာဓိပရိတာပေ** အစ ရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၆။ အာဓိဗျာဓိပရိတာပေ၊ အဇ္ဇ သွေဝါ ဝိနာသိတေ။
ကော ဟိ နာမ သရီရာယ၊ ဓမ္မာပေတံ သမာစရေ။

ဒေဝ၊ အရှင်မင်းကြီး။ *အာဓိဗျာဓိပရိတာပေ၊ နှလုံးပူဆွေး၊ စိတ်မအေး ခြင်းတည်းဟူသော စေတသိကဒုက္ခ, ဖျားနာရောဂါ၊ ဝေဒနာတည်းဟူသော

* ဤ၌ "အာဓိ"သဒ္ဒါ စိတ်၏ပင်ပန်းခြင်း စေတသိကဒုက္ခဟော။ ။ဝိဓိဓာ ဝါ အာဓယော မနောပီဠာ ယဿိံ သဗျာဓိ-ဟူသော အဘိဓာန်ဋီကာ။ ။ပုမေ အာဓိ မနောဗျထာ-ဟူသော အမရကောသအဘိဓာန်တို့ကို ထောက်လေ။

ကာယိကဒုက္ခတို့ဖြင့်၊ သည်းထန်အပြင်း၊ လွန်မင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍။ အဇ္ဈဝါ၊ ယနေ့သော်လည်းကောင်း။ သွေဝါ၊ နက်ဖြန်သော်လည်းကောင်း။ ဝိနာသိတေ၊ ဇီဝိတိန္ဒြေ၊ ကင်းကွေအပြီး၊ ပျက်စီးအပ်ပါလျက်။ သရီရာယ၊ သိုးညှိပုပ်စွာ၊ ကိုယ်ခန္ဓာကြီး၏၊ အစီးအပွါးအလို့ငှါ။ ကောဟိနာမ၊ အဘယ် မည်ဟူ၊ အဘယ်သူသည်။ ဓမ္မာပေတံ၊ တရားလက်လွတ်၊ ယွင်းချွတ်တိမ်းပါး၊ မတရားသည်ဖြစ်၍။ သမာစရေ၊ ကျင့်ကြံအားထုတ်၊ ပြုလုပ်ပါအံ့နည်း။

အဓိပ္ပါယ်။ ။ဤရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာကြီးသည် သောကဗျာပါဒ စိတ်ဒုက္ခမအေး အမြဲပင်ပူဆွေးရခြင်းတည်းဟူသော စေတသိကဒုက္ခ, အနာ ရောဂါ ဝေဒနာတို့ဖြင့် မခံသာအောင် အခါခါ နှိပ်စက်ခြင်းတည်းဟူသော ကာယိကဒုက္ခတို့ဖြင့် သီးထန်လွန်မင်း ပြင်းပြစွာ နှိပ်စက်အပ်သည်ဖြစ်၍ ယနေ့ သော်လည်းကောင်း, နက်ဖြန်သော်လည်းကောင်း ဇီဝိတိန္ဒြေ ကင်းပြတ်ကြွေ ပြီးလျှင် တက်ဘက်စင် ခန္ဓာပြုန်းလျက် လုံးလုံးကြီးဆုံးရမည့်ဘက်ကို သက်သက် ချိန်ရွယ် အလွယ်ဖြင့် ပျက်စီးမည်ဖြစ်ပါလျက် ဘယ်အတွက် သိုးညှီပုပ်သည့် အယုတ်ကောင် ဤခန္ဓာကြီး၏ အစီးအပွါးအလို့ငှါ အဘယ်သူသည် တရားကို လက်လွှတ်၍ ချွတ်ချွတ်ယွင်းယွင်း မစဉ်းမစားဘဲ မတရား ပြုကျင့်ပါမည်နည်း၊ မည်သူမှ မပြုကျင့်ပေ ဟူလို။

အသက်ကို ပမာမထားဘဲ တရားကျင့်သင့်ပုံ

ထို့ပြင် ခန္ဓာဝန်မလွတ်မကင်းကြသူ သတ္တဝါဟူသမျှတို့ ဘေးဘယအချက် များလှသည့်အတွက်ကြောင့် စက်ဆုပ်ဘွယ် ဤခန္ဓာကို လျင်မြန်စွာ ပယ်နိုင်ဘို့ အရေးကို တွေးတောလျက် မမှားမစောင်းစေဘဲ တရားကောင်း တရားမှန် ကိုသာ အားသန်၍ ကျင့်ကြံသင့်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ဇလန္တစန္ဒစပလံ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

၁၃၇။ ဇလန္တစန္ဒစပလံ၊ ဇီဝိတံ ခလု ဒေဟိနံ။
တထာဝိဓမိတိ ဉတွာ၊ နိစ္စံ ကလျာဏမာစရေ။

ဒေဝ၊ အရှင်မင်းကြီး။ ယသ္မာ၊ အကြင့်ကြောင့်။ ဒေဟိနံ၊ ခန္ဓာဝန်ဆောင်၊ မြားမြောင်လှစွာ၊ သတ္တဝါခပင်းတို့၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေ၊ ခေါ်ထွေဆိုချက်၊ ထိုအသက်သည်။ ခလု–ကေန္တေန၊ စင်စစ်ကေန်၊ အမှန်မလွဲသဖြင့်။ ဇလန္တ- စန္ဒစပလံ၊ ရေ၌တည်ရှိ၊ လ-၏တံဆိပ်၊ အရိပ်အလား၊ လှုပ်ချောက်ချား၏။ တသ္မာ၊ ထိုသို့ လ-ရိပ်ပမာ၊ တုန်လှုပ်ရာသောကြောင့်။ ဇီဝိတံ၊ မိမိပိုင်နက်၊ ကိုယ့်အသက်ကို။ တထာဝိဓံဣတိ၊ ထိုလ-ရိပ်အလား၊ အပြားပမာ၊ မခြားကွာပေ ဟူ၍။ ဉတွာ၊ ခြင်းရာဖြစ်ဟန်၊ အမှန်ကိုသိပြီး၍။ နိစ္စံ၊ အတွင်မစဲ၊ အစဉ်အမြဲ

အားဖြင့်။ ကလျာဏ၊ ကုသိုလ်အစု၊ ကောင်းမှုအများ၊ သုစရိုက်တရားကို။ အာစရေ၊ ကျင့်ကြံအားထုတ်၊ ပြုလုပ်ရန်သင့်ပေ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ရေ၌ရှိသော လ-ရိပ်သည် အမြဲတုန်လှုပ်၍ နေဘိသကဲ့သို့ ထိုအတူ သတ္တဝါတို့၏ ဇီဝိတိန္ဒြေဟု ဆိုအပ်သော အသက် သည်လည်း အနာရောဂါဘေး, ခိုးသူခားပြဘေး, သူပုန်ဘေး (ဂဠုန်ဘေး) အစရှိသော ဘေးအပေါင်းတို့ဖြင့် သေကြေပျက်စီးအံ့သည်မှ တထိတ်ထိတ် တလန့်လန့်အားဖြင့် စိုးရိမ်ကြောင့်ကြ ကြောက်ရွံ့ရ၍ အမြဲပင် တုန်လှုပ် ချောက်ချားလျက် နေရကြောင်းကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ဝေဘန်၍အမှန် ကိုသိပြီးလျှင် ထိုဘေးအပေါင်းတို့၏ လွတ်ရာလွတ်ကြောင်း ကောင်းမြတ်သည့် ဌာန ခန္ဓာဝန်မဆောင်ရသည့် အေးချမ်းလှသော ခေမာပုရ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းလျင်မြန် ရောက်ဘို့ရန် ရည်မှန်းလျက် နေ့မပျက် ရက်မခြား နာရီလပ်မထားဘဲ ဒါန,သီလစသော ကုသိုလ်တရားတို့ကို ကြိုးစား၍ အားထုတ်သင့်ပေသည်၊ အားထုတ်ရပါမည်ဟု ဆိုလိုသည်။

ကုသိုလ်တရားအပေါင်းသာ တမလွန်မိတ်ဆွေကောင်းဖြစ်ပုံ

ထို့ပြင် ဤပစ္စုပ္ပန်ဘဝ၌ လောကစည်းစိမ် ခံစားမှုဟူသမျှတို့ ခဏဖြင့် ပျောက်ပျက်၍ နောက်ဆက်မည့်သံသရာစခန်းသို့ မှုခြမ်းမျှမလိုက်မပါကြဘဲ ဟိုအခါကာလ ယခုဘဝပြုခဲ့သည့် သုစရိုတဓမ္မ အပေါင်းသည်သာလျှင် သဟာယ ယောင်း မိတ်ဆွေကောင်း ဖြစ်ကြောင်းကို ထပ်လောင်း၍ ပြပြန်လိုသည်ဖြစ်၍ **ဝါတဗ္ဘဝိဗ္ဘမမိဒံ**အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်လေ၏။

၁၃၀။ ဝါတဗ္ဘဝိဗ္ဘမမိဒံ ဝသုဓာဓိပတျ—
မာပါတမတ္တမဓုရော ဝိသယောပဘောဂေါ။
ပါဏာ တိဏာဂ္ဂဇလဗိန္ဒုသမာ နရာနံ၊
ဓမ္မော သခါ ပရမဟော ပရလောကယာနေ။

(ဝသန္တတိလကဂါထာ)

ဒေဝ၊ အရှင်မင်းကြီး။ ဣဒံဝသုဓာဓိပတျံ၊ ဤရေမြေစိုးပိုင်၊ နိုင်ငံ့အရှင်၊ ဘုရင်၏အဖြစ်သည်။ ဝါတဗ္ဘဝိဗ္ဘမံ၊ လေပြင်းမုန်တိုင်းဖြင့်၊ အရိုင်းတိုက်ခတ်အပ် သော၊ တိမ်ထပ် တိမ်တိုက်ပမာ၊ ပြင်းစွာမနား၊ လှုပ်ချောက်ချား၏။ ဝိသ- ယောပဘောဂေါ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်ကို၊ ခုံမင်မနား၊ ခံစားသုံးဆောင် ခြင်းသည်။ အာပါတမတ္တမဓုရော၊ ကျရောက်ကာမျှ၊ ပမာဏသာ၊ အရသာရှိ၏။ နရာနံ၊ရှိသမျှဟူ၊အများလူတို့၏။ ပါဏာ၊ဇီဝိတိန္ဒြေ၊ဆိုထွေအချက်၊ ထိုအသက်တို့

သည်။ တိဏဂ္ဂဇလပိန္ဒုသမာ၊ မြက်ပင်ဖျားဝယ်၊ တန့်နား တည်နေသည့်၊ ရေပေါက်နှင့်သာ၊ ပမာတူကြကုန်၏။ အဟော၊ ဩော်....အံ့ဩဘွယ်ရှိပေစွ။ နရဿ၊ ဤကပ္ပါလောက၊ ရှိသမျှသောင်းပြောင်း၊ လူများအပေါင်း၏။ ပရလောကယာနေ၊ တမလွန်လောက၊ ဘဝအထူးသို့၊ ကူးပြောင်းတဖန်၊ သွားကြပြန်ရာ၌။ ဓမ္မော၊ သုစရိုက်ကုသိုလ်၊ ထိုထိုတရား အပေါင်းသည်။ ပရမံ၊ အလွန်အကျုံ၊ ထူးချွန်ကဲမြတ်လှသော။ သခါ၊ သဟာယဟောင်း၊မိတ်ဆွေကောင်းအစစ်၊ ဖြစ်ကြီးဖြစ်ပါပေသည်တကား။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ဤရေမြေစိုးပိုင် နိုင်ငံ့အရှင် ဘုရင်မင်း၏ အဖြစ်သည် လေပြင်းမုန်တိုင်းတို့ဖြင့် အရိုင်းတိုက်ခတ်အပ်သော တိမ်ထပ်တိမ်တိုက်၏ပမာ ပြင်းစွာ မရပ်မနားဘဲ လှုပ်ချောက်ချားခြင်း ရှိပါသည်။ ငါးဖြာသော အာရုံ ကာမဂုဏ်ကို ခံ့ခံ့မင်မင် အတွင်မနားဘဲ ခံစားသုံးဆောင်ခြင်းသည်လည်း ထိုအာရုံကျရောက်ကာမျှ ထိုအာရုံနှင့် တွေ့ထိကာမျှ ပမာဏရှိသော တခဏ လောက်သာလျှင် အရသာရှိပါသည်၊ အစဉ်အမြဲစွဲ၍ တည်သည်မဟုတ်ပါ။ ဤ ကပ္ပါလောကရှိသမျှသူ လူအပေါင်းတို့၏ ဇီဝိတိန္ဒြေဟု ဆိုအပ်သော အသက်တို့ သည်လည်း မြက်ပင်ဖျား၌ တန့်နားတည်နေသော ရေပေါက်နှင့်တူစွာ ခဏသာ တည်နေ တန့်နားနိုင်သဖြင့် ကာလရှည်လျားစွာ မတည်မခံနိုင်ကြပါ၊ ဩော်.... အံ့ဩဘွယ်ရှိပေစွ။ လူတို့၏ တမလွန်လောက ဘဝအထူးသို့ ကူးပြောင်း၍သွား ကြရာ၌ ပြုသမျှကုသိုလ် ထိုထိုသုစရိုတ ဓမ္မအပေါင်းသည်သာလျှင် သဟာယ ဟောင်း မိတ်ဆွေကောင်းအစစ် ဖြစ်ကြီးဖြစ်ပါပေသည်။ ထို့ကြောင့် အသက် မသေ နေရသည့်ကာလ ဘဝကောင်းရကြသည့်အခိုက် ပြဆိုခဲ့ပြီးသည့်အတိုင်း မရှိုင်းအောင် နှလုံးပိုက်ပြီးလျှင် အဖိုးထိုက်သည့်အချိန်အခါကို တနာရီ တမိဇနာ ခန့်မျှ သက်သက်မဲ့အချည်းနှီး မဖြုန်းတီးဘဲ လုံးလုံးကြီး ကုသိုလ်တရားကိုသာ အားထားကာ အခါရတိုင်း ဒါန, သီလစသော သုစရိုက်အလုပ်ကို အားထုတ် ကျင့်ကြံသင့်ပါသည်ဟု ဆိုလိုသည်။

သူတော်ကောင်းတို့နှင့် ပေါင်းသင်းသင့်ပုံ

ထို့ပြင် ဤဘဝ ဤခန္ဓာသည် ကြာရှည်စွာမတည်နိုင်သည့်အတွက် ပစ္စက္ခ, တမလွန် နှစ်တန်သောကောင်းကျိုးကို မြှော်ကိုးရှယ်ချူလျက် သူတော်စင် သူတော်ကောင်းတို့နှင့် အမြဲပေါင်းသင်းသင့်ကြောင်းကို ထပ်လောင်း၍ပြပြန် လိုသည်ဖြစ်၍ **မိဂတဏှာသမံ ဝိက္ခ၊** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက် ပြန်လေ၏။

၁၃၉။ မိဂတဏှာသမံ ဝိက္ခ၊ သံသာရံ ခဏဘင်္ဂုရံ။
　　သာဓူဟိ သင်္ဂတံ ကရေ၊ ဓမ္မာယ စ သုခါယ စ။

ဒေဝ၊ အရှင်မင်းကြီး။ သံသာရံ၊ ရုပ်နာမ်ခန္ဓာ၊ ဤသံသရာကြီးကို။ မိဂ-တဏှာသမံ၊ လှင်တီးကွင်းပြင်၊ လဟာပြင်ဝယ်၊ ရေ၏ အသွင်၊ ထင်မြင်မှတ်ရိုး၊ တံလျှပ်ခိုးနှင့်တူစွာ။ ခဏဘင်္ဂုရံ၊ ခဏဖြင့်ပင်၊ လျှင်လျှင်ပျောက်ကွယ်၊ ပျက်စီးလွယ်သည်ကို။ ဝိက္ချ၊ ဆင်ခြင်ကြည့်ရှု၊ ကြံစည်ပြု၍။ ဓမ္မာယစ၊ ကောင်းမှုတရား၊ ပွါးများအားထုတ်၊ ပြုလုပ်ခြင်းအကျိုးငှါ လည်းကောင်း။ သုခါယစ၊ လောကုတ္တ, လောကီ၊ နှင်လီသုခ၊ ချမ်းသာရခြင်း အကျိုးငှါ လည်းကောင်း။ သာဓုဟိ၊ ကိုယ်ကျင့်တရား၊ မမှားမချော်၊ တရားမြော်သည့်၊ မျှားသူတော်တို့နှင့်။ သဟ၊ တကွ။ သင်္ဂတံ၊ ဆက်ဆံရင်းနှီး၊ ပေါင်းဖော်မှီးခြင်းကို။ ကရေ-ကရေယျ၊ အတွင်မစဲ၊ အစဉ်စွဲလျက်၊ အမြဲပြုလုပ်ပေရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး....ရုပ်နာမ်ခန္ဓာ သံသရာဟု ဆိုအပ်သော ဤခန္ဓာကိုယ် အတ္တဘောကြီးကို လှင်ပြင်ကွင်းပြင် လဟာပြင်၌နဝယ် အဝေးမှမြင်သူတို့ ရေပြင်စခန်း ရေအယဉ်တန်းဟူ၍ ရေ်ရမ်းထင်မှတ်ရသည့် တံလျှပ်ခိုးနှင့်တူစွာ ခဏဖြင့်ပင်လျှင် အလျှင်ပျောက်ကွယ် ပျက်စီးလွယ်ပေသည့်တကားဟု ကြည့်ရှုစဉ်းစား သတိထားပြီးလျှင် ကုသိုလ်တရားတို့ များစွာဖြစ်စေခြင်း အကျိုးငှါ လည်းကောင်း, လောကီချမ်းသာ လောကုတ္တရာချမ်းသာ နှင်ဖြာသောအကျိုး တိုးပွါးစေခြင်းငှါ လည်းကောင်း မကောင်းမြင်ထာ ကောင်းရာဆုံးမ ပြသသွန်သင်တတ်သည့် သူတော်စင်ကောင်း သူမြတ်လောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ၍ အမြဲပင် မှီဝဲဆည်းကပ်သဖြင့် နေထိုင်သင့်ပါသည် ဟူလို။

ဒါနထက် သစ္စာက သာလွန်ပုံ

တဆယ့်ခြောက်ပါးသော သန္ဓိတို့၏ အဆိုးအကောင်း အကျိုးအကြောင်းတို့ကို အကျယ်တဝင့် ဖွင့်ပြပြောဆိုခဲ့ပြီးသည်ဖြစ်၍ ထိုသန္ဓိတို့တွင် ယခုအခါ အကြောင်းအခွင့်အားလျော်စွာ "ကဥ္စန"မည်သော မဟာမိတ်ဖွဲ့ခြင်းဖြင့်ဖွဲ့စပ်သင့်ခြင်း၏ အကြောင်းကို ပြလိုသည်ဖြစ်၍ **ယတောဟု** အကြောင်းပြစကားခံလျက် **ယိဋ္ဌံ သစ္စဥ္စ ဓာရိတေ** အစရှိသော ဂါထာကို ရွတ်ဆို တင်လျှောက်ပြန်လေ၏။

ယတော——

၁၄၀။ ယိဋ္ဌံ သစ္စဥ္စ ဓာရိတေ၊ တုလာယ ယိဋ္ဌတော ဗဟုံ။
ကေန္တေန သဘာဝေန၊ သစ္စမေဝါတိရိစ္စတေ။

ယတော၊ အကြင့်ကြောင့်။ ယိဋ္ဌဉ္စ၊ အကြီးအကျယ်၊ တင့်တယ်ပြုမူ၊ အလှူပေးခြင်းကို လည်းကောင်း။ သစ္စဥ္စ၊ မဖောက်မပြန်၊ ဟုတ်မှန်သည်ကိုသာ၊ ပြောဆိုပြုလုပ်အပ်သော သစ္စာတရားကိုလည်းကောင်း။ တုလာယ၊ ချိန်ဖြင့်။ ဓာရိတေ၊ တင်ဆောင်အထက်၊ ချိန်ယူစက်အပ်သည်ရှိသော်။ ကေန္တေန၊ စင်စစ်

ကေန်၊ အမှန်အားဖြင့်။ ယိဋ္ဌတော၊ အကြီးအကျယ်၊ တင့်တယ်ပြုမူ၊ အလှူပေး သည်ထက်။ သဘာဝေန၊ မိမိတွင်ရှိ၊ ပကတိဆို၊ သဘောကိုယ်အားဖြင့်။ သစ္စ- မေဝ၊ မဖောက်မပြန်၊ ဟုတ်မှန်တရား၊ သစ္စာထားခြင်းသည်သာလျှင်။ ဗဟုံအတိ- ရိစ္စတေ၊ ပိုမိုများစွာ၊ အလွန်သာပေရာ၏။

အဓိပ္ပါယ်။ ။အရှင်မင်းကြီး...အတင့်အတယ် ကြီးကျယ် ခမ်းနားစွာ ဆင်ယင်ကျင်းပလျက် ကြီးစွာသော အလှူဒါနကို စီမံပြုလုပ်ခြင်းကို လည်း ကောင်း, မဖောက်မပြန် ဟုတ်မှန်သည်ကိုသာ ပြောဆိုပြုလုပ်အပ်သော သစ္စာ တရားကိုလည်းကောင်း, ထိုနှစ်ပါးသောတရားတို့ကို ချိန်အထက်၌ တဖက်စီ တင်ဆောင်လျက် ချိန်စက်အပ်သည်ရှိသော် အလှူကြီး ပေးလှူသည်ထက် မဖောက်မပြန် ဟုတ်မှန်သည်ကိုသာ ပြောဆိုပြုလုပ်ခြင်းဟု ဆိုအပ်သော သစ္စာ တရားသည်သာလျှင် မိမိ၏သဘောအားဖြင့် များစွာ သာလွန်ပေရာပါသည်။

ထို့ကြောင့် ဤနှစ်ပါးသော မင်းတို့သည်လည်း သစ္စာခံယူခြင်းတည်းဟု ဆို အပ်သော မီးနတ်သား, ရေနတ်သား အမှူးရှိသော "ကဋ္ဌန" မည်သော မဟာမိတ် ဖွဲ့စပ်ခြင်းကို စီမံပြုလုပ်သင့်ပါသည်ဟု ဒူရဒဿီအမတ်ကြီးက တင်လျှောက် လေ၏။

ထိုအခါ သဗ္ဗညမည်သော စက္ကဝက်အမတ်က "အရှင်အမတ်ကြီးမိန့်ဆိုတော် မူသည့်အတိုင်း သင့်လျော်လှပါပြီ"ဟု ပြောဆိုလေ၏။

ထို့နောက် ဟံသာမင်းသည် အထည်အလိပ်နှင့်တကွ ဝတ်စားတန်ဆာအစရှိ သော ပူဇော်သက္ကာတို့ဖြင့် ဒူရဒဿီ အမတ်ကြီးအား ချီးမြှောက် ကော်ရော် ပူဇော်လေ၏။ အမတ်ကြီးသည်လည်း နှစ်သက် ဝမ်းမြောက်သော စိတ်နှလုံးရှိ သည်ဖြစ်၍ စက္ကဝက်အမတ်ကြီးကို ဥဒေါင်းမင်း၏ အထံသို့ ခေါ်ဆောင်၍ သွားလေ၏။

ထိုအခါ ဥဒေါင်းမင်းသည် သဗ္ဗညမည်သော စက္ကဝက်အမတ်ကြီးအား ဒူရဒဿီအမတ်ကြီး၏ ပြောဆို တင်လျှောက်ခဲ့ဘူးသော စကားဖြင့်ပင်လျှင် အလွန်မြတ်နိုးခြင်း ရှေသွားရှိသည်ဖြစ်၍ ကောင်းစွာလက်သင့်ခံလျက် အစေ့ အစပ်စကားတို့ဖြင့် မိန့်ကြား ပြောဆိုတော်မူပြီးလျှင် ထိုပြဆိုအပ်ပြီးသော သဘောရှိသော ကဋ္ဌနမည်သော မဟာမိတ်ဖွဲ့စပ်ခြင်းကို အတည်ပြု၍ မျက်နှာစုံညီ မဟာမိတ်စာချုပ်ကို ချုပ်ဆို ပြုလုပ်တော်မူလေ၏။ ထိုသို့ ပြုလုပ်တော် မူပြီးလျှင် စက္ကဝက်အမတ်ကြီးအား အခွင့်ပေး၍ ဟံသာမင်း၏ အထံသို့ ပြန်လည်စေ၏။

ထို့နောက် ဒူရဒဿီအမတ်ကြီးသည် ဤသို့ တင်လျှောက်လေ၏—"အရှင် ဥဒေါင်းမင်း....အကျွန်ုပ်တို့၏ အကြံအစည်သည် ထမြောက် အောင်မြင်ပါပြီ၊

ယခုအခါ မိမိတို့၏နေရာဖြစ်သော ဝိဥ္စာတောင်သို့သာလျှင် ပြန်လည် ချီတက်တော်မူရန် သင့်လျော်ပါပြီ”ဟု တင်လျှောက်လေ၏။

ထို့နောက် အလုံးစုံသောသူတို့သည် မိမိတို့၏ နေရာဌာနသို့ ချောမောစွာ ပြန်လည် ဆိုက်ရောက်ကြသဖြင့် မိမိတို့၏ စိတ်အလို အကြံအားလျော်သော နှစ်သက်အပ်သော အကျိုးကို ခံစားကြရလေကုန်၏။

ဟသ်ာမင်းနှင့် ဥဒေါင်းမင်းတို့ဝတ္ထု ပြီး၏။

ဤဝတ္ထုကို ပြောကြားပြီးသည်၏ အဆုံး၌ **ဝိဏှုသမ္မဆရာ ကြီး**သည် မင်းသားတို့အား ဤသို့ ပြောဆိုလေ၏—“အရှင်မင်းသားတို့....အရှင်တို့သည် အသက်ထက်ဆုံး နှလုံးစွဲပိုက် မှတ်ယူထိုက်သော ရန်သူ မင်းနှစ်ပါးတို့ အချင်းချင်း ရန်စွယ်ရန်ညှောက်ကို ဖြတ်တောက်ဖြေသိမ်းလျက် မဟာမိတ်အဖြစ်ဖြင့် စေ့စပ်ပြေငြိမ်းခြင်းကို အရင်းထား၍ များစွာသော ပုံပြင်ဝတ္ထု အစုစုအရပ်ရပ် မှတ်သားဘွယ် အဖုံဖုံတို့ဖြင့် စုံလင်ပြည့်နှက်လျက်ရှိသော **သန္ဓိကဏ္ဍ** အခဏ်းကို ပြဆိုရာပြဆိုကြောင်းဖြစ်သော စကားရပ်ကား ဤတွင်ရွေ့ အပြီးသတ်ပါပြီ၊ ထို့ထက်တဖန် ထပ်မံပိုမို၍ သိကြားနားလည်ရန် အဘယ်အရာ လိုပါသေးသနည်း”ဟု မေးမြန်းပြောဆိုလေ၏။

ထိုအခါ မင်းသားတို့သည် ဤသို့ ပြောဆိုကြလေ၏—“မြတ်တော်မူလှသော အရှင်ဆရာကြီး....ဆရာကြီး၏ ကျေးဇူးဖြင့် ကျွန်ုပ်တို့သည် မင်းတို့နှင့် စပ်ဆိုင်သမျှသော အလုံးစုံသော အကြောင်းအရာ အင်္ဂါအမျိုးမျိုးတို့ကို အပြည့်အစုံ အကုန်အစင် သိကျွမ်း နားလည်ရပါပေပြီ၊ ထိုသို့ နားလည်ရသဖြင့် အကျွန်ုပ်တို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြ၍ စိတ်၏ချမ်းသာခြင်း ဖြစ်ကြရပါပေပြီ”ဟု ကျေးဇူးတင်စကားဖြင့် ပြန်ကြားပြောဆိုကြလေ၏။

သန္ဓိကထာ ပတ္ထနာနိဂုံး

ထို့နောက် ဝိဏှုသမ္မဆရာကြီးသည် ဤသို့ ဆိုလေ၏—“အရှင်မင်းသားတို့....အကယ်၍ပင် ဤသို့ ဝမ်းမြောက်ခြင်းရှိကြစေကာမူ ဤဆိုလတံ့သော အာသီသဂါထာ ပတ္ထနာစကားရပ်ကိုလည်း ထပ်မံ ကြားနာကြပါဦးလော့”ဟု ဆို၍ **သန္ဓိဿဗ္ဗနရိန္ဒနံ** အစရှိသော အောက်ပါ ဂါထာကို ရွတ်ဆိုပြီးလျှင် နိဂုံးခါးပတ်အပြီးသတ်လေ၏။

၁၄၁။ သန္ဓိသာဗ္ဗနရိန္ဒနံ ဝိဇယိနံ အတ္ထု ပမောဒါ သဒါ၊
သဒ္ဓော ဟောန္တု နိရာပဒါ သုသုတနံ ကိတ္တိစ္စိရံ ဝဍ္ဎတု။
နီတိဗ္ဗာရဝိလာသိနီဝ သတတံ ဝက္ခတ္တလေ သံဌိတာ၊
ဝတ္တံ စုမ္ဗတု မန္တိနံ မဟာရဟော အတ္ထု မဟံ ဥဿဝေါ။

(သဒ္ဒူလ္လဝိက္ကိဠိတဂါထာ)

ဝိဇယိနံ၊ ရန်သူတဖက်ကို၊ ချိုးဖျက်ပိုင်ပိုင်၊ အောင်နိုင်ခြင်းရှိကုန်သော။ သဗ္ဗနရိန္ဒာနံ၊ အလုံးစုံသော ပြည်သူတို့၏အရှင်၊ ဘုရင်မင်းမြတ်တို့အား။ သဒါ၊ အခါခပ်သိမ်း။ သန္ဓိ ၊ တဖန်ဆက်၍၊ လက်နက်မပိုက်၊ စစ်မတိုက်ရန်၊ ရည်သန် ဆုံးဖြတ်၊ မဟာမိတ် ဖွဲ့စပ်အပ်သဖြင့်၊ စေ့စပ်ပြေငြိမ်းခြင်းသည်လည်းကောင်း။ ပမောဒါ စ၊ နှစ်သက်အားရ၊ ဝမ်းမြောက်ခြင်းရှိကြကုန်သည်လည်းကောင်း။ အတ္ထု၊ စင်စစ်မသွေ၊ ဖြစ်ကြပါစေကုန်သတည်း။ သဒ္ဓော၊ တရားမစောင်း၊ အကြောင်းမြှော်မြင်၊ သူတော်စင်တို့သည်။ နိရာပဒါ၊ မခဘေးဘျမ်း၊ ရန်မသန်း ကြကုန်သည်။ အတ္ထု၊ စင်စစ်မသွေ၊ ဖြစ်ကြပါစေကုန်သတည်း။ သုသုတာနံ၊ ကောင်းစွာကျော်ကြား၊ ထင်ရှားကုန်သောပညာရှိတို့၏။ ကိတ္တိ၊ ကျော်စော သတင်း၊ လွှမ်းမိုးခြင်းသည်။ စိရံ၊ ကာလချိန်ဆင့်၊ ရှည်ကြာမြင့်စွာ။ ဝဍ္ဎတု၊ တရွေ့တရွေ့၊ တတေ့တေ့ဖြင့်၊ တနေ့တခြား၊ တိုးတက်ပွါးပါစေသတည်း။ နီတိ၊ လုံးစုံများစွာ၊ လူဗိုလ်ပါတို့၊ သိရာသိကြောင်း၊ နည်းကောင်းတီထွင်၊ စီရင် အပ်သော၊ နီတိအစီအစဉ်သည်။ ဝါရဝိလာသိနီဣဝ၊ ပြည်ကြီးအတွင်း၊ ခပင်း ပျော်ရာ၊ ပြည့်တန်ဆာမကဲ့သို့။ မန္တိနံ၊ မင်းတိုင်ပင်အပ်၊ မင်းအမတ်တို့၏။ ဝက္ခတ္တလေ၊ နှလုံးဟဒယ၊ ဌာနအစဉ်၊ ရင်အပြင်၌။ သတတံ၊ မတိမ်းမလွဲ၊ အမြဲခပ်သိမ်း။ သံဌိတာ၊ ကောင်းစွာကြံ့ကြံ့၊ ရပ်တန့်တည်နေသည်ဖြစ်၍။ ဝတ္တံ၊ ပြောဆိုပြုအပ်၊ နှုတ်ခမ်းရပ်ကို။ စုမ္ဗတု၊ စွဲမြဲကပ်စုတ်၊ နမ်းရှုပ်လျက် တည်ပါစေ သတည်း။ အဟာရဟော၊ နေ့စဉ်ရက်တိုင်း။ မဟံ–မဟန္တော၊ မြားမြောင် တင့်တယ်၊ ကြီးကျယ်လှစွာသော။ ဥဿဝေါ၊ လောကအဆုံး၊ လူအလုံးတို့၊ စုစုရုံးရုံး၊ ရွှင်ကြည်ပြုံးလျက်၊ အုန်းအုန်းကြွက်ကြွက်၊ နှစ်သက်ဝမ်းမြောက်ခြင်း ရှိကြကုန်သည်။ အတ္ထု၊ စင်စစ်မသွေ၊ ဖြစ်ကြပါစေသတည်း။ ဝါ၊ ဟဒယ ရွှင်လန်း၊ ပီတိဖြန်းလျက်၊ ဝမ်းမြောက်ခြင်းရှိကြပါစေလို။

အဓိပ္ပါယ်။ ။ရန်သူတဖက်ကို ချိုးဖျက်ပိုင်ပိုင် အောင်နိုင်ခြင်းရှိကုန်သော ပြည်သူတို့၏အရှင် ဘုရင်မင်းအလုံးတို့သည် နောင်ကိုတဖန် ထပ်မံ ဆက်လက်၍ လက်နက်မပိုက် စစ်မတိုက်ရန် ရည်သန် ဆုံးဖြတ်ကြပြီးလျှင် အချင်းချင်း မဟာမိတ်ဖွဲ့အပ်သဖြင့် စေ့စပ်ပြေငြိမ်းခြင်းရှိကြကုန်သည်လည်းကောင်း၊ နှစ်သက်

အားရ ဝမ်းမြောက်ခြင်းရှိကြကုန်သည်လည်းကောင်း အခါခပ်သိမ်း မူမတိမ်းဘဲ အမြဲဖြစ်ကြပါစေသတည်း။

အတွင်းမနော သဘောခံရိုးသားလျက် မမှားမချော် တရားမြော်ကုန်သော သူတော်စင်ကောင်း သူမြတ်လောင်း ဟူသမျှတို့သည် ထာဝရ အေးချမ်း၍ ဘေးဘျမ်း ကွယ်ပလျက် ချမ်းသာခြင်း ရှိကြပါစေကုန်သတည်း။

ကပ္ပါခေါ် တွင်ပေါ် ထင်ကျော်ကြား ပညာရှင်အများတို့၏ ထင်ရှားလွှမ်းမော် သတင်းကျော်ဟိုး ဂုဏ်ရောင်မိုးခြင်းသည် မညှိုးမမှိန် အချိန်ဆင့်ကာ ဆင့်ကာ မြင့်ကြာမပျက် အစဉ်ဆက်လျက် ပြိုးပြက်မခြား တိုးတက်ပွါးပါစေသတည်း။

ခပ်သိမ်းဉဿုံ အလုံးစုံသော လူအပေါင်းတို့ တတ်သိရာ တတ်သိကြောင်း နည်းကောင်းတီထွင်၍ စီရင်အပ်သော နီတိအစီအစဉ်သည် အသွင်မခြား ပြည့်တန်ဆာမအလားကဲ့သို့ တရားပိုင်ပိုင် ဆုံးဖြတ်နိုင်သည့် မင်းတိုင်ပင်ဟု ဆိုအပ်သော ဥပဒေပြုအမတ်များ၏ နှလုံးသားအရပ်၌ ကြွံကြွံမပြတ် ရပ်တန့် တည်နေလျက် မြွက်ဟအလို စကားဆိုရာ နှစ်ဖြာသော နှုတ်ခမ်းကို နမ်းရှုပ်၍ တစေ အမြဲတည်နေပါစေသတည်း။ ဝါ–နီတိအစီအစဉ်သည် မင်းတိုင်ပင်စု ဥပဒေပြုအမတ်တို့၏ ရင်အရပ် နှလုံးသားနှင့် နှုတ်ခမ်းဖျား ဌာနတို့၌ ထာဝရမစဲ အစဉ်မြဲသည်ဖြစ်၍ အလီလီသော အချက်တို့၌ ပြောဆိုမြွက်ဟ ထွက်သမျှ စကားအလုံးတို့သည် နီတိလာ အသုံးအနှုန်းတို့နှင့် တလုံးမျှ မလွဲမချော်မူ၍ အမြဲပင် လျော်ပါစေသတည်း။

နေ့ရက်ရှိသမျှ လောကအဆုံး လူအလုံးတို့သည် စုစုရုံးရုံး ရွှင်ကြည် ပြုံးလျက် အုန်းအုန်းကြွက်ကြွက် ပီတိနှက်သဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းရှိကြ ပါစေသတည်း။ ဝါ–အုတ်အုတ်ကျက်ကျက် စီစီနှက်သဖြင့် နှစ်သက်ဟဒယ မနရွှင်လန်း ပီတိဖြန်းလျက် ဝမ်းမြောက်ခြင်းရှိကြပါစေလို။

နိဂုံး

ဒိစတြိတ် တောနယ်တဝှမ်း၌ လူရမ်းတွေ တံခွန်ထူ၍ အလှန်ပူအောင် သူပုန်၏အရေးကြောင့် ဂဋ္ဌုန်ဘေးကြီးပေါ်ပေါက်ရာ အဖျောက်မှာ ဘလောင် ဆန်လျက် အတောင်သံ ဂယက်ပြင်းလှသဖြင့် စက်ကွင်းမလွတ်သည့်အတွက် အေးကွက်ကို ခိုလှုံ၍ ရန်ကုန်မြို့ နဂရ ဘိဂုမ္ဗစေတီတော်ကြီး၏ အရှေ့မြောက် မိုင်ဝက်လောက် အကွာတွင် ရှေးအစဉ် သူတော်အပေါင်းတို့ ကိန်းအောင်း

မွှေလျော် စံနေတော်မူရာ လွန်တရာ သိုက်မြိုက်သဖြင့် ပျော်ပိုက်ဖွယ်ကောင်းလှသော ရွှေခုနှစ်တိုင်ကျောင်းတိုက်ကြီး၌ ယာပိုထ်လေးလီ မျှညီမှီတင်း၍ သီတင်းသုံးနေထိုင်စဉ် စီရင်ရေးသားအပ်သော **ဟိတောပဒေသကျမ်း၌ သန္ဓိကဏ္ဍကို** မြန်မာပြန်ဆိုခြင်းသည် သက္ကရာဇ် ၁၂၉၃-ခု သီတင်းကျွတ်လဆန်း ၁၄-ရက် တနင်္ဂနွေနေ့ ညနေ ၄-နာရီအချိန်တွင် ပြီးဆုံးခြင်းသို့ ရောက်သတည်း။

ဣတိ အာယသ္မတာ ဘဒ္ဒန္တအာစာရထေရေန ရစိတာ
ဟိတောပဒေသေ သန္ဓိကဏ္ဍာယ
မရမ္မဘာသာ ပရိဝတ္တနာ နိဋ္ဌိတာ။

ဟိတောပဒေသ ဘာသာပြန်
သန္ဓိကထာ ပြီး၏။

ကျမ်းပြီး နိဂုံး

(၁) ရတနာပုဏ္ဏနာမာယ၊ ပေါရာဏရာဇဓာနိယာ။
ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ ဒေသေ ဒိယစုယောဇနေ။

(၂) မြို့သာတိနာမကေ ရမ္မေ၊ နဂရေ သာသနုဇ္ဇောတေ။
သဗ္ဗာုပနိဿိတေ ဌာနေ၊ နာနာကုလသမာကိဏ္ဏေ။

(၃) ဒွိသတေကသဟဿမှိ၊ အဋ္ဌတိံသာဓိကေ ယုဂေ။
ဖဂ္ဂုဏေ ကာလပက္ခေ စ၊ ဆဋ္ဌာဟရတ္တိပစ္စူသေ။

(၄) ရဝိဝါရမှိ ဇာတေန၊ ဘဒ္ဒန္တာစာရနာမေန။
ခန္တိသောဟစ္စသီလာဒိ–ဂုဏယုတ္တေန ထေရေန။

(၅) ထေရဂံသပ္ပဒီပေန၊ သမ္မာ သက္ကတဂန္ထတော။
ပရိဝတ္တော သဘာသာယ၊ အယံ ဂန္ထော သုနိဋ္ဌိတော။

ဣတိ အာယသ္မတာ ဘဒ္ဒန္တအာစာရထေရေန ရစိတာ
ဟိတောပဒေသဿ
မရမ္မဘာသာ ပရိဝတ္တနာ ပရိနိဋ္ဌိတာ။

ဟိတောပဒေသ ဘာသာပြန်
ကျွတ်ငင် ပြီး၏။

✤✤✤✤✤✤✤✤

နောက်ဆက်တွဲ

စကားအချီး

ဤ**ဟိတောပဒေသ**ကျမ်းသည် ထိုဆိုပညာဉာဏ်ရှိ ကဝိအမေဒ်ပုဂ္ဂိုလ်ကျော်တို့ စီရင်ရေးသားအပ်သော သက္ကတကျမ်း အစောင်စောင်တို့မှ ထုတ်နုတ်၍ စီရင်ပြုစုခဲ့သော ကျမ်းဖြစ်သည့်အလျောက် ဤကျမ်းကို ကြည့်ရှုလေ့ကျက် ဆောင်ရွက်မှတ်သားကြကုန်သော ပုဂ္ဂိုလ်တို့မှာ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော အကျိုးတို့ အမှန်ပင် တိုးပွါးနိုင်ကြပေသည်။ ထိုကျမ်း၌လည်း လေးပိုင်းလေးကဏ္ဍရှိသည့်အနက် ဤနောက်ဆုံးဖြစ်သော သန္ဓိကဏ္ဍသည် များသောအားဖြင့် သံဝေဇနိယ ဓမ္မကထာတို့နှင့်တကွ ဒါန,သီလ,ဘာဝနာအစု ကုသိုလ်မှုနှင့် စပ်သောတရားစကားတို့ကို ပြဆိုစီရင်အပ်သောကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို ကြည့်ရှုလေ့ကျက် ဆောင်ရွက်မှတ်သားရန် သာ၍ပင် သင့်လျော်လျောက်ပတ် ကောင်းမြတ်ပါပေသည်။

သို့ပင် ဖြစ်ပါသော်လည်း ယခုအခါ သမ္မာသမ္ဗုဒ္ဓ အတုလမြတ်စွာ ဘဂဝါ၏ သာသနာတော်မြတ်ကြီးသည် နေရောင်လရောင်ပမာ အလွန်တရာမှ ထွန်းလင်းတောက်ပခိုက်နှင့် ကြုံကြိုက်၍ နေကြရပါသဖြင့် ဒါနမှု, သီလမှုမျှလောက်ဖြင့် ရောင့်ရဲတင်းတိမ်၍ မနေကြဘဲ—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ—

ဟူသော မြတ်စွာဘုရားသခင်၏ ဩဝါဒဒေသနာတော်ကြီးကို အလေးဂရုသေချာစွာပြုပြီးလျှင် မိမိတို့၏ ရင်တွင်းဝယ် အဆုပ်အသဲ နှလုံးထဲ၌ ခိုင်မြဲစွာစူးဝင်အပ်သော လှံမ၏ဥပမာ သံသရာနှင့် ဂဟေဆက်လျက် မပျက်တန်းတည်မြဲသည့် သံသရာ၏ ရေသောက်မြစ် ပန်နက်သဲကြီးသဖွယ်ဖြစ်၍ ခိုင်မြဲစွာတည်နေသော အတ္တအစွဲကို ပြင်းထန်သော ဇွဲနဘဲဖြင့် အမြဲတန်း ခုတ်ထွင်၍ အမြစ်ပြုတ်အောင် သုတ်သင်နိုင်မှသာလျှင် သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်နန်း ပြည်ခေမာသို့ လျင်မြန်စွာ ရောက်နိုင်ကြပေလိမ့်မည်။

ဤ သက္ကာယဒိဋ္ဌိတည်းဟူသော အတ္တအစွဲသည် ယခုခဏ ယခုဘဝမှ ရုတ်တရက်ဖြစ်ပေါ်လာသည်မဟုတ်၊ စင်စစ်မှာမူ သံသရာတွင် ကျင်လည်ခဲ့သမျှ ရှေးယခင်ဘဝတို့ကပင်လျှင် အစဉ်ဒလစပ် အမျှင်မပြတ်ဘဲ အတွင်ကပ်လျက်ပါခဲ့ပေသည်။ ထို့ကြောင့် သဲသဲမဲမဲဖြင့် အစွဲကြီးစွဲ အမြဲကြီးမြဲ၍ နေပေသည်၊ ထိုအတ္တ၏ စွဲပုံမှာလည်း—ဤခန္ဓာကိုယ်ကြီး၏ သဘောသည် ရုပ်နာမ်ခန္ဓာ

တရားတို့သည်သာလျှင် အကြောင်းတိုက်ဆိုင်ရာ ဖြစ်ပျက်၍ နေကြပါသဖြင့် စင်စစ်မှာမူ ရုပ်နာမ်တရား နှစ်ပါးသာလျှင် ထင်လျှားစွာရှိပေသည်။ ယင်းသို့ ထိုရုပ်နာမ်တရား နှစ်ပါးမှတပါး အခြားတစုံတရာ ဘာဝခုမျှမရှိ၊ ထိုသို့မရှိပါဘဲလျက် ထိုရုပ်နာမ်တရားနှစ်ပါးကိုသာလျှင် သက်သက်မဲ့အပို ငါ, သူတပါး, ယောကျာ်း, မိန်းမစသည်ဖြင့်လည်းကောင်း၊ အသက်, ဝိညာဉ်, အနှစ်သာရ, အတ္တစသည်ဖြင့်လည်းကောင်း အစဉ်အမြဲ အထင်လွဲလျက် စွဲမြဲမှတ်ယူခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် ထိုသက္ကာယဒိဋ္ဌိ တည်းဟူသော အတ္တအစွဲကို ပြတ်စဲကင်းပျောက်စေပြီးလျှင် အနတ္တပေါက်မြောက် မဂ်ဖိုလ်ရောက် စခန်းဆိုက်၍ နန်းအမြိုက် ပြည်ခေမာသို့ လျင်မြန်စွာ ရောက်ဖို့ရန် ဇောသန်သန် အရေးလုပ်လျက် မဟုဿာဟ ပြင်းစွာသော လုံ့လဖြင့် နေ့ညမယုတ် ဘာဝနာအလုပ်ကိုသည်း အားထုတ်ကျင့်ကြံသင့်ပေသည်။

ထိုသို့ ကျင့်ကြံအားထုတ် ပြုလုပ်ကြစေရန် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တိုက်တွန်းနှိုးဆော် ဟောဖော်ညွှန်ပြ ဆုံးမတော်မူအပ်သော ပါဠိတော်နှင့်တကွ အဋ္ဌကထာ, ဋီကာကျမ်းတို့၌ လာရှိသည့်အချက် အနက်အဓိပ္ပါယ်တို့ကို အလွယ်ဖြင့် သိနိုင်စေရန် ငါတို့ပြုပြင် စီရင်ရေးသားအပ်သော "ပရမတ္ထသင်္ဂဟ"မည်သော သံခိပ်ကျမ်းမှ ထုတ်နုတ်၍ အမြွက်မျှ ပြဆိုပေအံ့။

ဤခန္ဓာကိုယ်ကြီး၌ အတ္တ, ဇီဝ ဟူသော အယူအစွဲ သူရဲ မိစ္ဆာကို ရှဲခွါကင်းပျောက်ကြစေခြင်း အကျိုးငှါ ဤခန္ဓာကိုယ်ကြီးကို ကောဋ္ဌာသအားဖြင့် လည်းကောင်း, စတုဓာတုဝဝတ္ထာန်အားဖြင့်လည်းကောင်း, ကလာပအဖြစ်ဖြင့် လည်းကောင်း, မြူ၏အဖြစ်ဖြင့်လည်းကောင်း ဆင်ခြင်ကြည့်ရှုရန် ဟောကြားတော်မူအပ်သော **သတိပဋ္ဌာန်, မဟာဟတ္ထိပဒူပမသုတ်, ရာဟုလောဝါဒသုတ်** ပါဠိတော်တို့နှင့်တကွ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သစ္စသံခိပ်အဋ္ဌကထာ**တို့၌လာသော ၄၅-ကောဋ္ဌာသ ဝေဖန်ပုံအကျယ်ကို အလွယ်ဖြင့် ကျက်မှတ်ရန် အကျဉ်းချုပ်ဆောင်ပုဒ်နှင့်တကွ ပြဆိုပေအံ့။

ကောဋ္ဌာသဝေဘန်ခဏ်း

သရုပ်အဓိပ္ပါယ်

၁။ ဤကိုယ်ခန္ဓာ၊ ဒွါစတ္တာ၊ ကောဋ္ဌာပြုဝေဘန်။

ဤရှုပကာယ ခန္ဓာကိုယ်ကို ပထဝီကောဋ္ဌာသ–၂၀၊ အာပေါကောဋ္ဌာသ ၁၂-ပါး၊ တေဇောကောဋ္ဌာသ ၄-ပါး၊ ဝါယောကောဋ္ဌာသ ၆-ပါး အားဖြင့် ၄၂-ကောဋ္ဌာသ ၄၂-စုပြု၍ ဝေဘန်လေ။

ပထဝီကောဋ္ဌာသ-၂၀

၂။ ကောဋ္ဌာစုတွင်၊ဆံလျှင်အာဒိ၊ ဦးနှောက်ထိ၊ဝီသတိမြေဓာတ်လွန်။

ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် မည်သည့်ကောဋ္ဌာသ၌မဆို အလုံးစုံသော ကောဋ္ဌာသတို့၌ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်တို့သည် တစုတဝေးတည်း တပေါင်းတည်း ပေါင်းစပ်၍ အစဉ်အမြဲအားဖြင့် မခွဲမခြားဘဲ တွဲဖက်၍သာ ဖြစ်ကြကုန်၏။ သို့ပင်ဖြစ်ပါသော်လည်း ထိုလေးပါးသော ဓာတ်တို့တွင် မာမှု,ပြော့မှုသည် ပထဝီဓာတ် မည်၏။ ထိုပထဝီဓာတ် ထက်သန်လွန်ကဲသော အစိုင်,အခဲ, အရှည်, အတို, အလုံး, အပြား, အမာ, အပြော့ စသည်ဖြင့် ရစကောင်းသော....

ဆံပင်, အမွေး, ခြေသည်း-လက်သည်း, သွား, အရေ,
အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့,
နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်,
အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်—

ဟုဆိုအပ်သော ၂၀-သော ကောဋ္ဌာသတို့၌ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ ပါရှိပင် ပါရှိပါသော်လည်း ထိုဓာတ်တို့ထက် ပထဝီဓာတ်က ထက်သန်လွန်ကဲသောကြောင့် ဤ ၂၀-သော ကောဋ္ဌာသတို့သည် ပထဝီအဓိက-ပထဝီလွန်ကဲသော ပထဝီကောဋ္ဌာသတို့ မည်ကုန်၏။

အာပေါကောဋ္ဌာသ ၁၂-ပါး

၃။ သည်းခြေအစ၊ ကျင်ငယ်ကျ၊ ဒွါဒ-ရေဓာတ်လွန်။

ယိုစီးမှု–ဖွဲ့စည်းမှုသည် အာပေါဓာတ် မည်၏။ ထိုအာပေါဓာတ် ထက်သန်လွန်ကဲခြင်းကြောင့် အရည်,အစေး,အပြစ်,အကျဲ,အချွဲ-စသည်ဖြင့် ရစကောင်းသော ....

သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီ,
မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်—

ဟုဆိုအပ်သော ၁၂-ပါးသော ကောဋ္ဌာသတို့၌ အခြားသော ပထဝီ, တေဇော, ဝါယောဟူသော ဓာတ်သုံးပါးတို့ ပါရှိပင် ပါရှိပါသော်လည်း ထိုဓာတ်တို့ထက် အာပေါဓာတ်က ပိုမိုထက်သန် လွန်ကဲသည်၏ အဖြစ်ကြောင့် ဤကောဋ္ဌာသ ၁၂-ပါးတို့သည် အာပေါအဓိက–အာပေါဓာတ် လွန်ကဲသော အာပေါကောဋ္ဌာသတို့ မည်ကုန်၏။

တေဇောကောဋ္ဌာသ ၄-ပါး

၄။ သန္တပ္ပန၊ ဇီရဏနှင့်၊ ဍာဟ,ပါစကာ၊ လေးကောဋ္ဌာ၊ မှတ်ရာ-
မီးဓာတ်လွန်။

ပူမှု,အေးမှုသည် တေဇောဓာတ်မည်၏။ ထိုတေဇောဓာတ်သည် ကျန်ဓာတ်သုံးပါးတို့ကို ပူတတ်, လောင်တတ်, ကျွမ်းတတ်, ရင့်ကျက်စေတတ်, ယိုယွင်းပျက်စီးစေတတ်၏။ ထိုတေဇောဓာတ်သည် ပူလောင်ခြင်း လက္ခဏာအားဖြင့် တပါးသာဖြစ်သော်လည်း ပူလောင်ပုံအခြင်းအရာသို့ လိုက်၍ ....

(၁) သာမန်ပူခြင်းထက် ပိုလွန်၍ ပူလောင်သော **သန္တပ္ပနတေဇော**။

(၂) ကျန်ပဌဝီ, အာပေါ, ဝါယော ဟူသော ဓာတ်သုံးပါးကို ရင့်ရော် ဆွေးမြည့်အောင် ယိုယွင်းအောင် ပူလောင်သော **ဇီရဏတေဇော**။

(၃) ခြစ်ခြစ်တောက် မခံမရပ်နိုင်အောင် အလွန့်အလွန် ပူသော **ဍာဟတေဇော**။

(၄) နူးနပ်, ကြေကျက်အောင် ပူလောင်သော **ပါစကတေဇော**—

ဟူ၍ လေးပါး အပြားရှိပေ၏။ ထိုတေဇောဓာတ်တို့ လွန်ကဲအုပ်စိုးသော ဤလေးပါးသော ကောဋ္ဌာသ အစုတို့၌ ကျန်သော ပထဝီဓာတ်,အာပေါဓာတ်, ဝါယောဓာတ်တို့ ပါရှိပင် ပါရှိပါသော်လည်း ထိုဓာတ်တို့ထက် တေဇောဓာတ်က ပိုမိုထက်သန် လွန်ကဲသောကြောင့် ဤကောဋ္ဌာသတို့သည် တေဇောအဓိက—တေဇောဓာတ် လွန်ကဲသော တေဇောကောဋ္ဌာသတို့ မည်ကုန်၏။

၅။ ကိုက်ခဲညောင်းညာ၊ ဖျားရက်ချာ၊ ပူရာ-သန္တပ်လွန်။

ထို ၄-ပါးသော ကောဋ္ဌာသတို့တွင် ကိုယ်လက်အင်္ဂါ ကိုက်ခဲခြင်း, ညောင်းညာခြင်း, အတက်အကျ ဖျားခြင်း, ရက်ချာဖျားခြင်း စသည်တို့၌ ရက်ချာ ဖျားခြင်း စသည်တို့ကို ဖြစ်စေရာ၌ သန္တပ္ပန တေဇောဓာတ် ထက်သန်လွန်ကဲသော ရုပ်ကလာပ်အစုသည် "သန္တပ္ပနတေဇောကောဋ္ဌာသ" မည်၏။

၆။ ရင့်ရော်အိုမင်း၊ ခါးကိုင်းခြင်းနှင့်၊ နားထိုင်းအစ၊ ပသာဒညှိုး၊ ဗလညှိုး၍၊ သွားကျိုး,ဆံဖြူ၊ ရေတွန့်ဟူ၊ မှတ်ယူ-ဇီရဏလွန်။

ဤ ရူပကာယ ခန္ဓာကိုယ်၏ ရင့်ရော် အိုမင်းခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း, မျက်စိမှုံခြင်း, ပသာဒရုပ်တို့ ညှိုးနွမ်းခြင်း, ခွန်အားဗလ ဆုတ်ယုတ်ခြင်း, ဆံပင်ဖြူခြင်း, သွားကျိုးခြင်း, အရေတွန့်လိပ်ခြင်း စသည်တို့ ဖြစ်ရာ အရေတွန့်လိပ်ခြင်း စသည်တို့ကို ဖြစ်စေရာတို့၌ ဇီရဏ-တေဇောဓာတ် ထက်

သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "ဇိရဏ တေဇော ကောဋ္ဌာသ" မည်၏။

၇။ **နှလုံး, အသဲ၊ လောင်ကျွမ်းကွဲမှု၊ ဝမ်းထဲလှိုက်ဆူ၊ ပြင်းထန်ပူလှ၊ မြည်အောင်ရ၊ဒုဟ-မီးဓာတ်လွန်။**

ပလိပ်ဖျား, ငန်းဖျား, သန္နိပါတ်ဖျား ဖျားပြီးလျှင် အပူကြီးလှသဖြင့် အသဲ, နှလုံးတို့ ကွဲလုခမန်း မခံမရပ်နိုင်သည်ဖြစ်၍ "အလိုလေး....အမယ်လေး" စသည်ဖြင့် ဟစ်အော်မြည်တမ်းရလောက်အောင် ပူပြင်း, လောင်ကျွမ်းခြင်းဖြစ်ရာ ပူပြင်း, လောင်ကျွမ်းခြင်းကို ဖြစ်စေရာ၌ ဒုဟတေဇောဓာတ် ထက်သန်လွန်ကဲသော ရုပ်ကလာပ်အစုသည် "ဒုဟတေဇောကောဋ္ဌာသ" မည်၏။

၈။ **စားမျိုအစာ၊ ကောင်းစွာကျက်မှု၊ လောင်ကျွမ်းပြုတတ်၊ စာအိမ်ရပ်၊မီးဓာတ်-ပါစကလွန်။**

အစာအိမ်၏ အတွင်း၌ စားမျို သုံးဆောင်အပ်သော အစာအာဟာရတို့ကို ကြေကျက်စေရာ ကြေကျက်ခြင်းတို့ကို ဖြစ်စေရာတို့၌ ပါစကတေဇောဓာတ် ထက်သန် လွန်ကဲသော ရုပ်ကလာပ်အစုသည် "ပါစကတေဇော ကောဋ္ဌာသ" မည်၏။

ဝါယောကောဋ္ဌာသ ၆-ပါး

၉။ **ဥဒ္ဓံအောဂမ၊ကုစ္ဆိဋ္ဌနှင့်၊ ကောဋ္ဌာသယ၊ အင်္ဂသာရီ၊ အဿာမည်၊ ခြောက်လီ-လေဓာတ်လွန်။**

ထောက်ကန်မှုသည် ဝါယောဓာတ်မည်၏။ ထိုဝါယောဓာတ်သည် ရပ်ခြင်း, တည်ခြင်း, ရွေ့ရှားခြင်း စသည်တို့ကို ဖြစ်စေတတ်၏၊ ထို ဝါယောဓာတ် ထက်သန် လွန်ကဲခြင်းကြောင့် ဖြစ်သော....

(၁) အထက်သို့တက်သော **ဥဒ္ဓင်္ဂမဝါတ—ဥဒ္ဓင်္ဂမဝါယောကောဋ္ဌာသ။**

(၂) အောက်သို့သက်သော **အဓောဂမဝါတ—အဓောဂမဝါယောကောဋ္ဌာသ။**

(၃) အစဉ်တည်၍ နေသော **ကုစ္ဆိဋ္ဌဝါတ—ကုစ္ဆိဋ္ဌဝါယောကောဋ္ဌာသ။**

(၄) **ကောဋ္ဌာသယဝါတ—ကောဋ္ဌာသယဝါယောကောဋ္ဌာသ။**

(၅) ရွေ့ရှားတတ်သော **အင်္ဂမင်္ဂါနုသာရီဝါတ—အင်္ဂမင်္ဂါနုသာရီ ဝါယောကောဋ္ဌာသ။**

(၆) အသက်ရှူရှိုက်သော **အဿာသ ပဿာသဝါတ—အဿာသပဿာသဝါယောကောဋ္ဌာသ။**

ဤခြောက်ပါးအစု ခြောက်ခုသော ကောဋ္ဌာသတို့၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်တို့ ပါရှိပင် ပါရှိပါသော်လည်း ထိုဓာတ်တို့ထက် ဝါယောဓာတ်က ပိုမိုထက်သန် လွန်ကဲသည်၏ အဖြစ်ကြောင့် ဝါယောအဓိက— ဝါယောဓာတ်လွန်ကဲသော ဝါယောကောဋ္ဌာသတို့ မည်ကုန်၏။

၁၀။ ကြို့ထိုး, သမ်း, လှန့်၊ အထက်ဆန့်၊ ဥဒ္ဓံ-လေဓာတ်လွန်။

ထို ခြောက်ပါးသော ကောဋ္ဌာသတို့တွင် ကြို့ထိုးခြင်း, သမ်းခြင်း, အော့အန်ခြင်း အစရှိသော အထက်သို့ဆန်သော လေသည် "ဥဒ္ဓင်္ဂမဝါတ – ဥဒ္ဓင်္ဂမဝါယောကောဋ္ဌာသ" မည်၏။

၁၁။ ကျင်ကြီး, ကျင်ငယ်၊ ထုတ်ဘွယ် သက်လျော၊ အောက်စုံမျော၊ အဓော-လေဓာတ်လွန်။

ကျင်ကြီး, ကျင်ငယ်ဘို့ကို ထွက်စေခြင်း, လေသက်ခြင်း အစရှိသော အောက်သို့ စုံသော လေသည် "အဓောဂမဝါတ – အဓောဂမဝါယောကောဋ္ဌာသ"မည်၏။

၁၂။ ဝမ်းခေါင်း အူကြောင်း၊ အစဉ်အောင်းမှာ၊ ကုစ္ဆိဋ္ဌာနှင့်၊ ကောဋ္ဌာသယ၊ မည်နာမ၊ ဝါတ-လေဓာတ်လွန်။

အူ၏အပ ဝမ်းခေါင်းထဲ၌ အစဉ်အောင်းသော အစဉ်တည်သော လေသည် "ကုစ္ဆိဋ္ဌဝါတ – ကုစ္ဆိဋ္ဌဝါယောကောဋ္ဌာသ" မည်၏။ အူတွင်း အူချောင်းတွင်း၌ အောင်းသော အစဉ်တည်သော လေသည် "ကောဋ္ဌာသယ ဝါတ – ကောဋ္ဌာသယဝါယောကောဋ္ဌာသ"မည်၏။

၁၃။ ကိုယ်အင်္ဂါ လျောက်၊ ခြေလက်မြှောက်ရေး၊ ကွေးဆန့်သွားလာ၊ ဖြစ်စေရာ၊ သာရီ-လေဓာတ်လွန်။

ကိုယ် အင်္ဂါကြီးငယ်၌ လျောက်၍ ခြေ လက်မြှောက်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, သွားလာခြင်းကို ဖြစ်စေတတ်သော လေသည် "အင်္ဂမင်္ဂါနုသာရီဝါတ – အင်္ဂမင်္ဂါနုသာရီဝါယောကောဋ္ဌာသ"မည်၏။

၁၄။ ထွက်သက် ဝင်သက်၊ ဖြစ်ချက်အရာ၊ ကောဋ္ဌာမှာ၊ အဿာ-လေဓာတ်လွန်။

ထွက်သက်ဝင်သက်ကို ဖြစ်စေတတ်သော လေသည် "အဿာသပဿာသဝါတ – အဿာသပဿာသဝါယောကောဋ္ဌာသ" မည်၏။

သမုဋ္ဌာန်အားဖြင့် ဝေဘန်ခဏ်း

၁၅။ ဒွိတာလီဟု၊ ကောဋ္ဌာစုတွင်၊ ပြည်ကျင်အစာ၊ နှစ်ဖြာဟောင်းသစ်၊ ဥကြောင့်ဖြစ်၊ မှတ်လစ်-ကေဇာ။

ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် ကျင်ကြီး, ကျင်ငယ်, အစာဟောင်း, အစာသစ် ဤ ၄-ပါးသော ကောဋ္ဌာသတို့သည် ကံ, စိတ်, ဥတု, အာဟာရ ဟု ဆိုအပ်သော အကြောင်းတရား လေးပါးတို့တွင် ဥတုတည်းဟူသော အကြောင်းတပါး တည်းကြောင့်သာ ဖြစ်သောကြောင့် ကေဇ တို့ မည်ကုန်၏။

၁၆။ ပါစကဓာတ်၊ ကံကြောင့် မှတ်လေ၊ အဿာ သေမူ၊ စိတ်ကြောင့်ဟူ၊ မှတ်ယူ-ကေဇာ။

ပါစကတေဇော ကောဋ္ဌာသသည် ကံတည်းဟူသော အကြောင်းတပါး တည်းကြောင့်သာ ဖြစ်သောကြောင့် ကေဇ မည်၏။ အဿာသ ပဿာသ-ကောဋ္ဌာသ သည်လည်း စိတ်တည်းဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်သောကြောင့် ကေဇ မည်၏။

၁၇။ ချွေး,တံထွေး,နှပ်၊ မျက်ရည် ဓာတ်စု၊ ဤလေးခုမူ၊ စိတ်,ဥ–ဟူ၊ မှတ်ယူ-ဒွိဇသာ။

ချွေး, တံထွေး, နှပ်, မျက်ရည်– ဤ လေးခုသော ကောဋ္ဌာသတို့သည် စိတ်တည်းဟူသော အကြောင်းကြောင့်လည်းဖြစ်၊ ဥတုတည်းဟူသော အကြောင်းကြောင့်လည်းဖြစ်၍ ၂-ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကြကုန်သောကြောင့် ဒွိဇကောဋ္ဌာသတို့ မည်ကုန်၏။

၁၈။ ယင်းကေဇ၊ ဒွိဇပယ်ချန်၊ ဒွတ္တိံသံ၊ မှတ်ရန်-စတုဇာ။

ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် ဤကေဇကောဋ္ဌာသ ၆-ပါး, ဒွိဇ-ကောဋ္ဌာသ ၄-ပါး အားဖြင့် ၁၀-ပါးသော ကောဋ္ဌာသတို့ကို ကြဉ်၍ ကျန် ၃၂-ပါးသော ကောဋ္ဌာသတို့သည် ကံ,စိတ်,ဥတု,အာဟာရဟု ဆိုအပ်သော ၄-ပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သောကြောင့် စတုဇကောဋ္ဌာသတို့ မည်ကုန်၏။

(ကေဇ=၆-ပါး၊ ဒွိဇ=၄-ပါး၊ စတုဇ=၃၂-ပါးတို့ကို သေသေချာချာ ကွဲပြားအောင် နာနာမှတ်သားလေ။)

သမုဋ္ဌာန်အားဖြင့် ဝေဘန်ခဏ်း ပြီး၏။

ကလာပ်အားဖြင့် ဝေဘန်ခဏ်း

၁၉။ ကိုယ်ခန္ဓာအောင်း၊ ကလာပ်ပေါင်း၊ မှတ်ကြောင်း-ဤသို့သာ။

ဤကိုယ်ခန္ဓာဝယ် ၄၂-ပါးသော ကောဋ္ဌာသတို့၌ ခိုအောင်းတည်ရှိသော ရုပ်ကလာပ်တို့ကို ဤပြဆိုလတံ့သော နည်းဖြင့် မှတ်သားလေ၊ မှတ်ကြောင်းကို ဆိုပေအံ့။

၂၀။ ဥ-ကေဇ၊ စတုက၊ လေးဝ-အဋ္ဌကာ။

ရုပ်တို့ပေါင်းစည်း၍ တည်နေပုံကို ရှေးဦးစွာ မှတ်လင့်ဦး၊ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ် ၎င်းဓာတ်ကြီး ၄-ပါးတို့၏ အရောင်အဆင်း, အနံ့, အရသာ,သတ္တိ၊ ၎င်း ၈-ခုသော ဓာတ်တို့သည် မည်သည့်အခါ မည်သည့် နေရာ၌မျှ မကွဲကြဘဲ တပေါင်းတစည်းတည်းသာ အမြဲဖြစ်ကြသည်။ ၎င်းကို ပါဠိခေါ် အားဖြင့် "ပထဝီ,အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ" အဋ္ဌကလာပ် ဟူ၍လည်းကောင်း, သုဒ္ဓဋ္ဌက ကလာပ် ဟူ၍လည်းကောင်း ခေါ်သည်။ ၎င်းရှစ်ပါးသော ရုပ်တို့နှင့် အတူတကွ အခြားသော ရုပ်တခု ပါဝင် ရောနှော ပေါင်းစပ်လျှင် နဝက ကလာပ်၊ နှစ်ခု ပါဝင်ရောနှော ပေါင်းစပ်လျှင် ဒသက ကလာပ် စသည်ဖြင့် ခေါ်ဝေါ်ရပြန်သည်။ ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် ပြည်, ကျင်ငယ်, အစာသစ်, အစာဟောင်းဟု ဆိုအပ်သော ဥတုကြောင့် ဖြစ်သော ဥတု – ဧကဇ – ကောဋ္ဌာသ ၄-ပါးဝယ် တပါး တပါး၌ အဋ္ဌက ကလာပ် တစည်းစီ ရှိရကား ပေါင်း အဋ္ဌက ၄-စည်း ရှိ၏။

၂၁။ ပါစကဂ္ဂိ၊ ကံကြောင့်သိ၊ ဇီဝိ-နဝကာ။

ပါစကတေဇောဓာတ်၌ ကံကြောင့်ဖြစ်သော နဝက ကလာပ်တစည်း ရှိ၏။

၂၂။ အဿာ, ပဿာသ်၊ စိတ်ကြောင့်မှတ်၊ ကလာပ်-သုဒ္ဓဋ္ဌာ။

အဿာသပဿာသဝါယောကောဋ္ဌာသ၌ စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်း ရှိ၏။

၂၃။ ဒွိဇလေးရပ်၊ ကလာပ် စိတ်-ဥ၊ နှစ် စီရှု၊ ရှစ်ခု-အဋ္ဌကာ။

ချွေး, တံထွေး, နှပ်, မျက်ရည်ဟု ဆိုအပ်သော ဒွိဇကောဋ္ဌာသ ၄-ခု၌ တခု တခုလျှင် စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်း၊ ဥတုကြောင့် ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်တစည်းအားဖြင့် ၂-စည်း ၂-စည်း ရှိရကား ပေါင်း သုဒ္ဓဋ္ဌက ကလာပ် ၈-စည်း ရှိ၏။

၂၄။ ကြွင် စတုဇာ၊ ဒွတ္တိံသာစု၊ တခုတွင်မှ၊ သုံးဌကာ၊ ဖြစ်ကြ–စိတ်, ဥ,အာ။

ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် ကေဇ ၆-ပါး, ဒွိဇ ၄-ပါးမှ တပါး ကံ, စိတ်, ဥတု, အာဟာရ ဟု ဆိုအပ်သော ၄-ပါးသော အကြောင်းကြောင့် ဖြစ်သော ကျန် ၃၂-ပါးသော ကောဋ္ဌာသ၌ တပါး တပါးလျှင် စိတ်ကြောင့်ဖြစ်သော အဋ္ဌက တစည်း, ဥတုကြောင့်ဖြစ်သော အဋ္ဌက တစည်း, အာဟာရကြောင့် ဖြစ်သော အဋ္ဌက တစည်း အားဖြင့် ၃-စည်းစီ ရှိကြကုန်၏။

၂၅။ သုံးစည်းတဖန်၊ ဒွတ္တိံသံမြှောက်၊ ကိုးဆယ့်ခြောက်၊ ရမြှောက်–အဋ္ဌကာ။

ထိုသို့ ကောဋ္ဌာသ တပါး တပါးလျှင် အဋ္ဌက ၃-စည်း ၃-စည်းစီ ရှိသော ကြောင့် ၎င်း ကလာပ် ၃-စီးနှင့် စတုဇ ကောဋ္ဌာသ ၃၂-ပါးကို မြှောက်သော် (၃၂×၃=၉၆) အဋ္ဌက ကလာပ်ပေါင်း ၉၆-စည်း ရှိ၏။

၂၆။ မီး,လေ ကောဋ္ဌာ၊ စတုဇာတွင်၊ ကံလျှင် ဖြစ်ဘိ၊ ရှစ်စည်းသိ၊ ဇီဝိ–နဝကာ။

တေဇောကောဋ္ဌာသ ၄-ပါး၌ ကံကြောင့်သာဖြစ်သော ပါစကကောဋ္ဌာသကို နုတ်၍ ကျန် ၃-ပါး, ဝါယောကောဋ္ဌာသ ၆-ပါး၌ စိတ်ကြောင့်သာ ဖြစ်သော အဿာသပဿာသကောဋ္ဌာသကို နုတ်၍ ကျန် ၅-ပါး–ပေါင်း စတုဇ ၈-ပါး၌တပါးတပါးလျှင် "ဇီဝိတနဝက" ကလာပ်တစည်းစီ ရှိရကား ပေါင်း– ဇီဝိတနဝက ကလာပ် ၈-စည်းရှိ၏။

၂၇။ ကြွင်း စတုဇာ၊ ဇောဗီသာတွင်၊ ကံလျှင်ဖြစ်စေ၊ ကာ—ဘာဝေ၊ နှစ်ထွေ–ဒသကာ။

စတုဇ ကောဋ္ဌာသ ၃၂-ပါးတွင် မီး,လေ ကောဋ္ဌာသ စတုဇ ၈-ပါးကို နုတ်သော် (၃၂–၈=၂၄) နှစ်ဆယ့်လေး ကောဋ္ဌာသကျန်၏။ ၎င်း ၂၄-ကောဋ္ဌာသ၌ တပါးတပါးလျှင် ကံကြောင့်ဖြစ်သော ကာယဒသက ကလာပ်တစည်း, ဘာဝဒသက ကလာပ်တစည်း အားဖြင့် ၂-စည်းစီရှိကုန်၏။

၂၈။ စတုဝီသ၊ ကောဋ္ဌာသနှင့်၊ ဒွယမြှောက်လစ်၊ လေးဆဲ့ရှစ်၊ ဖြစ်၏—ဒသကာ။

၂၄-ကောဋ္ဌာသနှင့် ဒသက ကလာပ် ၂-စည်းတို့ အချင်းချင်းမြှောက် သော် (၂၄×၂=၄၈) ဒသက ကလာပ်ပေါင်း ၄၈-စည်းဖြစ်၏။

၂၉။ စက်္ခု,သော,ဃာ,ဇိ၊တလိဝတ္ထု၊ငါးခုဒသက၊ သီးခြားပြ၊ နာမ-ပဒေသာ။

မျက်စိ,နား,နှာ,လျှာ,နှလုံးသွေးတို့၌ အသီးအသီးတည်ရှိသော စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်, ဃာနဒသက ကလာပ်, ဇိဝှါဒသက ကလာပ်, ဝတ္ထုဒသက ကလာပ်အားဖြင့် ပဒေသက ကလာပ်မည်သော ဒသက ကလာပ် ၅-စည်းရှိ၏။

၃၀။ သဒ္ဒနဝက၊ ကလာပ၊ ဒွယ-စိတ်, ဥဇာ။

စိတ်ကြောင့်ဖြစ်သော အသံဟု ဆိုအပ်သော စိတ္တဇသဒ္ဒ၌ သဒ္ဒနဝက ကလာပ်တစည်း, ဥတုကြောင့်ဖြစ်သော အသံဟု ဆိုအပ်သော ဥတုဇသဒ္ဒ၌ သဒ္ဒနဝက ကလာပ် တစည်းရှိ၏။

ကလာပ်အားဖြင့် ဝေဘန်ခဏ်း ပြီး၏။

ကလာပ်နှင့် ရုပ်အရေအတွက်ကို ပြဆိုခဏ်း

၃၁။ ကောဋ္ဌာဖြစ်ကြောင်း၊ တူရာပေါင်းစပ်၊ ကလာပ်စုရုံး၊ ငါးဆဲ့သုံး၊ တွက်ကျုံး—ဒသကာ။

သို့ဖြစ်၍ ဤပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသ တူရာ, ဖြစ်ကြောင်း တူရာတို့ကို ပေါင်းစပ်၍ ရေတွက်အပ်သည်ရှိသော် ဤရူပကာယ ခန္ဓာကိုယ်၌ ဒသက ကလာပ်ပေါင်း ၅၃-စည်းရှိ၏။

၃၂။ ဆယ့်တစ်နဝက၊ အဋ္ဌကမျိုး၊ တရာ့ကိုး၊ ဖြစ်ရိုး-ဤကိုယ်မှာ။

နဝက ကလာပ်ပေါင်း ၁၁-စည်းရှိ၏၊ အဋ္ဌက ကလာပ်မျိုး ၁၀၉-စည်း ရှိ၏။

၃၃။ တထောင့်ငါးရာ၊ တခုသာလျက်၊ ရုပ်ပေါင်းထွက်၊ စည်းချက်-ဖြေ သချာ်။

ရုပ် ရှစ်ခု,ကိုးခု,ဆယ်ခုစီ အားဖြင့် ပေါင်းစည်း၍ နေကြသော ကလာပ်တို့ကို ဖွဲ့စည်းခြင်းကို ဖြေ၍ မပေါင်းမစည်းမူ၍ ရုပ်တခုစီ တခုစီ ခွဲခြမ်း၍ ရေတွက်အပ်သည်ရှိသော်.... ရုပ်ပေါင်း (၁၅၀၁) တထောင့် ငါးရာ့ တခုရှိ၏။ ရုပ်ပေါင်း ၁၅၀၁-ခု ဖြစ်ဟန်ကား ....

ဒသက ကလာပ် ၅၃-စည်းကိုတည်၍ ရုပ် ၁၀-ခုဖြင့် မြှောက်သော် (၅၃×၁၀=၅၃၀) ရုပ်ပေါင်း ငါးရာသုံးဆယ်ထွက်၏။ ။နဝက

ကလာပ် ၁၁-စည်းကို တည်၍ ရုပ် ၉-ခုဖြင့်မြှောက်သော်(၁၁×၉=၉၉) ရုပ်ပေါင်း ကိုးဆယ့်ကိုး ထွက်၏။ ။အဋ္ဌကလာပ်ပေါင်း ၁၀၉-ကိုတည်၍ ရုပ် ၈-ခုဖြင့် မြှောက်သော် (၁၀၉×၈=၈၇၂) ရုပ်ပေါင်း ရှစ်ရာခုနစ်ဆယ့်နှစ် ထွက်၏။

သို့ဖြစ်၍ ဒသက ကလာပ် ၅၃-စည်းမှ ရုပ်ပေါင်း ၅၃၀၊နဝကကလာပ် ၁၁-စည်းမှ ရုပ်ပေါင်း ၉၉၊ အဋ္ဌကကလာပ် ၁၀၉-စည်းမှ ရုပ်ပေါင်း ၈၇၂-တို့ကို ပေါင်းသော်—

(၅၃၀+၉၉+၈၇၂=၁၅၀၁)

ရုပ်ပေါင်း တထောင့်ငါးရာ့တခု ဖြစ်၏။

၃၄။ ဤခန္ဓာခေတ်၊ ရုပ်ကလာပ်စု၊ မြူဏုအလား၊ တဖွားဖွား၊ မခြား ဖြစ်သည်သာ။

ဤအရာ၌ ဖြစ်ဖြစ်သမျှ သတ္တဝါ သင်္ခါရတို့၏ သဘာဝအမှန် အမာခံ သတ္တုအနှစ်ကို စုလိုက်လျှင် ခက်မာမှု ပထဝီ–သညီမှာ မြေခေတ်, ခေတ်ဘပါးနှင့်တပါးကို တခြားစီ မကွဲပြားစေရအောင် စည်းနှောင်ဖွဲ့ယှက်တတ်သော အာပေါခေါ်–ရေခေတ်, မိမိနှင့်နီးစပ်သည့် ခေတ်တပါး၏ ရင့်ကျက်ခြင်းကို ပြုတတ်သည့် ပူမှု, အေးမှုဟု ဆိုအပ်သော တေဇောခေါ်–မီးခေတ်, ထောက်ကန်လှုပ်ရှားခြင်းကို ပြုတတ်သော ဝါယောခေါ်–လေခေတ်, ရုပ်ကလာပ်အစုတို့ တခုနှင့်တခုကို ပိုင်းခြားမှု အာကာသ–ဤငါးဝသော ခေတ်ကြီးတို့သည်သာလျှင် အမာခံအနှစ် အနယ်ထိုင် ခေတ်တို့ဖြစ်ကြပေသည်၊ ထိုငါးဝသော ခေတ်အစုတွင် ရုပ်ကလာပ် တခုနှင့်တခုကို ပိုင်းခြားမှုဟု ဆိုအပ်သော အာကာသခေတ်၏ သဘောရင်းသည် ကြွင်းသော ခေတ်အစုတို့အား အချင်းချင်း ပိုင်းခြားခြင်းအမှုကို ပြုလုပ်ရပေသောကြောင့် အကြွင်းစု ဖြစ်လေရာ ဌာန၌ ပါဝင်ရသည်ချည်းပင် ဖြစ်လေရကား သတ္တဝါ, ပုဂ္ဂိုလ်နှင့် ထိုထိုသင်္ခါရတရားတို့၏ အတွင်းသားအနှစ် အမာခံဖြစ်သည်ဟု ဆိုရပေမည်။ စင်စစ်မှာမူကား ကျန်လေးပါးသောခေတ်တို့သည်သာလျှင် အမာခံအစစ် ခေတ်မ-တို့ ဖြစ်ကြပေသည်။

ထိုမြေ, ရေ, လေ, မီးဟု ဆိုအပ်သော ခေတ်ကြီးလေးခုတို့ ပေါင်းစု၍ ဖြစ်ပေါ်လာကြသည်ရှိသော် ထိုခေတ်ကြီးလေးခုတို့၏ ညို,ဖြူ, နီ,ဝါ အစရှိသော အရောင်အဆင်းဟု ဆိုအပ်သော ဝဏ္ဏခေတ်သည်လည်းကောင်း, ထိုခေတ်ကြီးလေးခုတို့၏ မွှေး,နံ,ညှီ,ပုပ်ခြင်းအစရှိသော အနံ့ဟုဆိုအပ်သော ဂန္ဓခေတ်သည်လည်းကောင်း, ထိုခေတ်ကြီးလေးပါးတို့၏ ချို,ချဉ်,ဖန်,ငန် အစရှိသော အရသာဟု ဆိုအပ်သော ရသခေတ်သည် လည်းကောင်း, ထိုခေတ်ကြီးလေးပါး

တို့၏ တန်ခိုးသတ္တိဟု ဆိုအပ်သော ဩဇာဓာတ်သည် လည်းကောင်း ထိုဓာတ်ကြီးလေးပါးတို့နှင့် ထက်ကြပ်မကွာ တပါးတည်းဖြစ်ပေါ်၍ လာကြပေသည်။

ထို့ကြောင့် အမာခံဓာတ်မ-ကြီးလေးပါး၊ ထိုဓာတ်မ-ကြီးတို့၏အရောင်အရေ, အနံ့, အရသာ, တန်ခိုးဟု ဆိုအပ်သော အမှီဓာတ်လေးပါး၊ ပေါင်းရှစ်ပါးသော ဓာတ်တို့သည် တသားတည်း တပေါင်းတည်း တလုံးတစည်းတည်းဖြစ်ကြကုန်၏။ ထိုရှစ်ပါးတို့တွင် အမာခံဓာတ်မ-ကြီးလေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား မှီရမှသာလျှင် ဖြစ်ပေါ်နိုင်ကြသောကြောင့် မည်သည့်အခါ၌မျှ အသီးသီးခွဲခြား၍ မဖြစ်နိုင်။ အမှီဓာတ်လေးပါးတို့သည်လည်း ထိုဓာတ်မ-ကြီးလေးပါးတို့၏ အရောင် အရေ စသည်တို့မျှသာ ဖြစ်ခြင်းကြောင့် ထိုဓာတ်မ-ကြီးလေးပါးတို့မှကင်း၍ မိမိတို့ချည်းသက်သက် လျှောက်လျှားဘာသာ မည်သည့်အခါ၌မျှ မဖြစ်ပေါ်နိုင်။ ထို့ကြောင့် ဤရှစ်ပါးသောဓာတ်တို့သည် မည်သည့်အခါ၌မျှ အသီးအသီးခွဲခြား၍ မဖြစ်ပေါ်ကြပေ။ ထိုရှစ်ပါးသော ဓာတ်တို့၏ အပေါင်းကိုပင်လျှင် အဋ္ဌကလာပ်ရုပ် ဟူ၍လည်းကောင်း, သုဒ္ဓဋ္ဌကကလာပ်ရုပ်ဟူ၍လည်းကောင်း, အဝိနိဗ္ဘောဂရုပ်ဟူ၍ လည်းကောင်း ခေါ်ဆို အပ်ပေသည်။ ဤပရမတ်အစု ရှစ်ခုတို့၏ အရိပ်, အရောင်မျှသာဖြစ်သော ကလာပ်တစည်းအမှုန့်ခဲကလေးတခု၏ ဒြပ်ပမာဏသည် ပကတိ လူတို့၏မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်လောက်အောင်ပင် ပရမာဏုမြူမျှမက အလွန်သေးငယ်လှပေသည်။ ထိုရုပ်ကလာပ်မျိုးတို့ များစွာစုပေါင်းမိမှသာလျှင် ပကတိ မျက်စိဖြင့် ကြည့်ရှု၍ မြင်နိုင် ထင်နိုင်သော အခြေအနေသို့ ရောက်ပေသည်။

အသက်မရှိသော ရေ, မြေ, တော, တောင်, သမုဒ္ဒရာစသည်တို့၌ ဤရုပ်ကလာပ်မျိုးတို့၏ အစုအပေါင်းချည်းသာ ဖြစ်ကြပေသည်။ အသက်ရှိသော သတ္တဝါ, ပုဂ္ဂိုလ်တို့၏သန္တာန်၌ဖြစ်သော ဤရုပ်ရှစ်ခုနှင့်အတူတကွ ပါဝင်ရောနှော၍ ရုပ်ကိုးခု, ရုပ်ဆယ်ခု, ရုပ်တဆယ့်တခု, ရုပ်တဆယ့်နှစ်ခု, ရုပ်တဆယ့်သုံးခု တိုင်အောင် ပေါင်းစုတတ်ကြသော အခြားသောရုပ်များလည်း ရှိကြပေသေးသည်။ သို့သော်လည်း ၎င်းတို့ ပါဝင်ရောနှောခြင်းကြောင့် ရုပ်ကလာပ်တို့ အချင်းချင်း အကြီး, အငယ် ပမာဏစသည်တို့ ထူးခြားတော့သည် မဟုတ်ပေ။ ထို့ကြောင့် ဤအရာ၌ ထိုရုပ်တို့ကို မလိုအပ်ပေ။

ထို ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟုဆိုအပ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုတို့တွင်လည်း အရောင် အဆင်း, အနံ့, အရသာ, တန်ခိုးသတ္တိဟု ဆိုအပ်သော အမှီဓာတ်လေးပါးတို့သည် ကြွင်းသော ဓာတ်ကြီးလေးပါးတို့၏ အရောင်အဝါ အရှိန်အစော်မျှသာဖြစ်ကြ၍ အမာခံဓာတ်မ-တို့ မဟုတ်ကြ။ ပထဝီ, အာပေါ, တေဇော, ဝါယောဟုဆိုအပ်သော ဓာတ်ကြီးလေးပါးတို့သည်သာလျှင် အမာခံဓာတ်မ-ကြီးတို့ ဖြစ်ကြပေသည်။ သို့ဖြစ်၍

သတ္တဝါ, ပုဂ္ဂိုလ်,ရေ,မြေ, တော,တောင်, သမုဒ္ဒရာ အစရှိသော ရှိရှိသမျှသော အရာဌာနတို့၌ ထိုဓာတ်မ-ကြီးလေးပါးတို့သည်သာ များစွာစုပေါင်း ဖြစ်ပျက်ကြ၍ ပဓာနအဖွဲ့ချုပ် ဦးစီးပြုလုပ်လျက် နေကြပေသည်။

ထို့ကြောင့် ဤဓာတ်ကြီးလေးပါးတို့နှင့်တကွ ရုပ်မှုန့်အစုတို့ကို တခုနှင့်တခု ပိုင်ခြားခြင်းပြုတတ်သော အာကာသဓာတ် ပေါင်းငါးရပ်သော ပရမတ္ထဓာတ်ရုပ်ကလာပ်တို့သည် များစွာပေါင်းစပ်ကြပြီးလျှင် လူကောင်, နတ်ကောင်, ဆင်ကောင်, မြင်းကောင်စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ဖြစ်လေအောင် ဟန်ပန်ဆောင်၍ ဤကမ္ဘာလောကကြီးကို တည်ထောင်ဖန်ဆင်းကြပေသည်။ ထိုဓာတ်ကြီးငါးပါးမှတပါး အခြားသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ, ဒြပ်, အကောင်, အထည်ဟူ၍ မရှိပြီ။ စင်စစ်မှာမူ ထိုဓာတ်ကြီးငါးပါး မျက်လှည့်သမားတို့သည်သာလျှင် မိန်းမ၏အသွင်, ယောကျ်ား၏အသွင်, သားသမီး, မိဘစသည်တို့၏ အသွင်အပြင်ဖြင့် ထင်မြင်အောင် သဏ္ဌာန်လုပ်လျက် အမှန်မဟုတ်သည့် ဇာတ်ထုပ်အမျိုးမျိုးတို့ကို ထိုးလုပ်ဖန်ဆင်း၍ ဟန်ခင်းပြုလုပ်အပ်သည့် မျက်လှည့်ရုပ်ပမာဆိုရသော ဤရုပ်ခန္ဓာဓာတ်ကောင်ကြီးသည် ပကတိထင်မြင်ရသည့်အတိုင်း မပျက်မစီးဘဲ အမြဲတည်နေသည်မဟုတ်။ ပြဆိုခဲ့ပြီးသည့်အတိုင်း ပကတိမျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်လောက်အောင် အလွန်သေးငယ်လှစွာသော မှုန်မှုန့် မှုန်ဏု၏အလား များစွာသော ရုပ်ကလာပ်တို့ စုပေါင်းကြလျက် အကြောင်းအားလျော်စွာ [**ယခုကာလရုပ်ပြ – ရုပ်ရှင်ခေါ် ဘိုင်စကုတ် ဓာတ်စက်၏အထဲ၌ ကားချပ်တို့ အစဉ်လဲဘိသကဲ့သို့**] ခဏမစဲ တဖွားဖွား တသဲသဲ အလဲလဲအားဖြင့် အမြဲအစွဲဖြစ်ပျက်၍ နေကြပေသည်။

၃၅။ မခြားဖြစ်အင်၊ ဉာဏ်၌မြင်က၊ အစဉ်အမြဲ၊ အထင်လွဲ၍၊ သူဘဲ့ ငါဘဲ၊ ဇွတ်ယူစွဲသည့်၊ သူ့ရဲမိစ္ဆာ၊ ကိုယ်ကက္ခာ၊ ခေမာ – ရောက်မည်သာ။

ယင်းသို့ ရုပ်ကလာပ်အစုတို့ မည်သူ၏ အလိုသို့မှ မလိုက်ကြဘဲ အကြောင်းတိုက်ဆိုင်ရာ ခဏမခြား တဖွားဖွားဖြစ်ပျက်လျက် အဆက်မပြတ်နေပုံကို အာရုံစူးစိုက် သဘောပိုက်မိပါလျှင် သံသရာ အစဉ်အစဉ်မှ အထင်အမြင်လွဲခဲ့သဖြင့် သူဘဲ, ငါဘဲ, မိန်းမဘဲ, ယောကျ်ားဘဲ စသည်ဖြင့် ဇွတ်တရွတ် အမြဲမလွတ်တန်း ယူစွဲသည့် သက္ကာယဒိဋ္ဌိတည်းဟူသော မိစ္ဆာသူရဲသည် အလိုလို ခွါ၍ ကင်းပျောက်လျက် ဘေးမဲ့အောင်ချာ ပြည်ခေမာသို့ လျင်မြန်စွာ ရောက်နိုင်ပေလိမ့်မည်။

၃၆။ ခေမာရောက်ကြောင်း၊ နည်းကောင်းဟုဆို၊ ဆေးမီးတိုကို၊ ဗိုလ်လူအများ၊ သောက်စေသား၊ မခြား-နေ့ရက်သာ။

ထိုသို့ ပြည်ခေမာသို့ ရောက်ရာရောက်ကြောင်း နည်းကောင်းလမ်းမှန်ဖြစ်ပါသဖြင့် ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင် မသင်ကြားဘူးသော်လည်း ထိုကျမ်းဂန်တို့၌ ပြဆိုအပ်သော အနက်အဓိပ္ပါယ်တို့ကို အလွယ်ဖြင့် သိနိုင်သောကြောင့် အများသူတို့နှင့် အထူးပင် သင့်လျော်လျောက်ပတ်သည့် ကောဋ္ဌာသခွဲခဏ်း ဤကမ္မဋ္ဌာန်းဆေးမီးတိုကို သတ္တဝါဗိုလ်လူအများတို့ နေ့မလပ် ရက်မခြားဘဲ အားထုတ်၍ သောက်ကြပါစေကုန်သတည်း။

ကောဋ္ဌာသဝေဘန်ခဏ်း သရုပ်အဓိပ္ပါယ် ပြီး၏။

သက္ကာယဒိဋ္ဌိ ၂၀-အကျယ်

ဝေဘန်ခဏ်း

ဓမ္မသင်္ဂဏီ ပါဠိတော် နိက္ခေပကဏ္ဍ ဒုဿနတိက်၌ "ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ" ဟူသော ပုဒ်အရ ဖွင့်ပြတော်မူရာဝယ်——

ရူပံ အတ္တတော သမနုပဿတိ, ရူပဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ရူပံ, ရူပသ္မိံ ဝါ အတ္တာနံ။

ဝေဒနံ အတ္တတော သမနုပဿတိ, ဝေဒနာဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ဝေဒနံ, ဝေဒနာယ ဝါ အတ္တာနံ။

သညံ အတ္တတော သမနုပဿတိ, သညာဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ သညံ, သညာယ ဝါ အတ္တာနံ။

သင်္ခါရေ အတ္တတော သမနုပဿတိ, သင်္ခါရဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ သင်္ခါရေ, သင်္ခါရေသု ဝါ အတ္တာနံ။

ဝိညာဏံ အတ္တတော သမနုပဿတိ, ဝိညာဏဝန္တံ ဝါ အတ္တာနံ, အတ္တနိ ဝါ ဝိညာဏံ, ဝိညာဏသ္မိံ ဝါ အတ္တာနံ——

ဟူ၍ ဟောတော်မူအပ်သော ဤ "ရူပံ အတ္တတော" စသော ပါဠိတော်ဝယ် ခန္ဓာငါးပါးကိုစွဲ၍ သက္ကာယဒိဋ္ဌိဖြစ်ပေါ်ပုံကို မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော ဒေသနာတော်မြတ်ဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးကိုခွဲခြား၍ သိထားနှင့်ဦးမှ ဒေသနာတော်၏ အနက်အဓိပ္ပါယ်ဘို့ကို နားလည်ရိပ်မိ သိရှိနိုင်လိမ့်မည်။ သို့ဖြစ်၍ ရှေးဦးစွာ ခန္ဓာငါးပါးကို ခွဲခြား၍ အမြွက်မျှ ပြဆိုပေအံ့။

ခန္ဓာ-ဟူသည် ရုပ်ခန္ဓာ, နာမ်ခန္ဓာဟူ၍ နှစ်မျိုးနှစ်စား ရှိ၏။ ထိုနှစ်မျိုးတို့တွင် သတ္တဝါတို့၏ သန္တာန်၌ ရုပ်အမျိုးမျိုးတို့ စုပေါင်းဖြစ်ပျက်၍နေသော ကိုယ်ကောင်ဒြဗ်ဟု ဆိုအပ်သော ရုပ်တုံး ရုပ်ခဲကြီးသည် ရုပ်ခန္ဓာမည်၏——

ရူပက္ခန္ဓာ မည်၏။ ။ထိုရူပက္ခန္ဓာသည် အာရုံကိုမယူတတ်, မသိတတ်။ [မြန်မာလို ရုပ်တုံး–ရုပ်ခဲကြီးဟု ဆိုလိုသည်။]

ထိုရုပ်တုံး–ရုပ်ခဲ ရုပ်ကောင်ကြီးကို မှီ၍ဖြစ်သော အာရုံကို ခံယူသိမ်းပိုက်၍ သိမှု, ကြံမှု, မှတ်မှု-အစရှိသည်တို့ကို ပြုလုပ်တတ်သော စိတ်, စေတသိက်ဟု ဆိုအပ်သော နာမ်တရားအစုသည် **နာမ်ခန္ဓာမည်၏–နာမက္ခန္ဓာမည်၏။** ။ ထိုနာမ်ခန္ဓာသည်လည်း မိမိတို့၏ အာရုံကို ယူပုံ အာရုံပြုပုံ အခြင်းအရာ အာကာရအားဖြင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ လေးမျိုးလေးပါး ပြားပြန်၏။

ထိုလေးပါးတို့တွင်––

ဝေဒနာက္ခန္ဓာ-ဟူသည် နာမ်တရားအစု၌ အကျုံးဝင်သော ဝေဒနာစေတသိက် ပင်တည်း။ ထိုဝေဒနာစေတသိက်သည် စိတ်ဖြစ်တိုင်း စိတ်နှင့်အတူပါ၍ စိတ်၌ ယှဉ်ကပ်ပြီးလျှင် ထိုစိတ်ယူသော အာရုံ၏ အရသာကိုပင်လျှင် အာရုံအားလျော်စွာ ကောင်းသောအခြင်းအရာ, မကောင်းသောအခြင်းအရာအားဖြင့် ခံစားမှု အမြဲဖြစ်၍နေ၏။ ထိုသို့ဖြစ်ရာ မျက်စိတမှိတ် လျှပ်တပြက် ကာလတွင်ပင် အကြိမ်ပေါင်း ကုဋေတသိန်းကျော်မျှ ဖြစ်ပျက်၍နေသော စိတ်နှင့် အတူယှဉ်၍ အာရုံကို ခံစားရကား ခံစားမှုဝေဒနာသည် မပြတ်ဖြစ်၍ နေသကဲ့သို့ ရှိ၏။ ထို့ကြောင့် ထိုဝေဒနာကိုပင်လျှင် ဝေဒနာက္ခန္ဓာဟု ခေါ် ဆိုအပ်သည်။ [မြန်မာလို ဝေဒနာတုံး–ဝေဒနာခဲကြီးဟု ဆိုလိုသည်။]

သညာက္ခန္ဓာ-ဟူသည် သညာစေတသိက်ပင်တည်း။ ထိုသညာစေတသိက် သည်လည်း စိတ်ဖြစ်တိုင်း စိတ်နှင့်အတူပါ၍ စိတ်၌ ယှဉ်ကပ်ပြီးလျှင် ထိုစိတ် ယူသော အာရုံကိုပင်လျှင် အစဉ်မပြတ်ဘဲ အတွင်မှတ်မှု ဖြစ်၍နေ၏။ ထိုသို့ ဖြစ်ရာ မျက်စိတမှိတ် လျှပ်တပြက်ကာလတွင်ပင် ကုဋေတသိန်းကျော်မျှ ဖြစ်၍ နေသော စိတ်နှင့်အတူယှဉ်၍ အာရုံကို မှတ်ရကား မှတ်မှုသညာသည် မပြတ် ဖြစ်၍နေသကဲ့သို့ ရှိ၏။ ထို့ကြောင့် ထိုသညာကိုပင်လျှင် သညာက္ခန္ဓာဟု ခေါ် ဆိုသည်။ [သညာတုံး–သညာခဲကြီးဟု ဆိုလိုသည်။]

သင်္ခါရက္ခန္ဓာ-ဟူသည် ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်(၅၀)တို့ ပင်တည်း။ ထိုဖဿ, စေတနာ အစရှိသော စေတသိက် ၅၀-တို့သည်လည်း စိတ် ဖြစ်သောအခါ စိတ်နှင့်အတူ တပြိုင်နက် ဖြစ်ကြကုန်လျက် ထိုစိတ်၏အာရုံကို ပင်လျှင် အာရုံပြု၍ တွေ့ထိခြင်း, လှုံ့ဆော်ခြင်း-အစရှိသော မိမိ မိမိတို့၏ သက်ဆိုင်ရာ လက္ခဏာအမှုတို့ကို အသီးအသီး ပြုလုပ်ကြကုန်၏။ ထိုတရား တို့သည် သင်္ခါရက္ခန္ဓာ ၅၀-တို့ မည်ကုန်၏။ သို့ပင် မည်ပါကုန်သော်လည်း

ထို ၅၀-သောတရားတို့တွင် စေတနာသည်သာလျှင် ပြဓာန်း၍ ထင်ရှားသော ကြောင့် ဝိဘင်းပါဠိတော် သင်္ခါရက္ခန္ဓနိဒ္ဒေသ၌ စေတနာကိုသာ ပဓာနထား၍ "စက္ခုသမ္ဖဿဇာ စေတနာ၊ သောတသမ္ဖဿဇာ စေတနာ"စသည်ဖြင့် ဟောတော်မူသည်။ [ထိုသင်္ခါရက္ခန္ဓာကို မြန်မာလို သင်္ခါရတုံး–သင်္ခါရခဲကြီးဟု ဆိုလိုသည်။]

ဝိညာဏက္ခန္ဓာ-ဟူသည် အာရုံကို ကြံတတ်,သိတတ်သော စိတ်ပင်တည်း။ ထို စိတ်သည် အမျိုးအစားအားဖြင့် ၈၉-မျိုး ရှိ၏။ ထိုစိတ်တို့တွင် မည်သည့် စိတ်မဆို တပါးပါးသော စိတ်သည် ဝေဒနာ, သညာတို့၌ ပြဆိုခဲ့ပြီးသည့် အတိုင်း ဖြစ်ရကား ဝိညာဏက္ခန္ဓာမည်၏။ [မြန်မာလို ဝိညာဏ်ခဲ–ဝိညာဏ်တုံး ဟု ဆိုလိုသည်။]

(ဤသို့ ခန္ဓာငါးပါးကို အကျဉ်းအားဖြင့် မှတ်၍ထားလေ။)

သတ္တဝါအနန္တတို့၏ ခန္ဓာကိုယ်ဟူသမျှတို့၌ ဤခန္ဓာငါးပါးတို့သည်သာလျှင် လူကောင်, နတ်ကောင်, ခွေး, ဝက်, ကြက်, ငှက်, တိရစ္ဆာန်ကောင် စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးအားဖြင့် ဖန်ဆင်းဖြစ်ပျက်၍ နေကြကုန်၏။ ဤခန္ဓာ ငါးပါးမှတပါး အခြားအပို ငါ-ဟူ၍ရှင်း, အတ္တဟူ၍ရှင်း, အသက်ဟူ၍ရှင်း, လိပ်ပြာဟူ၍ရှင်း ခေါ်ဆိုအပ်သောတရား တပါးမျှ မရှိပြီ။ ထိုအကြောင်းကို ထင်ရှားစွာ သိစေတော်မူလိုသည်ဖြစ်၍ ဤဒေသနာတော်ကို ဟောတော်မူခဲ့ပေသည်။

၃၇။ ရုပ်လျှင်ငါဘဲ၊ ငါ့ရုပ်ဘဲဟု၊ ငါ့စွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာ–ရုပ်ဒိဋ္ဌိ။

သွားခြင်း, စားခြင်း, အိပ်ခြင်း စသည်တို့၌ ထိုသွားခြင်း အစရှိသော အမှု တို့ကို ရုပ်ကလာပ်အစု ခန္ဓာကြီးပြုလုပ်သည်ကိုပင်လျှင် ထိုရုပ်ကလာပ်အစုမှ တပါး ပြုလုပ်သူအပို ငါ,ငါ-ဟု ဆိုအပ်သောတရား သီးခြားမရှိပါဘဲလျက် သက်သက်မဲ့အလွဲ ငါသွားသည်, ငါစားသည်, ငါအိပ်သည်-စသည်ဖြင့် မှတ်ထင် စွဲယူခြင်းသည် "ရူပံ အတ္တတော သမနုပဿတိ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ရုပ်ခန္ဓာကို ငါဟူ၍ ထင်မှတ်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ် ဖြစ်၏။ ထို့ကြောင့် "ရုပ်လျှင်ငါဘဲ"ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါ၏ကိုယ်, ငါ၏ခြေ, ငါ၏လက်-စသည်ဖြင့် မှတ်ထင်စွဲယူရာ ဤရူပကာယ ခန္ဓာကိုယ်၌ ရုပ်ကလာပ်အစုတို့မှတပါး ပိုင်ဆိုင်သည့်သူအပို ငါ-ဟုဆိုအပ် သောတရား သီးခြားမရှိဘဲလျက် သက်သက်မဲ့အလွဲ ပိုင်ဆိုင်သူအနေအစားဖြင့် ငါ့ခြေ, ငါ့လက်-စသည်ဖြင့် အမှားမှား မှတ်ထင်စွဲယူခြင်းသည် "ရူပဝန္တံ ဝါ အတ္တာနံ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏ရုပ်ဟူ၍ ပိုင်ဆိုင်သူ

အနေအစားဖြင့် အမှားမှား စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့ရုပ်ဘဲဟု"ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါ့အဆင်း လှသည်, ငါ့အသံ သာသည်, ငါ့အနံ့ မွှေးသည်, ငါ့အရသာ ချိုသည်, ငါ့အတွေ့ ကောင်းသည်, ငါ့ခေါင်း အချိုးကျသည်, ငါ့မျက်နှာ လှသည်-စသည်ဖြင့် မှတ်သင်စွဲယူရာ ဤရူပကာယ ခန္ဓာကိုယ်၌ ရုပ်ကလာပ်တို့၏ အစုမှတပါး တည်မှီရာအပို ငါ-ဟုဆိုအပ်သောတရား သီးခြားမရှိဘဲလျက် သက်သက်မဲ့ အလွဲတည်မှီရာ ငါ-ဟုမှတ်ထင်စွဲယူခြင်းသည် "အတ္တနိ ဝါ ရူပံ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ ရုပ်တို့တည်ရှိ၏ဟူ၍ တည်ရာမှီရာ၏ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့စွဲရုပ်တည်"ဟူ၍ စပ်ဆိုလိုက်ပေသည်။

ငါ စားချင်သည်, ငါ စားချင်၍ စားသည်, ငါ သွားချင်သည်, ငါ သွားချင်၍ သွားသည်, ငါ အိပ်ချင်သည်, ငါ အိပ်ချင်၍ အိပ်သည်, ငါ့အသက် ရှည်သည်, ငါ့ အသက် တိုသည်, ငါ့လိပ်ပြာ လှသည်, ငါ့လိပ်ပြာကို နုတ်၍သွားသည်, ငါ့လိပ်ပြာ လန့်သည်, ငါ့လိပ်ပြာနှင့် သူ့ လိပ်ပြာတွေ့ကြသည်-စသည်ဖြင့် မှတ်ထင်စွဲယူရာ ဤရူပကာယ ခန္ဓာကိုယ်၌ ရုပ်ကလာပ်အစုတို့မှတပါး တည်တတ် မှီတတ်သော အလွတ်အပို ငါ, ကိုယ်, လိပ်ပြာ, အသက်, အနှစ်, အတ္တ-ဟု ဆိုအပ်သောတရား သီးခြားမရှိပါဘဲလျက် သက်သက်မဲ့အလွဲ တည်တတ်မှီတတ်သည့် ငါ, အသက်, ကိုယ်-စသည်ဖြင့် အပိုတည်ရှိ၏ဟူ၍ မှတ်ထင်စွဲယူခြင်းသည် "ရူပသ္မိံ ဝါ အတ္တာနံ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ဤရူပကာယ ခန္ဓာကိုယ်၌ ငါတည်ရှိ၏ဟူ၍ အလွဲလွဲ အမှားမှား ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါတည်ရုပ်မှာ"ဟူ၍ စပ်ဆိုလိုက် ပေသည်။

ဤ၌ "ရုပ်လျှင်ငါဘဲ၊ ငါ့ရုပ်ဘဲဟု၊ ငါ့စွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာ–ရုပ်ဒိဋ္ဌိ"ဟူသကဲ့သို့ ဝေဒနာက္ခန္ဓာအရ "ဝေ"ကိုယူပြီးလျှင် "ဝေလျှင် ငါဘဲ၊ ငါ့ဝေဘဲဟု၊ ငါ့စွဲဝေတည်၊ ငါတည်ဝေမှာ၊ ဤလေးဖြာ၊ သက္ကာ–ဝေဒိဋ္ဌိ" ဟူ၍လည်းကောင်း, သညာက္ခန္ဓာအရ "သဉ်"ကိုယူပြီးလျှင် "သဉ်လျှင်ငါဘဲ၊ ငါ့သဉ်ဘဲဟု၊ ငါ့စွဲသဉ်တည်၊ ငါတည်သဉ်မှာ၊ ဤလေးဖြာ၊ သက္ကာ–သဉ်ဒိဋ္ဌိ" ဟူ၍လည်းကောင်း, သင်္ခါရက္ခန္ဓာအရ "ခါ"ကိုယူပြီးလျှင် "ခါလျှင်ငါဘဲ၊ ငါ့ခါဘဲဟု၊ ငါ့စွဲခါတည်၊ ငါတည်ခါမှာ၊ ဤလေးဖြာ၊ သက္ကာ–ခါဒိဋ္ဌိ"ဟူ၍ လည်းကောင်း, ဝိညာဏက္ခန္ဓာအရ "ဝိည်"ကိုယူပြီးလျှင် "ဝိည်လျှင်ငါဘဲ၊ ငါ့ဝိည်ဘဲဟု၊ ငါ့စွဲဝိည်တည်၊ ငါတည်ဝိည်မှာ၊ ဤလေးဖြာ၊ သက္ကာ–ဝိည်ဒိဋ္ဌိ" ဟူ၍လည်းကောင်း စပ်ဆိုလေဟု ဆိုလိုပေသည်။

၃၈။ ဤနည်းလေးတန်၊ ငါးပါးခန်၊ ဝိသံ–အတ်ဒိဋ္ဌိ။

ဤသို့လျှင် "ရူပက္ခန္ဓာ"၌ သက္ကာယဒိဋ္ဌိ ၄-ပါး ရ၏။ ။ဆင်းရဲခြင်း, ချမ်းသာခြင်း-စသည်တို့ဖြစ်ရာ၌ ထိုဆင်းရဲချမ်းသာကို ခံစားခြင်း, စံစားခြင်း အမှုကို ဝေဒနာစေတသိက်သည်သာလျှင် ပြုလုပ်သည်။ ဝေဒနာစေတသိက်မှ တပါး ခံစားသူအပို ငါ–ဟုဆိုအပ်သောတရား တပါး မရှိပါဘဲလျက် ထို ဝေဒနာ၏နေရာ၌အစားသွင်း၍ ထိုဝေဒနာ ခံစားသည်ကိုပင်လျှင် ငါခံစားသည်, ငါချမ်းသာသည်, ငါဆင်းရဲသည်-စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် "ဝေဒနံ အတ္တတော သမနုပဿတိ"ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ဝေဒနာက္ခန္ဓာကို ငါဟူ၍ မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ဝေလျှင်ငါဘဲ"ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ၏ ချမ်းသာခြင်း, ငါ၏ဆင်းရဲခြင်း, ငါ၏ကျင်နာခြင်း စသည်ဖြင့် မှတ်ထင်စွဲယူခြင်းသည် "ဝေဒနာဝန္တံ ဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏ဝေဒနာဟူ၍ ပိုင်ဆိုင်သူအနေအစားဖြင့် အမှားမှား စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့ဝေဘဲဟု" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ့မှာ ဆင်းရဲနေသည်, ငါ့မှာ ချမ်းသာခြင်းနှင့်ပြည့်စုံသည် စသည်ဖြင့် မှတ်ထင် စွဲယူခြင်းသည် "အတ္တနိ ဝါ ဝေဒနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ ဝေဒနာတည်ရှိ၏ဟူ၍ တည်ရာမှီရာ၏ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့စွဲဝေတည်" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါချမ်းသာသည်, ငါမဆင်းရဲခြင်း, ငါ အကောင်းကြိုက်သည်-စသည်ဖြင့် မှတ်ထင် စွဲယူခြင်းသည် "ဝေဒနာယ ဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ဝေဒနာ၌ ငါတည်ရှိ၏ ဟူ၍ အလွဲလွဲအမှားမှား ယောင်ဝါးဝါး မှတ်ထင် စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါတည်ဝေမှာ" ဟူ၍ စပ်ဆို သင့်ပေသည်။ ဤသို့လျှင် "ဝေဒနာက္ခန္ဓာ"၌ သက္ကာယဒိဋ္ဌိ ၄-ပါးရ၏။

ထိုထိုသို့သော အာရုံကို သိမှတ်ရာ၌ သိမှတ်ခြင်းအမှုကို သညာက္ခန္ဓာဟုဆိုအပ်သော သညာစေတသိက် ပြုလုပ်သည်ပင်ကိုလျှင် သညာစေတသိက်မှတပါး သိမှတ်တတ်သူအပို ငါ-ဟု ဆိုအပ်သော တရားတပါး သီးခြား မရှိပါဘဲလျက် သက်သက်မဲ့ အလွဲ ငါသိမှတ်သည်ဟု မှတ်ထင် စွဲယူခြင်းသည် "သညံ အတ္တတော သမနုပဿတိ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ သညာက္ခ-

န္ဓာကို ငါဟူ၍ စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် " သဉ္ဇာလျှင် ငါဘဲ "ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါ၏သိမှတ်ခြင်း, ငါ၏ အမှတ် ဟူ၍ မှတ်ထင်စွဲယူရာ၌ သညာစေတသိက်မှ တပါး ပိုင်ဆိုင်သူအပို ငါ-ဟု ဆိုအပ်သော တရားတပါး သီးခြားမရှိပါဘဲလျက် သက်သက်မဲ့ အလွှဲပိုင်ဆိုင်သူ အနေအစားဖြင့် ငါ၏မှတ်ခြင်း, ငါ၏ အမှတ်ဟူ၍ မှတ်ထင်စွဲယူခြင်းသည် " သညာဝန္တံ ဝါ အတ္တာနံ " ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၏ အမှတ်ဟူ၍ ပိုင်ဆိုင်သူအနေအစားဖြင့် အမှားမှား စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် " ငါ့သဉ္ဇာဘဲဟု "ဟူ၍ စပ်ဆို သင့်ပေသည်။

ငါ၏အမှတ် ကောင်းသည်, ငါ၏အမှတ် ညံ့သည်, ငါ၏အမှတ် ထက်မြက်သည်, ငါ၏အမှတ် နုန့်နှေးသည်-စသည်ဖြင့် မှတ်ထင်စွဲယူရာ၌ သညာစေတသိက်မှတပါး မှတ်တတ်သော တည်ရာ-မှီရာအပို ငါ-ဟုဆိုအပ်သော တရားတပါး သီးခြား မရှိ ပါဘဲလျက် သက်သက်မဲ့အလွဲ သညာကိုပင်လျှင် တည်ရာမှီရာ အနေအစားဖြင့် ငါ-ဟု မှတ်ထင်စွဲယူခြင်းသည် "အတ္တနိ ဝါ သညံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ ငါ၌ သညာ တည်ရှိ၏ ဟူ၍ တည်ရာ မှီရာ အနေအစားဖြင့် ယောင်ဝါးဝါး မှတ်ထင် စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် "ငါ့စွဲသဉ္ဇာတည်" ဟူ၍ စပ်ဆိုသင့်ပေသည်။

ငါမှတ်သည်, ငါမှတ်ချင်၍ မှတ်သည် – စသည်ဖြင့် မှတ်ထင်စွဲယူရာ၌ သညာ စေတသိက်မှတပါး တည်တတ် မှီတတ်သော တရားတပါး သီးခြားမရှိပါဘဲလျက် သက်သက်မဲ့ အလွဲတည်တတ် မှီတတ်သည့် အနေအစားဖြင့် ငါ့ကိုယ်-စသည်ဖြင့် အပိုတည်ရှိ၏ဟူ၍ မှတ်ထင် စွဲယူခြင်းသည် "သညာယ ဝါ အတ္တာနံ" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ သညာက္ခန္ဓာ၌ ငါတည်ရှိ၏ဟူ၍ အလွဲလွဲ အမှားမှား ယောင်ဝါးဝါး မှတ်ထင်စွဲယူသော "သက္ကာယဒိဋ္ဌိ"တရပ်ဖြစ်၏။ ထို့ကြောင့် " ငါတည်သဉ္ဇမှာ "ဟူ၍ စပ်ဆိုသင့်ပေသည်။ ။ဤသို့လျှင် "သညာက္ခန္ဓာ"၌ သက္ကာယဒိဋ္ဌိ ၄–ပါး ရ၏။

ထို့အတူ "သင်္ခါရက္ခန္ဓာ"၌လည်း ငါအားထုတ်သည်, ငါကြောင့်ကြစိုက်သည်, ငါ၏အားထုတ်မှု, ငါ၏ကြောင့်ကြစိုက်မှု-စသည်ဖြင့် မှတ်ထင်စွဲယူသော သက္ကာယ ဒိဋ္ဌိ ၄-ပါး။

"ဝိညာဏက္ခန္ဓာ"၌လည်း ငါသိသည်, ငါကြံသည်, ငါ၏သိခြင်း, ငါ၏ အကြံ-စသည်ဖြင့် မှတ်ထင်စွဲယူသော သက္ကာယဒိဋ္ဌိ ၄-ပါးအားဖြင့် ခန္ဓာငါးပါးကို စွဲ၍ သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်၏။

၃၉။ ငါနှင့် မဆိုင်၊ ငါပိုင်မဟုတ်၊ ငါသမုတ်သည့်၊ နာမ်ရုပ်ကိုမြှောင်၊ ငါအကောင်၊ ရှိယောင်ထင်ဘိ – ယူဒိဋ္ဌိ။

ယင်းသို့ပြဆိုခဲ့ပြီးသည့်အတိုင်း ငါ–ဟူ၍ ခေါ် ဆိုသမုတ်အပ်သော ခန္ဓာပဉ္စက ဒြပ်၌ စင်စစ်အားဖြင့် ခန္ဓာငါးပါး ရုပ်၊ နာမ်တရား ၂-ပါးသာ ရှိသည်ဖြစ်၍ ငါ-ဟူသော တရားနှင့်လည်း မသက်ဆိုင်၊ ငါ-ဟူသော တရားကလည်း မပိုင်ပေ၊ ထိုသို့ ငါနှင့်မဆိုင်၊ ငါပိုင်လည်း မဟုတ်သဖြင့် ရုပ်နာမ်တရား ၂-ပါးမှတပါး အခြားအပိုမရှိပါဘဲလျက် သက်သက်မဲ့ ကြောင်တောင် ထိုရုပ်နာမ်တရား ၂-ပါးကို မြှောင်ပြီးလျှင် ငါကောင်၊ ကိုယ်ကောင်၊ လိပ်ပြာကောင်၊ အသက်ကောင်၊ အတ္တကောင် – စသည်ဖြင့် အပိုရှိနေယောင်ယောင် ထင်မှတ် စွဲယူခြင်းသည် သက္ကာယဒိဋ္ဌိ မည်၏။

၄၀။ ရုပ်နာမ်ခန္ဓာ၊ ကောဋ္ဌာအစု၊ ခွဲဝေရှုက၊ ငါဟုမထင်၊ ငါမမြင်ဘဲ၊ ကြောင်တောင်လွဲ၊ ဇွတ်စွဲ ငါရှိ – ယူဒိဋ္ဌိ။

ဤသက္ကာယဒိဋ္ဌိသည် ခန္ဓာပဉ္စကဒြပ်ကို ဤသည်ကား ရုပ်တရားတည်း၊ ဤသည်ကား နာမ်တရားတည်း၊ ဤသည်ကား ရူပက္ခန္ဓာ၊ ဤသည်ကား ဝေဒနာက္ခန္ဓာ၊ ဤသည်ကား သညာက္ခန္ဓာ၊ ဤသည်ကား သင်္ခါရက္ခန္ဓာ၊ ဤသည်ကား ဝိညာဏက္ခန္ဓာ – တည်းဟု ခွဲခြားဝေဖန်၍ ကြည့်ရှုသည်ရှိသော် ရုပ်နာမ်တရား ခန္ဓာငါးပါးမှတပါး ထိုအပိုဖြစ်သော ငါကောင်၊ ကိုယ်ကောင်၊ လိပ်ပြာကောင်၊ အသက်ကောင်၊ အတ္တကောင် ဟူ၍ မတွေ့မြင်ပါဘဲ မရှိပါဘဲလျက် သာမညအားဖြင့် ထင်ယောင်ထင်မှား ဝိုးတိုးဝါးတား မယိုးမယိမ်း သိုးကာ သီကာမျှ လွဲခြင်းမဟုတ်မူ၍ သေသေချာချာလွဲ တည့်တည့်လွဲ ကြောင်တောင်လွဲ လွဲပြီးလျှင် "ကျား – ကျား – မီးယပ်" ဟူသကဲ့သို့ ကြက်ကန်းစွဲ မလွှတ် ဇွတ်လွဲသော အလွဲကြီးဖြစ်ပေသည်။

၄၁။ ဤဒိဋ္ဌိငါ၊ မလွှတ်ပါက၊ ဗုဒ္ဓဆူဆူ၊ ချွတ်တော်မူ၊ ထိုသူမကျွတ်သိ။

ဤသို့ အလွဲလွဲ ထင်မှတ်စွဲယူသော သက္ကာယဒိဋ္ဌိသည် သူတပါးတို့အား နာကျည်းစွာ နှုတ်ဖြင့် ပြောဆိုလွန်ကျူးရသော မှားယွင်းခြင်းလည်း မဟုတ်၊ ကိုယ်ဖြင့် သူတပါးတို့အား နာကျည်းစွာ လွန်ကျူး ပြုလုပ်ရသော မှားယွင်းခြင်းလည်း မဟုတ်၊ သူတထူးကို ရန်မရှာဘဲ သက်သက်သာသာဖြင့် ကိုယ့်ဘာသာကိုယ် လွဲသည့်အတွက် [စွဲချက်မတင်နိုင်—ပုလိပ်အရေးမပိုင်သည့် အမှုမျိုးကဲ့သို့] မဆိုးလှပေဟူ၍ မထင်မှတ်ကြလေနှင့်။ ဤသက္ကာယဒိဋ္ဌိ အစွဲတည်း ဟူသော မိစ္ဆာသူရဲကြီးသည် ရင်ထဲက မခွါမဆုတ်သမျှ ဗုဒ္ဓအထွေထွေ ပရမေအရှင်တို့ မည်မျှပင် ကယ်တင်ချွတ်သော်လည်း ဤသံသရာဝဋ်ဆင်းရဲကြီးမှ မည်

သည့်နည်းနှင့်မျှ မကျွတ်မလွတ်နိုင်ဘဲ သံသရာနှင့် ဂဟေစွဲပြီးလျှင် တဝဲလည် လည်ဖြင့်သာလျှင် အမြဲတည်ကြရပေလိမ့်မည်။

သို့ဖြစ်၍ ထိုမျှလောက် ကြီးကျယ် ဆိုးသွမ်းသော သက္ကာယဒိဋ္ဌိအစွဲ မိစ္ဆာ သူရဲကြီးကို ခွါ၍ ကင်းပျောက်စေရန် မြတ်စွာဘုရားသခင် ပေးသနားတော်မူခဲ့ သော ဆေးတို့ကို အမြဲသောက်ကြရမည်။

သက္ကာယဒိဋ္ဌိ ၂၀-ကို အကျယ်ဝေဘန်ခဏ်း ပြီး၏။

ဘာဝနာ ၄၀-ဝေဘန်ခဏ်း

ပဉ္စက္ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော-စသည်ဖြင့် မဟာနိဒ္ဒေသ ပါဠိတော်,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,မဟာဋီကာ စသည်တို့၌လာသော တော ၄၀-ဟူ ၍လည်းကောင်း, ဘာဝနာ ၄၀-ဟူ၍လည်းကောင်း ခေါ်ဆိုအပ်သော ရုပ်နာမ် ခန္ဓာတို့ကို အနိစ္စ,ဒုက္ခ,အနတ္တ-တည်းဟူသော လက္ခဏာယာဉ် သုံးရပ်သို့ တင်ပြီး လျှင် ဆင်ခြင်သုံးသပ်၍ ဝိပဿနာရှုပုံ အကျယ်ကို အလွယ်ဖြင့် အချက်ပြလျက် အနက်ထ ဝေဘန်ပေအံ့။

အနိစ္စလက္ခဏာ ၁၀-ပါး

ပဉ္စက္ခန္ဓာ—ရုပ်,ဝေ,သညာ၊ သင်္ခါ,ဝိညာဏ်၊ငါးပါးခန်တို့သည်—

၁။ **အနိစ္စာ**—ခဏမစဲ၊ တသဲသဲသာ၊ဖြစ်ကာပျက်ဘိ၊စဆုံးရှိ၊ တစိ မမြဲကုန်။

၂။ **ပလောကာ**— အို, နာ, သေရေး၊ ဘေးရန်လက်နက်၊ ဆူပွက်သောင်း သောင်း၊ ခွင်းဖျက်ရှောင်း၊ ထောင်းထောင်းပျက်လေကုန်။

၃။ **စလာ**—အို, နာ, သေခြင်း၊ ရှစ်ပါးလောကဓံ၊ တွေ့ကြုံပြန်က၊ အမြန် လျှင်ဆော၊ တသောသော၊ ရွှေလျော ဖောက်ပြန်ကုန်။

၄။ **ပဘင်္ဂု**—ဘေးရန်ဘူထောက်၊ လုံ့လရောက်နှင့်၊ ထိုက်လျောက်အလို၊ ဖရိုဖရဲ၊ အနှံ့ကြဲ၊ အမြဲပျက်စီးကုန်။

၅။ **အဒ္ဓုဝါ**—အခါအခွင့်၊ နေရင့်အလိုက်၊ ခိုက်အထိုက်သာ၊ ဖြစ်ရာတချက်၊ သက်သက်အလို၊ နဂိုရှိမခိုင်၊ မတည်နိုင်၍၊ သူ့အလေ့၊ ပြကတေ့ မမြဲကုန်။

၆။ **ဝိပရိဏာမဓမ္မာ**—ဇရာ,မရဏ၊ သဘာဝဒဏ်ချက်၊ အမြဲ နှက်သဖြင့်၊ ကွဲပျက်မခံ၊ ဘလောင်ဆန်၊ ဖောက်ပြန်ပျက်တတ်ကုန်။

၇။ **အသာရကာ**–မခိုင်မမာ၊ အကာစင်စစ်၊ ပျက်လွယ်လစ်၊ အနှစ်မရှိကုန်။

၈။ **ဝိဘဝါ**–ဘယ်ခါခိုင်ဖြိုး၊ မပွါးစီးဘဲ၊ အမြဲလုံးလုံး၊ တဖြုန်းဖြုန်း၊ ဆုံးရှုံးပျက်စီးကုန်။

၉။ **သခ်တာ**–ခိုင်မာတစေ၊ မတည်ပေ၍၊ ထွေထွေအကြောင်း၊ စုဆုံပေါင်းလတ်၊ စဉ်မပြတ်၊ ထပ်ထပ်ပြုအပ်ကုန်။

၁၀။ **မရဏဓမ္မာ**–ဖြစ်ရာအလေ့၊ ပြကတေ့သဘော၊ ရွေ့လျောဆုံးရှုံး၊ တအုန်းအုန်း၊ ဖြုန်းဖြုန်းသေတတ်ကုန်။

၁၁။ **ဤဒသမှာ၊ အနိစ္စာ၊ လက္ခဏာဆင်ခြင်ပုံ။**

ဒုက္ခလက္ခဏာ ၂၅–ပါး

၁၂။ ဒုက္ခာ–အဖြစ်အပျက်၊ ဘေးနှစ်ချက်ဖြင့်၊ အေးကွက်မကပ်၊ နှိပ်စက်လတ်၍၊ မပြတ်ခံရ၊ ဒုက္ခသောင်းပြောင်း၊ ဘေးပေါင်းစုရုံး၊ ဆင်းရဲတုံး၊ လုံးလုံးဖြစ်လေကုန်။

၁၃။ **ရောဂါ**–ကျင်နာမျိုးမျိုး၊ ရောဂါဆိုး၏၊ ပေါ်ရိုးမူလ၊ အမြစ်မ၊ မုချဖြစ်လေကုန်။

၁၄။ **ဂဏ္ဍာ**–ပြည်ပုပ်ကိလေ၊ တတွေတွေယို၊ အမြဲစိုလျက်၊ ကွဲအက်လွန်စွာ၊ ရှိဘွယ်သာ၊ အိုင်းနာဖြစ်လေကုန်။

၁၅။ **သလ္လာ**–ကိုယ်လုံးအပြည့်၊ အသည်းထိစွဲ၊ ခိုင်မြဲစူးဝင်၊ ထိုးကျင်နှိပ်စက်၊ အနုတ်ခက်ငြား၊ ဆူးငြောင့်မြား၊ မခြားဖြစ်လေကုန်။

၁၆။ **အဃာ**–စီးပွါးမဆောင်၊ ကျိုးယုတ်အောင်ပြု၊ မကောင်းမှုမျိုး၊ တည်ရိုးအမှန်၊ ဆိုးညစ်တန်၊ လမ်းမှန်ဖျက်ဆီးကုန်။

၁၇။ **အာဗာဓာ**–ကိုယ့်အလိုကျ၊ မဖြစ်ရငြါ၊ ကောင်းစွာနှိပ်စက်၊ အားခွန်ဖျက်၊ တူချက် အနာပုံ။

၁၈။ **ဤတီ**–ကိုယ်ဝယ်ဖိစီး၊ ပျက်စီးသမျှ၊ ဒုက္ခခပင်း၊ သူဆောင်ကြဉ်းအပ်၊ သူ့အတတ်၊ ဖြစ်လတ်ရန်သူပုံ။

၁၉။ **ဥပဒ္ဒဝါ**–နှိးစွာကပ်စွဲ၊ အမြဲလွန်ကျုံ၊ မခံနိုင်မှု၊ နှိပ်စက်ပြု၊ မှတ်ရှုဘေးသူပုန်။

၂ဝ။ **ဘယာ**–ပစ္စုပ္ပန်သံသာ၊ ဘေးများစွာကို၊ သူသာဆောင်ကြဉ်း၊ အလွန် ပြင်းထန်၊ ကြောက်ဖွယ်မှန်၊ ဘေးရန်ဖြစ်လေကုန်။

၂၁။ **ဥပသဂ္ဂါ**–နှစ်ဖြာတွင်းပ၊ ဘေးပေါင်းခလျက်၊ စဉ်မပျက်၊ နှိပ်စက် အပ်လေကုန်။

၂၂။ **အတာဏာ**–စောင့်ရှောက်အန်တု၊ မခံခုနိုင်၊ ငုတ်တုတ်မှိုင်ရှု၊ ထင် တိုင်းပြု၊ ဘေးထု ဖြစ်လေကုန်။

၂၃။ **အလေဏာ**–ကွယ်ကာ တိမ်းရှောင်း၊ မပုန်းအောင်းနိုင်၊ ငုတ်တုတ်မှိုင် ရှု၊ ထင်တိုင်းပြု၊ ဘေးထုဖြစ်လေကုန်။

၂၄။ **အသရဏာ**–ဆည်းကပ်ဝပ်လျှိုး၊ ကိုးရာဌာန၊ လုံးမရနိုင်၊ ငုတ်တုတ် မှိုင်ရှု၊ ထင်တိုင်းပြု၊ ဘေးထုဖြစ်လေကုန်။

၂၅။ **အာဒီနဝါ**–ဘဝါဘဝ၊ ဖြစ်ကုန်ကြ၍၊ ဒုက္ခမဆဲ၊ အပြစ်ခဲ၊ အမြဲ ဖြစ်လေကုန်။

၂၆။ **အဃမူလာ**–ယုတ်မာညစ်ဆိုး၊ အပြစ်မျိုးနှင့်၊ ဘေးဆိုး ဆင်းရဲ၊ ဒုက္ခခဲ၏၊ ဖြစ်မြဲမူလ၊ ရင်းအစ၊ မြစ်မ-ဖြစ်လေကုန်။

၂၇။ **ဝဓကာ**–ကိုယ်၌ချစ်ခင်၊ ကိုယ့်ကိုမင်သူ၊ ပြဟ္မာ့လူ့နတ်၊ အတွင် သတ်၊ သူသတ်ဖြစ်လေကုန်။

၂၈။ **သာသဝါ**–အာသဝဆိုး၊ အပြစ်မျိုးတို့၊ ဖြစ်ရိုးပွါးစီး၊ အထုကြီး၊ ကြောင်းနီး ဖြစ်လေကုန်။

၂၉။ **မာရာမိသာ**–ညာ့တာမပြု၊ မစ္စု့ကိလေ၊ နှစ်ထွေမာရ်မင်း၊ အတင်း ဒလကြမ်း၊ အပြင်းဖမ်း၍၊ အားရမ်းငွတ်ရွတ်၊ ကျွတ်ကျွတ်ဝါးကာ၊ စားမျိုရာ၊ အစာဖြစ်လေကုန်။

၃ဝ။ **ဇာတိဓမ္မာ**–သံသရာစက်၊ ဒုက္ခခက်ကို၊ ရှောင်ချက်ပြင်းထန်၊ ဖြစ်ရန် မလို၊ တောင်းဆုဆိုလည်း၊ အလိုမလိုက်၊ နားမစိုက်ဘဲ၊ တသဲသဲ၊ ဖြစ်မြဲ ဖြစ်တတ်ကုန်။

၃၁။ **ဇရာဓမ္မာ**–မအိုပါရ၊ တောင်းပန်ခလည်း၊ ဓမ္မတာထွာ၊ မျက်နှာမချို၊ သူ့အလို၊ အိုသာ အိုတတ်ကုန်။

၃၂။ **ဗျာဓိဓမ္မာ**–မဖျားနာရေး၊ ဘေးမျိုးလွတ်မှု၊ ပဏ္ဏာပြုလည်း၊ မည်သူ မဆို၊ သူ့အလိုသာ၊ ဓမ္မတာ၊ ဖျားနာတတ်လေကုန်။

၃၃။ **သောကဓမ္မာ**—စိတ်စက် ပူဆွေး၊ မအေးမငြိမ်၊ စိုးရိမ်ရန်မှု၊ အကြောင်းစု၊ ဟေတုဖြစ်လေကုန်။

၃၄။ **ပရိဒေဝဓမ္မာ**—ထွေထွေရာရာ၊ ဆိုမြည်ကာဖြင့်၊ ပြင်းစွာ ဟစ်အော်၊ ကျော်ကျော်ငိုရန်၊ သူပြုဖန်၊ ကြောင်းမှန် ဖြစ်လေကုန်။

၃၅။ **ဥပါယာသဓမ္မာ**—လွန်စွာပွါးစီး၊ တွင်းမီးစနက်၊ ပူပြင်း ချက်ကြောင့်၊ သက်ကြီး ရှိုက်ငင်၊ သည်းစွာ ပင်ပန်း၊ အပြင်းဖမ်းမှု၊ အကြောင်းစု၊ ဟေတု ဖြစ်လေကုန်။

၃၆။ **သံကိလေသဓမ္မာ**—တဏှာ, ဒိဋ္ဌိ၊ ဒုစရိုက်၊ ညစ်ကျု သောင်းပြောင်း၊ ထပ်ထပ်လောင်း၊ ပွါးကြောင်း ဖြစ်လေကုန်။

၃၇။ ဤ ပဉ်ဝိသ၊ လက္ခဏာ၊ ဒုက္ခဆင်ခြင်ပုံ။

အနတ္တလက္ခဏာ ၅—ပါး

၃၈။ **ပရာ**—သည့်နှယ်, သည်သို့၊ ဖြစ်ဘို့ အလို၊ စိတ်ဝယ်သိုလည်း၊ အလိုမလိုက်၊ မဆိုထိုက်၍၊ အလိုက် ပြောက်သောက်၊ အလှေ့ပေါက်သာ၊ ငါပိုင် မဟုတ်၊ ငါမဟုတ်ငြား၊ ပြင်တပါး၊ တခြား ဖြစ်လေကုန်။

၃၉။ **ရိတ္တာ**—အနှစ်ဗာလ၊ သဘာဝဖြင့်၊ မြဲတင့်ချမ်းသာ၊ ငါ·ဟု ထင်ရိုး၊ အနှစ်မျိုးဟူ၊ ဆံမြူ မရှိ၊ ကင်းစင်ဘိ၊ ဆိတ်၏ အနှစ်စုံ။

၄၀။ **တုစ္ဆာ**—အနှစ်မျိုးစုံ၊ ဂုဏ်သိရ်ကြီးစွာ၊ ရတနာထုပ်၊ အထင် လုပ်လည်း၊ မဟုတ်လေဘဲ၊ နုပ်သေးဖွဲ၊ မလွဲဖြစ်လေကုန်။

၄၁။ **သုညာ**—အခြားမကိုး၊ ပေါက်လွှတ်မျိုးကြောင့်၊ အစိုးရမှု၊ အလိုပြုရှင်၊ စီရင်သည့်သူ၊ ခံစားသူ၊ မှတ်ယူ ကင်းဆိတ်ကုန်။

၄၂။ **အနတ္တာ**—ကိုယ်မှ ကိုယ့်ကိုယ်၊ ဘယ်လို ဘယ်သို့၊ ဖြစ်ဘို့ တစိ၊ ကိုယ်မသိနိုင်၊ ကြောင်းတိုက်ဆိုင်ရာ၊ ဖြစ်ရပါ၍၊ ငါသာစိုးပိုင်၊ ငါသာနိုင်နင်း၊ ငါမင်း ငါစံ၊ ငါစီခံဟု၊ အထင်ပြုလည်း၊ ထင်မှု ကွာဝေး၊ ငါသွေး မဆောင်၊ ငါယောင်မပေါ်၊ ငါစော်မနံ၊ ဝေကန်၊ အမှန် ငါမဟုတ်ကုန်။

၄၃။ ဤ ပဥ္စမှာ၊ အနတ္တာ၊ လက္ခဏာ ဆင်ခြင်ပုံ။

၄၄။ အနိစ်–ဒသ၊ ဒုက္ခ–ဝီပဉ်၊ အနတ်–ပဉ်ဟု၊ ပွါးများမှု၊ ပေါင်းစု လေးဆယ်စုံ။

၄၅။ ခန္ဓာ–ငါးလီ၊ နည်းကို မှီ၍၊ ခြောက်မည် ဒွါရ၊ အာရုံစထွေ၊ အစုံ ဖွေ၊ ပွါးလေ အဖုံဖုံ။

၄၆။ ဒွါစတ္တာလီသ၊ ကောဋ္ဌာသနှင့်၊ သက္ကာယ, ဘာဝနာ၊ ပွါးရာစုရုံး၊ ကဗျာကုံး၊ ပြီးဆုံးအကျဉ်းချုံ။

ဘာဝနာ ၄၀-ဝေဘန်ခဏ်း

ဆောင်ပုဒ်လင်္ကာပြီး၏။

ဤသို့လျှင် မြတ်စွာဘုရားသခင် ပေးသနားတော်မူအပ်သည့် ဆေးဝါးအဖုံဖုံ နည်းမျိုးစုံ ဒေသနာ သုတ်ဓမ္မခန့် အလာတို့ကို သေချာစွာ ဆောင်ရွက် လေ့ ကျက်မှတ်သားကာ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ဖြင့် ရုပ်နာမ်ခန္ဓာ သံသရာမှ မြန်မကြာ စခန်းထွက်၍ နန်းကနက် မြို့အောင်ချသို့ ပို့ဆောင်ရာအချက်ပြ သည့် လက္ခဏ ဤယာဉ်မဟာကို ကြည်ရွှင်စွာ ပျော်ပျော်စီးပြီးလျှင် ခရီးပြင်း နှင်ကြရန် ဇေသနိသန် အထပ်ထပ်ဖြင့် မပြတ်မလပ် သုံးသပ်ဆင်ခြင်နိုင်ကြ စေခလို။

နောက်ဆက်တွဲ ပြီး၏။

နိဂုံး

(၁) အဌ–တေ-ဒွိ-ကော်၊ သက္ကရာဇ် နွေ၊ စ-ကာလေ၊ မာသေ–ဖဂ္ဂုဏာ။

(၂) ပုဏ္ဏမိန်စက်၊ ကျော်ခြောက်ရက်ကြုံ၊ နေ့ဂဠုန်မှန်၊ မိုးသောက်ယာမ်၊ ဇာတ်-ကျမ်းဆရာ။

(၃) တုတ်လုမ်းနွယ်ဝင်၊ မြို့ပြင်ထေရ၊ တေဇလွှမ်းမော်၊ ဇမ္ဗူကျော်၏၊ တူတော် သိဿ၊ **အာစာရတွင်**၊ ထေရ်အရှင်၊ စီရင်-ဤကျမ်းစာ။

(၄) ကော်,အဌ်,ဒွိ,ဌေ၊ ဝဿန္တေခါ၊ မာသာ ဘဒြ၊ ပုဏ္ဏမ၊ ပြီးထ–ဤ ကျမ်းစာ။

(၅) ဤကျမ်းပြုရ၊ ကုသလကြောင့်၊ ဆုသ-မိဌ္ဌာန်၊ ဗောဓိဉာဏ်၏၊ ရင့် သန်စေမှု၊ အကြောင်းပြု၊ တောင်းဆုပတ္ထနာ။

(၆) ဓမ္မစက်ရှိန်၊ လက်ထိန် ရွှန်းပြောင်၊ မိုက်မှောင် ပယ်လျှမ်း၊ တိုက်သုံးခန်း၊ လွှမ်းစေ–သာသနာ။

(၇) ဤပုညခတ်၊ ကုသိုလ်မြတ်ကို၊ ငါနှယ်ထပ်တူ၊ ရကြဟူ၊ ပေးလှူများသတ္တာ။

နိဂုံးနှင့်တကွ နောက်ဆက်တွဲ ပြီး၏။

❖❖❖❖❖❖❖❖❖❖

ဟိတောပဒေသ ဘာသာပြန် ဒုတိယတွဲ

ဂါထာအက္ခရာစဉ်

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အကာလပါတဇာတာနံ	၂၇၆
အကာလသဟမတျပွံ	၁၅၈
အကာလသေန ယုတ္တော တု	၂၂၄
အညဒါ ဘူသနံ ပုံသံ	၁၀
အညဒုစ္စင်္ခလံ သတ္တ–	၁၀၅
အတ္တကမ္မဿ သိဒ္ဓိံ တု	၃၁၂
အတ္တနော စ ပရေသဉ္စ	၁၁
အတ္တပက္ခံ ပရိစ္စဇ္ဇ	၆၈
အတ္တာနဒီ သံမယပုညတိတ္ထာ	၂၈၁
အတ္တောဒယော ပရဇာနိ	၁၀၅
အတ္တောပမေန သော ဝေတ္တိ	၂၃၃
အတော ဧဝ ဟိ နေစ္ဆန္တိ	၂၆၉
အဒိဋ္ဌနရအာဒိဋ္ဌော	၃၀၉
အဒေသဋ္ဌော ဗဟုရိပု–	၂၁၆
အဒေသဋ္ဌော ဟိ ရိပုနာ–	၂၂၃
အမိတဗျဝဟာရင်္ဂံ	၂၂
အနာဂတဝတိံ စိန္တံ	၁၈၈
အနာဂတဝိဓာတ စ	၁၇၈
အနိစ္စံ ယောဗ္ဗနံ ရူပံ	၂၅၇
အနေကစိတ္တမန္တော တု	၂၂၁
အနေကယုဒ္ဓဝိဇယီ	၂၁၄
အာပဒတ္ထေ မနံ ရက္ခေ	၁၄၅
အပရာဓေ သကမ္မဿ	၁၇၆
အပသာဒေါနဓိဋ္ဌာနံ	၈၉
အပ္ပါရမ္ဘောပျပ္ပမိယော	၁၃၉
[အ]	
အပိဋ္ဌယံ ဗလံ သတ္တုံ	၁၀၁
အဘိယုတ္တာ ဗလီယတ္တာ	၃၂၀
အဘိယုတ္တော ယဒါ ပဿေ	၁၈၅
အဘောဒေန စ ယုဒ္ဓေယျ	၈၁
အမှာကံ ယောဓမုက္ခေဟိ	၃၁၄
အမှေဟိ နိမ္မိတာ နိဋ္ဌာ	၈
အယံ နိဇော ပရောဝေတိ	၃၂၁
အဝက္ကန္တဘယာ ရာဇာ	၁၂၆
အဝိစာရယတော ယုတ္တိ–	၁၈၉
အဝိညူ သုခမာရာမျော	၃၀၀
အဝိဒူ အပိ ဘူပါလော	၁၂၉
အဿာ ဥဘောသု ပဿေသု	၈၅
အသန္တုဋ္ဌာ ဒွိဇာ နဋ္ဌာ	၇၉
[အာ-ဥ]	
အာဒေယျဿ ပဒေယျဿ	၂၈၃
အာဒိဗျာဓိပရိတာပေ	၃၂၂
အာပါတရမဏီယာနံ	၂၆၆
အာဟဝေသု စ ယေ သူရာ	၁၇၀
အာသိ ဝီရဝရော နာမ	၁၀၉
အာသန္နတရတာမေတိ	၂၅၆
အာဟာရော ဒွိဂုဏော ထီနံ	၁၈၁
ဥဒ္ဒိတေသွပိ သတ္တေသု	၁၉
ဥပကတ္တာရိနာ သန္ဓိ	၁၈၃
ဥပကာရံ ကရောမျဿ	၃၁၃
ဥပဇာပေါ စိရာရောဓော	၁၅၉

အက္ခရာစဉ်	စာမျက်နှာ
[ဥ]	
ဥပါယံ စိန္တယံ ပညော	၁၈၄
ဥပ္ပန္နမာပဒံ ယော တု	၁၇၉
ဥဿဝေ ဗျသနေ ယုဒ္ဓေ	၂၄၉
ဥဿာဟသတ္တိဟီနတ္တာ	၂၁၈
[ဧ]	
ဧကေဝေါပဟာရော စ	၃၁၉
ဧကတ္ထ သမ္မာ ဥဒ္ဒိဿ	၃၁၃
ဧကဒါ န ဝိဂ္ဂဏှေယျ	၂၉၀
ဧကော သတံ ယောဓယတိ	၆၂
[က]	
ကတကမ္မဿ ဘဋ္ဋဿ	၁၈၈
ကပါလော ဥပဟာရော စ	၃၀၉
ကပါလသန္ဓိ ဝိညေယျော	၃၁၀
ကမ္မာနုမေယာ သဗ္ဗတြေ	၃၀၁
ကမ္မောပဟတကော စေဝ	၂၁၆
ကရောတိ ယာဝတာ ဧန္တု	၂၆၃
ကွ ဂတာ ပထဝီပါလာ	၂၅၂
ကာမော ကောဓော တထာ လောဘော	၂၉၄
ကာမော သဗ္ဗေန ဟေယျောဝ	၂၈၆
ကာယော သန္နိဟိတာပါယော	၂၅၃
ကာရဏံ န ဟိ အညာဏံ	၂၇၄
ကိံ မန္တေနာနနုဋ္ဌာနေ	၈၃
ကုဒ္ဓံ မိတ္တံ ရဏေ စာပိ	၁၀၃
ကုမ္မော သံကောစမတ္ထာယ	၆၁
ကောလီကရောတိ ပဌမံ	၂၅၀
ကောသံသေနာဒ္ဓကောသေန	၃၁၆
[ခ-ဂ]	
ခန္ဓေနာပိ ဝဟေ သတ္တုံ	၂၄၇
ခန္ဓောပနေယျော သန္ဓိ စ	၃၀၉
ခမီ ဒါတာ ဂုဏဂ္ဂါဟီ	၁၆၁
ခလော ကရောတိ ဒုဝတ္တံ	၂၈
ချာတော သဗ္ဗရသာနံ ဟိ	၆၇
ဂဇော ဟနတိ သမ္ဖဿံ	၁၈
ဂဝါကုတ္တော သုတော ဂါဝီ	၁၆၉
[စ-ဆ-ဇ-ဉ]	
စဇ ဒုဇ္ဇနသံသဂ္ဂံ	၃၀
စဇေ ခုဒ္ဒတ္တာ မဟိလာ	၂၃၆
စိတေ ပရိဿဇ္ဇ ဝိစေတနံ ပတိံ	၄၁
ဆကဏ္ဏော ဘိဇ္ဇတေ မန္တော	၄၉
ဆိဒ္ဒံ မမ္မဉ္စ သတ္တုဉ္စ	၇၀
ဇမဒဂ္ဂိသုတဿေဝ	၂၁၄
ဇလန္တစန္ဒပလံ	၃၂၃
ဇာတိမစ္စုဇရာဗျာဓိ	၂၈၃
ဇီဝန္တိ စ မရန္တိ စ	၁၁၄
ဉာဏသေဋ္ဌော ဒွိဇော ပူဇျော	၂၀၇
[တ-ထ]	
တယောကေန မမတ္ထော တု	၃၁၄
တာဝ ဘယာ ဝိဘေတဗ္ဗံ	၁၉၅
တိတ္ထာသမသုရဋ္ဌာနေ	၄၈
တိဿော ကောဋျဒ္ဓကောဋီ စ	၃၉
တေဟိ သန္ဓိံ န ကာတဗ္ဗော	၂၁၆
ထေရဝံသပ္ပဒီပေန	၃၃၂
[ဒ]	
ဒက္ခော သိရိမဓိဂစ္ဆတိ	၁၂၉
ဒါယာဒါ အပရော မန္တော	၁၀၁
ဒွိသတေကသဟဿမှိ	၃၃၂

အက္ခရာစဉ် စာမျက်နှာ

[ဒ-ဓ]

ဒီဃဉ္စသပရိဿန္တံ ၁၂၄
ဒုက္ခမေဝတ္ထိ န သုခံ ၂၈၄
ဒုက္ခိတောပိ ဇရေ ဓမ္မံ ၂၇၉
ဒုဂ္ဂံ ကာရိယံ မဟာခါတ– ၆၃
ဒုဇ္ဇနဒုသိတမနသော ၃၀၄
ဒုဇ္ဇနေဟုစ္စမာနာနိ ၃၃
ဒုဇ္ဇနော မတ္တိကာကုမ္ဘော ၂၉၉
ဒုဗ္ဘိက္ခဗျသနီ စေဝ ၂၂၂
ဒုမ္မန္တိနံ ကမုပယန္တိ ၁၃၃
ဒေဝတာဂုရုဂါဝေသု ၁၃၇
ဒူတော ပါပေါပျဝဇ္ဈောဝ ၇၆
ဒူရေ ဘီရုတ္တမာသန္နေ ၅၇
ဒူသယေ စဿ သတတံ ၉၃
ဓညာနံ သင်္ဂဟော ရာဇ ၆၆
ဓနာနိ ဇီဝိတဉ္စေဝ ၁၁၂
ဓမ္မိကဿာဘိယုတ္တဿ ၂၁၀
ဓူတောတ္ထိ သုသု ဝါ ယဿ ၁၅၁

[န]

နဂရဿေဝ ဝနဿေဝ ဝါ ၃၇
န ဌာတဗ္ဗံ န ဂန္တဗ္ဗံ ၃၁
န တထောဋ္ဌာပျတေ သေလော ၅၅
န ထိနမပိယော ကောစိ ၁၈၀
နဒျုဒ္ဒိဝနဒုဂ္ဂေသု ၈၄
နန္ဒံ ဇဃာတ စာဏကျော ၇၃
န နရဿ နရော ဒါသော ၉၀
န ဘူပဒါနံ န သုဝဏ္ဏဒါနံ ၂၄၀
န ရဇ္ဇံ ပတ္တမိတျေဝ ၁၂၇
န သာ သဘာ ယတ္ထ န သန္တိ– ၇၅
န သာဟသေကန္တရသာ– ၁၃၁
နာဂေဟိ ဝိသမံ ဂစ္ဆေ ၈၆

[န]

နာ ဒုဂ္ဂေါ ဝိသယော ကဿာ ၆၃
နာယမစ္စန္တသံဝါသော ၂၆၄
နာသယေ ကသိရေ သတ္တုံ ၈၉
နိစော သိလာဃျမာပန္န ၁၉၀

[ပ]

ပကတိ သာမိနာ စတ္တာ ၁၆၅
ပင်္ကပံသုဇလစ္ဆန္နံ ၁၂၄
ပဇံ သံရက္ခတိ ရာဇာ ၃
ပဉ္စဟိ နိမ္မိတေ ဒေဟော ၂၆၀
ပစ္စက္ခေပိ ကတေ ဒေါသေ ၃၄
ပစ္စူဟော သဗ္ဗသိဒ္ဓိနံ– ၅၈
ပစ္ဆာ သေနာပတိဂ္ဂစ္ဆေ ၈၆
ပဌမံ ယုဒ္ဓကာရိတံ ၉၆
ပတိက္ခဏမယံကာယော ၂၅၄
ပတိဗဒ္ဓေါ စ ယော ယေန ၁၅၀
ပတ္ထိဝေ ဇီဝလောကောယံ ၁၆၇
ပဒါတိဉ္စ မဟီပါလ ၉၁
ပမတ္တံ ဘောဇနဗျဂ္ဂံ ၁၂၄
ပယောပါနံ ဘုဇင်္ဂါနံ ၆
ပရမတ္ထေသု သတိ စ ၂၉၆
ပရိစ္ဆိန္နံ ဖလံ ယတ္ထ ၃၁၈
ပရောပရညူ သမ္ဘဋ္ဌာ ၁၄၆
ပရောပရောပကာရော တု ၃၁၈
ပရောပိ ဟိတဝါ ဗန္ဓု ၁၀၈
ပသာဒံ ကုရုတေ ဘတ္တု ၂၇
ပါနံ ထီ မိဂယာ ဇူတ ၁၃၀
ပိယံ ဘဏာတျကပ္ပဏော ၁၁၅
ပုညာ လဒ္ဓံ ယဒေကေန ၁၁၉
ပုရက္ခိတွာ ဗလံ ရာဇ ၁၅၇
ပုရာဝုတ္တကထောဂ္ဂါရ ၁၂၁

ဟံ-မြန် ၂–၂၄—ပ·မ·ဗ·သ·စ

အက္ခရာစဉ်	စာမျက်နှာ
[ဖ-ဗ-ဘ]	
ဖရုသေနာပိ ယာ ဝုတ္တာ	၃၆
ဗလမဿောဝ သေနာနံ	၉၄
ဗလာချက္ခော ပုရေ ဂစ္ဆေ	၈၄
ဗလိနာ သဟ ယောဒ္ဓဗ္ဗ–	၅၉
ဗလိယသာဘိယုတ္တော တု	၃၀၈
ဗလေသု ပမုခေါ ဟတ္ထီ	၉၄
ဗဟုသတ္တျု တု သံတြာသော	၂၂၄
ဗာလဿာပ္ပပဘာဝတ္တာ	၂၁၇
ဗာလော ဝုဒ္ဓေါ ဒီဃရောဂီ	၂၁၅
ဗျပဒေသေပိ သိဒ္ဓိ ဟောတိ	၁၆
ဘက္ခယိတွာ ဗဟူ မစ္ဆေ	၁၈၂
ဘတ္တာဟိ ပရမံ ထီယာ	၃၇
ဘတ္တော ဂုဏီ သုစိ ဒက္ခော	၂၆
ဘဝေ သပရရဋ္ဌာနံ	၄၇
ဘဝေသ္မိံ ပဝနောဗ္ဘန္တ–	၁၆၄
ဘိရူ ယုဒ္ဓပရိစ္စာဂါ	၂၁၉
ဘူပါလဿ မဒါန္ဓဿ–	၁၅၄
ဘူမိ မိတ္တံ ဟိရညဉ္စ	၈၁
ဘူမိနံ သာရဝန္တီနံ	၃၁၇
[မ]	
မတိ ဒေါလာယတေ နူနံ	၂၃၅
မတ္တော ပမတ္တစုမ္မတ္တော	၂၃၇
မန္တဘေဒေ ဟိ ယေ ဒေါသာ	၅၀
မန္တိနံ ဘိန္နသံဓာနေ	၁၃၀
မဒေါဒ္ဓတဿ ဘူပဿ	၂၀၀
မဟတျပ္ပေပျုပါယညူ	၆၁
မဟန္တောပျပ္ပတံ ယာတိ	၁၆
မယာသောပက္ကတံ ပုဗ္ဗံ	၃၁၂
မဟော ဝိဝါဟော ဗျသနေ	၁၄၂
မာတာဝ ပရဒါရေသု	၃၂၂
မိဂတဏှာသမံ ဝိဇ္ဇု	၃၂၅
မိတ္တာနံ ဟိတကာမာနံ	၁၇၇
မိတ္တာမစ္စသခါဝဂ္ဂါ	၈၀
မိတ္တံ ဗလံ တထာ ရဇ္ဇ–	၂၀၄
မုဒံ ဝိသာဒေါ သရဒံ–	၁၃၄
မုဋ္ဌော အပ္ပဗျယုတြာသာ	၁၄၄
မြိုသာတိနာမကေ ရမ္မေ	၃၃၂
[ယ]	
ယတြ ဘူမျေကဒေသေန	၃၁၅
ယတြ ယတြ ဟတော သူရော	၁၇၀
ယတြ ရာဇာ တတြ ကောသော	၈၉
ယတြာ ယုဒ္ဓေ ဓုဝံ မစ္စု	၁၈၆
ယထာ ကဋ္ဌဉ္စ ကဋ္ဌဉ္စ	၂၅၈
ယထာ ကာလကတုယျောဂါ	၅၆
ယထာ ပဘူကတာ မာနာ	၉၇
ယထာ ဟိ ပထိကော ကောစိ	၂၅၉
ယဒဘာဝီ န တံ ဘာဝီ	၁၈၂
ယဒျပျုပါယာ စတ္တာရော	၂၉၈
ယဒိ နတ္ထိ နရပတိ	၂
ယဒိ သမရမပါသျ နတ္ထိ–	၁၆၃
ယဿ နတ္ထိ သယံ ပညာ	၁၃၆
ယာမေဝ ရတ္တိံ ပဌမံ ဥပေတိ	၂၇၃
ယာဝ အာယုပ္ပမာဏော တု	၃၁၁
ယာ ဟိ ပါဏပရိစ္စာဂ–	၂၂၈
ယိဋ္ဌံ သစ္စဉ္စ ဓာရိတေ	၃၂၆
ယုဒ္ဓမာနာ ဟယာရူဠှာ	၉၅
ယုဒ္ဓေ ဝိနာသော ဘဝတိ	၂၀၅
ယေသံ ရညာ သဟ အဿု	၁၅၃
ယော ကာကိဏိံ မပျပထ	၁၄၁
ယောတ္ထတတွမဝိညာယ	၂၈၂

အက္ခရာစဉ်	စာမျက်နှာ
[ယ]	
ယော ယတြ ကုသလော ကမ္မေ	၆၅
ယော သဘာဝေါ ဟိ ယဿတ္ထိ	၇၂
ယော ဟိ ဓမ္မံ ပုရက္ခိတွာ	၂၀၂
[ရ-လ]	
ရတနာပုဏ္ဏနာမာယ	၃၃၂
ရထဿေဟိ သမေ ယုဉ္ဇေ	၉၂
ရဝိဝါရမှိ ဇာတေန	၃၃၂
ရာဇာ မတ္တော သုသုစ္စေဝ	၂၄
လုဒ္ဓမတ္ထေန ဂဏှေယျ	၃၀၆
လုဒ္ဓေါ ကုဒ္ဓေါ ဝသော သစ္စော	၁၂၃
လုဒ္ဓဿာသံဝိဘာဂိတ္တာ	၂၁၉
လောကော ဝဟတိ ကိံ ရာဇ	၂၄၆
[ဝ]	
ဝဇ္ဇိ န နိဝတ္တန္တေ	၂၆၇
ဝဏ္ဏာကာရနိမိတ္တေဟိ	၄၄
ဝနေပိ ဒေါသာ ပဘဝန္တိ ရာဂိနံ	၂၇၇
ဝါတဗ္ဗဝိဗ္ဗမမိဒံ–	၃၂၄
ဝါဠဂ္ဂါဟိ ယထာ ဝါဠံ	၄၀
ဝိဂ္ဂဟော ကရိတုရင်္ဂပတ္တိဘိ	၁၇၂
ဝရမပ္ပဖလံ သာရံ	၉၈
ဝိဇေတုံ ပယတေယျာရိံ	၅၂
ဝိတ္တံ ယဒါ ယဿ သမံ–	၂၂၈
ဝိတိဏ္ဏတာတိဝေသမျံ	၆၄
ဝိဒုမေဝေါပဒေသယေ	၇
ဝိရတ္တာပကတိစ္စေဝ	၂၁၅
ဝိသမောပိ ယထာ နက္ကော	၁၅၅
ဝိသမံ ဟိ ဒသံ ပတ္တာ	၁၇၆
ဝိသန္တိ သဟသာ မူဠှာ	၈၂
ဝိသာသပတိပန္နာနံ	၂၃၂
[ဝ]	
ဝုတျတ္ထံ ဘောဇနံ ယေသံ	၂၈၀
ဝုတ္တော မဟတိ သင်္ဂါမေ	၁၇၄
ဝေဇ္ဇော ဂုရု စ မန္တီ စ	၁၁၈
ဝေဇ္ဇာနမာတုရော သေယျော	၄၅
[သ]	
သကိံ ဘဋ္ဌော သကိံ မန္တီ	၅၁
သကိံ မန္တီ နရိန္ဒဿ	၁၁၇
သင်္ဂတော သန္ဓိယေဝါယံ	၃၁၁
သဂ္ဂေါ သဗ္ဗေန စဇ္ဇေယျ	၂၈၅
သဍ္ဎိတ္တာ၊ သဍ္ဎိတ္တာ၊ တမုဂ္ဂဒဏ္ဍံ	၂၇၂
သစ္စဓမ္မဗျပေတေန	၂၂၅
သစ္စာရိယော ဓမ္မိကော နာရိယော	၂၀၈
သစ္စေနုပါလယံ သစ္စံ	၂၁၀
သစ္စံ သူရော ဒယာ စာဂေါ	၁၄၉
သန္တာနသန္ဓိ ဝိညေယျော	၃၁၀
သတံ ဒဒေ န ဝိဝဒေ	၄၃
သဒါ ဓမ္မ ဗလိယတ္တာ	၂၂၁
သဒေသဇံ ကုလာစာရ–	၂၂
သန္ဓာယ ယုဝရာဇေန	၁၀၂
သန္ဓိ ကတောပျနာရိယေန	၂၁၁
သန္ဓိမိစ္ဆေ သမေနာပိ	၂၀၃
သန္ဓိဿဗ္ဗနရိန္ဒာနံ	၃၂၉
သမ္ပတ္တော စ ဝိပတ္တော စ	၂၂၂
သဗ္ဗကာမသမိဒ္ဓဿ	၂၄၁
သဗ္ဗော ဧဝ ဇနော သူရော	၅၄
သဘာဝသူရံ သတ္ထညူ–	၉၇
သဘာဝေန ဟရေ မိတ္တံ	၃၀၇
သမူဠှော ကာလမပတ္တာ	၅၉
သရဋ္ဌံ ဝါသယေ ရာဇာ	၁၀၄

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သရဒဗ္ဗော၀ န ကာရိယံ	၂၉၀
သရသိ ဗဟုသော တာရစ္ဆာယေ–	၃၀၃
သသေနေန တု သန္ဓာန–	၃၁၆
သဟသာ န ကာ္ရိယတေ ကြိယ–	၂၉၇
သံစဇ္ဇတေ ပကတိဘိ	၂၂၀
သံဟတတ္တာ ယထာ ဝေဏု	၂၁၂
သံယောဂေါ ဟိ ဝိယောဂဿ	၂၆၅
သာပကံသံ ပရောက္ကံသံ	၇၇
သာမာ ဒါနေန ဘေဒေန	၅၃
သာမျမစ္စော စ ရဋ္ဌဉ္စ	၁၆၆
သာမိမူလာ ဘ၀န္တေ၊၂၀	၂၄၂
[သ-ဟ]	
သုကြိတာနျပိ ကမ္မာနိ	၂၇၁
သုခဿာဒပရော ယော တု	၂၆၈
သုခေါစ္ဆေဇ္ဇော ဟိ ဘ၀တိ	၂၁၈
သုဂုတ္တိမာဒါယ သုသံဟတေန	၂၃၀
သုစိရံ ဟိ စရံ နိစ္စံ	၁၂
သုဘာဋ္ဌာ သီလသမ္ပန္နာ	၁၄၇
သုမန္တိတံ သုဝိက္ကန္တံ	၁၆၀
သေဋ္ဌေဟျပျဝိသေသညူ	၁၄၈
သေလေသု ဒုဂ္ဂမဂ္ဂေသု	၈၈
သေဝိတဗ္ဗော မဟာရုက္ခော	၁၄
ဟတ္ထိနံ ဂမနံ ဝုတ္တံ	၈၇
ဟာသကောခော ယန္တိ ယဿ	၁၅၂
ဟံသေဟိ သဟ မောရာနံ	၁
ဟီနသေ၀ါ န ကာတဗ္ဗာ	၁၅

ပ-မ-ဗ-သ-စ——၁၁၅——၁၆-၉-၆၅——၂,၀၀၀။ (၂)

အဖမှန်တရားထင်ရှားရမည်

လူ့သဘာဝရိုက်ဆိုးများကိုပယ်ရှားပြီး စရိုက်ကောင်းများကို ဖော်ဆောင်မည့်

တော်လှန်ရေးအစိုးရဗုဒ္ဓသာသနာအဖွဲ့မှ
ပိဋကတ်မြန်မာပြန်များကို ဖတ်ပါ

မြန်မာစာပတ်တတ်သူတိုင်းဗုဒ္ဓရှင်တော်ဘုရား၏နိကာယ်ငါးရပ်ပိဋကတ်ပါဠိတော်

၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ

မြန်မာပြန် ကျမ်းများ

၁။ ဒီဃနိကာယ်(သုတ္တန်)	ပါဒုံတ	(၃-ကျမ်း)	၃-အုပ်
၂။ မဇ္ဈိမနိကာယ် (သုတ္တန်)	။	(၃-ကျမ်း)	၃-အုပ်
၃။ သံယုတ္တနိကာယ်(သုတ္တန်)	။	(၅-ကျမ်း)	၃-အုပ်
၄။ အင်္ဂုတ္တရနိကာယ်(သုတ္တန်)	။	(၁၁-ကျမ်း)	၃-အုပ်
၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၁၀) မှ	ဝိနည်း	(၅-ကျမ်း)	၅-အုပ်
	အဘိဓမ္မာ	(၃-ကျမ်း)	၄-အုပ်
	အခြားသုတ္တန်	(၁၄-ကျမ်း)	၈-အုပ်

အစိုးရဝန်ထမ်းများအား ဆင္ဃသံဂါယနာတင်ပါဠိတော် မြန်မာပြန် ကျမ်းစာအုပ်များကိုအရစ်ကျဆပ်ငွေစံနစ် (Instalment System) အရရောင်းချသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် (ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့က တည်းဖြတ်ပြီး) အုပ်ချုပ်ရေးအရာရှိချုပ် ဝဏ္ဏကျော်ထင် ဦးချစ်တင် (မှတ်ပုံတင်အမှတ်-၀၁၂၂/၀၁၀၆)က ပုံနှိပ်ထုတ်ဝေသည်။